# DARK PLACES

GILLIAN FLYNN

ချမ်းမြေ့ဝင်း ဘာသာပြန်သည်

# အမှောင်



## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသည့်ခုနှစ် | - | ၂၀၂၀၊ မတ်လ (ပထမအကြိမ်) |
| ထုတ်ဝေသူ | - | ဦးချမ်းမြေ့ဝင်း (၀၂၂၉၉)<br>ဇာစ်မြစ် စာအုပ်ထုတ်ဝေရေး<br>အမှတ်-၁၃၆၃၊ လက်ဝဲသုန္ဒရလမ်း<br>၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)<br>ရန်ကုန်မြို့။<br>ဖုန်း- ၀၉ ၂၅၁ ၈၉၀ ၃၁၅ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်ဌေးမင်း၊<br>အောင်သိန်းသန်း ပုံနှိပ်တိုက် (၀၀၄၃၅)<br>အမှတ်-၁၃၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ကွန်ပြူတာစာစီနှင့်<br>မျက်နှာဖုံးဒီဇိုင်း | - | ချမ်းမြေ့ဝင်း |
| စာပြင် | - | သားဖေထင် |
| အုပ်ရေ | - | ၅၀၀၀ |
| တန်ဖိုး | - | ၅၅၀၀ ကျပ် |



Copyright © - Gillian Flynn

Translated work's Copyright © - Chan Myae Win

GILLIAN FLYNN

# DARK PLACES

## အမှောင်

ချမ်းမြေ့ဝင်း ဘာသာပြန်သည်။

ဇာတ်မြစ်
စာအုပ်ထုတ်ဝေရေး

## ဘာသာပြန်သူ၏ အမှာ

၁၉၈၀ ဝန်းကျင်။

အမေရိကား တစ်နိုင်ငံလုံးမှာ စေတန်နတ်ဆိုး ကိုးကွယ်မှု ပြဿနာတွေ ဆက်တိုက်ဖြစ်ခဲ့တယ်။ နတ်ဆိုးကိုရည်စူးပြီး ယဇ်ပူဇော်ရင် ခွန်အားနဲ့ အောင်မြင်မှုတွေ ရလိမ့်မယ် ဆိုတဲ့ အယူဆိုးနဲ့အတူ နတ်ဆိုးကိုးကွယ်တဲ့ အဖွဲ့တွေ ဟိုတစ်ဖွဲ့ ဒီတစ်ဖွဲ့ ပေါ်လာကြတယ်။ ယဇ်ပူဇော်မယ်လို့ အကြောင်းပြပြီး အကြမ်းဖက်မှုတွေ ဖြစ်တယ်။ ပိုဆိုးတာက ဒီအဖွဲ့တွေရဲ့ သိမ်းသွင်းမှုအောက်ကို လူငယ်တွေအများကြီး ပါသွားကြတယ်။ လူထုကလည်း သေသေချာချာ မစဉ်းစား မဆင်ခြင်နိုင်တော့ဘဲ တစ်ခုခု ဖြစ်လိုက်တာနဲ့ *ဒါကတော့ နတ်ဆိုး ကိုးကွယ်တဲ့သူတွေ လက်ချက်ပဲဟေ့*·· ဆိုပြီး စွပ်စွဲလာကြရော။

အမှောင် စာအုပ်ရဲ့ အဓိက ဇာတ်ကောင်က လစ်ဘီဒေး ဆိုတဲ့ မိန်းကလေး။ လစ်ဘီဒေးရဲ့ အမေနဲ့ အစ်မ နှစ်ယောက်ကို သူ့အစ်ကို အရင်းဖြစ်တဲ့ ဘန်ဒေးက သတ်ပစ်လိုက်တယ်။ ဘာကြောင့် သတ်တာလဲ။ စေတန်နတ်ဆိုးကို သွေးယဇ်ပူဇော်ဖို့ သတ်လိုက်တယ်လို့ လူတွေက စွပ်စွဲကြတယ်။ လူသတ်မှုဖြစ်တာကလည်း နတ်ဆိုး ကိုးကွယ်တဲ့ အမှုတွေ အကြီးအကျယ်ဖြစ်နေခဲ့တဲ့ ၁၉၈၀ ဝန်းကျင်ကိုး။ ဒါပေမယ့် ဒီလူသတ်မှုဟာ တကယ်ပဲ စေတန်ကို ကိုးကွယ်ပြီး ကျူးလွန်ခဲ့တဲ့ လူသတ်မှုလား၊ မဟုတ်ဘူးဆိုရင် တကယ့် အဖြစ်မှန်က ဘာလဲ။ တကယ့် တရားခံက ဘယ်သူလဲ ဒီမေးခွန်းတွေက ဒီဇာတ်အိမ်ရဲ့ အဓိက အုတ်မြစ်တွေပေါ့။

အမေရိကန် စာရေးဆရာမ Gillian Flynn ရဲ့ Dark Places စာအုပ်ကို လွန်ခဲ့တဲ့ ၃ နှစ်လောက်ကတည်းက ကျွန်တော် ဖတ်ပြီး သဘောကျခဲ့တာ။ သူ့ရဲ့ ဇာတ်ကောင်တွေက ပီပြင်တယ်။ စာအုပ်ထဲကနေ အပြင်ကိုများ ခုန်ထွက်လာမလား ထင်ရတယ်။ ဇာတ်ကောင်တွေက ပြစ်မျိုးမဲ့မထင် ပြည့်စုံ လိမ္မာနေတဲ့ သူရဲကောင်းတွေ မဟုတ်ဘူး။ တစ်ယောက်စီတိုင်းမှာ အမှားတွေ၊ မကောင်းတဲ့ စိတ်ဓာတ်တွေ၊

အားနည်းချက်တွေ ကိုယ်စီ ရှိတယ်။ ဒါကြောင့်လည်း ဇာတ်လမ်း အသွားအလာတွေ ပိုပြီး ကြွလာတယ်။ ဇာတ်ကောင်တွေ တစ်ယောက်နဲ့တစ်ယောက် စကားပြောကြ၊ ထိတွေ့ ဆက်ဆံကြတဲ့အခါ ရလဒ်က ဘယ်လိုဖြစ်မလဲ ခန့်မှန်းမရတော့ဘူး။

စာအုပ်က တော်တော်လေးထူတယ်။ ဇာတ်အိမ်လည်း ကြီးတယ်။ အဖြစ်အပျက်တွေ၊ လှည့်ကွက်တွေ များတယ်။ လက်ရှိအချိန်နဲ့ အတိတ်အမှောင်ထဲက နေ့တစ်နေ့ကို ဟိုဘက်ပြလိုက်၊ ဒီဘက်ပြန်ခေါ်လာလိုက်နဲ့ ဦးနှောက်ကို ဆက်တိုက် အလုပ် ပေးတယ်။ သက်သောင့်သက်သာနဲ့ ဖတ်ရတာ လွယ်တဲ့ စာအုပ်မျိုးတော့ မဟုတ်။ စုံထောက် ဇာတ်လမ်း စစ်စစ်တစ်ခုလို့ ပြောလို့ ရတယ်။ သဲလွန်စ သေးသေးလေးတွေကို ဟိုနားတစ်စ ဒီနားတစ်စ မသိမသာ ချပြထားတယ်။

အဓိက ဇာတ်ကောင် လစ်ဘီဒေးကို ကျွန်တော် သိပ်သဘောကျတယ်။ သဘောဖြူ မနောဖြူ ရဲရင့်သူလေးမို့လို့ မဟုတ်ဘူး။ အင်မတန် အကျင့်မကောင်းတဲ့၊ လုပ်ချင်ရာ လုပ်နေတဲ့၊ တစ်ကိုယ်ကောင်းစိတ် အပြည့်ရှိတဲ့ မိန်းကလေးတစ်ယောက် အဖြစ်ကနေ·· တဖြည်းဖြည်း ပြောင်းလဲလာတာကို သဘောကျတာ။ အမှန်တရားနောက်ကို စမ်းဝါးဝါး လိုက်နေရင်း သူ့အမှားတွေကိုလည်း သူကိုယ်တိုင် လက်ခံနားလည်လာတာကို အားကျမိတယ်။ စာအုပ်အရသာ ပျက်သွားမှာ စိုးတဲ့ အတွက် ဒီထက်တော့ ရှည်ရှည်ဝေးဝေး ထပ်မပြောတော့ပါဘူး။

ဒီစာအုပ်ကို ဘာသာပြန်ခွင့်ရတဲ့အတွက် ကျွန်တော် အရမ်းပျော်ပါတယ်။ ကိုယ်သိပ်ကြိုက်ခဲ့တဲ့ ဇာတ်လမ်းတစ်ပုဒ်ကို စာဖတ်သူတွေကို တစ်ဆင့်ပြန်ပြောပြခွင့်ရတယ်လို့ ယူဆတယ်။ ဘာသာပြန်တဲ့အခါ အနည်းငယ် ပြုတ်ကျကျန်ရစ်ခဲ့တာတွေ ရှိနိုင်တယ်။ ဟိုဟိုဒီဒီ ဖြည့်ထားတဲ့ စကားလုံးလေးတွေလည်း ပါနိုင်ပါတယ်။ မူရင်းစာအုပ်က အပြစ်ပြောစရာမရှိလောက်အောင် ကောင်းတယ်။ အခု ဘာသာပြန်စာအုပ်က ဖတ်မကောင်းရင် ကျွန်တော့် အပြစ်ပါပဲ။

စာအုပ်ထဲက လစ်ဘီဒေးနဲ့အတူ သူ့ရဲ့ အတိတ်အမှောင်ထဲကို တိုးဝင်ရင်း ဇာတ်လမ်းကောင်းတစ်ခု·· ရှာဖွေတွေ့ရှိနိုင်ကြပါစေ။

ချမ်းမြေ့ဝင်း

ဒေးမိသားစု ကံဆိုးချက်
တစ်နာရီ အတွင်း အသက်ထွက်
နတ်ဆိုးပူးတဲ့ ဘန်ဒေးဟာ
တစ်အိမ်လုံးကို သတ်ပစ်တာ..

မီရှယ်ဒေးကို လည်ပင်းညှစ်
ဒက်ဘီဒေးကို ခုတ်ထစ်ပစ်
မေမေ့အလှည့်က နောက်ဆုံးပါ
နှစ်လုံးပြူးနဲ့ ပစ်သတ်တာ။

လစ်ဘီဒေးတော့ ကျန်ရစ်တယ်။
ကံကောင်းလွန်းတော့ လွတ်သွားတယ်။
ဒါပေမယ့်လည်း သူ့ခမျာ
ရှင်နေလျက်နဲ့ သေတဲ့ပမာ...

- ကျောင်းကစားကွင်းထဲမှ ကဗျာ (၁၉၈၅ ခုနှစ်)

# လစ်ဘီဒေး

ယနေ့

ကြမ်းကြုတ် ခက်ထန်တဲ့ စိတ်ဓာတ်က ကျွန်မ ကိုယ်ထဲမှာ အတွင်းအင်္ဂါ တစ်ခုလို တွယ်ကပ်နေတယ်။ ကျွန်မ ဗိုက်ကို ဓားနဲ့ ခွဲချလိုက်ရင် အဲဒီစိတ်ဓာတ်က အသားတုံးတစ်တုံးလို ဖုတ်ခနဲ ပြုတ်ကျလာလောက်တယ်။ မြေကြီးပေါ်မှာ သွေး သံရဲရဲ‥ ခြေထောက်နဲ့ တက်နင်းချင်စရာ။ *ဒေး* မိသားစုရဲ့ သွေးလေ။ ကျွန်မတို့ မိသားစုရဲ့ သွေးကိုက တစ်ခုခု မှားနေတာ။

ကျွန်မဟာ လိမ္မာတဲ့ မိန်းကလေးမဟုတ်ခဲ့ဘူး။ လူသတ်မှုတွေဖြစ်ပြီးတဲ့အခါ ပိုလို့တောင်ဆိုးလာတယ်။ မိဘမဲ့လေး *လစ်ဘီဒေး* ပေါ့။ မှုန်ကုပ်ကုပ်၊ ပျော့တီးပျော့ ဖပ်နဲ့ ကြီးလာတဲ့ ကောင်မလေး။ ကလေးဘဝတစ်လျှောက်လုံး ဆွေမျိုးနီးစပ်တွေရဲ့ အိမ်တွေမှာ လိုက်ပြီးကပ်နေ။ မောင်နှမ နှစ်ဝမ်းကွဲတွေရဲ့ အိမ်တွေ၊ အမျိုးတွေရဲ့အိမ် တွေ၊ အမျိုးတွေရဲ့ သူငယ်ချင်းတွေရဲ့အိမ်တွေ၊ အဲဒီသူငယ်ချင်းတွေရဲ့အသိတွေရဲ့အိမ် တွေ အစုံပါပဲ။ *ကန်းဆက်စ်* ပြည်နယ်တစ်ခွင် ပြုပြုစင်အောင်၊ အိမ်ပေါင်းစုံအောင် ပတ်နေခဲ့ရတယ်။ ဘီးတပ်ထားတဲ့ ကားအိမ်တွေ။ ဝက်ခြံ၊ နွားခြံ၊ ဆိတ်ခြံတွေနဲ့ တွဲဆောက်ထားတဲ့ နံစော်နေတဲ့ အိမ်စုတ်တွေ။

သေသွားတဲ့ ကျွန်မ အစ်မတွေရဲ့ အဝတ်တွေကို အမွေဆက်ခံ၊ အဲဒီအဝတ် တွေနဲ့ပဲ ကျောင်းတက်။ ချိုင်းကြားမှာ ဝါကျင့်ကျင့် ဖြစ်နေတဲ့ ရှပ်အင်္ကျီ။ ခြေချင်း ဝတ်နားမှာ ပွယောင်းယောင်း ဖြစ်နေတဲ့ ဘောင်းဘီ။ လူကလည်း ပိန်လှီနေတော့ ဘောင်းဘီ ခါးပတ်ပတ်ရင် ဟိုးအဆုံးအထိ ဆွဲပြီးပတ်။

ကျောင်းဓာတ်ပုံတွေထဲမှာဆိုရင် ကျွန်မ ဆံပင်က အမြဲတမ်း လိမ်တွန့်နေ တယ်။ ဆံပင်အနားစ တွေမှာလည်း ကလစ်တွေက တွဲလဲခိုရှိ ချုံတောထဲမှာ ငြိနေတဲ့ ပစ္စည်းတွေလို ကပိုကရိုနဲ့။ ပြီးတော့ ကျွန်မ မျက်လုံးတွေက အရက်သမားလို အမြဲ

မို့ဖောင်းနေတယ်။ နှုတ်ခမ်း ထောင့်စွန်းကလည်း ပြုံးနေရမယ့်အစား မကျေမနပ်နဲ့ မဲ့ချင်နေတယ်။

ငယ်ကတည်းက ချစ်ဖို့ မကောင်းခဲ့တဲ့ ကျွန်မ၊ ကြီးလာတဲ့အခါမှာ တော်တော့်ကို မနှစ်မြို့ချင်စရာ မိန်းမတစ်ယောက် ဖြစ်လာတယ်။ ကျွန်မရဲ့ စိတ်ဝိညာဉ်ကို ပုံဆွဲကြည့်မယ်ဆိုရင် ခြစ်ရာဗရပွနဲ့ အစွယ်အတက်တွေ ထွက်နေလိမ့်မယ်။

...

စိတ်ပျက်စရာ မတ်လ နေ့လယ်ခင်းတစ်ခု။

ကျွန်မ အိပ်ရာပေါ်မှာ လှဲနေတယ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ရင် ကောင်းမလား စဉ်းစားနေတယ်။ ဒါကျွန်မရဲ့ ဝါသနာ။ နေ့ခင်းကြောင်တောင် စိတ်ကူးယဉ်စရာ တစ်ခုပေါ့။ နှစ်လုံးပြူးသေနတ်ကို ပါးစပ်ထဲထိုးထည့်၊ ဒိုင်းခနဲပစ်။ ခေါင်းတစ်ခုလုံး နောက်ကို ဆတ်ခနဲလန်ထွက်သွားမယ်။ နံရံကို ကျွန်မရဲ့ သွေးတွေ ဖွက်ခနဲ၊ ပက်ခနဲ စင်မယ်။ "မြေမြှုပ်ပေးရမှာလား၊ မီးသင်္ဂြိုဟ်ပေးရမှာလား" .. ဆိုပြီး လူတွေက မေးကြမယ်။ "အသုဘကို ဘယ်သူတွေလာကြမလဲမသိ.." ဆိုပြီး ဇဝေဇဝါတွေ ဖြစ်ကြမယ်။ အဖြေကို ဘယ်သူမှ ရေရေရာရာ သိမှာမဟုတ်ဘူး။ နောက်ဆုံးကျတော့ အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပါးစပ်တွေ ကိုယ်စီ ပိတ်သွားကြလိမ့်မယ်။ တစ်ယောက်ယောက်က ထပြီး ကော်ဖီဖျော်ပေးမယ်။ ပန်းကန်သံ၊ ခွက်သံတွေ တချွမ်ချွမ် ကြားရမယ်။ အသေဆိုးနဲ့ ကော်ဖီနဲ့ တော်တော်လိုက်တယ် မဟုတ်လား။

စောင်အောက်ကနေ ခြေထောက်တစ်ဖက် အပြင်ကို ထုတ်လိုက်တယ်။ ဒါပေမယ့် ကြမ်းပြင်ပေါ် ခြေချဖို့ အသင့်မဖြစ်သေးဘူး။ ကျွန်မ စိတ်ဓာတ်ကျနေတာများလား။ ဟုတ်မယ်။ ကျွန်မ စိတ်ဓာတ်ကျနေတာ အခုဆိုရင် ၂၄ နှစ်တောင် ကြာခဲ့ပြီပေါ့။ ကျွန်မရဲ့ ကိုယ်ထဲမှာ.. ကျွန်မရဲ့ ပိန်လှီသေးနုပ်တဲ့ ကိုယ်ခန္ဓာရဲ့ ဟိုးအတွင်းထောင့် တစ်နေရာ၊ သည်းခြေနဲ့ ကလီစာတွေရဲ့နောက်မှာ အခု လစ်ဘီ ထက် ပိုကောင်းတဲ့၊ ပိုတော်တဲ့ လစ်ဘီ တစ်ယောက် ရှိနေသေးတယ်ဆိုတာ ကျွန်မ သိနေပါတယ်။ အဲဒီ လစ်ဘီဒေးက ကျွန်မကို အိပ်ရာကထဖို့၊ တစ်ခုခု ထလုပ်ဖို့၊ ရင့်ကျက်လာဖို့ တိုက်တွန်းနေတယ်။ ဒါပေမယ့် နောက်ဆုံးမှာ ကြမ်းကြုတ်တဲ့ စိတ်ဓာတ်ကပဲ အနိုင်ယူသွားတာပါပဲ။

ကျွန်မ မိသားစုတစ်ခုလုံးကို ကျွန်မရဲ့ အစ်ကိုက သတ်ပစ်လိုက်တာလေ။ အဲဒီတုန်းက ကျွန်မ အသက်က ၇ နှစ်။ သေနတ်သံ.. ဒိုင်းဒိုင်း..။ ပုဆိန်သံ

ဒုတ်ဒုတ်··။ လည်ပင်းကိုညှစ်··ဂစ်··ဂစ်··။ ကျွန်မရဲ့ အမေနဲ့ အစ်မ နှစ်ယောက် ဘန့် လက်ချက်နဲ့ အသက်ထွက်သွားကြတယ်။ အဲဒီ လူသတ်မှု ဖြစ်ပြီးကတည်းက ကျွန်မ ဘာအလုပ်မှ လုပ်စရာ မလိုတော့ဘူး။

ကျွန်မ အသက် ၁၈ နှစ်ပြည့်တဲ့အချိန်မှာ ကျွန်မရဲ့ လက်ထဲကို ဒေါ်လာ *သုံးသိန်းနှစ်သောင်း တစ်ထောင့်သုံးရာ ခုနစ်ဆယ့်လေး* တိတိ ရောက်လာတယ်။ ကျွန်မရဲ့ သနားစရာ အဖြစ်ဆိုးကို ကြားရတဲ့ အလှူရှင်တွေ ဝိုင်းဝန်းပံ့ပိုးပေးကြတဲ့ ပိုက်ဆံတွေပေါ့။ *သူတို့ရဲ့ နှလုံးသားတွေ လစ်ဘီဒေးနဲ့ အတူတူရှိပါတယ်··တဲ့*။ အဲဒီလို ပြောကြတယ်။ အဲဒီစကားကို ကြားလိုက်တိုင်း ကျွန်မ မျက်လုံးထဲမှာ မြင်လာတဲ့ မြင်ကွင်းက တစ်မျိုး။ အိမ်စုတ်လေးရှေ့မှာ မတ်တတ်ရပ်နေတဲ့ လစ်ဘီဒေး ဆိုတဲ့ ကလေးမလေး။ လေထဲကနေ သူ့ဆီကို ဝဲပျံလာနေတဲ့ အသည်းဖောင်းဖောင်း လေးတွေ။ အသည်းတွေမှာ ဒေါ်လာ အရွက် အစိမ်းလေးတွေ တွဲလောင်း ချိတ်လို့။ ပိုက်ဆံတွေကို အောက်ကနေ လှမ်းပြီး ဖတ်ခနဲ ဆတ်ခနဲ ခူးယူနေတဲ့ ကျွန်မ။ *ကျေးဇူးပါရှင်··အရမ်းကျေးဇူးတင်ပါတယ်··*ပေါ့။ အလှူငွေတွေကို ကျွန်မငယ်ငယ် ကတည်းက ဘဏ်ထဲမှာ စုငွေစာရင်းတစ်ခု ဖွင့်ပြီး ထည့်ထားပေးတယ်။ သုံးလေးနှစ် ပြည့်တိုင်း အဲဒီ ဘဏ်အကောင့်ထဲမှာ ပိုက်ဆံတွေ ပိုပိုတိုးလာတယ်။ ဒေးမိသားစု အသတ်ခံခဲ့ရတဲ့ သတင်း သတင်းစာထဲ၊ ရေဒီယိုထဲ၊ မဂ္ဂဇင်းထဲမှာ ပြန်ပါလာတဲ့ အချိန်မျိုးပေါ့။ *တစ်မိသားစုလုံး အသတ်ခံလိုက်ရတဲ့၊ တစ်ယောက်တည်း ရှင်ကျန်ရစ်တဲ့ လစ်ဘီဒေးလေး ဒီနေ့ ၁၀ နှစ် တင်းတင်း ပြည့်ပါပြီ··*။ (အန်တီဒိုင်ယန်းရဲ့ အိမ်ရှေ့က မြက်ခင်းစုတ်ပေါ်မှာ မတ်တတ် ရပ်နေတဲ့ ကျွန်မရဲ့ ဓာတ်ပုံ။ ပြီးတော့ ကျွန်မ နောက်မှာ ရပ်နေတဲ့ အန်တီဒိုင်ယန်းရဲ့ ခြေထောက်တုတ်တုတ်တွေကိုလည်း မြင်နေရတယ်။) ရဲရင့်တဲ့ *လစ်ဘီဒေးလေး ဒီနေ့တော့ ၁၈ နှစ် တိတိ ပြည့်ပါပြီ··* (ဒီဓာတ်ပုံမှာကျတော့ မွေးနေ့ ဖယောင်းတိုင်တွေရဲ့ အလင်းရောင်နဲ့ လင်းနေတဲ့ ကျွန်မရဲ့မျက်နှာ။ လူကောင်က ခပ်သေးသေးပဲ။ ထွားမလာဘူး။ ရင်သားတွေတော့ ကြီးလာလိုက်တာ အင်္ကျီနဲ့တောင် မဆံ့ချင်တော့။ ကျွန်မရဲ့ ကိုယ်လုံးသေးသေးနဲ့ ဘယ်လိုမှ မလိုက်ဖက်ဘူး။ အပြာမင်းသမီးနဲ့ တူနေတယ်။)

အဲဒီ အလှူငွေတွေနဲ့ ကျွန်မ ထိုင်စား လာလိုက်တာ ၁၃ နှစ်ကျော်တောင် ကြာခဲ့ပြီပဲ။ အခုတော့ ဘဏ်ထဲမှာ ငွေတော်တော်လေး ပါးနေပြီ။ ဘယ်လောက်ထိ ပါးသွားသလဲဆိုတာ ကျွန်မ ပိုက်ဆံတွေကို ထိန်းသိမ်း စီစဉ်ပေးနေတဲ့ လူနဲ့ တွေ့မှ သိလိုက်ရတယ်။ ပိုက်ဆံတွေကို စီမံပေးနေတဲ့လူရဲ့ နာမည်က *ဂျင်ဂျက်ဖရီ* ။ သူက

ဘဏ်သမား တစ်ယောက်။ မျက်နှာ သေသေ၊ အသားဖြူဖြူနဲ့။ တစ်နှစ်ကို တစ်ကြိမ် သူနဲ့ သွားတွေ့ရတယ်။ နေ့လယ်စာ စားရင်း စကားပြောရတယ်။ အခြေအနေတွေ ဘယ်လို ဘယ်ပုံ ထူးသလဲဆိုတာ လူတွေ့စစ်ဆေးတဲ့သဘောပေါ့။ အဲဒီလိုပြောတာပဲ။ ဈေးအသင့်အတင့် စားသောက်ဆိုင် တစ်ခုခုမှာ ကျွန်မနဲ့ တွေ့မယ်။ ကျွန်မ အခု ဘာတွေ လုပ်နေသလဲ၊ အဆင်ပြေသလား ဘာညာတွေ မေးမယ်။ ကျွန်မ ငယ်ငယ် လက်တောက်လောက်ကလေးတည်းက ကျွန်မကို သိခဲ့တာ၊ သူ့မျက်စိရှေ့မှာ အရွယ် ရောက်လာတာ စသဖြင့် စကားစမြည်တွေပြောမယ်။ ကျွန်မကတော့ ဂျင်ဂျက်ဖရီနဲ့ ပတ်သက်ပြီး ဘာမှကို မသိဘူး။ မေးလည်း မမေးဖြစ်ဘူး။ ကလေးတစ်ယောက်က လူကြီးတစ်ယောက်ကို မော့ကြည့်တဲ့အကြည့်မျိုးနဲ့ပဲ အမြဲတမ်းသူ့ကို ကြည့်ခဲ့ တယ်။ ဂျင်ဂျက်ဖရီနဲ့ စကားပြောရင် ကျွန်မ ယဉ်ယဉ်ကျေးကျေး ပြောမယ်။ ဒါပေမယ့် တစ်ခွန်းနှစ်ခွန်းထက် ပိုမပြောဘူး။ မေးတာတွေကို တစ်လုံးတည်းအဖြေတွေနဲ့ ပြန် ဖြေမယ်။ သက်ပြင်း ခဏခဏချမယ်။ (ကျွန်မ စိတ်ထဲ ထင်နေတာတစ်ခု ရှိတယ်။ ဂျင်ဂျက်ဖရီဆိုတဲ့လူဟာ ခရစ်ယာန်ဘာသာဝင်ပဲ ဖြစ်ရမယ်။ ဘုရားကျောင်းကို အမြဲ မပြတ် သွားတဲ့သူ။ စိတ်ရှည်တယ်။ အကောင်းမြင်တယ်။ ဘုရားသခင် အမြဲစောင့် ရှောက်နေပါတယ်ဆိုပြီး စိတ်အေးအေးနေတတ်တဲ့သူမျိုး။) တကယ်တမ်းက ဒီနှစ် သူနဲ့ တွေ့ဖို့ ရှစ်လ၊ ကိုးလလောက် လိုပါသေးတယ်။ ဒါပေမယ့် ဂျင်ဂျက်ဖရီက ကျွန်မကို ဖုန်းတွေ ခဏခဏဆက်နေတယ်။ မက်ဆေ့ချ်တွေ ပို့တယ်။ သူ့အသံက အရေးတကြီး အသံ။ ဘဏ်ထဲက ကျွန်မ ပိုက်ဆံတွေ 'အသက်ဆက်နိုင်ဖို့' သူ့အနေ နဲ့ တတ်နိုင်သလောက် လုပ်ပြီးပြီတဲ့။ ဒါပေမယ့် အခု 'ဘာဆက်လုပ်မလဲ' ဆိုတာ ဆုံးဖြတ်ဖို့ အချိန်ကျပြီတဲ့..။

ဟော.. ကျွန်မရဲ့ စိတ်ယုတ်က ခေါင်းထောင်လာပြန်ပြီ။ ပိုက်ဆံအကြောင်း စဉ်းစားမိတာနဲ့ *ဂျေမီ*..ဘာဆိုလဲမသိ.. အဲဒီ ကောင်မလေးအကြောင်း တွေးမိပြန်ပြီ။ ဂျေမီဆိုတဲ့ ကောင်မလေးကလည်း ကျွန်မလိုပဲ တစ်မိသားစုလုံး အသတ်ခံရပြီး သူ တစ်ယောက်ပဲ ရှင်ကျန်ရစ်ခဲ့တာ။ ဖြစ်တဲ့ အချိန်ကလည်း ကျွန်မနဲ့ မရှေးမနှောင်းပဲ။ ၁၉၈၅ ဝန်းကျင်။ သူ့အဖေက အိမ်ကို မီးတင်ရှို့တာ တစ်အိမ်လုံး သေသွားတယ်။ ဂျေမီ တစ်ယောက်ပဲ မျက်နှာတစ်ခြမ်း မီးကျွမ်းပြီး အသက်ရှင်ကျန်ခဲ့တယ်။ ATM စက်မှာ ပိုက်ဆံထုတ်တိုင်း ကျွန်မ ဂျေမီ အကြောင်း စဉ်းစားမိတယ်။ သူ့အမှုသာ ပေါ်မလာခဲ့ရင် အလှူငွေတွေ အကုန်လုံး ကျွန်မဆီကိုပဲ ရောက်လာမှာလေ။ ကျွန်မ ရရမယ့် အလှူငွေထဲက တစ်ဝက်ကို သူကကြားဖြတ်ပြီး လုယူသွားတာပဲ မဟုတ်

လား။ သူ့ကိုလည်း သနားပြီး ဝိုင်းလှူကြတော့ ကျွန်မ ရရမယ့် ပိုက်ဆံတွေ လျော့သွားတာပဲ။ အခုဆို အဲဒီ မိန်းမ ရှော့ပင်းစင်တာတွေမှာ လက်ကိုင်အိတ် အကောင်းစားတွေဝယ်၊ သူ့မျက်နှာပေါ်က မီးကျွမ်းထားတဲ့ အမာရွတ်တွေကို ဒေါ်လာ သုံးလေးရာတန် မိတ်ကပ်တွေနဲ့ ဖို့နေလောက်ပြီ။ ကျွန်မ ရရမယ့် ပိုက်ဆံတွေလေ..။ ဒီလိုတွေးမိတာ တော်တော်တော့ အောက်တန်းကျတယ်။ အောက်တန်းကျမှန်းလည်း ကိုယ့်ကိုယ်ကိုယ် သိနေလို့ တော်ပါသေးတယ်။

နောက်ဆုံးမှာတော့ အားယူပြီး ကျွန်မ အိပ်ရာကနေ ထလိုက်တယ်။ ပါးစပ်ကလည်း အသံပေါင်းစုံ ညည်းညူရင်း အိမ်ရှေ့ဘက်ကို ထွက်လာလိုက်တယ်။ ကျွန်မ အခု လုံးချင်း တိုက်အိမ်တစ်လုံးကို ငှားပြီးနေနေတာ။ အိမ်ဘေးပတ်ဝန်းကျင်မှာလည်း ကျွန်မလို တိုက်ပုပုတွေ ပတ်ပတ်လည် အပြည့်။ ကျွန်မတို့ တိုက်တွေရှိတဲ့ တောင်ကုန်းရဲ့ ဟိုး..အောက်မှာတော့ *ကန်းဆက်စ်စီးတီး* ရဲ့ မြေပြန့် လွင်ပြင်ကြီး။ အရင်တုန်းကတော့ ကျွဲခြံ နွားခြံတွေ ရှိခဲ့တဲ့နေရာပေါ့။ အခုတော့ မြို့တည်လိုက်ပြီ။ မစ်ဇူရီ ပြည်နယ်မှာ ရှိတဲ့ ကန်းဆက်စ်စီးတီး နော်၊ ကန်းဆက်စ် ပြည်နယ် မှာရှိတဲ့ ကန်းဆက်စ်စီးတီး မဟုတ်ဘူး၊ မတူဘူး။

ကျွန်မနေတဲ့ ရပ်ကွက်က ဘယ်လောက်တောင် အဖက်လုပ်မခံရသလဲဆိုရင် နာမည်တောင် မရှိဘူး။ 'ဟိုဘက် ရပ်ကွက်' လို့ပဲခေါ်တယ်။ ငမွဲတွေချည်း စုနေကြတဲ့ နေရာ တစ်ခုပါ။ တစ်ဖက်ပိတ် လမ်းတွေနဲ့ ခွေးချေးတွေ နေရာတကာမှာ။ ဘေးဘီ ဝဲယာက တိုက်အိမ်တွေမှာ အဘိုးကြီး အဘွားကြီးတွေပဲ နေကြတာများတယ်။ အိမ်အုတ်မြစ်ချကတည်းက ရောက်နေကြတဲ့ သူတွေပေါ့။ အိမ်ထဲမှာ ပုံ့ပုံ့ကြီးထိုင်၊ ပြတင်းပေါက် မှန်ကနေ အပြင်ကို ငေးကြည့်ရင်း တစ်ရက်လုံး အချိန်ကုန်နေကြတဲ့ သူတွေ။ တစ်ခါတလေကျရင် အဲဒီအဘိုးကြီး အဘွားကြီးတွေကို ကြည့်ရတာသနားစရာကောင်းတယ်။ အိမ်ထဲကနေ ကားဆီကို တုန်ချည့် တုန်ချည့်နဲ့ တစ်လှမ်းချင်း လျှောက်နေကြရရှာတာ။ အဲဒါမျိုးတွေမြင်ရရင် ကျွန်မ ပြေးပြီး ကူညီချင်ပါတယ်။ ဒါပေမယ့် သူတို့က ကြိုက်မှာမဟုတ်ဘူး။ သားရေ သမီးရေ ဆိုပြီး ကြင်နာတတ်တဲ့ ဘိုးဘိုး ဘွားဘွားတွေ မဟုတ်ဘူး။ အလကားနေရင်း စိတ်တို၊ စကားတောင် တစ်ခွန်း ပြည့်အောင် မပြောချင်တဲ့ ခွစာကြီးတွေ။ ကျွန်မ ဒီနားကို ပြောင်းလာတာကိုလည်း သူတို့က သိပ်ကြည်တာမဟုတ်။ သူတို့ရဲ့ မကျေမနပ် ပွစိပွစိအသံတွေ အမြဲ ကြားနေရတယ်။ အဲဒီအသံတွေတင် မကသေးဘူး၊ ဟိုဘက် နှစ်အိမ်ကျော်မှာ မွေးထားတဲ့ အမွေး နီကြောင်ကြောင်နဲ့ ခွေးပိန်တစ်ကောင်လည်း ရှိသေးတယ်။ အဲ

ဒီ ခွေးက ညဘက်ဆိုရင် မအိပ်ဘူး။ တစ်ညလုံး အူတာ။ ပတ်ဝန်းကျင်တစ်ခုလုံးက အဲဒီလိုပဲ အမြဲ ပွက်လောရိုက်နေတော့ နားထဲမှာ နေသားတောင် ကျချင်နေပြီ။ တစ်ခါတလေ တိတ်ဆိတ်သွားတဲ့ အခါမျိုးဆိုရင် နတ်ပြည်ရောက်သွားသလို အေးချမ်းသွားတာပဲ။ ပြီးရင်တော့ ပြန်ဆူညံသွားတာပဲ။ ဒီပတ်ဝန်းကျင်မှာ ကျွန်မကြားရတာ စိတ်ချမ်းသာတဲ့ အသံဆိုလို့ မနက်ခင်းဆိုရင် ကြားရတတ်တဲ့ ကလေးပေါက်စန တွေရဲ့ စကားသံတွေပဲရှိတယ်။ မနက်ခင်းဆိုရင် အဲဒီကလေးတစ်အုပ် အနွေးထည်ကိုယ်စီနဲ့ နေ့ကလေးထိန်းကျောင်းကို လမ်းလျှောက်သွားကြတယ်။ ကျွန်မအိမ်ရဲ့ နောက်ဘက် ဘယ်ချောင်မှာကပ်နေမှန်းမသိတဲ့ ကလေးထိန်းကျောင်းဆီကိုသွားကြတာ။ သူတို့ကို ရှေ့ကနေ လူကြီးတစ်ယောက်က ဦးဆောင်ပြီး ခေါ်သွားပေးတယ်။ သူ့လက်ထဲမှာ ကြိုးစတစ်စ ကိုင်ထားတယ်။ ကလေးတွေက အဲဒီကြိုးစကို ကိုင်ပြီး လိုက်ကြပေါ့။ မနက်တိုင်း ကျွန်မအိမ်ရှေ့ကနေ အဲဒီကလေးအုပ် ဖြတ်သွားနေကျ။ ပင်ဂွင်းငှက်တွေလိုပဲ အတန်းလိုက်··။ မနက်ပိုင်း ဖြတ်သွားတာပဲ မြင်ဖူးတယ်။ ပြန်လာတာတော့ တစ်ခါမှ မတွေ့ဖူးဘူး။ ကျွန်မနဲ့ မကြုံတာလည်း ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် ကမ္ဘာကို တစ်ပတ်ပတ်ပြီး နောက်နေ့မနက်ကျမှ ကျွန်မ အိမ်ရှေ့ကို ပြန်ရောက်လာတာ လည်း ဖြစ်နိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မကတော့ အဲဒီကလေးတွေကို အလိုလို နေရင်း သံယောဇဉ်ဖြစ်နေမိတယ်။ မိန်းကလေး သုံးယောက်၊ ယောကျ်ားလေး တစ်ယောက်။ အကုန်လုံးက အနွေးထည် အနီတောက်တောက်တွေ ဝတ်ထားကြတယ်။ တချို့နေ့တွေမှာ ကျွန်မ အိပ်ရာထနောက်ကျလို့ သူတို့ကို မတွေ့လိုက်ရဘူးဆိုရင် စိတ်မကြည်သလိုလို။ သေသွားတဲ့ ကျွန်မ အမေဆိုရင်လည်း *စိတ်မကြည်ဘူး*·· ဆိုတဲ့ စကားလုံးကိုပဲသုံးမှာ။ စိတ်ဓာတ်ကျလိုက်တာ·ဆိုတဲ့ စကားကြီးကို ပြောမှာ မဟုတ်ဘူး။ ပြဇာတ်ဆန်လွန်းတယ်လေ။

ကျွန်မ စိတ်မကြည်တာ ၂၄ နှစ်တောင် ကြာပေါ့။

...

ဂျက်ဖရီနဲ့ သွားတွေ့ဖို့ ကျွန်မ အဝတ်အစားလဲတယ်။ စကတ်တစ်ထည် ကောက်ဝတ်တယ်။ အပေါ်ကတော့ ဘလောက်စ်အင်္ကျီပဲ။ ကျွန်မရဲ့ ကိုယ်လုံးသေးသေးက လူကြီးဝတ်တွေနဲ့ ဘယ်လိုမှ အဆင်မပြေချင်ဘူး။ အရပ်က ၅ ပေလောက်ပဲ ရှိတယ်။ တကယ်ကတော့ ၄ ပေ ၁၀ လက်မ။ အို··၅ ပေလို့ပဲ သတ်မှတ်မယ်။ ဘာဖြစ်လဲ။ အခု ကျွန်မ အသက်က ၃၁။ ဒါပေမယ့် လူတွေက ကျွန်မကို

ကလေးလေးလို ဆက်ဆံနေတုန်းပဲ။ ကျွန်မနဲ့ စကားပြောပြီ ဆိုရင် သူတို့ အသံက ကလေးတစ်ယောက်ကို ချော့နေသလိုလို၊ အခုပဲ ရေခဲမုန့် ဝယ်ကျွေးတော့မလိုလို။

အိမ်ရှေ့က ဖရိုဖရဲ မြက်ခင်းပြင်ကိုဖြတ်ပြီး ကျွန်မရဲ့ ကားရပ်ထားတဲ့ လမ်းမဘက်ကိုလျှောက်တော့ ဘေးအိမ်က ခွေးနီက ကျွန်မကို ကြည့်ပြီး အားရပါးရ ဟောင်တယ်။ ကားရပ်ထားတဲ့နားက ပလက်ဖောင်းပေါ်မှာ ငှက်ပေါက်စနှစ်ကောင် ကြေမွပြီး သေနေတယ်။ ငှက်နှစ်ကောင်စလုံး အသားမရှိ၊ အရိုးခြောက်ဖြစ်နေပြီ။ အတောင်တွေ၊ နှုတ်သီးတွေ အင်္ဂတေပေါ်မှာ ပြားကပ်နေတဲ့ပုံက ပုတ်သင်ညိုလိုလို၊ အိမ်မြှောင်လိုလို။ အဲဒီ ငှက်အရိုးတွေ အင်္ဂတေမှာကပ်နေတာ တစ်နှစ်လောက်တောင် ရှိပြီထင်တယ်။ ကျွန်မ ကားပေါ်ကို တက်တိုင်း သူတို့ အရိုးစုတွေကို မကြည့်ဘဲ မနေနိုင်ဘူး။ မိုးတွေ သည်းကြီးမည်းကြီး ရွာချလိုက်ပါစေ။ အဲဒီလို..ရေတွေကြီးမှပဲ ဒီအရိုးစုတွေ ရေထဲ မျောသွားတော့မှာ။

ဟိုဘက်လမ်းက အိမ်ရဲ့ လှေကားရင်းမှာ အဘွားကြီးနှစ်ယောက် စကား ပြောနေကြတယ်။ သူတို့ပုံစံကြည့်ရတာ ကျွန်မကို မမြင်ချင်ယောင်ဆောင်နေသလိုပဲ။ သူတို့ နာမည်ကို ကျွန်မ မသိပါဘူး။ သူတို့ထဲက တစ်ယောက်ယောက်သာ သေသွားခဲ့ရင် "ဩော်..ဟိုဘက်လမ်းက အန်တီဘယ်သူကတော့ ဆုံးသွားရှာပြီလေ" ဆိုပြီး နာမည်တပ်ပြောတတ်မှာ မဟုတ်ဘူး။ "ဟိုဘက်လမ်းက မျက်နှာပုပ်ပုပ်နဲ့ အဘွားကြီးလေ။ အခုသေပြီ"လို့ပဲ ပြောရမယ်။

ကျွန်မကိုယ် ကျွန်မ ကလေးသရဲလိုလို ဘာလိုလို ခံစားနေရတယ်။ အားလုံးက မမြင်သလို မျက်ကွယ်ပြုထားတဲ့ တစ္ဆေ တစ်ကောင်လိုမျိုးပေါ့။ ကားထဲကို ကျွန်မ ဝင်ထိုင်လိုက်တယ်။ ကျွန်မပိုင်တဲ့ ကားက တော်တော့်ကိုပျင်းဖို့ကောင်းတယ်။ ဘာရုပ်မှကို မထွက်တာ။ ကားတစ်ခုလုံးက ပလတ်စတစ်နဲ့ ဆောက်ထားသလား ထင်ရတယ်။ ကလေးကစားတဲ့ကားနဲ့ လူစီးကား မှားဝယ်လာမိသလို ဖြစ်နေတယ်။

ကားမောင်းနေရင်း ကျွန်မ စိတ်တွေ ဟိုရောက်ဒီရောက်မျောနေတယ်။ စားသောက်ဆိုင် ကားပါကင်ကို ရောက်တော့ ချိန်းထားတဲ့ အချိန်ထက် မိနစ်နှစ်ဆယ် လောက် နောက်ကျနေပြီ။ ဂျင်ဂျက်ဖရီကတော့ ကျွန်မ နောက်ကျလည်းအပြစ်တင်မှာ မဟုတ်ဘူး။ ပြုံးပြုံးလေးနဲ့ ခွင့်လွှတ်မယ့်သူမျိုး။

ကားပါကင်ကို ရောက်ရင် ဖုန်းဆက်ပါတဲ့.. ဂျက်ဖရီက မှာထားတယ်။ ဖုန်းဆက်တော့မှ သူ ဆိုင်အပြင်ကို ထွက်လာပြီး ကျွန်မကို လာကြိုမယ်ပေါ့။ အခု စားသောက်ဆိုင်က တော်တော် အိုဟောင်းနေပြီ။ ဆိုင်ပတ်ပတ်လည်မှာ လူမနေတဲ့

တိုက်ဟောင်းတွေရှိတော့ အဲဒီတိုက်ထဲမှာ ခိုနေကပ်နေကြတဲ့ လူရမ်းကားတွေ အပြင်ထွက်လာပြီး ကျွန်မကို လုယက်တာမျိုးတွေ ဖြစ်မှာ စိုးသတဲ့လေ။ လစ်ဘီဒေး ဆိုတဲ့ ကျွန်မ တစ်ခုခု ဖြစ်သွားကို စိုးရိမ်တဲ့ သဘော။ ဖြစ်ခဲ့ရင်တောင် ဂျင်ဂျက်ဖရီက သူ့ရှေ့မှာတော့ အဖြစ်ခံမှာမဟုတ်ဘူး။ လစ်ဘီဒေး တစ်ခုခုဖြစ်သွားရင် သူ့အပြစ် မဖြစ်စေရဘူးပေါ့။ *အရမ်းကို သတ္တိကောင်းတဲ့ လစ်ဘီဒေး·· တစ်ယောက်တည်း လမ်းပျောက်နေရှာတဲ့ လစ်ဘီဒေး·· ဆံပင်နီနီ၊ မျက်လုံးပြူးပြူး ပြာပြာလေးတွေနဲ့ လစ်ဘီဒေး··။* **ကန်းဆက်စ်လူသတ်မှုကြီး··** (သို့မဟုတ်) **နတ်ဆိုးကိုယစ်ပူဇော်တဲ့ လူသတ်မှုကြီး··**ရဲ့ *တစ်ဦးတည်း ရှင်ကျန်ရစ်တဲ့ လစ်ဘီဒေး။* ဩော် ကျွန်မပြောဖို့ မေ့နေတာ။ ကျွန်မရဲ့ အစ်ကို *ဘန်ဒေး* က စေတန်နတ်ဆိုးကို ကိုးကွယ်တဲ့ အဖွဲ့သား တစ်ယောက်လေ။ ကျွန်မရဲ့ အမေနဲ့ အစ်မနှစ်ယောက်ကို ဘန်က သတ်ပစ်လိုက်တာကိုတော့ ပြောပြပြီးပြီနော်။ အဲဒီလို သတ်ပစ်လိုက်ကြောင်းကို ကျွန်မကိုယ်တိုင်က သက်သေအဖြစ် ထွက်ဆိုပေးခဲ့တာ။ ဘန့်ကို ထောင်ထဲ ထည့်ခဲ့တာ ကျွန်မပေါ့။ သတင်းတွေထဲမှာ ကျွန်မနာမည်နဲ့ မျက်နှာက အဆက်မပြတ် ပါခဲ့တယ်။ ကျွန်မရဲ့ မျက်ရည်ဝဲနေတဲ့ ဓာတ်ပုံကို Enquirer မဂ္ဂဇင်းက မျက်နှာဖုံးမှာ ထည့်တယ်။ အောက်မှာ စာတန်း ထိုးထားတယ်။ 'ရဲရင့်သော နတ်သမီးလေး' တဲ့။

ကားရဲ့ နောက်ကြည့်မှန်ထဲမှာ ကိုယ့်မျက်နှာကိုယ် ပြန်ကြည့်လိုက်တယ်။ ကျွန်မ မျက်နှာက အခုထိ ကလေးဆန်တုန်းပါပဲ။ မျက်နှာပေါ်က အစက်အပြောက်တွေတော့ ပျောက်သွားပြီ။ ဒါပေမယ့် နှာခေါင်းက လုံးနေတုန်းပဲ။ မျက်လုံးတွေကလည်း ကြောင်ပေါက်စ မျက်လုံးတွေလို ဝိုင်းနေတယ်။ ဆံပင်ကို ရွှေရောင်ဖျော့ဖျော့ ဆိုးထားပေမယ့် အောက်ခံ ဆံပင် အနီတွေက ထိုးထွက်နေတယ်။ ရုတ်တရက် ကြည့်လိုက်ရင် ခေါင်းခွံကနေ သွေးတွေ စိမ့်ထွက်နေသလားထင်ရတယ်။ နေရောင်အောက်မှာဆိုတော့ နဂိုထက် ပိုပြီး နီရဲနေတော့တာ။ စီးကရက် တစ်လိပ် ထုတ်ပြီး မီးညှိလိုက်တယ်။ ကျွန်မ ဆေးလိပ် ပုံမှန်မသောက်ဖြစ်ပါဘူး။ တစ်ခါတလေကျရင် ဆေးလိပ်သောက်ရမှာကို မေ့တောင်မေ့နေတယ်။ သုံးလေးလလောက် ကြာသွားမှ ဆေးလိပ်တစ်လိပ် ကောက်ညှိမိတာမျိုး။ ကျွန်မက အဲဒီလိုပဲ·· ဘာကိုမှ စွဲစွဲမြဲမြဲ မရှိဘူး။

"ကဲ ဘေဘီဒေးရေ·· သွားစို့"

ကျွန်မ အသံထွက်ပြီး ပြောလိုက်တယ်။ စိတ်မကြည်မလင် ဖြစ်နေတဲ့အခါမျိုး၊ အားလုံးကို မုန်းချင်နေတဲ့ အချိန်မျိုးတွေမှာ ကိုယ့်ကိုယ်ကိုယ်အားပေးတဲ့သဘော။

ကျွန်မ ကားထဲက ထွက်လိုက်တယ်။ စီးကရက်ကိုဖွာရင်း စားသောက်ဆိုင်ဘက်ကို လျှောက်တယ်။ စီးကရက်ကို ညာလက်နဲ့ပဲ ကိုင်ဖြစ်တယ်။ ကြည့်မကောင်း ရှုမကောင်း ရုပ်ပျက်နေတဲ့ ကျွန်မရဲ့ ဘယ်လက်ကို မမြင်ချင်ဘူး။

ညနေစောင်းတော့မယ်။ ကောင်းကင်မှာ တိမ်အစုတွေက ကျွဲအုပ်ကြီးလို ပြုံခဲ့နေတယ်။ ကျနေရောင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ပန်းရောင်သမ်းနေတယ်။ မြစ်ဘက်ကမ်းဆီကို ဝေ့ဝိုက်ဆင်းသွားတဲ့ အမြန်လမ်းမ အထပ်အထပ်တွေကြားမှာ ဖုန်အလိမ်းလိမ်းနဲ့ ဂျုံကိုဒေါင်ဟောင်းတွေ။

ကားပါကင်ကနေ စားသောက်ဆိုင်ဆီကို သွားတဲ့လမ်းမှာ ကျွန်မကလွဲရင် လူသူမရှိ။ ကွန်ကရစ်လမ်းမှာ မှန်ကွဲစတွေ ပြန့်ကျဲနေတယ်။ လုမယ့် ယက်မယ့်သူ တော့ မတွေ့ပါဘူး။ ညနေ ၅ နာရီကျော်ကျော်ပဲ ရှိသေးတာကို။ ဂျင်ဂျက်ဖရီက ညစာကို အစောကြီး စားတတ်တဲ့သူ။

ဆိုင်ထဲကို ကျွန်မ ဝင်လိုက်တော့ ဂျက်ဖရီက ဘားကောင်တာမှာ ထိုင်ပြီး ဆိုဒါသောက်နေတယ်။ ကျွန်မကို တွေ့တာနဲ့ သူ့လက်ထဲက ဖုန်းကို ထုတ်ကြည့်တယ်။ မျက်မှောင်ကြုတ်တယ်။

"ဖုန်းဆက်သေးလား။ ကျွန်တော် လာခေါ်မှာပေါ့"

"ဟင့်အင်း.. မေ့သွားလို့".. ကျွန်မ ညာလိုက်တယ်။

သူက ပြုံးတယ်။

"ဩော်.. အင်းအင်း ပြီးရော။ အခုလို လာတွေ့တာ ဝမ်းသာပါတယ်။ ကဲ ပြောစရာရှိတာ ပြောလိုက်ကြရအောင်"

ဂျက်ဖရီက ဘားကောင်တာပေါ်ကို တစ်ဒေါ်လာတန် နှစ်ရွက် ပစ်တင်တယ်။ ကျွန်မကို ခေါ်ပြီး စားပွဲတွေ ရှိရာကို သွားတယ်။ စားပွဲရဲ့ ဖင်ထိုင်ခုံတွေကို သားရေနီနီနဲ့ ချုပ်ထားတယ်။ သားရေအကွဲ အပေါက်ကြားတွေကနေ ဂွမ်းစဝါဝါတွေ ထွက်လို့။ ဆိုဖာပေါ်မှာ ကျောမှီပြီး ထိုင်ချလိုက်တော့ သားရေအကွဲ ကြားထဲကို ကျွန်မရဲ့ကျောပြင် နစ်ခနဲ ဝင်သွားတယ်။ ဆိုဖာကြားထဲ စိမ့်ဝင်နေတဲ့ စီးကရက်နံ့တွေ အပြင်ကို ဗွူးခနဲ ထွက်လာတယ်။

ဂျက်ဖရီက ကျွန်မရှေ့မှာ တစ်ခါမှ အရက်မသောက်ဘူး။ ကျွန်မကိုလည်း သောက်မလားလို့ မမေးဖူးဘူး။ စားပွဲထိုးက ဘာမှာမလဲဆိုပြီး လာမေးတော့ ကျွန်မ ဝိုင်အနီ တစ်ခွက်မှာလိုက်တယ်။ ဂျက်ဖရီ့ကို လှမ်းကြည့်တော့ သူက ဘာမှမဖြစ်တဲ့ မျက်နှာနဲ့ ထိုင်နေတယ်။ ကျွန်မ အရက်မှာလို့ အံ့ဩသွားသလား၊ စိတ်ပျက်သွား

သလား‥ ဘာအမှုအရာမှ မတွေ့ရ။ ဝိုင်အနီထဲက ဘာအမျိုးအစား သောက်မလဲတဲ့ စားပွဲထိုးက မေးတယ်။ ကျွန်မ ဘာပြန်ဖြေရမှန်း မသိဘူး။ တကယ်ကို မသိတာ။ ဝိုင်ဖြူတွေ ဝိုင်နီတွေ သူတို့ရဲ့ နာမည်တွေကို ဘယ်လိုမှတ်မှတ် ပြန်မေ့သွားတာပဲ။ ဘယ်စကားလုံးကို ဘယ်လို အသံထွက်ရမှန်းလည်း မသိဘူး။ ဖွင့်ထားပြီးသား ဝိုင်ပုလင်းတွေထဲက တစ်ခွက်ငှဲ့ပေးပါလို့ပဲ ကျွန်မ ပြောလိုက်တယ်။ ဂျက်ဖရီက အမဲသားကင် တစ်ပွဲမှာတယ်။ ကျွန်မက အာလူး အစာသွတ်။ စားပွဲထိုး ပြန်ထွက်သွားတော့ ဂျက်ဖရီက သက်ပြင်း အရှည်ကြီး တစ်ချက်ချတယ်။

"လစ်ဘီ၊ အခုအခြေအနေက အရင်အခေါက်တွေနဲ့ မတူဘူး"

"ဟုတ်လား၊ ဘဏ်ထဲမှာ ဘယ်လောက် ကျန်သေးသလဲ"

ကျွန်မ ပြန်မေးလိုက်တယ်။ စိတ်ထဲမှာ ဆုတောင်းနေတယ်။ *တစ်သောင်း‥ တစ်သောင်းလောက်တော့ ကျန်သေးတယ်လို့ ပြောပါ‥*

"ကျွန်တော်ပို့တဲ့ ငွေစာရင်းတွေ မဖတ်ဘူးလား"

"တစ်ခါတလေတော့ ဖတ်ဖြစ်ပါတယ်"

ကျွန်မ ညာလိုက်ပြန်တယ်။ စာတိုက်က စာလာရင်တော့ သဘောကျတယ်။ ဒါပေမယ့် ဘယ်တော့မှ မဖတ်ဖြစ်ဘူး။ ဂျက်ဖရီ ပို့ပေးတဲ့ ငွေစာရင်းတွေ အိမ်ထဲက စာရွက်ပုံ တစ်ပုံပုံထဲမှာ ရှိမှာပါ။

"ကျွန်တော်ပို့တဲ့ မက်ဆေ့ချ်တွေကိုရော နားထောင်ဖြစ်သလား"

"ဖုန်းက သိပ်မကောင်းဘူးထင်တယ်။ မက်ဆေ့ချ်ထဲက အသံက အမြဲ တမ်း ပြတ်တောင်း ပြတ်တောင်း ဖြစ်နေတယ်"

တကယ်တမ်းက ကျွန်မ သူ့မက်ဆေ့ချ်တွေကို နားထောင်တယ်။ ပြဿနာ အငွေ့အသက်တစ်ခုခု သူ့အသံထဲ ပါလာပြီဆိုတာနဲ့ ပိတ်ပစ်လိုက်တာပဲ ရှိတာပါ။ *လစ်ဘီလား‥ ကျွန်တော်ပါ၊ ဂျက်ဖရီပါ‥* ဆိုတဲ့ နှုတ်ဆက်စကားသံ စက်ထဲက ထွက်လာတာနဲ့ ကျွန်မ အာရုံက လွင့်လွင့်သွားတာ များတယ်။

ဂျက်ဖရီက သူ့လက်ချောင်းတွေကို ဘယ်ညာ စုံတူ ထိပ်ချင်းထိလိုက်တယ်။ အောက်နှုတ်ခမ်းကို အသာချွန်ပြီး ပြောတယ်။

"ဘဏ်စာရင်းထဲမှာ ၉၈၂ ဒေါ်လာနဲ့ ၁၂ ပြားပဲ ကျန်တော့တယ် လစ်ဘီ။ ကျွန်တော် မေးနေကျ အတိုင်း ထပ်မေးရဦးမှာပဲ။ တခြား အလုပ်တစ်ခုခု လုပ်ဖို့ အစီအစဉ် ရှိသလား။ ပုံမှန် ဝင်ငွေရမယ့် အလုပ်မျိုးပေါ့။ လစ်ဘီ့မှာ ပုံမှန် အလုပ်တစ်ခုသာ ရှိခဲ့ရင် ဘဏ်ထဲကငွေတွေကို ထိန်းထားလို့ ရသေးတယ်လေ။

ဒါပေမယ့်..''

ဂျက်ဖရီက လက်တွေကို ဖြန့်လိုက်တယ်။ မျက်နှာကို မဲ့တယ်။

''.. ဒါပေမယ့် အလုပ်မလုပ်ခဲ့တော့ အဆင်မပြေဘူးပေါ့''

''စာအုပ်..စာအုပ်ကရော အဆင်မပြေဘူးလား''

''ဆောရီး လစ်ဘီ။ စာအုပ်က အလုပ်မဖြစ်ဘူးလေ။ ကျွန်တော်လည်း လစ်ဘီ့ကို တွေ့တိုင်း ရှင်းပြ၊ ပြောပြနေတာပဲ။ စာအုပ် မအောင်မြင်တာ လစ်ဘီ့ အပြစ် မဟုတ်ဘူး။ စိတ်ထဲ ထားမနေနဲ့''

ကြာပါပြီ။ ကျွန်မ အသက် ၂၅ နှစ်ပြည့်မွေးနေ့ကို အသုံးချပြီး စာအုပ် တစ်အုပ် ထုတ်ပေးမယ် ဆိုပြီး ထုတ်ဝေသူ တစ်ယောက်က ချဉ်းကပ်လာတယ်။ လစ်ဘီဒေးတစ်ယောက် အတိတ်က အရိပ်ဆိုးတွေကို ဘယ်လို ကျော်လွှားနိုင်ခဲ့သလဲ ဆိုတာ ရေးပေးပါ..တဲ့။ တကယ်ကတော့ ကျွန်မ ဘာကိုမှ ကျော်လွှားအောင်မြင်ခဲ့ တာ မရှိပါဘူး။ ဒါပေမယ့် စာအုပ်ရေးဖို့ ကျွန်မ သဘောတူလိုက်တယ်။ စာအုပ်ကို တကယ်ရေးပေးတာက နယူးဂျာစီမှာနေတဲ့ အမျိုးသမီးတစ်ယောက်ပါ။ ကျွန်မက ဖုန်းထဲကနေ ဇာတ်လမ်း ပြောပြပေါ့။ ၂၀၀၂ ခရစ်နှစ်မှာ စာအုပ်ထွက်တယ်။ စာအုပ်အဖုံးက ဓာတ်ပုံထဲမှာ ကျွန်မ ဆံပင်က ပုံဆိုးပန်းဆိုး။ စာအုပ်နာမည်က '*A Brand New Day - နေ့သစ် (သို့မဟုတ်) ဒဏ်ရာများကို အောင်မြင်စွာ ကျော်လွှားနည်း*'။ စာအုပ်ထဲမှာ ကျွန်မ ဓာတ်ပုံတွေ ပါတယ်။ သေသွားတဲ့ အမေနဲ့ အစ်မတွေရဲ့ ဓာတ်ပုံတွေလည်း ပါတယ်။ စာမျက်နှာ ၂၀၀ ကျော်ကျော်။ တစ်အုပ် လုံးမှာ *လောကကို အကောင်းမြင်နည်း* နည်းလမ်းအသွယ်သွယ်တွေ အပြည့်ပေါ့။ စာအုပ်အတွက် ကျွန်မ ဒေါ်လာ ၈၀၀၀ ကျော် ရလိုက်တယ်။ စာပေဟောပြောပွဲတွေ တော်တော်များများ သွားရတယ်။ မိသားစု သေသွားတဲ့သူတွေ စုပြီး ထောင်ထားတဲ့ အဖွဲ့တွေမှာ စကား ပြောရတယ်။တိုလီဒိုကို လေယာဉ်နဲ့သွား၊ မိဘမဲ့ကလေးတွေနဲ့ သွားတွေ့။ တူလ်ဆာကို သွား၊ အမေ မရှိတော့တဲ့ ဆယ်ကျော်သက်ကလေးတွေနဲ့ သွားတွေ့။ သူတို့ကျတော့ သူတို့ အမေတွေကို သူတို့အဖေတွေက သတ်ပစ်တာတဲ့။ တချို့ ကလေးတွေက ကျွန်မကို စာအုပ်လက်မှတ်ထိုးခိုင်းရင်း ထူးထူးဆန်းဆန်း မေးခွန်းတွေ မေးကြတယ်။ အစ်မအမေက မုန့်လုပ်တတ်သလား..တဲ့။ ဘာတွေလဲ မသိ။ နှစ်ထပ် မျက်မှန်အောက်ကနေ ကျွန်မကို လိုချင်မျက်စိနဲ့ ကြည့်တတ်ကြတဲ့ အသက်ကြီးကြီး အဘိုးကြီးတွေအတွက်လည်း စာအုပ်တွေ လက်မှတ်ထိုးပေးရသေး တယ်။ သူတို့ ပါးစပ်ထဲက အစာအိမ်အချဉ်နံ့နဲ့ ကော်ဖီတူးတူးအနံ့တွေ ဟောင်လို့။

စာအုပ်ပေါ်မှာ စာတစ်ကြောင်းနှစ်ကြောင်းရေး၊ လက်မှတ်ထိုးပေးပေါ့။ 'နေ့သစ်ကို စကြပါစို့'၊ ဒါမှမဟုတ် 'နေ့သစ်တွေက သင့်ကိုစောင့်နေပါတယ်'။ ကျွန်မနာမည် 'ဒေး- Day' နဲ့ 'နေ့ (Day)' နဲ့ စာလုံးပေါင်း တူနေတာ ကံမကောင်းဘူးလား။ စာအုပ် လက်မှတ်ထိုးပွဲတွေကို လာကြတဲ့ သူတွေက ဘာလို့လဲတော့မသိ အမြဲ ပင်ပန်း နွမ်းနယ်နေကြတယ်။ ကျွန်မ အနားမှာ ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ ဝိုင်းနေကြတယ်။ လူလည်း သိပ်များများစားစား မလာပါဘူး။ လက်မှတ်ထိုးပွဲတွေ၊ တွေ့ဆုံပွဲတွေ သွားရင် ပိုက်ဆံရမယ် ထင်ထားတာ။ မရမှန်းလည်းသိရော ကျွန်မ နောက်ထပ် ထပ်မသွားတော့ဘူး။ စာအုပ်ကလည်း မပေါက်ဘူးလေ။

"စာအုပ်ကနေ ဒီ့ထက် ပိုက်ဆံပိုရမယ်လို့ ထင်ထားတာ"

ကျွန်မ မပွင့်တပွင့် ညည်းလိုက်တယ်။ စာအုပ်က ပိုက်ဆံတွေ အများကြီး ရရမှာကို..။ ကလေးဆန်ဆန် ဆုတောင်းတဲ့ ပုံစံမျိုးပေါ့။ ကျွန်မ တကယ်လိုချင်ရင်၊ တကယ်ဆုတောင်းရင် ဖြစ်လာမှာပဲ ဆိုတဲ့ ယုံကြည်ချက်မျိုးနဲ့ ဆုတောင်းခဲ့တာ။ မပြည့်ပါဘူး။

"ဟုတ်ပါတယ်။ ကျွန်တော် နားလည်တယ်"

ဂျက်ဖရီက ပြန်ဖြေတယ်။ သူ့မှာလည်း များများစားစား ဖြေစရာ အဖြေ မရှိဘူးလေ။ စာအုပ်ထွက်ထားတာ ၆ နှစ်တောင် ကျော်နေပြီလေ။ ကျွန်မ စကား မပြောဘဲ ဝိုင်ကို တစ်ငုံပြီးတစ်ငုံ သောက်နေတာကို ဂျက်ဖရီက ထိုင်ကြည့်နေ တယ်။ ပြီးမှ ဆက်ပြောတယ်။

"ဘယ်လိုပဲ ဖြစ်ဖြစ်၊ အခု အခြေအနေကို အကောင်းဘက်က မြင်ကြည့် လစ်ဘီ။ ဒါလစ်ဘီ့ဘဝအတွက် အပြောင်းအလဲလုပ်ရမယ့် အချိန်တစ်ခုကို ရောက် လာတာပဲ မဟုတ်လား။ လစ်ဘီ အသက်ကြီးလာတဲ့အခါ ဘာလုပ်မယ်လို့ စဉ်းစား ထားသလဲ"

သူကတော့ ကျွန်မကို သဘောရိုးနဲ့ ပြောနေတာ ဖြစ်ရင်ဖြစ်မယ်။ ကျွန်မကို ကလေးလေးလို ဆက်ဆံနေတာ ချစ်ဖို့ ကောင်းတယ်လို့ ထင်ရင်လည်း ထင်လိမ့် မယ်။ ကျွန်မ ရင်ထဲက ဒေါသက ခေါင်းပြူလာပြီ..။ ကျွန်မ ဖြစ်ချင်တာကို သူ နားမလည်ဘူးလား။ ဘာမှ မလုပ်ချင်တာလေ။ ဘာအလုပ်မှကို မလုပ်ချင်တာ။

"ပိုက်ဆံ တကယ်မကျန်တော့ဘူးလား"

ဂျက်ဖရီက စိတ်မကောင်းတဲ့ ပုံနဲ့ ခေါင်းခါတယ်။ သူ့ရှေ့မှာ လာချပေးတဲ့ အမဲသားတုံးပေါ်ကို ဆားဖြူးတယ်။ မကျက်တကျက် အသားတုံးထဲကနေ သွေးတွေ

စိမ့်ထွက်နေတယ်။

"အလှူငွေတွေရော ထပ်မရတော့ဘူးလားဟင်…။ လူသတ်မှုရဲ့ ၂၅ နှစ်ပြည့်နေ့က သိပ်မလိုတော့ဘူးလေ"

အဲဒီလို ပါးစပ်က ထုတ်ပြောရအောင်လုပ်တဲ့အတွက် ဂျက်ဖရီဆိုတဲ့လူကို ကျွန်မ စိတ်တိုတယ်။ ကျွန်မအစ်ကိုက အမေတို့ကို ၁၉၈၅ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ မနက် ၂ နာရီ အချိန်မှာ သတ်ပစ်ခဲ့တာ။ အမေနဲ့ အစ်မတွေ အသတ်ခံရတဲ့ အချိန် အဝါအကျပေါ့။ အခုတော့ အဲဒီနေ့ရဲ့ နှစ်ပတ်လည်ကို ကျွန်မ မျှော်နေရပြီ။ ဘယ်လို ဘဝမျိုးလဲ။ ဘယ်လို လူမျိုးက ဒီလို မျှော်လင့်ရဲသလဲ။ ဒီလို စကားမျိုး ဘယ်လို ပါးစပ်က ထုတ်ပြောရက်သလဲ။ ဘဏ်ထဲမှာ ဘာဖြစ်လို့ ဒေါ်လာ ၅၀၀၀ လောက်တောင် မကျန်တော့တာလဲ။

ဂျက်ဖရီက ခေါင်းခါပြန်တယ်။

"အလှူငွေတွေ မရတော့ဘူးလေ လစ်ဘီ။ လစ်ဘီ့ အသက် ဘယ်လောက်ရှိပြီလဲ။ ၃၀ တောင်ပြည့်ပြီ မဟုတ်လား။ ကလေးမှ မဟုတ်တော့ဘဲ။ အမျိုးသမီး တစ်ယောက် ဖြစ်နေပြီ။ လူတွေလည်း မေ့ပြီပေါ့။ တခြား ကလေးလေးတွေကို သူတို့ ကူညီရဦးမယ်လေ…ဟို…"

"ကျွန်မကိုတော့ မကူညီကြတော့ဘူးပေါ့… အဲဒီလိုလား"

"အဲဒီလိုပဲ ပြောရမှာပဲ"

"လူတွေက ကျွန်မကို မေ့သွားကြပြီလား။ တကယ်ကြီးလား"

ပြောနေရင်း ကျွန်မစိတ်ထဲမှာ ပစ်ပယ်ခံရတဲ့ ဝေဒနာကို ခံစားလာရတယ်။ ဒါ…ငယ်ငယ်ကတည်းက ကျွန်မနဲ့ ရင်းနှီးနေခဲ့တဲ့ ခံစားချက်ပဲလေ။ အမျိုးတွေရဲ့ အိမ်တွေမှာ ကပ်ပြီးနေရတယ်။ အဒေါ်တွေ ဦးလေးတွေက လက်မခံချင်တော့တဲ့အခါ၊ သည်းမခံနိုင်တော့တဲ့အခါ…ကျွန်မကို နောက်တစ်အိမ်ကို ပို့လိုက်မယ်။ *ငါတို့တော့ လက်မခံနိုင်တော့ဘူးဟေ့…လစ်ဘီဒေးကို နင်တို့ခေါ်ထားရမယ့်အလှည့်ရောက်ပြီ…* ဆိုပြီး ကျွန်မကို ပစ်ချထားခဲ့ကြမယ်။ အိမ်အသစ်က လူတွေကလည်း ကျွန်မအပေါ် တစ်လ၊ နှစ်လလောက်တော့ သဘောကောင်းကြမယ်။ ကလန်ကဆန် ပေတေတေ လစ်ဘီ့ကို သည်းခံအောင့်အည်း ချော့မော့ ပေါင်းမယ်။ ပြီးရင်…။ တကယ်ကတော့ ကျွန်မ အပြစ်ပါပဲ။ တကယ် ပြောတာ။ မောင်နှမ ဝမ်းကွဲတစ်ယောက်ရဲ့ အိပ်ခန်းကို ကျွန်မဆံပင်မှုတ်ဆေးနဲ့ဖျန်း၊ မီးတင်ရှို့ခဲ့ဖူးတယ်။ အန်တီဒိုင်ယန်းအိမ်ဆိုရင် ကျွန်မ တက်လိုက် ဆင်းလိုက် အခါခါ ဖြစ်နေပြီ။ ကျွန်မကို သူ့အိမ်မှာနေဖို့ ခေါ်တင်တယ်။

ကျွန်မ ဒဏ်ကို မခံနိုင်တော့ဘူးဆိုရင် ပြန်မောင်းထုတ်တယ်။ အဲဒီလိုနဲ့ လေးငါး ခြောက်ခေါက်လောက် ဖြစ်လာတော့ အန်တီဒိုင်ယန်း ကျွန်မကို လက်မြှောက်သွား တယ်။ နောက်မလာနဲ့တော့ ဆိုပြီး အပြီး မောင်းထုတ်လိုက်တယ်။ အန်တီဒိုင်ယန်း အပေါ်မှာ ကျွန်မ တကယ် မကောင်းခဲ့ဘူး။ တကယ်··

"လူသတ်မှုဆိုတာ အသစ်အသစ်တွေ အမြဲဖြစ်နေတာ မဟုတ်လား"

ဂျင်ဂျက်ဖရီက လေသံတန်းတန်းနဲ့ ဆက်ပြောတယ်။

"လူတွေကလည်း မေ့လွယ်ပျောက်လွယ် ရှိကြတယ်လေ။ ဟိုတလောက ပျောက်သွားတဲ့ *လီဇက်စတီဖင်* ကိစ္စကိုပဲ ကြည့်လေ"

လီဇက်ဆိုတဲ့ ကောင်မလေးက အသက် အစိတ်လောက်ပဲ ရှိဦးမယ်။ချော ချောလှလှလေး။ မိသားစု ညစာစားပွဲကနေ အိမ်အပြန်မှာ ပျောက်သွားတာ။ ကန်း ဆက်စ် စီးတီး တစ်ခုလုံး လီဇက်ကို လိုက်ရှာကြတယ်။ သတင်းတွေထဲမှာလည်း သူ့ဓာတ်ပုံကို မမြင်ချင်မှ အဆုံး။ ဖေဖော်ဝါရီ လဆန်းလောက်မှာ လီဇက် သတင်း တစ်နိုင်ငံလုံးကို ပျံ့သွားတယ်။ အခုထိ အမှုက ဘာမှထူးမလာဘူး။ အဲဒီ ကောင် မလေး သေသွားပြီ ဆိုတာ လူတိုင်းရဲ့ စိတ်ထဲမှာသိနေပါပြီ။ သေသွားပြီလို့ လက် မခံကြသေးတာပဲ ရှိတာ။

"ဘယ်လိုပဲဖြစ်ဖြစ် လစ်ဘီ အခုလို ကျန်းကျန်းမာမာရှိနေတာကို သိရင် အကုန်လုံးက ဝမ်းတော့သာကြမှာပါ"

"ဩော်·· ကောင်းတာပေါ့"

"ကောလိပ်ကျောင်းရော ဆက်မတက်ချင်ဘူးလား"

ဂျက်ဖရီက အသားကို တစ်ဖဲ့ဝါးရင်း မေးတယ်။

"ဟင့်အင်း"

"ရုံးအလုပ် တစ်ခုခု စီစဉ်ပေးရမလား။ စာရွက်စီတဲ့ အလုပ်မျိုးပေါ့"

"ဟင့်အင်း"

စားပွဲပေါ်က ညစာကို မထိဘဲ ကျွန်မ ခွေခေါက် ထိုင်နေလိုက်တယ်။ ငြီးငွေ့ချင်တဲ့အငွေ့အသက်တွေ ကျွန်မကိုယ်ထဲကနေ ထွက်လာတယ်။ ငြီးငွေ့တယ်ဆိုတာ စိတ်ဓာတ်ကျတာထက်ဆိုးတယ်။ သူများကိုပါ စိတ်အနှောင့်အယှက် ဖြစ်စေတယ် လေ။ သူများတကာ ထိခိုက်လောက်အောင် ဘူနေတာ။

"အင်းလေ။ ဒါဆိုလည်း တစ်ပတ်လောက် အချိန်ယူပြီး သေချာစဉ်းစား လိုက်ပေါ့"

ဂျက်ဖရီက စကားစသတ်တယ်။ ခက်ရင်းနဲ့ အမဲသားတုံးကို တစွတ်စွတ် ထိုးတယ်။ ပါးစပ်ထဲကို အသားတုံးတွေ အမြန်ထည့်တယ်။ အိမ်ပြန်ချင်နေတဲ့ပုံပဲ။

...

ဂျက်ဖရီက ကျွန်မကို စာအိတ် သုံးအိတ် ပေးခဲ့တယ်။ စိတ်မပူပါနဲ့ဆိုတဲ့ အပြုံး မျိုးလည်း ပြုံးပြသွားသေးတယ်။ စာအိတ်သုံးအိတ်က အမှိုက်တွေလို ကြေ တွန့် နေတယ်။ အရင်တုန်းကဆို စာအိတ်တွေ စက္ကူပုံး တစ်ပုံးအပြည့် ရနေကျလေ။ အိတ်တော်တော်များများထဲမှာ ကျွန်မအတွက် အလှူငွေ ချက်လက်မှတ်တွေပါမယ်။ လှူတဲ့သူတွေဆီကို ကျွန်မက ကျေးဇူးတင်ကြောင်း စာပြန်မယ်။ လေးထောင့်ကျကျ လက်ရေးနဲ့ *'အလှူငွေအတွက် ကျေးဇူးတင်ပါတယ်ရှင့်။ ခုလိုမျိုး ကူညီသူတွေ ရှိ နေတဲ့ အတွက် ကျမမှာ အနာဂတ် ဆိုတာ ရှိနေတာပါ။ -လစ်ဘီဒေး'* ဆိုပြီး စာထဲမှာ ရေးထားမယ်။ စာလုံးပေါင်းတွေမှားနေခဲ့ရင်လည်း ဂျက်ဖရီကမပြင်နိုင်းဘူး။ ဖတ် ရတဲ့သူ ပိုသနားအောင်လို့ ဒီအတိုင်းထားလိုက်တဲ့။

အခုတော့ အလှူငွေတွေ အရင်လိုမရတော့။ စာအိတ်သုံးလုံးရယ်၊ ပျင်းစရာ ကောင်းတဲ့ ညနေခင်းရှည်ကြီးရယ်··ဒါပဲကျန်တော့တယ်။ အိမ်ဘက်ကို ပြန်မောင်း လာတော့ လမ်းမှာ ကားတွေက ကျွန်မ ကားကို ဟွန်းတတီတီ တီးပြီး သတိပေး ကြတယ်။ ရှေ့မီးဖွင့်ဖို့ မေ့နေတာပဲ။ ကန်းဆက်စ်စီးတီးရဲ့ အဆောက်အအုံ ကောက် ကြောင်းတွေက ရှေ့ဘက်ဆီမှာ တလက်လက် တောက်ပနေတယ်။ သိပ်မမြင့်တဲ့ တိုက်တန်းတွေ ဟိုနား ဒီနား ပြန့်ကြဲနေတယ်။ ရေဒီယိုတာဝါတိုင်တချို့ တိုက်တွေ ကြားကနေ ထိုးထွက်နေတယ်။ ပိုက်ဆံ ဘယ်လိုရှာရမလဲ ကျွန်မ စဉ်းစားကြည့် တယ်။ လူကြီးတွေ ဘယ်လို ပိုက်ဆံရှာကြသလဲ။ ကျွန်မကိုယ် ကျွန်မ မြင်ယောင် ကြည့်တယ်။ သူနာပြုဆရာမ လစ်ဘီ·· လက်ထဲမှာ အဖျားတိုင်းတံ တစ်ချောင်းနဲ့။ ဒါမှမဟုတ် ရဲဝတ်စုံနဲ့ လစ်ဘီ·· ကလေးတွေကို လမ်းကူးဖို့ ကူညီပေးနေတယ်။ ဒါမှမဟုတ် ပုလဲ ဆွဲကြိုးလေးတွဲလဲနဲ့ အိမ်ရှင်မလေး လစ်ဘီ·· ယောကျ်ားအတွက် ညစာ ခူးခပ်ပြင်ဆင်ပေးနေတယ်။ *နင့်ဘဝက တော်တော်ဆိုးပါလား*··ကျွန်မကိုယ့် ကိုယ်ကိုယ် ပြန်ပြောမိတယ်။ *နင်အခု မြင်နေတဲ့ ပုံရိပ်တွေက ကလေးရုပ်ပြတွေထဲ မှာ ပါတဲ့ ပုံတွေလေ။ တကယ့်ဘဝမှမဟုတ်ဘဲ။ ဒါပဲသိတာလား။* ဟော··အဲဒီလို ပြောနေရင်းနဲ့တောင် နောက်ထပ် ပုံရိပ်တစ်ခု ထပ်မြင်မိပြန်ပြီ။ သူငယ်တန်းကလေး တွေရဲ့ရှေ့·· ကျောက်သင်ပုန်းပေါ်မှာ အေဘီစီတွေ ရေးပြနေတဲ့ ဆရာမလေးလစ်ဘီ။

ကျွန်မ အတွက် လက်တွေ့··တကယ်ဖြစ်နိုင်မယ့် အလုပ်တွေရော ဘာရှိ

သလဲ။ ကွန်ပျူတာနဲ့ ပတ်သက်တဲ့ တစ်ခုခုဆိုရင်ရော။ စာရင်းထည့်တဲ့သူ လုပ်လို့ ရနိုင်မလား။ ဒါလည်း အလုပ်ပဲလေ။ ဒါမှမဟုတ် စားသုံးသူ ဝန်ဆောင်မှု အလုပ် တစ်ခုခု ဝင်လုပ်ရမလား။ ခွေးထိန်းတဲ့ အလုပ်နဲ့ အသက်မွေးတဲ့ အမျိုးသမီးတစ် ယောက် ကိုတော့ ရုပ်ရှင်ထဲမှာ ကြည့်ဖူးတယ်။ ဆွယ်တာနဲ့ ဘာနဲ့ တစ်ကိုယ်လုံး အပြည့်အစုံဝတ်၊ လက်ထဲမှာ ပန်းစည်းတစ်စည်း ကိုင်ထားသေးတယ်။ ခွေးတွေက လည်း သူ့ကို ချစ်မှချစ်။ ကျွန်မနဲ့တော့ မဖြစ်ပါဘူး။ ကျွန်မက ခွေးမချစ်တတ်ဘူး။ ကြောက်လို့။ နေဦး·· လယ်အလုပ် လုပ်စားရင်ရော မရဘူးလား။ ကျွန်မ မိသားစု တစ်ခုလုံးက လယ်အလုပ်ပဲ လုပ်ခဲ့တာ နှစ် ၁၀၀ နီးပါးပဲ။ အဘိုးအဘွားလက်ထက် ကတည်းက စလို့ အမေ့ လက်ထက်ထိ။ ဘန့်လက်ချက်နဲ့ အမေအသက်မထွက်ခင် အချိန်ထိ ဆိုပါတော့။ အမေသေသွားတော့ လယ်ကွက်ကိုလည်း ရောင်းလိုက်တယ်။

ပြောသာပြောရတာ ကျွန်မ လယ်အလုပ်နဲ့ပတ်သက်ပြီး နကန်းတစ်လုံးမှ မသိပါဘူး။ ခေါင်းထဲမှာ လယ်ကွင်းပုံရိပ် အမှတ်တရတွေပဲ ကျန်ခဲ့တာ။ အေးစက် နေတဲ့ ရွှံ့ဗွက်ထဲမှာ ရုန်းရင်း နွားပေါက်တွေကို မောင်းနေတဲ့ ဘန်။ မြေကြီးနီနီကို လက်ကြမ်းတွေနဲ့ တူးဆွနေတဲ့ အမေ။ ကောက်ရိုးပုံတွေပေါ်မှာ ခုန်ပေါက်ကစားနေ ကြတဲ့ *မီရှယ်* နဲ့ *ဒက်ဘီ* ။ 'ယားလိုက်တာ' ဆိုပြီး ဒက်ဘီက အော်မယ်။ ပြီးရင် ကောက်ရိုးပုံထဲကို ထပ်တိုးမယ်။ အဲဒီ အမှတ်တရတွေထဲမှာ ကျွန်မ ကြာကြာမနေ နိုင်ဘူး။ အဲဒီ အမှတ်တရတွေကို 'အမှောင်' ဆိုပြီး ကျွန်မ နာမည်ပေးထားတယ်။ အမှောင်ထဲက နေရာ။ အန္တရာယ်များတဲ့ နေရာ။ ကော်ဖီစက်ကို ပြင်ဖို့ ကြိုးစား နေတဲ့ အမေ့ပုံရိပ်ကို ကြာကြာ စဉ်းစားမိရင်ပဲ ဖြစ်ဖြစ်၊ ညဝတ်အင်္ကျီနဲ့ က,နေတဲ့ မီရှယ့် ပုံရိပ်ကို ကြာကြာ မြင်ယောင်မိရင်ပဲ ဖြစ်ဖြစ်·· ကျွန်မ စိတ်အာရုံတွေ အမှောင်ထဲကို ထိုးကျသွားတယ်။ အဲဒီ အမှောင်ထဲမှာ ညလယ်ကောင်ကို ဖောက်ခွဲ တိုးထွက်လာတဲ့ နီရဲစူးရှနေတဲ့ အော်သံတွေ ရှိတယ်။ သစ်ခုတ်သလို တဒုတ်ဒုတ် သံစဉ်နဲ့ လွှဲကျလာတဲ့ ပုဆိန်။ အိမ်ကျဉ်းကျဉ်းလေးထဲမှာ ဟိန်းထွက်သွားတဲ့ နှစ် လုံးပြူး သေနတ်သံ။ ခေါင်းတစ်ခြမ်း မရှိတော့ပေမယ့် သူ့ကလေးတွေကို ကယ်ဖို့ ကြိုးစားနေသေးတဲ့ အမေ့ရဲ့ အော်သံ။

*လက်ထောက် အတွင်းရေးမှူး*·· ဆိုတာကရော ဘယ်လို အလုပ်များလဲ·· ကျွန်မ ဆက်တွေးနေမိတယ်။

အိမ်ရှေ့မှာ ကားရပ်တယ်။ ပလက်ဖောင်းပေါ်ကို တက်တယ်။ အိမ်ရှေ့ ပလက်ဖောင်းရဲ့ အင်္ဂတေသားပေါ်မှာ 'တီနာ့ကို ချစ်တယ်- ဂျင်မီ' ဆိုတဲ့ စာတစ်

ကြောင်း ထွင်းထားတယ်။ ဟိုးလွန်ခဲ့တဲ့ ဆယ်စုနှစ်များစွာ·· အင်္ဂတေ မခြောက်ခင် တစ်ခဏလေးမှာ ရေးထားခဲ့တဲ့ စာဖြစ်မယ်။ အဲဒီစုံတွဲ ဘယ်လိုဖြစ်သွားသလဲ·· တစ်ခါတလေ ကျွန်မ စိတ်ကူးယဉ်ကြည့်တယ်။ ဂျင်မီက ဘော့စ်ဘော ကစားသမား၊ တီနာက ကင်ဆာရောဂါ ခံစားနေရတဲ့ အိမ်ရှင်မ··။ ဒါမှမဟုတ် ဂျင်မီက အရင် မိန်းမနဲ့ ကွဲနေတဲ့ မီးသတ်သမား၊ တီနာက မနှစ်ကမှ ရေနစ်သေသွားတဲ့ ရှေ့နေမ။ ဒါမှမဟုတ် တီနာက ကျောင်းဆရာမ၊ ဂျင်မီက အသက် ၂၀ ပြည့်တဲ့အချိန်မှာ ဦးနှောက် အမြှေးရောင်ပြီး သေသွားတယ်·· စသဖြင့်။ ရက်စက်တဲ့အတွေးတွေလို့ ပြောရင်ပြောလို့ရပေမယ့် အဲဒီလို လျှောက်တွေးရတာ ပျော်စရာတော့ကောင်းတယ်။ ကျွန်မရဲ့ စိတ်ကူးယဉ်ဇာတ်လမ်းတွေထဲမှာ မင်းသားနဲ့ မင်းသမီး တစ်ယောက်မဟုတ် တစ်ယောက်တော့ သေတာပဲ။

ကျွန်မ ငှားနေနေတဲ့ အိမ်ကို အပြင်ကနေ ကြည့်လိုက်တယ်။ ခေါင်မိုးများ တစ်ခြမ်း စောင်းနေပြီလား။ တစ်အိမ်လုံး ပြိုကျသွားရင်တောင် ကျွန်မမှာ ဆုံးရှုံးစရာ ပစ္စည်းရယ်လို့ ဘာမှမရှိပါဘူး။ အိမ်ထဲမှာ တန်ဖိုး ရှိတာဆိုလို့ *ဘက်ခ်* ဆိုတဲ့ ကြောင်အိုကြီးတစ်ကောင်ပဲ ရှိတယ်။ ဘက်ခ် ကတော့ ကျွန်မ ဒဏ်ကို တော်တော် ခံနိုင်တယ်။ အိမ်ရဲ့ အိုတွန့်နေတဲ့ လှေကားတွေပေါ်ကို တစ်ထစ်ချင်းတက်လိုက်တော့ ဘက်ခ်ရဲ့ ညှောင်သံက အိမ်ထဲကနေ ထွက်လာတယ်။ ဒီနေ့ ဘက်ခ်ကို အစာကျွေးဖို့ မေ့နေတာပဲ။ အိမ်တံခါးကို ဖွင့်လိုက်တော့ ကြောင်အိုကြီးက ကျွန်မနားကို တစ်လှမ်းချင်း လျှောက်လာတယ်။ ဘီးပေါက်နေတဲ့ ကားစုတ်ကြီးလို ဖြည်းဖြည်းချင်း ရွေ့လာတာ။ ကြောင်စာ မရှိတော့ဘူး။ ဒီတစ်ပတ်ထဲ ဝယ်တော့ ဝယ်ရမယ်။ ရေခဲ သေတ္တာ ဆီကို ကျွန်မ လျှောက်သွားလိုက်တယ်။ မာခလောက်နေတဲ့ ဆွစ်ဒိန်ခဲပြား သုံးလေးပြားထုတ်ပြီး ဘက်ခ်ကို ကျွေးလိုက်တယ်။ ပြီးတော့မှ ဆိုဖာပေါ်မှာ ထိုင် တယ်။ လက်ထဲက စာအိတ် သုံးအိတ်ကို ဖောက်ကြည့်တယ်။ ကျွန်မလက်တွေက ဒိန်ခဲကိုင်ထားတော့ နို့ချဉ်စော်နံနေတယ်။

ပထမစာကို ဖတ်ပြီးကတည်းက ကျန်တဲ့စာအိတ်တွေကို ကျွန်မ ဆက် မဖောက်ဖြစ်တော့ဘူး။

*မင်္ဂလာပါ မစ်စ်ဒေး-*

*ခင်ဗျားဆီကို ကျွန်တော့်ရဲ့စာ ချောချောမောမော ရောက်လာပါစေလို့ မျှော်လင့်ပါတယ်။ အွန်လိုင်းမှာ ခင်ဗျားကို ဆက်သွယ်ဖို့ ကြိုးစားသေး တယ်။ ဒါပေမယ့် ခင်ဗျားမှာ ဝက်ဘ်ဆိုက်လည်း မရှိဘူးလေ။*

*ဒါကြောင့် စာထဲကနေပဲ ဆက်သွယ်လိုက်ရတာပါ။ ခင်ဗျားရဲ့ ဘဝဇာတ်ကြောင်းကို ကျွန်တော် လေ့လာနေခဲ့တာ နှစ်ပေါင်းမနည်းတော့ဘူး။ အခု ဘာတွေလုပ်နေသလဲ။ နေကောင်းရဲ့လား။ ပြီးတော့.. ပွဲတွေ ဘာတွေ ဖိတ်ရင် တက်ဖြစ်သလား။ တက်ဖို့စိတ်ဝင်စားသလား၊ အဲဒါ သိချင်ပါတယ်။ ကျွန်တော်နဲ့ ကျွန်တော့်အဖွဲ့ ဖိတ်တဲ့ပွဲကို ခင်ဗျား လာနိုင်မယ်ဆိုရင် ဒေါ်လာ ၅၀၀ ပေးဖို့ အဆင်သင့်ရှိပါတယ်။ ဘာမှ လုပ်စရာမလိုပါဘူး။ မျက်နှာပြရုံပဲ။ စိတ်ဝင်စားတယ်ဆိုရင် ကျွန်တော့်ကို ဖုန်းဆက်ပါ။ ကျွန်တော် အသေးစိတ် ရှင်းပြပါ့မယ်။*

*ခင်မင်စွာဖြင့်*
*လိုင်ဝိုက်သ်*
*(စာကြွင်း - တကယ်ကမ်းလှမ်းတဲ့ စာပါ။*
*စနောက်ပြီးပြောနေတာ မဟုတ်ပါဘူး)*

ဘာလုပ်ရမှာလဲ။ အဝတ်အစားတွေ ချွတ်ပြရမှာလား။ အပြာကား ရိုက်ဖို့ ကမ်းလှမ်းတာလား။ စာအုပ်ထွက်ခါစတုန်းက အချိန်ကို ကျွန်မ သွားသတိရတယ်။ စာအုပ်ထဲမှာ ဘေဘီဒေး ဘဝကနေ လေဒီဒေး ဖြစ်လာတဲ့ ဓာတ်ပုံတွေ ပါတယ်။ ကျွန်မ အပျိုဖော်ဝင်ခါစမှာ ရိုက်ထားတဲ့ပုံက အသိသာဆုံးပဲ။ ချိုင်းပြတ်အင်္ကျီအဖြူထဲကနေ ရုန်းကန် ထွက်နေတဲ့ ကျွန်မရဲ့ ရင်သား ပြည့်ပြည့်တွေ..။ စာအုပ်ထွက်ပြီး မကြာခင်မှာပဲ ဝတ်လစ်စားလစ် မဂ္ဂဇင်းတွေက ကမ်းလှမ်းကြတဲ့စာတွေ ကျွန်မဆီ ရောက်လာတယ်။ ဒါပေမယ့် ပေးတဲ့ ပိုက်ဆံက နည်းလွန်းနေတော့ ကျွန်မ ခေါင်းထဲတောင် ထည့်မစဉ်းစားမိဘူး။ အခုလည်း ဒေါ်လာ ၅၀၀ နဲ့တော့ မလုပ်နိုင်သေးဘူး။ ချွတ်ပြ ခိုင်းရင် ပြောပါတယ်။ ဒါပေမယ့်..နေဦး လစ်ဘီ နေဦး။ တကယ် ရိုးရိုးသားသား အလုပ်လုပ်ဖို့ ကမ်းလှမ်းတာလည်း ဖြစ်နိုင်တာပဲ။ ဒုက္ခသည်အဖွဲ့ တစ်ခုခုကနေ ဖိတ်တာ ဆိုရင်ရော။ ကျွန်မကို အလယ်မှာထားပြီး သူတို့ ဒုက္ခတွေ အချင်းချင်း မျှဝေကြဖို့ ဖိတ်တာလည်း ဖြစ်နိုင်တာပဲ။ တစ်နာရီ နှစ်နာရီလောက် ထိုင်ပြီး သနားပေးလိုက်ရင် ဒေါ်လာ ၅၀၀ ရမယ်.. ဒါဆို မဆိုးဘူး။

လိုင်ဝိုက်သ်ရဲ့ စာက ကွန်ပျူတာနဲ့ စာစီထားတာ။ စာရဲ့ အောက်ခြေမှာတော့ လက်နဲ့ ရေးထားတဲ့ ဖုန်းနံပါတ်တစ်ခုပါတယ်။ အဲဒီဖုန်းကို ကျွန်မ ခေါ်လိုက်

တယ်။ မကိုင်ပါစေနဲ့..မက်ဆေ့ချ်ပဲ ချန်ခဲ့ချင်တယ်။ ဆုတောင်းမပြည့်ဘူး။ ဟိုဘက်က ဖုန်းကို ကောက်ကိုင်တယ်။ ဘာမှတော့ မပြောသေးဘူး။ ကျွန်မစိတ်ထဲ တစ်မျိုးတော့ ဖြစ်သွားတယ်။ ကိုယ်နဲ့ ဘာမှမဆိုင်တဲ့ ပါတီပွဲတစ်ပွဲမှာ ရောက်နေတဲ့ ကိုယ်နဲ့မသိတဲ့ သူစိမ်း တစ်ယောက်ကို ဖုန်းခေါ်မိသလို.. ရှိုးတိုးရှန့်တန့်နဲ့။

သုံးစက္ကန့်လောက်ကြာမှ ဟိုဘက်က ယောကျ်ားသံတစ်သံထွက်လာတယ်။

"ဟဲလို"

"ဟဲလို.. အခုပြောနေတာ လိုင်ဝိုက်သ်လား"

ဘက်ခ်က ကျွန်မ ခြေထောက်ကို ဝင်တိုးပြီး အစာထပ်တောင်းနေတယ်။

"ဘယ်သူလဲဗျ"

သူ့အသံရဲ့ နောက်မှာ ဘာသံမှ မကြားရဘူး။ ဘယ်ရောက်နေတာပါလိမ့်။ ရေတွင်းထဲကနေ ပြောနေသလိုပဲ.. တိတ်ဆိတ်နေတယ်။

"ကျွန်မ လစ်ဘီဒေးပါ။ ရှင် ကျွန်မဆီကို စာပို့ထားလို့"

"ဟာ...တကယ်ကြီးလား။ တကယ်..လစ်ဘီဒေးလား။ ခင်ဗျား အခု ဘယ်မှာလဲဗျ။ မြို့ထဲမှာလား"

"ဘယ်မြို့ကို ပြောတာလဲ"

ဟိုဘက်က လူက အသက်ကြီးကြီး ယောကျ်ားလား..ကောင်လေးလား.. တော့ မသိ။ အသံကတော့ခပ်ငယ်ငယ်ပဲ။ သူက ဖုန်းကိုကိုင်ထားရင်း သူ့နောက်က တစ်ယောက်ယောက်ကို လှမ်းအော်တယ်။ ဘာပြောသလဲတော့ သေချာမကြားရဘူး။ 'လုပ်ပြီးပြီ..' ဆိုတဲ့စကားတော့ ပါတယ်။ ပြီးမှ ကျွန်မကို ဆက်ပြောတယ်။

"ခင်ဗျားအခု ကန်းဆက်စ်စီးတီးမှာလား။ ကန်းဆက်စ်စီးတီးမှာ နေတာ မဟုတ်လား လစ်ဘီ"

ကျွန်မ ဖုန်းချဖို့ ပြင်လိုက်တယ်။ ဒါပေမယ့် လိုင်ဝိုက်သ်က ဖုန်းထဲကို ဟဲလို...ဟဲလို..နဲ့ ဆက်တိုက် အော်နေတယ်။ *ဟုတ်တယ်.. ကန်းဆက်စ်စီးတီးမှာ အခု နေနေတယ်၊ ဘာလုပ်ချင်လို့လဲ၊ ဘာပြောချင်လို့လဲ*..လို့ ကျွန်မ ပြန်မေးလိုက်တော့ လိုင်ဝိုက်သ်က ဟဟ ဆိုတဲ့ အသံနဲ့ ရယ်တယ်။ ကျွန်တော်ပြောရင် ခင်ဗျား ယုံမှာမဟုတ်ဘူး..ဆိုတဲ့ ရယ်သံမျိုးလေ။

"စာထဲမှာ ပြောထားတဲ့ အတိုင်းပဲလေ။ ပွဲတစ်ပွဲ ဖိတ်ချင်လို့ဗျ.."

"ဘာပွဲလဲ၊ ဘာလုပ်ရမှာလဲ"

"ဟို..ကျွန်တော်က..ကျွန်တော် မန်ဘာဝင်ထားတဲ့အသင်းတစ်ခုရှိတယ်။

နောက်တစ်ပါတ်မှာ အသင်းအစည်းအဝေးရှိတယ်ဗျ··"

"အင်း၊ ဘယ်လို အသင်းအဖွဲ့မျိုးလဲ"

"ဘယ်လိုပြောရမလဲ·· ပြောရခက်တယ်ဗျ။ လူသိပ်မသိတဲ့ အသင်းမျိုး"

ကျွန်မ ဘာမှ မပြောဘဲ ဟိုဘက်က ထစ်အ ထစ်အ ဖြစ်နေတာကိုပဲ နားထောင် နေလိုက်တယ်။ သူရှင်းပြဖို့ ကြိုးစားနေတဲ့အသံက ခွေးအကြီး လှည်းနင်းထားသလို တအီအီနဲ့။

"အာဗျာ··· ဖုန်းထဲမှာ ရှင်းပြရတာ ဘယ်လိုမှ အဆင်မပြေဘူးဗျ။ ဟို·· ကျွန်တော် ခင်ဗျားကို ကော်ဖီဝယ်တိုက်မယ်လေ။ အဆင်ပြေလား"

"ကော်ဖီသောက်ဖို့ နောက်ကျနေပြီ"

ကျွန်မ ပြန်ဖြေလိုက်တယ်။ ပြီးတော့မှ သတိရသွားတယ်။ သူက ဒီည ကော်ဖီတိုက်မယ်လို့ ပြောတာမှ မဟုတ်ဘဲ။ နောက်နေ့မှလည်း ဖြစ်နိုင်တာပဲ။ ဒါပေမယ့် အခု စောသေးတယ်။ အိပ်ရာမဝင်ခင် လေးငါးနာရီ အချိန်ဖြုန်းရဦးမယ်။ ဘာလုပ်ရပါ့မလဲ။ လိုင်ဝိုက်သ်က ထပ်မေးတယ်။

"ဘီယာဆိုရင်ရောဗျ·· ဝိုင်သောက်ချင်လည်း ရတယ်"

"ဘယ်တော့လဲ"

ဟိုဘက်က ခဏတိတ်သွားတယ်။

"ဒီည အဆင်ပြေလား"

ကျွန်မဘက်က ခဏတိတ်သွားတယ်။ ပြီးမှ ပြန်ဖြေလိုက်တယ်။

"ရတယ်"

···

လိုင်ဝိုက်သ်က စိတ္တဇ လူသတ်သမား ရုပ်နဲ့။ ဒါဆိုရင် သူက လူကောင်းဖြစ်ဖို့ များတယ်။ တကယ့် လူသတ်သမားသာဆိုရင် လူသတ်သမားရုပ်မထွက်အောင် ကြိုးစားထားမှာပေါ့ ·· ဟုတ်တယ် မဟုတ်လား။ *တင်မ်-ကလော့ခ်* စားသောက်ဆိုင်က ဈေးခပ်စုတ်စုတ်တစ်ခုထဲမှာ ရှိတယ်။ ဆိုင်ထဲက ကျပ်ခိုးစွဲနေတဲ့ စားပွဲတစ်လုံးမှာ လိုင်ဝိုက်သ် ထိုင်နေတယ်။ တင်မ်-ကလော့ခ်ဆိုင်ရဲ့ အသားကင်က တော်တော် နာမည်ကြီးတယ်။ ဆိုင်ထဲမှာ အသက်ကြီးကြီး လူတွေရှိသလို ဂျင်းဘောင်းဘီ ကျပ်ကျပ်ဝတ်၊ ခေါင်းတစ်ခြမ်း ပြောင်အောင် ရိတ်ထားတဲ့ လူလတ်ပိုင်းတွေလည်း ရှိတယ်။ လိုင်ဝိုက်သ်က အသက်လည်းမကြီးသေးဘူး၊ ခေါင်းတစ်ခြမ်းလည်း မရိတ်ထားဘူး။ အသက် ၂၀ ကျော်ရုံပဲ ရှိဦးမယ်။ လှိုင်းတွန့် ဆံပင်ကောက်ကောက်

တွေကို ခေါင်းလိမ်းဆီနဲ့ အတင်းဖိသိမ်းထားတာ ကြည့်မကောင်းဘဲ ပြောင်ပြောင် ကပ်ကပ်တွေ ဖြစ်နေတယ်။ နားကြပ်မျက်မှန် တပ်ထားတယ်။ Members Only ဂျက်ကက် ခပ်ကျပ်ကျပ် ဝတ်ထားတယ်။ ဂျင်းဘောင်းဘီကလည်း ခပ်ကျပ်ကျပ်ပဲ။ ခပ်မိုက်မိုက် ဒီဇိုင်းမျိုးနဲ့ ကျပ်နေတာတော့ မဟုတ်ဘူး။ ဒီအတိုင်း ကျပ်ထုပ်နေတာ။ သူ့မျက်နှာတစ်ခုလုံးက ယောကျ်ားလေးနဲ့ မလိုက်အောင် နုဖပ်နေတယ်။ ဒီလို နှုတ်ခမ်းနီနီဖောင်းဖောင်းမျိုး ယောကျ်ားတွေမှာ မရှိသင့်ဘူး။

သူ့ဆီကို လျှောက်လာနေတဲ့ ကျွန်မနဲ့ မျက်လုံးချင်း ဆုံသွားတယ်။ ကျွန်မကို သူ ချက်ခြင်း မမှတ်မိဘူး။ ဘယ်က မိန်းမလဲပေါ့။ စားပွဲနား ရောက်ခါနီးတော့မှ သူ ကျွန်မကို မှတ်မိသွားတယ်။ ကျွန်မမျက်နှာပေါ်က မှဲ့စက်တွေ၊ ငှက်ပေါက်စလို သွယ်လှီနေတဲ့ ကျွန်မရဲ့ ကိုယ်လုံး၊ ပြီးတော့ လူတွေနဲ့ မျက်လုံးချင်းဆုံလိုက်တာနဲ့ နဂိုထက် ပိုပြီး တိုတက်သွားတဲ့ ကျွန်မရဲ့ နှာခေါင်း။

"ဟာ..လစ်ဘီ"

သူက လှမ်းခေါ်တယ်။ လစ်ဘီလို့ခေါ်လိုက်တာ အရမ်းရင်းနှီးလွန်းရာကျ နေမလား..ဆိုပြီး စဉ်းစားမိသွားတယ် ထင်တယ်။ "လစ်ဘီဒေး.." ဆိုပြီးပြောင်း ခေါ်တယ်။ ထိုင်ရာက ထတယ်။ ခေါက်ခုံတစ်ခုံ ယူပြီး ဖြန့်ခင်းပေးတယ်။ ပြီးမှ ရှိုးတိုးရှန့်တန့်နဲ့ ပြန်ထိုင်တယ်။

"ခင်ဗျားဆံပင်က အခု..ရွှေရောင်ဆိုးထားတာဗျ နော်.."

"အင်း"..ကျွန်မ ပြန်ဖြေလိုက်တယ်။ သိနေပြီးသား အရာတွေ၊ မလိုတဲ့ စကားအပိုတွေပြောတဲ့ သူတွေကို ကျွန်မ မုန်းတယ်။ ဒီနေ့ နေတော်တော်ပူတယ်နော် ..ဆိုတဲ့စကားမျိုး။ ပူတော့ဘာဖြစ်လဲ။ ဘာလုပ်ရမှာလဲ။

ကျွန်မထိုင်ခုံမှာ ဝင်ထိုင်လိုက်တယ်။ ဘီယာမှာမလို့ ဆိုင်ပတ်ပတ်လည်ကို ခေါင်းဝှေ့ပြီး ရှာလိုက်တော့ ကျွန်မတို့ကို ကျောပေးပြီးရပ်နေတဲ့၊ စကတ်တိုတိုဝတ် ထားတဲ့ စားပွဲထိုး အမျိုးသမီး တစ်ယောက်။ သူ့ကိုယ်လုံးက ထွားထွားပြည့်ပြည့်။ ကျွန်မ စားပွဲကို ခေါက်လိုက်တော့ အမျိုးသမီးက လှည့်ကြည့်တယ်။ သူ့မျက်နှာမှာ မိတ်ကပ်တွေ အခဲလိုက် လိမ်းထားတယ်။ မိတ်ကပ်တချို့က သူ့ရဲ့ တွန့်လိမ်နေတဲ့ အရေးအကြောင်းတွေထဲကို စိမ့်ဝင်နေတယ်။ အဘွားကြီးရဲ့ အသက်က အနည်းဆုံး ၇၀ လောက်ရှိပြီထင်တယ်။ လက်မှာပေါ်နေတဲ့ သွေးကြောတွေတောင် ခရမ်းရောင် သမ်းနေပြီ။ ကျွန်မဆီက အမှာကောက်မလို့ ရှေ့ကိုကိုင်းလိုက်တော့ သူ့အရိုးတွေ တဖြောက်ဖြောက် မြည်ကုန်တယ်။ ဘီယာ တစ်ခွက်ပဲ..လို့ ကျွန်မ ပြောလိုက်တော့

တွေထဲမှာ တွေ့ရတဲ့ ဘန့် ဆံပင်နီနီတွေက ပခုံးပေါ်ထိ ဝဲကျနေပြီ။ သူ့ရဲ့ အေး ဆေးတည်ငြိမ်တဲ့ မျက်နှာနဲ့ သူ့ဆံပင်ရှည်တွေနဲ့ တော်တော်လိုက်တယ်။ ကျွန်မ ဘန့်ကို ထောင်ဝင်စာ လုံးဝ သွားမတွေ့ဖူးဘူး။ ဘန့်ကို ဖမ်းထားတဲ့ ထောင်က ကျွန်မ မွေးတဲ့ *ကင်နက်ကီ* မြို့လေးနဲ့ သိပ်မဝေးဘူး။ မြို့စွန်မှာပဲ။ ကျွန်မကတော့ အဲဒီမြို့ကိုမလွမ်းဘူး။

ဘန့်မှာ အပြစ်မရှိဘူး ဆိုပြီး သစ္စာဆို ကိုးကွယ်နေကြတဲ့သူ တော်တော် များများက အမျိုးသမီးတွေ။ နားကားကား ဆံပင်ကောက်ကောက်၊ နှုတ်ခမ်းပါးပါး မိန်းမတွေ။ ကျွန်မအိမ်အထိ ရောက်ရောက်လာကြတယ်။ ကျွန်မရဲ့ ထွက်ဆိုချက် တွေက ဘယ်လို မှားနေတယ်ပါတယ် ဆိုတာကို အတင်းလာပြီး နားချကြတယ်။ ဘန့်ကို လူသတ်သမားဆိုပြီး သက်သေဆိုခဲ့တာ ကျွန်မစိတ် ဂနာမငြိမ် ဖြစ်နေလို့၊ ဖိအားတွေ ပေးခံခဲ့ရလို့၊ လိမ်ခိုင်းလို့ စသဖြင့် အစုံပဲ။ ထွက်ဆိုချက် ပေးခဲ့တုန်းက ကျွန်မ အသက်က ၇ နှစ်လေ။ အဲဒီ မိန်းမတွေက ကျွန်မအိမ်အထိ ရောက်လာရုံတင် မကဘူး ကျွန်မကို အော်ပါဆဲသွားတတ်ကြတယ်။ ကျွန်မကိုပါးပိတ်ရိုက်သွားကြတဲ့ မိန်းမတွေလည်း ရှိဖူးတယ်။ အဲဒီလိုဟာတွေကြောင့်လည်း ကျွန်မ ထွက်ဆိုချက်ကို ကျွန်မ ပြန်မေးခွန်း မထုတ်ချင်တာ။ မျက်နှာတွေနီရဲပြီး အော်ဟစ်နေတဲ့ မိန်းမတွေကို ခေါင်းထဲ မထည့်ချင်ဘူး။ ခေါင်းထဲမထည့်ဖို့ အကြောင်းပြချက်ကိုလည်း ကျွန်မက အမြဲရှာနေခဲ့တာလေ..။

သူတို့သာ သဘောကောင်းကောင်းနဲ့ ချော့မော့ပြောခဲ့ရင်တော့ သူတို့ စကားတွေကို ကျွန်မ နားယောင်ခဲ့မိနိုင်တယ်။

"ဟင့်အင်း.. ဘန်နဲ့ ကျွန်မ စကားမပြောဘူး။ အဲဒီကိစ္စနဲ့ တွေ့ဖို့ခေါ် တာဆိုရင်တော့ ဆောရီးပဲ"

"မဟုတ်ဘူး မဟုတ်ဘူး။ မဆိုင်ပါဘူး။ ခင်ဗျားကို ဖိတ်မယ့်ပွဲက ပုံမှန် တွေ့ဆုံပွဲ တစ်ခုပါပဲ။ ခင်ဗျားကို မေးချင်တာ နည်းနည်းပါးပါး မေးမယ်။ အဲဒီ လောက်ပဲ။ ဒါနဲ့..အဲဒီညက အဖြစ်အပျက်တွေကို ခင်ဗျား ပြန်စဉ်းစားမိလား"

အမှောင်..။

"ဟင့်အင်း၊ မစဉ်းစားဘူး"

"တွေ့ဆုံပွဲကို လာရင် ခင်ဗျား အရင်က သိမထားတဲ့ အချက်အလက်တွေ ကိုတောင် သိလာနိုင်တယ်။ ခင်ဗျား အမှုရဲ့ ပရိသတ်တွေ.. ဆောရီး.. အမှုနဲ့ပတ် သက်ပြီး ကျွမ်းကျင်တဲ့သူတွေ ရှိတယ်။ သူတို့ ဆိုရင် စုံထောက်တွေထက်တောင်

ပိုပြီး သိနေပြီ။ သိဖို့လည်း ဒီလောက်တော့ မခက်ပါဘူး''

''အဲဒီတော့ ရှင်ပြောချင်တာက အဲဒီပွဲကိုလာရင် ဘန့်မှာ အပြစ်မရှိကြောင်း ဝိုင်းပြောကြမယ့်သူတွေနဲ့ ကျွန်မ တွေ့ရမယ်ပေါ့။ အဲလိုလား''

''အဲဒီလိုလည်း ဖြစ်ရင် ဖြစ်မယ်။ ဒါမှမဟုတ် ခင်ဗျားဘက်က အမှန် ဆိုတာကို သူတို့ ယုံအောင် ခင်ဗျားကိုယ်တိုင် ပြောပြရင်လည်း ပြောပြနိုင်မှာပေါ့''

လိုင်ဝိုက်သ် စကားထဲမှာ ကျွန်မကို အထင်သေးတဲ့ လေသံ အငွေ့အသက် နည်းနည်း ပါနေသလိုပဲ။ သူက ကျွန်မဘက်ကို ကိုယ်ကိုကိုင်းလာတယ်။ ကျွန်မ အဖြေကို အရမ်းသိချင်နေတဲ့ ပုံစံနဲ့ သူ့ပခုံးတွေက တင်းနေတယ်။

''ကျွန်မ ဒေါ်လာ ၁၀၀၀ လိုချင်တယ်''

''၇၀၀ ပဲ တတ်နိုင်တယ်ဗျ''

ကျွန်မ ဘာမှ ပြန်မပြောသေးဘဲ ဆိုင်ထဲဝန်းကျင်ကို မျက်လုံးကစားကြည့် လိုက်တယ်။ တကယ်တမ်းက သူ ဘယ်လောက်ပဲ ပေးပေး ကျွန်မ ယူရတော့မယ့် အခြေအနေ ဖြစ်နေပြီ။ မဟုတ်ရင် အလုပ်..လုပ်ရတော့မှာ။ ဟင့်အင်း..ကျွန်မနဲ့ မဖြစ်ဘူး။ ကျွန်မဟာ တစ်ပတ် ငါးရက် အားကိုးလို့ ရတဲ့သူ မဟုတ်ဘူး။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ..။ ဘယ်လိုလုပ် ဖြစ်နိုင်မလဲ။ ငါးရက် ဆက်တိုက် အလုပ်လုပ်ဖို့ မပြောနဲ့ ငါးရက်ဆက်တိုက် အိပ်ရာထဖို့တောင် မလွယ် ဘူး။ ငါးရက် ဆက်တိုက် အစားမှန်မှန် စားဖို့တောင် မနည်း လုပ်နေရတယ်။ အိမ် ထဲကနေ အပြင်ထွက်.. ကိုယ်မသိတဲ့ နေရာတစ်ခုမှာ တစ်ရက် ရှစ်နာရီ နေရမယ်၊ အလုပ်လုပ်ရမယ် ဆိုတာ တွေးတောင်မတွေးရဲဘူး။

''ရတယ်လေ၊ ဒါဆိုလည်း ၇၀၀ ပေါ့''

''အိုကေဗျာ။ ဩော်..ပြီးတော့ ပွဲကို လာမယ့် သူတွေထဲမှာ အမှတ်တရ ပစ္စည်း စုဆောင်းတဲ့ သူတွေ အများကြီးလာမှာဗျ။ ဒီတော့ ခင်ဗျားဆီမှာ လူသတ်မှုနဲ့ ဆိုင်တဲ့ ပစ္စည်းတွေ ရှိရင် ဘာဖြစ်ဖြစ် ယူခဲ့။ ကလေးဘဝတုန်းက သုံးခဲ့တဲ့ဟာတွေ ပြန်ရောင်းချင်ရင်လည်း ရတယ်လေ။ ဒေါ်လာ ၂၀၀၀ လောက်တော့ အသာလေး ရမှာ။ စာအဟောင်းတွေ ဆိုရင်တော့ ပိုပြီး လူကြိုက်များတယ်။ စာထဲမှာ ကိုယ်ရေး ကိုယ်တာတွေ များများပါလေလေ ဈေးကောင်းရလေလေပဲ။ စာမှာပါတဲ့ ရက်စွဲနဲ့ လူသတ်မှုဖြစ်တဲ့ ရက်စွဲ နီးနေရင်တော့ အကောင်းဆုံးပဲ။ ၁၉၈၅၊ ဇန်နဝါရီ ၃ ရက် မဟုတ်လား''

လိုင်ဝိုက်သ်က ရက်စွဲကို အလွတ်ရွတ်ပြတယ်။ အဲဒီရက်စွဲကို သူ့ပါးစပ်က

မကြာခဏ ပြောနေကျ ထင်တယ်။

"ပြီးတော့ ခင်ဗျား အမေရဲ့ ပစ္စည်းတွေဆိုရင် ဘာပစ္စည်းဖြစ်ဖြစ် သေချာပေါက် ဝယ်ကြမှာ။ လူတွေက ခင်ဗျားအမေကို တော်တော် စိတ်ဝင်စားကြတယ်ဗျ"

ဟုတ်ပါတယ်။

လူတွေက အမေ့ကို တော်တော် စိတ်ဝင်စားကြတယ်။ ကိုယ့်သားအရင်း ပြန်သတ်တာကို ခံရတာ ဘယ်လိုအမေမျိုးများလဲပေါ့။

+++

## ပက်တီဒေး

**၁၉၈၅၊ ဇန်နဝါရီ (၂) ရက်**
**မနက် ၈ နာရီ ၂ မိနစ်**

ဘန် ဖုန်းပြောနေပြန်ပြီ။

အခန်း တံခါးကို ဖောက်ပြီး ထွက်လာတဲ့ ဘန့်ရဲ့ စကားသံတွေကို အပြင်ကနေ ခပ်ဝါးဝါးပဲ ကြားရတယ်။ ဘန်က သူ့အတွက် ဖုန်းလိုင်းတစ်လိုင်း သတ်သတ် ခွဲပေးပါဆိုပြီး သူ့အမေ *ပက်တီဒေး* ကို ပူဆာနေခဲ့တာ ကြာပြီ။ သူ့ကျောင်းက သူငယ်ချင်းတွေ ဆိုရင် ကိုယ်ပိုင် ဖုန်းလိုင်းတွေတောင် ရှိနေပြီဆိုပဲ။ (ဒီအရွယ်လေးတွေနဲ့ ကိုယ်ပိုင် ဖုန်းနံပါတ်တွေ ရှိနေကြပြီတဲ့။ မိဘတွေက ဘယ်လောက်တောင် အလိုလိုက်ထားကြသလဲ မသိဘူးလို့ ပက်တီက တွေးပြီး ရယ်မိတယ်။ အဲဒီမှာ သူ့ကို လှောင်ရကောင်းလား ဆိုပြီး ဘန်က စိတ်ဆိုးသေးတယ်။) အဲဒီတစ်ခေါက်တုန်းက သားအမိ နှစ်ယောက် စကားများကြတယ်။ နောက်ပိုင်းကျတော့ နှစ်ယောက်စလုံး အဲဒီကိစ္စကို စကားမစကြတော့ဘူး။

စကားများပြီး နောက် သုံးလေးပတ်ကြာတော့ ဘန်က အိတ်တစ်လုံးဆွဲပြီး အိမ်ပြန်လာတယ်။ အိတ်ထဲမှာပါတဲ့ ပစ္စည်းတွေကို သူ့အမေကို မဝံ့မရဲနဲ့ပြတယ်။ ဖုန်းလိုင်းခွဲတဲ့ ပစ္စည်းတစ်ခု။ ဖုန်းတစ်လိုင်းတည်းကို နှစ်လုံးခွဲသုံးလို့ရအောင် လုပ်ထားတာပေါ့။ ပလတ်စတစ်နဲ့ လုပ်ထားတဲ့ အပေါစား အထိုင်ဖုန်း တစ်လုံးလည်း ပါလာတယ်။ လစ်ဘီဒေးတို့ ညီအစ်မတွေ ကစားတဲ့ ပန်းရောင်ဖုန်းလေးနဲ့တောင် ခပ်ဆင်ဆင်ရယ်။ 'ဟဲလို ဟုတ်ကဲ့ပါ၊ မစ္စတာ ဘန်ဂျမင်ဒေးရဲ့ ရုံးကပါ။ ပြောပါရှင်'..ဆိုပြီး အတွင်းရေးမှူး လုပ်တမ်း ကစားကြတာ။ အရင်တုန်းကတော့ ဘန်က သူ့ညီမတွေနဲ့ ဝင်ဆော့ပေးတတ်တယ်။ အခုတော့ သူတို့ကို အဖက်မလုပ်တော့တာ ကြာပြီ။

ဖုန်းလိုင်းခွဲပြီးကတည်းက "အာ..ဒီဖုန်းကြိုးကတော့ လုပ်ပြန်ပြီ" ဆိုတဲ့ စကားတစ်ခွန်း ဒေးမိသားစု အိမ်ထဲမှာ အဆစ်တိုးလာတယ်။ မီးဖိုချောင် ဖုန်းပလပ်ထဲကနေ မြစ်ဖျားခံလာတဲ့ အဲဒီဖုန်းကြိုးဟာ မီးဖိုကောင်တာကို ကျော်တယ်၊ ဧည့်ခန်းထဲကနေ ဖြတ်တယ်၊ နောက်ဆုံးမှ ဘန့်တံခါးအောက်ကနေ လျှိုပြီး ဘန့်အခန်းထဲကို ဆက်ဝင်သွားတယ်။ အိမ်မှာရှိတဲ့သူတွေ အကုန်လုံး အဲဒီကြိုးနဲ့ ခလုတ်မတိုက်ဖူးသူ မရှိတော့ဘူး။ တစ်ရက်ကို တစ်ခါတော့ ခလုတ်တိုက်နေကျ။ ကြိုးကိုဝင်တိုက်မိတာ လစ်ဘီတို့ ညီအစ်မတွေဆိုရင် အော်သံကြားရမယ်။ ပက်တီ သို့မဟုတ် ဘန် ဆိုရင် ဆဲသံကြားရမယ်။ အဲဒီ ဖုန်းကြိုးကို နံရံမှာ သေသေချာချာ ကပ်ထားဖို့ ဘန့်ကို ပက်တီ အခေါက်ပေါင်းများစွာ ပြောပြီးပြီ။ ဖြစ်မလာပါဘူး။ ဆယ်ကျော်သက် ယောကျ်ားလေးဆိုတော့ ဒီလိုပဲ ခေါင်းမာတာပါလေ..လို့ ပက်တီက တွေးပြီး ဖြေတယ်။ ဒါပေမယ့် ဘန့်ပုံစံက ခေါင်းမာတာထက် ရန်လိုတဲ့ပုံစံဘက်ကို ပိုပြီးရောက်နေတာတော့ အမှန်ပဲ။ ဒီအတိုင်းအပျင်းကြီးတာလား၊ဒေါသကြီးတာလား၊ဒါမှမဟုတ် ဒီ့ထက်ဆိုးတာတစ်ခုခုများ ဖြစ်နေသလားဆိုတာတော့ ပက်တီမသိဘူး။

ပြီးတော့ ဘန်က ဖုန်းထဲမှာ ဘယ်သူနဲ့ ဒီလောက် စကားတွေ အကြာကြီး ပြောနေတာလဲ။ ဖုန်းလိုင်း မခွဲခင်တုန်းက ဆိုရင် ဘန့်ဆီကို ဖုန်းဆက်မယ့်သူမရှိသလောက်ပဲ။ ဘန့်မှာ သူငယ်ချင်းဆိုလို့ နှစ်ယောက်လားပဲ ရှိတယ်လေ။ မူဝဲလ်လာလယ်သမား မိသားစုထဲက ကောင်လေးတွေ။ အဲဒီသူငယ်ချင်းနှစ်ယောက်ကလည်း မပွင့်တပွင့်လေးတွေ။ သူတို့ ဘန့်ဆီကို ဖုန်းဆက်လို့ ဖုန်းကိုင်တဲ့ သူက ပက်တီ ဖြစ်နေရင် ဘာမှ မပြောဘဲ ဖုန်းချသွားကြတယ်။ *ဂျင်မ်မူဝဲလ်လာ* ဒါမှမဟုတ် *အက်ဒ်မူဝဲလ်လာ* ဖုန်းဆက်ထားတယ် ဆိုတာကို ပက်တီက ဘန့်ကို ပြီးမှ ပြန်ပြောပြရတယ်။ အခု ဘန်ဖုန်းပြောနေတာ သူတို့နဲ့တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။

ပက်တီကတော့ သူ့သား ရည်းစားရသွားပြီလို့ ထင်တယ်။ ရည်းစားရနေပြီလား..လို့ မေးကြည့်မလို့ စကားစလိုက်တာနဲ့ ဘန့် မျက်နှာက ဖြူဆွတ်သွားပြီး သူ့မျက်နှာတစ်ခုလုံး ရဲတက်လာတတ်တယ်။ အမေ..မမေးပါနဲ့ ဆိုပြီး သတိပေးနေသလိုပဲ။ ဒါနဲ့ပဲ ပက်တီလည်း ဘန့်ကို ဆက်မမေးဖြစ်တော့ဘူး။ သားရဲ့ ကိုယ်ရေးကိုယ်တာကို အတင်း ဝင်စပ်စုတဲ့ အမေမျိုး မဖြစ်ချင်ဘူးလေ။ ဘန့်ခမျာ မိန်းကလေးတွေချည်းပဲရှိတဲ့ အိမ်မှာ နေနေရတာကိုက တော်တော် ကျဉ်းကျပ်နေတာ။ ဟိုတစ်ခါက ဘန့်အံဆွဲကို မီရှယ်က ဆော့ရင်း ပြုရင်းနဲ့ ဖွင့်မိတယ်။ ဘန်လည်း သိသွားရော ချက်ချင်းပဲ အခန်းတံခါးကို သော့တပ်ပြီး သော့ခတ်ထားလိုက်တယ်။

သူ့ အသိုက်အမြုံထဲမှာ သူ့ဘာသာသူ နေချင်တယ်ဆိုပြီး ကြေညာလိုက်သလိုပဲ။ ပက်တီကတော့ ဘန့်ကို အပြစ်မတင်ပါဘူး။ သူတို့ရဲ့ လယ်ကွင်းထဲက အိမ်လေးဟာ အခုဆို တော်တော့်ကို မိန်းမဆန်နေပြီလေ။ ခန်းဆီးတွေ၊ ထိုင်ခုံတွေ၊ ယုတ်စွအဆုံး ဖယောင်းတိုင်တွေပါ မိန်းမဆန်တဲ့ အရောင်အသွေးတွေ ဖြစ်နေတာကိုး။ အံဆွဲတွေ၊ ဗီရိုတွေထဲမှာ ဆိုရင်လည်း ပန်းရောင် မိန်းမစီး ဖိနပ်တွေ၊ အရောင်နုနုအတွင်းခံတွေ အပြည့် ဖြစ်နေတယ်။ ယောကျ်ားဆန်တဲ့ အရာဆိုလို့ တွန့်လိမ်နေတဲ့ ဖုန်းကြိုးရယ်၊ ဘန့်အခန်းတံခါးက သံသော့ခလောက် အသစ်ကြီးရယ်·· ဒါပဲ ရှိတယ်လေ ဆိုပြီး ပက်တီက နားလည်ပေးပါတယ်။

ဘန့် အခန်းထဲက ရယ်သံလိုလို တစ်ချက်ထွက်လာတော့ ပက်တီ့စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်။ ဘန်က အရယ်အမော အင်မတန် နည်းတဲ့သူ။ ငယ်ငယ်ကတည်းက အခုအချိန်ထိ အပြုံးအရယ် ရှိလှတာမဟုတ်ဘူး။ ဘန် အသက်ရှစ်နှစ်သားလောက်တုန်းက ထင်တယ်၊ သူ့ညီမ မီရှယ် ရယ်နေတာကိုကြည့်ပြီး "မီရှယ် ဘာဖြစ်နေတာလဲ အမေ။ ရယ်နေပြန်ပြီ" ဆိုပြီး မေးဖူးတယ်။ ရယ်တာကို ရောဂါတစ်ခုလို သဘောထားနေတာ။ စိတ်ထဲ ရှိတာကို ထုတ်မပြတတ်တဲ့သူပါလို့ သတ်မှတ်ရုံနဲ့လည်း မလုံလောက်ပြန်ဘူး။ ဘန့် ဘာသိဘာသာနေမှုက တော်တော်လေး အစွန်းရောက်တယ်။ ဘန့်အဖေ *ရန်နာဒေး*ကလည်း သူ့သားကို ဆုံးမတတ်တဲ့ သူမျိုး မဟုတ်ခဲ့ဘူး။ ရိုက်ပုတ် ကြိမ်းမောင်းလည်း ဘန်က မထုံတက်သေးပဲ။ *ဘယ်လို ကောင်လဲမသိဘူး၊ မိန်းမလိုမိန်းမရနဲ့*··ဆိုပြီး ဟောက်တော့လည်း ဘာသိဘာသာ။ ပက်တီကိုယ်တိုင်လည်း သူ့သားကို မနိုင်ပါဘူး။ *ဆယ်ကျော်သက် သားယောကျ်ားလေးများကို ပြုစုပျိုးထောင်နည်း* ဆိုတဲ့ စာအုပ်တစ်အုပ်တောင် ဝယ်ဖြစ်သေးတယ်။ စာအုပ်ကို ဘယ်သူမှ မမြင်အောင် အိပ်ရာအောက်မှာ ဖွက်ထားရတယ်။ စာအုပ်ထဲမှာ ရေးထားတယ်။ *မေးစရာရှိတာ ရဲရဲမေး၊ ကိုယ့်ကလေးဆီက အဖြေပြန်တောင်း* တဲ့။ ပက်တီကတော့ မလုပ်ရဲပါဘူး။ မေးခွန်းလေး တစ်စ နှစ်စ စကားစမိလိုက်တာနဲ့ ဘန့်ရဲ့ ဒေါသက ဆတ်ခနဲ အရှိန်ရလာတတ်တယ်။ စကားမပြောဘဲ အကြာကြီး တိတ်သွားတတ်တယ်။ ဘန် ဘယ်လို ကောင်လေးမျိုးလဲ ဆိုတာကို သိဖို့ကြိုးစားလေလေ ဘန့်က ပက်တီနဲ့ ပိုပြီး အနေဝေးသွားလေလေဖြစ်နေတယ်။ နောက်ဆုံးမှာ အခန်းတံခါးပိတ်ပြီး ဘယ်က တစ်စိမ်းတွေနဲ့မှန်းမသိ ဖုန်းတွေ ဆက်တိုက်ပြောနေတဲ့ အဆင့်အထိ ရောက်နေပြီ။

ပက်တီ့ သမီးသုံးယောက်က နိုးနေတာ ကြာပြီ။ ပက်တီတို့ရဲ့ လယ်ကွင်း

လေးက သေးသေးလေးပါ။ တန်ဖိုးလည်း သိပ်မရှိဘူး။ ဒါပေမယ့် ဒီလို လယ်စုတ်ကလေးမှာတောင် အိပ်ရာစောစောထဖို့ လိုပါတယ်။ လယ်အလုပ်တွေက ဆောင်းအကုန်အထိ ဆက်တိုက်လုပ်ရဦးမှာ။

မနက်ကတည်းက နိုးနေကြတဲ့ ညီအစ်မ သုံးယောက် နှင်းတွေကြားမှာ ဆော့နေကြတယ်။ ဘန် နိုးသွားမှာစိုးလို့ သူတို့သုံးယောက်ကို အိမ်ပြင်ထွက်ရင် တိတ်တိတ်လေးထွက်ဖို့ ပက်တီက မှာထားခဲ့တာ။ ဒါပေမယ့် မနက်စောစောစီးစီး ဘန် ဖုန်းပြောနေတဲ့ အသံကို ကြားလိုက်ရတော့ ပက်တီ စိတ်ဆိုးချင်သလိုလို ဖြစ်သွားသေးတယ်။

အခု ပက်တီက မနက်စာအတွက် ပန်ကိတ်တွေဖုတ်နေတယ်။ လစ်ဘီတို့ အကြိုက်လေ။ ဘန် အိပ်ရာနိုးမှာစိုးလို့ တိတ်တိတ်နေခိုင်းမိတဲ့အတွက် လစ်ဘီတို့က ပက်တီ့ကို သိပ် မကျေနပ်ချင်ဘူး။ အခု ပန်ကိတ်နဲ့ သူတို့ ညီအစ်မသုံးယောက်ကို ပြန်ချော့တဲ့ သဘောလေ။ ဘန်က တစ်ဖက်၊ ညီအစ်မ သုံးယောက်က တစ်ဖက်‥ အဲဒီလို အမြဲ ဖြစ်နေတယ်။ အမေက ဘယ်သူ့ကို မျက်နှာသာပိုပေးပါတယ် ဆိုပြီး တစ်ချိန်လုံး စွပ်စွဲခံနေရတယ်။ ဒီတော့ ပက်တီ့ခမျာ ညီမတွေကို စိတ်ရှည်ဖို့ ဘန့်ကို တောင်းပန်ရတယ်။ ဘန့်ကို မနှောင့်ယှက်ဖို့ ညီအစ်မသုံးယောက်ကို ပြန်တောင်းပန်ရတယ်။ မီရှယ် က ၁၀ နှစ်။ ညီအစ်မသုံးယောက်ထဲမှာအကြီးဆုံး။ *ဒက်ဘီ* က ၉ နှစ်။ လစ်ဘီက ၇ နှစ်။ ( ‘အမေ ကလေးမွေးတာလည်း ကြက်ဥ အုသလိုပဲ ဆက်တိုက်နော်’‥ဆိုပြီး ဘန် ကဲ့ရဲ့မယ့်အသံကို နားထဲ ကြားနေရတယ်။) ပက်တီ ပြတင်းပေါက် ခန်းဆီးကို အသာပင့်တယ်။ အပြင်မှာ ဆော့နေကြတဲ့ ညီအစ်မတွေကို ချောင်းကြည့်တယ်။ မီရှယ်နဲ့ ဒက်ဘီက နှင်းလုံးတွေနဲ့ အိမ်ဆောက်နေကြတယ်။ မီရှယ်က ဆရာမကြီးလေ။ ဒက်ဘီက လက်ထောက်။ လစ်ဘီကတော့ ဘေးနားကနေ ဟိုကူဒီကူလုပ်ဖို့ ကြိုးစားနေရှာတယ်။ ဒါပေမယ့် အဖက်လုပ်မခံရဘူး။ သူယူလာပေးတဲ့ သစ်ကိုင်းတွေ၊ ကျောက်တုံးတွေ၊ နှင်းခဲတွေကို အစ်မနှစ်ယောက်က မသိချင်ယောင် ဆောင်နေကြတယ်။ ခဏလောက် ကြာတော့ လစ်ဘီဒေးက စိတ်အရမ်းဆိုးလာပြီး အားခနဲ ကုန်းပြီး အော်တယ်။ သူ့အစ်မ နှစ်ယောက် ဆောက်ထားတဲ့ နှင်းလုံးအိမ်ကို ခြေထောက်နဲ့ ပြေးကန်တယ်။ အကုန် ပြိုကျသွားတယ်။ ပြီးရင် ညီအစ်မတွေ ရိုက်ကြ နက်ကြ၊ ငိုကြတော့မယ်။ ခန်းဆီးကို ပြန်ချပြီး ပက်တီ အထဲကို ပြန်လှည့်လိုက်တယ်။ သူတို့ကို ဖျန်ဖြေပေးဖို့ အားမရှိသေးဘူး။

ဘန့် အခန်းတံခါး ကျွီခနဲမြည်ပြီး ပွင့်လာတယ်။ ဘန့်ရဲ့ ခြေသံ တဒုတ်

ဒုတ်ကို ကြားလိုက်ရတယ်။ ပက်တီ အရမ်းမုန်းတဲ့ ရှူးဖိနပ် အမည်းကြီးကို စီးထား ပြန်ပြီ။ *သွားမကြည့်နဲ့.. အဲဒီ ဖိနပ်ကို မကြည့်မိစေနဲ့..* ပက်တီ သူ့ကိုယ်သူ ပြန်ပြောတယ်။ ဘန် ပြောက်ကျားဘောင်းဘီ ဝတ်လာတဲ့ အခါတွေ ဆိုရင်လည်း ပက်တီ မကြိုက်ဘူး။ ဒါပေမယ့် မပြောမိအောင် ကြိုးစားတယ်။ ("အဖေ့တုန်းက လည်း ပြောက်ကျားဘောင်းဘီ ဝတ်တာပဲ" ဆိုပြီး ဘန်က ပြန်ပြောတယ်။ "နင့် အဖေက အမဲလိုက်တဲ့ အခါမှာပဲ အဲဒီဘောင်းဘီဝတ်တာလေ" ဆိုပြီး ပက်တီက ပြန်ထောက်ပြရတယ်။) ငယ်ငယ်တုန်းက ဘန်ဒေး ဆိုတာ အဝတ်အစားရိုးရိုးတွေကိုပဲ ခုံမင်တဲ့ ကောင်လေး တစ်ယောက်။ ဂျင်းဘောင်းဘီ ခပ်ရိုးရိုးနဲ့ ရှပ်အင်္ကျီအကွက် တွေကို သိပ်သဘောကျတဲ့သူ။ လေယာဉ်ပျံတွေကို စိတ်ဝင်စားတဲ့ ဆံပင်နီနီကောက် ကောက်တွေနဲ့ ကောင်လေး။ အခုတော့ ဂျင်းဂျက်ကက် အမည်း၊ ဂျင်းဘောင်းဘီ အမည်း.. ဦးထုပ်ကို မျက်နှာတစ်ဝက်ဖုံးအောင် စွပ်ချလို့။ ဘန်က ပါးစပ်ကနေ မပွင့်တပွင့်ပြောပြီး အိမ်ရှေ့တံခါးဆီကို လျှောက်သွားတယ်။

"မနက်စာ စားသွားဦးလေ"

ပက်တီက လှမ်းပြောတယ်။ ဘန်က သူ့အမေဘက်ကို လှည့်ကြည့်တယ်။

"ကျွန်တော် လုပ်စရာတွေ ရှိသေးတယ်"

"အမေတို့နဲ့ မနက်စာ တူတူစားသွား၊ ပြီးမှလုပ်ပေါ့။ ရတာပဲ"

"ကျွန်တော်မှ ပန်ကိတ် မကြိုက်တာ၊ အမေမသိဘူးလား"

"အဲဒါဆိုလည်း တခြားတစ်ခုခု စီစဉ်ပေးမယ်၊ လာ..ဒီမှာထိုင်"

အမေ့ စကားကို အဲဒီလောက်တော့ ကလန်ကဆန်မလုပ်လောက်ဘူး ထင် တာပဲ..ဆိုပြီး ပက်တီက တွေးတယ်။ နှစ်ယောက်သား မျက်နှာချင်းဆိုင်ကြည့်နေ ကြရင်း ပက်တီဘက်က အလျှော့ပေးတော့မယ် အလုပ်မှာ.. ဘန်ဒေးက သက်ပြင်း တစ်ချက် ချတယ်။ ထိုင်ခုံမှာ ဝင်ထိုင်တယ်။ စားပွဲပေါ်က ဆားပုလင်းကိုယူပြီး ဟိုလှည့် ဒီလှည့် လုပ်နေတယ်။ ပုလင်းထဲက ဆားတွေကို စားပွဲပေါ်ကို သွန်တယ်။ စားပွဲပေါ်မှာ ဆားပုံကလေး ဖြစ်သွားတယ်။ မလုပ်နဲ့လို့.. တားမလို့ပဲ။ ဒါပေမယ့် ပက်တီ ဘာမှ ဆက်မပြောဖြစ်ဘူး။ ဘန် ထိုင်ခုံမှာထိုင်နေပေးတာကိုက တော်လှပြီ။

"သား ဘယ်သူနဲ့ စကားပြောနေတာလဲ"

ဘန့်ကို လိမ္မော်ရည် တစ်ခွက် ထည့်ပေးရင်း ပက်တီက မေးလိုက်တယ်။ အဲဒီ လိမ္မော်ရည်ကို ဘန်က ထိတောင်ထိမှာမဟုတ်ဘူး.. သူ့ကို ဆန္ဒပြတဲ့အနေနဲ့ မသောက်ဘဲ ထားခဲ့မှာပဲဆိုတာကို ပက်တီ အလိုလိုသိနေတယ်။

"အသိတွေပါ"

"အသိတွေ ဆိုတော့ တစ်ယောက်တည်း မဟုတ်ဘူးပေါ့"

အိမ်ရှေ့တံခါး ပွင့်သွားတယ်။ တံခါးရွက်နဲ့ နံရံ ဆောင့်မိပြီး ဒုန်းခနဲ မြည်သွားတယ်။ ကြမ်းပြင်ပေါ်ကို အစီအရီကျလာတဲ့ ဖိနပ်သံတွေ ကြားရတယ်။ သမီး သုံးယောက် အိမ်ထဲကို ပြန်ချီတက်လာကြပြီ။ ရန်ပွဲက ခဏလေးနဲ့ ပြီးသွားတယ် ထင်တယ်။ မီရှယ်နဲ့ ဒက်ဘီက ကာတွန်းကားတစ်ကားအကြောင်း ငြင်းခုံရင်း ဝင်လာကြတယ်။ လစ်ဘီကတော့ ဒီအတိုင်း ဆတ်တောက်ဆတ်တောက်နဲ့ ဝင်လာပြီး ဘန့်ဘေးက ထိုင်ခုံမှာ ဖွေ့ခနဲ ဝင်ထိုင်တယ်။ ခေါင်းမှာတင်နေတဲ့ ရေခဲဖတ်တွေကို ခါချတယ်။ ပက်တီ့ သမီးသုံးယောက်ထဲမှာ ဘန့်ကို ပျော်သွားအောင် လုပ်နိုင်တာ ဆိုလို့ လစ်ဘီပဲရှိမယ်။ လစ်ဘီက ဘန့်ကို မော့ကြည့်ပြီး ပြုံးပြတယ်။ လက်ပြတယ်။ ပြီးတော့ ရှေ့တည့်တည့်ကို ပြန်လှည့်ပြီး ငေးနေတယ်။

"ဟေး..လစ်ဘီ"

ဘန်က လစ်ဘီ့ကို နှုတ်ဆက်တယ်။ ဆားပုလင်းကိုတော့ လက်ကမချဘဲ သွန်ချနေတုန်းပဲ။

"ဟဲလို၊ အစ်ကို့ ဆားပုံကြီးက လှတယ်နော်"

"ဟုတ်လား၊ ကျေးဇူးပါ"

မီရှယ်နဲ့ ဒက်ဘီ စားပွဲနားကိုရောက်လာတော့ ဘန့် ကိုယ်လုံးက အရင်အတိုင်း ပြန်ပြီးတောင့်သွားတယ်။ မီရှယ်တို့ရဲ့ ဆူညံဆူညံ အသံတွေနဲ့ မီးဖိုချောင် တစ်ခုလုံး စည်ကားသွားတယ်။

"အမေ၊ ဟိုမှာ ကိုကြီး ဆားတွေကို သွန်ချနေတယ်"

မီရှယ်က လှမ်းတိုင်တယ်။

"နေပါစေ၊ ဘာမှမဖြစ်ပါဘူး။ ဒီမှာ ပန်ကိတ်တွေရတော့မယ်နော် သမီး။ ခဏစောင့်။ ဘန့်အတွက်က ကြက်ဥလုပ်ပေးမယ်"

"ဘာလို့ ကိုကြီးကိုကျတော့ ကြက်ဥကျွေးတာလဲ".. မီရှယ်က ဆောင့်အောင့်ပြီး မေးတယ်။

"သား ကြက်ဥစားမှာလား"

"အင်း"

"သမီးလည်း ကြက်ဥစားချင်တယ်" ..ဒက်ဘီက ဝင်ပြောတယ်။

"နင် ကြက်ဥလည်း မကြိုက်ဘဲနဲ့" .. လစ်ဘီက စိတ်ဆိုးဆိုးနဲ့ ဒက်ဘီ့ကို

အော်တယ်။ လစ်ဘီက သူ့ အစ်ကိုဘက်ကနေ အမြဲ ဝင်ကာပေးတတ်တယ်လေ။ လစ်ဘီက ဆက်ပြောတယ်။ "ဘန်က လူကြီးဖြစ်ပြီလေ။ ကြက်ဥစားမှ အားရှိမှာ။ နင်သိလား"

လစ်ဘီ့ စကားကြောင့် ဘန့်နှုတ်ခမ်းတွေ ပြုံးတော့မလိုလို ဖြစ်သွားတယ်။ ပက်တီက လစ်ဘီ့ကို ဆုချတဲ့အနေနဲ့ ပန်ကိတ်တွေထဲက အပိုင်းဆုံးတစ်ခုကိုရွေးပြီး ထည့်ပေးလိုက်တယ်။ ပန်ကိတ်တွေကို ပန်းကန်ထဲမှာထည့်နေရင်း ကြက်ဥကိုလည်း တူးမသွားအောင် ကြည့်ရသေးတယ်။ လူ ၅ ယောက်စာ အတွက် မနက်စာပြင်ရတာ လွယ်တော့မလွယ်။ ဒီမနက်တော့ တော်တော် အဆင်ပြေနေတယ်။ မနက်စာ ကောင်းကောင်း စားရတာ ဒီနေ့နောက်ဆုံးဖြစ်မလားမသိ။ အခုကျန်တဲ့ ပန်ကိတ်နဲ့ ကြက်ဥတွေက ခရစ္စမတ်တုန်းက ပိုတဲ့ဟာတွေလေ။ ဒါပြီးရင် ကုန်ပြီ။ နောက်ရက် ဘာနဲ့ စားရမလဲ ပက်တီ မစဉ်းစားနိုင်သေးဘူး။ စိတ်မပူနိုင်သေးဘူး။ မနက်စာစားပြီးမှ ပူတော့မယ်။

"အမေ၊ ဒက်ဘီ စားပွဲပေါ်မှာ လက်ထောက်ထား ပြန်ပြီ".. မီရှယ်က ဆရာမကြီး အသံနဲ့ လှမ်းတိုင်ပြန်တယ်။

"အမေ၊ လစ်ဘီက လက်လည်းမဆေးဘူး"..ဒါလည်း မီရှယ့်အသံပဲ။

"နင်ရော ဆေးလို့လား".. ဒက်ဘီ မီရှယ့်ကို မေးတယ်။

"ဘယ်သူမှ မဆေးဘူး".. လစ်ဘီက ပြောရင်း ရယ်တယ်။

"ညစ်ပတ်မကြီး"..ဘန်ကပြောရင်း လစ်ဘီ့ခါးကို လက်ညှိုးနဲ့ ကလိထိုးတယ်။ လစ်ဘီက ခေါင်းကို မော့ပြီး တဟားဟားရယ်တယ်။ ဘန်ကျေနပ်အောင် တမင်ရယ်ပေးတဲ့ ပုံစံ။

"အီးပေါလောကြီး'.. လစ်ဘီက ဘန့်ကို ပြန်နောက်တယ်။

ပက်တီက ကလေးတွေ လက်သန့်လို့ရအောင် အဝတ်တစ်ခုကို ရေစွတ်ပြီး လှမ်းပေးလိုက်တယ်။ ဒါမှ မောင်နှမတွေ ထိုင်ရာကမထ လက်သန့်လို့ ရမှာလေ။ ဘန်က ထူးထူးခြားခြား သူ့ညီမကို စလို့ နောက်လို့ပါလား။ ဒီလို ဖက်လဲတကင်း မရှိတာ ကြာပြီပဲ။ ထိုင်ခုံက ထလိုက်တာနဲ့ ဘန့်ရဲ့ စိတ်တွေပြန်ပြောင်းသွားမှာကို တောင် ပက်တီ စိုးရိမ်တယ်။ ဒီလို ပျော်နေကြတာကို မြင်ချင်တယ်။ ပက်တီကိုယ်တိုင် လည်း ဒီခံစားချက်ကို ပျောက်မသွားအောင် ထိန်းထားချင်တယ်။ တစ်ညလုံးမအိပ် ရသေးတဲ့ သူတစ်ယောက် အိပ်စက်ခြင်းကို လိုအပ်သလို.. ပက်တီလည်း ပျော်ရွှင်မှု တစ်စွန်းတစ်စတော့လိုနေတယ်။ မနက်အိပ်ရာထတိုင်း ငါဒီနေ့တော့ စိတ်မညစ်ဘူး

ဟော့.. ဆိုပြီး ကျိန်ဆို အားတင်းနေရတာ မောလှပြီ။ ဒီလယ်ကွင်းကို ရအောင်ဆက်လုပ်မယ်..ဆိုပြီး ကိုယ့်ကိုယ်ကိုယ် အားပေးနေရတာ ကြာလှပြီ။ (လယ်ကြွေးတွေ မဆပ်နိုင်တာ သုံးနှစ်တောင်ရှိပြီ။ သုံးနှစ်..။) တစ်စထက် တစ်စ ပျက်ယွင်းလာတဲ့ ဒီလယ်ကွင်းဟာ ပက်တီဒေးကို အပြုံးအရယ်မရှိ၊ ခြောက်သွေ့တင်းမာနေတဲ့ မိန်းမတစ်ယောက် ဖြစ်လာအောင် တွန်းပို့ပေးနေတယ်။ မနက်အိပ်ရာနိုးတာနဲ့ ကြမ်းပြင်မှာ ဒူးထောက်ပြီး ဆုတောင်းရတယ်။ ဆုတောင်းတယ်ဆိုတာထက် သူ့ကိုယ်သူ ကတိပေးတာပါ။ *ငါ ဒီနေ့တော့ စိတ်မတိုဘူး။ ငါ ဒီနေ့တော့ မငိုဘူး။ ငါ ဒီနေ့တော့ စိတ်ဓာတ်မကျဘူး။ ငါ ဒီနေ့တော့ ပျော်အောင်နေမယ်..။* ဒါပေမယ့် နေ့တစ်ဝက်မကျိုးခင် ကတိပျက်သွားတာ များပါတယ်။

အကုန်လုံး စားဖို့ အသင့်ဖြစ်နေပြီ။ ဘုရားစာလည်း ရွတ်ပြီးပြီ။ အားလုံး အဆင်ပြေနေတဲ့ အချိန်မှာ.. မီရှယ်က ထပြောတယ်။

"အမေ..ကိုကြီးကို ဦးထုပ်ချွတ်ခိုင်းပါ"

ဒေးမိသားစုရဲ့ စည်းကမ်းတွေထဲမှာ ထမင်းစားပွဲမှာ ဦးထုပ် မဆောင်းရဆိုတဲ့ စည်းကမ်းလည်း ပါတယ်။ ဒီစည်းကမ်းကို ဖောက်ဖျက်သူဆိုလို့ ရှိကိုမရှိဖူးတော့ ပက်တီ ပြောဖို့တောင် မေ့နေတယ်။

"ဟုတ်တယ် ဘန်၊ ဦးထုပ်ချွတ်လိုက်လေ"

ဘန်က ပက်တီ့ဘက်ကို လှည့်ပြီး ခေါင်းကို စောင်းလိုက်တယ်။ ပက်တီ့ရင်ထဲမှာ ဒိတ်ခနဲ ဖြစ်သွားတယ်။ တစ်ခုခုတော့ မှားနေပြီ။ ပုံမှန်ဆိုရင် နီညိုပါးပါး ဖြစ်နေတတ်တဲ့ ဘန့် မျက်ခုံးမွေးတွေ အနက်ရောင် ဖြစ်နေတယ်။ မျက်ခုံးရဲ့အောက်မှာ ခရမ်းရင့်ရောင် သမ်းနေတယ်။

"ဘန်..၊ သား.. ဦးထုပ်ချွတ်လေ"

ဘန်က ဦးထုပ်ကို ချွတ်လိုက်တယ်။ ဘန့် ခေါင်းက ဆံပင်တွေက မည်းနက် နေတယ်။ ပွယောင်းယောင်းဖြစ်နေတယ်။ အေးစက်နေတဲ့ ရေခဲရေကို စွတ်ခနဲ မော့သောက်လိုက်ရသလို..အံ့ဩတဲ့စိတ်က ပက်တီ့ ရင်ထဲကို အရှိန်နဲ့ ဆောင့်ဝင်လာတယ်။ ဘန့်ရဲ့ မှတ်မိချင်စရာ အကောင်းဆုံး ဆံပင်နီနီတွေ.. မရှိတော့ဘူး။ ဆံပင်နက်တွေကြောင့် ဘန့်အသက်က ပိုကြီးသွားသလိုပဲ။ မျက်နှာကလည်း အရင်ထက် ပိုခက်ထန်သွားတယ်။

မီရှယ်က အားခနဲ ထအော်တယ်။ ဒက်ဘီက ဝါးခနဲ အော်ငိုတယ်။

"ဘန်..သား.. ဘယ်လိုလုပ်လိုက်တာလဲ။ ဘာဖြစ်လို့လဲ"

ပက်တီ အသံကို ထိန်းပြီး မေးတယ်။ လိုတာထက် ပိုမအော်မိအောင် စိတ်ထိန်းထားရတယ်။ လိုတာထက် ပိုပြီး ပြဿနာ မရှာမိအောင် စိတ်တင်းထားရတယ်။ ဆယ်ကျော်သက် လူငယ်မို့လို့..ဒီလိုလုပ်တာပါ။ ဒါပေမယ့် ပက်တီ့စိတ်ထဲမှာ သူနဲ့ သူ့သားကြားက ဆက်နွယ်မှုတွေ ပိုပြီး ပါးလှပ်သွား သလို၊ ပိုပြီး မျှော်လင့်ချက်တွေ ကင်းမဲ့သွားသလို ခံစားလိုက်ရတယ်။ ဘန်က မဲ့ပြုံးပြုံးရင်း စားပွဲကိုပဲ ငုံ့ကြည့်နေတယ်။ ဘာဖြစ်လို့ ဘန် ဒီလိုဆံပင်ဆိုးလိုက်သလဲ.. ပက်တီ ဖြေတွေး ကြည့်တယ်။ ငယ်ငယ်ကတည်းက ဘန်က သူ့ဆံပင် အနီတွေကို မုန်းတယ်။ အဲဒီ ဆံပင်နီနီတွေကြောင့်အမြဲစနောက်ခံရတယ်တဲ့။အခုထိ လှောင်ပြောင်ခံနေရတာလည်း ဖြစ်နိုင်တာပဲ။ အဲဒါကြောင့် အနက်ဆိုးလိုက်တာလား မသိဘူး။ ဒါပေမယ့်..ဒါပေ မယ့်.. ဘန့် ဆံပင်နီနီတွေက ပက်တီ့ရဲ့ လက်ဆောင်တွေ၊ သူမွေးထုတ်ပေးလိုက်တဲ့ အမွေတွေလေ။ အခုတော့ အကုန်ဖျက်ဆီးပစ်ပြီ။ သူတို့မောင်နှမတွေထဲမှာ ပက်တီနဲ့ ဆင်တူတဲ့ ဆံပင်နီနီတွေရှိတာဆိုလို့ လစ်ဘီလေးရယ်၊ ဘန်ရယ် နှစ်ယောက်တည်း ရှိတာ။ ဒါကို ဘန်က လက်မခံချင်လို့၊ သူ့အမေကို အမေလို့ အသိအမှတ် မပြု ချင်လို့ ဆံပင်တွေကို အရောင်ဆိုးပစ်တာ မဟုတ်ဘူးလား။

"အာ..ထားလိုက်တော့"

ဘန်က ကြက်ဥကို ပါးစပ်ထဲ သွတ်ထည့်ပြီး မတ်တတ်ထရပ်တယ်။

"ဆံပင်ပဲ၊ ဘာမှမှ မဟုတ်တာ။ သိပ်စိတ်ထဲထားမနေနဲ့ အမေ"

"ဒါပေမယ့် သား.. အရင် ဆံပင်အနီတွေက လှပြီးသားကို"

ဘန်က ပက်တီ့ စကားကြောင့် ခဏတွေသွားတယ်။ ပြီးတော့ ခေါင်းခါ တယ်။ ဘာကို ခေါင်းခါတာလဲ။ ပက်တီ့စကားကို ခေါင်းခါတာလား။ ဒီမနက်စာကို ခေါင်းခါတာလား။ ပက်တီ့ကို ခေါင်းခါတာလား။ ဘန် ဘာမှဆက်မပြောတော့ဘဲ တံခါးဆီ လှည့်ထွက်သွားတယ်။ တံခါးဝကနေ လှည့်မကြည့်ဘဲ လှမ်းအော်တယ်။

"အဲဒီလောက်ကြီး ဖြစ်မနေနဲ့လေ၊ ကျွန်တော် အပြင်သွားလိုက်ဦးမယ်"

တံခါးကိုများ ဆောင့်ပိတ်သွားမလား ဆိုပြီး ပက်တီ နားစွင့်နေသေးတယ်။ ဒါပေမယ့် ဒီအတိုင်းပဲ အသာပိတ်သွားတယ်။ တံခါးကို ဆောင့်ပိတ်သွားတာကမှ တော်ဦးမယ်။ ဘန့်ဆီက ခံစားချက်တစ်ခုခု မြင်ရဦးမယ်။ အခုက ဘာကိုမှ အဖက် မလုပ်သလို ၊ ဘာမှ မဖြစ်သလို အေးအေးဆေးဆေး ထွက်သွားတာလေ။ ပက်တီ ဘာစကားမှ ဆက်မပြောနိုင်သေးပဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်တယ်။ သူ့သမီး သုံးယောက်ရဲ့ မျက်လုံး ပြာပြာ ပြူးပြူးတွေက ပက်တီ ငိုများ ငိုချလိုက်တော့မလား

ဆိုတာကို စူးစမ်းနေကြတယ်။ ပက်တီ ကြိုးစားပြီး ပြုံးလိုက်တယ်။ ခပ်တိုးတိုး ရယ်တယ်။

"သမီးတို့ အစ်ကိုက အဲဒီလိုပဲ"

ပက်တီပြုံးလိုက်တော့ ညီအစ်မသုံးယောက် နည်းနည်းတော့ သက်သောင့် သက်သာ ဖြစ်သွား ကြတယ်။ ထိုင်ခုံမှာ ရှေ့တိုးထိုင်ကြတယ်။

"ဟုတ်ပါ့၊ ကိုကြီးက ဘာကြီးမှန်းမသိဘူး".. မီရှယ်ကပြောတယ်။

"ကိုကြီးဆံပင်နဲ့ သူဝတ်ထားတာနဲ့အရောင်တူသွားပြီနော်".. ဒက်ဘီက ဝင်ပြောတယ်။ မျက်နှာက မျက်ရည်တွေကို လက်ဖမိုးနဲ့ သုတ်တယ်။ ပန်ကိတ်ကို ခက်ရင်းနဲ့ ထိုးကော်ပြီး ပါးစပ်ထဲကို ထည့်တယ်။

လစ်ဘီက ဘာမှမစားဘဲ ပန်းကန်ကို စိုက်ကြည့်နေတယ်။ ပခုံးနှစ်ဖက်ကို စားပွဲဖက်ကို ဦးတည်ပြီး ကွေးထားတယ်။ 'စိတ်ညစ်လိုက်တာ' ဆိုတဲ့ အမူအရာ။ ကလေးတွေပဲ ဒီအမူအရာ လုပ်တတ်တယ်ထင်တယ်။

"လစ်ဘီ၊ သမီး..ဘာမှ မဖြစ်ဘူးနော်။ စိတ်မညစ်နဲ့"

ပက်တီက လစ်ဘီ့ကို မသိမသာ ကျောသပ်ပြီး ချော့တယ်။ သိသိသာသာ ချော့ရင် ဟိုနှစ်ယောက် သဝန်တိုပြီး စိတ်ကောက်မှာလည်း ကြောက်ရသေးတယ်။

"ဘာလို့ ဘာမှ မဖြစ်ရမှာလဲ.."..လစ်ဘီက ပြောတယ်။ "ကိုကြီးက သမီးတို့ကို မုန်းနေတာ"

+++

## လစ်ဘီဒေး

**ယနေ့**

လိုင်ဝိုက်သ်နဲ့ တွေ့ပြီး ငါးရက်မြောက်နေ့။

ကျွန်မ အခု ကန်းဆက်စ်စီးတီးရဲ့ အနောက်အောက်ရပ်ကွက်ဘက်ကို ကားမောင်းပြီး သွားနေတယ်။ ဟိုးအရင်ခေတ်တွေတုန်းကဆိုရင် ဒီအနောက်အောက်ဘက်ခြမ်းက တော်တော်လေးကို စည်ကားခဲ့တယ်တဲ့။ အခုတော့ စက်ရုံဟောင်းတွေ၊ ရုံးအဆောက်အအုံ အဟောင်းတွေပဲ ကျန်ခဲ့တော့တယ်။ ဖျက်သိမ်းသွားပြီးဖြစ်တဲ့ကုမ္ပဏီတွေရဲ့ ဆိုင်းဘုတ်တွေ။ လူမနေတဲ့ အဆောက်အအုံတွေ…။ *ရက်ဖ်တာရီ* အသားသိုလှောင်ခန်း၊ *လန်ဒန်* အမဲသား၊ *ဒန်ဟောင်ဆာ* အသားစက်ရုံ… စသဖြင့်။ တချို့အဆောက်အအုံတွေကိုတော့ ကစားကွင်း ကုမ္ပဏီတွေက ပြန်ဝယ်ပြီး သရဲရထားအိမ်တွေအဖြစ် ပြောင်းဖွင့်ထားကြတယ်။ သရဲအိမ်တွေရှေ့မှာ လူငယ်တချို့ ဘီယာပုလင်းတွေကို လူမမြင်အောင် အင်္ကျီအောက်မှာဖွက်သောက်ရင်း စုဝေးနေကြတယ်။

မတ်လဆန်း အချိန်မို့လို့လားတော့ မသိ၊ ပတ်ဝန်းကျင်တစ်ခုလုံးက အသွားအလာသိပ်မရှိဘဲ အထီးကျန်နေတယ်။ ငြိမ်သက်နေတဲ့ လမ်းမတွေပေါ်မှာ ကားကိုမောင်းရင်း ဘေးဘီဝဲယာကို ကျွန်မ ကြည့်တယ်။ လမ်းဘေး အဆောက်အအုံတွေထဲကို ဝင်သွားတဲ့၊ ထွက်လာတဲ့ လူတစ်ယောက်တလေတော့ တွေ့တယ်။ ဘာအတွက် ဝင်ထွက်သွားလာနေကြသလဲတော့ ကျွန်မ မသိဘူး။ *မစ်ဇူရီ* မြစ်ကမ်းနားကိုနီးလာတာနဲ့အမျှ လူသူပါးတဲ့ နေရာကနေ လူရယ်လို့ လုံးဝမတွေ့ရတဲ့ နေရာအဖြစ်အသွင်ပြောင်းလာတယ်။ အဆောက်အအုံအပျက်အစီးတွေ ပိုများလာတယ်။

*တောလ်မန်း* ကော်ပိုရေးရှင်း လို့ ဆိုင်းဘုတ်တပ်ထားတဲ့ လေးထပ်တိုက်အောက်မှာ ကျွန်မ ကားကို ရပ်လိုက်တယ်။ စိတ်ထဲမှာတော့ မအီမသာဖြစ်ချင်လာတယ်။ ဒီလို အချိန်မျိုးမှာဆိုရင် *ငါ့မှာ သူငယ်ချင်းတွေဘာတွေ ရှိခဲ့ရင်ကောင်းသား*

ဆိုပြီး စဉ်းစားမိတာအမှန်ပဲ။ တစ်ယောက်မှကို မရှိတာလေ။ အဖော်သဟဲဖြစ်မယ့် လူတစ်ယောက်လောက်··၊ ကျွန်မ အိမ်ပြန်လာတာကို စောင့်နေမယ့်သူ တစ်ယောက်လောက်··။ အခုတော့ စာတစ်စောင်ရေးပြီးပဲ အိမ်လှေကားရင်းမှာ ထားခဲ့ရတယ်။ ကျွန်မ ဘယ်နေရာကို သွားသလဲဆိုတာ အဲဒီစာထဲမှာ ရေးထားတယ်။ မပြောကောင်း မဆိုကောင်း တစ်ခုခု ဖြစ်သွားခဲ့ရင် ရဲတွေ အဲဒီစာကိုတွေ့မှာပဲ။ ကျွန်မကို ဘယ်လို လိုက်ရှာရမလဲ ဆိုတဲ့ သဲလွန်စပေါ့။ ကျွန်မမှာသာ သူငယ်ချင်းတွေဘာတွေ ရှိခဲ့ရင် *ဟယ်··လစ်ဘီ နင်အဲဒီနေရာကို မသွားနဲ့လေ··မသွားရဘူး* ဆိုပြီး တားမှာပဲနော်။ မိန်းကလေး အချင်းချင်း စိတ်ပူတတ်တဲ့ အသံမျိုးနဲ့လေ။

ကျွန်မမှာ သတိဝီရိယနဲ့ ဆုံးဖြတ်တတ်တဲ့ ဆင်ခြင်ဉာဏ်မျိုး မရှိတော့ဘူး ထင်ပါတယ်။ လူသတ်မှုတွေပြီးကတည်းက ကျွန်မရဲ့ ဦးနှောက်က အဆိုးအကောင်း မခွဲတတ်တော့တာဖြစ်မယ်။ အဆိုးဆုံးမှန်သမျှ ဖြစ်လာဦးမှာပဲလို့ ကျွန်မထင်တယ်။ ဘာလို့လဲဆိုတော့ အဆိုးဆုံး အခြေအနေတွေအားလုံး ကျွန်မ ကြုံခဲ့ပြီးပြီလေ။

ဒါပေမယ့် ကံတရားက ကျွန်မ အပေါ်မှာ အစွမ်းကုန် မျက်နှာသာပေးခဲ့ပြီးပြီ မဟုတ်လား။ လစ်ဘီဒေးဆိုတဲ့ ကျွန်မ အခုမှတော့ ထူးပြီး ဒုက္ခမရောက်တော့ဘူး ထင်တာပဲ။ အသက်ရှင်ဖို့ မဖြစ်နိုင်တဲ့အခြေအနေမှာတောင် ရှင်သန်ပြီး ကျန်ရစ်ခဲ့သေးတာပဲ။

အဲဒါနဲ့ ပတ်သက်ရင် အခုထိ ကျွန်မ ဇဝေဇဝါဖြစ်နေတုန်းပဲ။ တစ်ခါတလေကျရင် လိုတာထက်ပိုပြီး စိတ်ပူနေတယ်။ (အိပ်ရာဝင်ရင်တောင် မီးတွေအကုန်ဖွင့်ထား၊ အမေ့ရဲ့ ပစ္စတို သေနတ်ဟောင်းကို အိပ်ရာဘေး စားပွဲမှာ တင်ထားပြီးမှ အိပ်ပျော်တာမျိုး။) တစ်ခါတလေကျရင်တော့ အဓိပ္ပာယ်မရှိ စွန့်စားရတဲ့အလုပ်တွေ လုပ်မိပြန်တယ်။ ( အခုလိုတိုက်အဟောင်းကြီးမှာ ‘လူသတ်အသင်း’ ဆိုတာကြီးကို တစ်ယောက်တည်း လာတွေ့တာမျိုး။)

ကျွန်မ အခုစီးထားတဲ့ ဖိနပ်က ခွာထူထူ၊ ခပ်မြင့်မြင့်။ ဒါမှ ကျွန်မရဲ့ ပုတိုနေတဲ့ အရပ်ကို ၃-၄ လက်မလောက် ဆွဲမြှင့်လို့ရမှာလေ။ ညာဘက်ခြေထောက်က သိပ်မကောင်းတော့ ဖိနပ်ထဲမှာ ချောင်ချိချိဖြစ်ချင်နေတယ်။ တစ်ကိုယ်လုံးမှာရှိသမျှ အရိုးတွေ အကုန်ကျိုးသွားရင် ကောင်းမှာပဲ။ ဒါမှ မွန်းကျပ်နေတာတွေ အကုန်လုံး ပြေလျော့သွားမှာ။ စိတ်ထဲမှာလည်း တင်းနေတယ်။ အံကိုကြိတ်ပြီး စိတ်တွေဆိုးနေမိတယ်။ *ဒီလောက်ကြီး အသည်းအသန် ပိုက်ဆံလိုနေတာ မဖြစ်သင့်ဘူး*။ တတ်နိုင်သလောက်တော့ ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ပါတယ်။ ဒီလူတွေက ကျွန်မမိသားစုကို

စိတ်ဝင်စားတာလေ။ သူတို့ သိချင်တဲ့ အကြောင်းအရာတွေကို ကျွန်မက အတွင်းလူ တစ်ယောက် အနေနဲ့ မျှဝေပေးရုံပဲ မဟုတ်လား။ အဲဒါအတွက် ပိုက်ဆံပေးမယ်ဆို လည်း ယူရမှာပေါ့။ လိုလည်း လိုနေတာပဲ။ ကျွန်မမိသားစုအကြောင်း ပြောဆိုလည်း ပြောပြလိုက်မယ်။ ကျွန်မ မိသားစုအတွက် ကျွန်မ ဂုဏ်ယူတယ်။

အမှန်အတိုင်းပြောရရင်တော့ ကျွန်မရဲ့ ဒေးမိသားစုမှာ ဂုဏ်ယူစရာဆိုလို့ ဘာမှ မရှိဘူး။ ကျွန်မတို့မိသားစုက ချဉ်ဖတ်တွေ။ ကျွန်မအဖေ *ရန်နာဒေး* ဆိုရင် အရက်သမား၊ ရှူးတူးတူးရယ်။ စိတ်လိုက်မာန်ပါ သောင်းကျန်းတတ်တယ်။ ပြီးတော့ အဖေ ရန်နာဒေးက လူကောင်လည်းမထွား၊ လက်သီးတွေက ခပ်သေးသေးဆိုတော့ ပိုလို့တောင် အထင်သေးစရာ ကောင်းနေတယ်။ အမေက ကလေး ၄ ယောက်နဲ့ တိုင်ပတ်နေတာ။ တစ်ယောက်ကိုမှ နိုင်အောင် မထိန်းနိုင်ဘူး။ လယ်ထဲမှာကြီးလာတဲ့ နွမ်းနွမ်းပါးပါး ကလေးတွေပေါ့။ ကျွန်မတို့မောင်နှမတွေကို ဘယ်အချိန်ကြည့်လိုက် ကြည့်လိုက် စုတ်ပေပြီး နံဟောင်နေတယ်။ အကျင့်တွေကလည်း မကောင်းကြဘူး။ ကျောင်းကိုရောက်လာပြီ ဆိုရင်လည်း အမြဲတမ်း မပြည့်မစုံ၊ ဆာလောင်နေတဲ့ ရုပ်တွေနဲ့။ မနက်စာ မစားခဲ့ရသေးတာနဲ့ . . ၊ အင်္ကျီအပြဲကို မချုပ်ရသေးတာနဲ့ . . အို . . စုံလို့။ နှပ်ချေး တွဲလောင်း၊ ချောင်း တဟွတ်ဟွတ်။ လူသတ်မှုတွေကြောင့် ကျွန်မ ကျောင်းကို ကြာကြာ မတက်လိုက်ရပါဘူး။ ဒါပေမယ့် အဲဒီခဏလေးအတွင်းမှာတင် ကျွန်မတို့ ညီအစ်မတွေလက်ချက်နဲ့ စာသင်ခန်းထဲက တခြားကလေးတွေပါ သန်းတွေ ခွဲကုန်ကြတယ်။ ဘယ်လောက် ညစ်ပတ်သလဲဆိုတာ စဉ်းစားကြည့်။

အခု . . နှစ် ၂၀ ကျော် ကြာသွားတော့လည်း ဘာပြောင်းလဲသွားသလဲ။ အခုထိလည်း ကျွန်မ မပြည့်မစုံ ဖြစ်နေတုန်းပဲ။ သူများတွေဆီမှာ လိုက်ပြီး လက်ဖြန့် တောင်းနေရတုန်းပဲ။ ကျွန်မရဲ့ ဂျင်းဘောင်းဘီ နောက်အိတ်ကပ်ထဲမှာ မီရှယ့် လက် ရေးနဲ့ ရေးထားတဲ့ စာရွက်တစ်ရွက် ပါလာတယ်။ သူအသတ်မခံရခင် တစ်လအလို လောက်မှာ ရေးခဲ့တာ။ မီရှယ်က သူ့ရဲ့ မှတ်စုစာအုပ်ထဲကနေ ဒီစာရွက်ကိုဆွဲဖြဲပြီး မြားပုံစံ ဖြစ်အောင် သေသေချာချာ ခေါက်ထားခဲ့တယ်။ စာထဲမှာ ရေးထားတာတွေက ၄ တန်းကလေးတွေရဲ့ ထုံးစံအတိုင်း ဟိုဟိုဒီဒီ တွေပါပဲ။ မီရှယ့် အတန်းထဲက ကောင်လေးတစ်ယောက် အကြောင်း၊ သူ့ဆရာမ ဘယ်လို မုန်းစရာ ကောင်းတယ် ဆိုတဲ့ အကြောင်း၊ သူ့အတန်းထဲက ကလေးမတစ်ယောက် ဂျင်းဘောင်းဘီ အသစ် တစ်ထည် ဝတ်လာပြီး ဘယ်လိုဘယ်ပုံ ကြွားသွားတယ်ဆိုတဲ့ အကြောင်း . . ပျင်းစရာ တွေပါ။ ဒီလို စာတိုပေစတွေ၊ အမှတ်တရတွေ ကျွန်မဆီမှာ စက္ကူပုံးတွေနဲ့အပြည့်။

အိမ်တစ်အိမ်ကနေ တစ်အိမ်ပြောင်းရင် အဲဒါတွေကို ကျွန်မ သယ်သွားဖြစ်တယ်။ တစ်ခါမှတော့ဖွင့်မကြည့်ဖြစ်ဘူး။ စာတွေကို ဖတ်ကြည့်မိတာ ဒါပထမဆုံးပဲ။ ဒီစာ ဆိုရင်တော့ ဒေါ်လာ ၂၀၀ လောက်ရမှ ရောင်းနိုင်မယ်။ အဲဒီလို တွေးလိုက်တော့ ကျွန်မ စိတ်ထဲမှာ နည်းနည်းတော့ ပျော်သွားတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း နည်း နည်း ရွံသွားတယ်။ ဘာပဲ ဖြစ်ဖြစ် ကျွန်မမှာ ထုတ်ရောင်းစရာ တခြားပစ္စည်းတွေ အများကြီး ကျန်နေသေးတာ ပျော်စရာပဲ မဟုတ်ဘူးလား။ မှတ်စု အတိုအစတွေ၊ ဓာတ်ပုံတွေ၊ တခြား အမှိုက်သရိုက်တွေကို လွှင့်မပစ်ရဲခဲ့တာ ကျွန်မ ကံကောင်း တာပဲ။ ကားထဲကနေ ကျွန်မ ထွက်လိုက်တယ်။ လည်ပင်းကို စောင်းပြီး ပျွတ်ခနဲ မြည်အောင် ချိုးလိုက်တယ်။

ဟိုနားတစ်ကွက် ဒီနားတစ်ကွက် ရွေးပြီးနွေးနေတဲ့ လေပူတွေကလွဲရင် ဒီညတော်တော်အေးတယ်။ ကောင်းကင်မှာတွဲလဲခိုနေတဲ့ လ အကြီးကြီးက တရုတ် မီးပုံး တစ်ခုလို ဝါပြီးလင်းနေတယ်။

ပေကွက်နေတဲ့ ကျောက်ခင်းလှေကားတွေကနေ ကျွန်မ တိုက်ပေါ်ကိုတက် လိုက်တယ်။ ခြေထောက်အောက်မှာ သစ်ရွက်စုတ်တွေ ကြေသွားပြီး အရိုးအိုတွေ ကျိုးသွားတဲ့ အသံလို တဂျွတ်ဂျွတ် မြည်တယ်။ တိုက်ရဲ့ သံတံခါးအထူကြီး ရှေ့မှာ ကျွန်မ ရပ်လိုက်တယ်။ တံခါးကို သုံးခါ ခေါက်တယ်။ လရောင်အောက်မှာ မတ် တတ်ရပ် စောင့်နေရင်း ကျွန်မကိုယ်ကျွန်မ စင်ပေါ်ရောက်နေတဲ့ လူရွှင်တော် တစ် ယောက်လို ခံစားလာရတယ်။ လိုင်ဝိုက်သ်ကို ဖုန်းဆက်မလို့ ဟန်းဖုန်းကိုထုတ် လိုက်တဲ့ အချိန်မှာ တံခါးကြီး ပွင့်သွားတယ်။ အရပ်ရှည်ရှည်၊ မျက်နှာရှည်ရှည်နဲ့ ကောင်လေးတစ်ယောက် တံခါးဝမှာ ရပ်နေတယ်။ သူက ကျွန်မကို ခြေဆုံး ခေါင်း ဆုံး ကြည့်တယ်။

"ဘယ်သူလဲ"

"ဟို.. လိုင်ဝိုက်သ်ရှိလား"

"ဩော်..လိုင်ဝိုက်သ်က ဘာလို့ ဒီမှာရှိရမှာလဲဗျ"

သူက မျက်နှာသေနဲ့ ပြန်ဖြေတယ်။ တမင် ရစ်နေတဲ့ရုပ်။

"ဟုတ်လား။ ဒါဆိုလည်း လဲသေလိုက်"

ပါးစပ်က လွှတ်ခနဲ ထွက်သွားပြီး ကျွန်မ လှေကားကနေ ပြန်လှည့်ဆင်း လိုက်တယ်။ လှေကားသုံးထစ် အရောက်မှာ ကောင်လေးက နောက်ကနေ လှမ်းခေါ် တယ်။

"အာ.. ဘာဖြစ်တာလဲ။ စိတ်ထိန်းပါဗျ"

ကျွန်မက မွေးကတည်းက ဒေါသနဲ့ တွဲပြီး မွေးလာတာ။ အမေ့ဗိုက်ထဲက ထွက်လာကတည်းက တစ်ကိုယ်လုံး တွန့်လိမ် ကောက်ကွေးပြီး ထွက်လာခဲ့သလား မသိဘူး။ ကျွန်မ တစ်သက်လုံးမှာ ဘာကိုမှ စိတ်မရှည်ခဲ့ဘူး။ 'လဲသေလိုက်' ဆိုတဲ့ စကားက ပါးစပ်ဖျားမှာ မဟုတ်ရင်တောင် လျှာအလယ်လောက်မှာ အမြဲတွဲလဲခို နေတယ်။ အချိန်မရွေး ပါးစပ်အပြင်ကို ခုန်ထွက်သွားဖို့ အသင့်ဖြစ်နေတယ်။

လှေကားထစ် အလယ်လောက်မှာ ကျွန်မ ရပ်လိုက်တယ်။ နောက်ကိုပြန် လှည့်ကြည့်တယ်။

"ကျွန်တော် လိုင်ဝိုက်သ်ကို သိပါတယ်ဗျ။ ခင်ဗျားက ဘယ်သူလဲ။ ဧည့်သည် စာရင်းထဲမှာ စာရင်းပေးထားလား"

"ဘာ ဧည့်စာရင်းလဲ၊ မသိဘူး။ ကျွန်မနာမည် လစ်ဘီဒေး"

သူ့ပါးစပ် ဟောင်းလောင်းပွင့်သွားတယ်။ ကျွန်မကို ခြေဆုံးခေါင်းဆုံးပြန် ကြည့်တယ်။

"ဒါပေမယ့် ခင်ဗျား ဆံပင်က..ရွှေရောင်ဖြစ်နေတာ.."

ကျွန်မ မျက်ခုံးပင့်ပြီး ကြည့်လိုက်တယ်။ ဒါကိုပဲ ပြောလို့မပြီးနိုင်ကြဘူး။

"လာလာ၊ ကျွန်တော် အောက်ကို လိုက်ပို့ပေးမယ်".. သူက တံခါးကို ဖွင့်ပေးပြီး ပြောတယ်။

"လာပါဗျ၊ ကိုက်မစားပါဘူး"

'ကိုက်မစားပါဘူး' ဆိုတဲ့ စကားက ကျွန်မ သိပ်မုန်းတဲ့ အရာတွေထဲမှာ တစ်ခု အပါအဝင်ပဲ။ ဒီ့ထက် မုန်းတဲ့ နောက်ထပ် စကားတစ်ခု ရှိသေးတယ်။ ဘား တွေမှာ တွေ့ရတတ်တဲ့ မူးရူး ထူပူနေတဲ့လူတွေ ပြောနေကျစကား။ ကျွန်မမျက်နှာကို ကြည့်ပြီး ဘာတဲ့.. 'ပြုံးပြုံးလေး နေစမ်းပါကွာ၊ ပြုံးရတာဘာခက်လို့လဲ' ဆိုပဲ။ ခက်တာပေါ့။ သိပ်ခက်တာပေါ့။

ကျွန်မ လှေကားပေါ်ကို ပြန်တက်လိုက်တယ်။ တံခါးဝမှာရပ်နေတဲ့ သူ့ရဲ့ မျက်နှာကို စိတ်ပျက်တဲ့ အကြည့်နဲ့ တစ်ချက်ကြည့်တယ်။ ပြီးတော့ သူတံခါးကို ကြာကြာ ဆက်ကိုင်ထားရအောင် ခြေလှမ်းကို တမင်နှေးပြီး တစ်လှမ်းချင်းလျှောက် ဝင်ပေးလိုက်တယ်။ သေနာလေး။

အထဲကို ရောက်သွားတော့ လိုဏ်ဂူကြီး တစ်ခုထဲကို ဝင်လိုက်ရသလိုပဲ။ နံရံတွေ မှာ စီတန်းပြီး ကပ်ထားတဲ့ ကြေးသွန်းမီးအိမ်တွေ..။ တော်တော်များများ

ကျိုးပဲ့နေပြီ။ မီးအိမ်ချိတ်တွေကို ဂျုံပင်တွေနဲ့တူအောင် လုပ်ထားတယ်။ အခန်းက ပေ ၄၀ ကျော်လောက် မြင့်လိမ့်မယ်။ မျက်နှာကြက်အပြည့် ဆွဲထားတဲ့ ပန်းချီပုံတွေက ဟောင်းနွမ်းပြီး ပျက်ပြယ်စပြုနေပြီ။ လယ်သမားတွေ လယ်ထွန်နေတဲ့ပုံတွေ၊ မြေတူးနေတဲ့ ပုံတွေ။ ပန်းချီကားထဲမှာ ကောင်မလေး တစ်ယောက် ကြိုးခုန်နေတယ်။ ကြိုးခုန်နေတာလား‥ လက်ထဲမှာ မြွေကိုင်ထားတာလား မသဲကွဲဘူး။ ကောင်မလေးရဲ့ မျက်နှာမှာ ဆေးသားတွေ မရှိတော့ဘဲ အကွက်လိုက်ကြီး ဖြစ်နေတယ်။ မျက်နှာကြက်ရဲ့ နောက်ဘက်ခြမ်း တစ်ခုလုံးက ဘယ်တုန်းကတည်းက ပြိုကျထားသလဲ မသိ။ မျက်နှာကြက် ပန်းချီကားထဲက သစ်ပင်တွေရှိရမယ့် နေရာမှာ အပေါက်ကြီး ဖြစ်နေတယ်။ အပြင်ဘက်က ညကောင်းကင်ကို လှမ်းမြင်နေရတယ်။ လ ကိုတော့ မမြင်ရဘူး။ လရောင်သဲ့သဲ့ သမ်းနေတာကိုပဲ လှမ်းတွေ့ရတယ်။ ခန်းမတစ်ခုလုံးက မှောင်မည်းနေတယ်။ အခန်းထောင့် တစ်နေရာမှာ ပုံထားတဲ့ အမှိုက်တွေကို မသဲမကွဲ မြင်နေရတယ်။ တိုက်ထဲမှာ ဝင်အိပ်နေတဲ့သူတွေကို မောင်းထုတ်ပြီး အမှိုက်တွေကို တတ်နိုင်သလောက် ရှင်းထားတာ ဖြစ်မယ်။ သေးနံ့တော့နံနေတုန်းပဲ။ သုံးပြီးသား ကွန်ဒုံးတစ်ခု ကြမ်းပြင်မှာ ပြုတ်ကျနေတယ်။

"ဒီထက်ကောင်းတဲ့နေရာ ငှားလို့မရဘူးလား"‥ကျွန်မ မေးလိုက်တယ်။ ကြမ်းပြင်ကို ဖောက်ထွက်လာတဲ့ အသံအုပ်အုပ်တွေ ကြားရတယ်။ အောက်ထပ်မှာပဲ လူတွေအကုန် စုနေတာဖြစ်မယ်။

"ဩော်‥လူတွေ အများကြီး လာစေချင်တဲ့ နေရာမျိုး မဟုတ်ဘူးလေ"‥ ကောင်လေးက ပြန်ဖြေတယ်။ သူ့ အသက်က တော်တော်ငယ်ဦးမယ်။ မျက်နှာမှာ မှဲ့တွေ အပြည့်နဲ့။ သူ့နားမှာ စိမ်းပြာရောင် နားကပ် သေးသေးလေး တပ်ထားတယ်။ အိမ်ထဲကအိမ်ပြင် မထွက်ဘဲ အခန်းအောင်းနေတတ်တဲ့ ရုပ်မျိုး။ သူက ဆက်ပြောတယ်။

"ပြီးတော့ ဒီအဆောက်အအုံကို တမင်ရွေးထားတာဗျ။ ၁၉၅၃ ခုနှစ်တုန်းကပေါ့။ ဒီတိုက်ရဲ့ ပိုင်ရှင်မိသားစုထဲက တစ်ယောက်က ဒီတိုက်ထဲမှာပဲ သူ့ကိုယ်သူ ခေါင်းကို သေနတ်နဲ့ပစ်ပြီး သတ်သေသွားတာလေ"

"ဩော်‥ကောင်းတာပေါ့"

ကျွန်မတို့ နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ကြောင်တောင်တောင်နဲ့ ရပ်နေကြတယ်။ အမှောင်ထဲမှာ ဟိုကောင်လေးရဲ့ မျက်နှာက အရိပ်တွေ တဖျပ်ဖျပ် ပြောင်းနေတယ်။ အောက်ထပ်ကို ဘယ်လိုဆင်းရမှာပါလိမ့်။

ဘယ်ဘက်မှာ ရှိတဲ့ ခတ်လှေကားတွေကလည်း အလုပ်မလုပ်တော့တာ သချာတယ်။ အထပ်နံပါတ်ပြတဲ့ မြားတွေက ကြံ့ရာနံပါတ်မှာရပ်နေတယ်။ ခတ်လှေကား ပြန်ကောင်းအောင်ပြင်နေကြတဲ့ သရဲတစ္ဆေအလုပ်သမားတွေများ ကွယ်ရာမှာအလုပ်ရှုပ်နေကြမလား‥ကျွန်မ ပေါက်ကရတွေ မြင်ယောင်ကြည့်တယ်။

"အခု ဘယ်ဆက်သွားရမှာလဲ၊ ဒီမှာပဲ ရပ်နေရမှာလား"

"ဩော်‥ဟုတ်။ ကျွန်တော်‥ ခင်ဗျားမိသားစုနဲ့ ပတ်သက်ပြီး စိတ်မကောင်းပါဘူးလို့ အဲဒါပြောချင်လို့ပါ။ နှစ်တွေ ကြာသွားပေမယ့်‥ ကျွန်တော်သာဆိုရင် ဘယ်လိုမှ ခံနိုင်ရည်ရှိမယ် မထင်ဘူးဗျာ။ အဂ္ဂါအလန်ပိုး ဝတ္ထုတွေထဲကလိုပဲဗျနော်‥။ ဘယ်လိုဖြစ်တာလဲ"

"ကျွန်မကတော့ အဲဒီကိစ္စကို မစဉ်းစားမိအောင် ကြိုးစားတယ်"

ဒါက ကျွန်မ ဖြေနေကျ အဖြေ။ ကောင်လေးက ကျွန်မအဖြေကိုကြားတော့ ရယ်တယ်။

"ဟားဟား၊ ဒါဆိုရင်တော့ ခင်ဗျား ဒီနေရာနဲ့ မကိုက်ဘူးဗျ"

အခန်းထောင့်ကို ပတ်ပြီး ရုံးခန်းဟောင်းတွေရှိတဲ့ နေရာဘက်ကို ကျွန်မကို ခေါ်သွားတယ်။ ပုလင်းခွံအကွဲတွေ၊ မှန်ကွဲစတွေပေါ်ကို ဖိနပ်နဲ့ နင်းမိတယ်။ ဖြတ်လာရတဲ့ အခန်းတွေထဲကို ကျွန်မ ချောင်းကြည့်ကြည့်တယ်။ ဘာမှ မရှိဘူး။ ဈေးဝယ်လှည်း အဟောင်းတစ်ခုတွေ့တယ်။ အခန်းထောင့်မှာ ပုံနေတဲ့ မစင်ပုံတစ်ခုတွေ့တယ်။ မီးပုံဟောင်း တစ်ခုရဲ့ အကြွင်းအကျန်တချို့ တွေ့တယ်။ အခန်းတစ်ခန်းထဲမှာ ကျတော့ ဘီယာဘူးမှောနေတဲ့ ခပ်စုတ်စုတ် လူတစ်ယောက်။ ကျွန်မတို့ကိုတွေ့တော့ 'ဟေး' ဆိုပြီး လှမ်းနှုတ်ဆက်တယ်။

"သူ့နာမည်က ဂျင်မီ"‥ကောင်လေးကရှင်းပြတယ်။ "သူက ပြဿနာမရှာတတ်ဘူး။ အဲဒါကြောင့် ကျွန်တော်တို့ သူ့ကို ပေးနေထားတာ"

မေတ္တာရှင်ကြီးတွေပါလား‥ ကျွန်မ စိတ်ထဲက သရော်လိုက်တယ်။ ဂျင်မီကိုတော့ ခေါင်းညိတ်ပြလိုက်ပါတယ်။ တံခါးမကြီး တစ်ခုရှေ့ကို ကျွန်မတို့ ရောက်သွားတယ်။ တံခါးကို ဖွင့်လိုက်တာနဲ့ အထဲက ဆူညံနေတဲ့ အသံတွေ ကျွန်မဆီကို ခုန်ဝင်လာတယ်။ အော်ဂင်သံတွေ၊ ရှော့ခ်သီချင်းသံတွေ၊ လူတွေတစ်ယောက်နဲ့တစ်ယောက် အော်ဟစ် စကားပြောနေကြတဲ့ အသံအူအူတွေ မြေအောက်အခန်းထဲကနေ အပြင်ကို တိုးဝှေ့ထွက်လာတယ်။

"ခင်ဗျား အရင်ဆင်းလေ"

ကောင်လေးက နောက်ကနေ လှမ်းပြောတယ်။ ကျွန်မ မလှုပ်ဘဲ ရပ်နေတယ်။ နောက်မှာ လူတစ်ယောက်ရှိနေတာကို ကျွန်မ မကြိုက်ဘူး။

"ကျွန်တော် ရှေ့ကသွားရမလား… လာ"

ပြန်လှည့်ဖို့ စဉ်းစားလိုက်သေးတယ်။ ဒါပေမယ့် ကျွန်မ ကိုယ်ထဲမှာရှိနေတဲ့ ကြမ်းတမ်းတဲ့စိတ်က အမောက်ထောင်လာတယ်။ ကျွန်မသာ လှည့်ပြန်သွားခဲ့ရင် ဒီကောင်လေးက အောက်ကိုရောက်တာနဲ့ သူ့ရဲ့ အပေါင်းအသင်းတွေကို ချက်ချင်း ဖောက်သည်ချတော့မှာ။ 'လစ်ဘီဒေးလေ၊ ကြောက်ပြီး ပြေးတာ တန်းနေတာပဲ' ဘာညာပေါ့။ အကုန်လုံး ဝိုင်းဟားကြမယ်။ ကိုယ့်ကိုယ်ကိုယ် သတ္တိခဲကြီးတွေလို အမွှမ်းတင်ကြမယ်။ သေနာလေးက ထပ်ဖြည့်ပြီး ပြောဦးမှာ…။ 'လစ်ဘီဒေးက ကျွန်တော်ထင်ထားသလို မဟုတ်ဘူးဗျ'…ပေါ့။ *လဲသေလိုက် လဲသေလိုက် လဲသေလိုက် လဲသေလိုက်*… ရင်ခေါင်းထဲကနေ ကျွန်မကြိမ်းဝါးလိုက်ပြီး သူ့နောက်ကို လိုက်ဆင်းသွားလိုက်တယ်။

လှေကားကနေ အောက်ကို ဆက်ဆင်းသွားလိုက်တော့ မြေအောက်အခန်းရဲ့ တံခါးဝဆီကို ရောက်တယ်။ တံခါးမှာ ကြော်ငြာစာရွက်တွေ ပြွတ်သိပ်နေအောင် ကပ်ထားတယ်။ ပြခန်းအမှတ် (၂၂) *လစ်ဇီဘော်ဒန် လူသတ်မှု* အမှတ်တရပစ္စည်းများ။ ရောင်းသည်၊ ဝယ်သည်၊ လဲသည်။ ပြခန်းအမှတ် (၂၈) *ကာလာ ဘရောင်း လူသတ်မှု*၊ သွားကိုက်ရာများနှင့် ပတ်သက်ပြီး ဆွေးနွေးခြင်း။ ပြခန်းအမှတ် (၁၄) ***ကေစီအန်တိုနီ***အား မေးမြန်းစစ်ဆေးခြင်း (သဏ္ဍာန်တူ သရုပ်ဆောင်ခွင့်ရမည်။)

ဟော…ကျွန်မရဲ့ ဓာတ်ပုံ တွေ့ပြီ။ ဟိုးထောင့်တစ်နေရာမှာ ကပ်ထားတဲ့ ကျွန်မရဲ့ ဓာတ်ပုံ မိတ္တူနဲ့ ကြော်ငြာစာရွက်လေး။ စာရွက်ပေါ်မှာ ရေးထားတယ်။ 'ရက်စက်သောနေ့' - *ကင်နက်ကီ မြို့လေးမှ လူသတ်မှုကြီး* ၊ အမှုအကြောင်း အသေးစိတ် ခွဲခြမ်း စိတ်ဖြာ ဆွေးနွေးခြင်း။ (ယနေ့ပွဲအား အထူးဧည့်သည်တော် တစ်ဦးလည်း တက်ရောက်ပါမည်) တဲ့။

လှည့်ပြန်ရင် ကောင်းမလား ထပ်စဉ်းစားနေတုန်းမှာ တံခါးပွင့်သွားတယ်။ လူ ၂၀၀ လောက်ရှိတဲ့၊ စွတ်စိုပူအိုက်နေတဲ့၊ ပြတင်းပေါက် မရှိတဲ့ မြေအောက်ထပ်ထဲကို ကျွန်မ ရောက်သွားတယ်။ စကားသံတွေ ဆူညံပွက်လောရိုက်နေတယ်။ ငယ်ငယ်တုန်းက ကျောင်းမှာကြည့်ရတဲ့ ဗီဒီယိုတစ်ခုကို သွားသတိရတယ်။ လယ်ကွင်းထဲကို အစုလိုက်အပြုံလိုက် ဝင်စီးတဲ့ နံကောင်အုပ်ကြီးအကြောင်း။ အခုခန်းမထဲက လူတွေလည်း အဲဒီအတိုင်းပဲ။ ပြူးပြူးကြောင်ကြောင် မျက်လုံးတွေ။ အစာဝါးနေတဲ့

ပါးစပ်ပေါက်တွေ။ ကွေးချည် ဆန့်ချည် လှုပ်ရှားနေတဲ့ လက်တွေ။ အခန်းထဲမှာ ပြခန်းသေးသေးလေးတွေဖြစ်အောင် အပေါ်စား သံဆန်ခါတွေနဲ့ အကွက်ချပြီး ကာထားတယ်။ အခန်းတစ်ခုကို လူသတ်မှု တစ်ခုပေါ့။ ဝင်ဝင်ချင်း မြင်ရတဲ့အတိုင်းဆိုရင်တော့ သံဆန်ခါ အကန့်လေးတွေ အခု ၄၀ လောက်ရှိလိမ့်မယ်။ မီးစက်မောင်းပြီး ထွန်းထားတဲ့ မီးလုံးပေါင်းများစွာ ကြိုးတန်းတွေပေါ်ကနေ တွဲလောင်းကျနေတယ်။ မညီမညာ ယိမ်းထိုးနေတဲ့ မီးလုံးတွေရဲ့ အောက်မှာ လူမျက်နှာတွေက မှောင်တစ်ဝက် လင်းတစ်ဝက်နဲ့ အသက်မဲ့နေတယ်။

အခန်းဟိုဘက်မှာရပ်နေတဲ့ လိုင်ဝိုက်သ်က ကျွန်မကိုမြင်တော့ လူအုပ်ကိုတိုးပြီး ကျွန်မရှိရာကို လျှောက်လာတယ်။ သူ့ကို လူတွေက ဝိုင်းနှုတ်ဆက်ကြတယ်။ လက်ဝါးချင်းလှမ်းရိုက်ကြတယ်။ ဒီနေရာမှာ လိုင်ဝိုက်သ်က အရေးပါတဲ့သူဖြစ်မယ်။ လူတိုင်းက သူ့ကိုဆို စကားပြောချင်၊ မေးချင်နေတဲ့ပုံပဲ။ လူတချို့က သူ့ကို လှမ်းဆွဲပြီး မေးခွန်းတွေ မေးတယ်။ လိုင်ဝိုက်သ်က ကိုယ်ကိုကိုင်းပြီး သူတို့မေးသမျှကို ဖြေတယ်။ သူပြန်အထမှာ အပေါ်က တန်းလန်းကျနေတဲ့ မီးလုံးနဲ့ သူ့ခေါင်းနဲ့တိုက်မိတော့ လူတွေက ဝိုင်းရယ်ကြတယ်။ မျက်နှာတွေက လှုပ်ခါနေတဲ့ မီးရောင်အောက်မှာ ပေါ်လာလိုက်၊ ပျောက်သွားလိုက်။ ယောကျ်ား မျက်နှာတွေ များတယ်။ မိန်းမဆိုလို့ လေးယောက်လားပဲ တွေ့ရသေးတယ်။ မိန်းမတွေက မျက်မှန်တွေနဲ့၊ အိမ်နေရင်း ဝတ်စုံတွေနဲ့…။ ယောကျ်ားတွေကလည်း ဆွဲဆောင်မှုရှိတာ တစ်ယောက်မှ မပါဘူး။ ဆံပင် ထိုးထိုးထောင်ထောင်၊ ကျောင်းဆရာလိုလို ဘာလိုလို လူတွေရှိမယ်။ ထူးမခြားနား ခပ်ရိုးရိုး အဝတ်အစားနဲ့ လူတချို့တွေ့တယ်။ အသက် ၂၀ ဝန်းကျင် လူငယ်တွေလည်း တော်တော်များတယ်။ အကုန်လုံးက ပေါချောင်ကောင်း ဆံပင်ပုံစံတွေ၊ ကော်ကိုင်း မျက်မှန်တွေနဲ့။ လိုင်ဝိုက်သ်နဲ့ ဟိုကောင်လေးလို ပုံစံတွေပါပဲ။ ဘာမှ မဟုတ်ဘဲ အလကားနေရင်း ကြီးကျယ်နေတဲ့ ဟာလေးတွေ။

လိုင်ဝိုက်သ် ကျွန်မနားကို ရောက်လာတယ်။ နောက်မှာ ကျန်ခဲ့တဲ့လူတွေက ခပ်ပြုံးပြုံး မျက်နှာပေးတွေနဲ့ ကျွန်မကို လှမ်းကြည့်နေကြတယ်။ လိုင်ဝိုက်သ်ရဲ့ ရည်းစားအသစ်များလားပေါ့လေ။ လိုင်ဝိုက်သ်ကကျွန်မကိုအားနာသလိုကြည့်တယ်။

"ဆောရီးဗျာ လစ်ဘီ။ ခင်ဗျားရောက်လာရင် ဖုန်းဆက်ပါလို့ ကန်နီ ကို မှာထားတာ။ ကျွန်တော်ကိုယ်တိုင် အပေါ်တက်ပြီး လာခေါ်မလို့ပဲ"

လိုင်ဝိုက်သ်က စောစောကကောင်လေးကို မေးငေါ့ပြတယ်။ ကန်နီ ဆိုတဲ့ ကောင်လေးက ပခုံးတွန့်ပြီး လှည့်ထွက်သွားတယ်။ လိုင်ဝိုက်သ်က ကျွန်မပခုံးကို

လက်ညှိုးတစ်ချောင်းနဲ့ အသာထောက်တွန်းရင်း လူအုပ်ထဲကို ခေါ်သွားတယ်။ လူတချို့က ဝတ်စုံတွေ ဝတ်ထားကြတယ်။ အနက်ရောင်ကုတ် အင်္ကျီရှည်ကြီးဝတ်ထားတဲ့ လူတစ်ယောက် ကျွန်မဘေးကဖြတ်သွားတယ်။ *သကြားလုံးစားဦးမလား* တဲ့·· ကျွန်မကို မေးတယ်။ ပြီးတော့ တဟားဟားအော်ရယ်ပြီး ထွက်သွားတယ်။

လိုင်ဝိုက်သ်က စိတ်ပျက်လက်ပျက် ခေါင်းခါတယ်။

"*ဖရက်ဒရစ်ဘိတ်ကာ* ပုံစံလုပ်ပြီးအရူးထနေတဲ့လူပါ။ အဲဒီလိုသဏ္ဌာန်တူသရုပ်ဆောင်ချင်တဲ့လူတွေကို အသင်းထဲကနေပယ်ထုတ်ဖို့ ကြိုးစားနေတာ ကြာပြီ။ ဒါပေမယ့် မရပါဘူး။ သဏ္ဌာန်တူလုပ်ချင်တဲ့သူတွေက တော်တော်များနေတာ"

"ရှင်ပြောတာ ကျွန်မ နားမလည်ဘူး"

ကျွန်မပြောရင်းနဲ့ ရူးချင်ချင် ဖြစ်လာတယ်။ လူတွေက ကျွန်မကိုတဝုန်းဝုန်း ဝင်တိုက်ကြတယ်။ ပခုံးတွေ၊ တတောင်တွေနဲ့ တိုက်ထိုးသွားကြတယ်။ ခြေတစ်လှမ်းလှမ်းလိုက်တိုင်း နောက်ကို သုံးလေးပေ ပြန်ရောက်ရောက်သွားတယ်။

"အာ··ဘာတွေလဲ။ ရှင့်ဟာက ဘယ်လိုဟာတွေလဲ။ ရူးချင်လာပြီ"

လိုင်ဝိုက်သ်က စိတ်မရှည်တဲ့ပုံစံနဲ့ သက်ပြင်းချတယ်။

"ဟူး··ဒီလိုလုပ်ဗျာ။ ကျွန်တော်တို့ အစီအစဉ်က ညလယ်ကောင်လောက်မှစမှာ။ ဒီကြားထဲ ခင်ဗျားသိချင်တာတွေ ထပ်ရှင်းပြမယ်၊ ဟုတ်ပြီလား"

"မသိဘူး။ ကျွန်မ ပိုက်ဆံ အရင်လိုချင်တယ်"

လိုင်ဝိုက်သ်က သူ့ အောက်နှုတ်ခမ်းကို အသာကိုက်တယ်။ အိတ်ကပ်ထဲက စာအိတ်တစ်အိတ်ကို ဆွဲထုတ်ပြီး ကျွန်မလက်ထဲကို ထည့်ပေးတယ်။ ပြီးမှရေကြည့်ဖို့ကိုလည်း ခပ်တိုးတိုးပြောတယ်။ စာအိတ်က ခပ်ထူထူပဲ။ ကျွန်မ စိတ်နည်းနည်းအေးသွားတယ်။

"လာ··ကျွန်တော် လိုက်ပြမယ်"

အခန်းပတ်ပတ်လည်ကို ကျွန်မတို့ လိုက်ကြည့်တယ်။ ပြခန်းတွေဘယ်ညာအပြည့်နဲ့ အခန်း တစ်ခုလုံး ကျပ်သိပ်နေတယ်။ အခန်းကန့်ထားတဲ့ သံဆန်ခါကွက်တွေက ခွေးလှောင်အိမ်တွေနဲ့ တူလိုက်တာ။ လိုင်ဝိုက်သ်က ကျွန်မလက်မောင်းကို လက်ညှိုးနဲ့တို့ပြီး ရှေ့ကိုဆက်သွားဖို့ အချက်ပြတယ်။

"ကျွန်တော်တို့ 'လူသတ်အသင်း'··အဲဒီ နာမည်ကြီးက တော်တော်ဆိုးမှန်းသိပါတယ်။ ဒါပေမယ့် အဲဒီလိုပဲ ပါးစပ်ထဲစွဲသွားရင်း အတည်ဖြစ်သွားတာ။ ထားပါတော့။ အသင်းနာမည်ကို ကျွန်တော်တို့က အတိုကောက်နဲ့ KC (Kill Club)

လို့ပဲခေါ်တယ်ဗျ။ ဒီနေရာမှာ တစ်နှစ်တစ်ခါ KC ပွဲလုပ်ရတာ အကြောင်းရှိတယ်။ ဟို.. အသင်းဝင်တွေ တော်တော် များများက လူသတ်မှုတွေကို ဖော်ထုတ်ချင်တဲ့ သူတွေလေ။ နာမည်ကြီး လူသတ်မှုတွေကို စိတ်ဝင်စားတဲ့သူတွေပေါ့။ ဥပမာ- *ဖန်နီအဒမ်* လူသတ်မှုလိုမျိုး..''

''ဖန်နီအဒမ် ဆိုတာက ဘယ်သူလဲ''

ကျွန်မ စိတ်တိုတိုနဲ့ မေးပစ်လိုက်တယ်။ မနာလိုစိတ်က ခေါင်းထောင်လာပြန်တယ်။ ဒီနေ့ ဒီနေရာမှာ ကျွန်မသာ နာမည်အကြီးဆုံး ဖြစ်ရမှာ မဟုတ်ဘူးလား။

''၁၈၆၇ ခုနှစ်လောက်တုန်းက အသတ်ခံရတဲ့ ကလေးမလေးပါ။ ကြာပါပြီ။ တစ်ကိုယ်လုံး အပိုင်းပိုင်း ခုတ်ပြီး သတ်ခံလိုက်ရတာ။ စောစောက ခင်ဗျားဘေးက ဖြတ်သွားတဲ့ ကုတ်အင်္ကျီရှည်နဲ့ လူလေ..မှတ်မိလား၊ သူက ဖန်နီအဒန်ကို သတ်တဲ့ ဖရက်ဒရစ်ဘိတ်ကာ ဆိုတဲ့ လူသတ်သမားနဲ့တူအောင်ဝတ်ထားတာ''

''ဆိုးလိုက်တာ''

သေသွားတာ ကြာလှပြီပေါ့၊ တော်သေးတယ်၊ ပြိုင်ဘက်မရှိတော့ဘူး။

''အင်း ဟုတ်တယ်၊ နာမည်ကြီး လူသတ်မှုပဲ..၊ လူသတ်မှုတော်တော်များများက တရားခံ ပေါ်သွားပြီဗျ။ ဘာမှ စုံစမ်းစရာ မရှိတော့ဘူး။ ကျွန်တော့်အတွက်ကတော့ တရားခံမပေါ်သေးတဲ့ လူသတ်မှုတွေကိုပဲ စိတ်ဝင်စားတယ်။ ကျွန်တော်တို့ အသင်းထဲမှာ ရဲဝန်ထမ်းဟောင်းတွေပါတယ်။ ရှေ့နေဟောင်း..''

''ကျွန်မ..ကျွန်မ မိသားစုရဲ့ လူသတ်မှုအတွက်ရော.. သဏ္ဍာန်တူ လုပ်ကြတဲ့ သူတွေ..ဒီအခန်းထဲမှာ ရှိလား''

ဝတ်စုံအနီဝတ်ထားတဲ့ လေထိုး အရုပ်မတစ်ရုပ်။ အဲဒီအရုပ်ကိုပွေ့ထားတဲ့ ခပ်ထွားထွား လူတစ်ယောက်.. ကျွန်မဘေးမှာ မတ်တပ်ရပ်နေတယ်။ ကျွန်မကိုမြင်တောင် မမြင်ဘူးထင်တယ်။ သူ့အရုပ်ရဲ့ လက်တစ်ဖက်က ကျွန်မပါးနဲ့ လာထိနေတယ်။ နောက်က လူတစ်ယောက်က '*စကော့နဲ့ အန်ဘာ*' ဆိုပြီး လှမ်းအော်တယ်။ လူအုပ်ထဲမှာ ဘန် နဲ့တူအောင် ဝတ်ထားတဲ့သူ၊ အမေနဲ့တူအောင် ပြင်ထားတဲ့သူများ ရှိနေမလား.. ကျွန်မ လိုက်ရှာကြည့်တယ်။ လက်သီးကို ဆုပ်ထားလိုက်တယ်။

''ဟာ.. မရှိပါဘူး...မရှိဘူး။ အဲဒီလိုမျိုး ကျွန်တော် ဘယ်အဖြစ်ခံပါ့မလဲ။ ခင်ဗျား ရောက်နေတဲ့အချိန်ကြီးမှာ.. မဖြစ်စေရဘူး''

''လာတဲ့သူတွေက ဘာလို့ ယောကျ်ားတွေချည်းပဲ ဖြစ်နေတာလဲ''

ဘေးနားက ပြခန်းတစ်ခုမှာ ပိုလိုရှပ် ဝတ်ထားတဲ့ ယောကျ်ားဖိုင့်ဖိုင့်နှစ်

ယောက်·· မစ်ဇူရီတောင်ဘက်ပိုင်းမှာဖြစ်သွားတဲ့ ကလေးလူသတ်မှုတွေအကြောင်း ငြင်းခုန်နေကြတယ်။

"မိန်းမတွေလည်းရှိပါတယ်"··လိုင်ဝိုက်သ်က ခုခံတဲ့လေသံနဲ့ ပြောတယ်။

"လူသတ်မှု ဖော်ချင်တဲ့သူ အများစုကတော့ ယောကျ်ားတွေများတယ်ဗျ။ ဒါပေမယ့် ဒါကတော့ ထုံးစံပဲလေ။ Crossword အသင်းတွေကို ကြည့်ရင်လည်း ယောကျ်ားတွေပဲ ပိုများနေမှာပဲ။ ဒီကိုလာတဲ့ မိန်းမတော်တော်များများက မိတ်ဆွေရချင်လို့၊ ခင်မင်ချင်လို့ လာကြတာပါ။ အသတ်ခံရတဲ့သူတွေကို ဘယ်လိုနားလည်ကြောင်း·· သူတို့ ယောကျ်ားတွေ ဆိုရင်လည်း သူတို့ကို ဒီလိုပဲ နှိပ်စက်ကြတယ်ဆိုတဲ့အကြောင်းတွေ ပြောချင်တာပေါ့။ ကော်ဖီ သောက်မယ်။ ခတ်ပုံအဟောင်း တစ်ခုတလေ ဝယ်မယ်။ ဒါပေမယ့် မိန်းမတွေက နည်းနည်း အန္တရာယ်များတယ်ဗျ။ တချို့အမှုတွေနဲ့ ပတ်သက်ရင် သူတို့က ယောကျ်ားတွေထက်တောင် ပိုပြီး အသည်းအသန် ဖြစ်ကြတယ်"

"အင်း၊ အဲဒီလောက်ကြီးကျတော့ မကောင်းဘူးပေါ့"

ကျွန်မ ဝင်ထောက်ပေးလိုက်တယ်။ တကယ်တမ်းကျတော့ ကျွန်မလည်း အပြောနဲ့အလုပ် ညီတာမဟုတ်။

"အခုပဲကြည့်လေ။ လီဇက်စတီဖင် အမှုနဲ့ ပတ်သက်ပြီး အသည်းအသန်တွေ ဖြစ်နေကြပြန်ပြီ"

လိုင်ဝိုက်သ်က သူ့ နောက်ဘက်မှာရှိတဲ့ စားပွဲတစ်လုံးဆီကို မေးငေါ့ပြတယ်။ စားပွဲပေါ်က ကွန်ပျူတာကို အမျိုးသမီးတစ်စု ဝိုင်းအုံပြီး ကြည့်နေကြတာလည်ပင်းတွေတောင်ကိုင်းလို့။ စားပွဲနားကို ကျွန်မသွားလိုက်တယ်။ လီဇက်စတီဖင်ဆိုတဲ့ ကောင်မလေးရဲ့ အမှတ်တရ ဗီဒီယိုကို ကွန်ပျူတာနဲ့ ကြည့်နေကြတာပဲ။ လီဇက်ရဲ့ အဆောင်နေသူငယ်ချင်းတွေ၊ လီဇက်နဲ့ သူ့ရဲ့ခွေးကလေး၊ လီဇက်နဲ့ ရုပ်ချင်း ဆင်တဲ့ သူ့အစ်မ··။ လိုင်ဝိုက်သ်က ပြောတယ်။

"တွေ့လား·· ဒီမိန်းမတွေက အမှုကို ဖော်ထုတ်ဖို့ စိတ်ဝင်စားတဲ့သူတွေမှ မဟုတ်ဘဲ။ သူတို့ အခုကြည့်နေတဲ့ ဗီဒီယိုက အိမ်မှာကြည့်လည်း ရတာပဲ။ ဒီအထိ လာစုပြီး ကြည့်စရာမှ မလိုတာ"

လီဇက် ဆိုတဲ့ ကောင်မလေးပျောက်သွားတဲ့ အမှုက ရှင်းဖို့ တော်တော်ခက်မယ်။ ဘာလို့လဲဆိုတော့ ရှင်းစရာကို မရှိတာလေ။ သူ့မှာ ရည်းစားမရှိဘူး။ ယောကျ်ားမရှိဘူး၊ မတည့်တဲ့ လုပ်ဖော်ကိုင်ဘက်တွေလည်း မရှိဘူး၊ အရင်ရည်းစား

ဟောင်းတွေနဲ့လည်း အဆက်အသွယ်မရှိဘူး။ ဘာအကြောင်းပြချက်မှ မည်မည်ရရ မရှိဘဲ ဒီအတိုင်းပျောက်သွားတာ။ သူ့ရုပ်က အရမ်းချောနေတော့ လူတွေ သတိထား မိသွားတာ။ မီဒီယာတွေကလည်း ကောင်မလေးချောချော အမှုဆိုတော့ အသားပေး ချင်ကြတယ်။

'လီဇက် အိမ်အမြန်ပြန်ရောက်ပါစေ' ဆိုတဲ့ စာတန်းနဲ့ တီရှပ်တွေရောင်း နေတာလည်း တွေ့တယ်။ တစ်ထည်ကို ၂၅ ဒေါ်လာတဲ့။ အားလုံးရဲ့ အာရုံကတော့ ကွန်ပျူတာပေါ်မှာပဲ ရောက်နေကြတာပါ။ လီဇက်ရဲ့ အကြောင်းတွေ တင်ထားတဲ့ ဝက်ဘ်ဆိုက်ကို တစ်မျက်နှာပြီး တစ်မျက်နှာ လှန်ကြည့်နေကြတယ်။ ကွန်းမန့် တွေလည်း အများသား။ ကွန်းမန့်ရေးတဲ့သူတွေက စာနဲ့ ဓာတ်ပုံနဲ့ တွဲတင်ကြတော့ တချို့ပုံတွေက ကြောင်တောင်တောင်နဲ့ ဘာမှ မအပ်စပ်ဘူး။ ''လီဇက်ရေ..ချစ်တယ် နော်။ အိမ်ပြန်လာပါတော့'' ဆိုတဲ့ စာနဲ့ တွဲတင်ထားတဲ့ဓာတ်ပုံက အသက်ခပ်ကြီး ကြီး အမျိုးသမီးသုံးယောက် ပင်လယ်ကမ်းခြေမှာ မတ်တတ်ရပ်နေတဲ့ပုံ။ ''မိသားစု တစ်ခုလုံးလည်း အဆင်ပြေပါစေ။ အခက်အခဲတွေကို ကျော်လွှားနိုင်ပါစေ''ဆိုတဲ့ စာသားကိုတော့ ခွေးပေါက်စ တစ်ကောင်ရဲ့ ဓာတ်ပုံနဲ့ တွဲတင်ထားတယ်။ ဝက်ဘ် ဆိုက်ရဲ့ ပင်မ စာမျက်နှာကို ပြန်ရောက်သွားတော့ မီဒီယာတွေမှာ တစ်ချိန်လုံးတွေ့ နေရတဲ့ ဓာတ်ပုံတစ်ပုံ ပေါ်လာတယ်။ လီဇက်နဲ့ သူ့အမေ..ပါးချင်းထိအောင်အားရ ပါးရ ဖက်ထားရင်း ပြုံးပျော်နေတဲ့ ဓာတ်ပုံ။

ကျွန်မ ပခုံးတွန့်လိုက်တယ်။ လိပ်တက်လာတဲ့ မနာလိုစိတ်ကို ပြန်ဖိချ တယ်။ လီဇက်ဆိုတဲ့ မိန်းကလေးကို ကျွန်မ သိလည်းမသိဘူး။ သူ့အတွက်လည်း စိတ်ပူ မနေနိုင်ပါဘူး။ လူသတ်မှုတွေ အားလုံးထဲမှာ ဒေးမိသားစု လူသတ်မှုကိုသာ အကြီးကျယ်ဆုံး၊ အခမ်းနားဆုံး ဖြစ်စေချင်တယ်။ ကျွန်မတို့ မိသားစုရဲ့ ပြခန်းကို အကြီးဆုံး ဖြစ်စေချင်တယ်။ ဒါ..ချစ်လို့ပါ။ သေသွားတဲ့မိသားစုကို ချစ်တဲ့စိတ် ကြောင့်ပါ။ အမေ့ရဲ့ပုံရိပ်ကို ကျွန်မ ဖျတ်ခနဲမြင်ယောင်သွားတယ်။ ဆံပင်နီနီတွေကို ကျစ်ဆံမြီးကျစ်၊ နောက်ကျောမှာ ချည်ထားတဲ့ အမေ၊ ကျွန်မရဲ့ ဆောင်းတွင်းစီး ဖိနပ် တွေကို ကူပြီး ချွတ်ပေးနေတယ်။ ကျွန်မရဲ့ ခြေချောင်းတွေကို နွေးလာအောင် တစ် ချောင်းချင်းစီ ပွတ်ပေးနေတယ်။ *ခြေမလေး နွေးလာပြီ.. ဟော ခြေသန်းလေးလည်း နွေးလာပြီ..*။ အဲဒီ အမှတ်တရ ပုံရိပ်ထဲမှာ ထောပတ်လှိုင်လှိုင်သုတ်ထားတဲ့ ပေါင် မုန့်မီးကင်နံ့တွေ သင်းနေတယ်။ တကယ့် အဖြစ်အပျက်မှာ ပေါင်မုန့်ပါသလား၊ ထောပတ်ရောပါရဲ့လား..မမှတ်မိဘူး။ အဲဒီတုန်းက ကျွန်မရဲ့ခြေချောင်းတွေအပြည့်

အစုံရှိနေသေးခဲ့တာကိုပဲ မှတ်မိတယ်။

ကြောင်တစ်ကောင်လို ကျွန်မ ကြက်သီးထပြီး လှုပ်ခါသွားတယ်။

"တခြား ဘာကြည့်စရာ ကျန်သေးလဲ"

ပြခန်းတစ်ခုရဲ့ရှေ့မှာ လူတွေ ကြိတ်ကြိတ်တိုးနေတယ်။ *ဘော့ပ်ရဲ့ထူးဆန်းထွေလာ ပဒေသာဈေး*..ဆိုပဲ။ နှုတ်ခမ်းမွေးအတု အကြီးကြီး တပ်ထားတဲ့ လူတစ်ယောက် စွပ်ပြုတ်ကို ပလပ်ပလပ် မြည်အောင် သောက်ရင်း ဈေးရောင်းနေတယ်။ သူ့ နောက်က ပျဉ်ပြားချပ်ပေါ်မှာ လူအရိုးခေါင်း လေးခု စီထားတယ်။ 'နောက်ဆုံးလေးယောက်' ဆိုတဲ့ စာချိတ်ထားတယ်။ အဲဒီလူက လိုင်ဝိုက်သ်ကိုမြင်တော့ လှမ်းနှုတ်ဆက်တယ်။ ကျွန်မနဲ့ မိတ်ဆက်ပေးဖို့ ပြောတယ်။ လိုင်ဝိုက်သ်က လက်ခါပြတယ်။ ကျွန်မကို ဆွဲပြီး လူအုပ်ကြားထဲကနေ တိုးထွက်ဖို့ ကြိုးစားတယ်။ ထွက်မရဘူး ဖြစ်နေတယ်။

"ဟေး..ဘော့ပ်"..လိုင်ဝိုက်သ်ကနှုတ်ခမ်းမွေးနဲ့ဈေးသည်ကို လှမ်းနှုတ်ဆက်တယ်။

"..ဒါကလစ်ဘီဒေးတဲ့။သူ့မိသားစုကိုတော့ခင်ဗျားသိတယ်မဟုတ်လား။ ဒေး မိသားစုလေ။ ကင်နက်ကီမြို့ကလူသတ်မှုလေ"

ဘော့ပ်ဆိုတဲ့လူက စားပွဲပေါ်ကို လက်ထောက်ပြီး ရှေ့ကို ကိုင်းလာတယ်။ သူ့သွားမှာ ကပ်နေတဲ့ အစာဖတ်တွေကို မြင်နေရတယ်။

"ဟီး..မင်းသာ ယောကျ်ားလေးဆိုရင် တစ်စစီခုတ်ပြီး ငါအမှိုက်အိတ်ထဲ ထည့်လိုက်ပြီ..ဟီးဟီး.."..ပြောရင်းနဲ့ ဘော့ပ်က ရယ်တယ်။

"ဟီးဟီး..တစ်စစီ..တစ်စစီ.."

ဘော့ပ်က ကျွန်မကို လက်နဲ့ လှမ်းပြီး ပုတ်တယ်။ ကျွန်မ လန့်ပြီးနောက်ကို လန်ကျမလို ဖြစ်သွားတယ်။ ကိုယ့်ကိုယ်ကိုယ် အမြန်ထိန်းလိုက်တယ်။ အားယူတယ်။ လက်သီးဆုပ်ပြီး သူ့ကို ခုန်အုပ်လိုက်တယ်။ နှာခေါင်းကို ထိအောင် ထိုးပစ်စမ်း.. အဲဒီလူရဲ့ ပါးစပ်ထဲက အစာတွေ လွင့်ထွက်သွားအောင် ပါးကိုပိတ်ရိုက်ပစ်။ ပြီးရင် ထပ်ထိုးပစ်။ ကျွန်မ လက်သီး သူ့မျက်နှာဆီ မရောက်ခင်မှာ ဘော့ပ်က လန့်ပြီး နောက်ကို ခုန်ဆုတ်သွားတယ်။ လက်ကိုမြှောက်တယ်။ မျက်လုံးပြူးမျက်ဆန်ပြူးနဲ့ လိုင်ဝိုက်သ်ကို လှမ်းအော်တယ်။ "ဟာ..စတာပါ..နောက်တာပါဟ။ ငါကသရုပ်ဆောင်နေတာပါ"

ကျွန်မကိုကျတော့ လှည့်မကြည့်၊ အဖက်တောင် မလုပ်ဘူး။ ကလေးမို့လို့

စကားထဲ ထည့်မပြောတဲ့ ပုံစံမျိုး။ လိုင်ဝိုက်သ်ကိုပဲ ပွစိပွစိနဲ့ တောင်းပန်နေတယ်။ ကျွန်မ သူ့မေးစေ့ကို လက်သီးနဲ့လှမ်းထိုးလိုက်တယ်။ အရပ် မမီတော့ လက်သီးက တည့်တည့်မထိဘူး။ သူ့ပါးကိုထိပြီး ဖတ်ခနဲပဲ မြည်သွားတယ်။

"သေနာကြီး။ လဲသေ··အဲဒီမှာ သေလိုက်"

လိုင်ဝိုက်သ်က အခုမှ သတိဝင်လာပြီး ကျွန်မကို ဆွဲခေါ်တယ်။ သူ့ပါးစပ်ကလည်း ဘယ်သူ့ကိုမှန်း မသိ တတွတ်တွတ်တောင်းပန်တယ်။ ကျွန်မကတော့ အံကြိတ်ထားတုန်း။ လက်သီးကို ကျစ်ကျစ် ဆုပ်ထားတုန်း။ လိုင်ဝိုက်သ် ဆွဲခေါ်တဲ့နောက်ကို ပါသွားနေရင်းနဲ့ ကျွန်မ ဘော့ပ်ရဲ့ စားပွဲကို လှမ်းကန်လိုက်သေးတယ်။ စားပွဲက ယိမ်းခါသွားတယ်။ စားပွဲပေါ်မှာ တင်ထားတဲ့ ဘော့ပ်ရဲ့ စွပ်ပြုတ်ပန်းကန်အောက်ပြုတ်ကျသွားတယ်။ စားပွဲကိုပါ ကျော်တက်ပြီး ခုန်အုပ်ပစ်လိုက်ရမှာ··။ အရပ်ပုနေလို့ မျက်နှာကို ထိအောင်မထိုးနိုင်တာလောက် ရှက်စရာကောင်းတာ မရှိဘူး။ လိုင်ဝိုက်သ်က ကျွန်မကို ကလေးလို ပွေ့ခေါ်မသွားတာ တော်သေးတယ်။ မဟုတ်ရင် ခြေကားရား၊ လက်ကားရားနဲ့ ကလေးပေါက်စနလို ဖြစ်နေမှာ။ ဘော့ပ်ကို ပြန်ကြည့်လိုက်တော့ သူက လက်နှစ်ဖက်ကို တွဲလောင်းချပြီး ငူငူကြီးရပ်နေတယ်။ ကျွန်မလက်သီးနဲ့ထိထားတဲ့ သူ့မေးစေ့က ပန်းရောင်သမ်းနေတယ်။ သူ့အမူအရာက နောင်တရနေတာလား၊ စိတ်တိုနေလား မသဲကွဲဘူး။

"ကျွန်တော်တို့အသင်းက ခဏခဏ ရန်ဖြစ်နေကျ။ ခင်ဗျားရန်ဖြစ်တာက သူများနဲ့ မတူဘူးနော်၊ တစ်မျိုးပဲ။ စိတ်လျှော့ပါဗျ"··လိုင်ဝိုက်သ်က ပြောတယ်။

"ကျွန်မကို အဲဒီလို ခြိမ်းခြောက်တာမျိုး လုံးဝမကြိုက်ဘူး"

"ဘော့ပ်က··ခင်ဗျားကို တကယ်ကြီးလုပ်မလို့မဟုတ်ပါဘူး··ဒီလိုပဲ··အဲဒီ သဏ္ဍာန်တူ လုပ်ချင်တဲ့ လူတွေကိုက ပြဿနာပဲ။ ခဏနေကျရင် သူတို့ပြန်သွားပါလိမ့်မယ်။ ကျွန်တော်တို့လို အမှုတကယ်ဖော်ချင်တဲ့သူတွေပဲ ကျန်ခဲ့လိမ့်မယ်။ ကျွန်တော်တို့ ဒေး··အဖွဲ့ထဲက လူတွေကိုတော့ ခင်ဗျား သဘောကျမှာပါ"

"ဒေးအဖွဲ့လို့ ခေါ်တာလား။ ကင်နက်ကီမြို့ လူသတ်မှုအဖွဲ့လို့ ခေါ်တာ မဟုတ်ဘူးလား"

"ဟုတ်တယ် ဟုတ်တယ်။ အဲဒီလိုခေါ်တာ"

ကျပ်ပိတ် ပြွတ်သိပ်နေတဲ့ လူတွေကြားထဲကနေ တိုးထွက်ဖို့ ကြိုးစားရင်း လိုင်ဝိုက်သ်ရဲ့ ကိုယ်လုံးက ကျွန်မပေါ်ကို ပိလာတယ်။ ရှေ့ကလူရဲ့ ကျောပြင်နဲ့ ကျွန်မ မျက်နှာနဲ့ တစ်လက်မလောက်ပဲ ကွာတော့တယ်။ ခေါက်ရာတစ်ချက်မရှိဘဲ

ပြေပြန့်နေတဲ့ အဲဒီလူရဲ့ အင်္ကျီနောက်ကျောကို ကျွန်မ စိုက်ကြည့်နေမိတယ်။ ဗိုက်ပူပူနဲ့လူတစ်ယောက်က ကျွန်မနောက်ကျောက်ဘက်ကနေ အတင်းတိုးနေတယ်။

"လူတွေကတော့ အမှုအကြောင်း ပြောရင် စေတန်နတ်ဆိုးအကြောင်း မပါမဖြစ် ထည့်ပြောကြတာပဲ"·· ကျွန်မ ပြောလိုက်တယ်။ "စေတန်နောက်လိုက်များ၏ လူသတ်မှုကြီး·· ဒါမှမဟုတ် ကန်းဆက်စ်ပြည်နယ် ကင်နက်ကီမြို့လေးမှ စေတန် လူသတ်မှုကြီး··"

"သြော်·· ကျွန်တော်တို့ကတော့ စေတန်ကိုးကွယ်တာနဲ့ အဲဒီအမှုနဲ့ ပတ်သက်နေတယ်လို့ မယုံဘူးဗျ။ ဒါကြောင့် အမှုနာမည်ထဲမှာ စေတန်ဆိုတာကို ထည့်မခေါ်တော့တာ။ ဟဲလို··နည်းနည်းလောက်"·· လိုင်ဝိုက်သ်က ပြန်ဖြေနေရင်း ရှေ့ကလူတွေကို တွန်းဖယ်တယ်။

"သြော်··အဲဒီလိုလား"

ကျွန်မ မျက်လုံးတွေကို ရှေ့ကလူရဲ့ အင်္ကျီပေါ်မှာပဲ ပို့ထားလိုက်တယ်။ ခဏကြာတော့ လူနည်းနည်းရှင်းတဲ့ အခန်းထောင့်နားကို ရောက်လာတယ်။

"တခြားအဖွဲ့တွေကို လိုက်ကြည့်ချင်သေးလား"

လိုင်ဝိုက်သ်က ဘယ်ဘက်မှာရှိတဲ့ ပြခန်းအမှတ် (၃၁) ကို လက်ညှိုးထိုးပြရင်း မေးတယ်။ နှုတ်ခမ်းမွေးစစ၊ ဆံပင်ခပ်ပြတ်ပြတ်၊ ကော်လာကြယ်သီး အပြည့်တပ်ထားတဲ့ လူတစ်စု အခန်းအမှတ် (၃၁) မှာ အသံအုပ်အုပ်နဲ့ ငြင်းခုံနေကြတယ်။ "သူတို့ကတော့ တော်တော်မိုက်ပါတယ်"·· လိုင်ဝိုက်သ်က ရှင်းပြတယ်။ "သူတို့ကျတော့ လူသတ်မှုတွေကို ချိတ်ဆက်ပြီး ကိုယ့်ဘာသာကိုယ် သီအိုရီထုတ်တဲ့သူတွေလေ။ ကွင်းဆက်လူသတ်သမားတစ်ယောက်ကို ခြေရာခံမိပြီလို့ ပြောတာပဲ။ ဘာတဲ့··သူတို့ပြောပုံအရဆိုရင် မစ်ဇူရီ၊ ကန်းဆက်စ်၊ အိုကလာဟိုးမား ပြည်နယ်တွေအနံ့အပြားမှာ လူလိုက်သတ်ပေးနေတဲ့ လူသတ်သမားတစ်ယောက်ရှိနေတယ်လို့ သူတို့အဖွဲ့က သံသယဖြစ်နေတာ။ ဟို·· အကြွေးမဆပ်နိုင်လို့ သေချင်နေတဲ့သူတွေ၊ အိမ်ကြွေးမပေးနိုင်တော့တဲ့သူတွေ၊ ထွက်ပေါက်မရှိဘဲ ပြဿနာတွေကြား ပိတ်မိနေတဲ့သူတွေ··အဲဒီလို လူတွေကို ပိုက်ဆံယူပြီး လိုက်သတ်ပေးနေတဲ့လူသတ်သမားဆိုပဲ။ သူ့ကိုနာမည်တောင် ပေးထားလိုက်သေးတယ်။ 'အကြွေးတမန် လူသတ်သမားတဲ့'။ 'သေမင်းတမန်လူသတ်သမား' လိုပေါ့··သူကျတော့ အကြွေး··"

"ကိုယ့်ပိုက်ဆံကိုယ် မထိန်းသိမ်းနိုင်တဲ့ သူတွေကို လိုက်သတ်နေတာပေါ့။ အဲဒီလိုလား။ အဓိပ္ပာယ်မရှိတာ"·· ကျွန်မ မယုံနိုင်သလို နှာခေါင်းရှုံ့လိုက်တယ်။

"မဟုတ်ဘူးဗျ မဟုတ်ဘူး။ အသတ်ခံရတဲ့ လူတွေ အကုန်လုံးက အကြွေး ပတ်လည်ဝိုင်းနေတဲ့လူတွေ။ အကြွေးတွေများပေမယ့် သူတို့မှာ အသက်အာမခံတော့ ကောင်းကောင်း ရှိကြတယ်ဗျ"

ပြခန်းအမှတ် (၃၁) အဖွဲ့ဝင်တွေထဲက အသက်ခပ်ငယ်ငယ်၊ နှုတ်ခမ်းထော် ထော်နဲ့ ကောင်လေးတစ်ယောက်က ကျွန်မတို့ပြောတာတွေကို ခိုးနားထောင်နေတယ် ထင်တယ်။ လိုင်ဝိုက်သ်ဘက်ကို လှည့်ပြီး ပြောတယ်။ "အရင်လက အဲဒီလူသတ် သမား *အိုင်အိုဝါ* ဘက်မှာ ပေါ်လာသေးတယ်လို့ ကျွန်တော်တို့ ကောက်ချက်ချထား တယ်ဗျ။ လူတစ်ယောက် နှင်းလျှောစီးတဲ့ဆိုင်ကယ် မှောက်ပြီး သေသွားတာ။ အဲဒီ လူမှာ ကလေး ၄ ယောက်နဲ့၊ အိမ်အကြွေးလည်း မကျေသေးဘူး။ တိုက်ဆိုင်လွန်း မနေဘူးလား။ အချိန်ကိုက်ကြီး သေသွားတာနော်"

ကောင်လေးက ဆက်ပြောမလို့ ပါးစပ် တပြင်ပြင် လုပ်နေတယ်။ သူတို့ ပြခန်းဆီကို ကျွန်မတို့နှစ်ယောက်ကို အတင်းဆွဲခေါ်တော့မယ့်ပုံစံပဲ။ သူတို့ ရှေ့က စားပွဲပေါ်မှာ မြေပဲတွေ၊ သီဟိုဠ်စေ့တွေနဲ့ တခြား ဘာအစေ့မှန်း မသိတာတွေ ရော ပုံထားတဲ့ အပုံကြီး တစ်ပုံ။ တစ်ယောက်ပြီး တစ်ယောက် လက်တွေနဲ့ တစ်ဆုပ်ပြီး တစ်ဆုပ် ယူစားနေကြတယ်။ ပဲစေ့တွေက ကြမ်းတွေပေါ်၊ ဘောင်းဘီတွေပေါ်ကို ပြုတ်ကျလို့။ ပြခန်း ပတ်ပတ်လည်မှာ ဓယားကွက်တွေ၊ ပြက္ခဒိန်တွေ အပြည့်ချိတ် ထားတယ်။ ကျွန်မ ခေါင်းခါလိုက်တယ်။ လိုင်ဝိုက်သ်ကို ဆွဲပြီး ပြခန်းရှေ့ကနေ ထွက်လာလိုက်တယ်။ လျှောက်လမ်းဆီကို ပြန်ရောက်တော့ ကျွန်မ လက်ကနာရီကို တစ်ချက်ကြည့်လိုက်တယ်။

"ဟုတ်သားပဲ"..လိုင်ဝိုက်သ်က ပြောတယ်။ "ကြည့်စရာတွေက မကုန် နိုင်ဘူး ဖြစ်နေတာ။ လာ..ကျွန်တော်တို့ အဖွဲ့ဆီကို သွားမယ်။ ကျွန်တော်တို့အဖွဲ့ကို တွေ့ရင်တော့ ခင်ဗျား တကယ် သဘောကျသွားမှာပါ။ စောစောက ကောင်တွေလို ကြောင်တောင်တောင်တွေ မဟုတ်ဘူးလေ။ ဟော..ဟိုမှာ ရောက်တောင်ရောက်နေ ကြပြီ"

အခန်းထောင့်မှာရှိတဲ့ သပ်သပ်ရပ်ရပ် ပြင်ထားတဲ့ ပြခန်းတစ်ခုဆီကို လိုင် ဝိုက်သ်က လက်ညှိုးထိုးပြတယ်။ ဆံပင်ပွပွ၊ ဝဝတုတ်တုတ် အမျိုးသမီးတစ်ယောက် လက်ထဲမှာ ကော်ဖီခွက် ခပ်ကြီးကြီးတစ်ခွက်ကိုကိုင်ရင်း ပြခန်းထဲမှာထိုင်နေတယ်။ သက်လတ်ပိုင်း ယောကျာ်းနှစ်ယောက်က ပြခန်းရှေ့မှာ ရပ်ရင်း အခန်းပတ်လည်ကို ကြည့်နေတယ်။ ရဲဝန်ထမ်းဟောင်းတွေလို့ ထင်ရတာပဲ။ သူတို့နောက်ကစားပွဲမှာကျ

တော့ အသက်ကြီးကြီး နှဖူးပြောင်ပြောင်နဲ့ အဘိုးကြီးတစ်ယောက် မှတ်စုစာအုပ်တစ်အုပ်နဲ့ အလုပ်ရှုပ်နေတယ်။ အဘိုးကြီးနောက်မှာရပ်နေတဲ့ ကောလိပ်ကျောင်းသားပုံစံနဲ့ ကောင်လေးတစ်ယောက်က အဘိုးကြီးရဲ့ ပခုံးကိုကျော်ပြီး စာတွေကို လှမ်းဖတ်နေတယ်။ ပြခန်း နောက်ဘက်ထဲမှာလည်း လူတစ်စုရှိသေးတယ်။ ဖိုင်တွဲတွေ၊ စာရွက်တွေကို ဟိုလှန်ဒီလှန် လုပ်နေကြတယ်။

"တွေ့လား မိန်းကလေးတွေလည်း လာကြပါတယ်ဗျ"..လိုင်ဝိုက်သ်က ဆံပင်ထိုးထိုးထောင်ထောင်နဲ့ ဝတုတ်မကြီးကို လက်ညှိုးထိုးပြရင်း ကျေနပ်သွားတဲ့ လေသံနဲ့ပြောတယ်။ "..ဒီအတိုင်းပဲ ဝင်သွားမလား။ ဒါမှမဟုတ် ခဏစောင့်ပြီး ကျွန်တော် လှမ်းခေါ်မှ ဝင်လာမလား"

"ဒီအတိုင်းပဲ ကောင်းပါတယ်"

"ကျွန်တော်တို့ အဖွဲ့က တကယ့် ဉာဏ်ကောင်းတဲ့ သူတွေချည်းပဲ စုပြီး ဖွဲ့ထားတာဗျ။ တကယ့် ပရိသတ်တွေ။ ခင်ဗျား သဘောကျမှာ။ သူတို့ဆီကနေပြီး ခင်ဗျား မသိသေးတာတွေတောင် သိရင်သိသွားမှာ"

လိုင်ဝိုက်သ်နောက်ကနေ ကျွန်မ ကုပ်ချောင်းချောင်းနဲ့လိုက်သွားလိုက်တယ်။ ဝတုတ်မကြီးက ကျွန်မကို မျက်လုံးမှေးပြီး မော့ကြည့်တယ်။ ပြီးမှ မျက်လုံးကို ပြူးပြီး ကြည့်တယ်။ သူ့လက်ထဲမှာ ဖိုင်တွဲတစ်တွဲ ကိုင်ထားတယ်။ ဖိုင်တွဲပေါ်မှာ ကပ်ထားတာက ကျွန်မရဲ့ ဓာတ်ပုံ။ ကျောင်းပြီးခါစတုန်းက ဓာတ်ပုံပါ။ ပုံထဲက ကျွန်မရဲ့လည်ပင်းမှာ လက်ဆောင်ရထားတဲ့ ရွှေရောင် အသည်းပုံ လော့ကတ်သီး တစ်ခု ဆွဲထားတယ်။ ဝတုတ်မကြီးက ကျွန်မကို ဖိုင်တွဲကို လှမ်းပေးတော့မယ့်ပုံနဲ့ လက်လှမ်းတယ်။ ကျွန်မ မသိချင်ယောင်ပဲ ဆောင်နေလိုက်တယ်။ ကျွန်မရဲ့ဓာတ်ပုံပေါ်မှာ မကောင်းဆိုးဝါး ဦးချိုနှစ်ခုကို ဘောပင်နဲ့ ထည့်ဆွဲထားတာပဲ..။

လိုင်ဝိုက်သ်က ကျွန်မ ပခုံးပေါ်ကို လက်မောင်းတင်တယ်။ ချက်ချင်းပဲ သူ့လက်ကို ပြန်ရုပ်သွားတယ်။ "အားလုံး မင်္ဂလာပါဗျ။ ကျွန်တော်တို့ရဲ့ အထူးဧည့်သည်တော် ရောက်လာပါပြီ။ ဒီနှစ်'လူသတ်အသင်း'တွေ့ဆုံပွဲရဲ့ စူပါစတားလို့တောင် ပြောရမယ်ထင်တယ်။ သူ့နာမည်က.. လစ်ဘီဒေးပါ"

မျက်ခုံးတချို့.. ပင့်တက်သွားကြတယ်။ တချို့က အသိအမှတ်ပြုတဲ့ပုံစံနဲ့ ခေါင်းညိတ်ကြတယ်။ ရဲဝန်ထမ်းယောင်းလို့ ထင်ရတဲ့ လူနှစ်ယောက်ထဲက တစ်ယောက်က "ဟာ..တကယ်ကြီးဟ" ဆိုပြီး အသံထွက်လာတယ်။ လိုင်ဝိုက်သ်ကို လက်ဝါးချင်းရိုက်ဖို့ သူ့လက်က မြောက်တက်လာတယ်။ ပြီးမှ သတိရသွားပြီး

မြောက်တက်လာတဲ့လက်က လေထဲမှာ တန့်သွားတော့ နာဇီတွေ အလေးပြုသလို ကိုးလိုးကန့်လန့် ဖြစ်နေတယ်။ စာရေးနေတဲ့ အဘိုးကြီးက ကျွန်မကို တစ်ချက်ပဲ ကြည့်ပြီး မျက်လုံး ပြန်လွှဲသွားတယ်။ မှတ်စုစာအုပ်ဘက်ကို အာရုံပြန်ရောက်သွားပုံပဲ။ *ငါ..မိန့်ခွန်းတွေ ဘာတွေများ ပြောရတော့မှာလား*..ဆိုပြီး ကျွန်မ ခဏတော့ စိတ်ပူမိသွားတယ်။ နောက်ဆုံးမှာတော့ ဟဲလို..လို့ပဲ မပွင့်တပွင့် ပြောပြီး စားပွဲနားမှာ သွားထိုင်လိုက်တယ်။

ပြခန်းထဲက လူတွေက ကျွန်မကို နှုတ်ဆက်ကြတယ်။ မေးခွန်းတွေမေးကြတယ်။ ပုံမှန် မေးခွန်းတွေပါပဲ။ ကျွန်မရဲ့ အဖြေတွေကလည်း ဖြေနေကျအတိုင်းပဲ။ *ဟုတ်ပါတယ်၊ ကျွန်မ ကန်းဆက်စ်စီးတီးမှာ နေနေပါတယ်။ ဟင့်အင်း.. ကျွန်မမှာ အခု အလုပ်မရှိသေးပါဘူး။ အလုပ်ရှာနေဆဲပါ။ ဟင့်အင်း.. ဘန်နဲ့ ကျွန်မ အဆက်အသွယ် မရှိပါဘူး။ ဟုတ်တယ်ဘန်က ကျွန်မဆီကို နှစ်တိုင်း စာတွေရေးပို့ပါတယ်။ ဒါပေမယ့် ကျွန်မ တစ်စောင်မှ ဖွင့်မဖတ်ဘဲ အမှိုက်တောင်းထဲ ပစ်ထည့်ခဲ့ပါတယ်။ ဟင့်အင်း.. စာထဲမှာ ဘာတွေရေးထားသလဲ ကျွန်မစိတ်မဝင်စားပါဘူး။ ဟုတ်ကဲ့.. ဘန်ပို့ထားတဲ့ စာတွေကို ကျွန်မ ပြန်ရောင်းပါ့မယ်..။*

"အိုကေ.."..လိုင်ဝိုက်သ်က အစီအစဉ်ကြေညာတဲ့ အသံမျိုးနဲ့ စကားစတွေကို ဖြတ်ချလိုက်တယ်။ "..အိုကေ အားလုံးပဲ။ ဒေးမိသားစု လူသတ်မှုကြီးရဲ့ အဓိက မျက်မြင်သက်သေကတော့ ကျွန်တော်တို့ ရှေ့မှာ ရောက်နေပြီ။ အဲဒီတော့ စကားစမြည်တွေ ပြောနေမယ့်အစား တကယ့်မေးခွန်းတွေ မေးလိုက်ကြရအောင်"

"ဒါဆို ငါအရင်မေးမယ်".. ရဲဝန်ထမ်းဟောင်းလို့ ထင်ရတဲ့သူက ပြောရင်းနဲ့ နှုတ်ခမ်းကို တစ်ခြမ်းရွဲ့ပြီး ပြုံးတယ်။ ထိုင်ခုံပေါ်မှာ ထိုင်နေရင်း ကျွန်မဘက်ကို ကိုယ်ကိုလှည့်တယ်။ "..မင်း စိတ်မဆိုးဘူးဆိုရင်ပေါ့"

ရပါတယ်..လို့ ကျွန်မ ပြန်ပြောလိုက်တယ်။

"မင်းမိသားစုကို သတ်တာ ဘန်ဒေးဖြစ်ပါတယ်လို့ ထွက်ဆိုခဲ့တာ ဘာဖြစ်လို့လဲ"

"သူသတ်တာပဲလေ"..ကျွန်မ ပြန်ဖြေလိုက်တယ်။ "အဲဒီညက ကျွန်မ အိမ်ထဲမှာ ရှိနေခဲ့တာလေ"

"မဟုတ်သေးဘူး။ မင်းက ပုန်းနေခဲ့တာလေ။ မင်းမျက်စိနဲ့ တပ်အပ်မြင်တယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မင်းသာ လူသတ်သမားကို တကယ်မြင်ခဲ့မယ်ဆိုရင် မင်းလည်း အသတ်ခံရမှာပဲ"

"ကျွန်မမြင်ခဲ့တာ ကျွန်မပဲသိတယ်".. ကျွန်မ ပြောနေကျအတိုင်း၊ ရှင်းပြနေကျ အတိုင်း စကားစလိုက်တယ်။

"လုံးဝ မဖြစ်နိုင်ဘူး။ သူတို့လိုချင်တဲ့ အဖြေကို မင်းဆီကနေ နှိုက်ထုတ်သွားတာ။ မင်းကလည်း အသက်ငယ်သေးတော့ သူတို့စကားကို နားယောင်သွားတာ။ ရဲဘက်က ဆွဲချအဖွဲ့က မင်းကို ထင်သလို လှည့်သွားတာ။ ဖမ်းလို့အလွယ်ဆုံး တရားခံကို လက်ညှိုးထိုးခိုင်းသွားတာ။ အပင်ပန်းမခံချင်လို့၊ တကယ့်လူသတ်သမားကို လိုက်မဖမ်းချင်တော့လို့ အနီးဆုံးလူကို ဆွဲထည့်သွားတာ"

"ကျွန်မကိုယ်တိုင် အိမ်ထဲမှာ ရှိနေခဲ့တာ.."

"ဟုတ်လား။ ဒါဆိုရင် မင်းအမေကို ပစ်သတ်သွားတဲ့ သေနတ်သံတွေကျတော့ရော.. ဘယ်လိုရှင်းပြမလဲ"..အဲဒီလူက မေးခွန်းတွေကို တူနဲ့ နှက်သလို တရစပ်မေးတယ်။ ထိုင်နေရင်း သူ့ကိုယ်လုံးက ရှေ့ကိုကိုင်းလာတယ်။ "ပြီးတော့ ဘန်ဒေးရဲ့ လက်မှာလည်း ယမ်းငွေ့လက်ကျန်အစအနတွေ ဘာမှ မတွေ့ရဘူး"

"နေဦး..နေဦး".. အဘိုးကြီးက ဝင်ပြီးတားတယ်။ သူ့ရဲ့ အကြောပြိုင်းပြိုင်း လက်ချောင်းတုတ်တုတ်တွေကို လေထဲမှာ ယမ်းတယ်။ "အရေးကြီးတဲ့အချက်အလက်တွေကို အရင်ဆုံး ချပြရမယ်လေ။ နည်းနဲ့ စနစ်နဲ့ လုပ်မှပေါ့။ မဟုတ်ရင်အင်တာနက်ပေါ်မှာ ငြင်းခုံနေကြတဲ့သူတွေလို တောင်စဉ်ရေမရတွေ လျှောက်ပြောရင်း အချိန်ကုန်သွားလိမ့်မယ်။ ဒီလို အဓိကသက်သေမျိုး ကိုယ့်ရှေ့မှာ ရောက်လာတဲ့အခါ ကျုပ်တို့အားလုံး သိထားတဲ့အချက်တွေကို အရင်တိုက်စစ်ဖို့ မလိုဘူးလား။ ဟုတ်တယ်မဟုတ်လား"

အသက်အကြီးဆုံးမို့လို့ထင်တယ်၊ သူပြောတာကို ဘယ်သူမှ မကန့်ကွက်ကြဘူး။ အဘိုးကြီးက နှုတ်ခမ်းကို လျှာနဲ့အသာသပ်တယ်။ ဘိုင်ဖိုကယ်မျက်မှန်ကို ကျော်ပြီး လူအုပ်ကို ကြည့်တယ်။ ချောင်းဟန့်တယ်။ ဩဇာအာဏာညောင်းမယ့်ပုံပါပဲ။ ဒါပေမယ့် သူ့ကြည့်ရတာ နည်းနည်းတော့ လွတ်နေတယ်ထင်တယ်။ အိမ်မှာ တစ်ယောက်တည်း ထိုင်ပြီး သံဘူးထဲက သစ်သီးတွေ ထိုင်စား၊ သကြားရည်တွေကို လျှာနဲ့လျက်နေမယ့် လူမျိုး။ အဘိုးကြီးက သူ့ရဲ့မှတ်စုစာအုပ်ထဲက စာတွေကိုဖတ်ပြီး တစ်ချက်ချင်း ရွတ်တယ်။

"အရေးကြီးအချက် - ၁၉၈၅ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ မနက် ၂ နာရီလောက် အချိန်မှာ ကန်းဆက်စ်ပြည်နယ် ကင်နက်ကီမြို့ မှာ နေထိုင်ကြတဲ့ ဒေးမိသားစုဝင်သုံးယောက်ဟာ သူတို့ရဲ့အိမ်ထဲမှာပဲ လူတစ်ယောက် (သို့မဟုတ်)

လူအများရဲ့ သတ်ဖြတ်ခြင်းကို ခံခဲ့ရတယ်။ သေသွားတဲ့ သူတွေကတော့ မီရှယ်ဒေး၊ အသက် ၁၀ နှစ်။ ဒက်ဘီဒေး၊ အသက် ၉ နှစ်·· ပြီးတော့ သူတို့ရဲ့ မိခင်ဖြစ်သူ ပက်တီဒေး၊ အသက် ၃၂ နှစ်တို့ ဖြစ်ကြတယ်။ မီရှယ်ဒေးက လည်ပင်းညှစ် သတ်ခံရတယ်။ ဒက်ဘီဒေးကျတော့ ပုဆိန်နဲ့ ခုတ်သတ်ခံရတယ်။ ပက်တီဒေးရဲ့ အလောင်းမှာတော့ နှစ်လုံးပြူး ကျည်ဆန်ဒဏ်ရာ နှစ်ချက်အပြင် ပုဆိန်ခုတ်ရာတွေနဲ့ အမဲလိုက်ဓားမြှောင်နဲ့ထိုးသွင်းထားတဲ့ ဒဏ်ရာတွေကိုပါတွေ့ရတယ်''

ကျွန်မရဲ့ နားတွေ ထူပူလာတယ်။ ဒါတွေ ကြားရတာ ပထမဆုံးအကြိမ်မှ မဟုတ်ဘဲ··နင် ဘာဖြစ်နေတာလဲ ဆိုပြီး ကိုယ့်ကိုယ်ကိုယ် အားပေးရတယ်။ ဒီလို အသေးစိတ်ရှင်းပြတာတွေကို ကြားတိုင်း ကျွန်မ မကြားချင်ယောင် ဆောင်နေခဲ့တာ။ ဦးနှောက်ထဲကို ဖြတ်ဆင်းသွားပြီး နားထဲကနေ ပြန်ထွက်သွားအောင် မသိကျိုးကျွန် ပြုနေခဲ့တာ။ သတင်းဆိုးတစ်ခု ကြားလိုက်ရတဲ့ ကင်ဆာဝေဒနာရှင်တစ်ယောက်လို မျိုးပေါ့။ ဆရာဝန် ပြောပြနေတာတွေကို ဘာမှ နားမလည်ပေမယ့် မကောင်းတဲ့ သတင်းမှန်းတော့ သိနေတာမျိုးလေ။

''အရေးကြီးအချက်''·· အဘိုးကြီးက ဆက်ပြောနေတယ်။ ''အငယ်ဆုံး သမီးဖြစ်သူ လစ်ဘီဒေး၊ အသက် ၇ နှစ်၊ သူလည်း အဲဒီအချိန်မှာ အိမ်ထဲမှာ ရှိနေခဲ့တယ်။ သူ့အမေရဲ့ အိပ်ခန်းရဲ့ ပြတင်းပေါက်ကို ကျော်ဆင်းပြီး လူသတ်သမား (သို့မဟုတ်) လူသတ်သမားတွေရဲ့ လက်ကနေ လွတ်သွားခဲ့တယ်··

''··အရေးကြီးအချက်- သားအကြီးဆုံး ဖြစ်တဲ့ ဘန်ဒေး၊ အသက် ၁၅ နှစ်။ သူက အဲဒီညမှာ အိမ်နီးချင်းအိမ်ရဲ့ နွားခြံထဲမှာ အိပ်ပျော်နေခဲ့တယ်လို့ ထွက်ဆို ခဲ့တယ်။ အဲဒီနေ့ မတိုင်ခင် တစ်ရက်မှာ သူ့အမေနဲ့ စကားများထားလို့ အိမ်ပြန်မအိပ်ခဲ့ ဘူးလို့ ပြောတယ်။ ဘန်ဒေး အဲဒီညက အိမ်ထဲမှာရှိမနေခဲ့ဘူးဆိုတဲ့ သက်သေဆိုလို့ ဘန်ဒေးပြောတဲ့ စကားတွေပဲ ရှိတယ်။ တခြား အလီဘိုင် မရှိဘူး။ ဒါ့အပြင် ရဲ တွေနဲ့ စကားပြောဆိုတဲ့အခါမှာလည်း ဘန်ဒေးရဲ့ ပြောဆိုဆက်ဆံပုံတွေက မူမမှန် ဘူး။ သံသယဖြစ်စရာ ဖြစ်နေခဲ့တယ်။ ဒါ့အပြင်·· ဘန်ဒေးဟာ စေတန်နတ်ဆိုးကို ကိုးကွယ်တဲ့ အဖွဲ့တွေနဲ့လည်း ဖက်လဲတကင်း လုပ်နေခဲ့တယ်ဆိုတဲ့ ကောလာဟလ တွေကို ပတ်ဝန်းကျင်ကတစ်ဆင့် ကြားသိရတယ်။ ဒါကြောင့် ဘန်ဒေးကို ချက် ချင်းဆိုသလိုပဲ ဖမ်းချုပ်ပြီး ပြစ်ဒဏ် ချမှတ်ခဲ့တယ်။ အိမ်ထဲက နံရံတွေမှာ စေတန် ကိုးကွယ်မှုသင်္ကေတတွေကိုသွေးနဲ့ရေးထားတာကိုလည်း တွေ့ရတယ်။ သွေးတွေက တခြားသူရဲ့ သွေးမဟုတ်ဘူး။ သူ့အမေအရင်းဖြစ်တဲ့ ပက်တီဒေးရဲ့ သွေးတွေနဲ့ရေး

ထားတာ··"

အဘိုးကြီးက လူပိုစိတ်ဝင်စားအောင် စကားစကို ခဏရပ်လိုက်တယ်။ နားထောင်နေတဲ့ ပရိသတ်ကို တစ်ချက် ဝေ့ကြည့်တယ်။ မှတ်စုကို ဆက်ဖတ်တယ်။

"ဒီ့ထက်ဆိုးတာက မသေဘဲ ကျန်ခဲ့တဲ့ လစ်ဘီဒေးကိုယ်တိုင်က ဘန်ဒေး လူသတ်မှု ကျူးလွန်နေတာကို မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ပါတယ်ဆိုပြီး ထွက်ဆိုသွားတာပဲ။ လစ်ဘီဒေးရဲ့ အသက်အရွယ် ငယ်ရွယ်လွန်းနေမှုတွေ၊ ဇဝေဇဝါဖြစ်နေမှုတွေ ရှိနေပေမယ့် တရားရုံးက ဘန်ဒေးကို လူသတ်မှုနဲ့ ပြစ်ဒဏ်ချမှတ်လိုက်တယ်။ တခြား လက်ဆုပ်လက်ကိုင် ပြလို့ရတဲ့ သက်သေ စိုးစဉ်းမျှ မရှိပေမယ့် ဘန်ဒေး အပေါ် ချမှတ်ခဲ့တဲ့ စီရင်ချက်က ပြောင်းမသွားခဲ့ဘူး။ လူသတ်မှုပဲ။ ဒီအမှုနဲ့ပတ် သက်ပြီး ကျုပ်တို့ တခြား ဆွေးနွေးစရာတွေကို ဆက်ပြီး ဆွေးနွေးလို့ရပြီ။ ကျုပ်တို့ အားလုံး တညီတညွတ်တည်း သဘောတူလို့ရတာတစ်ခုတော့ ရှိတယ်လို့ထင်တယ်။ အဲဒါက ဘာလဲဆိုတော့ ၁၉၈၅၊ ဇန်နဝါရီ ၂ ရက်နေ့မှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက် တွေဟာ ဒီလူသတ်မှုရဲ့ မြစ်ဖျားခံရာ ဖြစ်တယ်ဆိုတာပဲ။ တစ်ရက်တည်းနဲ့ အားလုံး မှားကုန်တာ။ အဲဒီနေ့ မနက် ဒေးမိသားစု အိပ်ရာနိုးလာတော့ ခါတိုင်းနေ့တွေလိုပဲ ပုံမှန်ပဲ မဟုတ်လား။ ဒီတော့ ၂ ရက်နေ့ ည၊ ၃ ရက်နေ့မနက် မတိုင်ခင် စပ်ကြား အချိန်မှာ တစ်ခုခု အကြီးကြီး လွဲသွားတာတော့ သေချာတယ်"

သူ့ရဲ့ ဖိုင်တွဲထဲကနေ မှုခင်းဓာတ်ပုံတစ်ပုံ လျှောကျလာတယ်။ ဓာတ်ပုံထဲ မှာ သွေးသံရဲရဲ ဖြစ်နေတဲ့ ခြေထောက် တုတ်တုတ်လေးတစ်ချောင်း။ မရမ်းရောင် ဂါဝန်လေးကို တစ်စွန်းတစ်စ မြင်နေရတယ်။ ဒက်ဘီ··။ ကျွန်မ လှမ်းကြည့်နေတာ ကို မြင်တော့ သူက ဓာတ်ပုံကို ဖိုင်တွဲထဲကို ပြန်တွန်းထည့်လိုက်တယ်။ ကျွန်မနဲ့ မဆိုင်ဘူးဆိုတဲ့ ပုံစံနဲ့··။

"ကျွန်မ ထင်တာကတော့·· အားလုံး ထင်နေကြတာကတော့ သူတို့အဖေ ရန်နာဒေး လက်ချက်ပဲ နေမှာ"·· ဝတုတ်မကြီးက သူ့လက်ပွေ့အိတ်ကို မွှေနေရင်း ဝင်ပြောတယ်။ အိတ်ထဲကနေ တစ်သျှူးစတွေ အထပ်လိုက် ထိုးထွက်နေတယ်။

အဖေ့နာမည်ကို ကြားလိုက်ရတော့ ကျွန်မ ရုတ်ခနဲ သတိဝင်သွားတယ်။ ရန်နာဒေး··ဆိုတဲ့ သိပ်စိတ်ပျက်ဖို့ ကောင်းတဲ့လူ။ အဖေ··။

"ဟုတ်တယ် မဟုတ်လား"·· ဝတုတ်မကြီးက ဆက်ပြောတယ်။ "သူ့ မိန်းမဆီကို တစ်ချိန်လုံးလာပြီး အနိုင်ကျင့်ပြီး ပိုက်ဆံပဲတောင်းနေတာလေ။ ထုံးစံ အတိုင်း တစ်ပြားမှ မရတော့ စိတ်ဆိုးပြီး သတ်ပစ်တာနေမှာပေါ့။ ပြီးတော့ အဲဒီ

ရန်နာဒေး ဆိုတဲ့ လူက ရှုးလည်း ရှုးနေသေးတယ်။ ဟုတ်တယ်မဟုတ်လား"

ဝတုတ်မကြီးက အိတ်ထဲကနေ အက်စ်ပရင် ဆေးပြားပုလင်းကို နှိုက်ထုတ်တယ်။ ဆေးပြားနှစ်ပြားကို ခေါက်ချပြီး ပါးစပ်ထဲ ပစ်ထည့်တယ်။ ရုပ်ရှင်ထဲက လူတွေ ဆေးသောက်တဲ့ ပုံစံမျိုးလေ။ ခေါင်းကို ဆတ်ခနဲ နောက်ကိုလှန်လိုက်သေးတယ်။ ပြီးတော့မှ ကျွန်မဘက်ကို ထောက်ခံချက် တောင်းသလို လှမ်းကြည့်တယ်။

"အင်း‥ ရှုးနေတယ်လို့ ထင်တာပဲ။ ကျွန်မကိုယ်တိုင်လည်း သူ့ကို သိပ်မမှတ်မိဘူး။ ကျွန်မ နှစ်နှစ် သမီးလောက်ကတည်းက အမေနဲ့သူနဲ့ ကွဲသွားတာလေ။ အဲဒါပြီးတော့ အဆက်အသွယ် မရှိသလောက်ပဲ။ တစ်နေ့တော့ ကျွန်မတို့နဲ့ လာနေသွားတယ်။ လူသတ်မှု မဖြစ်ခင် နွေရာသီပေါ့။ ဒါပေမယ့်‥"

"ရန်နာဒေး အခု ဘယ်ရောက်နေလဲ"

"ကျွန်မ မသိဘူး"

ဝတုတ်မကြီးက စိတ်ပျက်သလို မျက်လုံးကို လှန်တင်လိုက်တယ်။

"ဒါနဲ့ ဟို လူကောင်ကြီးကြီး ဖိနပ်ရာတွေ တွေ့တယ်ဆိုတာကရော ဘာသဘောလဲဗျ"‥ နောက်ဘက်ကလူတစ်ယောက်ကလှမ်းမေးတယ်။ "စတိုင်ပင်နဲ့ တွဲဝတ်တဲ့ ဖိနပ်ရာတွေ အိမ်ထဲမှာ တွေ့တယ်ဆို။ ဖိနပ်ရာတွေမှာ သွေးလည်းစွန်းနေသေးတယ်။ ဒေးမိသားစုထဲမှာ စတိုင်ပဲင်နဲ ဖိနပ်ဝတ်တဲ့သူ ရှိမှ မရှိဘဲ‥"

"ရဲတွေက ဘာမှ အသေးစိတ် ရှင်းမပြခဲ့ဘူး"‥ အဘိုးကြီးကရှင်းပြတယ်။

"ဟို‥ ဘယ်သူ့သွေးမှန်းမသိတဲ့ သွေးကွက်လည်း ရှိသေးတယ်လေ"‥ လိုင်ဝိုက်သ်က ဝင်ပြောရင်း ကျွန်မဘက်ကို လှည့်ကြည့်တယ်။ "မီရှယ်ဒေးရဲ့ အိပ်ရာခင်းမှာ ပေနေတဲ့ သွေးကွက်တစ်ကွက်တွေ့သေးတယ်လေ။ ဒေးမိသားစုထဲက လူတွေရဲ့ သွေးမဟုတ်ဘူး။ ဒါပေမယ့် အိပ်ရာခင်းတွေက အဟောင်းဆိုင်ကပြန်ဝယ်ထားတာ ဖြစ်နေတော့ သွေးကွက်ကလည်း ဘယ်သူ့ သွေးမဆို ဖြစ်နိုင်တယ်တဲ့"

ဟုတ်ပါတယ်။ ဒေးမိသားစုရဲ့ အိမ်ထဲမှာ အဟောင်းဆိုင်က ပစ္စည်းတွေ မနည်းမနောပါပဲ။ ဆိုဖာ၊ တီဗွီ၊ မီးအိမ်တွေ၊ ဂျင်းဘောင်းဘီတွေ‥ ခန်းစီးတွေက အစ အကုန်လုံး အဟောင်းဆိုင်ကပဲ။

"ရန်နာဒေးကို ဘယ်လို ဆက်သွယ်ရမလဲ၊ အစ်မသိလား"‥အသက်ငယ်ငယ်နဲ့ ကောင်လေးက မေးတယ်။ "တွေ့ရင် သူ့ကိုမေးချင်တာလေးတွေ ရှိလို့။ အစ်မ မေးပေးပါလား"

"ဘန့်ရဲ့ သူငယ်ချင်းတွေ အခုရှိနေသေးတယ်ဆိုရင် သူတို့ကိုလည်း မေး

မြန်းကြည့်သင့်တယ်လို့ ကျုပ်ကတော့ ထင်တယ်။ ကင်နက်ကီက လူတွေနဲ့ မင်းနဲ့ အဆက်အသွယ်ရှိသေးလား''.. အဘိုးကြီးက မေးတယ်။

ရန်နာဒေးရဲ့ လောင်းကစားဝါသနာ၊ ဘန်ဒေးရဲ့ သူငယ်ချင်းတွေ၊ ပြီးတော့ ရဲတွေရဲ့ လုပ်ဆောင်မှု ညံ့ဖျင်းပုံတွေကို ငြင်းခုံဆွေးနွေးကြတဲ့ အသံတွေ လူအုပ်ထဲကနေ ထွက်လာတယ်။

''နေပါဦး''.. ကျွန်မ အော်လိုက်တယ်။ ''ဘန်ဒေးကို ထည့်မတွက်တော့ဘူးလား။ သူ့ကျတော့ လုံးဝ အပြစ်မရှိဘူးလို့ ထင်နေကြတာလား''

''အောင်မလေး.. ဘန်ဒေးဆိုတာ တကယ် မတရားခံရတာပါ''..ဝတုတ်မကြီးက ပြန်အော်တယ်။ ''နင်လည်း မသိတာ မဟုတ်ပါဘူး။ မညာစမ်းပါနဲ့။ နင့်အဖေကို ကာကွယ်ပေးချင်နေလို့ မသိချင်ယောင်ဆောင်နေတာလား။ ဒါမှမဟုတ် အဲဒီတုန်းက မတရားထွက်ဆိုချက်တွေ လျှောက်ပေးခဲ့လို့ အခုမှ ရှက်နေတာလား''

အဲဒီ ဝတုတ်မကြီးကို ကျွန်မစိုက်ကြည့်လိုက်တယ်။ သူ့ဆံပင်မှာ ကြက်ဥအနှစ် တစ်ဖတ် ကပ်နေတယ်။ ဘယ်လိုဟာမျိုးပါလိမ့်။ ညသန်းခေါင်ကြီး ကြက်ဥတွေ စားနေတာလား။ ဒါမှမဟုတ် မနက်ကတည်းက ကပ်နေတာလား။

''ဒီက ညီမ *မက်ဒါ* က ဒေးမိသားစုအမှုကို စိတ်ဝင်တစား လေ့လာနေတာကြာလှပြီ။ မင်းရဲ့ အစ်ကို ဘန်ဒေးကို ပြန်လွှတ်ပေးဖို့ တောင်းဆိုခဲ့တဲ့သူတွေထဲမှာ သူက ထိပ်ဆုံးကပါခဲ့တာလေ''..အဘိုးကြီးက ဆရာကြီးလေသံနဲ့ ဝင်ရှင်းပြတယ်။

''ဘန်ဒေးက သိပ်တော်တဲ့သူ။ သိပ်ထက်တဲ့သူ''..မက်ဒါဆိုတဲ့ ဝတုတ်မကြီးက ကျွန်မကို မေးငေါ့ပြရင်း ပြောတယ်။ ''ကဗျာတွေ သီချင်းတွေလည်းရေးတတ်သေးတယ်။ နင့်အစ်ကိုက ငါတို့အတွက် တကယ့်ကို မျှော်လင့်ချက် ခွန်အားတစ်ခုပဲ။ လစ်ဘီ..နင်လေ နင့်အစ်ကိုနဲ့ သွားတွေ့သင့်တယ်။ တကယ်ပြောတာ''

မက်ဒါက စားပွဲပေါ်မှာ တင်ထားတဲ့ သူ့ရဲ့ဖိုင်တွဲတွေကို တစ်ခုချင်းလက်နဲ့ ပွတ်နေတယ်။ ဒေးမိသားစုဝင် တစ်ယောက်အတွက် ဖိုင်တွဲတစ်ခုစီ လုပ်ထားတယ်။ အထူဆုံး ဖိုင်တွဲရဲ့ အဖုံးမှာ ဘန့်ရဲ့ ဓာတ်ပုံတွေနဲ့ပြည့်နေတယ်။ ဘန်ငယ်ငယ်တုန်းက ဓာတ်ပုံ.. ဆံပင်နီနီနဲ့.. လက်ထဲမှာ ဖုံးကြဲလေယာဉ် အရုပ်ကို ကိုင်လို့။ ပြီးတော့ ဘန်..အဖမ်းခံရပြီးခါစတုန်းက ဓာတ်ပုံ။ ဆံပင် အနက်ဆိုးထားတယ်။ မျက်နှာမှာ ကြောက်စိတ်တွေ ပြည့်နေတယ်။ ဘန့်ရဲ့.. အခုအချိန် ဓာတ်ပုံမှာတော့ သူ့ဆံပင်တွေက ပြန်နီသွားပြီ။ စာကြမ်းပိုးတစ်ယောက်ပုံစံဖြစ်နေပြီ။ ပါးစပ်က စကားပြောတော့ မယောင် တစ်ဝက်ဟလို့။ ဘန့်ရဲ့ ဖိုင်တွဲဘေးမှာ ဒက်ဘီရဲ့ ဖိုင်တွဲရှိနေတယ်။

ဓာတ်ပုံက တစ်ပုံတည်း‥။ ဟောလိဝင်းတုန်းက ဂျစ်ပစီ အဘွားကြီးပုံစံ ဝတ်ပြီးရိုက်ထားတဲ့ ဓာတ်ပုံ။ ပါးနီနီ၊ နှုတ်ခမ်းနီနီ၊ သူ့ရဲ့ ဆံပင်အညိုရောင်တွေကို အမေ့ရဲ့ မာဖလာအနီနဲ့ စည်းပေးထားတယ်။ လူကြီးပုံစံနဲ့ ခါးကို တစ်ဖက်စောင်းထားသေးတယ်။ ဒက်ဘီ့ရဲ့ ညာဘက်ဘေးမှာ‥ ဓာတ်ပုံထဲမှာ တစ်ဝက်တစ်ပျက်ပဲ ပါလာတဲ့ ကျွန်မရဲ့ မှဲ့ခြောက်အပြည့်နဲ့လက်မောင်းလေး။ ဒက်ဘီ့ကို လှမ်းကိုင်မလို့ ကြိုးစားနေတာ‥။ အဲဒီ ဓာတ်ပုံ သတင်းစာတွေထဲ ဘယ်လိုပါသွားပါလိမ့်။

"အဲဒီ ဓာတ်ပုံ ဘယ်ကရတာလဲ"‥ ကျွန်မမေးလိုက်တယ်။

"ဘယ်ကရရပေါ့"‥ မင်ဒါက ဖိုင်တွဲတွေကို လက်နဲ့ကာလိုက်တယ်။

စားပွဲပေါ်က ဖိုင်တွဲတွေကို ကြည့်နေရင်း ခုန်အုပ်ပစ်လိုက်ချင်တဲ့ စိတ်ကို ကျွန်မ မနည်းထိန်းရတယ်။ အဘိုးကြီးရဲ့ ဖိုင်တွဲထဲကနေ သွေးသံရဲရဲ ဖြစ်နေတဲ့ ဒက်ဘီ့ ဓာတ်ပုံက နောက်တစ်ခါ လျှောကျလာပြန်တယ်။ သွေးအလူးလူးဖြစ်နေတဲ့ ခြေထောက်။ ပုဆိန်ဒဏ်နဲ့ ပွင့်ထွက်နေတဲ့ ဝမ်းဗိုက်။ ပြတ်တော့မလို ဖြစ်နေတဲ့ လက်မောင်း‥။ ကျွန်မ စားပွဲဆီ ကိုယ်ကို ကိုင်းချလိုက်တယ်။ အဘိုးကြီးရဲ့ လက်ကို လှမ်းဆွဲလိုက်တယ်။

"အဲဒီဓာတ်ပုံ ပြန်ထည့်ထားလိုက်"‥ကျွန်မ အံကြိတ်ပြီးပြောလိုက်တယ်။ အဘိုးကြီးက ဓာတ်ပုံကို ပြန်ထည့်တယ်။ ဖိုင်တွဲကို ဒိုင်းလိုကိုင်ပြီး သူ့ရှေ့မှာကာတယ်။ မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ကျွန်မကို ကြည့်တယ်။

အဖွဲ့သားတွေအကုန်လုံးလည်း ကျွန်မကို ကြည့်နေကြပြီ။ စိတ်ပူသလိုလို၊ စိုးရိမ်သလိုလို အမူအရာတွေနဲ့။ မကိုက်တတ်ဘူးဆိုပြီး ခေါ်လာတဲ့ ခွေးပေါက်စနတစ်ကောင်က ခွေးရူးများ ဖြစ်နေပြီလား‥ဆိုပြီး လန့်သွားတဲ့ မျက်နှာပေးတွေ။

"လစ်ဘီ"‥လိုင်ဝိုက်သ်က တီဗွီအစီအစဉ် ကြေညာတဲ့သူတွေရဲ့ ချော့မော့တဲ့ လေသံမျိုးနဲ့ ဝင်ပြောတယ်။ "ခင်ဗျား အဲဒီအိမ်ထဲမှာ ရှိနေခဲ့တယ်ဆိုတာ အားလုံးက ယုံကြပါတယ်။ ဘယ်သူမှ မကြုံသင့်‥မကြုံအပ်တဲ့ အဖြစ်ဆိုးကြီးကို ခင်ဗျား ရင်ဆိုင်ခဲ့ရတာကိုလည်း ကျွန်တော်တို့ ယုံပါတယ်။ ဒါပေမယ့်‥ထွက်ဆိုချက်ထဲမှာ ပြောခဲ့သလို‥ ခင်ဗျား မျက်လုံးနဲ့ တပ်အပ်မြင်ခဲ့တယ်ဆိုတာ တကယ်ကြီးလား။ တကယ်သေချာသလား။ လမ်းကြောင်းပေးလို့ ပြောမိသွားတာများလား"

ကျွန်မ ဒက်ဘီ့ကို မြင်ယောင်နေမိတယ်။ ကျွန်မရဲ့ ဆံပင်တွေကို သူ့ရဲ့ လက်ပွပွလေးတွေနဲ့ သပ်ပေးနေတာ။ ကျစ်ဆံမြီးကျစ်ပေးနေတာ။ ငါးရိုးပုံစံကျစ်ဆံမြီးတဲ့‥ အဲဒီလို ပြောတာပဲ။ ပြင်သစ်စတိုင်ထက် ပိုခက်တယ်တဲ့။ ကျွန်မရဲ့လည်

ကုပ်ပေါ်ကို လာကျတဲ့ ဒက်ဘီရဲ့ ထွက်သက်နွေးနွေးတွေ..။ ကျွန်မဆံပင်ကိုဖဲကြိုး အစိမ်းလေးချည်.. လက်ဆောင်သဖွယ် ပြင်ဆင်ပေးတတ်တဲ့ ဒက်ဘီ။ ရေချိုးကန် ပေါ်မှာ တက်ရပ်ပြီး လက်ထဲမှာ ကြည့်မှန် တစ်ချပ်ကိုကိုင်၊ ရေချိုးခန်းမှန်ထဲမှာ ကိုယ့်နောက်ကျောကိုယ် ပြန်ကြည့်ချင်တဲ့ ကျွန်မကို အောက်ကနေ ထိန်းပေးတတ်တဲ့ ဒက်ဘီ။ အရာရာကို အမြဲတမ်းလှနေအောင် ပြင်ပေး ဆင်ပေးချင်တတ်တဲ့ ဒက်ဘီ။

"ဘန်မဟုတ်တဲ့ တခြားတစ်ယောက်က သတ်သွားတယ်ဆိုတဲ့ သက်သေ ဘယ်မှာ ရှိလို့လဲ".. ပစ္စုပ္ပန်ကို ကျွန်မ ရုတ်ခနဲ ပြန်ရောက်လာတယ်။ လက်ရှိ ဘဝမှာ ကျွန်မ တစ်ယောက်တည်းပါလား..။ ကျွန်မ ဆက်ပြောလိုက်တယ်။ "တကယ်လို့ သူ့မှာ အပြစ်မရှိဘူးဆိုရင် သူဘာလို့ အယူခံမဝင်သလဲ။ အဲဒါကိုရှင်းပြလေ။ ဘာလို့လဲ။ ဘာလို့ ထောင်ထဲက ထွက်ဖို့ မကြိုးစားတာလဲ"

ထောင်ကျနေတဲ့ သူတွေ ဘယ်လိုဘယ်ပုံ နေကြသလဲတော့ ကျွန်မလည်း သေချာမသိပါဘူး။ ဒါပေမယ့် သေချာတာကတော့ အသနားခံစာတွေ၊ အယူခံဝင်တာတွေ ဆက်တိုက်လုပ်နေကြတာပဲ။ အကျဉ်းသား အားလုံးရဲ့ အဓိကမျှော်လင့်ချက် မဟုတ်ဘူးလား။ မဖြစ်နိုင်ဘူးဆိုရင်တောင် အယူခံဝင်ဖို့တော့ ဆက်တိုက်ကြိုးစား နေကြသေးတာပဲလေ။ ထောင်ဆိုတာကို မြင်ယောင်ကြည့်ရင် ကျွန်မမြင်လာတာက လိမ္မော်ရောင်တောက်တောက် ဝတ်စုံတွေဝတ်ထားတဲ့ ထောင်သားတွေ။ အဝါရောင် ဥပဒေ စာရွက်စာတမ်းတွေ..။ ဘန်က သူ့မှာ အပြစ်ရှိပါတယ်ဆိုတဲ့ အကြောင်းကို ဘာမှ မလုပ်ခြင်း၊ မငြင်းခြင်းအားဖြင့် ဝန်ခံသွားတာပဲ မဟုတ်လား။

"သူအယူခံဝင်ချင်ရင် ၈ ခါလောက် ဝင်လို့ရတယ်။ နားလည်လား".. မဂ်ဒါက ဝင်ပြောပြန်တယ်။ ဒီမိန်းမလည်း ကျွန်မ အိမ်ရှေ့တံခါးကို လာခေါက်တဲ့ မိန်းမတွေထဲက တစ်ယောက်ပါပဲလား ဆိုတာကို ကျွန်မ သဘောပေါက်လာတယ်။ တော်ပါသေးတယ်..လိုင်ဝိုက်သ်ကို ကျွန်မရဲ့ အိမ်လိပ်စာ ပေးမထားမိလို့။ မဂ်ဒါက ဆက်ပြောတယ်။ "မငြင်းတာနဲ့၊ အယူခံမဝင်တာနဲ့ ဘန့်မှာအပြစ်ရှိတယ်လို့ နင် စွပ်စွဲလို့ မရဘူးလေ။ သူ့မှာ မျှော်လင့်ချက်မရှိတော့လို့။ လက်မြှောက်အရှုံးပေး သွားလို့လည်း ဖြစ်နိုင်တာပဲ"

"ဒါဆိုလည်း အေးတာပဲ"

ကျွန်မစကားကိုကြားတော့ လိုင်ဝိုက်သ် မျက်လုံးပြူးသွားတယ်။

"ဟာ.. ခင်ဗျားက တကယ့်ကို ဘန့်ကို လူသတ်သမားလို့ ထင်နေတာပဲ" ပြောပြီး လိုင်ဝိုက်သ်က ရယ်တယ်။ တစ်ချက်ပဲ ရယ်တာပါ။ ချက်ချင်းပဲ

မျက်နှာပိုး ပြန်သတ်သွားတယ်။

''ဆောရီးဗျာ''.. လိုင်ဝိုက်သ်က မပွင့်တပွင့် တောင်းပန်တယ်။

ဘယ်သူမှ ကျွန်မကို ရယ်စရာ မလိုဘူး။ ဟားတိုက်စရာ အကြောင်းမရှိဘူး။ ကျွန်မပြောသမျှ စကားတွေ၊ လုပ်သမျှအရာတွေကို အားလုံးက အရေးတယူနဲ့ နားထောင်လက်ခံရမှာ။ ကံဆိုးသူ တစ်ယောက်ကို လှောင်ပြောင်လို့ ရသတဲ့လား။ ကျွန်မဟာ သူတို့ အပျင်းပြေဖို့ ဖျော်ဖြေရေးပစ္စည်းတစ်ခုလည်း မဟုတ်ဘူး။

''ရှင်တို့ဘာသာရှင်တို့ ဆက်ပြီး ဆွေးနွေးကြတော့။ စိတ်ကူးယဉ်သီအိုရီတွေ ဆက်ထုတ်ကြ''.. ကျွန်မပြောပြီး ထိုင်ခုံကနေ ဝုန်းခနဲ ထလိုက်တယ်။

''အာ..အဲဒီလို မလုပ်ပါနဲ့''..ရဲဝန်ထမ်းဟောင်းလို့ ထင်ရတဲ့သူက ဝင်တားတယ်။ ''ဆက်နေပါဦး။ ငါတို့ ယုံလာအောင် ပြောပြလေ''

''ဘန်..အယူခံ..မဝင်ခဲ့ဘူး''..သူငယ်တန်းကျောင်းဆရာမတစ်ယောက်ရဲ့ လေသံမျိုးနဲ့ ကျွန်မ တစ်လုံးချင်း ပြောချပစ်လိုက်တယ်။..''အဲဒါနဲ့တင်ကျွန်မအတွက် လုံလောက်နေပြီ''

''ဒါဆို မင်း ငတုံးပဲ''

ကျွန်မ အဲဒီလူကို လက်ခလယ် ထောင်ပြလိုက်တယ်။ မြေကြီးကို လက်နဲ့ ယက်တူးထားတဲ့ လူတစ်ယောက်လို ကျွန်မ လက်ချောင်းတွေက မာတောင်နေတယ်။ ကျွန်မ လှည့်ထွက်လာတော့ နောက်ကလူတွေက မကြားတကြား လေသံတွေနဲ့ ဆက်ပြောနေကြတယ်..''အခုထိ လိမ်ချင်နေတုန်းပဲနော်..ဒီကောင်မလေးတော့..''

ခန်းမထဲက လူအုပ်ထဲကို ကျွန်မ ပြန်တိုးဝင်လိုက်တယ်။ ချိုင်းကြားတွေ၊ ပေါင်ကြားတွေကို တိုးဝှေ့ဖယ်ထုတ်ရင်း အဝင်ဝ လေကားထစ်အေးအေးတွေဘက်ကို ပြန်ရောက်လာတယ်။ ဆူညံသံတွေ နောက်မှာ ကျန်ခဲ့ပြီ။ ဒီနေ့ရလိုက်တဲ့ အောင်ပွဲဆိုလို့ အိတ်ကပ်ထဲက ပိုက်ဆံတစ်ထပ်ရယ်.. ဒီအဖွဲ့ထဲကလူတွေလည်း ကျွန်မလိုပဲ သနားစရာ သတ္တဝါတွေပါပဲလား..ဆိုတဲ့ အသိရယ်.. ဒီနှစ်ခုပဲ ရှိတယ်။

...

အိမ်ပြန်ရောက်တာနဲ့ ကျွန်မ အခန်းထဲက မီးလုံးတွေကို အကုန်ဖွင့်တယ်။ ရမ်တစ်ပုလင်းကို လက်ထဲမှာ ကိုင်ပြီး ခုတင်ပေါ်ကို တက်တယ်။ အိပ်ရာပေါ်မှာ ဘေးစောင်းလှဲရင်း မီရှယ်ရဲ့ စာရွက်ခေါက်လေးကို သေချာကိုင်ကြည့်နေမိတယ်။ မီရှယ့်စာကို ဟိုအဖွဲ့ကလူတွေဆီ ထုတ်ရောင်းခဲ့မလို့ပဲ.. မေ့သွားတာ။

...

ညသန်းခေါင်က တစ်ဘက်စောင်း နေသလို ခံစားရတယ်။ ဘန့်မှာအပြစ်ရှိတယ်လို့ ယုံကြည်တဲ့သူတွေက တစ်ဖက်၊ ဘန်အပြစ်မရှိဘူးလို့ ယူဆတဲ့သူတွေက တစ်ဖက်နဲ့ ကမ္ဘာကြီးက နှစ်ခြမ်း ကွဲသွားသလိုပဲ။ စောစောက ပွဲမှာ တွေ့ခဲ့ရတဲ့ လိုင်ဝိုက်သ်တို့ လူ ၁၂ ယောက်ဟာ ဘန့်မှာ အပြစ်မရှိဘူးလို့ ယူဆတဲ့ ဘက်ခြမ်းကို ခုန်ကူးသွားကြပြီ။ အိတ်ထဲမှာ အုတ်ခဲကိုယ်စီသယ်သွားပြီး ချိန်ခွင်တစ်ဖက်ခြမ်းကို ပိုလေးအောင် လုပ်ပစ်လိုက်ကြပြီ။ အရာအားလုံး တစ်ဖက်စောင်းနင်း ဖြစ်ကုန်ပြီ။ မဂ်ဒါဆိုတဲ့ ဝတ္ထုတ်မကြီးရယ်၊ ဘန်ရေးတဲ့ ကဗျာတွေရယ်၊ ဘန့်ဆီက သူတို့ရတဲ့ *မျှော်လင့်ချက် ခွန်အား* တွေရယ်။ ပြီးတော့ အခင်းဖြစ်တဲ့ နေရာမှာတွေ့တဲ့ ခြေရာတွေ၊ သွေးစွန်းကွက်တွေ..ဒါ့အပြင် သွက်သွက်ခါရှူးနေတဲ့ ရန်နာဒေးရဲ့ နောက်ကြောင်းတွေ..။ ဘန့်မှာအပြစ်မရှိဘူးလို့ ယုံကြည်ကြတဲ့သူတွေနဲ့ ကျွန်မနဲ့ နဖူးတွေ့ဒူးတွေ့ တွေ့ကြတာ ဒါ ပထမဆုံးပဲ။ သူတို့နဲ့ ရင်ဆိုင်ဖို့ ခွန်အား ကျွန်မမှာ မရှိပါလား ဆိုတာကိုလည်း အခုမှ သိလိုက်ရတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုက မရှိဘူးလေ။ တခြား အချိန်တွေမှာဆိုရင်တော့ ကျွန်မ ပခုံးအသာတွန့်ပြီး ပြန်ထွက်လာခဲ့မှာပဲ။ ဒါပေမယ့် ဒီလူတွေက အရမ်းကို သေချာနေတဲ့ပုံစံတွေ ဖြစ်နေကြတယ်။ ကျွန်မပါးစပ်ကထွက်တဲ့ စကားကို အဖက်လုပ်ပြီးတောင် ခေါင်းထဲထည့်မထားကြဘူး။ အရင်ကတည်းက ကျွန်မအကြောင်းကို ကောင်းကောင်း ဆွေးနွေးခဲ့ကြဖူးပုံပဲ။ လစ်ဘီဒေးကို ထည့်ကို မတွက်ကြတာ။ အရေးကို မလုပ်ကြတာ။ ကျွန်မပုံမှန်တွေ့ဖူးနေကျ လူတွေလို မဟုတ်ဘူး။ ကျွန်မကို အဖက်မလုပ်ကြဘူး။ မကူညီချင်ကြဘူး။ မသနားကြဘူး။ ကျွန်မရဲ့ ပြဿနာတွေကိုဖြေရှင်းမပေးချင်ကြဘူး။ ကျွန်မကို လှောင်တောင် လှောင်လိုက်ကြသေးတယ်။ ကျွန်မဟာ ဒီလောက်တောင် ပျော့ညံ့တဲ့ ထိလွယ်ရှလွယ် မိန်းမတစ်ယောက် ဖြစ်နေသလား။

ဟင့်အင်း။ အဲဒီညက ကျွန်မ ဘာတွေမြင်ခဲ့သလဲ ကျွန်မတစ်ယောက်တည်းပဲ သိတယ်။ ဒီစကားက..ကိုယ့်ကိုယ်ကိုယ် ပြန်ညာနေတာပါပဲ။ တကယ့်အမှန်အတိုင်း ပြောရရင် အဲဒီညက ကျွန်မ ဘာမှ မမြင်ခဲ့ဘူး။ ဟုတ်ပြီလား.. ကျေနပ်ပြီလား။ ဘာမှကို မတွေ့လိုက်တာ။ အသံပဲကြားလိုက်တာ။ ဘာလို့ အသံပဲကြားလိုက်သလဲ။ တစ်အိမ်လုံး အသတ်ခံနေရတဲ့အချိန်မှာ လစ်ဘီဒေးဆိုတဲ့ ကျွန်မ.. ငကြောက်မက ဗီရိုထဲ ဝင်ပုန်းနေခဲ့တာလေ။

...

အဲဒီည··အဲဒီည··။ အစ်မ နှစ်ယောက်နဲ့ တစ်ခန်းတည်းအိပ်နေရင်း ကျွန်မ အိပ်ရာ နိုးလာတယ်။ တစ်ခန်းလုံး မှောင်မည်းနေတယ်။ တစ်အိမ်လုံး အေးခဲနေလို့ ပြတင်းမှန်တွေတောင် ရေခဲတစ်ဝက် ဖုံးနေပြီ။ ဒက်ဘီ ဘယ်အချိန်တုန်းကတည်းက ကျွန်မဘေးမှာ လာအိပ်နေသလဲ မသိ။ အေးလွန်းတော့ ညီအစ်မတွေအကုန် ပူးကပ်ပြီး အိပ်တတ်ကြတယ်။ ဒက်ဘီ့ရဲ့ တင်ပါးလုံးလုံးက ကျွန်မ ဗိုက်ကို လာဖိနေတော့ ကျွန်မရဲ့ ကျောဘက်က အေးစက်နေတဲ့ အခန်းနံရံနဲ့ ကပ်နေတယ်။ မီရှယ်က ကြမ်းပြင်ပေါ်မှာ အိပ်ပျော်နေတယ်။ ထုံးစံအတိုင်း သူ့ရဲ့ဒိုင်ယာရီစာအုပ်ကို လက်မောင်းကြားမှာ ညှပ်လို့။ ဘောပင်ကို ပါးစပ်ထဲမှာ ကိုက်ရင်း အိပ်နေတော့ ဘောပင်ထဲက မင်အမည်းတွေ မီရှယ့် တံတွေးနဲ့ရောပြီး မေးစေ့အထိ စီးကျနေရော။ မီရှယ့်ကိုနှိုးပြီး အိပ်ရာထဲသွားဖို့ မပြောလိုက်မိဘူး။ ကျွန်မတို့ရဲ့ အေးခဲဆူညံနေတဲ့ အိမ်လေးထဲမှာ အိပ်စက်ခြင်းက အင်မတန် တန်ဖိုးရှိတဲ့အရာလေ။ ဒီတော့ တစ်ယောက်ယောက်က လာနှိုးရင် တန်းပြီး ရန်ဖြစ်တာပဲ။ ကျွန်မ အိပ်ရာပေါ်ကနေ ဆင်းပြီး အခန်းတံခါးကို ဖွင့်လိုက်တော့ ဘန့်အခန်းထဲကနေ ထွက်လာတဲ့ စကားသံတွေကို ကြားရတယ်။ အရေးတကြီး ပြောနေတဲ့ အသံခပ်အုပ်အုပ် ခပ်တိုးတိုးတွေ။ သူတို့ပြောနေတာကို သူများတွေ ကြားမှာမဟုတ်ဘူးဆိုပြီး ထင်နေကြတဲ့ လူတွေရဲ့ စကားသံမျိုး။ ဘန့် အခန်းတံခါးအောက်ကြားထဲကနေ မီးအလင်းရောင်က စိမ့်ထွက်နေတယ်။

အမေ့အခန်းထဲမှာ သွားအိပ်ဖို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်။ အမေခြုံထားတဲ့ စောင်ကို အသာဟပြီး·· အမေ့ဘေးမှာ ဝင်အိပ်လိုက်မယ်ပေါ့လေ။ အမေ့ကို ဖက်ပြီး အိပ်ချင်တာကိုး။ ဆောင်းတွင်းတွေဆိုရင် အမေက ဆွယ်တာတွေ အထပ်ထပ် ထပ်ပြီး ဝတ်တတ်တော့ အမေ့ ကိုယ်လုံးကို ဖက်ရတာ မွေးပွရုပ်ကြီးကို ဖက်ထားရသလိုပဲ။ ပုံမှန်ဆိုရင် ကျွန်မတို့ လာအိပ်တဲ့အခါ အမေက တစ်ချက်တောင်မလှုပ်ဘဲ ဆက်အိပ်နေတတ်တယ်။ ဒါပေမယ့် အဲဒီညမှာတော့ အမေ့ အိပ်ရာပေါ် တက်လိုက်တာနဲ့ အမေက ဝုန်းကနဲ ကျွန်မဘက်ကို လှည့်လာတယ်။ အမေစိတ်များဆိုးသွားပြီလားလို့တောင် ကျွန်မက ထင်နေတာ။ စိတ်မဆိုးပါဘူး··အမေက ကျွန်မကိုတွေ့တော့ ဆွဲပြီး ဖက်ထားတယ်။ ကျွန်မ နဖူးကို နမ်းတယ်။ ကျွန်မကို အရမ်းချစ်တဲ့အကြောင်း ပြောတယ်။ အမေ့ဆီက ချစ်တယ်··ဆိုတဲ့စကား သိပ်ကြားရတာ မဟုတ်ဘူးလေ။ အဲဒါကြောင့် အမေ အဲဒီလို ပြောလိုက်တာကို ကျွန်မ ကောင်းကောင်း မှတ်မိနေတာ။ ဒါမှမဟုတ်·· ကျွန်မဘာသာကျွန်မ မှတ်မိချင်ရာတွေကို လိုရာဆွဲပြီး မှတ်ထားတာလားတော့ မသိဘူး။ ထားပါတော့·· *သမီးကို ချစ်တယ်··*လို့ အမေ ပြောခဲ့တယ်ပဲ

ထားလိုက်ပါတော့။ ပြီးတာနဲ့ ကျွန်မ အမေ့ ဘေးမှာ အိပ်ပျော်သွားတယ်။

မိနစ်ပိုင်းပဲ ကြာသွားခဲ့သလား‥ နာရီပိုင်းပဲလား‥ ကျွန်မမသေချာဘူး။ ကျွန်မ အိပ်ရာကနေ နိုးလာပြန်တယ်။ အမေ ဘေးမှာ မရှိတော့ဘူး။ အခန်းတံခါး ပိတ်ထားတယ်။ အခန်းပြင်က ထွက်လာတဲ့ အမေ့ရဲ့ အော်ငိုသံနဲ့ ဘန့်ရဲ့ အော်သံ တွေကို ကြားရတယ်။ တခြား အသံတွေလည်း ပါတယ်။ *အမေ‥အမေ‥အမေ‥ မီရှယ့်ကိုကယ်ပါဦး‥*ဆိုပြီး အော်ငိုတဲ့ ဒက်ဘ့ီအသံ။ ပုဆိန်နဲ့ ခုတ်လိုက်တဲ့အသံ။ အဲဒီကတည်းက‥ အဲဒီ အသက်အရွယ်ကတည်းက ပုဆိန်သံကို ကျွန်မအလိုလိုသိနေ တာ အံ့ဩဖို့ မကောင်းဘူးလား။ လေထဲကို သံ‥ဖြတ်သွားတဲ့ အသံ။ အဲဒီအသံရဲ့ နောက်မှာ ဒုတ်ခနဲ ခပ်အုပ်အုပ်အသံ‥ ပြီးတော့ ဒက်ဘ့ီရဲ့ အော်သံ။ ပါးစပ်ဟပြီး လေကို ဗျူးခနဲ ရှူသွင်းလိုက်တဲ့ အသံမျိုး။ ဘန်က အမေ့ကို အော်ပြောနေတယ်။ "ဒါ ခင်ဗျား‥ခင်ဗျားအပြစ်ပဲ‥"တဲ့။ မီရှယ့်ဆီကတော့ ဘာသံမှ မကြားရဘူး။ ဘာဖြစ်လို့လဲ‥။ ပုံမှန်ဆိုရင် မီရှယ့်အသံက အကျယ်ဆုံးပဲလေ။ အဲဒီညမှာတော့ မီရှယ့်အသံကို တစ်ချက်တောင် မကြားလိုက်ရဘူး။ အမေက အော်တယ်။ *ပြေး‥ ပြေး‥ မလုပ်နဲ့‥ မလုပ်ပါနဲ့‥*‥။ ပြီးတော့ နှစ်လုံးပြူး သေနတ်သံ ထွက်လာတယ်။ အမေ ဆက်အော်နေတုန်းပဲ။ ဒါပေမယ့် စကားတွေ မပီတော့ဘူး။ နံရံကိုဝင်တိုက် ပြီး ဇက်ကျိုးသွားတဲ့ငှက်တစ်ကောင်လိုတခွီးခွီးတခက်ခက်တွေပဲကြားရတော့တယ်။

ဖိနပ်သံ တဒုန်းဒုန်း ကြားရတယ်။ ဒက်ဘ့ီ ခြေထောက်သေးသေးလေးတွေ ကြမ်းပြင်ပေါ်မှာ ပြေးနေတဲ့ အသံကိုလည်း ကြားရတယ်။ ဒက်ဘ့ီ မသေသေးဘူး။ အမေ့ အခန်းဘက်ကို ပြေးလာနေတာ။ ကျွန်မ ပုန်းနေတဲ့နေရာကို ပြေးလာနေတာ။ မလာနဲ့‥မလာနဲ့‥ဒီဘက်ကို မလာပါနဲ့‥ ကျွန်မ ဆုတောင်းနေခဲ့တာ။ ဒက်ဘ့ီ နောက်ကနေ ခြေသံ ပြင်းပြင်းက တောက်လျှောက် လိုက်လာတယ်။ ဒက်ဘ့ီကို ဆွဲ ခေါ်သွားတဲ့အခါ သူ့လက်သည်းတွေနဲ့ ကြမ်းပြင်ကို ကုတ်ခြစ်ပြီး ပါသွားတဲ့အသံ၊ ပြီးတော့ ပါးစပ်ထဲက‥ သွေးတွေကြားက ထွက်လာတဲ့ ဂလူးဂလူး မြည်သံတွေ၊ ဒုန်းခနဲ ဒုန်းခနဲ ဆောင့်တဲ့ အသံတွေ‥နောက်မှာ ပုဆိန်သံ တစ်ချက်ထပ်ကြားရ တယ်။ မသေသေးတဲ့ အမေ့ဆီက ငှက်ဆိုးသံတွေ ထွက်နေတုန်းပဲ။ နှစ်လုံးပြူးသံ တစ်ချက် ထပ်ကြားရပြန်တယ်။ အခန်းထဲမှာ ကြက်သေသေပြီး အတောင့်လိုက် ရပ်နေခဲ့တဲ့ ကျွန်မ‥ နားတွေ အူသွားတယ်။ ကြမ်းပြင်ပေါ်ကို တစ်ယောက်ယောက် ဝုန်းခနဲ လဲကျသွားတယ်။ ကျွန်မနင်းထားတဲ့ ကြမ်းခင်းပြား အထိပါ တုန်ခနဲဖြစ် သွားတယ်။ လစ်ဘီဒေး‥‥ဆိုတဲ့ ငကြောက်မ‥ကျွန်မကတော့ ဗီရိုထဲကို ပြေးဝင်

ပုန်းရင်း အထဲကိုဝင်လိုက်၊ အပြင်ကို တစ်ဝက်ထွက်ကြည့်လိုက်နဲ့ . . အရာအားလုံး အချိန်တန်ရင် ပြီးသွားမှာပါ . . ဆိုပြီး ဆုတောင်းနေခဲ့တယ်။ သွားပါတော့ . . သွားကြပါတော့ . . တော်ပါတော့ . . ။ တံခါးပိတ်တဲ့ အသံတွေကြားရတယ်။ ဘန် သူ့ကိုယ်သူ ကမူးရှူးထိုး ပြန်ပြောနေတဲ့ အသံတိုးတိုးတွေ ကြားရတယ်။ ပြီးတော့ . . အော်ငိုလိုက်တဲ့အသံ။ ယောက်ျားရင်ခေါင်းသံကြီး။ ပြီးတော့ . . . လစ်ဘီ . . လစ်ဘီ . . ဆိုပြီး အော်ခေါ်နေတဲ့ အသံ . . ။ ဘန့်ရဲ့ အသံပါ . . သေချာတယ်၊ သေချာတယ်။

အမေ့ အခန်းရဲ့ ပြတင်းပေါက်ကို ကျွန်မ ဖွင့်လိုက်တယ်။ ပြတင်းပေါက်ဘောင်ပေါ်ကို တွယ်တက်တယ်၊ အပြင်ကို တင်ပါးတစ်ခြမ်းကို အရင်ထုတ်ပြီး အောက်က နှင်းဖုံးနေတဲ့ မြေပြင်ပေါ်ကို ခုန်ချလိုက်တယ်။ ကျွန်မရဲ့ ခြေအိတ်တွေ ချက်ခြင်းပဲစိုရွှဲသွားတယ်။ ဆံပင်တွေ ချုံပုတ်ထဲမှာငြိကုန်တယ်။ ကျွန်မ ပြေးတယ်။

*လစ်ဘီ* . . တဲ့ . . နောက်က လှမ်းအော်တဲ့အသံ . . ။ အိမ်ဘက်ကို လှည့်ကြည့်တော့ မီးလင်းနေတဲ့ ပြတင်းတစ်ပေါက်ကလွဲရင် တစ်အိမ်လုံး မှောင်မည်းနေတယ်။

ရေကန်နားကို ရောက်တော့ ကျွန်မ ခြေထောက်တွေ ကျဉ်ပြီး ထုံနေပြီ။ ကိုင်းပင်တွေကြားမှာ ကျွန်မ လေးဖက်ထောက် ပုန်းနေလိုက်တယ်။ ညအိပ်ဝတ်စုံပေါ်မှာ ဆွယ်တာတွေ ထပ်ဝတ်ထားပေမယ့် ကျွန်မ တစ်ကိုယ်လုံး တုန်နေတယ်။ တိုက်နေတဲ့ လေအေးက ဝတ်စုံကို လျှိုဝင်ပြီး ဗိုက်ထဲအထိ တိုးဝင်လာနေတယ်။

ကိုင်းပင်တွေ ကြားကို ထိုးဝင်လာတဲ့ ဓာတ်မီးအလင်းရောင်တန်း တစ်ခု။ မီးရောင်က ကိုင်းပင်တွေဘက်ကို အရင်လာတယ်။ ပြီးတော့ မလှမ်းမကမ်းမှာရှိတဲ့ သစ်ပင်တွေဘက်ကို ဆက်သွားတယ်။ ပြီးတော့ ကျွန်မနားက မြေပြင်ပေါ်ကိုရောက်လာတယ်။ လစ်ဘီ . . . ဆိုပြီး အော်ခေါ်တဲ့ ဘန့်ရဲ့ အသံကို ကြားရပြန်တယ်။ သူ ကျွန်မကို လိုက်ရှာနေတာ . . အမဲလိုက်သလို လိုက်နေတာ။ *လစ်ဘီရေ ညီမလေး . . ဘယ်မှမသွားနဲ့ . . အဲဒီမှာပဲနေ . .* တဲ့။ မီးရောင်က ကျွန်မနဲ့ နီးသထက်နီးလာတယ်။ နှင်းပေါ်ကခြေသံကလည်း ပိုပြီး ကျယ်လာတယ်။ လက်မောင်းပေါ်မှာ မျက်နှာအပ်ငိုနေရင်း . . ဖြစ်ချင်ရာဖြစ် ထရပ်လိုက်တော့မယ်လို့ ကျွန်မ ဆုံးဖြတ်လိုက်တဲ့အချိန်မှာပဲ ဓာတ်မီးရောင်က ချာခနဲ ပြန်လှည့်သွားတယ်။ ခြေသံ တဖြည်းဖြည်း ဝေးသွားတယ်။ ကိုင်းတောထဲမှာ ကျွန်မ တစ်ယောက်တည်း အေးခဲပြီး ကျန်ခဲ့တယ်။ အိမ်ဘက်က မီးရောင် မှောင်ကျသွားတဲ့ အထိ ကိုင်းတောထဲမှာ ကျွန်မ ဆက်ပုန်းနေလိုက်တယ်။

ဘယ်နနာရီ ကြာသွားသလဲ မသိဘူး . . ကျွန်မ တစ်ကိုယ်လုံး ထုံကျဉ်နေ

ပြီး မတ်မတ်တောင် မရပ်နိုင်တော့တဲ့ အခါကျတော့မှ အိမ်ဘက်ကို ပြန်ပြီးတွားသွားလိုက်တယ်။ ခြေထောက်တွေက သံချောင်းလို မာခဲနေပြီ။ လက်တွေက ကျီးကန်းခြေထောက်လို ကုပ်ကွေးနေပြီ။ အိမ်တံခါးက ဟောင်းလောင်းပွင့်နေတယ်။ ကျွန်မအိမ်ထဲကို ဒယီမ်းဒယိုင်နဲ့ ဝင်သွားတယ်။ မီးဖိုချောင် အပြင်ဘက် ကြမ်းပြင်ပေါ်မှာ အန်ဖတ်ပုံ တစ်ပုံ။ ပဲစေ့တွေနဲ့ မုန်လာဥအဖတ်တွေ အန်ဖတ်ထဲမှာ အတိုင်းသား။ တစ်အိမ်လုံး နီရဲနေတယ်။ နံရံမှာ သွေးစက်တွေ အတန်းလိုက်။ ကြမ်းပြင်မှာ သွေးအိုင်တွေ။ ဆိုဖာပေါ်မှာ ထောင်ထားတဲ့ သွေးခြင်းခြင်း နီနေတဲ့ ပုဆိန်။ အမေက သူ့သမီးတွေရဲ့ အခန်းရှေ့မှာ လဲကျနေတယ်။ အမေ့ခေါင်းက ထောင့်စွန်းမှာ ပွင့်ထွက်နေတယ်။ အမေ့ ညအိပ်ဝတ်စုံနဲ့ ဆွယ်တာတွေကိုပါ ဖြတ်ခုတ်ထားတဲ့ ပုဆိန်ရာတွေ။ ရင်သားတစ်ဖက်က အပြင်ကို ထွက်ကျနေတယ်။ နံရံမှာ အမေ့ဆံပင်တွေသွေးတွေနဲ့ အချောင်းလိုက် ကပ်နေတယ်။ ဦးနှောက်တွေရောပဲ..။ အမေနဲ့ မလှမ်းမကမ်းမှာ လဲကျနေတဲ့ ဒက်ဘီ။ မျက်လုံးတွေ ပွင့်နေတယ်။ ပါးပေါ်မှာ သွေးတွေစီးကျနေတယ်။ ဒက်ဘီ့ လက်မောင်းက ပြတ်ထွက်လုနီးနီး အခုတ်ခံထားရတယ်။ ဗိုက်ကလည်း ပုဆိန်ခုတ်ရာအတိုင်း ပွင့်ထွက်နေတယ်။ မီရှယ့်ကို ကျွန်မ အော်ခေါ်ကြည့်တယ်။ မီရှယ်လည်း သေနေလောက်ပြီဆိုတာ စိတ်ထဲမှာတော့ သိနေတယ်။ ကျွန်မတို့ ညီအစ်မတွေ အိပ်တဲ့ အိပ်ခန်းထဲကို ခြေဖျားထောက်ဝင်သွားလိုက်တယ်။ မီရှယ်က သူ့ အိပ်ရာပေါ်မှာ သူ့ရဲ့ အရုပ်တွေကြားမှာ ခွေခွေလေး ဖြစ်နေတယ်။ သူ့လည်ပင်းတစ်ခုလုံး ညိုမည်းနေတယ်။ ဖိနပ်တစ်ဖက်တော့ ဝတ်ထားသေးတယ်။ မျက်လုံးတစ်လုံး ပွင့်နေတယ်။

အိမ်နံရံတွေမှာ စာတွေ၊ ပုံတွေကို သွေးတွေနဲ့ ရေးထားခဲ့တယ်။ မိုက်မိုက်ရိုင်းရိုင်း ဆဲထားတဲ့ စာကြောင်းတွေ။ စေတန်ရဲ့ သင်္ကေတတွေ။ တစ်အိမ်လုံးမှာရှိသမျှ ပစ္စည်းတွေ အကုန်ဖျက်ဆီးခံထားရတယ်။ အကုန် ကျိုးကြေနေတယ်။ ပေါက်ပြဲနေတယ်။ စုတ်ပြတ်နေတယ်။ ယိုပုလင်းတွေ၊ ဆီပုလင်းတွေနဲ့ နံရံကို ပေါက်ခွဲထားတယ်။ ကြမ်းပြင်ပေါ်မှာလည်း အစားအသောက်တွေ ပြန့်ကျဲနေတယ်။ အမေ့ကိုယ်ပေါ်က ပုဆိန်ခုတ်ရာထဲမှာ ဆန်မုန့်တစ်ချပ် ဝင်နေတာ တွေ့တယ်တဲ့၊ ရဲတွေက မှုခင်းမှတ်တမ်းထဲမှာ ပြောထားတာ ကျွန်မ နောက်ပိုင်းကျမှပြန်သိရတယ်။ မီရှယ့် ဖိနပ်တစ်ဖက်က မျက်နှာကြက် ပန်ကာဒလက်မှာ တွဲလောင်း ချိတ်နေတယ်တဲ့။

မီးဖိုချောင်မှာ ရှိတဲ့ ဖုန်းဆီကို ကျွန်မ သွားတယ်။ ဖုန်းကို ကြမ်းပြင်ပေါ် ဆွဲချတယ်။ အန်တီ ဒိုင်ယန်းရဲ့ နံပါတ်ကို ခေါ်လိုက်တယ်။ ကျွန်မ အလွတ်ရတဲ့

ဖုန်းနံပါတ် ဆိုလို့ အဲဒါတစ်ခုပဲ ရှိတာ။ အန်တီဒိုင်ယန်း ဖုန်းကိုင်တော့ ကျွန်မအော်လိုက်တယ်။ "အကုန်သေကုန်ပြီ··"လို့။ ကိုယ့်အသံကိုယ်ကြားပြီး ကျွန်မနားတွေအူသွားတယ်။ ပြီးလည်းပြီးရော ရေခဲသေတ္တာနဲ့ မီးဖိုကြားက ချောင်ထဲကို ကျွန်မတိုးဝင်ပြီး အန်တီဒိုင်ယန်း အလာကို စောင့်နေခဲ့လိုက်တယ်။

ဆေးရုံ ရောက်တော့ ကျွန်မကို မေ့ဆေးပေးတယ်။ နှင်းကိုက်ပြီး ခဲသွားတဲ့ ကျွန်မရဲ့ ခြေချောင်းသုံးချောင်းနဲ့ လက်သူကြွယ်တစ်ဝက်ကို ဖြတ်ပစ်လိုက်ရတယ်။ အဲဒီအချိန်က စပြီး သေမယ့်ရက်ကို ကျွန်မစောင့်နေခဲ့တာ အခုအထိပဲ။

...

မီးလုံးရောင် ဝါဝါအောက်မှာ ကျွန်မ အိပ်ရာကနေ ထတယ်။

အတိတ် အိမ်ထဲမှာရောက်နေတဲ့ ကျွန်မရဲ့ စိတ်ကို ပြန်ဆွဲထုတ်ပြီး လက်ရှိအိပ်ခန်းထဲကို ပြန်ခေါ်လိုက်တယ်။ ကျွန်မ သေချင်နေပေမယ့် တော်တော်နဲ့ သေဦးမယ့်ပုံ မပေါ်ဘူး။ ကျန်းမာရေးကလည်း ကောင်းနေတယ်။ ဒီတော့ တစ်ခုခုတော့ လုပ်မှ ဖြစ်မယ်။ အကြံအစည်ရှိဖို့ လိုတယ်။ လစ်ဘီဒေးရဲ့ ဉာဏ်နီဉာဏ်နက်များတဲ့ ဦးနှောက် အသက်ပြန်ဝင်လာပြီ။ ကိုယ့်လက်ရှိဘဝ အဆင်ပြေအောင် အရင်လုပ်မှ ဖြစ်မယ်လေ။ လောဘကြီးတယ်ပဲပြောပြော ကမ္ဘာမီးလောင်ရင်တော့ ရှိတာကိုချနင်း ရတော့မှာပဲ။

"ဒေးမိသားစုအမှုရဲ့ ဝါသနာရှင်တွေ" လို့ပဲခေါ်ခေါ်၊ "မှုခင်းပရိသတ်" တွေလို့ပဲ ပြောပြော·· အဲဒီလူတွေက ကျွန်မဆီက ဘာမဆို ဝယ်ကြမှာပဲ။ ကျွန်မအဖေ ရန်နာဒေး ဘယ်ရောက်နေသလဲဆိုတာ သူတို့ သိပ်သိချင်နေကြတာ မဟုတ်လား။ ဒါတင်မကဘူး ဘန့်သူငယ်ချင်းတွေနဲ့ ကျွန်မနဲ့ အဆက်အသွယ်ရှိသေးလားဆိုတာကိုလည်း သူတို့က စိတ်ဝင်စားနေတယ်လေ။ ဒီလို သတင်းအချက်အလက်တွေကို ရအောင် ရှာနိုင်တာဆိုလို့ ကျွန်မ တစ်ယောက်ပဲ ရှိတာ။ ကျွန်မ ချကျွေးသမျှသတင်းတွေကို ပိုက်ဆံပေး ဝယ်ကြမယ့် အရူးတွေ။ ဒေးမိသားစုရဲ့အိမ်မှာ အခန်းဘယ်နှခန်း ရှိသလဲ ဆိုတာကအစ အလွတ်ရနေတဲ့သူတွေ။ ဒေးမိသားစု လူသတ်မှုဓာတ်ပုံတွေကို ဖိုင်တွဲတွေနဲ့ တယုတယ သိမ်းထားကြတဲ့ သူတွေ။ လူသတ်သမားဘယ်သူလဲဆိုတာကို သီအိုရီ အမျိုးမျိုးထုတ်နေကြတဲ့ သူတွေ။ ဒီလို ငကြောင်တွေအနေနဲ့ သူတို့ဘာသာ သူတို့ ရန်နာဒေးကို လိုက်ရှာဖို့ မဖြစ်နိုင်ဘူး။ ဘန့်သူငယ်ချင်း ပေါင်းတွေကလည်း သူတို့လို အရူးတွေကို အဖက်လုပ်ပြီး စကားပြန်ပြောမှာမဟုတ်ဘူး။ ကျွန်မပဲ အဲဒါတွေ လုပ်နိုင်မှာ။ ရဲတွေကလည်း ကျွန်မကိုဆိုရင် သနား

ပြီး ကူညီကြမှာ။ ဘန့်သူငယ်ချင်းတွေကလည်း ကျွန်မမေးရင် ငြင်းမှာမဟုတ်ဘူး။ အဖေ ရန်နာဒေးကို လိုက်ရှာစေချင်ရင်လည်း..ကျွန်မ ရှာပေးလို့ရတယ်။

ဒါတွေ လုပ်လို့ အမှုက ဘာမှတော့ ထူးလာမှာ မဟုတ်ပါဘူး။ ဘန့်မှာ အပြစ်ရှိတာ သေချာနေတာပဲ။ (တခြားသူလည်း မဖြစ်နိုင်ဘူး..ဘန် သတ်တာ.. သေချာတယ်။) တခြားဖြစ်နိုင်ခြေတစ်ခု ရှိနေမယ် ဆိုတာကို ကျွန်မ လက်မခံနိုင်တာ လည်းပါတယ်။ မဟုတ်ရင် ကျွန်မ ရူးသွားလိမ့်မယ်။ ဒီလို အရေးကြီးတဲ့ အချိန်မျိုး၊ ပိုက်ဆံရှာရမယ့် အချိန်မျိုးမှာ စိတ်တွေ ကယောက်ကယက်ဖြစ်နေလို့ မရဘူးလေ။ ရမယ့် ပိုက်ဆံတွေကို ခေါင်းထဲမှာ စိတ်တွက် တွက်ကြည့်လိုက်တယ်။ ရဲတွေနဲ့ စကားပြော၊ ရတဲ့သတင်းတွေကို လူသတ်အသင်းကို ပြန်ဖောက်သည်ချပေးမယ်ဆိုရင် ဒေါ်လာ ၅၀၀ လောက်ရမလား။ ဘန့်သူငယ်ချင်းတွေကို လိုက်ရှာပြီး တွေ့ပေး မယ်ဆိုရင်ရော..၄၀၀ လောက်တော့ ရနိုင်တယ်။ အဖေ့ကို လိုက်ရှာပေးရင်တော့ ၁၀၀၀ လောက်တောင် ရမလားမသိ။ အဖေနဲ့ စကားပြောပေးရမယ် ဆိုရင်တော့ ၂၀၀၀ လောက် ရမှ လုပ်နိုင်မယ်ထင်တယ်။ ကျွန်မလို မိဘမဲ့လေး လစ်ဘီဒေးကို အချိန်နည်းနည်းထပ်ပေးဖို့ 'လူသတ်အသင်း'က လူတွေကိုပြောကြည့်လို့ရမယ်ထင် တာပဲ။ ရနိုင်သလောက် အချိန်ဆွဲမှ။ ရသလောက် အကုန်ယူထားမှ။

ရမ်ပုလင်းကို လက်ထဲမှာ ကိုင်ထားရင်း ကျွန်မ ပြန်အိပ်ပျော်သွားတယ်။ မအိပ်ခင်မှာ ကိုယ့်ကိုယ်ကိုယ် သေချာအောင် ပြန်သတိပေးတယ်။

ဘန်ဒေးဟာ လူသတ်သမား တစ်ယောက်..။

+++

## ဘန်ဒေး

**၁၉၈၅၊ ဇန်နဝါရီ (၂) ရက်**
**မနက် ၉ နာရီ ၁၃ မိနစ်**

ရေခဲပြင်ပေါ်မှာ ဘန် စက်ဘီးကို အရှိန်နဲ့ နင်းနေတယ်။ စက်ဘီးတစ်ခုလုံး ရမ်းခါနေတယ်။ ဒီလမ်းက နွေရာသီမှာတောင် လမ်းကြမ်းစီးဆိုင်ကယ်တွေလောက်ပဲ သွားလို့ရတာ။ အခုလို ဆောင်းရာသီမျိုးမှာ စက်ဘီးစီးဖို့ ဘယ်လိုမှ အဆင်မပြေဘူး။ ဉာဏ်မရှိတဲ့ လူတွေပဲ လုပ်တဲ့အလုပ်။

ဘန် အခုလုပ်နေတာက ပိုလို့တောင်ဆိုးသေးတယ်။ ရေခဲဖုံးနေတဲ့ မြေကြီး အဖုအထစ်တွေ၊ ချိုင့်ခွက်တွေပေါ်မှာ စက်ဘီးကို တဝီဝီမြည်အောင် နင်းနေတာ။ ပြောင်းပင် အပြတ်အကျိုးတွေ ဘန့် ဘေးမှာ တရိပ်ရိပ် ကျန်ခဲ့ကြတယ်။ စက်ဘီး ဒိုင်ခွက်မှာ သူ့ညီမတွေလျှောက်ကပ်ထားတဲ့ လိပ်ပြာပုံစတစ်ကာတစ်ခု။ စက်ဘီးကို အရှိန်နဲ့ နင်းနေရင်း ဘန် အဲဒီစတစ်ကာကို ဆွဲခွာဖို့ ကြိုးစားနေတယ်။ ဒီစတစ် ကာကို လက်ဆော့ပြီး လာကပ်ထားတာ ဘယ်နှရက်တောင် ရှိသွားပြီလဲ။ ဒက်ဘီ လက်ချက်ပဲ နေမှာ။ အူတူတူ အ,တတနဲ့ ဘာမှ မသိတဲ့ ငတုံးမ ဒက်ဘီ။ စက်ဘီး စီးလိုက်တိုင်း အဲဒီ ပြောင်လက်လက် စတစ်ကာ ဘန့်မျက်လုံးထဲကို ဝင်ဝင်လာပြီး စိတ်တိုလာအောင် ဆွပေးသလို ဖြစ်နေတယ်။ စတစ်ကို ခွာမယ်လို့ စဉ်းစားလိုက်၊ မေ့သွားလိုက်နဲ့ အခုထိ မခွာဖြစ်သေးဘူး။

စတစ်ကာကို လက်နဲ့ ဆွဲခွာနေရင်း စက်ဘီးက ချိုင့်ခွက် တစ်ခုထဲကို ဒုန်းခနဲ ကျသွားတယ်။ ရှေ့ဘီး ဘယ်ဘက်ကို ဆွဲချသွားပြီး နောက်ဘီးတစ်ခုလုံး ထောင်တက်သွားတယ်။ တစ်ကိုယ်လုံးတော့ လွင့်ထွက် မသွားဘူး။ ဘန့် ခြေတစ် ဖက်က စက်ဘီးနဲ့ ငြိပြီး လူရော၊ စက်ဘီးပါ ဘေးတိုက် လဲကျသွားတယ်။ ဘန့်ရဲ့ ညာဘက်လက်က ပြောင်းပင်တွေနဲ့ ထိပြီး ရှကုန်တယ်။ ညာဘက်ခြေထောက်က

ကိုယ်လုံးအောက်မှာ ခွေခေါက်ပြီး ပိနေတယ်။ ခေါင်းနဲ့ မြေကြီးမာမာနဲ့ ဒုတ်ခနဲ ဆောင့်တယ်။ သွားချင်း ရိုက်မိပြီး ခေါင်းထဲမှာ ခေါင်းလောင်းသံတွေ အူကုန်တယ်။

ဆယ်စက္ကန့်လောက် ကြာသွားမှ ဘန် အသက်ပြန်ရှူနိုင်တယ်။ ခေါင်းက ထွက်လာတဲ့သွေးတွေ မျက်လုံးပေါ်ကနေ ဖြတ်ဆင်းသွားတယ်။ *ကောင်းတယ်..။* နဖူးက သွေးကို လက်ချောင်းတွေနဲ့ လှမ်းယူပြီး ပါးပေါ်ကို သုတ်လိုက်တယ်။ ကွဲသွားတဲ့နေရာကနေ နောက်ထပ် သွေးတွေ စိမ့်ထွက်လာပြန်တယ်။ ဒီ့ထက်နာနာလေး ထိသွားရမှာလို့ ဘန်က တွေးတယ်။ ဘန့် တစ်သက်မှာ တစ်ခါမှ အရိုးမကျိုးဖူးသေးဘူးလေ။ အဲဒါကို ဘန့်သူငယ်ချင်းတွေက အံ့ဩတဲ့ လေသံနဲ့ မေးကြတယ်။ *ဟာ ဟေ့ကောင်..တကယ်ကြီးလား။ အခုထိ အရိုးတစ်ချောင်းမှ မကျိုးဖူးသေးဘူးလား။ မင်းအမေက မင်းကို ပိုးမွေးသလို မွေးထားတာထင်တယ်* ဘာညာပေါ့။ အရင်နှစ်နွေရာသီတုန်းက မြို့ရဲ့ အများသုံး ရေကူးကန်ဝင်းထဲကို လူတစ်သိုက်နဲ့အတူ ဘန် ခိုးဝင်ခဲ့ဖူးတယ်။ ရေမရှိတဲ့ရေကူးကန်ပေါင်ပေါ်က ဒိုင်ဗင်ဘုတ်ပြားပေါ်မှာထိုင်ရင်း ကန်ထဲကို ဒိုင်ဗင်ထိုးချဖို့ သတ္တိမွေးခဲ့ဖူးတယ်။ *ခုန်ချလိုက်။ ကျိုးချင်ကျိုးပါစေ။ သွေးတွေထွက်ပါစေ။* မိုက်ရူးရဲကောင်လေးပေါ့။ ဘန်က အရက်တစ်ငုံသောက်တယ်၊ ရေကန်ထဲကို ခုန်ချတယ်။ နောက်တစ်ငုံ ထပ်သောက်တယ်။ နောက်တစ်ခါထပ်ခုန်ချတယ်။ ပြီးတော့မှ သူ့ကို မျက်လုံးထောင့်စွန်းကနေ လှမ်းကြည့်နေကြတဲ့၊ သူနဲ့ သိပ်မရင်းနှီးတဲ့ လူတစ်သိုက်ဆီကို ခပ်တည်တည်ပဲ ပြန်လျှောက်သွားခဲ့တယ်။

အခုလည်း စက်ဘီးလဲလို့ အရိုးတွေကျိုးသွားရင် ကောင်းမယ်လို့ ဘန် တွေးမိတယ်။ သွေး နည်းနည်းပါးပါး ထွက်တာလောက် ဆိုရင်လည်း မဆိုးပါဘူး။ ခေါင်းပေါက်သွားတဲ့ နေရာကနေ စိမ့်ထွက်လာတဲ့သွေးတွေက ပါးပြင်ကိုဖြတ်ဆင်းတယ်၊ မေးစေ့ကိုကျော်ပြီး အောက်က ရေခဲပြင်ပေါ်ကို တစ်စက်စက် စီးကျတယ်။ ဝိုင်းစက်နေတဲ့ သွေးအိုင်လေးတွေ ရေခဲပြင်ပေါ်မှာ တစ်ကွက်ချင်း ပေါ်လာတယ်။

*အရာအားလုံး ပျက်သုဉ်းခြင်း..*

ခေါင်းထဲကို ဘယ်ကဘယ်လို ဝင်လာမှန်းမသိတဲ့ စကားစု တစ်ခု။ ဘန့်ရဲ့ ဦးနှောက်ထဲမှာ အဲဒီလို တစ်ပိုင်းတစ်စပိတ်မိနေတဲ့ သီချင်းအစအနတွေ၊ စကားစုတွေ အများကြီးပဲ။ *အရာအားလုံး ပျက်သုဉ်းခြင်း..*တဲ့။ နော့စ် ဒဏ္ဍာရီ ပုံပြင်ထဲက လူ့ အရိုင်းအစိုင်းကြီးတွေ..ပုဆိန်ကြီးတွေကိုလွှဲရင်း ချီတက်လာနေကြတဲ့ ပုံရိပ်တွေ ဘန့် အာရုံထဲမှာ ဖျတ်ခနဲ ပေါ်လာပြီး ပြန်ပျောက်သွားတယ်။ ဘန် စဉ်းစားမိတယ်၊ သူ့ ကိုယ်ထဲမှာ အဲဒီ အရိုင်းအစိုင်းသွေးတွေ စီးဆင်းနေသလား။ သူဟာ လူဝင်စား

များလား‥။ ဒါကြောင့် သူ့ခေါင်းထဲမှာ အဲဒီလို အတွေးတွေ၊ စကားစုတွေ ဝင်ဝင် လာနေတာလား။ စက်ဘီးကို ပြန်ထောင်ရင်း အဲဒီ အတွေးစတွေကို ခေါင်းထဲကနေ ထုတ်ပစ်လိုက်တယ်။ ကလေးမှမဟုတ်ဘဲ‥ ဘာတွေ တွေးနေတာလဲ။

ဘန်ဒေး စက်ဘီးကို ပြန်ထောင်ပြီး ဆက်နင်းလာတယ်။ ညာဘက်ခါး အောင့်နေတယ်။ လက်မောင်းတွေက ပြောင်းခင်းနဲ့ ရှပြီး ပူစပ်စပ်ဖြစ်နေတယ်။ ဒဏ်ရာ ဒဏ်ချက်တွေ၊ အရှိုးရာတွေ ကျန်ခဲ့ရင် ကောင်းမှာပဲ။ သူ့ကိုယ်ပေါ်က ဒဏ်ရာတွေကို *ဒီယွန်ဒရာ* တွေ့သွားရင် သဘောကျမှာ သေချာတယ်။ ဖူးရောင်နေတဲ့ နေရာတွေကို ဒီယွန်ဒရာက လက်ညှိုးထိပ်နဲ့ အသာပွတ်ပေးလိမ့်မယ်။ ပြီးတော့မှ နာသွားအောင် လက်ချောင်းနဲ့ ဆတ်ခနဲ ထိုးဆွမယ်။ ဘန်လန့်ပြီး ထခုန်ရင် ဒီယွန်ဒရာက သဘောကျမယ်။ ဒီယွန်ဒရာက ခံစားချက်တွေကို အစုလိုက်အပုံလိုက် ချပြရတာကို သိပ်သဘောကျတဲ့ မိန်းကလေး။ စိတ်ဆိုးရင် အော်ဆဲမယ်။ စိတ်ညစ်ရင် အော်ငိုမယ်။ ပျော်တဲ့အခါ အားရပါးရ အော်ရယ်မယ်။ အံ့အားသင့်သွားတဲ့ အခါဆို ဒီယွန်ဒရာရဲ့ မျက်လုံးတွေက ပြူးကျယ်သွားတတ်တယ်။ မျက်ခုံးက နဖူးထိပ်ကို ရောက်လုနီးနီး ပင့်တက်သွားတယ်။ ဘန် လန့်သွားအောင်လို့ တံခါးနောက်မှာ ပုန်းနေပြီး ဘန် ဝင်လာမှ အားခနဲ အော်ပြီး ခြောက်တတ်တယ်။ ဘန်က စိတ်ဆိုးချင်ယောင်ဆောင်ပြီး သူ့ကို လိုက်ဖမ်းတဲ့အခါ သဘောတကျနဲ့ တဟက်ဟက် အော်ရယ်တတ်တယ်။ ဒီယွန်ဒရာရဲ့ နာမည်ကို ပါးစပ်က ထုတ်ပြောတဲ့အခါ ဘန့်စိတ်ထဲမှာ တော်ဝင်မင်း သမီးတစ်ယောက်ရဲ့ နာမည်ကို ခေါ်လိုက်ရသလိုလို‥ အပြာမင်းသမီးတစ်ယောက်ရဲ့ နာမည်ကို ရွတ်လိုက်ရသလိုလို‥ ဘယ်ဟာက ပိုမှန်မလဲ ဘန်မသိဘူး။ နှစ်ခုစလုံး ရောနေတာလည်း ဖြစ်နိုင်တယ်။ ဒီယွန်ဒရာက ချမ်းသာတယ်။ ပိုက်ဆံရှိတယ်။ ဒါပေမယ့် ရွှေစအိမ်ထဲက မိုင်းကောင်း ကျောက်ဖိလေးတော့လည်း မဟုတ်ပြန်ဘူး။

စက်ဘီးမှာ တပ်ထားတဲ့ ပစ္စည်းတစ်ခုခု ပြုတ်ထွက်သွားတယ်ထင်တယ်။ ခြေနင်းနားမှာ သံဘူးထဲ မူလီ ဝင်နေသလို တချောင်ချောင်မြည်နေတယ်။ ဘန်ဒေး စက်ဘီးကို ခဏရပ်တယ်။ ဘယ်နေရာက အသံထွက်နေသလဲ လိုက်ရှာကြည့်တယ်။ ဘာမှ မတွေ့ဘူး။ ဘန့်ရဲ့ လက်တွေက အအေးဒဏ်ကြောင့် အဘိုးကြီးလက်တွေလို လိမ်တွန့်ချည့်နဲ့နေတယ်။ နဖူးပေါ်က ချွေးတွေ မျက်လုံးထဲကို စပ်ပြီးစီးကျလာပြန် တယ်။ စက်ဘီးကနေ အသံထွက်နေတဲ့ နေရာကိုလည်း ရှာမတွေ့ဘူး။ ဘန်တော်တော် အသုံးမကျတာပဲ။ ဘန့်အဖေ အိမ်ကနေ ထွက်သွားတုန်းက ဘန့်အသက်က အရမ်း ငယ်သေးတယ်။ ဒီတော့ အဖေဆီကနေ လက်တွေ့ပညာဆိုလို့ ဘာမှ မသင်ယူလိုက်

ရဘူး။ တခြား ယောကျ်ားလေးတွေဆိုရင် ဆိုင်ကယ်တွေ၊ ထရပ်ကားတွေကိုတောင် ပြင်တတ်နေပြီ။ ဘန် လုပ်တတ်တာဆိုလို့ အမဲလိုက်တတ်တာနဲ့ သေနတ်ပစ်တတ်တာ··ဒါပဲ ရှိတယ်။ ဒေးမိသားစုတစ်ခုလုံး မုဆိုးအတတ်ကိုတော့ ကောင်းကောင်း တတ်တယ်။ ဘန်က သေနတ်ပစ်တတ်တယ်ဆိုပေမယ့် ထုတ်ကြွားလို့ရတဲ့အထိတော့ မကျွမ်းကျင်ဘူး။ သူ့အမေ ပက်တီဒေးက ဘန့်ထက်တောင် ပိုပြီး လက်ဖြောင့်သေး တယ်လေ။

အသုံးဝင်တဲ့ ယောကျ်ားလေးတစ်ယောက် ဖြစ်ချင်ပေမယ့် အဲဒီလိုဖြစ်လာ အောင် ဘယ်လိုလုပ်ရသလဲဆိုတာ ဘန်ဒေး မသိဘူး။ အဲဒီလို မသိတဲ့အတွက်လည်း သူ့ကိုယ်သူ အားမလိုအားမရ မကျေမနပ် ဖြစ်မိတယ်။ ဟိုတစ်နှစ် နွေရာသီတုန်းက ဘန့်အဖေ ရန်နာဒေးက အမေနဲ့ကွဲနေရာကနေ အိမ်လာပြီး ခဏ လာနေသွားတယ်။ အဖေ့ဆီကနေ တစ်ခုခုတော့ သင်ယူခွင့် ရမှာပဲလို့ ဘန်ကထင်ထားတာ။ ဒါပေမယ့် ဘန့်အဖေက ဘန့်ကို ဘာမှ သင်မပေးဘူး။ ကားတွေ၊ လယ်ထွန်စက်တွေပြင်တဲ့ အခါ ဘန့်ကို အနားတောင် ပေးမလာဘူး။ သူအလုပ်လုပ်နေတာကို လာမရှုပ်နဲ့လို့ မပြောရုံ တစ်မည်ပဲ။ ရန်နာဒေးက သူ့သားကို ငပျော့တစ်ကောင်လို့ ထင်နေတာ သိသာလွန်းတယ်။

အိမ်မှာ တစ်ခုခု ပြင်စရာပြုစရာရှိလို့ ဘန့်အမေက အကူအညီတောင်းရင် ရန်နာဒေးက 'ငါလုပ်ပေးမှာပေါ့။ ဒါယောကျ်ားတိုင်း လုပ်တတ်သင့်တဲ့ အလုပ်ပဲ' ဆိုပြီး ပြောတတ်တယ်။ အဲဒီလိုပြောတိုင်းလည်း ရန်နာဒေးက ဘန့်ကိုလှမ်းပြီးမျက်စ ပစ်ပြတတ်တယ်။ မင်းမလုပ်တတ်ဘူး မဟုတ်လား ဆိုတဲ့ လှောင်တဲ့ အကြည့်မျိုး။ ဒီလိုနဲ့ပဲ အဖေ့ဆီကနေ ဘန် ဘာမှ မသင်လိုက်ရဘူး။

ပြီးတော့ ဘန့်မှာ ပိုက်ဆံလည်း မရှိဘူး။ အိတ်ကပ်ထဲမှာ ၄ ဒေါ်လာနဲ့ ပြား ၃၀ တော့ ရှိတယ်။ ဒါက ဘန်သုံးဖို့ ချန်ထားတာ။ ဒီတစ်ပတ် ဒီပိုက်ဆံနဲ့ပဲ သုံးရမှာ။ သူ့မိသားစုမှာ စုထား ဆောင်းထားတာ ဘာမှ မရှိဘူး။ မိသားစုဘဏ် အကောင့်ရှိပေမယ့် ငွေစာရင်းထဲမှာ အမြဲတမ်း ဟာလာဟင်းလင်း ဖြစ်နေတယ်။ ဘဏ်က ပို့တဲ့ ငွေစာရင်း စာရွက်မှာ လက်ကျန်ငွေ ၁ ဒေါ်လာနဲ့ ၁၀ ပြား လို့ရေး ထားတာ ဘန်တစ်ခါ တွေ့ဖူးတယ်။ ဒီတော့ ဘန့် အိတ်ကပ်ထဲမှာ ရှိတဲ့ပိုက်ဆံက တစ်အိမ်လုံးရဲ့ ဘဏ်စာရင်းမှာ ရှိတဲ့ ပိုက်ဆံထက် ပိုများနေတဲ့သဘော။ ဘန့်အမေ ပက်တီဒေးက လယ်အလုပ်ကို မကျွမ်းကျင်ဘူး။ ဘယ်လိုလုပ်လုပ် အဆင်မပြေဘူး ဖြစ်နေတယ်။ ဂျုံခင်းတွေရိတ်ပြီဆိုရင် ဂျုံတွေကို ထရပ်ကားနဲ့ အပြည့်သယ်သွားပြီး

ဂိုဒေါင်မှာ သွားရောင်းတာပဲ။ ဒါပေမယ့် ပြန်ရတဲ့ ပိုက်ဆံက စိုက်ပျိုးရေး စရိတ်တောင် မကာမိဘူး။ နည်းနည်းပါးပါး ပိုလျှံပြီး ရလာပြန်ရင်လည်း အကြွေးဆပ်စရာတွေက ပတ်လည်ဝိုင်းနေတယ်။ ငယ်ငယ်ကဆိုရင် အိမ်ကို အကြွေးရှင်တွေလာတိုင်း 'ဝံပုလွေတွေတော့ လာနေပြန်ပြီ သားရေ' ဆိုပြီး ပက်တီဒေးက ပြောတတ်တယ်။ အိမ်တံခါးဝမှာ စောင့်နေတဲ့ ဝံပုလွေတွေရဲ့ ပါးစပ်ထဲကို ဒေါ်လာရွက်စိမ်းတွေ ပစ်ကျွေးနေတဲ့ အမေ့ရဲ့ ပုံရိပ်ကို ဘန် မြင်ယောင်ကြည့်ခဲ့ဖူးတယ်။ ဘယ်လောက်ကျွေးကျွေး··မဝတဲ့ သတ္တဝါတွေ။

ဒေးမိသားစုရဲ့ လယ်ကွင်းကို ဘယ်သူမှ အကြွေးနဲ့ လာမသိမ်းတော့ဘူးလား။ ပြန်ရောင်းရင်လည်း ရောင်းလိုက်ပါတော့လား။ လယ်ကွင်းကိုရောင်းပစ်ပြီး ဘဝကို အစကနေ ပြန်စလို့ မရဘူးလား။ ဒီ ဖုန်းဆိုးမြေကို ဘာလို့ ဖက်တွယ်နေတာလဲ။ ဘန့် အဘိုးအဘွားတွေ လက်ထက်ကတည်းက ပိုင်ခဲ့တဲ့ လယ်ကွင်းဖြစ်နေတော့ ရောင်းထုတ်ဖို့ပြောလည်း ရမှာ မဟုတ်ဘူး။ ပက်တီဒေးက အစွဲအလမ်းကြီးတယ်။ တကယ်သေချာစဉ်းစားကြည့်ရင် ဒါ ပက်တီဒေး တစ်ကိုယ်ကောင်းဆန်တာပဲလေ။ သူအစွဲကြီးနေတာနဲ့ တစ်အိမ်လုံး မွဲသထက် မွဲဦးမှာပဲ။

ဘန့်မှာလယ်ကွင်းထဲမှာလည်း တစ်ပတ်လုံးလုံး မနားဘဲ အလုပ်လုပ်ရတယ်။ ကျောင်းရောက်တော့ ကျောင်းတက်ရင်း ကျောင်းရဲ့သန့်ရှင်းရေးအလုပ်ကို တွဲလုပ်ရတယ်။ (ကျောင်းနဲ့ လယ်ကွင်း··လယ်ကွင်းနဲ့ ကျောင်း·· ဘန့်ဘဝတစ်ခုလုံးက ဒီနေရာ နှစ်ခုကြားမှာ ကုန်ဆုံးသွားခဲ့တာပဲ။ ဒီယွန်ဒရာနဲ့ မတွေ့ခင်အထိပေါ့။ အခုတော့ သွားစရာနေရာတစ်ခု ထပ်တိုးလာပြီ။ ကျောင်းရယ်၊ လယ်ကွင်းရယ်၊ မြို့စွန်မှာ ရှိတဲ့ ဒီယွန်ဒရာရဲ့ အိမ်ကြီးရယ်။) လယ်ကွင်းထဲမှာ နွားကျောင်းရတယ်။ အစာကျွေးရတယ်။ မြင်းချေး ကျုံးရတယ်။ ကျောင်းရောက်တော့လည်း ဘာထူးသလဲ။ လော်ကာခန်းတွေကို သန့်ရှင်းရေးလုပ်ရတယ်။ ကျောင်းစားသောက်ဆိုင်မှာ ကြမ်းတိုက်ရတယ်။ ကျောင်းသားတွေ ဖွသမျှ အမှိုက်သရိုက်တွေကို လိုက်သိမ်းပေးရတယ်။ ဒီလောက် အလုပ်တွေဆက်တိုက် လုပ်နေရတာတောင် ရသမျှပိုက်ဆံထဲက တစ်ဝက်ကို သူ့အမေကို ပေးရတယ်။ မိသားစုဆိုတာ မျှဝေရတယ်တဲ့။ ဟုတ်လား။ မိဘတွေကရော သားသမီးတွေကို စောင့်ရှောက်ဖို့ မလိုတော့ဘူးလား။ သားတစ်ယောက်ကိုတောင် မဆင်နိုင်၊ မကျွေးနိုင်ဘဲ ကလေးသုံးယောက် ထပ်မွေးတာကရော တရားသလား။

စက်ဘီးက တဂျုန်းဂျုန်းနဲ့ ဆက်တော့ သွားနေသေးတယ်။ ဘယ်အချိန်

တစ်စစီ ပြုတ်ထွက်သွားမလဲ မသိဘူး။ ကာတွန်းကားတွေထဲကလို ရှိသမျှအကုန် ပြုတ်ထွက်သွားပြီး ခြေနင်းနဲ့ ဘီးပဲကျန်ခဲ့မလားမသိ။ ဘယ်သွားသွား စက်ဘီးနဲ့သွား နေရတာကို ဘန်အရမ်းမုန်းတယ်။ ကားမောင်းခွင့် မရသေးတာကိုလည်း သူ့ကိုယ် သူ မကျေနပ်ဘူး။

*၁၆ နှစ်မပြည့်သေးတဲ့ ကောင်လေးတွေလောက် သနားဖို့ကောင်းတာ မရှိဘူးကွာ*·· ဆိုပြီး ပြောလာမယ့် *ထရေးတီပန်နီ* ရဲ့စကားကို ဘန့်နားထဲမှာကြား ယောင်လာတယ်။

ခေါင်းကိုခါ·· ဆေးလိပ်ငွေ့တွေကို ဘန့်ဘက်ကို မှုတ်ထုတ်ရင်း ဘန့်ကို သနားသလို ကြည့်တတ်တဲ့ ထရေး··။ ဘန်··ဒီယွန်ဒရာ့အိမ်ကို စက်ဘီးနဲ့လာတိုင်း ထရေးက မလွတ်တမ်း လှောင်နေကျပဲ။ ပုံမှန်ဆိုရင်တော့ ထရေးက အေးဆေးပါ။ ဒါပေမယ့် သူများတကာရဲ့ အားနည်းချက်ကို ထောက်ပြချင်တဲ့အကျင့်တော့ သူ့မှာ ရှိတယ်။ ထရေးက အသက် ၁၉ နှစ်။ ဆံပင် ရှည်ရှည်နက်နက်နဲ့။ ဒီယွန်ဒရာရဲ့ မွေးစားအစ်ကို တစ်ဝမ်းကွဲဆိုလား၊ ဖအေတူ မအေကွဲလား၊ ဦးလေးဘက်က အမျိုး လား·· သေချာတော့ မသိဘူး။ ထရေးရဲ့ ဇာတ်လမ်းက တစ်ခါပြောရင် တစ်မျိုး ပြောင်းနေတယ်။ ဘန်ကလည်း သူ့ဆွေမျိုးစပ်ပြတာကို သေချာနားမထောင်ဖြစ်ဘူး။ ထရေးနဲ့ တွေ့ပြီဆိုတာနဲ့ ဘန့်တစ်ကိုယ်လုံး တောင့်သွားတတ်တယ်။ အပြောခံရမှာ စိုးလို့ ကိုယ့်ကိုယ်ကိုယ် ဘယ်လို နေရမှန်းမသိ ဖြစ်သွားတာ။ *ခြေထောက်ကိုဘယ် ပုံစံ ထားရမလဲ။ ငါနေနေတဲ့ပုံက မိုက်မှမိုက်ရဲ့လား။ လက်တွေကို ဘယ်ထဲထည့် ထားရမလဲ။ ခါးပေါ်တင်ထားရမလား။ အိတ်ကပ်ထဲ ထည့်ထားရမလား။*

ဘယ်လိုနေနေ အဆင်မပြေဘူး။ အလှောင်အပြောင်ခံရတာပါပဲ။ ကိုယ့် ကိုယ်ကိုယ်တောင် သတိမထားမိတဲ့ အားနည်းချက် အသေးအဖွဲတွေကို ပုံကြီးချဲ့ပြီး လှောင်တတ်တဲ့ နေရာမှာ ထရေးကို ဘယ်သူမှ မမီလောက်ဘူး။ တစ်ခါတုန်းက ဘန်ဝတ်ထားတဲ့ဂျင်းဘောင်းဘီကနည်းနည်းလေးတိုနေတယ်။ တစ်လက်မလောက်ပဲ တိုတာပါ။ အဲဒါကိုလည်း ထရေးက မြင်ဖြစ်အောင်မြင်တယ်။ လှောင်ဖြစ်အောင် လှောင်လိုက်သေးတယ်။ ဒီယွန်ဒရာက ထရေးကို ဝင်မတားတဲ့အပြင် သူပါ ဝင် ရယ်လိုက်သေးတယ်။ သူတို့နှစ်ယောက် ဟားတိုက်နေတာ ရပ်သွားအောင် ဘန့်မှာ ဆယ်မိနစ်လောက် ရပ်စောင့်နေရတယ်။ ပြီးတော့မှ အိမ်သာထဲကိုသွား၊ ဘောင်းဘီ ကို ခါးအထိရောက်အောင် လျှောပြီးပြင်ဝတ်။ ပြီးမှ ဒီယွန်ဒရာ့အခန်းထဲကို ပြန် သွား (ဒီယွန်ဒရာ့ အခန်းက အောက်ထပ်မှာ။ ကော်ဇောအပြာခင်းထားတယ်။ ဆိုဖာလုံး

အိအိတွေ တစ်ခန်းလုံး နေရာအနှံ့ချထားတယ်။)။ အခန်းထဲပြန်ရောက်တာနဲ့ ထရေးတီပန်နီက ဘန့်ကိုကြည့်ပြီး ထပ်ပြောတယ်။ 'မင်းဘောင်းဘီက ခွကြားအထိ တောင် လျှောကျနေပြီ။ ပိုတောင်ကြည့်ရဆိုးသွားပြီ'..တဲ့။ ဘယ်လိုနေနေ အပြော မလွှတ်ဘူး။

ရေခဲဖုံးနေတဲ့ လမ်းပေါ်မှာ စက်ဘီးကို ဆက်နင်းနေရင်း ဘန့်ကိုယ်လုံးကို နှင်းပွင့်အစအနတွေ တဖတ်ဖတ် လာစဉ်တယ်။ ဘန် အသက် ၁၆ နှစ် ပြည့်ရင် တောင်မှ ကားမောင်းရဦးမယ် မထင်ပါဘူး။ သူ့အမေဆီမှာ လေလံပွဲက ဆွဲထားတဲ့ ကားစုတ်တစ်စီးတော့ ရှိတယ်။ အငှားကားကို ပြန်ဝယ်ထားတာ။ နောက်တစ်စီး ထပ်ဝယ်ဖို့ မတတ်နိုင်ဘူးတဲ့.. ပက်တီဒေးက ဘန့်ကို ပြောထားပြီးပြီ။ ဘန်ယူသုံး ချင်တယ်ဆိုရင် သူ့အမေနဲ့ တစ်ယောက်တစ်လှည့် သုံးရမယ်။ အဲဒါကို သိပြီးက တည်းက ဘန် အဲဒီကားကို မမောင်းချင်တော့ဘူး။ ဒီယွန်ဒရာ့ကို သွားကြိုတဲ့အခါ စုတ်ပြတ်နံဟောင်နေတဲ့၊ လူတကာ စီးပြီးသား ကားစုတ်ကြီးနဲ့ ဘယ်လိုအဆင်ပြေ မလဲ။ ဒါတင်မကဘူး ကားထဲမှာ သူ့ညီမတွေရဲ့ ကျောင်းစာအုပ်တွေ၊ ပလတ်စတစ် အရုပ်စုတ်တွေက ဟိုညပ်ဒီညပ်နဲ့။ လုံးဝ အဆင်မပြေဘူး။ ဒီယွန်ဒရာကတော့ သူ့ကားကို ယူမောင်းဖို့ ပြောရှာပါတယ်။ (ဒီယွန်ဒရာက ၁၈နှစ် ပြည့်ပြီးပြီလေ။ ဒါလည်း နောက်ပြဿနာတမျိုးပဲ။ ကိုယ့်ရည်းစားက ကိုယ့်ထက် နှစ်တန်းလောက် ကြီးနေတာ ရှက်စရာ မကောင်းဘူးလား။) ဘယ်လိုပဲပြောပြော ဒီယွန်ဒရာ့ကားနဲ့ဆို ရင်တော့ ပိုပြီး အဆင်ပြေမှာပါ။ ဒီယွန်ဒရာရဲ့ CRX ကားထဲမှာ ဒီယွန်ဒရာ့ဆီက ပူရှိန်းစီးကရက်နံ့သင်းသင်းနဲ့၊ Slayer ရော့ခ်သီချင်းတွေ အကျယ်ကြီးဖွင့်။

ဒီမြို့စုတ်ထဲကနေ ထွက်ပြီး *ဝီချီတာ* ဘက်ကို မောင်းသွားမယ်။ ဒီယွန်ဒရာ့ ဦးလေးတစ်ယောက်က အဲဒီမှာ နေတယ်။ အားကစား ပစ္စည်းဆိုင် ဖွင့်ထားတယ်တဲ့။ အဲဒီဆိုင်မှာ ဘန့်အတွက် အလုပ်လေး ဘာလေး ရရင်ရနိုင်တယ်။ ကျောင်းမှာရှိတဲ့ ဘတ်စကတ်ဘောနဲ့ ဘောလုံးအသင်းတွေကို ဝင်ဖို့ ဘန်ကြိုးစားကြည့်ပါသေးတယ်။ တစ်သင်းမှ ဝင်ခွင့် မရဘူး။ *နောက်လည်း ထပ်မကြိုးစားပါနဲ့တော့* ဆိုတဲ့ပုံစံမျိုးနဲ့ ဘန့်ကို နှင်ထုတ်လိုက်တယ်။ ဒီလို အားကစားနဲ့ အကျိုးမပေးတဲ့ ဘန်..အားကစား ပစ္စည်းဆိုင်မှာ အလုပ်ရသွားရင်တော့ ရယ်စရာပဲ။ ဒါပေမယ့် အားကစားဆိုင်မှာ အလုပ်လုပ်ရင်း အဲဒီဆိုင်က ပစ္စည်းတွေနဲ့ လေ့ကျင့်ရင်း ပိုကျွမ်းကျင်လာတာမျိုးရော မဖြစ်နိုင်ဘူးလား။ ပြီးတော့မှ ဘောလုံးအသင်းကို ပြန်ဝင်ကြည့်ပေါ့။ ဒီလိုဆိုရင် တော့ မဆိုးဘူး။ အဆင်ပြေမယ်။

ဒီ့ထက် အဆင်ပြေတာ တစ်ခုက အဲဒီဆိုင်မှာ အလုပ်ရမယ်ဆိုရင် ဘန်နဲ့ ဒီယွန်ဒရာနဲ့ မခွဲရတော့ဘူး။ ဝီချီတာမှာ အခန်းတစ်ခန်း ငှားပြီး တူတူနေကြမယ်။ မက်ဒေါနယ် ဘာဂါတွေ မှာစားမယ်။ ဆေးလိပ်တွေ တစ်ဘူးပြီးတစ်ဘူး အတူတူ သောက်မယ်။ တီဗွီကြည့်မယ်။ တူတူအိပ်မယ်။ ဒီယွန်ဒရာနဲ့ တွေ့တဲ့အချိန်လောက်ပဲ ဘန် ဆေးလိပ်သောက်ဖြစ်တာပါ။ ဒီယွန်ဒရာကမှ တကယ်ကြီး ဆေးလိပ်စွဲနေတာ။ ရေချိုးပြီးတဲ့အချိန်မှာတောင် သူ့ကိုယ်မှာစွဲနေတဲ့ ဆေးလိပ်နံ့က ပျောက်မသွားဘူး။ ဒီယွန်ဒရာ့ အသားကို ဓားနဲ့ခွဲလိုက်ရင် အထဲကနေ ဆေးလိပ်ငွေ့တွေ လျှံထွက်လာမလားလို့တောင် ထင်ရတယ်။ အခုတော့ ဆေးလိပ်နံ့တွေနဲ့ ဘန် အသားကျနေပြီ။ ဆေးလိပ်ငွေ့တွေကြားမှာ ဘန် သက်သောင့်သက်သာ နေတတ်နေပြီ။ (ဒီယွန်ဒရာရဲ့ ဆံပင်ကောက်ကောက်တွေကလည်း ခေါင်းလိမ်းဆီကြောင့် ကပ်ချွဲချွဲနဲ့ အနံ့ပြင်းပြင်း ထွက်နေတတ်တယ်။ အဲဒီအနံ့ကိုလည်း ဘန် တော်တော်ယဉ်ပါးနေပြီ။)

ဒီယွန်ဒရာနဲ့တူတူ ဆိုဖာပေါ်မှာထိုင်ရင်း တီဗွီမှာလာတဲ့ဇာတ်လမ်းတွဲတွေ တူတူ ထိုင်ကြည့်မယ်။ စိန်လက်စွပ် တကားကားနဲ့ အိမ်ထောင်ရှင်မတွေ ··လင်လုရင်း ရန်ဖြစ်ကြတဲ့ ဇာတ်လမ်းတွဲတွေကို ဘန်လည်း ကြာရင် သဘောကျသွားလိမ့်မယ်။ ဘန် အပြင်မှာ အလုပ်လုပ်ပြီးလို့ အိမ်ပြန်လာတဲ့အခါ ဘန့်ကိုယ်လုံးနဲ့ လက်တွေမှာ ဆိုင်က ဘတ်စကက်ဘောတွေ၊ ဘောလုံးတွေက ရတဲ့ သားရေအနံ့ သင်းသင်းတွေ စွဲနေလိမ့်မယ်။ ဒီယွန်ဒရာက မက်ဒေါနယ် ဒါမှမဟုတ် မက္ကဆီကန်အစားအသောက် တစ်ခုခု မှာထားပေးမယ်။ တီဗွီတူတူကြည့်ရင်း တီဗွီထဲက မိန်းမတွေ ဘယ်သူလက်သည်း အလှဆုံးလဲဆိုတာကို ဒီယွန်ဒရာက မျက်စိ ဒေါက်ထောက်ပြီး လိုက်ရှာလိမ့်မယ်။ သူက လက်သည်း ခြေသည်းတွေ အလှ ပြင်ရတာကို အရမ်းကြိုက်တာလေ။ ဘန့်ကိုတောင် လက်သည်း ဆိုးပေးမလား မသိဘူး။ နှုတ်ခမ်းနီ အတင်းဆိုးပေးရင် ဆိုးပေးမှာ။ *ငါနင့်ကို အလှပြင်ပေးချင်တယ်* တဲ့·· ဒီယွန်ဒရာက အမြဲပြောတတ်တယ်။ ပြီးရင် အိပ်ရာပေါ်မှာ တစ်ယောက်နဲ့ တစ်ယောက် စနောက်ရင်း၊ ကလိထိုးရင်း အော်ရယ်မယ်။ ပွထနေတဲ့ အိပ်ရာခင်းပေါ်မှာ နှစ်ယောက်စလုံး အဝတ်တွေ ချွတ်ပြီး အတူတူလှဲကြမယ်။ ဒီယွန်ဒရာ့ ရယ်သံတွေက ကျယ်လွန်းလို့ ဘေးအခန်းတွေက နံရံကို တဒိန်းဒိန်း ထုကြမယ်။

ဘန့်စိတ်ကူးထဲက ပုံရိပ်က အပြည့်အဝရုပ်လုံး မပေါ်သေးဘူး။ ဘန် တမင် ချန်ထားခဲ့တဲ့၊ ထည့်မတွေးထားတဲ့ *ကြောက်စရာ အပိုင်းအစ* တစ်ခု ကျန်နေတယ်။ ဒါကောင်းတဲ့ လက္ခဏာတော့ မဟုတ်ဘူး။ ဒါဆိုရင် ဘန့်ရဲ့စိတ်ကူးတွေ အားလုံးက

အိပ်မက်သက်သက်ပဲလား။ တကယ်တမ်းကတော့ ဘန်ဟာ ဝီချီတာလိုနေရာမျိုးမှာ အခန်းစုတ်ကလေး တစ်ခန်း ပိုင်ဆိုင်ဖို့တောင် မစွမ်းဆောင်နိုင်တဲ့ အသုံးမကျတဲ့ ကောင်လေးတစ်ယောက်ပါပဲ။ သူ့ရင်ဘတ်ထဲက ဒေါသစိတ်တွေ·· အပူရှိန်မြင့်လာတယ်။ သူ့ဘဝတစ်ခုလုံးဟာ မပြည့်တဲ့ဆုတောင်းတွေနဲ့ တည်ဆောက်ထားတာပဲ။

*အရာအားလုံး ပျက်သုဉ်းခြင်း··*

ပုဆိန်တွေ၊ သေနတ်တွေ၊ သွေးသံရဲရဲ သူရဲကောင်းတွေ··ဘန့်အာရုံထဲကို တိုးဝင်လာပြန်တယ်။ စစ်တလင်းရဲ့ အော်သံတွေ တိတ်သွားတဲ့အခါ ညည်းသံတွေနဲ့ တေးဆိုငှက်သံတွေပဲ ကျန်ခဲ့မယ်။

ဒဏ်ရာထဲကနေ စိမ့်ထွက်နေတဲ့ သွေးတွေ တိတ်မသွားဖါစေနဲ့လို့ ဘန်ဆုတောင်းတယ်။ ဖြစ်နိုင်ရင် ဒီ့ထက်ပိုပြီး သွေးထွက်ချင်တယ်။

+++

# လစ်ဘီဒေး

## ယနေ့

ကျွန်မ ငယ်ငယ်တုန်းက အဖေ့ရဲ့ နှစ်ဝမ်းကွဲ မောင်နှမတစ်ယောက်အိမ်မှာ ၅ လလောက် နေခဲ့ဖူးတယ်။ အန်တီဒိုင်ယန်းက ကျွန်မဒဏ်ကို မခံနိုင်တော့ဘဲ သူ့အိမ်ကနေ နှင်ထုတ်လိုက်တော့ အဲဒီအိမ်မှာ ပြောင်းနေရတာ။ ကျွန်မ ၁၂ နှစ် သမီးအရွယ်ပေါ့။ အဲဒီအိမ်မှာနေခဲ့ရတဲ့ ၅ လဆိုတဲ့ အချိန်အတွင်းမှာ ဘာတွေဖြစ်ခဲ့သလဲ ကျွန်မ သေသေချာချာတော့ မမှတ်မိတော့ဘူး။ ကျောင်းက အဖွဲ့တွေနဲ့ *ဒေါ့ချ်စီးတီး* ဘက်ကို လေ့လာရေး ခရီးထွက်ရတာ တစ်ခုပဲ မှတ်မိနေတယ်။ ကောင်းဘွိုင်ခေတ်သူရဲကောင်း တစ်ယောက်ဖြစ်တဲ့ *ဝိုင်ယတ်အာ့ပ်* အကြောင်း သွားလေ့လာကြတာပါ။ ကောင်းဘွိုင်တွေ၊ မြင်းတွေ၊ ကျွဲတွေ မြင်ရမယ်လို့ ထင်ထားတာ၊ တကယ်တမ်းရောက်သွားတော့ ရုံးခန်းတွေ တစ်ခန်းပြီးတစ်ခန်း လိုက်ကြည့်ရတာပဲ ရှိတယ်၊ အခန်းတွေထဲမှာ စီထားတာက ဖုန်တက်နေတဲ့ ရုံးစာရွက်စာတမ်းတွေ။ တစ်ရက်လုံး အဲဒါတွေလိုက်ကြည့်ရင်း အချိန်ကုန်သွားတာပဲ။ ဒီတော့ ဝိုင်ယတ်အာ့ပ် ဆိုတဲ့လူကို ကျွန်မ သိပ်ပြီးအထင်မကြီးမိခဲ့ဘူး။ ကောင်းဘွိုင်ခေတ်တုန်းကလူဆိုးတွေကို ပိုပြီး အထင်ကြီးမိတယ်။ မုတ်ဆိတ်မွေးရှည်ရှည်၊ အဝတ်ပွပွတွေဝတ်ပြီး မျက်လုံးတွေက ဒင်္ဂါးပြားတွေလို တလက်လက်နဲ့။ အဲဒီခေတ်တုန်းက လူဆိုးတွေကို ပြည်သူတွေက "လူလိမ်သူခိုးတွေ"·· ဆိုပြီး ခေါ်ကြသတဲ့။ အဲဒီ စကားလုံးကို ကြားလိုက်တော့ ၁၂ နှစ်သမီးအရွယ် ကျွန်မရဲ့ ဦးနှောက်ထဲကိုဝင်လာတဲ့ အတွေးက 'ဟာ··ငါနဲ့ တူလိုက်တာ'··ဆိုတဲ့ အတွေး။

ကျွန်မဟာ လူလိမ်မ။ သူခိုးမ။ ကျွန်မကို ရှင်တို့ရဲ့ အိမ်ထဲ ပေးမဝင်ပါနဲ့၊ အိမ်ထဲ ရောက်ရင်လည်း ကျွန်မကို တစ်ယောက်တည်း မထားခဲ့ပါနဲ့။ ကျွန်မက ခိုးတတ်လို့ပါ။ ရှင်တို့ရဲ့ လက်ဝတ်ရတနာတွေ ကျွန်မရဲ့ လက်ထဲ ပါသွားလိမ့်မယ်၊

လူမိသွားရင်လည်း 'အမေဝတ်ခဲ့တဲ့ ပုလဲတွေနဲ့ တူလို့ ကိုင်ကြည့်မိတာပါ' ဆိုပြီး မျက်ရည်ခံထိုးမယ်။ 'ခိုးဖို့ မရည်ရွယ်ပါဘူးရှင့်။ သတိမထားမိဘဲ လက်ထဲပါလာတာပါ'..ဆိုပြီး လိမ်မယ်။

တကယ်က အမေ့မှာ ဘာလက်ဝတ်ရတနာပစ္စည်းမှ မရှိခဲ့ဘူး။ ဒါပေမယ့် ရှင်တို့ သိမှာမှ မဟုတ်ဘဲ။ ရှင်မျက်စိတစ်ချက် လွှဲတာနဲ့ ရှင့်ပစ္စည်းတွေကို ကျွန်မ ယူဦးမှာပဲ။

အတွင်းခံတွေ၊ လက်စွပ်တွေ၊ သီချင်းခွေတွေ၊ စာအုပ်တွေ၊ ဖိနပ်တွေ၊ နာရီတွေ၊ MP3 player တွေ..အကုန် ခိုးဖူးတယ်။ သူများအိမ်မှာ ပါတီပွဲလုပ်ရင် ကျွန်မ သွားမယ်။ သူငယ်ချင်းရှိလို့ မဟုတ်ဘူးနော်။ ဒီလိုပဲ ဟိုအသိ၊ ဒီအသိနဲ့ ရောက်သွားတာ။ အဲဒီ အိမ်က ပြန်လာရင် ကျွန်မရဲ့ ဆွယ်တာအောက်မှာ သူများ ရှပ်အင်္ကျီ သုံးလေးထည် ခိုးဝတ်ပြီး ယူလာမယ်။ အိတ်ကပ်ထဲမှာ နှုတ်ခမ်းနီတောင့် အကောင်းစား သုံးလေးခု ပါလာမယ်။ တစ်ခါတလေကျရင်၊ ပါတီပွဲကလူတွေ အရမ်းမူးနေတဲ့ အခါမျိုးနဲ့ ကြုံရင် ပိုက်ဆံအိတ်တွေ ဘာတွေပါ ခိုးဖြစ်တယ်။ ဒီလိုပဲ ပခုံးပေါ်ကို ဖတ်ခနဲ ကောက်လွယ်၊ ခပ်တည်တည်နဲ့ ထွက်လာလိုက်..။ နေရာစုံ၊ အိမ်စုံက ခိုးလာတဲ့ ပစ္စည်းတွေ ကျွန်မဆီမှာ အများကြီးပဲ။ ဒုတိယကမ္ဘာစစ်တုန်းက စစ်သားတွေသုံးတဲ့ ရေဘူးတစ်ဘူး၊ ဘယ်သူ့အဘိုးဟာလဲတော့မသိဘူး၊ ကျွန်မဆီမှာ ရှိနေတယ်။ ဘယ်တုန်းက ခိုးခဲ့သလဲ ဆိုတာတောင် မမှတ်မိတော့တဲ့ ရှေးဟောင်း ဒန်ခွက် တစ်လုံးလည်း ကျွန်မလက်ထဲမှာရောက်နေတယ်။ သူများဆီက ခိုးထားတဲ့ ပစ္စည်းတွေကို ပြန်ကြည့်ရင်း ကျွန်မ မိသားစုပိုင်ခဲ့တဲ့ ပစ္စည်းလိုလို ဘာလိုလို .. ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ရတယ်။

ကျွန်မ မိသားစု တကယ်ပိုင်ခဲ့တဲ့ ပစ္စည်းတွေကို ကျတော့ လှေကားအောက်ခြေက စက္ကူပုံးတွေထဲမှာချောင်ထိုးထားတယ်။ ဖွင့်မကြည့်ရဲဘူးလေ။ သူများပစ္စည်းတွေကို ပိုင်ရတာ ပိုပြီး သဘောကျတယ်။ သူတစ်ပါး ပစ္စည်းတွေနဲ့ တွဲပါလာတဲ့ သူတစ်ပါးရဲ့ အမှတ်တရတွေက ကျွန်မအတွက် ပိုပြီး အနှာသက်သာစေတယ်။

အိမ်ထဲမှာ ကျွန်မပိုင်တဲ့ ပစ္စည်းတချို့တော့ ရှိပါတယ်။ အဲဒီပစ္စည်းတွေထဲမှာ စာအုပ်တစ်အုပ်လည်း ပါတယ်။ စာအုပ်နာမည်က *'နတ်ဆိုးခေါ်သံ - ကန်းဆက်စ်ပြည်နယ်၊ ကင်နက်ကီမြို့က ယဇ်ပူဇော်တဲ့ လူသတ်မှုကြီး'* တဲ့။ ၁၉၈၆ လောက်မှာ ထွက်ခဲ့တဲ့ စာအုပ်။ ရေးသူက *ဘာဘရာအီချယ်* ဆိုတဲ့ သတင်းထောက်ဟောင်းအမျိုးသမီးတစ်ယောက်။ စာအုပ်ကို တစ်ခါမှ ဖတ်မကြည့်ဖူးတော့ အထဲမှာ ဘာတွေရေး

ထားသလဲ ကျွန်မ မသိဘူး။

ကျွန်မနဲ့တွဲဖူးတဲ့ ရည်းစားတွေထဲက သုံးယောက်လောက်က ကျွန်မဖတ်ဖို့ ဆိုပြီး အဲဒီ စာအုပ်ကို လက်ဆောင်ပေးဖူးတယ်။ ပေးပြီးတာနဲ့ အဲဒီ ကောင်တွေနဲ့ ကျွန်မနဲ့ တန်း ပြတ်တာပဲ။ ဒီစာအုပ်ကို မဖတ်ချင်ပါဘူးလို့ပြောထားပြီးသား။ ဒါ လေးတောင် နားမလည်ဘူးလား။ နောက်တစ်ခု ရှိသေးတယ်။ ကျွန်မက အိပ်ရာဝင်ရင် မီးတွေ အကုန်ဖွင့်ထားမှ။ ဒီအချက်ကိုလည်း ကျွန်မနဲ့တွဲဖူးတဲ့လူတိုင်းကို သေချာ ပြောထားတယ်။ မီးမပိတ်ပါနဲ့လို့။ ဒါလည်းမရဘူး။ 'လစ်ဘီကလည်း‥ကိုယ်ရှိ နေတာပဲကွာ‥။ ဘာကြောက်စရာ ရှိသလဲ'‥ ဆိုပြီး မီးကို အတင်းပိတ်ကြတယ်။ ဘယ်လိုဟာတွေလဲမသိ။ မီးဖွင့်ပြီးအိပ်တာကို အရေးတယူလုပ်ပြီး အံ့ဩနေကြတာ။

အခန်းထောင့်က စာအုပ်ပုံထဲကနေ 'နတ်ဆိုးခေါ်သံ' စာအုပ်ကို ကျွန်မ လှမ်းယူလိုက်တယ်။ ဘာဖြစ်လို့ အဲဒီစာအုပ်ကို သိမ်းထားသလဲလို့မေးရင် သိမ်း ချင်လို့ သိမ်းထားတာလို့ပဲ ဖြေရမှာပဲ။ ဒေးမိသားစုရဲ့ စာတွေ၊ ပစ္စည်းတွေကိုလည်း ဒီလိုပဲ သိမ်းထားတာပဲလေ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာများ‥ပြန်လိုချင်လာခဲ့ရင် အသင့်ရှိနေအောင်လို့ပါ။ မလိုချင်ခဲ့ဘူး ဆိုရင်တောင်မှ တခြားသူတွေလက်ထဲမှာ မရှိဘဲ ကျွန်မဆီမှာပဲ ရှိနေစေချင်တယ်။

စာအုပ်အဖွင့်မှာ ရေးထားတယ်။

*အမေရိကားရဲ့ ဗဟိုချက်မှာရှိတဲ့ ကန်းဆက်စ်ပြည်နယ် ကင်နက်ကီ မြို့လေးရဲ့ မြို့သူမြို့သားတွေဟာ အေးချမ်းစွာနေထိုင်ကြတဲ့ လယ် သမားတွေပါ။ ဘုရားကျောင်းကို အတူတူသွား၊ အတူတူ လက်တွဲ ရှင်သန်ချင်ကြတဲ့ ရိုးရိုးအေးအေး လူတွေဖြစ်တယ်။*

*ဒါပေမယ့် ကင်နက်ကီ မြို့လေးဟာ ပြင်ပကမ္ဘာရဲ့ နတ်ဆိုးတွေလက် ချက်ကနေ မလွတ်ရှာဘူး။ ၁၉၈၅၊ ဇန်နဝါရီ ၃ ရက်နေ့ မနက် စောစော ဝေလီဝေလင်းအချိန်မှာ အဲဒီ နတ်ဆိုးတွေရဲ့ စနက်ကြောင့် ကင်နက်ကီမြို့လေးမှာ နေထိုင်ကြတဲ့ ဒေးမိသားစုဝင် သုံးဦးဟာ သွေးသံရဲရဲ အသေဆိုးနဲ့ သေခဲ့ကြရရှာတယ်။*

*ဒါ သာမန် လူသတ်မှုမျိုး မဟုတ်ဘူး။ နတ်ဆိုးကိုးကွယ်တဲ့သူတွေရဲ့ သွေးယဇ်ပူဇော်ခြင်း တစ်ခု။ အောက်လမ်းအစီအမံတွေကို အသုံးချပြီး မကောင်းဆိုးဝါးကိုတင်မြှောက်တဲ့ လူသတ်မှုကြီးဖြစ်တယ်။ ဒီအမှုရဲ့ သတင်းဆိုးဟာ အေးချမ်းတဲ့ ကင်နက်ကီတောမြို့လေးကိုအခြေတည်*

*ပြီး အမေရိကားတစ်နိုင်ငံလုံးကို ပျံ့နှံ့သွားခဲ့တယ်။*

အဲဒီညရဲ့ အသံဆိုးတွေ ခေါင်းထဲကို ပြန်ဝင်လာပြီး ကျွန်မ နားတွေအူလာတယ်။ ယောက်ျားတစ်ယောက်ရဲ့ မာန်ဖီသံ။ လည်ချောင်းခြောက်ထဲကနေ တိုးထွက်လာတဲ့ ကြိမ်းဝါးသံ။ တစ္ဆေတစ်ကောင်လို ရူးရှနေတဲ့ အမေ့ရဲ့ အော်သံ။

အမှောင်··။ အမှောင်ထဲက အတိတ်တွေ။

စာအုပ်နောက်ဖုံးမှာ စာရေးဆရာမ ဘာဘရာရဲ့ ဓာတ်ပုံထည့်ပေးထားတယ်။ ဆံပင်တိုတိုထောင်ထောင်နဲ့၊ နားမှာ နားကပ်တွဲလောင်း၊ မျက်နှာက အပြုံးက ဝမ်းနည်း နေသယောင်။ စာရေးသူရဲ့ ကိုယ်ရေးအကျဉ်းမှာရေးထားတယ်။ ဘာဘရာက ကန်းဆက်စ်ပြည်နယ်ရဲ့ မြို့တော် တိုပီကာမြို့မှာ နေတယ်။ ဒါပေမယ့် စာအုပ်ထဲက လိပ်စာဆိုတော့ နှစ် ၂၀ ကျော် ကြာသွားပြီပဲ။

လိုင်ဝိုက်သ်ကို ဖုန်းဆက်ပြီး ပစ္စည်းတွေ ပြန်ရောင်းဖို့ကိစ္စ ပြောရဦးမယ်။ ဒါပေမယ့် မဆက်ချင်သေးဘူး။ ကျွန်မ မိသားစု အသတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သူ့ဆီက ဆရာလုပ်တဲ့ စကားတွေ မကြားချင်သေးဘူး။ (*ဟာ··ဘန်သတ်တယ်လို့ ခင်ဗျားက တကယ်ကြီးထင်နေတာလား··*တဲ့။) လိုင်ဝိုက်သ်နဲ့ စကားပြောတဲ့အခါ ကျရင် ငတုံးမကြီးလို ငြိမ်ပြီး နားထောင်နေမယ့် အစား သူနဲ့အပြိုင် ပြန်ပြောနိုင်ဖို့ ကျွန်မဘက်က အချက်အလက် အသစ်တွေ ရှာဖို့လိုတယ်။

ခေါင်းအုံးကို နှစ်ထပ်ဆင့်ပြီး ခုတင်ပေါ်မှာ လှဲလိုက်တယ်။ စာအုပ်ကို ဟိုလှန်ဒီလှန် နည်းနည်းပါးပါး ဖတ်ကြည့်တယ်။ ကျွန်မရဲ့ ကြောင်ကြီး ဘက်ခ် က ကျွန်မများ မီးဖိုချောင်ဘက်ကို သွားမလားဆိုပြီး မျှော်လင့်တကြီး စောင့်နေတယ်။

ဘာဘရာရေချယ်က စာအုပ်ထဲမှာ ဘန့်ကို *'အပေါင်းအသင်းမရှိတဲ့သူ၊ လူတောမတိုးတဲ့သူ၊ အမြဲစိတ်တိုနေတဲ့ကောင်လေး'* လို့ ရေးထားတယ်။ *'အကြမ်းတကာ့ အကြမ်းဆုံး ဟဲဗီးမက်တယ်သီချင်းတွေ (ဘလက်မက်တယ်လို့လည်း ခေါ်တယ်)ကို အရူးအမူး စွဲလမ်းနေတဲ့သူ။ ကောလာဟလတွေအရ ဆိုရင်တော့ အဲဒီသီချင်းအမျိုးအစားက နတ်ဆိုးတွေကို စကားဝှက်နဲ့ ဖိတ်ခေါ်တဲ့သီချင်းတွေလို့ သိရတယ်'*··တဲ့။ စာအုပ်ကို ဆက်လှန်ကြည့်နေရင်း ကျွန်မအကြောင်းရေးထားတာတွေ ဖတ်မိတယ်။ *'နတ်သမီးလေးလို နုနယ်နေပေမယ့် စိတ်ဓာတ်တော့ အင်မတန်ခိုင်မာတဲ့ ကောင်မလေး'*တဲ့။ *'သူ့ထက်အသက်နှစ်ဆကြီးတဲ့ မိန်းကလေးတွေမှာတောင် တွေ့ရခဲတဲ့ ရဲရင့်မှုမျိုး သူ့မှာရှိနေတယ်'* ဆိုပဲ။ ဒေးမိသားစုဟာအရင်တုန်းကဆိုရင် *'ပျော်ရွှင်နေခဲ့တဲ့ မိသားစုလေးတစ်ခု။ သန့်စင် လွတ်လပ်တဲ့ အနာဂတ်တွေကို*

*ကိုယ်စီပိုင်ဆိုင်ထားကြတယ်'* တဲ့··။ သြော်··။ ဘယ်လိုပဲ ပြောပြော ဒေးမိသားစု လူသတ်မှုနဲ့ ပတ်သက်ရင် ဒီစာအုပ်က အတိကျဆုံး၊ အမှန်ဆုံးလို့ ယူဆထားကြတာပဲ။ ဟို··'လူသတ်အသင်း'က လူတွေပြောသမျှကို နားထောင်ပြီးသွားတဲ့အချိန်မှာ ကျွန်မတော်တော်လေး အစာမကျေ ဖြစ်သွားတယ်။ 'ဘန်ဒေးမှာ အပြစ် မရှိဘူး' ဆိုတာကိုပဲ တစ်ယောက်ပြီးတစ်ယောက် ပြောနေကြတာလေ။ 'ဘန်ဒေးမှာ အပြစ်ရှိတယ်' လို့ ကျွန်မလိုပဲ ယုံကြည်တဲ့သူ တခြားတစ်ယောက်နဲ့တော့ စကားပြောချင်မိတယ်။ ဒါမှ လိုင်ဝိုက်သ်နဲ့ တွေ့ရင် ပြိုင်ငြင်းလို့ရမှာလေ။ တစ်ချက်ချင်းထောက်ပြပြီးတော့ကို သေသေချာချာ ငြင်းပစ်ဦးမယ်။ *ဒီမှာ··ဒီမှာ·· ဟောဒီမှာတွေ့လား။ နင်တို့ ထင်ထားတာတွေ အကုန်မှားတယ်··*ဆိုပြီး ပြောပစ်မယ်။ ကျွန်မ မှန်တယ်ဆိုတာကို သိသွားမှ လိုင်ဝိုက်သ် ပါးစပ်ပောင်းလောင်း ဖြစ်သွားမှာ။

ဘယ်သူ မှန်မှန်မှားမှား သူတို့ခိုင်းတာကို လုပ်လို့ 'လူသတ်အသင်း'က ပိုက်ဆံပေးမယ် ဆိုရင်တော့ ကျွန်မ ယူဖြစ်ဦးမှာပဲ။

တိုပီကာမြို့ရဲ့ တယ်လီဖုန်း လမ်းညွှန်ဌာနကို ကျွန်မ ဖုန်းဆက်လိုက်တယ်။ ခဏလေးအတွင်းမှာပဲ ဘာဘရာအီချယ်ရဲ့ နံပါတ်ကို ရလိုက်တယ်။ တိုပီကာမှာ နေနေတုန်းပဲကိုး။ ဖုန်းလမ်းညွှန်ထဲမှာလည်း သူ့နာမည်ရှိနေတုန်းပဲ။ လွယ်လိုက်တာ။

ဖုန်းခေါ်သံ နှစ်ချက်မြောက်မှာတင် ဘာဘရာ ဖုန်းလာကိုင်တယ်။ ကျွန်မ ဘယ်သူလဲဆိုတာ ပြောမပြခင်အထိတော့ သူ့အသံက မြူးမြူးကြွကြွပဲ။ ကျွန်မ နာမည် ပြောလိုက်တော့မှ··

"ဟင်·· လစ်ဘီဒေးလား။ သမီး··ဘယ်တော့များ ဆက်သွယ်လာမလဲလို့ အန်တီ စောင့်နေတာ"·· ဘာဘရာက ပြောတယ်။ "အန်တီ သမီးဆီကို ဆက်သွယ်ဖို့ အဲဒါလေ အန်တီ စဉ်းစားသေးတယ်။ ဆက်သင့်၊ မဆက်သင့် စဉ်းစားနေတာနဲ့ပဲ·· ဘယ်လိုပြောရမှန်းမသိတာနဲ့ပဲ အဲဒါလေ"·· ဘာဘရာတစ်ယောက် အခန်းပတ်ပတ်လည်ကို လှည့်ပတ်ကြည့်ရင်း၊ သူ့လက်သည်းတွေသူ ပြန်ကိုက်နေရင်း ပျာယာခတ်နေတဲ့ ပုံကို ကျွန်မမျက်လုံးထဲမြင်လာတယ်။ စားသောက်ဆိုင်တွေမှာ မီနူးစာအုပ်ကို မိနစ်နှစ်ဆယ်လောက် ကြည့်ပြီးပေမယ့် စားပွဲထိုး ရောက်လာတဲ့အခါ ဘာမှာရမှန်း မသိသေးဘဲ ပျာယာခတ်နေသေးတဲ့ လူတွေလိုပေါ့။

"ဟုတ်··ကျွန်မ··ဘန်နဲ့ပတ်သက်ပြီး··အန်တီနဲ့စကားပြောချင်လို့ပါ"·· ကျွန်မ ပြောလိုက်တယ်။

"ဒါပေါ့··ဒါပေါ့။ အန်တီလည်း ဘန့်ဆီကို တောင်းပန်စာတွေပို့ထားတာ

မနည်းဘူး။ လစ်ဘီရယ်..တကယ်ပြောတာ.. အဲဒီစာအုပ်ရေးမိတာ အန်တီတကယ် တောင်းပန်ပါတယ်။ တကယ်ပါ"

သူ့အဖြေက ကျွန်မထင်ထားသလို မဟုတ်ပါလား။

...

ဘာဘရာက ကျွန်မကို နေ့လယ်စာ စားဖို့ဖိတ်တယ်။ သူ့အိမ်မှာပဲ လာစား ပါတဲ့။ ကိုယ်တိုင်တွေ့ပြီး ရှင်းပြစရာတွေ ရှိတယ်လို့ ပြောတယ်။ ဘာဘရာက ကားမမောင်းတာ ကြာပြီတဲ့။ ဒါကြောင့် သူ့အိမ်ကို ကျွန်မ လာနိုင်မယ်ဆိုရင်ပိုပြီး အဆင်ပြေတယ်တဲ့။ (အိပ်ဆေးတွေ၊ စိတ်ငြိမ်ဆေးတွေ သောက်တာများပြီးအိမ်ထဲက အိမ်ပြင် မထွက်တဲ့သူထင်တာပဲ။ သူ့လေသံက အဲဒီလို ဂနာမငြိမ်တွေဖြစ်နေတယ်။) တိုပီကာနဲ့ ကန်းဆက်စ်စီးတီး သိပ်မဝေးတော့ အဆင်ပြေပါတယ်။ တိုပီကာကို သွားချင်လွန်းလို့တော့ မဟုတ်ဘူး။ တကယ်က အဲဒီမြို့ကို ကျွန်မ တော်တော်ငြီးငွေ့ နေပြီ။ စိတ်ပျက်နေပြီ။ တိုပီကာမြို့က အရင်တုန်းကဆိုရင် တစ်မြို့လုံး စိတ်ကုဆရာ ဝန်တွေနဲ့ ပြည့်နေတာ။ တကယ်။ မြို့အဝင်ဝမှာ ဆိုင်းဘုတ်တပ်ထားတာကို မှတ်မိ သေးတယ်။ '*ကမ္ဘာ့အကောင်းဆုံး စိတ်ကုဆရာဝန်တွေရှိတဲ့ တိုပီကာမြို့က ကြိုဆို ပါတယ်*' ဆိုပဲ။ စိတ်ရောဂါကု ဆရာဝန်တွေ၊ စိတ်ကျန်းမာရေး အကြံပေးတွေက တစ်မြို့လုံး နေရာတကာမှာ။ အရင်တုန်းက ကျွန်မ တိုပီကာမြို့ကို တစ်ချိန်လုံး သွား ခဲ့ရတယ်။ စိတ်ကုဆရာဝန်တွေနဲ့ သွားတွေ့ရတာပါ။ ကျွန်မကို သီးသန့် ကုသ ပေးချင်လို့ပါတဲ့..။ ကျွန်မရဲ့ ဒေါသစိတ်တွေ၊ ညဘက် ညဘက် မက်မက်နေတဲ့ အိပ်မက်ဆိုးတွေ၊ တစ်ခါတလေ မထင်မှတ်ဘဲ ရင်တလှပ်လှပ်နဲ့ အမောဖောက် တတ်တာတွေကို စိတ်ရောဂါကု ဆရာဝန်တွေကို ပြောပြရတယ်။ ဆယ်ကျော်သက် အရွယ်လောက် ရောက်တော့လည်း ကုလို့မပြီးနိုင်သေး။ ကျွန်မရဲ့ စိတ်လိုက်မာန်ပါ ကိုယ်ထိလက်ရောက်လုပ်ချင်တဲ့ စိတ်အခံနဲ့ ပတ်သက်ပြီး ပြောရ၊ ကုရ ပြန်တယ်။ ကျွန်မ မျက်စိထဲမှာတော့ တိုပီကာမြို့ဟာ အရူးထောင်တစ်ခုနဲ့ တူတယ်။

ဘာဘရာ့ဆီ မသွားခင် သူ့စာအုပ်ကို ကျွန်မ ပြီးအောင်ဖတ်တယ်။ မေးစရာ မေးခွန်းတွေကို ခေါင်းထဲမှာ တစ်ခုချင်း စီထားလိုက်တယ်။ ဘာဘရာ့အိမ်ကိုကားနဲ့ သွားရင် တစ်နာရီလောက် ကြာမယ်။ ဒါပေမယ့် လမ်းမှာ လမ်းပျောက်နေတာနဲ့ပဲ သုံးနာရီလောက် ကြာသွားတယ်။ တွေ့တာနဲ့ မေးခွန်းတွေ မေးပစ်လိုက်မယ်ပေါ့ ဆိုပြီး အားခဲထားတဲ့ ကျွန်မ၊ ခေါင်းတွေမူးပြီး အားလျော့ချင်လာတယ်။ ကျွန်မအိမ်မှာ အင်တာနက် တပ်မထားမိတာကို နောင်တရသွားတယ်။ ဘာဘရာ့အိမ်ကို သွားဖို့

မြေပုံ ဒေါင်းလုတ် ဆွဲလာရမှာ။ အခုတော့ လမ်းမှားနေတာနဲ့ပဲ မရောက်နိုင်တော့ဘူး။ အင်တာနက်တွေ၊ တီဗွီလိုင်းတွေနဲ့ ကျွန်မနဲ့ အဆင်မပြေဘူး။ ပုံမှန်လစဉ်ကြေးပေးဖို့ ပျင်းနေတာနဲ့ပဲ လိုင်းဖြတ်ခံရမှာ။ ဒီလိုပဲ ဆံပင်ညှပ်ဆရာဆီ သွားဖို့၊ သွားဆရာဝန်ဆီသွားဖို့ စတဲ့ ပုံမှန်လုပ်ရတဲ့ အလုပ်တွေနဲ့လည်း ကျွန်မနဲ့ အံမဝင်ပြန်ဘူး။ အခု နေနေတဲ့ အိမ်ကို ကျွန်မပြောင်းလာတုန်းကဆိုရင် ရောက်ရောက်ချင်း ၃ လ တိတိ စောင်ခြုံပြီး နေခဲ့ဖူးတယ်။ အပူပေးစက်ဖွင့်ဖို့ ဓာတ်ငွေ့ဖိုးဆောင်ရမှာကို ထမလုပ်ချင်တာလေ။ မီတာခပေးဖို့လည်း ခဏခဏ သတိမေ့တယ်။ ကျွန်မက အဲဒီလိုပဲ။ ပုံမှန် ထိန်းသိမ်းရ၊ စောင့်ရှောက်ရတဲ့ အရာတွေနဲ့ အဆင်မပြေဘူး။

ဘာဘာရာရဲ့အိမ်က ခပ်ရိုးရိုး ပျင်းစရာ တိုက်အိမ်လေးပါ။ အစိမ်းရောင်အုပ်အုပ် သုတ်ထားတယ်။ အိမ်ပတ်လည်မှာ လေဆည်းလည်းတွေ ချိတ်ထားတယ်။ တံခါးလာဖွင့်ပေးရင်း ကျွန်မကို မြင်တော့ ဘာဘာရာ့ပုံစံက ကျွန်မ တကယ်ရောက်လာလို့ အံ့သြသွားသလို ဖြစ်နေတယ်။ စာအုပ်ထဲမှာ ပါတဲ့ ဓာတ်ပုံနဲ့ အခုအပြင်က ဘာဘာရာနဲ့ သိပ်မကွာဘူး။ ဆံပင်ပုံစံတူတူပဲ။ အခုတော့ မီးခိုးရောင်အကြောင်းတွေ ပေါ်စပြုနေပြီပေါ့။ ကြိုးတွဲလဲ မျက်မှန်တပ်ထားတယ်။ အသက်ကြီးကြီး အမျိုးသမီးတွေ သဘောကျတဲ့ စတိုင်မျိုး။ ဘာဘာရာ့ အသက်က ၅၀ ကျော်လောက် ရှိပြီထင်တယ်။ မျက်လုံးနက်နက်တွေက ပိန်ပိန်ပါးပါးမျက်နှာပေါ်မှာ ခုံးထွက်နေတယ်။

"ဟယ်..လစ်ဘီ.."..ဘာဘာရာက မပြောမဆိုနဲ့ ကျွန်မကို ဖက်တယ်။ သူ့ရဲ့ ကိုယ်လုံးက အရိုးတချို့ ကျွန်မ ရင်ဘတ်ကို လာထောက်တယ်။ ဘာဘာရာ့ကိုယ်က သစ်မွှေးဆီနံ့နဲ့ သိုးမွှေးနံ့တွေ သဲ့သဲ့ရနေတယ်။ အိမ်ထဲကနေ ခွေးလေးတစ်ကောင်ထွက်လာပြီး ကျွန်မကို ကြည့်ရင်း တဝုတ်ဝုတ်ဟောင်တယ်။ အိမ်ထဲကနာရီကြီးကနေ သံချောင်းခေါက်သံ ထွက်လာတယ်။

"ခွေးချစ်တတ်တယ် မဟုတ်လား။ အန်တီ့ သားလေးက မကိုက်တတ်ပါဘူး".. ကျွန်မ ပေါင်ပေါ် ခိုတက်နေတဲ့ ခွေးကို ကြည့်ပြီး ဘာဘာရာကပြောတယ်။ ကျွန်မ ခွေးမချစ်တတ်ဘူး။ ချစ်စရာကောင်းလှချည်ရဲ့ ဆိုတဲ့ ခွေးပေါက်စလေးတွေကိုတောင် ဘယ်လိုမှချစ်လို့မရဘူး။ ဘာဘာရာ့ခွေးကိုပွတ်မပေးဘဲ ကျွန်မ လက်တွေကို အနောက်မှာ အသာဖွက်ထားလိုက်တယ်။ "ဝီနီရေ..လာလာ။ သွားနောင့်ယှက်မနေနဲ့"..ဘာဘာရာက သူ့ခွေးကို ချော့ခေါ်တယ်။ ဝီနီတဲ့.. နာမည်ကိုကြားမှ ပိုပြီးတောင် မချစ်ချင်တော့ဘူး။

ဘာဘာရာရဲ့ ဧည့်ခန်းက ဆိုဖာတွေ၊ ထိုင်ခုံတွေ၊ ကော်ဇောတွေ၊ ခေါင်းအုံး

တွေ၊ ခန်းဆီးတွေနဲ့ ဝေဝေဆာဆာပြည့်ကျပ်နေတယ်။ ရှိသမျှ ပရိဘောဂတွေအားလုံး အဖုံးအစွပ်တွေနဲ့ လုံးလုံးကြီးတွေ။ ဘာဘရာက ကျွန်မကို ဧည့်ခန်းထဲမှာထိုင်ခိုင်းပြီး သူကျတော့ နောက်ထဲ ဝင်သွားလိုက်၊ ပြန်ထွက်လာလိုက်နဲ့ အလုပ်တွေရှုပ်နေတယ်။ ဘာသောက်မလဲဆိုတဲ့ စကားကိုလည်း နှစ်ခါသုံးခါ မေးတယ်။ သူတိုက်မယ့်အအေး တွေကို ကျွန်မ ကြိုမှန်းလို့ရနေတယ်။ ဖုန်နံ့သင်းသင်းနဲ့ သစ်ဥသစ်ဖု ဖျော်ရည်တစ် ခုခု၊ ဒါမှမဟုတ် ဆေးဖက်ဝင် ပန်းပေါင်းစုံလက်ဖက်ရည်ကြမ်းတစ်ခုခု ဖြစ်မှာပဲ။ ရေပဲသောက်မယ်လို့ ကျွန်မပြောလိုက်တယ်။ အိမ်ထဲမှာ အရက်ပုလင်းတွေများထား ထားသလား ကျွန်မ မျက်လုံးနဲ့ လိုက်ရှာကြည့်သေးတယ်။ မတွေ့ဘူး။ ဘာဘရာက ဆေးတစ်ခုခုတော့ စွဲပြီးသောက်နေတာ သေချာတယ်။ သူ့စကားပြောပုံ ၊ လှုပ်ရှားပုံ တွေကို ကြည့်ရတာ ပျာယာတွေ ခတ်နေတာ။

ဘာဘရာက လင်ပန်းထဲမှာ ဆန်းဒဝစ်ချ်တွေ ထည့်ပြီး ယူလာပေးတယ်။ ကျွန်မသောက်ဖို့ ရေခဲရေတစ်ခွက် ချပေးတယ်။ ခွက်ထဲမှာ ရေခဲတွေ အပြည့်ထည့် ထားတော့ နှစ်ငုံတည်းနဲ့ ကုန်သွားတယ်။

"ဘန်ရော·· နေကောင်းရဲ့လား"··ဘာဘရာက ထိုင်ခုံမှာ ဝင်ထိုင်ရင်း မေးတယ်။ ဆန်းဒဝစ်ချ် လင်ပန်းကိုတော့ သူ့ဘေးမှာယူထားတယ်။ လိုရင်ထထည့် လို့ရအောင် အနားယူထားတာထင်တယ်။

"ဟုတ်·· အဲဒါတော့မသိဘူး။ ကျွန်မနဲ့ ဘန်နဲ့ အဆက်အသွယ်မရှိဘူး"

ဘာဘရာက ကျွန်မပြောတာကို မကြားသလိုပဲ။ သူ့ခေါင်းထဲမှာ သူ့ကိုယ် ပိုင် အတွေးတွေနဲ့ ပြည့်နေတယ်ထင်တယ်။

"လစ်ဘီရယ်၊ အဲဒီစာအုပ်အတွက် အန်တီလေ စိတ်မကောင်းဘူး။ အပြစ်ရှိ သလို ခံစားရတယ်။ အမိန့်ချပြီးမှ စာအုပ်ထွက်တာဆိုတော့ အန်တီ့စာအုပ်ကြောင့် အမှုသွားအမှုလာ ပြောင်းသွားတာမျိုးတော့ မရှိခဲ့ဘူးနော်··။ ဒါပေမယ့် မစဉ်းစားဘဲ ဘန့်ကို အပြစ်တင်ခဲ့တဲ့ သူတွေထဲမှာ အန်တီလည်း ပါသွားတာပဲ။ အဲဒီခေတ်ကိုက မကောင်းတာပါကွယ်။ လစ်ဘီကတော့ ဘယ်မှတ်မိတော့မလဲနော်။ ငယ်သေးတာ ကိုး။ အဲဒီတုန်းကလေ စေတန်ကိုးကွယ်တဲ့အဖွဲ့တွေကို လူတွေက အရမ်းကြောက်ခဲ့ ကြတာ"

စကားတစ်ခွန်းပြောရင် ကျွန်မ နာမည်ကို ဘယ်နှခါ ထည့်ခေါ်မလဲ မသိ။ သူ့ကြည့်ရတာ အဲဒီလို နာမည်တွေ လှိုင်လှိုင်သုံးပြီးမှ ပြောတတ်တဲ့ ပုံစံမျိုး။

"စိတ်ကျန်းမာရေး ပညာရှင်အဖွဲ့တွေ၊ ရဲတွေ၊ ဥပဒေဘက်သားတွေ··အို

အားလုံးပါပဲ။ အဲဒီခေတ်တုန်းက ဘယ်သူ့ကိုတွေ့တွေ့ နတ်ဆိုးကိုးကွယ်တဲ့သူတွေလို့ သူတို့က ထင်ခဲ့ကြတာ။ ဝါးလုံးရှည်နဲ့ ပတ်ရမ်းတာ ခေတ်စားတဲ့ အချိန်ပေါ့"

ဘာဘရာက ကျွန်မဘက်ကို ကိုယ်ကိုကိုင်းတယ်။ သူ့နားက နားကွင်းတွေ ရမ်းခါသွားတယ်။ သူ့လက်နှစ်ဖက်ကို ဆုပ်ပြီး ချေနေတယ်။

"နတ်ဆိုးကိုးကွယ်တဲ့သူတွေစုပြီး ထောင်ထားတဲ့ အဖွဲ့အစည်းတွေရှိတယ် ဆိုပြီး အကုန်လုံးက ထင်ခဲ့တာလေ။ ဆယ်ကျော်သက် ကောင်လေး၊ ကောင်မလေး တစ်ယောက်ယောက်များ ခြေလှမ်းပျက်လာပြီဆိုရင်··ဟာ··သူကတော့ စေတန်ကိုး ကွယ်တဲ့ အဖွဲ့သားပဲ နေမှာဆိုပြီး ကောက်ချက်ချခဲ့ကြတယ်။ သူငယ်တန်းကလေး တစ်ယောက် ကျောင်းကပြန်လာတယ်။ သူ့ကိုယ်မှာ အရှိုးရာတွေ တွေ့တယ်။ဒါဆို ရင်လည်း သူ့ဆရာတွေ ဆရာမတွေက စေတန်ကိုးကွယ်သူတွေပဲ ဆိုပြီး မိဘတွေက စွပ်စွဲလိုက်တာပဲ။ *မက်မာတင်* မူလတန်းကျောင်း အမှုကို မှတ်မိသေးလား။ အဲဒီက ဆရာတွေဆိုရင် သနားပါတယ်။ အမှုရင်ဆိုင်ရတာ ဘယ်နှနှစ်တောင်ကြာသွားသလဲ၊ ပြီးတော့လည်း ဘာမှမဟုတ်ဘဲ လွှတ်ပေးလိုက်ရတာပဲ။ စေတန်နဲ့ပတ်သက်နေတယ် လို့ ပြောလိုက်တာနဲ့ သတင်းထူးဖြစ်သွားတာကိုး။ အန်တီလည်း အဲဒီထောင်ချောက် ထဲကို ဝင်သွားမိတာ။ ဓာတ်လမ်း ကောင်းကောင်း ရဖို့ကိုပဲ ပိုအလေးပေးခဲ့မိတာ"

ဘာဘရာ့ခွေးက ကျွန်မခြေထောက်ကို လာရှုပြန်တယ်။ ကျွန်မ တွန့်ခနဲ ဖြစ်သွားတယ်။ ဘာဘရာများ လှမ်းခေါ်မလား ကျွန်မ မျှော်လင့်လိုက်သေးတယ်၊ ဒါပေမယ့် ဘာဘရာက ခွေးကို သတိမရဘူး။ သူ့မျက်လုံးတွေက ကျွန်မနောက်က ပြတင်းပေါက်မှာတွဲလောင်းချိတ်ထားတဲ့ ဖန်ဆည်းလည်းတွေဆီ ရောက်နေတယ်၊ အခန်းထဲကိုဝင်လာတဲ့ နေရောင်က ဖန်ဆည်းလည်းတွေကို ဖြတ်ပြီး ရွှေရောင်သမ်း နေတယ်။

"ပြီးတော့ အဲဒီတုန်းကလည်း စေတန်ဓာတ်လမ်းနဲ့ လစ်ဘီတို့ မိသားစု အမှုနဲ့ ကိုက်နေတာကိုး"·· ဘာဘရာက ဆက်ပြောတယ်။ "အန်တီ ဝန်ခံပါတယ်၊ ဆယ်စုနှစ် တစ်ခုလောက် ကြာသွားတော့မှ·· သက်သေတွေ အများကြီး ထပ်တွေ့ တော့မှ··ဘန့်အမှုနဲ့ စေတန် ဓာတ်လမ်းတွေနဲ့ သိပ်မဆိုင်မှန်း အန်တီ သိလာတာ"

"ဘယ်လို သက်သေတွေလဲ"

"လစ်ဘီ့ကို ခေါ်စစ်တော့ ရဲတွေက သူတို့လိုချင်တဲ့အဖြေတွေကို နှုတ်ချ သင်ပေးသွားခဲ့တာလေ။ ပြီးတော့ သမီး လစ်ဘီက အဲဒီတုန်းက စိတ်ချရတဲ့၊ ယုံလို့ ရတဲ့ သက်သေမျိုးမှ မဟုတ်ခဲ့တာ။ အရမ်းငယ်သေးတယ်လေ။ ဓဝေဓဝါတွေလည်း

ဖြစ်နေတယ်။ သမီးကိုတာဝန်ယူခဲ့တဲ့ စိတ်က ဆရာဝန်က သမီးခေါင်းထဲကို သူတို့ ပြောစေချင်တဲ့ စကားတွေ သွတ်ထည့်ခဲ့တာလေ''

''ဒေါက်တာ *ဘရွန်နာ* ကို ပြောတာလား''..ဒေါက်တာဘရွန်နာကိုကျွန်မ မှတ်မိတယ်။ နှာခေါင်း ကြီးကြီး၊ မျက်လုံး သေးသေး၊ အမွေး ထိုးထိုးထောင်ထောင် တွေနဲ့။ ကလေးစာအုပ်တွေထဲမှာ ပါတတ်တဲ့ အကောင်တစ်ကောင်နဲ့တူတယ်။ အဲဒီ အမှုဆိုင်နေတဲ့နှစ် တစ်နှစ်လုံးမှာ ကျွန်မနဲ့ အဆင်ပြေခဲ့တဲ့သူဆိုလို့ ဒေါက်တာ ဘရွန်နာရယ် အန်တီဒိုင်ယန်းရယ်ပဲ ရှိခဲ့တာ။ အဲဒီ..အမှောင်ထဲက ညအကြောင်း ကျွန်မ ပြန်ပြောပြဖြစ်ခဲ့တဲ့သူဆိုလို့ဒေါက်တာဘရွန်နာပဲရှိတယ်။ အန်တီဒိုင်ယန်းက အဲဒီညအကြောင်း အပြောမခံဘူးလေ။ ဒေါက်တာဘရွန်နာ..

''အလကားဆရာဝန်''..ဘာဘရာက ပြောရင်း ရယ်တယ်။ ကျွန်မစိတ်ထဲ ထောင်းခနဲ ဖြစ်သွားတယ်။ ဒီမိန်းမက ကျွန်မကို လှူလိမ်လို့ စွပ်စွဲနေတာပဲ မဟုတ်လား။ သူပြောတာ မှားတော့မမှားပါဘူး။ ကျွန်မက လူလိမ်ပါ။ ဒါပေမယ့် အဲဒီလို တည့်တည့်စွပ်စွဲတော့လည်း မခံနိုင်ပြန်ဘူး။ ဘာဘရာက ဆက်ပြောပြန်တယ်။

''ပြီးတော့ သမီးအဖေရဲ့ အလီဘိုင်ကလည်း လုံးဝ အဓိပ္ပာယ်မရှိဘူးလေ။ ဘာလဲ..အဲဒီအချိန်မှာ သူ့ရည်းစားအသစ်ဆိုတဲ့ မိန်းမနဲ့ တူတူရှိနေတယ်ဆိုလား..။ အဲဒီ အလီဘိုင်က ဘယ်လိုမှလက်ခံစရာ အကြောင်းမရှိဘူး။ တကယ်တမ်းက သမီး အဖေမှာ ဘာအလီဘိုင်မှ မရှိခဲ့ဘူး။ ပြီးတော့ သမီးအဖေက အကြွေးတွေလည်း ပတ်လည်ဝိုင်းနေသေးတယ်''

''ကျွန်မ အမေမှာလည်း ပိုက်ဆံမှ မရှိဘဲ''

''သမီးအမေက သမီးအဖေထက်တော့ ပိုက်ဆံရှိတယ်လေ။ ဟုတ်တယ် မဟုတ်လား''

သူပြောတာ ဟုတ်တယ်။ ငယ်ငယ်တုန်းက အဖေက ကျွန်မကို အိမ်နီးချင်း တစ်ယောက်အိမ်မှာ နေ့လယ်စာ အလကား သွားစားခိုင်းတယ်။ ကျွန်မကိုသနားပြီး ကျွေးမယ့် နေ့လယ်စာပေါ့။ အဖေက မှာလိုက်တယ်။ အဲဒီအိမ်ကို ရောက်ရင် ဆို ဖာအောက်ကို ငုံ့ကြည့်တဲ့။ ပိုက်ဆံအကြွေတွေ ဘာတွေ တွေ့ရင် ယူခဲ့တဲ့။ ပြီးရင် သူ့ကို ပြန်ပေးတဲ့။

''ပြီးတော့ ကျန်သေးတယ်။ သွေးပေနေတဲ့ စတိုင်ပဲင်န် ဖိနပ်ရာလေ။ ဘယ် သူ့ ဖိနပ်ရာလဲ ဆိုတာ အခုထိ မသိသေးဘူး။ မှုခင်းနေရာတစ်ခုလုံးကလည်း သုံးမရ အောင် ခြေရာလက်ရာတွေ ပျက်နေသေးတယ်။ အဲဒီနေ့ တစ်နေ့လုံး အဲဒီအိမ်ထဲကို

လူတွေ ဝင်လိုက်ထွက်လိုက်လုပ်နေကြတာကိုး။ သမီးရဲ့ အန်တီကလည်း အိမ်ထဲကို ဝင်ပြီး သမီး အတွက် အဝတ်အစားတွေ ဝင်ယူသေးတယ် မဟုတ်လား။ ဒါတွေကို တော့ အန်တီ့ စာအုပ်ထဲမှာ ထည့်မရေးခဲ့ဘူး။ မှုခင်းနေရာကို အဲဒီလို ဝင်ချင်သလိုဝင်၊ ထွက်ချင်သလိုထွက်··ဒါမျိုး လုပ်လို့မှ မရဘဲ။ ဒါပေမယ့် ဒါကိုဘယ်သူမှ အရေး မစိုက်ခဲ့ကြဘူးလေ။ လူတွေအားလုံးက သွေးပျက်နေကြတာကိုး။ ဘန်ဒေး··ဆိုတဲ့ ဆယ်ကျော်သက် ကောင်လေးပေါ်ကို မျက်လုံးတွေအကုန် စုပြုံကျလာတော့တာ။ ဘန်က ဘယ်သူနဲ့မှလည်း မတည့်။ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုမစိုက်တတ်။ ပိုက် ဆံကလည်း မရှိ။ ပြီးတော့ ဟဲဗီးမက်တယ် သီချင်းတွေကို သိပ် သဘောကျတဲ့သူ။ ပြန်တွေးကြည့်ရင် လူတွေ ဘန့်ကို ဝိုင်းစွပ်စွဲခဲ့တာ တော်တော် အဓိပ္ပာယ်မရှိဘူး။ အန်တီလည်း ရှက်မိတယ်။ တကယ်··။ မဖြစ်သင့်ခဲ့ဘူး။ သနားပါတယ်··"

"ဘန့်မှာ လွတ်လမ်းရှိသေးလို့လား"·· ကျွန်မ မေးလိုက်ရင်း ဗိုက်ထဲမှာ အန်ချင်သလိုလို ဖြစ်လာတယ်။ အစာအိမ်နဲ့အူတွေ ခွေခေါက်ချင်လာတယ်။ဘန့်မှာ အပြစ်ရှိတယ်လို့ တထစ်ချ သတ်မှတ်ပေးခဲ့တဲ့ စာအုပ်ရဲ့ စာရေးသူ ကိုယ်တိုင်က သူ့အမြင်ကို ပြောင်းလိုက်ပြီတဲ့။ ကျွန်မ လီဆယ်ပြီး ထွက်ဆိုခဲ့တယ်လို့ ထင်တဲ့သူ နောက်တစ်ယောက် တိုးလာပြန်ပြီပေါ့။

"ဘန် ပြန်လွတ်လာအောင် သမီးကြိုးစားနေတာ မဟုတ်ဘူးလားဟင်။ နှစ် တွေ အရမ်းကြာသွားပြီဆိုတော့ အမှုကို ပြန်လှန်ဖို့ လွယ်တော့ မလွယ်တော့ဘူးပေါ့။ အယူခံဝင်လို့ရတဲ့ အချိန် အကန့်အသတ်က ကျော်သွားပြီလေ။ တရားခွင်ပြန်ဝင်ဖို့ ဆိုတာ သက်သေအကြီးကြီး တစ်ခုခု ရှာတွေ့မှရတော့မှာ။ တရားသူကြီးကိုယ်တိုင် စိတ်ဝင်စားလက်ခံမယ့် သက်သေမျိုးလေ။ DNA သက်သေဖြစ်ဖြစ် ဘာဖြစ်ဖြစ်·· အဲဒီလိုမျိုး တစ်ခုခုပေါ့။ ဒါပေမယ့် သမီးရဲ့ အမေနဲ့ အမတွေရဲ့ အလောင်းတွေကို မီးသင်္ဂြိုဟ်လိုက်တာဆိုတော့··"

"အင်း··ဟုတ် ကျေးဇူးပါ"·· ကျွန်မ အမြန်ဖြတ်ပြောလိုက်တယ်။ အိမ် ပြန်ချင်ပြီ။

"အန်တီ့ စာအုပ်က စီရင်ချက် ချပြီးမှ ထွက်ခဲ့တာနော်။ သေချာအောင် စိတ်ရှင်းအောင် ထပ်ပြောတာပါ။ ဘာပဲဖြစ်ဖြစ် အန်တီ ကူညီနိုင်တာ ရှိရင် ကူညီမှာ ပါ။ အန်တီ့ အပြစ်မဟုတ်ဘူးဆိုပြီး ကိုယ်လွတ် မရုန်းပါဘူး။ လိုတာရှိရင်ပြောနော် လစ်ဘီ·· သမီး··"

"ရဲတွေကိုရော အန်တီပြောပြပြီးပြီလား။ ဘန့်မှာအပြစ်မရှိဘူးလို့ အန်တီ

ထင်တယ်ဆိုတဲ့ အကြောင်းလေ။ အဲဒါ..ပြောပြီးပြီလား"

"ဟင့်အင်း။ အဲဒီလိုတော့ မပြောဖြစ်ဘူး။ ဘန် လုပ်တာမဟုတ်ဘူးဆိုတာ လူတော်တော်များများက သိနေခဲ့တာ ကြာပါပြီ"..ဘာဘရာက ပြောတယ်။ သူ့စကားသံက ပိုပြီးစူးလာတယ်။ "သမီးရော ထွက်ဆိုချက်အသစ်လုပ်ဖို့ ပြင်ဆင်ပြီးပြီလား။ အဲဒီလိုဆိုရင်တော့ တကယ်အသုံးဝင်မှာ"

ကျွန်မ ဘာပြောမလဲ ဆိုတာ ဘာဘရာက စောင့်နေတယ်။ ဘာလို့ အခုမှ သူ့ဆီကို ကျွန်မ ရောက်လာသလဲဆိုတဲ့ အဖြေကို သိချင်နေတယ်။ *ဘန့်မှာအပြစ်မရှိပါဘူး..ဘန်ပြန်လွတ်အောင် ကျွန်မလုပ်ပေးမှာပါ..*ဆိုတဲ့ စကားကို သူ ကြားချင်နေတယ်။ ကျွန်မ ဘာမှ ပြန်မပြောနိုင်ဘဲ ဘာဘရာကျွေးတဲ့ နေ့လယ်စာကို တစ်ကိုက်ချင်း စားနေမိတယ်။ ပေါင်မုန့်ကို ဟကြည့်တော့ အထဲမှာ သခွားသီးနဲ့ ပဲနှစ်တွေ။ ပေါင်မုန့်ကို ပြန်ချလိုက်တယ်။ ပေါင်မုန့်သားပေါ်မှာ လက်မအရာက ချိုင့်ဝင်ပြီး ကျန်ခဲ့တယ်။ အခန်း ပတ်ပတ်လည်မှာ စာအုပ်စင်တွေ။ ဒါပေမယ့် စာအုပ်တွေ အားလုံးနီးပါးက တက်ကျမ်းတွေ၊ စိတ်ဓာတ်ခွန်အား စာအုပ်တွေ ချည်းပဲ။ *'အနာဂတ်ကို ကြိုဆိုလိုက်ပါ'၊ 'အားတင်းထားမိန်းကလေးရေ.. ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်နဲ့'၊ 'မကြောက်နဲ့ဟော့၊ ကိုယ့်ရဲ့ အကောင်းဆုံး သူငယ်ချင်းဟာ ကိုယ်ကိုယ်တိုင်သာ'၊ 'အရှေ့ကိုဆက်.. အရှေ့ကိုချီတက်'..* စသဖြင့်။ စိတ်တက်ကြွစရာ ခေါင်းစဉ်တွေ ဆက်တိုက်ပဲ။ စာအုပ် ခေါင်းစဉ်တွေကို လိုက်ဖတ်ရင်း ကျွန်မ စိတ်ဓာတ်ပါကျလာတယ်။ *အကောင်းမြင်နည်း၊ မိမိကိုယ်ကိုယ် ခွင့်လွှတ်နည်း၊ အများများနှင့်နေထိုင်နည်း။ 'နောက်ကျတတ်တဲ့အကျင့် ပပျောက်နည်း'*ဆိုတဲ့ စာအုပ်တောင်ရှိသေးတယ်။ တက်ကျမ်း ပရိသတ်တွေနဲ့ ကျွန်မနဲ့ သိပ်အဆင်မပြေဘူး။ ဟိုး..တစ်ခါတုန်းကအသိ တစ်ယောက်ရဲ့ အသိ ကောင်လေးတစ်ယောက်နဲ့ ကျွန်မ ဘားတစ်ခုမှာတွေ့မိတယ်။ ရုပ်ချောချော သန့်သန့်လေးပါ။ အပြန်ကျတော့ သူ့တိုက်ခန်းကို ကျွန်မ လိုက်သွားဖြစ်တယ်။ သူ အိပ်ပျော်နေတဲ့ အချိန်..ကျွန်မ သူ့အခန်းထဲမှာ ဟိုဟို ဒီဒီ လိုက်ကြည့်နေရင်း သူ့စားပွဲမှာ ပွစာတက်နေအောင် ကပ်ထားတဲ့ မှတ်စုစာရွက်တွေကို ဖတ်မိသွားတယ်။ စာရွက်ပိုင်းတွေမှာ ရေးထားတယ်။

*ကိစ္စသေးသေးလေးတွေနဲ့ စိတ်မညစ်ပါနဲ့..*
*ပျော်ဖို့ကြိုးစားနေတာကို ရပ်လိုက်မှ တကယ်ပျော်ရမယ်..*
*ဘဝကို ပျော်အောင်နေပါ။ အားလုံး သေရမှာပဲလေ..*
*စိတ်မညစ်နဲ့။ ပျော်အောင်နေ..*

အဲဒီလို·· အသည်းအသန် မျှော်လင့်ရခြင်း၊ အကောင်းမြင်ရခြင်းတွေဟာ ကျွန်မ အတွက်တော့ သိပ်ကို ကြောက်ဖို့ ကောင်းနေတယ်။ ဆံပင် အထွေးထွေးနဲ့ လူအရိုးခေါင်းတွေ တွေ့ရရင်တောင် ကျွန်မ အဲဒီလောက် ကြောက်မိမယ်မထင်ဘူး။ အဲဒီကောင်လေးရဲ့ အိပ်ခန်းထဲကနေ ကျွန်မ ချက်ချင်းပဲ ပြေးထွက်လာခဲ့မိတယ်။

ဘာဘရာ့အိမ်မှာ ကျွန်မ ကြာကြာ ဆက်မနေဖြစ်ဘူး။ မကြာခင် ဖုန်းဆက် အကြောင်းကြားပါ့မယ်လို့ သူ့ကို ကတိပေးပြီး ပြန်လာခဲ့တယ်။ ကျွန်မရဲ့ အိတ်ထဲ မှာတော့ ဘာဘရာ့ ဧည့်ခန်းထဲကနေ ခိုးလာခဲ့တဲ့ အသည်းပုံ စာရွက်ဖိ ဖန်တုံးလေး ပါလာတယ်။

+++

## ပက်တီဒေး

**၁၉၈၅၊ ဇန်နဝါရီ (၂) ရက်**
**မနက် ၉ နာရီ ၄၂ မိနစ်**

ဘေစင်တစ်ခုလုံး ဘန့်ရဲ့ ဆံပင်ဆိုးဆေးရည်တွေ စွန်းပြီး ခရမ်းရောင်ညစ်ညစ် ဖြစ်နေတယ်။ ဘန် မနေ့ညတုန်းက ရေချိုးခန်းထဲဝင်၊ တံခါးကိုချက်ချပြီး သူ့ဆံပင်ကိုအနက်ရောင် ဆိုးလိုက်တာဖြစ်မယ်။အမှိုက်ပုံးထဲမှာဆံပင်ဆိုးဆေးဘူး တစ်ခု ပစ်ထားတာတွေ့တယ်။ ပက်တီ ဘူးခွံကို အမှိုက်ပုံးထဲကနေ ယူကြည့်လိုက်တယ်။ ဆံပင်ဘယ်လိုဆိုးရသလဲဆိုတဲ့အဆင့်ဆင့်ကို ဘူးခွံပေါ်မှာသေချာရှင်းပြထားတယ်။ ဘူးပေါ်မှာ ဆံပင်အနက်ရောင်တောက်တောက်နဲ့ ကောင်မလေးတစ်ယောက်ဓာတ်ပုံ။ ဒီလို မိန်းကလေးပုံနဲ့ ဆံပင်ဆိုးဆေးဘူးကို ဘန်ဘယ်လိုဝယ်လာသလဲ။ စတိုးဆိုင်မှာ ပိုက်ဆံရှင်းတော့ ဘယ်လိုမျက်နှာနဲ့ ရှင်းခဲ့သလဲ။ ဝယ်ခဲ့တာတော့မဖြစ်နိုင်ဘူး။ ခိုးလာတာပဲ နေမှာ။ အိမ်ပြန်ရောက်တော့မှ ရေချိုးခန်းထဲဝင်၊ ခေါင်းပေါ်မှာဆံပင်ဆိုးဆေးတွေ ရွှဲနေအောင်လူး၊ သူ့ရဲ့ ဆံပင်နီနီတွေ အနက်ရောင် ပြောင်းသွားတဲ့အထိ တစ်ညလုံး ထိုင်စောင့်နေခဲ့သလား။

ဒီလိုတွေးလိုက်မိတော့ ပက်တီ သိပ်ဝမ်းနည်းသွားတယ်။ မိန်းကလေးတွေ အများကြီး နေတဲ့အိမ်မှာ သူ့ရဲ့သား ဘန်ဒေးက ကိုယ့်ဘာသာကိုယ် ဆံပင်ဆိုးရသတဲ့လား။ ဘန်က သူ့ကို အကူအညီတောင်းမှာ မဟုတ်တာကိုတော့ ပက်တီသိပါတယ်။ ဒါပေမယ့်··ဒီလိုကြီး ဘန်တစ်ယောက်တည်း ဆံပင်ထိုင်ဆိုးနေတာ အထီးကျန်လွန်းမနေဘူးလား။ လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်တုန်းကထင်တယ်·· ပက်တီ့ရဲ့ အစ်မ ဒိုင်ယန်းက ပက်တီ့ကို ဒီ··ရေချိုးခန်းထဲမှာပဲ နားဖောက်ပေးခဲ့ဖူးတယ်။ ပက်တီက အပ်ချိတ်ကို မီးခြစ်မီးနဲ့ အပူပေးတယ်။ ဒိုင်ယန်းက ပက်တီ့ နားရွက်ထိပ် နေရာကို ရေခဲတုံးနဲ့ ကပ်တယ်။ ပြီးတော့ အာလူးတစ်ခြမ်းကို ပက်တီ့ နားနောက်မှာ ထပ်

ကပ်တယ်။ အာလူးကတော့ ဘာလုပ်ဖို့သုံးတာလဲမသိ။ လက်ဆကောင်းအောင်လို့များလား။ ထားပါတော့။ *ပက်တီ··ငြိမ်ငြိမ်နေနော် မလှုပ်နဲ့··* ဒိုင်ယန်းကပြောရင်း ပက်တီ့နားကို စွပ်ခနဲ ဖောက်ချလိုက်တယ်။ ပထမတစ်ချက် ဖောက်ပြီးသွားတာနဲ့ ပက်တီ ကြောက်ပြီး နောက်တစ်ချက်ထပ်ဖောက်မှာကို မစောင့်တော့ဘူး။ နားထိပ်မှာ အပ်တန်းလန်းကြီးနဲ့ ရေချိုးကန်ထဲကို ပြေးဝင်ပြီး နားကိုလက်နဲ့ ကာထားတော့တာ။ ဒိုင်ယန်းက အေးအေးဆေးဆေးပဲ၊ နောက်ထပ် အပ်တစ်ချောင်းကို အပူပေးတယ်။ ပက်တီ့နားကို ကပ်လာတယ်။ *ခဏပဲ၊ ခဏဆိုရင် ပြီးပြီ၊ တစ်ဘက်တည်း ဖောက်လို့မရဘူးလေ ပက်တီ··*

ဒိုင်ယန်း··။ ဒိုင်ယန်းက အလုပ်ဆိုရင် ပြီးအောင်ကို လုပ်လိုက်ရမှ။ ရာသီဥတု ကောင်းတာ ,မကောင်းတာတွေ လာမပြောနဲ့။ ပျင်းတယ်ဆိုပြီးအကြောင်းမပြနဲ့။ နားတစ်ခုလုံး နာလှပါပြီလို့လည်း မညည်းနဲ့။ အရမ်းကြောက်နေပါပြီ·· ဆိုပြီးတော့လည်း အသနားမခံနဲ့။

ပက်တီ သူ့နားကပ်တွေသူ ပြန်စမ်းကြည့်လိုက်တယ်။ ဘယ်ဘက်နားပေါက်တစ်ခုက နေရာလွဲနေတယ်။ ပက်တီ့ အပြစ်ပါပဲ··အတင်းရုန်းလိုက်တာကိုး။ ဘယ်လိုပဲ ပြောပြော ဒါတွေက သူ့အစ်မကိုယ်တိုင် ဖောက်ပေးခဲ့တဲ့ နားပေါက်လေးတွေ၊ အမှတ်တရတွေ။ ပက်တီပထမဆုံး နှုတ်ခမ်းနီဆိုးဖူးတုန်းကလည်း အစ်မနဲ့အတူတူ မိန်းကလေးသုံး ပစ္စည်းတွေ စပြီး သုံးဖူးတော့လည်း ဒိုင်ယန်းပဲ သင်ပေးခဲ့တာပဲ၊ ဘဝရဲ့ တချို့သော အရာတွေက တစ်ယောက်တည်း မလုပ်သင့်တဲ့၊ အဖော်သဟဲ လိုအပ်တဲ့ အရာတွေ မဟုတ်လား။

ဘေစင်ထဲကို ဂျီးချွတ်ဆေးလောင်းထည့်ပြီး အစွန်းတွေကို တိုက်တယ်၊ ရေတွေက ဆံပင်ဆေးတွေနဲ့ ရောပြီး မင်စိမ်းရောင်ဖြစ်နေတယ်။ ခဏနေရင် ပက်တီ့အစ်မ ဒိုင်ယန်း ရောက်လာတော့မယ်။ ပက်တီတို့ နေရာနဲ့ ဒိုင်ယန်းနေတဲ့နေရာက မိုင် ၃၀ လောက်ဝေးတယ်။ ဒါပေမယ့် ဒိုင်ယန်းအတွက်ကတော့ ဒီလောက်ခရီးကို ကားမောင်းလာရတာ စာမဖွဲ့လောက်သလို အေးအေးဆေးဆေးပဲ။ ဘန့်အကြောင်းတွေ ဒိုင်ယန်းကို ပြောပြရင် သူက ရယ်ဦးမှာ။ ကလေးတွေရဲ့ ကျောင်းကိစ္စတွေ၊ ဆရာ ဆရာမ ပြဿနာတွေ၊ ဘန့်ကိစ္စ၊ လယ်ကွင်းကိစ္စ၊ (အခုတော့ လယ်ကွင်းပြဿနာက ပက်တီ့ခေါင်းထဲမှာ အမြဲလိုလို ရောက်နေတယ်)··ဒီလိုကိစ္စမြားမြောင်ပြီး ပူပင်မိတဲ့ အချိန်တွေမှာ ပက်တီ အတောင့်တမိဆုံးက သူ့အစ်မ ဒိုင်ယန်းကိုပဲ။ ကားဂိုဒေါင် ထဲမှာ ထိုင်ခုံတစ်လုံးချပြီးထိုင်၊ စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ် အဆက်မပြတ်

သောက်ရင်း ဒိုင်ယန်းက ပက်တီ့ကို အားပေးမှာ။ *အဲဒီလောက် မပျော့နဲ့လေ။ ပျော်ပျော်နေမှပေါ့..ပက်တီ..*ဒိုင်ယန်းက ပြောမယ်။ ပြဿနာဆိုတာ ကိုယ်လိုက်မရှာဘဲ ရောက်လာတတ်တဲ့ မကောင်းဆိုးဝါးတွေ..။ ဒါပေမယ့် ဒိုင်ယန်း အတွက်ကတော့ ပြဿနာဆိုတာ ခြေတွေ လက်တွေနဲ့ အကောင်အထည်ရှိတဲ့ ပိုးမွှားသတ္တဝါတွေပဲ။ တွေ့တာနဲ့ ချက်ချင်းရိုက်သတ်ပစ်ရမယ့် အနှောင့်အယှက်တွေသာ။ ဒိုင်ယန်းက စိတ်ပူတတ်တဲ့ မိန်းမမျိုး မဟုတ်ဘူး။ ပူပန်တယ်ဆိုတာ အားနည်းတဲ့မိန်းမတွေအတွက်။

ဒါပေမယ့် ပက်တီ စိတ်မပူအောင် မနေတတ်တော့ဘူး။ လွန်ခဲ့တဲ့တစ်နှစ်လောက်ကစပြီး ဘန်နဲ့ ပက်တီ့ကြားက အကွာအဝေးက ပိုပြီး ကြီးမားလာတယ်။ အခန်းတံခါးပိတ်။ နံရံကိုပါ တုန်သွားလောက်အောင် သီချင်း အကျယ်ကြီးတွေဖွင့်၊ ဘယ်သူနဲ့မှလည်း စကားမပြော။ သီချင်းတွေကလည်း အော်ဟစ်ပွက်လောရိုက်နေတဲ့ ဘာမှန်းမသိတဲ့ အော်သံတွေ။ စာသားတွေက စိတ်ပူစရာတွေ။ စစချင်းတော့ ဘန် ဘာသီချင်းတွေ နားထောင်နေသလဲ ပက်တီ သတိမထားမိဘူး။ ပွက်လောရိုက်ဆူညံနေတာကိုပဲ သတိထားမိတယ်။ ဒါပေမယ့် တစ်ရက်မှာ ပက်တီ အိမ်ကိုစောပြီးပြန်ရောက်လာတယ်။ ဘန်က ပက်တီရောက်လာတာကို မသိဘဲ သူတစ်ယောက်တည်း ရှိနေတယ်လို့ ထင်နေတယ်။ ပက်တီ ဘန့် အခန်းဝနားကို အသာကပ်ပြီး အထဲက ထွက်လာတဲ့ သီချင်းသံကို နိုးနားထောင်ကြည့်တယ်။

*ငါပျောက်ကွယ်သွား*

*ငါဟာငါမဟုတ်*

*နတ်ဆိုးက ငါ့ဝိညာဉ်ကို နှုတ်ယူသွား*

*ငါဟာ စေတန်ရဲ့သား*

ဓာတ်ပြားက အပ်ကြောင်းထပ်သွားပြီး ဂါထာလိုလို ကဗျာလိုလိုစာသားက အစက ပြန်စတယ်။ *ငါပျောက်ကွယ်သွား..ငါဟာငါမဟုတ် နတ်ဆိုးကငါ့ဝိညာဉ်ကို နှုတ်ယူသွား..ငါဟာစေတန်ရဲ့သား..*

နောက်တစ်ခါ..ဒီစာသားပဲ ထပ်လာပြန်တယ်။ ထပ်ကာထပ်ကာ..ဒီတစ်ပိုဒ်ပဲ။ ပက်တီသဘောပေါက်သွားတယ်။ ဘန်က ဓာတ်ပြားစက်ရှေ့မှာမတ်တတ်ရပ်ရင်း ဓာတ်ပြားပေါ်ကအပ်ကိုဆွဲမ၊ အဲဒီစာသားနေရာမှာအပ်ကိုပြန်ချ၊ ဒီတစ်ပိုဒ်ကိုပဲ အကြိမ်ကြိမ် ပြန်နားထောင်နေတာ။

ဒိုင်ယန်း ရောက်လာမယ့် အချိန်ကို ပက်တီ မျှော်လှပြီ။ အခုလာပါတော့။ ဒိုင်ယန်းက ရောက်လာရင် ထိုင်ခုံမှာ အားရပါးရကြီး အိခနဲထိုင်ချမယ်။ ဒိုင်ယန်း

ပုံစံက ဝက်ဝံမ အရုပ်ကြီးလို အိအိပုံ့ပုံ့ကြီး။ စီးကရက်ကိုလက်ကမချ။ အခုတော့ ဒိုင်ယန်း စီးကရက်မသောက်တော့ဘဲ ဆေးလိပ်ဖြတ်တဲ့ ပီကေတွေ ဝါးနေတယ်တဲ့။ ပြီးတော့လည်း ပြန်သောက်တာပါပဲ။

ဘန်ဒေးတစ်ယောက် ဒီလို ဒီလိုတွေ ဖြစ်နေပါတယ်··လို့ ပက်တီက တိုင်ပင်ရင် ဒိုင်ယန်းက ပက်တီလည်း ငယ်ငယ်တုန်းက စကတ်တိုတိုလေးတွေဝတ်လို့ မိဘတွေ ပါးစပ်အဟောင်းသားဖြစ်ခဲ့ရတဲ့ အကြောင်းတွေပြန်ပြောမယ်။ 'နင်လည်း ငယ်ငယ် တုန်းက လုပ်ချင်ရာ လုပ်ခဲ့တာပဲ မဟုတ်လား။ ဘန်လည်း နင့်လိုပဲပေါ့'·· ဆိုပြီး ပက်တီ့ကို ဖျောင်းဖျမယ်။ သူပြောလိုက်ရင်တော့ အကုန်လုံး လွယ်လွယ် လေးတွေ ဖြစ်သွားတာပဲ။

ပက်တီ့ သမီး သုံးယောက်က ရေချိုးခန်းအပြင်မှာ မယောင်မလည်လုပ်ရင်း သူတို့ အမေရဲ့ အခြေအနေကို အကဲခတ်နေကြတယ်။ ပက်တီအပြင်ထွက်လာမယ့် အချိန်ကို စောင့်နေကြတာ။ ပက်တီ့ ပါးစပ်က ပွစိပွစိပြောတဲ့အသံ၊ ဘေစင်ကိုပွတ် ပြီး ဆေးနေတဲ့ အသံတွေကို ကြားပြီး တစ်ခုခုတော့ မှားနေပြီဆိုတာကို သမီးတွေက သိနေလောက်ပြီ။ ဒီပြဿနာက အော်ငိုရမယ့်ပြဿနာလား၊ တစ်ယောက်ယောက်ကို ဝိုင်းပြီး အပြစ်တင်ရမယ့် ပြဿနာလားဆိုတာ စဉ်းစားနေကြပြီ။ ပက်တီငိုပြီဆိုရင် သမီးသုံးယောက်မှာ အနည်းဆုံး နှစ်ယောက်လောက်က ဝင်ငိုကြတယ်။ တစ်ယောက် ယောက် မဟုတ်တာ လုပ်ပြီဆိုတာနဲ့ တစ်အိမ်လုံးက သူ့အပြစ်··ငါ့အပြစ် အပြစ် တင်တဲ့ အသံတွေနဲ့ ဆူညံသွားတတ်တယ်။ ဒေးမိသားစုထဲက မိန်းကလေးတွေက အဲဒီလိုပဲ။ သူများဘာလုပ်မလဲ စောင့်ကြည့်ပြီး လိုက်ယောင်ချင်တဲ့သူတွေ။

ပက်တီ လက်တွေကို သေချာဆေးတယ်။ သူ့လက်ဖဝါးတွေက အသားမာ အပြည့်နဲ့ မာနေတယ်။ မျက်လုံးတွေ စိုနေသေးသလားဆိုပြီး သေချာအောင်မှန်ထဲမှာ ပြန်ကြည့်တယ်။ ပက်တီဒေး အသက်က ၃၂ နှစ်ပဲ ရှိသေးတယ်။ မှန်ထဲက မျက်နှာက အသက် ၄၀ ကျော်လို့ ထင်ရအောင် အိုစာနေတယ်။ နဖူးက အရေး အကြောင်းတွေက စက္ကူ ယပ်တောင်လို တွန့်ခေါက်နေတယ်။ မျက်လုံးအောက်မှာ အညိုအမည်းတွေနဲ့ ခွက်ဝင်နေတယ်။ သူ့ ဆံပင်နီနီတွေထဲမှာ အဖြူမျှင်တွေက ဟို တစ်ကြောင်း ဒီတစ်ကြောင်း ထိုးထွက်နေတယ်။ တစ်ကိုယ်လုံးလည်း ပိန်ညှောင်ပြီ အရိုးထိပ်တွေက ထိုးထိုးထောင်ထောင်။ သံချောင်းတွေ၊ တူတွေ၊ ဝက်အူလှည့်တွေ မျိုချထားသလို ပက်တီ့ တစ်ကိုယ်လုံး အချွန်အတက်တွေထွက်နေတယ်။ ဖက်ထား ချင်စရာ မိန်းမတစ်ယောက် မဟုတ်တော့ဘူး။ ပက်တီ့ကလေးတွေကလည်း သူ့ကို

တော်ရုံနဲ့ မဖက်ချင်ကြဘူး။ မီရှယ်က ပက်တီ့ ဆံပင်ကို သပ်ပေးတတ်တယ်။ (သူ့ ပုံစံအတိုင်း စိတ်မရှည်သလို ခပ်ကြမ်းကြမ်းသပ်ပေးတာ။ မီရှယ်က ဘာလုပ်လုပ် အကြမ်းပတမ်းလေ။) ဒက်ဘီက ပက်တီနဲ့အတူမတ်တပ်ရပ်နေရင် ပက်တီ့ကိုယ်လုံး ဘက်ကို သူ့ကိုယ်လုံးကို စောင်းပြီး မှီထားတတ်တယ်။ (မသိမသာ၊ စိတ်မပါလက် မပါနဲ့။ ဒါက ဒက်ဘီ့ပုံစံ။) လစ်ဘီလေးကတော့ သူ့အမေကို တော်ရုံနဲ့ မထိဘူး။ မတော်တဆ ခိုက်မိလို့ အရမ်းနာသွားတဲ့ အချိန်မျိုး၊ ငိုချင်တဲ့အချိန်မျိုးမှာပဲ ပက်တီ့ အနားကို ကပ်တယ်။ ပက်တီ့ တစ်ကိုယ်လုံးက ရစရာမရှိအောင် သုံးထားတဲ့ပစ္စည်း တစ်ခုလို ချုံးချုံးကျနေပြီ။

ရေချိုးခန်းထဲမှာ ဗီရိုတွေဘာတွေ မရှိဘူး။ (သမီးသုံးယောက်အထက်တန်း ကျောင်းတက်တဲ့ အရွယ်ရောက်ရင် ဘယ်လိုလုပ်ကြမလဲ။ မိန်းကလေး ၄ ယောက် သုံးဖို့ ရေချိုးခန်း တစ်ခန်းပဲ ရှိတယ်။ အဲဒီ အချိန်လောက်ဆိုရင် ဘန်လည်း အိမ်မှာ နေတော့မှာ မဟုတ်ဘူး။ မိုတယ်အခန်းတစ်ခုထဲက ရှုပ်ပွနေတဲ့ ခုတင်ပေါ်မှာ ထိုင် နေမယ့် ဘန့်ပုံရိပ်ကို ကြိုမြင်ယောင်ရတာ စိတ်ဆင်းရဲစရာပဲ။) ဆပ်ပြာတွေ၊ သွား တိုက်တံတွေ၊ တခြား ပုစုခရုတွေကို ဘေစင် ပတ်ပတ်လည်မှာ စီထားရတယ်။ ဘန်က သူ့ရဲ့ ခေါင်းလိမ်းဆီဘူးနဲ့ ချိုင်းဖျန်းတဲ့ ဆေးဘူးကို ထောင့်တစ်ထောင့်မှာ သတ်သတ် ပုံထားတယ်။ ဘေစင်ပေါ်မှာ ဘောဘီ ပေါင်ဒါတစ်ဘူးလည်း တွေ့တယ်။ ဘယ်တုန်းက ဝယ်ထားခဲ့မိ သလဲ ပက်တီ မမှတ်မိတော့ဘူး။ အခုတော့ ပစ္စည်းတွေ အားလုံးက ဆံပင်ဆိုးဆေးတွေ စွန်းပြီး ညစ်ပတ်နေပြီ။ ပစ္စည်းတွေကို တစ်ခုချင်းစီ ကောက်ပြီး အဝတ်နဲ့ သေချာသုတ်ရတယ်။ အသစ်မဝယ်နိုင်သေးဘူး။ စတိုးဆိုင်ကို ထပ်သွားဖို့ ပက်တီ အသင့်မဖြစ်သေးဘူး။ အရင်လတုန်းက အလှပြင် ပစ္စည်းလေး ဘာလေး နည်းနည်းပါးပါး ဝယ်မယ်ဆိုပြီး *ဆလီနာ* ဘက်ကို *ကားမောင်းသွားတယ်။* မျက်နှာလိမ်းတဲ့လိုးရှင်းဝယ်မယ်။ နှုတ်ခမ်းနီဝယ်မယ်။ ခရင်မ်ဝယ်မယ်ပေါ့။ အိတ် ထဲမှာ ဒေါ်လာ ၂၀ ခေါက်ထည့်သွားတယ်။ ဒေါ်လာ ၂၀ ဆိုတာ ပက်တီ့အတွက် တော်တော့်ကို များနေပြီ။ ဒါပေမယ့် ဆိုင်ရောက်တော့ ရွေးစရာတွေများပြီး ပက်တီ လန့်သွားတယ်။ မျက်နှာလိမ်း ခရင်မ် တစ်ခုတည်းမှာကို ဘာရွေးရမှန်း မသိဘူး။ အရေပြား တွန့်တာ သက်သာအောင် လိမ်းတဲ့ ခရင်မ်ရှိတယ်။ အသားအရေစိုအောင် လိမ်းတဲ့ ခရင်မ် ရှိတယ်။ နေမလောင်တဲ့ ခရင်မ်ရှိတယ်။ တစ်ခုဝယ်ရင် သူနဲ့တွဲပြီး ဝယ်ရမယ့် ဟာတွေလည်း လိုသေးတယ်။ တိုနာဆိုလား ဘာဆိုလား အဲဒါလည်း ဝယ်ရမယ်တဲ့။ ညအိပ်ရာဝင်ရင် လိမ်းတဲ့ခရင်မ်ပါ ထည့်ပေါင်းလိုက်ရင် ဒေါ်လာ

၅၀ ကျော်သွားပြီ။ ဒါနဲ့ ပက်တီတစ်ယောက် စတိုးဆိုင်ထဲကနေ ကြောင်တောင် တောင်နဲ့ ပြန်ထွက်လာခဲ့ရတယ်။

"ဟဲ့··နင့်မှာ ကလေး ၄ ယောက်နဲ့လေ။ အပျိုတုန်းကလိုပြင်ဆင်နေစရာ မလိုပါဘူး။ ပန်းကလေးလို ဖြစ်နေစရာမှ မလိုတော့ဘဲ"··တဲ့။ ဒိုင်ယန်းကပြောဖူး တယ်။

ဒါပေမယ့် ပက်တီလည်း တစ်ခါတလေတော့ ပန်းကလေးလို လှချင်သေး တယ်လေ။ လွန်ခဲ့တဲ့ လေးငါးခြောက်လောက်လတုန်းကပက်တီ့ယောကျ်ား ရန်နာဒေး အိမ်ကို ပြန်ရောက်လာတယ်။ ဆိုင်းမဆင့် ဗုံမဆင့် ရောက်ချလာတာ။ အသားတွေက နေလောင်လို့။ *အလက်စကာ* ဘက်မှာ ငါးဖမ်းသင်္ဘောနဲ့ အလုပ်သွားလုပ်တယ်ဆို လား။ *ဖလော်ရီဒါ* ဘက်မှာ ကားပြိုင်ကွင်းတွေထဲ အလုပ်လုပ်ခဲ့တယ် ဆိုလား မသိ ပါဘူး။ အဲဒီလိုပြောတာပဲ။ အိမ်ကနေ ထွက်သွားတာ သုံးနှစ်ပြည့်မှ ပြန်ရောက်လာ တာ၊ ကြားထဲမှာလည်း ပိုက်ဆံ တစ်ပြားတစ်ချပ်မှ မပို့ခဲ့တာ··ဒါတွေကို မသိချင် ယောင်ဆောင်ပြီး ခပ်တည်တည်နဲ့ ရောက်ချလာတာ။ အခုလောလောဆယ် နေစရာ မရှိသေးလို့ အိမ်မှာ ခဏလာနေလို့ ရမလားတဲ့··ရန်နာဒေးကပြောတယ်။ ထုံးစံအတိုင်း သူ့မှာ ပိုက်ဆံလည်း တစ်ပြားမှမပါလာ။ သူသောက်လက်စ ကိုကာကိုလာပုလင်းကို ဒက်ဘီ့ကို လှမ်းပေးလိုက်သေးတယ်။ လက်ဆောင်ပါလာတာယ်ပေါ့။ လယ်ကွင်းနဲ့ ပတ်သက်တဲ့ အလုပ်တွေ ကူလုပ်ပေးပါ့မယ်တဲ့။ ပက်တီ စိတ်မပါရင် လင်မယားလို ပြန်နေစရာလည်း မလိုပါဘူးတဲ့··ကတိပေးတယ်။ *ဒါဆိုလည်း ရပါတယ်။ အိပ်ချင် ရင်တော့ ဧည့်ခန်းထဲက ဆိုဖာပေါ်မှာအိပ်လေ* ဆိုပြီးခွင့်ပြုလိုက်တယ်။ ဒီလိုနဲ့ ရန် အိမ်ထဲပြန်ရောက်လာရော။ မနက်လင်းရင် ဆိုဖာပေါ်မှာ ဘောင်းဘီ ဖင်ပြောင် အိပ်ပျော်နေတဲ့ရန်နာဒေးကို သူ့သမီးတွေက အပြေးအလွှား နှိုးတတ်ကြတယ်။

ရန်နာက သားသမီးတွေကို ချော့တတ် မြှူတတ်တယ်။ သမီးတွေကိုဆို ဘေဘီလေး၊ အရုပ်လေး၊ နတ်သမီးလေး စသဖြင့်။ ဘန်တောင်မှ သူ့အဖေနဲ့ ဆို ပိုပြီး ဂရုတစိုက် နေတယ်။ စကားစမြည် ဝင်ပြောတတ်တယ်။ ရန်နာဒေးကတော့ သူ့သားကို သိပ် အဖက်မလုပ်ပါဘူး။ ဟာသလေးဘာလေး နည်းနည်းပြော၊ တစ် တလေ စတာနောက်တာလောက်ပဲ။ သူက ဘန့်ကို ယောကျ်ားလေးတစ်ယောက် သဘောထားပြီး ဆက်ဆံတာ တစ်ခုကတော့ ကောင်းပါတယ်။ ပက်တီက ရန်နာ စက်တွေဘာတွေ ပြင်နိုင်းရင် 'ဒါ ယောကျ်ားတိုင်း လုပ်တတ်သင့်တဲ့ အလုပ်ပဲ' ဆိုပြီး ရန်နာက ဘန့်ကို မျက်စပစ်ပြတတ်တယ်။ သားအဖချင်း အသိအမှတ်ပြု

သဘောနေမှာပေါ့။ ဒီလိုနဲ့ အိမ်မှာလာနေရင်း သုံးပတ်လောက်ကြာတော့ ရန်နာက ဆိုဖာမွေ့ရာကြီးတစ်ခုကို ထရပ်ကားနဲ့ သယ်ချလာတယ်။ ကားဂိုဒေါင်ထဲမှာ မွေ့ရာခင်းပြီး နေမယ်ဆိုပြီး စီစဉ်တယ်။ အဲဒါလည်း ပက်တီ့အတွက် ပြဿနာမရှိပါဘူး။ အဆင်ပြေပါတယ်။

ရန်နာက ပက်တီ ပန်းကန်ဆေးတဲ့အခါ ဝင်ကူတယ်။ အိမ်ပြန်လာရင်တံခါး ဖွင့်ပေးတယ်။ ပက်တီ့နောက်ပိုင်းကို လစ်ရင်လစ်သလို ခိုးကြည့်တယ်။ လူမိသွားရင် ရှက်ချင်ယောင်ဆောင်တယ်။ တစ်ညကျတော့ လျှော်ပြီးသားအိပ်ရာခင်းတွေရန်နာ့ကို သွားပေးရင်း နှစ်ယောက်သား နမ်းမိသွားတယ်။ ရန်နာက ချက်ချင်းပဲ ပက်တီ့ တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်တယ်။ ပက်တီက ရန်နာ့ကို တွန်းထုတ်ပစ်တယ်။ *ရန်နာ..မလုပ်ပါနဲ့..အရင်လို ပြန်မဖြစ်နိုင်သေးဘူး* ဆိုပြီး အတင်း တောင်းပန်ရင်း ပြုံးပြဖို့ ကြိုးစားတယ်။ ရန်နာဒေးက မကျေမနပ်နဲ့ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ခေါင်းခါတယ်။ အဲဒီည ပက်တီ အိပ်ရာဝင်ဖို့ မျက်နှာသစ်တော့ ပက်တီ့တစ်ကိုယ်လုံး ရန်နာ့လက်က စီးကရက်နံ့တွေ စွဲနေတယ်။

ရန်နာဒေးက ပက်တီ့အိမ်မှာ နောက်တစ်လ ထပ်နေတယ်။ ဟိုယောင်ယောင် ဒီယောင်ယောင်ပါပဲ။ အလုပ်တွေလည်း ဘာမှ လက်စ မသတ်ဘူး။ ဒါနဲ့ တစ်မနက်ကျတော့ ပက်တီက ရန်နာ့ကို အိမ်မှာ ဆက်မနေတော့ဖို့ ပြောလိုက်တယ်။ ရန်နာက ပက်တီ့ကို ခွေးမလို့ အော်ဆဲတယ်။ ဖန်ခွက်နဲ့ ကောက်ပေါက်တယ်။ ခွက်ထဲက ဖျော်ရည်တွေ မျက်နှာကြက်ထိ သွားစဉ်တယ်။ ရန်နာ ထွက်သွားတော့ ပက်တီ့ဆီကနေ ဒေါ်လာ ၆၀ တိတိ ခိုးသွားတယ်။ အရက်နှစ်ပုလင်း ယူသွားတယ်။ ပြီးတော့ ပက်တီ သိမ်းထားတဲ့ ရတနာ ပစ္စည်းဘူးကိုလည်း ယူသွားတယ်။ ရတနာပစ္စည်းဘူး ဆိုပေမယ့် အထဲမှာ ဘာမှ မရှိပါဘူး။ ဟောင်းလောင်း။ ပြီးလည်းပြီးရော ရန်နာက ပက်တီ့အိမ်နဲ့ တစ်မိုင်လောက်ပဲဝေးတဲ့ အိမ်စုတ်စုတ်တစ်ခုဆီကို ပြောင်းသွားတယ်။ သူ့အိမ်စုတ်ရဲ့ မီးခိုးတိုင်ကနေ အမြဲတမ်း မီးခိုးတွေ တလူလူထွက်နေတတ်တယ်။ မီးလှုံဖို့ မီးမွေးထားတာ နေမယ်။ တစ်ခါတလေကျရင် သေနတ်သံတစ်ချက်တလေ ကြားရတယ်။ မိုးပေါ်ထောင်ပစ်တဲ့ သေနတ်သံ။

အဲဒါပြီးကတည်းက ရန်နာဒေးနဲ့ ပက်တီ အဆက်ပြတ်သွားတော့တာပဲ။ *တောင်စဉ်ရေမရ လျှောက်တွေးနေတာတွေ ရပ်ဦးမှ..*။ ပက်တီ သူ့ရဲ့ ခြောက်သယောင်းနေတဲ့ ဆံပင်ပွပွကို နားနောက်ထဲထိုးထည့်တယ်။ ရေချိုးခန်းတံခါးကို ဖွင့်လိုက်တယ်။ မီရှယ်က ရေချိုးခန်းရှေ့ ကြမ်းပြင်ပေါ်မှာ ထိုင်နေတယ်။ ကြမ်းပြင်ကို

ငုံ့ကြည့်ချင်ယောင် ဆောင်နေတယ်။ ပက်တီထွက်လာတာကို တွေ့တော့ မော့ကြည့်တယ်။ သူ့မျက်မှန် အကြီးကြီးတွေနောက်က မျက်လုံးတွေနဲ့ ပက်တီ့ကို အကဲခတ်တယ်။

"ကိုကြီး ဘာဖြစ်လို့လဲ အမေ"‥ မီရှယ်ကမေးတယ်။ "ဘာလို့သူ့ဆံပင်တွေကို အနက်ရောင်ကြီး ဆိုးပစ်တာလဲ‥"

"မသိပါဘူးသမီးရယ်"‥ ပက်တီက ပြန်ဖြေတယ်။ မီရှယ်က နောက်ထပ်မေးခွန်းတွေ ဆက်တိုက်မေးတော့မလို့ အသက်ကို ဖူးခနဲ ရှူသွင်းလိုက်တဲ့ အချိန်မှာပဲ အိမ်ရဲ့လမ်းထဲကို ကားဝင်လာတဲ့ အသံကြားလိုက်ရတယ်။ အိမ်ဘက်ကို ချိုးဝင်ရတဲ့လမ်းက တော်တော်လေး ရှည်တော့ ကားသံကို အခုကြားရပေမယ့် နောက်ထပ်တစ်မိနစ်လောက်နေမှ ကားက အိမ်ရှေ့ကို ရောက်လိမ့်မယ်။ ဘာလို့လဲတော့မသိဘူး‥ အခုရောက်လာတဲ့ ကားဟာ သူ့အစ်မ ဒိုင်ယန်းရဲ့ ကားမဟုတ်ဘူးဆိုတာ ပက်တီအလိုလို ကြိုသိနေတယ်။ ကလေးတွေကတော့ *အန်တီဒိုင်ယန်းလာပြီ‥ဟေး‥*ဆိုပြီးပျော်နေကြပြီ။ ပြတင်းပေါက်ကနေလှမ်းကြည့်ဖို့ အပြေးအလွှား ထွက်သွားကြပြီ။ ဒိုင်ယန်း မဟုတ်ဘူးဆိုတာ သိလိုက်ရတဲ့အချိန်မှာ ကလေးတွေအကုန် စိတ်ဓာတ်ကျသွားကြမယ်။ သက်ပြင်းတွေ ချကြမယ်။ အခု ရောက်လာတဲ့သူက ပက်တီ့ရဲ့ ချေးငွေတွေကို ကိုင်တွယ်ပေးနေတဲ့ လန်‥ ဆိုတဲ့လူ။ သူ့ကားသံကိုကအကြွေးတောင်းတဲ့အသံမျိုး ထွက်နေတယ်။ လန် စီစဉ်ပေးသမျှကို နာခံနေရတာ ၁၉၈၁ ကတည်းကလေ။ ရန်နာ အိမ်က ထွက်သွားခါစ အချိန်ပေါ့။ ရန်နာကပြောတယ်‥ဒီဘဝမျိုးမှာ သူမနေနိုင်တော့ဘူးတဲ့။ ဒါ‥သူ့အိမ်မဟုတ်ဘူး၊ သူနေချင်တဲ့ ဘဝမဟုတ်ဘူးဆိုပဲ။

ရန်နာဒေး ဆိုတဲ့သူ ပက်တီ့အပေါ်မှာ ဘာကောင်းခဲ့သလဲ။ ဘာမှလုပ်မပေးခဲ့ဘူး။ ပက်တီ့ကို လက်ထပ်ယူပြီး ဘဝပျက်အောင် ဖျက်ခဲ့တာပဲ ရှိတာ။ ပက်တီနဲ့စတွေ့တုန်းကတော့ ရန်နာဒေးဆိုတဲ့ ကောင်လေးမှာ မျှော်လင့်ချက်တွေ အပြည့်နဲ့ပေါ့။ ၁၉၇၀ ဝန်းကျင်။ လယ်စိုက်ရင်သူဌေးဖြစ်တယ်လို့ အားလုံးက ထင်နေကြတဲ့ခေတ်။ (အခုတောင် အဲဒီတုန်းက ရန်နာ့ပုံစံကို ပြန်မြင်မိရင် ပက်တီ နှာခေါင်းရှုံ့မိနေတုန်းပဲ။) ပက်တီ့ မိဘတွေ ပိုင်တဲ့ လယ်ကို ရန်နာနဲ့ ပက်တီ နှစ်ယောက်သား ၁၉၇၄ မှာ အမွေ ဆက်ခံလိုက်တယ်။ လယ်ကွင်းကို အမွေရလိုက်တာဟာ သူတို့နှစ်ယောက်အတွက်တော့ အိပ်မက်တစ်ခုလို ခမ်းနားနေခဲ့တာ။ မင်္ဂလာဆောင်တုန်းကလည်း ဒီလောက်မပျော်ခဲ့ဘူး။ ဘန့်ကို မွေးတုန်းကလည်း ဒီလောက် မပျော်မိခဲ့ဘူး။ ပက်တီ့ မိဘတွေက အင်မတန် အေးတဲ့သူတွေ။ ရန်နာဒေးက အဲဒီကတည်းက

ပြဿနာပေါင်းစုံနဲ့ ရှုပ်ချင်နေတဲ့ ယောက်ျား။ ဒါပေမယ့် ပက်တီ့မိဘတွေက ရန်နာ့အပေါ်မှာ အပြစ်တစ်ချက် မြင်မသွားခဲ့ဘူး။ ပက်တီ ၁၇ နှစ်အရွယ်မှာ ဗိုက်ကြီးသွားတယ်။ ရန်နာဒေးနဲ့ ယူမှ ရတော့မယ်··လို့ပြောတော့လည်း ပက်တီ့မိဘတွေက အေးအေးဆေးဆေးပဲ·· ဩော်··ဟုတ်လား ယူပေါ့။ အဲဒီလောက်အထိ ရိုးတာ။

ပက်တီ့ မိဘတွေဆီကနေ လယ်ကွင်းကို လွှဲယူတဲ့နေ့တုန်းက ရိုက်ထားတဲ့ ခပ်ဝါးဝါး ဓာတ်ပုံ တစ်ပုံရှိတယ်။ ပက်တီ့ အဖေနဲ့အမေက ရှက်ကိုးရှက်ကန်းဖြစ်နေပေမယ့် ဂုဏ်ယူတဲ့ မျက်နှာတွေနဲ့ ကင်မရာကို ကြည့်နေကြတယ်။ ရန်နာဒေးနဲ့ ပက်တီကတော့ အောင်မြင်သူ အပြုံးတွေနဲ့၊ အသက်တွေကလည်း အရမ်းငယ်ကြသေးတာကိုး။ လက်ထဲမှာ ရှန်ပိန်ခွက် ကိုယ်စီကိုင်လို့။ ပက်တီ့မိဘတွေက ရှန်ပိန်ဆိုတာကို တစ်ခါမှ သောက်ဖူးတာမဟုတ်ဘူး။ အဲဒီနေ့မှာသောက်ဖို့ဆိုပြီး ပက်တီ့ အဖေနဲ့အမေက မြို့ထဲမှာ တကူးတက သွားဝယ်ထားပေးတာ။ ရှန်ပိန်ခွက် မရှိလို့ ယိုပုလင်းတွေထဲမှာ ရှန်ပိန်ထည့်ပြီး ချီးယားစ်လုပ်ရတယ်။

လယ်ကွင်းတွေ လက်ထဲရောက်ပြီး မကြာဘူး စီးပွားပျက်ဖို့ အကြောင်းဖန်လာတော့တာပဲ။ ပက်တီက ရန်နာဒေးကိုချည်းပဲတော့လည်း အပြစ်မတင်ပါဘူး။ အဲဒီအချိန်တုန်းကတော့ အားလုံးက မြေဆိုတာ တန်ဖိုးတက်လာမယ့်အရာတစ်ခုလို့ ထင်ခဲ့ကြတာ။ *မြေကြီးလေ·· မြေနေရာဆိုတာ အသစ်ပေါ်တဲ့ အမျိုးမှ မဟုတ်ဘဲ။ ဝယ်ထား မမှားဘူး*··အဲဒီလိုပြောကြတာပေါ့။ များများဝယ်၊ များများ စိုက်ပစ်စမ်း။ မကြောက်နဲ့။ လက်မတွန့်နဲ့။ ရည်မှန်းချက်တွေ သိပ်ကြီးတဲ့ ရန်နာဒေး·· သူ့မိန်းမ ပက်တီဒေးကို လက်ဆွဲပြီး ဘဏ်ကိုခေါ်သွား။ သူ့လည်ပင်းမှာ နက်ခ်တိုင်အစိမ်းရောင်က တဖိတ်ဖိတ်လက်လို့။ ချေးငွေထုတ်မလို့ ချီတက်သွားတာ။ ဘဏ်ကနေပြန်လာတော့ ချေးဖို့စဉ်းစားထားတဲ့ ငွေပမာဏထက် နှစ်ဆ ပိုထုတ်လာမိတယ်။ တကယ်ကတော့ အဲဒီလောက်အများကြီးမချေးခဲ့သင့်ဘူး။ ဒါပေမယ့်ဘဏ်အရာရှိက တိုက်တွန်းတယ်လေ။ ယူပါ··ယူပါ··စိတ်မပူနဲ့။

အလကားပေးနေသလိုပဲကွာ··တဲ့။ ရန်နာက တပျော်တပါး ကြွေးကြော်ခဲ့တယ်။ ချက်ချင်းပဲ လယ်ထွန်စက် အသစ်ဝယ်တယ်။ *ခြောက်လိုင်းစိုက်* ကောက်စိုက်စက်တစ်ခု ဝယ်တယ်။ *လေးလိုင်းစိုက်* ဝယ်ရင် ရပြီ။ ဒါပေမယ့် ပိုက်ဆံတွေ ပိုနေတယ် မဟုတ်လား။ တစ်နှစ်လောက်အတွင်းမှာ ပက်တီတို့ရဲ့ လယ်ကွင်းထဲကို စက်အသစ်ကြီးတွေ တဖွဲဖွဲ ရောက်လာတယ်။ ပက်တီတို့နဲ့ လယ်ကွင်းချင်းကပ်ရပ်ပိုင်ရှင် *ဗန်းအီဗလီ* ကတောင် ပက်တီတို့လင်မယား ဝယ်လာတဲ့ စက်တွေကိုကြည့်ပြီး

မျက်ခုံးပင့်ကြည့်ရတယ်။ ရန်နာက ကျန်တဲ့ ချေးငွေတွေနဲ့ မြေကွက်တွေထပ်ဝယ်တယ်။ ငါးဖမ်းစက်လှေတစ်စင်းလည်း ဝယ်လိုက်သေးတယ်။ ပက်တီက မကြာခဏ မေးပါတယ်။ *သေချာရဲ့လား‥ရန်နာရယ်‥ဖြစ်ပါ့မလား‥* ဆိုပြီး။ အဲဒီလိုမေးလိုက်တိုင်း ရန်နာဒေးက *မင်းငါ့ကို မယုံဘူးလားကွာ*‥ဆိုတဲ့ စိတ်နာတဲ့အကြည့်နဲ့ ပြန်ကြည့်တယ်။ အဲဒီအချိန်မှာ ထင်မထားတဲ့ အဖြစ်တွေ ဖြစ်လာတယ်။ စီစဉ်ထားသမျှတွေ မြောင်းထဲရောက်ကုန်တယ်။ အမေရိကန်သမ္မတ *ဂျင်မီကာတာ* က ကြေညာချက်ထုတ်တယ်။ ရှရှားနဲ့ ကောက်ပဲသီးနှံ ကုန်သွယ်မှုတွေကို ပိတ်သိမ်းလိုက်ပြီ‥တဲ့။ (ကွန်မြူနစ်တွေကို တိုက်ဖျက်ရမယ်။ လယ်သမားတွေ ငတ်သေရင် သေပါစေပေါ့။) အဲဒီမှာ ဘဏ်တိုးတွေ ၁၈ ရာခိုင်နှုန်းအထိ တက်သွားတယ်။ ဓာတ်ဆီဈေးက မသိမသာ တက်လာနေရာကနေ ဆောင့်တက်သွားတယ်။ ဘဏ်တွေပိတ်ကုန်ကြတယ်။ ပက်တီ ကြားတောင်မကြားဖူးတဲ့ နိုင်ငံတွေ‥အာဂျင်တီးနားဆိုလား‥ဈေးကွက်ထဲ အပြိုင်အဆိုင် ဝင်လာကြတယ်။ ဘယ်နနှစ်မှ မကြာလိုက်ဘူး၊ စုထားသမျှ အကုန်ပြောင်သွားတာပဲ။ ရန်နာဒေးရဲ့ အိပ်မက်ကြီး ပျက်ပြိုလဲသွားတယ်။ ရန်နာကတော့ သမ္မတ ဂျင်မီကာတာကိုပဲ အပြစ်တင်မဆုံး ဖြစ်နေတယ်။ လက်ထဲမှာ ဘီယာတစ်ဘူးကိုင်၊ တီဗွီရှေ့မှာ ထိုင်ပြီး ဂျင်မီကာတာကို ထိုင်ဆဲနေတယ်။ တစ်ချိန်လုံး ဆဲနေလိုက်တာ သူနဲ့ သမ္မတနဲ့ အမျိုးတွေများလားလို့တောင် အထင်မှားချင်စရာပဲ။

ရန်နာဒေးက ဂျင်မီကာတာကို အပြစ်တင်တယ်။ ကင်နက်ကီ တစ်မြို့လုံးက ရန်နာဒေးအပြစ်လို့ပဲ မြင်ကြတယ်။ လယ်သူဌေး ဗန်းအီဗလီက ပက်တီ့ကို မြင်ရင် စုတ်တသပ်သပ် တမင် သနားပြတယ်။ လယ်ပြုတ်သွားတဲ့သူကို မပြုတ်ဘဲကျန်ခဲ့တဲ့ သူတွေက ဘယ်လိုမှ ကိုယ်ချင်းမစာတတ်ကြဘူးထင်တယ်။ ကိုယ့်ထိုက်နဲ့ကိုယ့်ကံ ခံကြပေါ့ ဆိုတဲ့ ပုံစံမျိုးနဲ့ ဝိုင်းကြည့်ချင်ကြတယ်။ မနှစ်ကပဲ *အော့ခ်စီးတီး* ဘက်က လယ်သမားတစ်ယောက် ဂျုံကော်တဲ့ စက်ကို သုံးနေရင်း စက်ပျက်သွားတော့ ဂျုံစေ့ ပေါင်ချိန် ၄၀၀၀ သူ့အပေါ်ကို ဝေါခနဲ ပုံကျသွားတယ်။ ဂျုံပုံထဲမှာ ရေနစ်သလို မွန်းပြီး သေသွားတယ်။ သူ့ကို ဝိုင်းဆွဲထုတ်ဖို့ ကြိုးစားနေရင်းကို အသက်ရှုကျပ် သေသွားတာတဲ့‥။ ကင်နက်ကီဘက်က လူတွေက ဒီသတင်းကိုကြားတော့ အဲဒီလူအတွက် စိတ်မကောင်းတွေ ဖြစ်ကြတယ်။ သနားပါတယ်ပေါ့‥။ ဒါပေမယ့် အဲဒီ လယ်သမားရဲ့ လယ်ကွင်းလည်း အခြေအနေ မကောင်းဘူး၊ လယ်ပြုတ်လုနီးနီးဖြစ်နေတယ် ဆိုတာကိုလည်း သိလိုက်ရရော‥ကင်နက်ကီက သူကောင်းသားတွေ အချိုးပြောင်းသွားတယ်။ ဂရုမှမစိုက်တာ၊ မတတ်ဘဲ စက်ကိုကိုင်တာကိုး၊ သေမှာပေါ့‥

ဆိုတဲ့ လေသံတွေ ထွက်လာတယ်။ ချက်ချင်းကို လေသံပြောင်းသွားတာနော်။ ကိုယ်စိုက်ခဲ့တဲ့ ဂျုံတွေနဲ့ ပြန်ပိပြီး သေရတဲ့ လယ်သမားခများ လယ်ပြုတ်တော့မယ် ဆိုတဲ့ သတင်းထွက်လာတာနဲ့ ပါးစပ်သေနတ်တွေအောက် နှစ်ခါသေရတော့တာပဲ။

တံခါး ခေါင်းလောင်းသံ မြည်လာတယ်။ ပက်တီ ထင်ထားတာမှန်တယ်။ လန် အိမ်ရှေ့မှာ ရောက်နေပြီ။ လန်က သူဆောင်းလာတဲ့ သိုးမွေးဦးထုပ်ကို မီရှယ့်ဆီ လှမ်းပေးတယ်။ ကုတ်အင်္ကျီကိုကျတော့ ဒက်ဘ့်ိလက်ထဲ လှမ်းထည့်ပေးတယ်။ သူ့ ဖိနပ်မှာပေနေတဲ့ နှင်းတွေကို သေသေချာချာ သုတ်နေတယ်။ ဖိနပ်က အသစ်စက် စက်၊ ပြောင်လက်လို့။ ဘန်ကတော့ ဖိနပ်အသစ်တွေကို မကြိုက်ဘူး။ ဘန့်အတွက် ဝယ်ပေးတဲ့ ဖိနပ်တွေဆိုရင် သစ်လွန်းလို့ ဟောင်းသွားအောင်ဆိုပြီး ရွံ့နဲ့တမင်တိုက် ပစ်တာ။ သူ့ညီမတွေကို တစ်ယောက်တစ်လှည့်စီ စီးခိုင်းတယ်။ ဗွက်ထဲကို နင်းခိုင်း တယ်။ အရင်တုန်းက··ဘန်နဲ့ ညီအစ်မတွေ တည့်နေတဲ့အချိန်တုန်းကပါ။ ဆိုဖာမှာ ထိုင်နေတဲ့ လစ်ဘီက တံခါးဝကနေ လန် ဝင်လာတာကို တစ်ချက်ပဲလှမ်းကြည့်ပြီး တီဗွီဘက်ကို ခေါင်းပြန်လှည့်သွားတယ်။ လစ်ဘီလေးက လန့်ကို သိပ်ကြည့်မရဘူး။ သူ့ အန်တီဒိုင်ယန်းကိုပဲ ချစ်တယ်။ အန်တီဒိုင်ယန်းကိုမျှော်နေတာ·· အခု ဒီလူကြီး ဝင်လာလို့ မကျေမနပ်ဖြစ်သွားပုံပဲ။

လန်ဆိုတဲ့လူက နှုတ်ဆက်တဲ့အခါ ပုံမှန်အတိုင်း ဟဲလို·· လို့ဘယ်တော့မှ မပြောဘူး။ ဟီအဲ··လို··ဟိုဟို··ဆိုပြီး သံရှည်ကြီးနဲ့ သီချင်းဆိုသလိုလို တမင်လုပ် ပြောတတ်တယ်။ လန်နဲ့ တွေ့တိုင်း သူ့ရဲ့ ဟီအဲလို··ဟိုဟို··အသံကို ပက်တီသည်းခံ နားထောင်ရတယ်။ ပက်တို့ နားထဲမှာ လန့်နှုတ်ဆက်သံက ကန့်လန့်ကြီး။ ခုလည်း လန့်ရဲ့ နားဝင်မချိုတဲ့ နှုတ်ဆက်သံကြီးကို ကြားရပြီ။ ပက်တီ ရေချိုးခန်းထဲကိုပြန် ဝင်ပြီး ခပ်တိုးတိုး တစ်ချက် ဆဲလိုက်တယ်။ ပြီးမှ မျက်နှာကိုပြင်၊ အပြုံးတစ်ချက် ခဏတင်ပြီး အခန်းပြင်ကို ထွက်လာလိုက်တယ်။ လန်က ပက်တို့ကိုတွေ့တိုင်း ဖက်ပြီး နှုတ်ဆက်တတ်တယ်။ တခြားလယ်သမားတွေကိုတော့ ဖက်ပြီးနှုတ်ဆက်မယ်မထင် ဘူး။ အခုလည်း ပက်တီ ထွက်လာတာကို လက်နှစ်ဖက် ဖြန့်ကားပြီး အသင့်စောင့် နေတယ်။ ပက်တီ ဘာမှ ပြောမနေတော့ဘဲ လန် ဖက်တာကို ငြိမ်ခံနေလိုက်တယ်။ လန့်က သူ့လက်နှစ်ဖက်နဲ့ ပက်တို့တံတောင်ဆစ်နေရာတွေကို ကိုင်ထားရင်း တော် တော်နဲ့ ပြန်မလွှတ်တော့ဘူး။ လန့် နှာခေါင်းက ရှူးခနဲ ရှူသွင်းလိုက်တဲ့ အသံကို ပက်တီကြားရတယ်။ ပက်တို့ ကိုယ်နံ့ကို အနံ့ခံလိုက်တဲ့ အသံမျိုး။ လန့်ကိုယ်ကနေ ထွက်လာတဲ့ အနံ့က ပူရှိန်းနံ့ လိုလို၊ ဝက်အူချောင်းနံ့ လိုလို။ တစ်ချိန်ချိန်မှာတော့

လန်က သူဖြစ်ချင်တာကို ပက်တီ့ကို ပွင့်ပွင့်လင်းလင်းပြောတော့မှာပဲ။ အဲဒီအချိန်ကျရင်တော့ ပက်တီလည်း လန် လိုချင်တာကို ပေးသင့် မပေးသင့် ဆုံးဖြတ်ရတော့မယ်။ အဲဒီလို တွေးလိုက်တော့ ပက်တီ ကိုယ့်ကိုယ်ကိုယ် ရှက်လာတယ်။ ငိုချင်လာတယ်။ မုဆိုးနဲ့ သားကောင်··ပြေးတမ်းလိုက်တမ်း ကစားကြသလိုပေါ့။ ဒီကစားပွဲကတော့ မမျှမတကြီးပါ။ လန်က သွားရည်တများများနဲ့ဝံပုလွေတစ်ကောင်ဆိုရင် ပက်တီက ထော့နဲ့ထော့နဲ့ အားမရှိဘဲ နွမ်းဖတ်နေတဲ့ ယုန်သငယ်လေး။

"ဟေး··လယ်သူမလေး ဘယ်လိုလဲ။ နေကောင်းရဲ့လား"··လန်က မေးတယ်။ ပက်တီ တစ်ယောက်တည်း လယ်ကွင်းကို စီမံနေတာ ရယ်စရာကောင်းတဲ့ဟာသတစ်ခုပဲ··ဆိုပြီး လန်က သတ်မှတ်ထားတာ။ ပက်တီလည်း မငြင်းပါဘူး။ အခု အခြေအနေအတိုင်းကတော့ လျောင်လည်း ခံရမှာပဲ။

"ဩော်··ဒီလိုပါပဲ"··ပက်တီက ပြန်ဖြေတယ်။ ဒက်ဘီနဲ့ မီရှယ်တို့က သူတို့အိပ်ခန်းထဲကို သွားနှင့်ကြပြီ။ လစ်ဘီကတော့ ဆိုဖာပေါ်ကနေ နှာခေါင်းရှုံ့ပြတယ်။

ဟိုတစ်ခါတုန်းက လန် ပက်တီ့အိမ်ကိုရောက်လာတယ်။ လန်နဲ့တွေ့ပြီး သုံးလေးငါးပတ်လောက် ကြာတော့ ပက်တီ့အိမ်က ပစ္စည်းတွေကို လေလံပစ်ဖို့ပွဲလုပ်ဖြစ်သွားတယ်။ ဘေးအိမ်နီးနားချင်းတွေ၊ လယ်နီးချင်းတွေ ပက်တီ့အိမ်ကို ရောက်လာကြပြီး ပက်တီ့ရဲ့ လယ်ထွန်ပစ္စည်းတွေကို အောက်ဈေးတွေပေး၊ အားရပါးရဝယ်။ ပက်တီနဲ့ သမီးသုံးယောက်က အိမ်ထဲကနေ ချောင်းကြည့်ပေါ့။ မီရှယ်နဲ့ ဒက်ဘီက အိမ်အပြင်ထွက်ချင်လို့ပူဆာတယ်။ လေလံပစ္စည်းတွေကိုလာဝယ်ကြတဲ့သူတွေထဲမှာ *ဘွိုင်လာ* မိသားစုရဲ့ ကလေးတွေပါတယ်လေ။ မီရှယ်တို့ရဲ့ ကျောင်းနေဖက် သူငယ်ချင်းတွေပေါ့။ *အမေသမီးတို့ အပြင်ထွက်ကစားချင်တယ်*·· မီရှယ်နဲ့ဒက်ဘီက အော်တယ်။ သူတို့ရဲ့ သူငယ်ချင်း ကောင်မလေးတွေက သူတို့ရဲ့ ဒန်းပေါ်မှာတက်ဆော့နေတာကို ကြည့်ရင်း မီရှယ်တို့ မနေနိုင်မထိုင်နိုင် ဖြစ်နေကြတာ။ ပက်တီက မီရှယ်တို့ကို အပြင်ပေးမထွက်ဘူး။ *အဲဒါ သမီးတို့ သူငယ်ချင်းတွေ မဟုတ်ဘူး*·· ဆိုပြီးတော့ပဲ မီရှယ်တို့ကို နှစ်သိမ့်ရတယ်။ သူငယ်ချင်းတွေတဲ့·· ဘာမှသူငယ်ချင်းတွေ မဟုတ်ဘူး။ သူတို့မိသားစုက ပက်တီ့ရဲ့ လယ်ထွန်စက်တွေကို တစ်ဝက်ဈေးနဲ့ အချောင်နှိုက်နေကြတာ··။ ဟို လယ်သူဌေး ဗန်အီဗလီက သူ အမြင်ကတ်လှပါချည်ရဲ့ ဆိုတဲ့ ပက်တီ့ရဲ့ ကောက်စိုက်စက်ကို အခုမှ အောက်ဈေးပေးပြီးပြုံးပြုံးကြီး ယူသွားတယ်။ အဲဒါ ပြီးတော့ နောက်တစ်ပတ်လောက် အကြာမှာ ဗန်အီဗလီနဲ့

ပက်တီနဲ့ နွားစာဆိုင်မှာ တည့်တည့်ကြီး တိုးတယ်။ အီဗလီက ပက်တီ့ကိုမြင်တာနဲ့ မျက်နှာကြီးနီပြီး ဟိုဘက်လှည့်သွားတယ်။ ပက်တီလည်း သူ့နားကို တမင်သွားပြီး သူလုပ်နေကျလေသံအတိုင်း စုတ်တသပ်သပ်နဲ့ သနားလိုက်တာ..ဆိုပြီး ပြောပစ်ခဲ့တယ်။

"ဘာတွေချက်နေတာလဲ။ မနက်စာနဲ့ကို မွှေးနေတာပဲနော်"..လန်ကပြောတယ်။ "မနက်စာ ဘာလုပ်စားသလဲ"

"ပန်ကိတ်ပါ"

ပက်တီ စိတ်ထဲမှာ ကျိတ်ပြီးဆုတောင်းနေတယ်။ *ဒီတစ်ခါတော့ ရှင်ဘာကြောင့်လာတာလဲဆိုတာ ကျွန်မကို မမေးခိုင်းပါနဲ့တော့။ ရှင့်ဘာသာရှင် ပြောလိုက်ပါတော့။*

"ခဏထိုင်မယ်နော်".. လန်က ပြောရင်း လစ်ဘီထိုင်နေတဲ့ ဆိုဖာပေါ်မှာ ဝင်ထိုင်တယ်။ "ဒီတစ်ယောက်က ဘယ်သူလဲ"..လစ်ဘီ့ကိုကြည့်ရင်း လန်ကမေးတယ်။ တကယ်တမ်းက လန်နဲ့ ပက်တီ့သမီးတွေ တွေ့ဖူးတာ ဒါနဲ့ဆိုရင် ၁၅ ခါ လောက်ရှိနေပြီ။ အခုထိ ဘယ်သူက ဘယ်သူလဲဆိုတာ မသိသေးဘူး။ နာမည်တစ်လုံးတောင် မှန်အောင် မခေါ်နိုင်သေးဘူး။ တစ်ခါကဆိုရင် မီရှယ့်ကို 'ဆူဇန်'တဲ့။

"ဒီတစ်ယောက်က လစ်ဘီဒေးလေ"

"သူ့အမေအတိုင်းပဲနော်..ဆံပင်နီနီနဲ့"

အာလာပ သလ္လာပတွေ ပက်တီ မပြောနိုင်တော့ဘူး။ လန် မပြန်မချင်း ပက်တီ့ ရင်ထဲက အလေးတုံးက ပိုပိုပြီး လေးလာတော့မယ်။ ပက်တီ့ ဆွယ်တာတစ်ခုလုံးလည်း ချွေးတွေနဲ့ စိုနစ်နေပြီ။

"ပက်တီတို့က အိုင်းရစ်လူမျိုးလား။ အိုင်းရစ်တွေက ဆံပင်နီတယ်လေ။ အိုင်းရစ်သွေးပါတာလား"

"ဂျာမန်သွေးပါတာပါ။ ကျွန်မ အပျိုနာမည်က ခရော့စ်"

"ဟားဟား..ဟုတ်လား။ ခရော့စ် ဆိုတာ ဂျာမန်လိုဆိုရင် ဆံပင်ကောက်တဲ့ မိန်းကလေးတွေကို ခေါ်တာလေ။ ဆံပင်နီတာကို ပြောတာမဟုတ်ဘူး။ ပက်တီတို့မိသားစုမှာ ဆံပင်ကောက်တာ ပါလို့လား။ ကျွန်တော်လည်း ဂျာမန်သွေးပဲဗျ"

ဒီစကားကို ပြောတာ ဒါနဲ့ဆို နှစ်ခါရှိပြီ။ အရင်တစ်ခါကလည်း ဒီနာမည်နဲ့ ပတ်သက်ပြီး လန်က ရယ်စရာလုပ်ပြီး ပြောပြီးပြီ။ ခရော့စ်ဆိုတဲ့ လယ်ထွန်ပစ္စည်း ရောင်းတဲ့ ကုမ္ပဏီနဲ့ ပက်တီနဲ့ အမျိုးမတော်တာ ကံဆိုးတာပဲနော်..တဲ့။ ဘယ်နှခါ

ပြောပြော ပက်တီ့အတွက်တော့ မရယ်ရဘူး။

"အခုလာတာ ဘာကိစ္စရှိလို့လဲဟင်.." ..ပက်တီ လက်လျှော့ပြီး သူကပဲ စမေးလိုက်တယ်။

"ကိစ္စကတော့ ရှိတယ်။ ကောင်းတဲ့သတင်းတော့ မဟုတ်ဘူး ပက်တီရေ။ အဲဒါကြောင့် ကျွန်တော် လူကိုယ်တိုင်လာပြောတာ။ ဒီမှာပဲ ပြောမလား။ နည်းနည်း ပိုလွတ်လပ်တဲ့နေရာမရှိဘူးလား" ..လန်က လစ်ဘီလေးဘက်ကို မေးငေါ့ပြတယ်။ မျက်လုံးကို မသိမသာပြူးပြီး ဆက်ပြောတယ်။ "..အိပ်ခန်းထဲမှာဆို ပိုအဆင်မပြေဘူးလား ပက်တီ"။ လန်ရဲ့ မိုက်က မိုက်ကြီးသည်မိန်းမတစ်ယောက်လို ဖောင်းအစ်နေတယ်။ ဟင့်အင်း..ပက်တီ သူနဲ့ အိပ်ခန်းထဲကို မသွားချင်ဘူး။

"လစ်ဘီ၊ သမီးလေး။ သမီး အစ်မတွေ ဘာလုပ်နေလဲ သွားကြည့်ပါလား။ ဒီမှာ အမေ မစ္စတာလန်နဲ့ စကားပြောချင်လို့"။ လစ်ဘီက သက်ပြင်းအရှည်ကြီးချတယ်။ ဆိုဖာပေါ်ကနေ ဖင်ကိုလျှောပြီး မဆင်းချင်ဆင်းချင် ဆင်းတယ်။ ကြမ်းပြင်ပေါ်ရောက်တော့ သုံးလေးပတ်လောက် လှိမ့်လိုက်သေးတယ်။ လေးဖက်တွားသွားတယ်။ နောက်ဆုံးမှ မတ်တပ်ထရပ်ပြီး အိပ်ခန်းဖက်ကို ဆောင့်ကြီးအောင့်ကြီးနဲ့ လျှောက်သွားတယ်။

ပက်တီနဲ့ လန် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေတယ်။ လန်က သူ့အောက်နှုတ်ခမ်းကို အသာကိုက်တယ်။ ခေါင်းညိတ်တယ်။

"ပက်တီ၊ လယ်ကွင်းကို သူတို့ သိမ်းတော့မယ်"

ပက်တီ့ မိုက်ထဲက အစာအိမ်တစ်ခုလုံး လိမ်တွန့်သွားတယ်။ ဒီလူရှေ့မှာ သူ မျက်ရည်မကျနိုင်ဘူး။ လဲကျသွားလို့ မဖြစ်ဘူး။

"..အဲဒီတော့ ကျွန်မဘာဆက်လုပ်ရမလဲ။ ဘာလုပ်လို့ ရလဲ"

"အင်း... ဘာဆက်လုပ်လို့ရသလဲ ဆိုတော့ ဘာမှ လုပ်လို့မရတော့ဘူးဗျ။ ကျွန်တော်လည်း သူတို့ကို တတ်နိုင်သလောက် ပြောထား၊ အချိန်ဆွဲထားပြီးပြီပဲ။ လွန်ခဲ့တဲ့ ၆ လကတည်းက အပိုင်သိမ်းတော့မှာကို အခုထိ စောင့်ပေးဖို့ ပြောခဲ့ပြီးပြီ။ ပက်တီ့ အတွက်နဲ့ ကျွန်တော့် အလုပ်ကိုပါ စွန့်စားပြီး ပြောခဲ့ပေးတာနော်။ ဟုတ်တယ်မဟုတ်လား.. ပက်တီ..လယ်သူမလေး.."

လန်က ပက်တီ့ကို ပြုံးပြတယ်။ ပက်တီ သူ့မျက်နှာကို ဆွဲကုတ်ပစ်လိုက်ချင်တယ်။ သမီးတွေရဲ့ အခန်းထဲကနေ တကျွီကျွီသံ ထွက်လာတယ်။ ဒက်ဘီတစ်ယောက် မွေ့ရာပေါ်မှာ ခုန်ပေါက်နေပြန်ပြီ။ ဒီဘက်ခုတင်ကနေ ဟိုဘက်ခုတင်ဆီ

ခုန်ကူးပြီး ဆော့ရတာကို ဒက်ဘီက သိပ်ကြိုက်တာ။

"ပက်တီ‥ ကျွန်တော် ပြောမယ်။ အခု ဒီပြဿနာကို ရှင်းလို့ရတဲ့ နည်းတစ်နည်းပဲရှိတယ်။ အဲဒါ ပိုက်ဆံပဲ။ ပိုက်ဆံနဲ့ ရှင်းမှပဲရမယ်။ ဒီလယ်ကိုအသိမ်းမခံချင်ဘူးဆိုရင် ခင်ဗျား ပိုက်ဆံ ရအောင် ရှာတော့။ ချေးမလား၊ တောင်းမလား၊ ခိုးမလား။ ဟို‥ဂုဏ်သိက္ခာတွေ၊ မာနတွေ ထားနေရမယ့် အချိန်မဟုတ်တော့ဘူးလို့ ပြောချင်တာ။ ကဲ‥ဒီတော့ ခင်ဗျား ဒီလယ်ကွင်းကို ဘယ်လောက်သံယောဇဉ်ရှိသလဲ ကျွန်တော့်ကိုသက်သေပြ‥"

ဟိုဘက်ခန်းက မွေ့ရာသံ တကျွီကျွီက ကျယ်သထက်ကျယ်လာတယ်။ ပက်တို့ ဗိုက်ထဲက ကလီစာတွေ တစ်ရစ်ချင်း လိမ်ခေါက်လာတယ်။ လန့်မျက်နှာက အပြုံး‥အရောင်တောက်သထက် တောက်လာတယ်။

+++

## လစ်ဘီဒေး

### ယနေ့

နှစ်လုံးပြူး သေနတ်ဒဏ်ကြောင့် အမေ့ခေါင်းတစ်ခုလုံး ပွင့်ထွက်၊ ပုဆိန်ဒဏ်ကြောင့် ကိုယ်နှစ်ပိုင်းပြတ်သွားပြီးပေမယ့် အမေ့ရဲ့ဝဋ်ကြွေးက မကုန်သေးဘူး။ ပက်တီ မသေခင်က ပြည့်တန်ဆာ အလုပ် လုပ်စားခဲ့လေသလား ဆိုပြီး ကင်နက်ကီ မြို့သူမြို့သားတွေက သားပုပ်လေလွင့် ပြောကြပြန်တယ်။ စစချင်းတော့ ကောလာဟလ သက်သက်ပါပဲ။ ဒါပေမယ့် အတင်းအဖျင်းတွေကို ချဲ့ကားရင်း တကယ်လို့ယူဆလာကြတယ်။ ညကြီး အချိန်မတော် ပက်တီဒေးအိမ်ကို ကားတွေလာကြသတဲ့‥ လူတွေက ပြောကြတယ်။ ပက်တီဒေးဆိုတဲ့ မိန်းမရဲ့ မျက်လုံးတွေကိုက ကြေးစား မျက်လုံးတွေနဲ့ တူသတဲ့။ ထင်ရာမြင်ရာတွေ ပြော၊ ပါးစပ် အရသာခံကြတယ်။ အတင်းကို သတင်းဖြစ်အောင် ဆွမ်းကြီးဝိုင်းလောင်းကြတယ်။ ပက်တီဒေး မဟုတ်တာ လုပ်ပြီး ပိုက်ဆံရှာနေလို့ ပစ္စည်းတွေ လေလံပစ်ဖို့ ဒီလောက် အချိန်ဆွဲထားနိုင်တာပေါ့‥ မဟုတ်ရင် အစောကြီးကတည်းက ရှိတာအကုန် ထုတ်ရောင်းပစ်မှာပေါ့ ဆိုပြီး ထင်ကြေးပေးကြတယ်။

သေပြီးသူက ပြန်ရှင်းမပြနိုင်တော့ဘူးလေ။ ဒီတော့ ကောလာဟလတွေက ကြီးသထက် ကြီးလာတယ်။ အကောင်အထည် ရှိလာတယ်။ လူတိုင်းမှာ အမေနဲ့ အိပ်ဖူးတဲ့ အသိ တစ်ယောက်တော့ ရှိနေသယောင်ယောင် ဖြစ်လာတယ်။ ပက်တီဒေး ကိုယ်မှာ ဘယ်နေရာမှာ မှဲ့ရှိတယ်၊ ဘယ်ကြားမှာတော့ ဘာအမှတ်ရှိတယ် ဆိုတာတွေကို သိနေတဲ့သူတွေ အလျှိုအလျှိုပေါ်လာကြတယ်။ သူတို့ပြောတာတွေကိုကျွန်မ မယုံပါဘူး။ ဒါပေမယ့် ကျွန်မရဲ့ ကလေးဘဝ အမှတ်တရ ဆိုတာကလည်း အကုန် ဝေဝေဝါးဝါးရယ်‥။ ရှင်တို့ရော အသက် ၇ နှစ် အရွယ်တုန်းက ဘာဖြစ်ခဲ့သလဲ သေချာမှတ်မိလို့လား။ အမေ့ ဓာတ်ပုံတွေကို ကြည့်လိုက်ရင်တော့ သူတို့ပြောသလို

ကလက်တက်တက် ဖြစ်မနေပါဘူး။ အမေ့ရဲ့ ဆယ်ကျော်သက် ဓာတ်ပုံတွေထဲမှာ သူ့ ဆံပင်တွေက မီးရှူးမီးပန်းတွေလို နီရဲတောက်ပနေတယ်။ ကြည့်ကောင်းတဲ့ရုပ်ဆိုတာ အမေ့လိုမျက်နှာမျိုးကို ပြောတာနေမှာ။ လူတိုင်း သဘောကျမယ့်မျက်နှာမျိုး အမေ့မှာရှိခဲ့တယ်။

အမေ အသက် ၂၀ ကျော် ၃၀ လောက် ရောက်တဲ့အခါ၊ ကလေး တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်၊ လေးယောက် ရလာတဲ့အခါ..ဓာတ်ပုံထဲက အမေ့အပြုံးတွေ ပိုပြီး အရောင်တောက်လာတယ်။ ဒါပေမယ့် အမေ့မျက်နှာကတော့ နွမ်းဖတ်လာတယ်။ မိသားစုဓာတ်ပုံတွေထဲမှာ ကြည့်လိုက်ရင် အမေ့ပုံစံက သူ့ကလေးတွေဝိုင်းဖိထားလို့ အသက်ရှူကျပ်နေသလိုလို..။ ကျွန်မတို့ရဲ့ ဝန်ထုပ်ဝန်ပိုးတွေ အမေ့အပေါ်မှာ တည့်တည့်ကြီး ပိနေခဲ့တာပဲ။ အမေ အသက် ၃၀ ကျော်နောက်ပိုင်းမှာတော့ ဓာတ်ပုံ ရိုက်ထားတာတွေ သိပ်မတွေ့ရတော့ဘူး။ ရှားရှားပါးပါး တစ်ပုံနှစ်ပုံတော့ ရှိပါတယ်။ အဲဒီပုံတွေထဲမှာ အမေ့အပြုံးက လုပ်ပြုံးသက်သက်ဖြစ်နေပြီ။ ဓာတ်ပုံဆရာ အတင်းခိုင်းလို့ ပြုံးလိုက်ရတဲ့ အပြုံးမျိုး။ ကင်မရာဖလက်ရှ် ပြယ်သွားတာနဲ့ ပြန်ပျောက်သွားမယ့် အပြုံး..။ အဲဒီဓာတ်ပုံတွေကို ကျွန်မ မကြည့်ဖြစ်တာ နှစ်ပေါင်း ကြာလှပြီပဲ..။ အရင်တုန်းကတော့ အမေ့ဓာတ်ပုံတွေကို ကျွန်မ အငမ်းမရ ကြည့်ဖြစ်တယ်။ အမေ ဘာဝတ်ထားသလဲ။ အမေ့မျက်နှာမှာ ဘာအရိပ်အယောင်တွေ ပေါ်နေသလဲ။ အမေ့ ပခုံးပေါ်က လက်က ဘယ်သူ့လက်လဲ။ ဘယ်မှာ ရိုက်ထားတဲ့ ဓာတ်ပုံလဲ။ ဘာဖြစ်လို့ ရိုက်ခဲ့တဲ့ ဓာတ်ပုံလဲ..။ ကျွန်မ ဆယ်ကျော်သက် အရွယ်လောက်ရောက်တော့ အဲဒီဓာတ်ပုံတွေကို မကြည့်ဖြစ်တော့ဘဲ စက္ကူပုံးထဲ ထည့်ပြီး ပိတ်ထားခဲ့တယ်။

အခုတော့ လှေကားအောက်မှာ ချောင်ထိုးထားတဲ့ အဲဒီစက္ကူပုံးတွေကို ကျွန်မ တောင်းပန်တဲ့အကြည့်နဲ့ ကြည့်နေမိတယ်။ မေ့ထားတဲ့ အတိတ်ထဲက ဒေးမိသားစုဝင်တွေနဲ့ ပြန်ထိတွေ့ဖို့ အားမွေးပါရစေဦး။ မီရှယ့်မှတ်စုစာရွက်ကို 'လူသတ်အသင်း' ဆီ ယူသွားဖြစ်ခဲ့တဲ့ အကြောင်းရင်းက ဒီစက္ကူပုံးတွေကိုကျွန်မဖွင့်မကြည့်ရဲလို့။ စက္ကူပုံးတစ်ပုံးရဲ့ ထောင့်တစ်နေရာနားက တိပ်ကွာနေတဲ့ အပြဲထဲကို လက်ထည့်ပြီး နှိုက်လိုက်တော့ ပထမဆုံးပါလာတဲ့ပစ္စည်းက မီရှယ့်မှတ်စုစာရွက်ဖြစ်နေခဲ့လို့။

အခု..အဲဒီ အတိတ် အမှောင်ထဲကို ပြန်ရှာကြည့်ဖို့ဆိုရင်၊ သဲလွန်စတွေ ပြန်ကောက်ဖို့ဆိုရင် ကျွန်မအနေနဲ့ ကျွန်မမိသားစုချန်ရစ်ခဲ့တဲ့ပစ္စည်းတွေကို ကြည့်ရဲ၊ ကိုင်ရဲ၊ ထိတွေ့ရဲဖို့တော့ လိုပြီ။ ဒီအမှောင်ထဲ.. ပြန်မကြည့်မိဖို့ နှစ်ပေါင်းများစွာ

လေ့ကျင့်ထားခဲ့တဲ့အစွဲတွေကို ဖျောက်ပစ်ရမယ်။ ဒေးမိသားစုဝင်တွေရဲ့ ပါးစပ်ထဲကို ဝင်ခဲ့၊ ထွက်ခဲ့တဲ့ ဇွန်းတွေ၊ ခက်ရင်းတွေ။ မီရှယ်နဲ့ ကျွန်မရဲ့ ဆေးရောင်စုံခြယ်တဲ့ စာအုပ်တွေ။ သပ်သပ်ရပ်ရပ် ဆွဲထားတဲ့ စာအုပ်က မီရှယ့်စာအုပ်။ ပျင်းရိပျင်းတွဲ လျှောက်ခြစ်ထားပြီဆိုရင် ကျွန်မ စာအုပ်ပဲ၊ သေချာတယ်။ ဒီပစ္စည်းတွေ အားလုံးကို ကတုန်ကယင် မဖြစ်ဘဲ စေ့စေ့ ကြည့်ရဲဖို့ လိုတယ်။ သက်မဲ့ပစ္စည်းတွေပဲ·· ဘာကြောက်စရာလိုသလဲ··။

ပြီးရင် အဲဒီပစ္စည်းတွေထဲက ဘာတွေကို ပြန်ရောင်းရမလဲ ရွေးရမယ်။

'လူသတ်အသင်း'က တကယ်လိုချင်နေတဲ့ ဒေးမိသားစု ပစ္စည်းတွေကိုတော့ ပြန်ရဖို့ မဖြစ်နိုင်တော့ဘူး။ လူသတ်သမား သုံးခဲ့တဲ့ နှစ်လုံးပြူးသေနတ်ရယ်၊ ပုဆိန်ရယ်··အခုဆိုရင် ရဲဌာနတစ်ခုခုရဲ့ သက်သေပစ္စည်း သိုလှောင်ခန်းထဲမှာ ရောက်နေပြီပေါ့။ (ဒါနဲ့··အဲဒီ လက်နက်နှစ်ခုစလုံးက ကျွန်မတို့ အိမ်ထဲမှာ ရှိနှင့်ပြီးသား လက်နက်တွေ။ သေနတ်ရော၊ ပုဆိန်ရော··။ ဒါကြောင့်လည်း အားလုံးက ဘန့်ကို လက်ညှိုးထိုးကြတာ။ အပြင်လူ လာသတ်သွားတယ် ဆိုရင် သူ့လက်နက် သူယူလာမှာပေါ့။ မဟုတ်ဘူးလား။) သက်သေပစ္စည်း သိုလှောင်ခန်းထဲမှာ နံပါတ်စဉ် ကိုယ်စီနဲ့ ရှိနေကြမယ့် အဲဒီ ပစ္စည်းတွေကို ကျွန်မ မြင်ယောင်ကြည့်မိတယ်။ သွေးစွန်းညစ်ပေနေတဲ့ လူသတ်လက်နက်တွေ။ မသိမ်းခင်မှာ အဲဒီပစ္စည်းတွေကို ရေတွေဘာတွေ ဆေးလိုက်ကြသေးသလား။ ဒီအတိုင်းသိမ်းထားလိုက်သလား။ လူသတ်မှုဖြစ်ပြီး နာရီပိုင်းအတွင်းမှာ ထွက်လာတဲ့ စိမ်းရွှေရွှေ အနံ့ကြီးကို ကျွန်မ မှတ်မိနေသေးတယ်။ အခုဆိုရင်·· အဲဒီ လူသတ်လက်နက်တွေမှာ ပေနေတဲ့သွေးတွေ နှစ်ပေါင်းများစွာကြာပြီး၊ ပုပ်ဆွေးပြီး··ပိုဆိုးနေပြီလား။

ကျွန်မ ချီကာဂိုဘက်ကိုသွားတုန်းက ပြတိုက်တစ်ခုကို ဝင်ကြည့်ခဲ့ဖူးတယ်။ အဲဒီပြတိုက်ထဲမှာ *အေဘရာဟမ်လင်ကွန်း* လုပ်ကြံခံရတာနဲ့ ပတ်သက်တဲ့ ပြခန်း တစ်ခုရှိတယ်။ လင်ကွန်းခေါင်းကနေ လွင့်ထွက်သွားတဲ့ ဆံပင်အစအနတွေရှိတယ်။ သူ့အသက်ထွက်ခဲ့တဲ့ အိပ်ရာ သေးသေးစုတ်စုတ်လေးလည်း ရှိတယ်။ အိပ်ရာခင်း အလယ်က လင်ကွန်းရဲ့ ကိုယ်လုံးရာ အတိုင်း ခွက်ဝင်နေသေးတယ်။ ပြီးတော့ သူ့ခေါင်းထဲကို ဝင်သွားတဲ့ ကျည်ဆန်အစအနတွေကိုလည်းပြထားတယ်။ အဲဒီပြခန်းကို ကြည့်ပြီးတာနဲ့ မူးလဲသွားမှာ စိုးလို့ ကျွန်မ ရေချိုးခန်းဆီ ပြေးရတယ်။ ဒေး··မိသားစုအတွက် ပြခန်းလုပ်ပေးမယ်ဆိုရင် ဘယ်လိုပစ္စည်းတွေနဲ့ ခင်းကျင်းပြသထားရမလဲ။ ဘယ်သူတွေ လာကြည့်ကြမလဲ။ မှန်ဗီရိုထဲမှာ အမေ့ရဲ့ သွေးပေကျပ်ခဲနေတဲ့

ဆံပင်တွေ ဘယ်နှမျှင် ထည့်ပြထားရမလဲ။ ကျွန်မတို့အိမ်ကို ဖြိုချလိုက်တော့ သွေးနဲ့စာတွေရေးထားတဲ့ နံရံတွေကို ဘာလုပ်ပစ်လိုက်ကြသလဲ မသိ။ ကျွန်မပြေးပုန်းနေခဲ့တဲ့ နေရာက နှင်းဖုံးနေတဲ့ မြက်ပင်တွေကိုရော အမှတ်တရဆိုပြီး ပြထားဦးမလား။ နှင်းကိုက်ပြီး ဖြတ်ပစ်လိုက်ရတဲ့ ကျွန်မရဲ့ ခြေချောင်းတွေ၊ လက်ချောင်းတွေကိုရော ပြခန်းမှာ အစီအရီ ချပြထားဦးမလား။

စက္ကူပုံးတွေကို ဖွင့်ဖို့ အင်အားမရှိသေးတာနဲ့ ကျွန်မ ပြန်လှည့်ထွက်လာလိုက်တယ်။ မီးဖိုချောင်ထဲက စားပွဲမှာ ပြန်သွားထိုင်တယ်။ ဘာဘာရာအီချယ် စာတိုက်ကနေ ပို့လိုက်တဲ့ အထုပ်ကို ဖြေတယ်။ အထဲမှာပါတဲ့ ပစ္စည်းတွေက တောင်စဉ်ရေမရ··ဘာတွေမှန်းမသိ။ ၁၉၈၄ ခုနှစ်တုန်းက ရိုက်ထားတဲ့ ဗီဒီယိုတိပ်ခွေတစ်ခွေပါတယ်။ တိပ်ခွေအနောင့်မှာ ရေးထားတာက 'အမေရိကားနှင့် စေတန်ကိုးကွယ်မှု ပြဿနာ'··တဲ့။ ပြီးတော့ ကလစ်နဲ့ ညှပ်ထားတဲ့ သတင်းစာဖြတ်ပိုင်း အတိုအစတွေ။ လူသတ်မှုနဲ့ ပတ်သက်တဲ့ သတင်းတွေပါ။ ဘန့်ကို ရုံးတင်ခဲ့တဲ့ တရားရုံးရှေ့မှာ မတ်တတ်ရပ်နေတဲ့ ဘာဘာရာ့ရဲ့ ဓာတ်ပုံလည်းပါတယ်။ ထောင်ဝင်စာသွားတွေ့ချင်တဲ့ မိသားစုဝင်တွေ ဖတ်ဖို့စာအုပ်တစ်အုပ်လည်းပါတယ်။ စာအုပ်နာမည်က '*ထောင်ထဲကမိသားစုဝင်တွေနှင့် တွေ့သည့်အခါ (သို့မဟုတ်) သံတိုင်များကိုကျော်ဖြတ်ခြင်း*' ဆိုပဲ။

စာညှပ်ကလစ်တွေကို ဖြုတ်ပြီး မီးဖိုချောင် ဗီရိုပေါ်မှာ တင်ထားတဲ့ ခွက်ထဲကို ထည့်လိုက်တယ်။ ခွက်ထဲမှာ ကလစ်တွေ အများကြီးပဲ။ (စာညှပ်ကလစ်တွေ၊ ဘောပင်တွေ၊ ခဲတံတွေ၊ ရုံးသုံးပစ္စည်း ပုစုခရုတွေဆိုတာ ဝယ်ကို မဝယ်သင့်ဘူး။ ကျွန်မကတော့မဝယ်ဘူး။) ပြီးတော့မှ ဗီဒီယိုခွေကိုယူ၊ ကျွန်မရဲ့ အင်မတန်အိုဟောင်းနေပြီဖြစ်တဲ့ ဗီဒီယိုစက်ထဲကို ထည့်လိုက်တယ်။ တဂွီဂွီ တဂွက်ဂွက် အသံပေါင်းစုံမြည်သွားပြီးမှ ဗီဒီယိုခွေ စလည်တယ်။ ငါးထောင့် သင်္ကေတတွေ၊ ဆိတ်တစ်ဝက်လူတစ်ဝက် သတ္တဝါတွေ၊ အော်ဟစ် ပွက်လောရိုက်နေတဲ့ ရှေ့ခ်သီချင်းသံတွေ၊ လူသေ အလောင်းပုံတွေ ဖန်သားပြင်ပေါ်မှာတဖျတ်ဖျတ်ပေါ်လာတယ်။ ခေါင်းလိမ်းဆီအဖွေးသား လိမ်းထားတဲ့ ဆံပင်ထူထူလှလှနဲ့ လူတစ်ယောက်၊ နံရံပန်းချီတွေအပြည့်ဆွဲထားတဲ့ အုတ်တံတိုင်းဘေးမှာ လမ်းလျှောက်နေရင်း ကင်မရာဘက်ကို ကြည့်ပြီး စကားပြောနေတယ်။ "ဒီဗီဒီယိုခွေကို ကြည့်ပြီးတဲ့အခါ စေတန် ကိုးကွယ်သူတွေကို ဘယ်လို ခွဲခြားသိမြင်နိုင်မလဲဆိုတာကို မိတ်ဆွေတို့ သဘောပေါက်လာပါလိမ့်မယ်။ မိတ်ဆွေတို့ရဲ့ ချစ်ခင်ရတဲ့ မိသားစုဝင်တွေ၊ သားသမီးတွေဟာ စေတန်ကိုးကွယ်သူ

တွေ ဖြစ်နေပြီလား…"။ ရဲတွေ၊ ဘုန်းကြီးတွေ၊ 'စေတန်ကိုးကွယ်သူလို့ ယူဆရတဲ့ သူတွေ'ကို အင်တာဗျူးတယ်။ စေတန်ကိုးကွယ်သူ ဆရာကြီး နှစ်ယောက်က မျက်လုံးအောက်မှာ အိုင်းလိုင်နာတွေ ခြယ်ထားတယ်။ လည်ပင်းမှာ ငါးထောင့်ကွက်တွေ ဆွဲထားတယ်။ ဒါပေမယ့် သူတို့ထိုင်နေတဲ့နေရာက သူတို့အိမ်ဧည့်ခန်း ဆိုဖာပေါ်မှာ။ ကင်မရာညာဘက်ကို ကြည့်လိုက်ရင် သူတို့ရဲ့ မီးဖိုချောင်ကို လှမ်းမြင်နေရတယ်။ မီးဖိုချောင်ထဲမှာ ရေခဲသေတ္တာ တစ်လုံး။ အင်တာဗျူးပြီးသွားရင် နှစ်ယောက်သား ရေခဲသေတ္တာဆီပြေး၊ အသားညှပ်ပေါင်မုန့်ကို ကိုကာကိုလာနဲ့မျှောချကြမယ့်ပုံရိပ်ကို ကျွန်မ မြင်ယောင်ကြည့်တယ်။ သူတို့ဝတ်ထားတဲ့ ဝတ်ရုံကြီးတွေနဲ့ စားလို့သောက်လို့ အဆင်ပြေပါ့မလား မသိ။ ဗီဒီယိုကို ခဏဆက်ကြည့်ပြီး ပိတ်လိုက်တယ်။

သတင်းစာ ဖြတ်ပိုင်းတွေကလည်း ဘာမှ အသုံးမဝင်ပါဘူး။ ဘာဘရာ ခတ်ပုံ ကျွန်မဆီ ပို့လိုက်တော့ရော… ဘာလုပ်ရမှာလဲ။ ကျွန်မ စိတ်ပျက်လက်ပျက်နဲ့ ဆက်ထိုင်နေမိတယ်။ ပျင်းတာလည်း ပါတယ်။ စာကြည့်တိုက်တစ်ခုခုကို သွားပြီး သိချင်တာတွေ သေချာရှာကြည့်လို့ ရတာပဲ။ ဒါမှမဟုတ် အိမ်မှာ အင်တာနက်လိုင်း တပ်ပြီး အွန်လိုင်းမှာ ကိုယ့်ဘာသာကိုယ် ရှာကြည့်ရင်လည်း ရတယ်။ ဒါပေမယ့် အခု အဲဒါတွေ ဘာမှ မလုပ်ချင်ဘူး။ ပင်ပန်းတယ်။ လိုင်ဝိုက်သ်ကိုပဲ ဖုန်းခေါ်လိုက်တယ်။ လိုင်ဝိုက်သ်က ပထမဖုန်းခေါ်သံမှာတင် ဖုန်းကိုင်တယ်။

"ဟေး…လစ်ဘီ ကျွန်တော် အခုပဲ ခင်ဗျားကို ဖုန်းဆက်တော့မလို့။ ဟို တစ်ပတ်က ဖြစ်သွားတာ တကယ်တောင်းပန်ပါတယ်ဗျာ။ အကုန်ပေါင်းပြီး အနိုင်ကျင့်လိုက်သလို ဖြစ်သွားတာ။ အဲဒီလိုဖြစ်ဖို့ တကယ်မရည်ရွယ်ပါဘူး"… သူက စကားတော့ ပြောတတ်သားပဲ။

"ဟုတ်တယ်။ ရှင့်အဖွဲ့ကလူတွေ တော်တော်စိတ်ပျက်ဖို့ကောင်းတယ်"

"ကျွန်တော်တို့ အားလုံး ကိုယ့်သီအိုရီနဲ့ကိုယ် ဇာတ်လမ်းတွေဆင်ထားကြတာလေ။ ဒါပေမယ့် အဲဒီသီအိုရီတွေထဲမှာ ဘန့်မှာ အပြစ်ရှိနေရင်…ဆိုတဲ့ သီအိုရီ လုံးဝ မပါဘူး ဖြစ်နေတယ်။ ကျွန်တော်လည်း သေချာ မစဉ်းစားမိတာပါ။ ကျွန်တော့် အတွက်က ဒီအမှုက ဇာတ်လမ်းသက်သက် ဖြစ်နေပေမယ့် ခင်ဗျားအတွက်ကျတော့ တကယ့်အဖြစ်အပျက်ကြီးလေ။ ကျွန်တော်တို့ ဒါကို နားလည်ပါတယ်။ ဒါပေမယ့် ခင်ဗျား နားလည်သလိုတော့ ဘယ်တော့မှ နားလည်လာမှာ မဟုတ်ဘူး။ ခင်ဗျားလို တော့ သိလာမှာ မဟုတ်ဘူး။ ဒီအမှု အကြောင်းပဲ ပြောနေရင်း၊ ငြင်းရင်းခုံရင်းနဲ့ ဒါတကယ့်အဖြစ်အပျက်တစ်ခု ဆိုတာကို မေ့သွားကြတာ…။ အဲဒါဗျာ… ကျွန်တော်

တကယ်တောင်းပန်တယ်''

လိုင်ဝိုက်သ်ကို ကျွန်မသဘောမကျချင်ပါဘူး။ တကယ်ပါ။ အကျင့်ပုတ်တဲ့ ကောင်လို့ပဲ ကျွန်မစိတ်ထဲမှာ ဆုံးဖြတ်ထားပြီးသား။ ဒါပေမယ့် အခုလို တည့်တည့် ကြီး တောင်းပန်တာမျိုးကိုတော့ သဘောကျမိတယ်။ မဆိုတတ်ပေမယ့် သီချင်း ကောင်းတစ်ပုဒ်ကိုတော့ အသိအမှတ် ပြုတတ်တဲ့ သူလိုမျိုးပေါ့။ ကျွန်မကိုယ်တိုင်က တော့ အဲဒီလို မတောင်းပန်တတ်ဘူး။ ဒါပေမယ့် သူများတောင်းပန်ရင်တော့ ကျေ နပ်မိတယ်။

''အင်း''

''ခင်ဗျား ပြန်ရောင်းချင်တဲ့ ပစ္စည်းတွေရှိရင် ပြောနော်။ ဝယ်မယ့်သူတွေ သေချာပေါက်ရှိတယ်။ အဲဒီကိစ္စအတွက် ဖုန်းဆက်တာလားဗျ''

''ဟင့်အင်း မဟုတ်ပါဘူး။ ကျွန်မတွေးမိတာလေးတွေရှိလို့။ အခုရက်ပိုင်း အမှုအကြောင်းတွေ ပြန်စဉ်းစားဖြစ်နေတယ်‥ အဲဒါ‥''

...

ကျွန်မ အိမ်နဲ့ မနီးမဝေးမှာရှိတဲ့ ဘားတစ်ခုမှာ လိုင်ဝိုက်သ်နဲ့တွေ့ဖို့ ချိန်း လိုက်တယ်။ ဘားနာမည်က *ဆာရာ*‥တဲ့။ ဘယ်လို နာမည်မျိုးပါလိမ့်။ နေရာထိုင်ခင်း ကတော့ ကောင်းပါတယ်။ အခန်း ခပ်ကျယ်ကျယ်၊ သက်သောင့်သက်သာရှိတယ်။ ကျွန်မရောက်တော့ လိုင်ဝိုက်သ်က ထိုင်နှင့်နေပြီ။ ကျွန်မ ဝင်လာတာကိုတွေ့တော့ သူက ထိုင်နေရာကနေ ထပြီး ကျွန်မကို လှမ်းဖက်တယ်။ သူ့အရပ်က အရှည်ကြီး ဆိုတော့ ဖက်ရတာ မသက်မသာ လိမ်ကောက်နေတယ်။ သူ့မျက်မှန်ကိုင်းက ကျွန်မ ပါးကို လာထောက်တယ်။ လိုင်ဝိုက်သ်က ၁၉၈၀ ဝန်းကျင်တုန်းက ခေတ်စားခဲ့တဲ့ ဂျက်ကက် ဒီဇိုင်းကို ဝတ်ထားတယ်။ ဂျင်းသားပဲ။ ဂျက်ကက် တစ်ထည်လုံးမှာ စာတမ်းပါတဲ့ သံတံဆိပ်ဝိုင်းတွေ ကပ်ထားတယ်။ 'မူးရင်မမောင်းနဲ့'၊'တွေ့သော သူကို ကြင်နာပါ'၊'လူငယ်တိုင်း မဲပေးကြစို့' စသဖြင့်။ လိုင်ဝိုက်သ်ပြန်ထိုင်လိုက် တော့ တံဆိပ်ဝိုင်းတွေအချင်းချင်းရိုက်ပြီး ချလွမ်ကနဲမြည်သွားတယ်။ လိုင်ဝိုက်သ်က ကျွန်မထက် ၁၀ နှစ်လောက်များ ငယ်မလား မသိ။ ဘာလို့ ခေတ်ဟောင်းဒီဇိုင်း တွေပဲ ရွေးဝတ်နေသလဲ။ တမင်ဝတ်တာလား။ ဒီအတိုင်း ကြောင်တောင်တောင်ဖြစ် နေတာလား။

လိုင်ဝိုက်သ်က ကျွန်မကို တောင်းပန်ပြန်တယ်။ ဒါပေမယ့် ဒီတစ်ခါတော့ ကျွန်မ အတောင်းပန် မခံချင်တော့ဘူး။ ရင်ပြည့်နေပြီ။

"ဒီမှာ၊ ကျွန်မ ပြောမယ်။ ဘန့်မှာ အပြစ်မရှိဘူးဆိုတဲ့ အတွေးအခေါ်ကို လက်ခံလိုက်တာ မဟုတ်ဘူးနော်။ ကျွန်မထွက်ဆိုချက်ထဲမှာ အမှားပါတယ်လို့လည်း ဝန်ခံနေတာ မဟုတ်ဘူး"

လိုင်ဝိုက်သ်က တစ်ခုခုပြောမလို့ ပါးစပ်ကို ဟ တယ်။ ဘာမှမပြောဘဲ ပြန်ပိတ်သွားတယ်။

"ဒါပေမယ့် ကျွန်မ ဒီအမှုကို အစကနေ ပြန်စုံစမ်းကြည့်မယ်ဆိုရင် ရှင်တို့အဖွဲ့က ဘယ်လို ကူညီပေးမလဲ။ ကျွန်မရဲ့ အချိန်အတွက် တစ်ခုခုပေးမှာလား"

"ဟာ··လစ်ဘီ။ အဲဒီလိုကြားရတာ ဝမ်းသာတယ်ဗျာ။ တကယ်ပြောတာ။ ခင်ဗျား စိတ်ဝင်စားတယ်လို့ ပြောတာနဲ့ကို တော်တော်ဟုတ်နေပြီ"··လိုင်ဝိုက်သ်က ပြောတယ်။ သူ့ရဲ့ ကလေးဆန်တဲ့ ပုံစံကို ကျွန်မ တော်တော် စိတ်ပျက်မိတယ်။ သူ့ထက် အကြီးတစ်ယောက်နဲ့ စကားပြောနေတာကို မသိသလိုပဲ။ စာသင်ချိန်ပြီးလို့ ဆရာမက ဘာမေးဦးမလဲ··လို့မေးရင် မေးဖို့အသင့်အနေအထားနဲ့လက်ထောင်ပြတဲ့ ကလေးတွေကို သတိရသွားတယ်။ လိုင်ဝိုက်သ်က အဲဒီလိုကောင်လေးမျိုး။

"ဟို ကျွန်တော်တို့ အဖွဲ့သားတွေမှာ သီအိုရီတွေ အများကြီးရှိပေမယ့်·· ခင်ဗျားကိုယ်တိုင်··လစ်ဘီဒေး ကိုယ်တိုင် စုံစမ်းတာလောက်တော့ အဖြေထွက်လာမှာ မဟုတ်ဘူးလေ"··လိုင်ဝိုက်သ်က စားပွဲအောက်မှာ သူ့ဒူးခေါင်းကို တဆတ်ဆတ် လှုပ်နေရင်း ဆက်ပြောတယ်။ "ခင်ဗျားကိုဆိုရင် လူတိုင်းက စကားပြောချင်မှာ"

"ဪ··"··လိုင်ဝိုက်သ်ဘေးမှာချထားတဲ့ဘီယာဂျားကို ကျွန်မလက်ညှိုးထိုးပြလိုက်တယ်။ လိုင်ဝိုက်သ်က ကျွန်မကိုဘီယာတစ်ခွက်ငှဲ့ပေးတယ်။ ခွက်ထဲမှာ အမြှုပ်တွေ စီသွားတယ်။ လိုင်ဝိုက်သ်က သူ့နှာခေါင်းကို လက်ချောင်းနဲ့ အသာသပ်တယ်။ ဘီယာမြှုပ်ကို လက်ချောင်းနဲ့ ထိတယ်။ အမြှုပ်တွေအဆီဝင်ပြီး ပြန်ကျသွားတော့မှ ခွက်ပြည့်အောင် ထပ်ငှဲ့တယ်။

"ဒါနဲ့··ခင်ဗျား အချိန်အတွက် ပေးရမယ်ဆိုတာ ဘယ်လိုပေးရမှာလဲ"·· လိုင်ဝိုက်သ်က ဘီယာခွက်ကို ကျွန်မလက်ထဲ ထည့်ပေးတယ်။ ဘီယာခွက်ကိုရှေ့မှာ ချလိုက်ပြီး သောက်သင့်၊မသောက်သင့် ကျွန်မ စဉ်းစားနေမိတယ်။

"တစ်ခုချင်းစီပဲ ပေးရင် ပိုကောင်းမယ်ထင်တယ်"··အခုမှ ဒီအကြောင်း စဉ်းစားမိတဲ့ ပုံစံမျိုး ကျွန်မ ဟန်ဆောင်လိုက်တယ်။ "သွားတွေ့ရမယ့်လူကို ရှာဖို့ ဘယ်လောက်ခက်သလဲ။ ဘယ်လောက်ဝေးသလဲ။ ဘာမေးခွန်းမေးရမှာလဲ··အဲဒီလို မျိုးပေါ့။ အဲဒီပေါ်မူတည်ပြီး ပေးပေါ့"

"အင်း‥ ခင်ဗျား သွားတွေ့သင့်တယ်လို့ ထင်တဲ့ လူစာရင်းက ကျွန်တော်တို့ဆီမှာ ရှိပြီးသားဗျ။ ခင်ဗျား အဖေ ရန်နာဒေးနဲ့ ခင်ဗျားနဲ့ လုံးဝအဆက်အသွယ် မရှိဘူးလား။ တကယ်ကြီးလား။ ခင်ဗျား သွားအတွေ့သင့်ဆုံး လူတွေထဲမှာ သူက ထိပ်ဆုံးကပါနေတယ်"

သုံးစားမရတဲ့၊ သွက်သွက်ခါ ရူးနေတဲ့ ရန်နာဒေး။ လွန်ခဲ့သုံးနှစ်အတွင်းမှာ တစ်ခါလားမသိဘူး‥အဖေ ကျွန်မကို ဖုန်းဆက်တယ်။ အသံက တုန်တုန်ယင်ယင်နဲ့။ ပိုက်ဆံတောင်းမလို့ ဆက်တာပါ။ အဲဒါပြီးကတည်းက မဆက်တော့ဘူး။ အရင်က လည်း သိပ်အဆက်အသွယ် ရှိလှတယ် မဟုတ်ပါဘူး။ ဘန့်အမှုတွဲ ဖြစ်နေတုန်းက တော့ တစ်ခါနှစ်ခါလား ပေါ်လာတယ်။ လာသမျှအခေါက်တိုင်းလည်း မူးနေတာပဲ။ နောက်ပိုင်းကျတော့ ဘန့်ရဲ့ ရှေ့နေက အဖေ့ကို မလာပါနဲ့တော့ဆိုပြီး တောင်းပန် လိုက်တယ်ထင်တယ်။ သူလာလာနေမှ ဘန့်အတွက် ပိုဆိုးသွားလို့ ဖြစ်မယ်။

အခု 'လူသတ်အသင်း'က လူတွေအားလုံးက ရန်နာဒေးဟာ လူသတ်သမား ဆိုပြီး ထင်နေကြတယ်။ လူသတ်မှု မဖြစ်ခင်ကတည်းက အဖေက ထောင်သုံးခါကျ ပြီးနေပြီ။ အမှု သေးသေးတွေပါ။ လောင်းကစားလည်း ဝါသနာပါတော့ အဖေ့မှာ အမြဲတမ်း အကြွေးတွေ ပတ်လည်ဝိုင်းနေတယ်။ ဘောလုံးပွဲလည်း လောင်းတယ်။ မြင်းပွဲ၊ ခွေးပွဲ၊ ဘင်ဂို‥အစုံပဲ။ မိုးရွာ မရွာတောင် ပိုက်ဆံပေးလောင်းချင်တဲ့လူမျိုး။ အမေ့ကို ထောက်ပံ့ကြေးပေးဖို့လည်း အကြွေးတင်နေသေးတယ်။ ဒီတော့ တစ်အိမ် လုံးကို သတ်လိုက်ရင် အဲဒီအကြွေးတွေ ပေးစရာမလိုတော့ဘူး။

ဒါပေမယ့် အမှုကနေ ကွင်းလုံးကျွတ်လွတ်သွားလောက်တဲ့အထိတော့ သူ့ ဉာဏ်ရည်က မကောင်းတာ အမှန်ပဲ။ ဉာဏ်မကောင်းတဲ့အပြင် ရန်နာဒေးက ပျင်း လည်း ပျင်းသေးတယ်။ ဘယ်နေရာမှာမှ သုံးမရဘူး။ တစ်ယောက်တည်း ကျန်ခဲ့တဲ့ ကျွန်မကိုတောင် ရှာမကျွေးခဲ့နိုင်ဘူး။ လူသတ်မှုတွေ အပြီးမှာ အဖေ ကင်နက်ကီမှာ ခဏဆက်နေသေးတယ်။ နေတယ်ဆိုတာကလည်း အလကားပါ၊ ပျောက်သွားနေ တာက ပိုများနေတယ်။ တစ်ခါတစ်ခါ ပျောက်သွားရင် လနဲ့ချီတယ်။ သူပျောက်သွား နေတဲ့အခါ ကျွန်မ အတွက် ဆိုပြီး အရုပ်တွေတော့ ရောက်ရာနေရာကနေ လှမ်းပို့ ပေးတယ်။ *အိုင်ဒဟို၊ အယ်လ်ဘားမား၊ ဝင်းနား‥ဒကိုတာ‥*နေရာအစုံပါပဲ။ သူပို့ လိုက်တာတွေက ကျွန်မ ဆီရောက်တဲ့အခါ ကျိုးပဲ့ပျက်စီး သုံးမရတဲ့ အခြေအနေဖြစ် နေပြီ။ အဖေ ကင်နက်ကီကို ပြန်ရောက်နေပြီဆိုရင် ကျွန်မဆီကို လာလည်သလား ဆိုတော့ မလာပါဘူး။ ဒါပေမယ့် အဖေနေတဲ့ အိမ်စုတ်ဆီကနေ မီးခိုးတွေထွက်လာ

တာကို မြင်ရပြီး သိတာ။ မြို့ထဲမှာ အဖေ့ကိုတွေ့ခဲ့တဲ့အကြောင်း အန်တီဒိုင်ယန်းက ပြန်ပြောပြတတ်တယ်။ မျက်နှာမှာ ကျပ်ခိုးတွေနဲ့ မည်းစုတ်နေတာပဲတဲ့။ အဖေဟာ သနားစရာကောင်းသလို ကြောက်ဖို့လည်းကောင်းတဲ့ လူတစ်ယောက်။

အဖေနဲ့ ကျွန်မ သိပ်မရင်းနှီးခဲ့တာ ကျွန်မ အတွက် ကံကောင်းတယ်လို့ပြောရမယ် ထင်တယ်။ အမေ့ဆီ သူပြန်လာတဲ့နွေရာသီတုန်းကဆိုရင် အဖေက ကျွန်မကို သိပ်စကားမပြောခဲ့ဘူး။ တစ်ခါတလေ စရုံ နောက်ရုံလောက်ပဲ။ အဖေ စတာနောက်တာက စစချင်းတော့ အသေးအမွှားတွေပါ။ နောက်ပိုင်းကျတော့ အကျင့်ယုတ်တာ သက်သက် ဖြစ်လာတယ်။ မှတ်မိသေးတယ်။ အဲဒီနေ့တုန်းက အဖေ ငါးဖမ်းထွက်ပြီး ပြန်လာတယ်။ ကျွန်မက အဲဒီတုန်းက ရေချိုးကန်ထဲမှာ ရေစိမ်နေတာ။ အဖေက တံခါးကို တဝုန်းဝုန်းခေါက်တယ်။ *လစ်ဘီလေး၊ တံခါးဖွင့်။ ဒီမှာ လက်ဆောင်ပါလာတယ်ဟေး*·· ဆိုပြီးအော်ခေါ်တယ်။ ကျွန်မက မဖွင့်ပေးတော့ အဖေက တံခါးကို ဝုန်းခနဲ တွန်းဖွင့်တယ်။ သူ့လက်ထဲမှာ ကိုင်ထားတာ နှစ်ပေလောက်ရှည်တဲ့ ငါးရံ့ကြီး။ အရှင်ကြီး။ အဲဒီ ငါးရံ့ကြီးကို ကျွန်မစိမ်နေတဲ့ ရေချိုးကန်ထဲ ဗွမ်းခနဲပစ်ချလိုက်တယ်။ သက်သက်မဲ့ ကျွန်မ ကြောက်ပြီး အော်အောင် လုပ်တာ။ ငါးရံ့ကြီး ရေကန်ထဲကျလာတော့ ကျွန်မ အော်ဟစ်ပြီးထပြေးဖို့လုပ်တယ်။ ငါးရံ့ကြီးရဲ့ ချောကျိ နေတဲ့ အကြေးခွံတွေနဲ့ ပွတ်မိတယ်။ ငါးရံ့ကြီးရဲ့ နှုတ်ခမ်းမွေးထောင်ထောင်ပါးစပ် ပေါက်ကြီးက တဟပ်ဟပ်နဲ့ အသက်ရှူဖို့ကြိုးစားနေတယ်။ ကျွန်မခြေထောက်သာ အဲဒီပါးစပ်ထဲဝင်သွားရင် ရှူးဖိနပ်ထဲခြေထည့်သလို စွပ်ခနဲ ဝင်သွားလောက်တယ်။

ရေချိုးကန်ထဲကနေ ခုန်ထွက်ပြီး ကြမ်းပြင်ပေါ်ရောက်မှ ကျွန်မအသက်ရှူ နိုင်တယ်။ ရန်နာဒေးက အော်ဟစ်နေတဲ့ ကျွန်မကိုကြည့်ပြီး လှောင်တယ်။ *ငါ့သား သမီးတွေအကုန် ငကြောက်တွေချည်းပါလား ဟားဟား*··တဲ့။

အဲဒီငါးရံ့ကို မသတ်ဘဲ ရေချိုးကန်ထဲမှာ သုံးရက်လောက်ထားထားတယ်။ သတ်ရမှာပျင်းလို့တဲ့။ အဲဒါနဲ့ ကျွန်မတို့တစ်တွေရေမချိုးဘဲ သုံးရက်နေလိုက်ရတယ်။ ကျွန်မ ကိုယ်ထဲက ပျင်းကြောတွေအကုန် အဖေ့ဆီက ရလာတာဖြစ်လောက်တယ်။

"ရန်နာဒေး ဘယ်မှာ နေသလဲဆိုတာ ကျွန်မ မသိဘူး။ နောက်ဆုံးတစ်ခါ ကြားလိုက်တာကတော့ *အာကန်းဆက်စ်* ဘက်ရောက်နေတယ် ဆိုလား။ ဒါပေမယ့် အဲဒါလည်း တစ်နှစ်လောက်တောင် ကြာသွားပြီ"

"အင်း ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျား သူနဲ့ သွားတွေ့သင့်တယ်ဗျ။ အဖွဲ့ထဲက လူတွေကလည်း ခင်ဗျားနဲ့ ခင်ဗျားအဖေ တွေ့ကြရင် ဘာတွေပြောဖြစ်မလဲဆိုတာကို

သိချင်နေကြတာလေ။ ကျွန်တော်ကတော့ လူသတ်မှုနဲ့ရန်နှာနဲ့ ဆိုင်တယ်လို့ ထင်ကို မထင်ဘူး''.. လိုင်ဝိုက်သ်ကပြောတယ်။ ''ဒီအတိုင်း ကြည့်လိုက်ရင်တော့ ရန်နှာ သတ်တယ်လို့ထင်စရာပဲလေ။ အကြွေးတွေရော၊ သူ့ရဲ့ အကြမ်းဖက်တတ်တဲ့အကျင့် ရော..ပြီးတော့..''

''ရှုးနေတာလည်း ပါသေးတယ်''

''အင်း..ရှုးနေတာလည်းပါတယ်''..လိုင်ဝိုက်သ်က ပြုံးတယ်။ ''ဒါပေ မယ့် ဒီအမှုကို ကျူးလွန်ပြီး ကိုယ်လွတ်ရုန်းလို့ ရလောက်အောင်တော့ ခင်ဗျားအဖေ ဉာဏ်မကောင်းဘူးထင်တယ်။ စိတ်မဆိုးနဲ့နော် အဲဒီလိုပြောတာ''

''မဆိုးပါဘူး၊ ဒါဆို ရှင်တကယ်ထင်တာက ဘယ်သူလဲ''

''အခုပြောပြဖို့တော့ ကျွန်တော် အသင့်မဖြစ်သေးဘူး''..လိုင်ဝိုက်သ်က ပြောရင်း သူ့ဘေးမှာချထားတဲ့ ဖိုင်တွဲအထပ်ကြီးကို လက်ညှိုးထိုးပြတယ်။ ''အမှု သွား အမှုလာတွေကို ခင်ဗျား သေချာဖတ်လိုက်ဦး။ ဒီထဲမှာ အသေးစိတ်တွေအကုန် ပါတယ်''

''အောင်မလေး ဘုရားကယ်ပါ''.. ဖိုင်တွဲအထပ်ကြီးကို လှမ်းကြည့်ရင်း ကျွန်မ ညည်းလိုက်မိတယ်။ ပြီးတော့မှ သတိရသွားတယ်။ ဒါ..အမေ ပြောနေကျ စကားပဲ။ *ဘုရားကယ်ပါ..သော့တွဲ ဘယ်နားထားလိုက်မိလဲမသိဘူး..*

''ဘန့်မှာ အပြစ်မရှိဘူး ဆိုရင် သူဘာဖြစ်လို့ ထောင်ကလွတ်ဖို့မကြိုးစား သလဲ''..ကျွန်မ မေးလိုက်မိတယ်။ ကျွန်မ မေးလိုက်တဲ့ လေသံထဲမှာ ကလေးတစ် ယောက်ရဲ့ ပူဆာတဲ့အရိပ်အယောင်တွေ ပါနေတယ်။ 'ဘာလို့ရေခဲမုန့်စားလို့ မရတာ လဲ အမေ..'ဆိုတဲ့ လေသံမျိုးလေ။ ဘန့်မှာ အပြစ်မရှိဖို့ ကျွန်မ တိတ်တခိုး မျှော်လင့် နေတာပဲ..။ ကျွန်မဆီကို ဘန်..ပြန်ရောက်လာဖို့ တမ်းတနေတာပဲ။ ဟိုးတစ်ချိန်က၊ ကြောက်စရာသတ္တဝါအဖြစ် ပြောင်းမသွားခင်တုန်းက ဘန်..။ ထောင်ကနေ အိမ်ကို ပြန်လာတဲ့ ဘန့်ရဲ့မြင်ကွင်းကို ကျွန်မ စွန့်စားမြင်ယောင်ခဲ့ဖူးတယ်။ ဘောင်းဘီအိတ် ကပ်ထဲ လက်ထည့်ပြီး ကျွန်မ အိမ်ကို တစ်လှမ်းချင်းလျှောက်လာနေတဲ့ အစ်ကို..။ (အမြဲတမ်း ဘောင်းဘီအိတ်ထဲ လက်ထည့်ထားတတ်တဲ့ ဘန့်ရဲ့ပုံရိပ်ကို သတိရသွား ပြန်တယ်။) တကယ်လို့များ ဘန့်မှာ အပြစ်မရှိခဲ့ရင်..။ ကျွန်မနဲ့အတူတူ ညစာစား နေမယ့် ကျွန်မရဲ့ အစ်ကို..၊ အကုန်လုံးကို ခွင့်လွှတ်၊ အားလုံးကို မေ့ပစ်လိုက်ပြီး.. ကျွန်မနဲ့ အတူ..။ တကယ်လို့များ..

*'တကယ်လို့များ'တွေ၊ 'ဒါပေမယ့်'တွေကိုသာ ချောကလက်တွေ၊ မြေပဲ*

*တွေလို တကြွပ်ကြွပ်ဝါးလို့ရရင် ငါတို့အားလုံး ပါးစပ်တောင် အားမှာမဟုတ်ဘူး‥* တဲ့။ အန်တီ ဒိုင်ယန်းရဲ့ စကားကို ကျွန်မနားထဲ ပြန်ကြားလာမိတယ်။ ဒီစကားက ကလေးဘဝ တစ်လျှောက်လုံးမှာ ကျွန်မကို ဆက်တိုက် သတိပေးနေခဲ့တယ်။ ဘယ်အရာကိုမှ မမျှော်လင့်နဲ့၊ အကုန် တလွဲတွေချည်း ဖြစ်လာမှာ။ ကျွန်မတစ်ယောက်တည်းတင်မဟုတ်ဘူး၊အားလုံးအတူတူပဲ။ကိုယ်လိုတာဘယ်တော့မှရမှာမဟုတ်ဘူး။

ပြီးတော့‥ မမေ့နဲ့‥မမေ့နဲ့‥မမေ့နဲ့‥ အဲဒီညက အစ်ကို‥အိမ်ထဲမှာရှိနေခဲ့တာကို မေ့မသွားနဲ့‥။ ကျွန်မ အိပ်ရာကနေ ထပြီး အမေ့အခန်းထဲကိုသွားတော့ ဘန့် အခန်းထဲက မီးရောင်ကို စေ့ထားတဲ့ တံခါးအောက်ကနေ လှမ်းမြင်နေရတယ်။ စကားသံ တိုးတိုးတိုးတိုးတွေလည်း ကြားရတယ်။ သူအဲဒီညက အိမ်မှာရှိနေခဲ့တယ်။

"ခင်ဗျားကိုယ်တိုင် မေးလိုက်ပါလား။ ဘန်နဲ့သွားတွေ့လိုက်လေ"

လိုင်ဝိုက်သ်ကပြောတယ်။ ထောင်ထဲရောက်နေတဲ့ ကျွန်မရဲ့အစ်ကိုဘန်ဒေး။ အဲဒီ ထောင်‥ဆိုတဲ့ နေရာကြီးကို မမြင်ယောင်မိဖို့ ကျွန်မ နှစ်ပေါင်းများစွာကြိုးစားခဲ့ပြီးပြီ။ သံဆူးကြိုးတွေ၊ အုတ်တံတိုင်းတွေ၊ ကွန်ကရစ် ကြမ်းပြင်တွေ၊ သံတိုင်တွေ၊ အစ်ကို့ရဲ့ အကျဉ်းခန်းထဲမှာမိသားစုဓာတ်ပုံတွေများ ထားထားမလား။ ဓာတ်ပုံထားခွင့်ရော ရှိသလား။ ကျွန်မ ဘာမှမသိဘူး။ ဘန့်ဘဝအကြောင်း ကျွန်မတစ်စွန်းတစ်စလေးတောင် မသိပါလား။ ထောင်ဆိုတာကိုရော အပြင်မှာ ကျွန်မ မြင်ဖူးလို့လား။ ရုပ်ရှင်ထဲမှာလောက် တွေ့ဖူးတာ။

"ဟင့်အင်း၊ ဘန်နဲ့တော့ မတွေ့ချင်သေးဘူး"

"ဘာဖြစ်လို့လဲ၊ ကျွန်တော်တို့ ခင်ဗျားကို ပိုက်ဆံပေးမှာပါဗျ"

"ပိုက်ဆံကြောင့် မဟုတ်ဘူး၊ ကျွန်မ အကြောင်းနဲ့ ကျွန်မ‥"

"အိုကေ‥လေ၊ ဒါဆိုရင် ရန်နာဒေးနဲ့ အရင်သွားတွေ့မလား။ ဘယ်လိုလုပ်ချင်သလဲ‥"

ကျွန်မတို့ နှစ်ယောက် ဘာမှ ဆက်မပြောဖြစ်ဘဲ ထိုင်နေကြတယ်။ လက်တွေ ခြေတွေကို ဘယ်နားထားရမှန်း မသိဘူး ဖြစ်နေတယ်။ မျက်လုံးချင်းလည်း မဆုံဖြစ်ဘူး။ ကျွန်မ ငယ်ငယ်တုန်းကဆိုရင် တခြားကလေးတွေနဲ့ အတူတူဆော့ဖို့ အတင်း တိုက်တွန်းခံရတယ်။ ကျွန်မကို စိတ်ကျန်းမာရေး ဆရာဝန်က အပေါင်းအသင်း ရှိအောင် ဆိုပြီး တခြားကလေးတွေနဲ့ တွေ့ပေးတယ်။ အခု လိုင်ဝိုက်သ်နဲ့တွေ့ရတာလည်း အဲဒီတုန်းက ခံစားချက်မျိုးပြန်ရနေတယ်။ လူကြီးတွေ မရှိတော့တဲ့အခါ ကလေးတွေချည်းပဲ ဘာလုပ်လို့ လုပ်ရမှန်းမသိ၊ ဆယ်မိနစ်လောက် ကြောင်တောင်

တောင်နဲ့ ဟိုယောင်ဒီယောင်ဖြစ်နေတာမျိုး။ တီဗွီကိုဖွင့်မကြည့်နဲ့လို့ လူကြီးတွေက မှာသွားတော့ တီဗွီနားမှာ ယောင်လည်လည်နဲ့ အန်တနာတိုင်ကို ဟိုကိုင်ဒီကိုင်။

အလကား ချပေးထားတဲ့ မြေပဲလှော်ပန်းကန်ကို ကျွန်မ ဖွနေလိုက်တယ်။ မြေပဲခွံတွေက ပိုးဟပ် တောင်ပံတွေလို ကြွပ်ရွနေတယ်။ မြေပဲ လေးငါးစေ့လှမ်းယူလိုက်ပြီး ဘီယာခွက်ထဲကို ထည့်လိုက်တယ်။ မြေပဲမှာကပ်နေတဲ့ ဆားတချို့ အရည်ပျော်သွားတယ်။ ဘီယာထဲ ပေါလောပေါ်နေတဲ့ မြေပဲစေ့တွေကို လက်နဲ့တို့ကြည့်တော့ စွပ်ခနဲ မြုပ်သွားပြီး ပြန်ပေါ်လာတယ်။ ကျွန်မရဲ့ အကြံအစည်က တကယ်စဉ်းစားကြည့်ရင် ကလေးဆန်လွန်းပါတယ်။ ကျွန်မ မိသားစုကို သတ်သွားတယ်လို့ သံသယရှိနေတဲ့ တရားခံတွေကို သွားတွေ့မလို့ ကြံစည်နေတာလေ။ သွားတွေ့တော့ ရော..ဘာထူးလာမှာလဲ။ ဒီအမှုကို ကျွန်မ တကယ်ပဲ စုံစမ်းတတ်လို့လား။ ဘန့်မှာ အပြစ်မရှိဘူးလို့ မျှော်လင့်ဖို့ဆိုတာ အန္တရာယ်မများလွန်းဘူးလား။ ဘန်ဒေးမှာသာ တကယ် အပြစ်မရှိရင် ကျွန်မ..လစ်ဘီဒေး လူဆိုးမကြီး ဖြစ်မသွားဘူးလား။ ကိုယ်ထင်ထားတဲ့ မဟာအကြံအစည်ကြီး ပြိုလဲလုနီးနီး ဖြစ်လာတဲ့အခါ ခံစားရတဲ့ခံစားချက်မျိုး ကျွန်မရင်ထဲ ဝင်လာတယ်။ ရင်ဘတ်ထဲမှာ ဟာသွားသလိုလို။ မူးမေ့လဲချင်လာသလိုလို..။

အိမ်ပြန် အိပ်လိုက်ရုံနဲ့၊ မေ့ပစ်လိုက်ရုံနဲ့တော့ ပြီးသွားမှာမဟုတ်ဘူး။ အိမ်လခ ပေးရတော့မယ်။ ပြီးတော့ စားဖို့ သောက်ဖို့လည်း ပိုက်ဆံလိုတယ်။ အိမ်ယာမဲ့ အဖြစ်လျှောက်ထားလိုက်ရင်တော့ ရပါတယ်။ အစိုးရကူငွေနဲ့ ဆက်စားသောက်နေရင်လည်း ရတယ်။ ဒါပေမယ့် အဲဒါတွေ လုပ်ဖို့လည်း ကျွန်မမှာ အင်အားမရှိဘူး။ ကူငွေယူဖို့ လျှောက်လွှာတွေ၊ ဖောင်တွေ ဖြည့်မယ့်အစား အငတ်ပဲခံလိုက်တော့မယ်။

"ကျွန်မ ဘန်နဲ့သွားတွေ့ကြည့်မယ်"..ကျွန်မ မပွင့်တပွင့်ပြောလိုက်တယ်။

"ဘန်နဲ့အရင်တွေ့ကြည့်မယ်။ ကျွန်မကို ဒေါ်လာ ၃၀၀ တော့ပေးရမယ်"

၃၀၀ တော့ ပေးမယ်မထင်ဘူး။ ဒီအတိုင်း ပြောလိုက်တာ။ လိုင်ဝိုက်သ်က သူ့ရဲ့နိုင်လွန်သားနဲ့ချုပ်ထားတဲ့ ပိုက်ဆံအိတ်ကိုထုတ်တယ်။ ပိုက်ဆံအိတ်ကဟောင်းနေပြီ။ တိတ်နဲ့ ကပ်ထားရတယ်။ အိတ်ထဲကနေ ဒေါ်လာ ၃၀၀ ထုတ်ရေတယ်။ သူ့ပုံကြည့်ရတာ ၃၀၀ ပေးလိုက်ရလို့ ဘာမှဖြစ်ပုံမပေါ်ဘူး။ အေးဆေးပဲ။

"ရှင် အဲဒီပိုက်ဆံတွေ ဘယ်က ရနေတာလဲ"

ကျွန်မမေးခွန်းကြောင့် လိုင်ဝိုက်သ် ကိုယ်လုံး နည်းနည်းမတ်သွားတယ်။ ထိုင်ခုံမှာထိုင်နေရင်း ကိုယ်ကို ဟိုရွှေ့ဒီရွှေ့လုပ်တယ်။

"ဟို..ကျွန်တော်က 'လူသတ်အသင်း'ရဲ့ ဘဏ္ဍာထိန်းလေ။ လိုအပ်သလို ထုတ်သုံးဖို့ဆိုပြီး ငွေနည်းနည်း ဖယ်ထားတာရှိတယ်။ အဲဒီထဲကနေ ဒီပရောဂျက်အတွက် ထုတ်သုံးနေတာ".. ပြောနေရင်းသူ့ရဲ့ နားသေးသေးလေးတွေ နီရဲတက်လာတယ်။

"သြော်..အလွဲသုံးစားလုပ်နေတာပေါ့"

ချက်ချင်းဆိုသလိုပဲ ကျွန်မ သူ့ကို အရင်ထက်ပိုသဘောကျမိသွားတယ်။

+++

# ဘန်ဒေး

၁၉၈၅၊ ဇန်နဝါရီ (၂) ရက်
မနက် ၁၀ နာရီ ၁၈ မိနစ်

ဘန်တို့ရဲ့ လယ်ကွင်းကနေ ကင်နက်ကီမြို့ထဲပိုင်းကို ရောက်ဖို့ စက်ဘီးနဲ့ဆိုရင် တစ်နာရီလောက် နင်းရတယ်။ အခုလို အဆုတ်ခဲမတတ် အေးနေတဲ့အချိန်၊ မျက်နှာပေါ်မှာလည်း ပွန်းရာပွဲရာအပြည့်နဲ့ သွေးတွေစီးကျနေတဲ့ အချိန်ဆိုရင်တော့ တစ်နာရီမက နင်းရလိမ့်မယ်။ ဘန်က ကျောင်းတက်ရင်း ကျောင်းရဲ့ သန့်ရှင်းရေး အလုပ်ကိုလည်း အချိန်ပိုင်း ဝင်လုပ်နေတယ်။ ဖြစ်နိုင်ရင်တော့ ကျောင်းမှာ လူသိပ်မရှိတဲ့ အချိန်မျိုးမှာပဲ သန့်ရှင်းရေးလုပ်ဖို့ အချိန်ကိုက်ထားတယ်။ ဥပမာ··စနေနေ့လိုမျိုးတွေဆိုရင် ဘန် ကျောင်းမှာ အလုပ်မလုပ်ချင်ဘူး။ ကျောင်းအားကစားခန်းမက စနေနေ့တိုင်း နပန်းအသင်းကလူတွေနဲ့ ပြည့်နေတတ်တယ်။ ဗလကြီးကြီး၊ ခပ်ထွားထွား ကျောင်းသားတွေ ကျယ်လောင် ကျယ်လောင်နဲ့ အော်ကြီးဟစ်ကျယ်တွေပြောနေတဲ့အချိန်မှာ သူတို့ဘေးနားသွားပြီး ကြမ်းမတိုက်ချင်ဘူးလေ။ ဘန် သန့်ရှင်းရေးလုပ်ထားတဲ့ ကြမ်းပြင်ပေါ်ကို ထွီခနဲ တံတွေးနဲ့ထွေးချပြီး·· မကျေနပ်ဘူးလား၊ မင်းဘာလုပ်ချင်လဲ ဆိုတဲ့အကြည့်နဲ့ ကြည့်ကြတာကိုလည်း မခံနိုင်ဘူး။

ဒီနေ့က ဗုဒ္ဓဟူးနေ့။ ဒါပေမယ့် ခရစ္စမတ် နားရက်တွေ ကျန်နေသေးတော့ ကျောင်းမှာ လူသိပ်မရှိလောက်ဘူး။ အားကစား ခန်းမကတော့ အမြဲလိုလို လူပြည့်နေတတ်တယ်။ ဒါပေမယ့် အခု စောပါသေးတယ်။ မနက်စောစော အချိန်တွေက ဘန့်အတွက် အဆင်အပြေဆုံးပဲ။ မနက် ၈ နာရီကနေ နေ့လယ် ၁၂ နာရီ အတွင်း ကျောင်းကို မြန်မြန်သွား၊ ကြမ်းတိုက်စရာရှိတာ တိုက်၊ သန့်ရှင်းရေးလုပ်စရာရှိတာ လုပ်။ ပြီးရင် မြန်မြန်ပြန်လစ်။ ဒါ ဘန်လုပ်နေကျ။ ဘယ်သူမှ မသိအောင် တိတ်တိတ်ကလေး သန့်ရှင်းရေး လာလုပ်သွားတတ်တဲ့ မှင်စာလေးတစ်ကောင်လိုပေါ့။

ကျောင်းသားတွေကတော့ သန့်သန့် ,မသန့်သန့် ဂရုမစိုက်ကြပါဘူး။ စားပြီးသောက်ပြီးသား အမှိုက်တွေကို အမှိုက်ပုံးထဲရောက်အောင် ဘယ်တော့မှ မပစ်ကြဘဲ ကြမ်းပြင်ပေါ်ကို ပစ်ချတယ်။ နို့တွေ၊ ကော်ဖီတွေ အကုန်မှောက်ပစ်တယ်။ ကျောင်းကန်တင်းမှာ အစားစားရင်လည်း အသားဖတ်တွေ ခုံအောက်မှာ ပိုးလိုးပက်လက်။ သန့်ရှင်းရေး လာမှ ရှင်းပါစေ ဆိုပြီး ပစ်ထားတတ်ကြတယ်။ ဘန် ကိုယ်တိုင်လည်း အဲဒီလို စည်းကမ်းမရှိ လုပ်ခဲ့ဖူးပါတယ်။ သူများတွေလုပ်လို့ လိုက်လုပ်တာ။ တစ်ခါတုန်းက စားလက်စ တူနာဆန်းဒ်ဝစ်ချ်ကို ဘန်ကိုယ်တိုင် ကြမ်းပြင်ပေါ် ပစ်ချခဲ့ဖူးတယ်။ ပစ်တယ်ကွာ..ဘာဖြစ်လဲ ဆိုတဲ့ ပုံစံမျိုးဖမ်းကြည့်တာ။ တွေးလိုက်ရင်တော့ တော်တော်ကြောင်တောင်တောင် နိုင်တာပဲ။ ပြီးရင် အဲဒီအမှိုက်ကို ရှင်းရမယ့်သူက ဘန်ကိုယ်တိုင်ပဲ မဟုတ်ဘူးလား။ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်နည်းတစ်မျိုးပေါ့လေ။

ကျောင်းမှာ သန့်ရှင်းရေး အလုပ်လုပ်ရတာ မလွယ်ဘူး။ စိတ်ပျက်စရာကောင်းတယ်။ ဒါပေမယ့် တခြားကျောင်းသားတွေ ရှိနေတဲ့အချိန်မျိုးဆိုရင် နှစ်ဆပိုပြီး စိတ်ညစ်ဖို့ကောင်းတယ်။ ကျောင်းသားတွေက ဘန့်ကို အားနာတာလား၊ ဂရုမစိုက်တာလားတော့မသိ..ဘန် သန့်ရှင်းရေးလုပ်နေတာကို တွေ့သွားရင် မမြင်သလို၊ မသိသလို လုပ်တတ်ကြတော့ ပိုပြီး ခံရခက်တယ်။ ဒီနေ့တော့ ဖြစ်ချင်ရာဖြစ်၊ အလုပ်ဆင်းဖို့ ဆုံးဖြတ်ထားတယ်။ ဒီယွန်ဒရာက ရှော့ပင်းထွက်ဖို့ ဆလီနာဘက်ကို ကားကိုယ်တိုင် မောင်းပြီးသွားတယ်လေ။ ဒီယွန်ဒရာ့ဆီမှာ ဂျင်းဘောင်းဘီ အထည် ၂၀ လောက်တောင် ရှိနေပြီလား မသိဘူး။ ဘန့် မျက်လုံးထဲမှာတော့ အကုန်လုံး တစ်ပုံစံတည်းလိုလိုပဲ။ ဒီယွန်ဒရာကတော့ ဂျင်းဘောင်းဘီ အသစ်တွေ ထပ်ဝယ်နေတုန်းပဲ။ ဒီယွန်ဒရာက ဂျင်းဘောင်းဘီကို ခပ်ပွပွဝတ်တယ်။ ဒူးနားလောက်ရောက်တဲ့အထိ ဘောင်းဘီအနားစကို ခေါက်တင်ထားတော့ ခြေအိတ်ထူထူတွေကအထင်းသား ပေါ်နေတတ်တယ်။ ဒီယွန်ဒရာ ဘောင်းဘီ အသစ်ဝတ်လာတိုင်း လှတယ်လို့ပြောဖို့ ဘန် လေ့ကျင့်ထားတယ်။ ဘန် အဲဒီလို ချီးကျူးလိုက်တိုင်း ဒီယွန်ဒရာက ငါ့ခြေအိတ်တွေရော မလှဘူးလား.. ဆိုပြီး မေးတတ်တယ်။ ဒီယွန်ဒရာက ခြေအိတ်ဆိုရင် Ralph Lauren ပဲ ဝတ်တတ်တယ်။ တစ်စုံကို ဒေါ်လာ ၂၀ လောက်တန်တယ်တဲ့။ အဲဒီဈေးနှုန်းကို ကြားလိုက်တာ ဘန့် ဗိုက်ထဲမှာ မအီမသာတောင်ဖြစ်သွားတယ်။ ဒီယွန်ဒရာ့မှာ အဲဒီတံဆိပ်နဲ့ ခြေအိတ်တွေ အံဆွဲအပြည့်ရှိတယ်။ ဒီဇိုင်းပေါင်းစုံ၊ အရောင်ပေါင်းစုံ။ ခြေအိတ်တိုင်းမှာ မြင်းစီးနေတဲ့ လူတံဆိပ်နဲ့။ အံဆွဲထဲက ခြေအိတ်တွေ ပေါင်းလိုက်ရင် ဘယ်လောက်များတောင် ပေးရမလဲမသိဘူးဆိုပြီး

ဘန် စိတ်တွက် တွက်ကြည့်ဖူးတယ်။ အနည်းဆုံး ဒေါ်လာ ၄၀၀ ဖိုးလောက် ရှိလိမ့်မယ်။ ဘန့်အမေ ပက်တီဒေးရဲ့ တစ်လ ဝင်ငွေက ၈၀၀ လောက်ပဲ ရှိတာ။ ထားပါတော့။ သူဌေးသမီး ဆိုတော့ ဝယ်စရာ ခြမ်းစရာရှိမှ နေသာထိုင်သာ ရှိမပေါ့။ ခြေအိတ်ဆိုတာလည်း ဝယ်စရာ တစ်ခုပဲ မဟုတ်လား။ ဒီယွန်ဒရာ့ပုံစံက နည်းနည်းတော့ထူးဆန်းတယ်။ သူဌေးသမီး ကျောင်းသူ ပုံစံလည်း မပေါက်ဘူး။ ဝတ်တာစားတာ၊ နေတာထိုင်တာက ရဲတင်းလွန်းတယ်။ Iron Maiden သီချင်းတွေကြိုက်ပေမယ့်၊ သားရေဂျာကင်တွေ ဝတ်ပေမယ့်၊ ဆေးခြောက်အဆက်မပြတ် ရှူနေပေမယ့် ဒီယွန်ဒရာက ဟဲဗီးမက်တယ် ကိုးကွယ်သူတွေနဲ့လည်း မတူပြန်ဘူး။ ဘယ်အဖွဲ့ထဲမှာမှ မပါတဲ့ မိန်းကလေး ဖြစ်နေတာ။ လူတိုင်းက ဒီယွန်ဒရာ့ကို သိတယ်။ ဒါပေမယ့် သေသေချာချာ သိသလား ဆိုတော့လည်း မသိကြပြန်ဘူး။ ဒီယွန်ဒရာက အရင်က တက္ကဆက်ပြည်နယ်တစ်ခွင် နေရာပေါင်းစုံမှာ နေခဲ့ဖူးတယ်။ လူပြောစရာ အပြုအမူ တစ်ခုခု လုပ်မိပြီဆိုတာနဲ့ ဒီယွန်ဒရာ ပထမဆုံးပြောတဲ့ လက်သုံးစကားက "အို·· တက္ကဆက်မှာဆိုရင် ဒီလိုပဲ လုပ်နေကျ"တဲ့။ လုပ်ချင်တာလုပ်မယ်။ ဘာပဲဖြစ်ဖြစ် အိုကေတယ်။ ဘာလို့လဲဆိုတော့ တက္ကဆက်မှာ ဒီလိုပဲ·· ဆိုပါတော့။

ဒီယွန်ဒရာနဲ့ မတွေ့ခင်က ဘန်ဒေးရဲ့ ဘဝက လေထဲမှာ ဟိုလွင့်ဒီလွင့်နဲ့။ စကားသိပ်မပြောတဲ့၊ ပိုက်ဆံမရှိတဲ့ လယ်သမားကောင်လေး သက်သက်ပဲ။ တခြား လယ်သမား သားသမီးတွေနဲ့ပေါင်းမယ်။ စာသင်ခန်းရဲ့ ထောင့်တစ်နေရာမှာ တစ္ဆေတွေလို တိတ်တိတ်လေး စုထိုင်မယ်။ တခြား ကျောင်းသားတွေ အနိုင်ကျင့်တာ ခံရလောက်အောင်လည်း ဘန်တို့အဖွဲ့က မကြောင်ဘူး။ ဘယ်သူမှ အဖက်မလုပ်ကြဘူး။ ဒါက ဘန့်အတွက် ပိုဆိုးတယ်။ အနိုင်ကျင့်ခံရတာမှ တော်ဦးမယ်လို့ တွေးမိတယ်။ နေဦး··အနိုင်ကျင့်ခံရတာ ကောင်းတော့မကောင်းဘူး။ ကျောင်းမှာ ကောင်လေးတစ်ယောက်ရှိတယ်။ ဘန်နဲ့ ငယ်ငယ်ကတည်းက မျက်မှန်းတန်းမိနေတဲ့ ကောင်လေး။ အဲဒီကောင်လေးက ကြောင်တောင်တောင်ကလေး။ အထက်တန်းရောက်ပြီး ပထမတစ်ပတ်မှာတင် အဲဒီကောင်လေး ကျောင်းမှာချေးပါချမိတယ်။ ဘာကြောင့်ဘယ်လို အီးထွက်သွားသလဲဆိုတဲ့ ဇာတ်လမ်းကအမျိုးမျိုးကွဲနေတယ်။ အားကစားခန်းမထဲမှာ လေ့ကျင့်ခန်းလုပ်ရင်းအီးထွက်သွားတယ်ဆိုတဲ့ဇာတ်လမ်းကတစ်ခု၊စာသင်ခန်းထဲမှာ ထွက်ကျသွားတယ်ဆိုတဲ့ ဇာတ်လမ်းက တစ်မျိုး။ တခြားဇာတ်လမ်းတွေ လေးငါးခု လောက် ရှိသေးတယ်။ ဘယ်ဇာတ်လမ်းက အမှန်လဲဆိုတာ အရေးမကြီးပါဘူး။ အရေးကြီးတာက အဲဒီကောင်လေးကို အားလုံးက ချေးထုပ်လို့ပဲ ခေါ်ကြတော့တယ်။

ကျောင်းရောက်ပြီ ဆိုရင် အဲဒီ ကောင်လေးက ခေါင်းကို အမြဲငုံ့ထားတယ်။ သူ့ရဲ့ မျက်မှန် ထူထူတွေအောက်က မျက်လုံးတွေက ကြမ်းပြင်ကိုပဲ စိုက်ကြည့်နေတတ်တယ်။ ကျောင်းသားတချို့က သူ့ဘေးက ဖြတ်သွားဖြတ်လာလုပ်ရင်း သူ့နားထင်ကို ဖတ်ခနဲ ဖြတ်ရိုက်သွားကြတယ်။ ဟေ့ကောင် ချေးထုပ်။ နေကောင်းလား··ပေါ့။ ကောင်လေးကတော့ စိတ်မဆိုးသလို ကြိတ်မှိတ်ပြုံးနေရှာတယ်။ ဘန်ပြောချင်တာက အနိုင်ကျင့်ခံရတာဟာ အသိအမှတ်ပြု မခံရတာထက်တော့ ဆိုးရင်ဆိုးမှာပေါ့လေ။ ဒါပေမယ့် အသိအမှတ်ပြု မခံရတာကို ဘန် သိပ်မုန်းတယ်။ *သဘောကောင်းတဲ့၊ ငြိမ်တဲ့၊ ဆံပင်နီနီနဲ့ ကောင်လေး··ဘန်ဒေး။ ပထမတန်းကတည်းကနေ အခုအချိန်ထိ ဘာမှ မပြောင်းလဲဘူး။* စိတ်ပျက်ဖို့မကောင်းဘူးလား။ ပျင်းစရာမကောင်းဘူးလား။

ဒီယွန်ဒရာနဲ့ ရည်းစားဖြစ်ရတာ ဘန့်အတွက် သိပ်ကံကောင်းတယ်။ လူသိရှင်ကြား တွဲနေတာတော့ မဟုတ်သေးဘူးပေါ့။ ဘန့်ကို ဒီယွန်ဒရာက သူ့ကားနဲ့ ဝင်တိုက်မိတာ·· အဲဒီမှာ နှစ်ယောက်သား စတွေ့ကြတာ။ နွေရာသီတစ်ခုတုန်းကပေါ့။ ကျောင်းသား အသစ်တွေကို မောင်မယ်သစ်လွင်ကြိုဆိုပွဲ လုပ်တဲ့အချိန်။ ပွဲက သုံးနာရီလောက် ကြာသွားတယ်။ ပွဲပြီးသွားတော့ ကျောင်းရဲ့ ကားပါကင်ကိုဖြတ်ပြီး ဘန် လမ်းလျှောက်ပြန်နေတုန်း ဒီယွန်ဒရာ့ ကားက ဘန့်ကို ဝုန်းခနဲဝင်တိုက်တယ်။ ကားဘောနက်ပေါ်ကို ဘန် တလိမ့်ခေါက်ကွေး ပါသွားတယ်။ ဒီယွန်ဒရာက ကားပေါ်ကနေ ဆင်းလာပြီး *ဟဲ့အရူး··ကားတစ်စီးလုံးလာတာ မမြင်ဘူးလား··*ဆိုပြီး အော်တယ်။ ဒီယွန်ဒရာ့ ပါးစပ်က ဝိုင်နံ့တထောင်းထောင်း ထွက်နေတယ်။ သူ့ကားပေါ်မှာလည်း ဝိုင်ပုလင်းတွေ တချွင်ချွင် မြည်လို့။ ဘန် ချက်ခြင်းပဲ ပြန်တောင်းပန်လိုက်တယ်။ ကိုယ့်ကိုကားနဲ့ ဝင်တိုက်တဲ့သူကို ပြန်တောင်းပန်တာနော်··။ ဘန်စိတ်မဆိုးမှန်းလည်း သိသွားရော ဒီယွန်ဒရာ့ လေသံက ချက်ချင်းပြောင်းသွားတယ်။ ချိုသွားတယ်။ ဘန့်ကို အိမ်ပြန်လိုက်ပို့ပါရစေ ဆိုပြီး ပြောတယ်။ ဒါပေမယ့် ဘန့်အိမ်ဘက်ကို မမောင်းဖြစ်ဘဲ မြို့ပြင်ဘက်ကို ရောက်သွားတယ်။ ကားကိုရပ်ပြီး ကားပေါ်မှာ ပါလာတဲ့ ဝိုင်ပုလင်းတွေကို ဖောက်သောက်ဖြစ်သွားတယ်။ ဒီယွန်ဒရာက သူ့နာမည် *အလက်ခ်စစ်··*တဲ့။ ခဏကြာသွားတော့မှ အဲဒါ သူ့နာမည်အရင်းမဟုတ်ပါဘူး ဆိုပြီး ဝန်ခံတယ်။ နာမည်အရင်းက ဒီယွန်ဒရာ ပါတဲ့။ ဒီလောက်နာမည်လှလှလေးပိုင်ထားတာကို ဘာလို့လိမ်နေတာလဲလို့ ဘန်က မေးလိုက်တော့ ဒီယွန်ဒရာ ပျော်သွားတယ်။ ခဏကြာတော့ ဒီယွန်ဒရာက ဘန့်ကို ပြောတယ်။ "ဟဲ့··နင့်ရုပ်လေးက တော်တော်ချောတာပဲနော်"တဲ့။ နောက်ထပ် နည်းနည်းထပ်ကြာသွားတော့

ဒီယွန်ဒရာက ထပ်ပြောတယ်။ "နမ်းမှာလား··မနမ်းဘူးလား။ မြန်မြန်ပြော" တဲ့။ ပြီးတာနဲ့ နှစ်ယောက်သား ပူးကပ်သွားပြီး အားရပါးရ နမ်းတော့တာပဲ။ ဘန်အေး အတွက် မိန်းကလေးတစ်ယောက်ကို နမ်းဖူးတာ ဒါပထမဆုံးမဟုတ်ပေမယ့် ဒါနဲ့မှ ဒုတိယအကြိမ်ပဲ ရှိသေးတော့ အရူးအမူးပေါ့လေ။ တစ်နာရီလောက် ကြာသွားတော့ ဒီယွန်ဒရာ အိမ်ပြန်ဖို့ အချိန်ရောက်လာတယ်။ ဘန်နဲ့ စကားပြောရတာကို အရမ်း သဘောကျတယ်တဲ့။ ဘန်က သူ့စကားပြောရင် သေချာနားထောင်ပေးတတ်တယ်တဲ့။ အဲဒီနေ့က ဒီယွန်ဒရာ ဘန့်ကို အိမ်ပြန် မပို့သွားဘူး။ ကားပါကင်မှာပဲ ပြန်ချပေး ခဲ့တယ်။

ဒီလိုနဲ့ ဒီယွန်ဒရာနဲ့ တွဲဖြစ်သွားတယ်။ ဒီယွန်ဒရာ့ သူငယ်ချင်းတွေနဲ့ ဘန် သိပ်မသိဘူး။ ကျောင်းမှာလည်း ဒီယွန်ဒရာနဲ့ လူမြင်သူမြင် မတွဲဖြစ်ဘူး။ ဘာဖြစ် လို့လဲဆိုတော့ ဒီယွန်ဒရာ ကိုယ်တိုင်ကလည်း ကျောင်းမှာ ပေါ်လိုက်ပျောက်လိုက် ရယ်။ ငှက်ကလေးတစ်ကောင်လို စွတ်ခနဲ ဝင်လာ၊ ဖုတ်ခနဲ ပြန်ထွက်သွား။ ပိတ် ရက်တွေလောက်ပဲ ဒီယွန်ဒရာနဲ့ တွေ့ရတယ်။ ဒါနဲ့တင် ဘန်အေး ကျေနပ်ပါတယ်။ ကျောင်းနဲ့ဝေးတဲ့ တစ်နေရာ၊ သူတို့ရဲ့ ကိုယ်ပိုင်နေရာတစ်ခုမှာ တွေ့ရတာ ပိုအဆင် ပြေတယ်။ ပိုမက်မောတယ်။ ဒီယွန်ဒရာနဲ့ နေရတာကို စွဲလမ်းလာတယ်။ တူတူရှိ နေမှ ပိုအသက်ဝင်လာတယ်။

ဘန် ကျောင်းဝင်းထဲကို ရောက်တော့ ကျောင်းရဲ့ ကားပါကင်မှာ ပစ်ခ်အပ် ကားတွေနဲ့ စပေါ့ကားတွေ ရောက်နှင့်နေပြီ။ နပန်းသမားတွေတင် မကဘူး ဘတ်စ ကက်ဘော သမားတွေလည်း ရောက်နေပြီ ဆိုတဲ့သဘောပေါ့။ ဘယ်ကားကို ဘယ် ကျောင်းသား မောင်းသလဲဆိုတာ ဘန် အလွတ်ရနေပြီ။ ပြန်လှည့်သွားရင်ကောင်းမ လား ဆိုပြီး ဘန် စဉ်းစားမိသေးတယ်။ ဒါပေမယ့် ဒီယွန်ဒရာကလည်း ရှော့ပင်း ထွက်နေတာ တော်တော်နဲ့ အိမ်ပြန်ရောက်ဦးမှာ မဟုတ်ဘူးလေ။ ဟမ်ဘာဂါဆိုင်မှာ သွားထိုင်စောင့်နေရအောင်လည်း ဘန့်မှာ ပိုက်ဆံမရှိဘူး။ အဲဒီ ဆိုင်ပိုင်ရှင်က သူ့ ဆိုင်မှာ ဘာမှ မစားဘဲ လာထိုင်တဲ့ ကျောင်းသားတွေကို အော်လွှတ်တတ်တယ်။ ပြီးတော့ ဒီလို ခရစ္စမတ်နားရက်တွေမှာ စားသောက်ဆိုင်မှာ တစ်ယောက်တည်းထိုင် နေရတာ ကျောင်းသန့်ရှင်းရေးလုပ်ရတာထက် ပိုဆိုးတယ်။ ဘန့်စိတ်ထဲမှာ သူ့ကို အလုပ် အတင်းလုပ်ခိုင်းတဲ့ အမေ့ကို မကျေမနပ်ဖြစ်သွားတယ်။ ဒီယွန်ဒရာ့မိဘတွေ ဆိုရင် သူတို့သမီး ဘာလုပ်လုပ် အပြစ်မပြောဘူး။ ဂရုလည်း မစိုက်ဘူး။ များသော အားဖြင့် ဒီယွန်ဒရာ့ မိဘတွေက တက္ကဆက်မှာ သွားနေကြတာများတယ်။ အိမ်မှာ

သိပ်မရှိကြဘူး။ အရင် လ က ဒီယွန်ဒရာ ကျောင်းနှစ်ပတ်ပျက်တာကို ဒီယွန်ဒရာ့ အမေသိသွားတော့ မဆူတဲ့အပြင် ရယ်တောင်ရယ်လိုက်သေးတယ်။ *ကြောင်မရှိတော့ ကြွက်ထနေတာပေါ့..ဟုတ်လား သမီးလေး။ ကျောင်းမတက်ဖြစ်လည်း အိမ်စာတွေ တော့ မှန်မှန်လုပ်နော်..*တဲ့။

ကျောင်းရဲ့ နောက်တံခါးပေါက်က သော့ခတ်ထားတော့ လော်ကာ အခန်းတွေဘက်ကနေ ပတ်ဝင်ရတယ်။ ကျောင်းသားတွေ ပစ္စည်းသိမ်းတဲ့ လော်ကာခန်းထဲ ဝင်လိုက်တာနဲ့ ဖိနပ်ဖျွန်း ဆေးရည်နံ့တွေ ထောင်းခနဲ ရတယ်။ အခန်းအပြင်ဘက်ကနေ ဝင်လာတဲ့ ဘတ်စကက်ဘော ကစားသံ၊ အလေးမ,သံတွေကို ကြားရသလောက်တော့ လော်ကာခန်းထဲမှာ ဘယ်သူမှ မရှိလောက်ဘူး။ အားကစားခန်းမ ကြမ်းပြင်ပေါ်မှာ ပြေးနေတဲ့ ရှူးဖိနပ်သံတွေ၊ ဘောလုံးနဲ့ ကြမ်းပြင်ထိတဲ့ တဝုန်းဝုန်းအသံတွေ။ အလေးမ,အခန်းထဲက ထွက်လာတဲ့ တဂျိမ်းဂျိမ်း အသံတွေကလွဲရင် ပတ်ဝန်းကျင်က တိတ်ဆိတ်နေတယ်။

ကျောင်းရဲ့ အားကစားသမားတွေက အချင်းချင်း ယုံကြည်တဲ့ သဘောနဲ့ သူတို့ရဲ့ လော်ကာတွေကို သော့မခတ်ကြဘူး။ ဖိနပ်ကြိုးနဲ့ပဲ အသာ ချည်ထားကြတယ်။ လော်ကာတံခါး ၁၂ ခုလောက်က ဖိနပ်ကြိုး တန်းလန်း ဖြစ်နေတယ်။ တစ်ခုလောက် ဖွင့်ကြည့်လိုက်ရင် ကောင်းမလားဆိုပြီး ဘန့်စိတ်ထဲ ဇဝေဇဝါတွေ ဖြစ်နေတယ်။ ဒီကျောင်းသားတွေ ဒီလော်ကာတွေထဲမှာ ဘာပစ္စည်းတွေများထားကြသလဲမသိ။ ကျောင်းစာအုပ်သိမ်းဖို့အတွက် ကျောင်းလော်ကာ တစ်ခုပေးထားပြီးသားမဟုတ်လား။ အားကစားခန်းထဲမှာ ဘာလို့ လော်ကာတစ်ခု ထပ်ပေးထားသလဲ။ အထဲမှာ ဘာထည့်ဖို့လဲ။ လိုးရှင်းတွေ၊ အောက်ခံဘောင်းဘီတွေ ထည့်ထားသလား။ သူတို့အားလုံး အောက်ခံဘောင်းဘီ ဆင်တူ ဝတ်ကြသလား။ ဖိနပ်ကြိုးတစ်ချောင်းက သေချာ ချည်မထားတော့ ပြေလုပြေခင် ဖြစ်နေတယ်။ ဖတ်ကနဲဆွဲလိုက်တာနဲ့ လော်ကာ ပွင့်သွားမှာပဲ။ လုပ်သင့်,မလုပ်သင့် စဉ်းစားနေတုန်း ဘန့်လက်က ဖိနပ်ကြိုးကို အလိုလို ဆွဲမိသွားတယ်။ ကြိုးပြေသွားတော့ ပတ္တာကို အသာဖွင့်ကြည့်လိုက်တယ်။ အထဲမှာ ဘာမှ စိတ်ဝင်စားစရာမတွေ့ပါဘူး။ အားကစားဘောင်းဘီ တချို့ စုပုံထားတာပဲတွေ့ရတယ်။ အားကစားမဂ္ဂဇင်း တစ်စောင်လည်း တွေ့တယ်။ လော်ကာထဲက ချိတ်မှာ ချိတ်ထားတဲ့ အိတ်တစ်အိတ်။ အိတ်ထဲမှာ ပစ္စည်းတွေ ထည့်ထားတယ်ထင်တယ်။ ဖောင်းနေတယ်။ အိတ်ရဲ့ဇစ်ကို ဖွင့်ကြည့်မယ်အလုပ်မှာ..

"ဟေ့ကောင်"

ဘန် လှည့်ကြည့်လိုက်တယ်။ လော်ကာထဲမှာ ချိတ်ထားတဲ့ အိတ်က ချိတ်ကနေ လျှောကျပြီး ဘုတ်ခနဲ ပြုတ်ကျသွားတယ်။ ဘန့်နောက်မှာရပ်နေတဲ့သူက နပန်း နည်းပြဆရာ *မစ္စတာဂရူဂါ*။ သူ့လက်ထဲမှာ သတင်းစာတစ်စောင် ကိုင်ထားတယ်။ သူ့မျက်နှာကြမ်းကြမ်းက ခက်ထန်ပြီး မဲ့နေတယ်။

"ဘာကိစ္စ သူများ လော်ကာကို ဖွင့်ကြည့်နေတာလဲ။ ဘာလုပ်မလို့လဲ"

"ကျွန်တော်··။ လော်ကာက အစကတည်းက ပွင့်နေတာ"

"ဘာ"

"လော်ကာ ပွင့်နေတာတွေ့လို့··" ဘန်ညာလိုက်တယ်။ လော်ကာတံခါးကို အသံမထွက်အောင် အသာလေး ပြန်ပိတ်လိုက်တယ်။ ဘယ်သူမှ ဝင်မလာပါစေနဲ့။ ကျောင်းသားတွေ ဝင်မလာပါစေနဲ့··။ ဝင်လာလို့ကတော့ သေပြီ။ အားလုံးဘန့်ကို ဒေါသတကြီးနဲ့ ဝိုင်းကြည့်ကြမှာ။ ဘန့်ကို နာမည်အမျိုးမျိုး ခေါ်ကြတော့မှာ။

"ပွင့်နေတာတွေ့လို့··ဟုတ်လား။ ဒါဆို မင်းက ဘာဖြစ်လို့ အထဲကိုကုန်း ကြည့်နေတာလဲ"··ဂရူဂါက စကားကိုမဆက်ဘဲ ခဏရပ်ထားတယ်။ သူဘာဆက် လုပ်မလဲဆိုတာ ဘန်မသိအောင် မျက်နှာကို တည်ထားတယ်။ ဘန် ဘာမှပြန်မပြော နိုင်ဘဲ ကြမ်းပြင်ကိုပဲ စိုက်ကြည့်နေမိတယ်။ အပြစ်ပေးခံဖို့ အသင့် စောင့်နေလိုက် တယ်။

"ငါမေးနေတယ်လေ၊ မင်းဘာလုပ်နေတာလဲ"··ဂရူဂါက သတင်းစာကို လိပ်ပြီး သူ့လက်ဖဝါး တုတ်တုတ်ကြီးပေါ်ကို ဖြန်းခနဲ ရိုက်တယ်။

"ကျွန်တော် မသိဘူး"

မစ္စတာ ဂရူဂါက ထွက်မသွားသေးဘဲ ရပ်ကြည့်နေတယ်။ ဘန့်စိတ်ထဲမှာ တွေးနေမိတယ်။ အပြစ်ပေးမယ်ဆိုရင်လည်း ပေးလိုက်တော့။ အပြင်ကလူတွေဝင် လာအောင် အော်ခေါ်လိုက်တော့··

"အထဲက ဘာပစ္စည်း နှိုက်မလို့လဲ"

"မနှိုက်ပါဘူး"

"ဒါဆို ဘာလို့ ဇစ်ကိုဖွင့်တာလဲ"

"ကျွန်တော်··"·· ဘန့်အသံက တိုးဝင်သွားပြန်တယ်။ "ကျွန်တော်·· လော်ကာထဲမှာ တစ်ခုခုတွေ့လိုက်လို့"

"ဘာတွေ့တာလဲ၊ ဘာတွေ့လိုက်တာလဲ"

ကျောင်းထဲကို ယူလာခွင့်မရှိတဲ့ ပစ္စည်းတွေ ဘာရှိသလဲ။ အိမ်မွေးတိရစ္ဆာန်

တွေ၊ မှုးယစ်ဆေးတွေ၊ ဝတ်လစ်စားလစ် မဂ္ဂဇင်းတွေ··ဖြောက်အိုးတွေ။ လော်ကာထဲမှာ မီးလောင်နေတာ တွေ့လို့ ဝင်ကြည့်တာလို့ ဖြေလိုက်ရမလား။ ဒါဆို သူ့ကို သူ့ရဲကောင်းလို့ ထင်သွားမလား··။

"ဟို··မီးခြစ်··တွေ့လိုက်သလားလို့"

"မီးခြစ်တွေ့လိုက်လို့··ဟုတ်လား"··မစ္စတာဂရူဂါ့ မျက်နှာမှာပေါ်နေတဲ့ သွေးရောင်က သူ့နဖူးထိပ်က ဆံပင်အစပ်နားအထိ တက်လာတယ်။

"ဟုတ်။ ကျွန်တော် ဆေးလိပ်သောက်ချင်လို့··မီးခြစ်ရှာနေတာ··"

"မင်းက သန့်ရှင်းရေးလုပ်တဲ့ ကောင်လေး မဟုတ်လား။ မင်းနာမည်က ဘာလဲ··ဘာ··ဒေး··ဆိုလား··"

သူပြောလိုက်မှ ဒေးဆိုတဲ့နာမည်က မိန်းကလေးနာမည်လိုလို နွဲ့တဲ့တဲ့ ဖြစ်သွားတယ်။ မစ္စတာဂရူဂါက ဘန့်နဖူးက သွေးထွက်နေတဲ့ နေရာကို ကြည့်တယ်။ ဘန့်ဆံပင်ကို ကြည့်တယ်။

"မင်းဆံပင် အနက်ရောင် ဆိုးလိုက်တာပဲ။ အဲဒါကြောင့် ငါမမှတ်မိတာ"

ဆံပင်နက်နက် စိုစိုတွေအောက်မှာ ဘန့်မျက်နှာက ပျက်သထက်ပျက်လာတယ်။ သူ့ကို ဘယ်အဖွဲ့ထဲ ထည့်လိုက်မလဲ။ ငကြောက်တွေ အဖွဲ့ထဲကိုလား၊ သုံးစားမရတဲ့ ကောင်တွေ အဖွဲ့လား၊ ဆေးသမားအဖွဲ့လား··။ မစ္စတာဂရူဂါရဲ့ အပေါ်နှုတ်ခမ်း တွန့်သွားတယ်။

"သွားတော့၊ တခြားနေရာမှာ သန့်ရှင်းရေးသွားလုပ်။ ငါတို့မသွားမချင်း ဒီအခန်းထဲ ပြန်ဝင်မလာနဲ့။ မင်းနဲ့ဒီနေရာနဲ့ ဘာမှမဆိုင်ဘူး။ နားလည်လား"

ဘန် ခေါင်းညိတ်လိုက်တယ်။

"ခေါင်းမညိတ်နဲ့၊ ပါးစပ်ကပြော။ ငါကြားအောင်ပြော"

"ကျွန်တော်နဲ့ ဒီနေရာနဲ့ ဘာမှမဆိုင်ဘူး"··ဘန် ခပ်တိုးတိုး ပြောလိုက်တယ်။

"အေး၊ သွားတော့"··သူ့လေသံက ဘန့်ကို ၅ နှစ်ကလေးတစ်ယောက်လို သဘောထားနေတဲ့ လေသံမျိုး။ မင်းအမေဆီ ပြန်တော့ဆိုတဲ့ လေသံမျိုး။ ဘန်ထွက်လာလိုက်တယ်။

အပေါ်ထပ် သန့်ရှင်းရေး ပစ္စည်းတွေထားတဲ့ အခန်းထဲမှာ ဘန်တစ်ယောက် ငူငူငေါင်ငေါင်နဲ့ ရပ်နေတယ်။ ကျောမှာ ချွေးတွေစီးကျနေတယ်။ အသက်ရှုဖို့ကို မေ့နေတယ်။ အရမ်းစိတ်တိုတဲ့ အချိန်တွေမှာ ဘန် အသက်ရှုဖို့ မေ့သွားတတ်တယ်။

ပလတ်စတစ်ပုံး အကြီးကြီးကို ဘေစင်အောက်မှာခံလိုက်တယ်။ ရေနွေးနဲ့ဖြည့်တယ်။ သေးရောင်သမ်းနေတဲ့ သန့်စင်ဆေးရည်နည်းနည်း ထည့်တယ်။ ရေပြည့်သွားတော့မှ ပုံးကို လှည်းပေါ်တင်တယ်။ ပုံးထဲကို ရေဖြည့်တာများသွားတော့ အရမ်းလေးပြီး ပလတ်စတစ်ပုံး တစ်ခြမ်းစောင်းသွားတယ်။ ရေတစ်ဂါလန်လောက် ဖိတ်သွားတယ်။ ဘန့်ပေါင်ခွကြားနဲ့ ခြေထောက်တွေ အကုန်စိုရွှဲသွားတယ်။ ရှူးပေါက်ချထားသလို အကွက်ကြီး ဖြစ်သွားတယ်။ *သေးပေါက်ချတဲ့ သန့်ရှင်းရေးသမားလေး ဘန်ဒေး*··။ ဘန့် ဂျင်းဘောင်းဘီက ရေစိုတော့ ပေါင်နဲ့ကပ်ပြီး တောင့်တောင့်ကြီးဖြစ်သွားတယ်။ ဒီပုံစံနဲ့ နောက်ထပ် သုံးနာရီကြာအောင် အလုပ်လုပ်ရမယ်။ ကြမ်းတိုက်ရမယ်။

"ခွေးမသားကြီး။ စောက်ရူးကြီး"··ဘန်ခပ်တိုးတိုး ဆဲလိုက်တယ်။ နံရံတွေကို ခြေထောက်နဲ့ ကန်တယ်။ လက်ဖဝါးနဲ့ ရိုက်တယ်။ "ခွေးမသားကြီး"··ဘန်ရင်ခေါင်းသံနဲ့ အော်လိုက်တယ်။ ဘန့်အသံက အဖျားမှာ တိုးပြီးတိမ်ဝင်သွားတယ်။ အခန်းထဲကနေ အပြင် မထွက်ရဲသေးဘဲ ခဏ စောင့်နေလိုက်တယ်။ မစ္စတာဂရူဂါ ကြားသွားရင် ထပ်လာပြီး ပြဿနာရှာနေမှာကို စိုးရိမ်ရသေးတယ်။

ဘယ်သူမှ ရောက်မလာပါဘူး။ သန့်ရှင်းရေး ပစ္စည်းထားတဲ့ အခန်းထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ ဘယ်သူမှ စိတ်မဝင်စားကြဘူး။

...

အရင် တစ်ပတ်ကတည်းက သန့်ရှင်းရေးလုပ်ဖို့ အကြွေးတင်နေတာ။ ဘန်အလုပ်ဆင်းမယ်ပြောတော့ ဒီယွန်ဒရာက တားတယ်။ ခရစ္စမတ် နားရက်ကြီး ဘာလို့အလုပ်လုပ်မှာလဲပေါ့။ အခုတော့ ကျောင်းကန်တင်းတစ်ခုလုံး ညစ်ပတ် ပေရေနေပြီ။ အချိုရည် ဘူးခွံတွေ ပြန့်ကျဲနေတယ်။ အသားညှပ်ပေါင်မုန့် အစအနတွေက မှိုတက်ပုပ်ပွနေပြီ။ ဟမ်ဘာဂါ အကျန်တွေရောပဲ။ သန့်ရှင်းရေး လုပ်နေရင်း အစာဟောင်းအစအနတွေ ဘန့် အဝတ်တွေမှာ ပေကုန်တယ်။ သေးနံ့၊ ချွေးနံ့တင်မကဘူး အစာပုပ်နံ့တွေပါ ဘန့် ကိုယ်မှာ စွဲနေပြီ။ ဒီပုံနဲ့တော့ ဒီယွန်ဒရာ့ဆီ သွားလို့မဖြစ်ဘူး။ စစဉ်းစားကတည်းကိုက ဘန် အသုံးမကျတာပါ။ အလုပ်အရင်ဝင်ပြီး ဒီယွန်ဒရာ့ဆီ သွားမယ်လို့ ဘယ်လိုဦးနှောက်မျိုးနဲ့ တွေးလိုက်မိသလဲမသိ။ အခုပုံစံနဲ့ဆိုရင် အိမ်အရင်ပြန်ရမယ်။ အမေ ထိုင်ပွားတာကို နာရီဝက်လောက် ခံရဦးမယ်။ ပြီးတော့မှ ရေချိုးပြီး ဒီယွန်ဒရာ့ အိမ်ကို စက်ဘီးနဲ့ပြန်သွားရမယ်။ ဒါလည်း အမေ ပေးသွားဦးမှ။ ပေးမသွားလည်း သွားမှာပဲ။ သူ့ကိုယ်သူ ပိုင်တယ်။ သူ့စိတ်သူ ပိုင်တယ်။ သူ့ဆံပင်သူပိုင်တယ်။

ကြမ်းတိုက် ပြီးသွားတဲ့အခါ ဆရာများနားနေခန်းထဲ ဝင်ပြီး အမှိုက်သိမ်းရ တယ်။ ဒီအလုပ်ကိုတော့ ဘန်သဘောအကျဆုံးပဲ။ ရုတ်တရက်ဆိုရင်တော့ အမှိုက်တွေ အများကြီး သိမ်းရတယ်လို့ ထင်ရပေမယ့် တကယ်တမ်းကျတော့ စက္ကူစတွေ စုလုံးပြီး ကြွပ်ကြွပ်အိတ်ထဲ သွတ်ထည့်ရုံပဲ။ ပေါ့လည်းပေါ့တယ်။ ဒါပြီးရင်တော့ အလုပ်တစ်ခုပဲ ကျန်တော့တယ်။ အထက်တန်းဆောင်နဲ့ အလယ်တန်းဆောင်နှစ်ခုကို ဆက်ထားတဲ့ ကော်ရစ်ဒါကို ကြမ်းတိုက်ဖို့။ အလယ်တန်းဆောင်ဘက်မှာကျတော့ သူ့သန့်ရှင်းရေးသမားနဲ့သူ ရှိပြီးသား။ ကော်ရစ်ဒါတစ်ခုလုံးမှာ စာရွက်စာတမ်းတွေ၊ ကြော်ငြာစာရွက်တွေ ကပ်ထားတယ်။ အထက်တန်း ကျောင်းသားတွေရဲ့ ဘောလုံးနဲ့ ပတ်သက်တဲ့ ကြော်ငြာစာတွေ၊ ပြဇာတ် ကြော်ငြာတွေ၊ အတန်းချိန်စာရွက်တွေ..။ ကော်ရစ်ဒါ ဟိုဘက်ထိပ်နားကို ရောက်သွားတာနဲ့ အလယ်တန်း၊ အငယ်တန်းတွေရဲ့ ပုံဆွဲစာရွက်တွေ၊ လက်လုပ်အရုပ်တွေ နံရံတွေမှာ တဖြည်းဖြည်း ပြည့်လာတယ်၊ အလယ်တန်းဆောင်ဘက်ကိုကူးတဲ့ တံခါးက အပြာရောင်တောက်တောက်။ သော့ ခတ် မထားဘူး။ ကြမ်းတိုက်ပြီးသွားတော့ ဘန် ပလတ်စတစ်ပုံးကို ခြေထောက်နဲ့ ဆောင့်တွန်းလိုက်တယ်။ ပုံးက ကော်ရစ်ဒါ ကြမ်းပြင်ပေါ်မှာ လျှောတိုက်ပြီးနံရံကို သွားဆောင့်တယ်။ ပုံးထဲကရေတွေ ဗွမ်းခနဲ ပွက်သွားတယ်။

ဘန်က ဒီဘက်အဆောင်မှာ သူငယ်တန်းကနေ ရှစ်တန်းအထိ ကျောင်းနေ ခဲ့ဖူးတယ်။ အထက်တန်းဘက်ခြမ်းထက် စာရင် ဒီဘက်ခြမ်းက ဘန်နဲ့ ပိုရင်းနှီးနေ တယ်။

အလယ်တန်းဆောင်ရဲ့ တံခါးကို ဖွင့်ကြည့်ရင် ကောင်းမလားလို့..စဉ်းစား နေရင်း ဘန့်လက်က တံခါးကို အလိုလို ဖွင့်မိသွားတယ်။ နေရာဟောင်းကိုလာနှုတ် ဆက်တဲ့ သဘောပါ။ အလယ်တန်းဘက်ကို ကူးရင်း တံခါးတို ပြန်ပိတ်လိုက်တယ်၊ နေရာဟောင်းကို ပြန်ရောက်လာလို့လားမသိ စိတ်ထဲမှာ နည်းနည်း အေးသွားတယ်၊ ဒီဘက်ခြမ်းက နံရံတွေက စိမ်းဝါရောင်တောက်တောက်တွေ။ စာသင်ခန်းအဝတွေမှာ အလှအပတွေ သေချာ ဆင်ထားတယ်။ ကင်နက်ကီမြို့က သေးသေးလေး ဆိုတော့ အတန်း တစ်တန်းကို တစ်ခန်းပဲ ရှိတယ်။ အထက်တန်း ကျောင်းဆောင်ကတော့ ဒီ့ထက်အများကြီးပိုကြီးတယ်။ တခြား အနီးအနားက ကျောင်းသားတွေလည်း ဒီမှာ လာတက်ကြတာကိုး။ အလယ်တန်းဆောင်က ပိုပြီး သေးတယ်။ ပိုသပ်ရပ်တယ်၊ နေလို့ထိုင်လို့ကောင်းရုံပဲ။ လူမများဘူး။

နံရံက ဘုတ်ပြားပေါ်မှာ ကပ်ထားတဲ့ အဝတ်နဲ့ချုပ်ထားတဲ့ နေကြာပန်းပွင့်

တစ်ခု။ ပုံအောက်မှာ စာရေးထားတယ်။ ဖန်တီးသူ- မီရှယ်ဒေး။ အသက် ၁၀ နှစ်။ ရောင်စုံခဲတံနဲ့ ဆွဲထားတဲ့ ပန်းချီကား တစ်ချပ်မှာက ဖိနပ်စီးထားတဲ့ ကြောင်ပုံ။ ပုံဆွဲသူ-လစ်ဘီဒေး၊ ပထမတန်းတဲ့။ ဒက်ဘီဒေး ဆွဲထားတာရော ဘာများရှိသလဲ လိုက်ရှာကြည့်သေးတယ်။ မတွေ့ဘူး။ ဒက်ဘီ့ကို ကြည့်ရတာ ပုံတောင် မဆွဲတတ် လောက်ဘူး ထင်တယ်။ တစ်ခါတုန်းက အမေ မုန့်ဖုတ်နေတာကို ဒက်ဘီကဝင်ကူဖို့ ကြိုးစားတယ်။ ဒါပေမယ့် သူလုပ်လိုက်မှ ဖုတ်နေတဲ့မုန့်ပါပျက်သွားရော။ ဂျုံမှုန့် တွေကို ပါးစပ်ထဲ ထည့်ဝါးလိုဝါးနဲ့။ ဒက်ဘီဒေးက ပန်းချီတွေဘာတွေဆွဲတတ်မယ့် ကလေးမျိုး မဟုတ်လောက်ဘူး။

ကော်ရစ်ဒါ တစ်လျှောက်မှာ အဝါရောင် ပုံးလေးတွေ တန်းစီထားတယ်။ ကျောင်းသူကျောင်းသားတွေ သူတို့ ကိုယ်ပိုင်ပစ္စည်းတွေ ထည့်သိမ်းလို့ရအောင်ထား ထားပေးတာ။ ပုံးတစ်ခုချင်းစီမှာ နာမည်ကိုယ်စီ တိပ်နဲ့ ကပ်ထားကြတယ်။ လစ်ဘီ့ နာမည်တပ်ထားတဲ့ ပုံးကို ဖွင့်ကြည့်တော့ စားလက်စ သကြားလုံးတစ်လုံးတွေ့တယ်။ စာညှပ်ကလစ် တစ်ခုလည်း တွေ့တယ်။ ဒက်ဘီ့ ပုံးထဲမှာကျတော့ ဟင်းစော်နံနေတဲ့ ထမင်းဘူး တစ်ဘူး။ မီရှယ့် ပုံးထဲမှာက မင်ကုန်နေတဲ့ ဆောပင်တွေ။ တခြားကျောင်း သူ၊ ကျောင်းသားတွေရဲ့ ပုံးတွေထဲကို ဘန် လိုက်ကြည့်မိတယ်။ သူ့ညီမတွေနဲ့ ယှဉ် လိုက်ရင် ပစ္စည်းတွေ ဘယ်လောက်များများ ရှိကြမလဲ သိချင်တာပါ။ သူထင်တဲ့ အတိုင်းပဲ၊ တခြား ကလေးတွေရဲ့ ပုံးတွေထဲမှာ ရောင်စုံ ခဲတံဘူးတွေ၊ ဘက်ထရီ ထည့်မောင်းရတဲ့ မော်တော်ကားအရုပ်တွေ၊ အရုပ်လုပ်တဲ့စက္ကူကတ်တွေ၊ သော့တွဲ လှလှလေးတွေ၊ စတစ်ကာ စာအုပ်တွေ၊ သကြားလုံးထုပ်တွေ··အစုံပဲ။ ဘန့်စိတ် ထဲမှာ နင့်ခနဲ ဖြစ်သွားတယ်။ ကိုယ်မကျွေးနိုင်ဘဲ ကလေးတွေအများကြီးမွေးတော့ အမေဆင်းရဲတာ ဘာဆန်းသလဲ ဆိုပြီးတွေးမိတယ်။ အိမ်မှာအဆင်မပြေတဲ့အကြောင်း ဘန် ညည်းတဲ့အခါတိုင်း ဒီယွန်ဒရာ ပြောနေကျ စကားပဲလေ။ *နင့်အမေက တစ္စတ် စွတ် မွေးနေတာကိုး။ မွဲမှာပေါ့··။* ဒီယွန်ဒရာက တစ်ဦးတည်းသောသမီး။

အထက်တန်းဆောင်ဘက်ကို ပြန်လျှောက်လာနေရင်း ဘန့်မျက်လုံးတွေက အလယ်တန်း ကလေးတွေရဲ့ ပုံးတွေဆီကို ရောက်သွားတယ်။ ဟော··တွေ့ပြီ။ ဘန့်ကို ကျိတ်ပြီး ကြိုက်နေတဲ့ ကလေးမလေး *ခရစ်ဆီ* ရဲ့ပုံး။ ပုံးမှာကပ်ထားတဲ့ ခရစ်ဆီ့ နာမည်ကို ဆောပင် အစိမ်းရောင်နဲ့ ရေးထားတယ်။ နာမည်ဘေးမှာ ဒေစီ ပန်းပွင့်ပုံ ဆွဲထားတယ်။ ခရစ်ဆီကိတ်က တော်တော် ချစ်ဖို့ကောင်းတဲ့ ကောင်မလေး။ တီဗွီ ကြော်ငြာတွေထဲက ကောင်မလေးတွေလို ချောတာ။ ဆံပင်ရွှေရောင်၊ မျက်လုံးပြာ

ပြာ။ သန့်သန့် ပြန့်ပြန့်လေး။ ဘန့် ညီမတွေလို ပေတူးမနေဘူး။ ခရစ်ဆီရဲ့ အဝတ်အစားတွေက အမြဲတစေ သစ်လွင်တောက်ပြောင်နေတယ်။ ဒက်ဘီလိုမျိုး ပါးစပ်က ဟင်းနံ့နံ့မနေဘူး။ လစ်ဘီလိုလည်း လက်မှာ ခြစ်ရာ၊ရှရာတွေအပြည့် ဖြစ်မနေဘူး။ ခရစ်ဆီ့ အမေက သူ့သမီးကို သေသေချာချာ လက်သည်းဆိုးပေးထားတယ်။ သူ့ပုံးထဲကို ကြည့်လိုက်ရင် သန့်သန့်ပြန့်ပြန့်နဲ့၊ လှလှပပ မွေးပွရုပ်လေးတွေအပြည့် ဖြစ်နေမှာ သေချာတယ်။

နာမည်ကလည်း တော်တော်လှတယ်။ ခရစ်ဆီကိတ်··တဲ့။ ဘယ်လောက်မိုက်တဲ့ နာမည်လဲ။ အထက်တန်းရောက်ရင်တော့ ဒီကောင်မလေးက အလှဘုရင်မ ဖြစ်လာမှာပဲ။ အဲဒီအခါကျရင်တော့ ငယ်ငယ်တုန်းက ဘန့်ကိုကျိတ်ကြိုက်ဖူးခဲ့တာ တွေကိုမေ့လောက်ပြီပေါ့။ ခရစ်ဆီ အထက်တန်းရောက်တဲ့အချိန်ဆိုရင် ဘန့်အသက် ၂၀ ကျော်လောက် ဖြစ်နေမလား။ ဒီယွန်ဒရာသာသိရင်တော့ဘန့်ကို ပြောတော့မှာပဲ။ 'ဟဲ့··နင့်ကို တစ်မြို့လုံးက မိန်းမတွေ ဝိုင်းကြိုက်နေတာတောင် လွန်လှပြီ။ ကျောင်းက ကလေးတွေပါ မကျန်တော့ဘူးလား' ဆိုပြီး။

ဘန်နဲ့ ခရစ်ဆီက တွေ့စရာ အကြောင်းမရှိပါဘူး။ ခရစ်ဆီက မီရှယ့်ထက် အတန်းကြီးတယ်။ ဒီနှစ် အစကပေါ့။ ဆရာမ *မစ္စနေဂယ်* က ဘန့်ကို သူသင်တဲ့ ပန်းချီအတန်းမှာ အတန်းစောင့် တစ်ချိန်လာလုပ်ပေးဖို့အကူအညီတောင်းတယ်။ မစ္စနေဂယ်က ဘန့်အပေါ်မှာ တော်တော်လေး သဘောကောင်းတဲ့ ဆရာမ။ သူသုံးနေကျ အတန်းစောင့်က အဲဒီနေ့မှာ ခွင့်ယူထားလို့ ဘန့်ကို ကူညီခိုင်းတာ။ တကယ်က အဲဒီနေ့ ဘန် အိမ်ပြန်နောက်ကျနေပြီ။ ဒါပေမယ့် ကလေးတွေကို အတန်းစောင့်ပေးလို့ နောက်ကျနေတယ်လို့ ပြောရင် ဘန့်အမေက ဆူတော့မှာမဟုတ်ဘူးလေ။ ပြီးတော့ ပန်းချီအတန်းကို စောင့်ရတာ အိမ်ပြန်ပြီး နွားချေးကျုံးရတာ ထက်တော့ သာတယ်။ အဲဒီ ပန်းချီတန်းမှာ ခရစ်ဆီလည်း ပါတယ်။ ဒါပေမယ့် ခရစ်ဆီက ပန်းချီဆွဲတာကို ဝါသနာပါပုံ မပေါ်ဘူး။ စုတ်တံနဲ့ ပိတ်ကားကို လျှောက်ခြစ်နေတာ ပိတ်ကားတစ်ခုလုံး ညိုညစ်ညစ်အရောင်ကြီးဖြစ်သွားတယ်။

"ခရစ်ဆီ့ ပန်းချီကားက ဘာနဲ့တူသလဲသိလား"··ဘန်မေးလိုက်တယ်။

"အီးနဲ့တူနေတာလေ"··ခရစ်ဆီက ပြန်ဖြေရင်း ရယ်တယ်။

ခရစ်ဆီက ငယ်သေးပေမယ့် ပြောပုံဆိုပုံက လူကြီးလေးလိုဖြစ်နေတယ်။ သူ့ကိုယ်သူ ချစ်ဖို့ကောင်းမှန်းလည်း သိနေတဲ့ပုံစံ။ ဘန်နဲ့ ခရစ်ဆီ စကားတွေဆက်ပြောဖြစ်တယ်။

*ခရစ်ဆီက ဘယ်မှာနေတာလဲ··*

*ဆလီနှာဘက်မှာနေတာ*

*ဘာလို့ ဒီလောက်အဝေးကြီးက ကျောင်းကို လာတက်တာလဲ*

*အိမ်နားမှာ ကျောင်းအသစ်ဆောက်နေတာ မပြီးသေးလို့။ နောက်နှစ်ဆိုရင် အဲဒီမှာပဲ ကျောင်းတက်တော့မှာ*

*အဝေးကြီးပဲ*

*ဟုတ်တယ်။ အဝေးကြီးလာရတာ မုန်းလိုက်တာ။ ကျောင်းဆင်းရင်လည်း အဖေလာခေါ်ဖို့ အကြာကြီးထိုင်စောင့်ရတယ်*

*ပန်းချီဆွဲတတ်တာ ကောင်းပါတယ်*

*အင်း··။ ဒါပေမယ့် ခရစ်ဆီက ဘဲလေးကရတာကို ပိုဝါသနာပါတယ်။ ကျောင်းပိတ်ရက်တွေဆိုရင် ဘဲလေးအကကျင့်တယ်··*

ကျောင်းပိတ်ရက်မှာ ဘဲလေးကတယ် ဆိုကတည်းက ခရစ်ဆီ့မိဘတွေက ချမ်းသာမှန်း ဘန် သဘောပေါက်လိုက်တယ်။ အိမ်မှာ ကိုယ်ပိုင်ရေကူးကန်နဲ့နေတဲ့ မိသားစုမျိုး ဖြစ်လိမ့်မယ်။ ဘန့်အိမ်မှာတော့ ရေကူးကန်မရှိ။ လယ်ကွင်းနဲ့နွားတွေပဲ ရှိတယ်။

ဒီလိုနဲ့ နောက်အပတ်တွေမှာလည်း ပန်းချီတန်းမှာ အခန်းစောင့်လုပ်ပေးဖို့ ဘန် သဘောတူ ဖြစ်သွားတယ်။ ခရစ်ဆီဆွဲတဲ့ ပုံဆိုးပန်းဆိုး ပန်းချီကားတွေကို ကြည့်ပြီး ဘန်က ဟာသတွေ ပြောတယ်။ (*ဒါကဘာပုံလဲ။ လိပ်ပုံလား··*) တစ်ရက်ကျတော့ ဘန့် လော်ကာရှေ့မှာ ခရစ်ဆီက ရပ်စောင့်နေတယ်။

"ဒါ ပေးချင်လို့"··ခရစ်ဆီက ဘန့်လက်ထဲကို စာတစ်စောင်ထည့်ပေးတယ်။ စာကို တြိဂံပုံလေးဖြစ်အောင် ခေါက်ထားတယ်။ စာခေါက်ပေါ်မှာ ဘန့်နာမည်ကို လုံးလုံးလေးတွေဖြစ်အောင် ရေးထားတယ်။ ပြီးတာနဲ့ ခရစ်ဆီက လှည့်ထွက်ပြီး အလယ်တန်းဆောင်ဘက် ပြန်ပြေးသွားတယ်။ စာထဲမှာ ရေးထားတယ်။

*တစ်ရက်မှာ ပန်းချီဆွဲရင်း*

*ဆံပင်နီနီ၊ အသားလှလှ*

*ကောင်လေးတစ်ယောက်နဲ့ တွေ့တယ်။*

*သူ့နာမည်က ဘန်··*

*ဘန့်ရဲ့ နှလုံးသားကို ရပါရစေ··*

*ပေးမှာလား··ပြော··*

ဘန့်သူငယ်ချင်းတွေဆီမှာလည်း ဒီလိုမျိုး ရည်းစားစာတွေ ရတာ တွေ့ဖူးတယ်။ ဒါပေမယ့် ဘန်ကိုယ်တိုင်တော့ တစ်ခါမှ မရဖူးဘူး။ လွန်ခဲ့တဲ့ ဗယ်လင်တိုင်း နေ့ကတော့ စာသုံးစောင်လားမသိ ရလိုက်တယ်။ ရည်းစားစာ မဟုတ်ပါဘူး။ ဆရာမဆီက ရတဲ့ စာတစ်စောင်။ ဆရာမတွေက ကလေးတွေကို မပေးမဖြစ်ပေးရတဲ့ စာမျိုးပါ။ ပြီးတော့ ကောင်မလေး တစ်ယောက်ဆီက စာတစ်စောင်။ အဲဒီကောင်မလေးကလည်း အကုန်လုံးကို တစ်စောင်စီ ပေးတာပါ။ နောက်တစ်စောင်ကတော့ အမြဲတမ်း ငိုချင်ရုပ်ပေါက်နေတဲ့ ကောင်မလေး တစ်ယောက်ဆီက ရတာ။

ဒီယွန်ဒရာလည်း အခုနောက်ပိုင်းတော့ ဘန့် အတွက်ဆိုပြီး စာတစ်စောင်နှစ်စောင် ရေးပေးဖူးပါတယ်။ ဒါပေမယ့် သူ့စာတွေက ခရစ်ဆီ့ စာလောက်တော့ ချစ်ဖို့မကောင်းဘူး။ ညစ်တီးညစ်ပတ်တွေ ရေးထားတာ များတယ်။ ဒီလို ကဗျာဆန်ဆန် ရည်းစားစာမျိုး တစ်ခါမှ မရဖူးဘူး။ အလယ်တန်းကလေး တစ်ယောက်ဆီက ဒီလိုစာမျိုးရတော့ တစ်မျိုးပဲ။ ဘန်နဲ့ ခရစ်ဆီက အသက်အကွာကြီးရယ်။ ပြီးတော့ ဒီကလေးမလေးက အချစ်အကြောင်း ဘယ်လောက်သိမှာမို့လို့လဲ။

နောက်နေ့ကျတော့ ခရစ်ဆီက သူ့အိမ်က ကားလာမကြိုခင် သူနဲ့အတူတူ လှေကားမှာ လာထိုင်စောင့်ပေးဖို့ ဘန့်ကို ပြောတယ်။ အိုကေလေ··ခဏထိုင်စောင့်ပေးမယ်··ဆိုပြီး ဘန်လည်း သဘောတူလိုက်တယ်။ တကယ်တမ်းကျတော့ လှေကားမှာ ထိုင်နေရင်း တစ်နာရီလောက် အချိန်ကုန်သွားတယ်။ ရယ်လိုက်မောလိုက်၊ စကားတွေ ပြောလိုက်ပေါ့။ ခရစ်ဆီက ဘန့်ပခုံးကို မသိမသာ ခေါင်းမှီဖို့ ကြိုးစားတယ်။ အဲဒီလို မလုပ်နဲ့ မသင့်တော်ဘူးလို့ ဘန် တားမလို့ဘဲ။ ဒါပေမယ့် ဘာကြောင့်မှန်းမသိ··မတားဖြစ်ဘူး။ ဒီလို ဖြူဖြူစင်စင် အတွေ့အကြုံမျိုး ဘန့်အနေနဲ့ မကြုံဖူးဘူးလေ။ ဒီယွန်ဒရာနဲ့ကလည်း လိင်ကိစ္စနဲ့ပဲ လုံးပန်းနေတာ။ သူ့ညီမတွေကျတော့လည်း အော်ဟစ် ကုတ်ခြစ် ပူဆာနေတာနဲ့ ဆူညံနေကြတာ။ ခရစ်ဆီ့ဆီက ပီကေနံ့ သင်းသင်းရတယ်။ ဘန်က ပီကေတောင် ဝယ်မစားနိုင်ဘူး။ ဘယ်လောက် သေချင်စရာ ကောင်းလိုက်သလဲ။ ပီကေစားဖို့တောင် ပိုက်ဆံမရှိတဲ့ဘဝ။

ဒီလိုနဲ့ ခရစ်ဆီ အိမ်ပြန်ခါနီးဆိုရင် ဘန်က လှေကားမှာ လိုက်စောင့်ပေး၊ စကားပြောပေးရင်း တစ်လ နှစ်လလောက် ကြာသွားတယ်။ တစ်ခါတလေကျရင် ခရစ်ဆီ့အဖေက ဘန် မရောက်ခင်မှာတင် သူ့သမီးကို လာကြိုသွားတာမျိုးလည်း ရှိတတ်တယ်။ ဘန် တစ်ယောက်တည်း ကြောင်တောင်တောင်နဲ့ လှေကားရင်းမှာ ရပ်နေရတာပေါ့။ ခရစ်ဆီ့ကို ကျွေးဖို့ဆိုပြီး ကျောင်းကန်တင်းကနေ ကောက်ရလာတဲ့

သကြားလုံးထုပ် တစ်ထုပ်ကို လက်မှာကိုင်လို့။ ခရစ်ဆီက အချိုတော်တော် ကြိုက်တယ်။ ဘန့် ညီမတွေလည်း အတူတူပဲ။ ချိုတဲ့ဟာဆို ဘာမဆို စားမယ်ဆိုပြီး ဖြစ်နေတာ။ တစ်ခါတုန်းက လစ်ဘီတစ်ယောက် ယိုပုလင်းကို ဒီအတိုင်း လက်နဲ့နှိုက်စားနေတာ ဘန် တွေ့ဖူးတယ်။

ခရစ်ဆီနဲ့ ဘန် အဲဒီလိုတွေ့နေကြတာကို ဒီယွန်ဒရာ လုံးဝမသိသေးဘူး။ ဒီယွန်ဒရာက ကျောင်းဆင်းတာနဲ့ အိမ်ကို အမြန်လစ်တာ။ တီဗွီဇာတ်လမ်းတွဲအချိန်မမီမှာ စိုးလို့တဲ့။ ဒီယွန်ဒရာကလည်း တီဗွီကြည့်ရင် လက်ထဲမှာ ကိတ်မုန့်ပန်းကန်ကိုင်ထားပြီး ကြည့်တတ်တယ်။ (ဘာလို့များ မိန်းကလေးတွေ ဒီလောက်အချိုကြိုက်ကြပါလိမ့်။) ဒီယွန်ဒရာ သိလည်း ဘာမှမဖြစ်ပါဘူး။ ဘန့်စိတ်ထဲမှာ ခရစ်ဆီ့အပေါ်မရိုးမသားစိတ် တစ်စက်မှ မရှိဘူး။ အစ်ကိုတစ်ယောက်လို၊ အကြီးတစ်ယောက်လိုစောင့်ရှောက်ပေးတဲ့ သဘောပါ။ အိမ်စာတွေ ဘာတွေ ကူလုပ်ပေးရုံလောက်ပါပဲ။ ဘန် ကြီးလာရင် ကျောင်းဆရာလုပ်ရင် ကောင်းမလား။

ခရစ်ဆီနဲ့ ဘန် အရမ်း နီးနီးကပ်ကပ် ဖြစ်သွားတာဆိုလို့ တစ်ခါပဲရှိတယ်။ နောင်လည်း ဘယ်တော့မှ ဖြစ်တော့မှာ မဟုတ်ဘူး။ အဲဒီနေ့က ဘန်နဲ့ခရစ်ဆီ လှေကားမှာ ထိုင်စောင့်နေရင်း လက်ထဲမှာ သကြားပြား တစ်ပြားစီ ကိုယ်စီကိုင်ရင်း စကားပြောနေကြတယ်။ ခရစ်ဆီက ဘန့်ကို မှီထားနေရင်း ဘန့်ကိုယ်လုံးနဲ့ ပိုပိုပြီးကပ်လာတယ်။ ခရစ်ဆီ့ မျက်နှာက ဘန့် မျက်နှာရှေ့ကို ရောက်လာတယ်။ ခရစ်ဆီ့နှုတ်ခမ်းက ဘန့် နှုတ်ခမ်းပေါ် ရောက်လာတယ်။ ဘန် ခရစ်ဆီ့ကို အလန့်တကြားတွန်းထုတ်၊ ကိုယ့်ရင်ဘတ်ကိုယ်ပြန်ဖိ၊ အသက်ကို မနည်းရှူပြီး လှေကားဆီကနေထွက်ပြေးလာခဲ့လိုက်ရတယ်။

+++

## လစ်ဘီဒေး

**ယနေ့**

ကျွန်မ အစ်ကို ဘန်ဒေးကို သွားတွေ့ဖို့ ပြင်ဆင်ရတော့မယ်။ အခုဆိုရင် ဘန် တစ်ယောက် လူကြီးလုံးလုံးဖြစ်နေရောပေါ့။ လိုင်ဝိုက်သ်နဲ့ ဘီယာသောက်ပြီး သွားတော့ ကျွန်မ အိမ်ပြန်တယ်။ ဘာဘရာအီချယ် ပေးထားတဲ့ ထောင်ဝင်စာတွေ့နည်း‥စာအုပ်ကို ဖတ်ကြည့်တယ်။ ဖလော်ရီဒါ ပြည်နယ်အကျဉ်းထောင် လည်ပတ်ပုံ အကြောင်း တစ်ခန်းနှစ်ခန်း ဖတ်ကြည့်ပြီး ခေါင်းတွေမူးလာတယ်။ စာအုပ်ရှေ့ဆုံး စာမျက်နှာကို ပြန်လှန်ကြည့်တော့မှ ထုတ်ဝေသည့်ခုနှစ်က ၁၉၈၅ တဲ့။ တော်တော် ခေတ်နောက်ကျနေပြီ။ အခုခေတ်မှာ ဘယ်လိုမှ အသုံးမဝင်ဘူး။ ဘာဘရာ ကျွန်မဆီကို သုံးမရတဲ့ လက်စွဲစာအုပ် အဟောင်းတွေ ထပ်ပို့ဦးမှာလားမသိ။ ဝိုင်တူးကေ ပြဿနာ ရင်ဆိုင်နည်း စာအုပ်တွေ ပို့နေမှ ဒုက္ခ။

နောက်ဆုံးကျတော့ လိုင်ဝိုက်သ်ကိုပဲ အကူအညီတောင်းရပြန်တယ်။ သူ့ကိုပဲ အကုန် စီစဉ်ခိုင်းလိုက်တယ်။ ကျွန်မဘာသာ ကျွန်မ စုံစမ်းတာ အဆင်မပြေလို့ ကူညီပါဦး ဆိုပြီး အပူကပ်လိုက်တယ်။ တကယ်ကတော့ ပျင်းတာပါ။ ဖုန်းတွေ တဂွမ်ဂွမ်ဆက်၊ *ခဏကိုင်ထားပါရှင်* ဆိုတဲ့ တီးလုံးသံတွေ နားထောင်၊ လူ တစ်ယောက်ကနေ နောက်တစ်ယောက်ကို လွှဲပေး။ အဲဒါတွေ ကျွန်မ မလုပ်နိုင်ဘူး။ တချို့ ဖုန်းအော်ပရေတာတွေက အလကားနေရင်း စိတ်တိုနေတာ။ အိမ်မှာကလေး သုံးယောက်ရှိလို့ ပင်ပန်းနေတာနဲ့၊ လခနည်းလို့ မကျေမနပ်ဖြစ်နေတာနဲ့။ စုံလို့။ နောက်ဆုံးကျတော့ သူတို့ဒေါသတွေကို ဖုန်းဆက်လာတဲ့သူအပေါ် အကုန်ပုံချပစ်တတ်ကြတယ်။ အော်ပရေတာတွေကို စိတ်ဆိုးပြီး ဆဲမိပြန်ရင်လည်း သူတို့ကဖုန်းချပစ်လိုက်ရော။ ဒါနဲ့ပဲ မုန့်လုံးစက္ကူကပ်ပြီး အစကပြန်ဆက်ရဦးမယ်။ တော်ပြီ။

ဘန် အကျဉ်းကျနေတဲ့ အကျဉ်းထောင်က ကင်နက်ကီမြို့ အပြင်ဘက်မှာ

ရှိတယ်။ ၁၉၉၇ လောက်ကမှ ဆောက်ထားတာ။ ကင်နက်ကီမြို့က *နဘရက်စကာ* နယ်စပ်နဲ့ သိပ်မဝေးဘူး။ အရင်တုန်းကဆိုရင် ကင်နက်ကီမြို့ဟာ ကန်းဆက်စ်ပြည်နယ်ရဲ့ အလယ်ဗဟိုလို့ တင်စားကြတယ်။ ကန်းဆက်စ်ကလည်း အမေရိကားမှာရှိတဲ့ ပြည်နယ် ၄၈ ခုရဲ့ အလယ်ဗဟိုမှာ ရှိနေတာ မဟုတ်လား။ ဒီတော့ ကင်နက်ကီမြို့နေရာဟာ အမေရိကားရဲ့ အသည်းနှလုံးလို့ ပြောလို့ ရနေတယ်လေ။ ၁၉၈၀ ပတ်ဝန်းကျင် လောက်တုန်းကတော့ ဒီလိုပြောလိုက်ရင် ကျွန်မတို့ ကင်နက်ကီမြို့သားတွေ သိပ်ဂုဏ်ယူခဲ့တာပေါ့။ ကန်းဆက်စ်ပြည်နယ်မှာရှိတဲ့ တခြားမြို့တွေကလည်း သူတို့သည်သာ ပြည်နယ်ရဲ့ အလယ်ဗဟိုမှာ ရှိပါတယ် ဆိုပြီး အပြိုင်အဆိုင် ငြင်းခုံကြတယ်။ ကျွန်မတို့ ကင်နက်ကီမြို့သားတွေကတော့ သူတို့ဘာပြောပြော ဂရုမစိုက်ပါဘူး။ ခေါင်းမာမာနဲ့ ငါတို့ မြို့သည်သာ တကယ့် ဗဟိုချက်ပေါ့ ဆိုပြီး ဖင်ပိတ်ငြင်းခဲ့ ကြတာပဲ။ ကင်နက်ကီမြို့မှာလည်း ဂုဏ်ယူစရာဆိုလို့ ဒီတစ်ချက်ပဲရှိတာလေ။ ကင်နက်ကီ မြို့နာမည်ကို အသည်းနှလုံးပုံရဲ့ အလယ်တည့်တည့်မှာ ထည့်ဆွဲ၊ တီရှပ်တွေ ထုတ်ရောင်းခဲ့ကြတယ်။ နှစ်တိုင်း နှစ်တိုင်း အန်တီဒိုင်ယန်းက ကျွန်မတို့ကို အဲဒီ တီရှပ်တစ်ထည်စီ ဝယ်ပေးနေကျ။ ကျွန်မတို့ ညီအစ်မတွေကလည်း အသည်းပုံပါတဲ့ တီရှပ် ဆိုရင် အရမ်းကြိုက်ကြတာကိုး။ ကင်နက်ကီ‥ဆိုတဲ့ နာမည်ကိုလည်း ကျွန်မတို့ တစ်တွေ သဘောကျခဲ့ကြတယ်။ ကင်နက်ကီဆိုတာ အင်ဒီးယန်းနာမည်လေ။ အင်္ဂလိပ်လို ပြန်လိုက်ရင် *မော်ဝင်အမျိုးသမီးလေး*‥တဲ့။ အန်တီဒိုင်ယန်းက ကျွန်မတို့ ညီအစ်မတွေကို ခွန်အား အပြည့်နဲ့ အမျိုးသမီးတွေ ဖြစ်စေချင်ခဲ့တယ်။ အမေကတော့ အန်တီ ဒိုင်ယန်းက အမျိုးသမီးရေးရာ အကြောင်းတွေ သိမ်းသွင်းတိုင်း အဖက်မလုပ်ဘဲ ရယ်တတ်တယ်။ အမေ ကိုယ်တိုင် ပြောတာတော့ ကျွန်မမကြားဖူးပါဘူး။ အန်တီ ဒိုင်ယန်း ပြန်ပြောပြတာ။ သူ့ရဲ့ ကားဘီးတပ် အိမ်ထဲမှာ စီးကရက်တထောင်းထောင်းသောက်ရင်း၊ လက်ဖက်ရည်အေးကို တကျိုက်ကျိုက် မျိုချရင်း အန်တီဒိုင်ယန်းက ကျွန်မကို အမေ့အကြောင်းတွေ ပြန်ပြောပြတယ်။ လူသတ်မှုတွေ ဖြစ်ပြီးကတည်းက အန်တီဒိုင်ယန်းရဲ့ မျက်နှာက အမြဲလိုလို ခက်ထန်နေတယ်။

တကယ်က ကန်းဆက်စ်ပြည်နယ်ရဲ့ အလယ်ဗဟိုမြို့ဟာ *လီဘနွန်* မြို့တဲ့။ လီဘနွန်ကို အမေရိကားရဲ့ ဗဟိုလို့ တရားဝင်သတ်မှတ်ထားတယ်။ ကင်နက်ကီမြို့သားတွေ မဟုတ်တဲ့သတင်းကို မူတည်၊ အပင်ပန်းခံပြီး ဂုဏ်ယူခဲ့ကြတာ။

...

ဘန့်ကို ထောင်ဝင်စာသွားတွေ့ဖို့ တစ်လနှစ်လလောက်တော့ ပြင်ဆင်ရ

မယ်လို့ ထင်ထားခဲ့တာ။ ဒါပေမယ့် ကန်းဆက်စ်ပြည်နယ် အကျဉ်းထောင်က သိပ်သဘောကောင်းလွန်းနေတယ်။ ('မိသားစုဝင်များ၊ အသိမိတ်ဆွေများနှင့် တွေ့ဆုံရခြင်းသည် အကျဉ်းသားများအတွက် အင်မတန် အကျိုးရှိသော အရာဖြစ်ပြီး ထိုသို့တွေ့ဆုံရခြင်းအားဖြင့် အကျဉ်းသားများ၏ လူမှုဆက်နွယ်မှုအရည်အချင်းများ တိုးတက်ကောင်းမွန်လာစေသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်'..တဲ့။) ဖောင်တွေတစ်ခုပြီးတစ်ခု ဖြည့်ရတယ်။ စာရွက်တွေ အများကြီးမှာ လက်မှတ်တွေထိုးရတယ်။ ဘန်နဲ့မတွေ့ခင် ရက်ပိုင်းအလိုမှာ လိုင်ဝိုက်သ်ပေးထားတဲ့ ဖိုင်တွေကို ကျွန်မသေချာပြန်လေ့လာတယ်။ အရင်တုန်းက မဖတ်ရဲဘဲ ပစ်ထားခဲ့တဲ့ ဘန့် အမှုတွဲမှတ်တမ်းကို အစအဆုံး ပြန်ဖတ်ကြည့်တယ်။

ကျွန်မ ချွေးပြန်လာတယ်။ ကျွန်မရဲ့ ထွက်ဆိုချက်တွေက ကလေးတစ်ဦးရဲ့ မပီဝိုးတဝါး ကယောင်ကတမ်း စကားတွေချည်းပါလား။ (*ဘန်က အိမ်ထဲကိုစုန်းမကြီးတစ်ကောင် ခေါ်လာပြီး အဲဒီ စုန်းမကြီးက သမီးအမေကို သတ်သွားတာ*..တဲ့။ မေးခွန်းထုတ်တဲ့ ဆွဲချ အရာရှိက ကျွန်မအဖြေကိုကြားတော့ ပြန်ပြောတယ်။ *သြော်ဟုတ်လား။ တကယ်ဖြစ်ခဲ့တာကိုပဲ ပြောလေ သမီး*..။) တခြားအဖြေတွေကလည်း မေးတဲ့သူက အတင်း စကားနှိုက်လို့ မပြောချင်ပြောချင်နဲ့ ဖြေထားတာတွေများတယ်။ (*ဘန်က အမေ့အခန်းတံခါးဝမှာ မတ်တတ်ရပ်နေတာ*..။ *ပြီးတော့ လက်ထဲမှာသေနတ်ကြီးကိုင်ထားတယ်။ အမေ့ကို ပစ်မယ်ဆိုပြီး ပြောတယ်*..) ဘန့်ဘက်ကနေခုခံပေးတဲ့ ရှေ့နေကတော့ ကျွန်မ အပေါ်မှာ တော်တော်လေးကို ကြင်နာပါတယ်။ သူဆက်ဆံတဲ့ ပုံက နူးညံ့လွန်းလို့ ကျွန်မကို ချော့သိပ်တော့မလားတောင် ထင်ရတယ်။ (*လစ်ဘီလေး*.. *သမီးမြင်ခဲ့တာတွေက တကယ်သေချာလို့လား။ စိတ်ထဲမှာရောနေတာ မဖြစ်နိုင်ဘူးလား။ သမီးမြင်လိုက်တဲ့သူက သမီးအစ်ကို ဘန်ဒေးဆိုတာတပ်အပ်ကြီး ပြောနိုင်လို့လား။ ဦးတို့ကြားချင်မယ်လို့ ထင်တဲ့အဖြေတွေကို သမီးမသိစိတ်ကတမင်ပြောပြနေတာရော မဖြစ်နိုင်ဘူးလား*..တဲ့။ သူအဲဒီလိုမေးတော့ ကျွန်မပြန်ဖြေလိုက်တဲ့ အဖြေက.. *ဟုတ်တယ်*.. *မဟုတ်ဘူး*.. *ဟင့်အင်း။ အင်း*..*ဟုတ်တယ်*..) နောက်ထပ် မေးခွန်းတွေအကုန်လုံးကိုလည်း ..*ထင်တာပဲ* ဆိုတဲ့ စကားလုံးတစ်လုံးလက်ကိုင်ထားပြီး ကျွန်မ ဖြေခဲ့တယ်။ ထပ်မပြောတတ်တော့ဘူးလေ။

ဘန့်ရှေ့နေကတော့ မီရှယ်ဒေးရဲ့ ခုတင်ပေါ်မှာတွေ့တဲ့ သွေးစက်အချို့ဟာဘယ်သူ့သွေးတွေလဲဆိုတာ အဖြေမပေါ်သေးဘူး ဆိုတဲ့ အချက်နဲ့ ခုခံဖို့ကြိုးစားပါတယ်။ ပြီးတော့ အိမ်ထဲက သွေးအိုင်ထဲမှာ ထင်ကျန်ရစ်ခဲ့တဲ့ ဖိနပ်ခြေရာကလည်း

ဘယ်သူ့ဟာမှန်း မသိဘူးဆိုတဲ့ အချက်ကိုလည်း ချပြတယ်။ ဒါပေမယ့် ဒီသက်သေတွေက လွဲရင် ဘန့်ရှေ့နေမှာ တခြား အကြောင်းပြချက် ရေရေရာရာ မရှိဘူးဖြစ်နေတယ်။ အိမ်အပြင်ဘက်မှာ ကျတော့ ဘာခြေရာမှ မတွေ့ဘူး။ ကားဘီးရာလည်းမရှိဘူး။ ဒီတော့ တခြားလူတစ်ယောက် အိမ်ကို လာသွားတယ်ဆိုတဲ့ သဲလွန်စ တစ်ခုမှ မကျန်ဘူး။ အဲဒီနေ့ မနက်က ရာသီဥတု အပူချိန် ၂၀ ဒီဂရီအထိ တက်သွားတော့ နှင်းတွေအကုန် အရည်ပျော်ကုန်တယ်။ အိမ်အပြင်က ခြေရာတွေလည်း နှင်းရည်ထဲ အကုန်ပါသွားရော။

ဘန့်ကို လူသတ်သမားလို့ ဆုံးဖြတ်လိုက်ကြတာ ကျွန်မရဲ့ ထွက်ဆိုချက် တစ်ခုတည်းကြောင့်တော့ မဟုတ်ဘူး။ ဘန် ကိုယ်တိုင်ကလည်း မှုမမှန်ခဲ့ဘူး။ ဘန့် မျက်နှာမှာ လက်သည်း ခြစ်ရာတွေ တွေ့တယ်။ ဘယ်ကရတဲ့ ဒဏ်ရာတွေလဲလို့ ·· မေးတော့ သူ မဖြေနိုင်ဘူး။ ပြီးတော့ ဘန်မြင်လိုက်တယ်ဆိုတဲ့ ဆံပင်ပွပွနဲ့ လူသတ်သမား ··ဆိုတာလည်း ဘယ်သူမှန်း မသိဘူး။ စစချင်းတော့ အဲဒီဆံပင်ပွပွနဲ့ လူသတ်သမားက တစ်အိမ်လုံးကို သတ်သွားတာတဲ့ ·· ဘန်ကပြောတယ်။ ပြီးလည်းပြီးရော ဘန့်စကားက တစ်မျိုး ပြောင်းသွားတယ်။ "အဲဒီညက ကျွန်တော်အိမ်ထဲမှာမရှိဘူး။ ဘာမှမတွေ့လိုက်ဘူး" တဲ့။ ပြီးတော့ မီးရှယ့် ဆံပင်မွေးတချို့ ဘန့်အခန်းထဲမှာ တွေ့တယ်။ လူသတ်မှုဖြစ်တဲ့ ည မတိုင်ခင် တစ်နေ့လုံးမှာလည်း ဘန့် အမူအရာတွေက မှုမမှန်ဘူး။ ဆံပင်အနီကို ရုတ်တရက်ကြီး အမည်းဆိုးလိုက်တာကိုလည်း လူတွေက မသင်္ကာဖြစ်ကြတယ်။ ကျောင်းမှာလည်း ဘန် လူမတွေ့အောင် ခိုးကြောင်ခိုးဝှက်နဲ့ လျှောက်သွားနေတာ တွေ့သတဲ့။ တချို့ကထင်တယ် ·· ယဇ်ပူဇော်တဲ့အခါ သုံးရတဲ့ တိရစ္ဆာန်အရိုးတွေ ဘန့်ရဲ့ ကျောင်းလော်ကာထဲမှာ ရှိနေလို့ သွားယူတာနေမှာပေါ့တဲ့။ (တိရစ္ဆာန်အရိုးတွေဆိုတာဘာလုပ်ဖို့ပါလိမ့်။) ဒါမှမဟုတ် တခြားကျောင်းသားတွေ ဆီကနေ ပစ္စည်းတွေခိုးပြီး နတ်ဆိုးကို ပသဖို့လည်း ဖြစ်နိုင်တယ်တဲ့။ အဲဒီနေ့မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ဘန်ဒေးက ဆေးခြောက်သမားအဖွဲ့ တစ်ဖွဲ့နဲ့ သွားတွေ့သေးတယ်။ အဲဒီ ဆေးသမားအဖွဲ့ကို ဘန်က နတ်ဆိုးပူဇော်တဲ့အကြောင်းတွေ ပြောပြပြီး ကြွားသွားသေးတယ်တဲ့။

ဘန် ကိုယ်တိုင်ကလည်း သူ့ကို တရားခံလို့ စွပ်စွဲကြတာကို တစ်ချက်မှ မငြင်းဘူး။ အဲဒီညက သူဘယ်ရောက်နေသလဲဆိုတာကို သက်သေခံပေးမယ့်သူလည်း မရှိဘူး။ ဘန့် မှာ အိမ်သော့ရှိတယ်။ အိမ်တံခါးသော့ကို ဖျက်ထားတဲ့ လက်ရာခြေရာ မတွေ့ဘူး။ လူသတ်သမားက သော့ဖွင့်ဝင်လာတာ။ အဲဒီမနက်မှာ အမေနဲ့ ဘန်နဲ့

စကားများထားတယ်။ ရဲတွေက ဘန့်ကို မေးခွန်းထုတ်တော့လည်း ဘန်က ကောင်းကောင်း ပြန်မဖြေဘူး။ မင်း စေတန်ကိုးကွယ်တဲ့အဖွဲ့တွေနဲ့ ပတ်သက်နေသလား‥ ဆိုပြီး မေးတော့ ဘန်က စေတန် ကိုးကွယ်တယ်ဆိုတာ ဘယ်လိုဘယ်ပုံလဲဆိုတာကို သေချာပြန်ရှင်းပြတယ်။ သူကြိုက်တဲ့ ရော့ခ်သီချင်းတွေအကြောင်း အားရပါးရပြောပြတယ်။ နတ်ဆိုးရဲ့ စွမ်းပကား ကြီးမားမှုတွေကို သူဘယ်လို ယုံကြည်တယ်ဆိုတဲ့ အကြောင်းတွေ ပြောပြတယ်။ *လုပ်ချင်တာကို လုပ်ပစ်လိုက်ဖို့ ခွန်အားပေးတယ်ဗျ။ ဘာလို့လဲ ဆိုတော့ လူဆိုတာလည်း အရိုင်းအစိုင်းသတ္တဝါတစ်မျိုးပဲမဟုတ်လား‥*တဲ့ ဘန်ကရှင်းပြတယ်။ နောက်ဆုံးမှာ မေးခွန်းထုတ်တဲ့ အရာရှိက စိတ်မရှည်တော့ဘဲ ဘန့်ကိုပြောတယ်။ "ပေါက်ကရတွေ ပြောမနေနဲ့။ အလေးအနက်ထားပြီး ဖြေစမ်း။ အခုအခြေအနေကို ပေါ့ပြက်ပြက် မှတ်နေတာလား"

"ခင်ဗျားအတွက် အလေးအနက် ထားစရာကြီး ဖြစ်နေမှန်း ကျွန်တော်နားလည်ပါတယ်"‥ ဘန်ကပြန်ဖြေခဲ့တယ်။

ရိုးရိုးအေးအေး တိတ်တိတ်ဆိတ်ဆိတ် နေတတ်တဲ့ ကျွန်မရဲ့အစ်ကိုဘန်ဒေးဟာ အဲဒီနေ့မှာ ကျွန်မလုံးဝမသိတဲ့ လူစိမ်းတစ်ယောက်လိုဖြစ်နေခဲ့တယ်။ ဘန့်ကို မေးခွန်းထုတ်တဲ့ နေ့တုန်းက ရိုက်ထားတဲ့ ဓာတ်ပုံတချို့ကို လိုင်ဗိုက်သ်က ယူလာပေးတယ်။ ဓာတ်ပုံထဲမှာ ဘန့်ရဲ့ ဆံပင်နက်နက်တွေကို နောက်မှာစုပြီး ချည်ထားတယ်။ (ဘာလို့ ဘန့်ရှေ့နေတွေက အဲဒီဆံပင်ရှည်ကို မညှပ်ခိုင်းတာလဲ မသိဘူး။) ဘန့်ကို ဝတ်ပေးထားတဲ့ ကုတ်အင်္ကျီက တစ်ခြမ်းစောင်းနေတယ်။ ဘန့်မျက်နှာက မဲ့သလိုလို၊ ခနဲ့သလိုလို၊ ဘာခံစားချက်မှ မရှိသလိုလို‥။

ဒီတော့ ခြုံပြီးကြည့်ရင် ဘန့်ပုံစံက မှုမမှန်ခဲ့တာတော့ အမှန်ပဲ။ သူကိုယ်တိုင်ကိုက သူ့အမှု သူ မရှင်းချင်ခဲ့တာလေ။ ဒါပေမယ့် ကျွန်မရဲ့ အသုံးမကျတဲ့ ထွက်ဆိုချက်ကို အခုပြန်ကြည့်မိတော့ စိတ်ထဲမှာ နည်းနည်းရှက်မိတယ်။ ဘယ်လိုပဲပြောပြော ဘန် အခုထောင်ထဲရောက်နေတာ ကျွန်မ တစ်ယောက်တည်းရဲ့အပြစ်တော့ မဟုတ်တော့ဘူး။ ဒီလို တွေးလိုက်တော့ စိတ်ထဲနည်းနည်း ပေါ့သွားတယ်။ ဘန်အခုထောင်ကျနေတာ အားလုံးရဲ့ အပြစ်နည်းနည်းစီ ပါတယ်။ (သူတကယ်အပြစ်မရှိဘူးဆိုရင်ပြောတာနော်။ ဘန် တကယ်လုပ်ခဲ့တာဆိုရင်တော့ သူ့အပြစ်ပဲ။)

...

နောက်တစ်ပတ်လောက်အကြာမှာ ဘန့်ဆီ သွားတွေ့တယ်။ ကျွန်မရဲ့ဇာတိ ကင်နက်ကီဘက်ကို ကားမောင်းပြီး သွားရတယ်။ ကင်နက်ကီကို ပြန်မရောက်တာ

၁၂ နှစ်လောက်တောင် ကြာပေါ့။ အခုတော့ ကင်နက်ကီဟာ အကျဉ်းထောင်မြို့ ဖြစ်နေပြီ။ ကားပေါ်ကို တက်ဖြစ်ဖို့ ကျွန်မ တော်တော် အင်အားမွေးလိုက်ရတယ်။ ကင်နက်ကီကို ရောက်ရင် မြို့ထဲကိုလုံးဝမသွားဘူး၊ ကျွန်မရဲ့ အိမ်ဘက်ကိုသွားတဲ့ မြေလမ်းပေါ်ကိုလည်း လုံးဝမတက်ဘူးပော့..ဆိုပြီး စိတ်တုံးတုံးချလိုက်တော့မှ ကား ပေါ်ကို တက်နိုင်တော့တယ်။ *အတိတ်မှောင်ထဲက အိမ်*..။ အခုတော့ ကျွန်မတို့ရဲ့ အိမ်လေးလည်း မရှိတော့ပါဘူး။ အိမ်နဲ့ လယ်ကွင်းကို သူများ ပြန်ဝယ်သွားတာ ကြာလှပြီ။ ပိုင်ရှင်အသစ်က အိမ်ကို ချက်ချင်းဖြိုချပစ်တယ်။ နံရံကပ်စက္ကူ အပေါ စားတွေနဲ့ အလှဆင်ထားတဲ့ ကျွန်မတို့ရဲ့ အိမ်နံရံတွေ၊ အပြင်ဘက်လမ်းက ကားသံ ကြားရင် ညီအစ်မသုံးယောက် ပြေးကြည့်နေကျ မှန်ပြတင်းပေါက်တွေ၊ ကျွန်မတို့ မောင်နှမ ၄ ယောက်ရဲ့ အရပ်တွေကို မြေဖြူနဲ့တိုင်းမှတ်ထားတဲ့ တံခါးဘောင်တွေ (ကျွန်မအရပ်ကိုတော့ တစ်ခါပဲ မှတ်လိုက်ရတယ်။ လစ်ဘီဒေး၊ ၃ ပေ ၂ လက်မ..) အဲဒါတွေအားလုံး အခု..ဘာမှ မရှိတော့ဘူး။

ကန်းဆက်စ်ပြည်နယ်ထဲကို သုံးနာရီလောက် မောင်းဝင်လိုက်တော့ ဖလင့် တောင်ကုန်းတွေဘက်ကို ရောက်လာတယ်။ တောင်ကုန်းတွေကို ကျော်သွားတော့ မြေပြန့်ဘက်ကို ရောက်တယ်။ လမ်းဘေး မြို့လေးတွေက သူတို့ဆီကို လာလည်ဖို့ ဖိတ်ခေါ်တဲ့ ဆိုင်းဘုတ်တွေ အဝေးပြေးလမ်းတစ်လျှောက်မှာ ထောင်ထားကြတယ်။ 'တယ်လီဖုန်းပြတိုက်ကို လာလည်ပါ' 'ကမ္ဘာ့အကြီးဆုံးသိုးမွေးလုံးကြီးရှိရာမြို့..' နောက်ဆုံးမှာ အဝေးပြေးလမ်းပေါ်ကနေ ကျွန်မ ထွက်ချလိုက်တယ်။ မြောက်ဘက်ကို မောင်းတယ်။ အနောက်ဘက်ကို ဆက်မောင်းတယ်..။ ဘယ်ကွေ့..ညာကွေ့..။ လမ်းဘေးက လယ်ကွင်းတွေက စိမ်းလိုက်၊ ဝါလိုက်၊ ညိုသွားလိုက်.. အလင်းရောင် ပြင်းတဲ့ ပန်းချီကားတစ်ချပ်လို..နေရောင်အောက်မှာ တဖိတ်ဖိတ်တောက်နေတယ်။ ကားစတီယာရင်ပေါ်ကနေ လက်ကိုကျော်ပြီး ရေဒီယိုလိုင်းတွေကို ပြောင်းဖွင့်ကြည့် တယ်။ ကန်းထရီးသီချင်းတွေနဲ့..ဂျပ်စ်သီချင်းတွေ..တစ်လှည့်စီ လာနေကြတယ်။ မတ်လရဲ့ မပွင့်တပွင့် နေရောင်က ကားကိုတော့ နွေးအောင် နွေးပေးထားတယ်။ ကျွန်မရဲ့ဆံပင်နီနီ အစအနတွေကို မီးတောက်ရောင် ပြောင်းပေးနေတယ်။ နေရောင်နွေး နွေးကိုမြင်တော့ သွေးသံရဲရဲ အရောင်တွေကို ကျွန်မ သတိရမိသွားတယ်။ ဘေးခုံ မှာ တင်ထားတာက ဖော်ဒကာပုလင်း သေးသေးလေးတစ်လုံး။ ထောင်ရှေ့ရောက်ရင် မော့သောက်ဖို့အတွက် အသင့်ထားထားတာလေ။ ဒါမှ ခံစားချက်တွေ ထုံသွားမှာ။ မောင်းနေရင်း၊ စတီယာရင်ကို လက်တစ်ဖက်တည်းနဲ့ ထိန်းရင်း ဖော်ဒကာကိုမော့

မသောက်လိုက်မိဖို့ တော်တော်စိတ်ထိန်းထားရတယ်။

*ရောက်တော့မယ်ထင်တယ်‥* ကျွန်မ စိတ်ထဲမှာ တွေးနေတုန်းရှိသေးတယ် ဟိုးအရှေ့ မိုးကုပ်စက်ဝိုင်း အစပ်မှာ ဆိုင်းဘုတ်သေးသေးလေးတစ်ခု ပေါ်လာတယ်။ ဆိုင်းဘုတ်မှာ ဘာရေးထားသလဲဆိုတာ ကျွန်မ အလွတ်ရနေတယ်။ 'အမေရိကားရဲ့ အသည်းနှလုံးဇဟိုချက်ဖြစ်တဲ့ ကင်နက်ကီမြို့ မှ ကြိုဆိုပါတယ်'‥ဆိုတဲ့စာသားကို ၁၉၅၀ စတိုင် လက်ရေးဆက်နဲ့ ရေးထားတာလေ။ ဆိုင်းဘုတ်ကို မှုန်ပျပျမြင်ရပြီ။ ဆိုင်းဘုတ်ရဲ့ ဘယ်ဘက် အောက်ခြေမှာ ကျည်ဆန်ပေါက်ရာတချို့ အခုထိ ရှိနေသေး တယ်။ ကျွန်မအဖေ ရန်နာဒေး ကားပေါ်ကနေ လက်တည့်စမ်းပြီး သေနတ်နဲ့ပစ်ထား တာလေ။ ဒါပေမယ့် ဆိုင်းဘုတ်နဲ့ တကယ်နီးလာတော့မှ သေချာကြည့်လိုက်တော့ ကျည်ဆန်ပေါက်တွေ မရှိတော့ဘူးပဲ။ ဆိုင်းဘုတ် အသစ်နဲ့ လဲလိုက်ပြီ။ ရေးထားတဲ့ စာကတော့ အရင်အတိုင်း မပြောင်းလဲဘူး။ *အမေရိကားရဲ့ အသည်းနှလုံးဇဟိုချက်* တဲ့။‥အခုထိ ဖင်ပိတ်ငြင်းနေသေးတာကိုတော့ နည်းနည်း သဘောကျမိသွားတယ်။ မြို့အဝင်ဆိုင်းဘုတ်ကို ကျော်ပြီးတာနဲ့ နောက်ထပ်ဆိုင်းဘုတ်တစ်ခု ထပ်တွေ့တယ်။ 'ကင်နက်ကီ ကန်းဆက်စ်ပြည်နယ် အကျဉ်းထောင်သို့။ ရှေ့တွင် ဘယ်ကွေ့ပါ'။ ဘယ်ဘက်ကို ကွေ့ပြီး ဆက်မောင်းသွားတော့ ကျွန်မတို့နဲ့ လယ်နီးချင်း ဗန်းအီဗလီ မိသားစု ပိုင်ခဲ့တဲ့ လယ်ကွင်းတွေ ဘက်ကို ရောက်သွားတယ်။ အခုတော့ လယ်ကွက် တွေ မရှိတော့ဘူး။ မြေကြီး သက်သက်ပဲ ကျန်တော့တယ်။ *ဟားဟား ဗန်းအီဗလီ မိသားစုရေ‥အခုတော့ နင်တို့လည်း လယ်မရှိ ယာမရှိတွေ ဖြစ်သွားပြီမဟုတ်လား။* ကျွန်မစိတ်ထဲတွေးမိပြီး ပျော်သွားတယ်။ သူတို့ကို ဘာကြောင့် မုန်းနေမိသလဲတော့ ကျွန်မမမှတ်မိပါဘူး။ အဲဒီလူတွေ အကျင့်မကောင်းတာကိုပဲ မှတ်မိနေတယ်။

မြို့စွန်ရဲ့ လမ်းမအတိုင်း မောင်းနေရင်း ကားအရှိန်ကို လျှော့ချလိုက်တယ်။ ကင်နက်ကီမြို့လေးဟာ အရင်ကတည်းက နွမ်းပါးတဲ့မြို့။ အရှုံးပေါ်နေတဲ့လယ်ကွင်း တွေနဲ့ ပြည့်နေခဲ့တဲ့နေရာ။ ရေနံခေတ်တုန်းကတော့ ခဏတစ်ဖြုတ် ချမ်းသာသွားကြ သေးတယ်။ ဒါပေမယ့် ပြန်မွဲတာပါပဲ။ အခုတော့ ပိုလို့တောင် ဆိုးနေပြီ။ အကျဉ်း ထောင်ကြီး ဆောက်လိုက်ပေမယ့်လည်း မြို့ကလူတွေ စီးပွားရေးက တက်မလာပါဘူး။ လမ်းတစ်ခုလုံးမှာ အပေါင်ဆိုင်တွေနဲ့ အိမ်ခပ်စုတ်စုတ်တွေ တန်းစီနေတယ်။ အိမ် တွေက ဆောက်ထားတာ ၁၀ နှစ်တောင်မပြည့်သေးပေမယ့် ယိုင်လဲပြိုကျချင်နေပြီ။ ညစ်ပတ်နေတဲ့ မြေကွက်လပ်တွေမှာ ကလေးတချို့ ကြောင်တောင်တောင်နဲ့ မတ် တတ်ရပ်နေကြတယ်။ အမှိုက်တွေကလည်းနေရာတကာပြန့်ကျဲလို့။ ဆေးလိပ်တိုတွေ၊

ပုလင်းခွံတွေ၊ အိတ်စုတ်တွေ..။ ပလက်ဖောင်းပေါ်မှာ စားလက်စ ဖော့ဘူးတစ်ဘူး ပွင့်လျက်သား။ ကော်ဖွန်းနဲ့ ခက်ရင်းတောင် တပ်ထားသေးတယ်။ ဆက်မစားတော့ ဘဲ ထားခဲ့တာနေမယ်။ ဘေးကမြောင်းထဲမှာ အချဉ်အလူးလူးနဲ့ အာလူးကြော်ချောင်း တွေ ပြုတ်ကျနေတယ်။ သစ်ပင်တွေကလည်း စိမ်းစိမ်းစိုစိုမရှိဘဲ စိတ်ဓာတ်ကျချင် စရာ ကောင်းနေတယ်။ ကောက်ကောက်ကွေးကွေး သစ်ကိုင်းတွေ၊ ပန်းတစ်ပွင့်မှ မရှိ။ လမ်းထိပ်က အိမ်တစ်လုံးရဲ့ရှေ့ ခုံတန်းမှာ ခပ်ငယ်ငယ် စုံတွဲ တစ်တွဲ ထိုင်နေ တယ်။ လမ်းမကို တီဗွီကြည့်သလို ငေးပြီး ကြည့်နေတယ်။

လမ်းဘေးက ဓာတ်တိုင်တစ်တိုင်မှာ ဓာတ်ပုံ ခပ်ဝါးဝါးတစ်ပုံ ကပ်ထား တယ်။ ဓာတ်ပုံထဲက ကောင်မလေးက မပြုံးမရယ်ဘဲ ကင်မရာကိုစိုက်ကြည့်နေတယ်။ လူပျောက်ကြော်ငြာပါ။ ပျောက်နေတာ ၂၀၀၇ အောက်တိုဘာလ ကတည်းက..တဲ့။ နောက်ထပ်တစ်လမ်းကို ရောက်တော့လည်း ဓာတ်တိုင်မှာ ကပ်ထားတဲ့ဓာတ်ပုံတစ်ပုံ ထပ်တွေ့ပြန်တယ်။ စောစောကကောင်မလေးပဲလားလို့ကြည့်လိုက်တော့မဟုတ်ဘူး။ ဒီတစ်ယောက်က သတ်သတ်..။ ဒီကောင်မလေးကတော့ ၂၀၀၈ ဇွန်လမှာ ပျောက် သွားတာ။ ဒီကောင်မလေး နှစ်ယောက်စလုံးရဲ့ မျက်နှာတွေက လှလှပပနဲ့ ချစ်ဖို့ ကောင်းတဲ့ မျက်နှာတွေမဟုတ်ဘူး။ ဒါကြောင့်လည်း လီဆက်စတီဖင်လောက် လူ မသိကြတာဖြစ်မယ်။ ကျွန်မလည်း ဓာတ်ပုံလှလှလေး တစ်ပုံလောက်တော့ရိုက်ထား ဦးမှ။ ဒါမှ မတော်တဆ ကျွန်မ ပျောက်သွားခဲ့ရင် ဓာတ်တိုင်မှာ ပုံလှလှလေးတွေ ကပ်လို့ရမှာ..။

နောက်ထပ် နည်းနည်း ဆက်မောင်းလိုက်တော့ အကျဉ်းထောင်ရှိတဲ့နေရာကို ရောက်လာတယ်။

ထောင်အဆောက်အအုံက ကျွန်မ ထင်ထားသလောက် မကြီးကျယ်ဘူးပဲ။ ဒီအတိုင်း အပြင်က ကြည့်လိုက်ရင် သာမန် ရုံးအဆောက်အအုံလိုလို၊ တယ်လီဖုန်းရုံး လိုလို။ တံတိုင်း ပတ်ပတ်လည်မှာ တပ်ထားတဲ့ သံဆူးကြိုးခွေတွေ ရှိနေလို့သာ အကျဉ်းထောင်ဆိုတာ သိသာနေတာ။ တံတိုင်းက သံဆူးကြိုးခွေတွေကို ကြည့်ရင်း ငယ်ငယ်တုန်းက ကျွန်မတို့ အိမ်မှာရှိခဲ့ဖူးတဲ့ အလိမ်အလိမ်တွေနဲ့ ဖုန်းကြိုးကို သွား သတိရတယ်။ ဘန်နဲ့ အမေနဲ့ အဲဒီဖုန်းကြိုးကို ခလုတ်တိုက်ပြီး ရန်ဖြစ်နေကျလေ။ ကျွန်မတို့ ညီအစ်မတွေလည်း အဲဒီ ဖုန်းကြိုးကြောင့်ပဲ ခဏခဏ မှောက်လျက် လဲတယ်။ ဒက်ဘီဆိုရင်ချော်လဲပြီး လက်မောင်းပြဲသွားတာ လက်မောင်းမှာအမာရွတ် ဖြစ်သွားတယ်။ *သေရာပါပဲ..*။

ပတ်ဝန်းကျင်က အရမ်းတိတ်ဆိတ်နေတယ်။ တိတ်ဆိတ်နေတာကြီးပျောက်သွားအောင် ကျွန်မ ချောင်းတစ်ချက်ဟန့်လိုက်တယ်။

ကားပါကင်ထဲကို ကား ထိုးဝင်လိုက်တယ်။ တစ်လမ်းလုံး ချိုင့်ခွက်တွေနဲ့ ချည်း တွေ့လာတာဆိုတော့ ကားပါကင်ရဲ့ အောက်ခံကတ္တရာသားက နူးအိနေတယ်။ ကားကို ရပ်လိုက်ပြီး မဆင်းသေးဘဲ ထိုင်နေမိတယ်။ ထောင်တံတိုင်းအတွင်းကနေ ထွက်လာတဲ့ ထောင်သားတွေရဲ့ စကားပြောသံတွေ၊ အော်သံတွေကို အပြင်ကနေ ကြားနေရတယ်။ အားကစား လုပ်တဲ့ အချိန်ထင်တယ်။ ဖော်ဒကာပုလင်းကိုဖွင့်ပြီး တစ်ကျိုက် မော့ချလိုက်တော့ ဆေးခါးကြီးလို စူးပြီးဆင်းသွားတယ်။ ပီကေတစ်ခု ထုတ်ဝါးတယ်။ တစ်ချက် နှစ်ချက် ဝါးပြီးတာနဲ့ ပါးစပ်ထဲက ပြန်ထုတ်ပြီး တစ်သျှူးနဲ့ ထုပ်သိမ်းလိုက်တယ်။ အရက်ရှိန်ကြောင့် နားတွေ နည်းနည်း ပူလာပြီ။ ဆွယ်တာကို ဆွဲမပြီး ကျွန်မ ဘရာစီယာကို ချွတ်လိုက်တယ်။ လိုင်ဝိုက်သ် အကြံပေးလိုက်လို့ပါ။ *ထောင်တံခါးထဲကိုဝင်ရင် လုံခြုံရေးစက်ကို အရင်ဖြတ်ရတယ်ဗျ။ အဲဒီစက်ကိုဖြတ်လို့ အသံမြည်ပြီဆိုရင် အလုပ်တော်တော်ရှုပ်တယ်။ လေယာဉ်ကွင်းမှာလို လက်ကိုင်တုတ်ပြားနဲ့ စစ်တာမျိုး မဟုတ်ဘူး။ အဲဒီတော့ ခင်ဗျား အထဲကိုမဝင်ခင် ကိုယ်မှာရှိတဲ့ သံနဲ့၊ သတ္တုနဲ့ ပတ်သက်တဲ့ ပစ္စည်းမှန်သမျှ ကားထဲမှာ အကုန်ထားခဲ့လိုက်။ မိန်းကလေးတွေဆိုရင်.. ဟိုဗျာ.. ဘရာစီယာပါ ချွတ်ခဲ့မှ စိတ်ချရတယ်။ ဘရာစီယာထဲမှာ ပါတဲ့ သံချိတ်ကွေးလား..ဘာလား..အဲဒါက စက်ဖြတ်ရင် အသံမြည်တတ်တယ်..တဲ့။* လိုင်ဝိုက်သ်က အထစ်ထစ်အငေါ့ငေါ့နဲ့ သတိပေးလိုက်တယ်။

ဒါဆိုလည်း ရပါတယ်။ ဘရာစီယာကို ကားဒက်ရှ်ဘုတ်အံဆွဲထဲ ပစ်ထည့်လိုက်ပြီး အထိန်းအကွပ်မရှိတော့တဲ့ ရင်သားတွေကို ဒီအတိုင်း လွှတ်ပေးထားလိုက်တယ်။

ထောင်ထဲကိုဝင်လိုက်တော့ ထောင်စောင့်ဝန်ထမ်းတွေက တော်တော်လေး ယဉ်ကျေးကြပါတယ်။ ယဉ်ကျေးလိမ္မာနည်း ဗီဒီယိုခွေတွေ ကြည့်ထားကြတယ်ထင်တယ်။ ဟုတ်ကဲ့ပါ အစ်မ.. ဒီဘက်ကိုကြွပါ အစ်မ..ခဏလေးနော် အစ်မ။ အိတ်ကပ်တွေကို စစ်တယ်။ တစ်ကိုယ်လုံးကို ရှာတယ်။ မေးတယ်။ ခဏစောင့်ခိုင်းတယ်။ ဟုတ်ကဲ့..အစ်မ။ ထပ်စောင့်ခိုင်းတယ်။ တံခါးတွေ ပွင့်တယ်၊ ပိတ်တယ်။ တံခါးတစ်ခုပြီး တစ်ခုကို ဖြတ်သွားရတာနဲ့ အမျှ တံခါးပေါက်တွေက ပိုပိုပြီး ကျဉ်းလာတယ်။ အောက်ကြမ်းပြင်က ကြေးချွတ်ဆေးအနံ့ တထောင်းထောင်းထွက်နေတယ်။ လေထုက စွတ်စိုပြီး အသားနံ့လိုလို ခပ်အီအီ။ ဟင်းနံ့ ဖြစ်မယ်။ ဒီနားတစ်ဝိုက်မှာ

နေ့လယ်စာစားတဲ့ အခန်းရှိတယ်ထင်တယ်။ ငယ်ငယ်တုန်းက ကျောင်းက ကျွေးတဲ့ 'အခမဲ့နေ့လယ်စာ' ကို နေ့တိုင်းစားခဲ့ရတဲ့ ဘဝကို ရုတ်တရက် သတိရသွားတယ်။ ကျွန်မတို့ညီအစ်မတွေ ကျောင်းကန်တင်းကို တန်းစီသွားတိုင်း ကောင်တာမှာထိုင်တဲ့ အန်တီဝဝကြီးက 'အခမဲ့နေ့လယ်စာ ပြင်မယ်ဟေ့' ဆိုပြီးအော်တာကိုလည်း မှတ်မိနေသေးတယ်။

ဘန် ကံကောင်းသွားတာ တစ်ခုတော့ရှိတယ်။ လူသတ်မှုတွေဖြစ်တဲ့ အချိန်တုန်းက ကန်းဆက်စ်ပြည်နယ်မှာ သေဒဏ်ချမှတ်ခြင်းကို ရပ်စဲထားတဲ့ ကာလဖြစ်နေတယ်။ ('လူသတ်မှုတွေဖြစ်တဲ့ အချိန်··'တဲ့··။ ကျွန်မရဲ့ အတွေးထဲက စကားစုတွေတောင် ပြောင်းလဲချင်နေပါရောလား။ 'ဘန် လူသတ်မှုကျူးလွန်ခဲ့တဲ့ အချိန်' လို့ စကားမဖွဲ့ချင်တော့တာလား'။) ဒီလိုနဲ့ ဘန့်ကို သေဒဏ်မပေးဘဲ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ပေးလိုက်တယ်။ ကျွန်မ အမှားကြောင့် ဘန်ထောင်ကျခဲ့တယ် ဆိုရင်တောင် အနည်းဆုံးတော့ သေဒဏ် ပေးမခံလိုက်ရတာ တော်သေးတယ်လို့ ပြောရမလားပဲ။ အခု ကျွန်မ ထောင်ဝင်စာတွေ့တဲ့ အခန်းရဲ့ အပြင်မှာ ရပ်စောင့်နေတယ်။ အထဲကို မဝင်သေးဘဲ အချိန်ဆွဲနေမိတယ်။ 'တွေးမနေနဲ့··ငေးမနေနဲ့··လုပ်စရာရှိတာ လုပ်လိုက်' ဆိုတဲ့ အန်တီဒိုင်ယန်းရဲ့ လက်စွဲစကားကို စိတ်ထဲမှာ တတွတ်တွတ် ရွတ်ပြီး ကိုယ့်ကိုယ်ကိုယ် အားပေးနေတာ။ ကျွန်မကို လိုက်ပို့ပေးတဲ့ ထောင်စောင့်က ဝင်တော့လေ··ဆိုတဲ့ပုံစံနဲ့ လက်ပြတယ်။

တံခါးကို ဆွဲဖွင့်လိုက်ပြီး ကျွန်မ အထဲကို ဝင်လိုက်တယ်။ အခန်းထဲမှာ မှန်ကာထားတဲ့ အကန့် ၅ ကန့်ရှိတယ်။ စကားပြောရင် ကြားရအောင်လို့ အကန့်တိုင်းမှာ ဟိုဘက်ဒီဘက် ဖုန်းတွေတပ်ထားပေးတယ်။ အကန့်တစ်ကန့်မှာ ခပ်ဝဝ အင်ဒီးယန်း အမျိုးသမီး တစ်ယောက်နေရာယူထားတယ်။ ဟိုဘက်ခြမ်းမှာ ထိုင်နေတဲ့ သူ့သားကို ဖုန်းခွက်ထဲကနေ တစ်ဆင့်စကားပြောနေတယ်။ အမျိုးသမီးရဲ့ သားက ဖုန်းကို လက်မှာကိုင်၊ သူ့အမေပြောတဲ့စကားတွေကိုနားထောင်ရင်းခေါင်းကိုငုံ့ထားတယ်။

အဲဒီသားအမိနဲ့ နှစ်ကန့်အကျော်မှာ ကျွန်မ ဝင်ထိုင်လိုက်တယ်။ ထိုင်ခုံမှာ နေရာတကျ ဖြစ်အောင် ပြင်ထိုင်နေရင်း အသက်ကို ပြင်းပြင်းရှူသွင်းနေတုန်းမှာ ဘန် မှန်ခန်းထဲကို ဖတ်ခနဲ ဝင်ချလာတယ်။ ဘန့် ကိုယ်လုံးက ခပ်ညက်ညက်ပဲ။ ၅ ပေ ၆ လက်မ လောက်ပဲ ရှိမယ်ထင်တယ်။ သူ့ဆံပင်တွေက သံချေးရောင် နီစွေးစွေး ဖြစ်နေပြီ။ ဆံပင်တွေက ရှည်ပြီး သူ့ပခုံးပေါ်အထိ ဝဲကျနေတယ်။ ဆံပင်တချို့ကို

မိန်းကလေးတွေလို နားနောက်မှာ သပ်တင်ထားတယ်။ မျက်မှန် တပ်ထားတယ်။ ထောင်ဝတ်စုံ လိမ္မော်ရောင်နဲ့ မျက်မှန်နဲ့ ပေါင်းလိုက်တော့ ဘန့်ပုံစံက စာဖတ်ဝါသနာပါတဲ့ ကားဝပ်ရှေ့ဆရာ တစ်ယောက်နဲ့ တူနေတယ်။ အခန်းက သေးသေးလေးဆိုတော့ ဘန် ကျွန်မရှေ့ကို ခြေလှမ်းသုံးလှမ်းလောက်နဲ့ ရောက်ချလာတယ်။ ဘန်က မှန်ရှေ့မှာ ဝင်ထိုင်တယ်။ သူ့မျက်နှာက ကျွန်မကိုတွေ့လို့ အရမ်း ဝမ်းသာသွားသလို ဆက်တိုက် ပြုံးနေတယ်။

ဘန်က မှန်ပေါ်ကို သူ့ လက်ဖဝါးကို တင်လိုက်တယ်။ ကျွန်မကိုလည်း မှန်ပေါ်ကို လက်ဝါးအပ်ဖို့ အမူအရာလုပ်ပြတယ်။ ဟင့်အင်း·· ကျွန်မ မလုပ်နိုင်ဘူး။ ဘန့်နဲ့ ကျွန်မရဲ့ လက်ဖဝါးတွေကြားမှာ မှန်တစ်ချပ်ခံနေသေးပေမယ့် ဒီလို နီးကပ်သွားရလောက်အောင် မရဲရင့်သေးဘူး။ ဘန့်ကို တစ်ချက်ပြုံးပြပြီး မှန်ဘေးမှာတပ်ထားတဲ့ ဖုန်းကိုပဲ ကောက်ကိုင်လိုက်တယ်။

ဘန်ကလည်း ဟိုဘက်ခြမ်းကနေ ဖုန်းကို ကိုင်တယ်။ ဖုန်းကို လက်ထဲမှာကိုင်ထားရင်း ချောင်းတစ်ချက် ဟန့်တယ်။ ခေါင်းငုံ့သွားတယ်။ ပါးစပ်ကဘာလဲမသိ တစ်ခုခု ပြောမလို့ ပြင်ပြီးမှ သူ ပါးစပ်ပြန်ပိတ်သွားတယ်။ ဘန့်ရဲ့ ငုံ့ထားတဲ့ခေါင်းကိုပဲ ကျွန်မ စိုက်ကြည့်နေမိတယ်။ ခဏကြာသွားတော့ ဘန့်မျက်နှာပြန်မော့လာတယ်။ သူ ငိုနေပြီ။ မျက်လုံးနှစ်ဖက်စလုံးက စီးလာတဲ့ မျက်ရည်တွေက ဘန့်မျက်နှာပေါ်ကနေ မေးအထိ ဖြတ်ဆင်းလာနေတယ်။ ဘန်က မျက်ရည်တွေကိုလက်ဖမိုးနဲ့ သုတ်လိုက်ပြီး ကျွန်မကို ပြုံးပြတယ်။ သူ့နှုတ်ခမ်းတွေ တုန်နေတယ်။

"လစ်ဘီ··လစ်ဘီ··ညီမလေး။ အမေနဲ့ တူလိုက်တာ"··ဘန်ကပြောရင်းရင်ဆို့သွားသလို ချောင်းတစ်ချက် ထပ်ဟန့်တယ်။ မျက်ရည်တွေကိုထပ်သုတ်တယ်။ "အဲဒီလောက် တူမယ်လို့ ထင်မထားဘူး"။ ဘန့်မျက်လုံးတွေ ကျွန်မ မျက်နှာကိုကြည့်လိုက်၊ သူ့လက်ဖဝါးတွေသူ ပြန်ကြည့်လိုက် ပျာယာခတ်နေတယ်။ "လစ်ဘီညီမလေး·· နင် နေကောင်းရဲ့လား။ အဆင်ပြေရဲ့လား"

ကျွန်မ လည်ချောင်း တစ်ချက်ရှင်းလိုက်တယ်။

"အင်း··နေကောင်းပါတယ်။ အဆင်လည်း ပြေသလိုလိုတော့ ရှိပါတယ်။ အချိန်တွေလည်း ကြာသွားတော့ အစ်ကို့ကို လာတွေ့သင့်ပြီလို့ ထင်လို့ ကျွန်မလာတွေ့တာ"

အမေနဲ့ကျွန်မ ရုပ်ချင်းဆင်တယ်တယ်ဆိုတာတော့ ကျွန်မကိုယ်တိုင်လည်း သတိထားမိတယ်။ ဘန်·· ဘန်ဒေးဆိုတဲ့ ငါ့အစ်ကိုကြီး··။ ငယ်ငယ်တုန်းက ဘန့်ကို

အစ်ကိုတော်ရလို့ ဂုဏ်ယူမိခဲ့တဲ့ စိတ်ကလေးက ပြန်ပြီးခေါင်းထောင်ချင်လာတယ်။ ဘန့်ရုပ်က လုံးဝကို မပြောင်းတာပဲ။ မျက်နှာဖြူဖြူ ဒေးမိသားစုတွေရဲ့ သင်္ကေတ နှာခေါင်း လုံးလုံးတိုတို··။ လူသတ်မှုတွေ ပြီးသွားကတည်းက ဘန့်ကိုယ်လုံးက ထွားမလာဘူး။ ဒီအတိုင်းပဲ။ အဲဒီညပြီးကတည်းက မောင်နှမ နှစ်ယောက်စလုံး အရပ် ထပ်မရှည်တော့အောင် ကျိန်စာသင့်သွားတာများလားမသိ။

ကျွန်မရဲ့ အစ်ကိုကြီး ဘန်ဒေး··ကျွန်မသူ့ကို လာတွေ့လို့ ဝမ်းသာလုံးဆို့ပြီး ငိုနေရှာတယ်။ *နေဦး··လစ်ဘီ·· နင့်အစ်ကိုက နင့်ကို ဘယ်လိုလှည့်ရမလဲ ဆိုတာ ကောင်းကောင်းသိတယ်နော်··* ကျွန်မကိုယ်ကျွန်မ ပြန်သတိပေးတယ်။ ဒါပေမယ့် သတိပေးချက်က ခဏပဲခံပြီး ပြန်ပျောက်သွားပြန်တယ်။

"ငါဝမ်းသာတယ်၊တကယ်ဝမ်းသာတယ်"··ဘန်က သူ့လက်ဖဝါးတွေကို ငုံ့ကြည့်နေရင်း ဆက်ပြောတယ်။ "လွန်ခဲ့တဲ့ နှစ်တော်တော်များများ ငါလေ နင့် အကြောင်းပဲ စဉ်းစားနေတာ။ နင်ဘာတွေဖြစ်ပြီး ဘယ်တွေရောက်နေပြီလဲလို့။ ဒီအထဲမှာ··ဒါပဲ လုပ်စရာရှိတာလေ။ စဉ်းစားတယ်။ တွေးတယ်။ ဒါပဲ။ နင်ဘာတွေ လုပ်နေသလဲ ဆိုတာ ငါ့ကို လှမ်းပြောတဲ့သူ၊ စာပို့ပေးတဲ့ သူတွေတော့ ရှိပါတယ်။ ဒါပေမယ့် နင်ကိုယ်တိုင်လာတွေ့တာနဲ့တော့ မတူဘူးလေ··"

"အင်းပေါ့"··ကျွန်မ သဘောတူသလို ဖြေလိုက်မိတယ်။

"အစ်ကို အထဲမှာနေရတာ အဆင်ပြေရဲ့လား"

ကျွန်မ ကြောင်တောင်တောင်နဲ့ မေးလိုက်မိပြီးမှ မျက်လုံးတွေ ပူစပ် လာတယ်။ ထင်မထားဘဲ ကျွန်မ ငိုချလိုက်မိတယ်။ မျက်ရည်တွေ ကြားမှာ ကျွန်မ ပြောပစ်ချင်လိုက်တဲ့ တစ်ခုတည်းသော စကားက *တောင်းပန်ပါတယ်··တောင်းပန် ပါတယ် ကျွန်မ တောင်းပန်ပါတယ်···*ဆိုတဲ့စကား။ ဒါပေမယ့် ကျွန်မ ဘာမှမပြော ဖြစ်ဘူး။ ဘန့်နှုတ်ခမ်းစပ်ကို ငေးကြည့်ရင်း အာရုံလွှဲထားလိုက်တယ်။

"လစ်ဘီ ငါဘာမှမဖြစ်ဘူး။ ဒီမှာ အဆင်ပြေတယ်။ လစ်ဘီ··ငါ့ကိုကြည့် ဒီမှာ"··ကျွန်မ ဘန့်ကို သေချာ ကြည့်လိုက်တယ်။ "တကယ်ပြောတာ။ အထဲကို ရောက်တော့မှ ငါ့ အခြေအနေက ပိုကောင်းသွားတာ။ ထောင်ထဲမှာပဲ အထက်တန်း အောင်သွားတယ်။ အပြင်မှာဆို ကျောင်းတောင် ပြီးအောင် တက်ဖြစ်မှာမဟုတ်ဘူး။ အခုဆိုရင် ငါလေ ထောင်ထဲကနေ ကောလိပ်စာမေးပွဲဖြေနေတာ ဘွဲ့ရဖို့ သိပ်တောင် မလိုတော့ဘူး။ အင်္ဂလိပ်စာ မေဂျာလေ။ အခုဆို··ငါ ရှိတ်စပီးယား စာအုပ်တွေ တောင် ဖတ်တတ်နေပြီ။ သိလား"··ဘန်က အသံကို ဩပြီး တမင်လုပ်ပြောတယ်။

*"အိုအသင်··လက်လက်ထတိုင်းလည်း ချွေမဟုတ်··တို့ ဘာတို့ ဖတ်တတ်နေပြီ"*

ဘန် ဘာကို ပြောချင်တာလဲ ကျွန်မ သေချာတော့ နားမလည်ပေမယ့် သူ ကျွန်မကို ရယ်စေချင်မှန်းသိတော့ ကျွန်မ ပြုံးလိုက်ပါတယ်။

"လစ်ဘီ··ညီမလေး··ဟာကွာ··ကြည့်လို့ကို မဝဘူး။ တကယ်တကယ်။ နင်နဲ့ အမေနဲ့ အရမ်းတူတာပဲ။ လူတွေက မပြောဘူးလား၊ နင်အမေနဲ့ ဘယ်လောက်တူသလဲဆိုတာ··"

"ဘယ်သူက ပြောမှာလဲဟင်။ ကျွန်မမှာ ဘယ်သူမှ မရှိတော့ဘူး။ ရန်နာဒေးက ဘယ်ရောက်နေလဲမသိဘူး။ အန်တီဒိုင်ယန်းနဲ့လည်း မခေါ်တော့ဘူး"

စိတ်ထဲမှာ ဘန် ကျွန်မကို သနားတာကို လိုချင်နေမိတယ်။ သနားစရာကောင်းမလေး လစ်ဘီဒေး အဖြစ် မြင်စေချင်မိတယ်။ ဒေးမိသားစုရဲ့ နောက်ဆုံးမျိုးဆက် နှစ်ယောက် အခု ဒီအခန်းထဲမှာ အတူတူရှိနေတယ်။ ဘန်သာ ကျွန်မကိုသနားမယ်ဆိုရင် ကျွန်မ အပေါ်မှာ အပြစ်တင်ချင်စိတ် နည်းနည်းများ လျော့သွားမလားလို့ မျှော်လင့်မိနေတယ်။ ကျွန်မ မျက်ရည်တွေ ဆက်တိုက်ကျနေတုန်းပဲ။ မသုတ်တော့ဘဲ ပစ်ထားလိုက်တယ်။ ဟိုဘက် နှစ်ကန့်ကျော်က အမျိုးသမီးကြီးက သူ့သားကိုနှုတ်ဆက်နေတယ်။ သူလည်း ငိုနေတယ်။

"အခု နင်တစ်ယောက်တည်း နေနေတာလား။ အဲဒီလိုတော့ မဖြစ်သင့်ဘူးလေ။ သူတို့ နင့်ကို ကောင်းကောင်း မစောင့်ရှောက်ကြဘူးလား"

"အစ်ကို ဘာဖြစ်နေတာလဲ။ ရူးသွားတာလား"·· ကျွန်မ ပိတ်အော်ပစ်လိုက်တယ်။ မျက်နှာတစ်ခုလုံးလည်း ရွဲရွဲစိုနေပြီ။ ဘန်က ကျွန်မကို နားမလည်သလို မျက်မှောင်ကြုတ်တယ်။ "ဘာလို့ အစ်ကို ကျွန်မကို ခွင့်လွှတ်နေတာလဲ။ ဘာလို့ အခုလို ကောင်းကောင်းမွန်မွန် ဆက်ဆံနေတာလဲ။ အစ်ကို ကျွန်မကို မုန်းနေရမှာ မဟုတ်ဘူးလား။ ဘာတွေ စွတ်သဘောကောင်းနေတာလဲ"·· တကယ်တမ်းကတော့ ဘန့်ရဲ့ ကြင်နာမှု၊ သဘောကောင်းမှုကို ကျွန်မ ငတ်မွတ်နေတယ်။ လိုချင်နေတယ်။

"ငါအဲဒီလောက် သဘောမကောင်းပါဘူး"··ဘန်ကဖြေတယ်။ "ငါစိတ်ဆိုးနေတဲ့လူတွေ၊ စိတ်နာနေတဲ့လူတွေ အများကြီးရှိတယ်။ ဒါပေမယ့် အဲဒီထဲမှာ နင်မပါဘူး"

"ဒါပေမယ့်"··ကျွန်မ ရှိုက်သံကို အတင်း မျိုချလိုက်တယ်။ "ကျွန်မရဲ့ ထွက်ဆိုချက်ထဲမှာ··လေ။ ကျွန်မကို အဲဒီတုန်းကမေးကြတော့ ဖြေလိုက်တာတွေ·· အဲဒါတွေက မှားနေလား၊ မှန်နေလား ကျွန်မ မသိဘူး"··*ဘန်သတ်လိုက်တာလည်း*

*ဖြစ်နိုင်နေတာပဲ။ မဟုတ်ဘူးလား။* ကိုယ့်ကိုယ်ကိုယ် ထပ်သတိပေးမိပြန်တယ်။

"ဩော်" ..ဘန်က ကျွန်မအဖြေကို နားထောင်ရင်း ဘာမှမဖြစ်တဲ့လေသံနဲ့ မှတ်ချက်ချတယ်။ "ငါပို့တဲ့စာတွေကို နင်မဖတ်ဖြစ်ဘူးထင်တယ် လစ်ဘီ"

ကျွန်မ ဘာပြန်ပြောရမှန်းမသိတာနဲ့ ပခုံးပဲတွန့်ပြလိုက်တယ်။

"အင်း..နင့် ထွက်ဆိုချက် ဆိုတာကလည်း..။ အဲဒီထွက်ဆိုချက်ကို ယုံတဲ့ လူတွေ ရှိနေတာကိုပဲ ငါအံ့ဩတာ။ နင်ထင်တဲ့၊မြင်တဲ့အတိုင်း ပြောခဲ့တာကိုတော့ ငါ မအံ့ဩပါဘူး။ ဒီလိုအဖြစ်ဆိုးမျိုး ကြုံရတော့ နင်လည်း သေသေချာချာဘယ်စဉ်းစား နိုင်ခဲ့ပါ့မလဲ။ ဟုတ်တယ် မဟုတ်လား။ ငယ်လည်း ငယ်သေးတယ်လေ။ ပြီးတော့ နင်က ငယ်ငယ်လေးကတည်းက ငလိမ်မလေးပဲဟာကို" ..ဘန်ကပြောရင်းနဲ့ ရယ် တယ်။ ကျွန်မလည်း ငိုရင်းနဲ့ လိုက်ရယ်မိတယ်။ ဘန်က ဆက်ပြောတယ်။

"တကယ်ပြောတာ။ နင့်ထွက်ဆိုချက်ကို သူတို့ယုံတယ်ဆိုကတည်းကိုက အဓိပ္ပာယ်မရှိတော့ဘူးလေ။ အဲဒီတုန်းက နင့်အသက်က ၇ နှစ်ပဲ ရှိသေးတာလေ။ ၇ နှစ်အရွယ် ကလေးတစ်ယောက် ကယောင်ကတမ်း ပြောနေတာတွေကို ယုံခဲ့ကြတဲ့ အကြောင်းရင်း တစ်ခုပဲ ရှိတယ်။ အားလုံးက ငါ့ကို ထောင်ထဲပို့ချင်နေခဲ့တာ။ ဘယ် လိုနည်းနဲ့ပဲ ဖြစ်ဖြစ် ဘန်ဒေး ထောင်ကျသွားရင် ပြီးရော ဆိုပြီး လုပ်ခဲ့ကြတာပဲ။ အဲဒီတုန်းက နင်က ကလေးလေးပဲရှိသေးတယ်။ အရမ်းငယ်သေးတာ တော်တော့်ကို ငယ်သေးတာ" ..ဘန့်မျက်လုံးတွေက ညာဘက်အပေါ်ထောင့် ဘာမှမရှိတဲ့နေရာကို လှမ်းကြည့်တယ်။ နေ့ခင်းကြောင်တောင် အိပ်မက်တဲ့ အကြည့်မျိုး။ "နင်သိလား။ ဟိုတစ်နေ့ကပေါ့ ..ငါလေ စဉ်းစားမိသေးတယ်။ ကြွေနဲ့လုပ်ထားတဲ့ ယုန်ရုပ်လေ.. အဲဒီအရုပ်အကြောင်းမှတ်မိလား လစ်ဘီ။ အိမ်သာအဖုံးပေါ် တင်ဖို့ဆိုပြီး အမေပေး ထားတဲ့ အရုပ်လေ.."

ကျွန်မ ခေါင်းခါလိုက်တယ်။ ဘန်ဘာတွေပြောနေတာသလဲဆိုတာ ကျွန်မ နားမလည်ဘူး။

"ဟုတ်လား၊ မမှတ်မိတော့ဘူးလား။ ယုန်ရုပ်လေးလေ။ အိမ်မှာ အိမ်သာ တစ်လုံးပဲ ရှိတာရော မှတ်မိလား။ အဲဒီအိမ်သာက သိပ်မကောင်းဘူးလေ။ တစ်နာရီ အတွင်းမှာ နှစ်ခါလောက် သုံးလိုက်မိရင် ရေဆွဲချလို့ မရတော့ဘဲ ပြန်စောင့်ရတယ် လေ။ အဲဒီတော့ ငါတို့ထဲက တစ်ယောက်ယောက် အိမ်သာတက်ပြီးလို့ ရေဆွဲချလို့ မရရင် အိမ်သာအိုးကို ပြန်ဖုံးပြီး အဖုံးပေါ်မှာ အဲဒီယုန်ရုပ်ကို တင်ထားရတယ်လေ။ ဒါမှ နောက်လူက အိမ်သာ ရေဆွဲမချရသေးတာကို သတိထားမိအောင်တဲ့။ မဟုတ်

ရင်၊ မသိဘဲ အိမ်သာဖုံးကို လှန်လိုက်ရင် အထဲက ရေဆွဲမချရသေးတဲ့ အီးတွေကို မြင်သွားမှာစိုးလို့လေ။ အဲဒီလို‥။ လစ်ဘီ နင်တကယ် မမှတ်မိဘူးလား။ ဟုတ်လား။ ငါလေ အဲဒီတုန်းက အဲဒီ ယုန်ရုပ်ကိုမြင်တိုင်း အရမ်းစိတ်ဆိုးတာ။ တစ်အိမ်လုံးမှာ အိမ်သာ တစ်လုံးတည်း ရှိတာကိုလည်း မကျေနပ်ဘူး။ အဲဒီအိမ်သာတစ်လုံးတည်းကို လူ ၅ ယောက် မျှသုံးနေရတာကိုလည်း မကျေနပ်ဘူး။ ပြီးတော့ အဲဒီ ယုန်ရုပ်ကို တင်ခိုင်းတာကိုလည်း မကျေနပ်ဘူး''‥ဘန်ကပြောရင်းနဲ့ မပွင့်တပွင့် ရယ်တယ်။ ''အဲဒီယုန်ရုပ်ကို မြင်တိုင်း ရှက်သလိုလို၊ အစော်ကားခံရသလိုလို ငါ့စိတ်ထဲ ဖြစ်နေခဲ့တာ။ ငါ့ကို ယောကျ်ားတစ်ယောက်လို့ အသိအမှတ်မပြုသလိုခံစားရတယ်။ ဘာလို့ ယုန်ရုပ်ကို ရွေးရတာလဲ။ စစ်သားရုပ်၊ ဒါမှမဟုတ် ကားရုပ်တွေ ဘာတွေ ရှာပေးလို့ မရဘူးလား။ အလကားနေရင်း အိမ်သာတက်တိုင်း၊ အဲဒီယုန်ကို မြင်တိုင်း ငါ့မှာ စိတ်တွေ ဆိုးရတာ အမောဟ။ အိမ်သာတက်ပြီးတိုင်းလည်း စဉ်းစားတယ်။ ငါ ဒီအရုပ်ကို မထိဘူး။ မကိုင်ဘူး။ အဖုံးပေါ် မတင်နိုင်ဘူးကွ‥ဆိုပြီး ဆန္ဒပြမယ်ပေါ့။ ဒါပေမယ့် ငါသာ အဲဒီယုန်ကို အဖုံးပေါ်မတင်ရင် နင်တို့ညီအစ်မတွေ အိမ်သာသွားတဲ့အခါ၊ အိမ်သာဖုံးကို လှန်လိုက်တဲ့အခါ ငယ်သံပါအောင် အော်ကြတော့မယ်လေ။ အမေရေ‥အီး ဟီး ဟီး ဟီး‥‥ဆိုပြီး ကုန်းအော်ကြမှာ။ ဒါနဲ့ပဲ ငါလည်း အရှုံးပေးပြီးတော့ ယုန်ရုပ်ကို အဖုံးပေါ် ဆောင့်အောင့်ပြီးတင်ရတယ်''‥ ဘန်က ရယ်ပြန်တယ်။ ဒါပေမယ့် ဒီအမှတ်တရကို ပြန်ပြောရင်း ဘန့်မျက်နှာက နီလာတယ်။ မျက်ရည်ဝဲလာတယ်။ ''အဲဒီလိုပဲ‥ ထောင်ထဲမှာ တွေးစရာတွေများလွန်းတော့ ဘာမဟုတ်တာလေးတွေကို အသေးစိတ် မှတ်မိ‥ပြန်တွေးမိနေတာ''

ကျွန်မရဲ့ မှတ်ဉာဏ်ထဲမှာများ အဲဒီ ယုန်ရုပ်လေးရှိနေမလားဆိုပြီးလိုက်ရှာကြည့်သေးတယ်။ အဲဒီအိမ်သာဟောင်းထဲက ပစ္စည်းတွေကို တစ်ခုချင်း ပြန်စဉ်းစားကြည့်တယ်။ ဒါပေမယ့် ဘန်ပြောတဲ့ ယုန်ရုပ်ကို လုံးဝ မမှတ်မိဘူး။

''ဆောရီး‥ဆောရီး‥လစ်ဘီ။ နင်ဘယ်မှတ်မိပါ့မလဲ။ ကြာပြီကိုး''

မှန်ရဲ့ အောက်ခြေနားကို ကျွန်မလက်ညှိုးနဲ့ထောက်ရင်း 'ရပါတယ်' လို့ ပြန်ဖြေလိုက်တယ်။

...

ဘန်နဲ့ ကျွန်မ ဘာမှ မပြောဖြစ်ဘဲ ခဏထိုင်နေမိတယ်။ အခန်းတစ်ခုလုံး တိတ်ဆိတ်နေတယ်။ တွေ့တာ ခဏပဲ ရှိသေးပေမယ့် ထောင်ဝင်စာတွေ့ဖို့သတ်မှတ်ချိန်က ပြည့်လုနီးနေပြီ။

"ဘန်··အစ်ကို။ အစ်ကို့ကို ကျွန်မ တစ်ခုမေးလို့ ရမလား"

"ရပါတယ်"··ဘန့်မျက်နှာက ဗလာသက်သက် ဖြစ်သွားတယ်။ ကျွန်မ မေးလာမယ့် မေးခွန်းအတွက် ခုခံဖို့ အသင့်ပြင်တယ်။

"အစ်ကို ထောင်ကမလွတ်ချင်ဘူးလား"

"လွတ်ချင်တာပေါ့"

"ဒါဆို အစ်ကို အဲဒီညက ဘယ်ရောက်နေခဲ့သလဲ ဆိုတာကို ရဲတွေကို ဘာလို့ အမှန်အတိုင်း ပြောမပြခဲ့တာလဲ။ အစ်ကို နွားတင်းကုပ်ထဲမှာ သွားအိပ်နေခဲ့တယ်ဆိုတာ လုံးဝကို မဖြစ်နိုင်ဘူး"

"ငါ့မှာ အလီဘိုင် ကောင်းကောင်း တကယ်မရှိခဲ့ဘူး လစ်ဘီ။ အဲဒါအမှန်တရားပဲ။ မတတ်နိုင်ဘူးလေ"

"နွားတင်းကုပ်ထဲမှာ ဘယ်လို သွားအိပ်မှာလဲ။ အဲဒီညက အေးလွန်းလို့ ရေတွေတောင် ခဲနေတာ"··တစ်ခြမ်းပြတ်နေတဲ့ ကျွန်မရဲ့ လက်ချောင်းကို ငုံ့ကြည့်မိတယ်။ ညာဘက် ခြေထောက်မှာ ရှိနေသေးတဲ့ နှစ်ခုတည်းသော ခြေချောင်းနှစ်ချောင်းကို လှုပ်ကြည့်တယ်။

"အင်း··ငါသိတယ်။ သိတယ် လစ်ဘီ။ ဘယ်လိုရှင်းပြရမလဲ။ ဘယ်လိုပြောပြရမလဲ"··ဘန်က မျက်နှာလွှဲသွားတယ်။ "ငါ··ထောင်ထဲမှာနေရင်း အဲဒီညအကြောင်းကို နေ့တိုင်း စဉ်းစားမိတယ်။ အဲဒီ အဖြစ်အပျက်ကို မဖြစ်အောင်တားဖို့ ငါဘာတွေ လုပ်ခဲ့ပေးလို့ရသလဲ။ ငါသာ သတ္တိရှိတဲ့ ယောကျ်ားတစ်ယောက်ဖြစ်ခဲ့ရင် အမေ၊ မီရှယ်နဲ့ ဒက်ဘီတို့ သေချင်မှသေမှာ။ ငါသာ··အမေ့ကိုစိတ်ဆိုးပြီး အဲဒီ နွားတင်းကုပ်ထဲမှာ သွားအိပ်မနေခဲ့ရင်"··ဘန် ကိုင်ထားတဲ့ ဖုန်းခွက်ပေါ်ကို သူ့မျက်ရည်တစ်စ ပြုတ်ကျသွားတယ်။ "အဲဒီညက ငါသူရဲဘောကြောင်ခဲ့လို့၊ သတ္တိမရှိခဲ့လို့ အခုလို အပြစ်ဒဏ်ခံနေရတာပဲလို့ ငါယူဆတယ်"

"ဟင့်အင်း၊ မဟုတ်သေးဘူး။ ကျွန်မ တကယ်နားမလည်ဘူး။ ရဲတွေနဲ့ စကားပြောတုန်းကရော ဘာလို့ ကလန်ကဆန်တွေ ပြောခဲ့တာလဲ"

ဘန်က ပခုံးပဲ တွန့်ပြတယ်။ သူ့မျက်နှာက ဗလာသက်သက် ပြန်ဖြစ်သွားပြန်တယ်။

"အား·· ဘယ်လိုပြောရမလဲ။ အဲဒီတုန်းက ငါ့အသက်က အရမ်းငယ်သေးတယ်လေ။ ၁၅ နှစ်အရွယ် ကောင်လေးလေ။ အသက် ၁၅ နှစ်ပဲ ရှိသေးတာလေ လစ်ဘီ··။ ယောကျ်ား ပီသအောင် ဘယ်လိုနေထိုင်ပြောဆိုရမလဲ ငါသိမှမသိခဲ့ဘဲ။

ကိုယ့်ကိုယ်ကိုယ် မယုံကြည်စိတ်တွေနဲ့ပဲ ပြည့်နေခဲ့တာ။ ပြီးတော့ ရန်နာဒေးကလည်း ငါ ယောကျ်ား တစ်ယောက်ဖြစ်လာအောင် ဘာမှ ကူညီမပေးခဲ့ဘူး။ ဘယ်သူမှ ဂရုစိုက်တာ မခံရတဲ့ ကောင်လေးတစ်ယောက်လေ။ ဟော··လူသတ်မှုတွေလည်းဖြစ်သွားရော··ဝုန်းဒိုင်းဆိုပြီး လူတွေရဲ့ အာရုံက ငါ့အပေါ်ကို စုပြုံကျလာတယ်။ ငါနဲ့ စကားပြောရတာကိုပဲ ကြောက်သလိုလို ဖြစ်လာကြတယ်။ အဲဒီမှာ ငါလည်း နည်းနည်း မာန်တက်သွားတယ်။ ကြောက်စရာ လူမိုက်ကြီးတစ်ယောက်လို့ အထင်ခံရတာကို သာယာသွားတာ''

''ကိုယ့်မိသားစု ကိုယ်ပြန်သတ်တဲ့ လူမိုက်လို့ အထင်ခံရတာလေ။ ဘာဂုဏ်ယူစရာရှိသလဲ''

''ငါ့ကို စောက်ရူးလို့ ခေါ်ချင်လည်း ခေါ်လိုက် လစ်ဘီ။ ရတယ် ပြောချင်သလိုပြော။ အဲဒီတုန်းကတော့ ငါ့ခေါင်းထဲမှာ ဘာမှ ထွေထွေထူးထူး မတွေးမိခဲ့တာ အမှန်ပဲ။ ရဲတွေကိုလည်း ငါမလုပ်ဘူးလို့ ပြောပြီးပြီ။ ငါသတ်တာမဟုတ်ဘူးဆိုတာ ငါကိုယ်တိုင်လည်း သေချာတယ်။ ဒါပေမယ့် ဘာဖြစ်လို့လဲတော့ မသိဘူး။ သူတို့ စွပ်စွဲနေတာတွေကို ငါ့ခေါင်းထဲ အရေးတယူ ထည့်မစဉ်းစားချင်တော့တာ။ ငါ့ကို ထောင်ချပစ်လိုက်မှာကို ငါတကယ် စိတ်ပူခဲ့တယ် ဆိုရင်တော့ အဲဒီလိုမျိုး ဖြစ်ချင်မှ ဖြစ်သွားမယ်။ ဒါပေမယ့် ငါကလည်း သူများတွေရှေ့မှာ လူမိုက်ကြီးအဖြစ် လုပ်ပြချင်ခဲ့တာလေ။ ညဘက်ရောက်ရင် ခေါင်းအုံးပေါ်မှောက်ပြီး တဟီးဟီးငိုရင် ငိုမယ်။ ဒါပေမယ့် လူရှေ့ ရောက်ရင်တော့ မျက်နှာမပျက်၊ ခပ်တင်းတင်းပဲ။ ၁၅ နှစ်အရွယ် ကောင်လေးတစ်ယောက်ကို တရားခွင် တင်တယ်။ လာကြည့်တဲ့၊လာနားထောင်တဲ့ လူတွေကလည်း သူနဲ့ သိတဲ့သူတွေချည်းပဲ။ ဒီတော့ သူတို့ရှေ့မှာပျော့ညံ့တဲ့ ကောင်အဖြစ် အထင်မခံချင်တော့ ရင်ကိုကော့ထားပေါ့။ ငါ့စိတ်ထဲမှာ တကယ်ထင်ထားတာက တစ်မျိုး။ ထောင်ကျရင်ကျသွားမယ်၊ ဒါပေမယ့် ကျောင်းကလူတွေ အကုန်လုံး ရှေ့မှာတော့ ငါဟာ ကြောက်ဖို့ကောင်းတဲ့ လူမိုက်ကြီးတစ်ယောက်ဖြစ်သွားမယ်။ အဲဒါကို တွေးပြီး သာယာခဲ့တာ။ အခုလို အခြေအနေအထိ၊ ဒီလောက်နှစ် အကြာကြီးအထိ·· ထောင်ထဲမှာ နေရမယ်လို့ ထင်မထားခဲ့ဘူး''··ဘန်ကပြောနေရင်းနဲ့ ငိုပြန်တယ်။ ပါးကမျက်ရည်တွေကို သုတ်တယ်။ ''အခုတော့ သူများရှေ့ မျက်ရည်ကျရတာ ငါ မရှက်တော့ပါဘူး''

''ဒါဆိုရင် အစ်ကိုထောင်ကလွတ်အောင် ကျွန်မတို့ကြိုးစားရမယ်လေ''·· ကျွန်မ စိတ်တုံးတုံးချပြီး ပြောလိုက်တယ်။

"မဖြစ်နိုင်ဘူးလစ်ဘီ။ တကယ်သတ်တဲ့သူကို မမိမချင်း ငါလွှတ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး"

"အရင်ဆုံး..အမှုကို အစကနေ ပြန်လိုက်ပေးမယ့် ရှေ့နေတွေလိုတယ်"..ကျွန်မ ပြောလိုက်တယ်။ "ပြီးတော့ အခုခေတ်မှာ DNA စစ်ဆေးတာတွေကလည်း အရမ်းတိုးတက်နေပြီ မဟုတ်လား"..DNA ဆိုတဲ့ နည်းပညာဟာ ကျွန်မအတွက်တော့ မှော်ပညာတစ်ခုလိုပဲ။ DNA သက်သေအသစ်တွေ ပေါ်လာလို့ ဘယ်သူတွေဘယ်လို ထောင်က လွှတ်သွားကြသလဲဆိုတာ အမြဲကြားနေရတာကိုး။

ဘန်က ပါးစပ်ကိုစေ့ထားရင်း ရယ်တယ်။ ငယ်ငယ်တုန်းက သူများမခံချင်ဖြစ်အောင် ကျိတ်ပြီးရယ်တဲ့ပုံစံမျိုး။

"လစ်ဘီ..လစ်ဘီ.. နင်ပြောတဲ့လေသံက ရန်နာနဲ့ တစ်ပုံစံတည်းပဲ"..ဘန်က ပြောတယ်။ "ရန်နာဒေး ငါ့ဆီကို နှစ်နှစ်ကို တစ်ခါစာပို့တယ်။ သူ့စာတွေအကုန်လုံးထဲမှာလည်း ဒီ DNA အကြောင်းပဲ။ DNA လိုတယ်ဟေ့။ DNA နည်းနည်းလောက်တော့ ကျန်ရဦးမယ်..ဆိုပဲ။ မသိရင် ငါ့ဆီမှာ သေတ္တာလိုက်သိမ်းထားသလိုလို"..ဘန်က အဖေ့ရဲ့ ရှုးကြောင်ကြောင် အမူအရာကို လုပ်ပြရင်းပြောတယ်။

"ရန်နာဒေး ဘယ်ရောက်နေသလဲ အစ်ကို သိလား"

"နောက်ဆုံးတစ်ခေါက် စာပို့ထားတာတော့ အိုကလာဟိုးမားဘက်မှာရှိတဲ့ 'ဘာ့တ်နီလန်၏ ဒုက္ခသည်များ စောင့်ရှောက်ရေး စခန်း'..ဆိုပြီး ပို့သူလိပ်စာမှာ ရေးထားတာပဲ။ ငါ့အမှုအတွက် ဆက်ပြီး စုံစမ်းပေးချင်လို့ ဒေါ်လာ ၅၀၀ လောက် ပို့ပေးစမ်းပါတဲ့..စာထဲမှာ ရေးထားတယ်။ ဘာ့တ်နီလန် ဆိုတာ ဘယ်သူလဲတော့ မသိဘူး။ အဲဒီ လူတော့ ရန်နာဒေးကို သူ့ဒုက္ခသည်စခန်းမှာ လက်ခံလိုက်မိတဲ့နေ့ကို တစ်သက်လုံး နောင်တရနေတော့မှာ သေချာတယ်"..ဘန်က သူ့လက်မောင်းကို တစ်ချက်ကုတ်တယ်။ အပေါ်ကို လန်တက်သွားတဲ့ ရှပ်အင်္ကျီလက်အောက်မှာ လှစ်ခနဲပေါ်လာတဲ့ တက်တူးတစ်ခု။ မိန်းမတစ်ယောက်ရဲ့ နာမည်ပဲ။ စာလုံး အပြည့်တော့ မမြင်လိုက်ဘူး။ နာမည် အဆုံးသတ်က -olly သို့မဟုတ် -ally ပဲ။ ကျွန်မမြင်သွားတာကို ဘန်ကလည်း သတိထားမိတယ်။

"ဩော်..ဒါက အရင်တုန်းက ရည်းစားဟောင်းပါ။ ထောင်ထဲကနေ စာအသွားအပြန်နဲ့ပဲ ကြိုက်သွားတာလေ။ ဒီတစ်ယောက်ကိုတော့ ငါတကယ်ချစ်တယ်လို့ထင်တာပဲ။ သူနဲ့ပဲ ယူမယ်လို့တောင် ဆုံးဖြတ်လိုက်သေးတယ်။ ဒါပေမယ့် ငါ့လိုထောင်ထဲမှာ တစ်သက်တစ်ကျွန်း ကျနေတဲ့ကောင်ကို ဘယ်သူက အတည်ယူချင်

ပါ့မလဲ။ ငါ့ကို မယူနိုင်ဘူး ဆိုရင်လည်း တက်တူးမထိုးခင်ကတည်းက ပြောပေါ့။ အခုတော့ တက်တူးပဲ အဖတ်တင်ကျန်ခဲ့တယ်''

''စိတ်နာမှာပဲနော်''

''နည်းနည်းပါးပါးပေါ့၊ အပ်နဲ့ထိုးတာပဲလေ''

''တက်တူးကိုပြောတာမဟုတ်ဘူး။ အစ်ကို့ကို ထားခဲ့တော့ စိတ်နာမှာပဲ နော်··လို့ မေးတာ''

''ဩော်··အေး စိတ်ထဲတော့ နာတာပေါ့။''

ထောင်စောင့်က တွေ့ချိန် သုံးမိနစ်ပဲ ကျန်တော့တဲ့ အကြောင်း အချက်ပြတော့ ဘန်က စိတ်ပျက်သလို ခေါင်းခါတယ်။ ''သုံးမိနစ်အတွင်း ဘာပြောရမလဲ ဆိုတာ စဉ်းစားဖို့ မလွယ်ဘူး။ နှစ်မိနစ်ပဲ ကျန်တော့တယ် ဆိုရင်တော့ နောက်တစ်ခါ ဘယ်နေ့ လာတွေ့မလဲဆိုတာ ပြောရင်း အချိန်ကုန်သွားတယ်။ ငါးမိနစ် ဆိုရင်တော့ ပြောလက်စ စကားကို အဆုံးသတ်လို့ရတယ်။ သုံးမိနစ်ကျတော့ ကိုးလိုးကန့်လန့်'' ··ဘန်က ဟူးခနဲ သက်ပြင်းတစ်ချက်ချတယ်။ ''နောက်တစ်ခေါက်ထပ်လာခဲ့ဦးနော် လစ်ဘီ··။ နင့်ကို တွေ့တော့မှပဲ ငါဘယ်လောက် အိမ်လွမ်းနေသလဲ ဆိုတာ သဘောပေါက်သွားတာ။ လစ်ဘီ··နင်လေ··အမေနဲ့ အရမ်းတူတာပဲ''

+++

## ပက်တီဒေး

**၁၉၈၅၊ ဇန်နဝါရီ (၂) ရက်**
**မနက် ၁၁ နာရီ ၃၁ မိနစ်**

လန် နဲ့ စကားပြောပြီး သူပြန်သွားတာနဲ့ ပက်တီ ရေချိုးခန်းထဲကို ပြန်ဝင်တယ်။ လန့် ရဲ့ မျက်နှာပေါ်က အပြုံးက ပက်တီ့ရဲ့ လျှာဖျားမှာ မနှစ်မြို့စရာအရသာ တစ်ခုလို စွဲကျန်နေခဲ့တယ်။ သူပေးမယ့် အကူအညီဆိုတာ ပက်တီလိုချင်တဲ့ အကူအညီမျိုး မဟုတ်တာတော့ သေချာသလောက်ပဲ။ လန် အိမ်ထဲကနေ ထွက်သွားတာနဲ့ လစ်ဘီတို့ ညီအစ်မသုံးယောက် အိပ်ခန်းထဲကနေ အပြုံလိုက် ပြေးထွက်လာကြပြီး ရေချိုးခန်း တံခါးရှေ့မှာ ရစ်သီရစ်သီ လာလုပ်တယ်။ တိုးတိုးတိုးတိုးနဲ့ သုံးပွင့်ဆိုင် ဆွေးနွေးခန်း ဖွင့်တယ်။ ရေချိုးခန်းထဲက သူတို့အမေကို မနှောင့်ယှက်တော့ဖို့ ဆုံးဖြတ်လိုက်တယ် ထင်တယ်.. တံခါးမခေါက်တော့ဘဲ သုံးယောက်သား ဧည့်ခန်းထဲ သွားပြီး တီဗွီရှေ့မှာ ထိုင်ကြတယ်။

ပက်တီ့ တစ်ကိုယ်လုံး ချွေးတွေနဲ့ အေးစက်နေတယ်။ သူ့မိဘတွေရဲ့အမွေ.. ဒီလယ်ကွက်လေးကို ဆုံးရှုံးလိုက်ရပြီ..။ ပက်တီဆိုတဲ့အမျိုးသမီးဟာ အဖေအမေတွေ ငြိုငြင်မှာကို သိပ်ကြောက်တတ်ခဲ့တာ။ ဒါကြောင့်လည်း လိမ္မာတဲ့ သမီးလေးဆိုပြီး သူ့ မိဘတွေက ပက်တီ့ကို ချစ်ခဲ့ကြတာ။ အခုတော့..။ ပက်တီ စိတ်ထဲမှာ ကျိတ်ပြီး ဆုတောင်းတယ်။ *ဘုရားသခင်..ကယ်တော်မူပါ.. အခုလို ဖြစ်ပျက်နေတာတွေကို အမေနဲ့အဖေ မသိပါစေနဲ့*။ ကောင်းကင်ဘုံကိုရောက်နှင့်နေကြတဲ့ ပက်တီ့မိဘတွေ၊ အဖေက အမေ့ရဲ့ ပခုံးကို ဖက်လို့..။ ပက်တီအခုလို ဖြစ်နေတာကို သူတို့မြင်များ မြင်သွားရင် *အောင်မလေး သမီးရယ်။ ဘယ်လိုဖြစ်တာလဲဟင်*..ဆိုပြီး ပြောမလား။

လယ်နဲ့မြေ မရှိတော့ဘူးဆိုရင် ပက်တီတို့ တစ်မိသားစုလုံး တခြားမြို့ကို ပြောင်းမှ ရတော့မယ်။ ကင်နက်ကီမှာ ငှားနေစရာ တိုက်ခန်းတွဲတွေ မရှိဘူးလေ။

အဲဒီတော့ တခြားမြို့ကို ပြောင်း၊ အလုပ်အသစ်တစ်ခု ရအောင်ရှာ၊ အလုပ်မရခင် စပ်ကြား၊ ရရာ အခန်းကျဉ်းကျဉ်းလေးထဲမှာ မိသားစု ၅ ယောက်စလုံး တိုးဝှေ့ပြီး နေကြပေါ့။ ဒါတောင်..အလုပ်ရှာလို့ ရဦးမှ။ တိုက်ခန်းတွေမှာ နေကြတဲ့မိသားစု တွေကို ပက်တီ ကြည့်ပြီး သနားခဲ့ဖူးတယ်။ ဘေးနဲ့ အပေါ် တိုက်ခန်းတွေရဲ့ ဆူညံသံတွေ၊ ငြင်းခုံသံတွေကို နားထောင်ပြီး ဘယ်လိုများနေကြသလဲပေါ့။

ပက်တီ့ဒူးတွေ ယိုင်ခနဲ ဖြစ်သွားတယ်။ ကြမ်းပြင်ပေါ်ကို ခွေလဲကျသွားတယ်။ ဒီ လယ်ကွက်ကို ဘယ်လို အင်အားနဲ့ ထားခဲ့ရမလဲ။ မဖြစ်နိုင်ဘူး။ ပက်တီ့မှာ ခွန်အားတွေ မရှိတော့ဘူး။ နောက်ဆုံး ကျန်တဲ့ အားအင်တွေကို လွှန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာ အကုန် ထုတ်သုံးပစ်လိုက်ပြီ။ အခုဆိုရင် တချို့ မနက်ခင်းတွေမှာ ပက်တီ အိပ်ရာကနေတောင် မထနိုင်တော့ဘူး။ စောင်အောက်ကနေ ခြေထောက်နှစ်ချောင်းကို ဆွဲထုတ်ဖို့တောင် မတတ်နိုင်တော့တဲ့အထိချည့်နဲ့နေပြီ။ သူ့သမီးတွေက သူတို့အမေကို အိပ်ရာထဖို့ အတင်းဆွဲထူရတယ်။ သမီးတွေ ကျောင်းမသွားခင် စားဖို့ မနက်စာပြင်ရတဲ့အခါ ပက်တီ့ စိတ်ထဲမှာ ငါသေသွားရင်ကောင်းမလားဆိုပြီး ခဏခဏ စိတ်ကူးယဉ်မိတယ်။ ဝေဒနာ မခံစားရဘဲ ခေါက်ခနဲ သေသွားတာမျိုး။ နှလုံးရောဂါဖြစ်ဖြစ်၊ ကားတိုက်ခံတာပဲဖြစ်ဖြစ်..။ *သားသမီးသုံးယောက်၏ မိခင်၊ ဘတ်စ်ကားတိုက်ခံရပြီး သေဆုံး*..အဲဒီလိုမျိုး။ ပက်တီ သေသွားရင် ကလေးတွေကို ဒိုင်ယန်းက မွေးစားပေးလိမ့်မယ်။ ဒိုင်ယန်းနဲ့ဆိုရင် ကလေးတွေ ပိုပြီး စည်းကမ်းရှိသွားလိမ့်မယ်။ အဝတ်မလဲဘဲ မြေကြီးပေါ်မှာ လိမ့်ကစားနေတာမျိုး လုပ်ရဲတော့မှာ မဟုတ်ဘူး။ နေမကောင်းရင်လည်း ဆရာဝန် ခေါ်ပေးနိုင်လိမ့်မယ်။ အိမ်အလုပ်တွေ သေချာလုပ်အောင်လည်း သင်ပြပေးနိုင်လိမ့်မယ်။ ပက်တီဒေးက တော်တော်ပျော့ညံ့တဲ့ မိန်းမ။ အကောင်းမြင်စိတ်လေးတော့ ရှိပါတယ်။ စိတ်ဓာတ်ကျတာလည်း မြန်တယ်။ တကယ်က ဒီလယ်ကွင်းကို အမွေရတဲ့ သူက ဒိုင်ယန်းပဲ ဖြစ်သင့်တာ။ ဒါပေမယ့် ဒိုင်ယန်းက လယ်နဲ့မြေကို လုံးဝ မလိုချင်ဘူးဆိုပြီး အသက် ၁၈ နှစ်ပြည့်တာနဲ့ အိမ်ကနေ ထွက်ချသွားတယ်။ ဒိုင်ယန်းရဲ့ ထုံးစံအတိုင်း မြူးမြူးကြွကြွ သွက်သွက်လက်လက်နဲ့ အလုပ်တွေ တစ်ခုပြီးတစ်ခု ဝင်လုပ်လိုက်တာ နောက်ဆုံးတော့ ပက်တီတို့နဲ့ မိုင်၃၀ လောက်ပဲ ဝေးတဲ့ *ရှီဘာတန်* မြို့က ဆေးခန်းတစ်ခုမှာ ဧည့်ကြိုအဖြစ်နဲ့ အလုပ်မြဲသွားတယ်။ မိုင် ၃၀ လောက်ပဲ ဝေးတယ်လို့ပြောရင်လည်းရသလို မိုင် ၃၀ တောင်..ဝေးသွားတယ်လို့ ပြောလို့လည်းရတယ်။ အရင်လို အမြဲ မတွေ့ဖြစ်တော့တာတော့ အမှန်ပဲ။

အခု ပက်တီနဲ့ ဒိုင်ယန်းရဲ့ မိဘတွေ ဆုံးသွားကြပြီ။ အသက်သိပ်မကြီးခင်မှာ ဆုံးသွားကြတယ်ဆိုပေမယ့် ရုတ်တရက်ကြီး ဆုံးသွားတာမျိုးတော့ မဟုတ်ပါဘူး။ ဒိုင်ယန်းက ချည့်ကြိုအဆင့်ကနေ အခု မန်နေဂျာဖြစ်နေပြီ။ အဲဒီဆေးခန်းမှာပဲ။ ကားဘီးတပ်အိမ်တွေ သီးသန့်ထားတဲ့ ခြံဝင်း ခပ်သန့်သန့်တစ်ခုထဲမှာ သူ့ကိုယ်ပိုင်ဘီးတပ်အိမ်လေးနဲ့ နေနေတယ်။

"ငါကတော့ ငါ့ဘဝငါ ကျေနပ်နေပြီ"..ဒိုင်ယန်းက အမြဲပြောတတ်တယ်။ "ဒီထက်ပိုပြီးတော့လည်း ဘာမှ မလိုချင်တော့ဘူး"

ဒိုင်ယန်းက အဲဒီလို မိန်းမမျိုး။ လက်တွေ့ဆန်တယ်။ ကိုယ့်အားကိုယ်ကိုးတယ်။ တော်လည်း တော်တယ်။ ပက်တီ့ သမီးတွေ ဘယ်လိုမုန့်မျိုး ကြိုက်သလဲ၊ ဘယ်လို လက်ဆောင်တွေကို သဘောကျသလဲဆိုတာ ဒိုင်ယန်းက ပက်တီ့ထက်ကို ပိုသိတယ်။ ကင်နက်ကီ တံဆိပ်ပါတဲ့ တီရှပ်တွေကို နှစ်တိုင်း ပုံမှန်လက်ဆောင်ပေးဖို့ ဘယ်တော့မှ မမေ့ဘူး။ *ကင်နက်ကီ* ဆိုတာ အင်ဒီးယန်း ဘာသာစကားက လာတာ..တဲ့။ အဓိပ္ပာယ်က မှော်ဝင်အမျိုးသမီးလေး..တဲ့၊ ဒိုင်ယန်းက ပက်တီ့သမီးတွေကို ရှင်းပြတယ်။ လစ်ဘီတို့ ညီအစ်မတွေက သူတို့ အန်တီဒိုင်ယန်းပြောတာကို ယုံပြီး အရမ်းပျော်နေကြတော့ ပက်တီလည်း ဘာမှမပြောတော့ဘူး။ ပက်တီ့စိတ်ထင်တော့ ကင်နက်ကီဆိုတာ ကျောက်ခဲလား၊ ကျီးကန်းလား..ဒါမှမဟုတ် တခြားတစ်ခုခုကို တင်စားခေါ်တာ ဖြစ်လိမ့်မယ်။ ဒါပေမယ့် အဲဒါ ဒိုင်ယန်းကို မပြောပြလိုက်ပါဘူး။

...

ဒိုင်ယန်းရဲ့ တီတီတီ..ဆိုတဲ့ ကားဟွန်းသံကို ကြားလိုက်တော့ ပက်တီ့ အတွေးစတွေ ခေါင်းထဲကနေ ခုန်ထွက်သွားတယ်။

"အန်တီဒိုင်ယန်း"..ဒက်ဘို့ရဲ့ အော်သံ။ ညီအစ်မ သုံးယောက် တံခါးဆီ ပြေးသွားကြတဲ့ အသံကို ပက်တီ ကြားရတယ်။ ပက်တီ့ သမီး သုံးယောက်သာ သူတို့အဒေါ်ရဲ့ ကားပေါ်ကို တက်သွားပြီး တစ်ခါတည်း အပြီးလိုက်သွားမယ်ဆိုရင် ဘယ်လိုနေမလဲ ပက်တီ စဉ်းစားကြည့်တယ်။ အိမ်ထဲမှာ ပက်တီတစ်ယောက်တည်း ကျန်ခဲ့ပြီး တိတ်ဆိတ်ငြိမ်သက်သွားမှာ သေချာတယ်။

ကြမ်းပြင်ပေါ်မှာ ဒူးထောက်ထိုင်နေရာကနေ ပြန်ထလိုက်တယ်။ အဝတ်တစ်ခုနဲ့ မျက်နှာကို သုတ်တယ်။ ပက်တီ့ မျက်နှာက ဒီအတိုင်းနေလည်း နီစွေးစွေးဖြစ်နေတတ်တယ်။ မျက်လုံးတွေကလည်း ဘာမှ မလုပ်ဘဲနဲ့ကို ပန်းရောင်သမ်းနေတယ်။ ဒီတော့ ပက်တီ ငိုထားလည်း ဘယ်သူမှ သိမှာမဟုတ်ဘူး။ အရေဆုတ်ထားတဲ့

ကြွက်စုတ်တစ်ကောင်နဲ့ တူနေပေမယ့် လူမသိအောင် ငိုလို့ရတာ တစ်ခုကတော့ အဆိုးထဲက အကောင်းလို့ ပြောရမလား။ အိမ်တံခါးကို ဖွင့်လိုက်တော့ ဒိုင်ယန်းက ကားပေါ်ကနေ အထုပ်တွေ ချနေပြီ။ အစားအသောက်တွေ အပြည့်ထည့်ထားတဲ့ စက္ကူအိတ် သုံးအိတ်ကို ဆွဲပြီး ဒိုင်ယန်း အိမ်ထဲကို ဝင်လာတယ်။ ကားပေါ်ကျန်ခဲ့တဲ့ တခြား အိတ်တွေကိုသွားယူဖို့ လစ်ဘီတို့ကို ခိုင်းလိုက်တယ်။ ပက်တီ့ စိတ်ထဲမှာ ဒိုင်ယန်းနဲ့ စက္ကူအိတ်နံ့နဲ့ကို တွဲပြီးတောင် မှတ်မိနေပြီ။ ဒိုင်ယန်း ဒီလို အစား အသောက်တွေ ယူယူလာပေးနေတာ နှစ်တွေ ဘယ်လောက်တောင် ကြာသွားပြီလဲ။ ပက်တီ့ ဘဝဟာ ဘယ်လောက်များ ဆိုးလိုက်သလဲ။ စိုက်ခင်းတွေကြားထဲမှာ နေ နေပေမယ့် စားစရာ အလုံအလောက် ဘယ်တော့မှ မရှိဘူး။

"နင့်သမီးတွေအတွက် စတစ်ကာစာအုပ် တစ်အုပ်လည်း ယူလာတယ်".. ဒိုင်ယန်းက စတစ်ကာစာအုပ်ကို စားပွဲပေါ်ပစ်ချရင်းပြောတယ်။

"အစ်မလုပ်တာနဲ့ ကလေးတွေတော့ အကျင့်ပျက်တော့မှာပဲ"

"အို..ဘာမှမဖြစ်ပါဘူး။ ပြီးတော့ ဒီမှာ တစ်အုပ်တည်း ဝယ်လာတာ။ သူတို့ သုံးယောက် မျှသုံးကြပေါ့။ အဲဒါမကောင်းဘူးလား"..ဒိုင်ယန်းက ပြန်ပြော ပြီး ကော်ဖီဖျော်ဖို့ပြင်တယ်။

"ဟုတ်သားပဲ။ ကော်ဖီဖျော်ဖို့ မေ့နေလိုက်တာ"..ပက်တီကပြောရင်း ဒိုင်ယန်းသောက်နေကျ ကော်ဖီခွက်ကို ပန်းကန်စင်ပေါ်ကနေ သွားယူပေးတယ်။ ဒိုင်ယန်းအကြိုက် ကော်ဖီခွက်က သူ့ခေါင်းလောက်နီးနီး ကြီးတဲ့ ဇရာမခွက်ကြီး။ ပက်တီ့အဖေ သောက်နေကျခွက်လေ။ ကော်ဖီဖျော်စက်က တဖျစ်ဖျစ် အသံမြည်ပြီး ရပ်သွားတယ်။ ပက်တီ ကော်ဖီစက်နားကိုသွားပြီး စက်ကို တစ်ချက်နှစ်ချက်ထုလိုက် တယ်။ ကော်ဖီဖျော်စက်က တော်တော်လေး စုတ်နေပြီ။ သုံးလေးစက် ကျပြီးတာနဲ့ ရပ်ရပ်သွားတတ်တယ်။

ကလေးသုံးယောက် အိမ်ထဲကို ပြန်ဝင်လာတယ်။ ကားပေါ်ကထပ်ယူလာတဲ့ အိတ်တွေကို စားပွဲပေါ်မှာ ချတယ်။ ဒိုင်ယန်းက အိတ်တွေကို ဖွင့်ဖို့ ကလေးတွေကို ပြောတယ်။

"ဘန်ရော..ဘယ်ရောက်နေလဲ"..ဒိုင်ယန်းကမေးတယ်။

"အင်း.."..ပက်တီ ဘာမှပြန်မဖြေသေးဘဲ ဒိုင်ယန်းသောက်မယ့်ကော်ဖီ ခွက်ထဲကို သကြားသုံးဇွန်း ခပ်ထည့်တယ်။ လစ်ဘီတို့ ညီအစ်မသုံးယောက် အိတ် ထဲက ပစ္စည်းတွေကို ထုတ်ပြီးစီနေရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ

တယ်။

"ကိုကြီးနဲ့အမေရန်ဖြစ်ပြန်ပြီလေ" ··မီရှယ်က အတင်းတုတ်ခွင့်ရလိုက်လို့ ပျော်နေတဲ့ လေသံနဲ့ ထအော်တယ်။

"ဟဲ့ မီရှယ်။··ကိုကြီးရဲ့ဟာ····အဲဒီအကြောင်း အန်တီ့ကို ပြောပြလိုက် လေ" ··ဒက်ဘီက သူ့ညီမကိုလက်တို့ပြီး ပြောတယ်။

ဒိုင်ယန်းက သူ့ညီမ ပက်တီ့ကို မျက်မှောင်ကြုတ်ပြီး လှမ်းကြည့်တယ်။ ဘန်ဒေးတစ်ယောက် ဘာများဖြစ်သလဲဆိုတဲ့ အကြည့်။

"သမီးတို့အတွက် အန်တီဒိုင်ယန်း စတစ်ကာစာအုပ် ဝယ်လာပေးတယ်တဲ့။ တွေ့ပြီးပြီလား··"

"ငါနင်တို့ အမေနဲ့ စကားပြောလိုက်ဦးမယ်။ သွား သွား··အခန်းထဲမှာ သွားဆော့ကြ" ··ဒိုင်ယန်းရဲ့ လေသံက ပက်တီ့ထက် ပိုမာတယ်။ ပက်တီ့အဖေဆို ရင်လည်း စကား ပြောလိုက်ရင် လေသံမာမာကြီးနဲ့ ပြောတတ်တယ်။ ဒါပေမယ့် တကယ်ဆူတဲ့ လေသံမျိုးမဟုတ်ဘဲ စပြီးနောက်ပြီး ပြောနေတာက များပါတယ်။ ဒိုင်ယန်းလည်း တူတူပဲ။

"ဟေး··စတစ်ကာစာအုပ်ဝယ်လာတာလား" ·မီရှယ်က စိတ်လှုပ်ရှားချင် ယောင် ဆောင်ထားတဲ့ အသံနဲ့ ပြောတယ်။ မီရှယ်က အဲဒီလိုမျိုး လိုချင်တဲ့ပုံစံနဲ့ ပြောလိုက်ပြီဆိုရင် လစ်ဘီက စိတ်ဆိုးပြီး အတင်းဝင်လုတတ်တယ်။ လစ်ဘီလေးက ခရစ္စမတ်နေ့မှာ မွေးတာလေ။ အဲဒီတော့ နှစ်တိုင်း လစ်ဘီ့ခမျာ မွေးနေ့လက်ဆောင်နဲ့ ခရစ္စမတ်လက်ဆောင်ပေါင်းပြီး တစ်ခုပဲ ရတော့တယ်။ ဒါကို လစ်ဘီကလည်းသိ တယ်။ ပက်တီကတော့ ခရစ္စမတ်နေ့တွေ ဆိုရင် လစ်ဘီ့အတွက် လက်ဆောင်အပို တစ်ခု ဖယ်ထားပေးပါတယ်။ ခပ်ပေါပေါ အပိုလက်ဆောင်ပေါ့။ အဲဒီလိုမျိုးဆိုရင် လစ်ဘီက မကျေနပ်ဘူး။ မတရားဘူးလို့ပဲ ထင်တယ်။

သူ့သမီးတွေအကြောင်း ပက်တီဒေး ကောင်းကောင်း သိရဲ့သားနဲ့ တစ်ခါ တလေကျရင် သူတို့ အကျင့်က ဘယ်လိုဆိုတာ မေ့မေ့သွားတယ်။ ဘာလို့များပါ လိမ့်။ ကိုယ့်ကလေးတွေရဲ့ အပြုအမူတွေကို သိနေရဲ့သားနဲ့ ဘာလို့ အံ့သြတဲ့စိတ် ဝင်ဝင်လာတတ်တာလဲ။

"ကားဂိုဒေါင်ထဲမှာ သွားပြောမလား" ··ဒိုင်ယန်းက သူ့အိတ်ကပ်ထဲမှာ ထည့်ထားတဲ့ စီးကရက်ဘူးကို လက်နဲ့ပုတ်ပြရင်း မေးတယ်။

"ဩော်" ··လို့ပဲ ပက်တီ ပြန်ဖြေလိုက်နိုင်တယ်။ ဒိုင်ယန်းက တစ်နှစ်မှာ

နှစ်ခါလောက် ဆေးလိပ်ဖြတ်ဖို့ ကြိုးစားတယ်။ ပြီးရင် ပြန်သောက်တယ်။ အခု ဒိုင်ယန်း အသက်က ၃၇ နှစ်။ ပက်တီ့ထက် အများကြီး ပိုပြီး ရုပ်ရင့်နေပြီ။ မျက်နှာမှာ မာခဲနေတဲ့ အရေးအကြောင်းတွေ ပြည့်နေပြီ။ ပက်တီကတော့ ဒိုင်ယန်း ဆေးလိပ်သောက်တာကို မတားတော့ပါဘူး။ ကားဂိုဒေါင်ထဲ ထိုင်သောက်ချင်တယ် ဆိုရင်လည်း သောက်ပေါ့။ ပက်တီ့ အဖေလည်း ဆေးလိပ်သောက်ခဲ့တာပဲလေ။ အဖေကတော့ အသက် ၅၀ စွန်းစွန်းမှာတင် အဆုတ်ကင်ဆာနဲ့ သေသွားပြီ။

ဒိုင်ယန်းနောက်ကို လိုက်သွားရင်း *လယ်ကွက် အကြွေးနဲ့သိမ်းခံလိုက်ရပြီ* ဆိုတဲ့အကြောင်း ပြောပြဖို့ကို ပက်တီ သတ္တိမွေးနေမိတယ်။ ပိုက်ဆံတွေကို သုံးချင်သလို သုံးသွားတဲ့ ရန်နာဒေးကိုပဲ အပြစ်တင်မလား။ ရန်နာဒေး သုံးချင်သလိုသုံးခဲ့တာကို မတားခဲ့တဲ့ ပက်တီဒေးကိုပဲ အပြစ်တင်မလား။ ဒါမှမဟုတ် ဒိုင်ယန်းရဲ့ ထုံးစံအတိုင်း ခေါင်းတစ်ချက်ညိတ်ပြီး စကားဆက်မပြောတော့ဘဲ ငြိမ်သွားမလား။

"ဘန်နဲ့ ဘာဖြစ်ထားတာလဲ။ ကလေးတွေပြောတဲ့ ဘန့်ဟာ··ဆိုတာ ဘာကြီးတုန်း "··ဒိုင်ယန်းက သူထိုင်နေကျ ထိုင်ခုံပေါ်မှာ ထိုင်ချလိုက်ရင်း မေးတယ်။ ထိုင်ခုံအောက်ခံ ကြိုးကွက်တွေက ပြုတ်တဲ့နေရာပြုတ်၊ ပြဲတဲ့နေရာပြဲနေပြီး ထိုင်ခုံ တစ်ခုလုံး တကျွိကျွိမြည်နေတယ်။ ဒိုင်ယန်းက ဆေးလိပ်ကိုထုတ်ပြီး မီးညှိတယ်။ ပက်တီ့ရှေ့ကို ဆေးလိပ်ငွေ့တွေရောက်လာတော့ လက်နဲ့ လှမ်းခါပေးတယ်။

"အာ··မဟုတ်ပါဘူး အစ်မရယ်။ သူ့ဟာဆိုတာ သူ့ဆံပင်ကိုပြောတာပါ။ ဘာမှမဟုတ်ဘူး။ ဘန်·· ဆံပင်ကို အမည်းဆိုးလိုက်လို့။ အဲဒါ၊ အဲဒါဘာဖြစ်လို့ ဆိုးလိုက်တယ်လို့ အစ်မ ထင်လဲ"

ဒိုင်ယန်း သူ့ကို ဆူများဆူတော့မလား ဆိုပြီး ပက်တီစောင့်နေတယ်။ ဒိုင်ယန်းက ဘာမှ မပြောဘဲ ငြိမ်နေတယ်။ တော်တော်ကြာမှ··

"ဘန့်အခြေအနေက ဘယ်လိုလဲ ပက်တီ။ ခြုံပြီးကြည့်လိုက်ရင် နင့်သား အခုတလော ဘယ်လိုဖြစ်နေသလဲ"

"အို···မသိပါဘူး၊ အရင်လိုပါပဲ၊ ဘူနေတာပဲ"

"ဘန် ဘူနေတာ အခုမှဖြစ်တာမှ မဟုတ်တာ။ ကလေးကတည်းက အဲဒီ အတိုင်းပဲမဟုတ်လား။ ငယ်ကတည်းက ဘန်က ကြောင်နဲ့ တူတယ်လေ။ ပွတ်သီး ပွတ်သပ်လုပ်နေရင်း ရုတ်တရက်ကြီး စိမ်းသွားတာမျိုး။ စောစောကပဲ အမေ့ကို ဖက်နမ်းနေတယ်။ ပြီးလည်းပြီးရော တစ်စိမ်းတစ်ယောက်ကိုကြည့်သလိုအကြည့်မျိုးနဲ့ ကြည့်နေပြန်ရော"

ဒိုင်ယန်း ပြောတာ မှန်တယ်။ ဘန် နှစ်နှစ်သားတုန်းကဆိုရင် တော်တော် အံ့ဩဖို့ကောင်းတယ်။ အမေကို မကပ်ဘူးလားဆိုတော့ ကပ်တယ်။ အမေ့ပေါင်ပေါ် တက်ထိုင်မယ်။ အမေ့လက်မောင်းကို ဖက်ထားမယ်။ ဖက်လို့ ဝသွားပြီ ဆိုတာနဲ့ အဖက်မလုပ်တော့ဘဲ ပျော့ခွေပြီး ဆက်နေနေတယ်။ မလွှတ်မချင်း ဒီအတိုင်းအသေ ကောင်လိုပဲ ဖြစ်နေတာ။ ဆရာဝန်ဆီကိုလည်း ခေါ်သွားပြီး ပြဖူးပါတယ်။ ဆေးခန်း ရောက်တော့လည်း ဘန်က ပါးစပ်ကို တင်းတင်းစေ့ပြီး ဘာဆို ဘာမှ မေးမရဘူး။ ဆရာဝန်ကိုယ်တိုင်တောင် ဘန့်ရဲ့ ထိန်းချုပ်နိုင်စွမ်းကို တော်တော်အံ့ဩသွားတယ်။ ဘန့်အတွက် သကြားပြား တစ်ပြား လက်ဆောင်ပေးရင်း နောက် ၆ လ ကြာလို့ ဘန် ဒီလိုပဲ ဆက်ဖြစ်နေရင် သူ့ဆီ ထပ်ခေါ်လာဖို့ ဆရာဝန်က မှာလိုက်တယ်။ နောက် ၆ လ ကြာတော့လည်း ဘန့်ပုံစံကမပြောင်းဘူး။ အခုထိလည်း ပြောင်း လဲမလာဘူး။

"ဘူတာ အပြစ်တော့လည်း မဟုတ်ပါဘူး" .. ပက်တီ ပြန်ဖြေလိုက်တယ်။ "ရန်နာဒေးလည်း အမြဲဘူနေတာပဲဟာကို"

"ရန်နာဒေးက ဘူတာမဟုတ်ဘူး ချီးထုပ်ကျတာ။ မတူဘူး။ ဘန့်ပုံစံကိုက တစ်မျိုးဖြစ်နေတာ။ အကုန်လုံးကို တံခါးပိတ်ထားတာ"

"ဘန်ဒေးအသက်က ၁၅ နှစ် ပြည့်ပြီလေ..ဒီလိုပဲပေါ့" ..ပက်တီစကား ပြောနေရင်း အသံက တိုးဝင်သွားတယ်။ ကားဂိုဒေါင် နံရံစင်ပေါ်က သံချောင်း အ ဟောင်းတွေထည့်တဲ့ ဘူးတစ်ဘူးဆီကို မျက်လုံးရောက်သွားတယ်။ အဖေအသက်ရှင် စဉ်ကတည်းက အဲဒီသံချောင်းဘူးက ရှိနေခဲ့တာ။ ဘူးပေါ်က စတစ်ကာမှာ အဖေ့ လက်ရေး ရှည်ရှည်ထောင်ထောင်တွေ နဲ့ 'သံချောင်းများ' ဆိုပြီး ရေးထားတယ်။

ကားဂိုဒေါင်ရဲ့ ကွန်ကရစ် ကြမ်းခင်းကြောင့် အထဲမှာ အပြင်ထက်တောင် ပိုအေးနေတယ်။ ဂိုဒေါင်ရဲ့ ထောင့်တစ်ထောင့်မှာ ရေခဲနေတဲ့ ပလတ်စတစ်ဂါလန်ပုံး တစ်ပုံး။ ပုံးရဲ့ဘေးအနားတွေတောင် ကွဲနေပြီ။ ဒိုင်ယန်းရဲ့ စီးကရက်ငွေ့တွေကြောင့် ဂိုဒေါင်ထဲမှာ အသက်ရှူရတာ ကျပ်သလိုလို ဖြစ်နေတယ်။ ဒါပေမယ့် ပက်တီ့စိတ် ထဲမှာ ဒီဂိုဒေါင်ထဲမှာ နေရတာ သက်သောင့်သက်သာ ရှိပါတယ်။ အဖေကိုယ်တိုင် ကိုင်တွယ် အသုံးပြုခဲ့တဲ့ ပလာယာတွေ၊ ဝက်အူလှည့်တွေ၊ အသွားကောက်နေတဲ့ ထွန်ယက်တွေ၊ အရွယ်အစား အစုံနဲ့ ပုဆိန်အမျိုးမျိုးတွေ ဒီဂိုဒေါင်ထဲမှာရှိနေတယ်။ နံရံစင်ပေါ်မှာလည်း မူလီတွေ၊ သံတွေ၊ တခြား အသေးအမွှားပစ္စည်းတွေကို ဘူး ကိုယ်စီ၊ တံဆိပ်ကိုယ်စီနဲ့ စီထားတယ်။ အဖေ ရေဒီယိုကလာတဲ့ ဘောလုံးပွဲတွေကို

ဂိုဒေါင်ထဲထိုင်ပြီး နားထောင်တဲ့အခါ ဘီယာစိမ်ဖို့ယူထားတဲ့ ရေခဲပုံးတစ်ပုံးလည်း ရှိသေးတယ်။ ရေခဲပုံးရဲ့ အောက်ခြေတွေက သံချေးတက်နေပြီ။

ဒိုင်ယန်း စကားနည်းနေတာ ပက်တီ့အတွက် တစ်မျိုးကြီးဖြစ်နေတယ်။ ပုံမှန်ဆိုရင် ဒိုင်ယန်းက သူထင်တာမြင်တာတွေကို ပြောနေကျ။ ဘာမှပြောစရာမရှိရင်တောင် ရှာကြံပြီး ဝေဖန်တတ်တယ်။ အခုလို ဘာမှ စကားမပြောဘဲ ထိုင်နေတဲ့ သူ့အစ်မကိုကြည့်ပြီး ပက်တီ့ စိတ်ထဲမှာ စိုးရိမ်သလိုလို ဖြစ်လာတယ်။

"ပက်တီ..ငါကြားထားတာ တစ်ခု နင့်ကို ပြောပြမလို့။ စစချင်းကတော့ ဘာမှ မပြောတော့ဘဲ နေမလို့ပဲ။ မဟုတ်လောက်ဘူးလို့ ငါကိုယ်တိုင်က ထင်ထားတာလည်း ပါတယ်။ ဒါပေမယ့် နင်က အမေဆိုတော့.. သိသင့်တယ်ထင်လို့"

"ဟုတ်.."

"နင့်သမီးတွေနဲ့ ဘန်နဲ့ ဆက်ဆံတဲ့အခါ တခြားသူတွေ တစ်မျိုးမြင်သွားစေမယ့် အပြုအမူမျိုး ဘန်..လုပ်ဖူးသလား"

ပက်တီ ဘာမှပြန်မဖြေဘဲ သူ့အစ်မကို ကြောင်ပြီး စိုက်ကြည့်နေတယ်။

"ငါပြောချင်တာကဟာ.. ဘန်ဒေးက သူ့ညီမတွေကို ဟိုကိုင်ဒီကိုင်လုပ်တယ်လို့ ထင်စရာ အပြုအမူမျိုး.."

ပက်တီ့ လည်ပင်းထဲ အလုံးတစ်လုံးဆောင့်တက်လာတယ်။ "ဘယ်လို..။ ဘန်က သူ့ ညီမတွေကို ချစ်ကိုမချစ်ဘူး။ အမြဲ ကြည့်မရဖြစ်နေတာ။ အနားတောင် သိပ်ကပ်တာမဟုတ်ဘူး"..ဘန်နဲ့သူ့ညီမတွေ စိမ်းနေတာကိုတောင် ဝမ်းသာရမလို ပက်တီ့စိတ်ထဲမှာ ဖြစ်သွားတယ်။

ဒိုင်ယန်းက နောက်ထပ် စီးကရက်တစ်လိပ် မီးညှိရင်း ခေါင်းညိတ်တယ်။ "အင်း..အိုကေ။ ဟုတ်ပြီ။ ဒါပေမယ့် ရှိသေးတယ်။ ငါ့သူငယ်ချင်းတစ်ယောက်က ပြောပြတာ။ ဘန် အခုတက်နေတဲ့ ကျောင်းမှာ ကောလာဟလတစ်ခု ပျံ့နေတယ်တဲ့။ မိရှယ်တို့နဲ့ အသက်မတိမ်းမယိမ်း ကောင်မလေးတွေက ပြန်ပြောတာတဲ့။ ဘန်ဒေးက သူတို့ကို နမ်းတယ်ဆိုလား၊ ဟိုကိုင်ဒီကိုင် လုပ်တယ်ဆိုလား..။ ဒါမှမဟုတ်ဒီ့ထက် ဆိုးတာ တစ်ခုခု လုပ်လိုက်သလား..။ ငါကြားတဲ့အတိုင်းဆိုရင်တော့ တော်တော်ကို ဆိုးတယ်"

"ဒိုင်ယန်း၊ အစ်မ.. အစ်မပြောနေတာ ဘန်နော်။ ဘန့်အကြောင်း အစ်မ မသိဘူးလား။ အဓိပ္ပာယ်မရှိလိုက်တာ"..ပက်တီ မတ်တတ်ထရပ်လိုက်တယ်။ သူ့ လက်တွေ ခြေတွေကို ဘယ်လိုဘယ်ပုံထားရမှန်းမသိ ကတုန်ကယင်ဖြစ်နေတယ်၊

ညာဘက်ကို လှည့်တယ်။ ဘယ်ဘက်ကို ချက်ချင်းပြန်လှည့်တယ်။ လမ်းပျောက်တဲ့ လမ်းဘေးခွေးတစ်ကောင်လို ပျာယာခတ်နေတယ်။ ပြီးမှ ပြန်ထိုင်တယ်။ ထိုင်ခုံ အခင်းရဲ့ ကြိုးတစ်ချောင်း ဖတ်ခနဲ ပြတ်ထွက်သွားတယ်။

"အဓိပ္ပာယ်မရှိမှန်း ငါလည်းသိပါတယ်။ နားလည်မှုလွဲတာလည်း ဖြစ်နိုင် တာပဲ"

ဒိုင်ယန်း ပြောသမျှထဲမှာ ဒါအဆိုးဆုံးပဲဆိုတာ ဒိုင်ယန်း ပါးစပ်ထဲက အဲဒီ စကား ထွက်လာတာနဲ့ ပက်တီ ချက်ချင်း သိလိုက်တယ်။ နားလည်မှုလွဲတယ်‥ ဆိုတာရဲ့ နောက်မှာ ပြဿနာတွေ အများကြီး ပါလာနိုင်တယ်။ ခေါင်းကို တစ်ချက် ပုတ်မိတာကို အသားယူပြီးကိုင်တယ်လို့ နားလည်မှုလွဲသွားနိုင်သလို ပါးတစ်ချက် နမ်းမိတာကိုလည်း ဒီ့ထက်မက ထင်ချင်သလို ထင်သွားနိုင်တယ်။

"ဘယ်လို နားလည်မှု လွဲရမှာလဲဟင်။ နမ်းသလား မနမ်းဘူးလားဆိုတာ ဘန့်အနေနဲ့ ဘာမှ နားလည်မှုလွဲစရာ အကြောင်းမရှိဘူး။ ဟိုကိုင်ဒီကိုင် လုပ်တယ် ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး။ ဘန်ဒေးက အဲဒီလို ကောင်လေး မဟုတ်ဘူး။ သူ့ပုံစံ တစ်မျိုးဖြစ်နေတာတော့ မှန်တယ်။ ဒါပေမယ့် ရူးနေတာမှ မဟုတ်ဘဲ"‥ပက်တီ့ တစ်သက်လုံးမှာ ဘန်ဒေးဟာ ပုံမှန် ကလေးတစ်ယောက်သာ ဖြစ်တယ်ဆိုတာကို အတင်း မျက်စိမှိတ်ငြင်းခဲ့တာ။ အခု‥ဘန် ပုံမှန်မဟုတ်ဘူး တစ်မျိုးဖြစ်နေတယ်ဆို တာကို လောက်တော့ လက်ခံရတော့မယ်။ ဒါပေမယ့် ကောလာဟလ ထဲကအတိုင်း တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။

"ဘန် အဲဒီလိုကောင်လေးမျိုး မဟုတ်ဘူးဆိုတာ အစ်မ သူတို့ကို ရှင်းပြ ပေးလို့ မရဘူးလားဟင်"‥ပက်တီ မေးလိုက်တယ်။ မျက်ရည်တွေ ချက်ခြင်းပါး ပေါ်ကို စီးကျလာတယ်။

"ဘန် အဲဒီလိုလူမျိုးမဟုတ်ဘူးဆိုတာ ကင်နက်ကီ တစ်မြို့လုံးက လူတွေကို ငါ လိုက်ပြောပေးလို့ ရတယ်။ ကင်နက်ကီတင်မကဘူး၊ ကန်းဆက်စ်ပြည်နယ် တစ်ခုလုံး သိအောင်ပြောဆိုလည်း ပြောလို့ရတယ်။ ဒါပေမယ့် အဲဒီလို လိုက်ရှင်း နေလည်း ဒီဇာတ်လမ်းက ပြီးမယ်မထင်ဘူး။ ငါမသိဘူး ပက်တီ‥တကယ်မပြော တတ်ဘူး။ မနေ့ နေ့လယ်ကမှ ဒီအကြောင်းကို ငါ ကြားတာ။ ဒါပေမယ့် အချိန်နဲ့ အမျှ ဒီကိစ္စက ပိုကြီးလာသလို ငါ့စိတ်ထဲ ဖြစ်နေတယ်။ မနေ့ညတစ်ညလုံး ငါ့ ဘာသာငါ ပြန်ပြောကြည့်တယ်။ မဖြစ်နိုင်ဘူး‥မဖြစ်နိုင်ဘူး။ ဘာမှမဟုတ်လောက် ပါဘူး‥ဆိုပြီး‥။ ဒီမနက် အိပ်ရာကနိုးလာတော့မှ ငါ့စိတ်ထဲမှာ ဒီကိစ္စဟာထင်ထား

တာထက် အများကြီး ပိုကြီးနေပြီဆိုပြီး အလိုလိုသိလာတာ"

အဲဒီ ခံစားချက်ကို ပက်တီ နားလည်တယ်။ ည ၂ နာရီလောက်ကြီး လန့်နိုးလာရင်း·· *ငါ့လယ်ကွက်လေး အဆင်ပြေမှာပါ။ ဒီနှစ်တော့ ရောင်းရမှာပါ* ဆိုပြီး စိတ်အေးလက်အေး ပြန်အိပ်။ မနက် နိုးလည်းနိုးလာရော အပူအပင်တွေ အကုန်ရင်ဘတ်ထဲ ပြန်ဆောင့်ဝင်လာတဲ့ ခံစားချက်မျိုးပေါ့။ အံ့ဩဖို့တော့ ကောင်းတယ်။ အရာအားလုံး အဆင်ပြေနေပါတယ်·· ဆိုပြီး တစ်ညလုံး·· နာရီပေါင်းများစွာ ကိုယ့်ကိုယ်ကိုယ်ပြန်လိမ်ထားခဲ့ပေမယ့်·· မနက်ခင်းနေရောင် ရောက်လာပြီး စက္ကန့် သုံးဆယ်လောက်အတွင်းမှာ တကယ့်အမှန်တရားက ဘွားကနဲပြန်ပေါ်လာတာပဲ။

"အစ်မ အခု ဒီကိုလာတာ စတစ်ကာစာအုပ်တွေ၊ အစားအသောက်တွေ လာပေးတာ မဟုတ်ဘူးလား။ ဘန့်အကြောင်း ပြောဖို့ ရောက်လာတာပေါ့"

"ငါ့စောစောက ရှင်းပြသလိုပဲလေ··"··ဒိုင်ယန်းက ကိုယ်ချင်းစာသလို ပခုံးတွန့်ပြတယ်။

"အခု ကျွန်မ ဘာဆက်လုပ်ရမှာလဲ။ အဲဒီ ကောင်မလေးတွေရဲ့ နာမည်ကို အစ်မ သိသလား။ ကျွန်မဆီကို တစ်ယောက်ယောက် ဖုန်းဆက်လာတာကို စောင့်ရမှာလား။ ဒါမှမဟုတ် ဘန့်ဆီကို ဖုန်းဆက်ကြမှာလား။ ဘန့်ကို အခုချက်ချင်း လိုက်ရှာမှရမယ်"

"ဘန် အခု ဘယ်မှာလဲ"

"မသိဘူး။ မနက်က သူ့ဆံပင်ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မတို့စကားများကြတယ်။ ပြီးတာနဲ့ စက်ဘီးယူပြီး ထွက်သွားတာပဲ"

"နေပါဦး၊ သူ့ဆံပင် အမည်းဆိုးလိုက်တာ ဘာဖြစ်လို့လဲ"

"ဘယ်လိုလုပ်သိမှာလဲ၊ ဘာလို့မေးနေတာလဲ။ အဲဒါသိရတော့ရော အခု ဘာထူးမှာမို့လို့လဲ"

လူတွေက ဘန် ဆံပင်ဆိုးတဲ့ ကိစ္စကို အခုပြဿနာနဲ့ တွဲမြင် ကြတော့မယ် ဆိုတာကို ပက်တီ စိတ်ထဲမှာ ကြိုသိနေတယ်။ အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ပြီး စွပ်စွဲကြတော့မယ်။

"အခု အရေးတကြီး ထလုပ်ရမယ့် ကိစ္စမျိုးတော့ မဟုတ်လောက်ပါဘူး"·· ဒိုင်ယန်းက ပြောတယ်။ "ဘန့်ကို အခု ချက်ချင်းကြီး အိမ်ပြန်လာခိုင်းစရာတော့ မလိုလောက်ဘူး ထင်တယ်။ နင်သူ့ကို ပြန်လာစေချင်တယ်ဆိုရင်တော့··"

"ဟုတ်တယ်။ အခုချက်ချင်း ဘန့်ကို အိမ်ပြန်ခေါ်ချင်တယ်"

"အိုကေလေ။ ဒါဆို သူ့အသိတွေ သူငယ်ချင်းတွေကို ဖုန်းဆက်ကြည့်တာပေါ့။ ဘန့် သူငယ်ချင်းတွေရဲ့ ဖုန်းနံပါတ် နင့်မှာရှိတယ်မဟုတ်လား။ ငါဆက်ပေးမယ်"

"သူ့အခု ဘယ်သူတွေနဲ့ ပေါင်းနေသလဲ ကျွန်မမသိတော့ဘူးလေ။ မနက်ကတော့ တစ်ယောက်ယောက်နဲ့ ဖုန်းပြောနေတာ ကြားတယ်။ ဘယ်သူလဲတော့ မသိဘူး"

"နောက်ဆုံးခေါ်ထားတဲ့ နံပါတ်ကို ပြန်ဆက်ကြည့်တာပေါ့"

ဒိုင်ယန်းက ထိုင်ခုံကနေ ကုန်းရုန်းပြီး ထတယ်။ စီးကရက်မီးကို ဖိနပ်နဲ့နင်းချေပြီး ငြိမ်းတယ်။ ပက်တီ့ကို ထိုင်ခုံကနေ ဆွဲထူပြီး အိမ်ဘက်ကို ပြန်ခေါ်လာတယ်။ အိပ်ခန်းထဲမှာ ဆော့နေကြတဲ့ ညီအစ်မသုံးယောက်ကို အပြင်ထွက်မလာဖို့ ဟန့်တယ်။ ဖုန်းထားတဲ့ နေရာကိုလျှောက်သွားတယ်။ သူ့လက်ချောင်းတုတ်တုတ်နဲ့ ဒိုင်ခွက်ပေါ်က နောက်ဆုံး နံပါတ်ကို ပြန်ခေါ်တဲ့ ခလုတ်ကို ဖိတယ်။ ဖုန်းထဲကနေ တီတီတက်တက်တူတူ အသံတွေ စီတန်းပြီး ထွက်လာတယ်။ ဟိုဘက်ကဖုန်းမကိုင်ခင်မှာတင် ဒိုင်ယန်းက ဖုန်းကို ချလိုက်တယ်။

"နောက်ဆုံးခေါ်ထားတာက ငါ့ဖုန်းနံပါတ်ကြီးပဲ"

"ဩော်··ဟုတ်သားပဲ။ အစ်မ ဘယ်အချိန်လာမှာလဲဆိုတာ သိချင်လို့ မနက်က ကျွန်မ ဆက်ထားတာ"

ညီအစ်မ နှစ်ယောက်သား စားပွဲဘေးမှာ ထိုင်နေရင်း ဒိုင်ယန်းက ကော်ဖီထပ်ထည့်တယ်။ တဖွဲဖွဲကျနေတဲ့ နှင်းတွေကြောင့် မီးဖိုချောင်တစ်ခုလုံး အဖြူရောင်လင်းနေတယ်။

"ဘန့်ကို အိမ်အမြန်ပြန်ခေါ်မှဖြစ်မယ်"··ပက်တီ ထပ်ပြောလိုက်တယ်။

+++

# လစ်ဘီဒေး

**ယနေ့**

စိတ်ကူးထဲမျောနေတဲ့ ကျောင်းသူလေးတစ်ယောက်လို အတွေးတွေ ဟိုပြေး ဒီဝေ့နဲ့ ကျွန်မ ကားမောင်းပြီး အိမ်ပြန်လာတယ်။ တစ်လမ်းလုံးမှာ ဘန့်အကြောင်း တွေကို ဆက်တိုက်တွေးနေမိတယ်။ လူသတ်မှုတွေ ဖြစ်ပြီးတဲ့ အချိန်ကတည်းကစပြီး ကျွန်မ စိတ်ထဲမှာ ဘန့်ကို ကြောက်စရာသတ္တဝါ တစ်ကောင်လိုပဲ မြင်နေမိခဲ့တာ။ ဆံပင်နက်နက်တွေရဲ့အောက်က ခံစားချက်မရှိတဲ့မျက်နှာ၊ သူ့လက်ထဲမှာ ပုဆိန်ကို ကျစ်ကျစ်ပါအောင် ဆုပ်လို့။ ကြောက်လန့်တကြား ပြေးနေတဲ့ ဒက်ဘီနောက်ကို တစ်လှမ်းချင်း လိုက်နေခဲ့တဲ့ ဘန်။ မျက်နှာမှာ သွေးစက်တွေပေရင်း၊ ဝံပုလွေတစ် ကောင်လို ရူးရူးရှရှ အော်ရင်း နှစ်လုံးပြူးသေနတ်ကို ပခုံးပေါ် တင်လိုက်တဲ့ဘန်..။ နှစ်ပေါင်းများစွာ ကျွန်မ ကိုယ့်ဘာသာကိုယ် ပုံဖော်ကြည့်နေမိခဲ့တဲ့ မြင်ကွင်းတွေ။

လူသတ်မှုတွေ မဖြစ်ခင်တုန်းက ဘန့်ရဲ့ ပုံစံကို ကျွန်မ မေ့ထားခဲ့တာပဲ။ လူကြောက်တတ်တဲ့၊ ရှက်တတ်တဲ့ ဘန်။ တစ်ခါတလေ စချင်နောက်ချင်စိတ်ကလေး ပေါ်လာရင် ရယ်စရာတွေ ထပြောတတ်တဲ့ ဘန်..။ ကျွန်မရဲ့ အစ်ကိုကြီး ဘန်ဒေး။ ဒီဘန်ဒေးက..လူတွေစွပ်စွဲခဲ့ကြတဲ့ (ကျွန်မကိုယ်တိုင်လည်း စွပ်စွဲခဲ့မိတဲ့) လူသတ်မှု ကြီးကို ကျူးလွန်ဖို့ မဖြစ်နိုင်လောက်ပါဘူး။

မီးပွိုင့်မှာ ကားရပ်တော့ ကျွန်မ နောက်ထိုင်ခုံဘက်ကို လက်လှမ်းပြီး ထိုင်ခုံပေါ်မှာ ထပ်ထားတဲ့ မီတာဘေလ် စာရွက်ဟောင်းတွေထဲက တစ်ခုကိုယူလိုက် တယ်။ စာရွက်အပေါ်မှာ 'သံသယရှိသူများ'..ဆိုပြီး ခေါင်းစဉ် ရေးလိုက်တယ်။ ခေါင်းစဉ်အောက်မှာ 'ရန်နာဒေး'..ဆိုပြီး အဖေ့နာမည်ကို အရင်ရေးလိုက်တယ်။ နေဦး၊ အောက်မှာထပ်ရေးတယ်။ 'ရန်နာဒေးကို မကျေနပ်တဲ့သူ တစ်ယောက်ယောက်' ဆိုပြီး ရေးတယ်။ 'ရန်နာ့ကို ပိုက်ဆံချေးထားတဲ့ သူတစ်ယောက်ယောက်' ဆိုလည်း

ဖြစ်နိုင်တာပဲ။ ပိုက်ဆံပြန်မရလို့ မကျေနပ်လို့ သူ့မိသားစုကို ဒုက္ခပေးပြီး လက်တုံ့ပြန်တာဆိုရင်ရော။ ဘယ်လိုပဲ ချရေးချရေး..နောက်ဆုံးမှာ ကျွန်မအဖေ ရန်နာဒေးဆီကိုပဲ ပြန်လည်လာတယ်။ သံသယမြားတွေ အကုန်လုံး သူ့ဆီကိုပဲထိုးပြနေတယ်။ အဲဒီညတုန်းက အိမ်ထဲမှာ ကြားလိုက်ရတဲ့ ယောကျ်ားသံကြီးက ဘန့်အသံမဟုတ်ဘဲ အဖေ့အသံ ဖြစ်နေခဲ့ရင်ရော..။ ဒါမှမဟုတ် ရန်နာ့ကို မကျေနပ်လို့ ရောက်လာတဲ့ လူတစ်ယောက်ယောက်ရဲ့ အသံလည်း ဖြစ်နိုင်တယ်။ ဖြစ်နိုင်တာတွေ၊ ထင်ကြေးတွေနဲ့တော့ မပြီးသေးဘူး။ ဒီယူဆချက်ကို သက်သေပြဖို့ လိုတယ်။ ရုတ်တရက် ကျွန်မ ရင်ထဲမှာ ပျာယာခတ်သွားတယ်။ ဟင့်အင်း..ဘာမှမလုပ်ဘဲ ဆက်မနေနိုင်တော့ဘူး။ ဘန့်မှာ တကယ်အပြစ်မရှိဘူးဆိုရင်..ဘန်ဆက်ပြီး ထောင်ကျနေတာကို ကျွန်မ ကြည့်မနေနိုင်ဘူး။ ကျွန်မကြောင့် သူထောင်ထဲရောက်သွားတာလေ။ ဒီကိစ္စတစ်ခုလုံးကို ပြီးပြတ်သွားအောင် ရှင်းမှဖြစ်မယ်။ ကျွန်မ..အဖြစ်မှန်ကို သိဖို့လိုတယ်။ ဟုတ်တယ်..ကျွန်မသိချင်တယ်။ သိမှဖြစ်မယ်..။ ကျွန်မအတွက်..ကျွန်မစိတ်ချမ်းသာဖို့အတွက်။ *ဟားဟား အခုထိ ငါ့အတွက်..ငါ့အတွက် ဆိုတဲ့စကားကို ပါးစပ်ကမချနိုင်သေးဘူး။* ကျွန်မဟာ တော်တော်တစ်ကိုယ်ကောင်းဆန်တဲ့ မိန်းမပဲ။

ကျွန်မတို့ရဲ့ အိမ်ရှိခဲ့ရာ လယ်ကွင်းတွေဘက်ကို ချိုးဝင်တဲ့လမ်းကွေ့ကို ဖြတ်လာတော့ မမြင်ချင်ယောင်ဆောင်ပြီး ခေါင်းကို ဒီဘက်လှည့်ထားလိုက်တယ်။

ကန်းဆက်စ် စီးတီး အဝင်ကိုရောက်တော့ 7-Eleven စတိုးဆိုင်ကို ခဏဝင်တယ်။ ကားဓာတ်ဆီ ဖြည့်တယ်။ ဒိန်ခဲ နည်းနည်း ဝယ်တယ်။ ကိုကာကိုလာလေးငါးဘူး ဝယ်တယ်။ ပေါင်မုန့်ဝယ်တယ်။ ကျွန်မရဲ့ အစာငတ်နေတဲ့ ကြောင်အိုကြီးအတွက် ကြောင်စာတစ်ထုပ်ဝယ်တယ်။ ပြီးတော့မှ ကျွန်မ အိမ်ရှိတဲ့ 'ဟိုဘက်ရပ်ကွက်' ရှိရာကို ပြန်မောင်းလာလိုက်တယ်။ အိမ်ရှေ့မှာ ကားပါကင်ထိုးတယ်။ ကားထဲကနေ ထွက်တယ်။ ဟိုဘက်လမ်းမှာ ထိုင်နေတဲ့ အဘွားကြီးနှစ်ယောက်ကို လှမ်းကြည့်တယ်။ သူတို့က ကျွန်မကို ဘယ်တော့မှ မမြင်ဘူး။ နှစ်ယောက်သားဒန်းပေါ်မှာ ဘေးချင်းယှဉ်ထိုင်နေရင်း ရှေ့တည့်တည့်ကိုပဲ ငေးကြည့်နေကြတယ်။ ကျွန်မကို မျက်စိထဲတောင် ထည့်မြင်ပုံမပေါ်ဘူး။ အိမ်ရှေ့တောင်ကုန်းလေးပေါ်မှာ မတ်တတ်ရပ်ရင်း ကျွန်မ အိမ်ထဲမဝင်သေးဘဲ အဘွားကြီး နှစ်ယောက်ကို စိုက်ကြည့်နေလိုက်တယ်။ နောက်ဆုံးမှာတော့ အဘွားကြီး နှစ်ယောက်ထဲက တစ်ယောက်က ကျွန်မကို မြင်သွားတယ်။ ကျွန်မ သူ့ကို အားရပါးရ လက်ပြလိုက်တယ်။ အဘွားကြီးက ခေါင်းပြန်ညိတ်ပြတယ်။ အဲဒီတော့မှပဲ ကျွန်မ အောင်နိုင်သူ တစ်ယောက်လို

ရင်ကိုကျော့ပြီး အိမ်ထဲကိုဝင်တယ်။ ဘက်ခ်ကို အစာကျွေးတယ်။

အခုလို လန်းလန်းဆန်းဆန်းဖြစ်နေတုန်း လုပ်စရာရှိတာ လုပ်ဦးမှလို့ ဆုံးဖြတ်ပြီး *ဘာ့တ်နီလန် ဒုက္ခသည်စခန်း* ရဲ့ ဖုန်းနံပါတ်ကို စုံစမ်းဖို့ကြိုးစားကြည့်တယ်။ ပေါင်မုန့်ပေါ်မှာ ယိုနည်းနည်း သုတ်၊ ပါးစပ်ထဲကို ထည့်ဝါးနေရင်း တယ်လီဖုန်းလမ်းညွှန်ဌာန သုံးခုလောက်ကို ဖုန်းခေါ်တယ်။ အိပ်ချင်မူးတူးဖြစ်နေကြတဲ့ အော်ပရေတာ ဝန်ထမ်း သုံးလေးယောက်လောက်နဲ့ စကားပြောပြီးတဲ့အခါမှ လိုချင်နေတဲ့ဖုန်းနံပါတ်ကို ရတယ်။ *လစ်ဘီ ဘာအလုပ်လုပ်လို့ စဉ်းစားထားလဲ* လို့ ဂျင်ဂျက်ဖရီနောက်တစ်ခါ ထပ်မေးလာရင် ဖုန်းအော်ပရေတာ လုပ်ချင်ပါတယ်လို့ ဖြေရမယ်။ မိန်းကလေး တော်တော်များများကို ကြီးလာရင် ဘာလုပ်ချင်သလဲလို့ မေးလိုက်ရင် ဘာလို့လဲမသိ၊ ဖုန်းအော်ပရေတာ လုပ်ချင်တယ်လို့ ဖြေတတ်ကြတယ်လေ။

ပေါင်မုန့်ကို ဖြည်းဖြည်းချင်း ဝါးနေရင်း ဘာ့တ်နီလန်ဒုက္ခသည်စခန်းကို ဖုန်းခေါ်လိုက်တယ်။ ခဏကြာတော့ ဖုန်းလာကိုင်တယ်။ ဖုန်းလာကိုင်တဲ့ သူက ဘာ့တ်နီလန် ကိုယ်တိုင်ဖြစ်နေတော့ ကျွန်မ နည်းနည်းအံ့ဩသွားတယ်။ ဘာ့တ်နီလန်ဆိုတဲ့ လူကြီး သေသွားလို့ သူ့ကိုဂုဏ်ပြုတဲ့အနေနဲ့ ဒုက္ခသည်စခန်းနာမည်ကို သူ့နာမည်ပေးထားတာလို့ ကျွန်မက ထင်နေတာလေ။ ရန်နာဒေးနဲ့ပတ်သက်ပြီး စုံစမ်းချင်လို့ပါလို့ ကျွန်မပြောလိုက်တော့ ဘာ့တ်နီလန် ခဏတိတ်သွားတယ်။ ပြီးမှ··

"ဩော်··ရန်နာဒေးလား။ လွန်ခဲ့တဲ့ တစ်လလုံးလုံး သူက ပေါ်လာလိုက် ပျောက်သွားလိုက်ပဲဗျ။ နောက်တစ်ခါ ပြန်ပေါ်လာရင် ဘာပြောပေးရမလဲ။ မှာခဲ့လေ".. ဘာ့တ်နီလန်ရဲ့ အသံက ဘတ်စ်ကားဟောင်းတွေရဲ့ ဟွန်းသံလို ဩဩကွဲကွဲကြီး။ ကျွန်မ နာမည်ကို ပြောပြလိုက်တော့ သူက ကျွန်မကို သိတဲ့ပုံမပေါ်ဘူး။ ကျွန်မ ဖုန်းနံပါတ်ကို သူ့ကိုရွတ်ပြနေတဲ့အချိန်မှာ သူက စကားဖြတ်ပြောတယ်။

"ခဏလေးဗျ၊ ရန်နာဒေးက ခင်ဗျားဆီ ဖုန်းပြန်ဆက်မှာ မဟုတ်ဘူးထင်တယ်။ ဒီဒုက္ခသည်စခန်းက လူတွေက ဖုန်းသိပ်မသုံးကြဘူး။ စာနဲ့အဆက်အသွယ်လုပ်တာကို ပိုသဘောကျကြတယ်။ စာတစ်စောင်ကို ပြား ၅၀ ပဲကျတာလေ၊ စခန်းမှာ ဖုန်းကလည်း တစ်လုံးပဲရှိတာဆိုတော့ ဖုန်းခေါ်မယ်ဆိုရင် ဟိုလူ့စောင့်၊ ဒီလူ့စောင့်နဲ့ ပိုကြာတယ်။ ခင်ဗျား အိမ်လိပ်စာ ပေးခဲ့လေ။ ရန်နာဒေး ပေါ်လာရင် ကျွန်တော် ပြောပြလိုက်မယ်"

အိမ်လိပ်စာတော့ မပေးရဲဘူး။ ကျွန်မရဲ့ အိမ်ရှေ့မှာ ခါးထောက်ပြီးရပ်နေမယ့် အဖေ့ ပုံရိပ်ကို မြင်ကြည့်လိုက်ရုံနဲ့ ကြက်သီးထသွားတယ်။ သူ့ခြေထောက်မှာ

စတိုင်ပဲင်နဲ့ ဖိနပ်ကြီး စီးထားမလား။ သွားအကျဲသားနဲ့ ဖြီးပြီး ပြုံးပြနေမလား။

"ဒီလိုလုပ်ဗျာ၊ ခင်ဗျား လိပ်စာကို ရန်နာဒေးသိသွားမှာ စိုးရင် ကျွန်တော့်ကိုပဲ ပြောပြခဲ့လေ။ မှာစရာရှိတာလည်း မှာခဲ့"..ဘာတ့်နီလန်က သဘောကောင်းစွာနဲ့ သူလုပ်ပေးနိုင်တာကို ပြောပြတယ်။ "ရန်နာဒေး ခင်ဗျားဆီကို စာရေးချင်တယ်ဆိုရင် သူရေးပြီးတာနဲ့ အဲဒီစာကိုယူပြီး ကျွန်တော် ကိုယ်တိုင် ပို့ပေးမယ်ဗျာ။ ခင်ဗျား လိပ်စာကို ရန်နာဒေး မသိစေရဘူး။ ဘယ်မြို့ကို ပို့သလဲဆိုတာကိုတောင် မသိအောင် လုပ်ပေးမယ်၊ ဟုတ်ပြီလား။ ဒုက္ခသည်စခန်း ဆိုတော့ သူတို့မိသားစုဝင်တွေထဲမှာ ခင်ဗျားလိုပဲ ခြေရာဖျောက်ပြီး နေတဲ့သူတွေ ရှိတယ်။ စိတ်မကောင်းစရာတော့ ဖြစ်နေတာပေါ့လေ။ ဒါပေမယ့် ဘယ်တတ်နိုင်မလဲ။ ဒီလိုပဲ အဆင်ပြေသလိုလုပ်ကြရတာပေါ့"..ဘာ့တ်နီလန်ရဲ့ စကားသံနောက်မှာ အအေးပုလင်းတွေတစ်ခုနဲ့တစ်ခု ထိတဲ့အသံတွေ ကြားရတယ်။ အအေးသောက်ဦးမလား..တဲ့။ နီလန့်ကိုတစ်ယောက်ယောက်က လှမ်းမေးတယ်။ မသောက်တော့ဘူးဗျ..အချိုရှောင်နေလို့..တဲ့ နီလန်က ပြန်ဖြေတယ်။ "အဲဒီလိုလုပ်ချင်သလားဗျ။ မဟုတ်ရင်တော့ ရန်နာဒေးနဲ့ အဆက်အသွယ်ရဖို့ မလွယ်ဘူး။ ကျွန်တော်ပြောသလိုပဲ ရန်နာဒေးက ခင်ဗျားဖုန်းခေါ်တာကို ထိုင်စောင့်နေမယ့်လူမျိုး မဟုတ်ဘူးဖြစ်နေတယ်"

"အီးမေးလ်ရော မရှိဘူးလားဟင်"

ဘာ့တ်နီလန်က ဟက်ခနဲ ရယ်တယ်။ "အီးမေးလ်တော့ မရှိဘူးဗျ"

ဟုတ်တော့ဟုတ်တယ်။ အဖေ ကျွန်မကို ဆက်သွယ်ရင် စာနဲ့ဆက်သွယ်တာပိုများတယ်။ ဖုန်းဆက်တာ မရှိသလောက်ဘဲ။ ပြောစရာရှိတာကို မှာခဲ့တာပဲ ကောင်းပါတယ်။ ပြီးတော့မှ အိုကလာဟိုးမားအထိ ကားမောင်းပြီး သွားတွေ့ရင်တွေ့ပေါ့။ "ဒါဆို တစ်ခုပြောပေးပါလားရှင့်။ *ဘန်*..*နဲ့ အဲဒီည* အကြောင်း ပြောချင်လို့ပါလို့။ သူအချိန်တစ်ရက်လောက် ပေးနိုင်မယ်ဆိုရင် ကျွန်မ လာတွေ့ပါမယ်လို့"

"အိုကေလေ။ *ဘန်*..*နဲ့ အဲဒီည* အကြောင်း ဟုတ်လား"

"ဟုတ်တယ်"

...

ဘန့်အပေါ်မှာ ကျွန်မ သဘောထား ပြောင်းသွားတာကိုသာ လိုင်ဝိုက်သ်သိသွားရင် ဆရာကြီးပုံစံနဲ့ မာန်တက်နေတော့မှာပဲ။ သူ့အဖွဲ့သားတွေကို ကြွားတော့မှာ သေချာတယ်။ လစ်ဘီဒေးတစ်ယောက် သူ့အစ်ကို ဘန်ဒေးဆီ သွားတွေ့အောင် ငါ ပြောပေးလိုက်တာကွ..ဆိုပြီးတော့လေ။ 'လစ်ဘီဒေးက စစချင်းတော့ မသွား

ဘူးလို့ပဲ ငြင်းနေတာ။ သွားတွေ့လိုက်ရင် ဘန့်အပေါ်မှာ ထားတဲ့အမြင်ရော၊ သူ့ကိုယ်သူ မြင်နေတဲ့အမြင်ရော ပြောင်းသွားမှာစိုးလို့လေ..'..ဆိုပြီး အားပါးတရ ရှင်းပြတော့မှာ။ သူ့ရဲ့ငကြောင်အဖွဲ့သားတွေကလည်း လိုင်ဝိုက်သ်ကို အထင်ကြီးတဲ့ အကြည့်တွေနဲ့ ဝိုင်းကြည့်ကြ..။ တွေးရင်းနဲ့တင် ကျွန်မ တော်တော် အမြင်ကတ်လာမိတယ်။

လိုင်ဝိုက်သ်ကို ဖုန်းမဆက်ချင်ဘူး။ အခု ကျွန်မ စကားပြောချင်နေတာက အန်တီဒိုင်ယန်း..။ ကျွန်မကို ၇ နှစ်တိတိ စောင့်ရှောက်ပေးခဲ့တဲ့သူ..။ ကျွန်မကို သူ့ရဲ့ ဘီးတပ်အိမ်လေးမှာ ခေါ်ထားတယ်။ အန်တီဒိုင်ယန်း အိမ်ကို လိုက်သွားတော့ ကျွန်မမှာ အဝတ် သေတ္တာတွေပဲ ပါသွားတယ်။ အဝတ်အစားတချို့ရယ်၊ စာအုပ်တစ်အုပ်ရယ်..ဒါပဲ။ အရုပ်တွေ ကစားစရာတွေ ပါမသွားဘူး။ လူသတ်မှုဖြစ်တဲ့ ညက ကစားစရာတွေ အကုန်လုံးကို မီရှယ်က သူ့နားမှာ အပိုင်သိမ်းထားခဲ့တာလေ။ မီရှယ်လည်ပင်းညှစ်သတ်ခံရတော့ ရှူးတွေ ထွက်ကျတယ်။ အဲဒီကစားစရာတွေအကုန်လုံး သေးစိုကုန်တယ်။ အဲဒီနေ့တုန်းက အန်တီဒိုင်ယန်း ယူလာပေးတဲ့ စတစ်ကာစာအုပ်လေးလည်း သေးအိုင်ထဲမှာ ရောက်နေခဲ့သလား..မသိ။

ကျွန်မအတွက် နေစရာနေရာ သတ်သတ်စီစဉ်ပေးဖို့ အန်တီဒိုင်ယန်းမှာ ပိုက်ဆံမရှိဘူး။ အမေအသတ်ခံရတော့ အမေ့အသက်အာမခံအတွက် လျော်ကြေးတွေ ရပါတယ်။ ဒါပေမယ့် ရသမျှ ပိုက်ဆံကို ဘန့်အမှုအတွက် သုံးလိုက်ရတယ်။ အမေသာ အသက်ရှင်နေခဲ့ရင်လည်း ဘန့်အတွက်ပဲ သုံးစေချင်မှာပဲတဲ့၊ အန်တီဒိုင်ယန်းက ကျွန်မကို ရှင်းပြတယ်။ အန်တီဒိုင်ယန်းရဲ့ ဘီးတပ်အိမ်ထဲက အခန်း ခပ်ကျဉ်းကျဉ်းလေးထဲမှာ (တကယ်ကတော့ အဝတ်လျှော်စက်ထားဖို့ လုပ်ထားတဲ့ အခန်းလေးပါ။) ကျွန်မကို သိပ်တယ်။ အခန်းကို ဆေးတောင် သုတ်ပေးလိုက်သေးတယ်။ ကျွန်မကို ရှာကျွေးဖို့အတွက် အန်တီဒိုင်ယန်းတစ်ယောက်အလုပ်တွေအများကြီး ပိုလုပ်ရတယ်။ ကျွန်မကို စိတ်ကျန်းမာရေး ဆရာဝန်နဲ့ ပြဖို့ တိုပီကာဘက်ကို ခေါက်တုံ့ခေါက်ပြန် ခေါ်သွားရတယ်။ ကျွန်မကို ကြင်ကြင်နာနာ ဆက်ဆံဖို့ သူ ကြိုးစားတယ်။ ဒါပေမယ့် ကျွန်မကိုမြင်တိုင်း သူ့ညီမရက်ရက်စက်စက်အသတ်ခံခဲ့ရတာကို ပြန်အမှတ်ရနေတော့ သူ့အတွက် မလွယ်လှဘူး။ ကျွန်မကို ဖက်တဲ့အခါ အန်တီဒိုင်ယန်းရဲ့လက်တွေက လိုတာထက် ပိုပြီး ကားထားတတ်တယ်။ ဖက်တော့ ဖက်ထားတယ်၊ မထိချင်ဘူးဆိုတဲ့ ပုံစံမျိုး ဖြစ်နေတယ်။ ဒါပေမယ့် မနက်တိုင်း မနက်တိုင်းမှာ အန်တီဒိုင်ယန်းက ကျွန်မကို *ချစ်တယ်*..လို့ ပြောပေးခဲ့ပါတယ်။

အန်တီဒိုင်ယန်းအိမ်မှာ ကြီးပြင်းလာခဲ့တဲ့ နှစ်တွေ အတွင်းမှာ သူ့ကားကို ကျွန်မ နှစ်ခါတိတိ ယူမောင်းပြီး တိုက်ပစ်ဖူးတယ်။ သူ့ ခရက်ဒစ်ကတ်တွေကိုခိုးပြီး ပြန်ရောင်းစားဖူးတယ်။ ပြီးတော့ သူ့ခွေးလည်း ကျွန်မ ကြောင့်ပဲ သေသွားတယ်။ ခွေးသေသွားတဲ့ ကိစ္စမှာ ကျွန်မကို အန်တီဒိုင်ယန်း လုံးဝ စိတ်ကုန်သွားတော့တာပဲ။ လူသတ်မှုတွေ ဖြစ်ပြီး သိပ်မကြာဘူး၊ အန်တီဒိုင်ယန်းက အမွှေးပွပွနဲ့ ခွေးတစ်ကောင် ဝယ်လာတယ်။ ခပ်သေးသေး ခွေးမလေးပါ။ အန်တီဒိုင်ယန်းက အဲဒီခွေးကို ကျွန်မ ထက် ပိုချစ်တယ်လို့ ကျွန်မကတော့ ထင်တာပဲ။ အဲဒါကြောင့်လည်း အဲဒီခွေးမကို ကျွန်မ အသေမနာလို ဖြစ်ခဲ့တာဖြစ်မယ်။ ခွေးမနာမည်က *ဂရေစီ* တဲ့။ ဂရေစီ့ကို အန်တီဒိုင်ယန်းက ပန်းရောင် ပလက်စတစ်ဘီးလေးနဲ့ ခေါင်းဖြီးဖြီးပေးတတ်တယ်။ ဂရေစီ့ကိုဆိုရင် ပွတ်သီးပွတ်သပ်နဲ့ အမြဲယုယနေတတ်တယ်။ သူ့ပိုက်ဆံအိတ်ထဲမှာ လည်း ဂရေစီ့ရဲ့ ဓာတ်ပုံကို သိမ်းထားတယ်။ ကျွန်မကို လုပ်ပေးရမယ့် အရာတွေ ကို ဘာလို့ ဒီခွေးမကို လုပ်ပေးနေသလဲပေါ့··အဲဒီလို မနာလိုတာ။ ဂရေစီဆိုတဲ့ ခွေးမက ကျွန်မရဲ့ ခြေချောင်းတွေကို ကိုက်ပြီးဆော့ရတာကို တော်တော်သဘော ကျတယ်။ ခြေညှိုးနဲ့ ခြေသန်းပဲ ကျန်ခဲ့တဲ့ ခြေထောက်လေ။ လူသတ်မှုဖြစ်တဲ့ညက ကျွန်မ နှင်းတောထဲမှာ ပုန်းနေရင်း နှင်းကိုက်သွားလို့ ကျန်တဲ့ခြေချောင်းတွေကို ဖြတ်ထားရတာလေ။ အဲဒီလို ဒုက္ခိတဖြစ်နေတဲ့ ခြေတစ်ဖက်ကိုပဲ ခွေးမ ဂရေစီက အသည်းအသန် လိုက်ရှူတတ်တာ။ သူ့စိတ်ထဲမှာ ဒီခြေထောက်က ပုံမှန်မဟုတ်ဘူး၊ တစ်ခုခုမှားနေတယ်ဆိုတာကို အလိုလိုသိနေတာ နေမှာပေါ့။

အဲဒီနေ့တုန်းက ဘာဖြစ်လို့လဲတော့ မမှတ်မိတော့ဘူး၊ ကျွန်မကို အိမ်ပြင် ပေးမထွက်ဘဲ အိမ်ထဲမှာပဲ နေဖို့ အန်တီဒိုင်ယန်းက အပြစ်ပေးထားတယ်။ အချိန်က လည်း နွေခေါင်ခေါင် အချိန်။ ပူအိုက်နေတဲ့ ဘီးတပ်အိမ်ထဲမှာ ထိုင်နေရင်း ကျွန်မ ဂရေစီ့ကို ကြည့်ပြီး စိတ်တွေ ဆိုးသထက် ဆိုးလာတယ်။ ဂရေစီကလည်း ကျွန်မ စိတ်ဆိုးလေလေ ပိုအတင့်ရဲလေလေ ဖြစ်လာတယ်။ တကယ်က ဂရေစီ့ကို အပြင် ထုတ်ပြီး အီးတည်၊ သေးတည်ပေးဖို့က ကျွန်မတာဝန်။ ကျွန်မက ထိုင်ရာကနေမထ တော့ ဂရေစီက ပျာယာခတ်နေတယ်။ တအိအိ အော်တယ်။ အခန်းကိုပတ်ပြီး ပြေး တယ်။ ကျွန်မ ခြေထောက်ကို သူ့သွားနဲ့ မထိတထိ ကိုက်တယ်။ ကျွန်မသူဖြစ်ပျက် နေတာတွေကို မသိချင်ယောင်ဆောင်ပြီး တီဗွီမှာလာနေတဲ့ ဓာတ်လမ်းတွဲဘက်ကို အာရုံစိုက်ထားလိုက်တယ်။ အဲဒီမှာ ဂရေစီက စိတ်မရှည်တော့ဘဲ ကျွန်မရဲ့ ဒုက္ခိတ ခြေထောက်က ခြေသန်းကို ကိုက်ပြီး ဆွဲယမ်းပစ်တယ်။ ကျွန်မ တစ်ကိုယ်လုံးထူပူ

သွားတယ်။ ဦးနှောက်ထဲက သွေးတွေ ပွက်ခနဲ ဆူသွားတယ်။ *ငါ့ရဲ့ မရှိမဲ့ ရှိမဲ့ ခြေသန်းလေးသာ ဒီခွေးမပါးစပ်ထဲ ပါသွားရင်*…ဆိုတဲ့ အတွေးက ကျွန်မခေါင်းထဲ ဝုန်းခနဲ ဆောင့်ဝင်လာတယ်။ ကျွန်မရဲ့ ဘယ်လက်မှာလည်း လက်ချောင်းအပြည့် မရှိတော့ဘူး။ ငုံးတိဖြစ်နေတဲ့ လက်သူကြွယ်မှာရော ဘယ်သူက လက်ထပ်လက်စွပ် လာစွပ်ပေးတော့မလဲ‥။ ခြေချောင်းတွေမစုံတော့တဲ့အတွက် ခြေထောက်ထောက်တဲ့ အခါတိုင်း ဆာတာတာ ဖြစ်ချင်နေတယ်။ ကျောင်းက ကောင်မလေးတွေက ကျွန်မရဲ့ ပြတ်နေတဲ့လက်ချောင်းကို 'ဘုတို' ဆိုပြီး ကွယ်ရာမှာ ခေါ်ကြတယ်။ ဘယ်လောက် ရွံဖို့ ကောင်းတဲ့ အခေါ်အဝေါ်လဲ။ ပြီးတော့ ဆရာဝန်တစ်ယောက်က ပြောဖူးတယ်။ *အဲဒီလက်ချောင်း၊ ခြေချောင်းတွေက တကယ်ကတော့ ဖြတ်စရာမလိုလောက်ပါဘူးတဲ့‥။ တောဆရာဝန်မို့လို့ အစိုးရိမ်လွန်ပြီး ဖြတ်ပစ်လိုက်တာနေမှာတဲ့။* ကျွန်မရဲ့ ခြေသန်းကို အားရပါးရကိုက်နေတဲ့ ဂရေစီ့ကို ကိုယ်အလယ်ကနေ ကိုင်လိုက်တယ်။ ဂရေစီ့ရဲ့ နံရိုးအိမ် သေးသေးလေးက ကျွန်မလက်ထဲမှာ တဆတ်ဆတ်တုန်နေတယ်။ ရုတ်တရက် ကျွန်မ စိတ်တွေ လွတ်ထွက်သွားပြီး ဂရေစီ့ကို ဆွဲမလိုက်တယ်။ သူ့ ပါးစပ်ထဲမှာ ကျွန်မရဲ့ ခြေသန်းအစအနတချို့ ပါလာတယ်။ ကျွန်မ သူ့ကိုယ်လုံးကို ကိုင်ပြီး မီးဖိုချောင်ဘက်ကို လွှဲပစ်လိုက်တယ်။ ဂရေစီ့ကိုယ်လုံးက မီးဖိုချောင်စားပွဲ ထောင့်စွန်းနဲ့ တည့်တည့်ကြီး ဆောင့်မိပြီး ကြမ်းပြင်ပေါ်ကို ပြုတ်ကျတယ်။ သွေးတွေ ထွက်လာတယ်။ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာတယ်။

သေပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်လိုက်တာ မဟုတ်ပါဘူး။ တကယ် ပြောတာပါ။ ဒါပေမယ့် အဲဒီကြမ်းပြင်ပေါ်မှာတင် ဂရေစီ အသက်ထွက်သွားတယ်။ ကျွန်မ ပျာယာခတ်ပြီး အခန်းထဲမှာ ဟိုဘက်ပြေးလိုက် ဒီဘက်ပြေးလိုက်လုပ်နေမိတယ်။ ဘာလုပ်ရမှန်းမသိ ဖြစ်သွားတယ်။ အန်တီဒိုင်ယန်း ပြန်ရောက်လာတော့ သူ့လက်ထဲမှာ ဂရေစီ့အတွက် ကြက်ကြော်တစ်တုံး ပါလာတယ်။ ဂရေစီ ကြမ်းပြင် ပေါ်မှာ သွေးအလူးလူးနဲ့ ငြိမ်နေပြီ။ ကျွန်မ ဘာပြောရမှန်း မသိဘူး။ "ကျွန်မကို ကိုက်လို့‥" ဆိုတဲ့ စကားတစ်ခွန်းပဲ ပြောနိုင်တယ်။

ကျွန်မ အပြစ် မဟုတ်တဲ့ အကြောင်း‥မတော်တဆ ဖြစ်သွားတာ ဖြစ်တဲ့ အကြောင်း ရှင်းပြပါသေးတယ်။ ဒါပေမယ့် အန်တီဒိုင်ယန်းက ဆက်မပြောတော့နဲ့‥ ဆိုတဲ့ ပုံစံနဲ့ လက်ညှိုးထောင်ပြတယ်။ သူ့အချစ်ဆုံးသူငယ်ချင်း ဗယ်လာရီ ဆိုတဲ့ အမျိုးသမီးကို ဖုန်းဆက်တယ်။ အန်တီဒိုင်ယန်းက မာမာထန်ထန် တောင့်တောင့် တင်းတင်း ရှိသလောက် ဗယ်လာရီကတော့ နွဲ့နွဲ့နှောင်းနှောင်းနဲ့ သိပ်ညင်သာတဲ့သူ။

ဗယ်လာရီ ရောက်လာပြီးတော့ ဂရေစီကို အဝတ်နဲ့ထုပ်တယ်။ အန်တီဒိုင်ယန်းက ဘေစင်ရှေ့မှာ ခေါင်းကြီးငုံ့ပြီး မတ်တပ်ရပ်နေတယ်။ ပြီးသွားတဲ့အခါ နှစ်ယောက်စလုံး အခန်းထဲကို ဝင်သွားကြတယ်။ ခဏကြာတော့ ပြန်ထွက်လာတယ်။ ဗယ်လာရီက မျက်ရည် တွဲလဲနဲ့။ အန်တီဒိုင်ယန်းက ကျွန်မကို ပစ္စည်းတွေ ထုပ်သိမ်းပြီး အိမ်ပေါ်က ဆင်းဖို့ ပြင်ခိုင်းတယ်။ အခု ပြန်စဉ်းစားကြည့်မှ ကျွန်မသဘောပေါက်လာတာ တစ်ခုရှိတယ်။ ဗယ်လာရီဆိုတဲ့ အန်တီက အန်တီဒိုင်ယန်းရဲ့ ရည်းစားဖြစ်လောက်တယ်။ ဘာလို့လဲဆိုတော့ ညတိုင်းညတိုင်း အန်တီဒိုင်ယန်းက ဗယ်လာရီ့ဆီကို ဖုန်းဆက်တယ်။ ဖုန်းကြီး လက်ထဲမှာကိုင်ပြီး အိပ်ပျော်သွားတဲ့အထိ စကားပြောတယ်။ ဘာပဲလုပ်လုပ် နှစ်ယောက်အတူတူ လုပ်တယ်။ ဆံပင်ပုံစံတောင် အတူတူ ထားကြတာ။ အဲဒီအချိန်တုန်းကတော့ သူတို့နှစ်ယောက်ကြားက ဆက်ဆံရေး ဘယ်လိုရှိသလဲ ကျွန်မ ဂရုမစိုက်ခဲ့မိပါဘူး။

အဲဒီနောက်ပိုင်းမှာတော့ ကန်းဆက်စ်အရှေ့ဘက်မှာ နေကြတဲ့ ခပ်အေးအေး မိသားစုတစ်စုဆီမှာ ကျွန်မ ပြောင်းနေတယ်။ အမျိုးတော့အမျိုးပဲ။ ဘယ်လိုတော်လဲတော့ မသေချာ။ အဲဒီအိမ်မှာတော့ ကျွန်မ သိပ်မဆိုးခဲ့ပါဘူး။ ကျောင်းပြီးတဲ့အထိ သူတို့ဆီမှာ ဆက်နေဖြစ်သွားတယ်။ အန်တီဒိုင်ယန်းနဲ့ အဆက်အသွယ် လုံးလုံးမရှိတော့တာတော့ မဟုတ်ဘူး။ သူက သုံးလေးငါးလမှာ တစ်ခါလောက် ကျွန်မဆီ ဖုန်းဆက်တယ်။ ဖုန်းကို ကိုင်ထားရင်း နှစ်ယောက်သား စကားပြောစရာက သိပ်မရှိ။ ဖုန်းထဲက တဂျစ်ဂျစ် အသံက စကားပြောသံထက် ပိုကြာနေတတ်တယ်။ ဖုန်းထဲမှာ ကျီခနဲ အသံကြားလိုက်ပြီဆိုရင် အန်တီဒိုင်ယန်း တစ်ယောက် ဖုန်းကိုကိုင်ရင်း တန်းလန်းနဲ့ မီးဖိုချောင် ဗီရိုတံခါးကို ဖွင့်နေပြီဆိုတာကို ကျွန်မတန်းသိတယ်။ အဲဒီလောက်ထိကို အန်တီ့အိမ်ကို ကျွန်မ အလွတ်ရနေတာ။ ဖုန်းဆက်တဲ့အခါတိုင်း ဗယ်လာရီက အနားမှာရှိနေတာ များပါတယ်။ သူတို့နှစ်ယောက် တိုးတိုးတိုးတိုး ပြောနေတာတွေကို ဒီဘက်က ကြားနေရတယ်လေ။ ကျွန်မနဲ့ အန်တီဒိုင်ယန်းကြားမှာ ပြောစရာစကားက သိပ်မရှိတော့ နှစ်ယောက်စလုံး မလိုအပ်ဘဲ ချောင်းဟန့်၊ နှာချေ..ဘယ်သူ စပြောမလဲဆိုတာ နှစ်ယောက်သား စောင့်နေကြ။ နောက်ဆုံးမှာတော့ သွားစရာရှိတာ..လုပ်စရာရှိတာ တစ်ခုခု အကြောင်းပြပြီး ဖုန်းချ။

ကျွန်မရဲ့ စာအုပ် ထွက်ပြီးတဲ့အချိန်မှာတော့ အန်တီဒိုင်ယန်းက ဖုန်းကို မကိုင်တော့ဘဲ အဆက်အသွယ် လုံးဝ ဖြတ်သွားတယ်။ "ဘယ်လိုစိတ်ကူးနဲ့များ အဲဒီစာအုပ်ကို ရေးရက်သလဲ လစ်ဘီ.."ဆိုတဲ့ စကားတစ်ခွန်းပဲ နောက်ဆုံးပြော

သွားတယ်။ အန်တီဒိုင်ယန်း ဆဲနေကျ စကားတွေနဲ့ ယှဉ်လိုက်ရင်တော့ တော်တော် ညင်သာတယ်လို့ ပြောရမလားပဲ။ ဒါပေမယ့် ကျွန်မ အတွက်တော့ သူ့ရဲ့ ယူကျုံးမရအသံက ဆဲတာထက် ပိုနာတယ်။

အခုလည်း အန်တီဒိုင်ယန်း ဖုန်းနံပါတ်က အရင်နံပါတ်ပဲဆိုတာ သေချာတယ်။ အဲဒီ ဘီးတပ်အိမ်ကနေ သူ ပြောင်းမှာမဟုတ်ဘူး။ သူနဲ့ အဲဒီအိမ်နဲ့က ခရုနဲ့ ခရုခွံလို အမြဲတွဲနေတာ။ ဖုန်းနံပါတ်တွေရေးထားတဲ့ စာအုပ်ကိုကျွန်မလိုက်ရှာတယ်။ မိနစ်နှစ်ဆယ်လောက် မွှေနှောက်ရှာပြီးမှ စာအုပ်ကို တွေ့တယ်။ ကျွန်မ ငယ်ငယ်လေးကတည်းက သုံးခဲ့တဲ့ လိပ်စာစာအုပ်လေး။ အဖုံးမှာ ကျစ်ဆံမြီးနီနီနဲ့ ကောင်မလေးပုံ ပါတယ်။ ဘယ်သူလက်ဆောင်ပေးသွားသလဲမမှတ်မိတော့။ အဖုံးကအရုပ်နဲ့ ကျွန်မနဲ့ တူတယ်ဆိုပြီး ပေးသွားတာဖြစ်မယ်။ တကယ်ကတော့ မတူဘူး။ ပုံထဲက ကောင်မလေးက ပြုံးနေတာ။ အန်တီဒိုင်ယန်းရဲ့ ဖုန်းနံပါတ်ကို လိုက်ရှာတော့ A ဆိုတဲ့ ခေါင်းစဉ်အောက်မှာ သွားတွေ့တယ်။ Aunty ဆိုတော A ပေါ့။

ဘယ်လိုလေသံနဲ့ ပြောရမလဲ။ ဘာကြောင့်ဖုန်းဆက်တယ်လို့ ပြောရမလဲ။ တကယ်ကတော့ ဖုန်းထဲက အန်တီဒိုင်ယန်းရဲ့ စကားသံကို ကြားချင်ရုံသက်သက်ပါ။ ခပ်ကြမ်းကြမ်း ကျောင်းဆရာမ တစ်ယောက်နဲ့ တူတဲ့ အသံ။ 'ဘာလို့ အခုမှ ဖုန်းလာဆက်နေတာလဲ' ဆိုပြီး ပြောမလား။ ပြီးတော့ ဘန်နဲ့ ပတ်သက်ပြီး သူဘယ်လိုထင်သလဲ ကျွန်မ သိချင်တယ်။ ကျွန်မ ရှေ့မှာတော့ ဘန့်ကို တစ်ခါမှ အပြစ်မတင်ဖူးဘူး။ ဘန့်အကြောင်းပြောရင် အန်တီဒိုင်ယန်းက အရမ်းသတိထားပြီး ပြောတတ်တယ်။ ဒါကြောင့်လည်း အန်တီဒိုင်ယန်းကို ကျွန်မ ကျေးဇူးထပ်တင်မိပြန်တယ်။

ဖုန်းနံပါတ်ကို ကျွန်မ ခေါ်လိုက်တယ်။ ကျွန်မ တစ်ကိုယ်လုံး ကျုံ့ဝင်သွားတယ်။ အသက်ရှူဖို့ မေ့သွားတယ်။ ဖုန်းသုံးခါမြည်ပြီး မက်ဆေ့ချ်လက်ခံတဲ့စက်ရဲ့ အသံထွက်လာတော့မှ အသက်ရှူဖို့ ကျွန်မ ပြန်သတိရတယ်။

စက်ထဲက ထွက်လာတဲ့အသံက ဗယ်လာရီရဲ့ အသံ။ မက်ဆေ့ချ်ချန်ခဲ့ပါ။ သူတို့ ဖုန်းအနားမှာ မရှိလို့ပါတဲ့။

"ဟို..ဟဲလို.. ကျွန်မပါ၊ လစ်ဘီပါ။ နေကောင်းကြရဲ့လား။ ဒီလိုပဲဖုန်းဆက်လိုက်တာ။ ကျွန်မ နေကောင်းတယ်၊ မသေသေးပါဘူးလို့..အဲဒါပြောမလို့"..

ကျွန်မ ဖုန်းကို ခွပ်ခနဲချလိုက်တယ်။ ပြီးမှ ပြန်ခေါ်လိုက်တယ်။ "စောစောကပြောတာ ဘာမှမဟုတ်ဘူးနော်။ ထားလိုက်တော့။ ကျွန်မ..တောင်းပန်ချင်လို့ ဖုန်းဆက်တာပါ။ တောင်းပန်စရာတွေက အများကြီးပဲ..အဲဒါစကားပြောချင်လို့.." ကျွန်မရဲ့

အခု ဖုန်းနံပါတ်ကို ပြောပြခဲ့လိုက်တယ်။ ပြီးတော့ ဖုန်းချလိုက်တယ်။ ခုတင်အစွန်းမှာ ထိုင်နေရာကနေ ထမလို့ ပြင်တယ်။ တကယ်တမ်းက ထစရာအကြောင်းလည်း မည်မည်ရရ မရှိ။

ကုတင်ကနေ ထလိုက်ပါတယ်။ ဒီနေ့ တစ်နေ့လုံး လုပ်ခဲ့သမျှ အလုပ်တွေက မနှစ်က တစ်နှစ်လုံး လုပ်ခဲ့တာတွေထက်တောင် ပိုအကျိုးရှိနေတာတော့ အမှန်ပဲ။ လက်ထဲမှာ ဖုန်းရောက်နေတုန်း ကျွန်မ လိုင်ဝိုက်သ်ကို ဖုန်းခေါ်လိုက်တယ်။ ဖုန်းမကိုင်ပါစေနဲ့၊ မက်ဆေ့ချ်အသံပဲကြားရပါစေလို့ ဆုတောင်းပေမယ့် လိုင်ဝိုက်သ်က ချက်ချင်းပဲ ဖုန်းကိုင်တယ်။ ဘန်နဲ့ သွားတွေ့တာ အဆင်ပြေပါတယ်လို့ ပြောပြလိုက်တယ်။ လိုင်ဝိုက်သ် ထင်ထားတဲ့ လူသတ်သမားက ဘယ်သူလဲဆိုတာကို ကြားဖို့ ကျွန်မအသင့်ဖြစ်ပြီ ဆိုတာကိုလည်း ရှင်းပြလိုက်တယ်။

"ကျွန်တော် ထင်သားပဲ။ ခင်ဗျား ဘန့်ကိုတွေ့လိုက်ရင် စိတ်ပြောင်းသွားမယ်လို့ ထင်ထားတာ ကျွန်တော် မမှန်ဘူးလား"..လိုင်ဝိုက်သ်က ဝမ်းသာအားရအသံနဲ့ အော်တယ်။ ကျွန်မတော်တော် အမြင်ကတ်သွားတယ်။ ဖုန်းချပစ်လိုက်ချင်တဲ့ စိတ်ကို ထိန်းထားရတယ်။

"စိတ်ပြောင်းသွားတယ်လို့ အတိအကျ ကျွန်မ မပြောရသေးဘူးနော်။ ရှင့်ဘက်က နောက်ထပ် ဘာခိုင်းစရာရှိသေးသလဲ သိချင်လို့ ဆက်လိုက်တာသက်သက်ပဲ"

...

အရင်တစ်ခါတွေ့တဲ့ စားသောက်ဆိုင်မှာပဲ လိုင်ဝိုက်သ်နဲ့ ထပ်တွေ့ဖြစ်တယ်။ ဒီတစ်ခါတွေ့တဲ့ စားပွဲထိုးအဒေါ်ကြီးက ဟိုအရင်တစ်ခါတွေ့တဲ့တစ်ယောက်ပဲလား၊ နောက်တစ်ယောက်လား မသေချာဘူး။ ဝတ်ထားတာကတော့ စကတ်တိုတဝုစ်ဝုစ်နဲ့ပဲ။ စားပွဲတစ်ခုမှာကျတော့ ဆံပင်ရှည်ရှည်နဲ့ ယောကျ်ားလေးတစ်သိုက် ကိုယ်တုံးလုံး မိန်းမပုံတွေပါတဲ့ ဖဲချပ်တွေကို တစ်ယောက်စီ လက်ဆင့်ကမ်းကြည့်ပြီး တဟီးဟီးတဟားဟား သဘောကျနေတယ်။ သူတို့ဘေးက စားပွဲမှာ လိုင်ဝိုက်သ် ထိုင်နေတယ်။ သူ့ထိုင်ခုံကို ဘေးဝိုင်းကလူတွေနဲ့ ဝေးအောင် မသိမသာ လှည့်ထားတယ်။ ကျွန်မ သူ့ဘေးမှာ ဝင်ထိုင်လိုက်တယ်။ သူမှာထားတဲ့ ဘီယာဂျားထဲကနေ ကျွန်မအတွက် တစ်ခွက်ငှဲ့လိုက်တယ်။

"ဘန်နဲ့တွေ့တာ ဘယ်လိုလဲ။ ခင်ဗျားထင်ထားသလို ဖြစ်ရဲ့လား။ ဘန် ခင်ဗျားကို ဘာပြောလိုက်လဲ"..လိုင်ဝိုက်သ်က ဒူးခေါင်းကို တလှုပ်လှုပ် လှုပ်ရင်း

မေးတယ်။

ဘန်နဲ့ပြောခဲ့တာတွေကို ကျွန်မ ပြန်ပြောပြလိုက်တယ်။ အိမ်သာအဖုံးပေါ်က ယုန်ရုပ်အကြောင်းကိုတော့ ချန်ထားလိုက်တယ်။

"ကျွန်တော်တို့အဖွဲ့ထဲက အမျိုးသမီးကို မှတ်မိလား။ မဂ်ဒါလေ။ ဘန်က မျှော်လင့်ချက်ကင်းမဲ့သွားလို့အရှုံးပေးသွားတာလို့ သူကထင်ကြေးပေးထားတာလေ။ အခု သူပြောသလို ဖြစ်နေပြီပေါ့"

မဂ်ဒါကို ကျွန်မ မှတ်မိတယ်။ သူပြောလိုက်တာကိုလည်း စဉ်းစားမိတယ်။ "ဘန့်ပုံစံက ထောင်ဒဏ်ခံရတာကို သူနဲ့ထိုက်လို့ ခံရတာလို့ ယူဆထားပုံပဲ" .. ကျွန်မပြောလိုက်တယ်။ လိုင်ဝိုက်သ်ဆီက ဒေါ်လာ ၃၀၀ ရထားတဲ့အတွက်ကျွန်မရဲ့ ထင်မြင်ချက်တစ်ခု သူ့ကို ပြန်မျှပေးလိုက်တဲ့သဘော။ နောက်ထပ်လည်း ပိုက်ဆံ ထပ်လိုချင်သေးတယ်လေ။ "အဲဒီညတုန်းက သူ့မိသားစုကို ကာကွယ်မပေးခဲ့နိုင်လို့ သူ့ကိုယ်သူ ဒဏ်ခတ်တဲ့ သဘောပေါ့။ ကျွန်မရဲ့ ထွက်ဆိုချက်အကြောင်း ပြောပြ တော့လည်း ဘန်က ဘာမှမဖြစ်သလိုပဲ။ ဂရုမစိုက်ဘူး"

"အင်း၊ တကယ်တမ်းကျတော့ ခင်ဗျား ထွက်ဆိုချက် မှန်သည်ဖြစ်စေ မမှန်သည် ဖြစ်စေ အခုမှ ပြန်ပြင်လို့ မရတော့ဘူးလေ။ ဥပဒေအရ မလွယ်လှဘူး။ မဂ်ဒါက ပြောတယ်၊ ခင်ဗျားသာ ဘန့်ကို တကယ်ကူညီချင်တယ်ဆိုရင် သက်သေ တွေ ထပ်စုဖို့ လိုတယ်တဲ့။ အဲဒီလို ခိုင်မာတဲ့ သက်သေတွေရှိမှ ခင်ဗျားရဲ့ထွက်ဆို ချက်တွေကို ပြန်ပယ်ပြီး လျှောက်လဲချက်အသစ် တင်လို့ရမယ်။ ဒါမှလည်း လူထုနဲ့ မီဒီယာက ပြန်စိတ်ဝင်စားလာမှာ။ အခုအချိန်မှာ ဒီအမှုက ဥပဒေတွေ၊ ပုဒ်မတွေထက် ဘယ်သူတွေ ဘယ်နေရာမှာ ဘာရာထူးတွေ ရသွားတယ်ဆိုတာနဲ့ ပိုဆိုင်နေတယ်။ အဲဒီအမှုတစ်ခု အရင်းပြုပြီး ရာထူးတက်သွားတဲ့သူတွေ အများကြီးကိုး"

"မဂ်ဒါဆိုတဲ့ မိန်းမက တော်တော်သိတာပဲ"

"မဂ်ဒါက 'ဒေးလွတ်မြောက်ရေး' အဖွဲ့ဆိုတာကို ထောင်ထားတာလေ၊ ဘန်ဒေး ထောင်ကလွတ်ဖို့ အသည်းအသန်ကြိုးစားနေတဲ့ လူတွေချည်း စုပြီးဖွဲ့ထား တာ။ သူတို့အဖွဲ့နဲ့ ကျွန်တော် တစ်ခါတလေ သွားတွေ့ဖူးပါတယ်။ ဒါပေမယ့် အဖွဲ့ထဲမှာ မိန်းမတွေချည်းပဲဖြစ်နေတော့.."

"အင်း၊ ဘန့်မှာ ရည်းစား အတည်တကျတွေဘာတွေ ရှိတယ်လို့ ရှင်ကြား မိသလား။ အဲဒီ ဒေးလွတ်မြောက်ရေးအဖွဲ့ထဲမှာ မော်လီ၊ ဆဲလ်လီ..ဒါမှမဟုတ် ပေါ်လီ ဆိုတဲ့ နာမည်နဲ့ မိန်းကလေးတစ်ယောက်ယောက်များ ရှိနေသလား။ ဘန့်

လက်မောင်းမှာ တက်တူးထိုးထားတာ တွေ့လို့။ အပြည့်တော့ မမြင်လိုက်ဘူး။ -lly ဆိုတဲ့သုံးလုံးပဲ တွေ့လိုက်တယ်''

''ဆဲလ်လီဆိုတဲ့နာမည်နဲ့တော့မရှိဘူးဗျ။ ပေါ်လီဆိုတာက လူနာမည်နဲ့ သိပ်မတူဘူး။ ခွေးတွေ ကြောင်တွေကိုပေးတဲ့ နာမည်မျိုး။ မော်လီဆိုတဲ့ အမျိုးသမီး တစ်ယောက်တော့ရှိတယ်။ ဒါပေမယ့် သူက အသက် ၇၀ လောက်ရှိပြီ''

လိုင်ဝိုက်သ်ရှေ့ကို အာလူးကြော်တစ်ပွဲ ရောက်လာတယ်။ လာချပေးတဲ့ အမျိုးသမီးက အရင်တစ်ခါတွေ့တဲ့တစ်ယောက် မဟုတ်ဘူး။ အသက်ကြီးတာချင်း တော့ အတူတူပဲ။ ဒီတစ်ယောက်က ပိုသဘောကောင်းတယ်။ ကျွန်မကို သမီးလေးလို့ ခေါ်တယ်။ အဲဒီလို ဟန်နီတို့၊ သမီးလေးတို့ ခေါ်တတ်တဲ့ အန်တီကြီးတွေကိုကျွန်မ သိပ်သဘောကျတာပဲ။

လိုင်ဝိုက်သ်က အာလူးချောင်း စားဖို့ကို တယုတယနဲ့ ပြင်ဆင်နေတယ်။ အချဉ်ဘူးကိုယူပြီး ပန်းကန်ရဲ့ ဘေးဘက်အစွန်းမှာ အပုံလေးဖြစ်အောင် ညှစ်ချပေး တယ်။ အချဉ်ပေါ်ကို ဆားဖြူးတယ်။ ငရုတ်ကောင်းနည်းနည်း ခေါက်ချတယ်။ ပြီးတော့မှ အာလူးချောင်းကို တစ်ချောင်းချင်းယူတယ်။ အချဉ်ထဲကို သေသေချာချာ နှစ်တယ်။ ပါးစပ်ထဲကို ဂရုတစိုက်နဲ့ ထည့်တယ်။

''အိုကေ··။ ရှင်ထင်ထားတဲ့လူက ဘယ်သူလဲ''··ကျွန်မ နောက်ဆုံးမှာ မအောင့်အည်းနိုင်တော့ဘဲ မေးလိုက်တယ်။

''ဘယ်သူ့ကို ဘာထင်ရမှာတုန်းဗျ''

ကျွန်မ စိတ်ပျက်လက်ပျက်နဲ့ ခေါင်းကို ခါလိုက်တယ်။ နားထင်ကိုလက်နဲ့ ထောက်ပြီး သက်ပြင်းကို ဟူးခနဲ ချမိသွားတယ်။ တကယ်စိတ်မရှည်တော့ဘူး။

''သြော်··ဟုတ်သားပဲ၊ ဟုတ်ပြီ။ ကျွန်တော့်အထင်ကိုပြောရရင်တော့ လူ သတ်သမားက ခရစ်ဆီကိတ်ရဲ့အဖေ *လူးဝစ်စ်ကိတ်* ဖြစ်လိမ့်မယ်''··လိုင်ဝိုက်သ်က ပဟေဠိကြီး တစ်ခုရဲ့ အဖြေကို ပြောပြလိုက်ရလို့ ကျေနပ်သွားတဲ့ပုံစံနဲ့ လက်နှစ် ဘက်ကို ပိုက်ပြီး ထိုင်ခုံမှာ မှီချလိုက်တယ်။

ခရစ်ဆီကိတ်··တဲ့။ ဒီနာမည်ကို ကြားဖူးသလိုလို··။

''ခရစ်ဆီကိတ်ကိုတော့ ခင်ဗျား သိတယ်မဟုတ်လား လစ်ဘီ''··ကျွန်မ ဘာမှ ပြန်မပြောတော့ လိုင်ဝိုက်သ်က မေးတယ်။ သူ့လေသံကဆရာကြီးလေသံနဲ့ တဖြည်းဖြည်း တူလာတယ်။ ''ခင်ဗျားတို့ကျောင်းကပဲလေ။ အလယ်တန်းကျောင်းသူ ကောင်မလေးလေ။ ခင်ဗျားမိသားစု အသတ်ခံရတဲ့အချိန် မတိုင်ခင်··အဲဒီနေ့လယ်

ကတည်းက ရဲတွေက ဘန့်ကို လိုက်ရှာနေပြီဗျ။ ခရစ်ဆီဆိုတဲ့ ကောင်မလေးပြောပုံ အရဆိုရင် ဘန်က သူ့ကို ဟိုကိုင်ဒီကိုင် လုပ်တယ်တဲ့ . . ''

''ဘာ''

''ဟုတ်တယ်''

ကျွန်မတို့နှစ်ယောက် နင်ရူးနေသလား . . ဆိုတဲ့ မျက်လုံးတွေနဲ့တစ်ယောက် မျက်နှာတစ်ယောက် ပြိုင်တူကြည့်မိသွားတယ်။

လိုင်ဝိုက်သ်က မယုံနိုင်သလို ခေါင်းခါတယ်။ ''ခင်ဗျားကို လူတွေက ဘာမှ ပြောမပြထားဘူးဆိုတာ တကယ်ကြီးပဲနော်။ ကျွန်တော် အခုမှ ယုံသွားတယ်''

''ဘန် တရားဆိုင်တုန်းက အဲဒီကောင်မလေး ပေါ်မလာပါဘူး''

''ဟုတ်တယ်။ ဘန့်ဘက်က လိုက်ပေးတဲ့ ရှေ့နေတွေ တော်တယ်လို့ပဲ ပြောရမယ်။ လူသတ်မှုနဲ့ ခရစ်ဆီကိတ်အမှု . . အဲဒီ အမှု နှစ်ခုကို မဆိုင်တော့အောင် ခွဲလိုက်တာ။ ဒါပေမယ့် တရားသူကြီးနဲ့ ဂျူရီ အဖွဲ့တွေက ဘန့်ကို အမြင်မကြည် တော့ဘူးလေ။ အဲဒီ ကောင်မလေးကို ဘန်က ဟိုကိုင်ဒီကိုင် လုပ်ခဲ့တယ်ဆိုတဲ့သတင်း တစ်မြို့လုံး ပျံ့နေတာကိုး။ ဒီလို မဖွယ်မရာအပြုအမူတွေ လုပ်တတ်တဲ့သူဟာ လူ သတ်ဖို့လည်း ဝန်လေးမှာ မဟုတ်ဘူးလို့ အကုန်လုံးက သတ်မှတ်လိုက်တာပေါ့။ ကောလာဟလဆိုတာကလည်း ခင်ဗျားသိတဲ့ အတိုင်းပဲ။ တောမီးထက်မြန်တယ်''

''အဲဒီတော့ ခရစ်ဆီကိတ်အမှုက တရားရုံးပေါ် ရောက်လာသေးသလား'' . . ကျွန်မ မေးလိုက်တယ်။ ''အဲဒီ ကောင်မလေးကို ဘန် တကယ်ပဲ မဖွယ်မရာလုပ်ခဲ့ တယ်ဆိုတာ သက်သေရှိလား''

''ဟင့်အင်း၊ အဲဒီအမှုက ဘာမှဆက်မဖြစ်ဘဲ ပြီးသွားတယ်။ ခရစ်ဆီကိတ် မိသားစုကို ကျောင်းကနေပြီးတော့ပဲ လျော်ကြေး ပေးလိုက်တယ်။ အမှု ရုပ်သိမ်း လိုက်တယ်။ ဒါပေမယ့် ကျွန်တော် ထင်တာကတော့ အဲဒီကိစ္စ အဲဒီနေရာမှာမပြီးဘူး။ ခရစ်ဆီကိတ်ရဲ့အဖေ လူးဝစ်စ်ကိတ်က မကျေနပ်လောက်ဘူး။ အဲဒီညမှာ ခင်ဗျားတို့ အိမ်ကို လူးဝစ်စ်ကိတ် ရောက်ချလာပြီး ဘန်ဒေးကိုမေးခွန်းထုတ်မယ်။ သူ့သမီးကို ဘာဖြစ်လို့ ဒီလိုလုပ်သလဲပေါ့ . . ပြီးတော့ . . ''

''ပြီးတော့ ဒေါသတွေ အရမ်းထွက်ပြီး လူးဝစ်စ်ကိတ်က တစ်အိမ်လုံးကို သတ်ပစ်လိုက်တယ်လို့ ပြောချင်တာလား။ လုံးဝ အဓိပ္ပာယ်မရှိဘူး''

''လူးဝစ်စ်ကိတ်က ဗလတောင့်တောင့် လူကောင်ထွားထွားဗျ။ ဒါတင် မကသေးဘူး။ အဲဒီလူက အရင်တုန်းက လူသေမှုနဲ့ ထောင်သုံးနှစ် ကျဖူးတယ်ဗျ။

ဘိလိယက်ဘောလုံးနဲ့ ပစ်ပေါက်လိုက်တာ ဟိုဘက်ကလူရဲ့ ခေါင်းကိုတည့်တည့်ထိပြီး တစ်ခါတည်း သေသွားတယ်တဲ့။ ဒေါသကြီးတဲ့ လူဆိုတာ သေချာတယ်။ သူ့သမီးကို ခင်ဗျားအစ်ကိုက အဲဒီလိုလုပ်တယ်ဆိုတာကို သိသွားတော့ ဒီလူစိတ်ထိန်းနိုင်မှာ မဟုတ်ဘူး။ စိတ်မထိန်းနိုင်ဘဲ အိမ်ထဲကလူတွေကို သတ်မိမယ်။ ပြီးတော့မှ ရဲတွေ အထင်အမြင်မှားအောင် နံရံမှာ သွေးနဲ့ ယဇ်ပူဇော်တဲ့ သင်္ကေတတွေ ရေးခဲ့မယ်။ အဲဒီလို မဖြစ်နိုင်ဘူးလား''

''ဟင့်အင်း‥ အဓိပ္ပာယ် သိပ်မရှိဘူး။ မဖြစ်နိုင်ဘူး''‥အဲဒီလိုဖြစ်ပါစေလို့ ကျွန်မ ဆုတောင်းချင်တယ်။ ဒါပေမယ့် မဟုတ်လောက်ဘူးဆိုတာကိုလည်း စိတ်ထဲကနေ သိနေတယ်။

''ခင်ဗျားအစ်ကို သတ်တယ် ဆိုတဲ့ အတွေးကလည်း အဓိပ္ပာယ်မရှိပါဘူး။ ဒီအမှုကြီး တစ်ခုလုံးကိုက အဓိပ္ပာယ်ဖွင့်လို့ရတဲ့ အမှုမျိုးမဟုတ်ဘူး။ ဒါကြောင့်လည်း လူတွေက ဒီလူသတ်မှုကို အသည်းအသန်စိတ်ဝင်စားနေကြတာပေါ့။ လွယ်လွယ်နဲ့ အဖြေထွက်နေမှတော့ ဘယ်သူကအဖက်လုပ်မလဲ။ ဟုတ်တယ်မဟုတ်လား''

ကျွန်မ ဘာမှပြန်မဖြေနိုင်ဘူး။ သူပြောတာမှန်ပါတယ်။ စားပွဲပေါ်ကဆားငရုတ်ကောင်းဘူးလေးကို လက်ထဲကိုင်ပြီး ဆော့နေမိတယ်။ ဆိုင်ကသာ ခပ်စုတ်စုတ်ရယ်‥ဆားဘူးလေးကတော့ တော်တော်လှတယ်။

''ကျွန်တော်ပြောချင်တာကဗျာ‥အနည်းဆုံးတော့ ခင်ဗျား ခရစ်ဆီကိတ်ကိစ္စကို လိုက်စုံစမ်းသင့်တယ်လို့ မထင်ဘူးလား''‥လိုင်ဝိုက်သ်က တိုက်တွန်းတဲ့လေသံနဲ့ ပြောတယ်။ ''ခင်ဗျား စဉ်းစားကြည့်။ ခရစ်ဆီကိတ်က ခင်ဗျားအစ်ကိုကို သူ့ကို မဖွယ်မရာလုပ်ပါတယ်လို့ စွပ်စွဲတဲ့နေ့နဲ့ လူသတ်မှုကြီးဖြစ်တဲ့နေ့နဲ့ တစ်နေ့တည်းဖြစ်နေတာ စိတ်ဝင်စားစရာ မကောင်းဘူးလား''

''အင်း၊ ဟုတ်ပါတယ်။ ရှင်ပြောတဲ့အတိုင်းဆိုရင်တော့ ဟုတ်တယ်''

''အိုကေ၊ အဲဒီတော့ ရန်နာဒေးကို ရှာမတွေ့ခင်အချိန်အတွင်းမှာ ခင်ဗျား ခရစ်ဆီကိတ်တို့ မိသားစုနဲ့ သွားတွေ့သင့်တယ်။ သူတို့ မိသားစုထဲက ဘယ်သူနဲ့ဖြစ်ဖြစ် စကားပြောကြည့်ဗျာ။ ခရစ်ဆီ ဒါမှမဟုတ် သူ့အဖေလူးဝစ်စ်နဲ့ စကားပြောပေးမယ်ဆိုရင် ဒေါ်လာ ၅၀၀ ပေးမယ်ဗျာ။ သူတို့ဆီက ထွက်လာမယ့် ဓာတ်လမ်းထဲမှာရော ဘန့်ကို ဘယ်နေရာမှာ ထားထားသလဲ ကျွန်တော်သိချင်တယ်။ ဘန့်ကို မဟုတ်တမ်းတရမ်း စွပ်စွဲပြီး အဲဒီမိသားစု ဘယ်လိုနေနေကြသလဲဆိုတာ မသိချင်ဘူးလား။ ဟုတ်တယ် မဟုတ်လား။ ဘန်ဒေးက ကလေးမလေးတစ်ယောက်ကို

အဲဒီလို မဖွယ်မရာ လုပ်တယ်ဆိုတာ မဖြစ်နိုင်ဘူး မဟုတ်လား''

ကျွန်မ တုန်တုန်ယင်ယင် ဖြစ်ချင်လာတယ်။ ဘန့်အပေါ်မှာထားတဲ့ ယုံကြည်ချက်က နဂိုကတည်းကမှ ယိုင်နဲ့နဲ့ရယ်။ ဒါပေမယ့် ဘန်က ကျွန်မကိုတော့ ဘယ်တုန်းကမှ အဲဒီလို မရိုးမသား ကိုင်တာမျိုး မရှိခဲ့ဖူးဘူး။ ကျွန်မပြောချင်တာက ဘန့်မှာသာ အဲဒီလို စိတ်ဓာတ် ရှိခဲ့မယ်ဆိုရင် သူ့မှာ ညီမလေး သုံးယောက်တောင် ရှိနေတာပဲ။ ညီမတွေကို လက်ဖျားနဲ့တောင် ထိမှမထိခဲ့ဘဲ။

''အင်း မဖြစ်နိုင်ဘူး''

''ဟုတ်ပြီ''

''ဒါပေမယ့် ကျွန်မကို သူတို့က စကားပြောချင်ပါ့မလား။ ကျွန်မကဘန့် ညီမ ဖြစ်နေတယ်လေ''

''ကျွန်တော် သူတို့နဲ့ တွေ့ဖို့ ကြိုးစားကြည့်သေးတယ်''..လိုင်ဝိုက်သ်က ပခုံးတွန့်ပြတယ်။ ''အဆင်မပြေဘူး။ ကျွန်တော်နဲ့ အဲဒီလိုကိစ္စတွေနဲ့ မဖြစ်ဘူး''

''ဘယ်လိုကိစ္စတွေလဲ''

''မသိမသာ ဝင်ရောတဲ့ ကိစ္စမျိုးတွေပေါ့''

''အို..ကျွန်မကတော့ အဲဒါမျိုးတွေ အရမ်းကျွမ်းတယ်''

''အိုကေဗျာ၊ ဟုတ်ပြီ။ ခင်ဗျား သူတို့နဲ့ သွားတွေ့ဖြစ်တယ်ဆိုရင် ကျွန်တော့်ကိုလည်း ခေါ်ဗျာ။ နော်..''

ကျွန်မ ပခုံးတွန့်ပြလိုက်တယ်။ ထိုင်ခုံကနေ ထတယ်။ စားထား သောက်ထားတာတွေကို လိုင်ဝိုက်သ် ရှင်းပါစေ။ ကျွန်မ လှည့်ထွက်ပြီး ခြေလှမ်း သုံးလှမ်းလောက်အရောက်မှာ လိုင်ဝိုက်သ်က နောက်ကနေ လှမ်းခေါ်တယ်။

''လစ်ဘီ၊ ဆားဘူးလေး ခင်ဗျားအိတ်ထဲ ပါသွားတယ်နော်''

ကျွန်မ ခဏရပ်သွားတယ်။ အံ့ဩချင်ယောင်ဆောင်လိုက်ရမလား။ *ပြဿနာပဲ.. ယောင်ပြီးထည့်လာမိတာ*..လို့ ခြောင်လိမ်ရမလား။ ကျွန်မခေါင်းပဲညိတ်ပြလိုက်ပြီး တံခါးဘက် ဆက်လျှောက်သွားလိုက်တယ်။ အိမ်မှာ ဒီလို ဆားဘူးမျိုး မရှိသေးဘူးလေ။

...

ခရစ်ဆီတို့ မိသားစု နေနေတဲ့ နေရာကို လိုင်ဝိုက်သ်က ခြေရာခံပြီး လိုက်စုံစမ်းတော့ နောက်ဆုံးမှာ ခရစ်ဆီအမေရဲ့ လိပ်စာကို ရတယ်တဲ့။ ကန်းဆက်စ်ပြည်နယ်ထဲမှာပဲ။ *အန်ပိုယီရာ* မြို့မှာ နောက်ယောက်ျားနဲ့ နေနေတယ်။ အဲဒီယောက်ျားနဲ့

သမီးတစ်ယောက်တောင် ထပ်ရနေပြီ။ ခရစ်ဆီ့ အမေကို ဆက်သွယ်ဖို့ လိုင်ဝိုက်သ် အကြိမ်ကြိမ် ကြိုးစားပေမယ့် မအောင်မြင်ဘူး။ ဖုန်းမက်ဆေ့ချ်တွေ ချန်ခဲ့ပေမယ့် ဟိုဘက်က ပြန်မဆက်ဘူး။

ကိုယ်တကယ် ဖုန်းပြောချင်တဲ့သူကို ဖုန်းဆက်ရင် ဘယ်တော့မှမက်ဆေ့ချ် မချန်ခဲ့နဲ့။ ဖုန်းမကိုင်မချင်း ထိုင်ဆက်။ စိတ်ဆိုးပြီးပဲ ကိုင်ကိုင်၊ မနေနိုင်တော့လို့ဘဲ ကိုင်ကိုင်၊ ဖုန်းကိုင်ရင် ပြီးရော။ ပြီးတာနဲ့ သူတို့ ဖုန်းချမပစ်အောင်၊ ဖုန်းကိုဆက် ကိုင်ထားချင်လောက်အောင် စိတ်ဝင်စားဖို့ကောင်းတဲ့ စကားတစ်ခုခု အမြန်ပြောပစ်။

ခရစ်ဆီ့အမေကို ၁၂ ခါ တိတိ ဖုန်းခေါ်ပြီးတော့မှ ဟိုဘက်ကနေ ဖုန်း လာကိုင်တယ်။ ဖုန်းကိုင်တဲ့အသံ ကြားတာနဲ့ ကျွန်မ အမြန်ပြောချလိုက်တယ်။

"“ဟဲလို၊ ကျွန်မ လစ်ဘီဒေးပါ။ ဘန်ဒေးရဲ့ ညီမပါ။ ဘန်ဒေးကို မှတ်မိ လားရှင့်"

ဖုန်းရဲ့ ဟိုဘက်ခြမ်းက နှုတ်ခမ်းထူထူ တစ်စုံ ပလပ်ခနဲ ပွင့်သွားတဲ့အသံ အရင်ကြားရတယ်။ ပြန်ဖြေတဲ့ စကားသံက ပါးပါးလှပ်လှပ်။ "အင်း၊ မှတ်မိတယ်။ အခု ဘာကိစ္စဆက်တာလဲ"

"အန်တီတို့ မိသားစုထဲက တစ်ယောက်ယောက်နဲ့ ကျွန်မ စကားပြောချင် လို့ပါ။ ဘန့်ကို စွပ်စွဲခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး မေးစရာရှိလို့"

"ငါတို့မိသားစုထဲမှာ အဲဒီအကြောင်းကို စကားမစဘူး။ နင့်နာမည်က ဘယ်သူ..လစ်ဇီ..ဟုတ်လား။ ငါ နောက်အိမ်ထောင်ပြုလိုက်ပြီ။ အရင်မိသားစုနဲ့ အဆက်အသွယ် မရှိတော့ဘူး"

"ဒါဆို လူးဝစ်စ်ကိတ် ဒါမှမဟုတ် ခရစ်ဆီကိတ်နဲ့ ဘယ်လိုဆက်သွယ်ရ မလဲ ပြောပြပါလားရှင့်"

ဟိုဘက်က သက်ပြင်းချသံ အရှည်ကြီးထွက်လာတယ်။ "လူးဝစ်စ်ကိတ် ကတော့ ဒီနိုင်ငံထဲက အရက်ဆိုင် တစ်ဆိုင်ဆိုင်မှာ ရှိလိမ့်မယ်။ ဘယ်ဆိုင်လဲတော့ ငါလည်း မသိဘူး။ ခရစ်ဆီကိတ်ကို တွေ့ချင်ရင် I-70 အမြန်လမ်းအတိုင်းမောင်း။ ကိုလန်ဘီယာမြို့ကိုကျော်ရင် ဘယ်ဘက်ကိုကွေ့။ အဲဒီလမ်းက အဖော်အချွတ်ကလပ် တစ်ခုခုထဲမှာ ခရစ်ဆီကိတ် ရှိလိမ့်မယ်။ နောက်ကို ဖုန်းထပ်မဆက်နဲ့"

+++

## ဘန်ဒေး

**၁၉၈၅၊ ဇန်နဝါရီ (၂) ရက်**

**နေ့လယ် ၁၂ နာရီ ၅၁ မိနစ်**

ခရစ်ဆီ့ ပုံးထဲမှာရှိတဲ့ ပန်းရောင် စက္ကူ တစ်ရွက်ကို ဘန် ယူပြီး နှစ်ခေါက် ခေါက်လိုက်တယ်။ စာရွက်ခေါက်ပေါ်မှာ *ဘန်* ဆိုတဲ့စာလုံးကိုစာလုံးကြီးနဲ့ရေးလိုက်တယ်။ ခရစ်ဆီတွေ့ရင် အံ့သြပြီး သဘောကျသွားမှာ သေချာတယ်။ ခရစ်ဆီ့ပုံးထဲက ပစ္စည်းတစ်ခုခု ယူပြီး လစ်ဘီ့ပုံးထဲကို ပြောင်းထည့်ပေးဖို့ ဘန် စဉ်းစားမိသေးတယ်။ မဖြစ်သေးပါဘူး။ လစ်ဘီ့ လက်ထဲမှာ ပစ္စည်းကောင်းကောင်း ကိုင်ထားတာတွေ့ရင် အားလုံးက သံသယတွေဖြစ်ကုန်မယ်။ ဘန်ဒေးတို့ မောင်နှမလေးယောက်စလုံးက ကျောင်းရဲ့ ငမွဲဘုရင်တွေလေ။ ညီအစ်မသုံးယောက်ပေါင်းမှ အဝတ်နှစ်စုံ မပြည့်ဘူး။ မီရှယ်က ဘန့်ဆွယ်တာအဟောင်းတွေ ဝတ်ရတယ်။ ဒက်ဘီက မီရှယ့်အကျ ဂါဝန်တွေကို ဝတ်ရတယ်။ လစ်ဘီကတော့ နောက်ဆုံး အမွေဆက်ခံသူ။ ဖာရာဗရပွနဲ့ ဂျင်းဘောင်းဘီစုတ်တွေ၊ အရောင်ပေါင်းစုံ စွန်းပြီး နွမ်းနေတဲ့ တီရှပ်အဟောင်းတွေ၊ ဒက်ဘီ့ ဗိုက်ပူပူနဲ့ ဆွဲချုံ့ထားလို့ ကျယ်နေတဲ့ အနွေးထည်အပေါ်စားတွေ··ဒါတွေ အကုန် နောက်ဆုံးမှာ လစ်ဘီ့ဆီ ရောက်လာတယ်။ ဘန့် ညီမတွေနဲ့ ခရစ်ဆီနဲ့ ကွာတာ အဲဒါပဲ။ ခရစ်ဆီ့ အဝတ်အစားတွေက အမြဲသစ်လွင်နေတယ်။ ဒီယွန်ဒရာလည်း တူတူပဲ။ ဂျင်းဘောင်းဘီ အသစ်စက်စက်တွေနဲ့။ ဒီယွန်ဒရာ့ ဂျင်းဘောင်းဘီ အရောင်မွဲနေတယ်ဆိုရင် ဟောင်းသွားလို့ မွဲသွားတာ မဟုတ်၊ ဝယ်ကတည်းက ခပ်မွဲမွဲအရောင်ကို တမင် ရွေးဝယ်ထားတာ။ ဒီယွန်ဒရာက မုန့်ဖိုးတွေလည်းအများကြီး ရတယ်။ သူရှေ့ပင်းထွက်တဲ့အခါ ဘန့်ကို ခေါ်သွားဖူးတယ်။ ဘန့်ကိုယ်လုံးပေါ်မှာ အဝတ်ပေါင်းစုံ ကပ်ကြည့်ပြီး *ဝတ်ကြည့်ပါလား··နင်နဲ့လိုက်မှာ* ဆိုပြီး နောက်ဖူးတယ်။ ယောကျ်ားလေး တစ်ယောက်အနေနဲ့ မိန်းကလေး ဝယ်ပေးတာကို ဝတ်လို့

ကောင်းပါ့မလား…ဘန် သေချာမသိဘူး။ ဘန့်အတန်းထဲက ဆရာ အိုမယ်လီ က တော့ သူ့မိန်းမ ချုပ်ပေးတဲ့ ဆွယ်တာတွေကို ဝတ်ရတဲ့အကြောင်း ခဏခဏနောက် ပြောတတ်တယ်။ ဒါပေမယ့် ဆရာအိုမယ်လီနဲ့ သူ့မိန်းမက အိမ်ထောင်ဖက်တွေ လေ။ ဘန်တို့လို ရည်းစားတွေမှ မဟုတ်ဘဲ။ ထားပါတော့။ နောက်ဆုံးတော့လည်း ဒီယွန်ဒရာ စိတ်တိုင်းကျ ဝယ်ပေးတဲ့ အဝတ်တွေကိုပဲ ဘန် ဝတ်ရတာပါပဲ။ ဘန့်မှာ ပိုက်ဆံမှ မရှိတာကိုး။ ဒီယွန်ဒရာ ဝယ်ပေးသမျှတွေက အနက်ရောင်တွေ။ ဘန်နဲ့ အနက်ရောင်နဲ့ လိုက်လို့တဲ့။

ပြီးတော့ ခရစ်ဆီနဲ့ စကားပြောရတာကို ဘန် သဘောကျမိတဲ့ အချက် နောက်တစ်ချက် ရှိသေးတယ်။ ခရစ်ဆီက ဘန့်ကို လူကြီးတစ်ယောက်လို သဘော ထားပြီး ဆက်ဆံတယ်။ ဘန့်အသက်က ၁၅ နှစ် မဟုတ်လား။ ခရစ်ဆီ့ထက် ကြီးတယ်လေ။ ဒီယွန်ဒရာကတော့ ဘန့်ကို ကလေးလိုပဲ စနေ နောက်နေ တတ်တယ်။ တစ်ခါတလေ ဘန့်ကို ကြည့်ပြီး အကြောင်းမရှိဘဲ ရယ်တတ်တယ်။ 'ဘာရယ်စရာ ပါလို့လဲ' လို့ ဘန်ကမေးလိုက်ရင် ဒီယွန်ဒရာက 'ဘာမှမဟုတ်ဘူး။ နင့်က ချစ်ဖို့ ကောင်းလို့' ဆိုပြီး ဖြေတယ်။ ဒီယွန်ဒရာနဲ့ ပထမဆုံး အတူတူ အိပ်တော့ ဘန့်မှာ ကွန်ဒုံးကို မသုံးတတ်တာနဲ့ ဘာလုပ်ရမှန်းမသိဖြစ်နေဖူးတယ်။ ဒီယွန်ဒရာက ဘန် ပျာယာခတ်နေတာကို ကြည့်ပြီး တဟားဟား ရယ်တာနဲ့ ဘန်လည်း အိပ်ချင်စိတ်ပါ ပျောက်သွားရော။ နောက်တစ်ခါကျတော့ ဘန့်လက်ထဲက ကွန်ဒုံးကို ဒီယွန်ဒရာက ဆွဲယူပြီး လွှင့်ပစ်လိုက်တယ်။ *ထားလိုက်တော့…မလိုဘူး* တဲ့။

အဲဒီအကြောင်း စဉ်းစားနေရင်း ဘန့် သွေးတွေ ဆူလာတယ်။ ဒီယွန်ဒရာ့ကို သတိရလာတယ်။ ဒီယွန်ဒရာနဲ့ အိပ်ခဲ့တဲ့ အချိန်တွေကို မြင်ယောင်လာမိတယ်။ ဘန့် ကိုယ်တွေ ပူလာတယ်။ ဘန့် ဂျင်းဘောင်းဘီရှေ့နေရာ ဖောင်းပြီး တင်းလာတယ်။ အဲဒီအချိန်မှ ကော်ရစ်ဒါဘက်ကို လျှောက်လာနေတဲ့ အလယ်တန်း ကျောင်းဆရာမ *မစ္စဒါ့ခ်ဆဲလ်ဗား*…။ ဆရာမက ခရစ်ဆီကိတ်ရဲ့ ပစ္စည်းတွေ သိမ်းထားတဲ့ ပုံးရှေ့မှာ ကြောင်တောင်တောင်နဲ့ ရပ်နေတဲ့ ဘန့်ကို တွေ့သွားတယ်။

"ဟေး…ဘန်။ ဘာလုပ်နေတာလဲ"…ဆရာမက ပြုံးပြီး မေးတယ်။ မစ္စ ဒါ့ခ်ဆဲလ်ဗားက ဂျင်းဘောင်းဘီနဲ့ ခြေစွပ်ဖိနပ်ဝတ်ထားတယ်။ လက်ထဲမှာ ဖိုင်တွဲ တစ်တွဲနဲ့ ဖဲကြိုးစတစ်စ ကိုင်ထားတယ်။

ဘန် ဆရာမ မေးတာကို မဖြေဘဲ အထက်တန်းဆောင်ဘက်ကို ပြန်လှည့် ထွက်ဖို့ ပြင်တယ်။

"ဟဲ့၊ ဘယ်ထွက်ပြေးတာတုန်း၊ လာပါဦး။ နင့်ကို မတွေ့တာကြာလှပြီ။ အရင်လို ဖက်ပါရစေဦး။ အောင်မယ်လေး လူကြီးဖြစ်သွားတာနဲ့ ဒီဘက်ကိုတောင် မလာတော့ဘူးပေါ့"

ဆရာမက ဘန့်ဆီကို တည့်တည့်ကြီး လျှောက်လာတယ်။ ဆရာမစီးထားတဲ့ ခြေစွပ်ဖိနပ်က ကြမ်းပြင်ပေါ်မှာ တဖတ်ဖတ် မြည်နေတယ်။ ဘန် မစ္စဒေါ့ခ်ဆဲလ်ဗားကို ကြောင်ကြည့်နေရင်း.. ဘယ်ဘက်ကိုလှည့်ထွက်ပြီး ကော်ရစ်ဒါ တံခါးဘက်ကို သွားမလို့ ပြင်တယ်။ ဒါပေမယ့် ဘန် အဲဒီလို ကိုယ်လုံးကို လှည့်နေတုန်းမှာပဲ မစ္စဒေါ့ခ်ဆဲလ်ဗားရဲ့ မျက်လုံးက ဘန့် ဘောင်းဘီခွကြားဆီကို ရောက်သွားတယ်။ ဘန့်ရဲ့ တင်းပြီးဖောင်းနေတဲ့ ဘောင်းဘီနေရာကိုကြည့်ပြီး မစ္စဒေါ့ခ်ဆဲလ်ဗား မျက်နှာပေါ်က အပြုံး ချက်ချင်းပျောက်သွားတယ်။ မျက်နှာတစ်ခုလုံး ရွံ့တဲ့ အမူအရာနဲ့ တွန့်လိမ်သွားတယ်။ ဘာမှ ဆက်မပြောတော့ဘူး။ ဘန့်ကို ကြည့်တယ်။ ဘန် မတ်တတ်ရပ်နေတဲ့ ရှေ့က ခရစ်ဆို့ နာမည်နဲ့ ပုံးကို ကြည့်တယ်။ လစ်ဘီတို့ရဲ့ ပုံးတွေကိုတော့ မြင်ပုံမရဘူး။

အလယ်တန်းဆောင်ဘက်ကနေ ပြန်လာတော့ ဘန့် စိတ်ထဲမှာ ဒဏ်ရာနဲ့ ထော့နဲ့ထော့နဲ့ ဖြစ်နေတဲ့ သားကောင်တစ်ကောင်လို ခံစားနေရတယ်။ အခုလို အရှက်တကွဲ ဝေဒနာတွေ မခံစားရတော့အောင် အသေသာ ပစ်သတ်လိုက်ပါတော့.. ဆိုပြီး တွေးနေမိတယ်။ ဘန် ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ခဏခဏ စဉ်းစားဖူးပါတယ်။ သေနတ်နဲ့ မေးစေ့ကို ထောက်ကြည့်နေတဲ့ မြင်ကွင်းမျိုးလည်း မကြာခဏ မြင်ယောင်ဖူးတယ်။ ဘန့်ရဲ့ မှတ်စုစာအုပ်ထဲမှာ နစ်ရှေးရဲ့ စာတစ်ကြောင်းကို ကူး ရေးထားတယ်။

*'ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့ စဉ်းစားခြင်းဟာ စိတ်သက်သာရာရစေတာ တော့ အမှန်ပဲ။ ဒါ..အိပ်မရတဲ့ ညတွေကို ကျော်ဖြတ်ဖို့ နည်းလမ်းတစ်မျိုးလို့လည်း ပြောလို့ရတယ်'*

တကယ်တမ်းတော့ ဘန်က ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှ သတ်သေဖြစ်မှာ မဟုတ်ပါဘူး။ သတင်းစာထဲမှာ ပါလာမယ့် အဖြစ်မျိုးလည်း အဖြစ်မခံနိုင်ဘူး။ ဘန် အသက်ရှင်နေတုန်းကတော့ ဘန့်ကို စကားတစ်ခွန်းတောင် အဖက်လုပ်ပြီးလာ မပြောကြပေမယ့် ဘန် သေသွားမှ ငိုပြကြမယ့် မိန်းကလေးတွေလည်း ရှိသေးတယ်။ ဘန်သာ ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်လို့ကတော့ အဲဒီ မိန်းမတွေအတွက် ငိုပြ စရာ ပွဲကြီးတစ်ခု ဖြစ်သွားမှာပဲ။ အဲဒီလို တွေးလိုက်တော့ ဘန့်ဘဝက ပိုပြီးတောင်

စိတ်ပျက်စရာ ကောင်းသွားတယ်။ ဘယ်လိုပဲပြောပြော အိပ်မရတဲ့ ညတွေမှာတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ စဉ်းစားရတာ ဘန့်အတွက် စိတ်ဖြေနည်းတစ်မျိုးပဲ။ ဘန့်အမေရဲ့ မီးခံသေတ္တာထဲမှာ ဟိုးတုန်းကတည်းက ဝယ်ထားတဲ့ သေနတ်တစ်လက် ရှိတယ်။ မီးခံသေတ္တာရဲ့ လျှို့ဝှက်နံပါတ်ကို ဘန်သိနေတာ ကြာပြီ။ ၅၁၂၆၉ တဲ့။ အဖေနဲ့ အမေ မင်္ဂလာဆောင်တဲ့ နေ့လေ။ အခုတော့ မမှတ်မိချင်စရာ နေ့စွဲဖြစ်နေပြီပေါ့။ အဲဒီ သေနတ်ကို အမေမသိအောင် ယူမယ်၊ သေနတ်ရဲ့ အလေးချိန်က အိပြီး လေးလေးပင်ပင်ဖြစ်နေမယ်။ သေနတ်ပြောင်းထဲကို ကျည်ဆန်ထည့်ရတာလည်းသိပ် ခက်မှာ မဟုတ်ဘူး။ ပြီးရင် ပြောင်းဝကို မေးစေ့မှာထောက်။ ဒိုင်းကနဲပစ်လိုက်ရုံ။ ချက်ချင်းတော့ ပစ်ရဲမှ ရမယ်။ လက်ညှိုးက မောင်းတံပေါ်မှာ အသင့်အနေအထား ဖြစ်နေမှ။ မဟုတ်ရင် ကြောက်စိတ် ဝင်လာပြီး လုပ်ဖြစ်တော့မှာ မဟုတ်ဘူး။ တစ်ဆက်တည်း ဆက်တိုက်လုပ်မှ..။ ပြီးရင် အဝတ်တန်းပေါ်က ပြုတ်ကျသွားတဲ့ စောင်တစ်ထည်လို ဘန့် တစ်ကိုယ်လုံး ခွေခေါက်ပြုတ်ကျသွားမယ်။ ပြီးသွားရင် ပြဿနာတွေအကုန် ကိုယ်နဲ့ မဆိုင်တော့ဘူး။ သူများတွေ ဆက်ရှင်းလိမ့်မယ်။

တကယ်လုပ်ဖို့တော့ စိတ်ကူးမရှိပါဘူး။ စိတ်ဓာတ်ကျပြီး ဘာမှလုပ်စရာ မရှိတဲ့အခါ စိတ်ကူးယဉ်နည်းတစ်မျိုးပါပဲ။ ကြမ်းပြင်ပေါ်မှာ ပြုတ်ကျနေတဲ့အဝတ်စုတ်တစ်ခုလို..ခွေခေါက်သေနေတဲ့ မြင်ကွင်း..။ သူများ လာကောက်မှာကို စောင့်နေတဲ့ အဝတ်ပုံတစ်ပုံလို။

...

အထက်တန်းဆောင်ဘက်ကို ပြန်ပြေးလာနေရင်း ဘန့် ဘောင်းဘီထဲက ပြဿနာက ပြန်ပြေလျော့သွားတယ်။ ပုံမှန် ပြန်ဖြစ်သွားတယ်။ ကြမ်းတိုက်တဲ့ပစ္စည်းတွေကို အခန်းထဲ ပြန်ထည့်တယ်။ လက်ကို ဆပ်ပြာနဲ့ ဆေးတယ်။

လှေကားအတိုင်း အောက်ကို ဆင်းလာပြီး နောက်ဘက်တံခါးဆီကိုလျှောက်သွားတော့ စောစောက အားကစားလုပ်နေတဲ့ ကျောင်းသားတွေ ဘန့်ဘေးကနေဖြတ်သွားကြတယ်။ ဘန့်ခေါင်းထဲမှာ ထူပူလာတယ်။ ဟို နည်းပြဆရာလိုပဲ ဒီကျောင်းသားတွေလည်း ဘန့်ကို ဘယ်လို ထင်နေကြမလဲ။ ရွံစရာသတ္တဝါတစ်ကောင်..လို့ အောက်မေ့နေကြမလား။ ကျောင်းသားတွေက ဘန့်ကို ဘာမှ မပြောဘူး။ ဘန်ရှိမှန်းတောင် သတိထားမိပုံ မပေါ်ဘူး။ တံခါးကိုဖွင့်ပြီး အပြင်ကို ထွက်လိုက်တော့ နေရောင်ခြည်က ဘန့်မျက်နှာကို လင်းခနဲ ဝင်ဆောင့်တယ်။ နှင်းတွေနဲ့ ရောင်ပြန်ဟပ်ပြီး အပြင်လောကတစ်ခုလုံး အဖြူရောင်လင်းနေတယ်။

ကျောင်းရဲ့ ကားပါကင်က ထရပ်ကားတွေ၊ ပြိုင်ကားတွေ စက်တွေ အသီးသီး နှိုးနေကြပြီ။ ပါကင်ထဲကနေ အပြင်ကို တစ်စီးပြီး တစ်စီးထွက်နေပြီ။ ဘန်က တော့ သူ့ရဲ့ စက်ဘီးသော့ကို ဖွင့်နေရတယ်။ ခေါင်းထဲမှာ တဒုတ်ဒုတ်တိုးနေတယ်။ နားထင်က သွေးစက်တစ်စက် စက်ဘီး လက်ကိုင်ပေါ်ကို ပေါက်ခနဲ ကျတယ်။ ဘန် ဒဏ်ရာက သွေးကို သုတ်လိုက်တယ်။ သွေးပေနေတဲ့ လက်ချောင်းကိုပါးစပ်ထဲ ထည့်ပြီး စုပ်တယ်။ ဘာလို့ အဲဒီလို စုပ်မိသလဲတော့ သူလည်း မသိဘူး။

ဘန် တစ်နေနေရာကို သွားပြီး စိတ်လျှော့မှ ဖြစ်မယ်။ အရမ်းတင်းကျပ်နေပြီ။ ဘီယာ··ဒါမှမဟုတ် ဆေးခြောက်··တစ်ခုခုတော့ လိုနေပြီ။ ဒါတွေလုပ်ချင်ရင် ထရေးရဲ့ နေရာကို သွားမှဖြစ်မယ်။ ထရေးရဲ့ နေရာ ဆိုပေမယ့် ထရေးပိုင်တာတော့ မဟုတ်ဘူး ထင်တယ်။ ထရေးက သူဘယ်မှာနေသလဲဆိုတာ တစ်ခါမှပြောမပြဖူးဘူး။ ထရေးက ဒီယွန်ဒရာ့ အိမ်မှာ ဒါမှမဟုတ် ဂိုဒေါင်ဘက်မှာ··အဲဒီ နှစ်နေရာထဲက တစ်နေရာမှာ အမြဲရောက်နေတယ်။ သူ့အိမ်သူ့ယာလို ဖြစ်နေပြီ။ ဂိုဒေါင်ရှိတဲ့နေရာက ၄၁ အမြန်လမ်းကနေ မြေလမ်းအတိုင်း ချိုးချပြီး တော်တော် ဆက်သွားရသေးတယ်။ တောအုပ် ခပ်သေးသေး တစ်ခုကို ကျော်ပြီးရင် ကွင်းပြင်ကြီး တစ်ခုဆီကို ရောက်တယ်။ အဲဒီကွင်းပြင်ရဲ့ အစပ်မှာ ထရေးတို့အဖွဲ့ စုပြီး ဆေးခြောက်ရှူကြတဲ့ ဂိုဒေါင်ဟောင်းကြီးရှိတယ်။ လေတိုက်ပြီဆိုရင် ဂိုဒေါင်ရဲ့ သွပ်ပြားတွေ တဂျိမ်းဂျိမ်း တဂျမ်းဂျမ်းနဲ့ ယိမ်းခါနေတတ်တယ်။ ဆောင်းတွင်းဆိုရင် ဂိုဒေါင်ထဲက မီးစက်ကို နှိုးတယ်။ မီးစက်က ထွက်တဲ့အားက အပူပေးစက် သုံးလေးလုံး ဖွင့်လို့ရတယ်။ တီဗွီကြည့်လို့ရတယ်။ ဂိုဒေါင် အောက်ကြမ်းပြင်က မြေကြီးပဲ။ ကြမ်းခင်းမရှိဘူး။ အဖွဲ့သားတွေ ယူလာပြီး ခင်းထားကြတဲ့ အရောင်စုံ၊ အကွက်စုံ ကော်ဇောတွေတော့ ရှိတယ်။ ဆိုဖာခုံစုတ် လေးငါးခုလည်း ရှိတယ်။ လာတဲ့လူတိုင်းမှာ ဘီယာကိုယ်စီပါလာကြတယ်။ ဆေးခြောက်တွေလည်း ယူလာကြတယ်။ ဗိုက်ဆာပြီဆိုရင် အမြန်လမ်းပေါ်ကိုတက်၊ 7-Eleven ကိုသွား၊ အာလူးကြော်တွေ၊ အသင့်စားပီဇာထုပ်တွေ သွားဝယ်၊ ပြီးရင် ဂိုဒေါင်ဘက်ကိုပြန်လာ။ ပိုတဲ့အစားအသောက်တွေကို နှင်းထဲမှာ ဘီယာတွေနဲ့ အတူ မြှုပ်ထား၊ နောက်နေ့မှ ထုတ်စား··အဲဒီလို လုပ်ကြတယ်။

ပုံမှန်ဆိုရင် အဲဒီနေရာကို ဘန် ဒီယွန်ဒရာမပါဘဲ မသွားဖူးဘူး။ ဒါပေမယ့် ဒီနေ့ တခြား သွားစရာ နေရာလည်း မရှိတော့ဘူး။ ဂိုဒေါင်ဘက်ကို သွားလိုက်ရင် အနည်းဆုံး ဘီယာ တစ်ဘူးတော့ အလကားသောက်ရမှာပဲ။ ဘန့်ခေါင်းက ဒဏ်ရာကို မြင်ရင် ဘာပြောကြမလဲ မသိ။ ထရေးရဲ့ လူတွေက သဘောကောင်းတဲ့လူတွေတော့

မဟုတ်ဘူး။ ဒါပေမယ့် သူတို့နဲ့ ဘီယာလာသောက်တဲ့ သူဆိုရင် ဘယ်သူဖြစ်ဖြစ် မလာနဲ့လို့ ဘယ်တော့မှ မတားဘူး။ ပြန်တော့လို့လည်း မပြောဘူး။ အဲဒီ အဖွဲ့ထဲက လူတွေနဲ့ ယှဉ်လိုက်ရင် ဘန့်က အသက်အငယ်ဆုံး ဖြစ်လိမ့်မယ်။ တစ်ခါတုန်းက တော့ ဂိုဒေါင်ဘက်ကို စုတ်ပြဲ တစ်တွဲ သူတို့ကလေးပါခေါ်ပြီး ရောက်လာဖူးတယ်။ ကလေးလေးက ဂျင်းဘောင်းဘီ ဝတ်ထားတယ်။ အပေါ်ကတော့တုံးလုံးပဲ။ အားလုံး ဆေးခြောက်ကြွဲပြီး ဝေနေတဲ့ အချိန်ရောက်တော့ အဲဒီကောင်လေးက ဆိုဖာပေါ်မှာ ဆောင့်ကြောင့်ထိုင်၊ သူ့လက်မ သူ ပြန်စုပ်ပြီး ဘန့်ကို ငေးကြည့်နေတယ်။ ဘန့် ထက်ငယ်တာဆိုလို့ အဲဒီကောင်လေး တစ်ယောက်ပဲ လာဖူးတယ်။ ကျန်တဲ့သူတွေက ၂၀ ကျော်တွေချည်းပဲ။ အသက် ၂၁ နှစ်၊ ၂၂ နှစ် ကောလိပ်ကျောင်းတက်ရမယ့် အရွယ်တွေပေါ့။ အကုန်လုံးက ကျောင်း တစ်ဝက်တစ်ပျက်နဲ့ ထွက်လိုက်တဲ့သူတွေ ထင်တယ်။ ဘန် အခုအဲဒီကို တစ်ယောက်တည်းသွားရင် အဖွဲ့သားတွေက ဘန့်ကို ပိုသဘောကျသွားမလား။ သူတို့နဲ့ တစ်တန်းတည်းထားပြီး ဆက်ဆံကြမလား။ ဒီယွန်ဒရာက ဘန့်ကို *ဘေးတွဲ* ဆိုပြီး ခေါ်ခေါ်နေတာ ရပ်သွားမလား။ (ဘန်က ဒီယွန်ဒရာ့ဘေးမှာ အမြဲတတွဲတွဲပါနေတာကိုး) အနည်းဆုံးတော့ ဂိုဒေါင် ထောင့် တစ်ထောင့်မှာထိုင်ပြီး ဘီယာတစ်ဘူးနဲ့ သုံးလေးနာရီလောက် အချိန်ဖြုန်းလို့ရမယ်။

အိမ်ပြန်လိုက်ရင်တော့ ပိုကောင်းမလား။ အိမ်တော့ မပြန်ချင်ဘူး။

...

ဘန် ရောက်သွားတဲ့ အချိန်မှာ ဂိုဒေါင်ထဲက ထွက်လာတဲ့ အီလက်ထရစ် ဂစ်တာသံက အပြင်အထိ လျှံထွက်နေတယ်။ ဂစ်တာကြိုးတွေရဲ့ ပွတ်ဆွဲသံတွေ၊ whammy bar ကနေ ဝီခနဲ ဝေါခနဲ ပေါက်ကွဲထွက်လာတဲ့ အသံတွေကြောင့် ဂိုဒေါင်ဘေး သွပ်နံရံတွေပါ တလှုပ်လှုပ် တုန်ခါနေတယ်။ တစ်ယောက်ယောက်က ဂစ်တာနဲ့ ချိတ်တဲ့ အန်ပလီဖိုင်ရာ စပီကာတွေ ယူလာတယ် ထင်တယ်။ ဂစ်တာသံ တွေက နားစည်ကွဲလောက်အောင် ဆူနေပေမယ့် တီးနေတဲ့ သူရဲ့ လက်သံကတော့ တော်တော်ကောင်းတယ်။ Venom မက်တယ်အဖွဲ့ရဲ့ ဆိုလို တစ်ပိုဒ်ကို တီးနေတာ။ ဂစ်တာသံရဲ့ အသွေးအသားထဲမှာ ဓားတွေ၊ ပုဆိန်တွေ၊ မြင်းခွာသံတွေ·· မီးဟုန်း ဟုန်း တောက်နေတဲ့ စစ်တလင်းတွေရဲ့ အငွေ့အသက်တွေပါနေတယ်။

နှင်းဖွေးနေတဲ့ မြေကြီးပေါ် စက်ဘီးကို ပစ်လှဲချလိုက်ပြီး သူ့ရဲ့အေးခဲနေတဲ့ လက်ချောင်းတွေကို ဘန် လေထဲမှာ ရမ်းပြီး ခါတယ်။ တင်းနေတဲ့ ဖက်ကို လှည့် ချိုးတယ်။ ဘန့် ခေါင်းက ဒဏ်ရာက တော်တော်လေး နာနေပြီ။ တဒုတ်ဒုတ်ထိုး

ပြီးတော့ကို နာနေတာ။ ဗိုက်လည်း အရမ်းဆာနေပြီ။ အမြန်လမ်းအတိုင်း စက်ဘီးနင်းလာနေရင်း ဒီဂိုဒေါင်ဘက်ကို ဆက်လာရမလား၊ လှည့်ပဲပြန်ရမလား..ဆိုတာ တစ်လမ်းလုံး စဉ်းစားလာတာ။ သူ့ဒဏ်ရာကိုတွေ့ရင် ဘာဖြစ်လာတာလဲလို့မေးကြတော့မယ်။ စက်ဘီးလဲတာလို့တော့ ပြောလို့မရဘူး။ သြော်..ကလေးလေး စက်ဘီးမှောက်လာတယ်ပေါ့..ဆိုပြီး ဝိုင်းနှိမ်ကြမှာ၊ မဖြစ်ဘူး။ ဒီ့ထက်ကောင်းတဲ့ ဇာတ်လမ်းတစ်ခုခု လုပ်ကြံပြောမှ ရမယ်။ ဒီယွန်ဒရာ ဒါမှမဟုတ် ထရေး ရောက်လာရင် ကောင်းမှာပဲ ဆိုပြီး ဘန့်စိတ်ထဲ တွေးမိတတယ်။ သူတို့သာ ရှိနေရင် ဘန့်ကိုဘာမှ မေးမြန်းနေမှာမဟုတ်ဘဲ အထဲကို ခေါ်သွားပေးမှာ။

အခုတော့ ဘန့်ကို ဆီးကြိုမယ့်သူ ဘယ်သူမှ မရှိဘူး။ နောက်ကိုလှည့်ကြည့်လိုက်တော့လည်း လမ်းတစ်ခုလုံး ရှင်းလင်းနေတယ်။ ကားမတွေ့၊ ဆိုင်ကယ်မတွေ့။ ဂိုဒေါင်ထဲကို တစ်ယောက်တည်းပဲ ဝင်ရတော့မယ်။ ဂိုဒေါင်ရှေ့အဝင်ကို ကာထားတဲ့ မိုးကာစကို ဖယ်ပြီး ဘန် အထဲကို ဝင်လိုက်တယ်။ ဂစ်တာသံက အထဲမှာ ပို့ပြီး ကျယ်နေတယ်။ နံရံတွေကို ရိုက်ပြီး လိုဏ်သံဟိန်းနေတယ်။ ဂစ်တာတီးနေတဲ့ ဘဲကို ဘန် မြင်ဖူးတယ်။ Van Halen အဖွဲ့နဲ့ အတူတူလိုက်တီးဖူးတယ် ဆိုလား မသိဘူး ပြောဖူးတယ်။ သူပြောတာ ဟုတ်သလားမဟုတ်သလားတော့ ဘန်လည်း မသေချာ။ ဘန်ဝင်လာတော့ ဂစ်တာသမားက ဘန့်ကို တစ်ချက် ငဲ့ကြည့်တယ်။ ပြီးတော့ သူ့ဂစ်တာပေါ် အာရုံပြန်ရောက်သွားတယ်။ ဂိုဒေါင်ထဲမှာ ယောကျ်ား လေးယောက်နဲ့ မိန်းကလေး တစ်ယောက်။ ဘန့်ထက် အသက်ကြီးတဲ့ သူတွေချည်းပဲ။ အကုန်လုံးရဲ့ ဆံပင်တွေက ဖွာဖွာ ကောက်ကောက် အမိုက်စားတွေ။ ဆေးခြောက် တစ်လိပ်ကို မှုပြီး ရှူနေရင်း ကြမ်းပြင်ပေါ်မှာ ထိုင်နေကြတယ်။ ဘန့်ကို စေ့စေ့တောင် မကြည့်ကြဘူး။ ကောင်မလေးက အဖွဲ့ထဲက ရုပ်အဆိုးဆုံး ဘဲတစ်ပွေရဲ့ ပေါင်ပေါ်မှာလှဲနေတယ်။ ကောင်မလေးက နှာခေါင်း တိုတို၊ မျက်နှာမှာ မှဲ့ခြောက်တွေနဲ့၊ မျက်လုံးတွေကိုကြည့်ရတာတော့ တော်တော်လေး ကွဲနေတဲ့ပုံပဲ။

အဝင်ဝကနေ ကော်ဇောတွေဆီကို ရောက်ဖို့ ခြေလှမ်း ၁၀ လှမ်းလောက် လှမ်းရတယ်။ သူတို့အဖွဲ့ထိုင်နေတဲ့ နေရာနဲ့ မလှမ်းမကမ်းမှာ ဘန် ဝင်ထိုင်လိုက်တယ်။ သူတို့ ဘန့်ဘက်ကို လှည့်လာရင် ခေါင်းညိတ်ပြလို့ရအောင် မျက်လုံးထောင့်ကနေ အကဲခတ်နေလိုက်တယ်။ တစ်ယောက်မှ စားသောက်နေတာ မတွေ့ရဘူး။ တောင်းစားစရာ အစားအစာ မရှိဘူးပေါ့။ ဘန် စိတ်ဓာတ် နည်းနည်း ကျသွားတယ်။ ထရေးသာရှိရင် အစားမစားရရင်တောင်မှ ဘန် သူတို့ဆီကနေ ဆေးခြောက်တစ်ဖွာ

လောက်တော့ တောင်းသောက် လို့ရမှာပဲ။

ဂစ်တာတီးနေတဲ့သူနာမည်က *အဲလက်စ်* ။ အဲလက်စ်က လက်သံတော်တော် ကောင်းတော့ ဘန် အားကျမိတယ်။ ဘန် လိုချင်တဲ့ ပစ္စည်းတွေထဲမှာ ဂစ်တာလည်း ပါတယ်။ ကန်းဆက်စ်စီးတီးဘက်ကို ဒီယွန်ဒရာနဲ့ သွားတုန်းက ဂစ်တာဆိုင်တစ် ဆိုင်ထဲကို ဝင်ကြည့်ဖူးတယ်။ ဆိုင်မှာတွေ့တဲ့ ဖလိုဒ်ရိုစ်ထရီမိုလို ဂစ်တာကိုစမ်းတီး ကြည့်တော့ ဘန်တော်တော် သဘောကျသွားတယ်။ သူနဲ့လိုက်မယ့်ဂစ်တာပဲလို့လည်း ခံစားရတယ်။ ရော့ခ်သီချင်း တစ်ပုဒ်နှစ်ပုဒ်လောက် တီးတတ်အောင်သင်၊ ဒီဂိုဒေါင် ထဲကို လာပြီး သူတို့နဲ့အတူ ဆိုလို တစ်ပိုဒ်နှစ်ပိုဒ်လောက် တီးပစ်ချင်တယ်။ ဘန်နဲ့ သိတဲ့ သူတွေတိုင်းမှာ ကျွမ်းကျင်တာတစ်ခုခုတော့ ရှိကြတာချည်းပဲ။ ဒီယွန်ဒရာလို ဘာမှမတတ်တဲ့သူတောင်မှ ပိုက်ဆံသုံးတာ တော်တော် ကျွမ်းကျင်တယ်လို့ ပြောလို့ ရသေးတယ်။ ဘန့်မှာ ကျွမ်းကျင်တဲ့အရာမရှိတာ ဝမ်းနည်းစရာ မကောင်းဘူးလား။ ပညာတစ်ခုခုတော့ တတ်အောင်သင်ချင်တယ်လို့ ဘန်ကပြောလိုက်ရင်ဒီယွန်ဒရာက ရယ်တယ်။ *နင်လိုနေတာ ပညာမဟုတ်ဘူး··ပိုက်ဆံ* တဲ့။

"ဘာလုပ်လုပ် ပိုက်ဆံလိုတယ်ဟ။ အစားအသောက်ဝယ်ရင်လည်း လို တယ်။ လျှပ်စစ်မီးသုံးရင်တောင် ပိုက်ဆံလိုတယ်။ နင်ကတော့ ဒါတွေဘယ်နားလည် ပါ့မလဲ"··တဲ့။ ဒီယွန်ဒရာက ဘန့်ကိုပြောပြတယ်။ ဒီယွန်ဒရာ့ မိဘတွေက တခြား မြို့မှာ အနေများတော့ အိမ်ရဲ့ မီတာဘေလ်တွေ၊ ရေဖိုးတွေကို ဒီယွန်ဒရာပဲ ပေးရ တာလေ။ ဒါပေမယ့် သူပေးနေတဲ့ပိုက်ဆံတွေက သူ့မိဘတွေပေးထားတာမဟုတ်ဘူး လား။ သူများပိုက်ဆံနဲ့ ဘေလ်ဆောင်တာလောက်ကတော့ ဘန်လည်း လုပ်တတ်ပါ တယ်။

ဘယ်နှနာရီ ထိုးသွားပြီလဲ မသိ။ ဒီယွန်ဒရာ့ အိမ်မှာ သွားစောင့်နေခဲ့ရင် အကောင်းသား ဆိုပြီး ဘန်တွေးမိတယ်။ အခုတော့ ဒီဂိုဒေါင်ထဲမှာ တစ်နာရီလောက် ထပ်နေရဦးမယ်။ အခုနေ ထပြန်သွားရင်··ဘယ်သူမှ သူ့ကို စကားမပြောကြလို့ ထပြန်သွားတယ်လို့ အထင်ခံရမှာလည်း စိုးတယ်။ ဘန့်ဘောင်းဘီတွေ စိုထိုင်းထိုင်း ဖြစ်နေတယ်။ စောစောက စိုသွားတဲ့ ရေတွေ မခြောက်ချင်သေးဘူး။ အဝတ်တွေက လည်း ငါးညှီနံ့လိုလို ဘာလိုလို အနံ့ထွက်နေတယ်။

"ဟိတ်"··ကောင်မလေးက လှမ်းခေါ်တယ်။ "ဟေ့ကောင်လေး"

ကောင်မလေးဘက်ကို ဘန် လှည့်ကြည့်လိုက်တယ်။ ဘန့်ဆံပင်နက်နက် တွေ မျက်လုံးပေါ် ဝဲကျလာတယ်။

"ကျောင်းမသွားဘဲ နင် ဒီမှာ ဘာလာလုပ်နေတာလဲ"..ကောင်မလေးက အသံလေးလေးနဲ့ မေးတယ်။

"ကျောင်းပိတ်တယ်"

ကောင်မလေးက သူ့ရည်းစား အရုပ်ဆိုးကောင်ကို စကားတိုးတိုးလှမ်းပြောတယ်။ သူ့ရည်းစားက ဘန့်ကို လှည့်ကြည့်ပြီး မေးတယ်။

"ဒီထဲကလူတွေနဲ့ မင်းနဲ့ သိလို့လား"

မတ်တတ်ရပ်၊ ပေါင်ကားပြီး ဂစ်တာတီးနေတဲ့ အဲလက်စ် ဘက်ကို ဘန် မေးငေါ့ပြလိုက်တယ်။

"သူနဲ့သိတယ်"

"ဟုတ်လား အဲလက်စ်၊ မင်း ဒီကောင်လေးနဲ့ သိတာလား"

အဲလက်စ်က ဂစ်တာတီးနေတာကို ရပ်လိုက်တယ်။ ဘန့်ကို ငုံ့ကြည့်တယ်။ ခေါင်းခါတယ်။

"အာ..မသိပါဘူး၊ ငါ အဲဒီလို ကလေးတွေနဲ့ မပေါင်းဘူး"

ဒီလူတွေနဲ့ တွေ့တိုင်း ဘန့်မှာ အခုလို အမြဲအနှိမ်ခံရတယ်။ ဆံပင်အနက် ဆိုးလိုက်ရင် နည်းနည်းများ ရုပ်ရင့်သွားမလားလို့ ဘန် ထင်ထားတာ။ ဘာမှမထူး ဘူးပဲ။ ဒီလူတွေက ဘန့်ကို တမင်သက်သက် ပယ်ထားချင်တာပဲ။ ဘန့် ပုံစံကိုက တစ်ခုခု မှားနေသလား။ လမ်းလျှောက်တဲ့ပုံစံ မှားနေတာလား။ အမေမွေးပေးလိုက်တဲ့ ဘန့်မျက်နှာကိုက အပယ်ခံရုပ်မျိုး ဖြစ်နေသလား။ ကျောင်းမှာ အားကစားပွဲ တစ် ခုခု လုပ်ရင်လည်း ဘန့်ကို ဘယ်တော့မှ မရွေးဘဲ နောက်တန်း ပို့ထားတတ်တယ်၊ ယောကျ်ားလေးတွေက ပိုဆိုးတယ်။ ဘန့်ကို ခေါင်းထဲ ထည့်မတွေးကြဘူး။ ဘန့်ရှိ နေမှန်း သိရက်နဲ့လည်း ဘန့်ရှေ့မှာ ဒီယွန်ဒရာ့ကို အီစီကလီ လုပ်ပြကြတယ်၊ အခုလည်း အနှိမ်ခံရပြန်ပြီ။ တော်လောက်ပြီ။ စိတ်ကုန်နေပြီ။

ဘန် ခပ်တိုးတိုး ဆဲလိုက်တယ်။

"ဟားဟား..ကောင်လေး စိတ်ဆိုးသွားပြီဟေ့"

"ရန်ဖြစ်လာတာလား မသိဘူး။ သူ့ခေါင်းမှာသွေးတွေနဲ့နော်"..ကောင် လေးက ပြောတယ်။

"ဟုတ်လား၊ ဟေ့ကောင် ရန်ဖြစ်လာတာလား"..အဲလက်စ်က ဂစ်တာ နံရံမှာ ထောင်ထားလိုက်ပြီး ဟိုလေးယောက်နားမှာ ဝင်ထိုင်တယ်။ ဆေးခြော တစ်ဖွာ ဖွာတယ်။ စကားသံတွေ အခန်းထဲမှာ ပဲ့တင်ရိုက်ပြီး ဟိန်းနေတယ်။

ဘန် ခေါင်းညိတ်လိုက်တယ်။

"ဘယ်သူနဲ့ ရန်ဖြစ်လာတာလဲ"

"ခင်ဗျားတို့ မသိပါဘူး"

"ငါမသိတဲ့သူ မရှိသလောက်ပဲ၊ ပြောစမ်းပါ။ ဘယ်သူနဲ့ရန်ဖြစ်လာတာလဲ။ မင်းညီလေးနဲ့လား။ မင်းညီလေး လုပ်လိုက်လို့ ခေါင်းပေါက်သွားတာလား"

"ထရေးတီပန်နီနဲ့"

"စောက်ပိုတွေ"··အဲလက်စ်ကပြောတယ်။ "ထရေးတီပန်နီက မင်းကို ဝါးတောင် စားလိုက်ဦးမယ်"

"ထရေးနဲ့ ရန်ဖြစ်လာတယ် ဟုတ်လား။ အဲဒီကောင်နဲ့ မင်းမို့လို့ရန်ဖြစ်ရဲတယ်။ ထရေးက အင်ဒီးယန်းသွေးပါတယ်မဟုတ်လား"ကောင်မလေးရည်းစားက အဲလက်စ်ပြောတာကို မကြားချင်ယောင် ဆောင်ပြီး ဘန့်ကို မေးတယ်။

"ထရေး အင်ဒီးယန်းသွေး ပါတာနဲ့ အခုပြောနေတာနဲ့ ဘာဆိုင်လို့လဲ။ *မိုက်ခ်* မင်းဘာတွေ မေးနေတာတုန်း"··အဖွဲ့ထဲက ယောကျ်ားလေးတစ်ယောက်က မိုက်ခ်ကိုမေးတယ်။ မိုက်ခ်က ဆေးခြောက် ထည့်သိပ်ထားတဲ့ စက္ကူလိပ်ကိုသံကလစ်လေးနဲ့ ညှပ်ကိုင်ပြီး အားရပါးရ ဖွာတယ်။ ကောင်မလေးကို ပေးတယ်။ ကောင်မလေးက ကုန်သွားတဲ့အထိ ထပ်ရှိုက်တယ်။ စက္ကူလိပ်ကို ဖြုတ်ပြီး ပစ်ချတယ်။ ပြီးတော့မှ သံကလစ်ကို သူ့ဆံပင်မှာ ညှပ်ပြီးသိမ်းတယ်။ ကောင်မလေးရဲ့ ဆံပင်လိပ် တစ်လိပ်က သူ့ခေါင်းပေါ်ကနေ ထောင်ပြီး ထွက်နေတယ်။

"ထရေးဆိုတဲ့ကောင်က ကြောက်စရာအဖွဲ့တွေနဲ့ ပေါင်းနေတယ်ဆို။ ငါကြားမိတာတော့ စေတန်ကိုးကွယ်တဲ့ အဖွဲ့ထဲမှာ ဒီကောင်ပါတယ်တဲ့"··မိုက်ခ်က ပြောတယ်။

ဘန် သိသလောက်ကတော့ ထရေးက လူမိုက်ယောင်ဆောင်နေတာပါ။ အပြောကတော့ အင်မတန် ကောင်းတယ်။ *ဝီချီတာ* ဘက်က ယဇ်ပူဇော်ပွဲတွေမှာ သူကိုယ်တိုင် ပါဖူးတယ်ဆိုပဲ။ တစ်ညက ဒီယွန်ဒရာ့ အိမ်ကို ထရေး တစ်ကိုယ်လုံး သွေးတွေပေပြီး ရောက်လာဖူးတယ်။ အင်္ကျီတောင် မပါဘူး။ ချွေးတွေ သွေးတွေ အလူးလူးနဲ့။ ထရေးနဲ့ သူ့ သူငယ်ချင်းတွေ လယ်ကွင်းတစ်ခုထဲ ခိုးဝင်ပြီး နွားတွေကို ဓားနဲ့ခုတ်သတ်လာတယ်တဲ့။ အစတုန်းကတော့ ကျောင်းသားတစ်ယောက်ယောက်ကို ပြန်ပေးဆွဲပြီး ယဇ်ပူဇော်မလို့ပဲ၊ အရက်သောက်ပြီး ရဲဆေးတင်နေရင်း အရမ်းမူးသွားလို့ မလုပ်ဖြစ်တာတဲ့။ နွားနဲ့ပဲ ကျေနပ်လိုက်ရတယ်တဲ့။ ထရေးပြောတာ ဖြစ်

တော့ ဖြစ်နိုင်တယ်။ ဘာလို့လဲဆိုတော့ နောက်နေ့ သတင်းထဲမှာ နွား ၄ ကောင် ဓားနဲ့ခုတ်ပြီး အသတ်ခံရတဲ့ အကြောင်း ပါလာတယ်။ အူတွေ၊ ကလီစာတွေ ထုတ်သွားတယ်တဲ့။ သတင်းစာထဲက ဓာတ်ပုံတွေကို ဘန် ကြည့်လိုက်ရတယ်။ ပိုးလိုးပက်လက်လဲနေတဲ့ ဗိုက်ဟောင်းလောင်းနဲ့ နွားကြီးတွေ။ တကယ်တမ်းက နွားတစ်ကောင်ကို သေအောင် သတ်ဖို့ မလွယ်ဘူး။ သူတို့ သားရေက အရမ်းမာတာလေ၊ ဒါပေမယ့် ထရေးတီပန်နီက ဗလကောင်းတယ်။ နေ့တိုင်း မက်တယ်သီချင်းတွေဖွင့်ပြီး အလေးမ,တယ်။ ထရေး တစ်ကိုယ်လုံးက ကြွက်သားအပြိုင်းပြိုင်းနဲ့။ ဒီတော့ သူ့အားနဲ့ ဆိုရင် နွားတစ်ကောင်ကို ဓားနဲ့ အသေခုတ်လို့ ရနိုင်တယ်။ ပြီးတော့ ထရေးတီပန်နီက စိတ်သိပ်မှန်တာ မဟုတ်ဘူး။ အပျင်းပြေဆိုပြီး နွားတွေလိုက်သတ်နေတာ ဖြစ်နိုင်တယ်။ စေတန် ယဇ်ပူဇော်တယ်ဆိုတာကိုတော့ ဘန် သိပ် နားမလည်ဘူး။ ယုံလည်း မယုံဘူး။ စေတန်က နွားကလီစာတွေယူပြီးဘာလုပ်ရမှာလဲ။ ရွှေတွေ စိန်တွေလည်း မဟုတ်။

"ဟုတ်တယ်"..ဘန်ပြန်ဖြေလိုက်တယ်။ "ကျွန်တော်နဲ့ ထရေးနဲ့တစ်ဖွဲ့တည်းပဲ။ ယဇ်ပူဇော်တာတွေဘာတွေလည်း အတူတူလုပ်ဖြစ်တယ်"

"ဟမ်..မင်းပြောတော့ မင်းနဲ့သူနဲ့ ရန်ဖြစ်ထားတယ်ဆို"..မိုက်ခ်ကမေးတယ်။ သူ့နောက်က ရေခဲပုံးထဲကနေ ဘီယာတစ်ဘူး လှမ်းယူပြီး ဘန့်ကိုပစ်ပေးတယ်။ ဘီယာဘူးကို ဘန် လှမ်းဖမ်းလိုက်တယ်။ နောက်တစ်ဘူးများထပ်ပေးဦးမလားဆိုပြီး လက်ကို ထပ်ကမ်းလိုက်တော့ အံ့ဩစရာပဲ.. မိုက်ခ်က ဘီယာနောက်တစ်ဘူးထပ်ပစ်ပေးတယ်။

"ရန်ဖြစ်တာလည်း ဟုတ်တယ်။ ဒီလို အောက်လမ်းကိစ္စတွေ လုပ်တဲ့အခါတစ်ခါတလေ အချင်းချင်းလည်း ထိုးရကြိတ်ရတာမျိုး ရှိတယ်"..ဘန့်စကားကိုဘန်ကိုယ်တိုင်တောင် မယုံချင်ဘူး။ အဓိပ္ပာယ်မှ မရှိဘဲ။

"ဟိုတလောက သတင်းထဲမှာပါလာတဲ့ သတင်းလေ။ နွားတွေကို ဓားနဲ့ခုတ်သတ်သွားတယ်ဆိုတာ နင်တို့ အဖွဲ့လား"..ကောင်မလေးက မေးတယ်။

ဘန်က ခေါင်းညိတ်တယ်။ "ဟုတ်တယ်။ အထက်အမိန့်ကျလာလို့ လုပ်လိုက်ရတာ"

"မင်းတို့ဟာကလည်း ဘယ်လို အမိန့်ကြီးလဲကွ"..ထောင့်မှာ ထိုင်နေတဲ့စကား သိပ်မပြောတဲ့လူက အခုမှဝင်ပြောတယ်။ "အမဲသားတွေ နှမြောစရာကွာ"

သူ့စကားကြောင့် အားလုံးက ရယ်ကြတယ်။ ဘန် ကိုယ်လုံးကို မတ်မတ်

ထိုင်တယ်။ သတ္တိရှိတဲ့ ပုံစံ ပေါက်အောင် ရင်ကို ကော့တယ်။ ဆံပင်နက်နက်တွေကို မျက်လုံး ရှေ့ကနေ မဖယ်ဘဲထားတယ်။ ဘီယာကိုမော့သောက်လိုက်တော့ ရင်ထဲမှာ အေးဆင်းသွားတယ်။ အစာမရှိဘဲ ဘီယာနှစ်ဘူး ဆက်တိုက် သောက်ချလိုက်တော့ ကိုယ်ထဲမှာ တလှပ်လှပ်ဖြစ်ချင်လာတယ်။ ဒါပေမယ့် ဘန် စိတ်ကိုတင်းထားတယ်။ ဘီယာသောက်ရုံနဲ့ မူးတတ်တဲ့သူလို့ အထင်မခံနိုင်ဘူး။

"ဘာလို့ နွားတွေကိုမှ ရွေးသတ်ရတာလဲဟင်" ..ကောင်မလေးကဘန့်ကို မေးတယ်။

"ကျွန်တော်တို့ အသင်းဝင် ပီသချင်ရင် တစ်ခါလောက်တော့ သတ်ဖူးမှ ရမယ်လေ။ ဒီအတိုင်း ထိုင်နေလို့ မရဘူး။ ပြီးတော့ အစီအမံတွေအရ မသတ်မဖြစ် သတ်ရတာမျိုးလည်း ရှိတတ်တယ်"

ဘန်က တကယ်လည်း အမဲလိုက်ဖူးပါတယ်။ ရန်နာဒေးက ဘန့်ကိုတစ်ခါ ခေါ်သွားဖူးတယ်။ အမေ အမဲလိုက်ရင်လည်း ဘန့်ကို မကြာခဏခေါ်တယ်။ အမေနဲ့ အတူတူ အမဲလိုက်ရတာကိုတော့ ဘန်က ရှက်တယ်။ ဒါပေမယ့် အမေသင်ပေးလို့ ဘန် သေနတ်ပစ်တတ်သွားတာ။ သေနတ်မောင်း ပြန်ကန်ရင် ဘယ်လိုထိန်းရမလဲ၊ တောထဲတောင်ထဲမှာ သားကောင်ကို ဘယ်လိုရှာရမလဲ၊ နာရီပေါင်းများစွာ မလှုပ်မယှက်ဘဲ ဘယ်လို စောင့်ရမလဲ..ဒါတွေ အကုန် အမေသင်ပေးလို့ တတ်တာတွေ။ ဘန် အမဲလိုက်တုန်းက ယုန်တွေ၊ ရှဉ့်တွေကနေ သမင်အထိ ရဖူးတယ်။

ဟိုတစ်ခါဖြစ်တဲ့ ကြွက်ကိစ္စကို ဘန် မဆီမဆိုင် သတိရသွားတယ်။ အမေ့ ယာတဲထဲမှာ မွေးထားတဲ့ ကြောင်က ယာခင်းထဲက ကြွက်သိုက်တစ်သိုက်ကိုရှာတွေ့ သွားတယ်။ ကြောင်က ကြွက်ပေါက် သုံးလေးကောင်လောက်ကို အရင်ကိုက်စား ပစ်တယ်။ ကျန်တဲ့ ၆ ကောင်ကိုတော့ ချီလာပြီး ဘန်တို့ လှေကားရင်းမှာ ချသွား တယ်။ အဲဒီတုန်းက ရန်နာဒေး အိမ်က ပြန်ထွက်သွားပြီ။ ဒီတော့ လှေကားရင်းက ကြွက်ပေါက်တွေကို ရှင်းဖို့ ဘန့်တာဝန် ကျလာတယ်။ ကြွက်ပေါက်လေးတွေက မျက်လုံးတောင် မပွင့်ကြသေးဘူး။ အရေခွံပါးပါးလှပ်လှပ် တွန့်တွန့်တွေနဲ့ တကျိကျိ လူးလိမ့်နေကြတယ်။ ဘန် ဘာလုပ်ရမှန်းမသိဘဲ ကြောင်တောင်တောင် ဖြစ်နေတဲ့ အချိန်အတွင်းမှာပဲ ကြွက်ပေါက်တွေကို ပုရွက်ဆိတ်တွေ အများကြီး ဝိုင်းလာတယ်။ ဒါနဲ့ ဘန်လည်း ဂေါ်ပြားကို ပြေးယူတယ်။ ကြွက်တွေကို ကော်ပြီး မြေကြီးပေါ်ကို ပစ်ချတယ်။ အပေါ်ကနေ ဂေါ်ပြားနဲ့ ပိတ်ရိုက်ပစ်တယ်။ အသားစတွေ သွေးစတွေ ဘန့်ကိုယ်ပေါ်မှာ စဉ်ကုန်တယ်။ ဂေါ်ပြားနဲ့ တစ်ချက်ရိုက်လိုက်တိုင်း ဘန့်ဒေါသက

တစ်ဆ ပိုတိုးလာတယ်။ *ငါ့ကို စောက်ကြောက်လို့ ထင်နေတာလား။ ဟုတ်လား။ မှတ်ပြီလား။ ရန်နာဒေး··ဒီမှာကြည့်ထား။ မှတ်ပြီလား။ မကြောက်တတ်ဘူးကွ··* ဆိုပြီး ရင်ခေါင်းသံနဲ့ အော်မိတယ်။ နောက်ဆုံးမှာ ကြွက်ပေါက်တွေ စိစိညက်ညက် ကြေသွားပြီး မြေကြီးပေါ်မှာ ကပ်စေးစေး အမည်းကွက် တစ်ကွက်ပဲ ကျန်ခဲ့တယ်၊ ဘန့် တစ်ကိုယ်လုံးလည်း ချွေးတွေရွှဲနေတယ်။ အိမ်ဘက်ကို လှည့်ကြည့်လိုက်တော့ ခန်းဆီးကြားကနေ သူ့ကိုချောင်းကြည့်နေတဲ့ သူ့အမေ ပက်တီဒေး။ အဲဒီည ညစာစား တော့ အမေက ဘန့်ကို စကားမပြောဘူး။ စိတ်ပူတဲ့၊ စိတ်မကောင်းတဲ့မျက်လုံးတွေနဲ့ ဘန့်ကို စိုက်ကြည့်နေတယ်။ ဘန် သူ့အမေကို ပြောပစ်လိုက်ချင်တယ်။ *တစ်ခါ တလေကျရင် ကိုယ်လုပ်ချင်သလို လုပ်လိုက်ရတဲ့ အရသာမျိုး လိုတယ်။ သူများ ကိုယ့်ကို လုပ်ချင်သလို လုပ်နေတာကိုပဲ ငြိမ်ခံနေလို့ မရဘူး··အမေ။*

"နင်ပြောတာ ငါနားမလည်ဘူး"··ကောင်မလေးက မေးတယ်။

"အာ··ဒီလိုဗျာ။ တစ်ခါတလေကျရင် ယဇ်ပူဇော်ဖို့ လိုတယ်။ သက်ရှိ အကောင်တစ်ကောင်ကောင်ကို သတ်ပြီး စေတန်ကို ပူဇော်ရတယ်"

စေတန်··တဲ့။ ဘန်ပြောနေတဲ့ပုံက စေတန်နဲ့ သူနဲ့ အပြင်မှာသိနေသလိုလို ဘာလိုလို။ စေတန်ဆိုတဲ့ စကားကိုပြောလိုက်လို့ ဘန့် စိတ်ထဲမှာ ကြောက်တဲ့ခံစား ချက် ဖြစ်မလာပါဘူး။ ဘန့်အာရုံထဲက နတ်ဆိုးရဲ့ ပုံစံက မျက်နှာရှည်ရှည်၊ ခေါင်းမှာ ချိုနှစ်ဖက်နဲ့၊ မျက်လုံးတွေက ဆိတ်မျက်လုံးတွေလို ရှည်ရှည်စောင်းစောင်း··။

"စေတန်ဆိုတာကြီးကို မင်း တကယ်ယုံလို့လား။ နေပါဦး မင်းနာမည် ဘယ်သူ··"

"ဘန်ဒေး"

"ဘန်ဂေး ဟုတ်လား၊ ဟားဟား"

"နေစမ်းပါဗျာ၊ အဲဒီ ဟာသက ရိုးနေပြီ"

ဘန် ရေခဲပုံးနားကို သွားပြီး ဘီယာတစ်ဘူး နှိုက်လိုက်တယ်။ ခွင့်တော တောင်းမနေတော့ဘူး။ ဘန့်စိတ်ထဲမှာ သူ့အရပ် နှစ်ပေလောက် ပိုရှည်သွားသလို သူ့အသက် အနှစ်နှစ်ဆယ်လောက် ပိုကြီးသွားသလို ခံစားနေရတယ်။ ဘီယာတွေ ဗိုက်ထဲ ဝင်သွားတာနဲ့ အမျှ ဘန့်စကားတွေက ပိုရဲတင်းလာတယ်။ သူပြောသမျှ စကားတွေကို ဘယ်သူမှ မေးခွန်းမထုတ်ရဲတော့ဘူးလို့ ထင်လာတယ်။

မိုက်ခ်က နောက်ထပ် ဆေးခြောက်တစ်လိပ်ကို မီးညှိတယ်။ ကောင်မလေးက သူ့ဆံပင်မှာ ညှပ်ထားတဲ့ ကလစ်ကို ပြန်ဖြုတ်ပြီး ပေးတယ်။ ကလစ်ကိုဖြုတ်လိုက်

တော့ ကောင်မလေးရဲ့ ဆံပင်တွေ အရှေ့ကို ဝိုက်ကျလာပြီး စောစောကလောက် ကြည့်မကောင်းတော့ဘူး။ ဘန် ဆေးခြောက်တစ်ဖွာ ရှိုက်လိုက်တယ်။ အသက်ကို အောင့်ထားလိုက်တယ်။ ချောင်းမဆိုးနဲ့··ချောင်းမဆိုးမိစေနဲ့။ ဆေးခြောက်က တော်တော်လေး ပြင်းတယ်။ ခဏလေးနဲ့ ကွဲသွားမယ့် အမျိုးအစား။ လယ်ကွင်းတွေမှာ သုံးတဲ့ ဓာတုပစ္စည်းတွေ မြေကြီးထဲကို စိမ့်ဝင်ပြီး အဲဒီ ဆေးခြောက်ပင်တွေ ဆီကို ရောက်သွားတာများလားမသိဘူး ဆိုပြီး ဘန်တွေးမိတယ်။

ကောင်မလေးက ဘန့်ကို စကားပြောတော့ မလိုလို မျက်နှာနဲ့ ငေးကြည့်နေတယ်။ ဘန့်ညီမ ဒက်ဘီဒေးလည်း တီဗွီကြည့်တာများသွားရင် အဲဒီလို ရီဝေဝေ မျက်နှာဖြစ်သွားတတ်တယ်။ ဘန့်ဗိုက်ထဲမှာ တော်တော်ဆာလာတယ်။

*စေတန်ဆိုရင် ဘယ်တော့မှ ဗိုက်မဆာဘူး··*။ ဘန့် ခေါင်းထဲကို အဲဒီ အတွေးက မဆီမဆိုင် ဝင်လာတယ်။

အဲလက်စ်က သူ့ဂစ်တာကို ပြန်တီးနေပြီ။ Van Halen နည်းနည်း၊ AC/DC နည်းနည်း တီးတယ်။ Beatles သီချင်းတစ်ပုဒ်လည်း ပါတယ်။

"ဟယ် နင့်ခေါင်းက သွေးတွေထွက်လာပြန်ပြီ" ကောင်မလေးက ဘန့်ခေါင်းကို လက်ညှိုးထိုးရင်း အော်တယ်။

ဟုတ်တယ်။ နဖူးက ဒဏ်ရာ ပြန်ကွဲသွားပြီ။ သွေးတွေ မျက်နှာကိုဖြတ်ပြီး ဘန့်ဂျင်းဘောင်းဘီပေါ်ထိ တတောက်တောက် စီးကျလာနေတယ်။ ကောင်မလေးက သူ့လက်ကိုင်ပုဝါကို ထုတ်ပြီး ဘန့်ကိုလှမ်းပေးတယ်။ ဘန် လက်ကာပြလိုက်တယ်။ နဖူးကသွေးတွေကို ယူပြီး သူ့မျက်နှာသူ ပြန်သုတ်ပစ်လိုက်တယ်။

အဲလက်စ်ရဲ့ ဂစ်တာသံ ရပ်သွားတယ်။ အကုန်လုံး ဘန့်ကို ပါးစပ်အဟောင်းသားနဲ့ ဝိုင်းကြည့်နေကြတယ်။ ဘန့်ဘေးမှာ ထိုင်နေတဲ့ နှစ်ယောက်က ဘန့်အနားကနေ မသိမသာ ဘေးကိုရွှေ့သွားကြတယ်။ မိုက်ခ်က သူသောက်နေတဲ့ စက္ကူလိပ်ကို ဘန့်ကို ပန်းဆက်သလို ကမ်းပေးတယ်။ ဘန် ထပ်မသောက် ချင်တော့ဘူး။ ဒါပေမယ့် မငြင်းဘဲ နောက်တစ်ဖွာ ထပ်ရှိုက်လိုက်တယ်။ ချဉ်စုတ်စုတ် မီးခိုးတွေက ဘန့်အဆုတ်ထဲကို ပူဆင်းသွားတယ်။

အဲဒီအချိန်မှာ ဂိုဒေါင်ထဲကို ထရေးတီပန်နီ ဝင်ချလာတယ်။ ထရေးက လက်ပိုက်ပြီး အခန်းထဲကလူတွေကို ဝေ့ကြည့်တယ်။ သူ့မျက်လုံးတွေက ဘန့်ဆီကို ဝဲလာတယ်။

"မင်းဘာလာလုပ်တာလဲ၊ ဒီယွန်ဒရာရော"

''ရှော့ပင်းသွားနေတယ်။ ကျွန်တော်ဒီမှာခဏလာခိုပြီး အချိန်ဖြုန်းနေတာ''

''နင်တို့ ရန်ဖြစ်ထားကြတယ်ဆို''..ကောင်မလေးက ထရေးကိုလှမ်းမေးတယ်။ ''ပြီးတော့ တခြားအကြောင်းတွေလည်း ဘန်ဒေးက ပြောပြထားတယ်''

ဆံပင်နက်နက်ရှည်ရှည်တွေနဲ့ ဝန်းရံထားတဲ့ ထရေးရဲ့ မေးရိုးပြတ်ပြတ်မျက်နှာက ဖတ်ရတော်တော်ခက်တယ်။ သူဘာတွေးနေသလဲ လွယ်လွယ်မသိနိုင်ဘူး။ ထရေးက ကြမ်းပြင်မှာ ထိုင်နေတဲ့ အဖွဲ့သားတွေကို ကြည့်တယ်။ ဘန့်ကို ကြည့်တယ်။ ဘာဆက်လုပ်ရမလဲ စဉ်းစားနေပုံပဲ။

''ဩော်.. ဘန်ဒေးက ဘာတွေ ပြောပြထားလဲ..ပြောပါဦး''..ထရေးက ဘန့်ဆီကနေ အကြည့်မလွှဲဘဲ ရေခဲပုံးထဲက ဘီယာတစ်ဘူးကို လှမ်းနှိုက်ယူတယ်။ ကောင်မလေးကို လှည့်တောင်မကြည့်ဘူး။ ဒီကောင်မလေးနဲ့ ထရေးနဲ့ ရည်းစားဟောင်းတွေများလား..ဘန်တွေးမိတယ်။ ကောင်မလေး ထရေးကို လှမ်းကြည့်တဲ့ပုံက မရိုးဘူး။ ကောင်မလေးကို ထရေး မမြင်ချင်ယောင်ဆောင်နေတာကလည်း သိသာလွန်းနေတယ်။ ထရေးတီပန်နီက မိန်းမတွေကို ဆက်ဆံတဲ့အခါ တော်တော် ပြတ်သားတယ်။ ထရေးရဲ့ အရင်ရည်းစား တစ်ယောက်ကို ထရေး ဆဲလွှတ်လိုက်တာ ဘန် မြင်ဖူးတယ်။ *နင့်ကိုတွေ့ရလို့ ငါပျော်လည်းမပျော်ဘူး၊ ဝမ်းလည်း မနည်းဘူး။ ဘယ်လိုမှ မနေဘူး။ ရေပွက်တောင်မထဘူး၊ ရှင်းလား။*

''သူပြောတာကတော့ နင်တို့ အဖွဲ့သားတွေ ပေါင်းပြီး စေတန်ကိုယဇ်ပူဇော်ကြတယ်ဆို။ ဟုတ်လား''..ကောင်မလေးက ထရေးကို မေးတယ်။

ထရေးက ပြုံးပြီး ဘန်နဲ့မျက်နှာချင်းဆိုင်နေရာမှာ ဝင်ထိုင်တယ်။ ဘန်က ထရေးနဲ့ မျက်လုံးချင်း မဆိုင်မိအောင် မျက်နှာ လွှဲထားတယ်။

''ဟော့ကောင်၊ ထရေး..''..အဲလက်စ်က ပြောတယ်။ ''မင်းက အင်ဒီးယန်းသွေး တစ်ဝက်ပါတယ် မဟုတ်လား''

''အေး၊ ပါတော့ဘာဖြစ်လဲ''

''အင်ဒီးယန်း အစစ်တော့မဟုတ်ဘူးနော်''..ကောင်မလေးက မေးတယ်။

''ငါ့အမေက အမေရိကန်။ ပြီးတော့ငါက အင်ဒီးယန်းမတွေကိုမကြိုက်ဘူး''

''ဘာလို့လဲ''..ဆံပင်ကြားထဲက ကလစ်ကို ပိတ်လိုက် ဖွင့်လိုက် လုပ်ပြီးဆော့နေရင်း ကောင်မလေးက မေးတယ်။ ကလစ်ထဲမှာ သူ့ဆံပင်အမျှင်တွေလုံးထွေးရစ်ပတ်နေတယ်။

''စေတန်က အဖြူမတွေကိုပဲ ကြိုက်တာ''..ထရေးက ကောင်မလေးကို

စေ့စေ့ကြည့်ပြီး ပြန်ဖြေတယ်။ ကောင်မလေးက တခစ်ခစ် ရယ်တယ်။ ထရေးက လိုက်မရယ်ဘဲ မျက်နှာသေနဲ့ ကြည့်နေတော့ ကောင်မလေး အရယ် ရပ်သွားတယ်။ သူ့ရဲ့ ရုပ်ဆိုးဆိုး ရည်းစားကို မော့ကြည့်ပြီး ဖက်တယ်။

ထရေးရဲ့ ပုံစံက စိမ့်ပြီး ကြောက်စရာ ကောင်းနေတယ်။ အပေါ်ယံကြည့် လိုက်ရင် ခင်တတ် မင်တတ်တဲ့သူလို့ ထင်ရပေမယ့် ထရေးရဲ့ မျက်လုံးတွေထဲမှာ အနွေးဓာတ် တစ်စက်မှ မရှိဘဲ အေးခဲနေတယ်။ ကြမ်းပြင်ပေါ်မှာ သက်သောင့်သက်သာ ထိုင်နေတယ်လို့ ထင်ရပေမယ့် ထရေးရဲ့ ခြေတွေလက်တွေက မသိမသာတောင့် တင်းနေတယ်။ သူ့ကိုယ်ထဲမှာ ကိန်းအောင်းနေတဲ့ မနှစ်မြို့ချင်စရာအငွေ့အသက်တွေ အပြင်ကို လျှံထွက်နေသလိုလို··။

အားလုံး စောစောကလို စကားမပြောဖြစ်တော့ဘဲ ဒီအတိုင်းထိုင်နေကြတယ်။ ထရေးရဲ့ စိတ်မကြည်တဲ့ ပုံစံကြောင့် အကုန်လုံး ဘာလုပ်ရမှန်းမသိ ဖြစ်နေကြတာ။ ပုံမှန်ဆိုရင် ထရေးက စကားအများဆုံး၊ အသံအကျယ်ဆုံးလေ။ လူတွေကို စိတ်ဆိုးအောင်၊ ရန်ဖြစ်အောင် လိုက်ဆွတတ်တာလည်း ထရေးပဲ။ အခုလို သူစိတ်မကြည်တဲ့ အချိန်ကျတော့ ဘေးလူတွေပါ ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်ကုန်တယ်။

"ဟော့ကောင် သွားရအောင်"··ထရေးက ဘန့်ကို ရုတ်တရက်ကြီးထပြော တယ်။ "ငါ့မှာ ကားပါလာတယ်။ ဒီယွန်ဒရာ အိမ်သော့လည်း ပါတယ်။ အိမ်မှာ ထိုင်ပြီး သူ ပြန်လာတာကို စောင့်ကြတာပေါ့။ အိမ်မှာဆိုရင် တီဗွီကြည့်လို့ရတယ်။ ဒီဂိုဒေါင်စုတ်ထဲမှာ ထိုင်နေရတာထက်တော့ သာတယ်"

ဘန် ခေါင်းညိတ်လိုက်တယ်။ ကျန်တဲ့သူတွေကို လက်ပြနှုတ်ဆက်ပြီး ထရေး နောက်ကို လိုက်သွားတယ်။ အပြင်ရောက်တော့မှ ဘီယာဘူးခွံကို နှင်းပုံထဲ ပစ်ချလိုက်တယ်။ စိတ်ထဲမှာတော့ မလုံမလဲတွေ ဖြစ်နေတယ်။ ထရေးရဲ့ထရပ်ကား ပေါ်ကို တက်လိုက်တယ်။ အခုထိ ထရေးကို ဘယ်လို စကားစရမလဲ မသိသေးဘူး။ ဘန် လိမ်ထားတာတွေကို ထရေး ဘာဖြစ်လို့ သည်းခံပြီး ဖုံးပေးလိုက်သလဲ။ ပြီး တော့ ထရေးဆီမှာ ဒီယွန်ဒရာ အိမ်သော့ ဘယ်လိုရောက်နေတာလဲ။

"မင်း လျှောက်ပြောထားတာတွေကို မင်းကိုယ်တိုင် တာဝန်ယူရဲ့သလား။ ငါပြောသလို တကယ် လုပ်ရဲ့လား"·· ထရေးက ဘက်ဂီယာထိုးရင်း ဘန့်ကို မေး တယ်။ ထရေးရဲ့ ထရပ်ကားက တင့်ကားလောက် နီးနီး မာတယ်။ လယ်ကွင်းထဲကို တည့်တည့်ကြီး ဖြတ်မောင်းတာတောင် ဘာမှမဖြစ်ဘူး။ ပြောင်းပင်တွေကိုနှင်းချေ၊ ချိုင့်ခွက်တွေ တူးမြောင်းတွေကိုပါ ဖြတ်မောင်းပစ်တော့ ဘန့်တစ်ကိုယ်လုံးယိမ်းခါ

သွားတယ်။ လက်ကိုင်ကို မြဲမြဲ ဆုပ်ထားရတယ်။ ထရေးက ဘန့်ကို အကဲခတ်သလို လှည့်ကြည့်တယ်။

"ငါက ဘာကို မလုပ်ရဲရမှာလဲ။ လုပ်ရဲတာပေါ့"

"အိုကေ၊ မင်း တကယ့်ယောကျ်ား ဟုတ်,မဟုတ် ဒီည ကြည့်တာပေါ့"

ပြောပြီးတာနဲ့ ထရေးက ကားကက်ဆက်ကို ဖွင့်လိုက်တယ်။ Iron Maiden အဖွဲ့ရဲ့ သီချင်းသံ ဟိန်းပြီးထွက်လာတယ်။ ဘန့်ခံစားချက်နဲ့ ကွက်တိပဲ။ သီချင်းစာသားတွေ ဘန့်နားထဲကို တစ်လုံးချင်း စိမ့်ဝင်တယ်။ *နတ်ဆိုးရဲ့ တန်ခိုးနဲ့ ..ယဇ်စင်ပေါ်က လူသားတွေ..*

သီချင်းသံ ဘန့် ဦးနှောက်ထဲ နစ်ဝင်သွားတယ်။ ဘန့်သွေးတွေ ပွက်ပွက်ဆူလာတယ်။ ဘာမှန်း မသိတဲ့ ဒေါသတွေ တရိပ်ရိပ် တက်လာတယ်။ အပေါ်ကနေ အောက်ကို ဆက်တိုက် ခတ်ချနေတဲ့ ဂစ်တာသံရိုင်းရိုင်းတွေနဲ့အတူ ဘန့်အာရုံတွေ တရစ်ပြီးတစ်ရစ် ပိုတင်းလာနေတယ်။ ဒရမ်သံ တဒုန်းဒုန်းရဲ့ ခွန်အားတွေ ဘန့် ကျောရိုးတစ်လျှောက် ဖြတ်ဆင်းသွားတယ်။ ခေါင်းထဲမှာ ဘာကိုမှ ဖြောင့်ဖြောင့် တန်းတန်း မစဉ်းစားနိုင်တော့ဘူး။ ဘန့် တစ်ကိုယ်လုံးက ဆုပ်ထားတဲ့ လက်သီးလို တင်းရင်းပြီး ပေါက်ကွဲထွက်ဖို့ အသင့်..။

+++

# လစ်ဘီဒေး

## ယနေ.

ကန်းဆက်စ်စီးတီးနဲ့ စိန့်လူးဝစ်စ် ကြားက I-70 အမြန်လမ်းက တော်တော့်ကို ပျင်းဖို့ကောင်းတယ်။ ကြည့်စရာရှုခင်း ဘာမှမရှိ။ လမ်းဘေးကြော်ငြာဘုတ်တွေကလွဲရင် တစ်လမ်းလုံး ဟာလာဟင်းလင်း။ ကြော်ငြာ ဆိုင်းဘုတ်တွေကတော့ အမျိုးစုံပဲ။ *ကြောင်ပေါက်စလေးလို ကွေးနေတဲ့ သန္ဓေသားလောင်းပုံ*…အောက်မှာ စာရေးထားတယ် (ကိုယ်ဝန်ဖျက်ချခြင်းဟာ လူသတ်မှု မြောက်ပါတယ်။) နောက်ဆိုင်းဘုတ်တစ်ခုမှာကျတော့ ခပ်ရိုးရိုး မျက်နှာနဲ့ မိန်းမတစ်ယောက် လိင်စိတ်အပြည့် မျက်လုံးတွေနဲ့ ကင်မရာကိုစိုက်ကြည့်နေတယ်။ အောက်ကစာကို ဖတ်လိုက်တော့‥ (ဂျင်မီ အမျိုးသား သီးသန့်ကလပ်)တဲ့။ ခရစ်ယာန် ကြော်ငြာဆိုင်းဘုတ်တွေလည်း မနည်းမနောပဲ။ စားသောက်ဆိုင် ကြော်ငြာဘုတ်တွေလည်း ဆက်တိုက်။ 'ဟာ့ဘ်ရဲ့ အမြန်လမ်း စားသောက်ဆိုင် - တစ်လမ်းလုံးမှာ အကောင်းဆုံး'၊ 'ဂျိုလင်းရဲ့ ဝက်နံရိုးကင် - နံရိုးကင် အိအိမွှေးမွှေးရပြီ'

ကျွန်မရဲ့ ဘေးခုံမှာ လိုင်ဝိုက်သ် ပါလာတယ်။ လိုင်ဝိုက်သ်က ကျွန်မနဲ့ လိုက်ခဲ့သင့်၊မလိုက်ခဲ့သင့်ကို အသည်းအသန် စဉ်းစားလိုက်သေးတယ်။ (*ခရစ်ဆီနဲ့ သွားတွေ့ရင် လစ်ဘီ တစ်ယောက်တည်းသွားရင် ပိုကောင်းမယ်။ နှစ်ယောက်စလုံး မိန်းကလေးတွေ ဆိုတော့ ပြောလို့ဆိုလို့ ပိုအဆင်ပြေမယ်။ ဒါပေမယ့် တစ်ဖက်မှာလည်း ဒီအမှုနဲ့ ပတ်သက်ရင် လစ်ဘီထက် သူက ပိုသိနေတယ်။ ဒါပေမယ့် လိုက်သွားပြန်ရင်လည်း သူ အရမ်း စိတ်လှုပ်ရှားပြီး မပြောသင့်တာတွေ ပြော မမေးသင့်တာတွေ မေးမိရင် ဘယ်လိုလုပ်မလဲ။ လိုင်ဝိုက်သ်က ဘာလုပ်လုပ် အလောတကြီး နိုင်တယ်လေ။ ဒါသူ့ရဲ့ အဆိုးဆုံး အားနည်းချက်ပဲ။ ဒါပေမယ့် ဒေါ်လာ ၅၀၀ တောင် လစ်ဘီ့ကို ပေးထားရတာ။ ကိုယ်တိုင် လိုက်မကြည့်သင့်ဘူးလား*‥) လိုင်ဝိုက်သ်

အဲဒီလို ဗျာများနေတာတွေကို ကျွန်မ စိတ်မရှည်တော့ဘဲ ဖုန်းထဲမှာ အော်လိုက်မိတယ်။ *နောက် မိနစ်သုံးဆယ်အတွင်းမှာ ဘားဆိုင်ရှေ့ကို ကျွန်မ အရောက်လာမယ်။ အဲဒီ ဘားရှေ့ကို အချိန်မီလာနိုင်ရင်လိုက်ခဲ့*..လို့ ပြောလိုက်တော့မှ ဓာတ်လမ်းပြတ်သွားတယ်။ အခုလည်း ကျွန်မ ဘေးမှာ ထိုင်ပြီး လိုင်ဝိုက်သ် ပျာယာခတ်နေပြန်ပြီ။ ကားတံခါးချက်ကို တင်တယ်၊ ပြန်ချတယ်။ ရေဒီယိုလိုင်းတွေ လျှောက်ချိန်တယ်။ လမ်းမှာတွေ့တဲ့ ဆိုင်းဘုတ်တွေကို အသံထွက်ပြီး ဖတ်နေတယ်။ စိတ်မပူအောင် သူ့ကိုယ်သူ ပြန်ပြီး နှစ်သိမ့်နေတာ နေမှာပေါ့။ မီးရှူး မီးပန်းတွေ လှောင်ထားတဲ့ ဂိုဒေါင် အကြီးကြီးတစ်ခု ရှေ့ကနေ ကျွန်မတို့ ဖြတ်မောင်းလာတယ်။ လမ်းဘေးမှာ စိုက်ထားတဲ့ လက်ဝါးကပ်တိုင်တချို့ တွေ့ရတယ်။ ယာဉ်တိုက်မှုဖြစ်ပြီး သေသွားတဲ့ သူတွေအတွက် အမှတ်တရ စိုက်ထားတာ။ ဓာတ်ဆီဆိုင် ဆိုင်းဘုတ်တွေလည်း ဆက်တိုက်တွေ့တယ်။ ဆီဆိုင် ဆိုင်းဘုတ်တွေက တခြားဆိုင်းဘုတ်တွေနဲ့မတူဘူး။ သိမ်သိမ်ရှည်ရှည်တွေ။

တံတားတစ်ခုပေါ်ကိုဖြတ်တော့ လမ်းဘေးမှာ ထောင်ထားတဲ့ ဆိုင်းဘုတ်ပေါ်မှာ လီဇက်စတီဖင် ရဲ့ လူပျောက်ကြော်ငြာ။ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်နဲ့ တခြား အချက်အလက်တချို့ ထည့်ရေးထားတယ်။ အဲဒီဆိုင်းဘုတ်ကို ဘယ်တော့မှ ပြန်ဖြုတ်မလဲမသိဘူး..ကျွန်မ စဉ်းစားမိတယ်။ ပိုက်ဆံကုန်သွားမှ၊ မျှော်လင့်ချက်ကုန်သွားမှ လက်လျှော့ကြတော့မလား။

"ဟာ..ဟိုကောင်မလေးပဲ".. လိုင်ဝိုက်သ်က လီဇက်စတီဖင်ရဲ့ ပုံကို လက်ညှိုးထိုးပြပြီး ပြောတယ်။ ကျွန်မ စိတ်ထဲမှာတော့ ထူးထူးထွေထွေ မခံစားရတော့ပါဘူး။ ကောင်မလေးက သေသွားတာ သေချာသလောက်ဖြစ်နေပြီ။ ပြီးတော့ ကိုယ့်မိသားစုလည်း မဟုတ်..။

"လိုင်ဝိုက်သ်၊ ရှင့်ကို ကျွန်မ တစ်ခုမေးမယ်။ ရှင်ဘာလို့ ကျွန်မမိသားစု အမှုကို ဒီလောက်စိတ်ဝင်စားနေတာလဲ"..ကျွန်မမေးလိုက်တဲ့ အချိန်မှာ အပြင်မှာ နေဝင်စပြုပြီ။ ပတ်ဝန်းကျင်က တစိမ့်စိမ့် မှောင်ကျသွားတယ်။ လမ်းဘေးမီးတိုင်တွေ စီတန်းပြီး တဖျပ်ဖျပ် လင်းလာတယ်။

လိုင်ဝိုက်သ်က သူ့ခြေထောက် သူ ပြန်ငေးကြည့်နေတယ်။ သူ့မှာ အကျင့်တစ်ခုရှိတယ်။ သူ့ကို တစ်ခုခု ပြောလိုက်ပြီ ဆိုရင် သေချာမကြားရသလို နားတစ်ဖက်ကို အသာထိုးပြီး နားထောင်တတ်တယ်။ ပြီးရင် ချက်ချင်း ပြန်မဖြေသေးဘူး၊ မေးခွန်းကို သူ့စိတ်ထဲမှာ အရင်ဘာသာပြန်နေသလို ခဏစောင့်တယ်။ ပြီးမှ..

"ခင်ဗျားအမှုက စုံထောက် ဇာတ်လမ်းတွေနဲ့ တူနေတာကိုး။ ဖြစ်နိုင်တဲ့ သီအိုရီတွေ အများကြီးရှိတယ်။ ဒီတော့ အမှုအကြောင်း ပြောလိုက်ရင်ကို အလိုလို စိတ်ဝင်စားစရာ ကောင်းသွားရော"..လိုင်ဝိုက်သ်က ကျွန်မကို မကြည့်ဘဲ ပြန်ဖြေတယ်။ "ပြီးတော့ ခင်ဗျား..နဲ့ ခရစ်ဆီကိတ်လိုမျိုး ကလေးတွေ။ ကလေးတွေ ဆိုတာ..ခင်ဗျားတို့က အဲဒီတုန်းက ကလေးတွေပဲရှိသေးတာလေ။ အဲဒီ ကလေးတွေနဲ့ ဒီအမှုနဲ့ နွယ်နေတာမျိုး.."

"ဘယ်လို နွယ်နေတာလဲ"

"ဘယ်လိုပြောရမလဲ.. မရည်ရွယ်ဘဲ လုပ်လိုက်တဲ့ အပြုအမူတွေကြောင့် အဖြစ်အပျက်တွေအကုန် ဆင့်ကဲပြောင်းလဲသွားတာမျိုး။ ရေကန်ထဲကို ခဲတစ်လုံးပစ်ချလိုက်လို့ လှိုင်းထသွားသလိုပေါ့.. ခင်ဗျားတို့တွေ မသိလိုက်ဘဲ လုပ်လိုက်မိတဲ့ အပြုအမူတစ်ခုခုကြောင့် အကုန် ပြောင်းကုန်တာမျိုး..အဲဒီလိုကိစ္စမျိုးတွေဆို ကျွန်တော်က စိတ်ဝင်စားတယ်ဗျ"

"ဘာလို့ စိတ်ဝင်စားတာတုန်း"

လိုင်ဝိုက်သ် ခဏတွေသွားတယ်။ "အဲဒါတော့ မပြောတတ်ဘူး။ ဒီလိုပဲ"

ကျွန်မနဲ့ လိုင်ဝိုက်သ် နှစ်ယောက်စလုံး တကယ့် ငကြောင်တွေပါလား။ ကျွန်မတို့နှစ်ယောက်စလုံးက ကိုယ့်ခံစားချက်ကို ထုတ်ဖော်မပြောတတ်တဲ့နေရာမှာ တော်တော် တူတာပဲ။ အခုလိုနှစ်ယောက်ပေါင်းပြီး ခရစ်ဆီကိတ်ကို သွားတွေ့ဖို့ ကြိုးစားနေတာ ရယ်စရာတော့ အကောင်းသား။ လိုင်ဝိုက်သ်ရဲ့ သီအိုရီကို ကျွန်မ အရမ်းကြီးတော့ မယုံသေးပါဘူး။ ခရစ်ဆီကိတ်ဆီက ဘာမှ မေးမရလည်း သိပ်ပြီး ပြဿနာမရှိဘူး။

နောက်ထပ် မိနစ်လေးဆယ်လောက် ဆက်မောင်းပြီးတဲ့အခါ လမ်းဘေးမှာ အဖော်အချွတ်ကလပ်တွေ စပြီး တွေ့ရပြီ။ ခပ်သေးသေး စုတ်စုတ် အဂ်တေတစ်ထပ် တိုက်တွေ။ ကလပ်တော်တော်များများက နာမည်တောင် မရှိဘူး။ နီယွန် ဆိုင်းဘုတ်တွေပဲ တပ်ထားတယ်။ ဆိုင်းဘုတ်တွေကလည်း 'Live Girls!' ဆိုတဲ့စာလုံးကိုပဲ ထပ်ကာထပ်ကာ ရေးထားတယ်။ ခရစ်ဆီကိတ်တစ်ယောက် အဲဒီကလပ်တွေထဲက ကလပ်တစ်ခုမှာ အလုပ်လုပ်နေတာကို ကျွန်မ မြင်ယောင်ကြည့်တယ်။ နာမည်တောင် အဖက်လုပ် ပေးမထားတဲ့ အဖော်အချွတ် ကလပ်တစ်ခုမှာ အလုပ်လုပ်ရတာ တွေးကြည့်ရင် တော်တော်စိတ်ဓာတ်ကျစရာပဲ။ နာမည်ပေးမထားဘူး ဆိုကတည်းကိုက ဘယ်လောက် စုတ်သလဲ စဉ်းစားကြည့်လို့ရနေပြီ။ နာမည်..ဆိုလို့.. ကိုယ့်သား

သမီးကိုယ် ပြန်သတ်တဲ့ မိဘတွေအကြောင်း သတင်းတွေထဲမှာဖတ်ရတဲ့အခါ ကျွန်မ ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်ရတယ်။ ဒီကလေးကို နာမည်ပေးဖို့အထိတောင် သူတို့ဂရုတစိုက် စဉ်းစားခဲ့ကြတာပဲ။ ဒီကလေးကို ချစ်တဲ့စိတ် နည်းနည်းလေးတော့ ရှိခဲ့သလို..ဘယ်လိုနာမည်မျိုးပေးမလဲဆိုတာ သေသေချာချာစဉ်းစားခဲ့တဲ့၊ တိုင်ပင်ခဲ့တဲ့..အချိန် တဒင်္ဂလည်း ရှိခဲ့မှာပဲ။ ကိုယ်ကိုယ်တိုင် နာမည်ပေးထားတဲ့ သက်ရှိအရာတစ်ခုကို ဘယ်လိုစိတ်နဲ့ သတ်ရက်သလဲ..။

"ဒီလို ကလပ်မျိုး ကျွန်တော်တစ်ခါမှ မရောက်ဖူးဘူးဗျ။ ဒါပထမဆုံးပဲ"

လိုင်ဝိုက်သ်က မပွင့်တပွင့်ပြုံးရင်း ပြောတယ်။

ခရစ်ဆီ့အမေ လမ်းပြလိုက်တဲ့အတိုင်း ကျွန်မ ဘယ်ဘက်ကို ချိုးချလိုက်တယ်။ ကလပ် သုံးခု တွဲထားတဲ့ ဝင်းထဲကို ရောက်တော့ ကားပါကင်ဘက်ကိုဆက်မောင်းတယ်။ ဝင်းဟိုဘက်ထိပ်မှာ ဓာတ်ဆီဆိုင်တစ်ဆိုင်ရှိတယ်။ ကားကြီးတွေရပ်တဲ့ ပန်းခြံဝင်းတစ်ခုရှိတယ်။ ပန်းခြံဝင်းရှေ့က မီးချောင်းရောင် ဖြူဖြူဖွေးဖွေးအောက်မှာ လှုပ်ရှားနေကြတဲ့ မိန်းကလေးတစ်သိုက်ရဲ့ကောက်ကြောင်းတွေကို ကျွန်မရပ်နေတဲ့ နေရာကနေ လှမ်းမြင်နေရတယ်။ ပန်းခြံရှေ့ကို ကားတွေ ဝင်တယ်။ ပြန်ထွက်တယ်။ ကားပေါ်က ဆင်းလာကြတဲ့ လူတွေကို မိန်းကလေးတွေက ပုံစံအမျိုးမျိုးနဲ့ ဆီးကြိုနေကြတယ်။ ခြေထောက်သွယ်သွယ်တွေကို အတန်းသား ဆန့်ပြကြတယ်။ ရှေ့ကို ကိုင်းပြီး ရှိတာတွေကို လှုပ်ခါပြကြတယ်။ ဒီဘက် ကလပ်တွေက ရတဲ့ ပိုက်ဆံနဲ့ မလောက်တော့တဲ့အခါ အဲဒီပန်းခြံထဲကို သွားပြီး အပိုငွေ ရှာကြတယ်ထင်တယ်။

ကျွန်မ ကားထဲကနေ ဆင်းလိုက်တယ်။ လိုင်ဝိုက်သ် ပေးထားတဲ့ မှတ်စုစာရွက်ကို လက်ထဲမှာ သေချာကိုင်တယ်။ (ခရစ်ဆီနဲ့တွေ့ရင် မေးသင့်တဲ့မေးခွန်းတွေကို ချရေးပေးထားတာ။ မေးခွန်း အမှတ်တစ်- *ဘန်ဒေးက ခရစ်ဆီ့ကို မတော်တရော် လုပ်လိုက်တယ်ဆိုတာ တကယ်လား။ ရှင်းပြပါ။* ) ကျန်တဲ့ မေးခွန်းတွေကို ပြန်ဖတ်နေတုန်း ကျွန်မရဲ့ ညာဘက်ခြမ်းမှာ တစ်ယောက်ယောက် လှမ်းလာနေတာ မြင်လိုက်တယ်။ ထရပ်ကားတွေ ရပ်ထားတဲ့ ပန်းခြံဘက်ကနေ ကျွန်မတို့ဆီကို လာနေတဲ့ လူရိပ် တစ်ရိပ်။ တည့်တည့်ကြီး လျှောက်လာနေတာ။ အရက်မူးနေရဲ့သားနဲ့ မမူးချင်ယောင် ဆောင်ပြရတဲ့အခါ လျှောက်တဲ့ လမ်းလျှောက်ပုံမျိုး..တောင့်တောင့်ကြီး။ အနားကို ရောက်လာတော့ လူရိပ်က မိန်းကလေးမှန်း သိသာလာတယ်။ ခပ်သေးသေးသွယ်သွယ် ကိုယ်လုံးနဲ့။ မျက်နှာက ဝိုင်းဝိုင်း။ ကော်ပတ်ရပ်မျက်နှာမျိုး။ သူ့အသားအရေက မီးရောင်အောက်မှာ တလက်လက်တောက်နေတယ်။ ဆံပင်ညို

ညှိဖျော့ဖျော့တွေကို နောက်မှာ သိုင်းပြီး စည်းထားတော့ သူ့နဖူးတစ်ခုလုံး ပြောင်တင်းနေတယ်။

"အစ်မ..အစ်မဆီမှာ စီးကရက် တစ်လိပ်လောက် ပါလား"..ကောင်မလေးက ကျွန်မကို မေးတယ်။ သူ့ခေါင်းက ပါကင်ဆန်ရောဂါသည် တစ်ယောက်လို တဆတ်ဆတ် တုန်နေတယ်။

"ညီမ..ဘာဖြစ်နေတာလဲ။ နေကောင်းရဲ့လား"..ကျွန်မ မေးလိုက်တယ်။ သူ့ကိုသေချာစိုက်ကြည့်ရင်း သူ့အသက် ဘယ်လောက်ရှိပြီလဲဆိုတာ ခန့်မှန်းကြည့်တယ်။ အလွန်ဆုံး ၁၅-၁၆ ပေါ့။ ကောင်မလေးက လက်ပြတ်အင်္ကျီ ပါးပါးလေးနဲ့ စကတ်တိုတိုလေး ဝတ်ထားတော့ ညနေခင်းလေထဲမှာ အရမ်းအေးပြီး တုန်နေတယ်။ သူကတော့ လိင်ဆွဲဆောင်မှုကောင်းအောင်ဆိုပြီး အတိုအပြတ်တွေ ဝတ်ထားပေမယ့် ကောင်မလေးပုံစံက လူကြီးလုပ်တမ်း ကစားနေတဲ့ ကလေးပေါက်စနဲ့ပိုတူနေတယ်။

"အစ်မ..စီးကရက် ရှိလားလို့"..ကောင်မလေးက ထပ်မေးတယ်။ သူ့မျက်လုံးတွေက စိုစွတ်နေတယ်။ ဒေါက်ဖိနပ် ဝတ်ထားတဲ့ ခြေထောက်ကို ခုန်ဆွခုန်ဆွ လုပ်တယ်။ ကောင်မလေးက ကျွန်မကို ကြည့်တယ်။ လိုင်ဝိုက်သ်ကိုကြည့်တယ်။ လိုင်ဝိုက်သ်က ကောင်မလေးကို မကြည့်ရဲသလို ခေါင်းကြီး ငုံ့ထားတယ်။

ကားပေါ်မှာ ဆေးလိပ်ဘူး တစ်ဘူးရှိနေတာကို ကျွန်မသတိရသွားပြီး ကားထဲကို ခေါင်းထိုး ဝင်လိုက်တယ်။ ကားနောက်ခန်းထဲမှာ ပုံထပ်နေတဲ့ ပစ္စည်းတွေကို မွှေတယ်။ ဟမ်ဘာဂါထုပ်တဲ့ စက္ကူစုတ်တွေ။ စားသောက်ဆိုင် တစ်ဆိုင်က ကျွန်မ မ,လာတဲ့ ရေနွေးကြမ်းထုပ်တွေ။ (ရေနွေးကြမ်းထုပ် ဆိုတာကလည်း ဝယ်မသောက်သင့်တဲ့၊ အလကားရသင့်တဲ့ ပစ္စည်းထဲမှာ ပါတယ်။) နောက်ဆုံးမှာ စီးကရက်ဘူးကို ရှာတွေ့သွားတယ်။ အထဲမှာ သုံးလိပ်ပဲကျန်တယ်။ တစ်လိပ်က ကျိုးနေပြီ။ ကျန်တဲ့ အကောင်း နှစ်လိပ်ကို ကျွန်မထုတ်လိုက်တယ်။ ကောင်မလေးကိုတစ်လိပ်ပေးတယ်။ ကျွန်မနှုတ်ခမ်းမှာ တစ်လိပ်တပ်တယ်။ မီးခြစ်ခြစ်ပေးလိုက်တော့ ကောင်မလေးက မီးနဲ့ဆေးလိပ်နဲ့ ထိဖို့ကို တော်တော်လေး ကြိုးစားယူလိုက်ရတယ်။ *ဆောရီးအစ်မ။ ကျွန်မက မျက်မှန်မပါရင် ဘာမှမမြင်ရဘူး*..တဲ့။ ကျွန်မ ဆေးလိပ်ကို မီးညှိတယ်။ ရှိုက်သွင်းတယ်။ ဆောင့်ဝင်လာတဲ့ နီကိုတင်းဓာတ်နဲ့အတူ ခေါင်းကို တစ်ချက်နှစ်ချက် ခါလိုက်တယ်။

"ကျွန်မနာမည် *ကော်လင်းန်* ပါ"..ကောင်မလေးက ဆေးလိပ်ကိုဖွာရင်း ပြောတယ်။ ဝင်သွားတဲ့ နေနဲ့အတူ အပူချိန်ကလည်း ထိုးကျသွားတယ်။ ကျွန်မတို့

သုံးယောက်စလုံး ကိုယ်နွေးအောင် ခုန်ဆွခုန်ဆွ လုပ်နေရတယ်။

ကော်လင်းန်··တဲ့။ ဒီအလုပ်မျိုးလုပ်တဲ့သူနဲ့ ဒီနာမည်နဲ့ မလိုက်လိုက်တာ၊ နာမည်က လှလှလေး။ သူ့မိဘတွေ သူ့ကို ဒီနာမည်ပေးခဲ့တုန်းက သူတို့သမီးလေး တစ်ချိန်ကျရင် ဒီလိုနေရာမှာ အလုပ်လုပ်ရမယ်လို့ ဘယ်စဉ်းစားခဲ့မလဲ··နော့။

"ကော်လင်းန်·· ညီမအသက် ဘယ်လောက်ရှိပြီလဲ"

ကော်လင်းန်က ပန်းခြံဘက်ကို လည်ပြန် လှည့်ကြည့်ပြီး ပြုံးတယ်။ ကိုယ်လုံးကို ရှေ့ကို ကိုင်းပြီး ပြန်ဖြေတယ်။ "ဪ··ကျွန်မက ပန်းခြံဘက်မှာလုပ်တာ မဟုတ်ဘူး။ စိတ်မပူပါနဲ့။ ကျွန်မက ဟိုဘက်မှာ လုပ်တာ"··ကော်လင်းန်က တန်းစီထားတဲ့ ကလပ်သုံးခုထဲက အလယ်တစ်ခုကို သူ့လက်ခလယ်နဲ့ ထိုးပြတယ်၊ "ကျွန်မက တရားဝင် လိုင်စင်နဲ့လေ။ အဲဒီဘက်မှာ လုပ်စရာမလိုဘူး"··စီတန်းပြီး ရပ်ထားတဲ့ ပန်းခြံထဲက ထရပ်ကားတွေဘက်ကို ကော်လင်းန်က မေးငေါ့ပြတယ်၊ အထဲမှာ ဘာတွေ ဖြစ်နေသလဲတော့ မသိ၊ အပြင်က ကြည့်ရင်တော့ ထရပ်ကားတွေ အကုန်လုံး ငြိမ်သက်နေတယ်။ "အဲဒီဘက်မှာ လုပ်တဲ့ မိန်းကလေးတွေထဲမှာလည်း ကျွန်မတို့ အသိတွေရှိတယ်လေ။ အဲဒါကြောင့် တစ်ခါတလေ ဒီဘက်ကိုလာကြည့်ပေးတဲ့သဘောပါ။ အချင်းချင်းတွေဆိုတော့ စောင့်ရှောက်ပေးတာမျိုးပေါ့။ အစ်မက လူသစ်လား"

ကျွန်မ ဒီနေရာကို လာဖို့အတွက် ရင်ဟိုက်တဲ့ အင်္ကျီကို တမင် ရွေးဝတ်လာတယ်။ ခရစ်ဆီနဲ့ စကားပြောတဲ့အခါ သူကျွန်မကို ရှိန်မနေအောင်··ဆိုတဲ့ရည်ရွယ်ချက်နဲ့ပါ။ ကော်လင်းန်က ကျွန်မရဲ့ ရင်စပ်ကြားကို စိုက်ကြည့်နေတယ်။ ဒီမိန်းမ ဘယ်ကလပ်ကပါလိမ့် ဆိုပြီး စဉ်းစားနေပုံပဲ။

"ဟာ··မဟုတ်ပါဘူး။ အသိတစ်ယောက်ကို လာရှာတာပါ။ နာမည်က ခရစ်ဆီကိတ်တဲ့။ ညီမ သူ့ကိုသိသလား"

"သူက အခုဆိုရင် ကိတ်··ဆိုတဲ့ နာမည် သုံးချင်မှသုံးတော့မှာ"··လိုင်ဝိုက်သ်က ဝင်ပြောတယ်။ ပြီးတာနဲ့ ကော်လင်းန်ဆီကနေ မျက်လုံးပြန်လွှဲသွားတယ်၊

"ကျွန်မသိတဲ့ ခရစ်ဆီ တစ်ယောက်တော့ ရှိတယ်။ အစ်မတို့ ရှာနေတဲ့ ခရစ်ဆီက အသက်ဘယ်လောက်ရှိပြီလဲ"

"၃၆-၃၇ ဝန်းကျင်ပေါ့"

ကော်လင်းန်ရဲ့ တစ်ကိုယ်လုံးက တဆတ်ဆတ်တုန်ခါနေတယ်။ ဆေးတွေ ဘာတွေ သုံးထားတာ များလား။ အေးလို့ပဲ တုန်နေတာလား··။

"ဟုတ်တယ်"..ကော်လင်းန်က ဆေးလိပ် လက်ကျန်ကို တစ်ဖွာတည်းနဲ့ အပြီး ရှိုက်လိုက်ရင်း ပြောတယ်။ "ဟိုးဘက် အစွန်ဆုံးက ကလပ်ကို တွေ့လား..။ ကျွန်မ သိတဲ့ ခရစ်ဆီက အဲဒီကလပ်မှာ နေ့ခင်းဘက်ဆို အချိန်ပိုဆင်းတတ်တယ်" ကော်လင်းန်က အစွန်ဆုံးက ကလပ်ကို လက်ညှိုးထိုးပြတယ်။ ကလပ်ရဲ့ ဆိုင်းဘုတ် မီးလုံးတွေက G-R-S သုံးလုံးပဲ လင်းတော့တယ်။ အလယ်စာလုံးတွေ ပျက်နေပြီ။

"အချိန်ပိုဆင်းနေတာ ဟုတ်လား.."

"အင်း။ ကျွန်မထင်တာကတော့ ခရစ်ဆီက ရင်သားအတုထည့်ဖို့ အတွက် ဆိုပြီး ပိုက်ဆံတွေအကုန် သုံးပစ်တယ် ထင်တယ်။ အဲဒီတော့ အခုထိ အလုပ်လုပ် နေရသေးတာပေါ့။ ကလပ်ပိုင်ရှင်က ပြောပါတယ်။ အတုတွေ ထည့်မနေနဲ့တဲ့..နင့် အသက်က ကြီးနေပြီတဲ့..။ ဒါပေမယ့် ခရစ်ဆီက မရဘူး။ ရင်သားအတုထည့်တဲ့ ပိုက်ဆံအတွက် အခွန်ထပ်ဆောင်စရာ မလိုလို့ တော်သေးတယ်"

ကော်လင်းန်ရဲ့ လေသံက မညှာမတာ ပြောပစ်ချင်တဲ့ လေသံမျိုးထွက်နေ တယ်။ သူ့အသက်က ငယ်သေးတော့ သူကိုယ်တိုင် ဒီလိုအဖြစ်မျိုး ကြုံရဖို့ ဝေးနေ သေးတယ် ဆိုတာကို သိနေလို့လည်း လေသံမာနေတာဖြစ်မယ်။

"ဒါဆို နေ့ခင်းဘက်မှ ပြန်လာရင်ကောင်းမလား"..လိုင်ဝိုက်သ်က မေး တယ်။

"အင်း..ခဏစောင့်ရင် စောင့်ကြည့်လေ။ ဟိုမှာ..သူအလုပ်ပြီးတော့မယ် ထင်တယ်"..ကော်လင်းန်က ပန်းခြံထဲက ကားတန်းဘက်ကို မေးငေါ့ပြရင်း ပြော တယ်။ "ကျွန်မလည်း အလုပ် ပြန်ဝင်ရဦးမယ်။ စီးကရက်တိုက်တာ ကျေးဇူးပါ"

ကော်လင်းန်က ပြောပြီးတာနဲ့ လှည့်ထွက်သွားတယ်။ သူ့ခြေလှမ်းတွေက လာတုန်းက အတိုင်း တောင့်တောင့်ကြီးပဲ။ ကလပ် သုံးခုထဲက အလယ်တစ်ခုရဲ့ တံခါးကို တွန်းဖွင့်ပြီး အထဲဝင်သွားတယ်။

"ကျွန်တော်တို့ ပြန်ရင်ကောင်းမယ် ထင်တယ်။ ဒီအချိန်ကြီး ဆက်နေလို့ ဘာမှထူးမယ့်ပုံမပေါ်ဘူး"..လိုင်ဝိုက်သ်က ပြောတယ်။ ဒီလောက်ကြောက်တတ်နေ ရင်လည်း ကားထဲမှာထိုင်စောင့်နေ..လို့ လိုင်ဝိုက်သ်ကို ဟောက်တော့မယ်အလုပ်မှာ ဟိုးဘက်အစွန်ဆုံး ထရပ်ကား တစ်စီးပေါ်က အရိပ် တစ်ရိပ် ဆင်းလာတာကို တွေ့ လိုက်တယ်။ လူရိပ်က ကားပေါ်ကနေ ဆင်းပြီး ကျွန်မတို့ ကားပါကင်ဆီကိုလျှောက် လာနေတယ်။ ဒီဝင်းထဲက အမျိုးသမီးတွေ အကုန် လမ်းလျှောက်ရင် ဒီပုံစံပဲလား။ လျှောက်နေတဲ့ပုံစံတွေက မှန်တိုင်းထဲကို တိုးနေသလို တောင့်တောင့်ကြီးတွေဖြစ်နေ

တယ်။ ကျွန်မသာ ဒီနေရာမျိုးမှာ အလုပ်လုပ်ရရင်‥ဆိုတဲ့အတွေး ခေါင်းထဲကိုဝင်လာတော့ ရင်ထဲမှာ လှပ်ခနဲ လန့်သွားတယ်။ ကျွန်မလို မိသားစုမရှိ၊ ပိုက်ဆံမရှိ၊ အရည်အချင်း မရှိတဲ့သူအနေနဲ့ တစ်နေ့မှာ ဒီနေရာမျိုးကို ရောက်မလာဘူးလို့မပြောနိုင်ဘူးလေ။ ကျွန်မက ငွေလည်း မက်သေးတယ်။ အလုပ် မလုပ်ဘဲ ပိုက်ဆံလိုချင်တယ်။ ကျွန်မကို သုံးလေးငါးလ တင်ကျွေးထားနိုင်မယ်လို့ ထင်ရတဲ့ ယောကျ်ားတွေနဲ့ တွေ့တုန်းကလည်း အလွယ်တကူ ပြန်ကြိုက်ပစ်ခဲ့တာပဲ။ သူတို့ အိပ်ခန်းထဲအထိ လိုက်သွားခဲ့ဖူးတာပဲ။ အဲဒီလို လုပ်ခဲ့လို့လည်း ကိုယ့်ကိုယ်ကိုယ် တစ်ခါမှအပြစ်မမြင်ခဲ့ဖူးဘူး။ ဒီတော့‥ဒီလိုနေရာမျိုးကို‥အဲဒီပန်းခြံရှေ့ကို‥ဒါမှမဟုတ် ဟိုဘက်က ကလပ်ထဲကို ကျွန်မ ရောက်မသွားဘူးလို့ ဘယ်လို တပ်အပ်ပြောနိုင်မလဲ။ တွေးရင်းနဲ့ အသက်ရှူကျပ်လာတယ်။ ပြီးတော့မှ ဖတ်ခနဲ ပြန်သတိဝင်လာတယ်။ *ဘာတွေ စိတ်ပူနေတာလဲ လစ်ဘီဒေး။ နင်အခု အလုပ်လုပ်နေတာ မဟုတ်ဘူးလား။ အခုဒီကိုလာတာ အလုပ်ကိစ္စနဲ့ မဟုတ်ဘူးလား။ ပိုက်ဆံရတဲ့ အလုပ်ပဲလေ။*

ကျွန်မတို့ဆီကို လျှောက်လာနေတဲ့ အရိပ်က အမှောင်ထဲမှာမသဲကွဲသေးဘူး။ ဖွာလန်ကျဲနေတဲ့ ဆံပင်တွေကိုတော့ မသဲမကွဲမြင်နေရတယ်။ ဘောင်းဘီတို အနားစတွေက ချွန်ထွက်နေတယ်။ လက်ပွေ့အိတ် အကြီးကြီးတစ်ခု ကိုင်ထားတယ်။ ခြေထောက်တွေက တုတ်တုတ်ခိုင်ခိုင်တွေ။ အမှောင်ထဲက ထွက်လာတော့မှအမျိုးသမီးရဲ့ မျက်နှာကို သေချာမြင်ရတယ်။ နေလောင်ထားတဲ့ မျက်နှာပေါ်က မျက်လုံးတွေက တစ်လုံးနဲ့ တစ်လုံး တော်တော်နီးတော့ ချစ်စရာကောင်းသလိုလို ရှိပေမယ့် သားရဲတိရစ္ဆာန် တစ်ကောင်နဲ့လည်း တူနေပြန်တယ်။ လိုင်ဝိုက်သ်က ကျွန်မကို တံတောင်နဲ့ တွတ်တယ်။ သူလား‥မှတ်မိလား‥ဆိုတဲ့ပုံစံနဲ့ မျက်ခုံးပင့်ပြတယ်။ အမျိုးသမီးကို ကျွန်မ လက်လှမ်းပြလိုက်တော့ သူလျှောက်လာနေရာကနေ ဆတ်ခနဲရပ်သွားတယ်။ အစ်မနာမည် ခရစ်ဆီကိတ်လားလို့ ကျွန်မ မေးလိုက်တယ်။

"ဟုတ်တယ်"‥သူက ပြန်ဖြေတယ်။ သူ့မျက်နှာပေါ်မှာ မျှော်လင့်ချက် အရိပ်အယောင် တစ်ခုခု ဖြတ်ပြေးသွားသလိုပဲ။ *နောက်ဆုံးတော့ ကောင်းတဲ့စကား တစ်ခုခုကြားရတော့မယ်ထင်တယ်*‥ဆိုတဲ့ မျှော်လင့်ချက်မျိုး။ အံ့သြဖို့တော့ကောင်းတယ်။ အခုလေးတင် အဲဒီ‥ထရပ်ကားပေါ်ကနေ ဆင်းလာတဲ့သူက မျက်နှာမှာ မျှော်လင့်ချက်တွေ ရှိနေနိုင်သေးတာ‥။

"ကျွန်မ အစ်မနဲ့ စကားပြောချင်လို့ပါ"

"အိုကေလေ"‥ခရစ်ဆီက ပခုံးတွန့်တယ်။ "ဘာအတွက်လဲ"‥သူ့ကို

ကြည့်ရတာ ကျွန်မ ဘယ်သူလဲဆိုတာဝေခွဲမရဖြစ်နေပုံပဲ။ ရဲမေလည်းမဟုတ်၊ လူမှုဝန်ထမ်းနဲ့လည်း မတူ၊ ပြည့်တန်ဆာပုံလည်း မပေါက်။ လိုင်ဝိုက်သ်ကိုတော့ ခရစ်ဆီကိတ်က တစ်ချက်လောက်ပဲ လှမ်းကြည့်ပြီး အဖက်မလုပ်တော့ဘူး။ လိုင်ဝိုက်သ်ကလည်း သူ့ကို စေ့စေ့ မကြည့်ရဲဘူးလေ။ "ဘာမေးမလို့လဲ။ နင်ကဘယ်ကလဲ။ ငါ့အလုပ်အကြောင်း မေးမလို့လား။ သတင်းထောက်လား"

"မဟုတ်ပါဘူး။ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင်··ဘန်ဒေးအကြောင်း မေးချင်လို့ပါ"

"သြော်·· ဟုတ်လား။ အိုကေလေ။ ကလပ်ထဲမှာ ပြောမယ်လေ။ ငါ့ကို အရက်တိုက်မလား"

"ခင်ဗျားအခု အိမ်ထောင်ကျသွားပြီလား။ ခင်ဗျားနာမည် ခရစ်ဆီကိတ်ပဲလား"··လိုင်ဝိုက်သ်က မနေနိုင်ဘဲ ဝင်မေးတယ်။

ခရစ်ဆီက လိုင်ဝိုက်သ်ကို မျက်မှောင်ကြုတ်ပြီး ကြည့်တယ်။ ပြီးတော့မှ ကျွန်မကို ··ဒီကောင် ဘာဖြစ်တာလဲဟ ဆိုတဲ့ ပုံစံနဲ့ မေးဆတ်ပြတယ်။ ကျွန်မ မျက်လုံးပဲ ပြူးပြလိုက်တယ်။ ကိုယ်နဲ့ ပါလာတဲ့ ယောကျ်ားက သောက်တလွဲတွေ ထလုပ်တဲ့အခါ မိန်းမအချင်းချင်း လုပ်ပြတတ်တဲ့··စိတ်ပျက်တဲ့ အမူအရာမျိုးလေ။

"အင်း·· ငါ အိမ်ထောင်ကျဖူးတယ်"··ခရစ်ဆီကပြန်ဖြေတယ်။ "အခု ငါ့နာမည် ခရစ်ဆီကွမ်တို ဖြစ်သွားပြီ။ ယောကျ်ားနဲ့ ကွဲနေတာကြာပါပြီ။ ဒါပေမယ့် နာမည် ပြန်မပြောင်းချင်သေးလို့ ဒီအတိုင်း ထားထားတာ။ နာမည်ပြောင်းရတာ သိပ်အလုပ်ရှုပ်တာ။ သိတယ်မဟုတ်လား"

သိပါတယ်ဆိုတဲ့ ပုံစံနဲ့ ကျွန်မ ပြုံးပြလိုက်တယ်။ ခရစ်ဆီက ကလပ်ဘက် လှည့်ထွက်သွားတယ်။ ကျွန်မနဲ့ လိုင်ဝိုက်သ် အနောက်ကနေ အမီလိုက်သွားကြတယ်။ တစ်လမ်းလုံးမှာ ခရစ်ဆီ့ရဲ့ လက်ဆွဲအိတ်ကြီးနဲ့ ဝင်မတိုက်မိအောင် မနည်းရှောင်နေရတယ်။ ကလပ်ဝင်ပေါက်နားကို ရောက်တော့ မဝင်ခင်မှာ ခရစ်ဆီကသူ့ဘောင်းဘီအိတ်ထဲကနေ ငွေရောင်စက္ကူခေါက်တစ်ခုကို ထုတ်ပြီး ဖြေလိုက်တယ်။ စက္ကူထဲမှာ သိပ်ထည့်ထားတဲ့ အမှုန့်တွေကို နှာခေါင်းဝမှာ တေ့ပြီး ရှူသွင်းတယ်။ ပြီးတော့မှ ကျွန်မတို့ကို ကျောပေးလိုက်ပြီး တဂေ့ဂေ့နဲ့ လေတက်တယ်။

ခရစ်ဆီက ကျွန်မတို့ဘက်ကို ပြန်လှည့်ပြီး ပြုံးပြတယ်။ "ညဘက် မအိပ်ချင်အောင်ပါ။ ဒါနဲ့ အသက်ဆက်နေရတာလေ"··ခရစ်ဆီကရှင်းပြနေရင်းလက်ထဲက ဘာမှ မရှိတော့တဲ့စက္ကူခေါက်ကိုဖြန့်ပြတယ်။ သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး

ညည်းတယ်။ သီချင်း တစ်ဝက်လောက်မှာ စာသားမေ့သွားတယ် ထင်တယ်..ဆက် မဆိုတော့ဘူး။ "ဒီကလပ်ပိုင်ရှင်က ဆေးသုံးတာမကြိုက်ဘူး။ အထဲ မဝင်ခင်လေး အမြန်လုပ်ရတာ"..ခရစ်ဆီကပြောရင်းနဲ့ ကလပ်တံခါးကို ဆွဲဖွင့်လိုက်တယ်။

အဖော်အချွတ် ကလပ်တွေထဲကို ကျွန်မ ရောက်ဖူးပါတယ်။ ၁၉၉၀ ဝန်း ကျင်လောက်တုန်းကပေါ့။ အဲဒီတုန်းက မိန်းကလေးတွေလည်း ဒီလိုကလပ်မျိုးတွေကို သွားကြတယ်လေ။ ကလပ်ထဲကိုဝင်ထိုင်၊ ဝတ်လစ်စားလစ် မိန်းမတွေကို ငေးကြည့်၊ မိန်းကလေးချင်း ငမ်းတတ်တဲ့ မိန်းမတွေကို ယောကျ်ားတွေက ပိုသဘောကျကြတယ် ဆိုပြီး တလွဲ ထင်ခဲ့တဲ့ ခေတ်ပေါ့။ အခုလောက် သေးတဲ့ ကလပ်မျိုးတော့ တစ်ခါမှ မရောက်ဖူးဘူး။ ကလပ်ရဲ့ အတွင်းပိုင်းက ကျဉ်းကျဉ်းလေး။ နံရံတွေ၊ ကြမ်းပြင် တွေက ဖုန်တစ်လွှာ ထပ်ခင်းထားသလို မှုန်မှုန်ဝါးဝါးဖြစ်နေတယ်။ အလယ်က ခပ်နိမ့်နိမ့် စင်တစ်ခုအပေါ်မှာ ကောင်မလေးတစ်ယောက် မလှုမပနဲ့ က,နေတယ်။ တကယ်က က,နေတယ် လို့ပြောရမှာတောင် အခက်သား။ စင်ရဲ့ ဟိုဘက်ဒီဘက် လမ်းလျှောက်ပြနေတာ ပိုများပါတယ်။ စင်အောက်မှာ ထိုင်ကြည့်နေတဲ့သူ ဆိုလို့ ယောကျ်ားသုံးယောက်ပဲ ရှိတယ်။ ကောင်မလေးက လမ်းလျှောက်နေရင်း အဲဒီလူ သုံးယောက်ရှေ့ကိုရောက်ရင် ခဏရပ်တယ်။ ခြေထောက်နှစ်ဖက်ကို ကားတယ်၊ ကိုယ်လုံးကို အောက်ကို ကွေးချတယ်။ ခေါင်းကို ပေါင်အောက် ထိုးထည့်ပြီး ပေါင်ကြားကနေ ဟိုလူသုံးယောက်ကို ငုံ့ကြည့်တယ်။ ခေါင်းကို အောက်စိုက်ချ လိုက်တော့ မျက်နှာမှာ သွေးတွေစုပြီး ကောင်မလေးရဲ့ မျက်နှာက နီရဲတက်လာ တယ်။ လူကောင်ကြီးကြီးနဲ့ လုံခြုံရေး အစောင့်တစ်ယောက်က နံရံကပ်မှန်ထဲမှာ သူ့ကိုယ်သူ ပြန်ကြည့်နေတယ်။ တော်တော်ပျင်းနေပုံပဲ။ လိုင်ဝိုက်သ်က လက်ကို တင်းတင်းပိုက်ထားရင်း စင်ပေါ်က ကောင်မလေးကို ကြည့်သလိုလိုနဲ့ မကြည့် နေတဲ့ ပုံစံ အတင်းဖမ်းထားတယ်။ ကျွန်မ စင်ပေါ်ကို လှမ်းကြည့်နေမိရာကမ မျက်နှာလွှဲလိုက်တယ်။ အလိုလို နှာခေါင်းရှုံ့မိသွားတယ်။

"ဟုတ်တယ်"..ခရစ်ဆီက ပြောတယ်။ "ဒီကလပ်က တော်တော်လေး စုတ်တယ်။ ဒါနဲ့..နင်တိုက်မှာ မဟုတ်လား။ ငါ့မှာ ပိုက်ဆံမပါဘူး"..ကျွန်မဘာမှ ပြန်မဖြေရသေးခင်မှာ ခရစ်ဆီက ဘားကောင်တာဆီ သွားပြီး ဗော်ဒကာနဲ့ ခရမ် ဘယ်ရီ ကော့တေးတစ်ခွက် မှာပြီးနေပြီ။ ကျွန်မလည်း တစ်ခွက်မှာလိုက်တယ်၊ လိုင်ဝိုက်သ် အရက်ဖိုး ရှင်းမယ်လုပ်တော့ ကောင်တာကလူက သူ့ကို အသက်ပြည့်မ ပြည့်စစ်ဖို့ လိုင်စင် ပြခိုင်းတယ်။ လိုင်ဝိုက်သ်က သူ့လိုင်စင်ကို ရိုးရိုးတန်းတန်း

ထုတ်မပြဘဲ 'The Graduate' ဇာတ်ကားထဲက Dustin Hoffman ပုံစံနဲ့ အသံကို ညောင်နာနာလုပ်ပြီး အမူအရာတွေ လုပ်ပြတယ်။ ကောင်တာကလူက ဘာမှ နားမလည်သလို ကြောင်တောင်တောင်နဲ့ ပြန်ကြည့်နေတော့မှ 'The Graduate ဇာတ်ကားထဲက မင်းသား အမူအရာလေ။ မကြည့်ဖူးဘူးလား' ဆိုပြီးလိုင်ဝိုက်သ်က ရှင်းပြတယ်။ ကောင်တာကလူ စိတ်ပျက်လက်ပျက်နဲ့ဟိုဘက်လှည့်ထွက်သွားတယ်။ ကျွန်မလည်း လိုင်ဝိုက်သ်ကို ဆက်မကြည့်ချင်တော့ဘဲ မျက်နှာလွှဲလိုက်တယ်။

"နင်က ဘာသိချင်တာလဲ"..ခရစ်ဆီက ကျွန်မဘက်ကို ကိုယ်ကိုကိုင်းပြီး ပြုံးပြရင်း မေးတယ်။ ကျွန်မ နာမည်ကို ပြောပြလိုက်ရင် ကောင်းမလား..စဉ်းစားမိသေးတယ်။ ဒါပေမယ့် ခရစ်ဆီ့ကို ကြည့်ရတာ ကျွန်မ ဘယ်သူလဲဆိုတာကို လုံးဝ စိတ်ဝင်စားပုံမပေါ်ဘူး။ စကားပြောဖော်ရရင် ပြီးရောဆိုတဲ့ပုံစံ။ ခရစ်ဆီ့ ရင်ဘတ်နေရာကို ကျွန်မ မကြည့်ဘဲ မနေနိုင်ဘူး ဖြစ်နေတယ်။ သူ့ရင်သားတွေက ကျွန်မထက်တောင် ကြီးနေပါလား။ အင်္ကျီထဲမှာ ကျပ်ပိတ်သိပ်နေတယ်။ အစွန်းနှစ်ဖက်က ထောင်ထွက်နေတယ်။ အင်္ကျီသာချွတ်လိုက်လို့ကတော့ ရေထိုးထားတဲ့ ကြက်ပေါင်တုံးကြီးတွေလို တင်းပြီး ဝင်းနေမှာပဲ..။

"သဘောကျနေတာလား"..ခရစ်ဆီက သူ့ရင်သားတွေကို ခါပြပြီး မေးတယ်။ "ထည့်ထားတာ သိပ်မကြာသေးဘူး။ တစ်နှစ်လောက်တော့ ရှိသွားပြီပေါ့။ ဒီနှစ်ခုအတွက် တစ်နှစ်ပြည့် မွေးနေ့လုပ်ပေးရမလားလို့တောင် စဉ်းစားနေတာ။ ပြောသာ ပြောတာပါ..အတုထည့်လိုက်လို့လည်း ငါ့ဝင်ငွေ ပိုကောင်းမလာပါဘူး။ ဒီကလပ်ပိုင်ရှင် မိုက်ခ်က ငါ့ကို အလုပ်မပေးချင်ဘူးလေ။ ပိုက်ဆံလည်း မှန်မှန်မရဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အတု ထည့်လိုက်တာတော့ နောင်တမရပါဘူး။ ငါကအရင်ကတည်းက ကြီးကြီးလိုချင်တာ။ ဆုတောင်းပြည့်သွားပြီ။ မကြီးချင်တဲ့..မလိုချင်တဲ့ နေရာက ဒီနေရာ..ဒီနေရာကို ဖြတ်ထုတ်လို့ရရင် ဖြတ်ထုတ်ပစ်ချင်တယ်"

ခရစ်ဆီက သူ့ဗိုက်က အဆီခေါက်ကို လက်နဲ့ ညှစ်ပြတယ်။ တကယ်က အဆီ အဲဒီလောက် မရှိပါဘူး။ ရှိသယောင်ယောင်လေးပါ။ ဗိုက်ခေါက်အောက်တည့်တည့်မှာ ဗိုက်ခွဲမွေးထားတဲ့ ချုပ်ရာ ရေးရေးကျန်နေတာ တွေ့လိုက်တယ်။

"နင် ဘန်ဒေး အကြောင်းသိချင်တာ မဟုတ်လား"..ခရစ်ဆီကဆက်ပြောတယ်။ "အဲဒီ ဆံပင်နီနီနဲ့ ခွေးမသားလေ။ သူလုပ်လို့ ငါ့ဘဝ ပျက်ရတာ"

"ဒါဆို ဘန် ခင်ဗျားကို မဖွယ်မရာလုပ်ခဲ့တယ်ဆိုတာ တကယ်ဖြစ်ခဲ့တာလို့ ပြောချင်တာလား"..လိုင်ဝိုက်သ်က ကျွန်မဘေးမှာ ထိုင်နေရာကနေ ရှဉ့်တစ်ကောင်

လို ပြွတ်ခနဲ ပြူထွက်လာပြီး ဖြတ်မေးတယ်။

ကျွန်မ လိုင်ဝိုက်သ်ကို မျက်ထောင့်နီနဲ့ ကြည့်လိုက်တယ်။ ခရစ်ဆီကတော့ လိုင်ဝိုက်သ်မေးခွန်းကို စိတ်ဆိုးပုံမရပါဘူး။ ဆေးကွဲနေတဲ့ သူတွေရဲ့ ထုံးစံအတိုင်း သူ့အာရုံက ဘယ်နေရာမှာမှ အတည်တကျမရှိဘူး။ ကျွန်မကိုပဲ ဆက်ပြောနေတယ်။

"ဟုတ်တယ်၊ ဟုတ်တယ်။ ဘန်ဒေးက သူ့ရဲ့ စေတန်ယဇ်ပူဇော်တဲ့အဖွဲ့လား ဘာလား..အဲဒါနဲ့ ပတ်သက်ပြီး ငါ့ကို အသုံးချသွားတာ။ တော်သေးတာပေါ့။ ငါ့ကိုပါ သတ်ပြီး ယဇ်ပူဇော်တဲ့ အထဲ ထည့်မပစ်တာ။ ရဲတွေသာ သူ့ကို စောစောမိမသွားခဲ့ရင် ငါ့အလှည့် ဖြစ်လာမလား မသိဘူး။ သူက သူ့တစ်အိမ်လုံးကိုတောင် သတ်ပစ်တာ မဟုတ်လား"

ကင်နက်ကီ မြို့ကလူတွေ အားလုံးက သူတို့နဲ့ ဒေးလူသတ်မှုနဲ့ တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေသလိုလို လျှောက်ပြောတတ်ကြတယ်။ ကျွန်မအမေနဲ့ အိပ်ဖူးတယ်ဆိုတဲ့ ကောလာဟလတွေ ရှိသလို ဘန်ဒေးနဲ့ အပြင်မှာ ရန်ဖြစ်တော့မလိုလို ဖြစ်ဖူးတယ်ဆိုတဲ့ လူတွေလည်း အလျှိုအလျှိုပေါ်လာတယ်။ သူတို့ကို ဘန်က ဘယ်လို ခြိမ်းခြောက်တယ်။ သူတို့ခွေးကို ဘန်က ဘယ်လို ပိတ်ကန်သွားတယ်..စသဖြင့် အစုံပါပဲ။ ဘန်က မျက်ထောင့်နီကြီးနဲ့ ကြည့်တာကို ခံလိုက်ရဖူးတယ်ဆိုတာကလည်း ပါသေးတယ်။ ဘာတဲ့..ဘုရားရှိခိုးသံတွေ ဘာတွေ ကြားရင် ဘန့်နှာခေါင်းကနေ သွေးတွေ ယိုတယ်ဆိုလား။ စေတန်အဖွဲ့ထဲကို ဝင်ဖို့ လူတကာကို လိုက်သိမ်းသွင်းနေတယ်ဆိုလား။ ဘန့်ရဲ့ ကောလာဟလတွေက မရိုးနိုင်ဘူး။ အခု ခရစ်ဆီလည်း ကင်နက်ကီ မြို့သားတွေလိုပဲ သူနဲ့ဘန်နဲ့ ပတ်သက်တဲ့အကြောင်းကို အားရပါးရပြောပြချင်နေပြီ။

"တကယ်ဖြစ်ခဲ့တယ်ဆိုရင် အသေးစိတ်ပြောပြလို့ရမလား"..ကျွန်မမေးလိုက်တယ်။

"အကုန်ပြောပြရမှာလား၊ မကြားဝံ့မနာသာတွေ ချန်ပြီး ပြောရမှာလား"..ခရစ်ဆီက ပြန်မေးရင်း ဖော်ဒကာနှစ်ခွက်နဲ့ ကော့တေး ရှော့ခွက် သုံးခွက်ထပ်မှာတယ်။ ဘားကောင်တာက လူက ပလတ်စတစ်ဂျားထဲမှာကြိုရောထားတဲ့ ကော့တေးတွေကို ခွက်ထဲကို ငှဲ့ထည့်ပေးတယ်။ အကြွေးစာရင်း မှတ်ရမှာလား..ဆိုပြီး ခရစ်ဆီကို မေးတယ်။

"နိုးနိုး..မလိုဘူး။ ငါ့သူငယ်ချင်းတွေပေးမှာ"..ခရစ်ဆီက ပြောရင်းနဲ့ ရယ်တယ်။ "ဒါနဲ့ နင့်နာမည်က ဘယ်သူလဲ"

ခရစ်ဆီ့ မေးခွန်းကို ကျွန်မ မကြားချင်ယောင် ဆောင်နေလိုက်ရင်း ဘား ကောင်တာက လူကို ဘယ်လောက်ကျသလဲလို့ အော်မေးလိုက်တယ်။ အိတ်ထဲက ၂၀ တန် တစ်ထပ်ကို ထုတ်ပြီး ခရစ်ဆီ မြင်အောင် တမင်ပြပြီးတော့မှ ကျသင့် ငွေကိုပေးလိုက်တယ်။ ဒါမှ ကျွန်မမှာ ပိုက်ဆံများများပါလာမှန်း ခရစ်ဆီသိသွားမှာ။ ငွေမက်တဲ့သူကို ငွေနဲ့ မျှားခေါ်။

"ဒီကော့တေးခွက်လေးတွေက သောက်လို့ကောင်းတယ်ဟ" ..ခရစ်ဆီက ပြောရင်း ချီးယားစ်လို့ တစ်ခွန်းအော်ပြီး ခွက်ကိုမော့ချလိုက်တယ်။ ကျွန်မနဲ့ လိုင် ဝိုက်သ်လည်း ခွက်ကိုယ်စီ ကိုင်ပြီး တစ်ငုံတည်း မော့သောက်လိုက်တယ်။ အရည် ချွဲချွဲခါးခါးက လည်ချောင်းထဲကို ရှပြီး ဆင်းသွားတယ်။ လိုင်ဝိုက်သ်က ဝူးခနဲ ထအော်တယ်။

သောက်ပြီးသွားတော့ ခရစ်ဆီက မောသွားသလို အသက်ပြင်းပြင်း တစ်ချက် ရှူတယ်။ သူ့ရင်သားနှစ်ခုကို နေရာကျအောင် ပြန်တည့်တယ်။ "အိုကေလေ။ ဘယ်ကစပြောရမလဲ။ အဲဒီတုန်းက ငါ့အသက်က ၁၁ နှစ်။ ဘန်က ၁၅ နှစ် ထင်တယ်။ ကျောင်းချိန် ပြီးရင် ဘန်ဒေးက ငါ့အနားမှာ တဝဲလည်လည် လုပ်နေ တတ်တယ်။ ငါ့ကို ကြည့်နေတတ်တယ်။ ကြည့်တာတော့ မထူးဆန်းပါဘူး။ ငါက ငယ်ငယ်ကတည်းက ချစ်ဖို့ကောင်းတာလေ။ ကြွားပြောတာမဟုတ်ဘူးနော်။ ငါ့ရုပ် ကိုက ချစ်စရာလေး ဖြစ်နေတာ။ ပြီးတော့ အိမ်ကလည်း ပိုက်ဆံချမ်းသာတယ်လေ။ အဖေ-" ..ခရစ်ဆီ့မျက်နှာက စိတ်နာသလို တစ်ချက်ပျက်သွားတာကို ကျွန်မသတိ ထားမိလိုက်တယ်။ တွန့်သွားတဲ့ သူ့နှုတ်ခမ်းအောက်မှာ သွားတစ်ချောင်း ဖျတ်ခနဲ ပေါ်လာတယ်။ "အဖေက ကိုယ့်အားကိုယ်ကိုးပြီး ချမ်းသာလာတာလေ။ ဗီဒီယိုခွေ ဖြန့်တဲ့ အလုပ်ကို အစောဆုံး စလုပ်ခဲ့တာပေါ့။ အဲဒီတုန်းက ကန်းဆက်စ်ဘက်မှာ အဖေ့ကုမ္ပဏီက အကြီးဆုံးပဲ"

"ဘယ်လို ဗီဒီယိုခွေတွေလဲ၊ ရုပ်ရှင်ကားတွေလား"

"မဟုတ်ဘူး၊ အခွေလွတ်တွေ ဖြန့်တာ။ ဗီဒီယိုကင်မရာတွေထဲမှာ ထည့် သုံးရတဲ့ အခွေတွေလေ။ မှတ်မိလား။ နင်က ငယ်သေးတော့ မမီလိုက်ဘူးထင်တယ်"

တကယ်က ဗီဒီယိုခွေခေတ်ကို ကျွန်မ မီလိုက်ပါတယ်။

"ထားပါတော့။ အဲဒီတော့ ငယ်ကလည်းငယ်၊ ရုပ်ကလည်း ချောချောလေး ဖြစ်နေတဲ့အပြင် ငါကိုယ်တိုင်ကလည်း ကျောင်းမှာ အဖော်သဟဲ မရှိဘူးလေ။ ဒီ အတိုင်း လွှတ်ထားတာမျိုး မဟုတ်ပေမယ့် အမေက ငါ့ကို သိပ်ပြီး မကြည့်ပေးနိုင်

ဘူးဟာ။ အဲဒီလို”..ဒီတစ်ခါတော့ ခရစ်ဆီ့မျက်နှာပေါ်က စိတ်နာတဲ့ အရိပ် ပိုပြီး ထင်ရှားလာတယ်။

“ဟဲ့..နေပါဦး၊ နင်က ဘာလို့ အဲဒါတွေ လာမေးနေတာလဲ”..ခရစ်ဆီက အခုမှ သတိရသွားသလို မေးတယ်။

“အဲဒီ အမှုနဲ့ ပတ်သက်ပြီး သုတေသနလုပ်နေတာပါ”

ခရစ်ဆီ့ နှုတ်ခမ်းထောင့်စွန်းနှစ်ဖက် အောက်ကိုကွေးကျသွားတယ်။

“ဩော်..မသိပါဘူး။ ငါ့အမေကများ လွှတ်လိုက်တာလားလို့။ ငါဒီမှာ လုပ်နေတာ အမေသိတယ်လေ”

ခရစ်ဆီက စကားပြောနေရင်း သူ့ရဲ့လက်သည်း ရှည်ရှည်တွေနဲ့ စားပွဲကို ခေါက်တယ်။ ကျွန်မရဲ့ လက်ချောင်းတွေ ပြတ်နေတဲ့ ဘယ်လက်ကို ခရစ်ဆီ မမြင်အောင် ခုံအောက်မှာ ဖွက်ထားလိုက်တယ်။ ခရစ်ဆီ့ရဲ့ မိသားစု အခုလို တကွဲတပြားဖြစ်နေတာနဲ့ ပတ်သက်ပြီး ကျွန်မ အနေနဲ့ တစ်ခုခု ခံစားပေးသင့်သလား။ ဘာမှ မခံစားရတာတော့ အမှန်ပဲ။ ခရစ်ဆီ ဘာဖြစ်နေနေ သူ့အမေက ဂရုစိုက်မှာမဟုတ်ဘူးဆိုတာကိုတော့ ခရစ်ဆီ့ကို ကျွန်မ ပြောမပြတော့ဘူး။ အဲဒီလောက်တော့ ကျွန်မ သိတတ်ပါသေးတယ်။

ဟိုဘက် စားပွဲမှာထိုင်နေတဲ့ လူတွေထဲက တစ်ယောက်က ကျွန်မတို့ ဝိုင်းဘက်ကို လှမ်းလှမ်းကြည့်နေတယ်။ မှုးပြီး နီရဲနေတဲ့ သူ့မျက်လုံးထဲမှာ အခိုးတွေ တထောင်းထောင်းထနေတယ်။ ဖြစ်နိုင်ရင် ခရစ်ဆီ့ကိုရော၊ သူ့ပြဿနာတွေကိုပါ အကုန်ထားခဲ့ပြီး ကျွန်မ ဒီဆိုင်ထဲကနေ ထွက်သွားချင်ပြီ။

“အိုကေ ဆက်ပြောမယ်”..ခရစ်ဆီက စကားပြန်စတယ်။ “ဘန်ဒေးက ငါ့ကို လူပြတ်ပြီဆိုတာနဲ့..ဩော် နေဦး။ အာလူးကြော်စားမလား။ ဒီမှာရောင်းတဲ့ အာလူးကြော်က တော်တော်ကောင်းတယ်”

ဘားကောင်တာနောက်ဘက် နံရံမှာ အာလူးကြော်ထုပ်တွေချိတ်ထားတယ်၊ အာလူးကြော်က တော်တော်ကောင်းတယ် ဆိုပဲ..။ ကျွန်မဆီက ရသလောက်အကုန် ညှစ်ဖို့ ကြိုးစားနေတဲ့ ခရစ်ဆီ့ကို နည်းနည်းတော့ လေးစားမိသွားတယ်။ ကျွန်မ ခေါင်းညိတ်လိုက်တော့ ခရစ်ဆီက ချက်ချင်းလှမ်းမှာတယ်။ အထုပ် လက်ထဲရောက်လာတာနဲ့ ဖောက်ပြီး တဂျွတ်ဂျွတ် နှိုက်စားတယ်။ အာလူးကြော်နံ့ နှာခေါင်းထဲဝင်လာတော့ ကျွန်မ သွားရည်နည်းနည်း ကျချင်လာတယ်။

“အိုကေ၊ ဘန်က ငါ့ကို အယုံသွင်းတယ်ဟာ။ ပြီးတာနဲ့ ငါ့ကို ဟိုကိုင်

ဒီကိုင်တွေ လုပ်တော့တာပဲ''

''ဘယ်လို အယုံသွင်းတာလဲ''

''ဒီလိုပဲပေါ့၊ ကလေးဆိုတော့ မုန့်ပေးပြီး အယုံသွင်းတာပေါ့။ ပီကေတွေ၊ သကြားလုံးတွေပေးတယ်။ ငါ့အပေါ်မှာ သဘောကောင်းချင်ယောင်ဆောင်တယ်''

''ဟိုကိုင်ဒီကိုင် လုပ်တယ်ဆိုတာက ဘယ်လိုလဲ''

''ဘန်က ကျောင်းမှာ သန့်ရှင်းရေးလည်း လုပ်တယ် မဟုတ်လား။ သူ့ရဲ့ သန့်ရှင်းရေးပစ္စည်းတွေထားတဲ့ အခန်းထဲကို ငါ့ကိုခေါ်သွားတယ်။ ဘန့်ကိုယ်လုံးက အမြဲတမ်း နံဟောင်နေတာကိုတော့ ငါမှတ်မိတယ်။ ကျောင်းဆင်းပြီ ဆိုတာနဲ့ အဲဒီ အခန်းထဲကို ငါ့ကို ခေါ်သွားတယ်။ မဟုတ်တာတွေ လုပ်ခိုင်းတယ်။ ငါ့တစ်ကိုယ်လုံး ကို ကိုင်တယ်။ ပြီးရင် စေတန်ကို ကိုးကွယ်ပါတယ်ဆိုပြီး ဂါထာတွေလားမသိဘူး ရွတ်ခိုင်းတယ်။ ငါလည်း အရမ်းကြောက်တော့ သူပြောတာ လုပ်မိတာပေါ့။ သူက ပြောသေးတယ်။ သူပြောသလို မလုပ်ရင် ငါ့မိဘတွေကိုပါ ဒုက္ခပေးမယ်တဲ့''

''ဗီရိုထဲကို ခင်ဗျားကို ဘယ်လိုခေါ်သွားတာလဲ''..လိုင်ဝိုက်သ်ကဖြတ် မေးတယ်။ ''ခင်ဗျားက ဘာလို့ လိုက်သွားတာလဲ''

ခရစ်ဆီက လိုင်ဝိုက်သ်ကို စိတ်မရှည်တဲ့ ပုံစံနဲ့ကြည့်တယ်။ ကျွန်မရဲ့ ထွက်ဆိုချက်တွေကို မယုံတဲ့အကြောင်း တစ်ယောက်ယောက်က မေးလာတဲ့အခါတွေ မှာလည်း ကျွန်မ ခရစ်ဆီ့ အကြည့်မျိုးနဲ့ ပြန်ကြည့်ခဲ့ဖူးတယ်။

''ဒီလိုပဲ ခြိမ်းခြောက်ပြီး ခေါ်သွားတာပေါ့။ အဲဒီ ဗီရိုထဲမှာလေ ဘန်က နတ်စင်လိုလိုဘာလိုလို လုပ်ထားတာရှိတယ်။ လက်ဝါးကပ်တိုင်ကို ပြောင်းပြန် စိုက် ထားတာ။ ပြီးတော့ သူသတ်ပြီးယူလာတဲ့ အကောင်ပလောင်တွေရဲ့ အလောင်းတွေ လည်း စင်ပေါ်မှာ တင်ထားသေးတယ် ထင်တယ်။ သေချာတော့ မမှတ်မိတော့ဘူး။ ယဇ်ပူဇော်တာ နေမှာပေါ့။ ငါ့ကိုလည်း နောက်ပိုင်းကျရင် ယဇ်ပူဇော်တဲ့ အထဲ ထည့် ပစ်တော့မှာ သေချာတယ်။ ဒါပေမယ့် သူ့မိသားစုကို အရင်သတ်လိုက်တော့ ငါ့ အလှည့် ရောက်မလာတော့ဘူး။ ငါထင်တာကတော့ သူ့မိသားစု တစ်ခုလုံးကလည်း အဲဒီလို နတ်ဆိုးကိုးကွယ်တဲ့သူတွေပဲ ဖြစ်မှာပဲ''..ခရစ်ဆီက သူ့နှုတ်ခမ်းနီပေါ်မှာ ပေနေတဲ့ အာလူးကြော် အစအနတွေကို လျှာနဲ့သပ်တယ်။

''ကျွန်မကတော့ မထင်ဘူး''..ကျွန်မ ခပ်တိုးတိုး ပြောလိုက်တယ်။

''ဟဲ့၊ နင်က ဘယ်လို သိနိုင်မှာလဲ''..ခရစ်ဆီက အော်တယ်။ ''ငါက ကိုယ်တိုင်ကြုံခဲ့ရတာ။ နားလည်လား''

ကျွန်မကို ခရစ်ဆီ မှတ်မိသွားမလားဆိုပြီး ကျွန်မ စောင့်ကြည့်နေသေးတယ်၊ ကျွန်မ မျက်နှာကို သေချာကြည့်လေ၊ ဘန်နဲ့ မတူဘူးလား..။ ကျွန်မရဲ့ နဖူးစပ်က ဆံပင်နီနီ အစအနတွေကို သူ သတိမထားမိဘူးလား။

"ဟုတ်ပြီလေ၊ ဒါဆို အစ်မကို ဘန်က မဖွယ်မရာတွေလုပ်တယ်ပဲထားပါတော့၊ ဘယ်နှခါလောက် လုပ်ခဲ့သလဲ"

"အို..မရေမတွက်နိုင်အောင်ဘဲ" ..ခရစ်ဆီက ခေါင်းကို လေးလေးပင်ပင် ညိတ်ပြရင်း ဖြေတယ်။

"ဘန် ခင်ဗျားကို အဲဒီလိုလုပ်တဲ့ အကြောင်း ခင်ဗျား အဖေသိသွားတော့ ဘယ်လိုဖြစ်သွားသလဲ" ..လိုင်ဝိုက်သ်ကမေးတယ်။

"အောင်မလေး၊ အဖေက ငါ့ကို အရမ်းချစ်တာ။ အဲဒီ အကြောင်းကို သိလည်း သိရော မိုးမီးလောင်တော့တာပေါ့။ အဲဒီ..လူသတ်မှုဖြစ်တဲ့ ညမတိုင်ခင်မှာပဲလေ။ အဖေက ဘန်ဒေးကို တွေ့တာနဲ့ သတ်မယ်ဆိုပြီး မြို့တစ်မြို့လုံးအနှံ့ပတ်ရှာတာ။ ဘန့်ကိုများ တွေ့သွားရင် တကယ်သတ်ပစ်မှာသေချာတယ်။ စဉ်းစားကြည့်ရင် စိတ်မကောင်းစရာပဲနော်။ အဖေသာ သူ့ကို သတ်ပစ်လိုက်ရင် သူ့မိသားစု အခုထိ အသက်ရှင်နေဦးမှာနော်"

ခရစ်ဆီ့ စကားကြောင့် ကျွန်မစိတ်ထဲ ထောင်းခနဲ ဖြစ်သွားတယ်။

"ဘန့်မိသားစု ဟုတ်လား။ အစ်မပြောတော့ ဘန့်မိသားစုကလည်း ဘန့်လိုပဲ နတ်ဆိုးကိုးကွယ်တဲ့ အရူးတွေဆို"

"ဩော်..အဲဒါကတော့ ပိုပိုသာသာ ပြောလိုက်တာပါ" ..ခရစ်ဆီက သူ့ခေါင်းကို ဘေးကို စောင်းပြီး ပြောတယ်။ စိတ်ဆိုးနေတဲ့ ကလေးကို ပြန်ချော့တဲ့မိဘတွေရဲ့ အမူအရာမျိုး။ "ဘန့်မိသားစုက အေးအေးဆေးဆေးနေတတ်တဲ့သူတွေလည်း ဖြစ်ရင်ဖြစ်နေမှာပါ။ ဒီလိုပဲ စဉ်းစားမိတာပါ..ဘန့်ကိုသာ အဖေတွေ့သွားခဲ့ရင် ဘာဆက်ဖြစ်မလဲပေါ့.."

နင့်အဖေက ဘန့်ကိုမတွေ့ဘဲ ဘန့် မိသားစု.. ငါတို့ကိုပဲ တွေ့သွားခဲ့တယ်ဆိုရင်ရော။ ငါတို့ကိုသာမက ငါတို့အိမ်ထဲက သေနတ်ကိုလည်း တွေ့တယ်။ ငါတို့အိမ်ထဲက ပုဆိန်ကိုလည်း တွေ့တယ်။ ပြီးတော့မှ နင့်အဖေက အဲဒီလက်နက်တွေနဲ့ ငါ့မိသားစုကို သတ်ပစ်လိုက်တယ်ဆိုရင်ရော။

"အဲဒီ လူသတ်မှုဖြစ်တဲ့ညက ခင်ဗျား အဖေ ဘန်ဒေးကို လိုက်ရှာနေတယ်လို့ ခင်ဗျားပြောတယ်နော်။ အဲဒီညက ခင်ဗျားအဖေ အိမ်ပြန်ရောက်လာသလား"..

လိုင်ဝိုက်သ်က ဝင်မေးတယ်။

ခရစ်ဆီက ကျွန်မကို မျက်ခုံးပင့်ပြီး ကြည့်တယ်။ လိုင်ဝိုက်သ်ရဲ့စကားကို ကျွန်မ ဖြည့်ပြောပေးလိုက်တယ်။ "ဟို..သူပြောချင်တာက အဲဒီညမှာအစ်မအဖေနဲ့ ဘန် ဒါမှမဟုတ် ဘန့်မိသားစုထဲက လူတွေနဲ့ မတွေ့လိုက်ဘူးဆိုတာ တကယ်လား။ အစ်မ ဘယ်လိုလုပ် သိသလဲ"

"ဒီလိုပဲသိတာပေါ့။ အဖေက ငါ့ကို အရမ်းချစ်တာ။ ငါအဲဒီလိုစော်ကားခံလိုက်ရတယ်ဆိုတာသိတော့ သူအရမ်းစိတ်ဆိုးနေတာ။ ဘန်ဒေးကို သူတွေ့မသွားတာ သေချာတယ်။ တွေ့လို့ကတော့ အသေသတ်ပစ်မှာ"

"ခင်ဗျား အဖေက ဒီမြို့မှာနေတာလား"..လိုင်ဝိုက်သ်ရဲ့ မေးခွန်းတွေက ခရစ်ဆီ့ မနေတတ် မထိုင်တတ်ဖြစ်လောက်အောင် အလောတကြီး ဖြစ်နေတယ်။

"ဟို..ငါနဲ့ အဖေ မတွေ့ဖြစ်တာ ကြာလှပြီ"..ခရစ်ဆီက မပြေချင့်ပြေချင် ပြန်ဖြေရင်း ကလပ်ထဲကို ဝေ့ကြည့်တယ်။ နောက်ထပ် အချဉ်တစ်ကောင်များ တွေ့မလားဆိုပြီး ရှာနေပြီ။ "အဖေကလည်း အဲဒီကိစ္စတွေ ပြီးကတည်းက ငါတို့နဲ့မနေတော့ဘူး။ အဲဒီစိတ်ဒဏ်ရာတွေကို သူမခံနိုင်ဘူးထင်တယ်"

"ခင်ဗျားတို့ မိသားစုက ခင်ဗျားကိစ္စနဲ့ ပတ်သက်ပြီး ကျောင်းကိုတရားစွဲသေးတယ် မဟုတ်လား"..လိုင်ဝိုက်သ်က လောဘတက်လာတဲ့ ပုံစံနဲ့ ရှေ့ကိုကိုင်းပြီး မေးတယ်။ ကျွန်မ ထိုင်ခုံကို နေရာရွှေ့လိုက်ပြီး လိုင်ဝိုက်သ်ကို ရှေ့ကနေ ကာထားဖို့ ကြိုးစားတယ်။ *တော်ပြီလေ..စွတ်မေးမနေနဲ့။ လန့်ပြီး ထွက်ပြေးသွားမယ်။*

"စွဲတာပေါ့။ ဘန့်လို နှာဘူးကို အလုပ်ခန့်ထားတဲ့ ကျောင်း..တရားစွဲခံရတာ နည်းတောင်နည်းသေးတယ်။ သူတို့ကျောင်းသူကို သူတို့ ကာကွယ်မပေးနိုင်ဘူးလေ။ ငါက မိကောင်းဖခင် သားသမီးဟဲ့ သိလား.."

လိုင်ဝိုက်သ်က ခရစ်ဆီ့စကားကို ဆုံးအောင် နားမထောင်ဘဲ ဖြတ်ပြောပြန်တယ်။ "နေဦးဗျ။ ခင်ဗျားတို့ကို ကျောင်းက လျော်ကြေး အများကြီး ပေးလိုက်တယ် မဟုတ်လား။ ဒါဆို ခင်ဗျား အခု ဘာလို့ ဒီမှာ အလုပ်လုပ်နေတာလဲ"..ဟိုဘက် စားပွဲကလူက သူ့ခုံကို ကျွန်မတို့ဘက်ကို လုံးဝလှည့်ပြီး ထိုင်ကြည့်နေပြီ။

"မဆိုင်ပါဘူး။ ငါ့မိသားစုက နောက်ပိုင်းမှာ စီးပွားရေး သိပ် အဆင်မပြေတော့လို့ပါ။ လျော်ကြေးရတဲ့ ပိုက်ဆံတွေက ကုန်သွားတာ ကြာပေါ့။ ပြီးတော့ဒီမှာ အလုပ်လုပ်တယ် ဆိုတာလည်း ထင်သလောက် မဆိုးပါဘူး။ လူတွေကတော့ ဒီလို ကလပ်မျိုးမှာ အလုပ်လုပ်တယ်ဆိုရင် အထင်သေးချင်ကြတယ်လေ။ ဒါပေမယ့်

တကယ်တမ်းက ပျော်ဖို့ကောင်းပါတယ်။ လူတွေကို ပျော်အောင်ဖျော်ဖြေရတာလည်း ဂုဏ်တစ်မျိုးပဲ မဟုတ်လား။ ပြီးတော့ ငါက အပျက်မလည်း မဟုတ်ဘူး''

ကျွန်မ စိတ်မထိန်းနိုင်ဘဲ မျက်မှောင်ကြုတ်မိသွားတယ်။ ထရပ်ကားပန်းခြံ ရှိရာ ဘက်ကို မျက်လုံးက အလိုလိုရောက်သွားတယ်။

''ဟဲ့··အဲဒါ နင်တို့ အထင်လွဲနေတာ''··ခရစ်ဆီက ရယ်တယ်။ ''ဒီည အတွက် လိုတာလေး နည်းနည်းရှိလို့ ငါ ပန်းခြံထဲ ခဏသွားတာပါ။ အဲဒီဘက်မှာ အလုပ်ဆင်းနေတာ မဟုတ်ပါဘူးဟဲ့။ အောင်မလေးဟယ် အဲဒီလို ထင်စရာလား။ အဲဒီဘက်မှာ လုပ်တဲ့ ကောင်မလေးတစ်ယောက်တော့ ရှိတယ်။ သူက ၁၆ နှစ်ပဲ ရှိသေးတာ။ သူ့အမေနဲ့ သူနဲ့ အတူတူ လုပ်ကြတာလေ။ ကောင်မလေး နာမည်က ကော်လင်းန်··တဲ့။ ငါလည်းလေ သူ့ကို ကြုံရင်ကြုံသလို စောင့်ရှောက်ပေးပါတယ်။ ကလေးသူငယ် စောင့်ရှောက်ရေးအဖွဲ့တွေ ဘာတွေကို ဆက်သွယ်ရမလားလို့တောင် စဉ်းစားမိသေးတယ်။ ဟုတ်တယ်မဟုတ်လား··ဒီလိုကိစ္စမျိုးဆိုရင် အဲဒီအဖွဲ့ကိုဆက် သွယ်ရတာလား··''

''ခင်ဗျားအဖေရဲ့ လိပ်စာ ပေးလို့မရဘူးလား''··လိုင်ဝိုက်သ်ကမေးတယ်။

ခရစ်ဆီက မတ်တတ် ထရပ်တယ်။ ''ငါနဲ့ အဆက်အသွယ်မရှိတော့ပါဘူး ဆိုတာ နင့်ကို ပြောပြပြီးပြီလေ''

လိုင်ဝိုက်သ်က တစ်ခုခု ထပ်ပြောမလို့ ပြင်တယ်။ ကျွန်မ သူ့ရင်ဘတ်ကို လက်ညှိုးနဲ့ ဇတ်ခနဲ ထောက်လိုက်တယ်။ *ရှင့်ပါးစပ် ပိတ်ထားစမ်း*··ဆိုပြီး တိုးတိုး ပြောလိုက်တယ်။ လိုင်ဝိုက်သ် ပါးစပ် ပြန်ပိတ်သွားတယ်။ စင်ပေါ်ကကောင်မလေး ဆီကို သူ့မျက်လုံးက ပြန်ရောက်သွားတယ်။ ကောင်မလေးက စတိတ်စင်ကြမ်းပြင်မှာ မှောက်ပြီး ကြမ်းပြင်ကို ဗိုက်နဲ့ပွတ်နေတယ်။

ခရစ်ဆီက တခြား တစ်ယောက်နဲ့ သွားတွေ့စရာရှိလို့ သွားတော့မယ်တဲ့။ အရက်ဖိုးတွေ ရှင်းမလို့ ကျွန်မ ပိုက်ဆံ ထုတ်ရေနေတုန်း ခရစ်ဆီက သူ့ကိုဒေါ်လာ ၂၀ လောက် ချေးဖို့ပြောတယ်။

''ကော်လင်းန်ဆိုတဲ့ ကောင်မလေးကို ညစာကျွေးချင်လို့ပါ''··ခရစ်ဆီက ပြောရင်း ဒေါ်လာ ၂၀ ကနေ ၅၀ ပြောင်းချေးတယ်။ ''ငါ့ချက်လက်မှတ်က မထုတ်ရသေးလို့ပါ။ ခဏပဲယူမှာ။ ပြန်ပေးမယ်လေ··နော်''။ ကျွန်မရဲ့အိမ်လိပ်စာ ရေးခဲ့ပေးပါတဲ့။ စာတိုက်ကနေ ချက်လက်မှတ် ပြန်ထည့်ပေးလိုက်ပါ့မယ်တဲ့။

လိုင်ဝိုက်သ်ဆီက ပြန်တောင်းရန်အကြွေး ၅၀··ဆိုပြီး ကျွန်မစိတ်ထဲမှာ

မှတ်လိုက်တယ်။ ဒေါ်လာ ၅၀ ထုတ်ရေပြီး ခရစ်ဆီကို လှမ်းပေးလိုက်တယ်။ ခရစ်ဆီက ပိုက်ဆံကို ပြည့်မပြည့် သေချာ ရေနေသေးတယ်။ ပြီးတော့မှ သူ့ရဲ့လက်ကိုင်အိတ် အကြီးကြီးကို ဖွင့်တယ်။ အိတ်ထဲကနေ ကလေးသောက်ရေခွက်တစ်ခွက် ထွက်ကျလာပြီး ကြမ်းပြင်ပေါ်မှာ လိမ့်နေတယ်။

"ထားလိုက်"..ခွက်ကို ကောက်ပေးမလို့ ကျွန်မ ကုန်းလိုက်တော့ ခရစ်ဆီက လှမ်းတားတာနဲ့ ကျွန်မလည်း မကောက်တော့ဘဲ ပြန်မတ်လိုက်တယ်။

ဘားကောင်တာကနေ စာရွက်တစ်ရွက်ယူလိုက်တယ်။ ကျွန်မရဲ့ လိပ်စာနဲ့ နာမည်ကို ချရေးပြီး ကောင်တာပေါ်မှာ ထားခဲ့လိုက်တယ်။

လစ်ဘီဒေး။ ငါ့နာမည် လစ်ဘီဒေး။ နင်ငါ့ကို မမှတ်မိဘူး မဟုတ်လား။ ခရစ်ဆီကိတ်..ဆိုတဲ့ လူလိမ်မ.. အပျက်မ။

+++

## ပက်တီဒေး

**၁၉၈၅၊ ဇန်နဝါရီ (၂) ရက်**

**နေ့လယ် ၁ နာရီ ၅၀ မိနစ်**

ဒိုင်ယန်းနဲ့ ကားအတူတူ စီးဖူးတဲ့ အချိန်တွေကို တန်းစီ ချပေါင်းလိုက်ရင် ဘယ်နှနာရီလောက်များရှိမလဲ··ပက်တီတွေးမိတယ်။ နာရီ ၁၀၀၀ လောက်များ ရှိမလား။ နာရီ ၂၀၀၀ လား။ အဲဒီ နာရီတွေ အကုန်ပေါင်းလိုက်ရင် အချိန် နှစ်နှစ် စာလောက် ရှိသွားမလား။ မွေ့ယာ ကြော်ငြာ တစ်ခုမှာ ဖတ်ဖူးတာရှိတယ်။ *'သင့် ဘဝရဲ့ သုံးပုံတစ်ပုံဟာ အိပ်နေရင်းနဲ့ ကုန်ဆုံးသွားတာပဲ။ ဒါကြောင့် သင့်အနေနဲ့ မွေ့ရာကောင်းကောင်းတစ်ခုတော့ဝယ်ထားသင့်တယ်'* တဲ့။ လူတစ်ယောက်ရဲ့ဘဝမှာ တန်းစီစောင့်ရတဲ့ အချိန်တွေ အကုန်ပေါင်းလိုက်ရင် ၈ နှစ်စာလောက် ရှိတယ်တဲ့။ ရှူးပေါက်နေတဲ့ အချိန်က ၆ နှစ်လောက် ရှိတယ်ဆိုပဲ။ အဲဒီလိုတွက်ကြည့်လိုက် တော့ ဘဝက စိတ်ပျက်စရာကြီး။ ဆေးခန်းမှာ ထိုင်စောင့်ရတဲ့ အချိန်တွေကိုပေါင်း လိုက်ရင်လည်း နှစ်နှစ်စာလောက်ရှိသတဲ့။ ဒါပေမယ့် မနက်စာစားရင်း အားရပါးရ ရယ်နေတဲ့ ဒက်ဘီ့ကို မြင်ခဲ့ရတဲ့အချိန်က ဘယ်လောက်ရှိမလဲ။ အကုန် ပေါင်းလိုက်မှ သုံးနာရီလောက်ပဲလား။ ပက်တီ့ သမီးတွေ ကိုယ်တိုင်လုပ်ပေးတဲ့ ပန်ကိတ်ပျော့ပျော့ တွေကို စားရတဲ့ အချိန်ဆိုရင် နှစ်ပတ်လောက်ပဲရှိမယ်။ ဘန် ဘော့စ်ဘောဦးထုပ်ကို ဆောင်းလိုက်တဲ့အခါ သူ့အဘိုးနဲ့ တူလွန်းလို့ ပက်တီ အံ့အားသင့်ပြီး ငေးကြည့်မိ ခဲ့တဲ့ အချိန်တွေ ဆိုရင် ပိုတောင် နည်းသွားပြီ။ တစ်နာရီတောင် ပြည့်ပါ့မလား မသိ။ မြင်းချေးကျုံးနေခဲ့တဲ့ အချိန်က ၆ နှစ်။ အကြွေးရှင်တွေ ရှာမတွေ့အောင် ပုန်းနေ ရတဲ့အချိန် ၃ နှစ်။ ပက်တီ့ရဲ့ လိင်ကိစ္စတွေကရော ပေါင်းလိုက်ရင် ဘယ်လောက် ရှိမလဲ။ တစ်လလား။ ပက်တီကိုယ်တိုင် သာယာမိတဲ့ အခေါက်တွေကိုပဲထည့်တွက် မယ်ဆိုရင်တော့ တစ်ရက်တောင်မပြည့်လောက်ဘူး။ ပက်တီ့ဘဝမှာ တူတူအိပ်ဖူးတဲ့

ယောက်ျား သုံးယောက် ရှိတယ်။ ကျောင်းပြီးခါစတုန်းက တွဲခဲ့တဲ့ ရည်းစားဦး။ ပြီးတော့ အဲဒီရည်းစားဆီကနေ ပက်တီ့ကိုလုသွားပြီး ကလေး ၄ ယောက်ရမှ ပြန်ထားသွားခဲ့တဲ့ ရန်နာဒေး။ ပြီးတော့ ရန်နာဒေး ပက်တီ့ကို ထားခဲ့ပြီးတော့မှ ထပ်တွေ့ဖြစ်တဲ့ အမျိုးသားတစ်ယောက်။ သူနဲ့ကတော့ သုံးခေါက်လောက်ပဲ အိပ်ဖူးပါတယ်။ ဒါလည်း အိမ်မှာက ကလေးတွေ အမြဲရှိနေတော့ ဘယ်လိုမှ အဆင်မပြေဘူး။ အဲဒီအမျိုးသား လာပြီဆိုရင် ဘန်က မကျေမနပ် မျက်နှာနဲ့ ဧည့်ခန်းမှာ ထိုင်စောင့်နေတတ်တယ်။ အိပ်ခန်းထဲက ထွက်လာတဲ့ အချိန်မှာ မျက်ထောင့်နီနဲ့ကြည့်ပြမယ်ဆိုပြီး စောင့်နေတာလေ။ လစ်ဘီတို့ ညီအစ်မ သုံးယောက်ကလည်း အမှေ့နားပဲ တဝဲလည်လည် လုပ်နေတတ်တော့ ပိုခက်တယ်။ နောက်ပိုင်းကျတော့ ပက်တီလည်း အဲဒီလူနဲ့ လမ်းခွဲလိုက်ပါတယ်။ လစ်ဘီ ကျောင်းပြီးတော့မှပဲ ပက်တီလည်း ယောက်ျားကိစ္စ ပြန်စဉ်းစားနိုင်တော့မယ်။ အဲဒီအချိန်လောက်ဆိုရင် ပက်တီ့ အသက်က ၄၃ နှစ်။ ၄၀ ကျော်မှ ဘဝကစတယ်တဲ့..။ အမျိုးသမီးတွေက ၄၀ ကျော်ရင် လင်စိတ်သားစိတ် ပိုပြင်းလာတယ်ဆိုပဲ။ မဟုတ်လောက်ပါဘူး။ ၄၀ ကျော်ရင် သွေးဆုံးတတ်တာပဲ ပက်တီ သိတယ်။

"ဟဲ့၊ ငါတို့ ဘန့်ကျောင်းကို အရင်သွားမှာလား"..ဒိုင်ယန်းမေးလိုက်တဲ့ အသံကြောင့် ပက်တီ တွေးငေး နေရာကနေ သတိပြန်ဝင်လာတယ်။ လက်ရှိအခြေအနေဆိုးကြီးကို ပြန်သတိရသွားတယ်။ ဘန့်ကို လိုက်ရှာပြီး ဘာဆက်လုပ်ရမှာလဲ။ အခြေအနေတွေ အေးချမ်းသွားတဲ့အထိ ဘန့်ကို ဖွက်ထားရမလား။ ဟိုကောင်မလေး အိမ်ကို ဘန့်ကို ခေါ်သွားပြီး တောင်းပန်ခိုင်းရမလား။ ရုပ်ရှင်တွေထဲမှာတော့ ကိုယ့်သားသမီးက စတိုးဆိုင်ကနေ ပစ္စည်း တစ်ခုခု ခိုးလာရင် အမေဖြစ်တဲ့သူက သားကို ကုပ်ကနေ ဆွဲပြီး ဆိုင်ကိုပြန်ခေါ်သွား၊ ပြန်တောင်းပန်ခိုင်းတာပဲ။ ဘန်ကိုယ်တိုင်ကလည်း စတိုးဆိုင်တွေဘာတွေကနေ ပစ္စည်းတွေ အလစ်သုတ်ဖူးမှန်း ပက်တီရိပ်မိပါတယ်။ ဘန့် အခန်းမှာ သော့ခလောက် မတပ်ခင်တုန်းက ပက်တီ ဝင်မွှေဖူးတယ်။ ဘန့် ပစ္စည်းမဟုတ်တဲ့ အတိုအစ ပိစိကွစိတွေ အခန်းထဲမှာ တွေ့တယ်။ အိတ်ထဲထည့်သယ်လာလို့ ရလောက်တဲ့ ပစ္စည်းလေးတွေပါ။ ဖယောင်းတိုင်တွေ၊ ဘက်ထရီတွေ၊ စစ်သားရုပ်တွေ။ အဲဒီလို တွေ့တော့လည်း ပက်တီ ဘန့်ကို ဘာမှမပြောခဲ့ဘူး။ တကယ် စဉ်းစားကြည့်ရင် ပက်တီဟာ တော်တော်ဆိုးတဲ့ အမေပါလား။ ပက်တီက ပြဿနာတစ်ခုခုကြုံရင် ရှောင်ပြေးချင်တဲ့ စိတ်ပဲရှိနေတယ်လေ။ ပြီးတော့ ဘန့်မှာ ဘာမှကို...မရှိရှာဘူး။ ပက်တီလည်း ဝယ်မပေးနိုင်ဘူး။ ဒီတော့ သူ့အခန်းထဲက

ပစ္စည်းတွေက သူ့ သူငယ်ချင်းတွေ လက်ဆောင်ပေးထားတာလို့ပဲ ပက်တီယုံကြည်ချင်တယ်။ ယူပါစေ၊ ခိုးပါစေ။ ထားလိုက်ပါဆိုပြီး ပက်တီ မသိချင်ယောင်ဆောင်ခဲ့တာပဲ။

"ဟင့်အင်း ဒီနေ့ ဘန် ကျောင်းမသွားလောက်ဘူး။ ဘန်က ကျောင်းမှာ တနင်္ဂနွေနေ့တွေပဲ အလုပ်လုပ်တာ"

"ဒါဆို ဘယ်သွားမလဲ"

ကားက မီးပွိုင့် မိသွားတယ်။ လမ်းက တည့်တည့်ဆက်သွားလို့ မရတော့ဘူး။ ကော်လိုရာဒိုမှာ နေတဲ့ သူဌေးမိသားစုတစ်စုပိုင်တဲ့ မြက်ကွင်း အကျယ်ကြီးက ရှေ့တည့်တည့်မှာ ပိတ်နေတယ်။ ညာဘက်ကွေ့ရင် ကင်နက်ကီ မြို့ထဲပိုင်းကိုရောက်မယ်။ ကျောင်းက အဲဒီဘက်မှာ။ ဘယ်ဘက်ကိုကွေ့ရင် လယ်ကွင်းတွေချည်းပဲရှိတဲ့ ဘက်ကိုရောက်မယ်။ ဘန့် သူငယ်ချင်းနှစ်ယောက်က အဲဒီဘက်မှာ နေတာ။ အဲဒီ သူငယ်ချင်း နှစ်ယောက်ကလည်း ဘန့်လောက်နီးနီးကို စကားနည်းတယ်။ အရှက်အကြောက်ကြီးတယ်။ ဘန့်ဆီကို ဖုန်းဆက်လို့ ပက်တီဖုန်းကိုင်မိတဲ့အခါတွေဆိုရင် ဘန့်ကိုခေါ်ပေးပါခင်ဗျ..လို့တောင် မပြောရဲဘဲ ဖုန်းချတတ်တဲ့ ကောင်လေးတွေ။

"ဘယ်ဘက်ကို ကွေ့လိုက်။ မူဝဲလ်လာမိသားစုအိမ်ဘက်ကို သွားမယ်"

"ဘန်ဒေးက အဲဒီ ညီအစ်ကိုတွေနဲ့ ပေါင်းနေတုန်းပဲလား။ ကောင်းတယ်၊ ကောင်းတယ်။ အဲဒီ ညီအစ်ကိုနှစ်ယောက်က တော်တော်ရိုးတာ"

"ဘာလဲ၊ ဘန်ကျတော့ မရိုးဘူးလို့ အစ်မက ပြောချင်တာလား"

ဒိုင်ယန်းက သက်ပြင်းချတယ်။ ကားကို ဘယ်ဘက်ကွေ့တယ်။

"မဆိုင်တာတွေ စိတ်တိုမနေနဲ့။ ငါနင့်ဘက်မှာ ရှိတယ်နော် ပက်တီ"

ဒိုင်ယန်း ပြောတာ မှားတော့ မမှားပါဘူး။ မူဝဲလ်လာ ညီအစ်ကိုတွေက တကယ်ကို ရိုးတဲ့ လယ်သမားသား စစ်စစ်တွေ။ မွေးကတည်းက အခုထိ ဟောလီဝင်းဆိုရင် လယ်သမား ဝတ်စုံဝတ်ပြီး အပြင် ထွက်လည်တယ်။ သူတို့ရဲ့ မိဘတွေက သူ့သားနှစ်ယောက်ကို ထရပ်ကားကြီးပေါ်မှာတင်ပြီး *ဘူးဟာ့ဒ်* လမ်းမပေါ်မှာချပေးခဲ့တယ်။ ကောင်လေးနှစ်ယောက်က ခြင်းတောင်းတစ်တောင်းနဲ့ တစ်အိမ်ဝင်တစ်အိမ်ထွက် သကြားလုံးတွေ လိုက်တောင်းတယ်။ ငယ်ကတည်းက အဲဒီလိုလုပ်လာတာ အခုထိ မပြောင်းလဲဘူး။ မူဝဲလ်လာ ညီအစ်ကိုတွေက စကားပြောရင်လည်း ဂျုံတွေ၊ ပဲတွေနဲ့ ရာသီဥတုအကြောင်းတွေပဲ ပြောတယ်။ တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းသွားတယ်။ ဘုရားရှိခိုးရင်လည်း လယ်ကွင်းနဲ့ပတ်သက်တာပဲ ဆုတောင်းမှာသေချာ

တယ်။ ဒီလယ်ကွင်းထဲမှာပဲ ကြီးပြင်းလာပြီး ဒီလယ်ကွင်းတွေထဲမှာပဲ ခေါင်းချကြမယ့် လယ်သမားစစ်စစ်တွေ။ ရိုးတယ်။ သိပ်ထွေထွေထူးထူး မစဉ်းစားဘူး။

"ဟုတ်ပါတယ်··ဆောရီးအစ်မ"··ပက်တီက ဒိုင်ယန်းရဲ့ လက်ကိုလှမ်းကိုင်မလို့ အလုပ်မှာ ဒိုင်ယန်း ကားဂီယာထိုးလိုက်တော့ မကိုင်ဖြစ်တော့ဘဲလက်ကို ပေါင်ပေါ်ပြန်တင်ထားလိုက်တယ်။

"ဟဲ့ ဘယ်လို မောင်းနေတာလဲ သေနာ"··ဒိုင်ယန်းက ရှေ့ကကားကို လှမ်းဆဲတယ်။ ရှေ့ကကားက ဒိုင်ယန်းကို ပေးမကျော်ဘဲ ပိတ်ပြီး မောင်းနေတယ်။ ဒိုင်ယန်းက ကားကို ဘယ်ဘက်ကိုဆွဲချပြီး ဟွန်းအကျယ်ကြီးတီး၊ ရှေ့ကကားကို ကျော်တက်လိုက်တယ်။ ရှေ့ကားပေါ်ကလူတွေက ပက်တီတို့ကား ကျော်တက်သွားတော့ လှမ်းကြည့်ကြတယ်။ ပက်တီ သူတို့ကို ပြန်မကြည့်ရဲဘဲ ရှေ့ကိုပဲတည့်တည့်ကြီး စိုက်ကြည့်နေလိုက်တယ်။ ကားမောင်းနေတဲ့ သူက ပက်တီ့ကို သေချာကြည့်နေတာများလား။ ဟုတ်မှာပဲ။ သူတို့လည်း ဘန့်သတင်းကို ကြားပြီးပြီ နေမှာပေါ့။ ဒါကြောင့်မို့လို့ ပက်တီ့ကို မှတ်မိသွားပြီး စိုက်ကြည့်နေတာ နေမယ်။ *ဟိုမှာလေ·· အဲဒီမိန်းမရဲ့ သားပေါ့*··ဆိုပြီး ပြောနေကြမယ် ထင်တယ်။ ဒိုင်ယန်းဆီကိုတောင် သတင်းရောက်သွားပြီ ဆိုရင် တစ်မြို့လုံးလည်း သိနေလောက်ပြီ။ ဖုန်းတွေ ရာနဲ့ချီပြီး ကလင်ကလင်မြည်၊ ကောလာဟလတွေကို ဟိုဘက်ဒီဘက် ဖြန့်ဝေနေကြပြီ။ အိမ်မှာ ကျန်ခဲ့တဲ့ ကလေးသုံးယောက်ကို ပက်တီ သတိရသွားတယ်။ ကလေးတွေကတော့ တီဗွီရှေ့မှာ ထိုင်ပြီး ကာတွန်းကြည့်နေကြမှာပဲ။ ဖုန်းလာရင် ကိုင်လိုက်ပါလို့ ပက်တီကတော့ ကလေးတွေကို မှာခဲ့တာပဲ။ ထကိုင်ကြမယ် မထင်ဘူး။ မနက်ကပြဿနာ ဖြစ်ပြီးကတည်းက ကလေးတွေခမျာ ကြောက်သလိုလို လန့်သလိုလို ဖြစ်နေကြတာ။ အခုနေများ ပက်တီ့အိမ်ထဲကို တစ်ယောက်ယောက် ရောက်လာရင်··။

"အိမ်မှာ တစ်ယောက်နေခဲ့ရင် အကောင်းသားနော်။ ကလေးတွေကိုစောင့်ပေးလို့ ရတာပေါ့"··ပက်တီ စိတ်ပူသွားပြီး ပြောလိုက်တယ်။

"ဒီလိုပြဿနာတွေဖြစ်နေတဲ့အချိန် နင်တစ်ယောက်တည်း အပြင်သွားဖို့ မစဉ်းစားနဲ့ ပက်တီ။ ငါ့ကိုသွားခိုင်းရင်လည်း ငါဘယ်သွားရမှန်း မသိဘူးလေ။ ဒီလိုပဲ ထားခဲ့ရမှာပဲ။ မိုက်ကလူကြီးဖြစ်နေပြီ။ သူထိန်းတတ်တယ်။ ငါဆိုရင် သူ့အရွယ် မရောက်ခင်ကတည်းက နင့်ကို ထိန်းတတ်နေပြီ"

ဒါပေမယ့် ပက်တီတို့ခေတ်နဲ့ အခုခေတ် တူမှမတူတာ။ ဟိုးအရင်ကတော့ လူကြီးတွေအပြင်သွားရင် ကလေးတွေကို အိမ်မှာ ဒီအတိုင်းထားခဲ့တာပဲ။ ဘာမှဖြစ်

စရာလည်းမရှိဘူး။ ဖြစ်လည်းမဖြစ်ခဲ့ဘူးလေ။ အခုခေတ်မှာ ကောင်မလေးငယ်ငယ်လေးတွေ စက်ဘီးစီးရင်တောင် တစ်ယောက်တည်း မစီးသင့်တော့ဘူး။ လူသုံးလေးယောက်မပါဘဲ ဘယ်မှ မသွားသင့်ဘူး။ တစ်ခါတုန်းက ဒိုင်ယန်းအသိတစ်ယောက်လုပ်တဲ့ ပါတီပွဲကို ပက်တီသွားတယ်။ ပါတီဆိုပေမယ့် ကလေးအမေတွေ၊ အပျိုကြီးတွေစုပြီး ပန်းကန်တွေ ခွက်တွေ လဲကြ ဖလှယ်ကြ၊ စကားပြောကြတဲ့ ပါတီမျိုးပါ။ အဲဒီပါတီမှာ ပန်းကန်တွေ အပြင် အမျိုးသမီးလုံခြုံရေးပစ္စည်းတွေပါ ရောင်းနေတာတွေ့လိုက်ရတယ်။ မုဒိမ်းအကျင့်ခံရရင် မှတ်ဖို့ အရေးပေါ်ဝီစီတွေ ၊ ရန်ပြုလာတဲ့သူရဲ့မျက်လုံးကို ဖျန်းပစ်ဖို့ ငရုတ်ကောင်းစပရေးဘူးတွေ။ ပက်တီက အဲဒီပစ္စည်းတွေကိုကိုင်ကြည့်ရင်း ဟာသလုပ်ပြီးပြောမိတယ်။ ဘယ်အရူးက ကင်နက်ကီမြို့အထိ ကားမောင်းလာပြီး မိန်းကလေးတွေကို အဲဒီလိုလုပ်မှာလဲပေါ့။ ပက်တီ့ဘေးမှာထိုင်နေတဲ့ အမျိုးသမီးတစ်ယောက်က သူ့လက်ထဲက ငရုတ်ကောင်းစပရေးဘူးအသစ်စက်စက်ကို ထောင်ပြရင်း 'ကျွန်မအသိတစ်ယောက်လည်း အဲဒီလိုပြောနေရင်းနဲ့ သိပ်မကြာဘူး မုဒိမ်းကျင့်ခံလိုက်ရတယ်'တဲ့။ ပက်တီလည်းသူ့ကိုအားနာသွားပြီးဆေးရည်ဘူးလေးငါးဘူး ဝယ်လိုက်ရတယ်။

"ကျွန်မကို အသုံးမကျတဲ့ အမေလို့ လူတွေထင်နေကြတာ။ အဲဒါကြောင့်အခုလို ကောလာဟလတွေ ပိုပျံ့ကုန်တာ"

"မဟုတ်တာတွေ လျှောက်ပြောနေပြန်ပြီ။ ဘယ်သူမှ နင့်ကို အဲဒီလိုမထင်ပါဘူးဟယ်။ ငါတော့ နင့်လောက် လုပ်နိုင်တဲ့မိန်းမ တွေ့ကိုမတွေ့ဖူးဘူး။ လယ်အလုပ်လုပ်နေရင်း ကလေး ၄ ယောက်ကို ကျောင်းထားနိုင်တာလွယ်တာမှတ်လို့"

လွန်ခဲ့တဲ့နှစ်ပတ်.. အရမ်းအေးခဲနေတဲ့ မနက်ခင်းတစ်ခုကို ပက်တီ သတိရသွားတယ်။ အဲဒီနေ့မနက်က ပက်တီ အရမ်းကို ပင်ပန်း ကိုက်ခဲနေတယ်။ အဝတ်တွေ ဘာတွေ ဝတ်ဖို့၊ ကားစက်နှိုးဖို့၊ ကလေးတွေကို ကျောင်းပို့ဖို့ ဆိုတဲ့အလုပ်တွေတစ်ခုမှ မလုပ်နိုင်လောက်အောင် ပင်ပန်းနေခဲ့တာ။ ဒါနဲ့ပဲ ကလေးတွေကိုကျောင်းမပို့တော့ဘဲ အိမ်မှာ သူနဲ့ အတူတူ ဆယ်နာရီလောက်ကြာအောင် တီဗွီထိုင်ကြည့်ခိုင်းထားလိုက်တယ်။ ဘန့်ကိုတော့ ကျောင်းကို စက်ဘီးနဲ့ အတင်းသွားခိုင်းလိုက်တယ်။ နောက်နှစ်ကျရင် ကျောင်းကားစီစဉ်ပေးပါ့မယ်လို့ ကတိပေးလိုက်တယ်။

"ကျွန်မက မိခင်ကောင်း မဟုတ်ပါဘူး.."

"တော်စမ်း.."

...

မူဝဲလ်လာ မိသားစုရဲ့ မြေနေရာက ဧက ၄၀၀ ကျော်လောက် ကျယ်တယ်။ သူတို့ရဲ့အိမ်ကတော့ သေးသေးလေးရယ်။ မျက်စိတစ်ဆုံးမြင်နေရတဲ့ စိုက်ခင်းတွေနဲ့ နှင်းလွှင်ပြင်တွေကြားမှာ အိမ်အဝါရောင်လေးက ထင်းခနဲ မြင်သာနေတယ်။ ဒီနေ့ နှင်းတော်တော်ကျတယ်။ တစ်ညလုံး နှင်းကျမယ်လို့ မိုးလေဝသရေဒီယိုထဲမှာပြော သွားတာပဲ။ နှင်းတွေရပ်သွားတာနဲ့ ချက်ချင်းနွေးလာလိမ့်မယ်တဲ့။ ဟုတ်လားမဟုတ် လားတော့ မသိ‥ပက်တီ့စိတ်ထဲမှာတော့ အေးခဲနေတာတွေ ရပ်သွားပြီး ပြန်နွေးလာ မယ့်အချိန်ကို မျှော်နေမိပြီ။

မူဝဲလ်လာတို့ရဲ့ အိမ်ဘက်ကို တက်သွားတဲ့ လမ်းကျဉ်းကျဉ်းလေးအတိုင်း မောင်းလာရင်း လမ်းဘေးမှာ တင်းကုပ်တစ်ခု တွေ့တယ်။ တင်းကုပ်ထဲမှာ ထည့် သိမ်းထားတဲ့ လယ်ထွန်စက်ကြီးက သတ္တဝါတစ်ကောင် အိပ်နေတာနဲ့ တူနေတယ်။ ထွန်စက်ရဲ့ ကွေးကောက်နေတဲ့အသွားတွေကြောင့် မြေကြီးပေါ်မှာ အရိပ်ချွန်ချွန်ကွေး ကွေးတွေ ထိုးကျနေတယ်။ ဒိုင်ယန်းက သူ စိတ်မအီမသာဖြစ်လာရင် လုပ်နေကျ အတိုင်း ချောင်းတစ်ချက်ဟန့်ပြီး လည်ချောင်းရှင်းတယ်။ နှစ်ယောက်သားကားပေါ် ကနေ ဆင်းတော့ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ဖြစ်ကြဘူး။ ဘေးပတ် ဝန်းကျင်ကိုပဲ အာရုံရောက်နေတယ်။ သစ်ပင်ပေါ်မှာ ငှက်မည်းမည်းတွေ ဟိုပြေး ဒီခုန် အလုပ်ရှုပ်နေတယ်။ တအာအာနဲ့ အော်နေကြတယ်။ မင်္ဂလာမရှိတဲ့ ငှက်ဆိုး သံတွေ‥။ ငှက်တစ်ကောင် သစ်ကိုင်းပေါ်ကနေ ထပြီး ပျံထွက်သွားတော့ ခရစ္စမတ် တုန်းက သစ်ကိုင်းတွေမှာ ချိတ်ထားတဲ့ ဖဲကြိုးတွေထဲက တစ်စ သူ့ခြေထောက်မှာ ငြိပြီး တန်းလန်းပါသွားတယ်။ ဆူညံနေတဲ့ ငှက်တွေကလွဲရင် အိမ်ပတ်ဝန်းကျင်က တော်တော်လေး တိတ်ဆိတ်နေတယ်။ တီဗွီဖွင့်ထားတဲ့ အသံ မကြားရဘူး။ စက်နှိုး သံတွေ ဘာတွေလည်း မကြားရ။ နှင်းတွေကြားမှာ အိမ်က တိတ်ဆိတ်နေတယ်။

"ဘန့်စက်ဘီးတော့ မတွေ့ဘူးနော်"‥အိမ်တံခါးကိုခေါက်နေရင်းနဲ့ ဒိုင် ယန်းက ပြောတယ်။

"အိမ်နောက်မှာ ရပ်ထားတာလားမှ မသိတာ"

*အက်ဒ်မူဝဲလ်လာ* တံခါးလာဖွင့်တယ်။ အက်ဒ်ရယ်၊ ဂျင်မ်ရယ်၊ ဘန်ရယ် သုံးယောက်စလုံးက တစ်တန်းတည်း။ ဒါပေမယ့် အက်ဒ်နဲ့ ဂျင်မ်က အမြွှာညီအစ်ကို တော့ မဟုတ်ဘူး။ တစ်ယောက်က အတန်းကျလို့ သူ့ညီနဲ့ အတူတူပြန်တက်နေရ တာ။ အက်ဒ်က ပက်တီ့ကို မျက်လုံးအဝိုင်းသားနဲ့ ကြည့်နေတယ်။ အက်ဒ်က အရပ်ပု တယ်။ ၅ ပေ ၄ လက်မလောက်ပဲ ရှိမယ်။ ဒါပေမယ့် ကိုယ်လုံးကိုယ်ပေါက်က

တော့ အားကစားသမားလို ကျစ်ကျစ်လျစ်လျစ်ပဲ။ အက်ဒ်က ပက်တီကိုကြည့်နေရင်း သူ့လက်တွေကို ဘောင်းဘီအိတ်ကပ်ထဲ ထည့်တယ်။

"ဪ..ဟုတ်..မစ္စဒေး မင်္ဂလာပါဗျ"

"ဟဲလိုအက်ဒ်ရေ..။ အခုလို ပိတ်ရက်ကြီး လာနှောင့်ယှက်ရတာ အားနာလိုက်တာ"

"ဟာ..ရပါတယ်ဗျ"

"အန်တီသားကို လိုက်ရှာနေတာ။ ဘန်ဒေးဒီမှာများရောက်နေလားလို့"

"ဘန်..ဒေး.."..အက်ဒ်က ဘန့်နာမည်ကိုကြားလို့ အံ့ဩသွားတဲ့ပုံစံနဲ့ ဘန့်နာမည်ကို နှစ်လုံးခွဲပြီး ပြန်ရွတ်တယ်။ "ဘန်နဲ့ ကျွန်တော်တို့နဲ့ မတွေ့ဖြစ်တာ ဘယ်လောက်တောင်ကြာပြီလဲ မသိ။ ကြာလှပြီဗျ။ ကျောင်းရောက်တဲ့အချိန်လောက်ပဲ တွေ့ဖြစ်တာ။ သူက အခု တခြားတစ်ဖွဲ့နဲ့ ပေါင်းနေတယ်လေ"

"ဘယ်အဖွဲ့လဲ"..ဒိုင်ယန်းက ဝင်မေးတယ်။ အက်ဒ်က အခုမှဒိုင်ယန်းကို မြင်သွားသလို လှမ်းကြည့်တယ်။

"ဟို.."

အိမ်ရှေ့တံခါးဆီကို လျှောက်လာတဲ့ ဂျင်မ်ရဲ့ အရိပ်ကို ပြတင်းပေါက်ကနေ ပက်တီ လှမ်းမြင်ရတယ်။ ဂျင်မ်က အက်ဒ်ထက် လူကောင်ပိုထွားတယ်။ ပိုလည်း ဝတယ်။

"ဟာ မစ္စဒေး ကျွန်တော်တို့ ဘာလုပ်ပေးရမလဲခင်ဗျ"..ဂျင်မ်က တံခါးဝကနေ သူ့ခေါင်းကို တိုးထွက်ပြီး မေးတယ်။ ပြီးတော့မှ သူ့တစ်ကိုယ်လုံးအပြင်ကို ဖြည်းဖြည်းချင်း ထွက်လာတယ်။ အက်ဒ်နဲ့ ဂျင်မ် နှစ်ယောက် မတ်တတ်ရပ်နေတာနဲ့ တင် တံခါးတစ်ခုလုံး ပြည့်နေပြီ။ အထဲမှာ ဘန်များ ရှိနေသလားမသိ။ ပက်တီ သူတို့နှစ်ယောက်ကို ကျော်ခွပြီး အထဲကိုဝင်ကြည့်ချင်စိတ် ဖြစ်သွားတယ်။

"အက်ဒ်ကို အန်တီ မေးနေတာပါ။ ဘန့်ကိုများ သားတို့နှစ်ယောက် တွေ့မိသလားလို့။ အက်ဒ်က ပြောတယ် ဘန်နဲ့ သားတို့နဲ့ သိပ်မတွေ့ဖြစ်တော့ဘူးဆို ဟုတ်လား"

"အင်း..ဟုတ်တယ်ဗျ။ ကျွန်တော်တို့ကို ဖုန်းအရင်ဆက်လိုက်တာမဟုတ်ဘူး။ အခုလို တကူးတကကြီး လာမေးနေတော့ အချိန်ကုန်တာပေါ့"

"အရေးကြီးလို့ပါ။ သူ့ကို မြန်မြန်တွေ့မှဖြစ်မယ်။ မိသားစုပြဿနာတစ်ခု ဖြစ်နေလို့။ ဘန်ဘယ်မှာ ရောက်နေလဲ သိတယ်ဆိုရင် ပြောပြပါလား"..ဒိုင်ယန်းက

ဝင်ပြောတယ်။

"အင်း..မပြောတတ်ဘူးဗျ"..ဂျင်မ်ကပြန်ဖြေတယ်။ "သိရင် ပြောပြချင်ပါတယ်။ တကယ်မသိတာဗျ"

"ဘန်နဲ့ တွဲနေတယ်ဆိုတဲ့ အဖွဲ့ကိုရော မသိဘူးလား။ သူတို့ထဲက တစ်ယောက်ယောက်နာမည်ကို သိရရင်ကို မဆိုးဘူး"

အက်ဒ်က အိမ်ထဲကို ပြန်ဝင်သွားနှင့်ပြီ။ ပြီးမှ အထဲကနေ မကြားတကြား လှမ်းအော်တယ်။

"စေတန့်ဆီကို ဖုန်းဆက်လိုက်လို့ ပြောလိုက်လေကွာ မင်းကလဲ"

"ဘာ"

"ဘာမှမဟုတ်ပါဘူး..ဘာမှ မဟုတ်ဘူး"..ဂျင်မ်က သူ့လက်ထဲမှာကိုင်ထားတဲ့ တံခါးလက်ကိုင်ကို စိုက်ကြည့်နေတယ်။ တံခါးပိတ်လိုက်ရင် ကောင်းမလား စဉ်းစားနေပုံပဲ။

"ဂျင်မ်..သား အန်တီတို့ကို ကူညီပါဦး"..ပက်တီ တောင်းပန်တဲ့လေသံနဲ့ ပြောလိုက်တယ်။ "အန်တီတောင်းပန်ပါတယ်"

ဂျင်မ်က မျက်မှောင်ကိုကြုတ်ပြီး သူ့ခြေထောက်မှာစီးထားတဲ့ကောင်းဘွိုင်ဖိနပ်ကို စိုက်ကြည့်နေတယ်။ ပက်တီ့ကို မော့မကြည့်ဘဲ ပြန်ဖြေတယ်။ "ဘန်က..ဘန်ပေါင်းနေတဲ့အဖွဲ့က စေတန်ကိုးကွယ်တဲ့ အဖွဲ့လို့ ကြားတာပဲ"

"ဘယ်လို၊ ဘာအဖွဲ့.."

"အဖွဲ့ခေါင်းဆောင်က အသက်ခပ်ကြီးကြီး လူတစ်ယောက်ပဲ။ သူ့နာမည် ကျွန်တော် မသိဘူး။ သူတို့အဖွဲ့က စုပြီး မူးယစ်ဆေးတွေ သုံးကြတယ်။ ပြီးတော့ နွားတွေ ဝက်တွေလည်း သတ်ကြတယ်ဆိုလား..အဲဒီလို ကြားတယ်။ အဖွဲ့ထဲက လူတွေက ကျွန်တော်တို့ ကျောင်းကမဟုတ်ဘူး။ ကျွန်တော်တို့ကျောင်းက လူဆိုလို့ ဘန်ဒေးတစ်ယောက်ပဲ ပါတယ်ထင်တယ်"

"အဲဒီ အဖွဲ့ထဲက တစ်ယောက်ယောက် နာမည်တောင် မသိဘူးလားဟင်"..ပက်တီ ထပ်ပြီး အသနားခံလိုက်တယ်။

"တကယ်မသိတာပါ။ တကယ်ပြောတာ။ ကျွန်တော်တို့က အဲဒီလူတွေနဲ့ ဝေးဝေးရှောင်တယ်။ ဘန်နဲ့ လည်း သူငယ်ချင်းလို ဆက်နေဖို့ ကြိုးစားပါသေးတယ်။ ဒါပေမယ့် ကျွန်တော်တို့ မိဘတွေက စည်းကမ်းကြီးတယ်။ ဘုရားတရားလည်း ကိုင်းရှိုင်းတယ်..အဲဒါပါ..အဲဒါကြောင့်။ တကယ်ဆောရီးပါ.."

ဂျင်မ်က ကြမ်းပြင်ကိုပဲ စိုက်ကြည့်နေတယ်။ စကားဆက်မပြောတော့ဘူး။ ပက်တီလည်း ဘာဆက်မေးရမှန်း မသိတော့ဘူး။

"အင်းအင်း.. ဒါဆိုလည်း ကျေးဇူးနော် ဂျင်မ်"

ဂျင်မ်က တံခါးကို ပိတ်လိုက်တယ်။ ပက်တီနဲ့ ဒိုင်ယန်း လှည့်မထွက်ခင် လေးမှာ အထဲက ထွက်လာတဲ့ စကားသံတစ်သံကို ကြားလိုက်ရတယ်။ *ဟေ့ကောင် မင်းဘာလို့ အဲဒီကိစ္စကို သွားပြောတာလဲ..*တဲ့။ စကားသံရဲ့ နောက်မှာ ဒုန်းခနဲ နံရံကိုဆောင့်တဲ့ အသံတစ်သံ ကပ်ပါလာတယ်။

+++

# လစ်ဘီဒေး

## ယနေ့

ကားပေါ်ပြန်ရောက်ကတည်းက လိုင်ဝိုက်သ်က စကားလေးလုံးပဲပြောသေးတယ်။ "ဆိုးလိုက်တာဗျာ··"တဲ့။ အင်း··လို့ပဲ ကျွန်မ ပြန်ဖြေလိုက်တယ်။ စိတ်ထဲမှာတော့ ခရစ်ဆီနဲ့ ကျွန်မနဲ့ ဘယ်လောက် တူသလဲဆိုတာကို နှိုင်းယှဉ်ကြည့်နေမိတယ်။ အမြဲတမ်း ပျာယာခတ်နေတာတွေ၊ ရသမျှကို အကုန် သဲ့ယူတတ်တာတွေ၊ ဘယ်သူ့ကို အချဉ်ဖမ်းရမလဲဆိုပြီး စောင့်နေတတ်တာတွေ။ အလကားရလိုက်တဲ့ဟာတွေကို နောင်တစ်ချိန်မှာ ပြန်သုံးဖို့ သိမ်းထားတတ်တာတွေ··(အာလူးကြော်ထုပ်ကို ခရစ်ဆီက ကုန်အောင်မစားဘဲ တစ်ဝက်ချန်ပြီး သိမ်းထားတယ်လေ)။ လူတွေက ပေးသမျှ ကမ်းသမျှ ရတာလေးတွေကို သိမ်းထားဝှက်ထားတတ်တဲ့သတ္တဝါလေးတွေ။ အသေးအမွှားတွေ ဆိုတော့ ပေးတဲ့ လူတွေကလည်း သိပ်ဂရုမစိုက်ဘဲ ရော့··ယူသွားဆိုပြီး သဘောကောင်းတတ်ကြတယ်လေ။

မိနစ်နှစ်ဆယ်လောက် ကြာသွားတယ်။ လိုင်ဝိုက်သ် ဘာမှမပြောသေးဘူး။ နောက်ဆုံးကျမှ·· သတင်းကြေညာတဲ့ သူရဲ့ အသံမျိုးနဲ့ အကုန်လုံးကိုခြုံပြီးသုံးသပ်ပြတယ်။ "အိုကေ။ ဒီတော့ ခရစ်ဆီဆိုတဲ့ မိန်းမလိမ်ပြောနေတာ သေချာပါတယ်။ ဘန် သူ့ကို မဟုတ်တရုတ် လုပ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ ဘန်က သူ့ကိုအဲဒီလိုလုပ်ပါတယ် ဆိုပြီး ခရစ်ဆီကိတ်က သူ့အဖေကို ညာပြောခဲ့တာနေမှာ။ သူ့အဖေလူးဝစ်စ်ကိတ်က စိတ်တွေတိုပြီး ခင်ဗျားအိမ်ကို သွားတယ်။ ဘန့်ကို မတွေ့တော့ တွေ့တဲ့ သူတွေ အကုန်လုံးကို သတ်ပစ်လိုက်မိတယ်။ နောက်ကျတော့မှ သူ့သမီး သူ့ကို ညာပြောထားတယ် ဆိုတာ သူ တစ်နည်းနည်းနဲ့ ပြန်သိသွားမယ်။ သူ့သမီးရဲ့ အလိမ်အညာ စကားတစ်ခွန်းကို ယုံစားမိပြီး အပြစ်မရှိတဲ့ မိသားစုတစ်ခုကို သတ်လိုက်မိပြီ··ဆိုပြီး သူ နောင်တတွေ ရသွားမယ်။ အဲဒီအချိန်ကစပြီး ခရစ်ဆီကိတ်တို့

မိသားစုလည်း တဖြည်းဖြည်း ယိုယွင်းပျက်စီးလာမယ်။ သူ့အဖေလည်း အရက်သမား ဖြစ်သွားမယ်..''

''အဲဒီတော့..ဘာဖြစ်လဲ''.. ကျွန်မ သူ့ကိုငေါက်လိုက်တယ်။

''ကျွန်တော့်သီအိုရီမဆိုးဘူးမဟုတ်လား။ဖြစ်နိုင်တယ်လို့မထင်ဘူးလား''

''ကျွန်မ ထင်တာကတော့ ရှင် နောက်တစ်ခါကျရင် ကျွန်မနဲ့ မလိုက်ခဲ့နဲ့တော့။ တွေ့စရာရှိတဲ့သူတွေကို ကျွန်မဘာသာကျွန်မ သွားတွေ့မယ်။ ရှင်မေးချင်တာတွေ လျှောက်မေးနေတာ သိပ်ရှက်ဖို့ ကောင်းတယ်''

''လစ်ဘီ..ဒီပရောဂျက်တစ်ခုလုံးကို ကျွန်တော် ပိုက်ဆံပေးထားတာလေ''

''ပိုက်ဆံပေးတာပဲရှိတာ။ ကျန်တာ ဘာကူညီပေးလို့လဲ။ ပိုဆိုးအောင်ပဲလုပ်နေတာ''

''ဆောရီး''..လိုင်ဝိုက်သ်က တောင်းပန်တယ်။ အဲဒီနောက်မှာ ကျွန်မတို့စကားဆက်မပြောဖြစ်တော့ဘဲ တော်တော်ကြာကြာ ငြိမ်သွားတယ်။ ကန်းဆက်စ်စီးတီးကို လှမ်းမြင်နေရပြီ။ မြို့ရဲ့ ဖြာထွက်နေတဲ့ အလင်းတန်းတွေကြောင့် ကောင်းကင်တစ်ခုလုံး လိမ္မော်ရောင် နီစွေးနေတယ်။ လိုင်ဝိုက်သ်ကကျွန်မကိုလှည့်မကြည့်ဘဲမေးတယ်။ ''ကျွန်တော့် သီအိုရီက ဖြစ်နိုင်တယ်ဆိုတာတော့ ခင်ဗျားလက်ခံတယ်မဟုတ်လား လစ်ဘီ''

''အို..ဘယ်အရာမဆို သီအိုရီထုတ်နေရင်တော့ ရတာပဲ။ဒါကြောင့်လည်း ဒီအမှုက လျှို့ဝှက်ဆန်းကြယ်အမှုကြီး ဖြစ်နေတာပေါ့''..ကျွန်မသူ့လေသံကိုခိုးပြီးပြန်ပြောလိုက်တယ်။''*ကင်နက်ကီမြို့လေး၏ လျှို့ဝှက်ဆန်းကြယ် အဖြေမပေါ်သော အမှုကြီး*လေ ဟုတ်တယ်မဟုတ်လား''..ကျွန်မ အသံကိုသြပြီး တမင်လုပ်ပြောလိုက်တယ်။ တော်တော်လေး ကြာသွားတော့မှ ကျွန်မ စိတ်ကို လျှော့ချလိုက်တယ်။ ''ရှင့်သီအိုရီက ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ကျွန်မကတော့ ရန်နာဒေးကို သွားတွေ့ချင်သေးတယ်။ သူ့ကိုမေ့ထားလို့ မရဘူး''

''သဘောလေ။ ကျွန်တော်ကတော့ လူးဝစ်စ်ကိတ်ကို ရအောင်ရှာမယ်''

''ရှာပေါ့''

ကျွန်မ လိုင်ဝိုက်သ်ကို ဟိုစားသောက်ဆိုင်ရှေ့မှာပဲ ချထားခဲ့လိုက်တယ်။ အိမ်လိုက်မပို့ပေးတော့ဘူး။ လိုင်ဝိုက်သ်က ပလက်ဖောင်းဘေးမှာ ငူငူငေါင်ငေါင်နဲ့ရပ်နေရင်း သူ့ကို တကယ်ထားခဲ့လို့ မယုံနိုင်တဲ့ မျက်နှာနဲ့ လှမ်းကြည့်ပြီး ကျန်ခဲ့တယ်။ ကျွန်မ အိမ်ရောက်တော့ တော်တော်နောက်ကျနေပြီ။ စိတ်တွေလည်းမကြည်။

အိမ်ရောက်တာနဲ့ စာရင်း အရင်လုပ်တယ်။ ပိုက်ဆံ ဘယ်လောက်ရပြီလဲ။ လူသတ်အသင်းရဲ့ ကောင်းမှုနဲ့ ဒေါ်လာ ၁၀၀၀ တော့ ရပြီ။ ခရစ်ဆီကိတ်နဲ့ သွားတွေ့ပေးတဲ့ အတွက် ဒေါ်လာ ၅၀၀ လိုင်ဝိုက်သ်ဆီက ထပ်ရဦးမယ်။ ခရစ်ဆီကိတ်နဲ့ သွားတွေ့တာ ကျွန်မမှ မဟုတ်ဘူး ဘယ်သူ သွားတွေ့တွေ့ ရပါတယ်။ နေဦး၊ အဲဒီ လူသတ်အသင်းက ငကြောင်တွေ ဆိုရင်တော့ ခရစ်ဆီကိတ်နဲ့ သွားတွေ့ရင်လည်း ဟိုက သူတို့ကို ဘာမှပြောပြမှာ မဟုတ်ဘူး။ ကျွန်မကိုမို့လို့ ဒီလောက်စကားတွေ အများကြီး ပြန်ပြောတာ။ သူနဲ့ ကျွန်မကြားမှာ တူတဲ့ အချက်တွေ ရှိနေတယ်လေ။ နောင်တရယ်‥ဒေါသရယ်၊ လောဘရယ်။ အတိတ်ကို ကိုယ်လိုသလို မှတ်မိတတ်တာရယ်‥။

ဒီပိုက်ဆံတွေက အလကားရတာ မဟုတ်ဘူး။ ငါ့လုပ်အားခတွေ‥။ ကျွန်မ ဘယ်သူမှ လာမမေးဘဲ ကိုယ့်ဘာသာကိုယ် ပြန်ရှင်းပြနေမိတယ်။ လိုင်ဝိုက်သ်က ကျွန်မကို ကြည်ကြည်ဖြူဖြူပဲ ပိုက်ဆံပေးခဲ့တာပါ။ ဒါပေမယ့် ကျွန်မကိုယ်တိုင်က ဖြစ်မလာသေးတဲ့ အရာတွေကို ကြိုတွေးပြီး ခုခံပြောချင်နေတာ။

ဒီပိုက်ဆံတွေက ကျွန်မ လုပ်အားခတွေ (အခုလို ထပ်ပြောလိုက်တော့မှ စိတ်ထဲ နည်းနည်းပိုငြိမ်သွားတယ်။) ရန်နှာဒေးကို လိုက်ရှာနိုင်ရင်၊ အဖေနဲ့ စကားပြောခွင့်ရရင် ပိုက်ဆံတွေ ထပ်ရမယ်။ ၄ လလောက် ကောင်းကောင်းထိုင်စားလို့ ရမယ်။ ချွေချွေတာတာ သုံးရင် ပြောပါတယ်။

၄ လ မဟုတ်ဘူး။ ၅ လ။ အိမ်ပြန်ရောက်ပြီး မကြာခင်မှာပဲလိုင်ဝိုက်သ်ဆီကနေ မက်ဆေ့ချ်ဝင်လာတယ်။ လူသတ်အသင်းက ငကြောင်တွေက ကျွန်မနဲ့တွေ့ချင်ပါတယ်တဲ့။ ကျွန်မဆီက 'အမှတ်တရ' ပစ္စည်းတချို့ ဝယ်ချင်တယ်တဲ့။ ကျွန်မ စိတ်ဝင်စားမယ်ဆိုရင် ပွဲဖြစ်အောင် မဂ်ဒါ စီစဉ်ပေးမယ်တဲ့။ ကျွန်မရဲ့ဓာတ်ပုံပေါ်မှာ ချိုနှစ်ချောင်း ဆွဲပေးခဲ့တဲ့ မဂ်ဒါဆိုတဲ့ ဝတုတ်မကြီးလေ။ အိုကေလေ‥မဂ်ဒါ့အိမ်မှာ လုပ်မယ် ဆိုတော့လည်း သွားရမှာပေါ့‥။

လိုင်ဝိုက်သ်ရဲ့ မက်ဆေ့ချ်ကို နားထောင်ပြီးတာနဲ့ ဖုန်းမက်ဆေ့ချ်လက်ခံတဲ့ စက်ကို ပြန်ပိတ်လိုက်တယ်။ အဲဒီစက်က ဟိုးအရင်တုန်းက ကျွန်မနဲ့ တူတူနေခဲ့တဲ့ အခန်းဖော်တစ်ယောက်ဆီက ခိုးလာတာ။ ခရစ်ဆီ့ အိမ်မှာလည်း ကျွန်မအိမ်လိုပဲ ခိုးထားတဲ့ပစ္စည်းတွေနဲ့ ပြည့်နေမလား မသိ။ ကျွန်မဆီမှာ ခိုးထားတဲ့ မက်ဆေ့ချ်စက် တစ်လုံးရှိတယ်။ စားသောက်ဆိုင်တွေကနေ မ,လာတဲ့ ငွေဖွန်းတွေ၊ ခက်ရင်းတွေ အံဆွဲအပြည့် ရှိတယ်။ ဆားဘူး လှလှလေးတွေ ၆ ဘူးတိတိရှိတယ်။ (ဟိုနေ့က

လိုင်ဝိုက်သ်နဲ့ တွေ့တုန်းက ယူလာတဲ့ တစ်ဘူးလည်းပါတယ်။) ဧည့်ခန်းထဲကတီဗွီရဲ့ ဘေးမှာ စက္ကူပုံး တစ်ပုံး ရှိတယ်။ အဲဒီပုံးထဲမှာ ကျွန်မ နှစ်ပေါင်းများစွာ ခိုးယူ စုဆောင်းထားတဲ့ လိုးရှင်း ပုလင်းတွေ ပုလင်း ၁၀၀ လောက်ရှိတယ်။ ပုလင်းတွေကို ပုံးထဲမှာ စီပြီး ထည့်ထားတယ်။ ပန်းရောင်တွေ၊ ခရမ်းရောင်တွေ၊ အစိမ်းရောင်တွေ စီတန်းနေတာကို ထိုင်ကြည့်ချင်လို့။ ကျွန်မ အိမ်ကို ဧည့်သည်တွေဘာတွေလာရင် အဲဒီ ရာနဲ့ချီတဲ့ လိုးရှင်းပုလင်းတွေကိုကြည့်ပြီး အံ့သြသွားလောက်တယ်။ ဒါပေမယ့် ကျွန်မ ဆီကို လာလည်မယ့်သူ မရှိပါဘူး။ ပုလင်းတွေကို လွှင့်လည်းလွှင့်မပစ်ရက် ဘူး။ ကြိုက်လို့။ အမေ့လက်တွေက အမြဲတမ်း ကြမ်းကြမ်းကြီး ဖြစ်နေတတ်တယ်။ လိုးရှင်းတွေဘာတွေ မလိမ်းနိုင်တော့ ဆီပဲလိမ်းရတယ်။ 'အမေ့လက်တွေကကြမ်း လိုက်တာ။ မိကျောင်းမကြီးကျနေတာပဲ' ဆိုပြီး ကျွန်မတို့ ညီအစ်မသုံးယောက် နောက်တတ်တယ်။ ကျွန်မတို့ သွားနေကျ ဘုရားကျောင်းရဲ့ မိန်းကလေးဆောင် အခန်းမှာတော့ လိုးရှင်းပုလင်းတွေ ထားထားပေးတယ်။ နှင်းဆီနံ့တွေသင်းနေတဲ့ ကျွန်မတို့ ညီအစ်မသုံးယောက် အဲဒီ လိုးရှင်းတွေကို တစ်စက်စီ ယူလိမ်းကြတယ်။ သူ့လက်ကိုယ့်လက် အပြန်အလှန် နမ်းကြည့်ကြရင်း ဟယ် မွှေးလိုက်တာ..ဆိုပြီး ညီအစ်မ အချင်းချင်း ချီးမွမ်းခဲ့ဖူးတယ်။

အန်တီ ဒိုင်ယန်း ဖုန်းပြန်ဆက်မလာသေးဘူး။ ကျွန်မချန်ထားတဲ့မက်ဆေ့ တွေ အခုလောက်ဆို သူနားထောင်ပြီးလောက်ရောပေါ့။ ဘာလို့ပြန်မဆက်တာပါလိမ့် ထူးတော့ထူးဆန်းတယ်။ အန်တီဒိုင်ယန်းက ကျွန်မပြန်တောင်းပန်လိုက်ရင် စိတ်ပြေ သွားတာများတယ်။

လှေကားအောက်မှာ ထားထားတဲ့ စက္ကူပုံးတွေဆီကို ကျွန်မ လျှောက်သွား လိုက်တယ်။ လူသတ်မှု အကြောင်း စဉ်းစားမိလေလေ..အဲဒီ ပုံးတွေက ပိုပြီးချောက် ချားစရာ ကောင်းလာလေလေ..။ *ဘာကြောက်နေတာလဲ လစ်ဘီ..အဲဒီပုံးတွေထဲမှာ မကောင်းဆိုးဝါးတွေ မရှိပါဘူး။ သက်မဲ့ ပစ္စည်းတွေပါ..။*

ကျွန်မ ၁၄ နှစ်သမီးအရွယ်လောက်တုန်းက..ကိုယ့်ကိုယ်ကိုယ်သတ်သေဖို့ အကြိမ်ကြိမ်စဉ်းစားခဲ့ဖူးတယ်။ အခုတော့ အဲဒီလို စဉ်းစားတာ ဝါသနာသက်သက် ဖြစ်နေပြီ။ ဟိုးအရင်တုန်းကတော့ တကယ်လုပ်ဖို့ စဉ်းစားခဲ့တာ။ စက်တင်ဘာ တစ်မနက်တုန်းက..အန်တီဒိုင်ယန်းရဲ့ ပွိုင့် ၄၄ မက်ဂ္ဂနမ် ပစ္စတိုကို သူမသိအောင် ခိုးယူ၊ လက်ထဲမှာ သေနတ်ကို ကလေးလို ပွေ့ထားပြီး နာရီပေါင်းများစွာ ထိုင်ပြီး စိတ်ကူးယဉ်နေခဲ့ဖူးတယ်။ ခေါင်းကိုတေ့ပြီး ပစ်လိုက်ရင် ဘယ်လိုဖြစ်သွားမလဲ..

ကျွန်မရဲ့ စိတ်ယုတ် စိတ်ညစ်တွေ ဦးနှောက်နဲ့ရောပြီး အပြင်ကို ပွင့်ထွက်ပျောက်ကွယ်သွားမလား။ ဖရဲသီးကို ပစ်ပေါက်ခွဲလိုက်သလို ဖွာလန်ကြဲသွားမလား။ ဒါပေမယ့် အန်တီ ဒိုင်ယန်း ပြန်လာရင် ကျွန်မရဲ့ ခေါင်းမရှိတော့တဲ့ ကိုယ်လုံးသေးသေးလေးကို မြင်သွားရင်‥ သွေးအလူးလူးပေနေတဲ့ နံရံတွေကို မြင်သွားခဲ့ရင်‥ဘယ်လိုလုပ်မလဲ။ အန်တီဒိုင်ယန်းကို သနားမိသွားပြီး ကျွန်မ မလုပ်ဖြစ်ခဲ့ပါဘူး‥။ အဲဒါကြောင့်လည်း သူ့ကို ကျွန်မ ပိုမုန်းမိခဲ့တာ။ ကျွန်မ အလိုချင်ဆုံးဖြစ်တဲ့ သေခြင်းတရားဆိုတာကို ပိုင်ဆိုင်ခွင့်မရခဲ့တာ အန်တီဒိုင်ယန်းကြောင့်လေ။ အဲဒီအချိန်ကတည်းကနေ ကျွန်မ ကိုယ့်ကိုယ်ကိုယ် အပေးအယူ တစ်ခု လုပ်ကြည့်ခဲ့တယ်။ အခုလာမယ့် ဖေဖော်ဝါရီ ၁ ရက် နေ့အထိ ငါ‥ဒီလိုပဲ စိတ်ညစ်နေသေးရင် ငါ့ကိုယ်ငါ သတ်သေပစ်မယ်ပေါ့။ ဖေဖော်ဝါရီ ၁ ရက်နေ့ ရောက်လာတော့လည်း စိတ်ညစ်နေတုန်းပဲ။ ဒါပေမယ့် ထပ်ပြီး အပေးအယူ ထပ်လုပ်တယ်။ မေလ ၁ ရက်နေ့အထိ စိတ်ညစ်နေသေးရင် ငါ့ကိုယ်ငါသတ်သေမယ်‥။ ဒီလိုနဲ့ နှစ်ပေါင်းများစွာ ကြာလာလိုက်တာ အခုအချိန်ထိပဲ။ မသေနိုင်သေးဘူး။

စက္ကူပုံးတွေကို စိုက်ကြည့်နေရင်း ကျွန်မစိတ်ထဲမှာအပေးအယူနောက်တစ်ခု ထပ်လုပ်ကြည့်တယ်။ ဒီစက္ကူပုံးတွေထဲက ပစ္စည်းတွေကို ငါထုတ်ကြည့်မယ်။ အဲဒီလို ကြည့်နေရင်း *မိနစ်နှစ်ဆယ်* ပြည့်သွားတဲ့အခါ‥ငါ ဆက်မကြည့်နိုင်တော့ဘူးဆိုရင်၊ မကြည့်ရက်တော့ဘူး ဆိုရင် အကုန်လုံးကို ပုံပြီး မီးရှို့ပစ်မယ်။

ပထမ စက္ကူပုံးက ဖွင့်ရတာ လွယ်တယ်။ တိပ်ကို ဆွဲခွာလိုက်တာနဲ့ ဖရိဖရဲ တစ်ခြမ်းပြဲပြီး ပွင့်ကျသွားတယ်။ အထဲကပစ္စည်းတွေရဲ့ အပေါ်ဆုံးမှာ အမေ့ရဲ့ တီရှပ်တစ်ထည်။ The Police အဖွဲ့ရဲ့ စတိတ်ရှိုးကနေ ဝယ်ထားတာ။ တီရှပ်က ဆီတွေ ပေနေတယ်။ အသား တော်တော် နုတယ်။

၁၈ မိနစ်‥။

တီရှပ်ကိုဖယ်လိုက်တော့ အောက်မှာ သားရေကွင်းနဲ့စည်းထားတဲ့ မှတ်စုစာအုပ်တွေ။ အကုန်လုံး ဒက်ဘို့ စာအုပ်တွေချည်းပဲ။ စာအုပ်တွေကို ကောက်လှန်ပြီး ဖတ်ကြည့်လိုက်တယ်။

*'ဟယ်ရီအက်စ်ထရူးမန်းသည် ၃၃ ယောက်မြောက် အမေရိကန်သမ္မတ ဖြစ်ပါသည်။ သူ့ကို မစ်ဇူရီပြည်နယ်တွင် ဖွားမြင်ခဲ့ပါသည်။*

*လူ၏နှလုံးသည် တစ်ကိုယ်လုံးကို သွေးလွှတ်ပေးသော ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။'*

စာအုပ်တွေရဲ့ အောက်မှာ မှတ်စုစာရွက် အပိုင်းအစတွေ။ မီရှယ် ကျွန်မကို ပေးထားတဲ့ စာရွက်တွေ၊ ကျွန်မ ဒက်ဘီကိုပေးထားတဲ့ စာရွက်တွေ၊ ဒက်ဘီကနေ မီရှယ့်ကို ပေးထားတဲ့ စာရွက်တွေ..အစုံပဲ။ မွေးနေ့ကတ်လေး တစ်ကတ်လည်းတွေ့တယ်။ ကတ်ပြားပေါ်မှာ ချယ်ရီသီးတင်ထားတဲ့ ရေခဲမုန့်ပုံနဲ့။

*ဒက်ဘီလေးရေ.. (အမေ့လက်ရေး ကျပ်ကျပ်သေးသေးတွေ)*

*ဒက်ဘီလို ချစ်ဖို့ကောင်းတဲ့ သမီးလေးရထားတာ အမေတို့အတွက် အရမ်းကံကောင်းတာပါပဲ။ ဒက်ဘီလေးက အမေ့အတွက်တော့ ဘုရားပေးတဲ့ဆုလေးပဲ။*

*အမေ..*

အမေက သူ့ကိုယ်သူ 'မေမေ'လို့ ဘယ်တော့မှ မပြောခဲ့ဖူးဘူးထင်တယ်။ ကျွန်မတို့လည်း အမေ့ကို မေမေလို့ မခေါ်ဖူးဘူး။ *မေမေ့ကို လွမ်းလိုက်တာ..* ဆိုပြီး ကျွန်မ စိတ်ထဲမှာ ရွတ်ကြည့်တယ်။ *မေမေ့ကို ချစ်တယ်..*ဆိုတဲ့ စကား.. ကျွန်မ တစ်ခါမှ မပြောခဲ့ရပါလား။ ရင်ထဲမှာ တစ်ခုခု ကွဲအက်သွားသလို ခံစားရတယ်။ အထပ်ထပ်ချုပ်ထားတဲ့ ဒဏ်ရာတစ်ခု.. ချုပ်ရိုးတွေ ပြုတ်ထွက်သွားသလို..။

၁၄ မိနစ်..။

မှတ်စုစာရွက်တွေကို တစ်ခုပြီး တစ်ခု ဖတ်ကြည့်တယ်။ သိပ်စိတ်ဝင်စားဖို့မကောင်းတဲ့ စာတွေကို 'လူသတ်အသင်း'ကို ပြန်ရောင်းဖို့ ဖယ်ထားလိုက်တယ်။ စာတွေကို ဖတ်ကြည့်နေရင်း တချို့ နေရာတွေမှာ ကျွန်မ အသံထွက် ရယ်မိတယ်။ စကားဝှက်တွေနဲ့ညီအစ်မအချင်းချင်း စာပေးစာယူ လုပ်ခဲ့တာတွေ..။ မလိုတာတွေကို စိတ်ပူခဲ့ကြတာတွေ..။ ပုံဆိုးပန်းဆိုး ဆွဲထားတဲ့ ရောင်စုံပန်းချီတွေ။ ကျွန်မတို့နဲ့ တည့်တဲ့သူ၊ မတည့်တဲ့သူ ဆိုပြီး ခွဲထားတဲ့ စာရင်းစာရွက်တွေ။ ဒေးညီအစ်မတွေ ဘယ်လောက် စည်းလုံးခဲ့သလဲဆိုတာ ကျွန်မ အခုမှ ပြန်သတိရလာတယ်။ အခုလို စာအဟောင်းတွေကို သမိုင်းသုတေသီတစ်ယောက်လို အသေးစိတ်ပြန်လေ့လာကြည့်တော့မှ ဒေးညီအစ်မတွေ ဘယ်လောက် သွေးနီးခဲ့ကြသလဲ သိသာလာတယ်။

၁၁ မိနစ်..။

မီရှယ့် ဒိုင်ယာရီ စာအုပ်တွေကို တွေ့ပြီ။ စာအုပ်တွေကို အကုန်ထပ်ပြီး သားရေကြိုးနဲ့ စည်းထားတယ်။ နှစ်တိုင်း နှစ်တိုင်း မီရှယ်က ဒိုင်ယာရီစာအုပ်နှစ်အုပ်ကုန်အောင် ရေးတယ်။ ခရစ္စမတ် သစ်ပင်အောက်မှာ လက်ဆောင်တွေ စခွဲတဲ့အချိန်ကတည်းကနေ မီရှယ်က ဒိုင်ယာရီကို စမှတ်နေပြီ။ ဘယ်သူက ဘယ်လက်ဆောင်ရသလဲ၊ ဘာညာပေါ့။

၁၉၈၃ ခုနှစ်လို့ ခေါင်းစဉ်တပ်ထားတဲ့ မီရှယ့်ရဲ့ ဒိုင်ယာရီစာအုပ်ကိုကျွန်မ ဖွင့်ကြည့်လိုက်တော့မှ မီရှယ် တစ်ယောက် ဘယ်လောက် စာရေးနိုင်သလဲဆိုတာ ပိုသဘောပေါက်သွားတယ်။ ဒါတောင် အဲဒီတုန်းက မီရှယ် အသက် ၉ နှစ်ပဲ ရှိသေးတာနော်။ မြင်သမျှ ကြားသမျှ အကုန်ချရေးထားတာပဲ။ သူတို့အတန်းထဲကဆရာမ *မစ်စ်ဘာဒဲ* ဆရာများနားနေခန်းထဲမှာ သူ့ရည်းစားနဲ့ ဖုန်းပြောတော့ သူ့စကားထဲမှာ ညစ်တီးညစ်ပတ်စကားတွေ ပါတယ်တဲ့။ မီရှယ် ဘယ်လို ခိုးနားထောင်လိုက်သလဲ မသိ။ မီရှယ်က ဆက်ရေးထားတယ်။ ဆရာမ ပြောနေတာတွေကို သူကြားလိုက်တဲ့အကြောင်း ပြောပြပြီး အကျပ်ကိုင်ရင်ကောင်းမလား‥ဆိုပဲ။ ဒါဆိုရင် မစ်စ်ဘာဒဲက မီရှယ့်ကို ကြောက်ပြီး မုန့်တွေဝယ်ကျွေးမလားပေါ့။ (မစ်စ်ဘာဒဲက သူစားနေတဲ့ ဒိုးနပ် တစ်ဝက်ကို မီရှယ့်ကို ဖဲ့ပြီး ပေးဖူးတယ်တဲ့။ ဒါကြောင့် မစ်စ်ဘာဒဲ မုန့်စားပြီဆိုရင် မီရှယ်က အမြဲတမ်း သွားငေးကြည့်နေတာကိုး။ ဆရာမတွေက အဲဒီလိုပါပဲ။ သူတို့ စားသောက်နေတာကို ဘေးနားကနေ သွားမျှော်နေရင် မနေနိုင်တော့ဘဲ နည်းနည်းတော့ ဖဲ့ကျွေးကြတယ်။ ခဏခဏ သွားလုပ်လို့တော့ မရဘူး။ ဆရာမတွေ စိတ်ရှုပ်လာပြီဆိုရင် အိမ်ကို စာပို့ပြီး တိုင်တယ်။ အမေသိသွားရင် ငိုရော။)

မီရှယ့် ဒိုင်ယာရီတွေအကုန်လုံးက ကျောင်းက ဇာတ်လမ်းတွေနဲ့ ပြည့်နေတယ်။ အတင်းအဖျင်းတွေ။ မဟုတ်ကဟုတ်က ကောလာဟလတွေ။ အတန်းနားချိန်ဆိုရင် မစ္စတာ *မက်ခ်နန်နီ* က ယောကျ်ားလေး လော်ကာခန်းအပြင်ဘက်မှာဆေးလိပ်ခိုးသောက်သတဲ့။ ပြီးရင် ပါးစပ်မွှေးတဲ့ဆေး (*ပါးစပ်မွှေးတဲ့ဆေး* ဆိုတဲ့ စကားလုံးကို မျဉ်းနဲ့ သေချာ သားထားတယ်) ဖျန်းပြီး စာသင်ခန်းထဲကို ဟန်မပျက်ပြန်လာတတ်တယ်တဲ့။ ဘုရားကျောင်းမှာ အလုပ်လုပ်တဲ့ *မစ်စ်ဂျိုးကတ်* ကလည်း ကားပေါ်မှာ အရက်ခိုးသောက်တတ်တယ်ဆိုပဲ။ မီရှယ်က အဲဒါကိုတွေ့သွားတော့မစ်စ်ဂျိုးကတ်က ရယ်ပြီး မီရှယ့်ကို ဒေါ်လာ ၂၀ မုန့်ဖိုးပေးလိုက်တယ်တဲ့။

အောင်မယ် ကျွန်မအကြောင်းတွေတောင် ရေးထားသေးတယ်။ *ဂျက်ဆီကာ အိုဒေါ်နယ်* ကို ကျွန်မ လက်သီးနဲ့ပိတ်ထိုးလိုက်တုန်းက အမေ့ကိုညာပြောခဲ့တယ်။ *သူ့ဘာသာသူ ဒန်းပေါ်က ပြုတ်ကျတာ‥သမီးနဲ့ မဆိုင်ဘူး‥*ဆိုပြီး။ မီရှယ်က အဲဒီအဖြစ်အပျက်ကို သေချာရေးထားတယ်။ *လစ်ဘီက အမေ့ကို ညာပြောထားတယ်။ အမေ့ကို ငါအမှန်အတိုင်းပြောပြလိုက်ရင် ကောင်းမလား‥*တဲ့။

၁၉၈၃ ဒိုင်ယာရီကို ကျွန်မ ပိတ်လိုက်တယ်။ ၁၉၈၂ နဲ့ ၁၉၈၄ ဒိုင်ယာရီတွေကို လှန်ကြည့်တယ်။ ၁၉၈၄ နှစ်ကုန်ပိုင်းလောက်ကို သေသေချာချာ ဖတ်ကြည့်

တယ်။ ဘန်နဲ့ ပတ်သက်ပြီး မီရှယ် တစ်ခုခုများ ရေးထားမလား··။ ဘာမှထွေထွေ ထူးထူး ရေးထားတာမတွေ့ဘူး။ *ကိုကြီးဘန်က အကျင့်မကောင်းဘူး။ စိတ်ပုပ်တယ်။ ဘယ်သူနဲ့မှ မတည့်ဘူး*··ဆိုတာလောက်ပဲ ထပ်ကာထပ်ကာ ရေးထားတယ်။ အင်း ··ရဲတွေကလည်း ဘန့်ကို အဲဒီလိုပဲ ထင်နေခဲ့တာ နေမှာပေါ့။ မီရှယ့်ရဲ့ ဒိုင်ယာရီ စာအုပ်တွေကို တစ်ကြောင်းချင်း သေချာထိုင်ဖတ်နေခဲ့ရတဲ့ စုံထောက်တွေရဲ့ဘဝကို ကျွန်မ မြင်ယောင်ကြည့်မိတယ်။ မီရှယ့် အချစ်ဆုံးသူငယ်ချင်း ဘယ်နေ့ဘယ်ရက် ဘယ်အချိန်မှာ ရာသီသွေး စပေါ်တယ် ဆိုတာတွေပါ ဖတ်ရမှာပေါ့နော်။

၉ မိနစ်··။

မွေးနေ့ကတ်တွေနဲ့ စာတွေ ထပ်တွေ့ပြန်ပြီ··။ စာရွက်ခေါက်တွေထဲမှာ တခြား စာရွက်တွေနဲ့ မတူဘဲ သေသေချာချာ လှလှပပ ခေါက်ထားတဲ့ စာတစ်စောင် တွေ့လိုက်တယ်။ ခေါက်ထားတာ တော်တော် သပ်ရပ်တယ်။ စာရွက်ကိုဖြေကြည့် လိုက်တယ်။ မိန်းကလေး လက်ရေးဝိုင်းဝိုင်းတွေနဲ့ ရေးထားတယ်။

*၅-နိုဝင်ဘာ-၁၉၈၄*

*ဟေး··ချစ်*

*ငါလေ··အခု ဘိုင်အိုခန်းထဲမှာ··စာသင်နေရင်း နင့်ကိုသတိရလာ လို့··တစ်ကိုယ်လုံး ထူပူနေပြီ သိလား··။ ဟိုနေ့က နင်နဲ့ အိပ်ခဲ့တာတွေကို ပြန်စဉ်းစားနေရင်း ငါ ရင်တွေတောင် မောလာပြီ။ ကျောင်းဆင်းရင်ငါ့အိမ်ကို လိုက်ခဲ့နော်။ အရမ်းလွမ်းနေပြီတကယ်။ အရမ်း ဖက်အိပ်ချင်နေပြီ။ အခုလို အချိန်မှာတောင် ငါလေ နင်နဲ့ ပလူးချင်နေသေးတယ်ဟာ··။*

*အိမ်က လူကြီးတွေ ခရီးသွားတိုင်း နင် ငါနဲ့ လာနေပေးနိုင်ရင် ကောင်းမှာပဲ။ နင့်အမေ မလွတ်လည်း ဘာအရေးလဲနော်။ ပြောပစ်လိုက်၊ ပြန်အော်ပစ်လိုက်၊ ကျွန်တော် ကလေးလေးမှ မဟုတ်တာလို့။ နင်မလာရင် ငါ့ဘာသာငါ တွေ့တဲ့သူ ခေါ်အိပ်ပစ်လိုက်မှာ(စတာပါ)။ ကျောင်းဆင်းရင် ငါ့ဆီလာတွေ့နော်။ ပါဆဲလ်လမ်းဘက်မှာ ကားရပ်ပြီး စောင့်နေမယ်။*

*ဆက်ဆက်လာခဲ့နော်··*

*ဒီယွန်ဒရာ··။*

ကျွန်မ ကြောင်သွားတယ်။ ဘန့်မှာ ရည်းစားမှ မရှိတာ။ ဘန့်မှာရည်းစားရှိ တယ်လို့ တစ်ခါမှ မကြားမိဘူး။ ဒီယွန်ဒရာ··တဲ့။ ဒီနာမည်ကို ကြားတောင်မကြား ဖူးဘူး။ စက္ကူပုံးရဲ့ အောက်ဆုံးနားမှာ ကျွန်မတို့ ကျောင်းရဲ့ ကျောင်းသားမှတ်တမ်း

စာအုပ်တွေ အထပ်လိုက်စီထားတယ်။ ဘန်ကျောင်းစတက်တဲ့ ၁၉၇၅ ခုနှစ်ကနေ ကျွန်မ နောက်ဆုံး ကျောင်းတက်ခဲ့တဲ့ ၁၉၉၀ ပြည့်နှစ်အထိ။ အဲဒါပြီးတော့ အန်တီ ဒိုင်ယန်း အိမ်ကနေ ကျွန်မ နှင်ထုတ်ခံရတယ်လေ။ ဆက်မတက်ဖြစ်ဘူး။

၁၉၈၄-၁၉၈၅ ကျောင်းသားမှတ်တမ်း စာအုပ်ကို ကျွန်မ ဖွင့်ကြည့်တယ်။ ဘန့်အတန်းထဲကလူတွေရဲ့ ဓာတ်ပုံတွေကိုရှာကြည့်တယ်။ ဒီယွန်ဒရာဆိုတဲ့ နာမည် မတွေ့သေးဘူး။ ဘန့် ဓာတ်ပုံကိုတော့ တွေ့တယ်။ ရင်ထဲမှာ နာသလိုလို ဖြစ်သွား တယ်။ ဘန့် ကိုယ်လုံးက ကိုင်းနေတယ်။ ဆံပင်တွေက ကပိုကရို။ ပွဲလမ်းသဘင် တွေသွားရင် ဝတ်တတ်တဲ့ တစ်ထည်တည်းရှိတဲ့ အောက်စ်ဖို့ ရှပ်အင်္ကျီနဲ့။ ကျောင်း စာအုပ်အတွက် ဓာတ်ပုံရိုက်ရတဲ့နေ့မှာ ဘန်တစ်ယောက် ဘယ်လိုကြိုးစားပြီးပြုံးနေ ခဲ့သလဲ..ကျွန်မ မြင်ယောင်ကြည့်မိတယ်။ ၁၉၈၄ နှစ်ဦးမှာ ဘန်ဒေးဆိုတဲ့ကောင်လေး သူ့အမေဝယ်ပေးတဲ့ ရှပ်အင်္ကျီကိုဝတ်၊ ဓာတ်ပုံရှေ့မှာ မပွင့်တပွင့်ပြုံးလို့။ နောက်နှစ် ဇန်နဝါရီလည်းကျရော လူသတ်မှုနဲ့ စွပ်စွဲခံရတဲ့ လူတစ်ယောက် ဖြစ်နေပြီ။ ဘန့် အတန်းထက် တစ်တန်းကြီးတဲ့ သူတွေရဲ့ ဓာတ်ပုံတွေကို ကျွန်မ ကြည့်ကြည့်တယ်။ ဒိုင်ယန်းတို့၊ ဒိုင်နက်စ်တို့ D နဲ့စတဲ့ နာမည်တွေကို တွေ့ရင် ကျွန်မ ခဏရပ်သွား တယ်။ ပြီးမှ မဟုတ်သေးဘူး ဆိုပြီး ဆက်ရှာတယ်။ မတွေ့သေးဘူး။ နောက်ထပ် တစ်တန်း ထပ်တက်ကြည့်တယ်။ မတွေ့ဘူးဆိုပြီး လက်လျှော့လိုက်မယ် အလုပ်မှာ ..ဟော တွေ့ပြီ။ *ဒီယွန်ဒရာ ဝါ့ဇ်နာ*..တဲ့။ ဆိုးလိုက်တဲ့ နာမည်ကြီး။ ရုပ်ကလည်း နာမည်နဲ့လိုက်အောင် ဆိုးမှာပဲလို့ ကျွန်မ တွေးပြီး သူ့ဓာတ်ပုံကို လိုက်ရှာတယ်။ ဒါပေမယ့် ဓာတ်ပုံထဲ ကောင်မလေးက တော်တော်ချောနေတယ်။ ပါးဖောင်းဖောင်း၊ ချစ်စရာလေး။ လိမ်ကွေးကွေး ဆံပင်နက်နက်တွေနဲ့။ သူ့နှာခေါင်းတွေ၊ မျက်လုံးတွေ အကုန်လုံးက ခပ်သေးသေး နုပ်နုပ်လေးတွေ။ ဒါပေမယ့် မိတ်ကပ်နဲ့ဖုံးထားတော့ တော်တော်လေး ကြည့်ကောင်းနေတယ်။ ဓာတ်ပုံတွေထဲမှာ သူ့ဓာတ်ပုံက သိသိသာ သာ ကွဲထွက်နေတယ်။ သူ့မျက်လုံးတွေထဲမှာ မထီမဲ့မြင်စိတ်က အရောင်လက်နေ တယ်။ မသိမသာ ဟနေတဲ့ ပါးစပ်ထဲမှာ သွားတက်ချွန်ချွန်တွေ..။

၁၉၈၃-၈၄ ကျောင်းသားမှတ်တမ်း စာအုပ်ကို စက္ကူပုံးထဲမှာ ရှာတယ်။ ဖွင့်ကြည့်တယ်။ ဒီယွန်ဒရာ့ပုံကို လိုက်ရှာတယ်။ မတွေ့ဘူး။ ၁၉၈၅-၈၆ ရဲ့ မှတ်တမ်းစာအုပ်ထဲမှာ ထပ်ရှာကြည့်တယ်။ မတွေ့တော့ဘူး။

+++

## ဘန်ဒေး

**၁၉၈၅၊ ဇန်နဝါရီ (၂) ရက်**
**နေ့လယ် ၃ နာရီ ၁၀ မိနစ်**

ထရေးရဲ့ ထရပ်ကားထဲမှာ ဆေးခြောက်နံ့၊ ခြေအိတ်နံ့နဲ့ ပိုင်ဖိတ်ထားတဲ့ အနံ့တွေ ရောပြီး ဟောင်နေတယ်။ ပိုင်ကတော့ ဒီယွန်ဒရာ သောက်ပြီး ဖိတ်ကျထားတာ ဖြစ်မယ်။ ဒီယွန်ဒရာက ပိုင်သောက်ပြီဆိုရင် ပုလင်းကိုလက်ထဲမှာကိုင်ထားရင်း သတိလစ်သွားတဲ့အထိ မူးအောင်သောက်တတ်တယ်။ သတိရလာရင် ပြန်သောက်ဖို့ ဆိုပြီး ပုလင်းထဲမှာ တစ်ငုံစာ ချန်ထားလိုက်သေးတယ်။ ထရပ်ကား အတွင်းခန်း တစ်ခုလုံး အမှိုက်တွေ ပွထနေတယ်။ တစ်သျှူးအဟောင်းတွေ၊ ငါးမျှားချိတ်တွေ၊ အဖော်အချွတ်မဲ့ဂွမ်းတွေ။ ဘန့်ခြေရင်းကခြေနင်းအခင်းမှာ မက္ကဆီကန် ပိုးကောင်ကြော်တွေ ထည့်ထားတဲ့ ဘူးတစ်ဘူး ချထားတယ်။ ဘူးအဖုံးပေါ်မှာ မက္ကဆီကန် ဦးထုပ် ဆောင်းထားတဲ့ ပဲစေ့လေးတွေ ခုန်ပေါက်နေတဲ့ပုံ ဆွဲထားတယ်။

"စားကြည့်လေ"..ထရေးက ပိုးကောင်ကြော်ဘူးကို မေးငေါ့ပြတယ်။

"တော်ပါပြီ၊ မစားတော့ဘူး။ ပိုးကောင်တွေမဟုတ်လား"

"ပိုးကောင်တော့မဟုတ်ဘူး၊ ပိုးဥတွေ။ လောက်လိုပဲ"ထရေးကပြောရင်း တဟားဟားရယ်တယ်။

"အာ..ဘာကြီးလဲ၊ မစားတော့ဘူး"

"လောက်မဟုတ်ပါဘူးကွ၊ ပိုးဥလေးတွေပါ။ ငါမင်းကို သက်သက်နောက် ပြောနေတာ။ အေးဆေးပေါ့"

7-Elevenစတိုးဆိုင်မှာ ကားခဏရပ်တယ်။ ထရေးက ကောင်တာနောက် မှာထိုင်နေတဲ့ အရောင်းစာရေးကို လက်ပြတယ်။ ဘီယာတစ်ဖာ ဝယ်တယ်။ ဒီယွန် ဒရာ သိပ်ကြိုက်တဲ့ နာချိုကြော်တစ်ထုပ်ဝယ်တယ်။ အမဲခြောက်တွေဝယ်တယ်။

ပိုက်ဆံပေးလိုက်တော့ အရောင်း စာရေးက ၃ ဒေါ်လာ ပြန်အမ်းတယ်။ ထရေးက ပြန်အမ်းငွေကို မယူဘဲ ကောင်တာပေါ်မှာ တင်ထားခဲ့တယ်။ အဲဒီတစ်ဒေါ်လာတန် ၃ ရွက်ကို ဘန့်မျက်လုံးထဲက မထွက်ဘူး။ ဒီလောကမှာ ထရေးလိုလူမျိုးတွေနဲ့ ပြည့်နေတာလား။ ၃ ဒေါ်လာကို ဒီအတိုင်း ထားခဲ့နိုင်လောက်အောင် ပိုက်ဆံကို ဂရုမစိုက်တဲ့ သူတွေ အများကြီးလား။ ဒီယွန်ဒရာလည်း အဲဒီလူစားမျိုးထဲမှာ ပါတယ်။ လွန်ခဲ့တဲ့ စက်တင်ဘာ လကုန်လောက်တုန်းက ဖြစ်မယ်··ဒီယွန်ဒရာက သူ့ရဲ့ မောင်နှမ တစ်ဝမ်းကွဲ တစ်ယောက်ရဲ့ ကလေးတွေကို ထိန်းပေးဖို့ တာဝန်ကျလာတယ်။ ဒါနဲ့ ဒီယွန်ဒရာနဲ့ ဘန်··ကလေးတွေကို ကားနောက်ခန်းမှာတင်၊ နဘရက်စကာ ဘက်မှာရှိတဲ့ ရေကူးကစားကွင်းဆီကို ကားမောင်းပြီး သွားကြတယ်။

ဒီယွန်ဒရာ အမေရဲ့ မက်စတန်းကားနဲ့ သွားတာ (ဒီယွန်ဒရာက သူ့ကားသူ မမောင်းချင်တော့ဘူးတဲ့··ရိုးနေပြီတဲ့။) မက်စတန်း ကားနောက်ခန်းမှာ ဒီယွန်ဒရာ ဝယ်လာတဲ့ ပစ္စည်းတွေနဲ့ ပြည့်နေတယ်။ ဘန့်တစ်သက်မှာ ဝယ်ဖို့ တစ်ခါမှ မစဉ်းစားဖူးတဲ့ ပစ္စည်းတွေ။ နေလောင်ခံ လိုးရှင်းဘူးတွေ၊ မျက်နှာသုတ်ပုဝါ ဒီဇိုင်းအမျိုးမျိုး၊ ပင်လယ်ကမ်းစပ်မှာ ကစားတဲ့ ဘောလုံးတွေ၊ ဘောကွင်းအရုပ်တွေ ပုံစံမျိုးစုံ··။ ဒီယွန်ဒရာ တူတွေ တူမတွေက ငယ်သေးတယ်။ ၆ နှစ်၇ နှစ်လောက်ပဲ ရှိဦးမယ်။ ကလေးတွေက ကားနောက်ခန်းမှာ ထိုင်လိုက်လာကြရင်း·· လက်ဘဲ့န် ဘက်ကို ကျော်လာတော့ ကားမှန် ပြတင်းပေါက်ကို ချတယ်။ တဟားဟား ရယ်ကြတယ်။ ဘာကို သဘောကျပြီး ရယ်နေကြသလဲ··လို့ ဘန် လှည့်ကြည့်လိုက်တော့ ကလေးတွေက ဒီယွန်ဒရာ ပစ်ချထားတဲ့ အကြွေစေ့တွေကို ကောက်ပြီး ကားပြတင်းပေါက်ကနေ အပြင်ကို လွှင့်ပစ်နေကြတာကိုး။ ကားနောက်ခန်း တစ်ခုလုံးမှာ ဒီယွန်ဒရာ ဒီအတိုင်း ပစ်ချထားတဲ့ တစ်ပြားစေ့တွေ၊ တစ်မတ်စေ့တွေ အများကြီးလေ။ ဟိုကြားဒီကြားတွေထဲမှာ၊ ထိုင်ခုံအောက်တွေမှာ အကုန်ပြန့်ကျဲနေတာ။ ကလေးတွေက အဲဒီအကြွေစေ့တွေကို လက်နဲ့ ကျုံးကောက်တယ်။ အပြင်ကို လွှင့်ပစ်တယ်။ နေရောင်အောက်မှာ တလက်လက်တောက်ပြီး ချွင်ခနဲ ချွင်ခနဲ လမ်းမပေါ်ကိုပြုတ်ကျသွားတဲ့ အကြွေစေ့တွေကို ကြည့်ရင်း သဘောတွေကျနေကြတယ်။

လူတစ်ယောက်နဲ့ တစ်ယောက် ဘယ်လောက် ကွာသလဲဆိုတာ အဲဒီမှာ ဘန် သဘောပေါက်သွားတယ်။ ငါကကြောင်ချစ်တဲ့သူ··နင်ကတော့ ခွေးချစ်တဲ့သူဆိုပြီး ကွာခြားတာမျိုးကို ပြောတာမဟုတ်ဘူး။ တစ်မတ်စေ့တွေကို ဘယ်လောက် ဂရုစိုက်သလဲ ဆိုတဲ့အပေါ်မှာ ကွာခြားသွားတာ။ ဘန့်အတွက် တစ်မတ်စေ့ ၄ စေ့

ဆိုတာ တစ်ဒေါ်လာပဲ။ တစ်မတ်စေ့ ၈ စေ့ဆိုရင် နေ့လယ်စာတစ်နပ်စားလို့ ရတယ်။ အဲဒီနေ့က အဲဒီ ကလေးတွေ ဒီယွန်ဒရာ့ ကားထဲကနေ အပြင်ကို လွှင့်ပစ်လိုက်တဲ့ မတ်စေ့တွေ အကုန် ပေါင်းလိုက်ရင် ဘန့်အတွက် ဂျင်းဘောင်းဘီ ကောင်းကောင်း တစ်ထည်လောက် ဝယ်လို့ ရနိုင်တယ်။ ကလေးတွေကို *အဲဒီလို လွှင့်မပစ်နဲ့လေ*·· *ရဲတွေတွေ့သွားရင် အမှိုက်ပစ်မှုနဲ့ ဖမ်းလိမ့်မယ်* လို့ ဘန်ပြောကြည့်တယ်။ ဒါပေမယ့် ဘန့်စကားကို နားမထောင်ကြပါဘူး။ ရယ်ပဲရယ်နေကြတယ်။ ဒီယွန်ဒရာက ကလေးတွေဘက်ကို လှည့်ပြီး ပြောတယ်။ 'ဟဲ့ နင်တို့ အဲဒီလိုလျှောက်လွှင့်ပစ်မနေနဲ့လေ။ ဘန့်အတွက် ကောက်စရာမကျန်တော့ဘဲ နေမယ်' တဲ့။ ဘန့်မျက်နှာတစ်ခုလုံး ပူခနဲ ဖြစ်သွားခဲ့တယ်။ ဒီယွန်ဒရာ ကားပေါ်မှာ ဒီအတိုင်း ပစ်ချထားတဲ့ အကြွေစေ့တွေကို ဘန်က ဒီယွန်ဒရာမသိအောင် ပြန်ကောက်ကောက်ပြီး သုံးနေခဲ့တာလေ။ ဘန် အရမ်းရှက်သွားမိခဲ့တယ်။ လေပြင်းတိုက်လို့ စကတ် လန်တက်သွားတဲ့ ကောင်မလေး တစ်ယောက်လို ဘန့်မျက်နှာတစ်ခုလုံး ရဲတက်လာတယ်။ ကိုယ့်ရည်းစားက ကိုယ်ပစ်ချထားတဲ့ အကြွေစေ့တွေကို ကိုယ်မသိအောင် ကောက်ပြီး ပြန်သုံးနေတာ·· ဒါကို ဒီယွန်ဒရာ အရင်ကတည်းက သိနေတယ်ဆိုရင် ဘာဖြစ်လို့ ဘန့်ကို မတားခဲ့သလဲ။ ဘန့်ကို သနားလို့၊ မပြောရက်လို့ မသိချင်ယောင်ဆောင်နေတာလား။ ဒါမှမဟုတ် လူရှေ့သူရှေ့ရောက်မှ ပြောချလိုက်မယ်ဆိုပြီး စောင့်နေတာလား။

ဒီယွန်ဒရာ့ အိမ်ရှေ့ရောက်တော့ ထရေးက ကားကို အရှိန်နဲ့ ကွေ့ဝင်လိုက်တယ်။ ဒီယွန်ဒရာ့ အိမ်ရဲ့ ပတ်ပတ်လည်မှာ ခြံစည်းရိုးတွေ ကာထားတယ်။ အထဲမှာ ခွေးခြံ တစ်ခြံရှိတယ်။ ခွေးခြံထဲမှာ ရောမ ခွေးဘီလူးကြီး သုံးကောင် မွေးထားတယ်။ သုံးကောင်စလုံးကို ဘန် ကြည့်မရဘူး။ အဲဒီထဲက တစ်ကောင်က ကျန်တဲ့နှစ်ကောင်ထက် ပိုဆိုးတယ်။ မျက်လုံးစွေစွေ၊ ရုပ်ဆိုးဆိုး၊ ဗလတောင့်တောင့်နဲ့။ ဒီယွန်ဒရာက သူ့မိဘတွေ မရှိတဲ့အချိန်ဆိုရင် ခွေးတွေကို အိမ်ထဲပေးဝင်တယ်။ ခွေးသုံးကောင်က စားပွဲတွေပေါ် ခုန်တက်တယ်။ ကြမ်းပြင်မှာ အီးပါချတယ်။ ဒီယွန်ဒရာက ခွေးချေးတွေကို ဒီအတိုင်း ပစ်ထားတယ်။ မသုတ်ဘူး။ အီးပုံကိုလေသန့်ဆေးဘူးနဲ့ တစ်ချက်နှစ်ချက် ဖျန်းပြီး ဒီအတိုင်း ထားလိုက်တာပဲ။ အခန်းအလယ်ကောင်က ကော်ဇော အကြီးကြီး တစ်ခုလုံး ခွေးချေးတွေ ဟိုတစ်ကွက် ဒီတစ်ကွက်နဲ့။ မိုင်းရှောင်သလို ကြည့်ရှောင်နေရတယ်။ ဘန် သန့်ရှင်းရေးလုပ်ပေးမယ်လို့ပြောတော့ ဒီယွန်ဒရာက အဲဒါ နင့်အလုပ်မဟုတ်ဘူး။ ငြိမ်ငြိမ်နေတဲ့။

အပြင်မှာ ရေခဲမတတ် အေးနေပေမယ့် ဒီယွန်ဒရာ့ အိမ်နောက်ဘက်တံခါးက

ဖွင့်ထားတယ်။ ခွေးသုံးကောင်က ခွေးခြံထဲမှာ ဟိုဘက်ပြေးလိုက် ဒီဘက်ပြေးလိုက် ပျာယာခတ်နေတယ်။

"အဲဒီခွေးတွေကို ကြည့်လို့ကိုမရဘူး"..ထရေးက ညည်းတယ်။

"ဒီယွန်ဒရာက အလိုလိုက်ထားတာကိုး"

ထရေးနဲ့ ဘန် အိမ်ရှေ့ဘက်ကို ပတ်လျှောက်လာတော့ ခွေးတွေက ခြံထဲကနေ ခြံစည်းရိုးအတိုင်း လိုက်လာပြီး ဟောင်တယ်။ ခြံစည်းရိုးကိုလက်သည်းတွေနဲ့ ကုတ်ဖဲ့တက်တယ်။ တဝုတ်ဝုတ် အော်တယ်။

အိမ်ရှေ့တံခါးလည်း ဖွင့်ထားတယ်။ အိမ်ထဲက အနွေးဓာတ်တွေ အပြင်ကို စိမ့်ထွက်နေတယ်။ အထဲကိုဝင်တော့ ဘန်..မနေနိုင်ဘဲ အိမ်ရှေ့တံခါးကို ပိတ်လိုက်တယ်။ အပူပေးစက် ဖွင့်ထားရင် တံခါးပိတ်ထားလေ။ မီတာခတွေ ကုန်လိုက်တာ။ ပြီးတော့မှ နှစ်ယောက်သား မြေအောက်ထပ်ကို ဆင်းသွားကြတယ်။ ဒီယွန်ဒရာ့ အခန်းက မြေအောက်ထပ်မှာ။

ဒီယွန်ဒရာက အခန်းထဲမှာ ဆွယ်တာပွပွကြီးဝတ်ပြီး သီချင်းသံအလိုက် က,နေတယ်။ ဘောင်းဘီ ဝတ်မထားဘူး။ ဆွယ်တာနဲ့ပဲ ပေါင်အထိဖုံးထားတယ်။ ဆွယ်တာကလည်း နှစ်ယောက်ဝတ်လို့ ရလောက်အောင်ကို ကြီးတယ်။ ထူးတော့ မထူးဆန်းပါဘူး။ ကျောင်းက ကောင်မလေးတွေလည်း အဲဒီလို အင်္ကျီ ပွပွကြီးတွေ ဝတ်ကြတာပဲ။ 'ရည်းစား ဆွယ်တာ' ဒါမှမဟုတ် 'ဒက်ဒီ့ အင်္ကျီ' လို့ခေါ်သတဲ့။ ဒီယွန်ဒရာကလည်း ကျောင်းသွားရင် အင်္ကျီပွပွတွေ ဝတ်တယ်။ အင်္ကျီအောက်မှာ တီရှပ်ရှည်ရှည် တစ်ထည် ခံဝတ်တယ်။ တီရှပ်ပေါ်မှာ ချိုင်းပြတ် ထပ်ခံတယ်။ ပြီးရင် ကော်လာပါတဲ့ ရှပ်အင်္ကျီ တစ်ထပ် ထပ်ဝတ်တယ်။ အလွှာပေါင်းများစွာပေါ့။ ဘန့် ဆွယ်တာကို ဒီယွန်ဒရာ့ကို ပေးဝတ်ကြည့်သေးတယ်။ 'ရည်းစား ဆွယ်တာ' ဖြစ်သွားအောင်ပေါ့။ ဒါပေမယ့် ဒီယွန်ဒရာက နှာခေါင်းရှုံ့ပြီးငြင်းတယ်။ 'ဟင့်အင်း၊ မဝတ်ချင်ဘူး။ နင့်ဆွယ်တာ ဒီဇိုင်းက အဆင်မပြေဘူး။ ပြီးတော့ ဆွယ်တာမှာ အပေါက်တွေက ပါသေးတယ်'တဲ့။ ကော်ဇောပေါ်မှာ ခွေးချေးပုံတွေ ပွထနေတာ ဘာမှမဖြစ်ဘဲ ဆွယ်တာမှာ အပေါက်ပါတာကို ရေးကြီးခွင်ကျယ်လုပ်နေတာ ဘန် နားမလည်ဘူး။ ဒီယွန်ဒရာ ကိုယ်တိုင်က ဖက်ရှင်နဲ့ ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်း မှန်သမျှကို ဘန့်ထက်ပိုသိနေတာလား။ ဘန်ပြောသလို မလုပ်ချင်လို့သူ့ပါးစပ်ထဲ ရှိတာတွေ လျှောက်ပြောနေတာလား။

ဒီယွန်ဒရာက AC/DC အဖွဲ့ရဲ့ Highway to Hell သီချင်းကို

အကျယ်ကြီးဖွင့်ပြီး ခုန်ပေါက်နေတယ်။ မီးလင်းဖိုထဲမှာ မီးတောက်တွေ တဝုန်းဝုန်း တောက်နေတယ်။ ဒီယွန်ဒရာ့ လက်ထဲမှာ မီးတရဲရဲနဲ့ စီးကရက်တစ်လိပ်ကိုကိုင် ထားတယ်။ ဒီယွန်ဒရာ့ဘေးက ကြမ်းပြင်မှာ ရှော့ပင်းထွက်ပြီး ဝယ်လာတဲ့ စက္ကူ အိတ်တွေ တစ်ဒါဇင်လောက် ပြန့်ကျဲနေတယ်။ အဝတ်အစားအသစ်တွေ ပါတယ်။ ပိုက်ဆံအိတ် အသစ်တွေပါတယ်။ ဖိနပ်ဘူး အသစ်တွေလည်း ပါတယ်။ ကတ္တီပါဘူး သေးသေးလေးတွေကတော့ ရတနာပစ္စည်းတွေ ဖြစ်မယ်ထင်တယ်။ ဒီယွန်ဒရာက ဘန်တို့ ဝင်လာတော့ တစ်ချက် လှမ်းကြည့်တယ်။ ဘန့်ဆံပင် နက်နက်တွေကိုသတိ ထားမိသွားတော့ ဒီယွန်ဒရာ့မျက်နှာ အားရပါးရပြုံးသွားပြီး ဘန့်ကို လက်မထောင် ပြတယ်။ "မိုက်တယ်ဟေ့" ..တဲ့။ ဘန့်စိတ်ထဲ နည်းနည်းတော့ သက်သာရာရသွား တယ်။ တော်သေးတာပေါ့။ ငကြောင်ပုံစံ ပေါက်မနေလို့။ "ငါပြောသားပဲ။ နင်နဲ့ ဆံပင်အနက်နဲ့ လိုက်မှာပါဆို"။ ဒီယွန်ဒရာကပြောပြီး ဆက်က,နေတယ်။

"ဘာတွေဝယ်လာတာတုန်း။ များလှချည်လား" ..ထရေးက ဒီယွန်ဒရာ့ အိတ်တွေကို တစ်ခုချင်း ဖွင့်ကြည့်ရင်း မေးတယ်။ ဒီယွန်ဒရာ့ လက်ထဲက သောက် လက်စ စီးကရက်ကို တောင်းသောက်တယ်။ ဘောင်းဘီဝတ်မထားဘဲ ဆွယ်တာပဲ ဝတ်ထားတဲ့ ဒီယွန်ဒရာ့ကို ဘန် မျက်လုံးပြူးပြီး ကြည့်လိုက်တော့ ဒီယွန်ဒယာက ဆွယ်တာကို အပေါ်ဆွဲတင်တယ်။ အောက်မှာ ခံဝတ်ထားတဲ့ ယောကျ်ားလေးဝတ် ဘောင်းဘီတိုကို ဘန်မြင်အောင် ပြတယ်။ ဘောင်းဘီတိုက ဘန့်ဟာ မဟုတ်ဘူး။

"ချစ်ကလည်း၊ ဘာဖြစ်နေတာလဲ" ..ဒီယွန်ဒရာ ဘန့်အနားကို လျှောက် လာပြီး ဘန့်ကိုနမ်းတယ်။ ဒီယွန်ဒရာ့ဆံပင်က ရတဲ့ စပျစ်သီးနံ့နဲ့ စီးကရက်နံ့တွေ နှာခေါင်းထဲတိုးဝင်လာတော့ ဘန် နည်းနည်းလေးငြိမ်ကျသွားတယ်။ ဒီယွန်ဒရာ့ကို ခပ်ဖွဖွ ဖက်ထားရင်း ပြန်နမ်းနေတုန်း ဘန့်ပါးစပ်ထဲကို ဒီယွန်ဒရာ့လျှာ စွတ်ခနဲ ဝင်လာတယ်။ ဘန် လန့်ပြီး တွန့်သွားတယ်။

"အောင်မလေး၊ ဘယ်လိုဖြစ်တာလဲ။ အဲဒီလောက်ကြီး ကြင်နာယုယနေ စရာမလိုပါဘူး။ နမ်းစရာရှိတာ နမ်းစမ်းပါ။ ဘာလဲ..နင့်အတွက် ငါက အသက် အရမ်းကြီးနေလို့လား"

ဘန် ရယ်မိသွားတယ်။ ဒီယွန်ဒရာ ဘာပြောတာလဲ သူနားမလည်ဘူး။

"ဘာကို အသက် အရမ်းကြီးရမှာလဲ။ နင့်အသက်ကလည်း ၁၈ နှစ်ပဲ ရှိသေးတယ်လေ။ ငါနဲ့ ဘယ်လောက်ကွာလို့လဲ"

"ငါကြားထားတဲ့ သတင်းတွေ နင်မသိသေးဘူးထင်တယ်" ..ဒီယွန်ဒရာ

အသံက စိတ်ဆိုးသလိုလို မာခေါက်ခေါက်ဖြစ်နေတယ်။

"ဘာပြောချင်တာလဲ ဒီယွန်ဒရာ"

"၁၈ နှစ်ဆိုတော့ နင့်အတွက် အရမ်းကြီးနေမလားလို့"

ဘန် ဘာပြန်ပြောရမှန်း မသိဘူး။ ဒီယွန်ဒရာ အခုလိုမျိုး ရယ်မလို ငိုမလို ပျော်သလိုဝမ်းနည်းသလို ဖြစ်နေတဲ့အချိန်တွေဆိုရင် ဆက်မမေးတာ အကောင်းဆုံးပဲ။ မေးရင်လည်း 'ဘာမှမဖြစ်ပါဘူး'၊ 'နောက်မှပြောတော့မယ်'၊ 'စိတ်ပူမနေနဲ့' ဆိုတဲ့ အဖြေတွေပဲ ပြန်ရမယ်။ ဒီယွန်ဒရာက ဆံပင်တွေကို နောက်လှန်သိမ်းတယ်။ ဘန်နဲ့ ထရေးကို ပတ်ပြီး သီချင်း အလိုက်အတိုင်း က,တယ်။ ဒီယွန်ဒရာ့လည်ပင်းပေါ်မှာ ဘန့်ရဲ့ နှုတ်ခမ်းစုပ်ရာတွေ အတန်းလိုက်ထင်နေတယ်။ တနင်္ဂနွေနေ့တုန်းက ဒီယွန် ဒရာက သူ့လည်ပင်းကို ဘန့်ကို နမ်းခိုင်းတယ်။ ရိုးရိုး နမ်းခိုင်းတာ မဟုတ်ဘဲ လည်ပင်းကိုသွေးစုပ်သလိုစုပ်ခိုင်းတာ။ "နာနာစုပ်လေ။ မဟုတ်ရင် ပါးစပ်ရာကျန်ခဲ့မှာ မဟုတ်ဘူး။ အဲဒီလိုမဟုတ်ဘူး။ ပါးစပ်ကို မစေ့လိုက်နဲ့၊ လျှာနဲ့လည်း မထိနဲ့၊ နှုတ်ခမ်းနဲ့ အားရပါးရစုပ်လိုက်။ ဟယ်··ဒါလေးတောင် မလုပ်တတ်ဘူးလား ဘန် ရယ်"··ဒီယွန်ဒရာက ဘန့်ကို အားမရသလို ဟောက်တယ်။ ဘန့်ခေါင်းကိုဆွဲကိုင် ပြီး ဘန့်လည်ပင်းကို သူ့ပါးစပ်နဲ့ ကပ်ပြီး သေခါနီး ငါးတစ်ကောင်လို ဟစိဟစိနဲ့ အားရပါးရ စုပ်တယ်။ "တွေ့လား။ အဲဒီလို လုပ်ခိုင်းတာ"··ဘန့်ကို မှန်ထဲမှာ သူ့လည်ပင်းသူ ပြန်ကြည့်ခိုင်းတယ်။ "လာ··ငါလုပ်ပြသလို လုပ်ပေး"

အခု ဒီယွန်ဒရာ့ လည်ပင်းမှာ အတန်းလိုက်ထင်နေတဲ့ အညိုရောင်၊ အပြာ ရောင် အကွက်အကွက်တွေက ဘန့်လက်ချက်ပေါ့။ ဘန်ရှက်သလိုလိုဖြစ်သွားတယ်။ ထရေးကလည်း အဲဒီနှုတ်ခမ်းရာတွေကို ကြည့်နေမှန်း ဘန် သတိထားမိသွားတယ်။

"ဟယ်··ဘန်·· နဖူးမှာ ဘာဖြစ်လာတာလဲ"··ဒီယွန်ဒရာက ဘန့်နဖူးက အကွဲရာကို အခုမှ သတိထားမိသွားတယ်။ လက်ညှိုးကို တံတွေးဆွတ်ပြီး ဘန့် ဒဏ်ရာဘေးက သွေးတွေကို သုတ်ပေးတယ်။ "ဘယ်သူလုပ်လိုက်တာလဲဟင်"

"ကလေးလေး စက်ဘီးမှောက်လာတာပါ"··ထရေးက လှောင်တဲ့အသံနဲ့ ဝင်ပြောတယ်။ စက်ဘီးမှောက်လာတဲ့ အကြောင်း ဘန် ထရေးကို ပြောမှမပြောပြရ သေးတာ ဘယ်လိုသိသလဲ။ ဘန့်စိတ်ထဲ ထောင်းခနဲ ဖြစ်သွားတယ်။ ဘာကိစ္စ သူ့ကို လှောင်ရတာလဲ။ ဘာလို့ အမှန်အတိုင်း သိနေရတာလဲ။

"ထရေး··မင်းပါးစပ်ကြီး ပိတ်ထားလိုက်"

"ဟေး·· ငါက ဒီအတိုင်းပြောတာပါ"··ထရေးက လက်နှစ်ဖက်လေထဲ

မြှောက်ရင်း ပြောတယ်။

"စက်ဘီးဘယ်လို မှောက်တာလဲ။ တစ်ယောက်ယောက် တွန်းချလိုက်တာလား။ ဘယ်သူ တွန်းချလိုက်တာလဲဟင်"..ဒီယွန်ဒရာက ဘန့်ပခုံးကို ပွတ်ပေးရင်းမေးတယ်။

"ဘန့် အတွက်ရော ဘာမှမဝယ်လာဘူးလား။ ဒီကောင် ဒီဂျင်းဘောင်းဘီစုတ်ကို နေ့တိုင်းဝတ်နေတာ နံစော်နေပြီ"..ထရေးက မေးတယ်။

"ဝယ်လာတာပေါ့"..ဒီယွန်ဒရာက ပြုံးရင်း ဖြေတယ်။ ဘန့်ခေါင်းပေါ်က ဒဏ်ရာကို မေ့သွားပြီ ထင်တယ်။ ဒီယွန်ဒရာက ကြမ်းပြင်ပေါ်မှာချထားတဲ့ အိတ်အနီကြီးဆီကို ပြေးသွားတယ်။ အထဲကနေ အနက်ရောင် သားရေဘောင်းဘီတစ်ထည်၊ တီရှပ်အကွက် တစ်ထည်နဲ့ ဂျင်းဂျက်ကက်တစ်ထည် ထုတ်လာတယ်။ ဂျက်ကက်ပတ်ပတ်လည်မှာ သံဆူးသေးသေးလေးတွေ တပ်ထားတယ်။

"ဟာ သားရေဘောင်းဘီကြီး ပါလား။ ရောခ့်ကာကြီးပေါ့"..ထရေးကရယ်တယ်။

"အို..ဘန်ဝတ်လိုက်ရင်ကြည့်ကောင်းသွားမှာ။ဘန်..ရော့သွားဝတ်ကြည့်လိုက်"..ဒီယွန်ဒရာက ဘန့်အနားကို ကပ်လာရင်း နှာခေါင်းရှုံ့တယ်။ "အား..နံလိုက်တာ။ ရေမချိုးထားဘူးလား။ အရမ်းနံတာပဲ။ ဟင်းနံ့ကို ဟောင်နေတာပဲ"..အဝတ်တွေကို ဘန့်လက်ထဲထိုးထည့်ပေးပြီး အိပ်ခန်းထဲကိုသွားခိုင်းတယ်။ "လက်ဆောင်ပေးတာနော်"..နောက်ကနေလှမ်းအော်တယ်။"ကျေးဇူးတင်စကားလေးဘာလေး ပြောဦးလေ"

"ကျေးဇူးပါ"..အိပ်ခန်းထဲကနေ ဘန် ပြန်အော်လိုက်တယ်။

"အဝတ်တွေ ဝတ်မကြည့်ခင် ရေ အရင်ချိုးနော်။ နံလိုက်တာ"..ဒီယွန်ဒရာ နောက်ပြောနေတာ မဟုတ်ဘူးပေါ့။ တကယ်နံနေတာပေါ့။ သူ့ကိုယ်က အနံ့ထွက်နေမှန်း ဘန်သိပါတယ်။ ဒါပေမယ့် တခြားသူတွေ အနံ့ရလောက်အောင်တော့ မဆိုးဘူးလို့ ထင်ထားတာ။ ဒီယွန်ဒရာ့ ရေချိုးခန်းထဲကို ဘန်ဝင်သွားလိုက်တယ်။ ဒီယွန်ဒရာ့မှာ ကိုယ်ပိုင်ရေချိုးခန်းနဲ့၊ အိမ်သာနဲ့။ သူ့မိဘတွေအတွက် အပေါ်မှာရေချိုးခန်းအကျယ်ကြီးတစ်ခု ရှိသေးတယ်။ ရေချိုးခန်းထဲ ရောက်တော့ ညစ်ပတ်ပေတူးနေတဲ့ အဝတ်တွေကို ချွတ်ပြီး ကြမ်းပြင်က ကော်ဇော ပန်းရောင်ပေါ်ကို ပစ်ချလိုက်တယ်။ ကျောင်းမှာ ကြမ်းတိုက်တုန်းက ဘောင်းဘီမှာ စိုသွားတဲ့ရေတွေ မခြောက်သေးဘူး။ ရေချိုးလိုက်တော့မှ ဘန့်တစ်ကိုယ်လုံး တင်းနေတာတွေ ပြေလျော့သွားတယ်။ ဒီ

ရေချိုးခန်းထဲမှာ ဒီယွန်ဒရာနဲ့ အကြိမ်ပေါင်းများစွာ ချစ်တင်းနှောဖူးတယ်။ ရေက နွေးနွေးစိမ့်စိမ့် အရသာတော်တော်ရှိတယ်။ကိုယ်တိုက်ဆပ်ပြာရည်တွေဘာတွေလည်း အပြည့်အစုံရှိတယ်။ ဘန့်အိမ်မှာဆိုရင် အမေ ဆပ်ပြာဝယ်ဖို့ မေ့နေတာနဲ့ပဲ ဘောဂီ ရှန်ပူနဲ့ ရေချိုးလိုက်ရတာ အခေါက်ခေါက်အခါခါ။

ရေချိုးပြီးတော့ ကိုယ်ကို သေချာသုတ်တယ်။ အောက်ခံဘောင်းဘီတိုကို ပြန်ဝတ်တယ်။ ဒီဘောင်းဘီတိုကလည်း ဒီယွန်ဒရာ ဝယ်ပေးထားတာပဲ။ ဒီယွန်ဒရာနဲ့ ဘန် ပထမဆုံး တူတူအိပ်ဖြစ်တော့ ဘန်ဝတ်ထားတဲ့ အတွင်းခံအဖြူရောင်ကို ကြည့်ပြီး ဒီယွန်ဒရာက သီးတော့မတတ် ရယ်ဖူးတယ်လေ။ သားရေဘောင်းဘီကိုအပေါ်က ထပ်စွပ်တယ်။ လုံးဝအဆင်မပြေဘူး။ အောက်မှာ ဘောင်းဘီတိုခံနေတော့ အရမ်း ကျပ်နေတယ်။ ဖင်ကိုကျုံ့၊ ပေါင်တွေကို လိမ်တွန့်ပြီး ဆွဲတင်ပေမယ့်လည်း သားရေ ဘောင်းဘီက အပေါ်တက်မလာဘဲ တင်းခံနေတယ်။ အောက်ခံဘောင်းဘီတိုကြောင့် ဖြစ်နေတာ။ ဘောင်းဘီအနားသားတွေက အလုံးအလုံးတွေဖြစ်ပြီးဖောင်းကားနေတာ။ သားရေဘောင်းဘီကို ပြန်ချွတ်လိုက်တယ်။ အောက်ခံဘောင်းဘီကို ချွတ်ပြီးကြမ်း ပေါ် ပစ်ချတယ်။ သားရေဘောင်းဘီကို ပြန်ဝတ်တယ်။ အောက်မှာ ဘာမှခံမထား တော့မှဘဲ သားရေဘောင်းဘီက သာသာယာယာဇစ်တပ်လို့ရတော့တယ်။ အပြင်က ဒီယွန်ဒရာနဲ့ ထရေးရဲ့ ရယ်သံတွေကို ကြားနေရတယ်။ ဘောင်းဘီက အထဲမှာ လှောင်ပြီး အိုက်နေတယ်။ ရေငုပ်ဝတ်စုံလောက်နီးနီး ကျပ်ထုပ်နေတာပဲ။

"အပြင်ထွက်ပြီး လာပြပါဦး"..ဒီယွန်ဒရာက လှမ်းခေါ်တယ်။

တီရှပ်အသစ်ကို ကောက်စွပ်ပြီး မှန်ထဲမှာ ဘန် ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့် တယ်။ ဒီယွန်ဒရာ့ အခန်း ပတ်ပတ်လည်မှာ ကပ်ထားတဲ့ ပိုစတာတွေထဲက ရောခ့် အဆိုတော်ပေါင်း များစွာရဲ့ မျက်လုံးတွေ ဘန့်ကို ဝိုင်းကြည့်နေသလိုပဲ..။ ပိုစတာ ထဲက အဆိုတော်တွေကလည်း သားရေဘောင်းဘီတွေ၊ ဂျက်ကက်တွေ ကိုယ်စီဝတ် ထားကြတယ်။ ပခုံးတွေ၊ ဒူးတွေမှာ သံချွန်တွေ အတက်တွေ ထွက်နေကြတယ်။ ရုတ်တရက် ကြည့်လိုက်ရင် ဖြိုဟ်သားတွေနဲ့တူနေတယ်။ မှန်ထဲမှာ ဘန့်ပုံစံက သိပ်မဆိုးပါဘူး။ ကြည့်ကောင်းပါတယ်။ အခန်းအပြင်ကို ပြန်ထွက်လိုက်တော့ ဒီယွန်ဒရာက အား..ခနဲအော်ပြီး ဘန့်ကိုပြေးဖက်တယ်။

"ချောလိုက်တာ။ ကြည့်ကောင်းလိုက်တာ။ အဲဒါကြောင့် ပြောတာ၊ နင်နဲ့ လိုက်မယ်ဆိုတာ ငါ သိပါတယ်လို့"..ဒီယွန်ဒရာက ဘန့်ဆံပင်တွေကို နောက်ကို လှန်ချလိုက်တယ်။ "ဆံပင်ရှည်တဲ့အထိ ထားရမယ်နော်။ ဆံပင်လေးရှည်ဖို့ပဲ လို

တော့တာ··။ အခုလည်း အရမ်းမိုက်နေပါပြီ"

ထရေးဘက်ကို လှည့်ကြည့်လိုက်တော့ ထရေးက ပခုံးတွန့်ပြတယ်။

"မင်းနဲ့ အတူတူအိပ်မှာ ငါမဟုတ်ဘူး။ ငါ့ကိုကြည့်မနေနဲ့"

ကြမ်းပေါ်မှာအစားအသောက်အကြွင်းအကျန်တွေ ပွထနေတယ်။ အမဲသား တစ်ဖတ်နှစ်ဖတ်နဲ့ နာချို အစအနတွေပဲ ကျန်တော့တယ်။

"အကုန်စားပစ်လိုက်ပြီလား"··ဘန်မေးလိုက်တယ်။

"ကျန်ပါသေးတယ်။ သွားစားလေ"··ဒီယွန်ဒရာက ဘန့်ဆံပင်တွေကို ဖွနေရာကနေ လက်ကိုပြန်သိမ်းလိုက်တယ်။

ထရေးက ဒီယွန်ဒရာ သူ့အတွက် ဝယ်လာပေးတဲ့ သံဆူးတွေနဲ့ရှပ်အင်္ကျီကို သူ့ကိုယ်မှာကပ်ကြည့်ပြီး ဒီယွန်ဒရာ့ အခန်းထဲကို ဝင်သွားတယ်။ (ထရေးအတွက် ဘာကိစ္စ ဝယ်လာပေးရတာလဲ။) ခဏကြာတော့ အခန်းထဲကနေ ဘီယာဘူးဖောက်သံ ကြားရတယ်။ ပြီးတာနဲ့ ထရေးရဲ့ရယ်သံ အကျယ်ကြီး ထွက်လာတယ်။ အားရပါးရ လှိမ့်ပြီး ရယ်နေတဲ့အသံ။

"ဒီယွန်ဒရာ·· လာကြည့်စမ်း··လာကြည့်စမ်း"

ဒီယွန်ဒရာ အခန်းထဲကို ပြေးဝင်သွားတယ်။ အပြင်မှာ ဘန်တစ်ယောက် တည်း ဘောင်းဘီထဲ ချွေးတွေစိမ့်ကျပြီး ကြောင်တောင်တောင်နဲ့ ကျန်နေခဲ့တယ်။ ခဏကြာတော့ ဒီယွန်ဒရာ့ ရယ်သံကို ကြားရတယ်။ နှစ်ယောက်စလုံး မျက်နှာစပ် ဖြီးဖြီးနဲ့ အခန်းထဲကနေ ပြန်ထွက်လာကြတယ်။ ထရေးက အပေါ်ပိုင်းဗလာနဲ့၊ သူ့လက်ထဲမှာ ကိုင်ထားတာက ဘန့်ရဲ့ အောက်ခံဘောင်းဘီ။

"ဟေ့ကောင်·· မင်း အခု သားရေဘောင်းဘီကို အတွင်းခံ မပါဘဲ ဝတ် ထားတာလား"··ထရေးက တဟားဟား ရယ်နေရင်း ဘန့်ကိုမေးတယ်။ မျက်လုံးကို တမင် ပြူးထားတယ်။ "အဲဒီ သားရေဘောင်းဘီကို လူ ဘယ်နှယောက်လောက် စမ်းဝတ်ပြီးပြီလဲ မင်းမသိဘူးလား။ လူ ၁၀ ယောက်လောက်ရဲ့ ဖင်ချွေးတွေ မင်းဖင်မှာ စိုနေလောက်ပြီ။ ဟားဟား"··ပြောရင်းနဲ့ ထရေးက ထပ်ရယ်ပြန်တယ်။ ဒီယွန်ဒရာကလည်း လိုက်ရယ်တယ်။

"ဟေး ဒီဘောင်းဘီထဲကိုလည်း ကြည့်ဦး။ အီးပေနေတာလားမသိဘူး"·· ထရေးက ဘန့် အတွင်းခံ ဘောင်းဘီကို ဖြန့်ပြရင်း ပြောတယ်။ "ရော့ သွားလျှော် လိုက်ဦး"

ဒီယွန်ဒရာက ဘန့် အောက်ခံဘောင်းဘီကို လက်ချောင်းနှစ်ချောင်းနဲ့

ညှပ်ကိုင်ပြီး မီးလင်းဖိုဘက်ကို ယူသွားတယ်။ ဘောင်းဘီကို မီးတောက်တွေထဲကို ပစ်ထည့်လိုက်တယ်။ ဘောင်းဘီကချက်ချင်း မီးမစွဲဘူး။

"မီးနဲ့တောင် ရှို့လို့မရပါလား"..ထရေးက ပြောတယ်။ "ဘာသားနဲ့ ချုပ်ထားတာလဲ။ နိုင်လွန် ဘောင်းဘီလား"..ထရေးနဲ့ ဒီယွန်ဒရာ ဆိုဖာပေါ်မှာ အတူတူ ထိုင်ချလိုက်တယ်။ ဒီယွန်ဒရာက ရယ်လို့ မပြီးသေးဘူး။ ကိုယ်ကိုတစ်ခြမ်းစောင်းပြီး အားရပါးရ ဆက်ရယ်နေတယ်။ ထရေးက ဒီယွန်ဒရာ့ ကိုယ်လုံးကို မှီထားရင်း ရယ်နေတဲ့ အရှိန်ကို သတ်တယ်။ ဒီယွန်ဒရာက မျက်စိမှိတ်ရယ်နေရင်း သူ့ရဲ့ မျက်လုံးပြာပြာတစ်လုံးကို ဖွင့်ကြည့်ပြီး ဘန့် အခြေအနေကို အကဲခတ်တယ်။ ဘန် ရေချိုးခန်းဘက်ကို ပြန်သွားပြီး ဘောင်းဘီပြန်လဲမလို့ ပြင်တော့ ဒီယွန်ဒရာ ဘန့်လက်ကို လှမ်းဆွဲတယ်။

"ဟော့..အချစ်ကလည်း စိတ်မဆိုးနဲ့လေကွာ။ ကြည့်ကောင်းပါတယ်။ တကယ် ပြောတာ။ ငါတို့က လှောက်စနေတာ"

"အေးလေ၊ ကြည့်ကောင်းပါတယ်။ တခြား ကောင်တွေ ဝတ်ထားပြီးသား ဘောင်းဘီဆိုတော့ မင်းလည်း ပိုပြီး ယောကျ်ားပီသသွားတာပေါ့"..ထရေးက ထပ်ရယ်ပြန်တယ်။ ဒါပေမယ့် ဒီယွန်ဒရာ သူနဲ့ လိုက်မရယ်တော့ တဖြည်းဖြည်းချင်း ရယ်နေတာ ရပ်သွားတယ်။ ရေခဲသေတ္တာဆီ ထသွားပြီး ဘီယာတစ်ဘူးထပ်ယူတယ်။ ထရေးရဲ့ အပေါ်ပိုင်းက အခုထိ ကိုယ်တုံးလုံးပဲ။ ထရေးရဲ့ ရင်ဘတ်မှာ ပေါက်နေတဲ့ အမွေး နက်နက်တွေကို ဘန်ကြည့်နေမိတယ်။ ရင်ဘတ်ပတ်လည်ကို ဝန်းရံထားတဲ့ ထရေးရဲ့ ကြွက်သားအမြှောင်းတွေက ချက်ကနေ အောက်ပိုင်းအထိ ကျစ်လျစ်ပြီး တင်းရင်းနေတယ်။ ဘန် ဒီတစ်သက်ကြိုးစားလည်း ထရေးရဲ့ ကိုယ်လုံးမျိုး ရမယ် မထင်ဘူး။ ဘန့်ကိုယ်လုံးက ဖြူဖျော့ပြီး သိမ်လှီနေတာ။

"ဟေး..ဘန်။ စိတ်မဆိုးနဲ့တော့လေ"..ဒီယွန်ဒရာက ဘန့်ကိုဆိုဖာပေါ် ဆွဲလှဲချရင်းပြောတယ်။ "ဒီနေ့တစ်နေ့လုံး နင့် အကြောင်းတွေပဲ ငါကြားနေရတာ။ တကယ် စိတ်ဆိုးရမှာက နင်မဟုတ်ဘူး၊ ငါ။ "

"တွေ့လား။ နင်ဘာတွေပြောနေတာလဲ။ ဘာကိုဆိုလိုချင်တာလဲ"..ဘန် စိတ်ဆိုးဆိုးနဲ့ ပြောလိုက်တယ်။ "ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်း ပြောချလိုက်။ စကားဝှက်တွေနဲ့ လုပ်မနေနဲ့။ ငါဒီနေ့ တစ်ရက်လုံး ဘာတစ်ခုမှ အဆင်မပြေဘူး။ စိတ်မရှည်တော့ဘူး"

ဒီယွန်ဒရာ့ အကျင့်က အဲဒါပဲ။ ဘန့်ကို စိတ်မဆိုးဆိုးအောင် ဆွပေးမယ်။

အဓိပ္ပာယ် ဖွင့်မရတဲ့ စကားတွေ ဟိုတစ်စ ဒီတစ်စ ချကျွေးမယ်။ ဘန်အရမ်းစိတ်ဆိုးလာပြီဆိုတော့မှ‥ 'ဟယ် ဘာလို့ စိတ်ဆိုးနေတာလဲ' ဆိုပြီး ပြန်မေးမယ်။

"ဩော်‥ချစ်ကလည်း‥"‥ဒီယွန်ဒရာက ဘန့် နားရွက်နား ကပ်ပြီးပြောတယ်။ "ရန်မဖြစ်နဲ့နော်။ ရန်မဖြစ်ချင်ဘူး။ လာ‥အခန်းထဲသွားမယ်။ အခန်းထဲရောက်မှ ပြန်ချော့မယ်နော်"‥ပြောရင်းနဲ့ ဘန့်ကို ဆွဲခေါ်တယ်။

"ဟိုမှာ ထရေးရှိနေတယ်လေ"

"ထရေးက ဂရုမစိုက်ပါဘူး"‥ဒီယွန်ဒရာက ပြောရင်း ထရေးဘက်ကို လှမ်းအော်တယ်။ "တီဗွီကြည့်နေလိုက်နော် ထရေး။ ရတယ် မဟုတ်လား"

ထရေးက သူတို့ကို လှည့်တောင်မကြည့်ဘဲ အင်း‥ဆိုတဲ့အသံနဲ့ ပြန်ဖြေတယ်။ ဆိုဖာပေါ်ကို ဝုန်းခနဲ ပစ်လှဲတယ်။ ဘီယာဘူးထဲက ဘီယာတွေ ကြမ်းပေါ်ကို ဖိတ်ကျကုန်တယ်။

ဘန် တော်တော်ကို စိတ်ဆိုးနေပြီ။ ဒီယွန်ဒရာကလည်း ဘန်စိတ်ဆိုးနေမှ သဘောကျတယ် ထင်တယ်။ အခန်းတံခါးကို ပိတ်လိုက်တာနဲ့ ဘန် ဒီယွန်ဒရာ့ကို ဆွဲဖက်လိုက်တယ်။ ဒီယွန်ဒရာက ဘန့်ဘက်ကို ချာကနဲ လှည့်လာပြီး ဘန့်မျက်နှာကို လက်သည်းနဲ့ ဇစ်ခနဲ ကုတ်ပစ်တယ်။ ဘန့်မျက်နှာမှာသွေးတွေစိမ့်ထွက်လာတယ်။

"အား‥ဘာလုပ်တာလဲဟ"‥ဘန့် မျက်နှာမှာ နောက်ဒဏ်ရာတစ်ခု တိုးလာပြန်ပြီ။ တိုးပါစေ။ ကလေးလို နုနေတဲ့ မျက်နှာမှာ အမာရွတ်တွေ ထပ်လိုချင်တယ်။ ဒီယွန်ဒရာက ဘန့်ကိုကြည့်ရင်း နောက်ကို တစ်လှမ်းဆုတ်တယ်။ ဘန့်ကို ဆွဲခေါ်တယ်။ အိပ်ရာပေါ်ကို လှဲချတယ်။ အိပ်ရာပေါ်မှာ တင်ထားတဲ့ မွေးပွရုပ်ကြီးတွေ ဘေးကိုပြုတ်ကျကုန်တယ်။ ဒီယွန်ဒရာက ဘန့်လည်ပင်းကို လက်သည်းနဲ့ ကုတ်တယ်။ ဘန့် မျက်လုံးထဲမှာ ပူကျစ်ပြီး နီနီရဲရဲတွေပဲ မြင်နေတယ်။ တစ်ကိုယ်လုံးက သွေးတွေ နားထင်အထိဆောင့်တက်လာတယ်။ ဒီယွန်ဒရာ့ ဗိုက်သားနေရာကို ဘန့်မျက်လုံးတွေရောက်သွားတယ်။ ဒီယွန်ဒရာက ဟိုဘက်ကိုလှည့်တယ်။ ဘန့်ကို သမင်လည်ပြန် ပြန်ကြည့်တယ်။ စိန်ခေါ်တဲ့ အကြည့်မျိုး‥။

ဘန့် မျက်လုံးတွေ ပြာခနဲဖြစ်သွားတယ်။ သုံးမိနစ်လောက် အကြာမှာ‥ဘန် ပက်လက်လန်နေပြီ။ အသက်ကို မနည်းလုပြီး ရှူနေရပြီ။ နှလုံးရောဂါသည်လို ဟက်ပဲ့ဟက်ပဲ့ ဖြစ်နေပြီ။ ဒီယွန်ဒရာနဲ့ အိပ်ပြီးတဲ့ အချိန်တိုင်း ဘန့်စိတ်ထဲမှာ ဝမ်းနည်းသလိုလို၊ စိတ်ဓာတ်ကျ သလိုလို ခံစားရတယ်။ မောလည်းမောတယ်။

အခု တစ်ခါနဲ့ဆိုရင် ဒီယွန်ဒရာနဲ့ တူတူအိပ်တာ ၂၂ ခါတိတိရှိပြီ။ ဘန်

သေချာ မှတ်ထားတယ်။ ရုပ်ရှင်တွေထဲမှာဆိုရင် ရည်းစားနဲ့ အိပ်ပြီးတဲ့အခါ သက်သောင့်သက်သာ အိပ်မောကျသွားကြတာပဲ။ ဘန်ကတော့ အဲဒီလိုတစ်ခါမှ အိပ်ပျော်မသွားဖူးဘူး။ ငိုချင်စိတ်ပဲ ဖြစ်နေတယ်။ ဒါပဲလား··ယောကျ်ားတွေအသည်းအသန်လိုက်ရှာနေတဲ့၊ နိုင်ငံတွေကိုတောင် စစ်ဖြစ်စေတဲ့ ကာမ အရသာဆိုတာ ဒါကြီးလား။ ပြီးတော့ ဘန်နဲ့ အိပ်ရတာကို ဒီယွန်ဒရာ ကြိုက်သလား၊ မကြိုက်ဘူးလား ဘန်လုံးဝမသိဘူး။ အသံပေါင်းစုံတော့ ထွက်နေတာပဲ။ ဒါပေမယ့် ဟန်ဆောင်နေတာလည်းဖြစ်နိုင်တယ်။ အခုလည်း ဒီယွန်ဒရာက ဘန့်ဘေးမှာ ပက်လက်လန် အိပ်နေတယ်။ ဘန့်ကို ထိတောင်မထိတော့ဘူး။

"ငါဒီနေ့ရှော့ပင်းထွက်တော့ သူငယ်ချင်းတွေနဲ့တွေ့တယ်" ဒီယွန်ဒရာက ပြောတယ်။ "သူတို့က ပြောတယ်။ နင် ကျောင်းမှာ အလယ်တန်းကောင်မလေးတွေကို မဖွယ်မရာတွေ လုပ်နေတယ်တဲ့။ ၁၀ နှစ်၊ ၁၁ နှစ် ကလေးတွေတဲ့"

"ဟမ်။ ဘာတွေပြောနေတာလဲ"··ဘန် ခေါင်းထဲမှာ ရီဝေဝေဖြစ်နေရင်း ပြန်မေးလိုက်တယ်။

"ခရစ်ဆီကိတ်ဆိုတဲ့ ကလေးမလေးနဲ့ နင်နဲ့ သိလား"

လှဲနေရာကနေ ဆတ်ခနဲ ထမထိုင်လိုက်မိဖို့ ဘန် စိတ်ကို မနည်းထိန်းလိုက်ရတယ်။ လက်နှစ်ဘက်ကို ရင်ဘတ်ပေါ်တင်ပြီး တင်းတင်းပိုက်ထားလိုက်တယ်။

"အေး··သိတယ်လေ။ ငါမော်နီတာလုပ်ပေးတဲ့ ပန်းချီအတန်းထဲကလေ"

"ဘာပန်းချီအတန်းလ၊ နင်ငါ့ကို တစ်ခါမှ ပြောမပြဖူးပါဘူး"

"ဘာပြောရမှာလဲ၊ တစ်ခါလား နှစ်ခါလားပဲ မော်နီတာလုပ်ပေးဖူးတာ။ ငါ့အရင် ဆရာမက အကူအညီတောင်းလို့"

"သူတို့ကပြောတယ်။ နင့်ကို ရဲတွေ လိုက်ရှာနေတယ်တဲ့။ ကျောင်းကကောင်မလေးတွေကို နင် မဟုတ်တာတွေ လျှောက်လုပ်ထားတယ်တဲ့။ နင့်ညီမလေးတွေ အရွယ်လောက်ပဲ ရှိတဲ့ ကောင်မလေးတွေတဲ့။ နင့်ကို နှာဘူးကြီးဆိုပြီးအားလုံးကခေါ်နေကြပြီ"

ဘန် ဝုန်းကနဲ ထထိုင်လိုက်တယ်။ ကျောင်းမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေ ဘန့်အာရုံထဲမှာ ပြန်ပေါ်လာတယ်။ ဘတ်စကက်ဘော နည်းပြရဲ့ ဘန့်ကိုကြည့်တဲ့ မျက်လုံးတွေ။ "နင်က ငါ့ကို နှာဘူးလို့ ထင်နေတာလား"

"ငါမပြောတတ်ဘူး"

"ဘာကို မပြောတတ်တာလဲ။ ငါ့ကို အဲဒီလိုကောင်လို့ထင်နေရင် ဘာလို့

အခု ငါနဲ့ အိပ်သေးလဲ''

''ငါနဲ့ဆိုရင်ရော စိတ်ပါသေးရဲ့လားဆိုတာ စမ်းကြည့်ချင်လို့ပါ''..ဒီယွန်ဒရာက ဟိုဘက်ကို လှည့်သွားပြန်တယ်။

''အဓိပ္ပာယ်မရှိလိုက်တာ။ ဒီမှာ..ဒီယွန်ဒရာ''..ဒီယွန်ဒရာက ဘာမှပြန်မပြောဘူး။ ဟိုဘက်ပဲလှည့်နေတယ်။ ''ဒီမှာ.. ငါပြောပြမယ်။ ငါ့ပါးစပ်က ပြောတာကို နားထောင်။ ဘယ်ကောင်မလေးနဲ့မှ ငါဘာမှမဖြစ်ခဲ့ဘူး။ ငါချစ်တာ နင်ပဲရှိတယ်။ အလယ်တန်းကလေးတွေကို ငါက ဘာလို့စိတ်ဝင်စားရမှာလဲ။ လုံးဝမဟုတ်ဘူး။ ကြားလား''..ဘာမှပြန်မဖြေဘူး။ ''..ကြားလားလို့ ငါမေးနေတယ်လေ''

ဒီယွန်ဒရာ ဘန့်ဘက်ကို ခေါင်းတစ်ခြမ်းလှည့်လာတယ်။

ဘန့်ကို လှည့်ကြည့်တဲ့ သူ့မျက်လုံးပြာပြာထဲမှာ ဘာခံစားချက်မှမရှိဘူး။ ဒီယွန်ဒရာက ပြောတယ်။

''ရှူး..တိတ်တိတ်နေ။ ဗိုက်ထဲက ကလေး လန့်သွားလိမ့်မယ်..''

+++

# လစ်ဘီဒေး

ယနေ့

မဂ်ဒါ့အိမ်ကို သွားတဲ့တစ်လမ်းလုံး လိုင်ဝိုက်သ်က စကားမပြောဘဲ တောင့်တောင့်ကြီး ထိုင်လိုက်လာတယ်။ မဂ်ဒါတို့နဲ့ တွေ့ရင် ပြန်ရောင်းဖို့ ဆိုပြီး ကျွန်မ ပစ္စည်းတွေ ယူလာတာကို လိုင်ဝိုက်သ် စိတ်ထဲကနေ ဝေဖန်နေတာလား။ ရောင်းဖို့ ယူလာတာတွေက ဘာမှ စိတ်ဝင်စားစရာ မပါပါဘူး။ မီရှယ်နဲ့ ဒက်ဘ်ိအတွက် အမေ ပေးထားတဲ့ မွေးနေ့ကတ် ၅ ခုပါတယ်။ ကတ်တိုင်းမှာ အမေ့လက်ရေးနဲ့ အမှတ်တရ စာကြောင်းလေးတွေ ရေးထားတယ်။ ပြီးတော့ ဘန့်အတွက် ရေးပေးထားတဲ့ မွေးနေ့ကတ်ပါတယ်။ ဘန့်မွေးနေ့ကတ်ကတော့ ပိုက်ဆံပိုရလောက်တယ်။ ဒါတွေကို အခုလို ပြန်ရောင်းရတာ ကျွန်မစိတ်ထဲ မလုံပါဘူး။ ဒါပေမယ့် ပိုက်ဆံမရှိဘဲ ဘဝပျက်မှာကို ပိုကြောက်မိတယ်။ ဘန့်ရဲ့ မွေးနေ့ကတ်ထဲမှာ အမေက ရေးထားတယ်။ 'ဘန်ရေ ၁၂ နှစ်တောင် ပြည့်ပြီနော်။ အမေ့ မျက်စိရှေ့မှာ ငါ့သားကြီးလာလိုက်တာ။ နောက်သုံးလေးနှစ်ဆိုရင် ကားတောင် မောင်းတတ်တော့မယ်' တဲ့။ အဲဒါကိုဖတ်ရတော့ ကျွန်မ ချက်ချင်း မွေးနေ့ကတ်ကိုပစ်ချပြီး အလန့်တကြား နောက်ကို ဆုတ်လိုက်မိတယ်။ ဘာလို့လဲဆိုတော့ ဘန် ကားမမောင်းတတ်ခင်မှာပဲ အမေအသတ်ခံလိုက်ရတယ်လေ။ ပြီးတော့ ဘန်က ထောင်ထဲမှာ တစ်သက်လုံးနေလာခဲ့တာ·· ဘယ်လို ကားမောင်းတတ်တော့မှာလဲ။

ထားပါတော့။

ကျွန်မ ကားကို မစ်ဇူရီ မြစ်ကမ်းဘေးအတိုင်း တောက်လျှောက် မောင်းလာတယ်။ မြစ်ရေက နေရောင်အောက်မှာ အရောင်တောင် မလက်တော့ဘဲ မှိန်ပျပျဖြစ်နေတယ်။ ကျွန်မ ဒီစာတွေကို ပြန်ရောင်းဖို့ ရည်ရွယ်ထားပေမယ့် အဲဒီ စာတွေကို ကျွန်မရှေ့မှာ သူတို့ ဖွင့်ဖတ်ကြတာကိုတော့ မမြင်ချင်ဘူး။ ဘယ်လိုလုပ်ရင်

ကောင်းမလဲ။ ပစ္စည်းတွေကို ပေးခဲ့ပြီးတာနဲ့ လှည့်ပြန်ရင် ကောင်းမလား။

မင်္ဂဒါ့အိမ် ရှိတဲ့နေရာကို လိုင်ဝိုက်သ်က လမ်းညွှန်ပေးတယ်။ လူလတ်တန်းစားတွေ နေတဲ့ ရပ်ကွက်တွေ တစ်ခုပြီး တစ်ခုကို ဖြတ်ရတယ်။ အိမ်တိုင်းလိုလိုမှာ စိန့်ပက်ထရစ်နေ့ အထိမ်းအမှတ် အလံလေးတွေ ချိတ်ထားကြတယ်။ လိုင်ဝိုက်သ်က ဘေးခုံမှာ ထိုင်နေရင်း သူ့ကိုယ်လုံးကို ဟိုလှည့် ဒီလှည့်လုပ်တယ်။ လက်တွေက အငြိမ်မနေဘဲ ကားမှန်ကို တင်တယ်၊ ချတယ်။ ပြီးတော့မှ ကျွန်မဘက်ကို လှည့်လာတယ်။ သူ့ဒူးခေါင်းရှည်ရှည်နဲ့ ဂီယာတံနဲ့ ထိမိမလို ဖြစ်သွားတယ်။

"အဲဒီတော့··"

"အဲဒီတော့ ဘာဖြစ်လဲ"

"အခု မင်္ဂဒါနဲ့ တွေ့ဖို့စီစဉ်ထားတဲ့ကိစ္စလေ။ အဲဒါ··မင်္ဂဒါ့ ထုံးစံအတိုင်းပဲ အစီအစဉ် နည်းနည်းပြောင်းသွားပြန်ပြီ"

"ဘယ်လိုပြောင်းသွားတာလဲ"

"ဟိုဗျာ··ခင်ဗျား သိတယ်မဟုတ်လား·· မင်္ဂဒါက ဒေးလွတ်မြောက်ရေး အဖွဲ့ဆိုပြီး အဖွဲ့တစ်ခု ထောင်ထားတယ်လေ။ ဘန် ထောင်ကလွတ်ဖို့အရေး သူတို့ အရေးပေါ့။ အဲဒါနဲ့··ဒီနေ့တွေ့ဆုံပွဲကို သူ့အဖွဲ့က အမျိုးသမီးတွေလည်းလာခဲ့ကြဖို့ ဖိတ်ထားတယ်"

"ဘာ"··ကျွန်မ ပက်ပက်စက်စက် ဆဲလိုက်တယ်။ ကားကိုပလက်ဖောင်းဘေး ထိုးရပ်လိုက်တယ်။

"ခဏလေး ခဏလေး။ စိတ်လျှော့။ ခင်ဗျားအဖေ ရန်နာဒေးကို ခင်ဗျား လိုက်ရှာချင်တယ်မဟုတ်လား။ ဒါဆိုရင် မင်္ဂဒါတို့အဖွဲ့နဲ့ ခင်ဗျားတွေ့မှဖြစ်မယ်။ ခင်ဗျားလိုတဲ့ အသုံးစရိတ်တွေကို သူတို့ ပေးလိမ့်မယ်။ ဒါမှ ရန်နာ့ကို ခင်ဗျားတွေ့ အောင်ရှာပြီး မေးချင်တာမေးလို့ရမှာ။ ပြီးတော့ ကျွန်တော့်မှာ ပိုက်ဆံသိပ်မရှိတော့ ဘူးဗျ။ ခင်ဗျားကို နောက်ထပ်ပေးဖို့ မရှိတော့ဘူး။ သူတို့နဲ့သွားတွေ့မှရမယ်"

"ဩော်၊ ဒါဆို ကျွန်မက အဲဒီမိန်းမတွေရှေ့မှာထိုင်ပြီး သူတို့ဝိုင်းပြောတာ ငြိမ်ခံနေရမှာလား။ အရင်တစ်ခါက ခံလိုက်ရတာ ရှင်မေ့နေပြီလား"

"ဟာ··အခုတစ်ခါတော့ အဲဒီလို မဟုတ်တော့ပါဘူးဗျ။ ရန်နာဒေးနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ခင်ဗျားကို သူတို့ ပြောပြလိမ့်မယ်။ သူတို့ကဒီအမှုနဲ့ ပတ်သက်ပြီး တော်တော်သိတယ်လေ။ ပြီးတော့ ခင်ဗျား ကိုယ်တိုင်လည်း ဘန့်မှာ အပြစ်မရှိဘူးဆိုတာကို လက်ခံလိုက်ပြီမဟုတ်လား"

အတိတ် မြင်ကွင်းတစ်ခု ကျွန်မမျက်လုံးထဲကို ဝင်လာတယ်။ တီဗွီရှေ့မှာ ထိုင်နေတဲ့ ဘန်…။ အမေက အဝတ်တောင်းကို ခါးမှာရွက်ရင်း ဘန့်နောက်ကနေ အဖြတ်မှာ ဘန့်ဆံပင်တွေကို လက်နဲ့ဖွသွားတယ်။ ဘန်က လှည့်မကြည့်ဘဲ ပြုံးနေ တယ်။ အမေအခန်းထဲက ထွက်သွားမှ သူ့ဆံပင်တွေကို အရင်အတိုင်း ဖြစ်အောင် လက်နဲ့ပြန်သပ်ချတယ်။

"လုံးဝကြီး လက်ခံလိုက်တာမျိုးတော့ ဘယ်ဟုတ်ပါ့မလဲ"

ကားစက်ကို ပြန်နှိုးလိုက်တော့ ရေဒီယိုမှာ ဘီလီဂျိုဝဲလ် သီချင်း အစနဲ့ တည့်တည့်ကြီးတိုးတယ်။ ရေဒီယိုလိုင်းကို ပြောင်းလိုက်တယ်။

"ပြီးရော ပြီးရော။ သွားမယ်။ စိတ်ကုန်တယ်"

ခဏ ဆက်မောင်းလိုက်တော့ မဂ်ဒါနေတဲ့ ရပ်ကွက်ကိုရောက်တယ်။ သူ့ ရပ်ကွက်က ကျွန်မ ရပ်ကွက်လိုပဲ သိပ် ပြောင်ပြောင်ရောင်ရောင် မရှိလှပါဘူး။ အိမ်တွေကတော့ ကျွန်မ ရပ်ကွက်ထက် ပိုသန့်တယ်။ အိမ်အိုအိုဟောင်းဟောင်းလေး တွေကို ဆေးအသစ်တွေ သုတ်ထားတယ်၊ ပတ်ပတ်လည်မှာ ပန်းတွေ စိုက်ထားကြ တယ်။ အလံတွေဘာတွေ ချိတ်ထားတယ်။ မဂ်ဒါ့ရပ်ကွက်က အိမ်တွေကိုကြည့်ရတာ ဘာနဲ့ တူသလဲဆိုတော့ သောကြာနေ့ည ဘီယာဆိုင်က မိန်းကလေးတွေနဲ့ တူတယ်။ အလှအပတွေ အစွမ်းကုန် ပြင်ထားကြပေမယ့် ထင်သလောက် လှမလာတဲ့ ကောင်မ လေးတွေလိုပဲ။ မဂ်ဒါ့အိမ်က မိတ်ကပ် အဖွေးသား လိမ်းထားပေမယ့် ရုပ်အဆိုးဆုံး ဖြစ်နေသေးတဲ့ မိန်းကလေးပဲ။ အိမ်ရှေ့နေရာမှာ အလှတန်ဆာပစ္စည်းတွေအစုံအလင် စီထားတယ်။ ဘဲရုပ်တွေ၊ ငန်းရုပ်တွေ၊ မှင်စာရုပ်လေးတွေ။ လေတိုက်ရင်တဝှစ်ဝှစ် လည်တဲ့ ပလတ်စတစ်ပန်းတွေ။ ခရစ္စမတ်ကတည်းက မသိမ်းရသေးတဲ့ သမင်ရုပ် ကတ်ထူပြားတစ်ပြားလည်း ထောင်ထားတယ်။ အိမ်ခြံဝင်းမှာ မြက်ထက် ရွံ့ဗွက် တွေက ပိုများနေတယ်။ ဟိုနားတစ်စ ဒီနားတစ်စ ထိုးထွက်နေတဲ့ မြက်စိမ်းလေးတွေ တော့ ရှိပါတယ်။ ကျွန်မ ကားစက်ကိုသတ်လိုက်တယ်။ နှစ်ယောက်သား မဂ်ဒါ့ရဲ့ ခြံထဲက ပုစုခရုတွေကို ငေးကြည့်နေမိတယ်။

လိုင်ဝိုက်သ်က ကျွန်မ ဘက်ကို လှည့်တယ်။ လက်ဝါးနှစ်ဖက်ကို ဖြန့်ပြီး ထောင်တယ်။ ဘောလုံးပွဲမစခင် အသင်းသားတွေကို ရှင်းပြနေတဲ့ နည်းပြပုံစံမျိုးနဲ့ ပြောတယ်။ "ဒီတော့··အထဲရောက်ရင် စိတ်အရမ်းမပူနဲ့။ အိုကေသွားမှာပါ။ တစ် ခုပဲဗျ။ သူတို့ရှေ့မှာ ဘန့်အကြောင်းပြောရင် သတိထားပြောနော်။ ဘန်နဲ့ပတ်သက် လာရင် ဒီလူတွေက အထိမခံတွေ"

"အထိမခံဆိုတာ ဘာကိုပြောတာလဲ"

"ဘယ်လိုပြောရမလဲဗျာ။ ခင်ဗျား ဘုရားကျောင်းသွားဖြစ်လား"

"ငယ်ငယ်တုန်းက သွားဖူးတယ်"

"သူတို့ရှေ့မှာ ဘန့်မကောင်းကြောင်း ပြောတာ ဘုရားကျောင်းထဲဝင်ပြီး ဘုရားသခင်ကို မုန်းတယ်..လို့ပြောတာနဲ့ အတူတူပဲဗျ"

...

မဂ်ဒါ့ အခန်းက တကယ်လည်း ဘုရားကျောင်းလိုလို အသုဘအိမ်လိုလိုဖြစ် နေတယ်။ ကော်ဖီ အဝသောက်လို့ရတယ်။ အဝတ် မှောင်မှောင်မည်းမည်းတွေ ဝတ် ထားကြတဲ့ သူတွေ စကားတိုးတိုးတိုးတိုး ပြောနေကြတယ်။ လေထဲမှာ စီးကရက် ငွေ့တွေ ဝေ့ဝဲနေတယ်။ စီးကရက်ငွေ့တွေ ဒီလိုဝဲနေတာကို ကျွန်မ မတွေ့ဖြစ်တာ ဘယ်လောက်ကြာသွားပြီလဲ။ အန်တီဒိုင်ယန်းဆီမှာ နေခဲ့တုန်းက အချိန်ကို ကျွန်မ ပြန်သတိရသွားတယ်။ အငွေ့တွေကို ရင်ဘတ်ထဲ အားရပါးရရှိုက်သွင်းလိုက်တယ်။

အိမ်တံခါးက ဖွင့်လျက်သား ဆိုတော့ ကျွန်မနဲ့ လိုင်ဝိုက်သ် ဒီအတိုင်းဝင် လာလိုက်တယ်။ ကျွန်မတို့ နှစ်ယောက် အဝင်ဝမှာ ဒီအတိုင်း မတ်တတ်ရပ်နေရင်း ငါးစက္ကန့်လောက် ကြာသွားမှ လူတွေရဲ့ မျက်လုံးတွေ ကျွန်မတို့ဆီကို ရောက်လာကြ တယ်။ ခေါက်ဆွဲခြောက်ဆံပင်နဲ့ အန်တီကြီး တစ်ယောက်က ကျွန်မကို တွေ့တော့ မျက်တောင် တဖျတ်ဖျတ်ခတ်တယ်။ အသက် ၂၀ ကျော်လောက်ပဲ ရှိဦးမယ့် ကောင်မလေးချောချောလေး တစ်ယောက်၊ သူ့ကလေးပါးစပ်ထဲကို မက်မွန်သီးစိတ် ခွံ့ကျွေးနေရာကနေ ကျွန်မဘက်ကို မော့ကြည့်ပြီး ပြုံးပြတယ်။ ခပ်ဝဝတုတ်တုတ် အဒေါ်ကြီး တစ်ယောက်က ကျွန်မတို့ကို ကြည့်ရင်း နှုတ်ခမ်းကို တင်းတင်းစေ့တယ်။ သူ့လည်ပင်းမှာဆွဲထားတဲ့ လက်ဝါးကပ်တိုင် ဆွဲကြိုးကို လက်နဲ့ ဖိပြီးပွတ်တယ်။ သူတစ်ယောက်က လွဲရင် ကျန်တဲ့သူတွေက ကျွန်မတို့ကို ပြုံးပြ၊ ခေါင်းညိတ်ပြ ကြပါတယ်။ လစ်ဘီဒေးလာရင် ကောင်းကောင်းဆက်ဆံကြလို့ မဂ်ဒါက မှာထား တယ် ထင်တယ်။

အခန်းထဲမှာ ရောက်နေကြတဲ့သူတွေက အားလုံး မိန်းမတွေချည်းပဲ။ ၁၅ ယောက်လောက် ရှိမယ်။ အကုန် လူဖြူတွေချည်း။ တော်တော်များများက သပ်သပ် ရပ်ရပ် ဝတ်စားထားကြပါတယ်။ သုံးလေးယောက်လောက်ကတော့ မှန်ရှေ့မှာ တစ် နာရီလောက် ပြင်ဆင်ဝတ်စားလာတဲ့ လူကုံထံတွေ ဖြစ်လိမ့်မယ်။ အမျိုးသမီးတစ် ယောက် ကျောထောက်နောက်ခံ ရှိ၊မရှိ သိချင်ရင် ဒီလိုအသေးစိတ်လေးတွေကိုကြည့်

ရတယ်။ ကားအကောင်းစား စီးတာ၊ ဂါဝန်အကောင်းစားဝတ်တာတွေကို ကြည့်ပြီး ဆုံးဖြတ်လို့မရဘူး။

ယောက်ျားလေး တစ်ယောက်မှ မတွေ့ရဘူး။ အန်တီဒိုင်ယန်းကတော့ ဒီလို အဖွဲ့မျိုးကို *စာကလေးသိုက်* လို့ နှာခေါင်းရှုံ့ပြီးခေါ်တတ်တယ်။ ဒီအိမ်ထဲမှာရောက်နေကြတဲ့ မိန်းမတွေ ဘန်နဲ့ ဘယ်လိုများ သိနေကြတာလဲ။ ဘန်က ထောင်ထဲမှာပဲ နေနေရတာ မဟုတ်ဘူးလား။ သူတို့အိမ်က ယောက်ျားတွေကရော သူတို့ ဒီလို ဘန့်ကိစ္စနဲ့ အသည်းအသန်ဖြစ်နေတာကို မသိကြဘူးလား။ ဘန်ထောင်က လွတ်သွားရင် ဒီမိန်းမတွေက ဘာလုပ်မှာလဲ။ ဘာရမှာ မို့လို့လဲ။ ဘန့်ကို ဒီအတိုင်း သနားလို့ ကယ်တင်ချင်တာလား။ ပိုက်ဆံတွေ သုံးမကုန်အောင်ဖြစ်နေလို့ အားယားနေကြပြီး သူတော်ကောင်းအလုပ်တွေ လုပ်ချင်နေတာလား။

မဂ်ဒါ မီးဖိုချောင်ဘက်ကနေ ဧည့်ခန်းထဲကို တဒုန်းဒုန်းနဲ့ ဝင်လာတယ်။ မဂ်ဒါ့ကို ကျွန်မ သေချာ မမှတ်မိချင်ဘူး။ ဟိုတစ်နေ့ လူသတ်အသင်းတွေ့ဆုံပွဲမှာ တွေ့ခဲ့တာတွေကို ကျွန်မ မှတ်ဉာဏ်က အလိုလို ဖျက်ပစ်လိုက်ပြီလေ။ မဂ်ဒါက ဂျင်းဂါဝန်ပွပွကြီး ဝတ်ထားတယ်။ သူ့ တစ်ကိုယ်လုံးမှာလည်း လက်ဝတ်ရတနာတွေ တလက်လက်တောက်လို့။ ရွှေနားကပ်တွေ တွဲလဲ။ ရွှေဟန်းချိန်းကြီး လက်မှာပတ်ထားတယ်။ လက်သူကြွယ်ကလွဲရင် ကျန်တဲ့လက်ချောင်းတွေမှာ လက်စွပ်ကိုယ်စီနဲ့။ တချွင်ချွင်မြည်နေတဲ့ လက်စွပ်တွေကို ကြည့်ရင်း ကျွန်မ စိတ်ထဲ မအီမသာဖြစ်ချင်လာတယ်။ မဂ်ဒါက လက်ကမ်းပေးတော့ ကျွန်မ လက်ဆွဲနှုတ်ဆက်လိုက်ပါတယ်။ မဂ်ဒါ့ လက်ဝါးတွေက နွေးပြီး ခြောက်သွေ့နေတယ်။ မဂ်ဒါက မွှား··ဆိုတဲ့အသံကြီး လုပ်ပြီး ကျွန်မကို ဆွဲဖက်တယ်။ သူ့ရင်သားကြီးနှစ်ခုက ရေလှိုင်းလုံးတွေလို ကျွန်မ ကိုယ်လုံးသေးသေးကို လွှမ်းခြုံသွားတယ်။ ကျွန်မ တောင့်ခနဲဖြစ်သွားပြီး အသာ ရုန်းထွက်လိုက်တယ်။ မဂ်ဒါက ကျွန်မလက်တွေကိုတော့ လွှတ်မပေးဘဲဆက်ကိုင်ထားတယ်။

"ကဲကဲ··ပြီးခဲ့တာတွေလည်း ပြီးပါစေတော့။ ငါ့အိမ်ကို နင့်အိမ်လိုသဘောထားနော်··လစ်ဘီ" ··မဂ်ဒါက ပြောတယ်။

"ကြိုဆိုပါတယ်" ··အခန်းထဲက အမျိုးသမီးတွေက တစ်ပြိုင်တည်းလိုလို နှုတ်ဆက်ကြတယ်။

မကြိုဆိုလို့ ရမလား။ ရှင်တို့ဖိတ်လို့ ကျွန်မ လာရတာမဟုတ်ဘူးလား··

"အားလုံးပဲ ဒါကတော့ လစ်ဘီဒေးတဲ့။ ဘန့်ရဲ့ ညီမ အငယ်ဆုံးလေ"

"ဘန်ရဲ့ တစ်ဦးတည်းကျန်ခဲ့တဲ့ ညီမပါ"..ကျွန်မ ပြင်ပြောလိုက်တယ်။ အမျိုးသမီးတွေက ကျွန်မ အဖြေကို ထောက်ခံသလို ခေါင်းညိတ်တယ်။

"ဒီနေ့တွေ့ရတဲ့အကြောင်းရင်းကတော့ လစ်ဘီဒေးရဲ့ အကူအညီ၊ ကျွန်မတို့ရဲ့ ပံ့ပိုးမှု၊ ဒါတွေပေါင်းပြီး ဘန်ဒေး ထောင်ကလွတ်ဖို့ ဝိုင်းကြိုးစားဖို့ပါပဲ"

ဧည့်ခန်းအပေါ်ထပ် လှေကားကနေ အသက် ၁၅ နှစ်လောက် ရှိမယ့် ဝဝဖိုင့်ဖိုင့် ကောင်လေး တစ်ယောက် ဆင်းလာတယ်။ မင်ဒါရဲ့ သားလားမသိဘူး။ သူ့ဝတာက သူ့အမေလို တုတ်တုတ်ခိုင်ခိုင်မဟုတ်ဘူး။ ပြည့်ပြည့်ဖောင်းဖောင်းလေး။ ကောင်လေးက ကာကီရှပ်အင်္ကျီဝတ်ထားတယ်။ ဧည့်ခန်းထဲက လူတွေကို မျက်လုံးတစ်ချက် ဝေ့ကြည့်တယ်။ ဘာမှတော့ မပြောဘူး။

မင်ဒါက ကောင်လေးနဲ့ ကျွန်မတို့ကို မိတ်ဆက်မပေးဘူး။ "နက်ဒ် ရေ သွား..မီးဖိုချောင်ထဲမှာ ကော်ဖီသွားဖျော်လိုက်"တဲ့။ လှမ်းပြောတယ်။ နက်ဒ်က ဘယ်သူ့ကိုမှ မကြည့်ဘဲ ဧည့်ခန်းထဲကနေ ဖြတ်တယ်။ မီးဖိုချောင်ဘက်ကိုလျှောက်သွားတယ်။

မင်ဒါက ကျွန်မ လက်ကိုဆွဲပြီး ဧည့်ခန်းထဲကို ခေါ်တယ်။ ကျွန်မချောင်းဆိုးချင်ယောင်ဆောင်ပြီး သူ့လက်ထဲကနေ ကျွန်မ လက်ဝါးကို ပြန်ဆွဲယူလိုက်တယ်။ ကျွန်မကို ဧည့်ခန်းထဲက ဆိုဖာအလယ်မှာ ထိုင်ခိုင်းတယ်။ ဆိုဖာရဲ့ တစ်ဖက်တစ်ချက်မှာ အမျိုးသမီး တစ်ယောက်စီ ထိုင်နေကြတယ်။ ဒီလို လူနှစ်ယောက် အလယ်မှာ ထိုင်ရတာ ကျွန်မ အရမ်းမုန်းတာ။ လက်မောင်းတွေ၊ ပေါင်တွေ ထိနေ ပွတ်နေတာ စိတ်ပျက်ဖို့ကောင်းတယ်။ ဆိုဖာထဲကိုလူတစ်ကိုယ်လုံး နစ်ဝင်မသွားအောင် ကျွန်မ ဘယ်ဘက်စောင်းလိုက်၊ ညာဘက်စောင်းလိုက် ဟန်ချက်ထိန်းနေရတယ်။ ကျွန်မရဲ့ သေးကွေးလွန်းတဲ့ကိုယ်လုံးကြောင့် လူကြီးတွေမသိအောင် ဆိုဖာပေါ်တက်ထိုင်နေတဲ့ ကလေးပေါက်စနလို ဖြစ်နေတယ်။

"လစ်ဘီရေ၊ အစ်မနာမည်က *ကိတ်ထရင်* ပါ။ လစ်ဘီ့မိသားစုအတွက် စိတ်မကောင်းပါဘူး"..ဘေးမှာထိုင်နေတဲ့ သူဌေးမကြီးက ကျွန်မ မျက်နှာကိုအပေါ်ကနေ မိုးကြည့်ရင်း ပြောတယ်။ သူ့ကိုယ်ကပျံ့လာတဲ့ ရေမွှေးနံ့ကြောင့် ကျွန်မ နှာခေါင်းပေါက်တွေ ကျယ်သွားတယ်။

"ဟုတ် ကျေးဇူးပါ ကက်သရင်း"..ကျွန်မ ပြန်ဖြေလိုက်တယ်။ ကိုယ်နဲ့ မသိတဲ့ တစ်စိမ်း တစ်ယောက်ရဲ့ မိသားစု ကွယ်လွန်သွားတဲ့အတွက် စိတ်မကောင်း ကြောင်းပြောတဲ့အခါ အချိန်အကန့်အသတ်ရှိသလား။ ၁၀ နှစ်လောက်ကြာသွားပြီ

ဆိုရင်ရော စိတ်မကောင်းကြောင်း ပြောရဦးမလား။ အနှစ် ၂၀ ဆိုရင်ရော..။ တစ်သက်လုံး ပြောနေရမယ်ထင်တယ်။

"ကက်သရင်းမဟုတ်ဘူး။ ကိတ်ထရင်..ပါ"..သူဌေးမကြီးက အသံချို ချိုနဲ့ ကျွန်မ နာမည်မှားခေါ်မိတာကို ပြင်ပေးတယ်။ သူ့ရင်ဘတ်က ရွှေရင်ထိုးကြီးက တလှုပ်လှုပ်ဖြစ်နေတယ်။ ဒါလည်း သူဌေးဟုတ်မဟုတ် အမြန်စစ်ဆေးနည်းတစ်မျိုးပဲ။ နာမည်မှားခေါ်တာနဲ့ ချက်ချင်းပြင်ပေးတတ်တဲ့ သူတွေလေ။ 'အလီ..ဇီ..ရာ..ပါ။ အလီရှာမဟုတ်ဘူး'၊ 'ဒက်ဘ်..ဘို..ရာ..ပါ။ ဒက်ဘရာ..မဟုတ်ဘူး' စသဖြင့်။ အခု ကိတ်..ထ..ရင်..ကို ကျွန်မဘာမှပြန်မပြောဘဲ ခေါင်းညိတ်ပြလိုက်တယ်။ လိုင်ဝိုက်သ်က အခန်းဟိုဘက်မှာ အသက်ကြီးကြီး အမျိုးသမီးတစ်ယောက်နဲ့စကား တိုးတိုးပြောနေတယ်။ ကျန်တဲ့လူတွေ အားလုံးက စကားတစ်ခွန်း နှစ်ခွန်းပြောလိုက်၊ ကျွန်မဘက် လှည့်ကြည့်လိုက် လုပ်နေကြတယ်။

"ကဲ ပြောစရာရှိတာ ပြောကြရအောင်လေ"..ကျွန်မ လက်ဝါးတစ်ချက် တီးပြီး အားလုံးကြားအောင် ပြောလိုက်တယ်။ နည်းနည်းတော့ ရိုင်းသွားမှန်းသိပါ တယ်။ ဒါပေမယ့် နေရတာ မသက်မသာ ဖြစ်လာပြီ။

"ဟုတ်ပြီလေ..၊ ဟဲ့..နက်ဒ်ရေ၊ ကော်ဖီဖျော်နေတာမပြီးသေးဘူးလား" မင်ဒါက သူ့သားကိုလှမ်းအော်တယ်။ "အဓိကကတော့ လစ်ဘီအဖေနဲ့ပတ်သက်ပြီး ပြောချင်တာပါပဲ။ နင့်အစ်ကို ဘန်ဒေးက မတရားစွပ်စွဲခံရပြီး ထောင်ကျသွားရှာတာ လေ။ ဒီလူသတ်မှုတွေကို တကယ်ကျူးလွန်ခဲ့တဲ့သူက ရန်နာဒေးလို့ ငါတို့ကတော့ ထင်တယ်..ဒါပေမယ့် နင့်အဖေအကြောင်း မပြောခင်မှာ ဘန်ဒေးနဲ့ ပတ်သက်ပြီး ငါတို့ ဘယ်လိုခံစားရသလဲဆိုတာ အရင်ပြောပြချင်တယ်"

ဆံပင်သပ်သပ်ရပ်ရပ် စည်းထားတဲ့ အသက် ၅၀ ဝန်းကျင် အမျိုးသမီး တစ်ယောက်က မတ်တတ်ထရပ်တယ်။ "ကျွန်မနာမည် *ဂလက်ဒစ်စ်* ပါ။ ဘန်နဲ့ ပထမဆုံး အဆက်အသွယ်ရခဲ့တာ လွန်ခဲ့တဲ့ ၃ နှစ်လောက်ကဖြစ်မယ်။ ကျွန်မက ကုသိုလ်ကောင်းမှုတွေ တော်တော်လုပ်ဖြစ်တယ်။ ထောင်သားတွေဆီကို စာရေးပြီး နှစ်သိမ့်တာမျိုး..'"..ကျွန်မ ဟက်ခနဲ တစ်ချက်ရယ်မိသွားတယ်။ ဂလက်ဒစ်စ်က မကြားချင်ယောင်ဆောင်ပြီး ဆက်ပြောတယ်။ "..ထောင်သားတွေဆီကို ဘာလို့ စာရေးသလဲ ဆိုတော့ ခရစ်ယာန်ဘာသာဝင် တစ်ယောက်အနေနဲ့ ဒီအပြုအမူဟာ တကယ့် အဆုံးစွန်သော ကယ်တင်ခြင်းတစ်မျိုးပဲလို့ ကျွန်မ ထင်တယ်။ လူတွေက မချစ်လို့ မေ့ပစ်ထားတဲ့သူတွေကို ချစ်ခင်စွာ ဆက်သွယ်ပေးရတာလေ။ ဘန့်ဆီက

ပြန်လာတဲ့ စာတွေကို ဖတ်ရတဲ့အခါ . . သူ့ရဲ့ ဖြူစင်မှုက စာလုံးတွေထဲမှာအထင်းသား ပေါ်နေတယ်။ ဒုက္ခဆင်းရဲထဲမှာတောင် ပြုံးပျော်နေတဲ့ ဘန့်စိတ်ဓာတ်ကို သူ့စာတွေ ထဲမှာ အတိုင်းသား မြင်နေရတယ်။ ပြီးတော့ . . ကျွန်မကို . . ကျွန်မကို ရယ်အောင် လုပ်နိုင်တာကိုလည်း အံ့သြမိတယ်။ တကယ်က ဘန့်ကို ကျွန်မက ကယ်တင်ပေး ချင်တာလေ။ သူကပြန်ပြီး ကျွန်မကို စာတွေထဲမှာ နှစ်သိမ့်တယ်။ ရယ်မောအောင် လုပ်ပေးတယ်"

တခြား လူတွေကလည်း ဂလက်ဒစ်စ်ကို ဝိုင်းထောက်ခံကြတယ်။ *ဟုတ် တယ် . . . အရမ်းမှန်တာပဲ၊ ဘန်က ဟာသဉာဏ်လည်း ကောင်းတယ်လေ။ သူ့စာတွေကို ဖတ်မိရင် မပြုံးဘဲ မနေနိုင်ဘူး . .*။ နက်ဒ်က ကော်ဖီအိုး ကိုင်ပြီး မီးဖိုချောင်ထဲက ထွက်လာတယ်။ ကော်ဖီခွက်တွေကို တစ်ခွက်ချင်းလိုက်ဖြည့်ပေးတယ်။ အမျိုးသမီး တွေက နက်ဒ်ကို ကြည့်တောင်မကြည့်ဘဲ ကော်ဖီခွက်တွေကို ထိုးပေးတယ်။

အသက်ခပ်ငယ်ငယ် မိန်းကလေး (လိုင်ပိုက်သ်နဲ့ မတိမ်းမယိမ်းလောက်ပဲ) တစ်ယောက်က တုန်တုန်ယင်ယင်နဲ့ မတ်တတ် ထရပ်တယ်။ "ကျွန်မနာမည်က *အဲလီဆင်* ပါ။ ဘန့်ကို ကျွန်မအမေကနေ တစ်ဆင့်သိရတာပါ။ အမေကတော့ဒီနေ့ ကျန်းမာရေးကိစ္စလေးရှိလို့ မလာနိုင်ဘူး . ."

"သားအိမ်ကင်ဆာဖြစ်လို့ ဓာတ်ကင်နေတာလေ" . . ကိတ်ထရင်ကကျွန်မ နားကိုကပ်ပြီး တိုးတိုး ပြောပြတယ်။

". . အမေနဲ့ ကျွန်မနဲ့ ခံယူချက်ချင်းကတော့ တူတူပါပဲ။ ဘန် ထောင်က မလွတ်မချင်း ကျွန်မရော အမေရော တာဝန်မကျေဘူးလို့ ခံယူတယ်" . . ဒီစကား အပြီးမှာ လက်ခုပ်သံ သဲ့သဲ့ ထွက်လာတယ်။ "ပြီးတော့ . . ပြီးတော့" ကောင်မ လေးက ပြောနေရင်း တစ်ကိုယ်လုံး တသိမ့်သိမ့်တုန်ပြီး ငိုချလိုက်တယ်။ "ဘန့်လို ဖြူစင်တဲ့သူတစ်ယောက် ထောင်ထဲရောက်နေတာ လုံးဝအဓိပ္ပာယ်မရှိဘူး။ သက်သေ မည်မည်ရရမှ မရှိဘဲ ဘန်တစ်ယောက် သံတိုင်တွေ နောက်မှာ အကျဉ်းကျနေတာ ကျွန်မ လက်မခံနိုင်ဘူး"

ကျွန်မ မေးရိုးကိုတင်းလိုက်တယ်။ အခြေအနေ မဟန်ဘူး။

"နင့်မှာ တာဝန်အရှိဆုံးပဲလို့ ငါကတော့ ထင်တယ်" . . လက်ဝါးကပ်တို့ ဆွဲကြိုးဝတ်ထားတဲ့ မိန်းမကြီးက ဝင်ပြောတယ်။ သူက မတ်တတ်တောင်ထမရပ်ဘူး မျက်နှာကမာထန်နေတယ်။ "နင်မှားခဲ့တာတွေကို ပြန်ပြင်ပေးရမယ်လေ။ နင် အ လိုမျိုး မိသားစုမရှိဘဲ ကျန်ခဲ့တာ ငါစိတ်မကောင်းပါဘူး။ ဒီလူသတ်မှုကြီးကို ဝ

ငယ်ရွယ်ရွယ်နဲ့ ကြုံတွေ့ခဲ့ရလို့လည်း သနားမိပါတယ်။ ဒါပေမယ့် နင်အခု ကလေး မဟုတ်တော့ဘူး။ အရွယ်ရောက်နေပြီ။ ကိုယ့်အမှားကိုယ် ပြန်ပြင်သင့်ပြီ''

သူ့စကားကို ထောက်ခံပြီး ခေါင်းညိတ်တဲ့သူတော့ မတွေ့မိပါဘူး။ဒါပေမယ့် အားလုံးရဲ့ စိတ်ထဲကနေ 'အင်း..အင်း..'ဆိုပြီး ထောက်ခံနေကြတာ သိသာလွန်းတယ်။ ရထားမလာခင် တစ်မိုင်လောက် အလိုကတည်းက ရထားလမ်းတွေတုန်ခါပြီး ထွက်လာတဲ့ အသံမျိုး..'ဟင်း..အင်း..အင်း' အသံတွေ အခန်းထဲမှာ ဝဲနေတယ်။ လိုင်ဝိုက်သ်ကို လှမ်းကြည့်တော့ သူက ကျွန်မကို မသိမသာ နှာခေါင်းရှုံ့ပြတယ်။

မင်္ဂဒါက ဧည့်ခန်း အဝင်ဝကို ပိတ်ရပ်ပြီး ပြောတယ်။ ''လစ်ဘီ၊ ဒီဇာတ်ရှုပ်ထဲမှာ နင့်အပြစ်တွေ ပါနေပေမယ့် ငါတို့ နင့်ကို ခွင့်လွှတ်လိုက်ပြီ။ ဒီလူသတ်မှု တစ်ခုလုံးရဲ့ တကယ့် တရားခံက နင့်အဖေ ရန်နာဒေးပဲဆိုတာ ငါတို့အားလုံးလက်ခံထားတယ်။ သူ့မှာ ဒီအမှုကို ကျူးလွန်ဖို့ အကြောင်းရင်းလည်း ရှိနေတယ်၊ အခွင့်အလမ်းလည်း ရှိတယ်။ တခြားအရေးကြီးတဲ့ အချက်အလက်တွေလည်းအများကြီးပဲ။ အိုကေ၊ လူသတ်ရတဲ့အကြောင်းရင်းကို ကြည့်မယ်။ နင့်အမေ ပက်တီဒေး အသတ်မခံရခင် နှစ်ပတ်အလိုမှာ ကလေးထောက်ပံ့ကြေးမရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ပက်တီက ရန်နာဒေးကို ပြဿနာရှာခဲ့တယ်။ ဥပဒေအရ ဆိုရင် ရန်နာဒေးက ထောက်ပံ့ကြေးပေးကိုပေးရမယ်ဆိုတာ ပက်တီဒေးကပြောလိုက်တယ်။ ဒီတော့ *ရော်နယ်ရန်နာဒေး* ဆိုတဲ့ နင့်အဖေ အပေါ်မှာ နင်တို့ မိသားစုကို တရားဝင်ထောက်ပံ့ရမယ် ဆိုတဲ့ ဝန်ထုပ်တစ်ခု ထပ်ပိလာတယ်။ ရန်နာဒေးက နဂိုကတည်းက အလုပ်မရှိတဲ့အပြင် လောင်းကစားကြွေးတွေလည်း ဒေါ်လာထောင်ချီ တင်နေသေးတယ်။ ဒီတော့ နင့်မိသားစု မရှိတော့ရင် ရန်နာဒေးအတွက် အဆင်ပြေမသွားဘူးလား။ သူ့စိတ်ထဲမှာ ထင်ထားတာ တစ်ခု ရှိသေးတယ်။ နင့်အမေရဲ့ သေတမ်းစာထဲမှာ ပိုင်ဆိုင်မှုတွေကို သူ့အတွက် အနည်းနဲ့အများ ခွဲပေးခဲ့မှာပဲပေါ့။ အဲဒီည နင့်အိမ်ကို ရန်နာဒေးရောက်လာတော့ ဘန်ဒေးက အိမ်မှာ မရှိဘူး။ နင်က လွတ်သွားတယ်။ ကျန်တဲ့သူတွေပဲ အသတ်ခံလိုက်ရတယ်။ ငါတို့ထင်တာ အဲဒါပဲ''

နှစ်လုံးပြူးသေနတ်ကို ကိုင်ပြီး အိမ်ထဲမှာ တစ်ခန်းဝင် တစ်ခန်းထွက်လိုက်လုပ်နေတဲ့ အဖေ့ရဲ့ ပုံစံကို ကျွန်မ မြင်ယောင်ကြည့်တယ်။ အမေ့မျက်နှာကို ချိန်ထားတဲ့ နှစ်လုံးပြူးသေနတ်။ အား..ခနဲ အော်လိုက်တဲ့ အသံနက်ကြီး။ အဲဒီည အကြောင်းစဉ်းစားလိုက်တိုင်း အဲဒီ အသံနက်ကြီး ကျွန်မခေါင်းထဲ ပြန်ဝင်ဝင်လာ

တယ်။ ဘယ်သူ့ အသံလဲ။ အဖေ့ အသံလား..။ အသံနက်ကြီးနဲ့ အဖေ့ပါးစပ်ကို ကျွန်မ ယုဉ်တွဲပြီး မြင်ယောင်ကြည့်တယ်။

"ပြီးတော့ နင့်အိမ်ထဲက ဆိုဖာတွေ၊ အိပ်ရာခင်းတွေရဲ့ အမွေးအမျှင်အစအန တွေကို ရန်နာဒေးရဲ့ တဲအိမ်ထဲမှာ တွေ့ရတယ်။ ဒါပေမယ့် ရန်နာဒေးက ပက်တီ့ဆီ တစ်နွေလုံး သွားလိုက် ပြန်လိုက် လုပ်ခဲ့တာ ဆိုတော့ ဒါကို သက်သေအဖြစ်ယူလို့ မရခဲ့ဘူး။ အသတ်ခံရတဲ့ လူတွေရဲ့ သွေးတွေ၊ အသားအစနတွေကို ဘန့်ကိုယ်မှာ လုံးဝ မတွေ့ရဘူး။ ဒါပေမယ့် ဘန့်ရဲ့ သွေးအစအနတွေကို အိမ်ထဲမှာတွေ့ရတယ်လို့ ဆွဲချ ရှေ့နေဘက်က တင်ပြထားတယ်"

"အောင်မလေး။ ကိုယ့်အိမ်ထဲမှာကိုယ် မုတ်ဆိတ်ရိတ်ရင်း သွေးထွက်တာ ရော မဖြစ်နိုင်ဘူးလား။ ဘာထူးဆန်းလို့လဲ"..လက်ဝါးကပ်တိုင်နဲ့ မိန်းမကြီးက ဝင်ပြောတယ်။ သူ့စကားထဲမှာ ရယ်စရာပါလို့လားတော့မသိ ကျန်တဲ့ မိန်းမတွေက ပြိုင်တူရယ်ကြတယ်။

"နောက်ဆုံးအချက်၊ အရေးအကြီးဆုံး အချက်။ ဒီလူသတ်မှုကိုကျူးလွန်ဖို့ အခွင့်အလမ်းမရှိခဲ့ဘူး ဆိုပြီး ရန်နာဒေးက အလီဘိုင်တင်ပြခဲ့တယ်။ အဲဒီညတုန်းက သူ့ချစ်သူ အမျိုးသမီးတစ်ယောက်နဲ့ အတူတူရှိနေခဲ့ပါတယ်လို့ ရန်နာဒေးက ထွက် ဆိုခဲ့တယ်။ အမျိုးသမီးနာမည်က *ပက်ဂီဘန်နီရန်* ။ အခု ပက်ဂီက သူ့ထွက်ဆိုချက် မှားနေပါတယ်ဆိုတာကို ဝန်ခံလာပြီ။ အဲဒီတုန်းက ရန်နာဒေး သူ့နဲ့ ရှိမနေခဲ့ဘူး ဆိုတာကို ပြန်ပြောင်းထွက်ဆိုပေးဖို့ သဘောတူထားတယ်။ ဒီလို ပြန်ပြောင်းထွက် ဆိုရင်ပက်ဂီ့အနေနဲ့ လိမ်လည်ထွက်ဆိုခဲ့မှုနဲ့ ထောင်ဒဏ် ၅ နှစ်တောင်ခံရနိုင်တယ်။ ဒါပေမယ့် ပက်ဂီက ဂရုမစိုက်ဘူးတဲ့"

"အို ဘာလို့ ထောင်ကျရမှာလဲ။ မဖြစ်စေရဘူး"..ကိတ်ထရင်ကအားပေး တဲ့ အသံနဲ့ ပြောတယ်။ "စိတ်မပူနဲ့ ပက်ဂီ။ ငါတို့တာဝန်ယူတယ်"

ဂျင်းဘောင်းဘီကျပ်ကျပ် ဝတ်ထားတဲ့ အရပ် ခပ်ရှည်ရှည် အမျိုးသမီးက မတ်တတ်ထရပ်တယ်။ ပက်ဂီဆိုတာ သူပဲဖြစ်မယ်။ ဆံပင်တိုတိုနဲ့။ ဆံပင်ထိပ်ပိုင်းကို သေချာပုံသွင်းထားတယ်။ မျက်လုံးတွေက သေးသေး မှိန်မှိန်တွေ။ ပက်ဂီက ကျွန်မ ဘက်ကို တစ်ချက် ကြည့်တယ်။ ပြီးတော့ မျက်နှာလွှဲသွားတယ်။ သူ့လည်ပင်းမှာ ဆွဲထားတဲ့ အပြာရောင် ကျောက်စီဆွဲကြိုးကို လက်နဲ့ ကိုင်ပြီးပွတ်နေတယ်။ သူ ဝတ်ထားတဲ့ ဆွယ်တာအပြာရောင်နဲ့ ကျောက်စီဆွဲကြိုးက ကျောက်တုံးအပြာရောင်နဲ့ အရောင်တစ်ထပ်တည်းပဲ။

ကျွန်မ အဖေရဲ့ ရည်းစားဆိုပါလား။ မင်္ဂဒါရဲ့ အထူးဧည့်သည်တော်တဲ့။ သူ့ကို ကျွန်မ မျက်တောင်မခတ်ဘဲ ငေးကြည့်နေလိုက်တယ်။

"ကျွန်မကို အခုလို အားပေးတာ၊ ပံ့ပိုးကြတာ ကျေးဇူးတင်ပါတယ်"..ပက်ဂီက ပြောတယ်။ "ရန်နာဒေးက ကျွန်မကို အသုံးချခဲ့တာလေ။ သူက တွေ့သမျှလူကို သူ့ကိုယ်ကျိုးအတွက် အသုံးချတတ်တဲ့ သူမျိုးပဲ။ ဒါကိုတော့ ဒီကသမီးလည်း သိပြီးသားဖြစ်မှာပါ".. သူကျွန်မကို ပြောနေမှန်း ရုတ်တရက်မရိပ်မိဘူး။ ကျွန်မ ခေါင်းညိတ်ပြလိုက်တယ်။ ခေါင်းမညိတ်လိုက်မိရင် အကောင်းသားဆိုပြီး ချက်ချင်း တွေးမိပြန်တယ်။

"ပက်ဂီဘက်က ဇာတ်လမ်းကိုလည်း ငါတို့အားလုံးသိအောင် ပြောပြပေးပါဦး"..မင်္ဂဒါက ပက်ဂီကို လေသံချိုချိုနဲ့ တိုက်တွန်းတယ်။ မင်္ဂဒါဆိုတဲ့မိန်းမကြီးကို ကြည့်ရတာ *အော်ပရာဝင်းဖရေး* အစီအစဉ်တွေ အသေကြည့်ထားတယ် ထင်တယ်။ သူတစ်ဖက်သားကို လွှမ်းမိုးနိုင်စွမ်း ရှိတယ်။ အော်ပရာ့လိုတော့ နွေးနွေးထွေးထွေး မရှိဘူး။

"ဖြစ်ရပ်မှန်က ဒီလိုပါ။ ဇန်နဝါရီ ၂ ရက်နေ့ ညနေခင်းမှာ ရန်နာဒေးရဲ့ အိမ်ထဲမှာ သူစားဖို့အတွက် ကျွန်မ ညစာချက်နေခဲ့တယ်။ ထမင်းနဲ့ ဝက်သားဟင်းပါပဲ။ ရန်နာ့ထုံးစံအတိုင်း ညစာစားရင် ဘီယာဘူးကို လက်ကမချဘူး။ သူသောက်တဲ့ ဘီယာဘူးတံဆိပ်က Mickey's Big Mouth တဲ့။ အဲဒီဘီယာဘူးထိပ်က ကွင်းကို ဖြုတ်တဲ့အခါ ဘာလို့လဲမသိ အမြဲတမ်းလိုလို အချွန်အတက်တွေ ကျန်နေတတ်တယ်။ အဲဒီအချွန်တွေနဲ့ ရန်နာ့လက်နဲ့ ခဏခဏထိမိတယ်။ ရန်နာ့လက်မှာ ကြည့်လိုက်ရင် အဲဒီရှထားတဲ့ ဒဏ်ရာတွေ အမြဲရှိတယ်။ သမီး မှတ်မိလား လစ်ဘီ။ သူ့လက်မှာ အမြဲလိုလို သွေးထွက်နေတာလေ"

"ညစာစားပြီးတော့ ဘာဆက်ဖြစ်သလဲ"..လိုင်ဝိုက်သ်ကဖြတ်မေးတယ်။

"ဟို..ကျွန်မနဲ့ သူနဲ့ ခဏ အိပ်တယ်။ ပြီးတော့ ရန်နာက ဘီယာကုန်သွားလို့ ထပ်ဝယ်မယ်ဆိုပြီး အပြင် ထွက်သွားတယ်။ ည ၈ နာရီထိုးလောက် ဖြစ်မယ် ထင်တယ်။ ဘာလို့ မှတ်မိနေတာလဲဆိုတော့ အဲဒီတုန်းက တီဗွီမှာ The Fall Guy ဆိုတဲ့ အစီအစဉ်လာနေတာ။ ထားပါတော့။ ရန်နာက အပြင်ထွက်သွားပြီးပြန်မလာတော့ဘူး။ ဆောင်းတွင်းကြီးဆိုတော့ ကျွန်မလည်း အစောကြီး အိပ်ပျော်သွားတယ်။ ရန်နာ အိမ်ပြန်ရောက်လာမှ ကျွန်မတစ်ရေးနိုးလာတယ်။ ဘယ်အချိန်လဲတော့သေချာမသိဘူး။ ရန်နာ့အိမ်မှာ နာရီမရှိဘူးလေ။ ဒါပေမယ့် ညဉ့်သန်းခေါင်အချိန်ကြီးဆိုတာ

တော့ သေချာတယ်။ ဘာလို့လဲဆိုတော့ အဲဒီည တစ်ညလုံး ကျွန်မ ကောင်းကောင်း အိပ်မပျော်တော့ဘဲ ခဏခဏနိုးနေတယ်။ ဆီးသွားဖို့ အိပ်ရာကထပြီး အိမ်သာထဲ သွားတော့ နေထွက်နေပြီ။ ရန်နာပြန်ရောက်လာတဲ့ အချိန်နဲ့ ကျွန်မ အိမ်သာသွားတဲ့ အချိန်ကြားမှာ အလွန်ဆုံး ကြာရင် နှစ်နာရီ သုံးနာရီပေါ့"

ဒါဆို ဒီမိန်းမ အိမ်သာတက်နေတဲ့ အချိန်၊ အိမ်သာကနေ အိပ်ခန်းထဲကို ပြန်သွားနေတဲ့ အချိန်၊ ရန်နာဒေးရဲ့ ရှုပ်ပွပေတူးနေတဲ့ ဧည့်ခန်းကိုဖြတ်ပြီး လျှောက် နေတဲ့အချိန်မှာ·· ကျွန်မက နင်းတောထဲကနေ သေလုမြောပါးနဲ့ အိမ်ဘက်ကို ပြန် တွားသွားနေပြီ။ အမေနဲ့ အစ်မတွေလည်း သေနေပြီ။

"မနက်လည်းကျရော ရဲတွေ ရန်နာ့ဆီကို ရောက်ချလာကြတယ်။ မနေ့ည ၁၂ နာရီနဲ့ မနက် ၅ နာရီကြားမှာ ရန်နာဒေး ဘယ်ရောက်နေသလဲတဲ့။ မေးခွန်း တွေမေးတယ်။ ကျွန်မကိုလည်း မေးတယ်။ ရန်နာဒေးရဲ့ အဖြေတွေက ရှေ့နောက် လုံးဝ မညီခဲ့ဘူး။ အိမ်အစောကြီး ပြန်ရောက်တယ်လို့ ပြောလိုပြော။ ညသန်းခေါင်မှ ပြန်ရောက်တယ်လို့ ဖြေလိုဖြေ။ ကျွန်မ ထင်တာတော့ သူအဲဒီညက တော်တော်နဲ့ အိမ်ပြန်မလာဘူးထင်တယ်။ ဒါပေမယ့် အဲဒီတုန်းကတော့ကျွန်မအမှန်အတိုင်းမပြော ဖြစ်ခဲ့ဘူး။ ရေလိုက်ငါးလိုက်ပဲ ပြန်ဖြေခဲ့မိတယ်"

"အခု အမှန်အတိုင်း ပြောတော့မယ် မဟုတ်လား။ ဘယ်သူ့မှကြောက် မနေနဲ့။ ငါတို့ နင့်ဘက်မှာရှိနေပြီပဲ" ·ကလေးချီထားတဲ့ အမျိုးသမီးတစ်ယောက်က အားပေးတယ်။

"ရန်နာဒေးနဲ့ ကျွန်မ အဆက်အသွယ်မရတာ တစ်နှစ်ကျော်နေပြီ"

အဖေနဲ့ ဒီမိန်းမနဲ့ ပုံမှန် အဆက်အသွယ်သာရှိနေခဲ့ရင် ဒီမိန်းမ အခုလိုမျိုး အမှန်အတိုင်း ထုတ်ပြောဖို့ စိတ်ကူးရမှာမဟုတ်ဘူးလို့ ကျွန်မကတော့ ထင်တယ်။

"ပြီးတော့ ကျွန်မ ပြောဖူးတယ်လေ"··ပက်ဂီကဆက်ပြောတယ်။ "ရန် နာဒေး လက်မှာ ခြစ်ရာ ရှရာတွေ တွေ့တယ်လို့။ ဒါပေမယ့် ဘီယာဘူးဖောက်ရင်းနဲ့ ရတဲ့ ဒဏ်ရာတွေလည်း ဖြစ်နိုင်တာပဲ။ အဲဒီညက သူ့လက်မှာ ခြစ်ရာရှိနေသလား၊ မရှိဘူးလားဆိုတာကို ကျွန်မ ဘယ်လိုမှ မမှတ်မိဘူး ဖြစ်နေတယ်"

"မီရှယ်ဒေးရဲ့ လက်သည်းထဲမှာ အသားစတချို့တွေ့တယ်လို့ ရဲတွေက ပြောတယ်။ မီရှယ် တစ်ယောက်ပဲ လည်ပင်းညစ်သတ်ခံရတာမဟုတ်လား။ ကျန်တဲ့ သူတွေနဲ့ လူသတ်သမားနဲ့ အဲဒီလောက် နီးနီးကပ်ကပ် ဖြစ်မသွားဘူးလေ။ မီရှယ် ကတော့ လူသတ်သမား သူ့ကိုလည်ပင်းညှစ်နေတဲ့ အချိန်မှာ ကြောက်အားလန့်အားနဲ့

လူသတ်သမားကို ဆွဲကုတ်လိုက်တာ ဖြစ်နိုင်တယ်"..လိုင်ဝိုက်သ်က ဝင်ရှင်းပြတယ်။ ကျွန်မတို့ ဘာမှဆက်မပြောဖြစ်ဘဲ ခဏ ငြိမ်ကျသွားကြတယ်။ အခန်းထဲမှာ ကလေးရယ်သံသဲ့သဲ့က လွဲရင် တိတ်ဆိတ်နေတယ်။ "ဒါပေမယ့် မီရှယ့်လက်ထဲက အသားစက ဓာတ်ခွဲခန်း မပို့ရသေးခင်မှာ ကျပျောက်သွားတယ်တဲ့။ ကံဆိုးတာပဲ"

မျက်လုံးတွေပြူးကြောင်နေတဲ့ ရန်နာဒေး မီရှယ့်ကို အပေါ်ကနေတက်ခွပြီး လည်ပင်းညှစ်သတ်နေတဲ့ ပုံစံကို ကျွန်မ မြင်ယောင်ကြည့်မိတယ်။ သူ့ကိုယ်လုံးရဲ့ အလေးချိန်ကြောင့် မွေ့ရာတစ်ခုလုံး ကျံဝင်နေမယ်။ မီရှယ်က အသက်ရှူကျပ်ပြီး အတင်းရုန်းမယ်။ ကြောက်အား လန့်အားနဲ့ ရန်နာ့လက်မောင်းသိမ်သိမ်တွေကို ဆုပ်ကိုင်ရင်း မီရှယ်က လက်သည်းနဲ့ ကုတ်လိုက်မယ်။ ရန်နာဒေးရဲ့ လက်ချောင်းတွေက မီရှယ့်လည်ပင်းသေးသေးလေးကို အားရပါးရ ဆုပ်ထားမယ်..

"ကျွန်မ ဓာတ်လမ်းက အဲဒါအကုန်ပဲ"..ပက်ဂီက လက်ဝါးနှစ်ဖက်ကို ဖြန့်ပြရင်း ဓာတ်သိမ်းလိုက်တယ်။ ဘာမှမလုပ်တတ်တော့ဘူး ဆိုတဲ့ ပုံစံမျိုး။

"နက်ဒ်ရေ.. အချိုပွဲယူခဲ့တော့ဟေ့"..မဂ်ဒါက မီးဖိုချောင်ဘက်ကိုလှမ်းအော်တယ်။ နက်ဒ် အခန်းထဲကို ပြန်ဝင်လာတယ်။ သူ့လက်ထဲမှာ ကွတ်ကီးမုန့်တွေ ထည့်ထားတဲ့ လင်ဗန်းတစ်ခုပါလာတယ်။ လင်ဗန်းထဲက မုန့်တွေ တော်တော်လျော့နေပြီ။ နက်ဒ်က သူ့ပါးစပ်မှာ ကပ်နေတဲ့ မုန့်အစအနတွေကို ခါချတယ်။

"ဟဲ့..နင်ချည်းပဲ စားမနေနဲ့လေ"..မဂ်ဒါက လျော့နေတဲ့ကွတ်ကီးတွေကို ကြည့်ပြီး ဆူတယ်။

"နှစ်ခုပဲ စားတာပါဗျ"

"ဘာနှစ်ခုလဲ၊ လျှောက်ပြောမနေနဲ့"..မဂ်ဒါက သူ့ရဲ့ ပျော့ဖပ်နေတဲ့ ဆေးလိပ်ဘူးထဲကနေ စီးကရက်တစ်လိပ် ထုတ်ပြီး မီးညှိတယ်။ "လမ်းထိပ်က စတိုးဆိုင်ကိုသွား။ ငါ့အတွက် စီးကရက်သွားဝယ်။ ပြီးရင် ကွတ်ကီးထပ်ဝယ်ခဲ့"

"ကားမှမရှိဘဲ၊ *ဂျန်နာ* ယူသွားပြီလေ"

"လမ်းလျှောက်သွားပေါ့။ ကျန်းမာရေးတောင်ကောင်းသေး"

ဒီမိန်းမတွေကိုကြည့်ရတာ ဒီအိမ်မှာ ညဥ့်နက်အောင် အချိန်ဖြုန်းကြဦးမယ့်ပုံပဲ။ ကျွန်မတော့ ဆက်မနေနိုင်တော့ဘူး။ တံခါးဝနားကို မယောင်မလည်နဲ့ ကျွန်မသွားလိုက်တယ်။ တံခါးနားက စားပွဲပေါ်မှာတင်ထားတဲ့ သကြားလုံးထည့်တဲ့ခွက်လေးက မဂ်ဒါ့အိမ်နဲ့ မလိုက်အောင် လှလွန်းနေတယ်။ လူအလစ်မှာ ပန်းကန်ပြားကို ကျွန်မ အိတ်ထဲ ကောက်ထည့်လိုက်တယ်။ လိုင်ဝိုက်သ်က မဂ်ဒါနဲ့ ဈေးညှိနေတယ်။

မဂ်ဒါက တတွတ်တွတ် မေးတယ်။ *လစ်ဘီက သွားတွေ့ဖို့ သဘောတူလား။ ရန်နာဘယ်ရောက်နေသလဲ သူ သိလို့လား။ သူကိုယ်တိုင်ကရော ဘန့်မှာအပြစ်မရှိဘူးဆိုတာကို ယုံရဲ့လား။* ပက်ဂီက ကျွန်မနားကို မသိမသာတစ်လှမ်းချင်း တိုးလာနေတယ်။ ကျွန်မ ရှောင်ထွက်မလို့ ပြင်လိုက်ပေမယ့် မမီတော့ဘူး။ ပက်ဂီ ကျွန်မဘေးကို ရောက်နေပြီ။

“သမီးကိုကြည့်ရတာ ရန်နာနဲ့ မတူဘူးနော်” ..ပက်ဂီက မျက်လုံးကိုကျဉ်းကြည့်ရင်း မေးတယ်။ “နှာခေါင်းက မတူတာထင်တယ်”

“ကျွန်မက ကျွန်မအမေနဲ့ ပိုတူတာလေ”

ကျွန်မ အဖြေကြောင့် ပက်ဂီအထိနာသွားပုံပဲ။ မျက်နှာပျက်သွားတယ်။

“အန်တီနဲ့ ရန်နာနဲ့အကြာကြီးနေဖြစ်ခဲ့တာလား” ..ကျွန်မမေးလိုက်တယ်။

“ဒီလိုပါပဲ။ နေလိုက် ကွဲလိုက်ပဲ။ သူနဲ့ကွဲသွားတဲ့ အချိန်ဆို တခြားတစ်ယောက်နဲ့ တွဲဖြစ်ပါတယ်။ ရန်နာဒေး ဆိုတာကလည်း ပေါ်လာလိုက် ပျောက်သွားလိုက် လူမျိုး မဟုတ်လား။ သူပြောလိုက်ရင်တော့ အကုန်လုံးက အစီအစဉ်အရ လုပ်နေတာပါ ..ဆိုတာချည်းပဲ။ သူစဉ်းစားနေပါတယ်၊ ကြံစည်နေပါတယ် ဆိုတဲ့ စကားပါးစပ်ဖျားက မချဘူးလေ။ ပျောက်သွားတယ်။ ဟော..ပြန်ရောက်လာတော့လည်း အရင်လို ပြန်နေရအောင်ဆိုပြီး ဖျောင်းဖျတယ်။ ဒီလိုနဲ့ လည်နေတာပဲ။ ရန်နာဒေးနဲ့ မတွေ့ဘဲ တခြားအလုပ်အတည်တကျရှိတဲ့ ယောကျ်ားမျိုးနဲ့ တွေ့ခဲ့ရမှာနော်။ အစ်မကိုယ်တိုင်ကလည်း ရည်းစားကံ ဆိုးလွန်းပါတယ်။ ယောကျ်ားကောင်းကောင်းနဲ့ကို မတွေ့ဖူးဘူး။ တစ်သက်လုံးပဲ။ ဘယ်နေရာမှာ သွားရှာရပါ့မလဲမသိ”

သူမေးနေတဲ့ပုံက ရည်းစားကောင်းကောင်းရှာလို့ရမယ့် နေရာကို မြေပုံထဲ ထောက်ပြနိုင်းသလို ဖြစ်နေတယ်။ *အလုပ်အတည်တကျနဲ့ ယောကျ်ားတွေ ဒီမြို့မှာ ရှိပါသည်* ဆိုတာမျိုး။

“အစ်မ အခု ကင်နက်ကီမှာပဲ နေနေတာလား”

ပက်ဂီက ခေါင်းညိတ်တယ်။

“အဲဒါဆို အရင်ဆုံး တခြားမြို့ကို ပြောင်းလိုက်” ..ကျွန်မပြောလိုက်တယ်။

+++

## ပက်တီဒေး

**၁၉၈၅၊ ဇန်နဝါရီ (၂) ရက်**
**နေ့လယ် ၃ နာရီ ၁၀ မိနစ်**

ကားပေါ်ကို အမြန်ပြေးတက်ပြီး မောင်းသူနေရာမှာ ပက်တီ ဝင်ထိုင်လိုက်တယ်။ ပက်တီ့မျက်လုံးတွေက သော့ပေါက်ကနေ တွဲလောင်းကျနေတဲ့ ကားသော့ဆီမှာ။ *မြန်မြန်..ဒီနေရာကနေ အမြန်ဆုံး ထွက်သွားမှဖြစ်မယ်..*။ ဘေးခုံမှာဒိုင်ယန်း ဝင်ထိုင်ပြီးတာနဲ့ ပက်တီ ကားစက်ကိုနှိုးလိုက်တယ်။ မူဝဲလ်လာတို့ရဲ့ အိမ်ရှေ့ကနေ အမြန်မောင်းထွက်လိုက်တယ်။ ကားဘီးတွေ ကျွီခနဲမြည်သွားတယ်။ ကားတာယာက ညော်နံ့တွေ ထွက်လာတယ်။ ကားနောက်ပိုင်းက တဝုန်းဝုန်း ခုန်တယ်။ ဒိုင်ယန်းရဲ့ ကားနောက်ခန်းထဲမှာထည့်ထားတဲ့ ဘော့စ်ဘောဘောလုံးတွေ၊ အပင်စိုက်တဲ့ဂေါ်ပြားတွေ၊ ညှပ်တွေ၊ လစ်ဘီတို့ဆော့ထားတဲ့ အရုပ်တွေ အားလုံး ဝရုန်းသုန်းကားဖြစ်ကုန်တယ်။ မြေလမ်းတစ်လျှောက် ဖုန်တွေတသောသောထကုန်တယ်။ လမ်းဘေးက သစ်ပင်တွေဘက်ကို ကွေ့ဆင်းသွားတယ်။ ဒီဘက်ကို ပြန်ဆွဲချတယ်။ ပက်တီနဲ့ ဒိုင်ယန်း ကားပေါ်မှာ ဘယ်ညာ ယိမ်းခါနေတယ်။ နောက်ဆုံးမှာ ဒိုင်ယန်းက ကားစတီယာရင်ကို သူ့လက်နဲ့ အသာလှမ်းထိန်းတယ်။

"ဖြည်းဖြည်း.."

မူဝဲလ်လာမိသားစုပိုင်တဲ့ ယာခင်းတွေ ကျော်သွားတဲ့အထိ ပက်တီကားကို အသည်းအသန် ဆက်မောင်းတယ်။ သူတို့ပိုင်နက်ထဲက ထွက်သွားတာနဲ့ ကားကို ဘယ်ဘက်ကို ဆွဲချတယ်။ လမ်းဘေးမှာ ထိုးရပ်လိုက်တယ်။ ကားစတီယာရင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အော်ငိုတယ်။ ပက်တီ့ခေါင်းနဲ့ ကားဟွန်းနဲ့ ဆောင့်မိပြီး ဟွန်းသံတီခနဲ မြည်သွားတယ်။

"ဘာတွေဖြစ်နေတာလဲ။ ဘာတွေလဲ"..ပက်တီ အော်သံက အနာတရ

ဖြစ်သွားတဲ့ ကလေးတစ်ယောက်ရဲ့ အော်ငိုသံလိုမျိုး နားမလည်ခြင်းတွေ၊ ဒေါသတွေ ရောပါနေတယ်။

"ငါလည်း မသိဘူးလေ"..ဒိုင်ယန်းက ပက်တီ့ကျောကို သပ်ပေးရင်းပြန်ဖြေတယ်။ "လာ..အိမ်ပြန်ရအောင်"

"အိမ်မပြန်ချင်ဘူး။ ကျွန်မ သားကို တွေ့အောင်ရှာရဦးမယ်"

သား..ဆိုတဲ့ စကားလုံး ပါးစပ်ထဲက ထွက်သွားပြီးတဲ့အခါ ပက်တီ့မျက်ရည်တွေ တရဟောကျလာပြန်တယ်။ ရှိုက်သံတွေကြားမှာ အတွေးပေါင်းများစွာက အပ်ချွန်တွေလို ပက်တီ့ရင်ထဲကို လာထိုးနေတယ်။ ဘန်.. ဘန့်အတွက် ရှေ့နေလိုမှာပဲ။ ရှေ့နေငှားဖို့ ပိုက်ဆံ ရှိမှမရှိဘဲ။ ဘယ်လိုလုပ်မလဲ။ အစိုးရရှေ့နေကလည်း ဘန့်ကို စိတ်ပါလက်ပါ ကူညီပေးမှာမဟုတ်ဘူး။ ရှုံးမှာပဲ။ ဘန် ထောင်ကျမှာပဲ။ လစ်ဘီတို့ညီအစ်မတွေကို ဘယ်လိုရှင်းပြရမလဲ။ ဒီလိုအမှုမျိုးဆိုရင် ထောင်ဘယ်နှနှစ် ကျတတ်သလဲ။ ၅ နှစ်လား။ ၁၀ နှစ်လား။ ပက်တီ့မျက်လုံးထဲမှာ ထောင်ဆိုတဲ့နေရာကို မြင်ယောင်လာတယ်။ *ထောင်တံခါးပွင့်သွားပြီး အပြင်ကို ကတုန်ကယင်နဲ့ ထွက်လာတဲ့ ဘန်..။ အသက် ၂၅ နှစ်။ အပြင်လောကနဲ့အဆက်အသွယ်ပြတ်နေပြီး နေရောင်ခြည်ဒဏ်ကို မခံနိုင်တော့တဲ့ ဘန်ဒေး။ မျက်လုံးတွေကို ကျုံ့ထားတယ်။ ဘန်က ထောင်အဝမှာ စောင့်နေတဲ့ သူ့အမေကို အပြစ်တင်မယ်။ အမေ ဘာလို့ သူ့ကို မကယ်တင်ခဲ့တာလဲ။ ကိုယ့်သား ထောင်မကျအောင် မလုပ်ပေးနိုင်ခဲ့ဘူးလား။* ပက်တီ မျက်လုံးတွေကို မှိတ်လိုက်တယ်။ ဘယ်လိုလုပ်ရမလဲ၊ ဘန့်ကို ထွက်ပြေးခိုင်းရမလား။ ထွက်ပြေးခိုင်းရအောင် ဘန့်ကို ထည့်ပေးလိုက်စရာ ပိုက်ဆံ ဘယ်လောက်ရှိလို့လဲ။ ဒီဇင်ဘာလတုန်း ကတော့ အဖေ့ရဲ့ ၄၅ အော်တိုသေနတ်ကို ပက်တီ ပြန်ရောင်းထားတယ်။ *လင်ဒါဘွိုင်လာ* ဆိုတဲ့ မိန်းမကို ရောင်းလိုက်တာပါ။ သူ့သားကို ခရစ္စမတ်လက်ဆောင်ပေးချင်လို့တဲ့။ လင်ဒါဘွိုင်လာရဲ့သား *ဒွေဗ်ဘွိုင်လာ* ကို ပက်တီ သိပ်ကြည့်လို့ရတာတော့ မဟုတ်ဘူး။ အခုတော့ အဲဒီသေနာလေးက ခရစ္စမတ်လက်ဆောင်ရတဲ့ သေနတ်တကားကားနဲ့ ဆောင့်ကြွားကြွား ဖြစ်နေလောက်ပြီ။ အဲဒီသေနတ်ရောင်းထားတဲ့ ဒေါ်လာ ၃၀၀ ပက်တီ့ဆီမှာရှိတယ်။ အိမ်မှာ ဖွက်ထားတာ။ ဒါပေမယ့် ၃၀၀ စလုံးက သူများတွေကို အကြွေးဆပ်ရမှာတွေ။ တကယ်တမ်းက ဒီနေ့ အပြင်ထွက်ပြီး အကြွေးဆပ်စရာရှိတာတွေဆပ်မလို့ ပြင်ဆင်ထားတာ။ အခုတော့ မဆပ်နိုင်တော့ဘူးပေါ့။ ဒေါ်လာ ၃၀၀ ဆိုရင် ဘန့်ကိုထည့်ပေးလိုက်ရင် ဘယ်လောက် ခံမလဲ။ နှစ်လသုံးလပေါ့။

"နင့်သား အချိန်တန်ရင် အိမ်ပြန်လာပါလိမ့်မယ်"..ဒိုင်ယန်းက အကျိုးနဲ့ အကြောင်းနဲ့ ရှင်းပြတယ်။ "ဒီလောက်ရာသီဥတု အေးနေတာ။ စက်ဘီးနဲ့ ဘယ်လောက်ဝေးဝေး သွားနိုင်မှာမို့လို့လဲ။ ပြန်လာမှာပါ"

"ဘန့်ကို သူတို့အရင်တွေ့သွားရင် ဘယ်လိုလုပ်မလဲ"

"ဟဲ့.. သူ့နောက်ကို ဘယ်သူတွေက လိုက်နေလို့လဲ။ မူဝဲလ်လာညီအစ်ကို တွေကလည်း အဲဒီ ကလေးမလေးကိစ္စကို သိတောင်မသိဘူး။ သူတို့ပြောတဲ့စေတန် အဖွဲ့ဆိုတာလည်း အလကား ကောလာဟလတွေပါ။ ဘန်နဲ့ သေချာ စကားပြော ကြည့်တာ အကောင်းဆုံးပဲ။ အခုတောင် အိမ်ပြန်ရောက်ရင် ရောက်နေမှာ"

"ဘန့်ကို စွပ်စွဲတဲ့ မိသားစုက ဘယ်မိသားစုလဲ"

"အဲဒီလိုတော့ အတိအကျ မရှိပါဘူး"

"အစ်မ စုံစမ်းပေး။ ဒီလို စွပ်စွပ်စွဲစွဲ ပြောချင်ရာတွေပြောတာကို ကျွန်မ တို့က ငြိမ်ခံနေရမှာလား။ အစ်မ စုံစမ်းပေးပါ။ ဘန့်ကို စွပ်စွဲတာ ဘယ်သူလဲဆိုတာ ကျွန်မသိချင်တယ်။ ဟုတ်သည်, မဟုတ်သည် ပြန်ချေပဖို့ အခွင့်အရေး ဘန့်မှာ ရှိတယ်။ ကျွန်မလည်း ငြိမ်ခံမနေနိုင်ဘူး"

"အေးအေး ဟုတ်ပြီ။ အခု အိမ်ကို အရင်ပြန်မယ်။ နင့်သမီးတွေ ဘာတွေ ဖြစ်နေကြပြီလဲ မသိဘူး။ ဟိုကိစ္စကို ပြီးမှ ငါ ဖုန်းဆက်မေးပေးမယ်။ ကဲ..ဖယ် တော့။ ငါမောင်းမယ်"

...

ပက်တီတို့ အိမ်ပြန်ရောက်တော့ အိမ်ထဲမှာ ကမ္ဘာပျက်နေပြီ။ မီရှယ်ဒေးက မီးဖိုပေါ်မှာ ဝက်သားပြားကြော်ဖို့ ကြိုးစားနေတယ်။ ဒက်ဘီ့ကို သူ့နားမလာဖို့အော် ထုတ်နေတယ်။ လစ်ဘီက ပါးမှာရော၊ လက်မောင်းမှာရော ဆီပူလောင်ထားတဲ့ အကွက်တွေနဲ့..ကြမ်းပြင်မှာ ထိုင်ငိုနေတယ်။ စောစောက ပက်တီကားပေါ်မှာငိုခဲ့တဲ့ ပုံစံမျိုးပဲ..အာခေါင်ကို ခြစ်ပြီး အော်ငိုနေတာ။ ဘာမျှော်လင့်ချက်မှ မရှိတော့သလို၊ မျှော်လင့်ချက်ရှိခဲ့ရင်တောင် ဘာမှ ဆက်လုပ်ဖို့ အင်အားမရှိတော့သလို..။

ပက်တီနဲ့ ဒိုင်ယန်း အကတိုက်ထားတဲ့ ကချေသည်တွေလို ပြိုင်တူလှုပ်ရှား လိုက်ရတယ်။ ဒိုင်ယန်းက မီးဖိုထဲကိုခြေလှမ်းကျဲကြီးသုံးလှမ်းတည်းနဲ့ ရောက်အောင် ပြေးသွားတယ်။ မီးဖိုနားမှာ အလုပ်ရှုပ်နေတဲ့ မီရှယ့်ကို လက်မောင်းကနေ ဖွဲ့ကနဲ ဆွဲချီတယ်။ မီရှယ့်ဖင်ကို လက်ဝါးနဲ့ ဖတ်ခနဲ တစ်ချက်ရိုက်တယ်။ ဧည့်ခန်းထဲက ဆိုဖာပေါ်မှာ ထိုင်ခိုင်းတယ်။ ပက်တီက သူတို့ကို ရှောင်ရင်းရှားရင်း ကြမ်းပေါ်မှာ

ထိုင်ငိုနေတဲ့ လစ်ဘီကို ကောက်ချီတယ်။ လစ်ဘီက ပက်တီကို ခွထားနေရင်း ဆက်ပြီး ငိုနေတယ်။

ဆိုဖာပေါ်မှာ မျက်ရည်လုံးကြီးတွေ ကျစပြုနေတဲ့ မီရှယ့်ဘက်ကို ပက်တီ လှည့်ပြီးဆူတယ်။ "မီးဖိုသုံးရင် ဟင်းရည်နွေးဖို့ပဲ သုံးပါလို့ အမေပြောထားတယ် လေ မီရှယ်။ ဘာလို့ အသားတွေ လျှောက်ကြော်နေတာလဲ။ တစ်အိမ်လုံး မီးလောင် ကုန်မယ်"

မီရှယ်က ငေးခန်းနဲ့ မီးဖိုချောင်ဘက်ကို တစ်ချက်လှမ်းကြည့်တယ်။ မီး လောင်သွားလည်း ဘာမှတော့ ဆုံးရှုံးစရာ မည်မည်ရရ မရှိတော့ပါဘူး။

"ဗိုက်ဆာနေတာကိုး"..မီရှယ်က မပွင့်တပွင့်ဖြေတယ်။ "အမေကထွက် သွားတာ ကြာလှပြီ။ ပြန်မှမလာဘဲနဲ့.."

"အဲဒါနဲ့ပဲ သမီး အမေ သေချာမှာထားတာကို နားမထောင်စရာလား။ မီးလောင်ရင် ဘယ်လိုလုပ်မလဲ"..ဒိုင်ယန်းက မီရှယ် ကြော်လက်စ အသားပြားကို ပြီးအောင် ဆက်ကြော်ပေးရင်း လှမ်းငေါက်တယ်။ အသားပြားကြော်ကို ပန်းကန်ထဲ သေချာထည့်တယ်။ "သမီးတို့ အမေ စိတ်ညစ်နေတယ်နော်။ သမီးတို့ လိမ္မာဖို့လို တယ်"

"အမေက သမီးတို့ကို အမြဲတမ်း လိမ်လိမ်မာမာပဲ နေခိုင်းနေတာပဲ".. ဒက်ဘီက ခပ်တိုးတိုးညည်းတယ်။ ဒက်ဘီ့လက်ထဲမှာ ဘန် ပေးထားတဲ့မွေးပွဝက်ဝံ ရုပ်လေးကို ကိုင်ထားတယ်။ ဟိုးတစ်ခါ ပွဲဈေးမှာတုန်းက ရထားတဲ့ အရုပ်လေးပါ။ ဘန်က အဲဒီတုန်းက ဆယ်ကျော်သက် ဖြစ်ခါစပေါ့။ နို့ဆီခွက်တွေကို ပေါက်ချရတဲ့ ကစားနည်းမှာ ဘန် နိုင်သွားတယ်။ သူ့ညီမတွေက အကြီးအကျယ် ဂုဏ်ယူလိုက် ကြတာ..ဆိုတာ။ ဒေးမိသားစုက ဘယ်နေရာမှာမှ မနိုင်ဖူးဘူးလေ။ ဒီတော့ ဒီလို အသေးအဖွဲ ကံကောင်းမှုလေးတွေကြုံရတိုင်း 'ဟယ်..တစ်ခါမှ မနိုင်ဖူးဘူး'ဆိုတဲ့ စကားကို လက်စွဲသုံးကြတယ်။ ဒေးမိသားစုရဲ့ မူပိုင်စကားစုပေါ့။

"လိမ္မာရတာ ဘာခက်လို့လဲ။ ခက်သလား..ပြော"..ဒိုင်ယန်းကဒက်ဘီ့ မေးစေ့ကို အသာပွတ်ပေးရင်း မေးတယ်။ ဒက်ဘီက ရှက်သလိုလို ခေါင်းကိုငုံ့သွား တယ်။ မျက်နှာက ပြုံးယောင်သမ်းလာတယ်။

"ဟုတ်..မခက်ပါဘူး အန်တီ"

ဒိုင်ယန်းက ဖုန်းဆက်စရာရှိတာတွေ ဆက်မယ်ဆိုပြီး မီးဖိုချောင်ထဲကဖုန်း ကို ကြိုးတန်းလန်းနဲ့ ကော်ရစ်ဒါအထိ ယူသွားတယ်။ ပက်တီကို လှမ်းအော်တယ်။

နင့်ကလေးတွေကို သေချာကျွေးလိုက်ဦး..တဲ့။ ပက်တီဒေး စိတ်ထဲ နင့်ခနဲဖြစ်သွားတယ်။ ကလေးတွေကို အစာကျွေးဖို့ မေ့တတ်တဲ့ အမေမျိုးတော့ မဟုတ်ပါ။ ဒါပေမယ့် တစ်ခါတလေ ဖြစ်သလိုကျွေးမိတာတော့ အမှန်ပဲ။ ခရမ်းချဉ်သီး ဆော့စ်ကို အရည်ဖျော်ပြီး ဟင်းရည်ဖြစ်ရင်ပြီးရော..ဆိုပြီး ကျွေးခဲ့မိဖူးတယ်။ နို့မှုန့်ကိုဖျော်ပြီး နွားနို့ဆိုပြီး တိုက်ခဲ့မိဖူးတယ်။ ပေါင်မုန့်နွမ်းနွမ်းနှစ်ချပ်ကို ယိုတစ်စက်နှစ်စက်တို့၊ ရော့..ဒီမှာ ဆန်းဒ်ဝှစ်ချ်ဆိုပြီး ကျွေးခဲ့မိဖူးတယ်။ ဘယ်လိုပဲ ပြောပြော ကျွေးဖို့မေ့တဲ့ အထိတော့ မဖြစ်ခဲ့ဖူးပါဘူး။ ကလေးတွေက ကျောင်းမှာလည်း အခမဲ့နေ့လယ်စာ စားလို့ရအောင် ချို့တဲ့စာရင်း သွင်းထားတယ်လေ။ အဲဒီအကြောင်း စဉ်းစားလိုက်မိမှ ပက်တီ့ရင်ထဲ ပိုပြီး ဆို့ချင်လာတယ်။ ဘာလို့လဲဆိုတော့ ပက်တီကိုယ်တိုင်လည်း သူ့ကလေးတွေ အခုတက်နေတဲ့ ကျောင်းမှာ တက်ခဲ့ဖူးတယ်လေ။ ပက်တီ့တုန်းက တော့ အခမဲ့နေ့လယ်စာ ဆိုတာ ခေါင်းထဲတောင် ထည့်မစဉ်းစားခဲ့မိဘူး။မိဘတွေက ပြေလည်ခဲ့တာကိုး။ အဲဒီတုန်းက နေ့လယ်စာ အခမဲ့စားဖို့ တန်းစီနေတဲ့ကလေးတွေ တွေ့ရင် ပက်တီဒေးက အထင်သေးတဲ့အကြည့်နဲ့ ကြည့်ခဲ့မိဖူးတယ်။ ကန်တင်းက အဒေါ်ကြီးက 'အခမဲ့နေ့လယ်စာ ပြင်မယ်ဟေ့' ဆိုပြီး အော်လိုက်တိုင်း 'အခမဲ့ ဆိုတာ အဓိပ္ပာယ်ကို မရှိဘူး' ဆိုပြီး တွေးခဲ့မိဖူးတယ်။ တန်းစီနေတဲ့ ကလေးတွေကို မကြည့်ဘဲ မျက်နှာလွှဲခဲ့ဖူးတယ်။ သနားလို့ မျက်နှာလွှဲတာတော့ မဟုတ်၊ ဆက် မကြည့်ချင်တော့လို့။

လစ်ဘီက ပက်တီ့ကို ခွထားရင်း ငိုနေတာ မရပ်သေးဘူး။ ပက်တီ့လည် ပင်းတစ်ခုလုံး လစ်ဘီ့မျက်ရည်တွေနဲ့ ပူကျစ်နေပြီ။ လစ်ဘီက သူ့အမေကို မော့ ကြည့်တယ်။ မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်တယ်။

"ပူလိုက်တာ..ပူတယ်"..ပြောပြီးတာနဲ့ လစ်ဘီက ထပ်ငိုပြန်တယ်။

"သမီး..သမီးလေး.. နည်းနည်းလေးပူတာပါ။ နာနာ နည်းနည်းလေးပါ။ အမာရွတ်မထင်ဘူးနော်။ အမာရွတ်ထင်မှာ ကြောက်ပြီး ငိုနေတာလား။ ဒီမှာကြည့် နာနာလေးတွေက သေးသေးလေးတွေ။ မငိုနဲ့နော်။ ခဏနေရင်ပျောက်သွားမှာ"

"ဟီး..ကံမကောင်းဘူး။ အဲဒါ..ကံဆိုးတော့မှာ"

လစ်ဘီလေးက အရမ်း စိတ်ပူတတ်တဲ့ ကလေး။ ဗိုက်ထဲက ထွက်လာကတည်းက အပူအပင်တွေ အပြည့်ပါလာသလား မသိပါဘူး။ အိပ်မက်ဆိုးတွေလည်း ခဏခဏ မက်တတ်တယ်။ ပြီးတော့ လစ်ဘီက ပက်တီရော၊ ရန်နာဒေးရော မလို ချင်ဘဲ ရလာခဲ့တဲ့ ကိုယ်ဝန်။ ကလေးတွေ တပြွတ်ပြွတ်မွေးလှချည်လားဆိုပြီး လူ

တွေက ဝိုင်းပြောလွန်းလို့ အရှက်ကြီးရှက်ခဲ့ရတာကို ပက်တီ မှတ်မိနေသေးတယ်။ ပက်တီ့ဗိုက်ထဲမှာ နေခဲ့ရတဲ့ ကိုးလစလုံး လစ်ဘီဒေးခမျာ အပြင်ကလူတွေရဲ့ ကဲ့ရဲ့ ရှုတ်ချသမျှတွေကို အထဲကနေ ကြားနေခဲ့သလား မသိပါဘူး။ အဲဒါကြောင့်လည်း ဒီလို အပူအပင်ကြီးတဲ့ ကလေးလေးဖြစ်လာခဲ့သလား။ လစ်ဘီ့ကို သေးတည်အီးတည် လုပ်ရတာ မလွယ်ဘူး။ သူ့ဗိုက်ထဲက အဲဒါတွေ ထွက်လာရကောင်းလား ဆိုပြီး လစ်ဘီက ကြောက်လန့်တကြားအော်တယ်။ ဖင်တုံးလုံးနဲ့ ထပြေးတယ်။ ကျောင်းပို့တော့လည်း မလွယ်။ ကျောင်းမှာ သူ့ကို ထားခဲ့ပါပြီဆိုပြီး အော်ငိုတယ်။ ဆရာမ လက်ထဲကနေ အတင်းရုန်းထွက်တယ်။ အရင်နှစ်နွေရာသီတုန်းကဆိုရင် ဘာကျွေးကျွေး မစားဘဲ တစ်ပတ်လောက် ကြာအောင် ခေါင်းမာနေတယ်။ နောက်ဆုံးမှာမှ ဘာလို့ အစာမစားသလဲဆိုတာ ပက်တီသိတော့တယ်။ လစ်ဘီ့ဒူးခေါင်းမှာ အရည်ကြည်ဖုလေးတွေ စုပြီးပေါက်နေတာကိုး။ လစ်ဘီက အဲဒီ အဖုလေးတွေကိုလက်ညှိုးထိုးပြပြီး ..*သူ့တစ်ကိုယ်လုံးကို ပျံ့သွားတော့မှာ..မျက်နှာတစ်ခုလုံးကို ဖုံးသွားတော့မှာ..သူ့ကို ဘယ်သူမှ မှတ်မိတော့မှာ မဟုတ်ဘူး*..ဆိုပြီး ငိုတယ်။ ပက်တီက လစ်ဘီ့ကို မေးတယ်။ ဘာလို့ အမေ့ကိုမပြောဘဲ ကြိတ်ငိုနေတာလဲ။ ဘာလို့ အစာမစားဘဲ တစ်ယောက်တည်း ကြိတ်ခံစားနေတာလဲ.လို့မေးတော့လစ်ဘီကပက်တီ့ကို နားမလည်တဲ့အကြည့်နဲ့ ပြန်ကြည့်လိုက်သေးတယ်။ အမေရူးနေလားပေါ့။

ပြီးတော့ တစ်ခုခုဖြစ်ပြီဆိုတာနဲ့ *ကံဆိုးတော့မှာ*..ဆိုပြီး လစ်ဘီက နိမိတ်ဖတ်တတ်တယ်။ ဒါအထူးအဆန်း မဟုတ်ပေမယ့် ဒီတစ်ခါတော့ ပက်တီ့ စိတ်ထဲမှာ ထင့်ကနဲ ဖြစ်သွားတယ်။ ကံကဆိုးနေပါပြီ။ ဒါပေမယ့် ဒီ့ထက် ထပ်ဆိုးဦးမယ်လို့ ပက်တီ့စိတ်ထဲ ထင်လာမိတယ်..။

လစ်ဘီ့ကို ပေါင်ပေါ်မှာတင်ပြီး ပက်တီ ဆိုဖာပေါ်မှာ ထိုင်ချလိုက်တယ်။ မီရှယ်နဲ့ ဒက်ဘီက ဘေးနားကိုရောက်လာတယ်။ တစ်သျှူးတွေ ယူလာပေးတယ်။ လစ်ဘီ့ကို မျက်ရည်သုတ်ပေးကြတယ်။ ဒက်ဘီက သူ့လက်ထဲက ဝက်ဝံရုပ်ကိုကိုင်ပြီး လစ်ဘီ့ကို ဝက်ဝံက စကားပြောနေသလို..ဘာမှဖြစ်ဘူးနော်..တိတ်တိတ်ဆိုပြီး ချော့တယ်။ လစ်ဘီက ဝက်ဝံရုပ်ကို တွန်းထုတ်ပြီး ဟိုဘက်ကို ချာခနဲလှည့်သွားတယ်။ မီရှယ်က သူ့ဟင်းချိုချက်ပေးရမလားဆိုပြီးမေးတယ်။ ဒီဆောင်းတစ်တွင်းလုံး ဟင်းချိုနဲ့ပဲ စခန်းသွားခဲ့တာလေ။ ကားဂိုဒေါင်ထဲက ရေခဲပုံးထဲမှာ ဟင်းချိုထုပ်တွေ ခဲပြီး လှောင်ထားပေးတယ်။ ပုံမှန်ဆိုရင် ဖေဖော်ဝါရီအကုန်လောက်မှာ ဟင်းချိုထုပ်တွေ ကုန်သွားတတ်တယ်။ ဖေဖော်ဝါရီလက တစ်နှစ်လုံးမှာ အဆိုးဆုံးလပဲ။

မီရှယ်က ဟင်းချိုထုပ်ထဲက အသားနဲ့အသီးအရွက်အတုံးတွေကို အိုးထဲ ထည့်ပြုတ်တယ်။ ပန်းကန်ထဲက ဝက်သားပြားကြော်တွေက ဒီအတိုင်း။ ဒိုင်ယန်းက ဧည့်ခန်းထဲကိုပြန်ဝင်လာတယ်။ သူ့မျက်နှာက မှုန်ကုပ်နေတယ်။ စီးကရက်တစ်လိပ် ထုတ်ညှိတယ်။ *ငါ့ကို မတားနဲ့။ ဆေးလိပ်ဖွာမှ ဖြစ်မယ်..*တဲ့။ ဆိုဖာမှာ ဇွေ့ကနဲ ဝင်ထိုင်တယ်။ ကလေးတွေကို မီးဖိုချောင်ထဲမှာ သွားနေဖို့ ပြောလိုက်တယ်။ သူ့ စကားကို ကလေးတွေက ကောင်းကောင်းနားထောင်ကြပါတယ်။ ဇဝေဇဝါ၊ စိုးရိမ် စိတ်တွေ သမ်းနေတဲ့ မျက်နှာလေးတွေနဲ့ မီးဖိုချောင်ဘက်ကို ထွက်သွားကြတယ်။

"အိုကေ..ဒီတော့.. အခု ကောလာဟလကိုစတဲ့သူတွေက ကိတ်မိသားစု တဲ့။ ကင်နက်ကီနဲ့ ဆယ်လီနာမြို့ကြားက မြို့သစ်ပိုင်းမှာ နေတဲ့ မိသားစုပဲ။ သူတို့ မြို့သစ်မှာ ကျောင်းဆောက်နေတာ မပြီးသေးလို့တဲ့..သူတို့သမီးကို ကင်နက်ကီမှာ ကျောင်းထားထားတယ်။ သူတို့သမီး ခရစ်ဆီကိတ်..ဆိုတဲ့ ကောင်မလေးကပန်းချီ အတန်းတက်တယ်။ ကျောင်းမှာပဲ။ အချိန်ပို တက်တာ။ အဲဒီအတန်းမှာ ဘန်ဒေးက အခမဲ့ ဝင်ကူညီပေးနေတယ်တဲ့။ အဲဒါ နင်သိသလား။ ဘန်အဲဒီလို ကူညီပေးနေတယ် ဆိုတာ.."

ပက်တီ ခေါင်းခါလိုက်တယ်။

"အခမဲ့ ကူညီပေးနေတယ်..ဟုတ်လား"

ဒိုင်ယန်းကလည်း မယုံသလို နှုတ်ခမ်းကို စူပြီး ဟူးခနဲလေမှုတ်ထုတ်တယ်။

"ထားပါတော့။ ဘာလို့လဲတော့မသိဘူး ဘန်က အဲဒီလို အခမဲ့ကူညီပေး နေရင်း ဘန်နဲ့ အဲဒီကောင်မလေးနဲ့ တစ်ခုခု ဖြစ်တယ်ထင်တယ်။ ခရစ်ဆီကိတ်ရဲ့ မိဘတွေဆီကနေ အဲဒီစကား စထွက်လာတယ်။ ပြီးလည်း ပြီးရော တခြားကလေး မိဘတွေဆီကပါ တိုင်တောသံတွေ ထွက်လာတယ်။ ဟင်ကယ်လ်မိသားစု၊ ပွတ်ချ်စ် မိသားစု၊ ပြီးတော့ ကာပေးလ်မိသားစု.."

"ဘာ"

"အဲဒီမိသားစုတွေ အကုန်လုံးက တစ်အိမ်နဲ့တစ်အိမ် ပြန်ပြီးဖောက်သည် ချပြီးနေပြီ။ ကျောင်းနဲ့လည်း စကားပြောပြီးပြီ။ ငါကြားသလောက်ကတော့ ရဲတွေ လည်း ပါလာပြီလို့ ပြောတယ်။ ဒီနေ့..ဒါမှမဟုတ် မနက်ဖြန် နင့်ကိုရဲဌာနကလာ တွေ့လိမ့်မယ်။ ဘန့်ကို လာရှာလိမ့်မယ်။ အဲဒီအခြေအနေထိ ရောက်နေပြီ။ ငါတို့ ကံကောင်းတယ်ပြောရမယ်..ကျောင်းပိတ်ရက်ဖြစ်နေလို့ ကျောင်းကလူတွေအကုန် လုံးတော့ မသိကြသေးဘူး။ အဲဒီ ပန်းချီတန်းထဲမှာ ရှိသမျှ ကောင်မလေးတွေရဲ့

မိဘတွေအိမ်ကို ကျောင်းဘက်က သွားတွေ့နေပြီလို့ ပြောတယ်။ ဒီတော့ မိသားစု ၁၀ ခုလောက် ရှိမှာပေါ့"

"ကျွန်မ ဘာလုပ်ရမလဲ"…ပက်တီ ခေါင်းကို ဒူးနှစ်ဖက်ကြားမှာ နှစ်ရင်း မေးလိုက်တယ်။ ရယ်ချင်သလိုလို၊ ငိုချင်သလိုလို ခံစားချက်က ဗိုက်ထဲမှာဝေ့နေတယ်။ *ငါရှူးတော့မှာလား*··ပက်တီ တွေးမိတယ်။ *ရူးသွားရင်ကောင်းမယ်။ ဒါဆို ဘယ်သူနဲ့မှ စကားပြောစရာ မလိုတော့ဘူး။* အရူးထောင်ထဲမှာ အေးအေးဆေးဆေး နေရမယ်။ မနက်စာ၊ ညစာ ပါးစပ်ထဲကို ခွံ့ကျွေးလိမ့်မယ်။ အသေကောင်လို··။ ဘာမှ ဆက်စဉ်းစားစရာ၊ ပူပန်နေစရာ မလိုတော့ဘူး။

"အခု အကုန်လုံး ခရစ်ဆီကိတ်မိသားစုအိမ်ကို ရောက်နေကြပြီလို့ကြား တယ်။ သူတို့အိမ်လိပ်စာ ငါတောင်းထားပြီးပြီ"

ပက်တီ ဘာမှပြန်မပြောဘဲ ငေးကြည့်နေမိတယ်။

"အဲဒီအိမ်ကို ငါတို့ လိုက်သွားရင်ကောင်းမယ်ထင်တယ်"·· ဒိုင်ယန်းက ပြောတယ်။

"လိုက်သွားမယ်··၊ ဘာလို့လဲ။ အစ်မပြောတော့ ရဲတွေက၊ ကျောင်းကလူ တွေက ဒီအိမ်ကို လာရှာကြမှာဆို"

"ဟုတ်တယ် အမေရေ၊ ဖုန်းတွေ ဆက်တိုက်လာနေတယ်"··မီရှယ်က မီးဖိုချောင်ဘက်ကနေ လှမ်းအော်တယ်။ ဒီကလေး ခိုးနားထောင်နေပြန်ပြီ။

"အဲဒါဆိုလည်း ဖုန်းကိုင်လိုက်လေ မီရှယ်"··ဒိုင်ယန်းကပြောတယ်။

မီရှယ်က ပခုံးတွန့်ပြတယ်။ "ကိုင်ရမှာလား၊ မကိုင်ရဘူးလား ၊ ဘယ်လို မှာထားသလဲ မမှတ်မိတော့လို့"

"ဒီမှာပဲ ထိုင်စောင့်ရင်ပိုမကောင်းဘူးလား အစ်မ"··ပက်တီကမေးတယ်။

"ပက်တီ၊ အဲဒီ မိသားစုတွေက ခရစ်ဆီကိတ် အိမ်မှာ စုပြီး နင့်သားရဲ့ မကောင်းကြောင်းကို ပြောချင်သလို ပြောနေကြတာလေ။ သူတို့ပြောတာတွေ မှန် သလား၊ မှားသလား ငါမသိဘူး။ ဒါပေမယ့် နင့်သားဘက်ကနေ နင် ပြောမပေးချင် ဘူးလား။ သူတို့ဘာတွေ ပြောနေကြသလဲဆိုတာ နင်မသိချင်ဘူးလား။ ပြောရဲရင် ငါတို့မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောပါစေ"

ဟင့်အင်း မသိချင်ဘူး။ အဲဒီကောလာဟလတွေ အားလုံး တဖြည်းဖြည်း ပြန်ပျောက်ကွယ်သွားရင် ကောင်းမယ်။ မြို့ထဲကလူတွေ ဘန့်အကြောင်း ဘာတွေ ပြောနေကြသလဲ ပက်တီ တကယ်မသိချင်ဘူး။ ဟင်ကယ်လ်··မိသားစုလည်း ပါ

တယ်တဲ့။ မက်ဂီဟင်ကယ်လ်နဲ့ ပက်တီနဲ့က ကျောင်းနေဖက်တွေလေ။ ပြီးတော့ သူတို့ ဝိုင်းကြည့်မယ့် အကြည့်တွေအောက်မှာ ပက်တီ ခွေလဲသွားမှာ။ ငိုယိုပြီး တောင်းပန်မိတော့မှာ။ အခုကတည်းကိုက အားလုံး ခွင့်လွှတ်ကြပါစေ··ဆိုပြီး ဆု တောင်းနေမိပြီ။ ဘာမှ အမှားမလုပ်ရသေးခင်ကတည်းကိုက တောင်းပန်ချင်နေမိပြီ။

"အင်း··ဒါဆို အဝတ်အစား သပ်သပ်ရပ်ရပ်လေး လဲပါရစေ"

...

အပေါက်အပြဲ မရှိသလောက်နည်းတဲ့ ဆွယ်တာတစ်ထည် ရှာဝတ်တယ်။ ကာကီ ဘောင်းဘီပွပွ ဝတ်တယ်။ ဆံပင်ကို သေချာဖြီးတယ်။ ပုလဲနားကပ်နဲ့ဆွဲကြိုး ဆင်တူ ဝတ်တယ်။ အတုတွေပါ။ ကြည့်လိုက်ရင်တော့ မသိသာဘူး။

ပက်တီနဲ့ ဒိုင်ယန်း ကလေးတွေကို သေချာမှာပြီး (မီးဖိုကို ဘယ်လိုသုံးရမလဲ၊ တီဗွီ ဆက်မကြည့်ဖို့၊ အိမ်အလုပ် နည်းနည်းလုပ်ဖို့) တံခါးကနေ ထွက်မယ် အလုပ်မှာ လစ်ဘီဒေးရဲ့ ငိုသံက စီခနဲထွက်လာပြန်တယ်။ လစ်ဘီက သူ့အမေနဲ့ အဒေါ်ဆီကို ခြေကားရား လက်ကားရားနဲ့ ပြေးလာတယ်။ မီရှယ်ဒေးက စိတ်ဆိုး သလို လက်ကိုပိုက်ပြီး ခြေဆောင့်တယ်။

"အမေ့သမီး အဲဒီလိုဖြစ်နေရင် သမီး မထိန်းနိုင်ဘူးနော်"··မီရှယ်ဒေးက ပက်တီဒေးရဲ့ လေသံကို အတိအကျခိုးပြီး ပြောတယ်။ "အရမ်းစိတ်ကုန်တာပဲ"

ပက်တီ အသက်ကို ပြင်းပြင်းရှူသွင်းလိုက်တယ်။ မီရှယ့်ကို ဘယ်လိုနား ဝင်အောင် ပြောရမလဲ။ ဆူရမှာလား။ လစ်ဘီကလည်း အဆက်မပြတ်အော်ငိုနေ တယ်။ ပါးစပ်ကလည်း ဆက်တိုက်အော်တယ်။ *လိုက်မယ်လိုက်မယ်လိုက်မယ်လိုက် မယ်မနေခဲ့ဘူးမနေဘူး··။* မီရှယ်က မျက်ခုံးကိုပင့်ပြီး စိတ်ကုန်တဲ့အမူအရာနဲ့သက် ပြင်းချပြနေတယ်။ ဘာလုပ်ရမလဲ။ ရဲတွေသာ မတော်တဆရောက်လာခဲ့ရင် ကြမ်း ပြင်မှာ လိမ့်ငိုနေတဲ့ လစ်ဘီ့ကို တွေ့သွားရင်··ဘယ်လိုထင်ကြမလဲ။ သုံးယောက် စလုံး ပက်တီနဲ့ ခေါ်သွားရင်ကောင်းမလား။ ဒါပေမယ့် ဖုန်းလာရင် ဖြေဖို့လူလည်း လိုသေးတယ်။ မီရှယ်နဲ့ ဒက်ဘီကို ထားခဲ့ပြီး··

...

"လစ်ဘီ၊ ဖိနပ်သွားစီး"··ဒိုင်ယန်းက အမိန့်ပေးလိုက်တယ်။ "မီရှယ်၊ သမီးကို တာဝန်လွှဲခဲ့ပြီနော်။ ဖုန်းလာရင် ကိုင်လိုက်။ တံခါးလာခေါက်ရင်ဖွင့်မပေး နဲ့။ ဘန့်မှာ သော့ပါပြီးသား။ ဘန်ဆိုရင် သူ့ဘာသာသူ တံခါးဖွင့်ဝင်လာလိမ့်မယ်။ တခြားသူတံခါးလာခေါက်ရင် မကြားချင်ယောင်ဆောင်နေလိုက်။ ကြားလား"

"ဘာတွေဖြစ်နေတာလဲဟင်"

"မီရှယ်၊အန်တီပြောနေတာကိုမကြားဘူးလား။နားမထောင်ချင်ဘူးလား"

"ဟုတ်" မီရှယ်ဘာမှ ဆက်မပြောတော့ဘဲ ပါးစပ်ပိတ်သွားတယ်။

လစ်ဘီ ဖိနပ်စီးနေတာကို ပက်တီ မတ်တပ်ရပ်ပြီး ငိုင်ကြည့်နေမိတယ်။ သူ့ကိုယ်သူလည်း အသုံးမကျတဲ့ မိန်းမတစ်ယောက်လို ခံစားနေရတယ်။ လစ်ဘီ ဖိနပ်စီးပြီးသွားတော့မှ သူ့လက်ကိုဆွဲပြီး ကားဘက်ကို ခေါ်လာလိုက်တယ်။ စိတ်ထဲမှာ တွေးနေမိတယ်။ လစ်ဘီ့ကို ခေါ်သွားတာ အကျိုးရှိမှာပါ။ အနည်းဆုံးတော့ ဘန့်မှာ သူ့ကိုချစ်တဲ့ ညီမလေးတွေ ရှိနေတယ်ဆိုတာကို လူတွေ သိသွားမှာပဲ။ သူ့ညီမလေးတွေကိုတောင် ဘာမှမလုပ်တာ··ဘာလို့ သူများသားသမီးကို လုပ်မလဲ။

လစ်ဘီက စကားအရမ်းနည်းတယ်။ မီရှယ်နဲ့ ဒက်ဘီ နှစ်ယောက်က စကားများတဲ့ တာဝန်ကို တစ်ဝက်စီ ခွဲယူလိုက်ကြလို့ ဖြစ်မယ်။ လစ်ဘီလေးက သူကြိုက်တာ၊ မကြိုက်တာတွေကို တည့်တည့်ကြီး ပြောတတ်တယ်။ *မြင်းပုလေးတွေကို ချစ်တယ်။ အီတာလီခေါက်ဆွဲကို မုန်းတယ်။ နင့်ကို မချစ်ဘူး··*စသဖြင့်။ ပြီးတော့ သူ့အမေလိုပဲ လစ်ဘီကလည်း သူ့မျက်နှာက ခံစားချက်ကို မဖုံးတတ်ဘူး။ ဖြစ်သမျှ ခံစားချက်အကုန် ဘွင်းဘွင်းကြီး မြင်သာနေတယ်။ စိတ်ဆိုးနေတဲ့အချိန်၊ ဝမ်းနည်းနေတဲ့ အချိန်တွေကလွဲရင် သာမန်အချိန်တွေမှာ စကားသိပ်မပြောဘူးရယ်။ အခုလည်း ကားနောက်ခန်းမှာ ထိုင်နေရင်း ငြိမ်ငြိမ်လေး လိုက်လာတယ်။ ကားပြတင်းပေါက်မှန်ကို လက်ဝါးနဲ့ ကိုင်ရင်း အပြင်မှာ တရိပ်ရိပ်ကျန်ခဲ့တဲ့ သစ်ပင်ရိပ်တွေကို ငေးကြည့်နေတယ်။

ပက်တီနဲ့ ဒိုင်ယန်းလည်း စကားမပြောဖြစ်ပါဘူး။ ကားရေဒီယိုကိုလည်း ပိတ်ထားတယ်။ ခရစ်ဆီကိတ် မိသားစုအိမ်ကို သွားတွေ့ရမှာကို ပက်တီ ကြိုပြီးမြင်ယောင်နေမိတယ်။ ပက်တီ့မျက်လုံးထဲမှာ 'ငါ့သားကို မထိကြနဲ့' ဆိုပြီးအော်ဟစ်နေမယ့် သူ့ကိုယ်သူပဲ ပြန်မြင်နေမိတယ်။ မက်ဂီဟင်ကယ်လ်နဲ့ ပက်တီက ကျောင်းနေဖက်တွေဆိုပေမယ့် အခင်ကြီးတော့ မဟုတ်ပါဘူး။ စတိုးဆိုင်မှာ တွေ့ရင်တော့ ကောင်းကောင်းမွန်မွန် နှုတ်ဆက်ဖြစ်ပါတယ်။ ပွတ်ချ်စ် မိသားစုကိုကျတော့ ဘုရားကျောင်းတက်ရင်းနဲ့ ခင်တာ။ ဒီလူတွေက လူကောင်းတွေပါ။ ပက်တီ့ကို မဟုတ်တမ်းတရမ်း စွပ်စွဲမယ့်သူတွေတော့ မဟုတ်လောက်ပါဘူး။ ခရစ်ဆီကိတ် ဆိုတဲ့ ကောင်မလေးရဲ့ မိဘတွေကတော့ ဘယ်လိုပုံစံဖြစ်မလဲ ပက်တီ မသိဘူး။ သူတို့နာမည်တွေကိုကြည့်ရတာ ဆံပင်ရွှေရောင်တွေနဲ့ ဝင်းဝင်းလက်နေမယ့် မိသားစုမျိုး

ထင်တယ်။ တစ်အိမ်လုံးကို သပ်သပ်ရပ်ရပ် လိုက်ဖက်အောင် ပြင်ဆင်ထားမယ်။ အမွှေးနံ့သာ နုနုရွရွတွေ သင်းပျံ့နေမယ်။ ခရစ်ဆီကိတ် အမေက ပက်တီဝတ်ထားတဲ့ ပုလဲတွေ အစစ်မဟုတ်ဘူးဆိုတာ မြင်တာနဲ့ သိသွားမလား။

အမြန်လမ်းပေါ်ကနေ ဘေးဘက်ကို ချိုးချလိုက်တယ်။ အက်ဝုဒ်ပါ့ခ် ရဲ့ အိမ်ရာအသစ် ကြော်ငြာဆိုင်းဘုတ်ကို ကျော်လာတယ်။ အိမ်ရာဝင်းတစ်ခုလုံးက ဆောက်လက်စ၊ မပြီးသေးဘူး။ သစ်ချောင်းနဲ့ ပုံစံအကြမ်းတွေ ဆောက်ပြထားတယ်။ သစ်ချောင်းတွေကြားကနေ တစ်အိမ်ကနေ နောက်တစ်အိမ်ကို ဖောက်ပြီးမြင်နေရတယ်။ ဆယ်ကျော်သက်ကောင်မလေး တစ်ယောက်က ပုံစံအိမ်တစ်ခုရဲ့ အပေါ်ထပ် ထုပ်တန်းပေါ်တက်ပြီး စီးကရက် သောက်နေတယ်။ ဆေးလိပ်ပြာတွေကို ခြွေချလိုက်တော့ အောက်က ထမင်းစားခန်းထဲကို ပြာတွေပြုတ်ကျသွားတယ်။

သစ်ချောင်းအိမ်ပုံစံတွေကို ကြည့်ရင်း ပက်တီ့စိတ်ထဲ မအီမသာဖြစ်လာတယ်။ လူနေအိမ်တွေနဲ့တူအောင် ဆောက်ပြထားပေမယ့် ကိုယ်နဲ့ မရင်းနှီးတဲ့ သတ္တဝါတွေလို ခံစားနေရတယ်။ နေ့တိုင်းပြောနေကျ စကားတစ်ခွန်း လျှာဖျားမှာ မေ့နေတာလိုမျိုး။

"အိမ်ပုံစံတွေက လှတော့လှသားပဲ"..ဒိုင်ယန်းက သစ်ချောင်းအိမ်တွေဘက်ကို လက်ညှိုးထိုးပြရင်း ပြောတယ်။

နှစ်ခါလောက် ထပ်ကွေ့ပြီးတော့ တကယ့် အိမ်အစစ်တွေရှိတဲ့ အိမ်ရာဝင်းထဲကို ရောက်လာတယ်။ အိမ်သန့်သန့်လေး တစ်ခုရှေ့မှာ ကားရပ်တယ်။ တခြားကားတွေလည်း ရောက်နှင့်နေပြီ။

"ပါတီပွဲကျင်းပနေသလိုပါပဲလား"..ဒိုင်ယန်းက နှာခေါင်းကိုရှုံ့ရင်းပြောတယ်။ တံခါးမှန်ကို ချပြီး အပြင်ဘက်ကို တံတွေးတစ်ချက်ထွေးတယ်။

ဒိုင်ယန်းရဲ့ လည်ချောင်းရှင်းသံကလွဲရင်ကားထဲမှာ တိတ်ဆိတ်နေတယ်။

"ဒီလိုပဲ လာစုနေကြတာပါ"..ဒိုင်ယန်းက ပြောတယ်။ "စိတ်ပူမနေနဲ့ ပက်တီ။ သူတို့ဘာလုပ်နိုင်မှာလဲ။ အော်ဆဲတာထက်ပိုပြီး ဘာမှလုပ်လို့မရပါဘူး"

"အစ်မ လစ်ဘီနဲ့ ကားထဲမှာနေခဲ့ကြပါလား။ အော်တာ ငေါက်တာတွေ လစ်ဘီ့ကို မကြားစေချင်ဘူး"

"ဘာမှ ကားထဲမှာ နေခဲ့စရာအကြောင်း မရှိဘူး။ အကုန် အတူတူသွားမယ်။ လစ်ဘီလေး· လစ်ဘီလေးက သတ္တိရှိတယ်နော့။ မကြောက်တတ်ဘူးမဟုတ်လား"..ဒိုင်ယန်းက လစ်ဘီ့ဘက်ကို လှည့်ပြီး ပြောတယ်။ ပြီးမှ ပက်တီ့ဘက်ကို

ပြန်လှည့်ပြီး "လစ်ဘီကို မြင်သွားတော့ ပိုမကောင်းဘူးလား။ ဘန့်မှာ သူ့ကိုချစ်တဲ့ ညီမလေးတွေ ရှိနေတယ်ဆိုတာ သူတို့သိသွားတာပေါ့"။ ပက်တီ့စိတ်ထဲ နည်းနည်းတော့ အေးသွားတယ်။ သူလည်း အဲဒီလိုပဲ တွေးထားတာလေ။

ဒိုင်ယန်းက ကားပေါ်ကနေဆင်းတယ်။ နောက်ခန်းဘက်ကို လျှောက်သွားပြီး လစ်ဘီကို တံခါးဖွင့်ပေးတယ်။ အိမ်တံခါးဘက်ကို သုံးယောက်သား ခြေလှမ်းနေရင်း ပက်တီ ခေါင်းတွေ မူးချင်လာတယ်။ ဗိုက်ထဲမှာ အက်စစ်တွေမျိုထားသလို ပူလာတယ်။ ပါးစပ်ကို ကျယ်ကျယ်ဟပြီး လေပူတွေကို မှုတ်ထုတ်လိုက်ရတယ်။ တံခါးရှေ့ကိုရောက်တော့ ပက်တီနဲ့ ဒိုင်ယန်းက ရှေ့မှာရပ်တယ်။ လစ်ဘီလေးက သူတို့နောက်မှာ ကွယ်ပြီး မတ်တတ်ရပ်နေတယ်။ ဖြတ်သွားဖြတ်လာတွေမြင်ရင်တော့ ပါတီပွဲကို လာကြတဲ့ မိသားစုလို့ ထင်သွားလောက်တယ်။ တံခါးမှာ ခရစ္စမတ်တုန်းက ချိတ်ထားတဲ့ ပန်းခွေ မဖြုတ်ရသေးဘူး။ ပတ်တီ့စိတ်ထဲ တွေးမိတယ်။ *ဘာမှ မကြာသေးခင်..ခရစ္စမတ်တုန်းက ဒီမိသားစု တော်တော်ပျော်ခဲ့မှာပဲ။ အခုတော့ စိတ်တွေဆင်းရဲနေပြီး သူတို့ခေါင်းထဲမှာ တွေးနေမိမှာ.. ခရစ္စမတ်တုန်းကတောင် အကောင်းကြီးရှိသေးတယ်..အခု ငါတို့ဘဝ ဘယ်လိုဖြစ်သလဲပေါ့..*။ ခရစ်ဆီတို့ရဲ့ အိမ်လေးက အိမ်ကြော်ငြာတွေထဲမှာတွေ့ရတတ်တဲ့ ပုံစံမျိုးသန့်သန့်ကောင်းကောင်းလေး။ ကားပါကင်ထဲမှာ BMW ကားနှစ်စီး ရပ်ထားတယ်။ ဒီလိုအဖြစ်အပျက်မျိုး ဒီမိသားစု ကြုံဖူးမယ့်ပုံ မပေါ်ဘူး။

"အိမ်ထဲဝင်လို့ ဖြစ်ပါ့မလား။ မတွေ့တော့ရင် ကောင်းမယ်ထင်တယ်၊ ကျွန်မတို့ လှည့်ပြန်ကြရအောင်"..ပက်တီ့ပါးစပ်က လွတ်ခနဲ ထွက်သွားတယ်။

ဒိုင်ယန်းက လူခေါ်ခေါင်းလောင်းခလုတ်ကို နှိပ်ရင်း ပက်တီ့ကို သေချာစိုက်ကြည့်တယ်။ ပက်တီ့အဖေ အမြဲကြည့်နေကျ အကြည့်မျိုး။ "လုပ်စရာရှိတာကို လုပ်လိုက်တော့။ ကြောက်မနေနဲ့"တဲ့။ ဒါလည်း အဖေပြောနေကျစကားပဲ။

မစ္စကိတ်က တံခါးလာဖွင့်ပေးတယ်။ မျက်နှာက ရှင်းရှင်းသန့်သန့်။ ဆံပင်ရွှေရောင်နဲ့။ သူ့မျက်လုံးတွေက ငိုထားလို့ နီရဲနေတယ်။ လက်ထဲမှာ တစ်သျှူးတစ်စ ကိုင်ထားတယ်။

"ဟုတ်..ဘာကူညီပေးရမလဲရှင့်"

"ကျွန်မ..၊ အစ်မက...ခရစ်ဆီကိတ်ရဲ့ အမေလားဟင်"..မေးခွန်းအပြီးမှာ ပက်တီ ငိုချလိုက်တယ်။

"ဟုတ်ပါတယ်"..မစ္စကိတ်က ပက်တီနဲ့ ဒိုင်ယန်းကို တစ်လှည့်စီကြည့်

တယ်။ သူ့လည်ပင်းမှာလည်း ပက်တီ့လိုပဲ ပုလဲကြိုးဆွဲထားတယ်။ ပက်တီတို့ရဲ့ နောက်မှာ ရပ်နေတဲ့ လစ်ဘီ့ကိုတွေ့တော့ "ဟယ်၊ အောင်မလေး။ ဒါညီမ သမီး လေးလား။ သူလည်း ဘန်ဒေး လက်ချက်မိသွားတာလား"

"မဟုတ်ပါဘူး"..ပက်တီ အမြန်ပြန်ဖြေလိုက်တယ်။ "ကျွန်မက ဘန်ရဲ့ အမေပါ။ ကျွန်မ ဘန်ဒေးရဲ့အမေပါ"..မျက်ရည်တွေကို ဆွယ်တာလက်နဲ့ သုတ်လိုက်တယ်။

"ဘာ၊ အောင်မလေး၊ လူးဝစ်စ်ရေ။ လာပါဦး။ ဒီမှာ..လာပါဦး"..မစ္စကိတ်ရဲ့ အသံက လေယာဉ်ပျက်ကျတဲ့ အသံလို ကျယ်လောင်ပြီး တုန်ခါနေတယ်။ ဧည့်ခန်းထဲကနေ တံခါးဝဆီကို ကြည့်နေကြတဲ့ မျက်နှာတွေက ပက်တီမတွေ့ဖူးတဲ့ မျက်နှာတွေ။ အအေးပုလင်းတွေတင်ထားတဲ့ ဗန်းကို ကိုင်ရင်းယောကျ်ားတစ်ယောက် ဧည့်ခန်းထဲကို ဝင်လာတယ်။ ဂျင်းဘောင်းဘီဝတ်ထားတဲ့ ဆံပင်ရွှေရောင်နဲ့ ခပ်ချောချောကောင်မလေးတစ်ယောက်က အိမ်ရှေ့တံခါးနားကို ကပ်လာတယ်။

"အဲဒါဘယ်သူတွေလဲ"..ကောင်မလေးက မေးတယ်။

"နင့်အဖေကိုသွားခေါ်စမ်း"..မစ္စကိတ်က ကောင်မလေးကို လှမ်းအော်တယ်။ "လူးဝစ်စ်ရေ.."အိမ်ဘက်လှည့်ပြီး အော်ပြန်တယ်။ ခဏကြာတော့မစ္စကိတ်ရဲ့ နောက်မှာ ထောင်ထောင်မောင်းမောင်းနဲ့ ယောကျ်ားတစ်ယောက် ပေါ်လာတယ်။ အရပ် ၆ ပေ ၅ လက်မလောက် ရှိမယ်။ သူ့မျက်နှာက ခေါင်းကို အမြဲမော့ထားတတ်တဲ့၊ ဘဝမှာ လိုချင်တာ အကုန်ရခဲ့တဲ့ ရုပ်မျိုးပဲ။

"ဒီမှာ..ဒီမှာ ဘန်ဒေးရဲ့ အမေတဲ့။ လုပ်ပါဦး"..မစ္စကိတ်ရဲ့လေသံထဲမှာ ရွံရှာစက်ဆုပ်တဲ့ အငွေ့အသက်တွေ အပြည့်အဝပါနေတယ်။ ပက်တီ့ ဗိုက်ထဲအောင့်သလိုလို ဖြစ်လာတယ်။

"ခင်ဗျားတို့ အထဲကို လာကြ"..လူးဝစ်စ်ဆိုတဲ့လူက ပြောတယ်။ ပက်တီနဲ့ ဒိုင်ယန်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်တော့ လူးဝစ်စ်ကထပ်ပြောတယ်။ "လာလေဗျ၊ လာ"။ သူခေါ်တဲ့ပုံစံက ပြောရဆိုရခက်တဲ့ ခွေးတစ်ကောင်ကို အိမ်ထဲပြန်ဝင်ဖို့ ခေါ်သလိုမျိုးဖြစ်နေတယ်။

ဧည့်ခန်းထဲမှာ လူတွေအများကြီး ရောက်နေတယ်။ ကလေးမွေးနေ့ လိုလို ဘာလိုလို။ မိဘတွေနဲ့ အတူတူထိုင်နေကြတဲ့ ကလေးမလေးတွေ လေးငါးယောက်လောက်ရှိမယ်။ မုန့်စားတဲ့သူက စားနေတယ်။ မျက်နှာမှာ စတစ်ကာတွေကပ်ပြီး ဆော့တဲ့ ကလေးတွေက ဆော့နေကြတယ်။ မိဘတွေအားလုံးရဲ့ မျက်နှာတွေက

ပူပင်စိတ်ကို မနည်းထိန်းထားရသလို အမ်းတမ်းတမ်းတွေ ဖြစ်နေကြတယ်။ ဧည့်ခန်းအလယ် ကြမ်းပြင်မှာ ခရစ်ဆီကိတ်ရယ်၊ ခပ်ငယ်ငယ် အမျိုးသားတစ်ယောက်ရယ် အတူတူ ထိုင်နေတယ်။ ခရစ်ဆီကိတ်ရဲ့ လက်ထဲမှာ ကောင်လေး အရုပ်ရယ်၊ ကောင်မလေး အရုပ်ရယ်‥အရုပ်နှစ်ရုပ်ကိုင်ထားတယ်။ ကလေးတွေဆော့တဲ့အရုပ်မျိုး မဟုတ်ဘူး။ မှုခင်းဇာတ်လမ်းတွေမှာ ပက်တီ တွေ့ဖူးတဲ့ သရုပ်ပြတဲ့အရုပ်တွေ။ သက်ငယ်မုဒိမ်းမှုတွေမှာ သူတို့ ဘယ်လို အဓမ္မပြုခံခဲ့ရသလဲဆိုတာ ကလေးတွေက မှုခင်းဆရာဝန်တွေ၊ ရှေ့နေတွေကို သရုပ်ဖော်လုပ်ပြတဲ့ အရုပ်တွေ။ ခရစ်ဆီကိတ်က အရုပ် နှစ်ရုပ်စလုံးရဲ့ အဝတ်အစားတွေကို ဆွဲချွတ်တယ်။ ကောင်မလေးအရုပ်ကို အောက်မှာထားတယ်။ ကောင်လေးအရုပ်ကို အပေါ်မှာ ထပ်တင်တယ်။ အရုပ်နှစ်ရုပ်ကို အပေါ်အောက် တဖုန်းဖုန်း ဆောင့်ပြတယ်။ ပါးစပ်ကလည်း အသံတွေ လုပ်ပြတယ်။

"အဲဒီလို လုပ်တာ"‥ခရစ်ဆီက အရုပ်နှစ်ရုပ်ကို ဘေးကို လွှင့်ပစ်လိုက်ရင်း ပြောတယ်။ သူ့အသံက စိတ်တိုသလိုလို၊ ပျင်းနေသလိုလို။ အသက်ငယ်ငယ် အမျိုးသားက (ကျောင်းကနေလွှတ်လိုက်တဲ့ ဆရာဝန်လေး ဖြစ်မယ်ထင်တယ်။ ပညာတတ် ရုပ်မျိုးပါပဲ။ ရုပ်အင်္ကျီအောက်ခံပေါ်မှာ ဆွယ်တာဖြောင်ထပ်ဝတ်ထားတယ်။) ခရစ်ဆီကိတ် လွှင့်ပစ်လိုက်တဲ့ အရုပ်တွေကို ပြန်ကောက်တယ်။

"အဲဒါ ဘယ်သူလဲမေမေ"‥ခရစ်ဆီက ပက်တီ့ကို လက်ညှိုးထိုးပြပြီး သူ့အမေကို မေးတယ်။

ပက်တီ ခရစ်ဆီ့နားကို အမြန်လျှောက်သွားလိုက်တယ်။ ဝိုင်းကြည့်နေကြတဲ့ မိဘတွေရဲ့ အကြည့်တွေကို မမြင်ချင်ယောင်ဆောင်နေလိုက်တယ်။ အကုန်လုံးက ပက်တီဝင်လာတာနဲ့ မတ်တတ်ထရပ်ပြီး အသင့်အနေအထားတွေ ဖြစ်ကုန်တယ်။

"ခရစ်ဆီ‥သမီး"‥ပက်တီ ကြမ်းပြင်မှာ ထိုင်ချပြီး ပြောလိုက်တယ်။ "သမီး။ အန်တီ့နာမည်က ပက်တီဒေးတဲ့။ ဘန်ဒေးရဲ့ အမေပါ"

ခရစ်ဆီ့ မျက်လုံးတွေ ပြူးခနဲ ဖြစ်သွားတယ်။ နှုတ်ခမ်းတွေတုန်လာတယ်။ ပက်တီနဲ့ ခရစ်ဆီ မျက်လုံးတွေဆိုင်သွားပြီး စက္ကန့်ဝက်လောက် ငြိမ်ကျသွားတယ်။ ပြီးလည်းပြီးရော ခရစ်ဆီက ခေါင်းကိုလှန်ပြီး အော်တယ်။ "သူနဲ့စကားမပြောချင်ဘူး၊ သူ့ကိုခေါ်သွားပေး"‥တစ်ခန်းလုံး ခရစ်ဆီ့ အသံတစ်ခုတည်းနဲ့ ပွက်ပွက်ညံသွားတယ်။ "ကြောက်တယ်။ ကြောက်တယ်။ သူနဲ့ မတွေ့ချင်ဘူး၊ မတွေ့ရဘူးဆို မေမေတို့ပဲပြောပြီး‥အား‥"

ခရစ်ဆီကိတ်က ကြမ်းပြင်ပေါ်မှာ လူးလိမ့်ပြီး သူ့ဆံပင်သူ လက်နဲ့ဆွဲနုတ်ပစ်တယ်။ ဆိုဖာပေါ်မှာ ထိုင်နေကြတဲ့ ကလေးတွေထဲက ကလေးမတစ်ယောက်က ခရစ်ဆီ့ဆီ ပြေးလာတယ်။ ခရစ်ဆီ့ကို ဖက်ထားရင်းနဲ့ အော်တယ်။ "မေမေရေ၊ ကြောက်တယ်၊ ကယ်ပါဦး"တဲ့။

ပက်တီ မတ်တပ်ထရပ်လိုက်တယ်။ အခန်းထဲက မိဘတွေအကုန်သွေးပျက်စက်ဆုပ်တဲ့ မျက်လုံးတွေနဲ့ ပက်တီ့ကို ဝိုင်းကြည့်နေကြတယ်။ ဒိုင်ယန်းက လစ်ဘီ့ကို အိမ်အပြင်ဘက်ကို မသိမသာ ခေါ်ထုတ်သွားတယ်။

"ရှင့်အကြောင်း ကျွန်မတို့ သိပြီးသား"..ခရစ်ဆီကိတ်ရဲ့ အမေက မျက်နှာကို တွန့်လိမ်ပြီး ပြောတယ်။ ပက်တီ ကျောင်းနေဖက် မက်ဂီဟင်ကယ်လ် ဘက်ကို မေးငေါ့ပြတယ်။ မက်ဂီက ပက်တီ့ကို မလုံမလဲနဲ့ကြည့်တယ်။ မစ္စကိတ်က ဆက်ပြောတယ်။ "ရှင့်မှာ ကလေး ၄ ယောက်ရှိတယ်ဆို။ တစ်ယောက်တောင်ဝအောင် မကျွေးနိုင်ဘဲ ၄ ယောက်မွေးထားတာဆို။ ရှင့်ယောကျ်ားကလည်း အရက်သမားတဲ့။ အခု ရှင်တို့က အစိုးရထောက်ပံ့ကြေးနဲ့ ဆက်နေနေတာတဲ့။ ရှင့်သမီးတွေကို ဘန်ဒေး ဆိုတဲ့အကောင်နဲ့ အတူတူ လွှတ်ထားတာလား။ ဟုတ်လား။ အားမရသေးလို့ သူများကလေးတွေနဲ့ပါ ဖြစ်ချင်ရာဖြစ် ပစ်ထားတာလား။ ဘုရားရေ။ ယုံကိုမယုံနိုင်ဘူး။ ရှင်ဘယ်လို အမေမျိုးလဲ။ ကိုယ့်သားတစ်ယောက်လုံး ဒီလိုယုတ်မာနေတာကို ထိုင်ကြည့်နေတာ။ ရှင့်အိမ်မှာဆိုရင် အကုန်လုံး ဖြစ်ချင်တိုင်း ဖြစ်နေမှာပဲ"

ကလေးတွေ အော်ငိုနေကြပြီ။ ဆရာဝန် ကောင်လေးက ကလေးတွေကို ချော့နေတယ်။ ခရစ်ဆီကိတ်က ငိုသံနဲ့အော်တယ်။ "သူတို့ကို အပြင်ခေါ်သွားပေးပါ၊ မတွေ့ချင်တော့ဘူး"

"ဘန်ဒေးဘယ်မှာလဲဟင် ပက်တီ"..မက်ဂီဟင်ကယ်လ်က ပက်တီ့ကို မေးတယ်။ မက်ဂီ့သမီးက မက်ဂီ့ဘေးမှာ မျက်နှာသေလေးနဲ့ ထိုင်နေတယ်။ "ရဲတွေက ဘန်ဒေးနဲ့စကားပြောချင်နေတာ။ ရှင်ဖွက်ထားတာတော့ မဟုတ်ပါဘူးနော်"

"ဘာလို့ ဖွက်ထားရမှာလဲဟင်။ ကျွန်မကိုယ်တိုင် ဘန်ဒ့်ကိုလိုက်ရှာနေတာပါ။ ဒီပြဿနာကို ဖြေရှင်းဖို့ ကြိုးစားနေတာပါ။ ကျေးဇူးပြုပြီး.."..*ကျေးဇူးပြုပြီး ကျွန်မကို ခွင့်လွှတ်ကြပါ။ တောင်းပန်ပါတယ်။ မအော်ကြပါနဲ့တော့။*

မက်ဂီ့သမီးက သူ့အမေလက်ကို လှမ်းဆွဲတယ်။ "မေမေ၊ ပြန်ချင်ပြီ"တဲ့။ တခြား ကလေးတွေ အကုန်လုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်းအော်ငိုနေကြတုန်းပဲ။ ခရစ်ဆီကိတ်နဲ့ ဆရာဝန်ကောင်လေးကို ပက်တီစိုက်ကြည့်နေမိတယ်။

ခရစ်ဆို့ လက်ထဲက ကိုယ်တုံးလုံး ချွတ်ထားတဲ့ ကောင်လေးအရုပ်က ဘန့်ကို ကိုယ် စားပြုသတဲ့လား။ ပက်တို့ ဗိုက်ထဲက အက်စစ်တွေ မီးဟုန်းဟုန်းတောက်သလို ပွ ကျက်လာတယ်။ တစ်ကိုယ်လုံး ထူပူလာတယ်။

"ရှင်..သွားရင်ကောင်းမယ်ထင်တယ်"..မစ္စကိတ်က ပက်တို့ကိုခပ်ပြတ် ပြတ် ပြောတယ်။ သူ့သမီးကို ကလေးလေးလို ပွေ့ချီတယ်။ ခရစ်ဆို့ ခြေထောက်ရှည် ရှည်တွေက သူ့ အမေချီထားတာတောင်မှ ကြမ်းပြင်ကို ထိနေသေးတယ်။ မစ္စကိတ် သူ့သမီးသူ မနိုင်ဘဲ ဒယိမ်းဒယိုင်ဖြစ်သွားတယ်။

ဆရာဝန်ကောင်လေးက မတ်တတ်ထရပ်တယ်။ ပက်တီနဲ့ မစ္စကိတ်ရဲ့ ကြား ကို ဝင်ပြီး မစ္စကိတ်ရဲ့ ပခုံးပေါ် သူ့လက်ကိုတင်ပြီး ဖျောင်းဖျတယ်။ ဒိုင်ယန်းက တခါးဝကနေ ပက်တို့ကို လှမ်းအော်ခေါ်နေပြီ။ ဒိုင်ယန်းသာ အော်မခေါ်ရင် ပက်တီ လှုပ်ဖို့တောင် သတိရမှာမဟုတ်ဘူး။ စားမလိုဝါးမလို ဝိုင်းကြည့်နေကြတဲ့မျက်လုံး တွေအောက်မှာ ကြောင်တောင်တောင်နဲ့ ရပ်နေမိတာ..။

"တောင်းပန်ပါတယ်။ ကျွန်မ တောင်းပန်ပါတယ်"..တစ်ခန်းလုံးကြား အောင် ပက်တီ အရူးတစ်ပိုင်း လေသံနဲ့ အော်ပြောလိုက်တယ်။ "ရှင်တို့ထင်သလို မဟုတ်ပါဘူး။ ကျွန်မ တကယ်တောင်းပန်ပါတယ်"

ခရစ်ဆို့အဖေ လူးဝစ်စ်ကိတ်က ပက်တို့ လက်မောင်းကို ကိုင်ပြီး အပြင်ကို ဆွဲခေါ်သွားတယ်။ ကလေးတွေရဲ့ မိဘတွေကို ကြည့်ရင်း ပက်တီ့စိတ်ထဲမှာ ငတုံးမ တစ်ယောက်လို ခံစားလာရတယ်။ *ရှက်တာမဟုတ်ဘူး။ ကြောက်တာမဟုတ်ဘူး။ တုံးတာ..ခွင့်လွှတ်လို့ မရလောက်အောင်ကို နုံတာ။ ဉာဏ်နည်းတာ..။* မိဘတွေက သူတို့ရဲ့ သမီးတွေကို နှစ်သိမ့်နေကြတယ်။ *သမီးလေး မကြောက်နဲ့တော့။ ဟိုမှာ.. တွေ့လား။ အဲဒီမိန်းမကြီးကို ပြန်ခေါ်သွားပြီ။ မငိုနဲ့တော့နော်။ မေမေတို့ရှိတယ်..*

လူးဝစ်စ်ကိတ် ဆွဲခေါ်သွားလို့ အခန်းထဲကနေ အပြင်မရောက်ခင်လေးမှာ ပက်တီ နောက်ကို လှည့်ကြည့်လိုက်တယ်။ ခရစ်ဆီကိတ်က သူ့အမေ ပွေ့ချီထားတဲ့ အတိုင်း လေထဲမှာ တန်းလန်း။ ဆံပင်ရွှေရောင်တွေက မျက်နှာကို တစ်ခြမ်းဖုံးလို့။ ခရစ်ဆီက ပက်တို့ကို လှမ်းကြည့်ရင်း ပြောတယ်။

"ဘန်ဒေးက ငရဲအိုးထဲ ဇောက်ထိုးကျမှာ"

+++

# လစ်ဘီဒေး

## ယနေ့

ရန်နာဒေးကို လိုက်ရှာဖို့ တာဝန်ယူထားလိုက်ပေမယ့် ကျွန်မ ဘာမှမလုပ်ချင် မကိုင်ချင် ဖြစ်နေတယ်။ အရင်တစ်ပတ်လုံး ပင်ပန်းထားတဲ့ဒဏ်ကြောင့် ထင်တယ်။ အခု အိပ်ရာဘေးက ကြမ်းပြင်ပေါ်မှာ ပက်လက်လဲပြီး မထနိုင်ဖြစ်နေတယ်။ ဟိုကလေးအဖွဲ့ရဲ့ မနက်စောစော လမ်းလျှောက်သံကို ကြားတာတောင် ကျွန်မ ထမကြည့်နိုင်ဘူး။ မိုးကာဖိနပ်တွေစီးပြီး ရွှံ့ဗွက်ထဲမှာ တစွပ်စွပ်နဲ့ ချီတက်နေကြမယ့် ကလေးတွေ··သူတို့ကို အရင်လို ချောင်းကြည့်ဖို့ ကျွန်မမှာ အင်အားမရှိချင်။

မနေ့ညက မက်တဲ့ အိပ်မက်က တော်တော် စိတ်ပျက်စရာကောင်းတယ်။ *ဘာအဓိပ္ပာယ်မှ မရှိပါဘူး၊ အိပ်မက်သက်သက်ပါ၊ စိတ်ပူမနေပါနဲ့*··ဆိုပြီး ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးချင်စရာ အိပ်မက်ဆိုးမျိုး။ အိပ်မက်ထဲမှာ ကျွန်မ လယ်ကွင်းတစ်ခုထဲကို ရောက်နေတယ်။ လယ်ကွင်း ဟုတ်,မဟုတ်တော့ မသေချာဘူး။ ပတ်ဝန်းကျင်က အရမ်း လင်းနေတယ်။ အရမ်း သန့်ပြန့်လွန်းနေတယ်။ ဒါပေမယ့် လိမ္မော်ရောင် မိုးကုပ်စက်ဝိုင်းနောက်ခံနဲ့ ကွင်းပြင်ကျယ်ကြီးတစ်ခုလေ··။ ဟိုးအဝေးကြီးကနေ ကျွန်မဆီကို လာနေတဲ့ ရန်နာဒေး။ ကောင်းဘွိုင်တစ်ယောက်လို မြင်းကို ဒုန်းစိုင်းစီးလာနေတယ်။ ပါးစပ်ကလည်း ဟူးဟူး ဟားဟားတွေ အော်နေတယ်။ နေဦး··အနား ရောက်လာတော့မှ သေချာကြည့်လိုက်တော့··အဖေစီးလာတဲ့မြင်းမှာ ခြေထောက်တွေမပါဘူး။ ခြေထောက်နေရာမှာ ဘီးလုံးတွေတပ်ထားတယ်။ အပေါ်ဘက်အပိုင်းက မြင်းကိုယ်လုံးပဲ။ အောက်ပိုင်းက သံနဲ့လုပ်ထားတဲ့ ဆေးရုံခုတင်လို ဘီးလုံးနဲ့။ တဂျွန်းဂျွန်း မြည်နေတယ်။ ကျွန်မနားရောက်တော့ မြင်းက လန့်ပြီး ဟီတယ်။ သံလှည်းနဲ့ဆက်ထားတဲ့သူ့ကိုယ်ခန္ဓာကိုဆွဲဖြုတ်ဖို့ ကြိုးစားတယ်။ အဖေက မြင်းပေါ်ကနေ ခုန်ဆင်းတယ်။ သံလှည်းတစ်ပိုင်း မြင်းတစ်ပိုင်း သတ္တဝါက လွတ်

ပြီဆိုတာနဲ့ အဝေးကို ပြန်ထွက်ပြေးသွားတယ်။ ခပ်လှမ်းလှမ်းက သစ်ပင်တစ်ပင်အောက်ကို ရောက်တော့ ရပ်တယ်။ အမောဆို့ပြီး ဟောဟဲဟောဟဲဖြစ်နေတယ်။

"အဲဒီမြင်းကို စိတ်ပူမနေနဲ့" ..ရန်နာဒေးက ပြောတယ်။ "ငါပိုက်ဆံပေးပြီး ဝယ်လာတာ"

"အဖေ့ကိုမြင်းစုတ်ကြီး ထိုးရောင်းလိုက်တာပဲ" ..ကျွန်မပြောလိုက်တယ်။

အဖေ့မေးရိုးတွေ တင်းခနဲဖြစ်သွားတယ်။ ကျွန်မနဲ့သူနဲ့ အရမ်းနီးကပ်လွန်းနေသလိုပဲ။

"နင့်အမေက အဲဒီမြင်းကို သဘောကျတာ" ..ရန်နာကပြန်ဖြေတယ်။

*ဟုတ်သားပဲ၊ အမေ သေမှမသေတာ။ အမေ အသက်ရှင်နေသေးတာပဲ..။*

အိပ်မက်ထဲမှာ ကျွန်မ တွေးမိတယ်။ အမေ မသေသေးဘူး။ အမေရှိသေးတယ်.. ဆိုတဲ့ အတွေးက ကျောက်စရစ်ခဲတစ်ခဲလို ထုနဲ့ထည်နဲ့ ခိုင်မာနေတယ်။

"နင့်လက်ကို ပြန်ကောင်းအောင်လုပ်ပေးမလို့" ..ရန်နာက ကျွန်မရဲ့ဘုတ်ဖြစ်နေတဲ့ လက်ချောင်းကို လက်ညှိုးထိုးပြတယ်။ "ဒီမှာ အသစ်ဝယ်လာပေးတယ်။ နင်သဘောကျမှာပါ" ..ရန်နာက သူ့လက်ထဲမှာ ကိုင်ထားတဲ့ ကတ္တီပါအိတ်လေးကို မြှောက်ပြတယ်။

သစ်ပင်အောက်မှာ မြင်းနဲ့ သံလှည်းနဲ့အိုးစားကွဲသွားပြီ။ မြင်းတစ်ကိုယ်လုံး သွေးအလူးလူးနဲ့ မြေကြီးမှာ လူးလိမ့်နေတယ်။

ရန်နာက သူ့ကတ္တီပါအိတ်ကို သွန်ချလိုက်တယ်။ အိတ်ထဲကနေ လူလက်ချောင်းတွေ ဝေါခနဲ ထွက်ကျလာတယ်။ ရှစ်ချောင်း ၊ ကိုးချောင်းလောက်ရှိမယ်ထင်တယ်။ ကျွန်မလက်နဲ့ တော်မလား၊ တစ်ခုပြီးတစ်ခု ကောက်တပ်ကြည့်တယ်။ အဆင်မပြေဘူး။ ယောက်ျားလက်ချောင်းတွေဖြစ်နေတယ်။ ကြီးလွန်းနေတယ်။

အဖေက ကျွန်မကို နှုတ်ခမ်းထော်ပြီး ကြည့်နေရင်း ပြောတယ်။ "တစ်ခု မြန်မြန်ယူလိုက်လေ။ ဘာတွေ အကြာကြီး ရွေးနေတာလဲ"

ကျွန်မလက်နဲ့ တော်မယ်ထင်တဲ့ လက်ချောင်းတစ်ချောင်းကို ရွေးလိုက်တယ်။ ရန်နာက အဲဒီလက်ချောင်းကို ကျွန်မရဲ့ တုံးတိလက်မှာ အပ်နဲ့ချုပ်ပေးတယ်။ သစ်ပင်အောက်မှာ လူးလိမ့်နေတဲ့ မြင်းက နင့်နင့်စူးစူးအသံကြီးနဲ့ အော်နေတယ်။ ရန်နာက မြင်းကို ဂေါ်ပြားနဲ့ကောက်ပေါက်လိုက်တယ်။ မြင်းရဲ့ ကိုယ်လုံး နှစ်ပိုင်းပြတ်သွားတယ်။ သွေးတွေ ဝေါခနဲ ထပ်ထွက်လာတယ်။

"ရပြီ။ အသစ်အတိုင်းဖြစ်သွားပြီ" ..အဖေက ပြောတယ်။

ကျွန်မရဲ့ လက်ချောင်းနှစ်ချောင်းကြားမှာ ခြေမပုပုတိုတိုကြီးကို ဖြစ်သလို တပ်ပြီး ချုပ်ထားပေးတယ်။ ချုပ်ရိုးတွေက ထူထူမည်းမည်းတွေ။ ဟော..ရန်နာ့ ရည်းစား ပက်ဂီ ဘေးမှာ ဖျတ်ခနဲပေါ်လာတယ်။ "ချစ်၊ ရန်နာ။ လစ်ဘီ့အမေက မရှိတော့ဘူးလေ။ မမှတ်မိဘူးလား။ ချစ်တို့ သတ်လိုက်လို့ သေသွားပြီလေ"

ရန်နာက သူ့နဖူးသူ လက်ဝါးနဲ့ ဖတ်ခနဲရိုက်တယ်။ "ဟုတ်သားပဲ..။ မေ့နေတာ။ ဟုတ်တယ်။ သူ့အမေနဲ့ သမီးနှစ်ယောက်စလုံး သေပြီလေ။ လစ်ဘီ တစ်ယောက်ပဲ ကျန်ခဲ့တာ"။ ကျွန်မတို့သုံးယောက် စကားဆက်မပြောဘဲ တစ်ယောက် မျက်နှာတစ်ယောက် ကြည့်နေမိတယ်။ ဘေးပတ်ဝန်းကျင် လေထုက မသတီစရာ ပုပ်အဲ့အဲ့အနံ့ သင်းလာတယ်။ ရန်နာက သစ်ပင်အောက်က ဂေါ်ပြားကိုသွားကောက် တယ်။ ဂေါ်ပြားက သူ့လက်ထဲမှာ ပုဆိန်အဖြစ် အသွင်ပြောင်းသွားတယ်။

ကျွန်မ အဲဒီမှာ အိပ်ရာကနေ ခြေကားရား လက်ကားရားနဲ့ လန့်နိုးလာ တာပဲ။ အိပ်ရာဘေးက မီးအိမ်ကို တိုက်မိပြီး မီးအိမ်ကြမ်းပေါ်ကို ခွပ်ခနဲ ကျကွဲ သွားတယ်။ အပြင်မှာ နေမထွက်သေးဘူး။ ကော်ဇောပေါ်မှာ ကျကွဲနေတဲ့ မီးအိမ်ကို ကြည့်ရင်း..ကော်ဇောများမီးစွဲတော့မလား စိတ်ပူမိလိုက်သေးတယ်။ အခုမိုးစင်စင် လင်းနေပြီ။ ကျွန်မ အိပ်ရာကနေ မထနိုင်သေးဘူး။

နေဦး..ဘန့်အခန်း မီးလင်းနေတာကို မှတ်မိသေးလား။ အဲဒီည..အဲဒီည တုန်းက ဘန့်အခန်းထဲမှာ မီးလင်းနေတယ်။ စကားပြောသံလည်း ကြားရတယ်။ အဲဒီအကြောင်းကို မစဉ်းစားမိဖို့ ကြိုးစားပေမယ့် ကျွန်မ အတွေးတွေက အဲဒီည.. အဲဒီအခန်း.. အဲဒီမီးရောင်ဆီကိုပဲ မကြာခဏ ပြန်ပြန်ရောက်သွားတယ်။ လူသတ် သမားက ဘာလို့ ဘန့်အခန်းထဲကိုဝင်၊ တံခါးကိုပိတ်ပြီး မီးခလုတ်ကို ဖွင့်မလဲ။

တခြားဟာတွေ မေ့ထားလိုက်။ ခရစ်ဆီကိတ်ရဲ့အဖေ ဒေါသထွက်တာတွေ လက်စားချေတာတွေကို မေ့ထား။ ရန်နာဒေး အကြွေးပတ်လည်ဝိုင်းနေတာကိုလည်း မေ့ထား။ ရန်နာအကြွေးမဆပ်လို့ အကြွေးရှင်တွေက ရန်နာ့ကို ပညာပေးတဲ့သဘောနဲ့ သူ့မိသားစုကို သတ်ပစ်တယ်ဆိုတဲ့ သီအိုရီကိုလည်း ခဏမေ့ထား။ အရေးကြီးတာ၊ တကယ့်အရေးကြီးအချက်က..အဲဒီညက ဘန့်အခန်းမှာ မီးလင်းနေတယ်။ အော်သံ နက်ကြီးကိုလည်း မေ့ထားလိုက်ဦး။ အဲဒါကတော့ ဘန့်အသံ ဟုတ်ချင်မှဟုတ်မယ်။ ဒါပေမယ့် ကျွန်မတို့ အိပ်ရာဝင်တော့ ဘန်အိမ်ပြန်မရောက်သေးဘူး။ ကျွန်မတစ်ရေး နိုးတော့ ဘာလို့ သူ့အခန်း မီးလင်းနေသလဲ။ ဘန့်အခန်းထဲက မီးရောင်ကိုလှမ်းမြင် လိုက်တော့ ကျွန်မ စိတ်အေးသွားခဲ့တာကို မှတ်မိနေတယ်။ ဘန်နဲ့အမေ ရန်ဖြစ်တာ

ပြီးသွားပြီ၊ ဘန်အိမ်ပြန်ရောက်လာပြီ၊ မနက်ကျရင် အမေနဲ့ ပြန်တည့်သွားမှာပါ.. ဆိုပြီး တွေးခဲ့တာကို သတိရနေတယ်။ အခန်းထဲမှာ ဘန်ဘယ်သူနဲ့ စကားပြောနေ တာလဲတော့ မသိဘူး။ ဖုန်းပြောနေတာလား၊ သူ့ကိုယ်သူပြောနေတာလား။ ဘယ် လိုပဲဖြစ်ဖြစ် အဲဒီညက ဘန့်အခန်းထဲမှာ မီးလင်းနေတယ်။ ဒါသေချာတယ်။

ပြီးတော့ ဒီယွန်ဒရာဆိုတာ ဘယ်သူလဲ။

အိပ်ရာထဲကထွက်ဖို့ ကျွန်မ ပြင်လိုက်တယ်။ စောင်တွေကို တွန်းချတယ်။ အိပ်ရာခင်းက အနံ့အသက် သိပ်မကောင်းတော့။ မလဲဖြစ်တာ ဘယ်လောက်ကြာ သွားပြီလဲ။ အိပ်ရာခင်းဆိုတာ ဘယ်လောက်ကြာရင် တစ်ခါလဲရသလဲ ကျွန်မ မသိ ဘူး။ ကျောင်းကသင်ပေးတဲ့ အတတ်ပညာတွေထဲမှာ ဒါမပါဘူး။ ကျွန်မကတော့ ရည်းစားနဲ့ အိပ်ပြီးတဲ့အချိန်ဆို အိပ်ရာခင်း လဲလိုက်တာပဲ။ ဒါတောင်မှ တီဗွီမှာလာတဲ့ ဇာတ်ကားတစ်ကားကို ကြည့်နေရင်း သိသွားတာ။ အဲဒီဇာတ်ကားထဲက မင်းသမီးက သူ့ကောင်လေးနဲ့ အိပ်ပြီးရင် အိပ်ရာခင်းလဲတယ်။ ဇာတ်လမ်း ဘာဆက်ဖြစ်သလဲ မမှတ်မိပေမယ့် ဩော်..အိပ်ရာခင်းဆိုတာ အဲဒီအချိန်မှာ လဲရတာလား ဆိုတဲ့ အသိ တစ်ခုတော့ ရလိုက်တယ်။ ကျွန်မ ဘာသာ ကျွန်မဆိုရင် အိပ်ရာခင်းလဲဖို့ အသိဝင် လာမှာ မဟုတ်ဘူး။ အရိုင်းအစိုင်းတစ်ကောင်လို ကြီးပြင်းလာခဲ့တဲ့ ကျွန်မ..အခု ထိလည်း လူလူသူသူ မနေတတ်သေးပါဘူး။

အိပ်ရာထဲကနေ ကျွန်မ ထွက်လိုက်တယ်။ ကြမ်းပြင်မှာ ပြုတ်ကျနေတဲ့ မီးအိမ်ကို ခုတင်ဘေး စားပွဲမှာ ပြန်တင်တယ်။ ဧည့်ခန်းထဲကို သွားတယ်။ ဖုန်း မက်ဆေ့ချ်တွေများ ရောက်နေမလား ဆိုပြီး မက်ဆေ့ချ်လက်ခံတဲ့ စက်ကို ဖွင့်ကြည့် တယ်။ မဝင်လည်း ဘာမှ မဖြစ်ဘူး။ အန်တီဒိုင်ယန်းဆီက ဘာမက်ဆေ့ချ်တွေများ ရောက်လာမလဲ။ ရောက်မလာလည်း ဘာဖြစ်လဲ..။ ဘာမက်ဆေ့ချ်မှ ဝင်မနေဘူး။ ဒါနဲ့ဆို ၄ ရက်ရှိသွားပြီ။ အန်တီဒိုင်ယန်း ဖုန်းပြန်မဆက်တာ ၄ ရက်ရှိပြီ။

ရပါတယ်။ ကျွန်မမှာ တခြားမိသားစုဝင် တစ်ယောက် ရှိသေးတယ်။

...

ဒီတစ်ခါတော့ ဘန်က ကျွန်မအလာကို ကြိုပြီးစောင့်နေတယ်။ မှန်အကာ နောက်မှာ တောင့်တောင့်ကြီးထိုင်ရင်း သူ့မျက်လုံးတွေက အဝေးတစ်နေရာကို ငေး နေတယ်။ အဲဒီလို ငုတ်တုတ်ကြီးထိုင်စောင့်နေတာကို တွေ့တော့ ကျွန်မ နည်းနည်း လန့်သွားတယ်။ ဘာလို့ လန့်သွားတာလဲ။ ဘန့်မှာ အပြစ်မရှိဘူးဆိုတာ ကျွန်မ ရာနှုန်းပြည့် မယုံသေးတဲ့ သဘောလား။

ဟုတ်မှာပေ့ါ‥ မယုံသေးလို့ပေါ့။

ကျွန်မ ထိုင်ခုံမှာ ဝင်ထိုင်လိုက်တယ်။ ရှေ့ကတစ်ယောက် ထိုင်သွားလို့ထင်တယ်၊ ထိုင်ခုံက ခပ်နွေးနွေး ခပ်စိုစို ဖြစ်နေတယ်။ ရွံစရာပဲ။ ထိုင်ခုံကို ကျွန်မတင်ပါးနဲ့ ဖိပြီး ရှေ့နောက် ပွတ်လိုက်တယ်။ ကျွန်မရဲ့ ကိုယ်ပိုင်အနွေးဓာတ်တွေ ထိုင်ခုံပေါ်ကို ကူးစက်သွားတော့မှ နည်းနည်းလေး သက်သောင့်သက်သာ ဖြစ်သွားတယ်။ မှန်ဘေးမှာ တပ်ထားတဲ့ စကားပြောတဲ့ ဖုန်းကို လှမ်းယူလိုက်တယ်။ ဖုန်းတစ်ခုလုံးက ရှေ့ကတစ်ယောက် ချန်သွားတဲ့ ချွေးတွေနဲ့ ချွဲကျိကျိဖြစ်နေတယ်။ ကျွန်မ စိတ်ပျက်လက်ပျက် မျက်မှောင်ကြုတ်လိုက်တော့ ဘန်က ကျွန်မကိုကြည့်ပြီး မေးတယ်။

"လစ်ဘီ‥ နေကောင်းရဲ့လား"‥ဘန်က မေးတယ်။ ကျွန်မ ခေါင်းညိတ်ပြလိုက်တယ်။ ကောင်းပါတယ်‥အရမ်းကောင်း‥ အရမ်းအဆင်ပြေ။

"တကယ် နောက်တစ်ခါ လာတွေ့ဖြစ်သွားတာပေါ့"‥ဘန်ကပြောတယ်။ သူ့မျက်နှာက အပြုံးက ဘန်ဒေးရဲ့ အပြုံးစစ်စစ်ပဲ။ သတိအပြည့်နဲ့ အပြုံးမျိုးလေ။ ဘယ်သူ ဘာပြောမလဲဆိုတာ စိတ်ပူနေတဲ့ ကလေးတစ်ယောက်ရဲ့ မဝံ့မရဲအပြုံး။

"ဟုတ်တယ်‥"

ဘန့်မျက်နှာက တကယ်ကြည့်ကောင်းပါတယ်။ ရုပ်ချောတာ မဟုတ်ဘူး။ လူကောင်းတစ်ယောက်ရဲ့ မျက်နှာမှန်း သိသာနေတာ။ ဘန့်ရဲ့လက်တွေကို ကျွန်မ ကြည့်မိတယ်။ အခုတော့ ဘန့်လက်ချောင်းတွေက ငယ်တုန်းကလို သွယ်သွယ်လျလျ လေးတွေ မဟုတ်တော့ဘူး။ အမာရွတ်သေးသေးလေးတွေ ဗရပွဖြစ်နေပြီ။ အထင်ကြီးလောက်တဲ့ အမာရွတ်ကြီးတွေတော့ မဟုတ်ပါဘူး။ ဓားရှရာလို သေးသေးမျှင်မျှင် ဒဏ်ရာလေးတွေပါ။ ဘန်က ကျွန်မ ကြည့်နေတာကိုတွေ့တော့ သူ့လက်တစ်ဖက်ကို မြှောက်ပြတယ်။ အမာရွတ် ခပ်နက်နက်တစ်ခုကို လက်ညှိုးထိုးပြတယ်။ "ပိုလိုကစားရင်း ထိသွားတာလေ"

ကျွန်မ ရယ်လိုက်မိတယ်။

"ဟားဟား။ နောက်တာပါ။ လစ်ဘီ‥နင်မှတ်မိလား။ ဒီအမာရွတ်ဘယ်က ရသလဲဆိုတာ‥မှတ်မိသေးလား။ ဟိုနွားကြီးလေ။ အဝါ (၅)လေ။ မှတ်မိလား"

ကျွန်မတို့လယ်ကွင်းမှာ ကျွဲနွားတွေ များများစားစား မရှိပါဘူး။ ရှိတဲ့ အကောင်တွေကိုလည်း နာမည်မပေးဖြစ်ကြဘူး။ ကျွန်မတို့ ငယ်ငယ်လေးကတည်းက ရခဲ့တဲ့ အကျင့်တစ်ခုပေါ့။ လယ်ထဲမှာ မွေးထားတဲ့ ကျွဲတွေနွားတွေကို တကူးတက

နာမည် မပေးမိအောင် သတိထားရတယ်။ အချိန်တန်ရင်၊ အရွယ်ရောက်ရင် သား သတ်ရုံကို ပို့ရမယ်ဆိုတာ ကြိုသိနေပြီလေ။ ပုံမှန်ဆိုရင်တော့ ၁၆ လပြည့်တာနဲ့ သားသတ်ရုံက လာခေါ်သွားတာပဲ··အဲဒါကို ကျွန်မ ကောင်းကောင်းမှတ်မိနေတယ်။ ဒီတော့ နာမည်မပေးဘဲ ကျွဲနွားတွေကို နံပါတ်နဲ့ အရောင်တွဲပြီး မှတ်ထားတယ်။ အစိမ်းရောင်သုတ်ထားတဲ့ နွားကမွေးတဲ့ နွားပေါက်တွေကို အစိမ်း (၁)၊ အစိမ်း (၂)၊ အစိမ်း (၃)၊ အဝါရောင်နွားကမွေးတဲ့ နွားတွေကို အဝါ (၁)၊ အဝါ (၂) စသဖြင့်။ နွားတွေ ကျွဲတွေဆိုတာ တော်တော်ဒူတဲ့ သတ္တဝါတွေလို့ လူတွေကထင်ကြတယ်။ ဒါပေမယ့် နွားပေါက်တွေ၊ကျွဲပေါက်တွေက အင်မတန် စပ်စုတဲ့အကောင်တွေဆိုတာ သိပ်မသိကြဘူး။ ကြောင်ပေါက်တွေလိုပဲ အရမ်းအဆော့သန်တယ်လေ။ ဒါကြောင့် အမေက ကျွန်မကို နွားပေါက်ကျွဲပေါက်တွေနဲ့ ပေးမဆော့ဘူး။ အဝေးကနေပဲ လှမ်း ကြည့်ရတယ်။ ဘန် ရာဘာဖိနပ်ကြီးစီးပြီး ရွှံ့ထဲမှာ နွားပေါက်တွေကိုလိုက်ဖမ်းနေ တဲ့ မြင်ကွင်းကို ကျွန်မ ကောင်းကောင်းမှတ်မိနေသေးတယ်။ စောစောကဘန်ပြောတဲ့ အဝါရောင် (၅) ဆိုတဲ့ နွားပေါက်ကို ကျွန်မ မမေ့သေးဘူး။ နာမည်ကိုမှတ်မိနေတာ ပြောတာပါ။ ဘာလို့လဲဆိုတော့ အဲဒီနွားပေါက်ကို သင်းဖို့ ဘန် အကြိမ်ကြိမ်ကြိုးစား ပေမယ့် မအောင်မြင်လို့။ ညနေတိုင်း ဘန်တစ်ယောက် အဲဒီ နွားပေါက်နားကိုသွား တယ်။ ဝှေးစေ့ကို ဖြတ်ထုတ်ဖို့ ကြိုးစားတယ်။ မအောင်မြင်ဘူး။ ညစာစားပြီဆိုရင် အဲဒီ နွားပေါက်အကြောင်း တစ်ချိန်လုံးကြားနေရတယ်။ *အဝါ (၅)က အနားကပ် မခံဘူး။ အဝါ (၅)ကို ဘန်ဒေး လုံးဝမနိုင်ဘူး။* ရယ်စရာကြီးကို ဖြစ်လို့။ ပထမ သုံးလေးညကတော့ ရယ်စရာပေါ့။ ငါးည ခြောက်ည လောက်ကြာလာတော့ ဘန် ကိုယ်တိုင်ကပဲ အသုံးမကျသလိုလို ဖြစ်လာရော။ ဘန့်မျက်နှာက ပျက်သထက်ပျက် လာရော။

အဲဒီနွားပေါက်အကြောင်း ကျွန်မ တစ်ခါမှ မစဉ်းစားခဲ့မိဘူး။ ဘန်ပြောမှ သတိရတော့တယ်။ ဘန့်ဆီမှာ အဲဒီလို အမှတ်ရစရာတွေ အများကြီးရှိနေဦးမယ်ထင် တယ်။ ကျွန်မကို တစ်ခုချင်း ထိုင်ပြောပြပေးရင် သိပ်ကောင်းမှာပဲ။ ကိုယ့်ဘာသာ ကိုယ် ပြန်တူးဆွလို့ ထွက်မလာတော့တဲ့ အမှတ်တရတွေ··။

"ဘာဖြစ်လို့လဲ။ အဲဒီနွားပေါက်က အစ်ကို့ကို ကိုက်လိုက်တာလား"

"အာ··မဟုတ်ပါဘူး။ သူ့ကို နောက်ကနေသွားဖမ်းတာ။ မိလည်းမိသွား ရော ငါ့ကို နောက်ပြန် ကန်ထုတ်လိုက်တယ်။ ငါလည်း အဒိုက်မိသွားပြီး ပက်လက် လဲကျသွားရော။ အဲဒီမှာ မြေကြီးပေါ်မှာ ထောင်နေတဲ့ သံချွန်နဲ့ လက်နဲ့စိုက်မိသွား

တာပဲ။ သံချွန်ကလည်း ငါ့အပြစ်ပါ။ အမေက အဲဒီသံချွန်ထွက်နေတဲ့ ပျဉ်ပြားကို သိမ်းဖို့ ငါ့ကိုသတိပေးတာ လေးငါးခေါက်ရှိပြီ။ ငါကိုက ပျင်းပြီး မသိမ်းမိတာ''

ဘန့်ကို ဘယ်လို အဖြေပြန်ပေးရမလဲ။ သူစကားစမြည်ပြောနေတာတွေကို ဘယ်လို တုံ့ပြန်ရမလဲ ကျွန်မ စဉ်းစားနေမိတယ်။ သူဘယ်လို တုံ့ပြန်စေချင်မှန်း ကျွန်မ သေချာမသိဘူးလေ။ ဘန်က ကျွန်မအတွေးကို ဖြတ်ပြောတယ်။ ''ဟား·· ထားလိုက်ပါတော့။ အဲဒီနွားအပြစ်ပဲ။ ငါ့အပြစ်လည်းမဟုတ်ဘူး။သံချွန်အပြစ်လည်း မဟုတ်ဘူး''··ဘန်က အားရပါးရပြုံးတယ်။ ပြီးတော့မှ ပြန်ပြီး မှိုင်ကျသွားတယ်။ ''ငါမှတ်မိသေးတယ်။ ဒက်ဘီက အနာကို သေသေချာချာ ပတ်တီးစည်းပေးတယ်။ ပတ်တီးပေါ်မှာ စတစ်ကာလေးတောင် ကပ်ပေးလိုက်သေးတယ်။ မှတ်မိလား။ သူ အရမ်းကြိုက်တဲ့ အသည်းပုံစတစ်ကာ ပြောင်ပြောင်လေးတွေလေ''

''အင်း ဒက်ဘီက စတစ်ကာတွေစုတာ ဝါသနာပါတယ်''

''ဟုတ်တယ်။ တွေ့သမျှနေရာ လိုက်ကပ်နေတာ''

ကျွန်မအသက်ပြင်းပြင်းတစ်ချက်ရှူလိုက်တယ်။တခြား ရောက်တတ်ရာရာ ပြောစရာ ဘာရှိသေးသလဲ စဉ်းစားကြည့်တယ်။ ခေါင်းထဲဘာမှဝင်မလာဘူး။

''ဘန်·· အစ်ကို့ကို ကျွန်မ တစ်ခုမေးချင်တယ်။ ရမလား''

ဘန့်မျက်လုံးတွေ လက်ခနဲ ဖြစ်သွားတယ်။ ကိုယ်လုံးက မတ်သွားတယ်။ ချက်ခြင်း တရားခံ တစ်ယောက်ပုံစံ ပြန်ပြောင်းသွားတယ်။ မေးခွန်း အမေးခံရတယ် ဆိုတာ တကယ်တော့ တော်တော်ဇိမ်ကျတဲ့ အလုပ်တစ်ခုပါလား··လို့ ကျွန်မတွေး မိတယ်။ ဟုတ်တယ်လေ။ *ဟင့်အင်း၊ ငါအဲဒီအကြောင်း မပြောချင်ဘူး။ မမေးပါနဲ့* လို့ ပြန်ဖြေလိုက်ရုံပဲ။ ရိုင်းတယ်လို့ ထင်ရုံမှတစ်ပါး ဘာမှဆက်လုပ်လို့မှမရဘဲ။

''အဲဒီညကလေ·· အဲဒီညကို မှတ်မိတယ်မဟုတ်လား''

ဘန့်မျက်လုံးတွေ ကျယ်သွားတယ်။ ကျွန်မ မေးခွန်းကိုက အသုံးမကျတာ။ မှတ်မိဘဲ ဘယ်နေပါ့မလဲ သူမှတ်မိတာပေါ့။

''အဲဒီညက··ကျွန်မ မှတ်မိနေတာတစ်ခုရှိတယ်။ တကယ်ဟုတ်သလား·· ဟုတ်သလားတော့ မသေချာဘူး။ ဇဝေဇဝါ ထင်ယောင်ထင်မှားဖြစ်နေသလား··''

ဘန်က ဖုန်းကို လက်ထဲမှာ မြဲမြဲဆုပ်ထားရင်း မှန်အနားကို ကိုင်းလာတယ်။ ...များကို ဖွဖွထောက်ထားတယ်။ သူ့လက်မောင်းတွေက တောင့်တင်းနေတယ်။ ...ပေါ်သတင်းတစ်ခု ကြားရတော့မယ့် လူတစ်ယောက်လိုအသင့်အနေအထား။

''ကျွန်တာတွေကတော့ ဝေဝေဝါးဝါးပဲ။ ဒါပေမယ့် ကျွန်မ ခေါင်းထဲမှာ

သေချာနေတာတစ်ခုက ‥ အဲဒီညကလေ အစ်ကို့ အိပ်ခန်းထဲမှာ မီးလင်းနေတယ်။ အခန်းတံခါးအောက်ကနေ အလင်းရောင်ထွက်နေတာကို မြင်လိုက်တာ။ ပြီးတော့ အခန်းထဲက စကားပြောသံလိုလို ဘာလိုလိုလည်း ကြားတယ်"

ကျွန်မ စကားကို ဖြည်းဖြည်းချင်း ရပ်လိုက်တယ်။ ဘန်က ဘာမှမဖြေဘဲ ကျွန်မကို စိုက်ကြည့်နေတယ်။ ရေခဲပြင်ပေါ်မှာ ချော်လဲသွားတဲ့ သူတစ်ယောက် မြေကြီးနဲ့ ခြေထောက် လွတ်သွားတဲ့ခဏမှာ ရင်ထဲဝင်လာတဲ့ တလှပ်လှပ်ခံစားချက်မျိုး ကျွန်မ ခံစားလာရတယ်။ နောက်ကို ဝုန်းခနဲ လဲကျမသွားခင် ဘယ်သူလာ ဖမ်းပေးပါ့မလဲ ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဘန့်ကို ကျွန်မ ကြည့်နေမိတယ်။

"အဆန်းပဲ"‥ ဘန်က တော်တော်ကြာမှ ပြန်ဖြေတယ်။

"ဘယ်လို‥"

"ဪ၊ အထူးအဆန်းမေးခွန်းပဲလို့။ နင်မေးတဲ့မေးခွန်း ငါ့ကို ဘယ်သူမှ မမေးဖူးသေးဘူးလေ။ ဒီအမှုနဲ့ပတ်သက်တဲ့ မေးခွန်းမှန်သမျှ ငါဖြေပြီးပြီလို့ထင်ခဲ့ တာ။ နင်နဲ့တွေ့မှပဲ မေးခွန်းအသစ် ကြားရတော့တယ်။ နင်တော်တယ်ညီမလေး"၊ ကျွန်မတို့ မောင်နှမနှစ်ယောက် ထိုင်ခုံမှာ ထိုင်နေကြတဲ့ပုံစံတွေက တစ်ပုံစံတည်း ပါလားဆိုတာ ကျွန်မ သတိထားမိသွားတယ်။ စားပွဲထောင့်စွန်းကို လက်ဝါးတွေနဲ့ ကိုယ်စီကိုင်လို့‥စားပြီးသောက်ပြီး စားပွဲကနေ ထတော့မယ့် ပုံစံနဲ့ ထိုင်နေကြတာ၊ နောက်ဆုံးတစ်ခေါက် အဖေနဲ့တွေ့တုန်းက အဖေ ထိုင်ခုံမှာထိုင်နေတဲ့ ပုံစံကို ကျွန်မ မဆီမဆိုင် သတိရသွားတယ်။ အဲဒီတုန်းက ကျွန်မအသက် အစိတ်လောက်ပဲ ရှိဦးမယ်၊ တွေ့တွေ့ချင်းတော့ အဖေက ကျွန်မကို ကြင်နာချင်ယောင်ဆောင်ပါတယ်။ သမီးကို ဖေဖေသတိရပါတယ်ပေါ့။ ခဏလောက်နေတော့ - *သမီး။ သမီးအဖေကိုမကူညီ ချင်ဘူးလား။ ပိုက်ဆံလေးဘာလေး မချေးချင်ဘူးလား* တဲ့။ ကျွန်မ ချက်ခြင်းပဲ ပြန် ဖြေလိုက်တယ်။ ဟင့်အင်း‥လို့။ *ဟမ်‥ဘာလို့လဲ‥ဘာကိစ္စမပေးချင်ရတာလဲ‥* ဆိုပြီး အဖေက စိတ်ဆိုးသွားပြီး ထိုင်ခုံမှာ ဝုန်းကနဲထိုင်ချတယ်။ ပခုံးနှစ်ဘက်ကို စိတ်ပျက်လက်ပျက်နဲ့ တွဲလောင်းချထားတယ်။ လက်ဝါးနှစ်ဖက်ကို စားပွဲပေါ်မှာ တင်ထားတယ်။ အဲဒါက အဖေ ထိုင်တဲ့ ပုံစံ။

"အဲဒီညက ငါအပြင်ကို ခိုးထွက်သွားတာ"‥ဘန့်စကားကြောင့်ကျွန်မ အတွေးစတွေ ပြတ်သွားတယ်။ "ဒီလိုဟာ‥အဲဒီနေ့ အိမ်ပြန်လာတော့ ငါနဲ့အမေနဲ့ ထပ်ပြီး စကားများကြတယ်လေ"

"ဘာကိစ္စနဲ့လဲ၊ ခရစ်ဆီကိတ် ကိစ္စနဲ့ စကားများတာလား"

ဘန် တွေခနဲ ဖြစ်သွားတယ်။ ပြီးမှ ဘာမှမဖြစ်သယောင် ပြန်နေတယ်။

"အင်း ခရစ်ဆီကိတ် ကိစ္စ။ ဒါပေမယ့် အမေက ငါပြောတာကိုယုံပါတယ်။ ငါ့ဘက်မှာ ရှိတယ်။ အမေက အဲဒီနေရာမှာတော့ တကယ် ချစ်ဖို့ကောင်းတယ်ဟ။ ငါတို့ကို ဘယ်လောက်ပဲ စိတ်ဆိုးနေဆိုးနေ၊ ငါတို့ဘက်မှာ သူအမြဲတမ်းရှိတယ်။ အမေက ငါရှင်းပြတာကို ယုံသွားပါတယ်။ ဒါပေမယ့် စိတ်တိုနေတုန်းပဲ။ ကြောက်လည်း ကြောက်နေမှာပေါ့။ အဲဒီနေ့ မနက်ကတည်းက ငါ အိမ်ကထွက်သွားပြီး အမေ့ကို အဆက်အသွယ်မလုပ်တာ ဆယ့်ခြောက်နာရီလောက်တောင်ကြာသွားတယ် ထင်တယ်။ ငါကလည်း အိမ်မှာဘာတွေ ဖြစ်နေမှန်း မသိဘူးလေ။ အဲဒီခေတ်တုန်းက ဟန်းဖုန်းတွေဘာတွေလည်း မပေါ်သေးဘူးမဟုတ်လား။ တစ်ရက်လုံး စကားမပြောဖြစ်တာ မထူးဆန်းဘူးလေ။ အခုခေတ်ကတော့ အဲဒီလိုမဟုတ်တော့ဘူးမဟုတ်လား။ ငါက အထဲမှာ ဆိုတော့ သေချာတော့မသိဘူး"

"အင်း..ဒါပေ.."

"ထားပါတော့။ ငါနဲ့ အမေနဲ့ စကားများတယ်ဟ။ ခရစ်ဆီကိတ်ကိစ္စလား၊ တခြားကိစ္စလားတော့ ငါလည်း မမှတ်မိဘူး။ တကယ်မမှတ်မိတာ။ ရန်ဖြစ်ပြီးတော့ အမေက ငါ့ကို အိမ်ထဲမှာပဲနေဖို့ ပြောတယ်။ အိပ်ခန်းထဲမှာပဲနေ၊ ဘယ်မှ မသွားရဘူးတဲ့။ ဒဏ်ပေးတာပေါ့ဟ။ ငါ အခန်းထဲမှာ ခဏနေတယ်။ တစ်နာရီလောက်ကြာလာတော့ စိတ်တိုလာတယ်။ ဒါနဲ့ အခန်းမီးကိုဖွင့်၊ ရေဒီယိုကိုလည်း ဖွင့်ထားခဲ့ပြီး အိမ်ထဲကနေ ခိုးထွက်သွားတာ။ အမေ အပြင်ကနေ ကြည့်ရင် ငါရှိနေတယ် ထင်အောင်လို့ အဲဒီလို ထားခဲ့တာ။ နင်သိပါတယ်။ အမေက အိပ်ပြီဆိုရင် တော်တော်နဲ့ မထဘူး။ ထရင်လည်း ငါ့အခန်းကို ဖွင့်ကြည့်မှာမဟုတ်ဘူး။ အပြင်ကပဲ ကြည့်မှာလေ"

ဘန်ပြောတာ ဟုတ်တော့ဟုတ်တယ်။ အမေက အိပ်ရင် အသေကောင်လို အိပ်တာ။ လှုပ်ကိုမလှုပ်တော့ဘူး။ အမေအိပ်နေတဲ့အခါတွေမှာ အမေ့ဘေးမှာရပ်ပြီး ကျွန်မ သေချာစောင့်ကြည့်ဖူးတယ်။ သေများသေသွားပြီလား၊ အသက်ရောရှူသေးရဲ့လား..ဆိုပြီး မျက်တောင်မခတ်ဘဲ ထိုင်ကြည့်ဖူးတယ်။ အမေ့ကိုယ်လုံးကို တွန်းကြည့်ရင်လည်း ကိုယ်လုံးသာ လှုပ်ယမ်းသွားတယ် လူက နိုးမလာဘူး။ ဒီအတိုင်းပဲ။ ကျွန်မတို့ ညီအစ်မတွေ ညဘက် ရှူးထပေါက်ရင် အမေ ရှူးထပေါက်တဲ့အချိန်နဲ့ တည့်တည့် တိုးတတ်တယ်။ အိမ်သာခွက်ပေါ်မှာ ရှူးထိုင်ပေါက်နေရင်း အမေက အိပ်ပျော်နေတာ။ မျက်လုံးတွေ ဖွင့်ထားရင်လည်း အမေ့မျက်လုံးတွေက ကျွန်မ

တို့ကို မမြင်ဘူး။ ဟိုးအဝေးတစ်နေရာကို ငေးနေတဲ့..၊ ကြောင်တောင် အိပ်နေတဲ့ မျက်လုံးတွေ။ *မျိုးစေ့တွေ ရောက်လာပြီလား.. မြေဩဇာ မအောင်ဘူးလား..*ဆိုပြီး လယ်ကွင်းနဲ့ပတ်သက်တာတွေကို ပါးစပ်ကနေ ယောင်တတ်သေးတယ်။ ပြီးရင် အိမ်သာကနေ ထပြီး အိပ်ခန်းထဲ အိပ်လျက်သားကြီး ပြန်လျှောက်သွားတာပဲ။

"အစ်ကို အဲဒီအကြောင်း ရဲတွေကို ပြောမပြဘူးလား"

"အာ..လစ်ဘီကလည်းဘာတွေလဲ၊ ဘာတွေမေးနေတာလဲ။ အဲဒီလိုအမေး အဖြေတွေ လုပ်ဖို့ လာတွေ့တာလား"

"အစ်ကို ရဲတွေကို ပြောပြသလား၊ ပြောမပြဘူးလား"

"မပြောဘူး၊ ပြောမပြလိုက်ဘူး။ ဟုတ်ပြီလား။ ပြောတော့ရော ဘာထူး သွားမှာလဲ။ မနက်တုန်းက ရန်ဖြစ်တဲ့အကြောင်း ရဲတွေ သိပြီးပြီမဟုတ်လား။ ည ဘက်မှာ တစ်ခေါက် ရန်ထပ်ဖြစ်ပါတယ်လို့ ပြောတော့ ဘာထူးမလဲ။ ပြီးတော့ ငါ အိမ်ပြန်ရောက်လာလို့ အိမ်မှာ တစ်နာရီလောက်ပဲ နေတာ။ ပြီးတာနဲ့ ပြန်ထွက်သွား တာ။ ဘာမှ အရေးမကြီးဘူး"

ကျွန်မနဲ့ ဘန် တစ်ယောက်မျက်လုံးကို တစ်ယောက်ဖတ်နေကြတယ်။

"ဒီယွန်ဒရာ..ဆိုတာ ဘယ်သူလဲ"..ကျွန်မ မေးလိုက်တယ်။ ဘန့်ကိုယ် လုံးက စောစောကထက်တောင် ပိုပြီး ငြိမ်ကျသွားတယ်။ သူစဉ်းစားနေတာတွေကို ကျွန်မ အတိုင်းသား မြင်နေရတယ်။ ညဘက်ကြီး ဘန် ခိုးထွက်သွားတယ်ဆိုတာ ဟုတ်,မဟုတ် ကျွန်မမသိဘူး။ ဒါပေမယ့် ဘန်..လိမ်တော့မယ်၊ သူ..ညာတော့မယ် ဆိုတာ ကျွန်မ အလိုလိုသိနေတယ်။ ဒီယွန်ဒရာ..ဆိုတဲ့ နာမည်ကိုကြားလိုက်တာနဲ့ ဘန့်ပုံစံပြောင်းသွားတာ သိသာလွန်းနေတယ်။

"ဒီယွန်ဒရာ.. ဟုတ်လား"။ ဘန် အချိန်ဆွဲနေတာ။ ကျွန်မ ဘယ်လောက် သိသလဲဆိုတာကို စောင့်ကြည့်နေတာ။ ကျွန်မ မျက်နှာကို တင်းထားလိုက်တယ်။

"ဒီယွန်ဒရာ..ဆိုတာက.. ဟို.. ကျောင်းက ကောင်မလေးပါ။ လစ်ဘီ နင် အဲဒီနာမည်ကို ဘယ်ကကြားလာတာလဲ"

"ဒီယွန်ဒရာဆိုတဲ့ မိန်းမ အစ်ကို့ကို ပေးထားတဲ့ စာတစ်စောင်ကို ကျွန်မ ဖတ်လိုက်ရတယ်။ ကျောင်းကကောင်မလေး..ဆိုတာထက်တော့ ပိုမယ်ထင်တယ်"

"အာ..အင်း၊ ဒီယွန်ဒရာ။ ဒီယွန်ဒရာဆိုတဲ့ ကောင်မလေးက ရူးကြောင် ကြောင်လေးပါ။ အဲဒီလိုပဲ ညစ်တီးညစ်ပတ် စာတွေ လျှောက်ရေးပြီး သူ့ကိုယ်သူ အဟုတ်ကြီးထင်နေတာ။ သူ့ကို လူတွေက အရမ်းဟော့တဲ့ကောင်မလေးလို့ ထင်စေ

ကြတာကို သဘောကျနေတာပါ''

''အစ်ကို့မှာ ရည်းစားမရှိဘူးဆို''

''အေးလေ၊ မရှိပါဘူး။ အဲဒီစာဖတ်လိုက်ရုံနဲ့ ဒီယွန်ဒရာကငါ့ရည်းစားပါလို့ ဘာလို့ တပ်အပ်ကြီး စွပ်စွဲနေတာလဲ''

''အဲဒီစာထဲမှာ ရေးထားတာတွေက သိသာနေတာပဲ''··ကျွန်မတစ်ကိုယ်လုံး တောင့်တင်းတင်းဖြစ်လာတယ်။ ဘန်ကျွန်မကို ထပ်ညာတော့မယ်။

''လစ်ဘီ၊ ငါလည်း ဘာပြောရမှန်း မသိတော့ဘူး။ ဒီယွန်ဒရာက ငါ့ကောင်မလေးပါလို့ ပြောလိုက်ချင်တယ်။ တကယ်ပြောတာ။ ဒါပေမယ့် မဟုတ်မှ မဟုတ်ဘဲ။ ဒီယွန်ဒရာနဲ့ ငါနဲ့ အဆင့်အကွာကြီး။ ငါ့လိုကောင်ကို သူက ကြိုက်ပါ့မလား။ သူပေးတဲ့ စာဆိုတာလည်း ငါ မမှတ်မိဘူး။ စာပေါ်မှာ ငါ့နာမည်ရေးပါလို့လား။ သေချာလို့လား''

''ထားလိုက်တော့''··ကျွန်မ ပြောလိုက်တယ်။ ဖုန်းကို နားကနေခွာလိုက်တယ်။ ထထွက်တော့မလို့ ပြင်လိုက်တယ်။

''လစ်ဘီ၊ ခဏလေး။ ခဏ··''

''မခဏဘူး၊ သွားတော့မယ်။ အစ်ကို ကျွန်မကို ဒီလို လိမ့်နေ၊ ညာနေဦးမယ် ဆိုရင်တော့ ကျွန်မ ဒီကိုဆက်လာစရာ အကြောင်းမရှိဘူး''

''လစ်ဘီ၊ ညီမလေး။ နင်ကလည်းဟာ·· ဆောရီးပါ။ နင်လိုချင်တဲ့အဖြေ ငါမပေးနိုင်တာ ဆောရီး''

''ကျွန်မ လိုချင်တာ အစ်ကို အမှန်အတိုင်းဖြေတဲ့ အဖြေ''

''အေး၊ ငါလည်း နင့်ကို အမှန်တွေပဲ ပြောပြချင်တာပဲ။ ဒါပေမယ့် နင်လိုချင်နေတာက အမှန်တရားမဟုတ်ဘူး။ ဇာတ်လမ်းတစ်ပုဒ်၊ ပုံပြင်တစ်ခုလို ပြောပြစေချင်နေတာ။ ငါ··ငါ··လစ်ဘီရာ။ ဒီမှာ ဒီလောက် နှစ်တွေ အကြာကြီး စောင့်ခဲ့ပြီးမှ··ငါ့မှာ·· ဩော် အခုတော့ နောက်ဆုံးတော့ ငါ့အတွက် ကောင်းတဲ့အရာလေး တစ်ခုရပြီလို့ ထင်နေတာ။ ငါ့ညီမလေး ငါ့ကို လာတွေ့ပြီပေါ့။ လွန်ခဲ့တဲ့ ၂၄နှစ်လုံးလုံး ငါ့ညီမ လစ်ဘီဒေး ငါ့ကို အဖက်မလုပ်ခဲ့တာ ရတယ်··ဘာမှမဖြစ်ဘူး။ ခွင့်လွှတ်တယ်။ ဘယ်လောက်ထိ ခွင့်လွှတ်သလဲ··သိလား။ နင့်ကိုတွေ့လိုက်တာနဲ့ ငါ့စိတ်ထဲမှာ ပျော်တဲ့ခံစားချက်ပဲရှိတယ်။ ဘာမှမရှိဘူး။ အရမ်းပျော်တာပဲသိတယ်။ ဒီမှာ ငါ့ကိုကြည့်ဦး။ လှောင်အိမ်ထဲမှာ ခွေးတစ်ကောင်လို သခင်လာတွေ့တာကို ဟယ်ပ်ဟယ်ပ်နဲ့ စိတ်လှုပ်ရှားနေတာ။ နင်နဲ့ ဒီလိုတွေ့ရတဲ့ အချိန်တစ်ခုပဲ ငါ့မှာပျော်

စရာ ရှိတော့တယ်။ ဒီအချိန် တစ်ခုပဲ။ ငါ့မိသားစုရဲ့ နောက်ဆုံး သွေး။ နောက်ဆုံး သောသူ။ ဒီတစ်ယောက်သာရှိနေရင် ငါ အထီးမကျန်တော့ဘူး ဆိုပြီး··။ လစ်ဘီ·· နင် မဂ်ဒါနဲ့ တွေ့ပြီးပြီဆိုတာ ငါသိတယ်။ ငါ အကုန် ပြန်ကြားတယ်။ ဟုတ်တယ် ငါ့ကို ထောင်ဝင်စာ လာတွေ့တဲ့ တခြားမိန်းမတွေ ရှိတယ်။ ငါ့ကို ဂရုစိုက်တဲ့သူတွေ ရှိတယ်။ ဒါပေမယ့် သူတို့က နင် မဟုတ်ဘူး။ ငါ့ညီမ မဟုတ်ဘူး။ ငါ့စိတ်ထဲမှာ ငါ့ကို တကယ်နားလည်တဲ့၊ တကယ်သိတဲ့ ငါ့ညီမ အရင်းနဲ့ စကားပြောချင်တယ်။ ငါဆိုတဲ့၊ ဘန်ဒေးဆိုတဲ့ ကောင်ဟာ သာမန် လူတစ်ယောက်ပါဆိုတာကို ယုံကြည်တဲ့ တခြားသူတစ်ယောက်ဆိုလို့ နင်ပဲရှိတယ်။ နင်နဲ့တွေ့ပြီး အရင်တုန်းက အကြောင်း တွေ ပြောပြီး၊ ကျွဲတွေနွားတွေအကြောင်းတွေပြောပြီး ရယ်ချင်တယ်။ ဒါပဲ။ ဒါပဲ။ အခုလောလောဆယ် ငါလိုအပ်နေတာ ဒါပဲ။ အဲဒီလောက်လေးတော့ ငါ့ကိုပေးပါ။ နင့်ကို ပြောပြစရာ စကား·· ငါနင့်ကို ပြောပြလိုက်လို့ နင်··ငါ့ကို မုန်းမသွားမယ့် စကား၊ အဖြေ··ငါ့မှာ မရှိဘူး။ ငါတကယ် ပြောပြချင်ပါတယ်''

ဘန့် မျက်လုံးတွေ အောက်ကို စိုက်ကျသွားတယ်။ မှန်မှာဝိုးတဝါးထင်နေတဲ့ သူ့ရင်ဘတ်သူ ပြန်ကြည့်တယ်။

''ဒါပေမယ့် ငါပြောမပြနိုင်ဘူး''

+++

## ဘန်ဒေး

**၁၉၈၅၊ ဇန်နဝါရီ (၂) ရက်**

**ညနေ ၅ နာရီ ၅၈ မိနစ်**

ဒီယွန်ဒရာ့ ဗိုက်ကလေး အဲဒီလို ဖောင်းနေခဲ့တာ တော်တော်ကြာပါပြီ။ အခုနောက်ပိုင်းမှာ ဗိုက်ထဲက ကလေးက လှုပ်တောင်လှုပ်နေပြီတဲ့.. ဒီယွန်ဒရာက ဘန့်ကို ပြောပြတယ်။ အဲဒါကို သိသိချင်းတုန်းကတော့ ဘန် တော်တော်လန့်သွားမိတယ်။ ဒီယွန်ဒရာက ဘန့်လက်ဖဝါးကို သူ့ဗိုက်ပေါ်မှာတင်ပြီး စမ်းခိုင်းတယ်။ ဒီဗိုက်ထဲက ကလေးလေးဟာ သူ့ကလေးဖြစ်နေတဲ့အတွက် ဘန် ဂုဏ်ယူပါတယ်။ ပျော်လည်းပျော်မိတယ်။ ဒါပေမယ့် အဲဒီဗိုက်ကို ကိုင်ဆိုရင်တော့ မကိုင်ချင်ဘူး။ စေ့စေ့လည်း မကြည့်ရဲဘူး။ ဗိုက်သားက တစ်မျိုးပဲ။ ပျော့သလိုလို မာသလိုလို အိကျိအိကျိနဲ့။ ဒီယွန်ဒရာက ဘန့်လက်ကို အတင်းယူပြီး သူ့ဗိုက်ပေါ်မှာတင်၊ ဖိထားရင်း ဘန့်မျက်နှာ အမူအရာဘယ်လိုဖြစ်သွားမလဲဆိုတာစောင့်ကြည့်တတ်တယ်။ *ဟော.. ကလေးလှုပ်နေတယ် တွေ့လား..*။ ဘန် ခေါင်းခါတော့ ဒီယွန်ဒရာက စိတ်ဆိုးပြီး အော်တတ်တယ်။ သတိရရင်ရသလို ဘန့်ကို သူ့ဗိုက်ကို စမ်းခိုင်းတယ်။ ကလေး လှုပ်နေတာကို မသိရကောင်းလားဆိုပြီး အော်ပြန်တယ်။ ဘန်နဲ့ ဒီယွန်ဒရာ ဒီလို ဖြစ်နေတာ လေးငါးပတ်လောက်တောင် ရှိနေပြီ။ စစချင်းမှာတော့ ဘန် မယုံမရဲ ဖြစ်နေတုန်းပဲ။ ဒီယွန်ဒရာ သူ့ကို နောက်များ နောက်နေသလား။ ဗိုက်ထဲမှာအစာ မကျေဖြစ်လို့ လှုပ်သလိုလိုဖြစ်နေတာကို ဗိုက်ကြီးတယ်ဆိုပြီး လိမ့်ထားတာလား။ *ဟဲ့..သေချာစမ်းလေ။ အဲဒီမှာ..အဲဒီမှာ မတွေ့ဘူးလား။ ဒီလောက် လှုပ်နေတာ.. နင်တော်တော် အသုံးမကျတာ၊ သေချာစမ်းစမ်းပါ..*။ ဘန် ဒီယွန်ဒရာ့ကို မယုံသေးဘူး။ *အင်း..တွေ့တယ်..လှုပ်နေတယ်..*လို့ ဘန် ပြောလိုက်တော့မှ ဒီယွန်ဒရာက တဟားဟား ထရယ်ပြီး *တုံးကောင်..ငါဗိုက်ကြီးနေတာ မဟုတ်ဘူး။* နင့်ကိုသက်

*သက် နောက်နေတာ*··လို့ ပြောလာရင် ဘယ်လိုလုပ်မလဲ။

ဒီယွန်ဒရာ့ကို မယုံလို့ ဘန် သေသေချာချာ စောင့်ကြည့်ခဲ့ပါသေးတယ်။ အမှိုက်ပုံးထဲမှာ လစဉ်သုံးပစ္စည်းတွေ ပစ်ထားတာများ ရှိနေမလား လိုက်ရှာကြည့်တယ်။ ဘန် သိတာလည်း ဒါပဲ ရှိတာ။ ရာသီလာသလား၊ မလာဘူးလားပေါ့။ ကျန်တာတော့ မကြည့်တတ်ဘူး။ ပြီးတော့ ဒီယွန်ဒရာ့ ဗိုက်ထဲမှာ ကလေးရှိနေတယ် ဆိုရင်တောင် ဘန့်ကလေး ဟုတ်ရဲ့လား··။ ဒီမေးခွန်းကိုတော့ ဘန် မမေးရဲဘူး။ ဒီယွန်ဒရာ ပြောနေတဲ့ပုံစံအရတော့ ဘန့်ကလေးဆိုတာ သေချာသလောက်ပဲ။ ဘန့် အနေနဲ့ ဒီ့ထက်ပိုသေချာအောင် ဘာဆက်မေးရမလဲ··မေးစရာမှ မရှိဘဲ။

ထားပါတော့။ အခုလပိုင်းမှာတော့ ဒီယွန်ဒရာ ဗိုက်ကြီးနေတာ တကယ် ဆိုတာ ပိုသေချာလာတယ်။ အဝတ်တွေချွတ်လိုက်ရင် အရမ်းကို သိသိသာသာမြင် နေရပြီ။ ဒီယွန်ဒရာက ကျောင်းသွားရင် အဝတ်အစားပွပွကြီးတွေပဲ ဝတ်တော့တယ်။ ဂျင်းဘောင်းဘီဇစ်ကို အပေါ်ထိဆွဲမတင်ဘဲ တစ်ဝက်လောက်ပဲ တင်တယ်။ ကြယ် သီးကို ဖြုတ်ထားတယ်။ ဒီယွန်ဒရာ့ ဗိုက်က လုံးသထက် လုံးလာတယ်။ အဲဒီ ဗိုက်လုံးလုံးကို ဒီယွန်ဒရာက ခတ်လုံးပွတ်သလို တသသနဲ့ ပွတ်နေတတ်တယ်။ ဘန်တို့နှစ်ယောက်ရဲ့ သောက်တလွဲ အနာဂတ်အတွက် ဘာတွေ ဆုတောင်းနေသလဲ တော့ မသိ။ တစ်ရက်ကျတော့ ထုံးစံအတိုင်း ဘန့်ကို သူ့ဗိုက်ကိုစမ်းခိုင်းနေရင်း အထဲကကလေးက ဖုတ်ခနဲ ကန်တယ်။ ကန်ရုံတင်မကဘူး၊ ဗိုက်ထဲမှာ လှုပ်နေတဲ့ ကလေးရဲ့ ခြေထောက်က ဒီယွန်ဒရာ့ဗိုက် အရေပြားပေါ်မှာ အကြောင်းလိုက်ကြီး ပေါ်လာတယ်။

ဘန် လန့်ပြီး လက်ကိုရုပ်လိုက်တော့ ဒီယွန်ဒရာက အော်တယ်။ *ဟဲ့ နင် ဘာဖြစ်နေတာလဲ။ ကျွဲတွေ နွားတွေကို ကလေးမွေးပေးဖူးတယ်ဆို။ လူ ကလေးကျမှ ဘာတွေ လာလန့်နေတာလဲ*··တဲ့။ ဘန့်လက်ကို သူ့ဗိုက်ပေါ် အတင်းပြန်ဆွဲတင် တယ်။ တလှုပ်လှုပ်ဖြစ်နေတဲ့ ဗိုက်သားကိုစမ်းရင်း ဘန်တွေးမိတယ်။ *ကျွဲတွေ၊ နွား တွေနဲ့ ကိုယ့်အသွေးအသားနဲ့ ဘယ်လိုတူမှာလဲ။* ပြီးတော့ အဲဒီ ဗိုက်ထဲက ကလေးကို သက်ရှိလူသားတစ်ယောက်လို့ ဘန် မြင်ကြည့်လို့မရသေးဘူး။ သရဲကားတွေထဲက မကောင်းဆိုးဝါးတစ်ကောင်လို ဗိုက်ထဲကနေ ဖောက်ထွက်လာပြီး ဘန့်ကိုခုန်အုပ် လိုက်လေမလား··ဆိုပြီး ကြောက်နေမိတယ်။

ကလေးအကြောင်းကို အရေးတယူ လုပ်ပြီး မဆွေးနွေးဖြစ်တာကလည်း နောက်ထပ်ပြဿနာတစ်ခုပဲ။ ဗိုက်ပူလာပြီးတော့ ဒီယွန်ဒရာက ဘန့်ကို စိတ်ဆိုးပြီး

စကားမပြောဘူး။ ဘာလို့လဲဆိုတော့ ဗိုက်ကြီးတဲ့အထိမ်းအမှတ်အဖြစ် ဘန်ကသူ့ကို လက်ဆောင်မပေးလို့တဲ့။ ဒီယွန်ဒရာ ပထမဆုံး ရာသီလာတော့ သူ့မိဘတွေက သူ့ကို ရွှေလက်ကောက် တစ်ကွင်း လက်ဆောင်ပေးသတဲ့။ အခု ကိုယ်ဝန်ရှိတယ် ဆိုရင်လည်း ဘန်က သူ့ကို ပေးသင့်တာပေါ့တဲ့။

ကိုယ်ဝန်ဆောင် မိန်းကလေးတွေက အခုတစ်မျိုး တော်ကြာတစ်မျိုး စိတ်ဂနာမငြိမ်ဖြစ်တတ်တယ်ဆိုတာ ဘန် သိပါတယ်။ ဒါပေမယ့် ဒီယွန်ဒရာကိုယ်တိုင်ကလည်း ဗိုက်ကြီးသည်လို မနေဘူး။ ဆေးလိပ်သောက်တယ်။ အရက်သောက်တယ်။ ဗိုက်ကြီးရင် အဲဒါတွေ မလုပ်ရဘူးလေ။ ဒီယွန်ဒရာကတော့ ဂရုမစိုက်ဘူး။ လုပ်တာပဲ။ ပြီးတော့ နောင်ရေးအတွက်လည်း ဘာမှ မပြင်ဆင်ဘူး။ သမီးလေးမွေးလာရင် ဘာလုပ်ကြမလဲဆိုတာကို ဒီယွန်ဒရာက မသိချင်ယောင်ဆောင်ထားသလိုပဲ။ သြော် သမီးလေးဆိုတာ ဒီယွန်ဒရာပြောတာ။ ဆရာဝန်သွားပြထားလို့ မိန်းကလေးမွေးမယ် မှန်း သိနေတာမဟုတ်ဘူး။ ဗိုက်ထဲမှာ မိန်းကလေးဆိုရင် အမေက ပိုပြီးတော့ နေမကောင်း ဖြစ်တယ်တဲ့။ အရင်လတစ်လလုံး ဒီယွန်ဒရာ နေမကောင်းဘူး။ တော်တော် ခံလိုက်ရတယ်။ စစချင်းတော့ ကလေးကို ဖျက်ချဖို့ ဒီယွန်ဒရာ့မှာစိတ်ကူး ရှိမလား‥ဆိုပြီး ဘန် တွေးမိသေးတယ်။ ဘန်က မေးတယ်။ ကလေးမွေးဖြစ်ခဲ့ရင်‥ ဘာလုပ်မလဲ‥ပေါ့။ မွေးဖြစ်ခဲ့ရင်‥ဆိုတဲ့ စကားကို ကြားလိုက်တာနဲ့ ဒီယွန်ဒရာ အသည်းအသန်သောင်းကျန်းတော့တာပဲ။ ပုံမှန်အချိန်မှာတောင် ဒီယွန်ဒရာ့ကို ဘန် မနည်းထိန်းနေရတာ။ အဲဒီလို သောင်းကျန်းတာမျိုး မမြင်ဖူးဘူး။ လေဆင်နှာမောင်း တိုက်သလို၊ ဆိုင်ကလုန်းဝင်သလို ဝုန်းဒိုင်းကြဲတော့တာ။ လက်သည်းတွေနဲ့ ကုတ်တယ်။ မျက်နှာကို ရိုက်တယ်။ ငိုတယ်။ အော်တယ်။ *ဒီကလေးက နင်နဲ့ရတဲ့ကလေး မဟုတ်ဘူးလား။ ဘာလို့ အဲဒီလိုပြောရက်သလဲ။ နင်လူမှဟုတ်ရဲ့လား။*

ဒီလို ရန်ဖြစ်တာကလွဲရင် ဒီကလေးအတွက် ဘာတွေလုပ်ကြမလဲဆိုတာ လုံးဝ မစဉ်းစားထားဘူး။ စဉ်းစားလို့လည်း အဆင်မပြေဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဒီယွန်ဒရာ့အဖေက ဒီယွန်ဒရာ အခုလို အိမ်ထောင်မရှိခင် ဗိုက်ကြီးသွားတာကို သိရင် အသေသတ်ပစ်မှာတဲ့။ ဗိုက်ကြီးတာကို မပြောနဲ့‥ အိမ်ထောင်မကျသေးခင် တခြားယောကျ်ားလေးနဲ့ အိပ်တာကို သိရင်တောင် ဒီယွန်ဒရာ့ကို သူ့အဖေက သေနတ်နဲ့ ပစ်သတ်မယ်လို့ ခြိမ်းခြောက်ထားတယ်။ ဒီယွန်ဒရာ့မိဘတွေက ဒီယွန်ဒရာ့ ကို အလိုလိုက်တယ်။ လုပ်ချင်ရာလုပ်၊ ခွင့်ပြုထားတယ်။ တစ်ခုပဲ‥ အိမ်ထောင် မကျသေးခင်မှာ အပျိုစစ်စစ်အဖြစ်နဲ့ နေရမယ်။ လိင်ကိစ္စတွေ လုံးဝ မလုပ်ရဘူး။

ဒီယွန်ဒရာ အသက် ၁၆ နှစ်ပြည့်မွေးနေ့မှာ သူ့အဖေက သူ့ကို ကျောက်နီလက်စွပ် တစ်ကွင်း လက်ဆောင်ပေးတယ်။ အဲဒီလက်စွပ်ကို ဝတ်လိုက်တာနဲ့ သူ့အဖေကို ကတိပေးပြီးသားလို့ ယူဆတယ်တဲ့။အိမ်ထောင်မကျမချင်းအပျိုစင်ဘဝကိုထိန်းသိမ်း ပါ့မယ်ဆိုတဲ့ ကတိ။ ဒီယွန်ဒရာ့အဖေက သူ့ကို ကျန်တာ ဘာမှမတောင်းဆိုဖူးဘူး။ ဒီတစ်ခုပဲ တောင်းဆိုဖူးတယ်။ ဒါကြောင့် ဒီယွန်ဒရာကလည်း သူ့အဖေကိုစိတ်ချမ်း သာအောင် ထားချင်တယ်။ အဖေပြောသလို မလုပ်ဘဲ ထိန်းတာတော့ မဟုတ်ဘူး။ အဖေမသိအောင်ဘဲ ခိုးလုပ်မယ် ဆိုတဲ့သဘော။ ဘာလို့ ဒီယွန်ဒရာ့ အဖေက ဒီလို အသည်းအသန်တွေ လိုက်တားနေတာလဲလို့ ဘန်ကမေးတော့ ဒီယွန်ဒရာကပြန်ဖြေ တယ်။ သူ့အဖေက သူ့သမီးကို မစောင့်ရှောက်နိုင်ဘဲ ဒီအတိုင်းပစ်ထားရတဲ့အတွက် စိတ်မကောင်းဖြစ်နေတာတဲ့။ ဒါကြောင့် ကျန်တာတွေ ဖြစ်ချင်ရာဖြစ်ပါစေ၊ ဒီတစ် ခုကိုတော့ ထိန်းသိမ်းစေချင်တယ်··တဲ့။ ငါ့သမီး အရက်သောက်ရင်သောက်မယ်၊ ဆေးချရင်ချမယ်၊ ဒါပေမယ့် ငါ့သမီးက အပျိုစစ်စစ် ဆိုပြီး ဂုဏ်ယူချင်တယ်ဆိုတဲ့ သဘော။

အဲဒီအကြောင်း ဘန့်ကို ပြောပြတော့ ဒီယွန်ဒရာ တော်တော်မူးနေတယ်၊ အဲဒီကတိကို ဖျက်လိုက်တာ·· ဒီယွန်ဒရာ့ အဖေသာ သိသွားရင် အိမ်နောက်ကိုခေါ် ထုတ်ပြီး ခေါင်းကို သေနတ်နဲ့ ပစ်သတ်မှာသေချာတယ်တဲ့။ သူ့အဖေက ဗီယက်နမ် စစ်ပွဲမှာ စစ်တိုက်ဖူးတဲ့ စစ်သားကြီးဆိုပဲ။ တကယ်လုပ်မှာတဲ့။ ဒါကြောင့် ကလေး နဲ့ ပတ်သက်ပြီး ဘယ်လိုစီစဉ်ရမှန်းမသိ ဖြစ်နေတာတဲ့။ ဘန်ကတော့ သူ့ဘာသာသူ တတ်နိုင်သလောက် စီစဉ်ပါတယ်။ လိုမယ်ထင်တဲ့ ပစ္စည်းလေးတွေ ဝယ်စုထား တယ်။ အဟောင်းဆိုင်ကနေ တစ်ခါဝတ်၊ နှစ်ခါဝတ်ပြီးသား ကလေးအဝတ်အစား တွေ ပြန်ဝယ်ထားတယ်။ ဆိုင်ရောက်တော့ ဘာရွေးရမှန်းမသိတာနဲ့ တောင်းထဲမှာ ရှိတာ အကုန်ပေး ဆိုပြီး ၈ ဒေါ်လာပေးပြီး ဝယ်လာတယ်။ ကလေးအရွယ်ပေါင်းစုံ ဝတ်လို့ရတဲ့ အဝတ်အစားတွေ ပါလာတယ်။ ကလေး သေးခံတွေ၊ အတွင်းခံတွေ အစုံပဲ။ အဲဒီအဝတ်တွေကို ခေါက်ပြီး ဘန့်အိပ်ရာအောက်မှာ ဖိပြီး သိမ်းထားတယ်။ အခန်းကို သော့တပ်လိုက်လို့ တော်ပါသေးတယ်။ မဟုတ်ရင် ဘန့်ညီမတွေ ဝင်မွှေ ပြီး သူတို့နဲ့တော်မယ်ထင်တာတွေ အကုန်ရွေးယူသွားကြမှာ။ ဒီတော့ ကလေးနဲ့ ပတ်သက်ရင် ဘန်ကမှ နည်းနည်းစဉ်းစားထားသေးတယ်။ ဒီယွန်ဒရာကတော့လုံးဝ တွေးမထားဘူး။

...

"ဘန်…ငါတို့ထွက်ပြေးကြရင်ကောင်းမယ်ထင်တယ်…"…ဒီယွန်ဒရာက ဘန့်ဘေးမှာ လှဲနေရင်း ပြောလာတယ်။ ဘန့်လက်တစ်ဖက်က ဒီယွန်ဒရာ့ဗိုက်ပေါ်မှာ တင်ထားတယ်။ ဗိုက်ထဲက ကလေးက ဂူအောင်းသတ္တဝါတစ်ကောင်လို လှုပ်စိလှုပ်စိ ဖြစ်နေတယ်။ ဒီယွန်ဒရာက ဘန့်ကို မော့ကြည့်တယ်။ "ဘန်၊ ငါဒီဗိုက်ကို ထပ်ဖုံးထားလို့ မရတော့ဘူး။ အဖေနဲ့အမေလည်း နောက်တစ်ရက် နှစ်ရက်နေရင် ပြန်လာတော့မယ်။ ငါ့ဗိုက်ကိစ္စ နင့်ညီမ မီရှယ် မသိတာ သေချာတယ်နော်"

ဒီယွန်ဒရာ ပေးထားတဲ့ စာတစ်စောင်ကို ဘန် အသုံးမကျစွာနဲ့ သိမ်းထားခဲ့ဖူးတယ်။ စာထဲမှာ ဒီယွန်ဒရာက သူ ဘယ်လောက် စိတ်တွေထကြွသောင်းကျန်းနေပါတယ်၊ ဘန်နဲ့ ဘယ်လို အိပ်ချင်ပါတယ် ဆိုတာတွေကို ရေးထားတယ်။ အဲဒီစာကို မီရှယ်က ဘန့်အခန်းထဲဝင်မွှေရင်း တွေ့သွားရော။ မီရှယ်က ဘန့်ဆီကနေ ငွေညှစ်တယ်။ ၁၀ ဒေါ်လာ မုန့်ဖိုးပေးရမယ်၊ မပေးရင်အမေ့ကို အဲဒီစာအကြောင်း သွားပြောမယ်တဲ့။ သောက်ကောင်မလေး။ ဘန်က အဲဒီအကြောင်း ဒီယွန်ဒရာ့ကို ပြန်ပြောတော့ ဒီယွန်ဒရာ ဒေါသူပုန်ထရော။ *နင့်ညီမ လျှောက်ပြောလိုက်မှ ငါဗိုက်ကြီးနေတာ အကုန်သိတော့မှာပဲ။ နင့်အပြစ်ပဲ။ ဘာလို့ စာကို တွေ့ကရာနေရာမှာ ပစ်ထားတာလဲ…။* စာထဲမှာ 'အခုလိုအချိန်မှာတောင်…'ဆိုတဲ့ စကားစုတစ်ခုပဲပါတာပါ။ အဲဒါကို မီရှယ်က စုံထောက်ဦးနှောက်နဲ့ သဲလွန်စတွေ ကောက်ပြီး ဒီယွန်ဒရာ ဗိုက်ကြီးနေတာကို သိသွားဖို့ဆိုတာ မဖြစ်နိုင်တာ။

"မသိပါဘူး။ မီရှယ်က အဲဒီကိစ္စ ထပ်မပြောတော့ဘူး"

တကယ်က ဘန် ညာလိုက်တာ။ မနေ့ကပဲ မီရှယ်မက ဘန့်ကို မသင်္ကာသလိုလို မျက်လုံးနဲ့ ခါးထောက်ပြီး မေးသွားသေးတယ်။ 'ဟေး…ဘန်…ကိုကြီးရဲ့ချစ်ချစ် နေကောင်းလား…"ဆိုပဲ။ မီရှယ်ဆိုတဲ့ ဟာလေးက အကျင့်ကို ယုတ်တာ။ ဒီကိစ္စတစ်ခုတည်း မဟုတ်ဘူး။ ဘာမှ မဟုတ်တဲ့ အသေးအမွှား ကိစ္စတွေမှာလည်း ဘန့်ကို ရရင် ရသလို ငွေညှစ်တယ်။ ဘန် အိမ်အလုပ်တွေ ပြီးအောင် မလုပ်ထားတာ၊ ရေခဲသေတ္တာထဲက မုန့်ခိုးစားတာ…စတဲ့ အသေးအမွှားတွေပါ။ *အမေ့ကို တိုင်လိုက်မယ်။ မုန့်ဖိုးပေးမလား မပေးဘူးလား…* ဒါပဲ။ မီရှယ်လုပ်နေကျလေ။ ဘန်ပေးတဲ့ ပိုက်ဆံတွေနဲ့ မီရှယ်က ဂျယ်လီဒိုးနပ်တွေ ဝယ်စားပစ်တယ်။

ထရေးရဲ့ အာခေါင်ခြစ်ပြီး တံတွေးထွေးလိုက်တဲ့ အသံကို အခန်းထဲကနေ ကြားရတယ်။ ဒါလည်း ထရေးနဲ့ ဒီယွန်ဒရာရဲ့ ရွံစရာ အကျင့်တစ်မျိုးပဲ။ အာခေါင်ခြစ်ပြီး သလိပ်တွေကို ခပ်ထုတ်မယ်။ ပြီးရင် ထွီခနဲ ထွေးထုတ်မယ်။ တစ်ခါတ

လေကျရင် ထရေးက သလိပ်တွေကို လေထဲကို ထွေးထုတ်တယ်။ အောက်ကျလာတာနဲ့ အဲဒီ သလိပ်ဖတ်တွေကို ဒီယွန်ဒရာ့ ခွေးတွေက လျှာနဲ့လျက်တယ်။ နှံ့ဖို့ ကောင်းလိုက်တာ..လို့ ဘန်ကပြောတော့ ဒီယွန်ဒရာက ရယ်တယ်။

ထရေးက အပြင်ကနေ လှမ်းအော်တယ်။ ''မပြီးသေးဘူးလားဟေ့။ ငါဒီမှာ ပျင်းနေပြီ''။ ဒီယွန်ဒရာ့ကို ဘန် ဘာပြောရမလဲ.. စဉ်းစားနေတုန်းပဲ။ ဒီယွန်ဒရာနဲ့ တွေ့ရင် ဘန့်ဘက်က စကားမည်မည်ရရ မပြောဖြစ်ဘူး။ ဘန့်ပါးစပ်ကထွက်လာတဲ့ စကားတော်တော်များများက ဒီယွန်ဒရာကြားချင်နေတာတွေကို အတင်းလုပ်ပြောနေတာတွေ ဖြစ်နေတယ်။ ဒီယွန်ဒရာ့ကို ဘန် မချစ်ဘူးလားဆိုတော့ ချစ်ပါတယ်။ ချစ်တယ်။ ချစ်လို့လည်း သူကြားချင်တဲ့ စကားတွေကို ရွေးပြောပေးနေတာပေါ့။ မဟုတ်ဘူးလား။ အခု ဘန်လုပ်လို့ ဒီယွန်ဒရာ ဗိုက်ကြီးသွားပြီ။ ဒီယွန်ဒရာ့စိတ်တိုင်းကျ ဘန် နေပေးရတော့မယ်။ ဒါ တရားပါတယ်။ ကျောင်းဆက်တက်လို့တော့ မဖြစ်ဘူး။ ကျောင်းထွက်ပြီး အလုပ်ရှာရမယ်။ ဘန့်အသိကောင်လေး တစ်ယောက်ဆိုရင် ကျောင်းကထွက်ပြီး အုတ်ဖုတ်စက်ရုံမှာ အလုပ်ရသွားတယ်။ တစ်နှစ်ကို ဒေါ်လာ ၁၂၀၀၀ လောက်တောင် ရသတဲ့။ အဲဒီလောက် ပိုက်ဆံအများကြီးကို ဘယ်လိုသုံးရမလဲ ဘန် တွေးတောင်မတွေးရဲဘူး။ ဒီတော့ ဘန်လည်း ကျောင်းထွက်မယ်။ ထွက်မှပဲ အဆင်ပြေမှာပါ။ ဒီယွန်ဒရာ ကြားထားတဲ့ ခရစ်ဆီကိတ်နဲ့ ဘန်နဲ့ ဘာဖြစ်ဆိုတဲ့ မဟုတ်မဟတ် ကောလာဟလတွေလည်း ရှိသေးတယ်။

ခရစ်ဆီကိတ်ဆိုတဲ့ ကောင်မလေး ဘန့်ကို ကြိုက်နေတာကို လူတွေက ဟိုပြောဒီပြော ပြောနေတာ ကြာပါပြီ။ စစချင်း ဘန့်စိတ်ထဲမှာ စိတ်ပူသလိုလိုဖြစ်သွားသေးတယ်။ ဒါပေမယ့် တဖြည်းဖြည်းနဲ့ စိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသလိုလို ဖြစ်လာတယ်။ ခရစ်ဆီကိတ်က ငယ်သေးတယ်ဆိုပေမယ့် ပိုက်ဆံရှိ အသိုင်းအဝိုင်းကလေ။ အထက်တန်းက ကောင်မလေးတွေတောင် ခရစ်ဆီကိတ်ကို သိကြတယ်။ သူဌေးသမီး ချောချောလေး မဟုတ်လား။ ဒီတော့ အဲဒီလိုသူဌေးသမီးလေးက ဘန့်ကို သဘောကျတယ်ဆိုတာ ဘန် ဂုဏ်ယူမိတာပေါ့။ ဒီယွန်ဒရာကြားတယ်ဆိုတဲ့ ကောလာဟလတွေကတော့ ဒီယွန်ဒရာ့ထုံးစံအတိုင်း ချဲ့ကားပြောထားတွေ ဖြစ်မှာပါ။ အဓိပ္ပာယ်မရှိတာတွေ။

''ဟဲ့၊ ဘန်ဒေး၊ နင့်ကို ငါ မေးနေတယ်လေ။ အာရုံက ဘယ်ရောက်နေတာလဲ။ ငါမေးနေတာ မကြားဘူးလား။ ထွက်ပြေးကြရင် ကောင်းမလားလို့''

''ဒါဆိုလည်း ထွက်ပြေးတာပေါ့''..ဘန် ပြန်ဖြေရင်း ဒီယွန်ဒရာ့ကိုနမ်းဖို့

ကြိုးစားတယ်။ ဒီယွန်ဒရာက ဘန့်ကို တွန်းထုတ်တယ်။

"အဲဒီလောက် လွယ်သလား။ ဘယ်ကို ပြေးမှာလဲ။ နင်က ငါ့ကိုဘယ်လို ရှာကျွေးမှာလဲ။ ထွက်ပြေးပြီးရင် ငါ့မိဘတွေဆီက ပိုက်ဆံ မရတော့ဘူးနော်။ နင် အဲဒါကို သိတယ်မဟုတ်လား။ နင် အလုပ်တစ်ခုခု ဝင်လုပ်မှ ရမှာ"

"လုပ်မှာပေါ့။ နင့်ဦးလေးဆိုင်မှာ အလုပ်လုပ်လို့ မရနိုင်ဘူးလား"

ဒီယွန်ဒရာက ဘန့်ကို နင်ရူးနေသလား ဆိုတဲ့ အကြည့်နဲ့ကြည့်တယ်။

"ဗွစ်ချီတာက အားကစားပစ္စည်းဆိုင်လေ။ အဲဒီမှာ မရနိုင်ဘူးလား"..ဘန်ထပ်မေးလိုက်တယ်။

"အဲဒီမှာ ဘယ်လို အလုပ်ရမှာလဲ။ နင့်အသက်က ၁၅ နှစ်ပဲရှိသေးတယ်။ ကားမောင်းလို့လည်း မရသေးဘူး။ နင့်အမေ ခွင့်ပြုချက်မရဘဲ အချိန်ပြည့်အလုပ်တောင် ရပါ့မလားမသိဘူး။ နေပါဦး နင် ဘယ်တော့ ၁၆နှစ် ပြည့်မှာလဲ"

"ဇူလိုင် ၁၃ မှ"..ဘန်ပြန်ဖြေလိုက်တယ်။ *ဟုတ်..ကျွန်တော်သေးပေါက်ချမိပါတယ်*..ဆိုပြီး ဆရာမကို ဝန်ခံရသလို စိတ်ထဲမှာ ရှက်သွားတယ်။

ဒီယွန်ဒရာ မျက်ရည်တွေကျလာတယ်။ အော်ငိုတယ်။ "အောင်မလေး.. ငါ သေချင်တယ်။ ငါသေချင်တယ်။ တကယ်.. ငါတို့ ဘာဆက်လုပ်ကြမှာလဲ"

"နင့်ဦးလေးက ငါ့ကို တကယ် အလုပ်မခန့်ဘူးလား"

"ငါ့ဦးလေးက ငါ့အဖေကို တိုင်မှာပေါ့။ နင်ရူးနေလား"

ဒီယွန်ဒရာက အိပ်ရာကနေထပြီး အခန်းအပြင်ကို ထွက်သွားတယ်။ သူ့ရဲ့ ပူဖောင်းနေတဲ့ ဗိုက်ကိုကြည့်ပြီး ဘန့်စိတ်ထဲ စိတ်ပူသလိုလိုတောင် ဖြစ်သွားတယ်။ ဘယ်လောက်အထိ ထပ်ဖောင်းလာဦးမလဲ မသိဘူး။ အိပ်ခန်းထဲကနေ ထွက်ပြီး ရေချိုးခန်းဘက်ကို သွားတော့ ဒီယွန်ဒရာက ကိုယ်တုံးလုံးပဲ။ ထရေးသာ စောစောက ဆိုဖာပေါ်မှာ ထိုင်နေသေးတယ်ဆိုရင် ဒီယွန်ဒရာ့ကိုယ်လုံးကို မြင်မှာပဲ။ ရေကျသံ တဖြောက်ဖြောက် ကြားရပြီ။ ဘန် ကိုယ်ပေါ်က ချွေးတွေကို သုတ်တယ်။ ချွတ်ထားတဲ့ သားရေဘောင်းဘီနဲ့ တီရှပ်ကို ပြန်ဝတ်တယ်။ အခန်းပြင်ပြန်ထွက်တဲ့အခါ ဒီသားရေဘောင်းဘီကို ကြည့်ပြီး ထရေးက ဘန့်ကို ဘယ်လို ထပ်လှောင်ဦးမလဲ။

ခဏကြာတော့ ဒီယွန်ဒရာ ရေချိုးပြီး တဘက်အနီကြီးပတ်လို့ အခန်းထဲကို ပြန်ဝင်လာတယ်။ ဘန့်ကို လှည့်တောင်မကြည့်ဘဲ မှန်တင်ခုံရှေ့မှာသွားထိုင်တယ်။ ခေါင်းလိမ်းဆီအမြှုပ်ဘူးကို လှုပ်ပြီး သူ့လက်ထဲကို အပုံလိုက်ထည့်တယ်။ ဆံပင်ထဲကို လက်နဲ့ ထိုးမွှေတယ်။ ခေါင်းကို လေမှုတ်စက်နဲ့ နေရာအနှံ့မှုတ်တယ်။

ထထွက်သွားရမလား၊ စောင့်နေရမလား မသေချာတာနဲ့ ဘန်လည်း အိပ်ရာပေါ်မှာ ငြိမ်ငြိမ်လေးထိုင်နေလိုက်တယ်။ ဒီယွန်ဒရာက လက်ထဲကိုဖောင်ဒေးရှင်းအရည်နက်နက်တွေ လောင်းထည့်တယ်။ မျက်နှာကို ပွတ်တယ်။ ဒီယွန်ဒရာမိတ်ကပ်လိမ်းရင် ဖောင်ဒေးရှင်းတွေထည့်လွန်းလို့ ချပ်ခဲကြီးဖြစ်နေတယ်တဲ့..တခြားကောင်မလေးတွေ မကြားတကြား ပြောတာ ဘန် ကြားဖူးတယ်။ ဘန်ကတော့ သူ့မျက်နှာကို သဘောကျပါတယ်။ ညိုညိုတင်းတင်းလေး။ လည်ပင်းကတော့ မျက်နှာထက် ပိုဖြူသလို ဖြစ်နေတာပေါ့။ ဒီယွန်ဒရာက မက်စကာရာ သုံးထပ် ထပ်လိမ်းတယ်။ အမြဲသုံးထပ်လိမ်းရတယ်တဲ့။ တစ်ထပ်က အရောင်ရင့်အောင်။ နောက်တစ်ထပ်က ပိုထူသွားအောင်။ နောက်ဆုံးတစ်ထပ်ကတော့ ဒရာမာကွင်းရုပ်ထွက်အောင်ဆိုပဲ။ မက်စကာရာပြီးတော့ နှုတ်ခမ်းနီ ဆက်လိမ်းတယ်။ အောက်ခံ တစ်ထပ်၊ အပေါ်က တစ်ထပ်၊ အရောင်တင် တစ်ထပ်။ ဘန်ကြည့်နေတာကို မှန်ထဲကနေ မြင်တော့ ဒီယွန်ဒရာ မိတ်ကပ်ပြင်နေတာကို ခဏရပ်လိုက်တယ်။

"နင့်အဖေ ရန်နာဒေးဆီက ပိုက်ဆံတောင်းမှဖြစ်မယ်ထင်တယ်"

"ဟမ်..ငါ့အဖေဆီက..ဟုတ်လား"

"အေးလေ၊ နင့်အဖေမှာ ပိုက်ဆံရှိတယ် မဟုတ်လား။ ထရေး ဆေးခြောက်ဝယ်ရင် နင့်အဖေဆီကပဲ ဝယ်နေကျလေ"..ဒီယွန်ဒရာက ကိုယ်မှာပတ်ထားတဲ့ တဘက်ကို ချွတ်ချပြီး အတွင်းခံတွေထားတဲ့ အံဆွဲကိုဖွင့်တယ်။ အနက်ရောင်အနားကွပ်နဲ့ ပန်းရောင် အတွင်းခံတစ်စုံ ထုတ်တယ်။ ကောင်းဘွိုင်ကားထဲက ကောင်မလေးတွေ ဝတ်တဲ့ အတွင်းခံမျိုး။

"နင်ပြောနေတာ ငါ့အဖေနော်။ ငါ့အဖေမှာ ပိုက်ဆံရှိတယ် ဟုတ်လား။ ရန်နာဒေးက အလုပ်ကြမ်းသမားနော်။ လယ်ကွင်းတွေမှာ အလုပ်ကြမ်း လိုက်လုပ်တာနော်"

ဒီယွန်ဒရာက ဘန့်ကို စိတ်ပျက်သလို သက်ပြင်းတစ်ချက်ချတယ်။ ဘရာစီယာ နောက်ချိတ်ကို လက်ပြန်ချိတ်ဖို့ကြိုးစားတယ်။ ဘယ်လိုမှ မအောင်မြင်ဘူး။ ရင်သားတွေက ဘရာစီယာထဲကနေ လျှံထွက်နေတယ်။ နောက်ဆုံးမှာ ဒီယွန်ဒရာ စိတ်ဆိုးမာန်ဆိုးနဲ့ ဘရာစီယာကို လွှင့်ပစ်လိုက်တယ်။ *သေတော့မှာပဲ။ မတော်တော့ပြန်ဘူး။ ငါနဲ့တော်တဲ့ ဘရာ မရှိတော့ဘူးလား..* ဆိုပြီး ဆဲတယ်။ အောက်မှာဝတ်ထားတဲ့ အတွင်းခံကလည်း ပေါင်ပေါ်အထိ လိပ်တက်ပြီး ခွကြားထဲအထိဝင်နေပြီ။ သူဝတ်ချင်တဲ့ အတွင်းခံ သေးသေးမျှင်မျှင်တွေ တစ်ခုမှ မတော်တော့ဘူး။ ကိုယ်ဝန်

ရှိလာတော့ အဝတ်တွေ မတော်ချင်တော့ဘူးပေါ့ . . ဘန်တွေးမိတယ်။

"ဟဲ့ နင်တကယ်မသိတာလား။ နင့်အဖေ ဆေးခြောက်ရောင်းနေတာ လူတိုင်း သိတယ်။ ငါနဲ့ ထရေးနဲ့ အရင်တစ်ပတ်ကပဲ သူ့ဆီကဝယ်ထားတာ" . . ဒီယွန်ဒရာက ပြောရင်းနဲ့ နောက်ထပ် အတွင်းခံတစ်စုံ ထပ်လဲတယ်။ စောစောကလို ပန်းရောင်ဘရာစီယာ မဟုတ်တော့ဘူး။ အဖြူရောင် ရိုးရိုးပဲ။ ပြီးတော့ ဂျင်းဘောင်းဘီ ထပ်ဝတ်တယ်။ သူ့ကိုယ်လုံးသူ ပြန်ကြည့်ရင်း မကျေမနပ်နဲ့ နှုတ်ခမ်းစူတယ်။

ဘန်ကိုယ်တိုင် ဆေးခြောက်တွေဘာတွေ တစ်ခါမှ မဝယ်ဖူးဘူး။ ထရေးနဲ့ ဒီယွန်ဒရာ ပေးတာတွေကိုပဲ ရှူဖူးတာလေ။ တစ်ခါတလေ ပိုက်ဆံနည်းနည်းပါးပါး ထည့်တာမျိုးတော့ ရှိတယ်။ ဆေးခြောက်ဝယ်တဲ့ နေရာကိုတော့ လိုက်မသွားဖူးဘူး။ ဘန့်စိတ်ထဲမှာ မူးယစ်ဆေးရောင်းတဲ့ သူဆိုတာ ဆံပင် ပြောင်ပြောင်နက်နက်ကို နောက်လှန်ဖြီး၊ ရွှေဟန်းချိန်း တဝင်းဝင်းနဲ့ လူမျိုးလို့ ထင်ထားတာ။ ဘန့်အဖေ ရန်နာဒေးက အမြဲတမ်း အင်္ကျီစုတ်နဲ့၊ ကောင်းဘွိုင်ဖိနပ်ကြီးနဲ့။ မဖြစ်နိုင်လိုက်တာ။ ပြီးတော့ မူးယစ်ဆေးရောင်းနေတယ်ဆိုရင် ရန်နာဒေးမှာ ပိုက်ဆံ ရှိရမှာပေါ့။ ဘန့်အဖေရန်နာဒေးမှာ ပိုက်ဆံ ဘယ်လိုမှ မရှိဘူး။ သေချာတယ်။ ရန်နာဒေးက မူးယစ်ဆေးရောင်းတဲ့သူ ဖြစ်နေရင်တောင်၊ ပိုက်ဆံရှိနေရင်တောင် . . ဘန်သွားတောင်းရင် လုံးဝ ပေးမှာမဟုတ်ဘူး။ ပိုက်ဆံလာတောင်းရကောင်းလား ဆိုပြီး လျှောင်ရယ်ရယ်မှာ။ ၂၀ တန် တစ်ရွက်လောက် ထုတ်ပေး၊ ဘန်လက်လှမ်းလိုက်တာနဲ့ ဖတ်ကနဲ ပြန်ဆွဲယူသွားပြီး တဟားဟားနဲ့ လှောင်မှာ။ ပြီးတော့ ရန်နာ့မှာ ပိုက်ဆံအိတ်ရှိတာတောင် ဘန် မမြင်ဖူးဘူး။ ဂျင်းဘောင်းဘီထဲပဲ ထိုးသိပ်ထည့်ထားတာ။ ပိုက်ဆံရှိတဲ့သူဆိုတာ အနည်းဆုံး ပိုက်ဆံအိတ်လေးတော့ ရှိရမှာပေါ့။ မဟုတ်ဘူးလား။

"ထရေးရေ . ." . . ဒီယွန်ဒရာက အပြင်ဘက်ကို လှမ်းအော်တယ်။ အစင်းအကွက် အကြီးကြီးတွေပါတဲ့ ဆွယ်တာတစ်ထည်ကို ကောက်ဝတ်တယ်။ ဆွယ်တာ အသစ်စက်စက်ဆိုတော့ တံဆိပ်တွေ တွဲလဲခိုလို့။ တံဆိပ်တွေကို တဖြစ်ဖြစ်နဲ့ ဆွဲဖြုတ်ပြီး ဒီယွန်ဒရာ အခန်းထဲကနေ ထွက်သွားတယ်။ ဘန်ကတော့ နံရံမှာကပ်ထား တဲ့ ရော့ခ်အဆိုတော် ပိုစတာတွေနဲ့ နက္ခတ်တာရာ ပိုစတာတွေကို ကြည့်ငေးရင်း ကျန်ခဲ့တယ်။ (ဒီယွန်ဒရာက စကော်ပီယိုရာသီဖွား။ ဗေဒင်တွေဘာတွေ တော်တော် ယုံတယ်။) မှန်တင်ခုံပေါ်မှာ တင်ထားတဲ့ ပန်းခွေခြောက်လေးတွေက ဒီယွန်ဒရာ ကျောင်းကပွဲသွားတုန်းက ရထားတာ။ ဘန်နဲ့ သွားတာ မဟုတ်ပါဘူး။ အရင်ကျောင်း တုန်းက ဂယ်ရီ . . ဆိုတဲ့ အတန်းကြီးသမားတစ်ယောက် ခေါ်သွားတာ။ ထရေးနဲ့

ဂယ်ရီနဲ့ သိတယ်။ ထရေးပြောတာတော့ ဂယ်ရီဆိုတဲ့ကောင်က ချီးထုပ်တဲ့။

ပန်းခွေခြောက်တွေကို ကြည့်ရင်း ဘန့်စိတ်ထဲ မအီမသာ ဖြစ်ချင်လာတယ်။ အလိပ်လိပ် အခွေခွေ ခြောက်သယောင်းနေတဲ့ ပန်းခြောက်တွေက ကိုယ်တွင်းအင်္ဂါတွေလို နီဖျော့ဖျော့ရောင်သမ်းပြီး လိမ်တွန့်နေတယ်။ ပန်းခြောက်တွေကို ကြည့်မိမှ ဒီယွန်ဒရာက လက်ဆောင်ဆိုပြီး ပေးထားတဲ့ အသားတုံးကို ဘန်သတိရသွားတယ်။ ဘာသတ္တဝါရဲ့ အသားလုံးလဲ ဘန်မသိဘူး။ ကလီစာတွေ လုံးထွေးနေတဲ့ သွေးသံရဲရဲ အလုံးတစ်လုံးပဲ။ အခုတော့ အဲဒီ အသားလုံး ဘန့်ကျောင်းက လော်ကာထဲမှာ ပုပ်ပြီး နံဟောင်နေလောက်ပြီ။ ဘယ်ကရလာတဲ့ အသားတုံးလဲလို့ မေးတော့ ဒီယွန်ဒရာက မဖြေဘူး။ ထရေးခေါ်သွားတဲ့ ယဇ်ပူဇော်ပွဲတစ်ခုက ယူလာတာတဲ့ အဲဒီလိုပြောတာပဲ။ ဘန်ကတော့ မယုံပါဘူး။ ဘိုင်အို အတန်းထဲမှာ ခွဲစိတ်ရတော့ ပိုလို့ ယူလာတဲ့ အသားတုံးနေမှာပါ။ ဒီယွန်ဒရာက ဘန့်ကို ကြောက်အောင် တမင်ခြောက်ရတာမျိုး သိပ်ဝါသနာပါတယ်။ တစ်ခါတုန်းကလည်း ဒီယွန်ဒရာ့ ဘိုင်အိုအတန်းထဲမှာ ဝက်ပေါက်ကလေးတစ်ကောင်ကို ခွဲစိတ်ရတယ်။ ဝက်မြီးကို ဘန့်အတွက် အမှတ်တရ ဆိုပြီး ဒီယွန်ဒရာက ယူလာပေးတယ်။ ရယ်ရတယ်ပေါ့။ ဘန်ကတော့ ရယ်ရတယ်လို့ မထင်ဘူး။ သက်သက် အကျင့်ပုပ်တာလို့ပဲ ထင်တယ်။ ဘန် ခုတင်ပေါ်ကနေ ထလိုက်ပြီး ဧည့်ခန်းဘက်ကို ထွက်လာလိုက်တယ်။

"ဟေ့ကောင် ဘန်ဒေး။ မင်းငတုံးပဲ" ··ထရေးက ဆိုဖာပေါ်ကနေ လှမ်းအော်တယ်။ ထရေးက ဘန့်ကို ကြည့်တောင်မကြည့်ဘဲ ဆေးခြောက်တစ်လိပ်ကို မီးညှိဖွာရင်း တီဗွီကိုကြည့်နေရင်း ဆက်ပြောတယ်။ "မင်းအဖေအကြောင်း မင်းမသိဘူးလား။ ဘယ်လိုဖြစ်လဲ။ အဲဒီလောက်တုံးသလားကွာ" ··အင်္ကျီဝတ်မထားတဲ့ ထရေးရဲ့ ဗိုက်ပေါ်မှာ ကြွက်သားတွေ အမြှောင်းလိုက် ပေါ်နေတယ်။ တင်းရင်းနေတယ်။ ဘန့်ရဲ့ ဖြူဖြူဖျော့ဖျော့ ဗိုက်သားနဲ့ တခြားစီပဲ။ ဒီယွန်ဒရာ ဝယ်လာပေးတဲ့ တီရှပ်ကို ထရေးက ခေါင်းအုံးပြီး လှဲအိပ်နေတယ်။

"ရော့၊ ဒီမှာ··သောက်" ··ထရေးက ဆေးခြောက်လိပ်ကို ဘန့်ဆီကိုထိုးပေးတယ်။ ဘန် အားရပါးရ တစ်ဖွာ ဖွာလိုက်တယ်။ ခေါင်းနောက်ပိုင်းမှာ ထုံပြီး မူးဝေသွားတယ်။ "ဟေ့ကောင်၊ ဘန်ဒေး။ အိမ်တစ်အိမ်လုံးကို သွေးနဲ့သုတ်ဖို့ဆိုရင် သွေးဘယ်နှဂါလန်လောက် လိုမယ်ထင်သလဲ"

*အရာအားလုံး ပျက်သုဉ်းခြင်း··*

ဟော·· အဲဒီစကားစု ဘန့်ခေါင်းထဲ ရောက်လာပြန်ပြီ။ ဘန် အာရုံထဲမှာ

မြင်ယောင်ကြည့်တယ်။ *ဓားတွေ၊ ပုဆိန် တွေ ဆွဲကိုင်ရင်း တောင်ကုန်းပေါ်ကနေ မြင်းဒုန်းစိုင်းစီးပြီး ဆင်းလာကြတဲ့ သူရဲကောင်းကြီးတွေ။ မြင်းအုပ်ကြီး ထရေးဘေး နားကနေ ဖြတ်သွားတယ်။ လူရိုင်းတွေထဲက တစ်ယောက်က ပေါက်လွတ်ပဲစား ဟာသတွေ လျှောက်ပြောနေတဲ့ ထရေးရဲ့ ခေါင်းကို ပုဆိန်နဲ့ ဒုတ်ခနဲ ခုတ်ချ သွားတယ်။ ထရေးရဲ့ ခေါင်းပြတ်ကြီးက ကြမ်းပြင်ပေါ်ကို ပြုတ်ကျပြီး ကော်ဇော ပေါ်မှာ လိမ့်သွားတယ်။ ပြီးရင် ဒီယွန်ဒရာ့ အလှည့်ရောက်လာမလား။ သေပါစေ။ အကုန်သေကြ။* ဒီယွန်ဒရာ့ ခွေးတွေထဲက အကြီးဆုံး အဖြူကောင်က ဧည့်ခန်းထဲကို ဝင်လာပြီး ဘန့်ကို စိမ်းစိမ်းကြီး စိုက်ကြည့်နေတယ်။

"ငါတကယ်ပြောနေတာ ထရေး"..ဒီယွန်ဒရာက ဘန် ဆက်မပြောချင် တော့တဲ့ အကြောင်းအရာကို အသက်ဆက်သွင်းတယ်။ "ဘန်က သူ့အဖေ ဆေး ခြောက်ရောင်းနေတာကို တကယ်မသိဘူးတဲ့"

"ဟော့ကောင်။ မင်းအခုသောက်နေတဲ့ ဆေးခြောက်က မင်းအဖေကိုယ်တိုင် ရောင်းလိုက်တာ"..ထရေးက ဘန့်ဘက်ကို လှည့်ပြီး ပြောတယ်။ "သူရောင်းတဲ့ ဆေးခြောက်က သိပ်တော့ မကောင်းဘူး။ ဒါပေမယ့် ပြင်းတယ်။ ထိတယ်။ မင်း အဖေမှာ ပိုက်ဆံရှိတာ သေချာတယ် ဟော့ကောင်။ ဘာဖြစ်လို့လဲဆိုတော့ သူရောင်း နေတဲ့ဈေးက ပုံမှန်ထက်ကို အများကြီး ပိုဈေးကြီးတယ်။ ဈေးကြီးလည်း ငါတို့ မှာ တခြားဝယ်စရာနေရာ မရှိတော့ မင်းအဖေဆီမှာပဲ ဝယ်နေရတာ။ အဖမ်းအဆီးတွေ များနေတော့ ဘယ်သူမှ မရောင်းကြဘူးလေ။ မင်းအဖေပြောတာတော့ သူ့ပစ္စည်း တွေက တက္ကဆက်ဘက်က ရတယ်ဆိုလားပဲ။ ဟုတ်လား။ မင်းအဖေ တက္ကဆက်ကို ခဏခဏသွားသလား"

အမေ မောင်းထုတ်လိုက်ကတည်းက ရန်နာဒေး ဘန့်ဘဝထဲက ထွက်သွား တာပဲ။ သူ့ဘာသာသူ တက္ကဆက်ဘက် သွားလည်း ဘန်သိမှာမှ မဟုတ်တာ။ ပြီး တော့ တက္ကဆက်ကို ကားမောင်းသွားရင် နေ့ချင်းပြန်တောင် မောင်းလို့ရနိုင်တယ်။

"ထားပါတော့၊ မင်းအဖေက ငါ့ဆီမှာ ပိုက်ဆံတွေ အကြွေးတင်နေတယ်။ မင်းအဖေ တစ်ယောက်တည်း မဟုတ်ပါဘူး၊ ဒီမြို့ထဲမှာနေတဲ့ လောင်းကစားသမား အားလုံး ငါ့ဆီမှာအကြွေး အနည်းနဲ့ အများတော့ တင်နေကြတာပဲ။ လောင်းပဲလောင်း ချင်ကြတဲ့ကောင်တွေလေ။ ရှုံးပြီဆို မပေးချင်ကြဘူး"

ဒီယွန်ဒရာက ရေခဲသေတ္တာကိုဖွင့်ပြီး ဘီယာတစ်ဘူးထုတ်တယ်။ ဘန့်ကို သောက်ဦးမလားလို့တောင် မမေးဘူး။ ရေခဲသေတ္တာထဲမှာ အရင်လက အပြည့်ဖြည့်

ထားတဲ့ အစားအသောက်တွေ တစ်ခုမှ မရှိတော့ဘဲ ဟာလာဟင်းလင်းဖြစ်နေတယ်။ ဘီယာဘူးနည်းနည်းနဲ့ ဖန်ပုလင်းကြီးကြီး တစ်ခုပဲ ရှိတော့တယ်။ ဖန်ပုလင်းထဲမှာ အချဉ်စိမ်ထားတဲ့ အရည်တွေ။ အချဉ်ရည်ထဲမှာ သခွားသီးတစ်တောင့် ပေါလောပေါ်နေတယ်။

"ဟော့..ဒီယွန်ဒရာ၊ ငါ့အတွက်လည်း တစ်ဘူးလောက်"..စိတ်ကောက်ချင်နေတဲ့ လေသံနဲ့ ဘန် ပြောလိုက်တယ်။

ဒီယွန်ဒရာက သူ့လက်ထဲက ဘီယာဘူးကို ဘန့်ကိုပေးတယ်။ နောက်တစ်ဘူး ထပ်ယူဖို့ ရေခဲသေတ္တာဆီကို ပြန်လျှောက်သွားတယ်။

"ဒါဆို ရန်နာဒေးကို သွားရှာမယ်လေ။ ဆေးခြောက်နည်းနည်းထပ်တောင်းမယ်။ ပိုက်ဆံလည်း တောင်းမယ်"..ဒီယွန်ဒရာက ဘန့်ဘေးမှာ ဝင်ထိုင်ရင်းပြောတယ်။ "ပြီးရင် ဒီမြို့ကနေ လစ်တာပေါ့"

ဒီယွန်ဒရာ့ မျက်လုံးပြာပြာကို ဘန် ကြည့်လိုက်မိတယ်။ သူ့ကိုအမြဲတမ်းဘေးစောင်းကြည့်တတ်တဲ့ မျက်လုံးပြာပြာစူးစူး..။ အမြဲတမ်း မျက်နှာတစ်ခြမ်းကိုပဲမြင်ရတယ်။ သူ့ မျက်လုံး နှစ်လုံးစလုံးကို ပြိုင်တူမြင်ရတဲ့ အချိန်က ရှားတယ်။ အခုမှ ပထမဆုံးအကြိမ်အဖြစ်..ကြောက်စိတ်က ဘန့်ကိုယ်ထဲကို စိမ့်ဝင်လာတယ်။ ကျောင်းထွက်ဖို့ ဖြစ်နိုင်ပါ့မလား။ ဘန်က အသက် ၁၆နှစ် မပြည့်သေးတော့ အမေ့ခွင့်ပြုချက်မရဘဲ ကျောင်းထွက်လို့ မရဘူး။ အလုပ်ရဖို့ဆိုတာ ပိုခက်ခဲသွားပြီ။ အလုပ်မရှိရင် ဒီယွန်ဒရာက ဘန့်ကို ဘယ်လိုလုပ်ပြီးဆက်ချစ်မလဲ။ ဘန့်စိတ်ကူးယဉ်အိပ်မက်ထဲက နှစ်ယောက်အတူတူနေမယ်ဆိုတဲ့ တိုက်ခန်းလေး..။ မဖြစ်နိုင်ဘူး။ ဘန်တို့ တကယ်နေရမယ့်နေရာက စက်ရုံတစ်ရုံရဲ့ ဝန်ထမ်းအိမ်ရာ တစ်ခုခုမှာဖြစ်လိမ့်မယ်။ အိုကလာဟိုးမား..လို ဟိုးအဝေးကြီးက နယ်စပ်တစ်နေရာမှာ။ တစ်ရက်ကို ဆယ့်ခြောက်နာရီလောက် အလုပ်လုပ်။ နားရက်လည်း မရှိ။ ဒီယွန်ဒရာက အိမ်မှာ ကလေးထိန်း။ ဘန့်ကို စိတ်ထဲမှာ မုန်းနေ။ ပြီးတော့ ဒီယွန်ဒရာက မိခင်ပီသမယ့် မိန်းမမျိုး မဟုတ်ဘူး။ ကလေးငိုရင်တောင် အိပ်ရာနိုးမယ်မထင်ဘူး။ နို့တိုက်ဖို့ကိုလည်း သတိရမယ်မထင်ဘူး။ တွေ့တဲ့သူနဲ့ အရက်ထွက်သောက်နေမှာ။ အပေါင်းအသင်းလည်း အင်မတန်များတယ်။ တစ်ချိန်လုံး တစ်ယောက်ယောက်နဲ့ တွေ့ပြီး ဘားသွားလိုက်၊ ရုပ်ရှင်သွားကြည့်လိုက် လုပ်နေတာ။ *ကလေးကို ဒီအတိုင်းအိမ်မှာထားခဲ့မှာ။ ဘာဖြစ်လဲ။ ကလေးပဲ။ အိမ်မှာထားခဲ့တော ဘာဖြစ်မှာမို့လို့လဲ။ ဘယ်ထွက်သွားမှာမို့လို့လဲ..* ဆိုပြီး ပစ်စလက်ခတ် ပြောမယ့် ဒီယွန်ဒရာ့စကားတွေကို

ဘန် ကြိုပြီး ကြားနေပြီ။ ပြီးရင် နောက်ဆုံးမှာ လူဆိုးက ဘန်ဒေးပဲဖြစ်လာမှာ။ ဘန့်အပြစ်ပဲ.. ဘန်မှ ပိုက်ဆံမရှာနိုင်တာ.. ဘန်မှ အသုံးမကျတာ။

"အိုကေ"..ဘန် ပြောလိုက်တယ်။ ရန်နာဒေးဆီ သွားမယ့် စိတ်ကူးက ခဏပဲ ခံမှာပါ။ အိမ်ထဲကနေ ထွက်လိုက်တာနဲ့ သူတို့ အဲဒီစိတ်ကူးကို ခေါင်းထဲက ထုတ်ပစ်လိုက်မှာပါလို့ ဘန် ဖြေတွေးတယ်။ ဘန်ကိုယ်တိုင်တောင် အဲဒီစိတ်ကူးကို ခေါင်းထဲမှာ မေ့ချင်ချင်ဖြစ်နေပြီ။ ဦးနှောက်ထဲမှာ ထူပူနေပြီ။ အိမ်ပြန်ချင်နေပြီ။

ထရေးက ဆိုဖာကနေ ဝုန်းခနဲ ခုန်ထတယ်။ "ရန်နာဒေး ဘယ်မှာရှိမလဲ ငါသိတယ်"..တဲ့။ သုံးယောက်သား အိမ်အပြင်ကို ထွက်လာကြတယ်။ အပြင်မှာ နှင်းတွေ၊ ရေခဲတွေ အပြည့်နဲ့ ဖြူဖွေး အေးစက်နေတယ်။ ဒီယွန်ဒရာက ဘန့်လက်မောင်းကို တွဲပြီး ဘေးကနေ လိုက်လာတယ်။ *ချော်လဲသွားမှာစိုးလို့ ကိုင်ထားမယ်* တဲ့။ ဘန်တွေးမိတယ်..။ ဒီယွန်ဒရာ ချော်လဲသွားရင် ဘာဖြစ်မလဲ။ ချော်လဲသွားပြီး သေသွားရင်.. ဒါမှမဟုတ် ကလေးပျက်ကျသွားရင်..။ ကျောင်းက ကောင်မလေးတွေ ပြောတာကြားဖူးတယ်။ တစ်ရက်ကို သံပရာသီးတစ်လုံးစားရင်ကိုယ်ဝန်ပျက်ကျတတ်တယ်တဲ့။ ဒီယွန်ဒရာသောက်တဲ့ ကိုကာကိုလာထဲကို သူမသိအောင်သံပရာသီး ညှစ်ထည့်ဖို့ ဘန်တွေးမိသေးတယ်။ ဒါပေမယ့်..မလုပ်ကောင်းပါဘူး။ ဒီယွန်ဒရာ မသိဘဲ ကိုယ်ဝန်ပျက်ကျအောင် လုပ်တာ ဘယ်ကောင်းပါ့မလဲ။ ဒါပေမယ့် အခု ဒီယွန်ဒရာ ချော်လဲသွားရင်ရော..။ ဒါပေမယ့် ဘာမှမဖြစ်ဘဲ သူတို့သုံးယောက်သား ထရေးရဲ့ ထရပ်ကားထဲကို ရှောရှောရှူရှူ ရောက်သွားကြတယ်။ ဒီယွန်ဒရာနဲ့ ထရေးက ကားရှေ့ခန်းမှာထိုင်တယ်။ ဘန့်ကို နောက်ခန်းကို ပို့တယ်။ နောက်ခန်းဆိုပေမယ့် အခန်းက ပုံမှန်ထက် တစ်ဝက်လောက်ပိုကျဉ်းတယ်။ ဘန့်ကိုယ်လုံးနဲ့သိပ်မဆံ့ချင်ဘူး။ ဒူးခေါင်းကို ရင်ဘတ်မှာကပ်ပြီး ထိုင်ရတယ်။ ထိုင်ခုံပေါ်မှာကျနေတဲ့ အာလူးကြော် တစ်ဖတ်ကိုတွေ့တော့ ဘန် ပါးစပ်ထဲကို ကောက်ထည့်လိုက်တယ်။ သူအဲဒီလို ကောက်စားလိုက်တာ သူများတွေ့သွားမလားဆိုပြီး စိတ်ပူနေရမယ့်အစား နောက်ထပ် အာလူးကြော်အစတွေများ ရှိသေးလားဆိုပြီး လိုက်ရှာနေမိတယ်။ ဘန် အရမ်းဗိုက်ဆာနေပြီ။ အရမ်းလည်း ဆေးခြောက်ကွဲနေပြီ။

+++

## လစ်ဘီဒေး

**ယနေ့**

ငယ်ငယ်တုန်းက ကျွန်မ စိတ်ကျန်းမာရေးဆရာဝန်နဲ့ ပြရတယ်။ ကျွန်မရဲ့ ကိုယ်တွင်းမှာအောင်းနေတဲ့ ဒေါသစိတ်တွေ ပြေသွားအောင်တဲ့‥ဆရာဝန်က နည်း တစ်ခုပေးလိုက်တယ်။ အဝတ်စတွေကို ကတ်ကြေးနဲ့ ညှပ်ခိုင်းတာ။ အန်တီဒိုင်ယန်း က ကျွန်မ ညှပ်ချင်တိုင်းညှပ်လို့ရအောင် ဆိုပြီး အဝတ်ကြမ်းတွေကို အလိပ်လိုက် ဝယ်ပေးထားတယ်။ အဝတ်စကို လက်တစ်ဖက်နဲ့ကိုင်၊ နောက်လက်တစ်ဖက်မှာ ကတ်ကြေး။ အလယ်ကနေ တချှပ်ချှပ်နဲ့အားရပါးရညှပ်ပစ်။ မုန်းတယ်‥အားလုံးကို မုန်းတယ်‥မုန်းတယ်‥မုန်းတယ်‥ဆိုပြီး စိတ်ထဲကနေအော်။ အဝတ်စ နှစ်ပိုင်း ပြတ်လုနီးနီးအချိန်၊ လက်အံတွေသေ၊ ပခုံးတွေ တောင့်လာတဲ့အချိန်‥နောက်ဆုံးမှာ ဖြတ်ရင်းဖြတ်ရင်း နှစ်ပိုင်းတိတိ ပြတ်သွားတဲ့ အစနှစ်စ လက်ထဲမှာ တွဲလောင်းကျ လျက်သား‥။ ပြီးတော့ ဘာဆက်လုပ်သလဲ။ ဘာဆက်လုပ်ရမှာလဲ။

အခုလည်း ကျွန်မ အဲဒီလို ခံစားနေရတယ်။ ဒီအမှုကိုဆက်စုံစမ်းနေရင်း မေးရင်းမြန်းရင်းနဲ့ နောက်ဆုံးမှာ ကျွန်မ တစ်ယောက်တည်းနေတဲ့ အိမ်လေးထဲကို ပြန်ရောက်လာတဲ့အခါ‥။ မိသားစုလည်းမရှိ။ ပိုက်ဆံလည်းမရှိ။ အလုပ်လည်းမရှိ။ ဘာဆက်လုပ်ရမယ် ဆိုတာလည်း မသိ။

ဘန်ကျွန်မကို ညာနေတာ သေချာတယ်။ ဘယ်လိုပဲ ဒီအချက်ကို လက်မ ချင်ပေမယ့် ကျွန်မ လက်ခံရတော့မယ်။ သူ ညာနေတာ။ ဘာမဟုတ်တဲ့ ရည်းစ ကောင်မလေးကိစ္စကို ဘာလို့ ဘန် ညာနေတာလဲ။ ကျွန်မခေါင်းထဲကအတွေးတွေ ထပ်ခိုးထဲမှာ ပိတ်မိနေတဲ့ ခိုတွေလို ကစဥ့်ကလျား ဟိုပြေးဒီပြေး ဆူညံနေတယ် ဘန် အမှန်အတိုင်းပြောနေတာမဖြစ်နိုင်ဘူးလား။ ဒီယွန်ဒရာ ရေးထားတဲ့စာက ဘ ကို ပေးတာ မဟုတ်ဘူးဆိုရင်ရော။ မီရှယ်က ကျောင်းမှာ ဒီလိုပဲ ကောက်ရ

အိမ်ယူလာတာ မဖြစ်နိုင်ဘူးလား။ မီရှယ်က အဲဒီလို ကောလာဟလတွေဆို သိပ်စိတ်ဝင်စားတာ။

ဒါမှမဟုတ် ဘန်က ဒီယွန်ဒရာ့ကို သိတယ်။ ဒီယွန်ဒရာ့ကို ချစ်တယ်။ ဒါကို ဘာလို့ ထုတ်မပြောတာလဲ။ ဒီယွန်ဒရာ သေသွားလို့လား။

အိမ်ကလူတွေကို သတ်တဲ့ညမှာ ဒီယွန်ဒရာ့ကိုပါ သတ်ပစ်လိုက်တာလား။ ဒီယွန်ဒရာ့ကို သတ်ပြီး လယ်ကွင်းတစ်နေရာမှာ မြှုပ်ပစ်လိုက်တာလား။ လယ်ကွင်းတွေကလည်း မျက်စိတစ်ဆုံး လိုက်ရှာလို့ မဆုံးအောင် ကျယ်တယ်လေ။ ကျွန်မမြင်ယောင်နေကျ 'ကြောက်စရာကောင်းတဲ့ ဘန်ဒေး' ရဲ့ ပုံရိပ် ခေါင်းထဲကိုပြန်ဝင်လာပြန်တယ်။ လယ်ကွင်းထဲက မီးပုံတစ်ပုံရှေ့မှာ အရက်ထိုင်သောက်နေတဲ့ ဒီယွန်ဒရာ‥။ ကျောင်းသားမှတ်တမ်း ဓာတ်ပုံထဲကလိုပဲ ဆံပင်အခွေအလိပ်တွေနဲ့‥ မျက်လုံးကိုမှိတ်၊ သီချင်း ခပ်တိုးတိုးညည်းနေတဲ့ ဒီယွန်ဒရာ‥။ သူ့နောက်မှာမတ်တတ်ရပ်နေတဲ့ ဘန်‥။ ဘန့်လက်ထဲမှာ ဂေါ်ပြားတစ်ချောင်း ကိုင်ထားတယ်။ ဒီယွန်ဒရာ့နောက်စေ့နေရာကို ဘန့်မျက်လုံးတွေက စိုက်ကြည့်နေတယ်‥။ ခေါင်းထဲက ပုံရိပ်တွေကို ကျွန်မ ခါထုတ်လိုက်တယ်‥။ မဖြစ်နိုင်တာ‥။

နေပါဦး။ စေတန်ယဇ်ပူဇော်တဲ့ လူသတ်မှုကြီးဆိုတော့‥တခြားစေတန်အဖွဲ့သားတွေ ဘယ်ရောက်ကုန်ကြသလဲ။ ဘန့်အဖွဲ့ထဲမှာ တခြားကောင်လေးတွေလည်း ပါရမှာပေါ့။ ဘယ်ပျောက်ကုန်ကြသလဲ။ အမှုနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေ၊ သတင်းအစအနတွေကို ကျွန်မ ဒီရက်ပိုင်းအတွင်း အကုန်လုံးနီးပါး ဖတ်ကြည့်ပြီးပြီ။ ဘန်နဲ့ တစ်ဂိုဏ်းတည်း သမားတွေ တစ်ယောက်မှ မမိဘူးတဲ့‥ရဲတွေကပြောတယ်။ ဘန့်ကို ဖမ်းမိပြီး နောက်တစ်ရက်မှာ ကင်နက်ကီက လူငယ်တွေ အကုန်လုံး ယဉ်ကျေးလိမ္မာတဲ့ ပြစ်မျိုးမဲ့မထင် လူငယ်လေးတွေဖြစ်ကုန်ကြတယ်။ စေတန်ကိုးကွယ်တဲ့သူ ဆိုလို့ တစ်ကောင်တစ်မြီးမှတောင် ပေါ်မလာကြဘူး။ အသက် ၂၀ ဝန်းကျင်ကောင်လေး နှစ်ယောက်ကတော့ သူတို့ ဆေးခြောက်ရှူတဲ့နေရာကို ဘန်ဒေးရောက်လာတဲ့အကြောင်း ထွက်ဆိုသွားတယ်။ လူသတ်မှုဖြစ်တဲ့ နေ့မှာ ဘန်ဒေး သူတို့ဆီရောက်လာတယ်တဲ့။ ဘာတဲ့‥သူတို့ထဲက တစ်ယောက်က ခရစ္စမတ်သီချင်းကို ဂစ်တာတီးပြီး ဆိုလိုက်တော့ ဘန်က အရမ်းနာကျင်သွားသလို ထအော်တယ်တဲ့။ ယဇ်ပူဇော်ဖို့ အစီအစဉ်ရှိတဲ့အကြောင်း ဘန်က သူတို့ကို ပြောပြသွားတယ်။ ပြီးတော့ ထရေးတီပန်နီ ဆိုတဲ့ လူနဲ့ ဘန် ထလိုက်သွားခဲ့တယ်တဲ့။ ထရေးတီပန်နီဆိုတဲ့ကောင်လေးကလည်း ကျွဲတွေ၊ နွားတွေကိုသတ်ပြီး စေတန်ကို ယဇ်ပူဇော်ဖူးတယ်လို့

ကောလာဟလတွေ ထွက်ဖူးတယ်။ ဒါပေမယ့် လူသတ်မှုဖြစ်တဲ့နေ့မှာ ထရေးက ကင်နက်ကီမှာ ရှိမနေခဲ့ဘူးတဲ့။ ကင်နက်ကီနဲ့ မိုင် ၆၀ လောက်ဝေးတဲ့ ဝမ်မီဂိုမြို့မှာ သူ့အဖေနဲ့ တူတူရှိနေခဲ့တယ်လို့ အလီဘိုင် ပြထားတယ်။

ဒါဆို ဘန်တစ်ယောက်တည်း အရူးထပြီး လုပ်ချင်ရာတွေ လုပ်ခဲ့တာပေါ့။ ဒါမှမဟုတ် ဘန့်မှာ တကယ်အပြစ်မရှိတာလည်း ဖြစ်နိုင်တယ်။ ကျွန်မခေါင်းထဲက အတွေးငှက်တွေ နေရာမရ ဟိုဟိုဒီဒီ ဝင်တိုးကြပြန်တယ်။ ဆိုဖာပေါ်မှာ အရူးမလို ငူငေါင်ပြီးထိုင်နေတာ ဘယ်လောက်ကြာသွားသလဲ မသိ၊ အိမ်ရှေ့လှေကားပေါ်တက်လာတဲ့ စာပို့သမားရဲ့ ခြေသံကိုကြားမှ ကျွန်မ သတိပြန်ဝင်လာတယ်။ ငယ်ငယ်တုန်းကဆိုရင် အမေက စာပို့သမားလာရင် ကျွေးလို့ရအောင်ဆိုပြီး ကွတ်ကီးတွေ ဖုတ်ထားတတ်တယ်။ ကျွန်မ စာပို့သမားအတွက်တော့ ကွတ်ကီး မရှိ။

စာပို့သမားက ကျွန်မလက်ထဲ စာ ၅ စောင်ထည့်ပေးသွားတယ်။ ၃ ခုက ဘဏ်တွေကနေ ခရက်ဒစ်ကတ် လျှောက်ဖို့ ပရိုမိုးရှင်းဆင်းတဲ့ စာတွေ။ တစ်ခုက မီတာဘေလ်လား မသိဘူး။ နာမည်ကလည်း ကျွန်မနာမည် မဟုတ်ဘူး။ မှားပြီးပေးသွားတာ။ နောက်ဆုံးတစ်စောင်က ကျန်တဲ့စာတွေနဲ့ မတူ၊ ထူးထူးခြားခြားကို စုတ်ပြတ်နေတယ်။ စာအိတ်ကလည်း ပျော့ပြဲပြီး ကြေမွနေတယ်။ သုံးပြီးသားစာအိတ်ကို ပြန်သုံးထားတာပဲ။ လိပ်စာအဟောင်းကို ကော်ရက်ရှင်ပန်နဲ့ဖျက်ပြီး အပေါ်ကနေ ကျွန်မရဲ့ လိပ်စာကို ထပ်ရေးထားတယ်။

ရန်နာဒေးဆီကစာ··။

စာကိုဖတ်ဖို့ ကျွန်မ အိမ်အပေါ်ထပ်ကို တက်တယ်။ ခုတင်နဲ့ ခုတင်ဘေး စားပွဲကြားက လူတစ်ကိုယ်စာ လွတ်နေတဲ့နေရာထဲကို တိုးဝင်ပြီး ထိုင်ချလိုက်တယ်။ ကျွန်မ စိတ်ထဲ မအီမသာဖြစ်လာရင် အဲဒီလို ချောင်တစ်ချောင်ကို ဝင်တိုးလိုက်ရမှ နေသာထိုင်သာ ရှိသွားတယ်။ စုတ်ပေနေတဲ့ စာအိတ်ကို ဖောက်တယ်။ အထဲက စာရွက်က မိန်းကလေးသုံး စာရွက်။ ပန်းပွင့်တွေနဲ့ ပေါင်ခတ်ထားတယ်။ အဖေ့ လက်ရေး သေးသေးနုပ်နုပ်၊ အချွန်အတက်တွေနဲ့၊ ပင့်ကူတွေရာနဲ့ချီပြီးကပ်နေသလို စာပေါ်မှာ မွစာကြဲနေတယ်။

*ချစ်သော လစ်ဘီ··*

*လစ်ဘီရေ။ အဖေဒို့ ခုလို တစ်ယောက် တစ်နေရာစီဝေးနေကြတာ နှစ်ပေါင်း မနည်းတော့ဖူးပဲ။ အဖေလဲ တော်တော် အသက်ကြီးပြီ။ အသက်ကြီးတာတင်မကဖူး ကင်ဆာရောဂါလဲ ဖြစ်နေပြီတဲ့။ သိပ်မနေရတော့ဖူးလို့*

*ပြောတယ်။ အလွန်ဆုံး သုံးလေးလပဲတဲ့။ ဘာမှမဖြစ်ပါဘူး။ ဒီလောက်နေရတော်ပြီပေါ့။ သမီး ဖုန်းဆက်ထားတာ ကြားတော့ အဖေဝမ်းသာတယ်။ သမီးနဲ့ အဖေနဲ့ နီးနီးကပ်ကပ် မရှိခဲ့တာ အဖေ့ကို ခွင့်လွှတ်ပါ။ သမီးကို မွေးတုန်းက အဖေကလဲ ငယ်သေးတယ်လေ။ တတ်နိုင်သလောက်တော့ သမီးကို စောင့်ရှောက်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ သမီးအမေက အဖေ့ကို အခွင့်မပေးဖူးလေ။ အဖေ့ထက်ကို ပက်တီက ပိုပြီး ခလေးဆန်ခဲ့တာ။ လူသတ်မှုတွေဖြစ်သွားတော့ အဖေ ပိုစိတ်ဓတ်ကျသွားတာပေါ့။ ကဲ ဟုတ်ပြီလား။ အဖေဝင်ခံပြီးပြီ။ သမီး အပစ်မတင်နဲ့တော့။ အရင်ကတဲက ဘာလို့ မဆက်သွယ်သလဲ မမေးနဲ့တော့။ အဖေ့မှာ လောင်းကစား ပြဿနာတွေရှိသလို အရက်ကလဲ စွဲနေတယ်။ အဲဒါကြောင့် သမီးကို မဆက်သွယ်ခဲ့တာ။ အဲဒီညက လူသတ်သမားအစစ် ဘယ်သူလဲဆိုတာ အဖေသိတယ်။ အဖေ မသေခင် သမီးကို ပြောပြသွားမယ်။ အဖေ့ကို ပိုက်ဆံနဲနဲပို့လိုက်။ ဒေါ်လာ ၅၀၀ ဆို ရပါပြီ။ ဒေါ်လာ ၅၀၀ ပို့နိုင်ရင် အဖေ သမီးဆီ လာတွေ့မယ်။ ၅၀၀ လောက်ဆို ရပြီ။*

*စာပြန်နော် သမီး။*

*ချစ်တဲ့ ဖေဖေ ရန်နာဒေး*
*၁၂ - ဒွန်နာရန်လမ်း*
*ဘာ့တ်နီလန်ဒုက္ခသည်စခန်း*
*လစ်ဒ်ဂျာဝုဒ်၊ အိုကလာဟိုးမား*

*စာကြွင်း - စာတိုက်အမှတ်တွေဘာတွေ အဖေမသိဘူး။ တစ်ယောက်ယောက်ကို မေးကြည့်ပေါ့။*

ခုတင်ဘေးစားပွဲပေါ်မှာ တင်ထားတဲ့ မီးအိမ်ကို လည်တံနားကနေကိုင်ပြီး ကျွန်မ ကောက်ပေါက်လိုက်တယ်။ မီးအိမ်က ကြိုးတန်းလန်းနဲ့ တင်းကနဲဖြစ်သွားပြီး ဘယ်မှ မရောက်ဘဲ ကြမ်းပြင်ပေါ်ကို ဖုတ်ကနဲ ကျတယ်။ ကျွန်မ ထိုင်နေရာကနေ ထတယ်။ ကြမ်းပြင်မှာကျနေတဲ့ မီးအိမ်ကို ပြေးကောက်တယ်။ နံရံဆီကိုပစ်ပေါက်တယ်။ မီးအိမ်နဲ့ နံရံ ခွမ်းခနဲထိပြီး မီးအိမ်စွပ် တစ်ခုလုံး ပြုတ်ထွက်သွားတယ်။ ကြမ်းပြင်ပေါ်ကို ပြုတ်ကျပြီး ဟိုလိမ့်ဒီလိမ့် လူးနေတယ်။ ကွဲသွားတဲ့ မီးသီးက

အစွယ်ကျိုးတစ်ချောင်းလို ငေါထွက်နေတယ်။

ကျွန်မ ပက်ပက်စက်စက် အော်ဆဲလိုက်တယ်။ အဖေ့ကို ဆဲတာတစ်ဝက်၊ ကျွန်မကိုယ်ကျွန်မ ပြန်ကျိန်ဆဲတာမိက တစ်ဝက်။ ဒီအချိန်ထိ အမှတ်မရှိသေးဘဲ အဖေ့ကို အဖေ ပီသစေချင်နေသေးတာ ကျွန်မ တော်တော် သောက်သုံးမကျတာပဲ။ ဒီစာက ကျွန်မဆီက ပိုက်ဆံတောင်းတဲ့စာ။ ဒါပဲ။ ဘာကင်ဆာလဲ။ ဘာကင်ဆာမှ မဟုတ်ဘူး။ မဖြစ်နိုင်ဘူး။ အချဉ်တွေ့ပြီဆိုပြီး ကျွန်မကို ငွေချူတဲ့စာမှန်း သိသာ လွန်းနေတယ်။ အဲဒီဒေါ်လာ ၅၀၀ သာ ပို့လိုက်လို့ကတော့ အဖေ့ဆီကဘာသတင်းမှ ကြားရတော့မှာ မဟုတ်ဘူး။ ဘာအဖြေမှလည်း ရမှာ မဟုတ်ဘူး။ ခြေရာပျောက် သွားမှာ။ နောက်တစ်ခါ ပိုက်ဆံလိုလာမှ ပြန်ပေါ်လာမှာ။ ကိုယ့်သမီးအရင်းကိုတောင် ငွေညှစ်ချင်တဲ့ လူ။

အိုကလာဟိုးမားကို လိုက်ကိုသွားဦးမယ်။ တွေ့မယ်။ ကျွန်မ နံရံကိုခြေ ထောက်နဲ့ နှစ်ချက် ပိတ်ကန်ပစ်တယ်။ ပြတင်းပေါက်တွေ တချပ်ချပ်ခါကုန်တယ်။ နောက်တစ်ခါထပ်ကန်ဖို့ ခြေထောက်အပြင်မှာ အိမ်ရှေ့လူခေါ်ခေါင်းလောင်း အသံ မြည်လာတယ်။ အပေါ်ထပ်ပြတင်းပေါက်ကနေ ကျွန်မ ငုံ့ကြည့်လိုက်တယ်။ ဒါပေ မယ့် အောက်ကို မမြင်ရဘူး။ ကျွန်မ မလှုပ်ဘဲ ရပ်နေလိုက်တယ်။ ခေါင်းလောင်း တီးနေတဲ့သူ ထွက်သွားတဲ့အထိစောင့်နေတာ။ ဒါပေမယ့် ခေါင်းလောင်းသံကဆက် တိုက် မြည်နေတယ်။ လေးခါ··ငါးခါ။ ကျွန်မ အိမ်ထဲမှာရှိနေတာကို သိတဲ့ပုံပဲ။ သိမှာပေါ့··ဒီလောက် ဆူညံပွက်လောရိုက်နေတာ။

ကျွန်မ အခုဝတ်ထားတဲ့ပုံစံက အမေ ဆောင်းတွင်းတွေမှာ ဝတ်နေကျပုံစံ အတိုင်းပဲ။ ဆွယ်တာအကျီပွပွကြီးနဲ့ ကိုယ်ကျပ်ဘောင်းဘီ။ ခြေအိတ်က ထူထူပွပွ။ အဝတ်လဲရင်ကောင်းမလား·· တော်ပြီ မလဲတော့ဘူး ဆိုပြီး စဉ်းစားနေတုန်းမှာ ခေါင်းလောင်းက နောက်တစ်ခါ ထပ်မြည်တယ်။

ကျွန်မ အိမ်တံခါးက မှန်ပေါက်မပါဘူး။ အပြင်ကတီးနေတာ ဘယ်သူလဲ ဆိုတာ မမြင်ရဘူး။ တံခါးကို တစ်လက်မလောက် အသာဟပြီး အပြင်ကိုကြည့်လိုက် တယ်။ တံခါးဝက မိန်းမက ဟိုဘက်ကိုလှည့်နေတယ်။ သူ့ခေါင်းက ဆံပင်ဝါဝါ ခြောက်ခြောက်တွေကို အရင်မြင်ရတယ်။ ဒီဘက်လှည့်လာတော့မှ သူ့မျက်နှာကို သေချာတွေ့ရတယ်။ ခရစ်ဆီကိတ်··။

"ဟိုဘက်လမ်းက မိန်းမကြီးတွေက ဘယ်လိုကြီးလဲ မသိဘူးနော်။ ရိုင်း တယ်နော်"··ခရစ်ဆီကိတ်က ပြောတယ်။ ဟိုဘက်လမ်းက ကြည့်နေတဲ့ အန်တီ

ကြီးတွေကို လက်လှမ်းပြတယ်။ ကျွန်မဘက်ကို ပြန်လှည့်တယ်။ "တွေ့လား‥ အဲဒီလိုကြီး စိုက်ကြည့်နေတာ ဘယ်လောက်ရိုင်းသလဲ သူတို့မသိဘူးလား"

ကျွန်မ ဘာမှမပြောနိုင်ဘဲ ခရစ်ဆီကိုတိတ်ကို စိုက်ကြည့်နေမိတယ်။ သူပြောသလိုဆိုရင် ကျွန်မလည်း တော်တော်ရိုင်းတဲ့ မိန်းမကြီးဖြစ်နေပြီ။

"နင်ပေးခဲ့တဲ့ လိပ်စာအတိုင်း ငါလိုက်လာတာလေ။ ကလပ်မှာတုန်းက ပေးခဲ့တဲ့ လိပ်စာလေ၊ မှတ်မိလား"‥ခရစ်ဆီက ကျွန်မနဲ့ တစ်တန်းတည်းဖြစ်သွားအောင် ဒူးကိုကွေးပြီး ပြောတယ်။ "အဲဒီတုန်းက ချေးလိုက်တဲ့ ပိုက်ဆံတော့ ပြန်မပေးနိုင်သေးဘူး။ ဒါပေမယ့် ဒီအတိုင်း စကားပြောချင်လို့ လာခဲ့တာပါ။ ငါလေ အဲဒီတုန်းက နင့်ကို တကယ် မမှတ်မိတာ။ တကယ်‥။ အရက်သောက်တာများသွားတာလည်း ပါတယ်။ နင့်အိမ်ကလည်း ရှာရတာ မလွယ်ဘူးဟဲ့ သိလား။ အရက်သောက်ထားလို့ မရှာတတ်အောင် မူးနေတာ မဟုတ်ဘူးနော်။ ငါအခုမသောက်ရသေးပါဘူး။ ဒီလိုပဲ ငါကိုက လမ်းရှာတဲ့နေရာမှာ တော်တော်ညံ့တာဟ။ ဘယ်ချိုးရမလား ညာချိုးရမလား‥ ညာချိုးရမယ်ထင်ပြီး ညာဘက်ကိုမသွားလိုက်နဲ့ မှားပြီ။ အဲဒီလို ငါထင်တဲ့အတိုင်းသွားလိုက်ရင် မှားတာချည်းပဲ။ စိတ်ထဲက ထင်တာနဲ့ပြောင်းပြန်ဖြစ်အောင် တမင်ရွေးရမလို ဖြစ်နေပြီ။ အဲဒီလိုကျတော့လည်း မလုပ်တတ်ပြန်ဘူး။ တကယ်‥ ဘာမှန်းကိုမသိတာ။ အဲဒီလို မသိတာ‥"

စကားတစ်ခွန်းပြီးတိုင်း နောက်တစ်ခွန်းကို အဆက်မပြတ် ဆက်ပြောရင်း ခရစ်ဆီ ပါးစပ်ကို မပိတ်ဘဲ တတွတ်တွတ် ရွတ်နေတယ်။ အိမ်ထဲ ဝင်ပါရစေလို့ အခုထိ ခွင့်မတောင်းသေးဘူး။ အဲဒါကြောင့်လည်း ကျွန်မ သူ့ကို အိမ်ထဲပေးဝင်ဖို့ ဆုံးဖြတ်လိုက်မိတာ ဖြစ်မယ်။

ခရစ်ဆီက ရှိရှိကျိုးကျိုးပုံစံလေးနဲ့ လက်ဖဝါးနှစ်ဖက်ကိုဆုပ်ပြီး အိမ်ထဲဝင်လိုက်လာတယ်။ ကျွန်မရဲ့ အခန်းဟောင်းနွမ်းနွမ်းကို ကြည့်ပြီး ဘယ်နေရာလေးကတော့ ဘယ်လိုလှတယ်ဆိုပြီး ချီးမွမ်းဖို့ စကားရှာနေပုံပဲ။ သူ့မျက်လုံးတွေက တီဗွီဘေးနားမှာ ချထားတဲ့ လိုးရှင်းဘူးတွေဆီကို ရောက်သွားတယ်။

"ဟယ်‥ငါလည်း လိုးရှင်းတွေ အသေစုတာ သိလား။ ငါအခုသုံးနေတဲ့ လိုးရှင်းက သစ်တော်သီးနံ့နဲ့လေ။ အရမ်းကောင်းတာပဲ။ ပြီးတော့ နွားနို့အုံခရင်မ်ဆိုတာကို နင်သုံးပြီးပြီလား။ အရင်တုန်းက အဲဒီခရင်မ်ကို နွားမတွေရဲ့ နို့အုံကို လိမ်းပေးတာဟ။ အခုမှ လူတွေသုံးဖို့ ထုတ်လိုက်တာ။ အရမ်းကောင်းတယ်။ နူးအိနေတာပဲ။ ဆေးဆိုင်တွေမှာ ဝယ်လို့ရတယ်တဲ့"

ကျွန်မ ခေါင်းခါလိုက်တယ်။ ကော်ဖီသောက်ဦးမလားလို့ မေးလိုက်တယ်။ မေးသာမေးရတယ် ကော်ဖီမစ်ထုပ်တောင် ကျန်သေးရဲ့လားမသိ။

"အင်..၊ ကော်ဖီတော့မသောက်ချင်ဘူး။ တခြား သောက်စရာ ဘာရှိလဲ။ ငါကားအကြာကြီးမောင်းလာရတော့ နည်းနည်း သောက်ချင်နေတယ်.."

တကယ်တမ်းက သူ့ဆီကနေ ကျွန်မအိမ်ကို နှစ်နာရီလောက်ပဲ မောင်းရတာပါ။ အရက်သောက်ချင်လာလောက်အောင် ဝေးတဲ့ခရီးတော့မဟုတ်။ မီးဖိုချောင်ဘက်ကို ကျွန်မ သွားလိုက်တယ်။ ရေခဲသေတ္တာထဲမှာ စပရိုက်တစ်ဘူးလောက်များ ကျန်ဦးမလား ကြည့်ကြည့်တယ်။

"ဂျင်တော့ရှိတယ်။ ရောစရာတော့ ဘာမှမရှိဘူး"..ကျွန်မ လှမ်းအော် ပြောလိုက်တယ်။

"ဟုတ်လား၊ ရပါတယ်"..ခရစ်ဆီကပြန်ဖြေတယ်။ "ဘာမှမရောလည်း ကောင်းတာပဲ"

ရေခဲတုံးလည်း မရှိဘူး။ ရေခဲခွက်ကို ဖြည့်ဖို့ သတိကိုမရတာ။ ဖန်ခွက် ထဲကို ဂျင်နှစ်ခွက် ဒီအတိုင်း ငှဲ့လိုက်တယ်။ ဧည့်ခန်းဆီပြန်လာတော့ ခရစ်ဆီက ကျွန်မရဲ့ လိုးရှင်းပုလင်းတွေနားမှာ ရစ်သီရစ်သီလုပ်နေတယ်။ သူ့အိတ်ထဲကိုဘယ် နှပုလင်းလောက် ကောက်ထည့်ပြီးပြီလဲ မသိဘူး။ ခရစ်ဆီကဘောင်းဘီအနက်ရောင် ပြောင်ပြောင်တင်းတင်း ဝတ်ထားတယ်။ အင်္ကျီပန်းရောင်နဲ့။ ကလပ်မှာလုပ်တဲ့သူလို့ ပြောစရာမလိုအောင် သိသာနေတယ်။ လိုးရှင်းပုလင်းတွေ သူ ယူချင်ရင်ယူပါစေ..။

သူ့လက်ထဲကို ဂျင်ခွက်ကို လှမ်းပေးလိုက်တော့ ခရစ်ဆီက ကျွန်မလက် ချောင်းနေရာ ပြတ်နေတာကို သတိထားမိသွားတယ်။

"အဲဒါက..ဟို.."..ခရစ်ဆီက မေးမလို့ပြင်ပြီးမှ အသံတိုးဝင်သွားတယ်။ သူ စကားဆက်မပြောနိုင်အောင် တိုးသွားတာ ဒီတစ်ခါပဲ ကျွန်မမြင်ဖူးသေးတယ်။ ကျွန်မ ခေါင်းညိတ်ပြလိုက်တယ်။

"အဲဒီတော့..ဒီကိုလာတာက.." ကျွန်မ လေသံကို အတတ်နိုင်ဆုံး ယဉ် ကျေးအောင် ထိန်းပြီး စကားစလိုက်တယ်။ ခရစ်ဆီက အသက်ကိုပြင်းပြင်းတစ်ချက် ရှူတယ်။ ဆိုဖာပေါ်မှာ ရှုရှုလေး ထိုင်ချတယ်။ ကျွန်မ သူ့ဘေးမှာဝင်ထိုင်လိုက်တယ်။

"ငါလည်း ဘယ်ကစပြောရမှန်းကို မသိပါဘူး"..ခရစ်ဆီက ဂျင်တစ်ငုံ မော့ချလိုက်ရင်း ပြောတယ်။

"ရတယ်၊ ဒီအတိုင်းပဲ တည့်တည့်ပြောပါ"

"ဒီလိုဟာ·· နင်ဘယ်သူလဲဆိုတာ ငါသိသွားတော့မှ နင်··အဲဒီနေ့က ငါ့အိမ်ကို လိုက်လာတာကို ငါ မှတ်မိသွားတာ"

"အစ်မအိမ်ကို ကျွန်မ တစ်ခါမှ မရောက်ဖူးပါဘူး"··ကျွန်မဇဝေဇဝါနဲ့ပြန်ပြောလိုက်တယ်။ "အစ်မ ဘယ်မှာနေလဲ၊ ကျွန်မ သိတောင်မသိဘူး"

"မဟုတ်ဘူး။ မဟုတ်ဘူး။ အခုကို ပြောတာမဟုတ်ဘူး။ အရင်တုန်းက ပြောတာ။ အဲဒီနေ့လေ··နင့်အမေ အသတ်ခံရတဲ့နေ့လေ··။ နင်နဲ့ နင့်အမေငါ့အိမ်ကို ရောက်လာတယ်လေ"

"အင်း··ဟုတ်လား"··ကျွန်မ မျက်လုံးကိုမှေးပြီး စဉ်းစားကြည့်တယ်။ အဲဒီနေ့ နေ့လယ်က ဘာမှ ထူးထူးခြားခြား မရှိပါဘူး။ ဘန်နဲ့ပတ်သက်ပြီးပြဿနာ တစ်ခုခု တက်နေတာတော့ သိတယ်။ ဘယ်လောက်ကြီးတဲ့ ပြဿနာလဲ ဆိုတာကို မမှတ်မိတော့တာ။ အမေက သူစိတ်ပူနေတာ ကျွန်မတို့ မသိအောင်ဖွက်ထားခဲ့တယ် ထင်တယ်။ အမေနဲ့ အန်တီဒိုင်ယန်းနဲ့ ဘန့်ကိုလိုက်ရှာတော့ ကျွန်မ လိုက်သွားခဲ့တာ မှတ်မိတယ်။ ကားနောက်ခန်းမှာ ကျွန်မ တစ်ယောက်တည်း ထိုင်ပြီးလိုက်သွားရလို့ ကျေနပ်နေခဲ့တာ။ မီရှယ် အသားပြားကြော်လို့ ကျွန်မ မျက်နှာ ဆီပူလောင်သွားတာလည်း မှတ်မိတယ်။ အမေတို့နဲ့ အိမ်တစ်အိမ်ကို လိုက်သွားတာ မှတ်မိတယ်။ မွေးနေ့ပွဲလား ဘာလားတော့ မသိဘူး။ ကလေးတွေ အများကြီးပဲ။ ဘန့်ကိုရှာမတွေ့တာလည်း မှတ်မိတယ်။ ဒိုးနပ် စားရတာမှတ်မိတယ်။ ကျန်တာတော့ မမှတ်မိဘူး။

"ထားပါတော့"··ခရစ်ဆီက ကျွန်မတွေးနေတာကို ဖြတ်ပြီးပြောတယ်။ "ငါလည်း အဲဒီတုန်းက ပြဿနာတွေရော ဘာတွေရောဆိုတော့ နင့်ကိုမေ့သွားတာ။ အရက်ထပ်ထည့်ပေးပါဦး"··ခရစ်ဆီက လက်ထဲကခွက်ကိုကျွန်မရှေ့ထိုးပေးတယ်။ သူစကားဆက်လို့ရအောင် ကျွန်မ ခွက်အပြည့် ငှဲ့ထည့်ပေးလိုက်တယ်။

ခရစ်ဆီက ဂျင် တစ်ငုံထပ်သောက်တယ်။ တစ်ကိုယ်လုံး တုန်သွားတယ်။ ဆက်ပြောတယ်။ "တခြားတစ်နေနေရာမှာ စကားဆက်ပြောရင် ကောင်းမလား"

"ဟင့်အင်း၊ ဒီမှာပဲ ဆက်ပြောပါ။ ဘာဖြစ်လို့ ဒီကိုလာတာလဲ"

"ငါနင့်ကို လိမ်လိုက်မိလို့"

"ဘာနဲ့ပတ်သက်ပြီး လိမ်မိတာလဲ"

"ဘန် ငါ့ကို မဖွယ်မရာလုပ်ခဲ့တယ်ဆိုတာ မဟုတ်ဘူး"

"မဟုတ်ဘူးဆိုတာကျွန်မလည်း သိပါတယ်"··ကျွန်မ လေသံကိုတတ်နိုင်သလောက် နူးညံ့အောင် ထိန်းပြီး ပြောလိုက်တယ်။

"ပြီးတော့ တခြားကောင်မလေးတွေကို ဘန် မဖွယ်မရာလုပ်တယ်ဆိုတာ လည်း လုံးဝ မဟုတ်ဘူး"

"အင်းလေ၊ တခြားကောင်မလေးတွေရော သူတို့မိဘတွေရော၊ အဲဒါကို ဝန်ခံပြီးသား။ အစ်မတစ်ယောက်ပဲ ဘန်က အဲဒီလို လုပ်ခဲ့ပါတယ်ဆိုပြီး ဆက်စွပ်စွဲ နေတာလေ"

ခရစ်ဆီက ထိုင်နေရာကနေ ဆိုဖာပေါ်မှာ ဟိုရွှေ့ဒီရွှေ့လုပ်တယ်။ သူ့မျက် လုံးတွေက ညာဘက်ထောင့်ကို မသိမသာ စိုက်ကျသွားတယ်။ ဟိုးအရင်တုန်းက အတိတ်တစ်နေရာဆီကို ပြန်မြင်ယောင်နေတဲ့ မျက်လုံးတွေ..။

"ငါပြောတဲ့ တခြားအကြောင်းတွေကတော့ တကယ့်အဖြစ်အပျက်တွေပါ။ ငါကလေ ငယ်ငယ်တုန်းက အရမ်းချောခဲ့တာ။ အိမ်ကလည်း ပိုက်ဆံချမ်းသာတယ် ကျောင်းမှာလည်း ငါက စာအရမ်းတော်တဲ့သူ။ ဘဲလေးကတာလည်း ကောင်းတယ်၊ ငါလေ.. အဲဒီ..အဲဒီ အလိမ်အညာ စကားတစ်ခုကိုသာ မပြောခဲ့ဘူးဆိုရင်၊ အဲဒီလို မလိမ်ခဲ့ဘူးဆိုရင်..။ ငါ့ပါးစပ်က အဲဒီစကား ထွက်မသွားခဲ့ဘူးဆိုရင်၊ ငါ့ဘဝလေ အခုလို ဖြစ်နေမှာ မဟုတ်ဘူး။ လင်နဲ့သားနဲ့ ကောင်းကောင်းမွန်မွန်ဖြစ်နေလောက် ပြီ။ ကိုယ်ပိုင် ဘဲလေးသင်တန်းတွေတောင် ဖွင့်နေနိုင်လောက်ပြီ.."..ခရစ်ဆီက ပြောရင်း သူ့ဗိုက်နေရာကို လက်နဲ့ပွတ်တယ်။ သူ့ဗိုက်မှာ ဗိုက်ခွဲမွေးထားတဲ့ဒဏ်ရာ ရှိနေတာကို ကျွန်မ သတိရသွားတယ်။

"အစ်မမှာ ကလေးရှိတယ်မဟုတ်လား"..ကျွန်မမေးလိုက်တယ်။

"အင်း"..ခရစ်ဆီက သက်ပြင်းချတယ်။ ကျွန်မ အဲဒီကိစ္စ ဆက်မမေး တော့ဘူး။

"ဒီတော့.. အစ်မ လိမ်လိုက်တယ်ဆိုတာ ဘယ်က ဘယ်လို လိမ်မိသွား တာလဲ"..ကျွန်မ မေးလိုက်တယ်။ ခရစ်ဆီကိုတ် လိမ်တာ၊ မလိမ်တာ ဘယ်လောက် အရေးကြီးသလဲ ကျွန်မ မသိဘူး။ အဲဒီနေ့နဲ့ ဘယ်လိုပတ်သက်နေသလဲ ကျွန်မ နား မလည်ဘူး။ ဒါပေမယ့် တစ်ခုခု တစ်နေရာရာမှာတော့ သက်ရောက်မှု ရှိနေတာသေ ချာတယ်။ လိုင်ဝိုက်သ် ပြောသလိုပေါ့။ မရည်ရွယ်ဘဲ လုပ်လိုက်တဲ့ အရာလေးတွေ ပေါ့။ ခရစ်ဆီ့စကားကြောင့် အဲဒီနေ့မှာ ရဲတွေက ဘန့်ကို လိုက်ရှာနေခဲ့တာလေ

"အင်း ဘယ်လိုပြောရမလဲ။ ဒီလိုဟာ..။ ငါက နင့်အစ်ကို ဘန်အေး ကျိတ်ကြိုက်နေတာ။ တော်တော်ကို ကြိုက်ခဲ့တာ။ ဘန်ကလည်း ငါ့ကို သဘောက တယ်ဆိုတာ ငါသိတယ်။ ငါနဲ့ ဘန်နဲ့ ကျောင်းဆင်းချိန်တွေမှာ အတူတူထိုင်ဖြ

တယ်။ ဘာမှတော့ မလုပ်ပါဘူး။ ဒါပေမယ့် မသင့်တော်ဘူးပေါ့။ ဘန်ကလည်း ငါ့ထက်နည်းနည်းပဲ အသက်ကြီးတယ်ဆိုပေမယ့် မတော်တရော် ဖြစ်မယ်ဆိုရင်ဖြစ်လို့ရတဲ့ အရွယ်ပဲလေ။ တစ်ရက်ကျတော့ ငါနဲ့ ဘန်နဲ့ နမ်းဖြစ်သွားတယ်..။ အဲဒီနေ့ကြောင့် အကုန်ပြောင်းလဲကုန်တာပဲ..''

''အစ်မက သူ့ကို နမ်းတာလား''

''နှစ်ယောက်စလုံး အတူတူနမ်းတာပါ''

''ဘယ်လို နမ်းတာလဲ''

''မသင့်တော်တဲ့ အနမ်းမျိုးဟာ။ လူကြီးတွေ နမ်းသလို နမ်းတာ။ နင့်မှာ သမီး ရှိမယ်ဆိုရင်။ နင့်သမီးကို ကောင်လေးတစ်ယောက်နဲ့ အဲဒီလိုနမ်းနေတာတွေ့မယ်ဆိုရင် စိတ်ဆိုးချင်စရာ အနမ်းမျိုးဟာ။ ကလေးတွေလို နမ်းတာမဟုတ်ဘူး''

ကျွန်မကတော့ သူပြောတာ မယုံပါဘူး။

''အင်း..ဆက်ပြောပါဦး''..ကျွန်မ စကားထောက်ပေးလိုက်တယ်။

''အဲဒီနေ့ပြီးတော့ နောက်တစ်ပတ်လောက် ကြာသွားတော့ ငါ့သူငယ်ချင်း ကောင်မလေး တစ်ယောက်အိမ်မှာ တခြားသူငယ်ချင်းတွေနဲ့ အတူတူစုအိပ်ဖို့ ငါ သွားရတယ်။ အဲဒီကောင်မလေးတွေနဲ့ စကားပြောရင်း ငါလည်း ငါ့အထက်တန်းက အစ်ကိုကြီးတစ်ယောက်နဲ့ ကြိုက်နေတယ်ဆိုပြီး ကြွားတာပေါ့။ ဂုဏ်ယူတာပေါ့။ ပြီးတော့ ပြောရင်းပြောရင်း မဟုတ်တာတွေပါ ထည့်ပြောမိတယ်။ ရိုးရိုးနမ်းတာ မဟုတ်ဘဲ တခြား ဟို..ကိစ္စတွေပါ ပါတယ်ဆိုပြီး ကြွားမိတယ်ဟာ။ ကောင်မလေးတွေထဲက တစ်ယောက်က သူ့အမေကို အဲဒါတွေ ပြန်ပြောတယ်ထင်တယ်။ သူ့အမေက ငါ့အမေကို နောက်နေ့ကျတော့ ဖုန်းဆက်ရော။ အဲဒီနေ့ကို ငါမှတ်မိသေးတယ်။ ပုံမှန်ဆိုရင် အမေက စိတ်ဆိုးရင် ငါ့ကိုဆူနေကျ။ အဲဒီနေ့က အမေက ငါ့ကို မဆူဘူး။ ငါ့အခန်းထဲကိုလာပြီး ငါ့ကို နူးနူးညံ့ညံ့လေး မေးတယ်။ *သမီးလေး.. သမီး.. မေ့မေ့ကို ယုံတယ်မဟုတ်လား။ မေမေ့ကို မကြောက်နဲ့နော်..အကုန်ပြောပြနော်.. မေမေဖြေရှင်းပေးမယ်..ဟုတ်ပြီလား..*ပေါ့။ ပြီးလည်းပြီးရော ဘန်ဒေးက ငါ့ကို ဟိုကိုင်ဒီကိုင် လုပ်သလားဆိုပြီး မေးတော့တာပဲ''

''အဲဒီတော့ အစ်မက ဘယ်လိုပြန်ဖြေလိုက်သလဲ''

''အင်း၊ ငါလည်း ဘန်နဲ့ငါ နမ်းမိတဲ့အကြောင်းကို ပြောပြလိုက်တယ်။ အဲဒါပဲ ပြောမလို့ပါ။ အမှန်အတိုင်း ပြောမလို့ပါပဲ။ ဒါပေမယ့် အမေက ငါအဲဒီလို ပြောလိုက်တော့ 'သြော်..ဒီလောက်ကတော့ ဘာမှမဖြစ်ပါဘူး' ဆိုတဲ့ ပုံစံမျိုးနဲ့

ငါ့ရှေ့မှာ ဒူးထောက်ပြီးမေးနေရာကနေမတ်တတ်ထရပ်တယ်။ ‘အဲဒါပဲလား၊ တခြား ဘာမှ မဖြစ်ဘူးလား’..ဆိုပြီး ပြောတာ မှတ်မိတယ်။ အဲဒီလောက်ပဲ ဖြစ်တာကို အရေးတယူလုပ်နေလို့ စိတ်ကုန်သလိုလို ဘာလိုလိုနဲ့။ အဲဒီမှာ ငါ ထအော်လိုက် ရော။ ‘မဟုတ်ဘူး ဘန်က သမီးကို ဟိုနေရာကို ကိုင်တယ်။ တခြားဟာတွေလည်း လုပ်နိုင်းတယ်’ ဆိုပြီး။ အဲဒီလို ပြောလိုက်မှ အမေက ပျာယာခတ်သွားရော”

“ပြီးတော့ ဘာဆက်ဖြစ်သလဲ”

“ပြီးတော့ ပြဿနာက ကြီးသထက်ကြီးလာတော့တာပေါ့။ အဖေအိမ်ပြန် လာတော့ အမေက အဖေ့ကိုပြောပြလိုက်တယ်။ အဖေက ရင်ကွဲပက်လက်နဲ့ ငါ့.. သမီးလေး..ငါ့သမီးလေး..ဖြစ်ရလေ..ပေါ့။ ပြီးတော့ ကျောင်းကို ဖုန်းဆက်တယ်။ ကျောင်းကနေပြီး လူတစ်ယောက် အိမ်ကို လွှတ်ပေးတယ်။ စိတ်ကျန်းမာရေးဆရာဝန် လား၊ ဘာလားတော့ မသိဘူး။ အသက်ခပ်ငယ်ငယ် ကောင်လေးပဲ။ အဲဒီဆရာဝန် လိုလို ကောင်လေးနဲ့ ငါနဲ့ တွေ့တော့ ပိုဆိုးသွားတယ်။ သူ့ကို ဘယ်လိုမှ အမှန် အတိုင်း ပြောလို့ မရဘူး။ ပြောလို့မရအောင်ကို စကားတွေ ပိတ်ပြီးမေးတော့တာ။ ငါ့ကို ဘန်က မဟုတ်တာတွေ လုပ်လိုက်တယ်ဆိုတာကိုပဲ အဲဒီဆရာဝန်က ယုံချင် နေတာ..အဲဒီလို”

ကျွန်မ နားမလည်သလို မျက်မှောင်ကြုတ်လိုက်တယ်။

“ဟုတ်တယ်။ တကယ်ပြောတာ။ ငါမှတ်မိတယ်။ အဲဒီဆရာဝန်နဲ့တွေ့တော့ ငါ အမှန်အတိုင်း ပြောလိုက်တော့မလို့ပဲ။ ဒါပေမယ့် သူက ငါ့ကိုမေးတယ်။ ဘန် ငါ့ကို ဘာတွေလုပ်သလဲ။ မတော်တရော်တွေ လုပ်သလားတဲ့။ မလုပ်ပါဘူးလို့ ငါ အမှန်အတိုင်း ဖြေလိုက်တော့ သူက စိတ်ဆိုးသွားသလိုလို၊ စိတ်ကုန်သွားသလိုလို လေသံနဲ့.. *ဟုတ်လား..သမီးကိုသတ္တိရှိတယ်လို့ အစ်ကိုထင်ထားတာ။ ဘာမှမဖြစ် ဘူးဆိုတာ ဟုတ်လို့လား။ သမီး အမှန်အတိုင်းပြောမှ အစ်ကိုတို့က ကူညီလို့ရမှာပေါ့။ ဘန် ဘယ်နေရာကို ကိုင်သွားသလဲ သမီး သေသေချာချာ စဉ်းစားလေ။ သမီးကို ဘယ်လို စကားတွေ ပြောသွားသလဲ။ ဒီလိုလုပ်တာကိုတော့မှတ်မိတယ်မဟုတ်လား။ ဟုတ်ပြီ..ဟုတ်ပြီ..တော်တယ်။ သမီး မှတ်မိလာပြီ မဟုတ်လား။ ဒီလိုကိုင်တယ် နော်..ဟုတ်တယ်နော်..* ဆိုပြီး ဆက်တိုက် ချောင်ပိတ်မေးတော့တာပဲ။ ငါလည်း နင့်ကို ဘယ်လိုရှင်းပြရမလဲ မသိတော့ဘူး။ အဲဒီတုန်းက ငါ့အသက်အရွယ်လေးနဲ့ ဘေးက လူကြီးတွေက ဝိုင်းပြီး မဖြစ်ခဲ့တာကို ဖြစ်ခဲ့သယောင် အတင်းပြောကြတော့ မြှောက်ပေးသလို ပင့်ပေးကြတော့.. ငါ့စိတ်ထဲမှာ တကယ်ဖြစ်ခဲ့သယောင်ယောင်

ထင်လာတယ်။ ဘန်ငါ့ကို တကယ် မဖွယ်မရာ လုပ်လိုက်တာပဲ ဆိုပြီး ဇဝေဇဝါ ဖြစ်လာတယ်။ ဘေးက ငါ့မိဘတွေကလည်း ..*ပြောလိုက်လေ သမီး။ မကြောက်နဲ့ ပြောလိုက်နော်*..ဆိုပြီး အားပေးကြတယ်။ အဲဒီတော့ ငါလည်း သူတို့ အမှန်လို့ထင်နေတဲ့ အလိမ်အညာစကားတွေကို ပြောပစ်လိုက်တယ်"

ခရစ်ဆီ့စကားကို နားထောင်ရင်း ကျွန်မကိုယ်တိုင်လည်း လူသတ်မှုတွေအပြီးမှာ ကျွန်မနဲ့ တွေ့ရတဲ့ စိတ်ကျန်းမာရေး ဆရာဝန် ဒေါက်တာ ဘရွန်နာကို သတိရလာတယ်။ ဒေါက်တာဘရွန်နာက အပြာရောင်ဝတ်စုံကိုပဲ အမြဲတမ်း စွဲစွဲမြဲမြဲ ဝတ်တယ်။ သူကြားချင်တဲ့စကားကို ပြောပေးရင် ကျွန်မကို သကြားလုံးတွေ ထုတ်ကျွေးတယ်။ *ဘန် နှလုံးပြူးသေနတ်ကြီးကိုယူပြီး မေမေ့ကို ဘယ်လိုပစ်လိုက်သလဲ ပြောပြပါဦး သမီး။ သမီးအတွက် ဒီလိုစကားတွေ ပြောရတာခက်နေမှန်း ဦးဦးသိပါတယ်။ ဒါပေမယ့် သမီး အဲဒီလိုပြောပေးမှ မေမေနဲ့ မမတွေကို ကူညီရာရောက်မှာလေ။ ဟုတ်တယ်မဟုတ်လား။ သမီးကိုယ်တိုင်လည်း မြန်မြန် နေကောင်းလာမယ်။ စိတ်ထဲမှာ တင်းမထားနဲ့၊ ထိန်းမထားနဲ့ လစ်ဘီလေး။ ပြောချလိုက်။ ပြောလိုက်။ ဒါမှ ဘန့်ကို အပြစ်ပေးလို့ရမှာ။* ကျွန်မလည်း သတ္တိရှိတဲ့ ကလေးမလေးဖြစ်ချင်စိတ်နဲ့ *ဟုတ်ပါတယ် ဘန်ဒေးက ဒက်ဘီ့ကို ပုဆိန်နဲ့ ခုတ်ပါတယ်၊ အမေ့ကို သေနတ်နဲ့ပစ်သတ်ပါတယ်။ အဲဒါတွေကို ကျွန်မ သေချာမြင်လိုက်ပါတယ်*..ပေါ့။ အဲဒီလိုပြောပြီးရင် ဒေါက်တာဘရွန်နာ ကျွေးတဲ့ ဂျယ်လီတွေ တဝကြီးစားရတယ်။ ဒေါက်တာဘရွန်နာကတော့ သူကျွန်မကို တကယ်ကူညီလိုက်တယ်လို့ပဲထင်နေမှာပဲ။

"သူတို့က အစ်မကို သူတို့နဲ့စကားပြောရတာ သက်သောင့်သက်သာရှိလာအောင်၊ သူတို့ကို မကြောက်တော့အောင် အစ်မကို အရမ်းယုံကြည်စိတ်ချတဲ့ပုံစံဖမ်းပြတာ။ အစ်မကိုလည်း ကူညီမယ်။ အစ်မကလည်း သူတို့ကို သူတို့ကြားချင်တာတွေ ကြားရအောင် ပြန်ကူညီမယ်။ အဲဒီလို".. ကျွန်မ ခရစ်ဆီ့ကို ရှင်းပြလိုက်တယ်။ ကျွန်မရဲ့ ထွက်ဆိုချက်ကို အတည်ပြုပြီး ဘန့်ကို အမိန့်ချလိုက်နိုင်တော့ ဒေါက်တာဘရွန်နာက ကျွန်မကို ဆုချတယ်။ 'သိပ်တော်တဲ့ ရှုပါစတားလေး' ဆိုတဲ့ စာတန်းပါတဲ့ ရင်ထိုးလေး ပေးတယ်။

"ဟုတ်တယ် ဟုတ်တယ်"..ခရစ်ဆီက မျက်လုံးကိုပြူးပြီး အားရပါးရ ပြောတယ်။ "အဲဒီဆရာဝန်ကလေ ငါ့ကို မျက်လုံးထဲမှာ သေချာမြင်ယောင်ကြည့်နိုင်းတယ်။ ဘန် ငါ့ကို ဘာတွေလုပ်သလဲဆိုတာ အရုပ်တွေကိုင်ပြီး ပြန်လုပ်ပြခိုင်းတယ်။ ပြီးလည်းပြီးရော သူက တခြားကောင်မလေးတွေကို ဆက်မေးတယ်။ အဲဒီ

ကောင်မလေးတွေနဲ့ ဘန်နဲ့ တကယ်တမ်းက သိတောင်မသိဘူး။ နမ်းတောင်မနမ်း ဖူးဘူး။ ဒီလိုနဲ့ပဲ နောက်နေ့တွေကျတော့လည်း ငါတို့ ကလေးတွေ စုမိပြီဆိုရင် မဟုတ်တာတွေကို စိတ်ကူးယဉ်ပြီး ဆက်ပြောမိကြပြန်တယ်။ ဘန်ဒေးက စေတန် ကိုးကွယ်တဲ့သူ။ မကောင်းဆိုးဝါးတွေနဲ့ အဆက်အသွယ်ရှိတဲ့လူ။ ဗိုက်ထဲက ကလီ စာတွေကို ထုတ်ပြီး ယဇ်ပူဇော်တဲ့သူ.. ဘာညာ.. အစုံပဲဟာ။ အဲဒီလို စိတ်ကူးယဉ် ပုံပြောသလို ပြောကြရင်းနဲ့ အခြေအနေတွေက ဆိုးသထက်ဆိုးသွားတာ။ ရက်ပိုင်း အတွင်းမှာ အဲဒီ ကောလာဟလက ကောလာဟလအဆင့်ကနေ တကယ့်သတင်း အဖြစ် ပြောင်းသွားတာဟာ"

"အစ်မ အမှန်အတိုင်း လုံးဝ မပြောခဲ့ဘူးပေါ့"

"ပြောတယ်၊ ငါ့မိဘတွေကို ပြောတယ်။ နင်နဲ့ နင့်အမေ ငါတို့အိမ်ကို လာတွေ့တဲ့နေ့ပဲ.. အဲဒီနေ့က ဘန်ဒေးအကြောင်း ရဲတွေကို တိုင်လိုက်တဲ့နေ့လေ။ ငါ့အိမ်မှာ တခြားကောင်မလေးတွေရဲ့ မိသားစုတွေလည်းရောက်နေတယ်။ ကိတ်မုန့် တောင် ယူလာပေးသေးတယ်။ ဘယ်လောက်ဆိုးလိုက်သလဲဆိုတာ။ ငါ့မိဘတွေက ငါ့ကို စိတ်ပြေလက်ပျောက်ဖြစ်အောင် ခွေးပေါက်လေး တစ်ကောင်တောင် ဝယ်ပေး ဦးမယ်ဆိုပဲ။ ထားပါတော့။ ရဲတွေပြန်သွားတယ်။ ဟို ဆရာဝန်လည်းပြန်သွားတယ်၊ အဲဒီတော့မှ ငါလည်း ငါ့အိပ်ခန်းထဲကို ပြန်ဝင်ပြီး ငိုတော့တာပဲ။ ငါပြောလိုက်တာ ဘယ်လောက်ဆိုးသွားသလဲဆိုတာ အဲဒီတော့မှ ငါနားလည်သွားတာ"

"အစ်မပြောတော့ အစ်မအဖေက အဲဒီနေ့မှာ ဘန့်ကို လိုက်ရှာနေတာဆို"

"မဟုတ်ပါဘူး။အဲဒါလည်းငါစိတ်ကူးယဉ်တာသက်သက်ပါ"..ခရစ်ဆီ ပြောနေရင်းနဲ့ မျက်လုံးတွေ ဝေဝါးသွားတယ်။ "အဖေ့ကို အမှန်အတိုင်းပြောပြလိုက် တော့.. အဖေက ဘာလုပ်သလဲ သိလား။ ငါ့ကို ပခုံးကနေ ကိုင်ပြီး အားရပါးရ ဆောင့်ခါပစ်လိုက်တာ ငါ့ခေါင်းတောင် ပြုတ်ထွက်သွားမလား မှတ်ရတယ်။ လူ သတ်မှုတွေလည်း ဖြစ်ပြီးသွားရော ကျန်တဲ့ ကောင်မလေးတွေလည်း အကုန်လုံး လန့်ဖျန့်သွားပြီး အမှန်အတိုင်းတွေ ပြောလာကြတယ်။ သူတို့ကို ဘန်ဒေး ဘာမှ မလုပ်ခဲ့တဲ့ အကြောင်းတွေ ဝန်ခံလာကြတယ်။ ငါတို့ မဟုတ်တာတွေ လျှောက်ပြော လိုက်လို့ မကောင်းဆိုးဝါး တကယ်ထလာပြီး ဘန့်ကို ဝင်ပူးသွားတာများလားပေါ့၊ ဘန့်အကြောင်း မဟုတ်တာတွေ ပြောရင်း ယုံတမ်းစကားတွေကနေ တကယ်ဖြစ် လာတာလားပေါ့"

"အစ်မ အမှန်အတိုင်း ပြောလိုက်တယ်ဆိုရင် ကျောင်းကနေ လျော်ကြေး

ပေးတာကို ဘာလို့ အစ်မမိဘတွေက လက်ခံတာလဲ"

"လျော်ကြေးက အဲဒီလောက်မများပါဘူး"..ခရစ်ဆီက ပြောရင်းသူ့လက်ထဲက ဖန်ခွက်ကို ကြည့်တယ်။ အရက် တော်တော်လျော့နေပြီ။

"လျော်ကြေး များများ,မများများလေ။ အမှန်အတိုင်း သိနေရဲ့သားနဲ့ ဘာဖြစ်လို့ ပိုက်ဆံကို ယူသလဲ"

"ငါ့အဖေက စီးပွားရေးသမားလေ..။ အဲဒီလို ကျောင်းက လျော်ကြေးပေးမယ်ဆိုတာကို သူက ကြိုသိနေတာ"

"ဘန် အစ်မကို ဘာမှမလုပ်ဘူးဆိုတာ အဲဒီနေ့ကတည်းက အစ်မအဖေကို ပြောပြပြီးသားဆို။ သူသိပြီးသား မဟုတ်လား"

"အင်း..သိတယ်"

ကျွန်မရဲ့ ကြောင်အိုကြီး ဘက်ခ်က ခရစ်ဆီ့အနားကို ရောက်လာတယ်။ ခရစ်ဆီ့ခြေထောက်ကို ပွတ်သီးပွတ်သပ် လုပ်တယ်။ ခရစ်ဆီက ဘက်ခ်ရဲ့အမွေးတွေကြား သူ့လက်ချောင်းတွေကို ထိုးထည့်ပြီး ပွတ်ပေးတယ်။

"အဲဒီနှစ်မှာပဲ ငါတို့ တခြားမြို့ကို ပြောင်းသွားကြတယ်။ ငါ့အဖေက အဲဒီမြို့မှာ ဆက်မနေချင်တော့ဘူး။ နမိတ်မကောင်းတဲ့ မြို့တဲ့။ ကျောင်းကရတဲ့ ပိုက်ဆံတွေကလည်း ကြာကြာမခံပါဘူး။ အဖေက ငါ့ကို ခွေးတစ်ကောင်ဝယ်ပေးတာတော့ မှတ်မိတယ်။ ဒါပေမယ့် အဲဒီခွေးအကြောင်း တစ်ခုခုပြောမယ်ဆိုတာနဲ့ အဖေက ငါ့ကို လက်ကာပြတယ်။ မကြားချင်ဘူးဆိုတဲ့ ပုံစံနဲ့။ အမေ.. ငါ့အမေကတော့ ငါ့ကို လုံးဝ ခွင့်မလွှတ်ဘူး။ ငါဘာပြောပြော လုံးဝ မယုံတော့ဘူး။ ကျောင်းကပြန်လာလို့ ကျောင်းမှာဖြစ်ခဲ့တာ တစ်ခုခုပြောမိတာနဲ့ 'သြော်..ဟုတ်လား' ဆိုပြီး ရွဲ့တယ်။ ငါပြောတာကို လုံးဝ မယုံဘူးဆိုတဲ့ သဘော။ ဒီနေ့ ကျောင်းမှာ စာသင်ပါတယ်လို့ ပြောရင်တောင် 'သြော်..ဟုတ်လား' လို့ ပြန်မေးဦးမှာ။ အဲဒီလောက်အထိ မယုံတော့တာ။ နောက်ပိုင်းကျတော့ ပိုဆိုးလာတယ်။ ငါ့ကို စကားကို မပြောတော့ဘူး။ ငါကျောင်းကပြန်လာပြီဆိုတာနဲ့.. ငါ့ကို မြင်ပြီဆိုတာနဲ့ အမေက ဝိုင်ပုလင်းကို ဖွင့်တယ်။ တစ်ခွက်ပြီးတစ်ခွက် မော့သောက်တယ်။ အိမ်ထဲမှာ တစ်ခန်းဝင် တစ်ခန်းထွက် ငါနဲ့ မတွေ့အောင် ရှောင်နေတယ်။ တစ်ခါတုန်းကငါအမေ့ကို ပြောလိုက်မိတယ်။ *အမေရယ်..သမီး အမေ့ကို အဲဒီလို စိတ်ညစ်အောင် မလုပ်ချင်ပါဘူး*..လို့။ အမေကပြန်ပြောတယ်။ *လုပ်ပြီးနေပြီ။ နောက်ကျသွားပြီ..တဲ့*"

ခရစ်ဆီက ဘက်ခ်ကို ပွတ်ပေးနေရင်း မျက်ရည်တွေ ကျလာတယ်။

"အဲဒါပါပဲ။ နောက်တစ်နှစ်လောက်ကြာတော့ ငါ့အမေလည်း အိမ်ကနေ ထွက်သွားတယ်။ ငါ ကျောင်းကနေ အိမ်ပြန်လာတော့ အမေ့အခန်းထဲမှာဘာပစ္စည်းမှ မရှိတော့ဘူး။ အကုန်သယ်သွားပြီ"..ခရစ်ဆီက ပြောနေရင်း၊ ငိုနေရင်း ဒူးခေါင်း ပေါ်ကို ခေါင်းမှောက်ချလိုက်ပြီး အားရပါးရ အော်ငိုတယ်။ သူ့ဆံပင်တွေ ခေါင်း ပေါ်ကနေ ကျော်ပြီး ရှေ့ကို ဝေါခနဲ ဖွာကျလာတယ်။ သူ့ကို ပခုံးသပ်တာပဲဖြစ်ဖြစ်၊ ခေါင်းပွတ်ပေးတာပဲဖြစ်ဖြစ် နှစ်သိမ့်ပေးသင့်မှန်း သိပေမယ့် ကျွန်မ ဒီအတိုင်းပဲ ထိုင်ကြည့်နေလိုက်တယ်။ တော်တော်ကြာသွားမှ ခရစ်ဆီက ကျွန်မကိုခေါင်းမော့ပြီး ကြည့်တယ်။

"ငါ့ကို ဘယ်သူမှ..ခွင့်မလွှတ်ကြဘူး။ ဘယ်တော့မှ ခွင့်မလွှတ်ကြဘူး"

ခရစ်ဆီ့အသံက တဆတ်ဆတ် တုန်ခါနေတယ်။ ခွင့်လွှတ်ပါတယ်လို့ ပြော လိုက်ချင်ပေမယ့် ကျွန်မ သူ့ကို ခွင့်မလွှတ်နိုင်ဘူး။ နောက်ထပ် အရက်တစ်ခွက်ပဲ ထပ်ငှဲ့ပေးလိုက်တယ်။

+++

## ပက်တီဒေး

**၁၉၈၅၊ ဇန်နဝါရီ (၂) ရက်**
**ညနေ ၆ နာရီ ၁၁ မိနစ်**

လူးဝစ်စ်ကိတ် ဆွဲခေါ်ရာနောက်ကို ဝရန်းသုန်းကားနဲ့ပါသွားတဲ့ ပက်တီ အိမ်အပြင်ဘက်ရောက်တဲ့အထိ ပါးစပ်ကနေ တောင်းပန်ပါတယ်··တောင်းပန်ပါ တယ် ဆိုပြီး တတွတ်တွတ်ရွတ်နေမိတုန်း။ အိမ်ရှေ့ဝရန်တာမှာ ပက်တီနဲ့ဒိုင်ယန်းကို ထားခဲ့ပြီး လူးဝစ်စ်က အထဲပြန်ဝင်သွားတယ်။ တံခါးကို ပိတ်သွားတယ်။ အပြင်မှာ နှင်းတဖွေးဖွေးနဲ့ အေးခဲနေတယ်။ ပက်တီ မျက်တောင်တွေ တဖျတ်ဖျတ်ခတ်နေမိ တယ်။ ဘာစကားမှ မပြောနိုင်ခင်မှာ အိမ်တံခါး ပြန်ပွင့်လာတယ်။ အထဲကနေ အသက် ၅၀ ဝန်းကျင် ယောကျ်ားတစ်ယောက် ထွက်လာတယ်။ သူက တံခါးကိုပြန် ပိတ်တယ်။ အခု အိမ်ရှေ့ ဝရန်တာမှာ ပက်တီရယ်၊ ဒိုင်ယန်းရယ်၊ လစ်ဘီရယ်၊ အဲဒီ လူရယ် ၄ ယောက်။ အဲဒီလူက သားရေအိတ်တစ်လုံး လက်မှာကိုင်ထားတယ်။ မီးခိုးရောင်သမ်းစပြုနေတဲ့ သူ့ဆံပင်ကို သပ်သပ်ရပ်ရပ် နောက်လှန်ဖြီးထားတယ်။ ဆံပင်ကိုလက်နဲ့ သပ်ရင်း ပက်တီ့ကို အကဲခတ်နေတယ်။ သူ့လက်မှာဝတ်ထားတဲ့ အိုင်းရစ်ရှီးရာ လက်စွပ်က ကျနေရောင်အောက်မှာ လက်ခနဲ ဖြစ်သွားတယ်။

"မစ္စပက်တီဒေးလားခင်ဗျ"··သူကမေးတယ်။ သူ့ပါးစပ်ကထွက်လာတဲ့ ကော်ဖီနံ့သင်းသင်းက လေအေးအေးထဲမှာ ဝေ့ပြီးဝဲလာတယ်။

"ဟုတ်။ ကျွန်မ ပက်တီဒေးပါ။ ဘန့်ရဲ့ အမေပါ"

"ကောလာဟလတွေ ပျံ့နေတယ်လို့ ကြားလို့ ဘာဖြစ်တာလဲသိချင်လို့ ကျွန်မတို့ လိုက်လာကြတာ"··ဒိုင်ယန်းက ဝင်ပြောတယ်။ "ဘန်နဲ့ပတ်သက်တဲ့ ကောလာဟလတွေက ပေါင်းစုံပဲ။ ဘယ်သူမှ ကျွန်မတို့ကို တည့်တည့်လာမပြော ကြဘူးလေ"

အဲဒီလူက လက်နှစ်ဖက်ကို ခါးမှာထောက်တယ်။ လစ်ဘီ့ကို တစ်ချက်ငုံ့ကြည့်တယ်။ "ကျွန်တော်က စုံထောက် *ဂျင်ကောလင်း* ပါ။ ဒီအမှုနဲ့ပတ်သက်ပြီး ဦးဆောင်နေတဲ့သူပါ။ ဒီနေ့ ဒီအိမ်ကိုလာပြီး သူတို့ မိသားစုထဲကလူတွေနဲ့ စကား ပြောနေတာ။ ပြီးမှ ခင်ဗျားကို ဆက်သွယ်မလို့ပဲ။ အခု ခင်ဗျားရောက်လာတာနဲ့ အတော်ပဲပေါ့။ ဒီမှာပဲ စကားဆက်ပြောမလား။ တခြားတစ်နေရာရာ သွားလိုက်ရင် ပိုကောင်းမယ်ထင်တယ်။ တော်တော်အေးတယ်ဗျ"

အမြန်လမ်းမ ဘေးမှာရှိတဲ့ Dunkin' Donuts ဆိုင်ကို ကားတစ်စီးစီးနဲ့ မောင်းသွားကြတယ်။ ဒိုင်ယန်းက ရဲတွေ ဒိုးနပ် တော်တော်ကြိုက်တဲ့ အကြောင်း ပြောရင်းနဲ့ ရယ်ဖို့ကြိုးစားတယ်။ ပြီးတော့မှ ခရစ်ဆီကိတ်ရဲ့ အမေကို မကျေမနပ်နဲ့ ကျိန်ဆဲတယ်။ *ငါတို့ကို ရှင်းပြခွင့်တောင်မပေးဘူး‥ ဘယ်လိုဟာမလဲမသိဘူး‥*။ ပုံမှန်ဆိုရင်တော့ ဒိုင်ယန်း တစ်ယောက်ယောက်အကြောင်း မကောင်းပြောတာနဲ့ ပက်တီက ညီမပီသစွာ ဝင်ထောက်ခံပေးနေကျပါ။ အခုတစ်ခါတော့ ပက်တီဘာမှ ဝင်မပြောမိဘူး။

ကော်ဖီသုံးခွက်၊ လစ်ဘီ့အတွက် နို့တစ်ခွက် မှာထားပေးပြီး စုံထောက် ကောလင်းက သူတို့ကို ထိုင်စောင့်နေတယ်။

"ကလေးအတွက် မုန့်ဝယ်ပေးထားမလို့ပဲ။ အချိုတွေ ကျွေးလို့ရလားမရ လား ကျွန်တော်မသိလို့"‥စုံထောက်ကောလင်းက ပြောတယ်။ လစ်ဘီ့ကို ဒိုးနပ် ဝယ်ကျွေးရင် ကလေးကို ဖျက်ဆီးတယ်ဆိုပြီးများ စုံထောက်ကောလင်းက ထင်သွား မလား‥ ပက်တီတွေးမိတယ်။ မနက်ကလည်း ပန်ကိတ်တွေ ကျွေးထားသေးတယ် လေ။ *ငါ့ဘဝက အမြဲဒီလို ဖြစ်နေတော့မှာပဲ‥ လူတွေ ဘယ်လိုထင်ကြမလဲဆိုတာ အမြဲ စဉ်းစားနေရတော့မှာ‥*။ လစ်ဘီကတော့ မုန့်ဗီရိုမှန်ပြားကို မျက်နှာအပ်ပြီး ခြေထောက်တစ်ဖက် ခုန်ဆွခုန်ဆွ ဖြစ်နေပြီ။ ပက်တီလည်း အိတ်ထဲက အကြွေ နည်းနည်းရှာပြီး ပန်းရောင်ဒိုးနပ်တစ်ခု ဝယ်ပေးလိုက်တယ်။ ဒိုးနပ်ကို တစ်သျှူးနဲ့ ပတ်ပြီး လစ်ဘီ့လက်ထဲကို ထည့်ပေးတယ်။ လစ်ဘီ မုန့်မစားရလို့ ငိုတော့မလို ဖြစ်နေမယ့် မျက်နှာကို အခုလောလောဆယ် ပက်တီမကြည့်နိုင်သေးဘူး။ စားပါစေ ဒါမှ သူ့သား ဘန်ဒေးဟာ *စေတန်ကိုးကွယ်တဲ့ သက်ငယ် မုဒိမ်းကောင် ဖြစ်နေပြီ လား‥*ဆိုတဲ့အကြောင်း အေးအေးဆေးဆေး ဆွေးနွေးလို့ရမှာ။ ပက်တီ့စိတ်ထဲ ရူး ချင်သလိုလို၊ ရယ်ချင်သလိုလို ဖြစ်သွားမိတယ်။ လစ်ဘီ့ကို ဘေးစားပွဲထိုင်ခုံမှာ ထိုင်ခိုင်းလိုက်တယ်။ *လူကြီးတွေ စကားပြောမလို့‥မုန့်စားပြီး ငြိမ်ငြိမ်လေးနေ*။

"ခင်ဗျားတို့အားလုံး ဆံပင်နီတွေချည်းပဲလား"..ကောလင်းကမေးတယ်။ "ဘယ်ဘက် အမျိုးက ပါလာတာလဲ။ အိုင်းရစ်လူမျိုးလား"

ကောလင်းစကားကိုကြားတော့ ဒါ လန် အမြဲမေးနေကျ စကားပဲ ဆိုတာ ပက်တီသတိရသွားတယ်။ လန့်အကြောင်း..တွေးလိုက်တော့မှ.. ဟင် ငါ့လယ်တွေ အသိမ်းခံရတော့မှာပဲ..ဆိုတာကို ရုတ်တရက်သတိရသွားမိတယ်။ ဘယ်လိုဖြစ်လို့ အဲဒီကိစ္စကို မေ့သွားတာလဲ..ဒုက္ခပဲ။

"ဂျာမန်ပါ".. ဒီနေ့အတွက် ဒုတိယအကြိမ်အဖြစ် ပက်တီဖြေလိုက်တယ်။

"ခင်ဗျားမှာ တခြား ကလေးတွေ ရှိသေးတယ်မဟုတ်လား"

"ဟုတ်တယ်၊ စုစုပေါင်း ကလေး ၄ ယောက်ပါ"

"အားလုံးက အဖေတစ်ယောက်တည်းလား"

"တစ်ယောက်တည်းပေါ့။ ဘယ်နှယောက် ဖြစ်ရမှာလဲ" ..ဒိုင်ယန်းက ဘားခုံမှာထိုင်နေရင်း လေသံမာမာနဲ့ ဖြတ်ပြောတယ်။

"ဒါပေမယ့် အခု ခင်ဗျား တစ်ယောက်တည်း ကလေးတွေကိုထိန်းနေတာ မဟုတ်လား".. ကောလင်းကမေးတယ်။

"ဟုတ်တယ်၊ ကျွန်မယောကျ်ားနဲ့ ကွဲလိုက်ပြီ".. ပက်တီက တတ်နိုင်သလောက် ယဉ်ယဉ်ကျေးကျေးဖြစ်အောင် ကြိုးစားပြီး ပြန်ဖြေတယ်။

"အဲဒီမေးခွန်းတွေနဲ့ ဘာန့်ပြဿနာနဲ့ ဘာဆိုင်လို့လဲ"..ဒိုင်ယန်းက မနေနိုင်တော့ဘဲ ဖြတ်အော်ပြန်တယ်။ "ကျွန်မက ပက်တို့ အစ်မပဲ။ ဒီကလေးတွေကို ပက်တီတစ်ယောက်တည်း ထိန်းနေတာမဟုတ်ဘူး။ ကျွန်မလည်း ဝိုင်းကြည့်ပေးနေတယ်"

ပက်တို့မျက်နှာက တွန့်ခနဲ ဖြစ်သွားတယ်။ စုံထောက်ကောလင်းကလည်း ပက်တီမျက်နှာပျက်သွားတာကို သတိထားမိတယ်။

"အိုကေ။ အိုကေ။ စိတ်အေးအေးထားပြီး ဆွေးနွေးကြရင် ပိုကောင်းမယ်ထင်တယ်"..စုံထောက်ကောလင်းက ပြောတယ်။ "ဘာလို့လဲဆိုတော့ ဒီအမှုက ပေါ့သေးသေး အမှုမျိုးမဟုတ်ဘူး။ အချိန်ယူပြီး ဖြေရှင်းဖို့လိုတယ်။ မစ္စဒေး..အခု ခင်ဗျားရဲ့သား ဘာန်ဒေးကို စွဲချက်တင်ထားတဲ့ အမှုက တော်တော်လေးကြီးတယ်။ စိတ်ပူစရာလည်း ဖြစ်နေတယ်။ အခုအချိန်မှာတင် ခင်ဗျားသားကို မဖွယ်မရာမှုနဲ့ စွပ်စွဲထားတဲ့ ကလေးမလေး ၄ ယောက် ရှိနေပြီ။ ဘာန်ဒေးက သူတို့ကို ဟိုကိုင် ဒီကိုင် လုပ်တယ်လို့ ထွက်ဆိုထားတယ်။ ဒါ့အပြင် လယ်ကွင်းတစ်ခုထဲကိုသူတို့ကို

ခေါ်သွားပြီး နတ်ဆိုးကိုပူဇော်ပသတဲ့ .. 'အပြုအမူ'တွေ လုပ်ခိုင်းတယ်လို့လည်း တိုင်ထားကြတယ်" .. နတ်ဆိုးကိုပူဇော်ပသတဲ့ အပြုအမူတွေတဲ့။ အဲဒီစကားလုံးကို ကောလင်းက သူကိုယ်တိုင်ပဲ ကျွမ်းကျင်နားလည်နေတဲ့ စကားလုံးလိုလို လေသံနဲ့ လုပ်ပြီး ပြောတာ ပက်တီ သတိထားမိတယ်။ ကားအကြောင်း နားမလည်တဲ့သူတွေ ကားပျက်သွားတဲ့အခါ ဝပ်ရှော့ဆရာပြောတဲ့ လေသံနဲ့ 'ကာဘရိုင်တာပျက်သွားတာ လေ' ဆိုပြီး ပြောတတ်သလိုမျိုး။

"ကလေးတွေကို ဘယ်ခေါ်သွားမှာလဲ။ ဘန့်မှာ ကားတောင်မရှိဘူး" .. ပက်တီ့လေသံက ကြားရတယ်ဆိုရုံ တိုးတိုးလေး ဖြစ်နေတယ်။

"ခင်ဗျားရဲ့သားက ၁၅ နှစ်။ တိုင်တဲ့ ကလေးမလေးတွေက ၁၁ နှစ် အသက်အရမ်းမကွာဘူး..၄ နှစ်လောက်ပဲ ကွာတယ်ဆိုပေမယ့် အဲဒီ ကွာဟနေတဲ့ အသက် ၄ နှစ်က အင်မတန် အရေးကြီးတဲ့ ၄ နှစ်ဖြစ်နေတယ်" ..ကောလင်းက ဆက်ပြောတယ်။ "အခုစွပ်စွဲချက်တွေသာ မှန်တယ်ဆိုရင် ဘန်ဒေးဟာ သက်ငယ် မုဒိမ်းမှု ကျူးလွန်သူအဖြစ် အရေးယူခံရမယ်။ ပြီးတော့.. ပွင့်ပွင့်လင်းလင်းပြော ရင် ခင်ဗျားရဲ့ သမီးတွေနဲ့လည်း ကျွန်တော်တို့ စကားပြောကြည့်ဖို့လိုတယ်"

"ဘန်က လူကောင်းပါ" ..ပက်တီ ပြောလိုက်တယ်။ သူ့အသံထဲမှာ ခွန် အား တစ်စက်မှ မကျန်တော့ဘဲ ချည့်နဲ့နေတယ်။ "လူတိုင်းက ဘန့်ကိုသဘောကျ ကြပါတယ်.."

"ကျောင်းမှာရော ဘန်က ဘယ်လိုနေလဲ" ..ကောလင်းကမေးတယ်။

"ရှင်.."

"ကျောင်းမှာဘန်က အပေါင်းအသင်းရှိသလား။ လူချစ်လူခင်ပေါသလား"

"ဘန့်မှာ သူငယ်ချင်းတွေအများကြီးပါ.." ပက်တီ မပွင့်တပွင့်ဖြေလိုက် တယ်။

"ကျွန်တော့်အထင်တော့ ဘန်ဒေးက အပေါင်းအသင်းများများစားစား မရှိ ဘူး။ အမြဲလိုလို တစ်ယောက်တည်းပဲ နေတတ်တဲ့ကောင်လေးလို့ပဲ ကျွန်တော် နားလည်ထားတယ်"

"အဲဒီတော့ ဘာဖြစ်လဲ" .. ဒိုင်ယန်းက စိတ်တိုတိုနဲ့ပြောတယ်။

"ဘာမှမဖြစ်ပါဘူး။ မစ်စ်.."

"ဒိုင်ယန်း၊ မစ်စ်ဒိုင်ယန်း"

"အပေါင်းအသင်းရှိတာ၊ မရှိတာ သူ့ချည်းပဲဆိုရင် ဘာမှမဖြစ်ပါဘူး

မစ်စ်ဒိုင်ယန်း။ ဒါပေမယ့် ဘန့်က အဖေနဲ့လည်း ဝေးနေတယ် မဟုတ်လား။ ဒီလို ကလေးမျိုးဟာ မကောင်းတဲ့ဘက်ကို ရောက်သွားဖို့ အင်မတန်လွယ်တယ်ဗျ။ ဆိုး ဆိုးသွမ်းသွမ်း အသင်းအဖွဲ့တွေ ဆွယ်တဲ့နောက်ကို အလွယ်တကူပါသွားတတ်တယ်။ မူးယစ်ဆေး၊ အရက် စသဖြင့် ဒါတွေနဲ့ ထိတွေ့သွားဖို့ ပိုလွယ်တယ်"

"အဲဒီလို ပျက်စီးနေတဲ့ကလေးတွေနဲ့ ဘန်နဲ့ အပေါင်းအသင်းမရှိပါဘူး။ ရှင်အဲဒါကို စိတ်ပူနေတယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး"..ပက်တီကပြောတယ်။

"အိုကေ၊ ဒါဆို ကျွန်တော်တစ်ခုမေးမယ်။ စိတ်မရှိနဲ့။ ဘန်နဲ့ အခုပေါင်း နေတဲ့ လူငယ်တွေထဲက တစ်ယောက်ရဲ့ နာမည် ကျွန်တော့်ကိုပြောပြ"

ပက်တီ ဘာမှပြန်မပြောနိုင်ဘူး။ လျှာဖျားက အာခေါင်မှာ တက်ကပ်နေ တယ်။ လက်တွေကို စားပွဲပေါ်မှာ မလှုပ်မယှက်တင်ထားတယ်။ အခုတော့ နောက် ဆုံးတော့ ပက်တီဒေးဟာ ဘယ်လို မိန်းမမျိုးလဲဆိုတာ အကုန်သိကုန်ပြီပေါ့။ ဘယ် အရာကိုမှ တည်ငြိမ်အောင် မထိန်းနိုင်တဲ့ မိန်းမ။ ငတ်တစ်လှည့် ပြတ်တစ်လှည့်နဲ့ နေ့စဉ်တိုင်းကို ဖြတ်သန်းနေရတဲ့ မိန်းမ။ ရသမျှနေရာက ပိုက်ဆံတွေ လိုက်ချေး၊ ကြွေးပူတစ်သိန်းနဲ့ ညတိုင်း အိပ်ရေးပျက်နေတဲ့ မိန်းမ..။ ဘန့်ကို ထိန်းသိမ်းစောင့် ရှောက်ပေးရမယ့် အချိန်မှာ သောကတွေကြား ဗျာများပြီး ကိုယ့်သားကိုယ် မသိ ကျိုးကျွန် ပြုထားခဲ့တဲ့ မိန်းမ..။ ကိုယ့်သား အလေလိုက်နေတာကို စိတ်ပူရမယ့်အစား *အခန်းတံခါးပိတ်နေတာ နားတောင်အေးသေးတယ်၊ ကလေးတစ်ယောက်စာ ထိန်းရ သက်သာသွားတာပေါ့* ဆိုပြီး တိတ်တခိုးသက်ပြင်းချခဲ့မိတဲ့ မိန်းမ။

"ခင်ဗျားနဲ့ ခင်ဗျားသားကြားမှာ ဆက်ဆံရေး ကွာဟနေတာတွေ တော် တော် များပုံပဲ"..ကောလင်းက သက်ပြင်းချရင်းပြောတယ်။

"ဘာမှ ဆက်မဖြစ်ခင်မှာ ကျွန်မတို့ ရှေ့နေအရင်ခေါ်မယ်"..ဒိုင်ယန်းက ဝင်ပြောတယ်။

"မစ္စပက်တီ.. ကျွန်တော် အမှန်အတိုင်း ပြောမယ်ဗျာ"..ကောလင်းက ဒိုင်ယန်းကို လှည့်တောင်မကြည့်ဘဲ ပက်တီ့ကိုပဲကြည့်ပြီး ပြောတယ်။ "ကျွန်တော် သာ ခင်ဗျားနေရာမှာဆိုရင်.. အခု ခင်ဗျားမှာ သမီးလေး သုံးယောက်လည်းရှိနေ တယ်။ ဒီတော့ ဘန်ဒေးမှာ အပြစ်ရှိသလား မရှိဘူးလား၊ သူဘယ်လိုလူမျိုးလဲဆိုတာ သိချင်မှာပဲ။ တကယ်လို့.. ဘန့်မှာသာ တကယ် အပြစ်ရှိတယ်ဆိုရင် ခင်ဗျားရဲ့ သမီးတွေလည်း ဘန့်လက်ချက်နဲ့ ကင်းမှာမဟုတ်ဘူး။ သူ့ရဲ့ ပထမဆုံးသားကောင် တွေ..လို့တောင် ပြောလို့ရတယ်"

ဘေးခုံမှာထိုင်ပြီး ဒိုးနပ်ပေါ်က ဂျယ်လီကို လျှာနဲ့ အားရပါးရ လျက်နေတဲ့ လစ်ဘီ့ကို ပက်တီ လှမ်းကြည့်မိတယ်။ လစ်ဘီက ဘန့်ကို သိပ်ချစ်တာ။ အရင် တုန်းကဆို ဘန့်နားမှာ အမြဲ တပူးပူးတကပ်ကပ်နဲ့။ ကလေးတွေကို အိမ်အလုပ်တွေ ခွဲပြီး ခိုင်းထားတော့ ဘန်နဲ့ သူ့ညီမတွေ လယ်ကွင်းထဲသွားရင် ပက်တီ လိုက်မသွား ဖြစ်ဘူး။ မောင်နှမ ၄ ယောက် အိမ်ပြန်လာရင် အားလုံးရဲ့မျက်နှာတွေက ပင်ပန်း နုပုပ်လို့။ ဒါပေမယ့်.. အဲဒါ ဘာဖြစ်လဲ။ ကလေးတွေပဲ.. ပင်ပန်းရင် မျက်နှာမဲ့ မှာပေါ့။ ငိုချင်မှာပေါ့။ စုံထောက်ကောလင်း ဆိုတဲ့လူရဲ့ မျက်နှာကို ကော်ဖီပုံး ကောက်ပက်ချင်လာတယ်။

"ပွင့်ပွင့်လင်းလင်း ပြောမယ်ဗျာ"..ကောလင်းက ဆက်ပြောပြန်တယ်။ "အမေတစ်ယောက်အနေနဲ့ ဒီလို သတင်းမျိုးကြားရတာ ဘယ်လောက်ထိ ခံရခက် မလဲဆိုတာ ကျွန်တော် တွေးတောင်မတွေးရဲဘူး။ ဒါပေမယ့် ခင်ဗျားကို ကျွန်တော် တစ်ခု ပြောပြမယ်။ ဒါ..ကျွန်တော့်စကား မဟုတ်ဘူးနော်..စိတ်ကျန်းမာရေးဆရာဝန် ကိုယ်တိုင်က ပြောလိုက်တာနော်။ အဲဒီကလေးတွေနဲ့ အင်တာဗျူးလုပ်နေတဲ့ ဆရာ ဝန်နော်။ သူပြောတာကို ကျွန်တော် ပြန်ပြောပြတာ။ ကလေးတွေက သူတို့အရွယ်နဲ့ ဘယ်လိုမှ သိဖို့ မဖြစ်နိုင်တဲ့ လိင်ကိစ္စတွေကို သိနေတယ်။ တကယ်မဖြစ်ခဲ့ဘဲ ဘန်ကသူတို့ကို တကယ်မလုပ်ခဲ့ဘဲ သူတို့ ဒီကိစ္စတွေကို ဘယ်လိုသိနေကြသလဲ။ ဆရာဝန်ကပြောတယ်..ကလေးတွေပြောစကားအရဆိုရင် ဒီလိုအမှုမျိုးမှာဒီလိုအပြော တွေ အမြဲကြားရတယ်တဲ့။ တစ်ပုံစံတည်းပဲတဲ့။ *မက်မာတင် မူလတန်းကျောင်း* အမှုကို ခင်ဗျားကြားမိမှာပေါ့"

ပက်တီ နည်းနည်းတော့ မှတ်မိတယ်။ ကယ်လီဖိုးနီးယားမှာရှိတဲ့မူလတန်း ကျောင်း တစ်ကျောင်းမှာပဲ။ ကျောင်းဆရာတွေ ဆရာမတွေအကုန်လုံး စေတန် ကိုး ကွယ်မှု၊ ကလေးတွေကို အကြမ်းဖက်မှုတွေနဲ့ တရားစွဲခံထားရတယ်။ ညနေခင်း သတင်းမှာ တက်လာတဲ့ သတင်းခေါင်းကြီးကိုတော့ ပက်တီကောင်းကောင်းမှတ်မိ နေတယ်။ 'ငရဲပြည်မှ နေ့ကလေးထိန်းကျောင်း' တဲ့။

"စေတန်ကိုးကွယ်တဲ့ အမှုတွေက ထင်သလောက် မနည်းဘူးဗျ။ တော ရွာမြို့ပါမကျန် ပျံ့နေတဲ့သဘောပဲ။ အဲဒီ နတ်ဆိုးကိုးကွယ်တဲ့ အဖွဲ့တွေက ဘန် တို့လို လူငယ်တွေကို အဓိကပစ်မှတ်ထားပြီး သိမ်းသွင်းတတ်တယ်။ ပြီးတော့ နတ်ဆိုးကို ယဇ်ပူဇော်တဲ့အခါ ..အစီအမံထဲမှာ ကလေးတွေကို ဒီလို မဖွယ်မရာတွေ လုပ်ရတာတွေလည်း ပါနေတယ်.."

"ရှင့်မှာ ဘာသက်သေရှိလို့လဲ" ..ဒိုင်ယန်းက ကောလင်းကို အော်တယ်။ "အဲဒီ ကလေးတွေ ပြောတာကလွဲရင် ဘာသက်သေခိုင်ခိုင်မာမာ ရှိသလဲ။ ရှင့်မှာ သားသမီး မရှိဘူးလား။ အဲဒီအရွယ်ကလေးတွေ ဘယ်လောက် စိတ်ကူးယဉ်တတ်သလဲ ရှင်မသိဘူးလား။ သူတို့စိတ်ထဲ ထင်ရာမြင်ရာတွေ လျှောက်ပြောနေတာရော မဖြစ်နိုင်ဘူးလား။ ဟို ဆရာဝန်ပေါက်စလိုလို ဘာလိုလိုကောင် ပြောတာတွေကို အထင်ကြီးပြီး ယုံနေတာနဲ့ ပြီးသွားရောလား"

"သက်သေဆိုလို့.. ကလေးတွေ ပြောပုံအရတော့ ဘန်က သူတို့ရဲ့အတွင်းခံတွေကို ယူသွားတယ်တဲ့" ..ကောလင်းက ပက်တီကို ကြည့်ပြီးပြောတယ်။ "ဘန့်အခန်းထဲကိုဝင်ရှာခွင့်ပေးမယ်ဆိုရင် အဲဒီစွပ်စွဲချက်ဟုတ်,မဟုတ်ရှင်းသွားတာပေါ့"

"ဟဲ့..ငါတို့ ရှေ့နေ အရင်ငှားရမှာနော်။ ဘာမှ သဘောမတူလိုက်နဲ့" .. ဒိုင်ယန်းက ပက်တီကို သတိပေးတယ်။

ကောလင်းက ကော်ဖီကို အကုန်ကျိုက်ချလိုက်တယ်။ အေ့ခနဲ လေတက်တယ်။ ရင်ဘတ်ကို လက်သီးနဲ့ထုတယ်။ ဟိုဘက်မှာ ထိုင်နေတဲ့ လစ်ဘီဒေးကို စိတ်မကောင်းတဲ့မျက်လုံးနဲ့ လှမ်းကြည့်တယ်။ ကောလင်းရဲ့ နှာခေါင်းက အရက်သမား နှာခေါင်းလို နီရဲနေတယ်။

"အခုလောလောဆယ်တော့ ကျွန်တော်တို့အားလုံး စိတ်အေးအေးထားဖို့လိုတယ်ဗျ။ အမှုနဲ့ သက်ဆိုင်တဲ့သူတွေအကုန်လုံးကို ကျွန်တော်တို့ဘက်က လိုက်မေးမယ်" ..ကောလင်းက ဒိုင်ယန်းကို အဖက်မလုပ်သေးဘဲ ပက်တီကိုပဲကြည့်ပြီး ဆက်ပြောတယ်။ "ဘန်ဒေးရဲ့ ကျောင်းက ဆရာ၊ ဆရာမတချို့နဲ့ ကျွန်တော်တို့ စကားပြောကြည့်ပြီးပြီ။ ကြားရတဲ့သတင်းတွေက ကောင်းတော့ မကောင်းဘူးဗျ။ ဘန့်ရဲ့ ဆရာမ မစ်စ်ဒ့ါခ်ဆဲလ်ဗားကို ခင်ဗျားသိလား"

ပက်တီ ခေါင်းညိတ်လိုက်တယ်။ မစ်စ်ဒ့ါခ်ဆဲလ်ဗားကဘန့်ကိုသိပ်ချစ်တဲ့ ဆရာမလေ။

"ဒီနေ့မနက်ကပဲ မစ်စ်ဒ့ါခ်ဆဲလ်ဗားက ခင်ဗျားရဲ့ သား ဘန်ဒေး ခရစ်ဆီကိတ်ရဲ့ ပစ္စည်းတွေထားတဲ့ ပုံးရှေ့မှာ ရစ်သီရစ်သီလုပ်နေတာကို တွေ့လိုက်တယ်တဲ့။ ဘန်ဒေးက ခရစ္စမတ်ကျောင်းပိတ်ရက်ကြီးကို အလယ်တန်းဆောင်ဘက်မှာ၊ ခရစ်ဆီ ပစ္စည်းသိမ်းတဲ့ ပုံးရှေ့မှာ ဘာလို့ ရောက်နေတာလဲ။ အဲဒါတစ်ခုတော့ ကျွန်တော့်စိတ်ထဲ တော်တော်လေး မသင်္ကာဖြစ်မိတယ်..ပြီးတော့" ..စုံထောက်ကောလင်းက ပက်တီကို သူ့မျက်လုံးထောင့်စွန်းကနေ လှမ်းကြည့်တယ်။ "ပြီးတော့ မစ်စ်ဒ့ါခ်

ဆဲလ်ဗား ပြောပုံအရဆို ဘန်ဒေးက မူမမှန်ဘူး။ လိင်စိတ်နိုးကြွနေတဲ့ ပုံစံဖြစ်နေတယ်တဲ့''

''ဘာစကားလဲ အဲဒါက''··ဒိုင်ယန်းက ဝင်မေးတယ်။

''ဘန့်ရဲ့ ယောက်ျားတန်ဆာက မာနေတယ်တဲ့။ ဘောင်းဘီထဲကနေပြီး ဖောင်းထွက်နေတာကို မစ်စ်ဒါ့ခ်ဆဲလ်ဗားက မြင်လိုက်တယ်။ ဒါ့အပြင် ခရစ်ဆီရဲ့ ပုံးထဲမှာ ဘန်ထားခဲ့တဲ့ ဘန့်နာမည်ရေးထားတဲ့ စာတစ်စောင်ကိုလည်း တွေ့တယ်။ ပြီးတော့ ကျောင်းက တခြားလူတွေကို အင်တာဗျူးကြည့်တော့လည်း ဘန်ဒေးဟာ အပယ်ခံ၊ တစ်သီးတစ်သန့်နေတတ်တဲ့သူ၊ ဘယ်သူနဲ့မှအံမဝင်တဲ့သူ၊ ကြောင်တောင်တောင် ကောင်လေးလို့ တညီတညာတည်း ဖြေကြတယ်ဗျ။ ချိန်ကိုက်ဗုံးလို ဘယ်တော့ထပေါက်မလဲ အားလုံးက လန့်နေကြတာ။ တချို့ဆရာ၊ ဆရာမတွေဆိုဘန့်ကို ကြောက်နေကြတယ်''

''ကြောက်နေတယ်·· ဟုတ်လား''··ပက်တီ မေးလိုက်တယ်။ ''ဘာကို ကြောက်နေတာလဲ။ ၁၅ နှစ်အရွယ် ကျောင်းသားလေးကို ဘာကြောက်စရာများ ရှိလို့လဲ''

''ဘန်ဒေးရဲ့ ကျောင်းက ပစ္စည်းသိမ်းတဲ့ လော်ကာထဲမှာ ဘာတွေတွေ့သလဲ ခင်ဗျား မသိသေးလို့··· အဲဒီစကားပြောရဲတာ''

···

ဘန့်လော်ကာထဲမှာ တွေ့တဲ့ ပစ္စည်းတဲ့။ ဘာပစ္စည်းလဲ။ မူးယစ်ဆေးတွေလား။ ဝတ်လစ်စားလစ် မဂ္ဂဇင်းတွေလား၊ ဖြောက်အိုးတွေလား··။ ဒီလိုပြဿနာမျိုး ဆိုရင်တော့ ပက်တီ ဖြေရှင်းချင်ပါတယ်။ အဲဒီလို ပစ္စည်းတွေ တွေ့တာဖြစ်ပါစေ။

*ဘန့်လော်ကာထဲက ထွက်လာတဲ့ ပစ္စည်းက တော်တော်ချောက်ချားစရာကောင်းတယ်နော် မစ္စဒေး။ ခင်ဗျား စိတ်ခိုင်ခိုင်ထားနော်··* ကောလင်းပြောနေတာကို နားထောင်ရင်း ပက်တီတွေးမိတာက ဘန့်လော်ကာထဲမှာ သေနတ်တွေဘာတွေများ ဖွက်ထားတာလား။ ဘန်က သေနတ်တွေကို တော်တော်သဘောကျတယ်။ သေနတ်တွေကို စွဲလမ်းတဲ့ အရွယ်ရောက်လာပြီလို့ ပြောရမလား။ လေယာဉ်တွေကို အရူးအမူး သဘောကျခဲ့တဲ့ အရွယ်ရှိသလို ထရပ်ကားအရုပ်တွေကို အသည်းအသန်ကြိုက်ခဲ့တဲ့ အရွယ်လည်း ရှိခဲ့တယ်လေ။ ဘန့်ကို သေနတ်ပစ်တတ်အောင် ပက်တီကိုယ်တိုင်ပဲ သင်ပေးခဲ့တာ။ သားအမိနှစ်ယောက် အတူတူ အမဲလိုက်ခဲ့တာ။ ကျောင်းက ကလေးတွေကို ကြွားဖို့ အိမ်ကသေနတ်ကို ယူသွားတာလား။ *ကို့လ်တ်ပိစ်မိတ်ကာ*

သေနတ်လေ။ ဘန့်အကြိုက်ဆုံးသေနတ်။ ပက်တီခွင့်ပြုချက်မရဘဲ သေနတ်ထားတဲ့ သေတ္တာကို မဖွင့်နဲ့လို့ မှာထားတာပဲ။ ဒါပေမယ့် ဒီလိုပဲ ခိုးယူသွားတာနေမှာပေါ့။ သေနတ်ပဲဖြစ်ပါစေ။

ကောလင်းက လည်ချောင်းရှင်းရင်း ချောင်းတစ်ချက်ဟန့်တယ်။ စကားကို တစ်လုံးချင်းပြောတယ်။ "ဘန်ဒေးရဲ့ လော်ကာထဲမှာ ကိုယ်တွင်း ကလီစာ အစအနတွေ တွေ့တယ်။ စစချင်းတော့ မွေးကင်းစကလေးတစ်ယောက်ရဲ့ ကလီစာတွေများလားလို့ ကျွန်တော်တို့ ထင်သွားတာ။ ဒါပေမယ့် တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ ကလီစာတွေပါ။ ခွေးလားကြောင်လား တစ်ခုခုရဲ့ သားအိမ်လို နေရာမျိုးပဲ။ အိမ်မှာ ခွေးတွေ ကြောင်တွေ ပျောက်နေတာရှိသလားဗျ"

မွေးကင်းစကလေးရဲ့ ကလီစာတွေ..လို့ ထင်မိတယ်တဲ့။ အဲဒီလို ထင်မိတာကိုက တစ်ခုခု မှားနေပြီ။ ဘန့်ကို တကယ့်မကောင်းဆိုးဝါးလို့ ထင်နေကြတာကို သက်သေပြလိုက်တာပဲ။ အဲဒီအချိန်မှာ ပက်တီ သေသေချာချာ သိလိုက်တယ်။ လူတွေအားလုံးက ဘန့်ကို အပြစ်ရှိသူလို့ သေချာပေါက် သတ်မှတ်လိုက်ကြပြီ။ ဘန်ထောင်ကျတော့မှာ။ လွတ်လမ်း မရှိတော့ပါဘူး။

"ဟင့်အင်း ပျောက်နေတာ မရှိပါဘူး"

"ကျွန်မတို့ မိသားစုက မုဆိုးမိသားစုတွေ။ လယ်လုပ်တယ်။ အမဲလိုက်တယ်"..ဒိုင်ယန်းက ဝင်ပြောတယ်။ "လယ်ကွင်းထဲမှာလည်း တိရစ္ဆာန်တွေအများကြီးပဲ။ အဲဒီတော့ အကောင်ပလောင် တစ်ကောင်ကောင်ရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်း တစ်ခုခု ဘန့်ဆီပါသွားတာ ဖြစ်နိုင်တာပဲ"

"ဟုတ်လား။ ခင်ဗျားအိမ်မှာရော အဲဒီလို ကလီစာတွေ၊ သားအိမ်တွေကို အပုပ်ခံပြီး သိမ်းထားသလားဗျ"..ကောလင်းက ဒိုင်ယန်းကိုပထမဆုံးအကြိမ်အဖြစ် စေ့စေ့ကြည့်ပြီး ပြန်မေးတယ်။

"ဘာဖြစ်လို့လဲ။ သိမ်းမထားရဘူးလို့ ဥပဒေရှိသလား"..ဒိုင်ယန်းက ပြန်အော်တယ်။

"မစ္စဒေး။ စေတန် ကိုးကွယ်သူတွေ လုပ်လေ့ရှိတဲ့ ထုံးစံတစ်ခုက အဲဒီလို သတ္တဝါတစ်ကောင်ကောင်ကို သတ်ပြီး ယဇ်ပူဇော်တာပဲ"..ကောလင်းကဆက်ပြောတယ်။ "ဟိုတလောတုန်းက လော်ရန့်စ်ဘက်မှာ နွားတွေကို ခုတ်ထစ်သတ်ဖြတ်သွားတဲ့သတင်း ခင်ဗျား ကြားမိမှာပေါ့။ အဲဒီကိစ္စနဲ့ အခုကလေးမလေးတွေကိစ္စနဲ့ နွယ်နေတယ်လို့ ကျွန်တော်တို့ကတော့ ယူဆတယ်"

ပက်တီ့မျက်နှာ အေးခဲသွားတယ်။ သွားပါပြီ . . ။ လွတ်လမ်းမရှိတော့ပါဘူး။

"ကျွန်မ ဘာလုပ်ပေးရမှာလဲဟင်" . . ပက်တီ မေးလိုက်တယ်။

"ဒီလိုလုပ်။ ကျွန်တော် ခင်ဗျားအိမ်ကို လိုက်ခဲ့မယ်။ ခင်ဗျားရဲ့ သားနဲ့ ကျွန်တော် စကားပြောချင်တယ်။ အိုကေလား" . . ကောလင်းရဲ့ လေသံက ကလေး တစ်ယောက်ကို ချော့မြှူနေတဲ့ လေသံလိုမျိုး ညင်သာနေတယ်။ ဒိုင်ယန်းကပက်တီ့ လက်ကို မြဲမြဲဆွဲဆုပ်လိုက်တယ်။

"ဘန် အိမ်မှာ မရှိဘူး။ သူ့ကို ကျွန်မတို့ လိုက်ရှာနေတာ"

"ဘန်ဒေးနဲ့ ကျွန်တော်တို့ တွေ့ကိုတွေ့မှဖြစ်မယ် မစ္စဒေး။ ဘန့်ကိုဘယ် နေရာမှာ ရှာလို့ရမယ်ထင်သလဲ"

"ကျွန်မတို့လည်း သူ့ကို လိုက်ရှာနေတယ်လို့ ပြောနေတယ်လေ။ ဘန် ဘယ်မှာလဲ ဘယ်လိုလုပ်သိမှာလဲ" . . ဒိုင်ယန်းက ဝင်ပြောတယ်။

"ဘန့်ကို ဖမ်းမလို့လားဟင်" . . ပက်တီက မေးတယ်။

"ဘန်နဲ့တွေ့ပြီး စကားမပြောရမချင်း ဘာမှဆက်လုပ်လို့ မရသေးဘူးဗျ။ အဲဒါကြောင့်မို့ သူနဲ့တွေ့ဖို့ အရေးကြီးတယ်လို့ ပြောတာပေါ့။ ဒါမှ အကုန်ရှင်း သွားမှာ"

"ဖမ်းမလား၊ မဖမ်းဘူးလား အဖြေပဲပေးပါ" . . ဒိုင်ယန်းကမေးတယ်။

"ကျွန်တော့်မှာ အဲဒီအဖြေ မရှိဘူး။ ဆောရီး"

"ဒါဆို ဖမ်းမယ်ဆိုတဲ့ သဘောပဲပေါ့" . . ဒိုင်ယန်းက ပြောရင်း မျက်လုံး အောက်စိုက်ကျသွားတယ်။

ကောလင်းက ထိုင်နေရာက ထပြီး လစ်ဘီ့ဆီကို လျှောက်သွားတယ်။ လစ်ဘီ့ရှေ့မှာ ဒူးထောက်ထိုင်လိုက်တယ်။ *ဟိုင်း . . ဆွီတီ* . . ဆိုပြီး လစ်ဘီ့ကို ချော့ တယ်။

ဒိုင်ယန်းက ကောလင်းရဲ့ လက်ကို လှမ်းဆွဲတယ်။ "ဘာမှ ဒီကလေးနဲ့ ရှင် စကားပြောစရာမလိုဘူး"

ကောလင်းက မျက်မှောင်ကြုတ်တယ်။ "ဘာဖြစ်လို့လဲဗျ။ ကျွန်တော်က ကူညီချင်ရုံ သက်သက်ပဲ။ လစ်ဘီ့ကိုရော ဘန်က ဘာလုပ်ထားသလဲ ခင်ဗျားမသိ ချင်ဘူးလား"

"လစ်ဘီ ဘာမှမဖြစ်ဘူး။ ကျွန်မတို့ သိပြီးသား"

"ဒါဆိုရင် လစ်ဘီကိုယ်တိုင် ကျွန်တော့်ကို ပြောပါစေပေါ့။ ဒါမှမဟုတ်

ကလေးသူငယ်စောင့်ရှောက်··"

"အို··တော်စမ်းပါ"··ဒိုင်ယန်းက ပြောပြီး ကောလင်းနဲ့လစ်ဘီကြားမှာ ဝင်ရပ်လိုက်တယ်။ ပက်တီကတော့ ထိုင်နေရာက မထဘဲ ငူငူငေါင်ငေါင် ဖြစ်နေတယ်။ ကောလင်းနဲ့ ဒိုင်ယန်း ကတောက်ကဆတ် ဆက်ပြောနေတာကို နားထဲမှာ ကြားနေရပေမယ့် ပက်တီ့အာရုံက အဲဒီမှာ မရှိဘူး။ ကောင်တာနောက်မှာ ကော်ဖီဖျော်နေတဲ့ အမျိုးသမီးဆီကို အာရုံကို ခဏပို့ထားလိုက်တယ်။ စိတ်တွေငြိမ်သွားအောင် အာရုံကိုလွှဲကြည့်တယ်။ တစ်စက္ကန့်လောက်ပဲ အလုပ်ဖြစ်တယ်။ ဒိုင်ယန်းက ပက်တီနဲ့ လစ်ဘီ့လက်ကို တစ်ဘက်တစ်ချက်စီဆွဲပြီး ဆိုင်ထဲကနေ ခေါ်ထုတ်သွားတယ်။

...

ကားပေါ်ရောက်တော့ ပက်တီ နောက်တစ်ခါ ထပ်ငိုချင်နေသေးပေမယ့် ဒိုင်ယန်း အိမ်ပြန်သွားတော့မှပဲ ငိုတော့မယ်ဆိုပြီး စိတ်ကို တင်းထားလိုက်တယ်။ ဒိုင်ယန်းက ပက်တီ့ကို အာရုံပြောင်းအောင်ဆိုပြီး ကားမောင်းနိုင်းထားတယ်။ သိပ်တော့ အဆင်မပြေပါဘူး။ ဂီယာထိုးဖို့ မေ့မေ့နေလို့ ဒိုင်ယန်းက ဘေးကနေတစ်လမ်းလုံး သတိပေးလာရတယ်။ *နံပါတ်သုံးထိုးလိုက်တော့လေ ပက်တီ။ နံပါတ်နှစ်ပြန်ချလိုက်ပါလား ပက်တီ··။* လစ်ဘီက နောက်ခုံမှာ ထိုင်နေရင်း ဒူးခေါင်းနှစ်ဖက်မေးစေ့နဲ့ထိတဲ့အထိ ကိုယ်ကိုကွေးထားရင်း ဘာမှမပြောဘဲ ထိုင်လိုက်လာတယ်။

"အမေ··သမီးတို့ ကံဆိုးတော့မှာလားဟင်"··နောက်ဆုံးမှာလစ်ဘီ့ဆီက စကားသံ ထွက်လာတယ်။

"မဆိုးပါဘူး သမီးရဲ့"

"တစ်ခုခုဖြစ်တော့မယ် ထင်တယ်နော်။ သမီး ကြောက်တယ်"

ပက်တီ့စိတ်ထဲမှာ လန့်ခနဲ ဖြစ်သွားတယ်။ *ငါ··ဘာလို့များ ဒီ ၇ နှစ်သမီးလေးကို ဒီလိုနေ့မျိုးမှာ အပြင်ကို ခေါ်ထုတ်လာရတာလဲ။* ပက်တီ့အမေသာဆို ပက်တီ့ကို ဒီလို နေရာမျိုးတွေကို ခေါ်သွားမှာ မဟုတ်ဘူး။ ဒါပေမယ့် ပက်တီ့အမေသာဆိုရင် ဘန့်ကို သေချာ ထိန်းသိမ်းသွန်သင်နိုင်မှာလေ။ ဒီလိုနေ့မျိုး၊ ဒီလိုအဖြစ်မျိုး ကြုံစရာအကြောင်း မရှိဘူးလေ။

အခု ပက်တီ အရမ်း အိမ်ပြန်ချင်နေပြီ။ ချောင်တစ်ချောင်မှာ ဝင်ပြီးပုန်းနေချင်ပြီ။ ပက်တီ စိတ်ကူးထားတာက အိမ်ကိုအရင် ပြန်မယ်။ ဘန်ပြန်လာတာကို ထိုင်စောင့်မယ်။ ပြီးရင် ဒိုင်ယန်းက အပြင်ပြန်ထွက်ပြီး ကောလာဟလတွေ ဘယ်

အခြေအနေရောက်နေသလဲ လေ့လာမယ်။ ဘယ်သူတွေက ဘာတွေပြောနေကြသလဲ၊ အခု ဘန်နဲ့ပေါင်းနေတဲ့ သူတွေက ဘယ်သူတွေလဲ..ဒါတွေကို စုံစမ်းမယ်။

အိမ်ပြန်ရောက်တော့ အိမ်ရှေ့မှာ တခြားကားတစ်စီး ရောက်နေတာကိုတွေ့လိုက်ရတယ်။ ပြိုင်ကားလိုလို ဘာလိုလို..ခပ်စုတ်စုတ် ကားတစ်စီးပဲ။ ဗွက်အလူးလူးနဲ့။

"ဘယ်သူ့ကားလဲ"..ဒိုင်ယန်းကမေးတယ်။

"မသိဘူးလေ"..ပက်တီ စိတ်ပျက်လက်ပျက် ပြန်ဖြေလိုက်တယ်။ဘယ်သူပဲ ရောက်နေသည်ဖြစ်စေ ကောင်းသတင်းကြားရမှာတော့ မဟုတ်ဘူး။

အိမ်ရှေ့တံခါးကို ဖွင့်လိုက်တော့ အပူပေးစက်လွှတ်ထားတဲ့ အိမ်ထဲကနေ အပူငွေ့တွေ ဟူးခနဲ ထွက်လာတယ်။ ပထမဆုံးတွေ့တာက မီးဖိုချောင်စားပွဲပေါ်မှာ တင်ထားတဲ့ ဖောက်ပြီးသား ကွေကာအုတ်အထုပ်ကြီးတစ်ထုပ်။ ကွေကာနံ့က တစ်ခန်းလုံး သင်းနေတယ်။ ချဲဟက်သံတစ်ဝက်ပါတဲ့ ရယ်သံလိုလို ကြားလိုက်ရတယ်။ ဘယ်သူရောက်နေသလဲဆိုတာ ပက်တီ သိလိုက်ပြီ။ ဧည့်ခန်း ကြမ်းပြင်မှာ ထိုင်နေတဲ့ ရန်နာဒေး။ သူ့သမီးတွေက သူ့ကိုမှီပြီး ထိုင်နေတယ်။ သုံးယောက်သား ချောကလက်ဖျော်ရည် ပူပူကို သောက်နေကြတယ်။ တီဗွီမှာလာနေတဲ့ တီရှိုးအစီအစဉ်တစ်ခုကို ကြည့်နေကြတယ်။ ရေထဲကနေ မိကျောင်းကြီး ဘွားကနဲပေါ်လာတော့ ကလေးတွေက ကြောက်ပြီး အော်ကြတယ်။ သူတို့အဖေလက်ကို အားကိုးတကြီးနဲ့ လှမ်းဆွဲကြတယ်။ ပြီးမှ ရယ်ကြတယ်။

ရန်နာဒေးက ပက်တီတို့ ဝင်လာတော့ ပျင်းရိပျင်းတွဲနဲ့ မော့ကြည့်တယ်။

"ဟေး..ပက်တီ။ မတွေ့တာကြာပြီ"

"ငါတို့ဒီမှာမိသားစုပြဿနာတွေဖြစ်နေတယ်"..ဒိုင်ယန်းကပြောတယ်။ "နင့်အိမ်နင်ပြန်တော့"

ဟိုးတစ်ခါ ပက်တီ့ဆီကို ရန်နာ ပြန်လာပြီးနေတုန်းက ရန်နာနဲ့ ဒိုင်ယန်း သုံးလေးခါလောက် ရန်ဖြစ်ကြတယ်။ ဒိုင်ယန်းနဲ့ ရန်ဖြစ်ပြီးတိုင်း ရန်နာဒေးက ကားဂိုဒေါင်ထဲကိုသွားတယ်၊ အမှုးသောက်တယ်၊ နံရံကို ဘော့စ်ဘောဘောလုံးနဲ့ နာရီနဲ့ချီအောင် တဝုန်းဝုန်း ပစ်ပေါက်ပြီး ဆန္ဒပြနေတတ်တယ်။

"အစ်မ.. ရတယ်။ အစ်မ ပြန်နှင့်။ တစ်နာရီလောက်ကြာရင် ကျွန်မကို ဖုန်းဆက်။ ဘာအကြောင်းထူးသလဲ ပြောပြ"

ဒိုင်ယန်းက ရန်နာဒေးကို မျက်ထောင့်နီနဲ့ တစ်ချက်ကြည့်တယ်။ ပါးစပ်

ကနေ ပွစိပွစိ ပြောရင်း အိမ်အပြင်ကို ပြန်ထွက်သွားတယ်။ တံခါးကို ဆောင့်ပိတ်ခဲ့တယ်။

မီရှယ်က အပြင်ထွက်သွားတဲ့ သူ့အန်တီဒိုင်ယန်းနောက်ကို လှမ်းကြည့်ရင်း "ဟင် အန်တီက ဘာဖြစ်တာလဲ" ..ဆိုပြီးပြောတယ်။ သူ့အဖေဘက်ကိုပြန်လှည့်ပြီး လျှာထုတ်ပြတယ်။ မီရှယ်ဒေး.. သစ္စာဖောက်လေး။ ဖအေနားကို ကပ်နေလိုက်တာ။ ရန်နာ လက်နဲ့ ဖိပြီးပွတ်ထားပေးတဲ့အတွက် မီရှယ့်ဆံပင် ညိုညိုတွေက ထိုးထိုးထောင်ထောင်ဖြစ်နေတယ်။ ရန်နာဒေးက ကလေးတွေနဲ့ ဆက်ဆံရင် တော်တော့်ကို ကြမ်းတမ်းတယ်။ သမီးတွေကို ဆွဲဆိတ်ပြီဆိုရင်လည်း နာအောင် တမင်ဆိတ်တယ်။ တီဗွီကြည့်နေတုန်း ဘာမပြော ညာမပြောနဲ့ လက်မောင်းကို၊ ဖက်ပိုးကို ဖတ်ကနဲ ရိုက်တတ်တယ်။ အရိုက်ခံရတဲ့ ကလေးက မျက်ရည်ဝဲတဲတဲနဲ့ မော့ကြည့်လာတော့မှ 'ဟေး..နာသွားလား' 'အဖေက နောက်တာပါ။ စတာ ဟားဟား' ဆိုပြီး လျှော့ချတတ်တယ်။ ပြီးတော့ သူ့သမီးတွေနဲ့ အပြင်လမ်းလျှောက်ထွက်တဲ့ အခါတွေဆိုရင်လည်း ရှေ့ကနေ ဘယ်တော့မှ မလျှောက်ဘူး။ နောက် မလှမ်းမကမ်းကနေ ဝံပုလွေတစ်ကောင်လို၊ ခွေးအတစ်ကောင်လို စောင်းငန်းစောင်းငန်းနဲ့ လစ်တာနဲ့ လှမ်းခုန်အုပ်တော့မယ့် ပုံစံမျိုး။

"အဖေက သမီးတို့ကို မုန့်လုပ်ကျွေးနေတာ" ..ဒက်ဘီက လှမ်းပြောတယ်။ "ညစာလည်း ချက်ပေးဦးမှာတဲ့"

"အမေအပြင်သွားနေတုန်း ဘယ်သူမှ အိမ်ထဲ အဝင်မခံနဲ့လို့ ပြောထားတယ် မဟုတ်လား သမီး" ..ပက်တီက ပြောရင်း ကြမ်းပြင်မှာပြန့်ကျဲကျနေတဲ့ ကွေကာအုတ်အမှုန့်တွေကို အဝတ်နဲ့ သုတ်တယ်။

"အာ..အမေကလည်း အဖေပဲဟာကို" ..မီရှယ်က သူ့အဖေကို မှီရင်း စိတ်ပျက်လက်ပျက်လေသံနဲ့ ပြန်ပြောတယ်။

ရန်နာဒေး သေသွားရင် ကောင်းမှာပဲ။ တော်တော် အဆင်ပြေသွားမှာ။ သူ့ကလေးတွေနဲ့ သူနဲ့ ဘာမှ အဆက်အဆံ မရှိဘူး။ ဘာမှလည်း မကူညီဖူးဘူး။ သူသေသွားရင် ပိုတောင် အဆင်ပြေသွားမယ်။ ဘာမှ အရှုံးမရှိဘူး။ အခုတော့ မသေသေးဘဲ ဘယ်ကွင်းပြင်ထဲမှာ ဘယ်လိုသွားနေနေသလဲ မသိ။ စိတ်ကူးပေါက်တဲ့ အခါတိုင်း အိမ်ကိုရောက်ရောက်လာပြီး သူ့ကလေးတွေကို ဟို အမိန့်ပေး၊ ဒီအကြံပေးနဲ့။ ကလေးတွေကလည်း အဖေခိုင်းတာဆို လိုက်လုပ်ချင်ကြတယ်။

ရန်နာဒေးကို သူ့သားအကြောင်း ပြောပြလိုက်ချင်တယ်။ ဘန့်လော်ကာ

ထဲမှာ တွေ့တဲ့ ကလီစာတွေအကြောင်း ပြောပြလိုက်ရမလား။ သတ္တဝါတွေကိုသတ်ဖြတ်ပြီး ကလီစာတွေထုတ်ထားတဲ့ သူ့သားအကြောင်း စဉ်းစားလိုက်မိတာ ပက်တီခေါင်းမူးချင်သလိုလို ဖြစ်လာတယ်။ ဟိုကလေးမလေးတွေ ကိစ္စကတော့ မဖြစ်နိုင်ဘူးဆိုတာ ပက်တီ သိပါတယ်။ နားလည်မှုလွဲတာပါ။ ဒါပေမယ့် လော်ကာထဲမှာ ကလီစာတွေ သိမ်းထားတယ်ဆိုတဲ့ကိစ္စကိုတော့ ပက်တီ ဘယ်လိုအကြောင်းပြချက်နဲ့ ငြင်းရမလဲ မသိဘူး။ ပုံမှန်ဆိုရင် ပက်တီက အကြောင်းပြချက်တွေ ရှာတဲ့နေရာမှာ တော်တယ်။ အခုတော့ ဆွံ့အနေမိပြီ။ စုံထောက်ကောလင်း သတိပေးလိုက်တဲ့ ဘန်များ သူ့ညီမတွေကို မတော်တရော်လုပ်နေသလား··ဆိုတဲ့ စွပ်စွဲချက်ကို ပက်တီ အိမ်အပြန်လမ်းမှာ ကားမောင်းနေရင်း သေချာကို စဉ်းစားကြည့်ပြီးပြီ။ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဘန်က သူ့ညီမတွေကို အဲဒီလို လုံးဝလုပ်မှာ မဟုတ်ဘူး။

ဒါပေမယ့် ဘန့်မှာ သူများကို နာကျင်အောင်လုပ်ချင်တဲ့ စိတ်အခံလေးရှိနေတာကိုတော့ ပက်တီရိပ်မိတယ်။ ဟိုတစ်ခါတုန်းက ကြွက်ပေါက်လေးတွေကို ဘန် ဂေါ်ပြားနဲ့ တဖုန်းဖုန်းရိုက်သတ်နေတာ ပက်တီ မြင်လိုက်တယ်။ အဲဒီလို လုပ်ရတာကိုလည်း ကျေနပ်နေတဲ့ပုံပဲ။ သူ့ညီမတွေနဲ့ ဆက်ဆံတဲ့အခါမှာလည်း ဘန်က အကြမ်းပတမ်းတွေ လုပ်တတ်တယ်။ ဘန် စရင်း နောက်ရင်းနဲ့ တကယ်နာသွားလို့ ကလေးတွေ အော်ငိုတာ ခဏခဏပဲ။ မီရှယ့်လက်မောင်းကို နောက်လှန်ပြီး လိမ်ချိုးတာမျိုး။ ဒက်ဘီ့လက်မောင်းကို သွေးထွက်မတတ် နီရဲလာတဲ့အထိ လက်ဖဝါးနဲ့ ပွတ်ပြီး စတာမျိုးတွေ။ အဲဒီနေရာမှာ ဘန်က သူ့အဖေနဲ့ တူတာ။

"သမီးတို့ အဖေက အခု ပြန်တော့မှာ"··ပက်တီပြောလိုက်တယ်။

"ဟာ ပက်တီကလည်း၊ ငါ့ကို နှုတ်တောင်မဆက်ဘဲ နှင်ထုတ်တော့မလို့လား၊ လာပါ။ စကားပြောရအောင်။ ငါနဲ့ကို အလုပ်ကိစ္စပြောစရာတစ်ခုရှိတယ်"

"ဘာပြောမလို့လဲ။ ကျွန်မ ဘာအလုပ်ကိစ္စမှ မစဉ်းစားနိုင်သေးဘူးရန်နာ"··ပက်တီကပြောလိုက်တယ်။ "ကျွန်မမှာ ပိုက်ဆံ တစ်ပြားမှမရှိဘူး"

"ပက်တီရာ၊ နင်ပိုက်ဆံမရှိဘူးဆိုတာ အလကားပြောနေတာပါ"··ရန်နာ့မျက်နှာပေါ်မှာ ကောက်ကွေးနေတဲ့ အပြုံးတစ်ခု ပေါ်လာတယ်။ သူ့ခေါင်းမှာဆောင်းထားတဲ့ ဘေ့စ်ဘောဦးထုပ်ကိုနောက်ပြန်လှည့်လိုက်တယ်။ သူကတော့စတဲ့နောက်တဲ့လေသံနဲ့ ပြောတာပဲ။ ဒါပေမယ့် အဲဒီလေသံ နောက်မှာ ခြိမ်းခြောက်တဲ့အငွေ့အသက်တွေ ပါနေတယ်။ ပိုက်ဆံမရှိရင် နင်··နာပြီသာမှတ် ဆိုတဲ့ လေသံ။

သူ့ကိုမှီနေတဲ့ သမီးနှစ်ယောက်ကို ဘေးမှာ ချထားခဲ့ပြီး ရန်နာ ပက်တီ

ဆီကို လျှောက်လာတယ်။ ပက်တီ့အနားကို ကပ်လာတယ်။ ရန်နာ့ ကိုယ်ပေါ်မှာ စိမ့်ထွက်နေတဲ့ ချွေးတွေက သူ့အင်္ကျီရင်ဘတ်အထိ စိုပြီး ကွက်နေတယ်။

"လယ်ထွန်စက် ရောင်းလိုက်တာ ဘာမှမကြာသေးဘူးမဟုတ်လား။ ဖန်းအိဗလီကို ပြန်ရောင်းလိုက်တာလေ။ ငါကြားပြီးပြီ"

"ရောင်းလိုက်တဲ့ပိုက်ဆံ အကုန်ကုန်သွားပြီလေ။ ရတာမြန်သလို ကုန်တာလည်း မြန်တယ်။ မသိဘူးလား"..ပက်တီပြန်ဖြေရင်း စားပွဲပေါ်က စာအိတ်တွေကို နေရာတကျ စီချင်ယောင်ဆောင်နေလိုက်တယ်။

"လုပ်ပါဟာ၊ ငါ နည်းနည်းလိုနေလို့။ တက္ကဆက်ဘက်ကို သွားဖို့ ခရီးစရိတ်ရရင် တော်ပြီ"

ဒါပေါ့.. ရန်နာဒေးက တက္ကဆက်ဘက်ကိုသွားချင်တာပေါ့။ အဲဒီဘက်မှာ ရာသီဥတု ကောင်းတယ်လေ။ ဂျစ်ပစီတစ်ယောက်လို တစ်နေရာကနေ နောက်တစ်နေရာကို လေလွင့်ချင်တဲ့ ရန်နာဒေးရဲ့ အကျင့်က ပက်တီ့လို ဒီလယ်မှာမွေး၊ ဒီလယ်ကွင်းမှာပဲ သေချင်တဲ့စိတ်ဓာတ်ကို စော်ကားနေသလိုပဲ။ ရန်နာကကြုံရာအလုပ်လုပ်တယ်။ ရတဲ့ပိုက်ဆံကို တွေ့သလို သုံးပစ်တယ်။ တစ်နေ့နေ့ကျရင် သူဂေါက်ရိုက်ဖြစ်မှာပဲ..ဆိုပြီး ဂေါက်တံတွေဝယ်သတဲ့။ စတီရီယို စပီကာတွေလည်း စုံတွဲလိုက် ဝယ်တယ်။ သုံးတောင် မသုံးဖြစ်ဘူး။ အခုကျတော့ တက္ကဆက်ဘက်ကို ခရီးထွက်ချင်ပြန်ပြီတဲ့။ တက္ကဆက် ကမ်းခြေဘက်ကို ပက်တီ တစ်ခေါက်တိတိ ရောက်ဖူးတယ်။ ကျောင်းသူဘဝတုန်းက ဒိုင်ယန်းနဲ့ အတူတူ အလည်သွားကြတာ။ အဲဒီတစ်ခါပဲ ခရီးထွက်ဖူးတာ။ လေထဲမှာ ပါလာတဲ့ ဆားငွေ့ဓာတ်ကို ပက်တီ သတိရနေသေးတယ်။ ဆံပင်ကို လျှာနဲ့လျက်လိုက်ရင်တောင် အငန်ဓာတ်ကို စူးကနဲ ရလောက်တယ်။ ရန်နာဒေးက တက္ကဆက်ကို မရမကသွားပြီး ပင်လယ်ကမ်းခြေ တစ်ခုခုမှာ ဆောင်းကုန်တဲ့အထိ ဘီယာလေးမြုံ့ရင်း သွားခိုနေမှာ။ သူ့သားက အဲဒီအချိန်လောက်ဆို ထောင်ထဲရောက်နေလောက်ပြီ။ ဘန့်အတွက် ရှေ့နေဘယ်လိုငှားပေးရပါ့မလဲ.. ဘယ်က ပိုက်ဆံနဲ့ ရှေ့နေငှားရမလဲ..။

"အဲဒါတော့ ကျွန်မလည်း မကူညီနိုင်ဘူး ရန်နာ။ ဆောရီးပါ"

ရန်နာ့ကို အိမ်ရှေ့တံခါးဘက် ခေါ်သွားဖို့ ကြိုးစားပေမယ့် ရန်နာဒေးက ပက်တီ့ကို အပေါ်ကမိုးပြီး မီးဖိုချောင်ဘက်ကို တစ်လှမ်းချင်း တွန်းထုတ်သွားတယ်။ သူ့ပါးစပ်ကထွက်လာတဲ့အောက်သိုးသိုးအနံ့ကြောင့် ပက်တီ မျက်နှာလွှဲလိုက်တယ်။

"ပက်တီရာ၊ လုပ်စမ်းပါ။ ဘာလဲ ငါ့နင့်ကို ထိုင်ရှိခိုးရမှာလား။ တောင်း

ပန်စေချင်တာလား။ လုပ်ပါ။ သေရေးရှင်ရေး ဖြစ်နေလို့ပါ။ ငါ ဒီမြို့ကနေ မြန်မာ ထွက်သွားမှ ရမှာဟ။ အရမ်းလိုနေလို့ နင့်ဆီ လာတောင်းတာ။ ပိုက်ဆံမရဘူးဆိုရင် ငါ ဒီညတောင် အသတ်ခံရင် ခံရမှာ။ ၈၀၀ ပဲ··၈၀၀ လောက်ပေးရင် ရတယ်"

ဒေါ်လာ ၈၀၀ တဲ့။ ပက်တီ ရယ်မိသွားတယ်။ ပက်တီ့ဆီမှာ ဒေါ်လာ ၈၀၀ အပိုရှိနေမယ်လို့ ဘယ်လိုစိတ်မျိုးနဲ့ တွေးလိုက်တာလဲ။ အိမ်ထဲမှာ ဖြစ်ပျက် ဆင်းရဲ နေတာတွေကို မတွေ့ဘူးလား။ ကလေးတွေကို ကြည့်ဦး။ ဆောင်းတွင်းကြီးမှာ တောင် အနွေးထည်ကောင်းကောင်း မဝတ်နိုင်လို့ ရှပ်အင်္ကျီဟောင်းတွေ ထပ်ဝတ် ထားရတာ။ ရေခဲသေတ္တာထဲမှာလည်း ပေါပေါပဲပဲ ဝယ်ထားတဲ့·· ရက်လွန်နေတဲ့ အသားတုံးတွေချည်းပဲ။ အသားတုံးတွေသာမကဘူး တစ်အိမ်လုံး ရက်လွန်ပစ္စည်းလို ပျက်စီးချင်နေပြီ။

"ကျွန်မမှာ တစ်ပြားမှမရှိဘူး ရန်နာ"

ရန်နာဒေးက ပက်တီ့ကို သေချာစိုက်ကြည့်တယ်။ ပက်တီ့ရှေ့ကနေပိတ်ပြီး ရပ်ထားတဲ့အတွက် ပက်တီ ထွက်ပြေးချင်ရင်တောင် ပြေးမရဘူး။

"လက်ဝတ်ရတနာတွေ ရှိတယ်မဟုတ်လား။ ငါပေးထားတဲ့ လက်စွပ်ရှိ သေးတယ်လေ။ ဘယ်မှာလဲ"

"ရန်နာ·· ကျွန်မ တောင်းပန်ပါတယ်။ ဘန်··ကျောင်းမှာ ပြဿနာတွေဖြစ် နေတယ်။ ကျွန်မမှာ ပြဿနာတွေ အများကြီးပဲ။ နောက်မှ·· နောက်မှပြန်လာခဲ့ပါ တောင်းပန်ပါတယ်"

"ဘန်ဒေးက ဘာလုပ်လို့လဲ။ ဘာဖြစ်တာလဲ"

"ကျောင်းမှာ ပြဿနာဖြစ်လို့၊ တော်တော်ဆိုးတယ်။ ရှေ့နေတွေ ဘာတွေ တောင် ငှားရမယ်ထင်တယ်။ ကျွန်မမှာ ရှိတဲ့ပိုက်ဆံအကုန်လုံး ဘန့်အတွက်သုံးရ မှာ··ရှေ့နေ··"

"ဒါဆို နင့်မှာ ပိုက်ဆံရှိတယ်ပေါ့"

"ရန်နာ··"

"ပိုက်ဆံမပေးရင်တောင် လက်စွပ်ပေးဟာ"

"လက်စွပ်လည်း မရှိဘူး"

ကလေးတွေ တီဗွီကြည့်ချင်ယောင် ဆောင်နေကြတယ်။ ဒါပေမယ့် အခု ပက်တီနဲ့ ရန်နာ့အသံတွေ ကျယ်လာတာနဲ့အမျှ စပ်စုစိန် မီရှယ်ဒေးက တီဗွီကိုလုံးဝ လျှစ်လျူရှုပြီး သူ့အဖေနဲ့အမေကို တည့်တည့်ကြီး ထိုင်ကြည့်နေတယ်။

"လက်စွပ်ပေးလို့ ပြောနေတယ် ပက်တီ"..ရန်နာဒေးက လက်ဖြန့်ပြီး တောင်းတယ်။ ရန်နာပေးထားတဲ့ လက်စွပ်..တဲ့။ အတုကြီးပါ။ ပက်တီ ၁၇ နှစ် သမီးအရွယ်မှာ စေ့စပ်လက်စွပ်အဖြစ် ပေးခဲ့တာ။ လက်ထပ်ခွင့်တောင်းပြီး သုံးလ အကြာမှ ဝယ်ပေးတာ။ ဒီလက်စွပ် အပေါစား..အတုကို ဝယ်ပေးဖို့တောင် သုံးလ တိတိကြာတယ်။ လက်စွပ်ကို ပက်တီ့လက်မှာ စွပ်ပေးတော့ ရန်နာဒေးက မူးနေ သေးတယ်။ တစ်သက်လုံးချစ်မှာနော် ဘေဘီ..တဲ့။ ရန်နာဒေးဆိုတဲ့လူဟာ အားကိုး လို့ မရတဲ့သူမှန်း အဲဒီကတည်းက ပက်တီသိလိုက်ပြီ။ သူ့ကို တစ်ရက်ကျရင်ထားခဲ့ မယ့်သူ၊ သုံးစားမရတဲ့သူ..။ ပက်တီ ကိုယ်တိုင်လည်း ရန်နာ့ကို အဲဒီလောက်ကြီး မချစ်ခဲ့ဘူး။ ဒါပေမယ့် ဘာဖြစ်လို့လဲမသိ အိမ်ထောင်ကျသွားတဲ့ အပြင် ကလေး ၄ ယောက်ပါ ထွက်သွားတယ်။ ကွန်ဒုံးသုံးပါလို့ ပြောခဲ့တော့လည်း ရန်နာဒေးက မသုံးချင်ဘူးလေ။ ပက်တီလည်း ရန်ဖြစ်ခံပြီး ဆက်မပြောခဲ့တော့တာ။

"ရန်နာ၊ ရှင်ပြောနေတဲ့ လက်စွပ်ဆိုတာ..သေသေချာချာရော မှတ်မိရဲ့ လား။ အဲဒီလက်စွပ်ကိုရောင်းလို့ ဘာရမှာလဲ။ ၁၀ ဒေါ်လာတောင်ရမှာမဟုတ်ဘူး"

"မင်းက အခုမှ အဲဒီလက်စွပ်ကိစ္စနဲ့ ပြဿနာရှာချင်တာလား"

"အဲဒီလက်စွပ်သာ ပြန်ရောင်းလို့ရမယ်ဆိုရင် ကျွန်မ ရောင်းပစ်လိုက်တာ ကြာလှပြီ နားလည်လား"

နှစ်ယောက် မျက်နှာချင်းဆိုင် ရပ်နေရင်း ရန်နာ့တစ်ကိုယ်လုံး တုန်လာ တယ်။ လက်တွေတဆတ်ဆတ် ခါလာတယ်။ ပက်တီ့လက်မောင်းတွေကိုသူ့လက်နဲ့ ကိုင်လိုက်တယ်။ ပြီးတော့မှ စိတ်ထိန်းပြီး လက်ပြန်ရုပ်တယ်။

"နင်..နင် ကောင်းကောင်း နောင်တရမယ် ပက်တီ"

"ကျွန်မ နောင်တရနေတာ ကြာလှပြီ ရန်နာ။ အရမ်းကြာခဲ့ပြီ"

ရန်နာက လှည့်ထွက်သွားတယ်။ သူ့လက်နဲ့ တိုက်မိပြီး စားပွဲပေါ်က ကွေ ကာအုပ်ထုပ် အောက်ကို ပြုတ်ကျသွားတယ်။ "သွားပြီ သမီးတို့ရေ။ နင်တို့အမေက ချီးထုပ်မကြီးပဲ သိလား။ ချီးထုပ်မကြီး.."..စားပွဲဘေးမှာ ထားထားတဲ့ ထိုင်ခုံကို ရန်နာ ခြေထောက်နဲ့ ဖုန်းခနဲ ကန်လိုက်တယ်။ ထိုင်ခုံက ဧည့်ခန်းထဲအထိလွင့်ထွက် သွားတယ်။ ကလေးတွေရော ပက်တီရော အကုန်လုံး တောင့်ခနဲ သတိအနေအထား ဖြစ်သွားတယ်။ ရန်နာက ဧည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း အသက်ကို တဟူးဟူး ရှူထုတ်နေတယ်။ ပက်တီ ဘာလုပ်ရမလဲ။ နှစ်လုံးပြူးသေ နတ်ကိုပဲ ပြေးယူရမလား။ သားလှီးဓားကိုပဲ ပြေးကောက်ရမလား။ စိတ်ထဲမှာတော့

တတွတ်တွတ် ဆုတောင်းနေမိတယ်။ သွားပါတော့.. ထွက်သွားပါတော့။

"အေး ကျေးဇူးစောက်ရမ်းတင်တယ်။ ကျေးဇူးပဲ" ..ရန်နာကအော်ပြောပြီး အိမ်ရှေ့ကို ထွက်သွားတယ်။ တံခါးကို ဝုန်းကနဲကန်ဖွင့်တယ်။ အရှိန်ပြင်းလွန်းတော့ တံခါးက ရမ်းထွက်သွားပြီး ပြန်ပိတ်သွားတယ်။ ရန်နာက တံခါးကိုနောက်တစ်ချက် ထပ်ကန်တယ်။ တံခါးရွက်ကို လက်နဲ့ကိုင်ပြီး နံရံနဲ့ ဘုန်းခနဲ ဘုန်းခနဲကိုင်ဆောင့် ပစ်တယ်။

ပြီးတော့မှ ရန်နာ ထွက်သွားတယ်။ ကားတာယာနဲ့ မြေကြီးနဲ့ပွတ်တဲ့အသံ ကျွီခနဲ..။ ကားစက်သံ တဖြည်းဖြည်း ဝေးသွားတော့မှ ပက်တီ အခန်းထဲကိုသွား တယ်။ နှစ်လုံးပြူးသေနတ်ကို ယူတယ်။ ကျည်ဖြည့်တယ်။ ညှိခန်းမီးလင်းဖိုပေါ်က စင်ပေါ်မှာ နှစ်လုံးပြူးနဲ့ ကျည်ပိုတချို့ တင်ထားလိုက်တယ်။ လိုရမည်ရ။

+++

# လစ်ဘီဒေး

ယနေ့

ခရစ်ဆီ ပြန်ဖို့ တံခါးဝကိုလိုက်ပို့တော့ သူ့အခြေအနေက ကားမောင်းလို့ မရလောက်အောင်ကို မူးနေတာ ကျွန်မ သတိထားမိတယ်။ ဖိနပ်တောင်မနည်းစီးနေရတယ်။ မျက်နှာမှာလည်း မက်စကာရာတွေ ပေပွလို့။ အိမ်တံခါးဝကနေထွက်ပြီး ခြေတစ်လှမ်းလောက်လှမ်းအပြီးမှာ ခရစ်ဆီက ကျွန်မဘက်ကို လှည့်ပြီးမေးတယ်။ သူ့အမေကို ဘယ်မှာလိုက်ရှာရမလဲ၊ ကျွန်မများ သိသလား‥တဲ့။ အဲဒီမှာ ကျွန်မ မနေနိုင်တော့ဘဲ ခရစ်ဆီ့ကို အိမ်ထဲ ပြန်ဆွဲခေါ်တယ်။ သူစားဖို့ ဆန်းဝတ်ဒ်ချ်တစ်ခု လုပ်ပေးတယ်။ ဆိုဖာပေါ်မှာ လှဲအိပ်ခိုင်းတယ်။ ပြီးမှ အပေါ်ကနေ စောင်ခြုံပေးလိုက်တယ်။ ခရစ်ဆီ လှဲအိပ်လိုက်တော့ သူ့ပိုက်ဆံအိတ်ထဲကနေ လိုးရှင်း သုံးပုလင်းထွက်ကျလာတယ်။ ပုလင်းတွေကိုကောက်ပြီးသူ့အိတ်ထဲကို ကျွန်မ အသာပြန်ထည့်ပေးလိုက်တယ်။

နောက်နေ့ မနက် ကျွန်မ အိပ်ရာနိုးလာတော့ ခရစ်ဆီ မရှိတော့ဘူး။ ညက ခြုံပေးထားတဲ့ စောင်ကို ခရစ်ဆီက ပြန်ခေါက်ပေးထားခဲ့တယ်။ စောင်ခေါက်ပေါ်မှာ စာတစ်စောင် ထားခဲ့တယ်။ *ကျေးဇူးပါ‥ တောင်းပန်ပါတယ်‥*။

ဒါဆို ကျွန်မ မိသားစုကိုသတ်သွားတာ ခရစ်ဆီ့အဖေ လူးဝစ်စ်ကိတ်လည်း မဟုတ်ဘူးပေါ့။ ခရစ်ဆီပြောတာကို ယုံရမယ်ဆိုရင် ပြောပါတယ်။ ခရစ်ဆီ့စကားတွေကို အကုန်မယုံပေမယ့် ဒီတစ်ခုကိုတော့ ကျွန်မ ယုံတယ်။

လိုင်ဝိုက်သ်က မက်ဆေ့ချ် နှစ်စောင်ချန်ထားတယ်။ အန်တီဒိုင်ယန်းဆီကတော့ ဘာမှ အကြောင်းပြန်မလာသေးဘူး။ လိုင်ဝိုက်သ်ရဲ့ မက်ဆေ့ချ်တွေကို မသိချင်ယောင်ဆောင်ထားလိုက်ပြီး အဖေ့ဆီကို သွားတွေ့ဖို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်။ အဖေ့ဆီက ဘာအဖြေပဲရရ လိုချင်တယ်။ ကျွန်မအထင်တော့လူသတ်မှုတွေနဲ့အဖေနဲ့

ဘာမှ မပတ်သက်လောက်ဘူး။ ဒါပေမယ့် အဖေ တစ်ခုခုများ သိနေမလား။ သူ့ကို ပတ်လည်ဝိုင်းနေတဲ့ အကြွေးရှင်တွေ၊ သူ့ရဲ့ အောက်တန်းစား အပေါင်းအသင်းတွေနဲ့ ဒီလူသတ်မှုနဲ့ တစ်ခုခုပတ်သက်နေသလား။ သူ့အကြွေးကိစ္စတွေ မူးယစ်ဆေးပြဿနာတွေက လူသတ်မှုအပေါ်မှာ ဘယ်လောက်အထိ သက်ရောက်မှုရှိနေခဲ့သလဲ ကျွန်မ သိချင်တယ်။ ဒါမှ·· တစ်ခုခုသိရမှ ဘန့်ကို ကျွန်မ ပြန်ယုံကြည်လို့ရတော့မှာ။ တကယ်လည်း ယုံကြည်ချင်တယ်။ အရင်တုန်းက ဘာလို့ ဘန့်ကိုသွားမတွေ့ဖြစ်ခဲ့သလဲ အခုမှ ကျွန်မ သဘောပေါက်လာတယ်။ ဘန့်ကိုတွေ့လိုက်တာနဲ့ ကျွန်မရဲ့ သံသယစိတ်တွေ ပျော်ကျသွားမှာကို စိုးရိမ်နေခဲ့လို့ ဖြစ်မယ်။ ထောင်နံရံတွေ၊ အုတ်တံတိုင်းတွေကို မသိချင်ယောင်ဆောင် မေ့ပျောက်ပြီး ကျွန်မရဲ့ အစ်ကိုကြီးဘန်ဒေးပြောတဲ့ စကားသံတွေအောက်မှာ အတိတ်ကို ပြန်သတိရကြည့်ရတာ မိန်းမောတပ်မက်စရာ ကောင်းလွန်းနေတယ်။ ကျွန်မရဲ့ မိသားစု အသက်ရှင်နေစဉ်တုန်းက အတိတ်ပုံရိပ်တွေ၊ အမှတ်ရစရာတွေ၊ အိမ်အိုဟောင်းရဲ့ အငွေ့အသက်တွေ··။

မြို့ပြင်ဘက်ကို ကားမောင်းထွက်လာရင်း လမ်းမှာ စတိုးဆိုင်ကိုခဏဝင်တယ်။ မြေပုံဝယ်တယ်။ ချိစ်ဘီစကစ် တစ်ထုပ်ဝယ်တယ်။ ဘီစကစ်က အဆီကျတဲ့ အချိုမပါတဲ့ ဘီစကစ်ဖြစ်နေမှန်း ဝါးလိုက်မှ သိတော့တယ်။ ကုန်အောင်တော့ ဆက်စားလိုက်ပါတယ်။ ကားထဲမှာ ဘီစကစ် အမှုန့်တွေက ဟိုနားကျ ဒီနားကျနဲ့ အိုကလာဟိုးမားအထိ မောင်းရမှာ·· လမ်းမှာ တစ်ခုခု ဝင်စားလိုက်ရင် ကောင်းမလား။ လမ်းဘေးစားသောက်ဆိုင်တွေက လွှတ်ထုတ်ပေးနေတဲ့ အစားအသောက်အမျိုးပေါင်းစုံရဲ့ အငွေ့အသက်တွေ ကားထဲကို တိုးဝင်လာနေတယ်။ ကြက်ကြော်နံ့တွေ၊ အာလူးကြော်နံ့တွေ၊ ငါးကင်နံ့တွေ··။ ဒါပေမယ့် ကျွန်မ စိတ်ထဲမှာ ဘာလို့လဲမသိ အလောတကြီး ဖြစ်နေတယ်။ အချိန်မီမရောက်ရင် ရန်နာဒေးနဲ့ မတွေ့လိုက်ရမှာကို စိုးရိမ်နေတယ်။ ဒါနဲ့ပဲ ဘာမှမစားဖြစ်ဘဲ ဘီစကစ်တစ်ထုပ်နဲ့ ကျေနပ်လိုက်ရတယ်။

နေပါဦး··၊ ဒီယွန်ဒရာရေးထားတဲ့ စာရွက်က ဘာလို့ မီရှယ့်ပစ္စည်းတွေချည်း စုသိမ်းထားတဲ့ ပုံးထဲမှာ ရောက်နေတာလဲ။ ဘန် ရည်းစားရနေတာကိုသာ မီရှယ်သိခဲ့ရင် ဘန့်ကို မီရှယ်က စပယ်ရှယ်အကျပ်ကိုင်တော့မှာ။ မီရှယ်မသိအောင် ဘန်က ဖုံးဖို့ ကြိုးစားလေလေ မီရှယ်က ဘန့်ကို အကျင့်ယုတ်လေလေ ဖြစ်မှာပဲ။ ဘန်က မီရှယ့်ကို အသေမုန်းတာလေ။ ဘန်က ဒက်ဘီကို စိတ်ထဲမှာ သိပ်မထားဘူး။ ကျွန်မကို သည်းခံပေါင်းတယ်။ မီရှယ့်ကိုတော့ ဘန်က တကူးတကကို မုန်းတာ။ မှတ်မိသေးတယ်။ ဘန့်အခန်းထဲကို မီရှယ်ခိုးဝင်တုန်းကပေါ့။ ဘန်လည်းသိသွားရော

မီရှယ့်ကို လက်မောင်းကနေ ကိုင်ပြီး အခန်းထဲကဆွဲထုတ်တယ်။ ကြမ်းပြင်ပေါ်ကို ဝုန်းခနဲ ပစ်ချတယ်။ နောက်တစ်ခါ သူ့အခန်းထဲ ဝင်တာတွေ့ရင် အသေသတ်မယ်တဲ့‥ အဲဒီလိုကြိမ်းတယ်။ မီရှယ်နဲ့ စကားပြောတိုင်း ဘန်ကဒေါသကိုထိန်းထားသလို အံကြိတ်ထားတတ်တယ်။ သူ့နားမှာ မယောင်မလည် အမြဲလုပ်နေတဲ့ မီရှယ့်ကို ခဏခဏ အော်တယ်။ ဆူတယ်။ မီရှယ်ကလည်း ဘန့်အခန်းဝမှာ အမြဲလိုလိုရစ်သီရစ်သီ လုပ်နေတယ်။ ဘန်ဘာတွေလုပ်နေသလဲ ခိုးကြည့်တယ်။ဘာတွေပြောနေသလဲ ခိုးနားထောင်တယ်။ မီရှယ့်အကျင့်က အဲဒီလိုပဲ။ ဘန်တစ်ယောက်တည်းကိုတင် မဟုတ်ဘူး‥ ဘယ်သူ့ကိုမဆို လိုက်စပ်စုချင်တယ်။ လူတိုင်းရဲ့ လျှို့ဝှက်ချက်တွေကို မီရှယ်က သိနေတတ်တယ်။ စကားပြောလိုက်ရင် အထေ့အငေါ့လေးတွေ ထည့်ပြောချင်တယ်။ ကလေးနဲ့ကို မတူဘူး။ မီရှယ့်မှတ်စုတွေကို အခု ပြန်ဖတ်ရတော့ သူ့အကျင့်တွေကို ကျွန်မ ပိုပြီး မှတ်မိလာမိတယ်။ ပိုက်ဆံမရှိတဲ့သူ တစ်ယောက်အဖို့ အတင်းအဖျင်း လျှို့ဝှက်ချက်တွေဆိုတာ အလဲအလှယ်လုပ်စရာ ကုန်ပစ္စည်းတစ်ခုပဲ မဟုတ်လား။ ကိုယ့်မိသားစု အချင်းချင်းတောင် ပြန်သုံးလို့ရတယ်လေ။

မှတ်မိသေးတယ်‥ကျွန်မတို့ မောင်နှမတွေ မနက်စာစားနေတုန်း မီရှယ်က ဆိုင်းမဆင့် ဗုံမဆင့်နဲ့ "ကိုကြီးကလေ သူ့ဘာသာသူ တစ်ယောက်တည်းစကားတွေ ပြောနေတာ သိလား" ဆိုပြီး ထပြောတယ်။ ဘန်က ထိုင်နေရာကနေ ဝုန်းကနဲထပြီး မီရှယ့်ကို ကုပ်ကနေဆွဲမတယ်။ မီရှယ့် မနက်စာထည့်ထားတဲ့ ပန်းကန်ပြား ဘန်နဲ့ တိုက်မိပြီး အဝေးကိုလွင့်ထွက်သွားတယ်။ ထမင်းစားပွဲရဲ့ အပေါ်မှာ တွဲလောင်းဆွဲထားတဲ့ ပလတ်စတစ် မီးဆိုင်း အပေါ်စားတစ်ခု ရှိတယ်။ မီရှယ့်ပန်းကန်ထဲက ကြက်ဥဖတ်တွေ လွင့်ထွက်ပြီး မီးဆိုင်းပေါ်မှာ သွားကပ်တာ မှတ်မိနေသေးတယ်။

"ငါနဲ့ ဝေးဝေးမှာနေစမ်း။ နင်သေမယ်"‥ဘန်က မီရှယ့်ကို အော်တယ်။ အမေက ဝင်ဆွဲရတယ်။ ဘန့်ကို စိတ်လျှော့ဖို့ ချော့ရတယ်။ ပြီးတော့မှ မီရှယ့်ကို ဆူတယ်။ ကျွန်မနဲ့ ဒက်ဘ်ဳကိုလည်း မဆီမဆိုင် ဆုံးမလိုက်သေးတယ်။

ထားပါတော့။ ဘန် မီရှယ့်ကို ကြည့်မရတာ မှန်ပေမယ့်‥ သူ့မှာရည်းစားရှိတာကို မီရှယ်သိသွားတော့ရော ဘာဖြစ်လဲ။ လူသတ်ရလောက်တဲ့ ကိစ္စမှ မဟုတ်တာကို။

ကားလမ်းဘေးမှာ နွားအုပ်တွေ မလှုပ်မယှက် တစ်နေရာတည်းမှာ စုပြုံနေကြတယ်။ နွားအုပ်ကြီးကို ကြည့်ရင်း ငယ်ငယ်တုန်းက ကြားခဲ့ရတဲ့ နွားသတ်ပြီး ယဇ်ပူဇော်တဲ့အဖွဲ့တွေအကြောင်း ပြန်သတိရသွားတယ်။ စေတန်ကိုးကွယ်တဲ့သူတွေ

လုပ်တာတဲ့။ ကျွန်မတို့ရဲ့ ကင်နက်ကီလို တောမြို့လေးမှာတောင် နတ်ဆိုးရဲ့ပယောဂ
အငွေ့အသက်တွေ မကင်းခဲ့ဘူး။ ကျွန်မတို့ သွားနေကျ ဘုရားကျောင်းရဲ့တရားဟော
ဆရာကလည်း စေတန်ရဲ့ လွှမ်းမိုးမှုနဲ့ပတ်သက်ပြီး မကြာခဏ သတိပေးတတ်တယ်။
သွေးသံရဲရဲ၊ ဆိတ်မျက်လုံးနဲ့ စေတန်.. စိတ်မခိုင်တဲ့သူတွေ၊ သတိမမူတဲ့သူတွေကို
အလွယ်တကူ ဝင်ပူးနိုင်တယ်တဲ့။ ကန်းဆက်စ်တစ်ခွင် ပြပြစင်အောင် ကျွန်မနေခဲ့
ဖူးတယ်။ နေခဲ့သမျှ မြို့တိုင်းမှာ မကောင်းဆိုးဝါးအိမ်.. မကောင်းဆိုးဝါးကလေး..
တစ်ခုမဟုတ် တစ်ခုတော့ ရှိနေတာပဲ။ မြို့စွန်မှာရှိတဲ့ လူမနေတဲ့ အိမ်အိုအိမ်ပျက်ကြီး
တွေ..။ အိမ်ထဲကို ဝင်ကြည့်လိုက်တော့ သွေးသံရဲရဲ ခုတ်ထစ်ထားတာတွေ တွေ့
တယ်ဆိုတဲ့ ကောလာဟလတွေ..။ ယဇ်ပူဇော်တာကို မျက်ဝါးထင်ထင်မြင်ဖူးတယ်
ဆိုတဲ့ သူတွေ..ဒါမှမဟုတ် မြင်ဖူးတဲ့သူနဲ့ ငါနဲ့သိတယ်..ငါ့အစ်ကိုက မြင်ဖူးတာ..
ငါ့အမျိုးတစ်ယောက်က တွေ့ဖူးတာ စသဖြင့်။

အိုကလာဟိုးမားပြည်နယ်ထဲကို ဝင်လာပြီး ဆယ်မိနစ်လောက်အကြာမှာ
ကျွန်မရဲ့ နှာခေါင်းထဲကို အပုပ်နံ့လိုလို၊ အညှီနံ့လိုလို အနံ့ဆိုးဆိုးကြီးတစ်ခုတိုးဝင်
လာတယ်။ အနံ့ပြင်းလွန်းလို့ မျက်ရည်တောင် ဝဲမိသွားတယ်။ စိတ်ထဲမှာထင့်ကနဲ
ဖြစ်သွားတယ်။ မကောင်းဆိုးဝါးအကြောင်း စဉ်းစားတာ များသွားလို့ ငါ့ကိုများ
ကိုယ်ထင်လာပြပြီလား..။ ဟိုးအရှေ့ခပ်လှမ်းလှမ်းမှာ မီးခိုးတထောင်းထောင်းထွက်
နေတဲ့ အဆောက်အအုံတစ်ခု။ စက္ကူစက်ရုံ။ အဲဒီက လာတဲ့ အနံ့ပါ။

ကားရေဒီယိုဘုလုံးကို လှည့်ပြီး ဘာလိုင်းတွေများ ရှိသလဲဖမ်းကြည့်တယ်။
စတေရှင် ၁..၂..၃..။ ဝေါဝေါဝေါဝေါ အသံတွေပဲ ကြားရတယ်။ တစ်ချက်တစ်
ချက် လိုင်းမိသွားတော့လည်း ဘာကြော်ငြာတွေမှန်းမသိ ခပ်ဝါးဝါး လာနေတယ်။
ရေဒီယိုကို ပြန်ပိတ်လိုက်တယ်။

'ဟဲလို..လစ်ဂျာဝုဒ်၊ အိုကလာဟိုးမားမှ ကြိုဆိုပါတယ်ဗျ..' လို့ ရေးထား
တဲ့ ကောင်းဘွိုင်ပုံနဲ့ ဆိုင်းဘုတ်ကိုတွေ့တော့ ကျွန်မ အမြန်လမ်းပေါ်နေ ဘေးကို
ကွေ့ချလိုက်တယ်။ ကောင်းဘွိုင်ခေတ်ပုံစံ တမင်လုပ်ထားတဲ့ ခပ်ဟောင်းဟောင်းမြို့
တစ်မြို့ထဲကို ရောက်သွားတယ်။ မျက်စိလည် လမ်းမှားလာတဲ့ ခရီးသည်တွေကို
ဂျင်းထည့်ဖို့ ဆောက်ထားတဲ့မြို့ ဖြစ်လိမ့်မယ်။ မိန်းလမ်းမတစ်ခုလုံးမှာရှိတဲ့ ဆိုင်
တွေ၊ အဆောက်အအုံတွေအားလုံးက လူသိပ်မလာလို့ တော်တော်ဟောင်းနွမ်းနေပြီ၊
ဆင်နားရွက်တံခါး တပ်ထားတဲ့ အရက်ဆိုင်တွေ။ မှန်ညစ်ညစ်တွေကာထားတဲ့ စတိုး
ဆိုင်တွေ.. အဝတ်အထည်ဆိုင်တွေ..။ 'တစ်ခေတ်တစ်ခါက ဓာတ်ပုံများ' ဆိုတဲ့

ဓာတ်ပုံအဟောင်းရောင်းတဲ့ ဆိုင်တစ်ဆိုင်လည်း တွေ့တယ်။ ဓာတ်ပုံဆိုင်ရဲ့အတွင်းမှန်မှာ ချိတ်ထားတဲ့ ပိုစတာက ဝါကျင့်ကျင့်ဖြစ်နေပြီ။ ပိုစတာထဲမှာ ကောင်းဘွိုင်ဝတ်စုံဝတ်ထားတဲ့ ယောကျ်ားတစ်ယောက်၊ လက်ထဲမှာ ကြာပွတ်ကိုင်လို့။ သူ့သမီးလို့ထင်ရတဲ့ ကလေးမလေးက ဆေးဆိုးပန်းရိုက်အင်္ကျီနဲ့ ·· ပန်းထိုးဦးထုပ်နဲ့။ သူ့မိန်းမက လက်ကိုမခို့တရို့လေးပိုက်ပြီး ကြာပွတ်နဲ့ အရိုက်ခံဖို့ ကိုယ်ကိုကော့ထားပေးတယ်။ ဆိုင်အဝင်ဝမှာ 'ရောင်းရန်' ဆိုတဲ့ ဆိုင်းဘုတ် ချိတ်ထားတယ်။ ဘေးမှာရှိတဲ့ ဆိုင်တွေမှာလည်း 'ရောင်းရန်' ဆိုင်းဘုတ်တွေ ချိတ်ထားတာ မနည်းဘူးပဲ။ ဆိုင်နာမည်တွေကလည်း ကြောင်တောင်တောင်တွေချည်းပဲ။ 'ဒက်ဖနီရဲ့ ဖီးတော်ဖီ' တဲ့။ 'ဝိုင်ယက်အော့ပ် ရေခဲမုန့်' တဲ့။ တစ်မြို့လုံး၊ တစ်လမ်းလုံးက ဖုန်တောထဲမှာ မှုန်မှုန်မွှားမွှား ဖြစ်နေတယ်။ ဟိုးအဝေးကြီးမှာ လှမ်းမြင်နေရတဲ့ ရေလှောင်လျှောစီးတဲ့ ပိုက်လုံးကြီးတောင် ဖုန်တက်ပြီး ဝါကျင့်ကျင့်ဖြစ်နေတယ်။

'ဘော့တ်နီလန်ရဲ့ ဒုက္ခသည်စခန်း' က မြို့လယ်ကောင်နဲ့ သုံးလေးဘလောက်လောက်ပဲ ဝေးတယ်။ ခပ်နိမ့်နိမ့်တိုက်ခံအဆောက်အအုံပဲ။ တိုက်ရှေ့မှာပေါင်းပင်တွေအပြည့် ပေါက်နေတဲ့ ပန်းခြံတစ်ခုရှိတယ်။ ပေါင်းပင်တွေကို မြေခွေးမြီးပင်လို့လည်း ခေါ်ကြတယ်။ အဲဒီနာမည်ကိုတော့ ကျွန်မ တော်တော်သဘောကျတယ်။ တကယ်လည်း ပေါင်းပင်က မြေခွေးမြီးနဲ့တူတာကိုး။ ကျွန်မတို့ရဲ့ လယ်ကွင်းထဲမှာ ပေါင်းပင်တွေ အပြည့်ပဲ။ ထိပ်က အဖူးလေးတွေကို ခူးပြီး ညီအစ်မသုံးယောက် ကလိထိုးတမ်း ကစားခဲ့ကြဖူးတယ်။ အပင်တွေရဲ့ နာမည်တွေကို အမေက သေသေချာချာသင်ပေးတယ်။ သိုးနားရွက်ပင်တဲ့ ··ပျားအိမ်ကွက်ပန်း ··တဲ့။ နာမည်တွေနဲ့အပင်တွေတကယ်လည်း လိုက်ကြပါတယ်။ သိုးနားရွက်ပင်က သိုးပေါက် နားရွက်လေးလိုနုနုလေး။ ပျားအိမ်ကွက်ပန်းကလည်း ပျားအိမ်လို အကွက်အကွက်တွေနဲ့ အဆုပ်လိုက်လေး။ ကားပေါ်ကနေ ကျွန်မ ဆင်းလိုက်တယ်။ ပန်းခြံထဲက ပေါင်းပင်ထိပ်ဖူးတွေကို လက်ဖဝါးနဲ့ ထိကြည့်တယ်။ ကျွန်မလည်း ပန်းခြံတစ်ခုလောက် ပျိုးကြည့်ရင် ကောင်းမလား ··။ လေရဟတ်မြက်ပင် ··ဆိုတာရှိသေးတယ်။ ထိပ်ဖျားရွက်တွေလေရဟတ်လို ဖွာလန်ကြဲထွက်နေတာ။ မိဖုရားဇာ ··ဆိုတဲ့အပင်ကျတော့ ဖြူဖြူနွဲ့နွဲ့အပွင့်လေးတွေနဲ့ ··။ မိဖုရားဇာနဲ့ ကျွန်မနဲ့သိပ်မလိုက်ပါဘူး။ စုန်းမြက် ··ဆိုတာကတော့ ကျွန်မနဲ့ တော်တော်လိုက်လိမ့်မယ်။ မိစ္ဆာလက်သည်းပင်လည်း ကျွန်မနဲ့လိုက်တာပဲ။

ဘော့တ်နီလန်ဒုက္ခသည်စခန်းရဲ့အဝင်တံခါးကမီးခိုးရင့်ရောင်သံတံခါးကြီး။

ဘန့်ရဲ့ ထောင်တံခါးကို ကျွန်မ သတိရသွားတယ်။ တံခါးမှာ ချိတ်ထားတဲ့ ခေါင်း လောင်းကို တီးပြီး စောင့်နေလိုက်တယ်။ ကားလမ်းမမှာ ဆယ်ကျော်သက်ကောင် လေးနှစ်ယောက် စက်ဘီးကိုယ်စီနဲ့ ရစ်သီရစ်သီလုပ်ရင်း ကျွန်မကို လှမ်းကြည့်နေ ကြတယ်။ ဒီမိန်းမ ဒီစခန်းနားကို ဘာလာလုပ်တာပါလိမ့် ဆိုပြီး စိတ်ဝင်စားနေ ကြပုံပဲ။ ခေါင်းလောင်းကို နောက်တစ်ခါ ထပ်တီးကြည့်တယ်။ သံတံခါးကို ကိုင် ပြီး တကျိမ်းကျိမ်းလှုပ်ကြည့်တယ်။ အထဲမှာဘယ်သူမှမရှိဘူးထင်တယ်။ လမ်းမကနေ လှမ်းကြည့်နေတဲ့ ကောင်လေးတွေကို မေးကြည့်ရင် ကောင်းမလား။ ကောင်လေး တွေက စက်ဘီး စီးနေရင်း ကျွန်မ အနားကို တဖြည်းဖြည်း ရောက်လာကြတယ်။ အစ်မဘယ်သူနဲ့တွေ့ချင်လို့လဲဗျ..တဲ့ မကြားတကြား လှမ်းအော်တယ်။ ကျွန်မဘာမှ ပြန်မဖြေရသေးခင်မှာ သံတံခါး ပွင့်သွားတယ်။ တံခါးဝမှာ ရပ်နေတဲ့လူက ခပ်ပုပု သေးသေး။ ဖိနပ် အဖြူရောင်ဆွတ်ဆွတ် စီးထားတယ်။ မီးပူသေချာတိုက်ထားတဲ့ ဂျင်းဘောင်းဘီကို ဝတ်ထားတယ်။ အပေါ်က ကာကီရောင်ရှပ်အင်္ကျီနဲ့။ ပါးစပ်ထဲမှာ သွားကြားထိုးတံ တစ်ချောင်း ကိုက်လို့။ လက်ထဲမှာကိုင်ထားတဲ့ 'ကြောင်ချစ်သူ များ' မဂ္ဂဇင်း စာအုပ်ကို ငုံ့ပြီး ဖတ်နေတယ်။ ကျွန်မကို မော့တောင်မကြည့်ဘူး။

"မဖွင့်သေးဘူးဗျ။ ညနေကျမှ ပြန်လာ.."..မဂ္ဂဇင်း ဖတ်နေရာကနေ မော့ကြည့်ရင်း ကျွန်မကိုတွေ့သွားတော့ သူ့စကား တစ်ဝက်တစ်ပျက်နဲ့ ရပ်သွား တယ်။ "ဟာ..ဆောရီး ဆောရီး။ မိန်းကလေးပဲ။ ဦးတို့ စခန်းက မိန်းကလေးတွေ လက်မခံဘူး သမီး။ ယောက်ျားလေးသီးသန့်လေ။ ယောက်ျားဖြစ်ရမယ်။ အသက် ၁၈ နှစ်ပြည့်ရမယ်"

"တည်းမလို့ မဟုတ်ပါဘူး။ ကျွန်မက ကျွန်မအဖေကို လာရှာတာပါ။ ကျွန်မအဖေက ရန်နာဒေးပါ။ ဦးက ဒီအဆောင်ရဲ့ မန်နေဂျာလား"

"ဟားဟား၊ ဟုတ်ပါ့။ မန်နေဂျာလည်း ဟုတ်တယ်။ စာရင်းကိုင်လည်း ဟုတ်တယ်။ တရားဟောဆရာလည်း လုပ်သေးတယ်။ သန့်ရှင်းရေးလည်း လုပ် တယ်"..သူက တံခါးကို ဆွဲဟပေးရင်း ပြောတယ်။ "အရက်ဖြတ်ထားတဲ့ လူလို့ ပြောလည်းရတယ်။ လောင်းကစားလည်း ဖြတ်ထားတယ်။ အလုပ်မရှိ အကိုင်မရှိ ဘဝကနေ ထူထူထောင်ထောင် ပြန်ဖြစ်လာတဲ့သူလို့ ပြောရင်လည်း ရသေးတယ်။ ဦးနာမည်က ဘာ့တ်နီလန်ပါ။ ဒီဒုက္ခသည်စခန်းက ဦးဖွင့်ထားတာပဲ။ လာလာ အထဲဝင် သမီး။ သမီးနာမည်က ဘယ်သူတုန်း"

အခန်းကျယ်ကြီးထဲမှာ ခုတင်တွေ အပြည့်တန်းစီထားတယ်။ ကြမ်းတိုက်

ဆေးနဲ့ တစ်ခန်းလုံး အပြည့် မွှန်ထူနေတယ်။ ဘာ့တ်နိုလန်က ခုတင်တွေ ကြားက နေပတ်ပြီး ကျွန်မကို အထဲ ခေါ်သွားတယ်။ ခုတင်ပေါ်ကမွေ့ရာတွေမှာ ညကအိပ်ထားတဲ့ အချိုင့်ရာတွေတောင် မပျောက်သေးဘူး။ ဘာ့တ်နိုလန်ရဲ့ ရုံးခန်းက တော်တော်လေး သေးတယ်။ သူ့ကိုယ်လုံးသေးသေးနဲ့ အတော်ပဲလို့ ပြောရမယ်။ ကျွန်မကိုယ်လုံးနဲ့လည်း အတော်ပဲ။ စားပွဲပိစိလေးတစ်လုံး။ ဖိုင်ထည့်တဲ့ ဗီရိုပုပုတစ်လုံး။ ခေါက်ထိုင်ခုံတွေ နံရံမှာ ထောင်ထားတယ်။ ထိုင်ခုံနှစ်ခုယူပြီး ကျွန်မတို့ ကိုယ်စီထိုင်လိုက်ကြတယ်။ မီးချောင်းမီးရောင်အောက်မှာ ဘာ့တ်နိုလန်ရဲ့ မျက်နှာပေါ်က ဝက်ခြံပေါက်တွေ အညိုကွက်တွေက ထင်းထင်းကြီးပေါ်လာတယ်။

"ဒီမဂ္ဂဇင်းဖတ်နေလို့ ကြောင်တောင်တောင် အဘိုးကြီးပါလားလို့ မထင်လိုက်နဲ့ဦး"..ဘာ့တန်နိုလန်က သူ့လက်ထဲက မဂ္ဂဇင်းကို ထောင်ပြတယ်။ "ဟိုတလောကပဲ ကြောင်တစ်ကောင် ဝယ်ပြီး မွေးထားတာ။ အရင်တုန်းက ကြောင်မမွေးဖူးဘူးလေ။ ဒါ ပထမဆုံးပဲ။ ကြောင်မွေးရင် စိတ်ချမ်းသာတယ်တဲ့။ ဟုတ်,မဟုတ်တော့ မသိဘူး ဦးမွေးထားတဲ့ ကြောင်ကတော့ အိပ်ရာတွေပေါ် သေးတက်ပေါက်တာကလွဲရင် ဘာမှ မလုပ်တတ်ဘူး"

"ကျွန်မမှာလည်း ကြောင်တစ်ကောင်ရှိတယ်"..ကျွန်မ ပြောလိုက်တယ်။ ရုတ်တရက် အိမ်ကကြောင်ကြီး ဘက်ခ်ကို အရမ်းသတိရသွားမိတယ်။ "ကြောင်တွေက ပုံမှန်ဆိုရင် အိပ်ရာပေါ်မှာ သေးမပေါက်ပါဘူး။ သူ့နေရာသူ မှတ်ပြီးပဲ အပေါ့အလေးသွားတာ။ အိပ်ရာပေါ်သေးပေါက်တယ်ဆိုတာ အဲဒီကြောင်က တစ်ခုခုကို မကျေမနပ်ဖြစ်နေလို့ပဲတဲ့"

"ဟုတ်လား.."

"ဟုတ်တယ်၊ ကြောင်မွေးရတာ အဲဒီလောက် မခက်ဘူးရှင့်"

"ဩော်.. အိုကေ။ ဒါနဲ့ သမီးက သမီးအဖေကို လာရှာတာ ဟုတ်လား။ ဟုတ်ပြီ..ဟုတ်ပြီ။ မှတ်မိပြီ.. သမီး ဒီကို ဖုန်းဆက်သေးတယ် မဟုတ်လား။ အေး.. သမီးအဖေ ရန်နာဒေးနော်။ အင်း..ရန်နာဒေး ဆိုတာကလည်း ဒီမှာလာနေကြတဲ့ တခြား အဘိုးကြီးတွေနဲ့ထူးမခြားနားပဲ။ သူ့ကို ဒီလိုဂရုတစိုက်လာကြည့်တဲ့ မိသားစု ရှိနေတာကို ဝမ်းသာရမှာ။ လာကြည့်ဖော်ရသေးတာကိုပဲ ကျေးဇူးတင်ရမှာ။ ဒီမှာ လာနေကြတဲ့ လူတွေ တော်တော်များများက လုပ်ချင်တာတွေလုပ်ခဲ့ပြီး နောက်ဆုံး ဘယ်သူမှ လက်မခံကြတော့လို့ ဒီရောက်လာကြတာလေ။ ပိုက်ဆံပြဿနာတွေများတယ်။ ပိုက်ဆံမရှိတဲ့ ပြဿနာ။ ပိုက်ဆံရှိတော့လည်း ရှိတာတွေအကုန်ကို သောက်

စား ပျော်ပါးပစ်တဲ့ ပြဿနာ။ အစုံပါပဲ။ သမီးအဖေက ရန်နာဒေးနော်.. အင်း"

"ဟုတ်တယ်။ ဒီမှာ ပြန်ရောက်နေပြီတဲ့.. ကျွန်မဆီကို စာပို့လာလို့"

"သမီးက သူ့ကို အိမ်ပြန်ခေါ်သွားချင်လို့လား"..ဘာ့တ်နိုလန်က မေး တယ်။ သူ့မျက်လုံးတွေက ဟာသတစ်ခု ပြောလိုက်သလို ရွှးပြီးကျုံ့ဝင်သွားတယ်။

"ဟို.. ပြန်ခေါ်ဖို့တော့ စိတ်ကူးမရှိသေးပါဘူး။ ဒီလိုပဲ သတင်းလာမေး တာပါ"

"ဟားဟား.. အိုကေ ဟုတ်ပြီ။ တမင်မေးကြည့်တာပါ။ ဒီကလူတွေကို သတင်းလာမေးတဲ့သူတွေက ခေါ်သွားမလားလို့ မေးလိုက်ရင် ခေါ်သွားချင်ပါတယ် လို့ ဖြေကြတယ်။ ပြီးရင် ဟုတ်တာလည်းမဟုတ်ဘူး"..ဘာ့တ်နိုလန်က ပြောရင်း သူ့လက်ချောင်းတွေသူ ပြန်နမ်းတယ်။ "ဦးက ဆေးလိပ်ဖြတ်ထားတာ ကြာလှပြီ။ ဒါပေမယ့် လက်မှာ စီးကရက်အနံ့က စွဲနေတုန်းပဲ။ မပျောက်ဘူး"

"အဖေ အခုဒီမှာရှိလား"

"မရှိဘူး။ ဒီမှာ အရက်သမားတွေ လက်မခံဘူး။ ရန်နာဒေးက ဒီတစ်ခါ နဲ့ဆို အရက်နိုးသောက်တာ သုံးခါရှိသွားပြီ။ ဒါကြောင့် မောင်းထုတ်လိုက်တာ"

"ဒါဆို အခု သူဘယ်ရောက်နေလဲဟင်"

"အင်း..ပုံမှန်ဆိုရင်တော့ သူတို့ ဘယ်ရောက်နေသလဲ ဘယ်မှာနေနေသလဲ ဆိုတာတွေ ဦးက ပြောပြလေ့မရှိဘူး။ လာစုံစမ်းတဲ့သူတွေက ဇာတ်လမ်းအစုံပဲလေ။ ဒီတော့ ပြောမပြတာ အကောင်းဆုံးပဲ။ ဒါပေမယ့် သမီးကိုကြည့်ရတာတော့ လူ ကောင်းနဲ့ တူပါတယ်။ ဒါကြောင့်.."

"ဘာ့တ်ရေ။ ဘာ့တ်နိုလန် ဟော့လူ"..အပြင်ဘက်က ရှူးရှူးဝါးဝါးအော် လိုက်တဲ့ အသံတစ်သံ။

"အာ..လုပ်ပြန်ပြီ။ မကြားချင်ယောင်ဆောင်နေလိုက်သမီး။ စောစောစီးစီး အဆောင်ထဲဝင်အိပ်ချင်တဲ့လူပါ။ ဒီကပဲ။ ဒီမှာစည်းကမ်းတစ်ခုရှိတယ်။ အချိန်မတန် သေးခင် အထဲပေးမဝင်နဲ့။ အချိန်လွန်သွားရင်လည်း အထဲပေးမဝင်နဲ့"

ဘာ့တ်နိုလန်က ပြောနေရင်းနဲ့ စကားကိုဖြတ်ချလိုက်တယ်။ ဘာဆက်ပြော ရမလဲ မေ့သွားတယ်ထင်တယ်။ ကျွန်မကို ကြည့်နေတယ်။

"ကျွန်မက လူကောင်းနဲ့တူတယ်..တဲ့ ဦးခုနကပဲ ပြောလိုက်တယ်။ အဲ တော့ ကျွန်မကို ဘယ်လို ကူညီပေးမှာလဲ.."

"ဘယ်လို"

"စောစောကပဲ ဦးပြောတာလေ။ အဖေ့ကို တွေ့အောင် ကူရှာပေးမယ်ဆို"

"ဩော်..အေး ဟုတ်သားပဲ။ ဦးကို စာရေးပေးခဲ့လေ။ ရန်နာ့ကိုတွေ့ရင် ပေးပေးမယ်လေ"

"အာ..အဲဒီလို လုပ်ပြီးပြီလေ။ ဦးကို မှာခဲ့ဆိုလို့ ဖုန်းထဲမှာ မှာခဲ့ပြီးပြီ လေ။ အခု အဖေ့ကို အမြန်တွေ့မှဖြစ်မှာမို့လို့ ကူညီပါ။ တောင်းပန်ပါတယ်"..

ကျွန်မစိတ်တိုချင်လာတယ်။ ထိုင်ခုံပေါ်ကနေ ဝုန်းခနဲ ခုန်ထလိုက်ချင်စိတ်ကိုမနည်း ထိန်းထားရတယ်။ ကျွန်မ အခုလို တစ်ခုခုဆိုရင် ကမူးရှူးထိုး ဖြစ်ချင်လာတာ ရန်နာဒေးရဲ့ သွေးပါလို့ ဖြစ်မယ်။

ဘာ့တ်နီလန်က သူ့ရှေ့ စားပွဲပေါ်မှာတင်ထားတဲ့ ပလက်စတစ်ရုပ်ထုတစ်ခု ကို လက်ထဲမှာကိုင်ပြီး ဟိုကြည့် ဒီကြည့်လုပ်နေတယ်။ ဘာအရုပ်လဲတော့ ကျွန်မ သေချာမပြောတတ်ဘူး။ လက်နှစ်ဘက်ဖြန့်ထားတဲ့ အဘိုးကြီးအရုပ်ပဲ။ အောက်ခြေ အခံပြားမှာ ရေးထားတဲ့ စာကို ကျွန်မ ထိုင်နေရာကနေ မမြင်ရဘူး။ ဘာ့တ်နီလန် ကတော့ အဲဒီအရုပ်ကို ကိုင်ကြည့်နေရင်း စိတ်ငြိမ်အောင် ကြိုးစားနေပုံပဲ။ အရုပ်ကို ပြန်ချတယ်။ သက်ပြင်းအရှည်ကြီး တစ်ချက်ချတယ်။

"ဟုတ်ပြီလေ..ဟုတ်ပြီ။ ရန်နာဒေးက လစ်ဂျာဝုဒ်ဘက်မှာ ရောက်နေ တယ်။ ဦးအသိတစ်ယောက် သူ့ကို မနေ့ကပဲ အဲဒီမှာ တွေ့လိုက်တယ်တဲ့။ ကူနီ.. ဆိုတဲ့ အရက်ဆိုင်ရှေ့မှာ တွေ့လိုက်တာ။ သွားတွေ့ချင်ရင် အဲဒီဆိုင်မှာ သွားရှာ ကြည့်ပေါ့။ သိပ်တော့ မျှော်လင့်မထားနဲ့။ စိတ်ညစ်စရာတွေပဲတွေ့မှာသေချာတယ်"

"ဘာကို စိတ်ညစ်ရမှာလဲ"

"သမီးရောက်သွားရင် သိပါလိမ့်မယ်"

...

ကျွန်မကို တံခါးဝဆီ ပြန်လိုက်ပို့ဖို့ ဘာ့တ်နီလန်က ထိုင်ခုံကနေထတယ်။ သူထထွက်သွားတာနဲ့ ကျွန်မရဲ့ သူခိုးလက်တွေက သူ့စားပွဲပေါ်က ရုပ်တုကိုဝုစ်ကနဲ ကောက်ကိုင်ပြီး အိတ်ထဲထည့်ဖို့ ပြင်နေပြီ။ ဒါပေမယ့် စိတ်ကိုထိန်းလိုက်ပါတယ်။ အရုပ်ကို ပြန်ချပြီး သူ့ခဲတံတစ်ချောင်းနဲ့ မြေပဲစေ့တစ်ထုပ်ကိုပဲ ကောက်ထည့်လိုက် တယ်။ ကျွန်မ တိုးတက်လာတယ်လို့ ပြောရမယ်။ ကူနီ..ဆိုတဲ့အရက်ဆိုင်ရှိရာကို အားမောင်းသွားတော့ ခဲတံနဲ့ မြေပဲထုပ်က ဘေးခုံပေါ်မှာ တလှုပ်လှုပ်နဲ့ပါလာတယ်။

ကူနီအရက်ဆိုင်ကတော့ ကောင်းဘွိုင်ခေတ်ပုံစံ ဆောက်မထားဘူး။ အခု ခေတ်ပုံစံနဲ့ပဲ စုတ်ပြတ်နေတယ်။ အရက်ဆိုင်တံခါးကို ဖွင့်လိုက်တော့ အထဲမှာထိုင်

နေတဲ့ ယောက်ျားတွေရဲ့ မျက်လုံးအစုံတွေ ကျွန်မဆီကို ဒိုင်းခနဲ ရောက်လာတယ်။ သူတို့ထဲက တစ်ယောက်က ပိုင်ရှင်လားမသိဘူး။ ဘားကောင်တာနောက်မှာ ရပ်နေတာပဲ။ ဘီယာတစ်ခွက် ပေးပါ..လို့ ကျွန်မ မှာလိုက်တော့ ဆိုင်ရှင်နဲ့တူတဲ့လူက ကျွန်မကို ကားလိုင်စင် ပြခိုင်းတယ်။ အသက်ပြည့်မပြည့် စစ်တာ။ ကားလိုင်စင်ကို မီးရောင်အောက်မှာ သေချာထောင်ကြည့်တယ်။ အတုမဟုတ်ဘူးဆိုတာ သေချာမှ အင်း..ဆိုပြီး ဘီယာတစ်ခွက် ချပေးတယ်။ ဘီယာကို တစ်ငုံချင်းသောက်ပြီး ကျွန်မ ခဏထိုင်နေလိုက်တယ်။ တော်တော်ကြာမှ စကားစလိုက်တယ်။ ရန်နာဒေး..ဆိုတဲ့ နာမည် ကျွန်မ ပါးစပ်ကထွက်လာတာနဲ့ ဘားထဲမှာ ချက်ချင်းဆူညံသွားတယ်။

"အဲဒီ ရန်နာဒေးဆိုတဲ့ကောင် ငါ့ဆီကနေ ဘီယာသုံးဖာ ခိုးသွားတယ်".. ဆိုင်ရှင်က ဒေါသတကြီးနဲ့ ပြောတယ်။ "နေ့ခင်းကြောင်တောင်ကြီး ဆိုင်နောက်ဖေးကို လှည့်ဝင်ပြီး မ,သွားတာလေ။ သူ့ထရပ်ကားပေါ် တင်သွားတာ။ တော်တော်အတင့်ရဲတဲ့ကောင်။ ငါ အရက် အလကားတိုက်ထားတာတွေကိုမှ မထောက်"

ကျွန်မနဲ့ နှစ်ခုံကျော်မှာထိုင်နေတဲ့ သက်လတ်ပိုင်းလူတစ်ယောက်ကကျွန်မ လက်မောင်းကို ဖတ်ခနဲ လှမ်းဆွဲတယ်။ "နင့်အဖေ ရန်နာဒေး ငါ့ဆီမှာ ဒေါ်လာ ၂၀၀ အကြွေးတင်နေတယ်။ နားလည်လား။ ငါ့မြက်ရိတ်စက်ကိုလည်း ပြန်လိုချင်တယ်လို့ တွေ့ရင် ပြောလိုက်။ ငါသူ့ကို လိုက်ရှာနေတယ်ဆိုတာလည်း သိအောင် ပြောပြလိုက်စမ်း"

"ရန်နာဒေးဘယ်မှာလဲဆိုတာ ငါသိတယ်"..မုတ်ဆိတ်မွေးအရှည်ကြီးနဲ့ ပိန်ညှောင်ညှောင် အဘိုးကြီးတစ်ယောက်က အော်ပြောတယ်။

"ဘယ်မှာလဲ"..ဘားထဲကလူတွေအကုန် အဘိုးကြီးဘက်ကို လှည့်ပြီး တစ်ပြိုင်တည်း တစ်သံတည်း မေးလိုက်ကြတယ်။

"စွန့်ပစ်နယ်မြေဘက်မှာ.. အိမ်ရာမဲ့တွေ စုနေတဲ့ နေရာတွေရှိတယ်မဟုတ်လား။ ဒီကောင်လည်း အဲဒီရောက်နေတာ သေချာတယ်။ အဲဒီနေရာကို မြင်ဖူးအောင် တမင်သက်သက် သွားတောင် ကြည့်သင့်တယ်။ တဲစုတ်တွေအများကြီးပဲ"

"စွန့်ပစ်နယ်မြေပါဆိုမှ လူဘယ်လိုနေမှာလဲ၊ မဖြစ်နိုင်တာ"..ဆိုင်ရှင်က စိတ်တိုတိုနဲ့ မေးတယ်။

"စွန့်ပစ်နယ်မြေဆိုတော့ ကျူးကျော်ဆိုပြီး အဖမ်းမခံရတော့ဘူးလေ".. အဘိုးကြီးက ပြန်ဖြေတယ်။

အားလုံးက မရယ်ချင့်ရယ်ချင် ရယ်လိုက်ကြတယ်။

“အဲဒီဘက်က လူသွားလို့တောင် ရရဲ့လား..။ ဓာတုပစ္စည်းတွေ ပစ်ထားတာဆို”..ကျွန်မ မေးလိုက်တယ်။ အဆိပ်အလူးလူးနဲ့ တိုင်ကီတွေ..စိမ့်ထွက်ယိုစီးနေတဲ့ အစိမ်းရောင် အပျစ်အချွဲတွေကို မျက်လုံးထဲမှာ မြင်လာမိတယ်။

“ရပါတယ်။ အဲဒီက တွင်းရေတွေဘာတွေတော့ မသောက်မိစေနဲ့ပေါ့”

ကျွန်မ နားမလည်သလို မျက်ခုံးပင့်လိုက်တယ်။

“အဲဒီ စွန့်ပစ်နယ်မြေရဲ့ မြေကြီးထဲမှာ အာဆင်းနစ် အဆိပ်တွေ စိမ့်ဝင်နေတာ။ ဟိုးအရင်တုန်းက နံ့ကောင်သတ်ဆေးတွေ ပစ်တဲ့နေရာလေ”

“အခုတော့ အဆိပ်တွေအပြင် အောက်တန်းစားတွေပါ ရောက်နေကြပြီ”..ဆိုင်ရှင်က ခါးခါးသီးသီးလေသံနဲ့ ပြောလိုက်တယ်။

+++

# ဘန်ဒေး

**၁၉၈၅၊ ဇန်နဝါရီ (၂) ရက်**

**ည ၈ နာရီ ၃၈ မိနစ်**

ထရေးရဲ့ကားနဲ့ မြို့ထဲဘက်ကိုသွားနေရင်း အပြင်မှာ နှင်းတွေပိုသည်းလာ တယ်။ ဘန် အခုမှ သတိရသွားတယ်။ သူ့စက်ဘီးကို ဂိုဒေါင်နားမှာ ထားခဲ့တာပဲ၊ အခု ရှိတောင်ရှိပါတော့မလား။ တစ်ယောက်ယောက် ယူသွားပြီလား။ "ဟေး"..ဘန် အလန့်တကြား ထအော်လိုက်တယ်။ ထရေးနဲ့ဒီယွန်ဒရာက ရှေ့ခန်းမှာထိုင်ရင်း စကားပြောနေကြတယ်။ ကားရေဒီယိုကနေ လာနေတဲ့ သီချင်းသံကြောင့် သူတို့ ဘာတွေပြောနေသလဲတော့ ဘန် သေချာမကြားရဘူး။ "ဟေး.. ငါ့စက်ဘီးကျန်ခဲ့ ပြီ။ ဂိုဒေါင်နားမှာ မေ့ထားခဲ့တာ။ အဲဒီဘက် ခဏလှည့်ဝင်ပေးလို့ရမလား"

ထရေးနဲ့ ဒီယွန်ဒရာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြတယ်။

"ဟင့်အင်း"..ဒီယွန်ဒရာက ပြုံးပြီး ဖြေတယ်။ ပြီးတော့ နှစ်ယောက်သား တဟားဟားရယ်ကြတယ်။ ဘန်ထပ်ပြောလိုက်တယ်။ "တကယ်ပြောနေတာ။ ငါ့ စက်ဘီး ပြန်ယူပါရစေ"

"ထားလိုက်တော့ ဟောကောင်..။ အခုလောက်ဆို မရှိလောက်တော့ဘူး။ ပါသွားလောက်ပြီ"..ထရေးက ပြောတယ်။ "အဲဒီနေရာမှာ ဘာပစ္စည်းမှထားခဲ့လို့ မရဘူးဆိုတာ မင်းမသိဘူးလား"

မြို့လယ်ကောင်မှာရှိတဲ့ ဘူးဟာ့ဒ်လမ်းကိုရောက်တော့ ဆိုင်တွေအကုန်လုံး ညအမှောင်ထဲမှာ အိပ်ပိုက်ငြိမ်သက်နေတယ်။ ဘာမှထူးထူးခြားခြားမရှိ။ ဟမ်ဘာဂါ ဆိုင်ရဲ့ ဆိုင်းဘုတ်ဝါဝါက အမှောင်ထဲမှာ တောက်ပြီးလင်းနေတယ်။ စတိုးဆိုင်တွေ တော်တော်များများကတော့ မှောင်မည်းနေတယ်။ ဖွင့်နေသလား၊ ပိတ်ထားသလား တောင် မသေချာဘူး။ အရက်ဆိုင်ကလည်း အပြင်ကနေ ကြည့်လိုက်ရင် ပိတ်ထား

သယောင်။ အထဲမှာ မှိန်မှိန်လေးလင်းနေတဲ့ အလင်းရောင်ကို ပြတင်းပေါက်မှန်ကနေ မြင်နေရလို့သာ ဆိုင်ဖွင့်မှန်း သိရတယ်။ ဝင်ပေါက်တံခါးကလည်း အပိတ်ဆိုတော့ အထဲကို မမြင်ရ။

ဆိုင်ရှေ့တည့်တည့်မှာ ကားကို ရပ်လိုက်တယ်။ ဒီယွန်ဒရာက လက်ထဲမှာ ကိုင်ထားတဲ့ ဘီယာဘူးကို ကုန်အောင်သောက်တယ်။ ထရေးက ဒီယွန်ဒရာ့ဘီယာဘူးကို ဆွဲယူပြီး အပြတ်ဖြတ်ပေးလိုက်တယ်။ ပလက်ဖောင်းမှာ မတ်တတ်ရပ်နေတဲ့ အသက်ကြီးကြီး လူတစ်ယောက်။ မျက်နှာတစ်ခုလုံး အရေးအကြောင်းတွေ ဗရပွနဲ့ အိုတွန့်လို့။ ကားဘက်ကို မျက်မှောင်ကြုတ်ပြီး တစ်ချက်ကြည့်တယ်။ ပြီးတော့မှ ဘားထဲကို ဝင်သွားတယ်။

"ကဲ..အထဲဝင်ကြစို့" ..ထရေးကပြောရင်း ထရပ်ကားထဲကနေ ထွက်တယ်။ ဘန်က ဆင်းလိုက်မလာသေးဘဲ နောက်ခန်းမှာ တွေပြီး ထိုင်နေတာကိုတွေ့တော့ ထရေးက ကားထဲခေါင်းပြန်ဝင်လာတယ်။ ဘန့်ကို ပြုံးပြတယ်။ "ဘာတွေ စိတ်ပူနေတာတုန်း။ လာစမ်းပါဟ။ ငါတစ်ယောက်လုံး ပါနေတာပဲ။ ဒီဘားမှာ ငါ အမြဲသောက်နေကျ။ ဘာတွေ ကြောက်နေတာလဲ။ ကိုယ့်အဖေကိုယ် လာတွေ့တာပဲ ကြောက်စရာမရှိပါဘူးကွ"

ဒီယွန်ဒရာက သူ့ဆံပင် လိမ်လိမ်ကောက်ကောက် အဖျားကို လက်ညှိုးနဲ့ ဆွဲလိမ်နေတယ်။ ဘန်နဲ့ ဒီယွန်ဒရာ ထရေးနောက်ကနေ လိုက်ဆင်းသွားကြတယ်။ ဒီယွန်ဒရာက နှုတ်ခမ်းကို စူထားတယ်။ မျက်လုံးတွေကို မှေးထားတယ်။ ဓာတ်ပုံ ရိုက်ခါနီး အိုက်တင်ပေးတဲ့ ပုံစံမျိုး။ ဒီယွန်ဒရာ့ ဘေးကနေ လိုက်ရတာ ဘန့်မှာ နွံ့တဲ့တဲ့နဲ့ မဝံ့မရဲဖြစ်နေတယ်။ ခြေထောက်ကို မနည်းအားစိုက်ပြီး လှမ်းနေရတယ်။

ဘားထဲကိုဝင်လိုက်တာနဲ့ မှိုင်းတိုက်ထားသလို အုပ်ခဲနေတဲ့ ဆေးလိပ်ငွေ့တွေကြောင့် ဘန် ချောင်းတဟွတ်ဟွတ် ဆိုးသွားတယ်။ ဒီယွန်ဒရာကတော့ စီးကရက် တစ်လိပ်ကို မီးညှိပြီး ရှိုက်နေပြီ။ ထရေးကိုမြင်တာနဲ့ ဘားထဲကလူတစ်ယောက် ခပ်သွက်သွက် လျှောက်လာတယ်။ ပုံစံက ပျာယာခတ်နေတယ်။ ခေါင်းကိုငုံ့ထားတယ်။ ထရေးနားကိုရောက်တော့ နားနားကိုကပ်ပြီး တိုးတိုးပြောတယ်။ ထရေးက ခေါင်းတဆတ်ဆတ် ညိတ်တယ်။ စိတ်ပူသလိုလို စိတ်မကောင်းသလို အမူအရာနဲ့ တကျွတ်ကျွတ် စုတ်သပ်တယ်။ ဘန့်စိတ်ထဲမှာ ထင်လိုက်တာက အဲဒီဘဲက ဆိုင်မန်နေဂျာလားမသိဘူး.. သူတို့ကို အသက်မပြည့်ဘဲ ဝင်လာလို့ မောင်းထုတ်တော့မှာလားပေါ့။ ဒီယွန်ဒရာကတော့ မိတ်ကပ်အပြည့်နဲ့ဆိုတော့ အသက်ပြည့်ပြီးသူလို

လို ထင်ရပေမယ့် ဘန်က ကျောင်းသားအရွယ်မှန်း သိသာလွန်းနေတယ်လေ။ ဒါ
ပေမယ့် ဘန်ထင်သလို မဟုတ်ပါဘူး။ ထရေးက စောစောကလူရဲ့ ပခုံးကိုလက်နဲ့
အသာသပ်တယ်။ "နောက်ကတော့ လိုက်မလာချင်ဘူးနော် ဘဲကြီး" ဆိုပြီး ပြော
တယ်။ ဟိုလူက အားရပါးရပြုံးပြီး ပြန်ပြောတယ်။ "အာ.. မဟုတ်ပါဘူး။ လိုက်
မရှာရပါဘူး။ စိတ်ချပါ။ စိတ်မပူနဲ့..ဆက်ဆက်ပေးပါ့မယ်"..တဲ့။ "တနင်္ဂနွေနေ့
နော်"..တဲ့၊ ထရေးက အဲဒီလူကို သတိပေးတယ်။ ပြီးတော့မှ ဘားကောင်တာရှိရာ
ဆီကို ဆက်လျှောက်သွားတယ်။ ဘီယာသုံးခွက်နဲ့ ရှော့ခွက် တစ်ခွက်မှာတယ်။
ရှော့ခွက်ကို တစ်ငုံတည်းနဲ့ ကျိုက်ချလိုက်တယ်။

ဘားကောင်တာနောက်ကလူက အသက်ကြီးကြီး ဆံပင်ဖြူဖြူ ဝဝဖိုင့်ဖိုင့်ပဲ။
ရယ်တော့ရယ်ရတယ်.. ဒီလိုလူတွေကို ကြည့်လိုက်ရင် ဒီပုံစံတွေချည်းပဲ။ ဘာလို့
လဲတော့မသိ။ မျက်နှာမှာ မှတ်မိစရာ ဘာမှမကျန်တော့အောင် ခဲဖျက်နဲ့ တိုက်ဖျက်
ထား ခံထားရသလို ရိုးရိုးတုံးတုံး မျက်နှာတွေ။ ကောင်တာကလူက ဘန်နဲ့ဒီယွန်ဒရာ
ကို တစ်ချက်လှမ်းကြည့်တယ်။ *ငါသိတယ်နော်..မင်းတို့လည်း ငါသိတာကိုသိတယ်*
*မဟုတ်လား.. ဒါပေမယ့် အဆင်ပြေအောင်လုပ်ပေးလိုက်မယ်*..ဆိုတဲ့ အကြည့်မျိုး။
ဘန်တို့ရှေ့ကို ဘီယာနှစ်ခွက် ချပေးတယ်။ ဘန် ဘီယာခွက်ကို လှမ်းယူလိုက်တယ်။
ဘားဘက်ကို ကျောခိုင်းပြီး ဒီဘက်ကို လှည့်လိုက်တယ်။ ဘာမှမဖြစ်သလိုပုံစံမျိုး
ဒီလိုနေရာမှာ ဒီလိုဘီယာသောက်နေကျပါ..ဆိုတဲ့ စတိုင်မျိုးဖြစ်အောင် မျက်နှာကို
ခပ်ပြေပြေပဲထားပြီး ဘီယာကို မော့သောက်လိုက်တယ်။ ထရေးက ဘန့်ကို မသိ
မသာ အကဲခတ်နေတယ်။ ဘယ်တော့ ဘာထပ်လျှောက်ဦးမလဲ မသိ။

"ဟိုမှာ..တွေ့ပြီ..တွေ့ပြီ ရန်နာဒေး"..ဒီယွန်ဒရာက ဘန့်ကိုလှမ်းပြော
တယ်။ ရန်နာ..ဆိုတဲ့နာမည်ကို ဒီယွန့်ဒရာ့ပါးစပ်က ဘာလို့ ဒီလောက်တရင်းတနှီး
ပြောနေတာလဲ..။ ထရေးက လှမ်းအော်တယ်။ "ဟေး..ဟော့လူ၊ လာပါဦးဗျဒီကို"၊
ရန်နာဒေးရဲ့ ပုံစံက စောစောက ထရေးနဲ့စကားပြောတဲ့ သူလိုပဲ ပျာယီးပျာယာနဲ့
စိတ်ပူသလိုလို ပုံစံဖြစ်သွားတယ်။

ရန်နာဒေးက ဘောင်းဘီအိတ်ထဲကို လက်နှစ်ဘက်ထည့်ရင်း ဟိုကွေ့ဒီပတ်
နဲ့ ထရေးဆီကို လျှောက်လာတယ်။ မျက်လုံးတွေက ပြူးပြီး ဝါထိန်နေတယ်။

"ထရေး.. ညီလေး၊ ငါ့မှာ မရှိသေးဘူးကွာ၊ ဆောရီး။ ရမလားလို့ဒီမှာ
လိုက်ရှာသေးတယ်။ ဒါပေမယ့် လုံးဝ အဆင်မပြေဘူး ဖြစ်နေတယ်။ မင်းကိုလာရှာ
ပြီး ပြောပြမလို့ပဲ။ ငါလည်း အခုမှ ဒီကိုရောက်တာ။ ပိုက်ဆံတော့ မပေးနိုင်သေး

ဘူး။ ငါ့ဆီက ဆေးခြောက်နည်းနည်း အစားယူ..''

''ဒီမှာ ဒီယွန်ဒရာ့ကိုလည်း နှုတ်ဆက်လိုက်ဦးလေ''..ထရေးကဖြတ်ပြောတယ်။

ရန်နာ ကြောင်ခနဲ ဖြစ်သွားတယ်။ ပြီးတော့မှ ပြုံးဖြီးဖြီးနဲ့..''ဟာ ဟုတ်သားပဲ။ ဒီယွန်ဒရာ.. ဟားဟား။ နေကောင်းလား။ ငါတော်တော် မူးနေပြီထင်တယ်၊ နင့်ကို လုံးဝမတွေ့ဘူး''..ရန်နာဒေးက မျက်လုံးကိုတစ်ဘက်မှိတ်ပြီး သေချာကြည့်ချင်ယောင်ဆောင်တယ်။ ခြေဖျားကို ထောက်တယ်။ ''ငါလည်း စိတ်ညစ်ညစ်နဲ့ စွတ်သောက်နေတာ မျက်လုံးတွေပါ ဝါးနေပြီဟေ့''

''ဟေ့လူ၊ ဒီယွန်ဒရာ့ဘေးမှာ ဘယ်သူလဲ ကြည့်လိုက်ပါဦး''..ထရေးက ပြောတယ်။ ဘန် ရန်နာဒေးကို သေချာ မျက်နှာချင်းမဆိုင်ရသေးဘူး။ အဖေ..လို့ ခေါ်လိုက်ရမလား။ ဘာပြောရမလဲ။ ဘာလုပ်ရမှန်းမသိတာနဲ့ ဘန် ဒီအတိုင်းပဲရပ်နေလိုက်တယ်။

အရက်ဘားရဲ့ မီးရောင်မှိန်မှိန်အောက်မှာ ရန်နာဒေး ဘန့်ကို သေချာကြည့်တယ်။ မမှတ်မိဘူး။

''အေး..ဟဲလို''..ရန်နာက ဘန့်ကို ပြောပြီးတာနဲ့ ထရေးဘက်ကိုပြန်လှည့်တယ်။ ''ထရေး၊ သူကဘယ်သူလဲ။မင်းညီဝမ်းကွဲလား။ ငါ့မျက်လုံးကသိပ်ကောင်းတာမဟုတ်ဘူး။ ညဘက်ဆို ပိုဆိုးတယ်။ ကြက်မျက်စိလိုပဲ... မျက်မှန်တပ်ရမှာကွာ..အဲဒါ..''

''ဟားဟား စောက်ပြဿနာပဲ''..ထရေးက ရယ်နေသေးပေမယ့် မျက်နှာကတော့ စိတ်ဆိုးစ ပြုလာပြီ။ ''ဟေ့လူ.. ချီးထုပ် လုပ်မနေနဲ့..။ သေချာကြည့်ဦး ဘယ်သူလဲဆိုတာ''။ ဘန် သူ့ကိုယ်သူ ဘယ်လိုနေပြရမလဲ မသေချာဘူး။ ရန်နာ မှတ်မိအောင် ဘယ်လို ကိုယ်ထင်ပြရမလဲ။ ဘန် ဒီအတိုင်းပဲ တောင့်တောင့်ကြီး ရပ်နေမိတယ်။ ဘားနောက်က မှန်မှာပေါ်နေတဲ့ သူ့ကိုယ်သူ ပြန်ကြည့်တယ်။ ဆံပင်နက်နက်တွေက ခေါင်းပေါ်မှာ အပုံလိုက် ခွေကျနေတယ်။ ရန်နာက ဘန့်ဆီကို တစ်လှမ်းချင်း တိုးလာတယ်။ ဘန်နဲ့ ခလုတ်တိုက်လုနီးနီး ဖြစ်သွားတော့မှ နှစ်ယောက်သား မျက်လုံးချင်း ဆိုင်မိသွားတယ်။ ရန်နာလန့်ပြီး ဟာခနဲဖြစ်သွားတယ်။ ''ဆံပင်က အနက်ရောင်ဖြစ်နေတာကိုး''တဲ့..ကတုန်ကယင်နဲ့ ပြောတယ်။

''ကိုယ့်သားအရင်းကိုတောင် မမှတ်မိဘူးလားဗျ''..ထရေးကပြောတယ်။

''ဟုတ်တယ် ဟုတ်တယ်။ ငါ့သား။ ဟေး..ဘန်။ မမှတ်မိတာ ငါ့အပြစ်

တော့ မဟုတ်ဘူးလေကွာ။ ဆံပင်က အနီရောင်မှ မဟုတ်ဘဲ၊ အမည်းဖြစ်နေတာကိုး။ မင်းနဲ့ ထရေးနဲ့ ခင်တာလား။ ဟုတ်လား"

ဘာန် ပခုံးတွန့်လိုက်တယ်။ ရန်နာက ဘာန့်အနားကနေ ပြန်ခွာသွားတယ်။ ထရေးဆီမှာ ရန်နာဒေး အကြွေးဘယ်လောက်တောင် တင်နေသလဲ။ အခုဟာက ဘာန့်ကို ခေါ်လာပြပြီး၊ စားစာခံလုပ်ပြီး သူ့အဖေဆီက ပိုက်ဆံလာတောင်းသလိုဖြစ်မနေဘူးလား။ တကယ်က ဘာန့်ကို စားစာခံလုပ်လည်း ဘာန့်အဖေက အဖက်လုပ်မှာ မဟုတ်ပါဘူး။

"ကျုပ်နားမလည်တာ တစ်ခုရှိတယ်ဗျ သိလား ရန်နာ" ..ထရေးကဘား ထဲက သီချင်းသံကိုကျော်အောင် အသံကိုမြှင့်ပြီးပြောတယ်။ "ခင်ဗျားမှာ ပိုက်ဆံ မရှိဘူးတဲ့.. ခင်ဗျားကပြောတယ်။ ခင်ဗျားရဲ့သား ဘာန်ဒေးကလည်း သူ့အဖေရန်နာ ဒေးမှာ ပိုက်ဆံမရှိဘူးတဲ့ ..ပြောပြန်တယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ တစ်ပတ်တုန်းကပဲ ခင်ဗျားဆီမှာ ဆေးခြောက်တွေ အထုပ်လိုက်ရှိနေတာ ကျုပ်တို့တွေ့လိုက်တာပဲ"

"အကောင်းစားမဟုတ်ပါဘူးကွာ။ အပေါစားတွေပါ" ..ရန်နာက ထရေး ဘက်ကို လုံးဝလှည့်ပြီး ပြန်ဖြေတယ်။ ဘာန့်ဘက်ကို တစ်ချက်တစ်ချက် လှည့်ကြည့် တယ်။ ထရေးကို အခန်း အလယ်ကောင်ကို မသိမသာ တွန်းထုတ်သွားဖို့ ကြိုးစား တယ်။ ထရေးက တုပ်တုပ်မျှမလှုပ်ဘူး။ သူ့အနားကိုကပ်လာတဲ့ ရန်နာ့ကို တွန်း ထုတ်တယ်။ "သွားစမ်းပါဗျ။ ဘာကိစ္စအနားကပ်လာတာလဲ"။ ရန်နာ နောက်ကို လန့်ထွက်သွားတယ်။

"အပေါစားဆိုပေမယ့် ခင်ဗျားရောင်းနေတဲ့ ဈေးက အပေါစားဈေးမှမဟုတ် တာ။ ဈေးအဆမတန် တင်ထားတာ ကျုပ်သိနေတာပဲ"

"မင်းကိုတော့ ငါ အလကားပေးပါတယ်ကွာ။ ဈေးမတင်ပါဘူး"

"အလကားပေးတာ ဟုတ်လား။ အလကားမပေးလို့လည်း ရမလားဗျ။ ခင်ဗျား ကျုပ်ဆီမှာ အကြွေးတွေအများကြီး တင်နေတာလေ။ ထားလိုက်တော့၊ အဲဒီဆေးခြောက်တွေကို တစ်ထုပ် ၂၀ နဲ့ ရောင်းနေတာ ကျုပ်သိတယ်။ ဘယ်မှာလဲ အဲဒီပိုက်ဆံတွေ။ မိန်းမကိုအပ်ထားတာလား"

"မိန်းမ မဟုတ်ပါဘူးကွ။ အရင်မိန်းမပါ" ..ရန်နာကကြောက်လန့်တကြား ငြင်းတယ်။ "အဲဒီမိန်းမကို ပိုက်ဆံအပ်ဖို့ နေနေသာသာ ငါရစရာရှိတာကိုတောင် ပြန်တောင်းနေရတာ။ ပက်တီ့ဆီမှာ ပိုက်ဆံရှိတာ ငါသိတယ်။ ဟိုးအရင်ငါနဲ့မကွဲ ခင်ကတည်းက အဲဒီကောင်မက ပိုက်ဆံတွေကို ဟိုနားဖွက် ဒီနားဖွက်လုပ်တတ်တဲ့

အကျင့်ရှိတယ်။ စိုက်ခင်းပေါ်တဲ့အချိန်ဆို ပိုက်ဆံတွေကို ရာနဲ့ချီပြီး ဖွက်ထားတာ ကွာ‥နေရာတကာပဲ။ တစ်ခါတုန်းက သူ့အတွင်းခံထဲမှာ ဒေါ်လာ ၂၀၀ ထည့်ဖွက်ထားတာ မိလိုက်သေးတယ်။ ဒီနေ့တောင် သွားတောင်းသေးတယ်။ ရမလာခဲ့ဘူး။ နောက်တစ်ခေါက် ထပ်သွားရင်တောင် ကောင်းမလားမသိဘူး”‥ရန်နာကပြောနေရင်း ဘန့်ဘက်ကို လှမ်းကြည့်တယ်။ ဘန်က သူ့အဖေပြောနေတာတွေကို မကြားချင်ယောင် ဆောင်ပြီး ဒီယွန်ဒရာ့ ဆံပင်အခွေအလိပ်တွေကို ကိုင်ဆော့နေတယ်။

“ဟော့ကောင်၊ ညီလေး‥ ထရေး။ စကားဆက်ပြောချင်ရင် ဟိုဘက်မှာ လွတ်လွတ်လပ်လပ် ဆက်ပြောကြမယ်လေကွာ”‥ရန်နာက အခန်းထောင့်မှာရှိတဲ့ ဘီလီယက်ခုံဘက်ကို မေးငေါ့ပြတယ်။ ခပ်ထွားထွား လူသုံးယောက် ဘီလီယက်ထိုးနေကြတယ်။ အဲဒီအထဲက အထွားဆုံး အရုပ်အရည်ဆုံးလူက ရန်နာတို့ဘက်ကို လှမ်းကြည့်တယ်။ အသက်ခပ်ကြီးကြီးပဲ။ ဆံပင်တွေက ဖြူဆွတ်နေပြီ။ သူ့ လက်မောင်းမှာ စစ်သားတက်တူးတွေအပြည့်နဲ့။

“ကျွန်တော့်ရှေ့မှာပြောလည်း ရပါတယ်။ ဘာမှမဖြစ်ပါဘူး”‥ ပြောချင်ရာပြော ငါ‥ဂရုမစိုက်ဘူးဆိုတဲ့ လေသံနဲ့ ဘန်ဝင် ပြောလိုက်တယ်။

“ခင်ဗျားသားကလည်း ခင်ဗျားဆီက ပိုက်ဆံလိုနေတာဗျ။ ကျုပ်လိုတာထက်တောင် သူက ပိုလိုနေတာ”‥ထရေးက ပြောတယ်။

ရန်နာဒေးက ထရေးရှေ့မှာ ဝပ်ဝပ်လေး မတ်တပ်ရပ်နေရာကနေ ဘန့်ဆီကို လှည့်ပြီး လျှောက်လာတယ်။ ဘန့်နားကိုရောက်တော့ ကိုယ်ကို မတ်လိုက်တယ်။ ဘန့်အရပ်က ရန်နာဒေးထက်တောင် ရှည်ချင်နေပြီ။ ၅ ပေ ၆ လက်မ လောက်တောင် ရှိနေမလားပဲ။

“ဟော့ကောင်၊ မင်းလည်း ထရေးဆီမှာ အကြွေးတင်နေတာလား။ မင်းအမေနဲ့ ဒီနေ့တွေ့တော့ မင်းပြဿနာတွေ တက်နေတယ်တဲ့‥ငါ့ကိုပြောလိုက်တယ်။ ဒီအကြွေးပြဿနာလား”

“မဟုတ်‥မဟုတ်ပါဘူး”‥ဘန့်အသံက ဟန်ကိုယ့်ဖို့ဆိုပြီး ထိန်းထားပေမယ့် ပျာယာခတ်တဲ့ လေသံဖြစ်နေတယ်။ ဒီယွန်ဒရာက ဘန့်ကို လှည့်ကြည့်တယ်။ “ကျွန်တော် ဘယ်သူ့ဆီမှာမှ အကြွေးမရှိပါဘူး”

“ဟမ်‥ ဒါဆို ငါ့ဘာသာငါ ရှာထားတဲ့ ပိုက်ဆံတွေကို မင်းကိုဘာကိစ္စပေးရမှာလဲ”‥ရန်နာဒေးရဲ့ လေသံက ခါးတူးနေတယ်။ “ငါနားမလည်တာအဲဒါပဲ။ အလကားနေ လက်ဖြန့်တောင်းချင်နေတဲ့ ဟာတွေ။ မိန်းမ ထောက်ပံ့ကြေးပေးရ

တာက တစ်မျိုး။ ကလေး ထောက်ပံ့ကြေးလည်း ပေးရသေးတယ်။ အစိုးရဆိုတဲ့ဟာ ကလည်း အခွန်ကောက်ချင်သေးတယ်။ ငါ့ဘာသာ ငါတောင် မငတ်ရုံတစ်မည် ရှာဖွေစားသောက်နေရတာ။ ဘာကိစ္စနဲ့ မင်းအမေကို ပိုက်ဆံထောက်ပံ့စေချင်နေကြတာလဲဆိုတာ ငါ နားမလည်ဘူး။ မင်းအမေမှာ သူ့ကိုယ်ပိုင် လယ်ကွက်လည်းရှိတယ်။ ကိုယ်ပိုင်အိမ်လည်း ရှိတယ်။ သူ့ကို ကူလုပ်ပေးမယ့် သားသမီး ၄ ယောက်လည်း ရှိတယ်။ ငါ့မှာ ဘာရှိလို့လဲ။ ငါလည်း ငယ်ရာက ကြီးလာတာပဲ။ ငါ့အဖေဆီက ဘာမှ မျှော်လင့်ခဲ့တာ မဟုတ်ဘူး။ အဖေက ငါ့ကို ပိုက်ဆံပေးရမယ်တို့..အဖေက ငါ့ကို ဖိနပ်ဝယ်ပေးရမယ်တို့..အဖေက ငါ့ကိုကျောင်းထားပေးရမယ်..တို့..ဘာတွေလဲ။ ဘာကျန်သေးလဲ"

"သားသမီးကို ရှာကျွေးဖို့လည်း ကျန်သေးတယ်"..ဘန်ခေါင်းကိုငုံ့ပြီး တိုးတိုးပြောလိုက်တယ်။

"ဘာ.. မင်းဘာစကားပြောတာလဲ။ ဘာပြောလိုက်တာလဲ။ ငါ့ကိုဘယ်လိုလေသံနဲ့ ပြောလိုက်တာလဲ"..ရန်နာ့မျက်နှာက ဘန့်မျက်နှာနဲ့ ကြောက်ခမန်းလိလိ နီးကပ်လာတယ်။ ရန်နာဒေးရဲ့ မျက်ဆန်ပြာပြာတွေက ဝါကျင့်ကျင့် မျက်လုံးအိမ်နောက်ခံပေါ်မှာ·မသန့်တဲ့ရေကန်ထဲကငါးတွေလို တဖျတ်ဖျတ်လူးနေတယ်။

"ဘာမှမပြောပါဘူး"..ဘန် မပွင့်တပွင့် ပြန်ဖြေလိုက်တယ်။

"ဘာလုပ်ဖို့ ပိုက်ဆံလိုတာလဲ။ ဆံပင်ထပ်ဆိုးဖို့လား။ အလှပြင်ဖို့ပိုက်ဆံတောင်းနေတာလား။ ဟုတ်လား၊ ဗြူတီဆလွန်း သွားဖို့လား"

"သူ့ကောင်မလေးအတွက်..လိုတာ.."..ထရေးက စကားစဖို့ပြင်တယ်၊ ဒါပေမယ့် ဒီယွန်ဒရာက လည်ပင်းကိုလက်ညှိုးနဲ့ဖြတ်ပြပြီး ဆက်မပြောဖို့ အတင်းတားလိုက်တယ်။

"သူ့ကောင်မလေးကိုလက်ဆောင်ဝယ်ပေးချင်တာငါနဲ့ဘာဆိုင်လို့လဲ"..ရန်နာကပြောတယ်။ "ဒီယွန်ဒရာ..နင်နဲ့ ဘန်နဲ့ကြိုက်နေတာလား။ ကမ္ဘာကြီးက တော်တော်ကျဉ်းတာပဲကွနော်။ အေး နင်တို့ဘာသာနင်တို့ ကြိုက်ကြတာ ငါနဲ့ဘာမှ မပတ်သက်ဘူး"

ဘိလိယက်ထိုးနေတဲ့ လူသုံးယောက် ဘိလိယက်ပွဲကို ရပ်လိုက်ပြီးဘန်တို့ စကားပြောနေတာကိုလက်ပိုက်ကြည့်နေကြတယ်။ ခဏကြာတော့ သူတို့ထဲကဆံပင်ဖြူဖြူနဲ့လူကြီးက ထရေးဆီကို လျှောက်လာတယ်။ ထရေးပခုံးကို လက်နဲ့ခပ်တင်းတင်း ဆုပ်လိုက်တယ်။

"ထရေး၊ ညီလေး။ ဘာပြဿနာရှိလဲ။ ရန်နာဒေး ပြဿနာလား။သူ့ကို ဘာမှ စိတ်မပူနဲ့ ညီလေး။ သူပေးစရာရှိတာ ပေးပါလိမ့်မယ်။ မင်းသူ့ကို ၂၄နာရီ အချိန်ထပ်ပေးလိုက်ပါ။ ဟုတ်ပြီလား။ ငါ့တာဝန်ထားလိုက်။ ငါတာဝန်ယူတယ်ကွာ အိုကေလား·· နားလည်လား"··ဆံပင်ဖြူဖြူနဲ့လူက ကြည့်လိုက်ရင်တော့အေးအေး ဆေးဆေး မတ်တပ်ရပ်နေသလို သက်သောင့်သက်သာပဲ။ ဒါပေမယ့် ထရေးရဲ့ပခုံး ပေါ်ကို ဖိထားတဲ့ သူ့လက်တွေက ကြွက်သားအမြှောင်းတွေ ထင်းကနဲပေါ်နေတယ်။

ရန်နာက ပြုံးတယ်။ ဘန့်ကို မျက်ခုံးပင့်ပြတယ်။ "အိုကေ··အိုကေ·· ဘာမှ မဖြစ်တော့ဘူး ငါ့သားကြီး၊ ငါ့သူငယ်ချင်းကြီး"··ဘန့်ကိုကြည့်ရင်း ပြော တယ်။ "ဘာမှ မဖြစ်တော့ဘူး အိုကေသွားပြီ။ ဟုတ်ပြီလား"

ထရေးရဲ့ ပခုံးတွေက ဆံပင်ဖြူဖြူနဲ့လူရဲ့ လက်ဝါးအောက်မှာ တောင့်တင်း နေတယ်။ လက်ကိုခါချတော့မလို လုပ်တယ်။ ပြီးတော့မှ··ခပ်ဝေးဝေးကို လှမ်းငေး ရင်း ပြောတယ်။

"အိုကေလေ။ ဟုတ်ပြီလေ။ ၂၄ နာရီဆိုလည်း ၂၄ နာရီပေါ့။ ဟုတ်ပြီ။ ခင်ဗျားတာဝန်ယူတယ်နော် ဗိုက်တီ"

"ကျေးဇူးပဲညီ၊ ကျေးဇူး"··ဆံပင်ဖြူဖြူနဲ့လူက ပြောရင်း မျက်ခုံး တစ် ဖက်ကို ပင့်တယ်။ စိတ်ပေါ့သွားသလို ဗိုးခနဲ လေချွန်လိုက်ပြီး သူ့လူတွေရှိတဲ့ ဘိလိယက်ခုံဘက်ကို ပြန်လျှောက်သွားတယ်။ ဘိလိယက်ဘောလုံးတွေ ဖြောင်းခနဲ ထိုးခွဲလိုက်တဲ့အသံနဲ့အတူ စကားသံတွေ ရယ်သံတွေ ပြန်ဆူညံသွားတယ်။

"ဘာကောင်မှန်းမသိဘူး"··ထရေးက ရန်နာ့ကိုပြောတယ်။ "မနက်ဖြန် နော် ရန်နာ။ ဒီကိုလာခဲ့မယ်။ မဟုတ်လို့ကတော့ ခင်ဗျားနဲ့ ကျွန်တော်နဲ့ တွေ့မယ်"

ရန်နာ့မျက်နှာပေါ်က အပြုံး ပြယ်သွားတယ်။ ခေါင်းနှစ်ချက် ညိတ်တယ်။ ဘားဘက်ကို ပြန်လှည့်ရင်း ပြောတယ်။ "အေး ပြီးတာပဲ။ ဒါပေမယ့် မင်းလည်း ငါ့ကိစ္စတွေထဲ ဝင်မပါနဲ့"

"ဟားဟား ခင်ဗျားကိစ္စတွေထဲကို ဝင်မပါချင်လွန်းလို့။ ဝေးသေးတယ်"

ဆိုင်ထဲက သူတို့ပြန်မထွက်ခင်မှာ ရန်နာများ ဘန့်ကို တစ်ခုခုပြောဦးမလား ဘန် စောင့်ကြည့်သေးတယ်။ ဆောရီးလို့ပြောမလား။ နောက်မှတွေ့မယ်လို့များနှုတ် ဆက်မလား··။ ဒါပေမယ့် ဘန့်အဖေက ဘန့်ကို လှည့်တောင်မကြည့်တော့ဘူး။ ဘားကောင်တာနောက်ကလူဆီမှာ အရက်အကြွေးသောက်ဖို့ ပူဆာနေတယ်။ ဘန် ရှိနေတာကိုတောင် မေ့သွားပြီထင်တယ်။ ထရေးနဲ့ ဒီယွန်ဒရာလည်း ဘန့်ကိုမေ့ပြီး

ထားခဲ့ကြပြီ။ အပြင်ကို ထွက်သွားနှင့်ပြီ။ ကောင်တာနောက်က မှန်ထဲမှာ သူ့ပုံသ
ပြန်ကြည့်ရင်း ဘန် ကြောင်တောင်တောင်နဲ့ ရပ်နေမိတယ်။ မှန်ထဲက ဘန်ဒေးဟာ
အရင်တုန်းက ဘန်နဲ့ တခြားစီဖြစ်နေပါလား။ ဘန်ရန်နာ့ဘက်ကို လှည့်လိုက်တယ်။

"အဖေ.."

ရန်နာက မော့ကြည့်တယ်။ ဘန် ရှိနေသေးတာကိုမြင်တော့ စိတ်ပျက်တဲ့
မျက်နှာ ဖြစ်သွားတယ်။ ရန်နာဒေး အဲဒီလို အဖက်မလုပ်လေလေ ဘန်က ရန်နာ
သူ့ကို လေးစားသမှုနဲ့ အသိအမှတ်ပြုတာကို လိုချင်လေလေပဲ။ စောစောက ရန်နာ
သူ့ကို လှောင်သလိုလို ခေါ်လိုက်တဲ့ 'သားကြီး.. သူငယ်ချင်းကြီး' ဆိုတဲ့စကားကို
ပြန်ကြားချင်တယ်။ အတည်ပြောတာ လိုချင်တယ်။ အဖေနဲ့အတူတူ ဘီယာသောက်
ရင်း သူငယ်ချင်းတွေလို တိုင်ပင်ဆွေးနွေးဖူးချင်တယ်။ ဒါပဲ..ဒါလေးပဲ လိုချင်တာ
"ကျွန်တော် အဖေ့ကို ပြောစရာတစ်ခုရှိလို့။ အဖေများ ဝမ်းသာသွားမလားလို့".
ဘန်ပြောလိုက်တယ်။ ပြောနေရင်းနဲ့ ဘန့်မျက်နှာက အလိုလို ပြုံးလာမိတယ်။

ရန်နာဒေးက ဘန့်ကို အိပ်ချင်မူးတူး ရီဝေဝေ မျက်လုံးတွေနဲ့ ပြန်စိုက်ကြည့်
နေတယ်။ မျက်နှာမှာ ဘာအမူအရာမှ မရှိဘူး။

"ကျွန်တော်.. ဟို.. ဒီယွန်ဒရာ့မှာ ကိုယ်ဝန်ရှိနေပြီ။ ကျွန်တော်နဲ့ သူ့
ကလေးရတော့မှာ"..ပြောပြီးတဲ့အခါ ဘန့်မျက်နှာက အပြုံးက အစွမ်းကုန်ပွင့်လန်း
သွားတယ်။ တကယ်လည်း စိတ်ထဲမှာ နေလို့ထိုင်လို့ ကောင်းသွားတယ်။ ပါးစပ်
ကနေ အဲဒီလို ထုတ်ပြောလိုက်တော့မှ ငါ..အဖေတစ်ယောက် ဖြစ်တော့မှာပါလား
ဆိုတဲ့ ခံစားချက်ကို ပီပီပြင်ပြင်သိလာတယ်။ အဖေဖြစ်တော့မှာ..။ ငါ့ကိုမှီခိုအားကိုး
မယ့် ကလေးလေးတစ်ယောက် လောကထဲကို ရောက်လာတော့မှာ..။ ငါ့မျက်နှာကို
တစ်ကမ္ဘာထင်မယ့် လူသား အသစ်စက်စက်လေးတစ်ယောက်..။

ရန်နာဒေးက ခေါင်းကို ဘေးတစ်ချက်စောင်းတယ်။ ဘီယာခွက်ကိုလက်ထဲ
မှာ စိတ်မပါလက်မပါ ဆုပ်ကြည့်ရင်းပြောတယ်။ "မင်းနဲ့ ရတာရော ဟုတ်ရဲ့လား
ငါတော့ မထင်ဘူး"..ပြောပြီးတာနဲ့ ဟိုဘက်ပြန်လှည့်သွားတယ်။

...

ထရေးက သူ့ထရပ်ကားရဲ့ နံဘေးကို စိတ်ဆိုးမာန်ဆိုးနဲ့ ပိတ်ကန်တယ်
အံကြိတ်ထားတဲ့ လေသံနဲ့ ပြောတယ်။ "ငါစောက်ရမ်း စိတ်တိုနေပြီ။ ငါတကယ်
ပြောတာ။ အဲဒီ အဘိုးကြီးအဖွဲ့ မြန်မြန် အသက်ကြီးပြီး သေသွားမှ နားအေးမှာ
သူတို့အချင်းချင်းဆို သိပ်သိတတ်တဲ့ ဟာကြီးတွေ။ အချင်းချင်း သိပ်ကာကွယ်

ချင်နေတယ်။ မသိရင် အရမ်းကို တစ်ယောက်နဲ့ တစ်ယောက် သစ္စာရှိနေသလိုလို ဘာလိုလိုနဲ့။ တကယ်က ဘာမှမဟုတ်ဘူး။ သေခါနီး အရိုးဆွေးတဲ့အထိ ဒီခွင်ထဲမှာ ပိုက်ဆံ ဆက်ရှာချင်နေတာ။ ဘိုးဘွားရိပ်သာရောက်တဲ့အထိ စိတ်လျှော့ဦးမှာမဟုတ်ဘူး''..ထရေးက ဘန့်ဘက်ကို လက်ညှိုးထိုးတယ်။ နှင်းတွေက တဝေါဝေါကျနေပြီ။ ဘန့်အင်္ကျီပေါ်မှာ နှင်းတွေစိုပြီး အကွက်အကွက်တွေ ရွှဲနေပြီ။ ''ပြီးတော့ မင်းအဖေ ပြောနေတာတွေကို ငါ တစ်ခုမှ မယုံဘူး။ ပါးစပ်ထဲရှိတာတွေ လျှောက်ပြောနေတာ။ မင်းလည်း အဲဒီရန်နာဒေးဆိုတဲ့ ချီးထုပ်နဲ့ သံယောဇဉ်တွယ်မနေနဲ့။ ကြားလား။ ငါ အဲဒီဘဲကို ဘယ်အချိန် သတ်မိမလဲမသိဘူး''

''လာပါ..ထရေး သွားကြစို့''..ဒီယွန်ဒရာက ကားတံခါးကို ဆွဲဖွင့်ရင်း၊ ဘန့်ကို အတင်းတွန်းထည့်ရင်းပြောတယ်။ ''ငါလည်း စိတ်ညစ်နေတာပဲ။ ငါ့အဖေ နောက်တစ်ပတ်ပြန်လာရင် ငါ့ကိုသေနတ်နဲ့ ပစ်သတ်တော့မှာလေ''

ဘန် ကိုယ့်မျက်နှာကိုယ် ပိတ်ထိုးချင်နေတယ်။ ဘယ်သူ့ကိုမှ မပြောပါနဲ့လို့ ဒီယွန်ဒရာ အတန်တန် တားထားတဲ့ လျှို့ဝှက်ချက်ကို ရန်နာဒေးလို လူမျိုးကိုမှ သွားဖွင့်ပြောမိတယ်။ ကားနောက်ခန်းထဲကို ရောက်တာနဲ့ ဘန် လုံးဝစိတ်မထိန်းနိုင်တော့ဘဲ ကားကူရှင်တွေကို လက်သီးနဲ့ တဝုန်းဝုန်းထိုးပစ်တယ်။ ကားခေါင်မိုးကို ထိုးတယ်။ ပါးစပ်က တရစပ် အော်ဆဲတယ်။ အော်ဟစ်နေရင်း ပါးစပ်ထဲကတံတွေးတွေ စဉ်ထွက်ကုန်တယ်။ ကားပြတင်းပေါက်နဲ့ ခေါင်းနဲ့ ဆောင့်ပစ်တယ်။ ခေါင်းမှာ ကွဲနေတဲ့နေရာ ပြန်အက်သွားပြီး သွေးတွေထွက်လာတယ်။ ဒီယွန်ဒရာက လန့်ပြီး လှည့်မေးတယ်။ ''ဘေဘီ..ဘာဖြစ်တာလဲ..ချစ်..ဘာလဲ..''

''ငါစောက်ရမ်း စိတ်တိုနေပြီ။ တကယ်ပြောတာ။ စောက်ရမ်းတင်းနေပြီ ဒီယွန်ဒရာ..အား..''

*အရာအားလုံး ပျက်သုဉ်းခြင်း..*

အဖေ့ကို ကိုယ်ဝန်ကိစ္စ ပြောပြလိုက်မိတယ်ဆိုတာ ဘန် ဒီယွန်ဒရာ့ကို ဘယ်လိုမှ ပြောမထွက်ဘူး။

''အကုန်လုံး အသေဆိုးနဲ့ သေသွားရင် ကောင်းမယ်''..ဘန် ပိတ်အော်လိုက်တယ်။ ခေါင်းကို လက်ဝါးနှစ်ဖက်နဲ့ ညှပ်ကိုင်ထားမိတယ်။ ကားရှေ့ခန်းမှာ ထရေးနဲ့ ဒီယွန်ဒရာနှစ်ယောက်သားခေါင်းချင်းဆိုင်၊တိုးတိုးတိုးတိုးပြောနေကြတယ်။ ထရေးက နောက်ကိုလှည့်ပြီး ပြောတယ်။ ''မင်းအဖေက တကယ့်ချီးထုပ်ကြီးပါကွာ။ စိတ်လျှော့လိုက်တော့ ဟော့ကောင်''။ ကားကို ဘက်ဂီယာထိုးပြီး အရှိန်နဲ့နောက်

ဆုတ်လိုက်တယ်။ ဒီယွန်ဒရာက လက်ကို နောက်ဘက်လျှိုပြီး ဘန့်ဆံပင်တွေကို အသာသပ်ပေးတယ်။ ဘန် ခေါင်းငုံ့နေရာကနေ ဖြည်းဖြည်းချင်း ပြန်မော့လာတယ်။ ဒီယွန်ဒရာ့ မျက်နှာက လမ်းမီးရောင်အောက်မှာ အစိမ်းရောင်လဲ့လဲ့ သမ်းနေတယ်။ ရုတ်တရက် ဘန့်အာရုံထဲမှာ.. နောင်အနှစ် ၂၀ လောက်ဆိုရင် ဒီယွန်ဒရာ့မျက်နှာ ဘယ်လိုများ ဖြစ်နေမလဲဆိုတာ မြင်ယောင်မိလာတယ်။ အသားပျော့ပျော့တွေပေါ်မှာ ဝက်ခြံတွေ ဟိုနားတစ်စု ဒီနားတစ်စုနဲ့..အရေးအကြောင်းတွေက နေရာတကာမှာ။

"ဒက်ရှ်ဘုတ်ထဲမှာ ပစ္စည်းတွေရှိတယ် ယူလိုက်"..ထရေးကပြောတယ်။ ဒီယွန်ဒရာ ကားဒက်ရှ်ဘုတ်ကို ဖွင့်ပြီး မွှေတယ်။ အထဲကနေ ဆေးခြောက်တွေသိပ် ထည့်ထားတဲ့ ပြောင်းကြီးတစ်ခုကို ဆွဲထုတ်တယ်။ 'ဖြည်းဖြည်းလုပ်နော်' ထရေးက လှမ်းသတိပေးတယ်။ ဒီယွန်ဒရာက ပြောင်းထိပ်ကိုမီးညှိတယ်။ တစ်ချက်ရှိုက်သွင်းတယ်။ ထရေးဘက်ကို ပြောင်းကို လှမ်းပေးတယ်။ ဘန်လည်း လက်လှမ်းလိုက်တယ်။ တကယ်က ဘန် ခေါင်းတွေ အရမ်းမူးနေပြီ။ အစာမစားရသေးလို့ ရင်ထဲမှာလည်း တလှပ်လှပ်ဖြစ်နေတယ်။ ဘေးက တရှပ်ရှပ် ဖြတ်သွားနေတဲ့ လမ်းမီးရောင်တွေကြောင့် မျက်လုံးတွေပါ ပြာနေပြီ။ ဒါပေမယ့် ဒီယွန်ဒရာတို့ ရှူနေရင် ဘန်လည်း ပါချင်တယ်။ တစ်ယောက်တည်းတော့ မနေခဲ့နိုင်ဘူး။ ထရေးက ပြောင်းကို မပေးဘဲ ကိုင်ထားတယ်။ "မင်းနဲ့ မဖြစ်ဘူးထင်တယ်။ ဒါက ငါနဲ့ ဒီယွန်ဒရာပဲ သောက်နေကျမို့ ခံနိုင်ရည်ရှိတာ။ အပြင်းစားကွ။ ဒီယွန်ဒရာ..ငါတကယ်ပြောတာ။ ဒီညတော့ အချိန်ကျပြီထင်တယ်။ ဒီညတော့ ငါအားရှိဖို့ လိုနေပြီဟေ့။ အဲဒီပါဝါမျိုး မခံစားရတာ တော်တော်ကြာသွားပြီ။ ဒီညပဲ လုပ်လိုက်ကြရအောင်"

ဒီယွန်ဒရာက ထရေးကို မကြည့်ဘဲ ကားရှေ့ကိုပဲ ကြည့်နေတယ်။ သည်းကြီးမည်းကြီးကျနေတဲ့ နှင်းတွေ..။

"ဘန်ဒေးလည်း အဲဒီပါဝါလိုရင်လိုမှာနော်"..ထရေးက ထပ်ပြောတယ်။

"ဟုတ်ပြီလေ ဒါဆိုလည်း လုပ်တာပေါ့။ ရှေ့ရောက်ရင် ဘယ်ကွေ့လိုက်" ..ဒီယွန်ဒရာက ပြောတယ်။

ဘာတွေဖြစ်နေကြတာလဲ..ဘာလုပ်မလို့လဲလို့ ဘန်မေးတော့ နှစ်ယောက် စလုံးက ဘန့်ကို ပြုံးပဲပြုံးပြတယ်။

+++

# လစ်ဘီဒေး

ယနေ့

အရက်ဆိုင်ထဲကနေ အပြင်ကိုပြန်ထွက်လိုက်တော့ ကောင်းကင်ကကျောစိမ့်ချင်စရာ·· ခရမ်းရောင် ရင့်ရင့်သမ်းနေတယ်။ စွန့်ပစ်နယ်မြေဘက်ကို လမ်းကြမ်းပေါ်ကနေ ကျွန်မ ကားနဲ့ မောင်းသွားတော့ ချိုင့်တွေကျင်းတွေပေါ် ဖြတ်မောင်းရင်း ကားက လူးလိမ့် ဖြောင်းဆန်နေတယ်။ ကျွန်မ အဖေအရင်းက ဓာတုပစ္စည်းတွေပစ်တဲ့ အမှိုက်ပုံထဲမှာ နေနေရသတဲ့··။ အဲဒါကို သူ့သမီးအရင်း ဖြစ်တဲ့ ကျွန်မက အခုမှ သိသတဲ့··။ သိတော့လည်း စိတ်ထဲမှာ ဘာမှမခံစားရပါလား။ ကျွန်မဟာ ဘယ်လို သမီးမျိုးလဲ။

၁၉၃၀ ဝန်းကျင်လောက်မှာ နံ့ကောင်ပိုးကျလို့ စိုက်ခင်းတွေ တော်တော်များများ ပျက်စီးသွားတယ်။ အဲဒီမှာ နံ့ကောင်သတ်ဆေးတွေ တီထွင်ပြီး လယ်ကွင်းတွေမှာ သုံးလိုက်တယ်။ နံ့ကောင်တွေလည်း သေကုန်ကြရော ပိုးသတ်ဆေးတွေက ပိုနေရော။ ပိုနေတဲ့ ဆေးတွေကို အိတ်တွေ၊ အိတ်တွေနဲ့ ထုပ်ပြီး မြေကြီးထဲမှာ ဒီအတိုင်း မြှုပ်ပစ်တယ်။ ပြီးလည်း ပြီးရော အနီးတစ်ဝိုက်မှာနေတဲ့ လူတွေ အဆိပ်တွေသင့်ပြီး ရောဂါတွေ စဖြစ်တော့တာပဲ။ အဲဒီနေရာမှာ လူနေတယ်ဆိုတော့ ဘယ်လိုများနေနေကြပါလိမ့်။

ဘေးမှာ တစ်ယောက်ယောက် အဖော်ပါလာရင်ကောင်းမှာပဲ··လို့ ကျွန်မ ထူးထူးခြားခြား တောင့်တမိတယ်။ လိုင်ဝိုက်သ်ကို ခေါ်လာခဲ့ရမှာ။ ဒီကို ကပျာကယာနဲ့ ထွက်လာလိုက်တာ ဘယ်သူ့ကိုမှ မဆက်သွယ်ခဲ့ရဘူး။ ကျွန်မသာတစ်ခုခုဖြစ်သွားရင် ဘယ်သူမှ သိကြမယ်မထင်ဘူး။ စောစောက အရက်ဘားကလူတွေကတော့ ကျွန်မဘယ်ရောက်နေသလဲ သိရင်သိမယ်·· ဒါပေမယ့် သူတို့ပုံစံတွေကြည့်ရတာကလည်း ကျွန်မသေသေရှင်ရှင် အဖက်လုပ်မယ် မထင်။

လစ်ဘီ‥နင်ဘာတွေလျှောက်လုပ်နေတာလဲ‥ ကျွန်မ ကိုယ့်ဘာသာကိုယ် အသံထွက် အပြစ်တင်မိတယ်။ ဟုတ်တယ်‥။ နင်ဘာတွေ လျှောက်လုပ်နေတာလဲ။ ဘာလို့ အဖေ့ကို လိုက်ရှာနေတာလဲ။ အဖေဟာ လူသတ်တရားခံ ဖြစ်နိုင်တယ်လို့ ယူဆတဲ့သူတွေ အများကြီးမဟုတ်လား။ ဒါပေမယ့် ကျွန်မခေါင်းထဲမှာ ရန်နာဒေးကို ဒီအမှုရဲ့ တရားခံလို့ မြင်ကြည့်လို့ကို မရဘူး။ သူ့မှာ အလီဘိုင်ရှိတာမရှိတာ အပ ထားလိုက်။ အဖေက ပုဆိန်နဲ့ လူသတ်တယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ပဲ ထင်တယ်။ စိတ်ဆိုးမာန်ဆိုးနဲ့ နှစ်လုံးပြူးကို လှမ်းဆွဲပြီး ဒိုင်းခနဲ တစ်ချက်လောက် ပစ်လိုက်တယ်ဆိုရင်တောင် ဖြစ်နိုင်ပါသေးတယ်။ ဒါပေမယ့် ပုဆိန်နဲ့တစ်ချက်ချင်း ခုတ်ထစ်သတ်ဖြတ်ရဲလိမ့်မယ်လို့ ကျွန်မကတော့ မထင်ဘူး။ ပြီးတော့ နောက်နေ့ လည်းကျရော အဖေက သူ့အိမ်သူပြန်ပြီး အိပ်ပျော်နေတယ်တဲ့။ ရန်နာဒေးက မိန်းမနဲ့ ကလေးတွေကို သတ်ပြီး အိမ်ပြန် အိပ်နေနိုင်တဲ့သူဆိုတာတော့ ဟုတ်ရင်ဟုတ်မယ်။ ဒါပေမယ့် အဲဒီလို ပါးစပ်ပိတ်ပြီး ငြိမ်နေမယ့်သူတော့ မဟုတ်ဘူး။ အရက်ဆိုင်ထဲ သွားပြီး သူလုပ်ခဲ့သမျှတွေကို ခရားရေလွှတ် တတွတ်တွတ် ဝန်ခံမယ့်သူမျိုး။

စွန့်ပစ်နယ်မြေနေရာကို သံဆူးကြိုးတွေနဲ့ ဖြစ်သလို ကာထားတယ်။ ဆူး ကြိုးတွေကို ဖြတ်ပြီး ဝင်ထားတဲ့ အပေါက်အပြဲတွေ မနည်းဘူး။ ခါးလယ်လောက်မြင့် တဲ့ ကိုင်းပင်တွေက ကွင်းပြင်အပြည့် ပေါက်နေတယ်။ ခပ်လှမ်းလှမ်းမှာ မှိတ်တုတ် မှိတ်တုတ် လင်းနေတဲ့ မီးပုံတချို့တွေ့ရတယ်။ ခြံစည်းရိုးအတိုင်း ကားနဲ့ ပတ်မောင်း လာလိုက်တော့ ကိုင်းပင်တွေ့ ကားအောက်ပိုင်းကို တဂျစ်ဂျစ်နဲ့ လာခြစ်ကြတယ်။ ကျွန်မကားကို ရပ်လိုက်တယ်။ ကားပေါ်ကဆင်းပြီး တံခါးကို ဆောင့်ပိတ်လိုက် တယ်။ အဝေးက မီးပုံတွေဘက်ကို လှမ်းကြည့်တယ်။ ဒီကနေ အဲဒီနေရာအထိဆို ရင် ဆယ်မိနစ်လောက် လျှောက်ရမယ်ထင်တယ်။ ပေါက်ပြဲနေတဲ့ ခြံစည်းရိုးနေရာ ကနေ ကျွန်မ အထဲကို လျှိုဝင်လိုက်တယ်။ ကိုင်းပင်တွေက ကျွန်မခြေထောက်တွေကို ပွေ့ဖက်နှုတ်ဆက်ကြတယ်။ ကောင်းကင်က မှောင်သထက် မှောင်လာပြီ။ မိုးကုပ် စက်ဝိုင်းက ပန်းရောင် မှိန်ဖျော့ဖျော့ရယ်‥။ ကျွန်မ ဘာရယ်မဟုတ်ဘဲ 'အန့်ကယ် ဂျွန့်တီးဝိုင်း' ဆိုတဲ့ သီချင်းကို နှုတ်ခမ်းစေ့ပြီး ညည်းနေမိတယ်။

ဟိုးအဝေးမှာ သစ်ပင်အုပ်အုပ်တွေ။ ကျွန်မရှေ့ ကိုက် ၁၀၀ လောက်အထိက တော့ ကိုင်းပင်တွေနဲ့ပဲ ပြည့်နေတယ်။ ကလေးဘဝကို ကျွန်မ သတိရသွားပြန်တယ်။ နားရွက်တွေ၊ ဗိုက်သားတွေ၊ လက်မောင်းတွေကို တဖျတ်ဖျတ် လာပွတ်ကြတဲ့ကိုင်းပင် တွေ။ စိတ်မပူပါနဲ့‥အားလုံးအဆင်ပြေပါတယ်‥ဆိုပြီး ချော့မော့နေကြသလိုလို‥။

ကျွန်မ ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလိုက်တယ်။ စီးထားတဲ့ ရှူးဖိနပ်က မိန်းမ တစ်ယောက်ရဲ့ နံရိုးကို ဒုတ်ကနဲဝင်တိုက်မိတယ်။ နံကြားက အရိုးပြိုင်းပြိုင်းတွေ ထဲကို ကျွန်မဖိနပ်ဦး နစ်ဝင်သွားတယ်။ မြေကြီးပေါ်မှာ..ကိုင်းပင်တွေကြားမှာ လှဲ နေတဲ့ မိန်းမတစ်ယောက်..။ သူ့ဘေးမှာ အိုင်နေတာက သွေးတွေထင်တယ်။ သူ့ လက်ထဲမှာ အရက်ပုလင်းတစ်လုံးကို ကလေးပွေ့သလို ပွေ့ထားတယ်။ ကျွန်မခြေ ထောက်နဲ့ ဝင်တိုက်မိတော့ အဲဒီမိန်းမက ငေါက်ခနဲ ထထိုင်တယ်။ မျက်နှာတစ် ခြမ်းလုံး ဗွက်တွေလူးနေတယ်။ ကျွန်မကို မော့ကြည့်ပြီး သွားကိုဖြီးတယ်။ မာန်ဖီ တယ်။ "ဘာလုပ်တာလဲ။ ငါ့နားကို မလာနဲ့၊ မကပ်နဲ့။ သွား..သွား"

"အား..ဘာကြီးလဲ".. ကျွန်မ လန့်ပြီး ပိတ်အော်လိုက်တယ်။ အဲဒီ မိန်းမ ရှေ့နားကနေ နောက်ကို အမြန်ခုန်ဆုတ်လိုက်တယ်။ ကျွန်မ လက်တွေ ကြောက်လန့် တကြားနဲ့ လေထဲကို အလိုလိုမြှောက် တက်သွားတယ်။ သူ့ကို ကြောင်ကြည့်မိနေ ရာကနေ မျက်နှာကို ချက်ခြင်း လွှဲလိုက်ပြီး ခပ်သွက်သွက် ဆက်လျှောက်လာလိုက် တယ်။ အဲဒီမိန်းမ ပြန်မူးလဲသွားပါစေ.. မေ့လဲသွားပါစေ၊ ငါ့နောက်ကလိုက်မလာပါ စေနဲ့ ဆိုပြီး စိတ်ထဲကနေ တတွတ်တွတ် ဆုတောင်းမိတယ်။ ဒါပေမယ့်အဲဒီမိန်းမက ကျွန်မကို နောက်ကနေ ဆက်တိုက် အော်နေတယ်။ ငါ့နားမလာနဲ့..မလာနဲ့.သွား.. သွား..မလာနဲ့..။ သူ့အော်သံတွေထဲမှာ ငိုသံ တဖြည်းဖြည်း ကပ်ပါလာတယ်။

အဲဒီမိန်းမရဲ့ အော်သံ၊ ငိုသံကို ကြားသွားတယ်ထင်တယ်၊ ရှေ့နားမှာရှိတဲ့ သစ်ပင်အုပ်အုပ်တွေ နောက်ကနေ လူသုံးယောက် ထွက်လာတယ်။ နှစ်ယောက်က ကျွန်မကို စေ့စေ့ကြီး ပြူးကြည့်နေတယ်။ ကျန်တဲ့တစ်ယောက်က သုံးယောက်ထဲမှာ အသက်အငယ်ဆုံးဖြစ်မယ်။ ၄၀ ဝန်းကျင်ပဲ။ တစ်ကိုယ်လုံး အရိုးပြိုင်းပြိုင်းနဲ့။ အဲဒီလူက ကျွန်မဆီကို ပြေးလာတယ်။ သူ့လက်ထဲမှာ မီးဟုန်းဟုန်းတောက်နေတဲ့ တုတ်တစ်ချောင်းကိုင်ထားတယ်။ ကျွန်မ နောက်ကို ခြေနှစ်လှမ်း ဆုတ်လိုက်တယ်။ လဲကျမသွားအောင် ကိုယ်ကို ထိန်းထားလိုက်တယ်။

"ဘယ်သူလဲ၊ ဘယ်သူလဲ"..အဲဒီလူက အော်မေးတယ်။ ကျွန်မနားကို ရောက်လာတော့ သူ့လက်ထဲက မီးတုတ်က လေတစ်ချက်ဟပ်ပြီး ငြိမ်းသွားတယ်။ သူက သူ့လက်ထဲက မီးငြိမ်းသွားတဲ့ တုတ်တံကို ကြောင်တောင်တောင်နဲ့တစ်ချက် ကြည့်တယ်။ ငြိမ်းသွားတဲ့ မီးနဲ့အတူ သူ့ရဲ့ မတ်ထားတဲ့ကိုယ်လုံးကလည်း ကိုင်း ကျသွားတယ်။

"မင်းဘာလာလုပ်တာလဲ။ ဒီနေရာကို အခွင့်မရှိဘဲ လာလို့မရဘူးဆိုတာ

မသိဘူးလား။ ဘယ်ကလဲ''..သူ့မျက်လုံးတွေက ပြူးထွက်နေတယ်။ မျက်နှာမှာ အညိုအမည်းကွက်တွေ အပြည့်ပဲ။ ဆံပင်ကတော့ ထူးထူးခြားခြား ဝါထိန်နေတယ်။ ဆီလိမ်းထားတာထင်တယ်။ တစ်ကိုယ်လုံးမှာ ဒီဆံပင်တစ်ခုကိုပဲ ဂရုစိုက်တော့တာ လား မသိဘူး။ ''ဒီလို လာလို့မရဘူးလေ''..ဆံပင်ဝါဝါနဲ့လူက ထပ်ပြောတယ်။ သေနတ်ယူလာခဲ့ရမှာ..ဆိုပြီး ကျွန်မ တွေးမိသွားတယ်။ *ငါတော်တော်ဦးနှောက်မရှိတဲ့ ကောင်မပါလား.. ဒီလိုနေရာမှာ ငါ ဘာလာလုပ်နေတာလဲ..။*

''ရန်နာဒေးဆိုတဲ့ လူ ဒီနေရာမှာရှိတယ်ဆိုလို့ ကျွန်မ လာရှာတာ''

အဖေက သူ့နာမည် အရင်းနဲ့ပဲ ဆက်နေနေသလား၊ နာမည်အတုနဲ့ နေနေသလား ကျွန်မ မသိဘူး။ နာမည်အတုနဲ့ လိမ်ပြောထားရအောင်.. အဖေ့လိုလူမျိုးက အရက်သုံးခွက်လောက်သောက်လိုက်တာနဲ့ သူ့နာမည်အတု သူမေ့သွားမှာ။ မဖြစ်နိုင်ဘူး။

''ရန်နာဒေး ဟုတ်လား။ ရန်နာနဲ့ မင်းနဲ့ ဘယ်လိုပတ်သက်သလဲ။ ဘာလဲ..ဒီလူ မင်းဆီက ပစ္စည်းခိုးသွားတာလား။ ငါ့ နာရီကိုလည်း ယူသွားပြီး ပြန်မပေးဘူး''..ဆံပင်ဝါဝါနဲ့လူက သူ့အင်္ကျီက ပြုတ်ထွက်နေတဲ့ ကြယ်သီးကိုလက်နဲ့ ကိုင်ကြည့်ရင်း ဆောင့်ကြီးအောင့်ကြီးလေသံနဲ့ ပြောတယ်။

ကျွန်မတို့ စကားပြောနေတဲ့ လမ်းနေရာနဲ့ မလှမ်းမကမ်းမှာ လှုပ်ရှားမှုလိုလို တွေ့လိုက်တယ်။ ကိုင်းပင်တွေကြားမှာ စုံတွဲတစ်တွဲ..။ ယောကျ်ားက အပေါ်ကနေ တက်ခွထားတယ်။ ဂျင်းဘောင်းဘီကို ဒူးခေါင်းနားအထိ ချွတ်ထားတယ်။ သူ့ရဲ့ ပန်းရောင်တင်ပါးပြောင်ပြောင်ကြီးက အပေါ်ကို မြောက်တက်လာလိုက်၊ အောက်ကို ပြန်ကျသွားလိုက်။ နှစ်ယောက်စလုံး ဆီကနေ ဒေါသတကြီးနဲ့ အော်နေတဲ့ အသံ ပေါင်းစုံ ထွက်နေတယ်။ ဆံပင်ဝါဝါနဲ့လူက အလုပ်ရှုပ်နေတဲ့ စုံတွဲကို တစ်ချက် လှမ်းကြည့်ပြီး ပြုံးဖြဲဖြဲ ဖြစ်သွားတယ်။ ပျော်စရာကြီး..တဲ့ မကြားတကြားပြော တယ်။

''မဟုတ်ပါဘူး။ ကျွန်မနဲ့ ရန်နာဒေးနဲ့ ဘာပြဿနာမှမရှိပါဘူး''..စုံတွဲ ဆီမှာ အာရုံရောက်နေတဲ့ ဆံပင်ဝါဝါနဲ့လူကို ကျွန်မဘက် ပြန်လှည့်လာအောင်လေသံ ကို မြှင့်ပြီးပြောလိုက်တယ်။ ''ကျွန်မက သူ့အမျိုးပါ''

''ရန်နာ..''..ဆံပင်ဝါဝါနဲ့လူက နောက်ဘက်ကို လှည့်ပြီး အကျယ်ကြီး အော်တယ်။ ပြီးတော့မှ ကျွန်မဘက်ကို ပြန်လှည့်လာတယ်။ ''ရန်နာဒေးက ဟိုး အစွန်ဆုံးက အိမ်မှာ နေတယ်။ ဟိုး..ဘက်မှာ။ ဒါနဲ့ မင်းမှာ အစားအသောက်တွေ

ဘာတွေ ပါလား။ လုပ်ပါဦး"

ကျွန်မ သူ့အမေးကို မဖြေဘဲ ထွက်လာလိုက်တယ်။ စောစောကစုံတွဲဆီက ပြိုင်တူအော်လိုက်တဲ့ အသံတွေ ကျွန်မနောက်မှာ ကျန်ခဲ့တယ်။ မီးပုံတွေဆီကအလင်းရောင်နဲ့ တစ်စထက်တစ်စ ပိုပိုနီးလာပြီ။ ဘေးပတ်ဝန်းကျင်မှာ တဲစုတ်တွေ ပိုပြီးစိပ်လာတယ်။ မြေကြီးက မီးလောင်မြေလို အမည်းကွက်တွေ ပြည့်နှက်နေတယ်။ တဲတွေပတ်ပတ်လည်ဝိုင်းထားတဲ့ အလယ်ကောင် ကွက်လပ်နေရာမှာ မီးပုံအကြီးကြီးတစ်ခု။ မိန်းမတစ်ယောက်က မီးပုံထဲကို ထင်းတွေထည့်နေတယ်။ မီးသွေးချောင်းတွေကို တုတ်နဲ့ဆွတယ်။ မီးပုံပေါ်မှာ အသားဘူးတွေကိုတုတ်တန်းနဲ့ချိတ်ထားတယ်။ သံဘူးတွေက မီးကျွမ်းပြီး မည်းနက်နေပြီ။ သံဘူးထဲက ဟင်းတွေက ပွက်ပွက်ဆူနေတယ်။ လက်မောင်းမှာ ဝဲတွေစွဲနေတဲ့ စုံတွဲတစ်တွဲ တဲအဝနားမှာ ထိုင်ပြီး မီးပုံဘက်ကို ကြည့်နေကြတယ်။ မီးမွှေးနေတဲ့ မိန်းမက သိုးမွေးဦးထုပ်ခပ်စုတ်စုတ်တစ်လုံး ဆောင်းထားတယ်။ မျက်နှာက ဖြူဖပ်ဖြူရော်နဲ့ ရုပ်တော်တော် ဆိုးတယ်။ သူတို့နဲ့ မလှမ်းမကမ်းမှာ ဆံပင်ဖုတ်သိုက်နဲ့ အဘိုးကြီးနှစ်ယောက် ဆောင့်ကြောင့်ထိုင်ရင်း အစာသွတ်ဘူးတစ်ဘူးကိုဖွင့်၊ လက်နဲ့ အလုအယက်နှိုက်စားနေကြတယ်။ ဟင်းနံ့တွေက လေထဲမှာ ပျောင်နေတယ်။

"လုပ်ပါတော့ဗျ"··လက်မောင်း ဝဲစွဲနေတဲ့လူက မီးမွှေးနေတဲ့ မိန်းမကို လှမ်းအော်တယ်။ "ခုထိ မကျက်သေးဘူးလား"

ကျွန်မကိုမြင်တော့ အကုန်လုံး စကားသံတွေ တိတ်သွားတယ်။ စောစောကဆံပင်ဝါဝါနဲ့လူ ရန်နာ··ဆိုပြီး လှမ်းအော်လိုက်တာကို သူတို့ကြားလိုက်တယ်ထင်တယ်။ အဘိုးကြီးတစ်ယောက်က ကျွန်မကို လက်ပြတယ်။ အနောက်ဘက်စွန်းစွန်းကို လက်ညှိုးပိန်ခြောက်ခြောက်တွေနဲ့ ထိုးပြတယ်။ ကျွန်မ မီးပုံရဲ့ အနွေးဓာတ်ကို ထားခဲ့ပြီး အေးခဲနေတဲ့ အမှောင်ထဲက ချုံပုတ်တွေဆီကို ဆက်လျှောက်သွားတယ်။ ဒီဘက်မှာ တောင်ကုန်းလေးတွေ တော်တော်များတယ်။ မြင့်သွားလိုက်၊ နိမ့်သွားလိုက်·· တစ်ထစ်ပြီးတစ်ထစ်။ တောင်ကုန်းပုပုလေး ကိုးခုလောက်ကို ကျော်ပြီးတဲ့အခါ ပျပျလင်းနေတဲ့ မီးရောင်ကို မသဲမကွဲလှမ်းမြင်ရပြီ။

တောင်ကုန်းတွေပေါ်ကို တက်လိုက်၊ ဆင်းလိုက်နဲ့ မီးရောင်နဲ့ ကျွန်မနဲ့ တဖြည်းဖြည်းနီးလာတယ်။ အခုမှ သေချာမြင်ရတယ်။ ရန်နာဒေး နေနေတဲ့နေရာက အိမ်လည်းမဟုတ်၊ တဲလည်းမဟုတ်ဘူး။ ဆေးစပ်တဲ့ တိုင်ကီအကြီးကြီးပဲ။ တိုင်ကီရဲ့ ခေါင်မိုးပေါက်ကနေ မီးရောင်ကစိမ့်ထွက်နေတာ။ မီးရောင်ကို မြင်မြင်ချင်းမှာ

ကျွန်မ နည်းနည်းတောင် လန့်သွားတယ်။ နံကောင်သတ်ဆေးတွေရေဒီယိုသတ္တိကြွပြီး တလက်လက် တောက်နေတာများလားပေါ့။

တိုင်ကီကြီးနဲ့ နီးလာတာနဲ့အမျှ အထဲမှာ တဒေါက်ဒေါက် လျှောက်နေတဲ့ ရန်နှာ ခြေသံကို စကြားရပြီ။ တိုင်ကီထဲမှာဆိုတော့ အသံတွေအားလုံး ပဲ့တင်သံတွေ ထပ်နေတယ်။ သံပုံးထဲမှာ ပိတ်မိနေတဲ့ ပိုးကောင်တစ်ကောင်လို တချွတ်ချွတ် တ ချပ်ချပ်..အသံတွေ။ အဖေက လမ်းလျှောက်ရင်း တစ်ယောက်တည်းစကားတွေပြော နေတယ်။ *တော်တော်တုံးတဲ့ကောင်.. ငါတော်တော်တုံးတာပဲ..ဘာလို့သေချာမစဉ်း စားမိတာလဲ။ တောက်..*။ သူ့စကားသံတွေက တိုင်ကီရဲ့ အပေါ်အပေါက်ဝထဲကနေ အပြင်ကို လျှံထွက်နေတယ်။ ကောင်းကင်က လုံးဝ ခရမ်းရင့်ရောင် အမှောင် ဖြစ် နေပြီ။ *ရန်နှာ..ရန်နှာ..မင်းဒီတစ်ခါတော့ တကယ်သေပြီ*..တဲ့ အဖေက တတွတ် တွတ် ပြောနေတယ်။ တိုင်ကီက ၁၀ ပေလောက် မြင့်တယ်။ ဘေးမှာ လှေကား တပ်ထားတယ်။ ကျွန်မ လှေကားကို တွက်တက်လိုက်တယ်။ အဖေ့နာမည်ကိုအော် ခေါ်လိုက်တယ်။

"ရန်နှာ.. ကျွန်မပါ။ ရှင့်သမီး လစ်ဘီဒေးပါ"..ကျွန်မ အကျယ်ကြီးအော် လိုက်တယ်။ လှေကားလက်ရန်းက သံချေးတွေကို ကိုင်ရင်း လက်ဖဝါးတွေ ယားသ လိုလို ဖြစ်လာတယ်။ နောက်ထပ်လေးငါးထစ် ထပ်တက်လိုက်တယ်။ လှေကားထိပ် တိုင်ကီအဝကိုရောက်တော့ အောက်ကို ငုံ့ကြည့်လိုက်တယ်။ အောက်မှာ ကျွန်မရဲ့ အဖေ..ရန်နှာဒေး..တိုင်ကီ ကြမ်းပြင်မှာ လေးဖက်ထောက်နေတယ်။ ကျောကုန်း တစ်ခုလုံး အပေါ်ကို ခုံးတက်ပြီး တဝေါ့ဝေါ့ အန်နေတယ်။ အဖေ့ပါးစပ်ထဲကနေ ခရမ်းရောင် မည်းမည်းလုံးကြီးတစ်ခု ဖလွတ်ခနဲ ထွက်ကျလာတယ်။ အန်ထုတ်လို့ လည်း ပြီးရော အဖေက အောက်မှာ ခင်းထားတဲ့ တဘက်စုတ်တစ်ခုပေါ်မှာ ပက် လက်လန် လှဲတယ်။ ခေါင်းမှာဆောင်းထားတဲ့ ဘေ့စ်ဘောဦးထုပ်ကို တည့်အောင်ပြ တယ်။ သလိပ်တွေထွက်သွားလို့ ကျေနပ်သွားသလို ခေါင်းတဆတ်ဆတ်ညိတ်တယ် သူ့ဘေးပတ်ပတ်လည်မှာ ဓာတ်မီးတွေ ၆ ခု ၊ ၇ ခု လောက် စီတန်းပြီး ချထား တယ်။ ဓာတ်မီးတွေရဲ့ အလင်းရောင်ကြောင့် သူ့မျက်နှာပေါ်က အရေအတွန့်တွေ အမည်းကွက်တွေကို ထင်းထင်းကြီးမြင်နေရတယ်။ တိုင်ကီထဲမှာ ပစ္စည်းစုတ်တွေ ပွထနေတယ်။ ပေါင်မုန့်မီးကင်စက်တွေ၊ ဒယ်အိုးတွေ၊ နာရီစုတ်တွေ။ ရွှေဆွဲကြိုး လို ဟန်းချိန်းလိုလိုဟာတွေ စုပြီး ပုံထားတဲ့ အပုံတစ်ပုံ။ ကြိုးတပ်မထားတဲ့ ရေ သေတ္တာအစုတ်တစ်လုံး။ ပျော့ဖပ်နေတဲ့ စီးကရက်တစ်တောင့်လည်း တွေ့တယ်

အဖေက လှဲနေရင်း ခြေထောက်နှစ်ချောင်းကို ချိတ်လိုက်တယ်။ မသိရင် နေစာလှုံနေသလိုပဲ။ ကျွန်မ အဖေ့နာမည်ကို ထပ်အော်လိုက်တော့ သူက မော့ကြည့်တယ်။ မျက်မှောင်ကြုတ်တယ်။ ကျွန်မကို မြင်တော့ သူ့မျက်နှာက ရန်လိုတဲ့ခွေးတစ်ကောင်လို တင်းခနဲ ဖြစ်သွားတယ်။ ကျွန်မ လုပ်နေကျ အမူအရာမျိုးပဲလေ။

"ဘာလိုချင်လို့လဲ"..ရန်နာက ပက်ကနဲ အော်တယ်။ လက်ထဲမှာကိုင်ထားတဲ့ ဘီယာဘူးကို တင်းတင်းဆုပ်တယ်။ "ဒီည ဘာအလဲအလှယ်မှ မလုပ်ဘူးလို့ ငါပြောထားတယ်မဟုတ်လား"

"ရန်နာ.. ကျွန်မပါ၊ ကျွန်မ လစ်ဘီဒေးပါ။ ရှင့်သမီးပါ"

အဖေက အခုမှ ခေါင်းထောင်လာတယ်။ ခေါင်းမှာဆောင်းထားတဲ့ဦးထုပ်ကို နောက်ဘက်ကို ဆွဲလှည့်တယ်။ ပါးစပ်မှာ ပေးနေတဲ့ သလိပ်တွေကို လက်ဖမိုးနဲ့ သုတ်တယ်။ တစ်ဝက်လောက် ပြောင်သွားတယ်။

"လစ်ဘီ..ဟုတ်လား"..အဖေ့မျက်နှာက အခုမှ ပြုံးလာတယ်။ "ဟားဟား..လစ်ဘီ..လစ်ဘီလေးပဲ။ ဟားဟား လာလေသမီး၊ ဆင်းခဲ့လေ။ နင့်အဖေကို လာနှုတ်ဆက်ပါဦး"..အဖေက ကြိုးစားပြီး ကုန်းရုန်းထတယ်။ သူ့အသံကတိုင်ကီထဲမှာ ပဲ့တင်ရိုက်ပြီး ဟိန်းနေတယ်။ ဓာတ်မီးရဲ့ အလင်းရောင်တွေကြောင့် အဖေ့မျက်နှာက သရဲသဘက်လို မှောင်လိုက်လင်းလိုက် ဖြစ်နေတယ်။ လှေကားလက်ရန်းကို ကိုင်ရင်း ကျွန်မ ဇဝေဇဝါ ဖြစ်နေတယ်။ လှေကားက တိုင်ကီအဝကိုကျော်ပြီးတာနဲ့ ဆုံးသွားပြီ။

"လစ်ဘီ။ ဆင်းခဲ့လေ။ မကြောက်နဲ့..။ ဒါနင့်အဖေရဲ့ အိမ်အသစ်လေ"..ရန်နာဒေးက အောက်ကနေ လက်နှစ်ဖက်ကို ဖြန့်ကားပြီးခေါ်တယ်။ တိုင်ကီထဲကို ခုန်ဆင်းရတာ အန္တရာယ် ဖြစ်လောက်အောင်တော့ မမြင့်ပါဘူး။ နိမ့်တော့လည်း မနိမ့်လှဘူး။ အကျမတော်ရင် ခြေကျိုးသွားနိုင်တယ်။

"အာ..ဆင်းစမ်းပါဟ၊ ပြဿနာပဲ။ ဘာတွေဒီလောက်ကြောက်နေတာလဲ။ ငါ့ကို တကူးတက လာတွေ့တာမဟုတ်ဘူးလား။ ဒီလောက်လေးတောင် သတ္တိမရှိဘူးလား"..ရန်နာဒေးက အော်တယ်။ တိုင်ကီအပေါက်ဝမှာ ခြေထောက်တွဲလောင်းချပြီး ကျွန်မ ထိုင်ချလိုက်တယ်။ ရေမကူးတတ်တဲ့သူ ရေကူးကန်ထဲ ဆင်းဖို့မဝံ့မရဲ ဖြစ်နေသလို တုန်ချည့်တုန်ချည့် ဖြစ်နေတယ်။ အဖေက 'ပြဿနာပဲ..ငကြောက်မနဲ့ လာတွေ့နေတယ်'လို့ ထပ်အောက်လိုက်တော့မှ ကျွန်မ တိုင်ကီနှုတ်ခမ်းကို လက်နဲ့ ကိုင်ပြီး ကိုယ်ကို တဖြည်းဖြည်းချင်း အောက်ကို နှိမ့်ချလိုက်တယ်။ ရန်နာဒေးက

ကျွန်မတို့ မောင်နှမတွေကို ငကြောက်တွေ..ဆိုပြီး တစ်သက်လုံး နှိမ်လာတာလေ။ အဖေနဲ့ ကောင်းကောင်းတွေ့လိုက်ရတာ တစ်နွေပဲရှိပေမယ့်အဲဒီနွေရာသီတစ်ခုနဲ့တင် သူဘယ်လိုလူစားလဲဆိုတာ ကျွန်မ သိလိုက်ရတယ်။ အမြဲတမ်း လှောင်ပြောင်ကဲ့ရဲ့ ချင်နေတဲ့ ရန်နာဒေး..။ သူအဲဒီလို လှောင်လိုက်ပြီဆိုရင် ကျွန်မ မခံမရပ်နိုင်ဖြစ်ဖြစ် သွားတယ်။ မလုပ်ရဲဘူးလား..ဒါလေးတောင် သတ္တိမရှိဘူးလား..ကြောက်တတ်တာ လား..စသဖြင့်။ သူစိန်ခေါ်လိုက်တိုင်း ကျွန်မ မိုက်ရူးရဲ လိုက်လုပ်ပစ်တာပဲ။ သစ် ကိုင်းမှာ တွဲလောင်းခိုတယ်။ ကောက်ရိုးပုံပေါ်ကနေ အောက်ကို ခုန်ချတယ်။ ရေ မကူးတတ်ဘဲ ချောင်းထဲကို ခုန်ဆင်းပစ်တယ်။ အဲဒီလို လုပ်ပြလိုက်ရလို့လည်း ကိုယ့်ကိုယ်ကိုယ် အောင်နိုင်သူကြီးရယ်လို့ တစ်ခါမှမခံစားခဲ့ရပါဘူး။ စိတ်တိုတဲ့ ခံစားချက်ပဲ ထပ်ထပ်တိုးလာတယ်။ အခုလည်း သူကဲ့ရဲ့တာကို မခံချင်လို့ ကျွန်မ တိုင်ကီနွတ်ခမ်းမှာ တွဲလောင်းဖြစ်နေပြီ။ လက်တွေက ကိုယ်အလေးချိန်ကိုမခံနိုင်ဘဲ တုန်စပြုလာတယ်။ ခြေထောက်တွေလေထဲမှာဟိုယမ်းဒီယမ်းဖြစ်လာတယ်။ အဲဒီမှာ အဖေက ကျွန်မကို ခါးကနေ လှမ်းဖက်လိုက်တယ်။ တိုင်ကီနွတ်ခမ်းကို ကိုင်ထား တဲ့ လက်တွေ လွတ်ထွက်သွားပြီး အဖေ့လက်ထဲကို ကျွန်မ ဈေ့ခနဲ ပါသွားတယ်။ အဖေက ကျွန်မကို ခါးကနေကိုင်ပြီး ပတ်ပတ်လည် မွှေ့ပစ်တယ်။ ကျွန်မရဲ့ ခြေတို တိုလေးတွေ လေထဲမှာ ယမ်းခါကုန်တယ်။ ၇ နှစ် ကလေးလေးလို ခြေကားရား လက်ကားရား ဖြစ်သွားတယ်။ မြေကြီးကို ခြေထောက်နဲ့ လှမ်းဖမ်းပေမယ့် မမီ ဘူး။ ရန်နာဒေးက ဖက်ထားတာကို ပိုတင်းလိုက်တယ်။ လှည့်နေတဲ့ အရှိန်ကိုပိုမြှင့် လိုက်တယ်။

"ရန်နာ..ရန်နာ.. တော်ပြီ၊ တော်ပါတော့။ ကျွန်မကို လွှတ်တော့"

ကျွန်မခြေထောက်နဲ့ တိုက်မိပြီး ထောင်ထားတဲ့ ဓာတ်မီးအိမ်တွေလဲကျကုန် တယ်။ ဓာတ်မီးတွေက တိုင်ကီကြမ်းပြင်ပေါ်မှာ လိမ့်ထွက်သွားတယ်။ မီးရောင်တွေ တိုင်ကီနံရံမှာ တလက်လက်ခါကုန်တယ်။ အဲဒီညတုန်းက..ကျွန်မကို လိုက်ရှာတဲ့ ဓာတ်မီးရောင်တွေကို ကျွန်မ သတိရသွားတယ်။

"ကြောက်ပါပြီလို့ပြောလေ"..ရန်နာဒေးက ရယ်ရင်းပြောတယ်။

"အခုလွှတ်တော့လို့ ပြောနေတယ်နော်"..ကျွန်မ အော်လိုက်တော့ ရန်နာ ဒေးက မလွှတ်တဲ့အပြင် ကျွန်မကို ချိုင်းကနေကိုင်ပြီး အားရပါးရ ထပ်လှည့်တယ်။

"ကြောက်ပြီလို့ပြော"

"ကြောက်ပါပြီ".. ကျွန်မ မျက်လုံးတွေကို စုံမှိတ်ပြီး စိတ်ဆိုးမာန်ဆိုး

ဖိတ်အော်ပစ်လိုက်တယ်။

ရန်နာဒေးက ကျွန်မကို လွှတ်ပေးလိုက်တယ်။ အရှိန်နဲ့လည်နေရာကနေ ဆတ်ခနဲ လွှတ်ထွက်သွားတော့ ကျွန်မ ယိုင်ထိုးသွားတယ်။ တိုင်ကီနံရံဘက်ကို ပြေးကပ်သွားတယ်။ သံပြားနဲ့ ကိုယ်လုံးနဲ့ ဆောင့်မိတဲ့ ဒုန်းခနဲအသံကြီး လှိုင်ထွက်လာတယ်။ နာသွားတဲ့ ပခုံးကို ကျွန်မ ပွတ်လိုက်တယ်။

"ဟားဟား၊ ငါ့ကလေးတွေဆိုတာလည်း ငကြောက်တွေ ငနုတွေချည်းပဲ ဟေ့။ စိတ်ပျက်စရာပဲ" ..ရန်နာက မောသွားသလို ခါးကိုကိုင်းပြီး ရယ်တယ်။ ပြီးတော့မှ ခါးကိုပြန်မတ်တယ်။ လည်ပင်းကိုစောင်းပြီး ဖြောက်ခနဲ ချိုးတယ်။

"ဟိုနားက ဘီယာတစ်ဘူး ကောက်ပြီး အဖေ့ကိုပေးစမ်း"

ရန်နာဒေးဆိုတာ..အဲဒီလိုလူ..။ သူလုပ်ချင်တာတွေ လုပ်ပြီးတာနဲ့ ဘာမှမဖြစ်ချင်ယောင်ဆောင်တဲ့နေရာမှာ သိပ်တော်တယ်။ ကျွန်မ သူခိုင်းတာကိုမလုပ်ဘဲ လက်ကို တင်းတင်းပိုက်ထားလိုက်တယ်။

"အာ..ပြဿနာပဲ၊ ဒက်ဘီကလည်း.. နေပါဦး ဒက်ဘီ မဟုတ်ဘူး.. လစ်ဘီ။..အေး.. လစ်ဘီကလည်း ဘာတွေ မာနကြီးနေတာတုန်း။ ကိုယ့်အဖေကိုယ် ဘီယာယူပေးတာ ဘာဖြစ်လဲ"

"ကျွန်မ ရှင့်ဆီကို ဘာလာလုပ်တာလဲဆိုတာ ရှင်သိသလား" ..ကျွန်မ မေးလိုက်တယ်။

"ဟင့်အင်း" ..အဖေက ဘီယာဘူးကို သူ့ဘာသာသူ သွားကောက်တယ်။ ကျွန်မဘက် တစ်ချက်လှည့်ကြည့်ပြီး မျက်ခုံးပင့်ပြတယ်။ သူ့နဖူးတစ်ခုလုံး အရေးအကြောင်းတွေအောက်မှာ တွန့်တက်သွားတယ်။ ကျွန်မကိုတွေ့လိုက်ရင် အဖေအံ့ဩသွားမှာပဲလို့ ထင်ထားတာ။ ဒါပေမယ့် သူ့ပုံစံကို ကြည့်ရတာ ခေါင်းထဲမှာရှိတဲ့ အံ့ဩတတ်တဲ့ အစိတ်အပိုင်းတွေအကုန် ပျက်စီးသွားပြီထင်တယ်။ ဟုတ်မှာပေါ့။ တစ်ရက်တစ်ရက် ဘာအဓိပ္ပာယ်မှမရှိဘဲ၊ ဘာအလုပ်မှမလုပ်ဘဲ အချိန်ကုန်နေတာဆိုတော့ ဘာဖြစ်ဖြစ် မအံ့ဩတော့ဘူး နေမှာပေါ့။ ၅ နှစ်လောက် မတွေ့ဘဲပစ်ထားတဲ့ သမီးအရင်းက သူ့ကိုလာတွေ့လည်း မအံ့ဩတော့ဘူးပေါ့။

"နင်နဲ့ မတွေ့တာ ဘယ်လောက်တောင်ကြာသွားပြီတုန်း။ ငါပို့လိုက်တဲ့ ငှက်ရုပ်ဆေးလိပ်ခွက်လေးရော..ရှိသေးရဲ့လား" ..သူပို့လိုက်တဲ့ ငှက်ရုပ်ဆေးလိပ်ခွက်ဆိုပါလား။ အဲဒီဆေးလိပ်ခွက် ကျွန်မဆီကို ရောက်လာတာ လွန်ခဲ့တဲ့ အနှစ် ၂၀ တုန်းက။ ကျွန်မတောင် ဆေးလိပ်မသောက်တတ်သေးဘူး။ ၁၀ နှစ် သမီးပဲ

ရှိသေးတယ်။

"ရန်နာ… ရှင် ကျွန်မဆီကို ပို့လိုက်တဲ့စာကို မှတ်မိသေးလား"…ကျွန်မ မေးလိုက်တယ်။ "ဘန့်အကြောင်းရေးထားတဲ့ စာလေ။ ဘန်က လူသတ်သမား မဟုတ်ဘူးဆိုတာ ရှင်သိတယ်ဆို"

"ဘန်… ဘန်ဆိုတဲ့ကောင်ကို ငါက ဘာကိစ္စ စာရေးရမှာလဲ။ အဲဒီကောင် စောက်ရူး။ မွေးကတည်းက အကျင့်မကောင်းတဲ့ကောင်။ နင်သိလား…နင့်အစ်ကို အဲဒီလိုဖြစ်တာ နင့်အမေ မထိန်းတတ်လို့။ လူမို့လို့ပေါ့။ ခွေးကလေး ကြောင် ကလေးဆိုရင် ငယ်ငယ်ကတည်းက ပစ်သတ်လိုက်ရမှာ"

"မဟုတ်ဘူး၊ ကျွန်မဆီကို ရေးတဲ့စာကို ပြောနေတာ။ ကျွန်မဆီကို ရှင် စာရေးပြီးပို့ထားတာ။ ဘာမှမကြာသေးဘူး။ ရှင် သေတော့မယ်ဆို။ ကြာကြာမနေရ တော့ဘူး… မသေခင် အမှန်အတိုင်း ပြောပြမယ်လို့ ရေးထားတာလေ။ အဲဒီညက အဖြစ်အပျက်ကို အမှန်အတိုင်း သိတယ်ဆို"

"ငါ တစ်ခါတလေကျရင် တွေးမိတယ်။ အဲဒီ ဘန်ဒေးဆိုတဲ့ကောင်ဟာ ငါ့သားရော ဟုတ်ရဲ့လားလို့။ ငါ့သားအရင်းလို့ကို တစ်ခါမှ မခံစားရဘူး။ ကြား ကား ဖြတ်ခုတ်သွားတာလား မသိဘူး။ သူများတွေလည်း အဲဒီလိုထင်ပြီးကွယ်ရာမှာ ဟားနေကြမှာပဲ။ ငါနဲ့ အဲဒီကောင်နဲ့ တူတာ တစ်စက်မှ မရှိဘူး။ နင့်အစ်ကိုဘန် ဒေးက မေမေ့သားကြီးလေ။ နင့်အမေရဲ့ သွေး အပြည့်ပါလာတာလေ"

"ရန်နာ… ကျွန်မပြောတာကို အာရုံစိုက်ပါ။ ကျွန်မဆီကို ရှင်ရေးပြီးပို့ထား တဲ့ စာ… မှတ်မိပြီလား။ မှတ်မိလား။ လူသတ်သမားက ဘန်မဟုတ်ဘူးဆိုတာ ရှင် သေချာသိတယ်တဲ့။ ပြီးတော့ ပြောရဦးမယ်။ ရှင့်ရည်းစားဟောင်းလေ၊ ပက်ဂီဆိုတဲ့ မိန်းမလေ။ သူက အခု ရှင့်အတွက် ဖုံးမပေးနိုင်တော့ဘူးတဲ့။ အမှန်အတိုင်းထွက်ဆို ချက် ပြန်တင်မယ်တဲ့ အဲဒါသိပြီးပြီလား"

အဖေက ဘီယာကို အားရပါးရ တစ်ငုံကျိုက်ချတယ်။ မျက်နှာကိုရှုံ့တယ်။ ဂျင်းဘောင်းဘီအိတ်ထဲကို လက်နှိုက်တယ်။ စိတ်ဆိုးတဲ့ပုံစံနဲ့ ဟက်ခနဲရယ်တယ်။

"ဪ…အေး။ နင့်ဆီကို ငါ စာရေးလိုက်သေးတယ်။ ဟုတ်တယ်။ မေ့ နေတာ။ အင်း… ဟုတ်တယ်…ငါ ကြာကြာမနေရတော့ဘူး။ ဘာရောဂါဆိုလဲမသိ၊ အသည်းမကောင်းတဲ့ရောဂါလေ…ဘာလဲ"

"အသည်းခြောက်တာလား"

"အေး ဟုတ်တယ်။ ပြီးတော့ အဆုတ်လည်း မကောင်းတော့ဘူးတဲ့။ အဲ

ဒီလိုပြောတယ်။ တစ်နှစ်လောက်ဆို သေမယ်တဲ့။ ကျန်းမာရေးအာမခံရှိတဲ့ မိန်းမ ယူခဲ့ရမှာ။ ပက်ဂီ မှာတုန်းက အာမခံရှိတယ်။ တစ်ချိန်လုံး အဲဒီအာမခံနဲ့ သွားဆရာ ဝန်ဆီ သွားသွားနေတာ မှတ်မိတယ်··။ လစ်ဘီ နင်လည်း ကျန်းမာရေးအာမခံဆိုတာ ထားထားဦး။ အရေးကြီးတယ်။ မဟုတ်ရင် မလွယ်ဘူး''··ရန်နာဒေးက သူ့လက် ဖမိုးတွေ သူ လှန်ကြည့်တယ်။ ''အေး ငါနင့်ဆီကို စာရေးထားတာပဲ၊ ဟုတ်တယ်။ ရှင်းစရာတွေ ရှိတယ်။ အဲဒီ လူသတ်မှု ဖြစ်တဲ့နေ့က စောက်တလွဲတွေ တန်းစီပြီး ဖြစ်ကုန်တာ လစ်ဘီ။ ငါ အဲဒီနေ့ အကြောင်း ခဏခဏ စဉ်းစားမိတယ်။ စဉ်းစား လိုက်တိုင်း စိတ်ထဲမှာ အခဲမကျေဘူး။ ခံစားရတယ်။ အဲဒီနေ့က တကယ့်ကို ကျိန်စာ သင့်တဲ့ နေ့ပဲ။ မဖြစ်သင့်တာတွေ အကုန် ဖြစ်သွားတဲ့နေ့လေ။ ဒါပေမယ့် လူတွေက ဘယ်ကောင့်ကို တရားခံအဖြစ် ဆွဲထည့်ရမလဲဆိုတာကိုပဲ စဉ်းစားနေခဲ့ကြတာလေ။ ဘယ်သူဖြစ်ဖြစ် ထောင်ထဲ ဆွဲထည့်မယ် ဆိုတာချည်းပဲ။ ငါကိုယ်တိုင်လည်း ငါသိ ထားတာတွေကို ရဲတွေကို မပြောဖြစ်ခဲ့ဘူး။ ပြောလို့လည်း အဆင်မပြေဘူးလေ''

ပြောလို့လည်း အဆင်မပြေဘူးလေ··တဲ့။ ခပ်ပေါ့ပေါ့ပဲ··။ ဘာမှမဟုတ် သလိုပဲ··။ ကျွန်မ အနားမှာရှိတဲ့ ဒန်အိုးတစ်လုံးကို ကောက်ပြီး အဖေ့ မျက်နှာကို ဖြတ်ရိုက်ပစ်ချင်လာတယ်။

''ဒါဆိုလည်း အခုပြောလို့ ရပြီလေ။ တကယ်ဖြစ်ခဲ့တာက ဘာလဲ။ ဘန် ထောင်ထဲရောက်နေတာ နှစ်ပေါင်း မနည်းတော့ဘူး။ ရှင် သိထားတာ တစ်ခုခု ရှိ တယ်ဆိုရင် အခု ပြောတော့''

''ဟမ်·· ပြောပြီး ငါက ဘာလုပ်ရမှာလဲ။ ငါ ထောင်ထဲ ဝင်ရမှာလား''·· အဖေက ဟွန့်ခနဲ နှာခေါင်းတစ်ချက်ရှုံ့တယ်။ တဘက်ပေါ်မှာ ထိုင်ချလိုက်တယ်။ နှာခေါင်းတစ်ဖက်ကို ပိတ်ပြီး နှပ်ချေးညှစ်တယ်။ ''နင့်အစ်ကို ဘန်ဒေးကလည်း အပြစ်မရှိတဲ့ ယုန်သငယ်လေးတော့ မဟုတ်ဘူးကွ။ ဒီကောင်က စုန်းတွေ၊ကဝေတွေ၊ နတ်ဆိုးတွေနဲ့ ဓာတ်လမ်းတွေ ရှုပ်နေတာ။ စေတန်ကိုးကွယ်တဲ့ကောင်။ စေတန်ကို အဲဒီလို ဓာတ်လမ်းတွေ သွားရှုပ်မှတော့ တစ်ခါမဟုတ် တစ်ခါတော့ ပြဿနာ တက်မှာပဲ··။ ထရေးတီပန်နီနဲ့ တွဲနေတာကို တွေ့လိုက်ကတည်းက ငါသိခဲ့ရမှာ။ ထရေးတီပန်နီဆိုတဲ့ စောက်ရူး··''

ထရေးတီပန်နီ··တဲ့၊ လာပြန်ပြီ။ ဒီနာမည်ကို ကြားရပြန်ပြီ။

''ထရေးတီပန်နီက ဘာလုပ်လို့လဲ''

ရန်နာဒေးက အားရပါးရ ပြုံးလိုက်တယ်။ အက်နေတဲ့ သွားတစ်ချောင်း

ပါးစပ်ထဲကနေ ပြူထွက်လာတယ်။ "အင်း..အဲဒီညက ဘာတွေဖြစ်ခဲ့သလဲဆိုတာ ဘယ်သူမှ မသိကြဘူး။ ရယ်ဖို့တောင် ကောင်းတယ်"

"ဘာကို ရယ်ဖို့ကောင်းတာလဲ။ ကျွန်မအမေ သေပြီ။ ကျွန်မအစ်ကို အခု ထောင်ထဲမှာ။ ရှင့်ကလေးတွေလည်း သေကုန်တာနော်.. ရန်နာ..ရှင့်ကလေးတွေ"

ရန်နာဒေးက ခေါင်းတစ်ချက် ဆတ်တယ်။ အပေါ်ကို မော့ကြည့်တယ်။ ကောင်းကင်မှာ လခြမ်းက ကွေးကောက်နေတယ်။

"နင်မသေပါဘူး"..ရန်နာက ပြောတယ်။

"မီရှယ်သေပြီလေ။ ဒက်ဘီလည်း သေပြီ။ အမေ ပက်တီလည်း သေပြီ"

"ဒါပေမယ့် နင်မသေဘူးလေ။ ဘာလို့ နင်မသေဘဲ ကျန်ခဲ့တာလဲ ဆိုတာ မစဉ်းစားမိဘူးလား"..အဖေက သွေးတစ်ဆုပ်ကို ထွီခနဲ ထွေးထုတ်တယ်။ "မထူးဆန်းဘူးလား"

"ထရေးတီပန်နီ ဆိုတဲ့ လူနဲ့ ဒီအမှုနဲ့ ဘာဆိုင်သလဲ"..ကျွန်မ ထပ်မေး လိုက်တယ်။

"ငါသိတာ ပြောပြရင် ဆုငွေတွေဘာတွေ ရမှာလား"

"ရမှာပေါ့၊ ရမယ်ထင်တာပဲ"

"ငါကိုယ်တိုင်လည်း လုံးဝ အပြစ်ကင်းနေတာတော့ မဟုတ်ဘူး။ ဒါပေ မယ့် နင့်အစ်ကိုလည်း အပြစ်မကင်းဘူး။ ထရေးတီပန်နီလည်း အပြစ်မကင်းဘူး"

"ရှင် ဘာလုပ်ခဲ့သလဲ ရန်နာ.. ပြောပါ"

"ပိုက်ဆံတွေအကုန် ဘယ်သူ ရသွားသလဲ။ ငါ တစ်ပြားမှမရလိုက်တာတော့ သေချာတယ်"

"ဘာပိုက်ဆံလဲ။ ကျွန်မတို့မှာ ဘာပိုက်ဆံမှ မရှိခဲ့ဘူး"

"နင့်အမေမှာ ပိုက်ဆံ ရှိခဲ့တယ်လေ။ နင့် မေမေကြီးမှာ ပိုက်ဆံတွေရှိတယ် လေ။ ငါပြောတာကို ယုံစမ်းပါ"

ရန်နာက မတ်တပ်ထရပ်တယ်။ ကျွန်မကို မျက်လုံးပြူးပြီး စိုက်ကြည့်နေ တယ်။ သူ့မျက်လုံး ပြာပြာ ပြူးပြူးတွေက လရောင်အောက်မှာ စူးပြီး တောက်နေ တယ်။ ခေါင်းကို ဘယ်ညာ တစ်ချက်စီ စောင်းတယ်။ ကျွန်မဆီကို ဦးတည်ပြီး လျှောက်လာတယ်။ လက်ဝါးနှစ်ဖက်ကို ဖြန့်ထားတယ်။ ဘာမှမလုပ်ပါဘူး ဆိုတဲ့ သဘော။ ဒါပေမယ့် သူအဲဒီလိုလုပ်လိုက်မှ ကျွန်မ ပိုကြောက်မိသွားတယ်။

"ပိုက်ဆံတွေ ဘယ်ရောက်သွားသလဲ လစ်ဘီ။ နင့်အမေ ပက်တီဒေးရဲ့

အသက်အာမခံ ပိုက်ဆံတွေလေ။ အဲဒါကိုလည်း သေချာ စဉ်းစားကြည့်သင့်တယ်။ ငါအဲဒီပိုက်ဆံတွေ တစ်ပြားတစ်ချပ်မှ မရလိုက်ဘူး''

''ဘာ ပိုက်ဆံမှ..ဘယ်သူမှ မရလိုက်ဘူး ရန်နာ။ ရှိတဲ့ပိုက်ဆံတွေအားလုံး ဘန့်ရဲ့ ရှေ့နေဖိုးနဲ့ ကုန်သွားတာ''

အဖေက ကျွန်မရှေ့တည့်တည့်မှာ ရပ်တယ်။ ကျွန်မကို မိုးပြီး ကြည့်နေတယ်။ ငယ်ငယ်တုန်းကလိုပဲ ကျွန်မများ သူ့ကို ကြောက်မလားဆိုပြီး ခြိမ်းခြောက်တဲ့ အကြည့်တွေနဲ့...။ အဖေ့ကိုယ်လုံးက ခပ်သေးသေးပါ။ ဒါပေမယ့် ကျွန်မထက် ၆ လက်မလောက် ပိုမြင့်နေတယ်။ သူ့ပါးစပ်ထဲကနေ လှိုင်ထွက်နေတဲ့ ဘီယာနံ့က ချဉ်တူးနေတယ်။

''တကယ်ဖြစ်ခဲ့တာတွေကို ပြောပြတော့ ရန်နာ။ ဘာဖြစ်ခဲ့တာလဲ''

''နင့်အမေလေ.. ပက်တီဒေးဆိုတဲ့ ဟာမ..ငါ့ကို ဘယ်တော့မှ မကူညီဘူး။ ပိုက်ဆံတွေအကုန် သူပဲ ကိုင်ထားတယ်။ အဲဒီလယ်ကွက်တွေကို ငါကိုယ်တိုင် ကူညီ ထွန်ယက်ပေးခဲ့တာ နှစ်ပေါင်းများစွာပဲ။ တစ်ပြားမှ ပြန်မရဘူး။ နင့်အမေ သူ့ထိုက်နဲ့ သူ့ကံ ပြန်ခံရတာပဲ။ သူ့အပြစ်နဲ့ သူပဲ။ အဲဒီနေ့ကသာ နင့်အမေ ငါ တောင်းတဲ့ ပိုက်ဆံကို ပေးခဲ့ရင်..''

''အဲဒီနေ့က အမေ့ဆီမှာ ပိုက်ဆံသွားတောင်းသေးတာလား''

''ငါ့တစ်သက်လုံး လူများဆီမှာ အကြွေးတွေတင်လာတာ။ ဘယ်တော့မှ ဆပ်မကုန်တဲ့ အကြွေးတွေ။ ရှာသမျှပိုက်ဆံ အကြွေးဆပ်ရင်း ကုန်သွားတာပဲ။ ရှေ့ကို ဆက်လို့မရဘူး။ လစ်ဘီ.. နင့်မှာ ပိုက်ဆံရှိလား။ ရှိတယ်မဟုတ်လား။ ရှိတာပေါ့.. နင် ဟိုစာအုပ် ထုတ်သေးတယ် မဟုတ်လား။ လူသတ်မှုနဲ့ အမြတ်ထုတ်လိုက်သေးတယ်လေ။ နင်လည်း ခြောက်ပြစ်ကင်း သဲလဲစင်တော့ မဟုတ်ဘူးပေါ့။ လုပ်ပါဟာ.. ပိုက်ဆံရှိရင် ငါ့လည်း နည်းနည်းမျှစမ်းပါ။ ကိုယ့်အဖေပဲ..ကူညီကောင်းပါတယ်။ ပိုက်ဆံနည်းနည်းပေး..။ မှောင်ခိုဈေးကွက်ထဲမှာ အသည်းအစားထိုးဖို့ ဝယ်လို့ရတယ်တဲ့..။ အဲဒါဝယ်ပြီးရင် လဲပြီးရင် နင်ခိုင်းတာ ငါအကုန်လုပ်မယ်ဟာ။ တရားရုံးမှာ ထွက်ဆိုချက် တင်ပေးဆိုလည်း တင်ပေးမယ်။ ငါ့သမီးလေး ဘာလိုချင်လဲ အကုန်လုပ်ပေးမယ်''..အဖေက ကျွန်မရင်ဘတ်အလယ်ကိုလက်ညှိုးနှစ်ချောင်းနဲ့ ထောက်ရင်း ပြောတယ်။ ကျွန်မ နောက်ကို ဖြည်းဖြည်းချင်း ဆုတ်လိုက်တယ်။

''အဲဒီညက ဖြစ်တာတွေထဲမှာ ရှင့် လက်ချက် ပါတယ်ဆိုရင် ရှင်လည်း

လွှတ်မယ်မထင်နဲ့ ရန်နာ"

"ဟား.. ဘာကို မလွှတ်ရမှာလဲ။ အဲဒီတုန်းကလည်း ရဲတွေ ဘာမှမသိဘူး။ အခုလည်း ဘာမှ သိမှာမဟုတ်ဘူး။ အဲဒီအမှုကြောင့် ရာထူးတက်သွားတဲ့ ရဲတွေ၊ တရားသူကြီးတွေ၊ ရှေ့နေတွေ၊ နာမည်ကြီးသွားတဲ့ လူတွေ.." ..ရန်နာက ကျွန်မကို လက်ညှိုးထိုးပြတယ်။ "..အဲဒီလူတွေက အခုမှ 'အောင်မလေး..ကျွန်မ မှားပါတယ်..ကျွန်တော်မှားပါတယ်.. ဘန်ဒေးလေးကို ထောင်ကနေ လွှတ်ပေးပါ့မယ်'..ဆိုပြီး ပြောမယ်ထင်လို့လား။ ဝေးသေးတယ်။ အဲဒီညက ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ဘန်ဒေးကတော့ ထောင်ကလွှတ်တော့မှာ မဟုတ်ဘူး"

"ရှင် အမှန်အတိုင်း ပြောပေးတယ်ဆိုရင် လွှတ်နိုင်တာပေါ့"

"နင်..နင်လည်း နင့်အမေနဲ့ အတူတူပဲ။ စောက်ကျင့်မကောင်းတဲ့ကောင်မတွေချည်းပဲ။ ရေလိုက်ငါးလိုက် ဘယ်တော့မှ မနေတတ်ဘူး။ ခက်ခက်ခဲခဲဟာတွေကိုမှ ရွေးလုပ်ချင်တယ်။ နင့်အမေ ပက်တီဒေး.. ငါ့ကို တစ်ခါမှ မကူညီပေးဖူးဘူး။ တစ်ခါလေး..တစ်ခါလေးတောင် ငါ့အလိုကို မလိုက်ဘူး။ အသတ်ခံရတာနည်းသေးတယ်လို့တော့ မပြောပါဘူး..ဟားဟား။ ဒါပေမယ့် ပက်တီဒေးဆိုတဲ့ မိန်းမက တော်တော်ကို ခက်တယ်။ ဘန်ဒေး သက်ငယ်မုဒိမ်းကောင်ဖြစ်တာလည်း သူ့လက်ချက်ပဲနေမှာ။ ဘန်ဒေးဆိုတဲ့ ကျက်သရေတုံး လူယုတ်မာ စောက်ရူး။ ဘယ်တော့မှ ယောကျ်ားပီပီသသ ဖြစ်လာမယ့်ကောင် မဟုတ်ဘူး။ ဩော် ပြီးတော့ ဟို..ပက်ဂီ.. ဆိုတဲ့ကောင်မကိုလည်းပြောလိုက်။တွေ့တဲ့နေရာမှာကျင်းတူးပြီးဆင်းသေလိုက်လို့"

ကျွန်မ သူနဲ့ စကားဆက်မပြောချင်တော့ဘဲ လှည့်ထွက်လိုက်တယ်။ ပြီးမှ သတိရသွားတယ်.. သူ့ အကူအညီမပါဘဲ တိုင်ကီအဝကို ကျွန်မ ဘယ်လိုပြန်တက်မလဲ။ ကျွန်မ အဖေ့ဘက် ပြန်လှည့်လိုက်တယ်။

"ဘန်ဆိုတဲ့ အိညှောင်အိညှောင်ကောင်က လူသတ်သမားလို့ နင်မို့လို့ထင်တယ်..။ ငါ အံ့သြလို့ မဆုံးဘူး"

"ဒါဆို ဘယ်သူလဲ ရန်နာ။ ရှင် ဘာပြောချင်တာလဲ"

"ငါထင်တာတော့ ထရေးတီပန်နီ လုပ်တာပဲ ဖြစ်လိမ့်မယ်။ ဒီကောင်က လောင်းကစား ဒိုင်လေ။ အကြွေးတွေမရတော့ ပိုက်ဆံ လိုနေတယ်လေ"

"ဘယ်သူ့ဆီက အကြွေးလဲ။ ရှင့်ဆီကလား"

"ငါ အတိအကျတော့ မစွပ်စွဲချင်ဘူး။ ဒါပေမယ့် ထရေးတီပန်နီ ဆိုတဲ့ ကောင်က လောင်းကစားဒိုင်။ ပြီးတော့ အဲဒီညတုန်းက ဘန်နဲ့ ဒီကောင်နဲ့ အတူတူ

ရှိနေတယ်''

''ထရေးတီပန်နီ ဆိုတဲ့လူ ကျွန်မတို့ မိသားစုကို သတ်သွားတယ်ဆိုတာ ရှင် သေချာ သိတယ်ဆိုရင် တရားရုံးမှာ ထွက်ဆိုချက် ပေးရမယ်''..ကျွန်မ ဖြတ် ပြောလိုက်တယ်။ ''အဲဒါ အမှန်ဆိုရင် ပြောတာနော်''

''လစ်ဘီ..လစ်ဘီ နင်တော်တော် တုံးတဲ့ ကောင်မလေးပဲ''..ရန်နာဒေးက ကျွန်မ လက်မောင်းနှစ်ဖက်ကို ကိုင်လှုပ်ရင်း ပြောတယ်။ ''ဒီလို လက်ဝါးဖြန့်ပြီး တောင်းလိုက်ရုံနဲ့ ငါက အကုန်လုပ်ပေးရမှာလား။ ဘာမဆို အလကားပဲ လိုချင်နေ တာ။ ငါ့ဘက်က ဘယ်လောက်စွန့်စားရမလဲ၊ နင်နားမလည်ဘူးလား။ ပိုက်ဆံယူလာ ခဲ့ပါလို့ ငါမှာလိုက်တယ်လေ။ ငါသေချာပြောလိုက်တယ်၊ ပိုက်ဆံယူလာလို့''

သူ့လက်ထဲကနေ ကျွန်မ ရုန်းထွက်လိုက်တယ်။ ကြမ်းပြင်မှာ ချထားတဲ့ ရေခဲသေတ္တာ ပေါက်စနဆီကို လျှောက်သွားတယ်။ ရေခဲသေတ္တာကို လက်ကကိုင်ပြီး အပေါက်ဝ လေ့ကားအောက်တည့်တည့်ကို ဆွဲလာလိုက်တယ်။ ကြမ်းပြင်နဲ့ ရေခဲ သေတ္တာ ပွတ်ဆွဲတဲ့ အသံကြောင့် ရန်နာ ဘာတွေဆက်ပြောနေသလဲ ကျွန်မ မကြား တော့ဘူး။ ရေခဲသေတ္တာနဲ့ အပေါက်ဝနဲ့ တည့်ပြီဆိုတာနဲ့ ရေခဲသေတ္တာပေါ်ကို ကျွန်မ တက်ရပ်လိုက်တယ်။ တိုင်ကီနှုတ်ခမ်းနဲ့ ကျွန်မလက်နဲ့ မမီသေးဘူး။

''ဒေါ်လာ ၅၀ ပေး။ ငါနင့်ကို အောက်ကနေ မ,ပေးမယ်''..ရန်နာက ကျွန်မ ဖြစ်ပျက်နေတာကို ပျင်းရိပျင်းတွဲနဲ့ ကြည့်ရင်း ပြောတယ်။ ကျွန်မ သူပြော တာကို မကြားချင်ယောင်ဆောင်ပြီး တိုင်ကီနှုတ်ခမ်းကို မီအောင် ခြေဖျားထောက် လိုက်တယ်။ ရေခဲသေတ္တာ တစ်ခြမ်းစောင်းသွားတယ်။ ကျွန်မ ကြမ်းပြင်ပေါ်ကို ဗုန်းခနဲ ပြုတ်ကျသွားပြီး မေးနဲ့ ကြမ်းနဲ့ ရိုက်မိတယ်။ နှုတ်ခမ်းနဲ့ သွားနဲ့ခြစ်မိပြီး ပူခနဲဖြစ်သွားတယ်။ နာလွန်းလို့ မျက်ရည်တွေ ဝဲလာတယ်။ ရန်နာက ရယ်တယ်။ ''ဟားဟား..ဘယ်လိုတွေ ဖြစ်နေတာတုန်း''.. လဲနေတဲ့ ကျွန်မကို အပေါ်ကနေ မိုးကြည့်တယ်။ ''ဘာဖြစ်နေလဲ။ ငါ့ကို ကြောက်နေတာလား ကောင်မလေး''

ရေခဲသေတ္တာနောက်ကို ကျွန်မ အမြန် ပြေးကွယ်လိုက်တယ်။ အပေါ်ကနေ ဘာထပ်ဆင့်ပြီး တက်ရင်ကောင်းမလဲ ဆိုပြီး ဘေးဘီဝဲယာမှာ ရှာကြည့်တယ်။

''မကြောက်ပါနဲ့။ ငါက ကလေးတွေကို မသတ်ပါဘူး''..ရန်နာဒေးက စကားအဆက်အစပ်မရှိဘဲ ရုတ်တရက် ပြောချလိုက်တယ်။ ''ကလေးတွေကိုသတ်တဲ့ လူမျိုး မဟုတ်ဘူး''..အဖွေ့မျက်လုံးတွေက အရောင်တောက်သွားတယ်။ ''ဟေး.. လစ်ဘီ.. ဒါနဲ့ ဟို.. ဒီရာဒီရာဆိုတဲ့ တစ်ယောက်ကို နင်ရှာတွေ့သေးလား''

အဖေ ဘယ်သူ့ကို ပြောတာလဲဆိုတာ ကျွန်မသိနေတယ်။ အဲဒီနာမည်ကို ကျွန်မ အလွတ်ရနေတယ်။

"ဒီယွန်ဒရာ..လား"

"အေး အေး ဟုတ်တယ်။ ဒီ..ယွန်..ဒရာ"

"ဒီယွန်ဒရာ့အကြောင်း ရှင်ဘာသိလို့လဲ"

"အဲဒီလူသတ်မှုတွေဖြစ်တဲ့ည ပြီးကတည်းက အဲဒီကောင်မလေး ပျောက်သွားတာပဲဟ။ သူလည်း အသတ်ခံရတဲ့အထဲ ပါသွားတယ် ထင်တယ်"

"ဘန့် ရည်းစား..ဒီယွန်ဒရာ"

"အေး ဟုတ်တယ်။ သူ့ကို နောက်ဆုံးတွေ့တော့ သူ့ဘေးမှာ ဘန်လည်း ပါတယ်။ ထရေးလည်း ပါတယ်။ အဲဒီ ကောင်မလေးတော့ လွတ်သွားပါစေလို့ ငါ ဆုတောင်းလိုက်မိသေးတယ်။ အဘိုးဖြစ်ရတဲ့ အရသာကို ငါလည်း တစ်ခါတလေ ခံစားဖူးချင်တယ်လေ..ဟားဟား"

"ရန်နာ.. ရှင် ဘာတွေ ပြောနေတာလဲ"

"ဘန် လုပ်လိုက်တာ အဲဒီ ကောင်မလေး ဗိုက်ကြီးသွားတယ်လေ။ ဟုတ်, မဟုတ်တော့ ငါလည်း မသိဘူး။ ဘန်ဒေး ပြောတာပဲ။ အောင်မယ် အရမ်းခက်ခဲတဲ့ ကိစ္စကြီးကို အောင်မြင်အောင် လုပ်လိုက်နိုင်သလိုလိုနဲ့..ငါ့ကို ကြွားပြောသွားတာ။ 'အဖေ ကျွန်တော့် ကောင်မလေးမှာ ကိုယ်ဝန်ရှိနေပြီ'..ဆိုပဲ။ ထားပါတော့။ အဲဒီ ညတုန်းက အဲဒီကောင်မလေးကို နောက်ဆုံးတွေ့လိုက်တာပဲ။ ပြီးလည်းပြီးရောလုံးဝ ပေါ်မလာတော့ဘူး။ သေများ သေသွားပြီလားလို့ ငါကတော့ ထင်တာပဲ။ သိတယ် မဟုတ်လား..နတ်ဆိုး ကိုးကွယ်တဲ့လူတွေက ဗိုက်ကြီးသည်တွေ၊မွေးကင်းစကလေး တွေကို သတ်ပြီး ယဇ်ပူဇော်လေ့ ရှိတယ်လေ"

"အဲဒီအကြောင်း ရဲတွေကို ဘာဖြစ်လို့ ပြောမပြလိုက်တာလဲ"

"ဘာကိစ္စပြောပြရမှာလဲ။ ငါနဲ့ ဘာဆိုင်လို့လဲ"

+++

## ပက်တီဒေး

**၁၉၈၅၊ ဇန်နဝါရီ (၂) ရက်**
**ည ၉ နာရီ ၁၂ မိနစ်**

ရန်နာဒေး ဆောင့်ကြီး အောင့်ကြီးနဲ့ ထွက်သွားပြီးတဲ့နောက်··ပက်တီတို့ အိမ်လေးထဲမှာ စက္ကန့် အနည်းငယ် တိတ်ဆိတ်သွားတယ်။ ရန်နာကတော့ နောက်တစ်ယောက်ယောက်ဆီကို အနိုင်ကျင့် ငွေညှစ်ဖို့ ခရီးဆက်နေလောက်ပြီ။ သူ့မှာ ရည်းစားအသစ်ရနေတာကို ပက်တီ သတင်းကြားပြီးသား။ ရန်နာ့ရည်းစားနာမည်က ပက်ဂီဘန်နီရန် တဲ့။ ရန်နာ ပိုက်ဆံလိုချင်ရင် ဘာလို့ အဲဒီမိန်းမဆီသွားအနိုင်မကျင့်ဘဲ ပက်တီ့ကိုပဲ လာဒုက္ခပေးနေသလဲ··။ ဒါမှမဟုတ် သူ့ရည်းစားဆီ အရင် ပြဿနာသွားရှာပြီး အားမရလို့ ပက်တီ့ဆီရောက်လာတာလားမှ မသိဘဲ။

ငါးစက္ကန့်··ဆယ်စက္ကန့်··စက္ကန့်နှစ်ဆယ်··။ လစ်ဘီ၊ ဒက်ဘီနဲ့ မီရှယ်တို့ သုံးယောက်စလုံး သူတို့အမေဆီကို အပြေးရောက်လာကြတယ်။ စိတ်ပူပြီးမေးတဲ့ စကားသံလေးတွေ ပွက်ပွက်ညံ သွားတယ်။ မီးလှုံဖို့ မီးပုံအနားကို ပြေးလာကြတဲ့ သူတွေလို လက်သေးသေးလေးတွေနဲ့ ပက်တီ့ကိုယ်လုံးကို ဝိုင်းဖက်ကြတယ်။ သူတို့အဖေ ရန်နာဒေးကို ဒီတစ်ခါတော့ တကယ်ကြောက်သွားကြပုံပဲ။ ရန်နာကအရင်ကတည်းက ခပ်ကြမ်းကြမ်းဆိုပေမယ့် ဒီတစ်ခါလောက် စိတ်လိုက်မာန်ပါ လက်ပါတော့ မတတ် စိတ်ဆိုးတာမျိုး မဖြစ်ဖူးဘူး။ အရင်တုန်းက·· လင်မယားမကွဲခင်တုန်းကလည်း ရန်နာနဲ့ ပက်တီ ခဏခဏရန်ဖြစ်ပါတယ်။ ကတောက်ကဆတ်ဖြစ်တာတွေ၊ စကားများတာတွေ မနည်းဘူး။ အဲဒီလိုရန်ဖြစ်ရင် ရန်နာက ပက်တီ့ ဖက်ပိုးကို ဖတ်ခနဲ ရိုက်လေ့ရှိတယ်။ နာအောင် ရိုက်တာမျိုးတော့ မဟုတ်ဘူး။ နင်ငါ့ကိုဘာပြန်လုပ်ရဲသလဲ·· လုပ်ရဲရင် ပြန်လုပ်လေ ဆိုတဲ့ ပုံစံမျိုး။ *ဘာလို့ရေခဲသေတ္တာထဲမှာ ဘာမှ စားစရာမရှိတာလဲ*··ဖတ်ခနဲ ရိုက်မယ်။ *တစ်အိမ်လုံး ပေပွစုတ်ပြတ်နေတာ*

*ကြည့်စမ်း..။* ဖတ်..။ *ပိုက်ဆံတွေဘယ်ရောက်ကုန်သလဲ ပက်တီ..။* ဖတ်..ဖတ်.. ဖတ်..။ *ငါပြောတာ ကြားသလား ပက်တီ။ ပိုက်ဆံတွေ ဘယ်မှာ သုံးပစ်လိုက်သလဲ ပြောစမ်း..။* ရန်နာဒေး ဆိုတဲ့လူဟာ အံ့ဩဖို့ကောင်းလောက်အောင် ပိုက်ဆံမက်တဲ့ သူ။ သူ့သမီးတွေနဲ့ ရှားရှားပါးပါး တစ်ခါတလေ မိုနီပိုလီ ကစားတဲ့အခါမျိုးတွေ မှာတောင် ဘဏ်စက္ကူပုံးထဲ ထည့်ထားတဲ့ မိုနီပိုလီ ပိုက်ဆံတွေကို ခိုးဖြစ်အောင်ခိုး လိုက်သေးတယ်။ အဲဒီလို ခိုးတာကို တွေ့သွားလို့ ပြောရင်လည်း ကက်ကက်လန် ရန်ပြန်တွေ့တယ်။ *အောင်မယ် ငါ့ကိုများ သူခိုးလေးဘာလေးနဲ့ စွပ်စွဲသေးတယ်။ ဟုတ်လား ဘန်ဒေး။ ကိုယ့်အဖေကိုယ် သူခိုးလို့ ခေါ်ချင်သေးတယ်။* ဖတ်·ဖတ်.. ဖတ်..။ *သိပ်တတ်နေသလား..ဟုတ်လား သိပ်မျက်စိလျှင်တယ်ပေါ့..* ဖတ်။

ရန်နာ အိမ်ထဲကနေ ထွက်သွားပြီး တစ်နာရီလောက် ကြာတဲ့အထိ ကလေး တွေက ပက်တီ့ဘေးနားကနေ မခွာသေးဘူး။ ရစ်သီရစ်သီနဲ့ ဝေ့ဝဲနေကြရင်း *ဘာ ဖြစ်လို့ အဖေက အဲဒီလောက် စိတ်ဆိုးနေတာလဲမေမေ.. ကိုကြီးဘန်ဒေး ဘာဖြစ် လို့လဲမေမေ..*နဲ့ တတွတ်တွတ်မေးနေကြတယ်။ လစ်ဘီလေးကတော့ ဆိုဖာပေါ်မှာ ဆောင့်ကြောင့်ထိုင်ပြီး စိတ်ပူတဲ့ မျက်နှာနဲ့ လက်မတစ်ချောင်းကို ပါးစပ်ထဲထည့် ပြီး စုပ်နေတယ်။ စောစောက ခရစ်ဆီကိတ်တို့ အိမ်ကိုသွားတော့ လစ်ဘီ တော် တော် လန့်သွားတယ်ထင်တယ်။ စုံထောက်ကောလင်းဆိုတဲ့လူနဲ့လည်း တွေ့လိုက်ရ သေးတယ် မဟုတ်လား။ လစ်ဘီ့ကို ကြည့်ရတာ လန့်ဖျားဖျားချင်သလိုလိုတောင် ဖြစ်နေတယ်။ ပက်တီ လစ်ဘီ့နဖူးကို လက်နဲ့စမ်းကြည့်လိုက်တယ်။ လစ်ဘီတွန့်ခဲ့ ဖြစ်သွားတယ်။

"လစ်ဘီလေး ဘာမှမဖြစ်ဘူးနော်၊ စိတ်မညစ်နဲ့"

"ဖြစ်တယ်၊ စိတ်ညစ်တယ်"..လစ်ဘီက ပက်တီ့ကို စေ့စေ့ကြည့်ရင်း ပြန်ပြောတယ်။ "ကိုကြီးဘန်ကို ပြန်ခေါ်ပေး"

"ပြန်လာမှာပါ သမီးရယ်"

"သူပြန်လာမယ်ဆိုတာ အမေ ဘယ်လိုသိလဲ.."..လစ်ဘီက အသံတုန် တုန်လေးနဲ့ ပြန်မေးတယ်။

ဒက်ဘီက ဝင်ပြောတယ်။ "ကိုကြီး ဘယ်ရောက်နေတာလဲ မေမေ။ ဘာ လို့ သူ့ကို ရှာမတွေ့ကြတာလဲ။ ဆံပင်အရောင်ပြောင်းသွားလို့ ပြဿနာတက်နေတာ လားဟင်"

"ကိုကြီးဘန် ဘာလို့ပြဿနာတက်နေသလဲ သမီး သိတယ်"..မီရှယ်က

ခနဲ့သလိုလို၊ ပျော်သလိုလိုလေသံနဲ့ ဝင်ပြောတယ်။ "ကိုကြီးဘန်က ကောင်မလေး ကိစ္စတွေ၊ ဟိုကိစ္စတွေကြောင့် ပြဿနာ ဖြစ်နေတာလေ"

ပက်တီ မီရှယ့်ဘက်ကို ချာခနဲ လှည့်လိုက်တယ်။ အတင်းပြောချင်ဖောအားကြီးပြီး တလွင်လွင်ဖြစ်တဲ့ မီရှယ့်အသံကို ပက်တီ တော်တော်မုန်းသွားတယ်။ စူပါမားကက်တွေမှာ ဈေးဝယ်ရင်း၊ ဆံပင်ညှပ်ဆိုင်တွေမှာ ဆံပင်ကောက်ရင်း ပြောကြတဲ့ အတင်းအဖျင်း လေသံမျိုး..။ အခုဆိုရင် ကင်နက်ကီ တစ်မြို့လုံး မီရှယ်ဒေးရဲ့ လေသံမျိုးနဲ့ ပက်တီတို့ မိသားစုအကြောင်း အတင်းတုတ်နေလောက်ပြီ။ သားပုပ်လေလွင့် ပြောချင်သလို ပြောနေကြပြီ။ ပက်တီ မီရှယ့်ကို လက်မောင်းကနေ ဆွဲခါလိုက်တယ်။

"မီရှယ်၊ သမီး ဘာပြောလိုက်တာလဲ။ ဘာသိထားလို့ အဲဒီလိုပြောတာလဲ"

"ဟင်..မသိပါဘူး အမေ။ မသိဘူး သမီး ဘာမှ မသိဘူး"..မီရှယ်က လန့်ပြီး အော်တယ်။ "တကယ်ဘာမှမသိဘူး၊ဒီအတိုင်းပြောလိုက်တာ"..ပြောရင်း မီရှယ့်အသံတွေ တုန်လာတယ်။ သူပြောတာ မှားသွားပြီဆိုတာ သဘောပေါက်သွားတဲ့ မျက်နှာ ဖြစ်လာတယ်။

"မီရှယ်၊ ဘန်ဒေးက သမီးရဲ့ အစ်ကိုနော်။ ကိုယ့်အစ်ကို ဒုက္ခရောက်နေတဲ့ အချိန်မှာ ဒီလို စကားမျိုးတွေ မပြောရဘူးလေ။ ကိုယ့်မိသားစုထဲမှာလည်း မပြောနဲ့။ အပြင်လူကိုလည်း လုံးဝမပြောနဲ့။ ကျောင်းမှာလည်း မပြောနဲ့၊ ဘုရားကျောင်းမှာလည်း မပြောနဲ့။ ကြားလား"

"ဒါပေမယ့်..အမေ.."..မီရှယ်က ငိုသံနဲ့ ပြောတယ်။ "သမီးမှ သူ့ကို ကြည့်မရတာ"

"အဲဒီလို မပြောရဘူးလေ သမီး"

"ကိုကြီးက အကျင့်မကောင်းဘူး။ လူဆိုးကြီးဟာကို။ ကျောင်းကလူတွေ အကုန်လုံး သိတယ်"

"ဘာသိတာလဲ မီရှယ်"..ပက်တီ ခေါင်းတွေ ပူလာတယ်။ ဒိုင်ယန်းရှိရင် ကောင်းမှာပဲဆိုပြီး တွေးမိတယ်။ "မီရှယ်..သမီး..။ သမီးဘာတွေ ပြောနေတာလဲ အမေနားမလည်ဘူး။ ဘန်..ဘန် သမီးကို ဘာလုပ်လို့လဲ။ သမီးကို ဘန်ကအနိုင်ကျင့်ထားတာ ရှိလို့လား"

တကယ်က ဒီလိုမေးခွန်းမျိုး လုံးဝ မမေးဘူးလို့ ပက်တီ ဆုံးဖြတ်ထားတာ။ ဒီလိုမေးရတာကိုက ဘန့်အပေါ်မှာ မယုံကြည်ရာကျလွန်းတယ်။ ဘန် ငယ်ငယ်တုန်း

က··၇ နှစ် ၈ နှစ်သား အရွယ်လောက်တုန်းက ထင်တယ်။ ပက်တီ့အိပ်ရာပေါ် ဘန် ရောက်လာတယ်။ ပက်တီ အိပ်ရာနိုးလာတော့ ဘန်က ပက်တီ့ဆံပင်တွေကို သပ်ပေးနေတယ်။ ဘန့်လက်က ပက်တီ့ ရင်သားတစ်ဖက်ကို ဆုပ်ကိုင်ထားတယ်။ ပက်တီ လန့်ဖျပ်ပြီး အိပ်ရာပေါ်မှာ အမြန်ထထိုင်တယ်။ *ဘန်··သားလေး အမေ့ကို အဲဒီလို မကိုင်ရဘူးလေ··*ဆိုပြီး ဆူရတယ်။ ကလေးမို့လို့ အမေကိုချွဲတာ၊ ကိုင်တာ ဘာမှမဖြစ်ပါဘူးလို့ တွေးခဲ့တာပဲ။ သူ့ညီမတွေကိုများ အဲဒီလို ကိုင်နေပြနေမလား ဆိုပြီး တစ်ခါမှ မတွေးခဲ့မိဘူး··။ အခုမှ··အဲဒီအတွေး ပက်တီ့ခေါင်းထဲ တဖြည်းဖြည်း ဝင်လာတာ။ အခုလည်း မီရှယ့်ကို တည့်တည့်ကြီး မမေးရဲသေးဘဲ ဝေ့ဝိုက် စကားလမ်းကြောင်းနေရတယ်။ မီရှယ်က သူ့မျက်နှာပေါ်က မျက်မှန် အကြီးကြီးကို ပင့်တင်လိုက်၊ ပြန်ချလိုက်လုပ်ရင်း တအီးအီး ငိုနေတယ်။

"မီရှယ် သမီးလေး··။ သမီးကို အမေ ဆူချင်လို့ ဆူတာမဟုတ်ပါဘူး။ နောက် မအော်တော့ဘူးနော်။ သမီးအစ်ကိုက အခု ပြဿနာတွေ ဖြစ်နေတာလေ။ အဲဒါကြောင့် သမီးကို အမေက မေးနေတာ။ ဘန်က သမီးကို တစ်ခုခုလုပ်ထားတာ များ ရှိသလား"··ပက်တီ့တစ်ကိုယ်လုံး ရဟတ်စီးသလို တက်လိုက်၊ ကျလိုက်နဲ့ လှုပ်ခနဲ လွင့်ခနဲ ဖြစ်နေတယ်။ ပြေးလမ်းပေါ်မှာ အရှိန်ယူနေတဲ့ လေယာဉ်ပျံလို ပက်တီ့ရင်ဘတ်ထဲက စိုးရိမ်စိတ်တွေ အရှိန် တရိပ်ရိပ် တက်လာနေတယ်။

"အမေ ဘာတွေမေးနေတာလဲ။ ဘန်က သမီးကို ဘာလုပ်ရမှာလဲ"

"ဘန်က··ဘန်က သမီးကို ဟို··ထူးထူးဆန်းဆန်းတွေ ကိုင်တာပြတာမျိုး ရှိဖူးလား သမီး။ အစ်ကို တစ်ယောက် ပုံစံမျိုးနဲ့ မဟုတ်ဘဲလေ"··ပက်တီ့ရင်ထဲက စိုးရိမ်စိတ်တွေ အထွတ်အထိပ်ကို ရောက်နေပြီ။ ရင်ဘတ်ထဲမှာ ထိုးတက်သွားတဲ့ လေယာဉ်ပျံက အင်ဂျင်စက်တွေ သတ်လိုက်ပြီး လေထဲမှာ တန်းလန်း··ပြုတ်ကျလု ပြုတ်ကျခါနီး ဆဲဆဲ··။

"ဘာ ကိုင်ရမှာလဲ။ ကိုကြီး သမီးကို ကိုင်တဲ့ အချိန်ဆိုလို့ ဆံပင်ဆော့ တာနဲ့၊ တွန်းထုတ်တာနဲ့၊ အနားမလာဖို့ဆောင့်တွန်းတာနဲ့ ဒါပဲရှိတယ်"··မီရှယ်က သူပြောနေကျ လေသံအတိုင်း တတွတ်တွတ်နဲ့ ပြန်ဖြေတယ်။

တော်သေးတယ်·· အောင်မလေး တော်သေးတာပေါ့။

"ဒါဆို ကျောင်းကလူတွေက ဘန့်ကို ပြောနေကြတယ်ဆိုတာကရော"

"သူ့ကို ဘယ်သူမှ မပေါင်းချင်ကြဘူးလေ။ ကြောင်တောင်တောင်ကြီး ကို။ သိပ်ရှက်ဖို့ကောင်းတာပဲ။ အမေ မယုံရင် ကိုကြီး အခန်းထဲကို ဝင်ကြည့်

ပါလား။ သူ့အခန်းထဲက ပစ္စည်းတွေက ဘာတွေမှန်းမသိဘူး''

ဘန့်အခန်းထဲကို ဘန့်ခွင့်ပြုချက်မရဘဲ မဝင်ရဘူးလေ ဆိုပြီး မီရှယ့်ကို ပြောတော့မလို့ ပြင်ပြီးမှ ပက်တီ သူ့ပါးစပ်သူ ပြန်ပိတ်ရိုက်ချင်သွားတယ်။ ဟိုလူ စုံထောက်ကောလင်း ပြောလိုက်တာကို ပက်တီ သတိရသွားတယ်။ ဘန့်လော်ကာ ထဲမှာ ကော်ဘူးနဲ့ထည့်ထားတဲ့ တိရစ္ဆာန် ကလီစာတွေ၊ အသားစတွေ တွေ့တယ်တဲ့။ ဘယ်လိုတောင် ပုပ်ဟောင်နေမလဲ··ပက်တီ တွေးကြည့်တယ်။ အဖုံးကိုဖွင့်လိုက်ရင် အပုပ်နံ့တွေ လှိုင်လှိုင် ထွက်လာမှာလား။

''ဘန့်အခန်းထဲမှာ ဘာပစ္စည်းတွေရှိလို့လဲ''

ပက်တီ အိပ်ခန်းတွေ ရှိရာဘက်ကို လျှောက်သွားလိုက်တယ်။ ဘန့်အခန်း ထဲကနေ ထွက်နေတဲ့ ဖုန်းကြိုးနဲ့ ခလုတ်ဝင်တိုက်မိပြန်တယ်။ သော့ခလောက် ခတ် ထားတဲ့ ဘန့်အခန်းကို ပက်တီ ကျော်သွားလိုက်တယ်။ ဘယ်ဘက်ကိုကွေ့တယ်။ ကလေးတွေအိပ်တဲ့ အခန်းကို ထပ်ကျော်တယ်။ နောက်ဆုံးမှာ ပက်တီ့အခန်းထဲကို ရောက်သွားတယ်။ ပက်တီ့အခန်းထဲမှာ ခြေအိတ်တွေ၊ ဖိနပ်တွေ၊ ဂျင်းဘောင်းဘီတွေ ပွစာကြဲ နေတယ်။ လျှော်ထားတာတွေရော မလျှော်ရသေးတာတွေရော အကုန်ရော ပြီး လုံးထွေးနေတယ်။

ခုတင်ဘေး စားပွဲက အံဆွဲကို ပက်တီ ဖွင့်လိုက်တော့ အထဲမှာ စာအိတ် တစ်အိတ်တွေ့တယ်။ 'အရေးပေါ်သုံးရန်'··တဲ့။ စာအိတ်ပေါ်မှာ ဒိုင်ယန်းလက်ရေးနဲ့ ရေးထားတယ်။ ဒိုင်ယန်း လက်ရေးက ပက်တီ့ အမေ လက်ရေးနဲ့ တူလိုက်တာ··။ စာအိတ်ထဲမှာ ဒေါ်လာ ၅၂၀··ထည့်ထားတယ်။ ဒိုင်ယန်းတစ်ယောက် ဘယ်တုန်းက ပက်တီ့အခန်းထဲ ခိုးဝင်ပြီး ပိုက်ဆံ လာထားသွားတာလဲ ပက်တီ မသိလိုက်ဘူး။ မသိလိုက်တာပဲ ကောင်းပါတယ်··။ သိနေရင် စောစောက ရန်နှာ ပိုက်ဆံလာတောင်း တုန်းက ပက်တီ ညာလို့ ရမှာမဟုတ်ဘူး။ စာအိတ်ထဲက ပိုက်ဆံတွေကို ပက်တီ တစ်ချက် နမ်းလိုက်တယ်။ ပိုက်ဆံတွေကို စာအိတ်ထဲ ပြန်ထည့်တယ်။ စာအိတ်ကို အံဆွဲထဲ ပြန်ထည့်တယ်။ အံဆွဲထဲကနေ သံကြိုးဖြတ်တဲ့ ပလာယာ အကြီးကြီးကို ထုတ်လိုက်တယ်။ အရင်တစ်ပတ်ကပဲ ဝယ်ထားတာ။ ဘန့်အခန်းထဲကို ဝင်ကြည့်ဖို့ လိုလာရင် သုံးရအောင်ဆိုပြီး·· လိုရမည်ရ ဝယ်ထားလိုက်တာ··။ ပလာယာဝယ် တုန်းက ပက်တီ့စိတ်ထဲမှာ မကောင်းဘူး။ ငါ့သားအခန်းထဲကို ခိုးဝင်ဖို့ ကြိုတင် ကြံစည်နေရပါလား··ဆိုပြီး အပြစ်ရှိသလို ခံစားရသေးတယ်။ ပလာယာကိုယူပြီး ဘန့်အခန်းဘက်ကို ပြန်လျှောက်လာလိုက်တယ်။ ကလေးအခန်းရှေ့ကနေ ပြန်ဖြတ်

ရတော့ ပက်တီ သူတို့ အခန်းထဲကို လှမ်းကြည့်မိတယ်။ မီရှယ်တို့ အခန်းလေးက အိမ်ခန်းနဲ့ မတူဘဲ အပေါ်စား အဆောင်တစ်ခုနဲ့ ပိုတူနေတယ်။ နံရံ သုံးဖက်မှာ တစ်ဖက်စီ ကပ်ထားတဲ့ ခုတင်တွေ..။ ရဲတွေသာ အိမ်ရောက်လာရင် ဒီအခန်းကို ကြည့်ပြီး နှာခေါင်းရှုံ့ကြမှာပဲ။ သုံးယောက်စလုံး တစ်ခန်းတည်း အိပ်ကြတာလား ဆိုပြီး အံ့သြကြမယ်။ အခန်းထဲက ထွက်လာတဲ့ သေးနံ့သင်းသင်း ပက်တီ့ နှာခေါင်းထဲကို ဝင်လာတယ်။ ကလေးသုံးယောက်ထဲက တစ်ယောက်ယောက် မွေ့ရာပေါ် သေးပေါက်ချထားတာပဲ။ မနေ့ညကလား..။ တစ်နေ့ညကလား။

အိပ်ရာခင်း လဲပေးမလို့ စဉ်းစားလိုက်သေးတယ်။ ဒါပေမယ့် ပက်တီ့စိတ်တွေက ဘန့်အခန်းဆီမှာပဲ ရောက်နေတယ်။ ဘန့် အခန်းရှေ့ကို အရင် သွားလိုက်တယ်။ တံခါးမှာကပ်ထားတဲ့ တစ်ပိုင်းတစ်စ ကွာနေတဲ့ စတစ်ကာရှေ့မှာ ပက်တီ မတ်တတ်ရပ်လိုက်တယ်။ အထဲကို ဝင်ကြည့်လို့ ဖြစ်ပါ့မလား..။ ပက်တီတွေးမိပြီး ခေါင်းမူးချင်သလိုလို ဖြစ်သွားတယ်။ အခန်းထဲမှာ မဟုတ်ကဟုတ်က၊ မမြင်အပ်မမြင်ရာ ဓာတ်ပုံတွေဘာတွေ ထွက်လာရင် ဘယ်လိုလုပ်မလဲ..။

ပလာယာ အသွားနှစ်ဖက်ကြားမှာ သော့ခလောက်က ဖြောင်းခနဲ ပြုတ်ထွက်သွားတယ်။ ကြမ်းပြင်ပေါ်ကို သော့ခလောက် ဝုန်းခနဲ ပြုတ်ကျသွားတယ်။ ဧည့်ခန်းဘက်ကနေ ပြူတစ်ပြူတစ် ချောင်းကြည့်နေကြတဲ့ မီရှယ်တို့သုံးယောက်ကို ပက်တီ လှမ်းအော်လိုက်တယ်။ "တီဗွီကြည့်နေ၊ သွားသွား တီဗွီကြည့်နေကြ"..။ သုံးခေါက်လောက် ဆက်တိုက် အော်လိုက်မှ မီရှယ့်ခေါင်းက နံရံအကွယ်ဘက်ထဲကို ပြန်ဝင်သွားတယ်။

ဘန့် အိပ်ရာက မသိမ်းရသေးဘူး။ အိပ်ရာပေါ်မှာ ဂျင်းဘောင်းဘီတွေ၊ ဆွယ်တာတွေ၊ ဂျက်ကက်တွေ ပုံနေတယ်။ တစ်ခန်းလုံး ရှုပ်ပွနေတာမျိုးတော့ မရှိပါဘူး။ စာရေးစားပွဲပေါ်မှာ ကက်ဆက်ခွေတွေ၊ မှတ်စုစာအုပ်တွေ ပုံထပ်နေတယ်။ ဒိုင်ယန်းပေးထားတဲ့ ကမ္ဘာလုံးအဟောင်းတစ်လုံးလည်း စားပွဲပေါ်မှာတင်ထားတယ်။ ပက်တီ ကမ္ဘာလုံးကို လက်ညှိုးနဲ့ထောက်ပြီး လှည့်လိုက်တယ်။ *ရိုဒီးရှား* နိုင်ငံရဲ့ မြေပုံပေါ်မှာ ပက်တီ့ လက်ရာ ထင်ကျန်ရစ်ခဲ့တယ်။ စားပွဲပေါ်က မှတ်စုစာအုပ်တွေကို ပက်တီ တစ်ခုချင်း လှန်ကြည့်ကြည့်တယ်။ စာအုပ်ထဲမှာ ရော့ခ်အဆိုတော်အဖွဲ့တွေရဲ့ တံဆိပ်တွေကို ကူးဆွဲထားတယ်။ မိုးကြိုးသွားပုံနဲ့ AC/DC .. Venom ပြီးတော့ Iron Maiden ..။ စာအုပ်တစ်အုပ်ထဲမှာ ငါးထောင့်ကြယ် သင်္ကေတတွေ ဆွဲထားတယ်။ စေတန်နတ်ဆိုး အကြောင်း၊ လူသတ်ချင်တဲ့ အကြောင်း ကဗျာတွေ

ရေးထားတယ်။

*ငါ့ရဲ့ရင်သွေး..*
*ဒါပေမယ့် ငါပိုင်တဲ့ ကလေးမဟုတ်*
*နတ်ဆိုးသခင်ဆီမှာ ဒီ့ထက်ဆိုးတဲ့*
*အကြံအစည်တွေ ရှိနေတယ်။*
*ကလေးကိုသတ်..အမေလည်းသေပါစေ*
*ဒါနဲ့တင် မရပ်သေးဘဲ*
*နောက်ထပ် သားကောင်တွေ လိုက်ရှာနေ..*

လည်ပင်းကနေခါးအထိ ဆက်ထားတဲ့ သွေးကြောတွေ အကုန်ချည့်နဲ့ပေါက်ထွက်ကုန်သလို ပက်တီ့ အင်အားတွေ ရုတ်ခနဲ ခန်းသွားတယ်။ နောက်ထပ်စာအုပ်တွေကို ထပ်လှန်ကြည့်တယ်။ စာမျက်နှာပေါင်းများစွာမှာ ပုံပေါင်းများစွာ ဘောပင်နဲ့ဆွဲထားတယ်..။ မိန်းမအင်္ဂါဇာတ်ပုံတွေ၊ အင်္ဂါဇာတ်ထဲကို လက်နှိုက်နေတဲ့ ပုံတွေ။ ဦးချိုအတက်အလက်တွေနဲ့ မကောင်းဆိုးဝါးတစ်ကောင် သားအိမ်ထဲမှာ ဝင်ထိုင်ပြီး ပြုံးဖြီးနေတဲ့ပုံ။ ဗိုက်ကြီးသည်ကို နှစ်ပိုင်းဖြတ်ထားတဲ့ပုံ။ ဗိုက်ထဲက ကလေးတွေ အပြင်ကို ထွက်ကျလို့..။

ပက်တီ မတ်တတ်ရပ်နေရာကနေ ထိုင်ခုံပေါ်မှာ ထိုင်ချလိုက်ရတယ်။ ဒါပေမယ့် ကြည့်နေတာကို မရပ်နိုင်ဘဲ နောက်ဆုံး စာမျက်နှာဆီ ရောက်တဲ့အထိလှန်ကြည့်မိနေတယ်။ နောက်ဆုံးစာမျက်နှာမှာတော့ ပုံတွေ ဆွဲထားတာ မရှိတော့ဘူး။ ကောင်မလေးနာမည်တွေကို စီတန်းရေးထားတယ်။ *ဟယ်သာ..အမန်ဒါ..ဘရီရန်း၊ ဒန်နီယဲလ်၊ နီကိုးလ်..*။ ပြီးလည်းပြီးရော..ထပ်ကာထပ်ကာ ရေးထားတဲ့ နာမည်တစ်ခု..။ လက်ရေးဆက်နဲ့ လှလှပပ အတွန့်အတက်တွေ ထည့်ပြီး ရေးထားတာ။ *ခရစ်ဆီ..၊ ခရစ္စီ၊ ..ခရစ်ဆီဒေး၊ ခရစ်ဆီ ဒီဒေး..။ ခရစ္စီဒီဒေး။ ခရစ်ဆီ-ဒီ-ဒေး။*

အသည်းပုံထဲမှာ ရေးထားတယ်။ *ခရစ်ဆီဒေး..*တဲ့။

ပက်တီ စားပွဲပေါ်ကို ခေါင်းမှောက်ချလိုက်တယ်။ ခရစ်ဆီဒေး..ဆိုပါလား။ ခရစ်ဆီကိတ်ဆိုတဲ့ ကလေးမလေးကို လက်ထပ်ချင်လို့လား။ ဘန်ဒေးနဲ့ယူလိုက်တော့ ခရစ်ဆီဒေး ဖြစ်သွားမယ်ပေါ့..။ အဲဒီလို တွေးထားတာလား။ ဘန့်စိတ်ထဲမှာ အဲဒီကောင်မလေးကို လက်ထပ်ယူမယ်ဆိုပြီး စဉ်းစားထားတာလား။ အိမ်ကိုခေါ်လာပြီး အမေနဲ့ တွေ့ပေးဖို့ရော တွေးထားသေးလား။ ပြီးတော့ ဟယ်သာ တဲ့။ ဟယ်သာဆိုတဲ့ နာမည်ကလည်း ဟင်ကယ်လ်ရဲ့ သမီးလေးနာမည်လေ။ ခရစ်ဆီ

ကိတ် အိမ်ကို သွားတုန်းက အဲဒီကလေးမလေးလည်း ရှိတယ်လေ။ ဘာလို့ ဒီနာ မည်တွေကို ရေးထားတာလဲ။ သူ မဟုတ်တမ်းတရမ်း လုပ်ထားတဲ့ ကလေးမလေး တွေရဲ့ နာမည်တွေကို ချရေးထားတာလား။

ပက်တီ မလှုပ်မယှက် စားပွဲပေါ်မှာ ခေါင်းတင်ပြီး ထိုင်နေလိုက်တယ်။ ငါ..ဒီနေရာကနေ မထတော့ဘူး.. တစ်ယောက်ယောက် လာပြောမှ ထတော့မယ်။ ဒီလို မလှုပ်မယှက် နေတဲ့နေရာမှာ ပက်တီ့ကို ဘယ်သူမှ မမီဘူး။ တစ်ခါတလေ ကျရင် ထိုင်ခုံမှာ မထဘဲ နာရီပေါင်းများစွာ ထိုင်နေတတ်တယ်။ ကလေးတုန်းက အကြောင်းတွေ ပြန်တွေးရင်း.. တစ်သက်လုံး အမေအဖေတွေ နိုင်းသလို၊ပြောသလို၊ ထားသလို နေခဲ့တဲ့ ဘဝကို ပြန်မြင်ယောင်ရင်း..။ ပက်တီ့ဘဝမှာ ကိုယ်ပိုင်ဆုံးဖြတ် ချက်ရယ်လို့ ဘာမှ မရှိခဲ့ဘူး။ စားပွဲမှာ ခေါင်းစိုက်နေရင်း ပက်တီ့မျက်လုံးတွေက ဘန့်အိပ်ရာခင်းဆီကို ရောက်သွားတယ်။ ဘန့်အိပ်ရာခင်းက ဟိုးတုန်းကတည်းက မလဲရသေးတော့ လေယာဉ်ရုပ် အကွက်လေးတွေနဲ့ ကလေးအိပ်ရာခင်းလေးဖြစ်နေ တယ်။ ဘန်က အိပ်ရာခင်း အသစ်ဝယ်ပေးဖို့ ပူဆာနေတာကြာပြီ။ အိပ်ရာခင်းကို စိုက်ကြည့်နေရင်း အိပ်ရာအောက် ခုတင်တိုင်နားမှာ ချထားတဲ့ ပလတ်စတစ်အိတ် တစ်အိတ်ကို ပက်တီ မြင်သွားတယ်။

ခုတင်ဘေးမှာ ပက်တီ ဒူးထောက်ထိုင်ချလိုက်တယ်။ ပလတ်စတစ်အိတ် ကို လှမ်းဆွဲတယ်။ အိတ်က နည်းနည်း လေးတယ်။ အိတ်ကို ဟကြည့်လိုက်တော့ အထဲမှာ အဝတ်တွေ။ သေချာကြည့်လိုက်တော့မှ အဝတ်တွေပေါ်မှာ ပန်းပွင့်အကွက် လေးတွေ..အသည်းပုံကွက်လေးတွေ၊ သက်တံပုံလေးတွေ။ မိန်းကလေး အဝတ်တွေ ပါလား..။ အိတ်ကို ကြမ်းပြင်ပေါ် အပုံလိုက်သွန်ချလိုက်တယ်။ မဟုတ်ကဟုတ်က ဓာတ်ပုံတွေများ ထွက်လာမလားဆိုပြီး ပက်တီ စိတ်ပူသွားသေးတယ်။ ဒါပေမယ့် ဓာတ်ပုံတွေ မပါပါဘူး။ အဝတ်အစားတွေချည်းပါပဲ။ အတွင်းခံ အဝတ်တွေ..။ အရွယ်အစား အစုံပဲ။ ခရစ်ဆီကိတ်တို့ အရွယ်ဝတ်တဲ့ အတွင်းခံတွေပါသလို မွေး ကင်းစကလေး ဝတ်တဲ့ အဝတ်တွေလည်း ပါတယ်။ အကုန်လုံးက အဟောင်းတွေ ချည်းပဲ။ ကလေးမလေးတွေရဲ့ အဝတ်အဟောင်းတွေ။ စုံထောက်ကောလင်း ပြော လိုက်တာ မှန်နေပြီပေါ့..။ ပက်တီ အဝတ်တွေကို အိတ်ထဲပြန်ထည့်လိုက်တယ်။

ဘန်..၊ သူ့သား..ဘန်ဒေး။ ဘန်ဒေး ထောင်ကျတော့မှာ သေချာတယ်။ လယ်ကွင်းလည်း အကြွေးနဲ့ အသိမ်းခံရတော့မယ်။ ဘန်လည်း ထောင်ထဲရောက် တော့မယ်။ ပြီးတော့ သမီးတွေ..သူတို့ကို ဘယ်လို ဆက်ကျွေးရမလဲ။ ဘန့်အတွက်

ရှေ့နေကောင်းကောင်း ဘယ်လို ငှားပေးရမလဲ။ ဘယ်ကပိုက်ဆံနဲ့..။

ပက်တီ ဧည့်ခန်းထဲကို ပြန်လျှောက်လာလိုက်တယ်။ ခေါင်းထဲမှာ တန်းစီနေတဲ့ အနာဂတ်တွေက မကြည့်ရဲ၊ မမြင်ရဲ၊ မတွေးရဲချင်စရာတွေ။ မီရှယ်တို့ကို အိပ်ခန်းထဲသွားအိပ်တော့ ဆိုပြီး ပက်တီ အော်လိုက်တယ်။ ကလေးတွေကပက်တီ့ကို ကြောက်တဲ့၊ ဝမ်းနည်းတဲ့၊ စိတ်နာတဲ့ မျက်လုံးတွေနဲ့ ကြည့်ကြတယ်။ ပက်တီတွေးမိတယ်.. ဘန် အခုလိုဖြစ်တာ ပက်တီ့အပြစ်ပါပဲ။ သူ့အသုံးမကျလို့။ မိခင်ကောင်း မပီသလို့။ ပက်တီ့လို အမေမျိုးရှိတဲ့အတွက် ဘန့်ကို လူတွေက လိုတာထက်ပိုမုန်းကြတော့မှာ။ ဧည့်ခန်းထဲက မီးလင်းဖိုကို ပက်တီ မီးမွှေးလိုက်တယ်။ မီးမြန်မြန်စွဲအောင် သတင်းစာဟောင်းတွေ ပစ်ထည့်တယ်။ ပြီးတော့မှဘန့်အခန်းထဲကယူလာတဲ့ အဝတ်တွေကို မီးလင်းဖိုထဲ ထည့်လိုက်တယ်။ ပန်းပွင့်ပုံလေးတွေပါတဲ့ အတွင်းခံဘောင်းဘီလေး တစ်ထည်.. မီးစွဲစပြုနေတုန်းမှာပဲ ဖုန်းမြည်လာတယ်။

...

ဖုန်းဆက်တဲ့သူက လန်..။ *အကြွေးအကြောင်းတွေ မပြောပါနဲ့ဦး..အခု လောလောဆယ် ပြဿနာတွေ ဖြစ်နေလို့ပါ.. ဘန့်ကိစ္စပြဿနာတက်နေလို့ အဲဒါ နောက်မှပြန်ဆက်ဖို့*..ပက်တီ ပြောပြနေရင်း-

"ကျွန်တော် ဆက်တာလည်း အဲဒီကိစ္စပဲ"..လန်က ပက်တီတတွတ်တွတ် ပြောနေတာကို ဖြတ်ပြောလိုက်တယ်။ "ဘန့်သတင်း ကျွန်တော် ကြားပြီးပြီ။ အခု ဖုန်းဆက်တာ..ကျွန်တော် ခင်ဗျားကို ကူညီနိုင်မယ်ထင်လို့ ဆက်လိုက်တာ။ အဲဒီ အကူအညီကို ခင်ဗျား လိုချင်သလား၊ မလိုချင်လားတော့ ကျွန်တော်လည်းမသိဘူး။ ခင်ဗျားမှာ ဒီပြဿနာတွေကနေလွတ်မယ့် ရွေးစရာနည်းလမ်းတစ်ခု ရှိတယ်"

"ဘယ်လို ရွေးစရာမျိုးလဲဟင်။ ဘန့်အတွက် အဆင်ပြေမှာလား"

"ဘန့်ကို ကူညီလို့ရမယ့် နည်းလမ်းမျိုးပေါ့။ ရှေ့နေဖိုးတွေ ကုန်တော့ မယ်လေ။ အခု အခြေအနေအရ ဆိုရင် တော်တော်ကုန်မယ့် သဘောမှာရှိတယ်"

"ရှင်ပြောတော့ ကျွန်မမှာ ရွေးစရာ ဘာမှ မရှိတော့ဘူးဆို"

"နည်းလမ်းတစ်ခုတော့ ရှိပါသေးတယ်"

...

လန်နဲ့တွေ့ဖို့ စီစဉ်ရတာ တော်တော်ခက်တယ်။ ပက်တီ့အိမ်ကိုလာတွေ့ပါ ဆိုတော့လည်း မလာနိုင်ဘူးတဲ့။ မြို့ထဲမှာ တွေ့မလားဆိုတော့လည်း မဖြစ်ဘူးတဲ့။ အမှတ် (၅) လမ်းမဘက်မှာ ရှိတဲ့ ပျော်ပွဲစားပန်းခြံဘက်ကို လာခဲ့ပါတဲ့..ပက်တီ့ကို

ခေါ်တယ်။ သူ့လေသံက တစ်ခုခုကို လျှို့ဝှက်ထားတဲ့၊ လူသိမခံချင်တဲ့ လေသံမျိုး ဖြစ်နေတယ်။ ပက်တီကလည်း ဒီအချိန်ကြီး အဲဒီနေရာကို သွားမတွေ့ချင်ဘူးလေ။ နှစ်ယောက်သားဖုန်းထဲမှာ ငြင်းရင်း ခုံရင်းနဲ့ နောက်ဆုံးမှာ လန်က စိတ်မရှည်တော့ သလို ပြောတယ်။ "ပက်တီ။ ခင်ဗျား ကျွန်တော့် အကူအညီကို လိုချင်တယ်ဆိုရင် အခုချက်ချင်း အဲဒီနေရာကို ထွက်လာခဲ့။ ဘယ်သူ့မှ ခေါ်မလာနဲ့။ ဘယ်သူ့ကိုမှ လည်း ပြောမပြနဲ့။ ခင်ဗျားကို ယုံကြည်ရတယ်လို့ ထင်လို့ ကျွန်တော် အခုလိုစီစဉ် ပေးတာ။ ခင်ဗျားကို သဘောကျလို့ ဒီလို လုပ်ပေးတာ။ တကယ်ကူညီချင်လို့"·· လန်က ပြောနေရင်း ရပ်သွားတယ်။ ဖုန်းများချသွားပြီလားလို့ ပက်တီ စိတ်ပူသွား မိတယ်။ လန်··ရှင် ဖုန်းချလိုက်တာလား··ဆိုပြီး တိုးတိုးပြောကြည့်တယ်။ ဟုတ် တယ်··ဖုန်းချသွားပြီထင်တယ်··။ ပက်တီလည်း ဖုန်းချလိုက်တော့မယ် အလုပ်မှာ လန့်စကားသံ ပြန်ထွက်လာတယ်။

"ပက်တီ၊ ခင်ဗျားကို ကူညီဖို့နည်းလမ်း ဒီတစ်ခုပဲ ရှိတယ်။ ကျွန်တော် ··ဘယ်လို ရှင်းပြရမလဲ·· ခင်ဗျား သဘောပေါက်သွားမှာပါ။ ခင်ဗျား အတွက် အကောင်းဆုံးဖြစ်အောင် ကျွန်တော် ဆုတောင်းပေးနေတယ်"

မီးလင်းဖိုဘက်ကို ပက်တီပြန်သွားလိုက်တယ်။ အဝတ်တွေအကုန် ပြာဖြစ် သွားပြီလား··သေချာအောင် ကြည့်တယ်။ အဝတ်အစား တစ်ဝက်လောက်က မီး မစွဲဘဲ ကျန်နေသေးတယ်။ ပက်တီ ကားဂိုဒေါင်ဘက်ကို အမြန်သွားလိုက်တယ်၊ သူ့အဖေချန်ထားခဲ့တဲ့ ပုဆိန်ဟောင်းကြီးကို ယူတယ်။ ပုဆိန်က ဟောင်းနေပေမယ့် အသွားက ထက်နေတုန်း။ အရင်ခေတ်က ပစ္စည်းဆိုတော့ လက်ရာအင်မတန်ကောင်း တယ်။ ခိုင်တယ်။ မာတယ်။ ပုဆိန်ကိုယူပြီး ပက်တီ ထင်းတုံးတွေကို ခုတ်ခွဲတယ်၊ ထင်းချောင်းတွေကို အိမ်ထဲ ပြန်သယ်လာတယ်။

မီးထဲကို ထင်းစာထည့်နေတုန်း ပက်တီ့အေးကို မီရှယ်ရောက်လာတယ်၊ "အမေ"တဲ့··မီရှယ်က အော်တယ်။

"အေး··ဘာဖြစ်လို့လဲ မီရှယ်··ဘာဖြစ်တာလဲ"

ပက်တီ လန့်ပြီး မီရှယ့်ကို လှည့်ကြည့်လိုက်တယ်။ မီရှယ်က ညဝတ်အင်္ကျီ ဝတ်ထားတယ်။ မီးပုံဘက်ကို လက်ညှိုးထိုးပြတယ်။ "အမေ ဘာတွေလုပ်နေတာ တုန်း။ ပုဆိန်ကို မီးထဲပစ်ထည့်မလို့လား"·· မီရှယ်က ပြုံးရင်းဆက်ပြောတယ်၊ "အမေလည်း ခေါင်းချောင်သွားပြီလား"··ဟုတ်တယ်။ ပက်တီ့လက်ထဲမှာ စော စောက ပုဆိန်။ ထင်းချောင်းတွေနဲ့ ရောပြီး ပါလာတာ။ မီရှယ်ကပက်တီ့လက်ထဲက

ပုဆိန်ကို လှမ်းယူတယ်။ ပုဆိန်သွားနဲ့ လက်နဲ့ မထိမိအောင် သတိထားကိုင်တယ်။ ပုဆိန်ကို အိမ်ရှေ့ တံခါးဘေးနားမှာ သွားထောင်လိုက်တယ်။

မီရှယ် သူ့အိပ်ခန်းဆီ မသွားချင်သွားချင်နဲ့ ခြေဖျားကို ထောက်၊ လိမ်ကောက်ပြီး ပြန်သွားနေတာကို ပက်တီ နောက်ကနေ ငေးကြည့်နေမိတယ်။ ပြီးမှ မီရှယ့်နောက်ကနေ ပက်တီ လိုက်သွားလိုက်တယ်။ ကလေးသုံးယောက်စလုံး အိပ်ခန်း ကြမ်းပြင်ပေါ်မှာ လှဲနေကြတယ်။ အရုပ် ကိုယ်စီကိုင်ပြီး စကားတွေပြောနေကြတယ်။ မိဘတွေ ပြောတတ်ကြတဲ့ ဟာသတစ်ခုရှိတယ်။ *ကလေးတွေချစ်ဖို့အကောင်းဆုံးအချိန်က ဘယ်အချိန်လဲ သိလား။ အိပ်ချိန်တဲ့..။ ဟားဟား။* ပက်တီ့ရင်ထဲမှာ စူးခနဲ နာသွားတယ်။ ဟုတ်ပါတယ်။ ကလေးသုံးယောက် အိပ်နေတဲ့ အချိန်ဟာ ပက်တီ့အတွက် အသာယာဆုံး အချိန်ပဲ။ မေးခွန်းတွေ ဆက်တိုက် မေးမနေတဲ့အချိန်၊ အစာကျွေးစရာ မလိုတဲ့အချိန်၊ ဖျော်ဖြေပေးစရာ မလိုတဲ့ အချိန်..။ အခုလို မအိပ်သေးဘဲ ပင်ပန်းနေကြတဲ့ အချိန်ကိုလည်း ပက်တီ သဘောကျတယ်။ ကိုယ့်အာရုံနဲ့ ကိုယ် ငြိမ်ငြိမ်လေး ပင်ပန်းနေကြတာ..အမေ့ကို နှောင့်ယှက်ဖို့ မေ့နေကြတာ။ ဒက်ဘီနဲ့ လစ်ဘီ့ကို သေချာကြည့်ထားဖို့ မီရှယ့်ကို တာဝန်ပေးပြီး ပက်တီထွက်လာလိုက်တယ်။ လန်..ပြောတဲ့အတိုင်း လိုက်လုပ်ရုံကလွဲပြီး ပက်တီဘာမှမစဉ်းစားတတ်တော့ဘူး။

အရမ်းတော့ မမြှော်လင့်နဲ့။ မြှော်လင့်ချက်တွေ မထားနဲ့..။ ပက်တီ သူ့ကိုယ်သူ ပြန်သတိပေးတယ်။

နှင်းတဖွဲဖွဲကို ထိုးခွဲပြီး နာရီဝက်လောက် ကားမောင်းသွားရတယ်။ ကားမီးရောင်ရှေ့မှာ နှင်းမှုန်နှင်းစက်တွေက ကြယ်တွေလို တလက်လက်တောက်နေကြတယ်။ ပက်တီ့အမေက ဒီလို နှင်းမှုန်မျိုးကို သိပ်သဘောကျတာ။ ဆောင်းရာသီကို ချစ်တဲ့သူကိုး။ မနက်ဖြန်ဆိုရင် ကလေး သုံးယောက်စလုံး နှင်းပုံထဲမှာ အားရပါးရ ဆော့ကြတော့မှာပဲ.. ပက်တီ တွေးမိတယ်။ ဒါပေမယ့် မနက်ဖြန် ဘာဆက်ဖြစ်မှာလဲ..။ ဘာတွေဖြစ်လာဦးမှာလဲ။ ဘန်..ဘယ်ရောက်နေမလဲ။

ဘန် ဘယ်ရောက်နေလဲ။

ပျော်ပွဲစားပန်းခြံဟောင်းနေရာကိုရောက်တော့ ပက်တီ ကားရပ်လိုက်တယ်။ ၁၉၇၀ ဝန်းကျင်လောက်က ဆောက်ထားတဲ့ နေရာ။ ပျော်ပွဲစားထွက်လာတဲ့သူတွေ စားဖို့ နားဖို့အတွက် ကွန်ကရစ်နဲ့၊ သံနဲ့ အဆောင်ကြီးတစ်ခု ဆောက်ထားပေးတယ်။ ခေါင်မိုးတွေက အိုရီဂါမီ စက္ကူခေါက်လို ထိုးထိုးထောင်ထောင် ဟိုခေါက်ဒီခေါက်နဲ့

ဒီဇိုင်းထွင်ထားတယ်။ အဝင်ဝက ဒန်းတွေက နှင်းတွေဖုံးပြီး ဖြူဖွေးနေပြီ။ ဒန်းနှစ်ခုစလုံးက မလှုပ်မယှက် ငြိမ်သက်နေတယ်။ လေတိုက်နေတာ..ဘာလို့ မလှုပ်ကြတာလဲ..။

လန့်ရဲ့ ကားကို မတွေ့ဘူး။ ပက်တီ့ကားကလွဲရင် ကားတစ်စီးမှရှိမနေဘူး။ ပက်တီ ကားထဲမှာထိုင်ရင်း ဂျက်ကက်အင်္ကျီရဲ့ ဇစ်ကို တင်လိုက် ချလိုက်နဲ့ ဂနာမငြိမ် ဖြစ်နေမိတယ်။ ဘာဆက်လုပ်ရမလဲ။ အဆောင်ထဲကို ဝင်ပြီး ထိုင်ခုံမှာထိုင်စောင့်ရမှာလား။ ထိုင်ခုံပေါ်မှာ လန်က ပိုက်ဆံထုပ်တစ်ထုပ် တင်ထားပေးမှာလား။ နောက်မှ အဆင်ပြေမှ ပြန်ပေးနော်..ပက်တီ..ဆိုပြီး။ ဒါမှ မဟုတ် ပက်တီ့အတွက် စိတ်မကောင်းဖြစ်ကြတဲ့..ပက်တီ့ကို သနားကြတဲ့ လူတွေကို လန်က စုပြီးခေါ်လာပေးမှာလား။ ပက်တီ့အတွက် အလှူငွေတွေ ဝိုင်းထည့်ကြမှာလား..။

ပက်တီ့ ကားမှန်ကို လူတစ်ယောက် တဒေါက်ဒေါက် လာခေါက်တယ်။ ယောကျ်ားတစ်ယောက်ရဲ့ ကိုယ်ခန္ဓာ ကားတံခါးဘေးကို ရောက်လာတယ်။ ဒီလူ ဘယ်သူလဲ။ လန် မဟုတ်ဘူး။ ပက်တီ ဒီနေရာမှာ ကားရပ်စောင့်နေတာကိုမကြိုက်လို့များ ထွက်သွားခိုင်းမလို့လား။ ပက်တီ ကားမှန်ကို နည်းနည်းချလိုက်ပြီး အပြင်က လူကို ကြည့်လိုက်တယ်။

"လာလေ"..အဲဒီလူက ပြောတယ်။ သူ့မျက်နှာကို ကားထဲကနေ မမြင်ရဘူး။ "လာလေ..။ ဟိုဘက် ခုံတန်းတွေဆီ သွားပြီး စကားပြောတာပေါ့"

ပက်တီ ကားစက်ကို သတ်လိုက်ပြီး ကားထဲကနေ ထွက်လိုက်တယ်။ ဟိုလူက ရှေ့ကနေ သွားနှင့်ပြီ။ အဲဒီလူက ခေါင်းမှာ ကောင်းဘွိုင်ဦးထုပ်ဆောင်းထားတယ်။ ဂျက်ကက်အင်္ကျီထူထူ ဝတ်ထားတယ်။ ပက်တီက ခေါင်းမှာ ဘယ်လိုဆောင်းဆောင်း မတော်တဲ့ သိုးမွေးဦးထုပ်နဲ့။ နားရွက်တွေက ဦးထုပ်ဘေးကနေ ပြူထွက်နေတယ်။ နားကို လက်နဲ့ အသာပွတ်ပြီး ဟိုလူ့နောက်ကို လိုက်သွားလိုက်တယ်။

သူ့ပုံစံက သဘောကောင်းမယ့် ပုံစံပါပဲ..ပက်တီ တွေးမိတယ်။ သဘောကောင်းမှ ဖြစ်မယ်။ သူ့မျက်လုံးတွေက နက်နက်မှောင်မှောင်တွေ။ နှုတ်ခမ်းမွေးက နှာခေါင်းအောက်မှာ အတန်းလိုက်၊ ထိပ်ဖျားတွေက မေးစေ့အောက်အထိ ကွေးကျနေတယ်။ အသက် ၄၀ လောက်ရှိမလား။ ဒီနားတစ်ဝိုက်မှာပဲ နေတဲ့လူထင်တယ်။ *သဘောကောင်းမယ့် ရုပ်ပါပဲ၊* ပက်တီထပ်တွေးမိပြန်တယ်။ ခုံတန်းတွေမှာ ပက်တီတို့နှစ်ယောက် ဝင်ထိုင်လိုက်တယ်။ ခုံပေါ်မှာဖုံးနေတဲ့ နှင်းတွေကို မဖယ်ဖြစ်ဘူး။ ဒီလူက ဘယ်သူလဲ။ ရှေ့နေများလား။ ဘန့်ကို ကူညီပေးမယ့် ရှေ့နေလား။ ဒါမှ

မယ့်··ရှေ့နေဆိုရင်··ဘာလို့ ဒီလိုနေရာမှာ လာတွေ့··

"ခင်ဗျားမှာ ပြဿနာတွေ ဖြစ်နေတယ်ဆို"··သူ့အသံက သူ့မျက်လုံးတွေနဲ့ လိုက်တယ်။ ဩတယ်။ နက်တယ်။ ပက်တီ ခေါင်းညိတ်လိုက်တယ်။

"ခင်ဗျား လယ်ကွင်း အသိမ်းခံရတော့မယ်။ ခင်ဗျားရဲ့ သား·· အဖမ်းခံရတော့မယ်"

"ရဲတွေက သူ့ကို ခေါ်ပြီး စကားပြောချင်ရုံသက်သက်ပါ··"

"ခင်ဗျားသား အဖမ်းခံရတော့မှာ။ ဘာအတွက် အဖမ်းခံရမှာလဲ ဆိုတာ ကျုပ်သိပြီးပြီ။ ပြီးတော့ ခင်ဗျား အကြွေးရှင်တွေကို အကြွေးဆပ်ဖို့ ပိုက်ဆံလိုနေတယ် ဆိုတာလည်း ကျုပ်သိတယ်။ အကြွေးမဆပ်နိုင်ရင် ခင်ဗျားရဲ့ ကလေးတွေကို အိမ်မှာ ဆက်ထားနိုင်မှာ မဟုတ်ဘူး။ အိမ်တောင်ရှိတော့မှာ မဟုတ်ဘူး။ ပြီးတော့ ခင်ဗျားရဲ့ သားအတွက် ရှေ့နေလိုတယ်။ မဟုတ်ရင် သက်ငယ်မုဒိမ်းမှုနဲ့ ထောင်ထဲဝင်ရမယ်။ အဲဒီလို ဖြစ်စေချင်သလား"

"ဟင့်အင်း ဘယ်ဖြစ်စေချင်ပါ့မဲ။ ဒါပေမယ့်··ဘန်"

"ကျုပ်ပြောတာကို ခင်ဗျား နားမလည်သေးဘူး။ ထောင်ကျတာဒီလောက် ပြဿနာမရှိဘူး။ ဒါပေမယ့် သက်ငယ်မုဒိမ်းမှုနဲ့ ထောင်ထဲရောက်သွားတဲ့ကောင်တွေ အထဲမှာ ဘယ်လို အလုပ်ခံရသလဲ ခင်ဗျားသိလား။ တွေးတောင် မတွေးရဲစရာဘဲ။ ဒီတော့ ခင်ဗျား ရှေ့နေ ကောင်းကောင်း လိုတယ်။ အရမ်းတော်တဲ့ ရှေ့နေမျိုးမှ ရမယ်။ ဒီလိုရှေ့နေမျိုးဆိုရင် ပေါပေါပဲပဲ မရဘူး။ ပိုက်ဆံ အများကြီးကုန်မယ်။ အခုချက်ချင်း ရာမှ ရမှာနော်။ နောက်တစ်ပတ်မှ၊ နောက်တစ်လမှဆိုပြီး ထိုင်စောင့်နေလို့ မရဘူး။ အခုလိုတာ။ စောစောစီးစီး မကာကွယ်ထားရင် အမှုတစ်ခုလုံးဖြစ်ချင်တိုင်း ဖြစ်သွားလိမ့်မယ်"

ပက်တီခေါင်းညိတ်လိုက်တယ်။သူဘာဆက်ပြောမလဲစောင့်နေလိုက်တယ်။ ဒီလူစကားပြောနေတာ ကားအရောင်းအဝယ် လုပ်နေတဲ့သူနဲ့ တူနေတယ်။ အခုနော် အခုချက်ချင်း··အခုလုပ်မှ ရမှာ၊ အခုဝယ်မှ ရမှာ··ဆိုတာမျိုး။ ပက်တီကိုယ်တိုင်က လည်း ဒီလို စကားပြောတတ်တဲ့ သူတွေနဲ့ တွေ့ရင် ဘယ်တော့မှ မငြင်းနိုင်ဘူး။ သူတို့ခိုင်းတာ လိုက်လုပ်မိတာပဲ။ ဆွယ်တဲ့နောက် ပါသွားတာပဲ။

သူက ခေါင်းက ဦးထုပ်ကို ဆွဲချတယ်။ ကျွဲတစ်ကောင်လို ဟူးခနဲအသက် ရှူထုတ်တယ်။

"ကျုပ်ကိုယ်တိုင်လည်း အရင်တုန်းက လယ်အလုပ်လုပ်ခဲ့ဖူးတယ်။ ကျုပ်

အဖေ၊ ကျုပ်အဘိုး အကုန်လုံး လယ်သမားတွေချည်းပဲ။ ဧက ၈၀၀ လောက် ပိုင်ခဲ့တယ်။ ကျွဲတွေ၊ နွားတွေ ပိုင်ခဲ့တယ်။ ပြောင်းဖူးတွေ၊ ဂျုံတွေ စိုက်ခဲ့တယ်။ မစ်ဇူရီဘက်မှာပေါ့။ ခင်ဗျားတို့ လယ်ကွင်းလိုပဲ ကျုပ်တို့လည်း အလုပ်ဖြစ်ခဲ့တာပဲ"

"ကျွန်မမှာ ဘယ်တုန်းကမှ ဧက ၈၀၀ မရှိခဲ့ပါဘူး"

"ဒါပေမယ့် ခင်ဗျား ပိုင်တဲ့ မြေက ဘိုးဘွားပိုင်မြေလေ။ ကိုယ့်သွေးနဲ့ သားနဲ့ ရင်းခဲ့တဲ့ မြေလေ။ ကျုပ်တို့ တောင်သူတွေအားလုံး အလိမ်ခံလိုက်ရတာပဲ။ အားရပါးရ စိုက်ပေ့..အကုန်ရောင်းထွက်မှာပေ့..ဆိုပြီး ဘေးကနေ တိုက်တွန်းကြတယ်။ ကျုပ်တို့ကလည်း သူတို့ပြောသလို အကုန် လိုက်လုပ်တယ်။ မြေထပ်ဝယ်ဆိုတော့လည်း ချေးငှားပြီးဝယ်လိုက်ကြပြန်တယ်။ မြေကြီးပဲ..ဝယ်ထား မမှားဘူးဘာညာ ပေါ့။ ပြီးလည်းပြီးရော.. ဟာ ဆောရီးဗျာ ခင်ဗျားတို့ကို အကြံပေးမိတာမှားသွားတယ်ဗျာ ဆောရီးပါ..ကျွန်တော်တို့ ချေးပေးထားတဲ့ ပိုက်ဆံတွေ ပြန်ယူမယ်နော်။ ပိုက်ဆံမရှိဘူးလား၊ ဒါဆို လယ်ကွင်းတွေပဲ သိမ်းလိုက်မယ်နော်။ စိတ်မဆိုးနဲ့နော်..ဆိုပြီး"

ဒီစကားကို ပက်တီ အခါခါ ကြားပြီးပြီ။ သူကိုယ်တိုင်လည်း စဉ်းစားခဲ့ပြီးပြီ။ ကိုယ့်အပြစ်နဲ့ ကိုယ်ပဲလေ။ ဒါ အရေးမကြီးဘူး။ လယ်ကွင်းကိုအသာထား။ ဘန့်ကိစ္စကို အရင်ရှင်းပါရစေ။ ပက်တီ ကိုယ်လုံးကို ရှေ့ကို ကိုင်းလိုက်တယ်။ စိတ်မရှည်တော့တာကို သူသိသွားအောင် အမူအရာလုပ်ပြလိုက်တယ်။

"ကျုပ်က စီးပွားရေးသမား မဟုတ်ဘူး။ စာရင်းကိုင်လည်း မဟုတ်ဘူး။ ဥပဒေရေးတွေလည်း နားမလည်ဘူး။ ဒါပေမယ့် ခင်ဗျား စိတ်ဝင်စားမယ်ဆိုရင်ကျုပ် ကူညီနိုင်တာ တစ်ခုရှိတယ်"

"ဟုတ်၊ စိတ်ဝင်စားပါတယ်။ ဟုတ်ကဲ့..ကူညီပေးပါ"

ပက်တီ့ ခေါင်းထဲမှာ မမျှော်လင့်နဲ့.. သိပ်မမျှော်လင့်နဲ့..ဆိုတဲ့ သတိပေးစကားတွေ ဆူညံနေတယ်။

+++

## လစ်ဘီဒေး

### ယနေ့

မသတီစရာ ခြုံတောတွေကို ဖြတ်ပြီး ကျွန်မ အိမ်ဘက်ကို ကားမောင်းပြန်လာလိုက်တယ်။ နံ့ကောင်သတ်ဆေးတွေ စုပုံပစ်ထားတဲ့ မြေကွက်က ဒီလမ်းဘေး တစ်နေရာရာမှာပဲ။ အမှိုက်ပုံကိုတော့ ကျွန်မ မျက်လုံးနဲ့ တပ်အပ်ကြီး မမြင်လိုက်ရဘူး။ အဲဒီဘက်ကနေ လွင့်လာတဲ့ အမှိုက် အစအနတွေကတော့ တစ်လမ်းလုံးမှာ မျက်စိတစ်ဆုံးပဲ။ ထောင်ပေါင်းများစွာသော ပလတ်စတစ်အိတ်တွေက ကိုင်းပင်တွေပေါ်မှာ တွဲလောင်းတင်လို့။ တစ္ဆေမှင်စာတွေလို လေထဲမှာ ဟိုယိမ်းဒီယိမ်းနဲ့။

မိုးဖွဲဖွဲ ကျလာတယ်။ တဖြည်းဖြည်းနဲ့ ပိုသည်းလာတယ်။ အေးလာတယ်။ ကားထဲကနေ လှမ်းကြည့်လိုက်ရင် ပြင်ပကမ္ဘာက အလွှာတစ်လွှာခြားနေသလို မှုန်ဝါးနေတယ်။ လမ်းဘေးမှာ မြေပုံတစ်ပုံ တွေ့လိုက်တဲ့အခါ၊ ဒါမှမဟုတ် သစ်ပင်အစုအစုတစ်ခုခုကို မြင်လိုက်တဲ့အခါတိုင်း ကျွန်မ တွေးမိတယ်။ ဒီယွန်ဒရာ ဆိုတဲ့ မိန်းမ သေပြီးလား။ အသတ်ခံရတာလား။ သူ့ကို ဘယ်နေရာမှာ မြှုပ်ထားသလဲ။ မြေကြီးထဲမှာ အရိုးတွေ ဆွေးနေပြီလား။ ဆွေးမသွားဘဲ ကျန်နေခဲ့တဲ့ ပစ္စည်းတွေရော..။ နာရီ..ဒါမှမဟုတ် ဖိနပ်..ဒါမှမဟုတ် ကျောင်းဓာတ်ပုံထဲမှာ ဒီယွန်ဒရာ ဝတ်ထားတဲ့ နားဆွဲအနီလေးတွေ။ အဲဒါတွေရော သူနဲ့အတူ မြေကြီးထဲမှာ အိပ်စက်နေကြသလား။

အို..ဒီယွန်ဒရာ ဘာဖြစ်ဖြစ် ဘာလို့ ဂရုစိုက်ရမှာလဲ။ ကျွန်မနဲ့ ဘာဆိုင်သလဲ။ ဘန်သူ့ကို သတ်လိုက်တယ်ဆိုရင်ရော ဘာဖြစ်သလဲ။ ကိုယ့်မိသားစုကိုယ်တောင် ပြန်သတ်ပြီးပြီပဲ.. နောက်တစ်ယောက် ထပ်သတ်တော့ ဘာပိုဆိုးသွားသလဲ။

တကယ်က လူသတ်တရားခံဟာ ရန်နာဒေး ဖြစ်ပါစေလို့ ကျွန်မကျိတ်ပြီး ဆုတောင်းနေခဲ့တာ။ သူသတ်တယ်ဆိုတာကို ယုံချင်ခဲ့တာ။ ဒါပေမယ့် အဖေ့ကို

မြင်လိုက်ရတဲ့အချိန်မှာ ကျွန်မရဲ့ အဲဒီစိတ်ကူး ဘယ်လောက် မဖြစ်နိုင်သလဲ ဆိုတာ နားလည်သွားတယ်။ ရန်နာဒေးက ဒူလွန်းတယ်။ ဒူတယ်လို့ပဲ ပြောရမယ်။ သူ့ အကျင့်မကောင်းတာက မကောင်းတာပဲ၊ ဒါပေမယ့် ဉာဏ်နီဉာဏ်နက်များတဲ့သူလို့တော့ ပြောလို့မရအောင် ဉာဏ်နည်းလွန်းတယ်။ မဂ်ဒါနဲ့ လူသတ်အသင်းကလူတွေတော့ ရန်နာဒေး လူသတ်သမား မဟုတ်တဲ့အတွက် စိတ်ပျက်သွားမှာပဲ။ သူတို့ဘာသာ သူတို့ ရန်နာဒေးနဲ့ သွားတွေ့ချင်တယ်ဆိုရင် ကျွန်မ အဖေ့လိပ်စာကို ပေးလိုက်ဖို့ အသင့်ပဲ။ ကျွန်မအနေနဲ့ကတော့ အဖေ မြန်မြန် သေသွားရင် ကောင်းမယ်လို့ပဲ ဆုတောင်းတယ်။

မြက်ခင်းညိုညိုတွေ အပြည့်လွှမ်းထားတဲ့ စိုက်ခင်းနေရာတစ်ခု အနားကနေ ကျွန်မ ဖြတ်မောင်းလာတော့ မိုးရေထဲမှာရပ်ရင်း ခြံစည်းရိုးကို မှီပြီး အဝေးကိုငေး၊ ငူငူငေါင်ငေါင်ဖြစ်နေတဲ့ ကောင်လေးတစ်ယောက်ကိုတွေ့လိုက်တယ်။ သူ့ကိုကြည့်ရင်း ကျွန်မ ဘန့်ကို ပြန်သတိရသွားတယ်။ ဘန်နဲ့…ဒီယွန်ဒရာ။ ဒီယွန်ဒရာမှာ ကိုယ်ဝန်ရှိနေခဲ့သတဲ့။ အဲဒီည အကြောင်း ဘန် ပြောပြတာတွေ အကုန်လုံးနီးပါးကို ကျွန်မ ယုံလို့ရပါတယ်။ ဒါပေမယ့် ဒီယွန်ဒရာနဲ့ ပတ်သက်လာရင် ဘန့်စကားတွေ အားလုံး အလိမ်အညာတွေ ဖြစ်နေတယ်။ အဲဒါ ဘာဖြစ်လို့လဲ။ ဘာလို့လိမ်နေညာနေတာလဲ။ ဒီလိုလိမ်နေတာကိုက ကျွန်မကို စိတ်ပူစေတယ်။

စိတ်ထဲမှာ မသိုးမသန့်နဲ့ ကျွန်မ အိမ်ကို အမြန်ပြန်မောင်းလာလိုက်တယ်။ အိမ်ရောက်တာနဲ့ ရေချိုးခန်းထဲ တန်းဝင်တယ်။ တစ်ကိုယ်လုံးကို ပြောင်စင်သွားအောင် အားရပါးရ တိုက်ချွတ်ပစ်လိုက်တယ်။ ရေချိုးပြီးသွားတော့ ကျွန်မတစ်ကိုယ်လုံး ဘာရပ်ရှိနဲ့ အသေတိုက်ထားလို့ ကြောင်ကုတ်ထားသလို နီရဲနေတယ်။ အိပ်ရာထဲ ရောက်တော့လည်း ကိုယ့်ကိုယ်ကိုယ် အရမ်းသန့်သွားတယ်လို့ မခံစားရသေးဘူး။ ရောဂါတစ်ခုခု ကူးစက်လာသလိုလို မသတီဖြစ်နေတယ်။ အဲဒီလိုနဲ့ စောင်ကြားမှာ လူးလိမ့်ရင်း တစ်နာရီလောက်ကြာသွားတော့ ကျွန်မ အိပ်ရာကနေ ပြန်ထတယ်။ ရေချိုးခန်းထဲ ထပ်ဝင်တယ်။ ရေထပ်ချိုးတယ်။ ည ၂ နာရီလောက်ကျတော့မှ ချွေးအလူးလူးနဲ့ အိပ်ပျော်သွားတယ်။ အိပ်မက်ထဲမှာ ရွတ်တွအိုမင်းနေတဲ့ အဘိုးကြီးတွေ …အဖေလို့ ထင်ထားတာ…အနားရောက်သွားတော့မှ သူတို့မျက်နှာတွေက တဖြိုဖြို အရည်ပျော်ကျလာတယ်။ အိပ်မက်တွေက ဆိုးသထက် ဆိုးလာတယ်။ ပန်ကိတ်တွေ ဖုတ်နေတဲ့ မီရှယ်…။ ဒယ်အိုးထဲမှာ နံ့ကောင်တွေ ခုန်ပေါက်နေကြတယ်။ ဂျုံနှစ်ကို မီရှယ်က မွှေလိုက်တော့ နံ့ကောင်ခြေထောက်တွေ ဖြုတ်ခနဲ ဖြုတ်ခနဲ ပြုတ်ထွက်

ကုန်တယ်။ ပန်ကိတ် ကျက်သွားတော့ အထဲမှာ နံ့ကောင်တွေ အထွေးလိုက် ပါလာ တယ်။ အမေက ကျွန်မတို့ကို ပန်ကိတ်ကို အတင်းစားခိုင်းတယ်။ စားလေ၊ စား လေ။ အားရှိတယ်··တဲ့။ ခဏလောက်ကြာသွားတော့ ကျွန်မတို့ ညီအစ်မတွေ တဂတ်ဂတ်နဲ့ သီးကြတယ်။ လည်ပင်းတွေကြပ်လာတယ်။ မျက်လုံးတွေပြူးထွက်လာ တယ်။ နံ့ကောင်တွေက အဆိပ်သင့်နေတာ။ ကျွန်မတို့ ညီအစ်မတွေ အဆိပ်တက် ကုန်တာ··။ ဗိုက်ထဲကို မျိုချလိုက်တဲ့ နံ့ကောင်တစ်ကောင်က ကျွန်မ လည်မျိုထဲက နေ··တွားသွားပြီး ပြန်တက်လာတယ်။ ပါးစပ်ထဲအထိ ပြန်ရောက်လာတယ်။ သူ့ ကိုယ်လုံးက စီးကရက်စော်တွေ နံနေတယ်။ ကျွန်မရဲ့ သွားနှစ်တန်းကို ခေါင်းနဲ့ထိုး ပြီး အပြင်ကို တိုးထွက်ဖို့ ရုန်းတယ်။

မနက်ခင်း အလင်းရောင်က ပျင်းစရာ မီးခိုးရောင် ယှဲ့ယှဲ့ပါပဲ။ ကျွန်မ အိပ်ရာကနေ ထတယ်။ နောက်တစ်ခါ ရေထပ်ချိုးတယ်။ တစ်ကိုယ်လုံး ယားသလို လို ဖြစ်နေသေးတယ်။ ရေချိုးပြီးတော့ မြို့လယ်ကောင်မှာရှိတဲ့ စာကြည့်တိုက်ဆီကို ကားမောင်းသွားလိုက်တယ်။ ကျွန်မနဲ့ ဘေးချင်းကပ်ရက် ခုံမှာထိုင်နေတဲ့ လူဆီက ချွေးနံ့တွေလှိုင်လှိုင် ထွက်နေတယ်။ အနံ့ကို မသိချင်ယောင်ဆောင်ပြီး စာကြည့်တိုက် ကွန်ပျူတာထဲကနေ ကျွန်မ အင်တာနက်လိုင်းပေါ်ကို တက်လိုက်တယ်။ လူပျောက် စာရင်းတွေ သိမ်းပေးထားတဲ့ စိတ်မချမ်းမြေ့စရာ ဝက်ဘ်ဆိုက်ထဲကို ဝင်တယ်။ လူပျောက်စာရင်းထဲမှာ ဒီယွန်ဒရာ့ နာမည်ကို ရိုက်ထည့်ကြည့်တယ်။

ခဏစောင့်ပါ··ဆိုတဲ့ အဝိုင်းလေး ကွန်ပျူတာဖန်သားပြင်ပေါ်မှာ လည်လာ တယ်။ သူ့နာမည် ပေါ်မလာပါစေနဲ့လို့ ကျွန်မ ဆုတောင်းနေရင်း ချွေးစို့ချင်လာ တယ်။ ဆုတောင်းမပြည့်ဘူး။ ဖန်သားပြင်ပေါ်မှာ ဒီယွန်ဒရာ့ပုံ ပေါ်လာတယ်။ ကျောင်းစာအုပ်ထဲက ဓာတ်ပုံတော့ မဟုတ်ဘူး။ ဒါပေမယ့် ဒီယွန်ဒရာ့ ရုပ်ကတော့ အတူတူပဲ။ မပြောင်းလဲဘူး။ ဆံပင်အခွေအလိပ်တွေ၊ အိုင်းလိုင်နာ နက်နက်ဆိုးထား တဲ့ မျက်လုံးတွေ··။ တလက်လက်တောက်နေတဲ့ ပန်းရောင်နှုတ်ခမ်း။ ဓာတ်ပုံထဲမှာ ဒီယွန်ဒရာက ပြုံးတယ်ဆိုရုံလေး ပြုံးထားတယ်။ နှုတ်ခမ်းတွေ မသိမသာစူလို့။ ဓာတ်ပုံအောက်မှာ စီထားတဲ့စာက··

ဒီယွန်ဒရာ ဆူး ဝါ့ဇ်နာ

မွေးရက် - ၂၈ ၊ အောက်တိုဘာ၊ ၁၉၆၇ ခုနှစ်

ပျောက်ဆုံးရက် - ၂၁ ၊ ဇန်နဝါရီ၊ ၁၉၈၅ ခုနှစ်

...

ဒီတစ်ခါက်လည်း ကျွန်မ လာတွေ့တာကို ဘန်က စောင့်နေတယ်။ ထိုင်ခုံမှာ နောက်လှန်ထိုင်ရင်း လက်ပိုက်ထားတယ်။ သတိအနေအထားနဲ့ ..စိတ်မကြည်မလင် ဖြစ်နေတဲ့ ပုံစံ။ ကျွန်မ ထိုင်ခုံမှာဝင်ထိုင်လိုက်တော့ ဘန်က စိတ်ပျက်သလို ခေါင်းခါတယ်။

ကျွန်မ ကြောင်သွားတယ်။

"ဟိုတစ်ခါ စကားပြောပြီးကတည်းက ငါ သေသေချာချာ အချိန်ယူပြီး စဉ်းစားနေတာ"..ဘန်က စပြောတယ်။ "ငါ ဒီဒဏ်ကို မခံနိုင်ဘူး။ ငါ့ဘာသာငါ ထောင်ကျနေတာ၊ ဘဝပျက်နေတာ၊ ဒုက္ခရောက်နေတာ။ ဒါကို အခု ငါ့ညီမကပါ ထောင်ဝင်စာ လာတွေ့သလိုလိုနဲ့ ငါ့ကို ယုံသလိုလို မယုံသလိုလို အမျိုးမျိုးတွေ စွပ်စွဲနေတယ်။ မေးတဲ့မေးခွန်းတွေကလည်း ဘာတွေမှန်းမသိဘူး။ ၂၄ နှစ် ကြာပြီးတော့မှ နင်က ငါ့ကို တရားခွင်ထဲ ပြန်ထည့်ပြီး တရားခံစစ်သလို လာစစ်နေတယ်။ ဒီတော့ နင်..အခုလာတာလည်း အဲဒီကိစ္စပဲဆိုရင်..။ ဒီအမှုကို မရမက လိုက်ဖို့ပဲ စိတ်ဝင်စားနေတယ်ဆိုရင်.. တခြားလူဆီ သွားတော့။ ငါနဲ့ လာမတွေ့နဲ့။ ငါမတွေ့ချင်ဘူး"

"ကျွန်မ ရန်နာဒေးကို ရှာတွေ့သွားတယ်"

ဘန်က ထိုင်ခုံမှာ ငြိမ်ငြိမ်ပဲ ဆက်ထိုင်နေတယ်။ အံ့ဩသွားတဲ့အမူအရာ မပြဘူး။ ပြီးတော့မှ သက်ပြင်းချတယ်..။

"ဟား.. လစ်ဘီ။ နင်လေ.. စုံထောက်လုပ်စားရမှာ။ ရန်နာဒေးက ဘာပြောသလဲ။ ရန်နာ အခု အိုကလာဟိုးမားမှာပဲလား"

ကျွန်မ မပြုံးသင့်ဘဲ ပြုံးမိသွားတယ်။ "မဟုတ်ဘူး။ လစ်ဂျာဝုဒ်ဘက်က ဓာတုပစ္စည်း စွန့်ပစ်တဲ့ နေရာတစ်ခုမှာ နေနေတယ်။ ဒုက္ခသည်စခန်းကနေ သူ့ကို နင်ထုတ်လိုက်လို့လေ"

ဘန်ကလည်း ပြုံးတယ်။ "ဟုတ်လား၊ စွန့်ပစ်နယ်မြေမှာ နေနေရတာပေါ့။ ဟားဟား"

"ရန်နာကပြောတယ်။ ဒီယွန်ဒရာ ဝါ့ဇ်နာ ဆိုတာ အစ်ကို့ရဲ့ ရည်းစားတဲ့၊ အစ်ကိုနဲ့ သူ ကိုယ်ဝန်ရသွားတယ်..တဲ့။ ပြီးတော့ အဲဒီ လူသတ်မှုတွေ ဖြစ်တဲ့ညက အစ်ကိုနဲ့ ဒီယွန်ဒရာ အတူတူရှိနေတယ်ဆို"

ဘန်က လက်ဝါးနှစ်ဖက်နဲ့ သူ့မျက်နှာသူ ကာလိုက်တယ်။ ဘန် မျက် တောင်ခတ်နေတာကို သူ့လက်ချောင်းတွေကြားကနေ ကျွန်မ မြင်နေရတယ်။ သူ

စကားပြောနေတာကို တွေ့တယ်။ ဒါပေမယ့် ဘာမှ သေချာ မကြားရဘူး။ ဝူးဝူး ဝါးဝါးတွေပဲ ကြားရတယ်။ ဘန်က စကားကို ဆက်တိုက်ပြောနေတယ်။ ကျွန်မ ဘာမှ မကြားရလို့ ထပ်ကာထပ်ကာ မေးတော့မှ ဘန်က လက်တွေကိုပြန်ချလိုက်တယ်။ ခေါင်းကိုမော့တယ်။ မှန်ရှေ့နားကို ကိုင်းလာတယ်။

"ငါပြောနေတာ.. နင် ဘာဖြစ်လို့ ဒီယွန်ဒရာ့ကို ဒီလောက်စိတ်ဝင်စားနေတာလဲ။ နင်နဲ့ ဘာဆိုင်သလဲ။ နင့်စောက်လုပ်လား။ ငါတကယ် နားမလည်ဘူး လစ်ဘီ။ နင်အခု သီချင်းဖောနဲ့ လျှောက်မေး လျှောက်ပြောနေတယ်။ ပြီးရင် အကုန် စောက်ပြဿနာတွေ တက်တော့မယ်။ ငါ့ကို..နင့်အစ်ကိုအရင်းကို ယုံကြည်ဖို့ နင့်မှာ အခွင့်အရေး ရှိခဲ့တယ်။ နင် ငါ့ကိုမယုံခဲ့ဘူး။ အခု ငါ့ကိုယုံဖို့အခွင့်အရေး နင် နောက်တစ်ခါထပ်ရပြီ။ ငါဘယ်လိုလူလဲဆိုတာ နင်သိတယ် လစ်ဘီ။ မသိဘူးလို့ မညာနဲ့။ ငါပြောတာ..နင်..နားမလည်ဘူးလား။ ဒါ..ဒီတစ်ခါဟာငါတို့နှစ်ယောက်အတွက် နောက်ဆုံးအခွင့်အရေးပဲ။ တစ်ကမ္ဘာလုံးက ငါ့ကို လူသတ်သမားလို့ စွပ်စွဲကြပါစေ.. ငါ လူသတ်သမား မဟုတ်ဘူးလို့ ယုံချင်လည်း ယုံကြပါစေ..သူတို့ ဘယ်လိုထင်ထင် ငါထောင်ထဲက ထွက်ရမှာ မဟုတ်ဘူး။ ဒါကို နင်လည်းသိတယ်။ ငါလည်း သိတယ်။ ငါ့ကို လွှတ်ပေးဖို့ သက်သေ ဘာမှမရှိဘူး။ ဘာ DNA မှ မကျန်တော့ဘူး။ လူသတ်မှုဖြစ်ခဲ့တဲ့ ငါတို့ အိမ်တောင် မရှိတော့ဘူး။ ဒီတော့ ငါ ဒီထောင်ထဲကနေ တစ်သက်လုံး ထွက်ရမှာမဟုတ်ဘူး လစ်ဘီ။ အဲဒီတော့ အခု လောလောဆယ်..အခု ငါ ဂရုစိုက်တာ ဆိုလို့ တစ်ခုပဲ ရှိတယ်။ အဲဒါ နင်ပဲ။ ငါ့ညီမပဲ။ ငါ့မိသားစုကို ငါပြန်သတ်ခဲ့တာ မဟုတ်ပါဘူး..လို့ နင်ယုံကြည်ရင်တော်ပြီ။ နင်ယုံဖို့ပဲ လိုတယ်။ ကျန်တဲ့သူတွေကို ငါ ခေါင်းထဲမှာ မရှိဘူး"

"ဒါပေမယ့်..ကျွန်မ စိတ်ထဲမှာ ထင်မိတာကိုတော့ အစ်ကို အပြစ်မ.."

"ဘာလို့ အပြစ်မတင်ရမှာလဲ။ နင့်ကို ငါ အပြစ်တင်တယ်။ အခု ငါ့ကို မယုံတဲ့အတွက် ငါနင့်ကို အပြစ်တင်မယ်။ ကလေးတုန်းက ငယ်ငယ်တုန်းကတော့ နင့်အနေနဲ့ ဇဝေဇဝါဖြစ်ရင်ဖြစ်နေခဲ့မယ်၊ ကြောက်လန့်တကြား ပြောမိရာတွေပြောခဲ့မယ်.. ရတယ် ဘာမှ မဖြစ်ဘူး။ ဒါပေမယ့် အခု နင့်အသက် ဘယ်လောက်ရှိပြီလဲ လစ်ဘီ။ ၃၀ ကျော်နေပြီ မဟုတ်လား။ အခုထိ ငါ့ကို လူသတ်သမားလို့ထင်နေတုန်းပဲလား။ နင့် အသွေးအသားအရင်းကြီးက ကိုယ့်အမေကိုယ် ပြန်သတ်တဲ့ကောင်လို့ နင်ထင်ရက်နေသေးလား"

"ကျွန်မတို့ အသွေးအသားက ဘာကောင်းနေလို့လဲ။ ကျွန်မတို့ သွေးက

သိပ်သန့်နေလို့လား"..ကျွန်မ ပြောလိုက်တယ်။ ကိုယ်ထဲမှာ အောင်းနေတဲ့ဒေါသ အပြင်ကို စိမ့်ထွက်လာနေပြီ။ နံရိုးကိုတိုးပြီး ဝုန်းခနဲ ဖောက်ထွက်ချင်နေပြီ။

"ကျွန်မတို့ သွေးက ကောင်းတဲ့သွေးမဟုတ်ဘူး။ ကျွန်မကိုယ်တိုင်လည်း ကောင်းတဲ့ မိန်းမ မဟုတ်ဘူး။ ဘန်..ကျွန်မလည်း လူတွေကို အနာတရဖြစ်အောင် လုပ်ဖူးတယ်။ တံခါးတွေကို ဆောင့်ကန်ဖူးတယ်။ ပြတင်းမှန်တွေ ရိုက်ခွဲဖူးတယ်။ ကျွန်မကြောင့်..ကျွန်မကြောင့် သေသွားတဲ့ သတ္တဝါတွေ ရှိခဲ့ဖူးတယ်။ ကျွန်မကိုယ် ကျွန်မ ပြန်ငုံ့ကြည့်လိုက်တိုင်း လက်သီးက အမြဲဆုပ်ထားပြီးသား ဖြစ်နေတယ်။ ဒါကောင်းတဲ့ သွေးလား။ ဟုတ်လား"

"ငါတို့ သွေးက အဲဒီလောက်ဆိုးတယ်လို့ နင်ထင်တာလား"

"ထင်တယ်"

"အမေ့သွေးပါနေတာတောင် အဲဒီလို ထင်သေးတာလား"

"ဟုတ်တယ်"

"ဒါဆိုရင်တော့ နင့်အတွက် ငါစိတ်မကောင်းဘူး ညီမလေး"

"ဒီယွန်ဒရာ ဘယ်မှာလဲ"

"လစ်ဘီ.. ဆက်မမေးနဲ့တော့"

"ကလေးရော ဘယ်ရောက်သွားလဲ။ ဘာလုပ်လိုက်တာလဲ"

ကျွန်မ ခေါင်းတွေတရိပ်ရိပ် မူးလာတယ်။ ဖျားချင်သလိုလို ဖြစ်လာတယ်။ ဘန့်ကလေးသာ အသက်ရှင်နေဦးမယ်ဆိုရင် (ယောကျ်ားလေးလား၊ မိန်းကလေး လား..) အဲဒီကလေးလေးက အခုဆို ကလေးမဟုတ်တော့ဘူးပေါ့။ ၂၄ နှစ်တောင် ပြည့်ပြီပေါ့။ ၂၄ နှစ်အရွယ် လူငယ်တစ်ယောက် ဖြစ်နေပြီပေါ့။ ကျွန်မ မြင်ယောင် ကြည့်လို့ မရဘူး။ ကျွန်မအတွေးထဲက ဘန့်ကလေးက ပုခက်ထဲမှာ အူဝဲအူဝဲဆိုပြီး အော်နေတုန်း။ သူများကို မပြောနဲ့ ကျွန်မကိုယ် ကျွန်မတောင် အရွယ်ရောက်ပြီလို့ မြင်ယောင်ကြည့်လို့ ရမှ မရသေးဘဲ။ ဒီနှစ်မွေးနေ့ဆိုရင် ကျွန်မ ၃၂ နှစ်ပြည့်ပြီ။ အမေ အသတ်ခံရတုန်းက အမေ့အသက်က ၃၂ နှစ်လေ။ အမေကျတော့ ဘာလို့ လူကြီးလို ရင့်ကျက်နေခဲ့တာလဲ။ ကျွန်မ ဘယ်တော့မှ အမေ့လို ရင့်ကျက်လာမှာ မဟုတ်ပါဘူး။

ဘန့်ကလေးသာ အသက်ရှင်နေဦးမယ် ဆိုရင် ၂၄ နှစ် အရွယ်ရှိနေပြီ..။ ကျွန်မ ခေါင်းထဲကို ကြောက်စရာ စိတ်ကူးယဉ်မြင်ကွင်းတစ်ခု ဝင်လာပြန်တယ်။ တကယ်လို့သာ..ဆိုတဲ့ မြင်ကွင်းတစ်ခု..။ တကယ်လို့သာ အဲဒီ လူသတ်မှုတွေ

မဖြစ်ခဲ့ဘူးဆိုရင်..။ ကင်နက်ကီမှာပဲ အကုန်လုံး အသက်ရှင်လျက်သား အတူတူ တစ်အိမ်တည်း ဆက်နေဖြစ်ခဲ့မယ်ဆိုရင်..။ မီရှယ်က ညှော်ခန်းထဲမှာ သူ့ရဲ့မျက်မှန်အကြီးကြီးကို ပင့်ပင့်တင်ရင်း သူ့ကလေးတွေကို ဆူနေ၊ ငေါက်နေတယ်။ ကလေးတွေက မီရှယ့်ကို မကျေနပ်တဲ့ မျက်လုံးနဲ့ ပြန်ကြည့်နေကြတယ်။ ဒါပေမယ့် သူပြောတာကို နားထောင်ကြပါတယ်။ ဒက်ဘီက ဝဖီးလို့။ စကားကလည်း အင်မတန်များတယ်။ သူ့ယောကျ်ားက လယ်သမားပဲ။ ဒက်ဘီက သူတို့လင်မယားနေဖို့သတ်သတ် ဆောက်ထားတဲ့ လယ်ကွင်းအိမ်လေးထဲမှာ နေတယ်။ အိမ်ထဲမှာ အပ်ချုပ်တဲ့ ပစ္စည်းတွေ အစုံအလင် ရှိနေတယ်။ အပ်တွေ၊ ချည်တွေ၊ အဝတ်စတွေ..ကော်ဘူးတွေ..။ အမေက အသက် ၅၀။ ဆံပင်တွေ အကုန်လုံးနီးပါး ဖြူနေပြီ။ သူ့အစ်မဒိုင်ယန်းနဲ့ ထုံးစံအတိုင်း ပွစိပွစိ ရန်တွေဖြစ်လို့။ အဲဒီအချိန်မှာ အိမ်ထဲကို ဘန့်ရဲ့သမီးလေး ဝင်လာတယ်။ ဆံပင်နီနီလေးနဲ့။ အသက် ၂၀ ကျော်။ ပိန်ပိန် ပါးပါးကောင်မလေး။ လက်မှာ လက်ကောက်တွေ တချွင်ချွင်နဲ့။ ကောလိပ်ကျောင်းသူလေးပေါ့။ ဒေးမိသားစုဝင် အသစ်စက်စက်လေး။ ဒေး..ကောင်မလေး။

ကျွန်မ အသက်ရှူရင်း တံတွေး သီးသွားပြီး ချောင်းတွေ တဟွတ်ဟွတ်ဆိုးလာတယ်။ လည်ပင်းထဲမှာ ကျပ်ပိတ်လာတယ်။ ဟိုဘက် နှစ်ခုံကျော်မှာ ရှိတဲ့ ထောင်ဝင်စာ လာတွေ့တဲ့သူက ကျွန်မဘက်ကို လှမ်းကြည့်တယ်။ ဘာများဖြစ်သလဲဆိုပြီး စူးစမ်းတယ်။ ပြီးတော့မှ သူ့သားဘက်ကို ပြန်လှည့်သွားတယ်။

"အဲဒီညက ဘာဖြစ်ခဲ့တာလဲဟင်။ ဘန်..အစ်ကို.. ပြောပြပါ။ ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မ သိရမှ ဖြစ်မယ်"

"လစ်ဘီ.. နင်ဆက်မမေးနဲ့တော့ဟာ။ အဖြေက ဘယ်လိုပဲဖြစ်ဖြစ် နင့်အတွက် ဘာမှ အကျိုးမရှိဘူး။ ငါ့မှာ အပြစ်မရှိဘူးလို့ ပြောလိုက်ရင် အပြစ်ရှိတဲ့သူက နင်ဖြစ်မသွားဘူးလား။ ငါ့ဘဝကို နင်ဖျက်ဆီးခဲ့သလို ဖြစ်သွားမယ် မဟုတ်လား။ ငါ့မှာ အပြစ်ရှိတယ်လို့ ပြောလိုက်ရင်ရော.. အဲဒါဆိုရင်လည်း နင့်စိတ်အခြေအနေ ပိုတောင် ဆိုးသွားဦးမယ်။ ဟုတ်တယ်မဟုတ်လား"

ဟုတ်တယ်။ ဘန့်မှာ တကယ် အပြစ်ရှိနေမှာကို စိုးရိမ်လို့ ကျွန်မ နှစ်ပေါင်းများစွာ ကြောက်ရွံ့ထိတ်လန့်နေခဲ့ရတာ။ ကျွန်မ ဘန့်ကို မေးခွန်းအသစ်တစ်ခု ထပ်မေးလိုက်တယ်။ "ဒါဆိုရင် ထရေးတီပန်နီ ဆိုတဲ့ လူကရော"

"ထရေး တီပန်နီ.."

"ထရေးဆိုတဲ့လူက လောင်းကစား ဒိုင်လုပ်တယ်ဆိုတာ ကျွန်မသိတယ်။

ပြီးတော့ စေတန်ကိုးကွယ်တာတွေ၊ ယဇ်ပူဇော်တာတွေနဲ့လည်းမကင်းဘူးတဲ့။ သူနဲ့ အစ်ကိုနဲ့ သူငယ်ချင်းဆိုတာလည်း ကျွန်မ သိတယ်။ အဲဒီညတုန်းက သူနဲ့ အစ်ကိုနဲ့ ..ဒီယွန်ဒရာနဲ့..အတူတူရှိနေတာကိုလည်း ကျွန်မ သိတယ်။ ဘာလို့အတူတူရှိနေကြတာလဲ။ ဘာဖြစ်လို့လဲ.. ဒါ လုံးဝ မရှိးသားဘူး"

"နင်အဲဒါတွေကို ဘယ်လိုလုပ် သိတာလဲ"..ဘန်က ကျွန်မ မျက်လုံးကို စေ့စေ့ကြည့်ရင်း မေးတယ်။ သူ့မျက်လုံးတွေက ကျွန်မရဲ့ နားထင်မှာ ထိုးထွက်နေတဲ့ ဆံပင်နီနီတွေဆီကို ရောက်သွားတယ်။

"အဖေပြောပြတာ။ အဖေက ထရေးတီပန်နိုဆီမှာ အကြွေးတင်နေ.."

"အဖေ.. ဟုတ်လား။ အခုတော့ အဖေလို့တောင်ခေါ်နေပြီလား"

"ရန်နာဒေး ပြောတာက.."

"ရန်နာဒေးပြောချင်တာပြော၊ ငါမသိချင်ဘူး။ လစ်ဘီ.. နင်လူကြီးဖြစ်ဖို့ အချိန်ရောက်ပြီ။ ဘယ်သူ့ဘက်မှာ နေမှာလဲဆိုတာ ရွေးသင့်ပြီ။ အဲဒီညကဘာဖြစ်ခဲ့သလဲဆိုတဲ့ မေးခွန်း တစ်ခုကို နင့်ဘာသာနင် တစ်သက်လုံး လိုက်ရှာနေချင်လည်း သဘောပဲ။ ဘယ်သူ့စကားကို ယုံမလဲ။ ဘယ်သူ့ဘက်မှာ နေမလဲ။ ငါ့ဘက်မှာသာ နေစမ်းပါ။ အဲဒါအကောင်းဆုံးပဲ"

+++

# ဘန်ဒေး

**၁၉၈၅၊ ဇန်နဝါရီ (၂) ရက်**

**ည ၁၀ နာရီ ၂၃ မိနစ်**

မြို့စွန်ဘက်ကို ရောက်လာတာနဲ့ အမျှ ကတ္တရာလမ်းကနေ တဖြည်းဖြည်းနဲ့ မြေနီလမ်းအသွင် ပြောင်းသွားတယ်။ ဘန် ကားနောက်ခန်းမှာ ထိုင်နေရင်း လူးခါနေတယ်။ ဘေးတိုက်လဲမသွားအောင် ကားခေါင်မိုးကို လက်ဖဝါးနဲ့ ထောက်ထားရတယ်။ ဘန့် ခေါင်းထဲမှာ မူးဝေနေပြီ။ ဆေးခြောက်အရှိန်က တရိပ်ရိပ်တက်နေပြီ။ အရမ်း အိပ်ချင်နေပြီ။ ဗိုက်လည်း ဆာတယ်။ ကင်နက်ကီမြို့ရဲ့ မီးရောင်တွေ ကားနောက်မှာ တဖြည်းဖြည်း ဝေးကျန်ခဲ့ပြီ။ ဘေးပတ်ဝန်းကျင်မှာတလက်လက်ကျနေတဲ့ နှင်းတွေပဲ ရှိတော့တယ်။ လမ်းဘေးမှာ ခြံစည်းရိုး တစ်ခုတလေ တွေ့ရတယ်။ မြက်ခင်းလိုလို အကွက်သေးသေးလေးတွေ တစ်ချက်တစ်ချက် ပေါ်လာတယ်။ ဒါတွေက လွဲရင် ကျန်တဲ့ နေရာတွေကတော့ ဘာအပင်မှ မပေါက်တဲ့ ဖုန်းဆိုးမြေတွေချည်းပဲ။ ကမ္ဘာ့အပြင်ဘက်ကို ခရီးထွက်နေရသလိုလို၊ တခြားဂြိုဟ်တစ်ခုပေါ် ရောက်နေသလိုလို..ဘယ်တော့မှ အိမ်မပြန်ရတော့မယ့် ခရီးတစ်ခုလိုလို..။

ကားက လမ်းချိုးတစ်ခုထဲကို ကွေ့ဝင်သွားတယ်။ သစ်ပင်တွေကြားထဲကို တိုးဝင်သွားတယ်။ ကားပတ်ပတ်လည်မှာ အုပ်ဆိုင်းနေတဲ့ အပင်တွေ အထပ်လိုက် အထွေးလိုက်နဲ့ လိုဏ်ဂူတစ်ခုလို သိုင်းခြုံထားတယ်။ ဘယ်နေရာကိုရောက်နေတာပါလိမ့်။ သွားနေတဲ့နေရာကို မြန်မြန်ရောက်ပါတော့။ လုပ်စရာရှိတာကို မြန်မြန်သာ လုပ်လိုက်ပါတော့..။ ဘန် အရမ်း ဗိုက်ဆာနေပြီ။ ဟမ်ဘာဂါ စားချင်တယ်။ သူ့အမေ ပက်တီဒေးလုပ်ပေးတဲ့ ဟမ်ဘာဂါတွေက အထူးအဆန်းတွေ။ နုတ်နုတ်စဉ်းထားတဲ့ အပေါစား အသားတွေကို ကြက်သွန်နဲ့ နယ်တယ်။ ရက်လွန်ခါနီး ခေါက်ဆွဲဖတ်တွေ ထည့်တယ်။ ရက်လွန်တော့မယ်လို့ ထင်ရတဲ့ ပစ္စည်းမှန်သမျှ အကုန်

ပစ်ထည့်တာပဲ။ တစ်ခါတုန်းက ဟမ်ဘာဂါထဲမှာ ငှက်ပျောသီးတစ်ဖတ်ပါလာတာ ဘန် တွေ့ဖူးတယ်။ အချဉ်သုတ်လိုက်ရင် ဘာမဆို စားလို့ရတယ်ဆိုပြီး အမေက ယူဆထားပုံပဲ။ အမေ့ရဲ့ ဟမ်ဘာဂါတွေက တော်တော့်ကို ဆိုးဆိုးရွားရွား အရသာမရှိတဲ့ ဟာတွေပါ။ ဒါပေမယ့် အခုအချိန်မှာ အဲဒီ ဘာဂါကိုတောင် ဘန် အငမ်းမရ စားမိမှာ သေချာတယ်။ *ဆာလိုက်တာ..နွားတစ်ကောင်လုံးတောင် ဗိုက်ထဲ မောင်းသွင်းလို့ ရလောက်တယ်..* ဆိုပြီး ဘန်တွေးမိတယ်။ ကားနောက်ခန်းထဲကနေအပြင်ကို ကြည့်လိုက်တော့ တိုက်တိုက်ဆိုင်ဆိုင်ပဲ လမ်းဘေးမှာ နွားနီအုပ်ကြီး တစ်အုပ်။ အကောင် ၂၀ လောက် ရှိမယ်။ နှင်းထဲမှာ ဒီအတိုင်း မတ်တတ်ရပ်နေကြတယ်။ အနီးအနားမှာ နွားတင်းကုပ် တစ်ခု ရှိတယ်။ လယ်သမား အိမ်တော့ မတွေ့ရဘူး။ နွားဆိုတဲ့ အတိုင်းပဲ လူမမောင်းရင် တင်းကုပ်ဆီတောင် မပြန်တတ်ဘူး ထင်တယ်။ နှင်းတဖွဲဖွဲအောက်မှာ ငြိမ်ငြိမ်ကြီး ရပ်နေကြတယ်။ နှာခေါင်းပေါက်ကြီးတွေကနေ ဟူးခနဲ ဟူးခနဲ လေပူငွေ့တွေ မှုတ်ထုတ်နေကြတယ်။ နွားနီတွေက တခြားနွားတွေထက်ကို ပိုရုပ်ဆိုးတယ်။ အကောင်ကြီးတယ်။ အမွေးကြမ်းတယ်။ မျက်နှာမှာ အရေပြား အတွန့်အတွန့်တွေနဲ့ မျက်ခမ်းစပ်တွေက ပန်းရောင်တွေ။ ဂျာစီနွားတွေဆိုရင် ဒီလိုရုပ်မဆိုးဘူး။ သမင်လေးတွေလို ချစ်စရာလေးတွေ။ ဒီ နွားနီကြီးတွေကတော့ ကမ္ဘာဦး သတ္တဝါတွေလို ရုပ်ကြမ်းကြမ်းကြီးတွေနဲ့ ချစ်ဖို့ မကောင်းဘူး။ ဦးချိုတွေက ကွေးကွေးကောက်ကောက်တွေ။ လမ်းလျှောက်ရင်လည်း ဧရာမကိုယ်လုံးကြီးတွေက ဟိုယိမ်းဒီယိမ်းနဲ့။ ထရေးက နွားနီအုပ်နားမှာ ကားကို ရပ်လိုက်တယ်။ ဘန့်စိတ်ထဲ မအီမသာ ဖြစ်လာတယ်။ စိတ်ပူလာတယ်။ တစ်ခုခုတော့ ဖြစ်တော့မှာပဲ..။ အခြေအနေ မကောင်းဘူး။

"ရောက်ပြီ၊ ဆင်းတော့"..ထရေးက ဘန့်ကိုလှမ်းပြောတယ်။ ကားထဲက အပူပေးစက်ကို ပိတ်လိုက်တော့ အပြင်က အအေးဓာတ် အထဲကို စိမ့်ဝင်လာတယ်။ ထရေးက ဒီယွန်ဒရာ့ကို ကျော်ပြီး ကားဒက်ရှ်ဘုတ်ကို လှမ်းဖွင့်တယ်။ သူ့လက်နဲ့ ဒီယွန်ဒရာ့ရဲ့ ပူနေတဲ့ ဗိုက်နဲ့ ပွတ်မိသွားတော့ နှစ်ယောက်သားတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးတယ်။ ဒက်ရှ်ဘုတ်ထဲကနေ ကက်ဆက်ခွေတစ်ခွေလှမ်းယူတယ်။ ကားကက်ဆက်ထဲကို ထိုးထည့်ပြီးဖွင့်လိုက်တယ်။ ဝိုင်းဒိုင်းကြဲထွက်လာတဲ့ ရော့ခ်သီချင်းသံက ဘန့်ဦးနှောက် အတွင်းသားတွေကို တဂျစ်ဂျစ်လာခြစ်တယ်။

"ဟော့ကောင် ဆင်းလေ"..ထရေးက နှင်းတွေပေါ်ကို ဖိနပ်နဲ့ ဖိနင်းရင်း ဘန့်ကို လှမ်းခေါ်တယ်။ ဘန်ဆင်းလို့ရအောင် ရှေ့ထိုင်ခုံကို ရှေ့ကိုလှန်ပေးတယ်။

ဘန်ကားပေါ်ကနေ ဒယိမ်းဒယိုင်နဲ့ ဆင်းလိုက်တော့ ထရေးက ဘန့်ကိုလှမ်းထိန်း ပေးတယ်။ "ဟော့ကောင် ဘန်·· မင်း မကြာခင် အဖေဘဝရောက်တော့မှာ။ ဒီလို ပါဝါမျိုး၊ ခွန်အားမျိုးကို ခံစားကြည့်ဖို့ အချိန်တန်ပြီ"··တဲ့။ ထရေးကပြောရင်း ဘန့်ပခုံးကို လက်နဲ့ကိုင်လှုပ်တယ်။ "အဖေဖြစ်တော့မှာ··ဟားဟား"··ထရေးရဲ့ အသံက သူငယ်ချင်းတစ်ယောက်လို ရင်းနှီးနေပေမယ့် မျက်နှာမှာ ဘာအပြုံးမှ မရှိ ဘူး။ နှုတ်ခမ်းကိုတင်းတင်းစေ့ထားတယ်။ မျက်လုံးထောင့်စွန်းတွေက သွေးစွန်းနေ သလို နီရဲနေတယ်။ တစ်ခုခုကို ချင့်ချိန်ဆုံးဖြတ်နေတဲ့ အကြည့်မျိုးနဲ့ ဘန့်ကိုစိုက် ကြည့်နေတယ်။ တော်တော်ကြာမှ ဘန့်ပခုံးကို ကိုင်ထားရာကနေ ပြန်လွှတ်ပေးလိုက် တယ်။ ပြီးတော့မှ သူ့ ဂျက်ကတ်က အင်္ကျီလက်ကို မ,တင်ပြီး ကားနောက်ဘက်ကို လျှောက်သွားတယ်။ ကားဟိုဘက်ခြမ်းမှာ ရပ်နေတဲ့ ဒီယွန်ဒရာ့ကို ဘန် လှမ်းကြည့် တယ်။ ဘာတွေဖြစ်နေတာလဲဟ ဆိုတဲ့ ပုံစံနဲ့ မျက်ခုံးပင့်ပြတယ်။ ဒီယွန်ဒရာက ဘန့်ကို အဖက်မလုပ်သေးဘဲ ကားထဲကို ခေါင်းပြန်တိုးဝင်ပြီး ထိုင်ခုံအောက်ကနေ အိတ်တစ်လုံးကို ဆွဲထုတ်နေတယ်။ ပူနေတဲ့ဗိုက်ကို လက်နဲ့ ထောက်ပြီး ညည်း တယ်။ ခါးကုန်းလိုက်လို့ နာသွားပုံပဲ။ ခါးကိုလက်နဲ့ထောက်ပြီး ပြန်မတ်တယ်။ လက်ထဲမှာပါလာတဲ့ အိတ်ကို ဖွင့်ပြီး အထဲကို မွှေတယ်။ ငွေရောင်စက္ကူနဲ့ပတ်ထား တဲ့ အထုပ်သုံးထုပ် ထုတ်လိုက်တယ်။

"ငါ့ကိုပေး"··ထရေးက ပြောတယ်။ အထုပ်သုံးထုပ်ထဲက နှစ်ထုပ်ကို ယူပြီး ဘောင်းဘီအိတ်ထဲကို ထည့်တယ်။ တစ်ထုပ်ကို ဖြေလိုက်တယ်။ "နင်နဲ့ ဘန်ဒေးနဲ့ တစ်ထုပ်ကို မျှသုံးကြ"

"အာ·· မျှမသုံးချင်ဘူး။ ဟင့်အင်း"··ဒီယွန်ဒရာက ပူဆာတဲ့အသံနဲ့ပြော တယ်။ "ဒီမှာ ခေါင်းတွေ မူးပြီး သေတော့မလို ဖြစ်နေတာ။ ငါ့ကို တစ်ထုပ်သတ် သတ်ပေးပါ"

ထရေးကစိတ်ပျက်သလိုသက်ပြင်းချတယ်။ ဘောင်းဘီအိတ်ထဲက အထုပ် တစ်ထုပ်ကို ပြန်ထုတ်ပြီး ဒီယွန်ဒရာ့ဆီကို ပစ်ပေးလိုက်တယ်။

"အဲဒါ ဘာတွေလဲ"··ဘန်မေးလိုက်တယ်။ ဘန့်ခေါင်းက ဒဏ်ရာကနေ သွေးတွေ စိမ့်ကျလာပြန်ပြီ။ အနာ ပြန်ကွဲသွားပြန်ပြီ။ ခေါင်းကိုက်တာကလည်း ပို ပြီး ဆိုးလာတယ်။ ဘယ်ဘက် မျက်လုံးအောက်မှာ တဒုတ်ဒုတ်နဲ့ သွေးတွေတိုးနေ ရာကနေ လည်ကုပ်အထိ၊ ပြီးတော့ ပခုံးနှစ်ဖက်စလုံးအထိ ပူပြီး ကိုက်ခဲနေတယ်။ မကောင်းတဲ့ရောဂါတစ်ခု တစ်ကိုယ်လုံးကို တဖြည်းဖြည်း ပျံ့လာနေသလို ခံစား

နေရတယ်။ လည်ပင်းကို လက်နဲ့သပ်ကြည့်လိုက်တယ်။ လည်ပင်းတစ်ခုလုံးအကြော တွေ ထောင်ထနေတယ်။ အသားကိုခွဲပြီး အထဲမှာ ပိုက်တွေ အထွေးလိုက်ထည့်ထား သလို ဘန့်လည်ပင်းက ကျပ်ထုပ်ပြီး အထစ်အထစ်တွေ ဖြစ်နေတယ်။

"မင်းဒီဟာ မသုံးဖူးဘူးလား။ Devil Rush လို့ခေါ်တယ်"..ထရေးက ပြောရင်း အထုပ်ကိုဖြေတယ်။ အထဲက အမှုန့်တွေကို လက်ဝါးထဲမှာထည့်တယ်။ နှာ ခေါင်းနဲ့တေ့ပြီး ဝှူးခနဲ ရှူသွင်းလိုက်တယ်။ ခေါင်းနောက်ကို လန်ကျသွားတယ်။ သုံးလေးလှမ်းလောက် နောက်ဆုတ်သွားတယ်။ ပြီးတော့မှ ဘန်နဲ့ ဒီယွန်ဒရာကို မင်းတို့ဘာလုပ်နေကြတာလဲ..ဆိုတဲ့ အကြည့်နဲ့ ကြောင်တောင်တောင် ကြည့်တယ်။ ထရေးရဲ့ ပါးစပ်နဲ့ နှာခေါင်းပတ်ပတ်လည်မှာ လိမ္မော်ရင့်ရောင် အမှုန့်တွေကပ်နေ တယ်။

"ဟေ့ကောင် ဘန်ဒေး။ မင်းဘာကြည့်နေတာလဲ"

ထရေးရဲ့ မျက်လုံး အတွင်းသားတွေက ဘယ်ညာ တဆတ်ဆတ် ခါယမ်း နေတယ်။ ဒီယွန်ဒရာကလည်း သူ့လက်ထဲက အထုပ်ကိုဖြေပြီး ဝုတ်ခနဲ ရှူသွင်း လိုက်တယ်။ ပြီးတာနဲ့ ဒူးထောက်ကျသွားပြီး တဟားဟား အော်ရယ်တယ်။ ရယ် သံက စစချင်းမှာတော့ ပျော်တဲ့ ရယ်သံ။ တဖြည်းဖြည်းနဲ့ ရှိုက်သံတွေ ကပ်ပါလာ တယ်။ ချောင်းဆိုးသံလိုလို၊ ချွဲသံလိုလို စိုစွတ်စွတ် အသံတွေ။ ငါ့အဖြစ်ဆိုးလှချည် လား..ဆိုပြီး ယူကျုံးမရ ရယ်ချလိုက်တဲ့ အသံမျိုး။ ဒီယွန်ဒရာက နှင်းအဖွေးသား ဖြစ်နေတဲ့ မြေကြီးပေါ်မှာ ဒူးထောက်ထိုင်နေရင်း တဟီးဟီးနဲ့ ငိုတယ်။ ရယ်တယ်၊ မြေကြီးပေါ်ကို လက်ထောက်တယ်။ ပြီးလည်းပြီးရော ဝေါ့ခနဲ အန်ချလိုက်တယ်၊ စားထားတဲ့ ခေါက်ဆွဲဖတ်တွေ၊ ဒိန်ခဲဖတ်တွေ နှင်းပေါ်ကို ဖုတ်ခနဲ ပြုတ်ကျလာ တယ်။ အန်ဖတ်နံ့က လေထဲမှာ သင်းပြီး နွေးနေတယ်။ ဒီယွန်ဒရာ ဘန့်ကို မော့ ကြည့်လိုက်တော့ သူ့ပါးစပ်မှာ ခေါက်ဆွဲတစ်ဖတ် တန်းလန်းထွက်နေတယ်။ ပြီးမှ သတိရသွားပြီး ဒီယွန်ဒရာက ခေါက်ဆွဲဖတ်ကို လက်နဲ့ ဆွဲထုတ်လိုက်တယ်၊ လည်ချောင်းထဲမှာ တစ်ဝက်ကျန်နေတဲ့ ခေါက်ဆွဲဖတ်က အချောင်းလိုက်အပြင်ကို ထွက်လာတယ်။ ခေါက်ဆွဲဖတ်ကို မြေကြီးပေါ်ကို လွှင့်ပစ်လိုက်ပြီး ဒီယွန်ဒရာက လေးဖက်ထောက်လျက်သား ဆက်ငိုတယ်။ ဒီယွန်ဒရာ့ မျက်နှာက ဘန့် ညီမတွေ တစ်ခုခု အနာတရ ဖြစ်သွားရင် အော်ငိုတဲ့ ပုံစံမျိုးပဲ။ ကမ္ဘာပျက်သလို ရှုပ်မျိုး။

"ဒီယွန်ဒရာ..ဘာဖြစ်လို့လဲ.." ဘန်မေးလိုက်တယ်။

ဒီယွန်ဒရာက ဘာမှပြန်မဖြေဘဲ တဝေါ့ဝေါ့ ထပ်အန်တယ်။ ဘန့်အနားကို

ဘူးသွားပြီး ရောက်လာတယ်။ ဘန့်ခြေထောက်နားမှာ တစ်ခါ ထပ်အန်ချတယ်။

"ငါ့အဖေတော့ ငါ့ကို ပစ်သတ်တော့မှာပဲ"..ဒီယွန်ဒရာက အော်ငိုတယ်။ ပူ့ဗိုက်သူ ပြန်ငုံ့ကြည့်တယ်။ ထပ်ငိုတယ်။ "အဖေ ငါ့ကို သတ်တော့မှာ.."

ဒီယွန်ဒရာ အော်ဟစ်ငိုယိုနေတာကို ထရေးက မကြားချင်ယောင်ဆောင်ပြီး ဘန့်ကိုပဲ ကြည့်နေတယ်။ ဘာအချိန်ဆွဲနေတာလဲ..ဆိုတဲ့ပုံစံနဲ့ ခေါင်းဆတ်ပြတယ်။ ဘန် အထုပ်ကို ဖြည်ပြီး အမှုန့်တွေကို နမ်းကြည့်လိုက်တယ်။

"ဒါဘာကြီးလဲ၊ ဘိန်းဖြူလိုပဲလား"

"မင်းဦးနှောက်ထဲကို အက်စစ်နဲ့ဆေးသလို ကြည်သွားလိမ့်မယ်။ အားရပါးရ ရှိုက်လိုက်"

"ငါ တော်တော် ပင်ပန်းနေပြီ။ ခေါင်းတွေလည်း မူးနေပြီ။ ထပ်လုပ်လို့ ဖြစ်ပါ့မလား။ ဗိုက်လည်း စောက်ရမ်းဆာနေပြီ"

"အခု ငါတို့အစီအစဉ်အတွက် လုပ်ကိုလုပ်မှ ဖြစ်မယ်။ လုပ်စမ်းပါ"

ဒီယွန်ဒရာက ငိုနေတာရပ်သွားပြီး တခစ်ခစ် ရယ်နေတယ်။ မျက်နှာတစ်ခုလုံး ဖြူဖွေးနေတယ်။ ဒီယွန့်ဒရာ့ အန်ဖတ်တွေက ဘန့်ခြေထောက်နားအထိ စီးကျလာတော့ ဘန် နောက်ကို အသာဆုတ်လိုက်တယ်။ သူတို့နှစ်ယောက်စလုံးကိုကျောခိုင်းလိုက်ပြီး နှာတွေရပ်နေတဲ့ဘက်ကို လှည့်လိုက်တယ်။ လက်ဝါးထဲကိုအမှုန့်တွေထည့်တယ်။ လေထဲမှာ အမှုန့်တချို့ လွင့်ပါသွားတယ်။ နောက်ဆုံး လက်တစ်ဆစ်စာလောက်ပဲ ကျန်တော့မှ နှာခေါင်းနဲ့တေ့ပြီး ရှူလိုက်တယ်။ အားရပါးရ ရှူသွင်းတဲ့အသံထွက်လာပေမယ့် တကယ်တမ်းက အမှုန့်နည်းနည်းပဲ ဘန့်နှာခေါင်းထဲကို ဝင်သွားတာ။

နည်းနည်းပဲ ဝင်သွားလို့ တော်သေးတယ်။ အမှုန့်တွေက နှာခေါင်းပေါက်ထဲကနေ ဘန့်ဦးနှောက်ထဲအထိဆောင့်တက်သွားတယ်။ ရေကူးကန်ထဲက ကလိုရင်းအပြည့်နဲ့ ရေကို ရှူသွင်းလိုက်ရသလို စူးကနဲ ဖြစ်သွားတယ်။ ခေါင်းထဲမှာ ဖြာကနဲလင်းသွားတယ်။ သွေးကြောတွေ အကုန် ပွင့်ထွက်ကုန်တယ်။ လက်ကောက်ဝတ်အရိုးတွေတောင် ကိုက်သလိုလို နာသလိုလို ဖြစ်လာတယ်။ ဗိုက်ထဲမှာ လှုပ်ခနဲဖြစ်သွားလိုက်တာ ငါ အခု အီးထွက်ကျတော့မှာလား..လို့တောင် ထင်မိသွားတယ်။ နှာချေလိုက်တော့ စောစောက သောက်ထားတဲ့ ဘီယာတွေ နှာခေါင်းပေါက်ကနေပြန်ထွက်လာတယ်။ မျက်လုံးတွေ ပြာသွားပြီး ဘန် မြေကြီးပေါ်ကို ခွေကျသွားတယ်။ ခေါင်းထဲမှာ တဒုန်းဒုန်းမြည်နေတယ်။ နှလုံးတစ်ချက်ခုန်လိုက်တိုင်း သွေး

ကြောတွေ တင်းပြီး မျက်နှာတစ်ခုလုံး နီရဲလာတယ်။ အခုချက်ချင်း တစ်နာရီ မိုင် ၈၀ နှုန်းနဲ့ ပြေးစမ်း..ဆိုရင် ထပြေးနိုင်လောက်တယ်လို့ ဘန် သူ့ကိုယ်သူထင် လာတယ်။ မပြေးဘဲ ငြိမ်နေရင် ဘန့် ရင်ဘတ်တွေတော့ ကွဲထွက်သွားတော့မှာပဲ.. ရင်ဘတ်ထဲကနေ မကောင်းဆိုးဝါးတစ်ကောင် သွေးအလူးလူးနဲ့ ခုန်ထွက်လာတော့ မလား..။ သူ့ တောင်ပံတွေမှာပေနေတဲ့ ဘန့်ရဲ့ သွေးတွေကို တဖတ်ဖတ် ခါချပြီး ဟိုးအမြင့် ကောင်းကင်ဆီ ထိုးတက်ပျံထွက်သွားတော့မလား။ လက်ထဲမှာသေနတ် တစ်လက်ရှိရင် ကောင်းမှာပဲ။ ကိုယ့်ကိုယ်ကိုယ် ပစ်သတ်လိုက်ရင် အခုခံစားနေရတဲ့ ဝေဒနာတွေ အကုန် ပျောက်သွားမလား။ အဲဒီလို တွေးလိုက်ပြီး ခဏအကြာမှာ ဘန့် တစ်ကိုယ်လုံး ငြိမ်ကျသွားတယ်။ စိတ်ပူနေတာတွေ လွင့်ပျောက်သွားတယ်။ အသက်မရှူဘဲ အသက်အောင့်ထား မိတာကို အခုမှ သတိရသွားတယ်။ ပါးစပ်ကို အကျယ်ကြီးဟပြီး လေတွေကို တစ်ငုံပြီး တစ်ငုံ ရှူသွင်းလိုက်တော့မှ တစ်ကိုယ်လုံး တင်းနေတာတွေ ပြေလျော့သွားတယ်။ တော်သေးတယ်.. အသက်ရှူလိုက်မိလို့.. တော်သေးတယ်။ သူ့တစ်ကိုယ်လုံး တစ်စထက်တစ်စ ကြီးထွားလာသလို ခံစားနေ ရတယ်။ ငါဘာလုပ်လုပ် မှန်တယ်..မမှားဘူး ဆိုတဲ့ ယုံကြည်ချက်က ပြင်းသထက် ပြင်းလာတယ်။ ဟုတ်တယ်.. နောက်လာမယ့် အချိန်တွေမှာ ဆုံးဖြတ်ချက်အသစ် တွေ တစ်ခုပြီး တစ်ခု ချမယ်။ တစ်ခုချင်းကို ပီပြင်အောင် လုပ်ပစ်မယ်။ ငါဘာ လုပ်လုပ် အမှားမရှိတော့ဘူး။ လူတွေ အကုန်လုံး ပါးစပ်အဟောင်းသားနဲ့ ငါလုပ် သမျှကို ချီးမွမ်းခန်း ဖွင့်စေရမယ်..။

"ဒါ ဘာအမှုန့်တွေလဲ.." ဘန်မေးလိုက်တယ်။ ဘန့်စကားသံက တံခါး လေးလေးကြီး တစ်ချပ်လို စီးပိုင်ပြီး တည်ငြိမ်မာကျောနေတယ်။

ထရေးက ဘန့်မေးခွန်းကို မကြားချင်ယောင်ဆောင်ပြီး ဒီယွန်ဒရာ့ဘက်ကို လျှောက်သွားပြီး ဆွဲထူတယ်။ ဒီယွန်ဒရာ့ လက်တွေက နှင်းပေါ်မှာ အကြာကြီး ထောက်ထားတဲ့အတွက် နီရဲနေတယ်။ ထရေးက ဒီယွန်ဒရာ့ကိုကြည့်ပြီး နှာခေါင်း တစ်ချက်ရှုံ့တယ်။ ကားနောက်ဘက်ခြမ်းကိုလျှောက်သွားတယ်။ နောက်ခန်းထဲကနေ ပုဆိန်တစ်ခု ထုတ်ပြီးသယ်လာတယ်။ ပုဆိန်အသွားက လရောင်အောက်မှာ ပြောင် နေတယ်။ ပုဆိန်ကို အသွားဘက်လှည့်ပြီး ဘန့်ဆီ ထိုးပေးတယ်။ ဘန် သူ့လက် နှစ်ဖက်ကို ကိုယ်ဘေးတစ်ဖက်စီမှာ ကပ်ထားတယ်။ ဟင့်အင်း မယူဘူး၊ မကိုင် ချင်ဘူး..။ ကလေးတစ်ယောက်လို ခေါင်းကို သွင်သွင် ခါမိတယ်။ မပေးပါနဲ့ မလိုချင်ဘူး..။

"ယူစမ်းပါ"

ဘန်ပုဆိန်ကို လှမ်းယူလိုက်တယ်။ ပုဆိန် လက်ကိုင်က ဘန့်လက်ထဲမှာ အေးခဲနေတယ်။ ထိပ်သွားမှာ သံချေးရာလိုလို အစွန်းအကွက်တွေ။

"ဒါ သွေးတွေလား"

ထရေးက ပြန်မဖြေဘဲ မျက်နှာကို ဘေးစောင်းပြီး တစ်ချက်ကြည့်တယ်။

"အာ..ငါ့ကို အဲဒီပုဆိန်ပေးလေ"..ဒီယွန်ဒရာက အော်တယ်။ ဘန့်စိတ်ထဲမှာ..ဒီနှစ်ယောက်တော့ ငါ့ကို ဘယ်လို နောက်ဦးမလို့လဲ ဆိုပြီးတွေးမိတယ်။

"ပုဆိန်က နင့်အတွက် လေးလွန်းတယ်။ ဒီမှာ အမဲလိုက်ဓား"

ဒီယွန်ဒရာက ခေါင်းခါတယ်။ ခုန်ဆွခုန်ဆွ လုပ်တယ်။

"ဟင့်အင်း ဓားမလိုချင်ဘူး။ အရမ်းသေးတယ်။ ဘန့်ကိုပေးလိုက်။သူက အမဲလိုက်နေကျ"

"ဟုတ်လား၊ဘန်ဒေးကအမဲလိုက်တတ်တာလား။ဒါဆို ဒါပါယူလိုက်"..ထရေးက ပြောရင်း ဘန့်ကို နှစ်လုံးပြူး သေနတ်တစ်လက် လှမ်းပစ်ပေးတယ်။

"ပုဆိန်မပေးဘူးဆိုရင်လည်း အဲဒီသေနတ် ငါ့ကိုပေးဟာ။ ငါယူမယ်"..ဒီယွန်ဒရာက ပူဆာပြန်တယ်။

ထရေးက ဒီယွန်ဒရာ့လက်ဖဝါးကို ဆွဲပြီး ဖြန့်တယ်။ အမဲလိုက်ဓားကို ခေါက်ပြီး သူ့လက်ထဲ ထည့်ပေးတယ်။

"ဓားက တော်တော်ထက်တယ်။ သတိထားကိုင်။ မျက်နှာပြောင်မနေနဲ့"

မျက်နှာပြောင်မနေနဲ့..တဲ့။ ဒါပေမယ့် သူတို့နှစ်ယောက်စလုံး အခုလုပ်နေတာတွေက စနောက်နေတာ မဟုတ်ဘူးလား။ မျက်နှာပြောင်နေကြတာ မဟုတ်ဘူးလား။

"ဟေ့ကောင် ဘန်ဒေး.. မျက်နှာကို သုတ်လိုက်ဦး။ မင်းခေါင်းကသွေးတွေက အောက်ထိ စီးကျနေပြီ"

ပုဆိန်နဲ့ သေနတ်ကို လက်တစ်ဖက်စီမှာ ကိုင်ထားရင် မျက်နှာကသွေးတွေကို ဘန် လက်မောင်းနဲ့ သုတ်လိုက်တယ်။ ခေါင်းက ပိုလို့တောင် မူးလာတယ်။ ပြန်ကွဲသွားတဲ့ ဒဏ်ရာထဲကနေ သွေးတွေက ဆက်တိုက်ထွက်နေတယ်။ ဆံပင်တွေမှာရော၊ မျက်လုံးထဲတွေမှာရော သွေးတွေဝင်နေပြီ။ တစ်ကိုယ်လုံးလည်း အေးခဲနေပြီ..။ သွေးထွက်လွန်သွားရင် အဲဒီလိုပဲ တစ်ကိုယ်လုံး အေးလာတတ်သတဲ့။ ဒါပေမယ့် ဒီလောက် နှင်းတွေကျနေတာ အေးမှာပေါ့။ ဒီယွန်ဒရာပေးထားတဲ့ ဂျက်ကက်

ကလည်း သေးသေးပါးပါးလေးလေ။

ထရေးက နောက်ထပ် ပုဆိန်တစ်ချောင်း ထပ်ထုတ်တယ်။ ပုဆိန် မဟုတ် ဘူး။ ကျောက်တူးတဲ့ နှစ်ဖက်ချွန် ပေါက်ချွန်ကြီး။ အသွားက ချွန်ထက်နေတယ်။ ထရေးက ပေါက်တူးချွန်ကို ပခုံးပေါ်မှာ ထမ်းလိုက်တယ်။ ဒီယွန်ဒရာက သူ့လက် ထဲက ဓားကိုကြည့်ပြီး မကျေနပ်တဲ့ပုံစံနဲ့ နှုတ်ခမ်း စူထားတုန်းပဲ။ ထရေးက စိတ် မရှည်တော့တဲ့ လေသံနဲ့ ဒီယွန်ဒရာ့ကို အော်တယ်။

"နင်ပြောမလား။ ပြောချင်ရင်လည်း ပြော"

ဒီယွန်ဒရာက ကျေနပ်သွားသလို ခေါင်းကို ဆတ်ခနဲ ညိတ်တယ်။ သူ့ လက်ထဲက ဓားကို မြေကြီးပေါ်မှာ ချလိုက်တယ်။ ဘန် အခုမှ သတိထားမိတယ်။ သူတို့ သုံးယောက် ရပ်နေတဲ့ ပုံစံက စက်ဝိုင်းပုံစံ ဖြစ်နေတာပဲ။ ထရေးကလည်း သူ့လက်ထဲက ပေါက်တူးကို ဒီယွန်ဒရာ့ ဓားဘေးမှာ ချတယ်။ ဘန့်ကိုလည်းသူတို့ လုပ်သလို လိုက်လုပ်ဖို့ အချက်ပြတယ်။ ထရေး ပုံစံက ထမင်းဝိုင်းမှာ ဘုရားစာရွတ် ဖို့ မေ့နေတဲ့ ကလေးကို ဆူချင်နေတဲ့ အဖေတစ်ယောက်ရဲ့ ပုံစံဖြစ်နေတယ်။ ဘန် လည်း သူတို့ လုပ်သလို လိုက်လုပ်လိုက်တယ်။ သေနတ်နဲ့ ပုဆိန်ကို စက်ဝိုင်းရဲ့ အလယ် မြေကြီးပေါ်မှာ ချလိုက်တယ်။ လရောင်အောက်မှာ တလက်လက်တောက် နေတဲ့ လက်နက်တွေကိုကြည့်ရင်း ဘန့် နှလုံးခုန်သံတွေ မြန်လာတယ်။

ဒီယွန်ဒရာနဲ့ ထရေးက ရုတ်တရက်ကြီး ဘန့်လက်နှစ်ဖက်ကို တစ်ဖက်စီ ကိုင်လိုက်ကြတယ်။ ထရေးရဲ့ လက်က မာတယ်။ တင်းတယ်။ ဒီယွန်ဒရာ့လက်က ပျော့နွဲ့နွဲ့ စေးကပ်ကပ်နဲ့။ သုံးယောက်သား လက်နက်ပုံကြီးကို ဝိုင်းပြီး လက်ချင်း ယှက်ထားကြတယ်။ လရောင်အောက်မှာ အရာအားလုံး အလင်းပြန်ပြီး တောက်ပ နေကြတယ်။ ဒီယွန်ဒရာ့မျက်နှာက မျက်နှာဖုံးစွပ်ထားသလို ဖြူတဲ့နေရာမှာ အရမ်း ဖြူပြီး မည်းတဲ့နေရာမှာ မီးသွေးခဲလို နက်မှောင်နေတယ်။ ဒီယွန်ဒရာက လကိုမော့ ကြည့်တယ်။ ပါးစပ်ကို ဟတယ်။ ဒီယွန်ဒရာ့ကို ကြည့်ပြီး ဘန့်သွေးတွေ ဆူလာ တယ်။ ဘန့်ဦးနှောက်တစ်ခုလုံးလည်း ပွက်ပွက် ဆူနေပြီ။ မီးကင်ထားသလို နီရဲ နေပြီ။ ဒီယွန်ဒရာ့ဆီကနေ ဘုရားစာရွတ်သံလိုလို အသံထွက်လာတယ်။

"အို..စေတန်နတ်ဆိုး။သခင့်အတွက် ယဇ်သားကောင်တွေ ယူဆောင်လာပါ ပြီ။ ဝေဒနာတွေ၊ အသွေးအသားတွေ၊ အကြောက်တရားတွေနဲ့ဒေါသတွေကို လက် ခံတော်မူပါ။ သခင့်ကို အကျွန်တို့ ကိုးကွယ်ပါတယ်။ ရှိခိုး ပသပါတယ်။ သခင့်ရဲ့ အမှောင်တန်ခိုးတွေအောက်မှာ အကျွန်တို့လည်း ပိုမို ခွန်အားရှိလာပါပြီ။ စေတ

နတ်ဆိုးရဲ့ သာယာမှုတွေအောက်မှာ အကျွန်တို့လည်း သာယာပျော်ရွှင်ပါရစေ''

ဒီယွန်ဒရာ ဘာတွေပြောနေသလဲ၊ ဘန် တစ်လုံးမှ နားမလည်ဘူး။ ဒီယွန်ဒရာကို ကြည့်လိုက်ရင် တစ်ခုမဟုတ်တစ်ခုတော့ဆုတောင်းနေတာပဲ။ ဒီယွန်ဒရာက ဘုရားကျောင်းမှာလည်း ဆုတောင်းတယ်။ နတ်တွေ မယ်တော်တွေဆီမှာလည်း ဆုတောင်းတယ်။ ကျောက်တုံးတွေ၊ ကျောက်ခဲတွေ ကိုင်ပြီးတော့ ဆုတောင်းတာလည်း တွေ့ဖူးတယ်။ အလကားနေ ဆုတောင်းနေတာပဲ။ အကူအညီတောင်းနေတာပဲ။

''နင့်ကလေးကို သူ့ရဲကောင်းကြီးဖြစ်လာအောင် ဒီညတော့ ငါတို့အတူတူ ကြိုးစားကြမယ် ဒီယွန်ဒရာ''..ထရေးက ပြောတယ်။

စက်ဝိုင်းပုံစံ ရပ်နေတာကို ဖျက်လိုက်တယ်။ ကိုယ့်လက်နက်ကိုယ် အသီးသီး ပြန်ယူကြတယ်။ နွားအုပ်ကြီး ရှိတဲ့ဘက်ကို ခြေသံတိုးတိုးနဲ့ လျှောက်သွားကြတယ်။ မြက်ပေါ်မှာ တင်နေတဲ့ နှင်းတွေက ခြေထောက်နဲ့ ထိုးခွဲလိုက်တိုင်း ချွပ်ခနဲ မြည်ပြီး ကျိုးသွားတယ်။ ဘန့်ခြေထောက်တွေက သူ့ကိုယ်မှာ တပ်ထားတာမဟုတ်တော့သလို၊ တစိမ်းပစ္စည်းတစ်ခုလို သီးသန့်ကြီး ဖြစ်နေတယ်။ တောင့်တောင့်ကြီးဖြစ်ပြီး ခြေလှမ်းကို မနည်းလှမ်းနေရတယ်။ *ဘာမှ မဖြစ်ဘူး..။ သူတို့သုံးယောက်စလုံးကို တစ်စုံတစ်ခုက အကာအကွယ်ပေးထားတယ်..။ ဒီည သူတို့ ဘာလုပ်လုပ်ဘာအကျိုးဆက်မှ မရှိဘူး။ ဘာမှ မဖြစ်ဘူး.. အကုန် အဆင်ပြေသွားလိမ့်မယ်..* ဆိုပြီး ဘန့်စိတ်ထဲမှာ ယုံကြည်နေတယ်။

''ဘယ်အကောင်လဲ ဒီယွန်ဒရာ''..ထရေးက ရပ်လိုက်ပြီး ဒီယွန်ဒရာ့ကို မေးတယ်။ သူတို့နားမှာ နွားနီ ၄ ကောင် မတ်တတ်ရပ်နေတယ်။ နှင်းတဖွဲဖွဲကြားမှာ မလှုပ်မလျက်ဘဲ ငြိမ်နေတယ်။ လူတွေ ရောက်လာလို့လည်း လန့်သွားပုံမပေါ်ဘူး။ နွားဆိုတဲ့ အတိုင်း သိပ်ထွေထွေထူးထူး မစဉ်းစားတတ်ဘူးလေ။

ဒီယွန်ဒရာက နွား ၄ ကောင်ကို တစ်ကောင်ချင်းစီ လက်ညှိုးနဲ့ရွယ်တယ်။ *အိနီ..မီနီ..မိုင်နီ..မို:..* အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ပြီး ရွတ်တယ်။ အကြီးဆုံးနွားဆီမှာ သူ့လက်ညှိုးက ရပ်သွားတယ်။ နွားထီးကြီး။ နည်းတဲ့အကောင်ကြီးလား။ ဒီယွန်ဒရာက သွေးစုပ်ကောင်တစ်ကောင်ရဲ့ အပြုံးမျိုးနဲ့ သွားကို ဖြီးပြီး ပြုံးလိုက်တယ်။ ကြောင်နဲ့တူတဲ့ သူ့သွားတွေ အဖွေးလိုက် အတန်းလိုက် ပေါ်လာတယ်။ အားခနဲ..ချီတက်မယ့် အသံများ ထွက်လာမလားလို့ ဘန် ထင်ထားတာ။ ဒါပေမယ့် ဒီယွန်ဒရာက ဘာသံမှ မထွက်ဘဲ ခြေလှမ်းသုံးလှမ်း အကျဲကြီး လှမ်းပြီး နွားထီးအနားကို ရွေ့ခနဲ ရောက်သွားတယ်။ နွားက လန့်ပြီး နောက်ကိုခြေတစ်လှမ်းဆုတ်

တယ်။ ဒီယွန်ဒရာက သူ့လက်ထဲက အမဲလိုက်ဓားနဲ့ နွားလည်ပင်းကို စိုက်ချလိုက်တယ်။

တကယ်ကြီး လုပ်နေတာပဲ။ တကယ်··ဖြစ်နေတာပဲ··။ ဘန်အခုမှသဘော ပေါက်သွားတယ်။ တကယ်ကို ယဇ်ပူဇော်နေတာပဲ။ စေတန့်အတွက်··။

နွားရဲ့ လည်ပင်းထဲကနေ သွေးတွေ တဝေါဝေါ လျှံထွက်လာတယ်။ ပျစ်ပျစ်မည်းမည်းတွေ။ ဂလက်··ဂလက်··နဲ့ အသံတွေ ထွက်လာတယ်။ နွားတစ်ကိုယ်လုံး ဇတ်ခနဲ တုန်သွားတယ်။ အကြောလိုက်သွားတာများလား။ သွေးကြော အခုမှ ပွင့်သွားတာလား။ စိမ့်ထွက်နေရာကနေ သွေးတွေ အခုမှ ဖုန်းကနဲ ပန်းထွက်လာတယ်။ သုံးယောက်စလုံးရဲ့ မျက်နှာတွေ၊ ဆံပင်တွေ၊ အဝတ်တွေမှာ သွေးတွေစင်ကုန်တယ်။ ဒီယွန်ဒရာက အခုမှ အသံထွက်ပြီး အော်တယ်။ သူ့ရဲ့ ရှူးရှူးဝါးဝါး ဒေါသတကြီး အော်တဲ့ အသံတွေက ရေခဲပြင်ကို ရိုက်ပြီး ပဲ့တင်ဟိန်းသွားတယ်၊ နွားရဲ့ မျက်နှာကို ဓားနဲ့ တစွတ်စွတ် စိုက်တယ်။ ဘယ်ဘက်နားရွက်ကို ဓားသွားနဲ့ ခုတ်ပစ်တယ်။ နွားရဲ့ မျက်လုံးက အပေါ်ကို လန်တက်သွားတယ်။ မျက်လုံးထဲမှာ သွေးတွေနဲ့ မည်းနက်နေတယ်။ နွားတစ်ကိုယ်လုံး ဒယိမ်းဒယိုင်နဲ့ ဘယ်ညာယိမ်း နေတယ်။ ဇဝေဇဝါတွေ ဖြစ်နေပုံပဲ။ ထရေးက သူ့ရဲ့ ပေါက်ချွန်းကို အပေါ်ကိုလွှဲ မြှောက်လိုက်တယ်။ အောက်ကို လွှဲခုတ်ချတယ်။ ပေါက်ချွန်းအသွားက နွားဗိုက်ထဲ စွပ်ဆိုပြီး ဝင်သွားတယ်။ နွားထီးရဲ့ ခြေလေးချောင်း ကားကနဲဖြစ်ပြီး လဲကျသွား တယ်။ ပြန်ထဖို့ ကြိုးစားတယ်။ ယိုင်နဲ့နေတဲ့ ခြေထောက်တွေနဲ့ ခြေလှမ်းတစ်လှမ်း နှစ်လှမ်း လျှောက်တယ်။ ဘေးမှာရှိတဲ့ တခြားနွားတွေက ခပ်ဝေးဝေးကို ရှဲသွားကြ တယ်။ သူတို့ရှေ့မှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်ကို ကြောင်တောင်တောင်နဲ့ကြည့် နေကြတယ်။

"လုပ်လေ၊ အသေသတ်လေ"··ဒီယွန်ဒရာက အော်တယ်။ ထရေးက နှင်းထဲမှာ ရုန်းပြီး ခြေလှမ်းကျဲကြီးတွေနဲ့ နွားဆီကို ပြေးသွားတယ်။ လက်ထဲက ပေါက်ချွန်းကို ဝိုင်းကြီးပတ်ပတ်လှည့်နေတယ်။ ပါးစပ်ကလည်း သီချင်းတွေဆိုနေ တယ်။ နတ်ဆိုးကို ချီးမွမ်းတဲ့ သီချင်းတွေ··။ သီချင်းစာသားကို ရွတ်နေရင်းနဲ့ သူ့ လက်ထဲက ပေါက်ချွန်းကို နွားရဲ့ ကျောကုန်းဆီ စိုက်ချလိုက်တယ်။ ကျောရိုးမကြီး ကျိုးသွားတယ်ထင်တယ်။ မြေကြီးပေါ်ကို ခေါက်ခနဲ ခွေကျသွားတယ်။ ဘန်အေး အခုထိ မလှုပ်သေးဘူး။ မလှုပ်ရဲတာ။ လှုပ်လိုက်ရင်··ဒီအခမ်းအနားမှာ သူလည်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်သူ ဖြစ်သွားမယ်။ နွားကို ပုဆိန်နဲ့ မခုတ်ရဲဘူး။

ခုတ်လိုက်ရင်··အဲဒီနွားရဲ့ အသားတွေ သွေးတွေ လွင့်ထွက်သွားရင်··အဲဒီအရသာကို ဘန် သဘောကျသွားမှာ စိုးတယ်။ သတ်ရဖြတ်ရတာကို ခုံမင်သွားမှာ စိုးရိမ်တယ်။ ဆေးခြောက်ရှူတုန်းကလိုပဲ·· တစ်ခါ စမ်းလိုက်တာနဲ့ တစ်သက်လုံးစွဲသွားမှာကို စိုးရိမ်မိတယ်။ အခုလို သတ်ရဖြတ်ရတဲ့ ခံစားချက်ကို ဆေးစွဲသလို စွဲသွားရင် ဒါမှမဟုတ်·· သတ်ချင်ဖြတ်ချင်တဲ့ စိတ်တွေဝင်လာဖို့ ဘန့် ရင်ဘတ်ထဲမှာ နေရာတစ်နေရာ လွတ်နေသေးတယ်ဆိုရင် ဘယ်လို လုပ်မလဲ··။

"ဘန်··အခုမှ ကြောက်မနေနဲ့။ လုပ်စရာရှိတာ လုပ်လိုက် ဟော့ကောင်"·· ထရေးကဘန့်ကို လှမ်းခေါ်ရင်း နွားကို ပေါက်ချွန်းနဲ့ လေးချက်မြောက် ခုတ်တယ်။ အသက်ပြင်းပြင်းရှူတယ်။ ငါးချက်မြောက် ထပ်ခုတ်တယ်။

ကတ္တရာတွင်းထဲ နစ်နေတဲ့ ဒိုင်နိုဆောတစ်ကောင်လို နွားထီးကြီးက ဂူးဝဲအူးအဲ··အသံနက်ကြီးနဲ့ ညည်းနေတယ်။

"ဟဲ့··ဘန် သွားလေ။ အသေသတ်တော့လေ။ ဒီတိုင်း ရပ်ကြည့်နေလို့ ရမလား"··ဒီယွန်ဒရာက ဘန့်ကို အော်တယ်။ နွားကြီးက လဲနေရာကနေ ဒီယွန်ဒရာ့ကို မော့ကြည့်တယ်။ ဒီယွန်ဒရာက လက်ထဲကဓားနဲ့ နွားရဲ့ပါးဘေးကို လှစ်ခနဲ တစ်ချက်ထိုးတယ်။ ပါးစပ်ကနေ အော်တယ်။ 'သေစမ်း သေသေ'··နောက်တစ်ချက် ထပ်ထိုးတယ်။ နောက်တစ်ချက်။ သူ့ရဲ့ ပူနေတဲ့ဗိုက်ကို လက်တစ်ဖက်နဲ့ ထိန်းရင်း ဟိုဘက်လက်တစ်ဖက်က ဓားကို မြဲမြဲကိုင်ရင်း တစ်ချက်ပြီးတစ်ချက်။

"ဒီယွန်ဒရာ ခဏရပ်ဦး။ နေဦး"··ထရေးက ဒီယွန်ဒရာ့ကို လှမ်းတားတယ်။ ဘန့်ဘက်ကိုလှည့်လာတယ်။ "ဘန်။ လုပ်စရာရှိတာ လုပ်လို့ပြောနေတယ်နော်။ မင်းမလုပ်လို့ကတော့ မင်းကို ငါ အသေလုပ်ပစ်လိုက်မယ် ကြားလား"။ ထရေးရဲ့ မျက်လုံးတွေက မူးယစ်ဆေးအရှိန်နဲ့ ရီဝေဝေဖြစ်နေတယ်။ ဘန့်စိတ်ထဲမှာ စောစောက ဆေးမှုန့်တွေကို အကုန် မရှူလိုက်မိတာကို နောင်တရသလိုလိုဖြစ်လာတယ်။ အခုလို မူးတစ်ဝက်၊ ကောင်းတစ်ဝက် ဖြစ်နေတဲ့ ခံစားချက်က ဘယ်လိုမှ အဆင်မပြေဘူး။ ကြောက်စိတ်တော့ မရှိတော့ပေမယ့် ဆင်ခြင်တုံ့တရား နည်းနည်းပါးပါး ကျန်နေတော့ ကိုးလိုးကန့်လန့်ကြီး။

"ဘန်ဒေး၊ ဒါ မင်းအတွက် အခွင့်အရေးပဲနော်။ လုပ်စမ်းပါ။ ယောကျ်ားပီသစမ်းပါ။ ဟိုမှာ ဒီယွန်ဒရာ မင်းကို ကြည့်နေတယ်။ ဒီယွန်ဒရာက မင်းရင်သွေးကို လွယ်ထားတာနော်။ သူတောင်မှ မကြောက်ဘူး။ လုပ်စရာရှိတာကို လုပ်ရဲတယ်။ မင်းကျမှ မိန်းကလေးထက်တောင် ပိုကြောက်တတ်နေတာလား။ မရှက်ဘူးလား။

လူတွေ မင်းကို အနိုင်ကျင့်နေတာကို ဆက်ပြီး ငြိမ်ခံနေမှာလား။ လူတွေ ခြောက်တိုင်း ကြောက်နေဦးမှာလား။ ငါလည်း အရင်တုန်းက မင်းလိုပဲ ငကြောက်ဖြစ်ခဲ့ဖူးတယ်။ အဲဒီဘဝကို ငါတစ်သက်လုံးပြန်မသွားနိုင်ဘူး။ မင်းအဖေ မင်းကိုဘယ်လိုဆက်ဆံလိုက်သလဲဆိုတာ ပြန်စဉ်းစားစမ်း။ မင်းကို စောက်ဖက်တောင် မလုပ်ဘူးမဟုတ်လား။ နည်းသေးတယ်။ မင်းအပြစ်ပဲ။ အဲဒါကို မင်းသိတယ်မဟုတ်လား"

အေးခဲနေတဲ့ လေတွေကို ဘန် ရှိုက်သွင်းလိုက်တယ်။ ထရေးရဲ့စကားတွေ ဘန့်အသားထဲကို တစ်လုံးချင်း စိုက်ဝင်သွားတယ်။ စိတ်တွေ တိုသထက် တိုလာတယ်။ ဘန်ဒေးက ငကြောက်မဟုတ်ဘူး။ သတ္တိရှိတယ်..။

"ဘန်..လုပ်တော့လေ။ လုပ်စမ်းပါ"..ဒီယွန်ဒရာက တတွတ်တွတ်ပြောနေတယ်။

နွားကြီးက အသက်ယှဲ့ယှဲ့ပဲ ကျန်တော့တယ်။ ဒဏ်ရာအပေါက်အပြဲပေါင်းများစွာကနေ သွေးတွေ စီးထွက်နေတယ်။ နှင်းပေါ်မှာ နီရဲ အိုင်ထွန်းနေတယ်။

"ဒေါသတွေကို ထုတ်ပစ်လိုက် ဟော့ကောင်။ ခွန်အားရှိချင်ရင်၊ ပါဝါရချင်ရင် အဲဒီဒေါသတွေကို ရိုက်ထုတ်ပစ်စမ်း။ ကြောက်တတ်လိုက်တာကွာ။ ဒီလိုကြောက်နေရတာ မမုန်းဘူးလား။ မပင်ပန်းဘူးလား"

သေခါနီးဖြစ်နေတဲ့ နွားကြီးကို ကြည့်ရင်းနဲ့ ဘန့်စိတ်ထဲမှာ ရွံသလိုလို၊ မသတီသလိုလို ဖြစ်လာတယ်။ အသက်တစ်ချောင်းက ဒီလောက်လေးပဲ ခံသလား၊ ခဏလေးနဲ့ သေတော့မလို ဖြစ်နေပါလား။ ဘန့်လက်တွေက ပုဆိန်သွားပေါ်မှာ တင်းသထက်တင်းလာတယ်။ ဒီနွား မြန်မြန် သေမှဖြစ်မယ်။ ဝဋ်ကျွတ်အောင်ချုတ်ပေးမှ ရတော့မယ်။ ဘန် ပုဆိန်ကို မြှောက်လိုက်တယ်။ နွားရဲ့ခေါင်းခွံကို ချိန်ပြီး လွှဲချလိုက်တယ်။ ခွပ်ခနဲ ခေါင်းခွံ ကွဲသွားတဲ့ အသံ။ ဦးနှောက် အစအနတွေ၊ အရိုးစတွေ ခုန်ပျံ ထွက်လာတယ်။ အားရပါးရ လွှဲလိုက်ရတဲ့အတွက် ဘန့်လက်မောင်းတွေ အညောင်းပြေသွားတယ်။ အဖေပြောတဲ့ ယောက်ျားလေးအလုပ် ဆိုတာ ဒါမျိုးဖြစ်လိမ့်မယ်လို့ ဘန်တွေးမိတယ်။ ပုဆိန်ကို နောက်တစ်ခါထပ်လွှဲလိုက်တယ်။ နွားခေါင်းက နစ်ခြမ်းကွဲသွားတယ်။ နွားရဲ့ ခြေထောက်တွေ တဆတ်ဆတ်တုန်ပြီး အခုမှ အသက်ထွက်သွားတယ်။ ဘန် မရပ်သေးဘူး။ နွားရဲ့ ကိုယ်အလယ်ပိုင်းကို ပုဆိန်နဲ့ ချိန်တယ်။ ထပ်ခုတ်တယ်။ အူတွေ၊ ကလီစာတွေ၊ အရိုးတွေ တဖွားဖွားဖွာထွက်ကုန်တယ်။ "သေစမ်း..သေစမ်း..သေ..သေ..အဲဒီမှာ သေ.."..ဘန်အားရပါးရ အော်တယ်။ သူ့ပခုံးတွေက သားရေကြိုးနဲ့ စည်းထားသလို တင်းမာ

နေတယ်။ အပေါ်ကိုတက်သွားလိုက်၊ အောက်ကို ပြန်ကျလာလိုက်။ သူ့လက်သီးတွေ တဆတ်ဆတ် တုန်နေတယ်။ တစ်ကိုယ်လုံးက ချုပ်တည်းထားရသလို တောင့်တင်း နေတယ်။ ပုဆိန်ကို ထပ်လွှဲတယ်.။

သေနတ်နဲ့ ထပ်ပစ်ဦးမယ်လို့ စဉ်းစားပေမယ့် ဘန့်လက်တွေက မရတော့ ဘူး။ လက်အံသေနေပြီ။ ကိုယ်ထဲက ဒေါသတွေလည်း ခန်းသွားပြီ။ ထရေးပြောတဲ့ ခွန်အားတွေ၊ ပါဝါတွေ ဘာမှ မခံစားရဘူး။ စိတ်ထဲမှာ ခံစားရတာဆိုလို့ ရှက်စိတ်နဲ့ နောင်တတွေပဲ ရှိတယ်။

ဒီယွန်ဒရာက တဟားဟား အော်ရယ်တယ်။ "သေခါနီးကျမှ နှမ်းဝင်ဖြူး ပြီး သူ့ရဲကောင်းကြီးလုပ်နေတယ်"

"သေအောင် သတ်ပေးပြီးပြီမဟုတ်လား။ နင်ဘာဖြစ်နေတာလဲ"..ဘန် စိတ်တိုတိုနဲ့ အော်လိုက်တယ်။

သုံးယောက်စလုံး တော်တော်မောနေပြီ။ မျက်နှာတွေမှာလည်း သွေးအလူး လူးနဲ့။ မျက်လုံးတစ်နေရာပဲ လက်နဲ့သုတ်ထားလို့ ပြောင်နေတယ်။ မျက်နှာဖုံးတွေ စွပ်ထားသလို ဖြစ်နေတယ်။ "ဒီယွန်ဒရာ။ နင့်ကို ဗိုက်ကြီးအောင် လုပ်လိုက်တာ ဒီကောင်ဆိုတာ သေချာရဲ့လားဟာ"..ထရေးက ဒီယွန်ဒရာ့ကို မေးတယ်။ "ဘန် ဆိုတဲ့ကောင် ယောက်ျားရော ဟုတ်လို့လား။ ဒါကြောင့် ဒီကောင်က အသက်မပြည့် သေးတဲ့ ကလေးတွေကို ကြိုက်တာနေမှာ။ ယောက်ျားမစစ်ဘူးနေမှာ"

ဘန် လက်ထဲက ပုဆိန်ကို ပစ်ချလိုက်တယ်။ ကားဘက်ကို ပြန်လျှောက် သွားလိုက်တယ်။ အိမ်ပြန်ချင်ပြီ။ ဒါ အမေ့အပြစ်ပဲ..လို့ ဘန်က တွေးတယ်။ မနက်တုန်းကသာ အမေနဲ့ ရန်မဖြစ်ခဲ့ရင်၊ ဘန် ဆံပင်ဆိုးတာကို အမေက ပြဿနာ မရှာခဲ့ရင်.. ဘန် အိမ်ကို စောစောပြန်ဖြစ်မှာပဲ။ အိမ်ပြန်ရောက်ပြီး စောင်ထဲမှာ နွေးနွေးထွေးထွေး ကွေးနေလောက်ပြီ။ သူ့ညီမတွေ အပြင်မှာ ဆော့ကစားနေတဲ့ အသံတွေကို နားထောင်နေရလောက်ပြီ။ အမေ ပြင်ပေးတဲ့ ခပ်ညှံ့ညှံ့ အသားစွပ်ပြုတ် တစ်ပွဲလောက် စားပြီးနေလောက်ပြီ။ အခုတော့ အိမ်ကို မပြန်ရသေးဘဲ ဒီနေရာမှာ ထုံးစံအတိုင်း အလှောင်ခံနေရပြီ။ သူ..ယောက်ျားပီသပါတယ်ဆိုတာကို ဘယ်လိုမှ သက်သေပြလို့ မအောင်မြင်တော့ဘူး။ အမှန်တရားက အမြဲတမ်း ပေါ်ပေါ်လာတယ်။ ဘန့်မှာ သတ်ရဲဖြတ်ရဲ သတ္တိမရှိဘူးဆိုတာ ဒီညကို သက်သေထူပြီး တစ်ချိန်လုံး ပြန်ပြောနေကြတော့မှာ။

ဒါပေမယ့် ဒီညကြောင့် ဘန့်စိတ်ထဲမှာ သတ်ရဖြတ်ရတာကို သဘောကျတဲ့

စိတ်ဝင်သွားတာတော့ အမှန်ပဲ။ ထပ်လုပ်ကြည့်ချင်သေးတယ်။ နောက်သုံးလေးငါး ရက်လောက်နေရင် ဒီညအကြောင်း ပြန်စဉ်းစားမိဦးမယ်။ ဒီလို သွေးသံရဲရဲ လုပ်ရ တာတွေကို မက်မောတမ်းတနေဦးမယ်။ ဒါပေမယ့် ထရေးနဲ့ ဒီယွန်ဒရာက နောက် တစ်ခါဆိုရင် ဘန့်ကို ခေါ်တော့မှာ မဟုတ်ဘူး။ ဘန်တစ်ယောက်တည်း လုပ်ဖို့ဆို တာကလည်း ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဘန့်မှာ အဲဒီလောက် သတ္တိမရှိဘူး။

ဒီယွန်ဒရာတို့ကို ကျောပေးပြီး ဘန် ရပ်လိုက်တယ်။ နှစ်လုံးပြူးသေနတ် ကို လက်ထဲမှာ ကိုင်ပြီး ချိန်လိုက်တယ်။ သေနတ်မောင်းကို တင်တယ်။ မောင်းတံ ပေါ်မှာ လက်ညှိုးကို ဖွဖွလေး တင်ထားလိုက်တယ်။ ဒိုင်း..။ ကျည်ဆန်ထွက်သွား တဲ့ အသံကို ဘန် ကြားယောင်မိတယ်။ ပခုံးကို သေနတ်ဒင်လာဆောင့်တာကို ဘန် မြင်ယောင်မိတယ်။ တော်တယ်ကွာ..ဆိုပြီး သူငယ်ချင်း အချင်းချင်း လက်သီးနဲ့ အသာထိုးပြီး အားပေးသလိုမျိုး။ နှစ်လုံးပြူး သေနတ်ထဲကို နောက်ထပ် ကျည်ဆန် တစ်တောင့် ထပ်ထည့်နေတဲ့ ပုံရိပ်ကို မြင်ကြည့်တယ်။ ကွင်းပြင်ထဲကို ပြန်လျှောက် သွားပြီး သေနတ်ကို ထပ်မြှောက်၊ နောက်တစ်ချက် ဒိုင်းခနဲ ထပ်ပစ်လိုက်စမ်း..

လေထဲမှာ မွန်ထူသွားမယ့် မီးခိုးငွေ့တွေကို ဘန် ပုံဖော်ကြည့်တယ်။ နွား တွေ အူသွားလောက်အောင် ကျယ်လောင်မယ့် သေနတ်သံကို ဘန် ကြားယောင် ကြည့်တယ်။ နွားသေကောင်တွေကြားမှာ သေနတ်ထမ်းပြီးရပ်နေတဲ့ ဘန့်ကို ဘာမှ မပြောရဲတော့ဘဲ ငေးကြည့်နေကြမယ့် ထရေးနဲ့ ဒီယွန်ဒရာရဲ့ မျက်နှာတွေကို ဘန် စိတ်ကူးယဉ်ကြည့်တယ်။

+++

# လစ်ဘီဒေး

ယနေ့

ကျွန်မတစ်ယောက်တည်း အိုကလာဟိုးမားဘက်မှာ အလုပ်ရှုပ်နေတဲ့ ရက်တွေမှာ လိုင်ဝိုက်သ်က ကျွန်မအတွက် ဖုန်းထဲမှာ မက်ဆေ့ချ် ၉ ခု ချန်ထားတယ်။ မက်ဆေ့ချ်တိုင်းမှာ လိုင်ဝိုက်သ်ရဲ့ လေသံက အမျိုးမျိုး ပြောင်းနေတယ်။ စိတ်ပူတဲ့လေသံနဲ့ တစ်မျိုး၊ နာသံတစ်ဝက်နဲ့က တစ်ဖုံ။ ဟာသလိုလို ဘာလိုလိုတွေလည်း ညှပ်ပြောလိုက်သေးတယ်။ စိုးရိမ်တဲ့ လေသံလည်း ပါတယ်။ နောက်ဆုံးမက်ဆေ့ချ်မှာကျတော့ ကြောင်တောင်တောင်နဲ့ "ခင်ဗျား ကျုပ်ကို ဖုန်းပြန်မဆက်ရင်··ကျုပ်ခင်ဗျားဆီကို လာပြီနော်။ ဒီအတိုင်းလာမှာ မဟုတ်ဘူး၊ မိုးကြိုးပစ်သလို ဝုန်းဒိုင်းဆိုပြီး ရောက်လာမှာ"တဲ့ အကျယ်ကြီး အော်ပြောတယ်။ ပြီးမှ·· "Tombstone ရုပ်ရှင်ကားထဲက *ကတ်ရှဆယ်* လေသံလေ။ ခင်ဗျားသိတယ် မဟုတ်လား"တဲ့။

Tombstone ဇာတ်ကားကို ကျွန်မကြည့်ဖူးပါတယ်။ ဒါပေမယ့် သူပြောလိုက်တဲ့ ပုံစံနဲ့ ကတ်ရှဆယ်နဲ့ ဘာမှမဆိုင်ဘူး။

လိုင်ဝိုက်သ်ကို ကျွန်မ ဖုန်းပြန်ဆက်လိုက်တယ်။ ကျွန်မ အိမ်လိပ်စာကို ပြောပြလိုက်တယ်။ (ပုံမှန်ဆိုရင် ဘယ်သူ့ကိုမှ လိပ်စာပေးတာမဟုတ်ဘူး။) ဖုန်းထဲမှာ လိုင်ဝိုက်သ်ဘေးကနေ တိုးတိုးမေးနေတဲ့ မိန်းမတစ်ယောက်ရဲ့ အသံကိုလည်း ကြားရတယ်။ *သူ့ကို မေးလိုက်လေ။··ဟဲ့··တစ်ခါတည်း မေးလိုက်တာမဟုတ်ဘူး။ ဘာဖြစ်နေတာလဲ··။* မဂ်ဒါလား မသိဘူး။ ရန်နာဒေးနဲ့ တွေ့ခဲ့တာ ဘာထူးသလဲဆိုတာ သိချင်နေတာ နေမှာ။ ကျွန်မ ပြောပြချင်ပါတယ်။ ဘယ်သူနဲ့ စကားပြောရပြောရ ပြောချင်တယ်။ မဟုတ်ရင် အိပ်ရာထဲမှာ နောက်ထပ် ၁၀ နှစ်လောက်ဆက်ခွေနေမိလိမ့်မယ်။

လိုင်ဝိုက်သ် လာတာကို စောင့်ရင်း ကျွန်မ ဆံပင်ဆိုးဖို့ ပြင်ဆင်တယ်။

ဘန့်ဆီကနေ ပြန်တော့ အိမ်အပြန်လမ်းမှာ စတိုးဆိုင် တစ်ဆိုင်ဝင်ပြီး ဆိုးဆေးတစ်ဗူး ဝင်ဝယ်ခဲ့တယ်။ အစကတော့ ကျွန်မ ဆိုးနေကျ ရွှေရောင်ဘူး ဝယ်မလို့ပဲ။ ဒါပေမယ့် ဘာဖြစ်လို့လဲမသိ နောက်ဆုံးမှာ အနီရောင် တောက်တောက် ဆိုးဆေးဘူးကိုပဲ ဝယ်မိသွားတယ်။ အနီရောင်ဆိုးတော့ ကျွတ်သွားလည်း ထပ်ဆိုးစရာ မလိုတော့ဘူးပေါ့။ အလုပ်ရှုပ်သက်သာတာပေါ့။ အလုပ်မရှုပ်တာကိုပဲ ကျွန်မ သဘောကျတယ်။ ပြီးတော့ နင်နဲ့အမေနဲ့ တူလိုက်တာ·· ဆိုပြီး ဘန်က ပြောပြောနေတာလည်းပါတယ်။ အဲဒီစကားလုံးကို သိပ်သဘောကျတာပဲ။ အမေနဲ့ တူလိုက်တာတဲ့။ အမေ့ဆံပင်တွေလိုပဲ အနီရောင်ရဲရဲ ပြန်ဖြစ်သွားရင်·· အန်တီဒိုင်ယန်းဆီ အဲဒီအတိုင်း ပြန်သွားလိုက်ရင် သူ့ညီမကို ချက်ချင်း သတိရသွားမှာ သေချာတယ်။ အဲဒါဆိုရင် ကျွန်မကို အိမ်ထဲပေးဝင်လောက်တယ်။ အန်တီဒိုင်ယန်း ဘာလို့ အခုထိ ဖုန်းပြန်မဆက်တာလဲ။

ဆိုးဆေးအနီရောင် ပျစ်ပျစ်တွေကို ခေါင်းမှာ သုတ်လိုက်တယ်။ အနံ့က တစ်ခုခု မီးလောင်နေသလို ညှော်တူးတူးနဲ့။ ၁၄ မိနစ် စောင့်ရမယ်တဲ့··။ အဲဒီအချိန်မှာပဲ အိမ်ရှေ့လူခေါ်ခေါင်းလောင်း အသံမြည်လာတယ်။ လိုင်ဝိုက်သ်ပေါ့။ ထုံးစံအတိုင်း ချိန်းထားတဲ့ အချိန်ထက် စောရောက်လာပြန်ပြီ။ လိုင်ဝိုက်သ်က အိမ်ထဲ ပျာယီးပျာယာ ဝင်ချလာတယ်။ ကျွန်မ ပြန်ဆက်သွယ်လို့ သူဘယ်လောက်ဝမ်းသာသွားတယ်ဆိုတဲ့အကြောင်း တတွတ်တွတ်ပြောတယ်။ ပြီးမှ ခဏ ငြိမ်သွားတယ်။

"အဲဒါ ဘာလုပ်နေတာလဲ။ ဆံပင် ပုံသွင်းမလို့လား"

"အနီ ပြန်ဆိုးမလို့"

"ဟာ·· တကယ်ကြီးလား။ ကောင်းတာပေါ့၊ ကောင်းတယ်ဗျ။ အရင် အတိုင်း ပြန်ဖြစ်သွားတာပေါ့"

ဆံပင်ဆိုးဆေး စွဲသွားအောင် စောင့်ရတဲ့ နောက်ထပ် ၁၃ မိနစ် အချိန် အတွင်းမှာ ရန်နာဒေးနဲ့ တွေ့ခဲ့တဲ့ အကြောင်း၊ ဒီယွန်ဒရာ့ အကြောင်းတွေ ကျွန်မ လိုင်ဝိုက်သ်ကို ရှင်းပြလိုက်တယ်။

"အိုကေ··"··လိုင်ဝိုက်သ်က သူ့ထုံးစံအတိုင်း ဘေးတစ်စောင်းလှည့်ပြီး စဉ်းစားရင်း၊ နားထောင်နေရင်း ပြောတယ်။ "ဒါဆိုရင် ဘန့်စကားအရ··အဲဒီည တုန်းက ဘန်က အိမ်ကို ခဏပြန်လာတယ်။ ခင်ဗျားအမေနဲ့ ရန်ဖြစ်တယ်။ ပြီးမှ ပြန်ထွက်သွားတယ်။ အဲဒါ ပြီးတော့ သူ ဘာမှမသိတော့ဘူး။ ဟုတ်လား"

"အင်း··ဘန့်စကားအရဆိုရင်တော့ အဲဒီလိုပဲ"

"ပြီးတော့ ရန်နာဒေးစကားအရ ဆိုရင်··ရန်နာက ထရေးတီပန်နီဆီမှာ

အကြွေးတင်နေလို့ ထရေးက ခင်ဗျား မိသားစုကို သတ်လိုက်တယ်။ ဒါမှမဟုတ် ထရေးနဲ့ ဘန်နဲ့ ပေါင်းပြီး ခင်ဗျား မိသားစုကို သတ်တယ်။ ဒီယွန်ဒရာ့ကိုလည်း သတ်လိုက်တာ ဖြစ်နိုင်တယ်။ ဒါတွေအားလုံးက စေတန်ကိုယဓိပူဇော်ဖို့ လုပ်လိုက်တာလို့ ထင်တယ်။ ဟုတ်လား။ ရန်နာဒေးက သူ့ရည်းစား ဟိုအမျိုးသမီး ထွက်ဆိုချက် ပြန်ပြင်ပြောမယ့် အပေါ်မှာ ဘယ်လို သဘောရသလဲ"

"တွေ့တဲ့နေရာမှာ ကျင်းတူးပြီး ဆင်းသေလိုက်လို့ ပြောလိုက်တဲ့။ နေဦး၊ ကျွန်မ ခေါင်းဆေးရတော့မယ်"

လိုင်ဝိုက်သ်က ကျွန်မ ရေချိုးခန်းထဲဝင်တော့ နောက်ကနေ လိုက်လာပြီး ရေချိုးခန်းတံခါးပေါင်ကို လက်နှစ်ဖက်နဲ့ ထောက်ရင်း စဉ်းစားခန်းဝင်နေတယ်။

"အဲဒီညနဲ့ ပတ်သက်ပြီး ကျွန်တော် ပြောစရာတစ်ခုရှိတယ်။ ပြောလို့ ရမလား လစ်ဘီ"

ရေချိုးကန်ထဲကို ကျွန်မ ခေါင်းစိုက်ပြီး ရေပိုက်ကို လက်တစ်ဖက်ကကိုင်ရင်း ခေါင်းပေါ်ကို ရေဖျန်းချနေတယ်။ ကျွန်မတို့ရဲ့ 'ဟိုဘက်ရပ်ကွက်' မှာ ရေအားသိပ်မကောင်းဘူး။ လိုင်ဝိုက်သ် စကားကိုကြားတော့ ကျွန်မ ဆတ်ခနဲတစ်ချက်ဖြစ်သွားတယ်။

"ဒီလိုဗျာ၊ ကျွန်တော့် အထင်ကို ပြောတာနော်။ အဲဒီည လူသတ်မှုက လူတစ်ယောက်တည်းက သတ်သွားတာရော ဟုတ်ရဲ့လား။ သေချာစဉ်းစားကြည့်ဗျာ။ ခင်ဗျားအမေနဲ့ ဒက်ဘီဒေး အသတ်ခံရတဲ့ ပုံစံက အမဲလိုက်သလို ရက်ရက်စက်စက် ခုတ်ထစ်သတ်သွားတာ။ ဒါပေမယ့် မီရှယ်ဒေးကျတော့ အိပ်ရာပေါ်မှာ လည်ပင်းညှစ်သတ်ခံရတယ်။ စောင်နဲ့တောင် ပြန်ဖုံးပေးသွားတယ်။ သတ်တဲ့ပုံစံက နှစ်မျိုး ကွဲမနေဘူးလား။ ကျွန်တော်တော့ အဲဒီလို ထင်တာပဲ"

ကျွန်မ ပခုံးကို မသိမသာ တွန့်လိုက်တယ်။ အမှောင်··ထဲက ပုံရိပ်တွေ ခေါင်းထဲကို ဝေ့ဝဲဝင်လာပြန်တယ်။ ရေပန်းအောက်ကို ခေါင်းထိုးထည့်လိုက်တော့မှ အတိတ်က အသံတွေ ပျောက်သွားတယ်။ ခေါင်းပေါ်က စီးကျလာတဲ့ ရေတွေက နီရဲ နက်ရှိုင်းလို့··။ လိုင်ဝိုက်သ်က ကျွန်မ လက်ထဲက ရေပိုက်ကို လှမ်းယူလိုက်ပြီး အပေါ်ကနေ ပိုက်ကို ဆက်ကိုင်ထားပေးတယ်။ ကျွန်မဆံပင်တွေကို လက်နဲ့ သပ်ချပေးတယ်။ ကဗျာဆန်ဆန် နူးနူးညံ့ညံ့တော့ မဟုတ်ဘူး။ မြန်မြန် ပြီးအောင် ဝင်ကူပေးတဲ့ သဘော။

"ဆံပင်ကြားမှာ အခဲတွေ ကျန်နေသေးတယ်ဗျ"··လိုင်ဝိုက်သ်ကရေသံ

ကြားကနေ အော်ပြောတယ်။ ရေပိုက်ကို လက်ထဲ ပြန်ထည့်ပေးတယ်။ ကျွန်မမတ်တတ် ထရပ်လိုက်တော့ လိုင်ဝိုက်သ်က ကျွန်မ နားရွက်ကို လက်နဲ့ လှမ်းကိုင်တယ်။

"နားမှာလည်း အနီစက်တွေ ကျန်နေတယ်။ နားကပ်ပေါက်ထဲ ဝင်သွားဦးမယ်"

"ကျွန်မမှာ နားပေါက်မရှိဘူး"..ကျွန်မ ပြန်ဖြေလိုက်ရင်း ဆံပင်တွေကို ဖြီးလိုက်တယ်။ အရောင်ထွက်လာရင် မှန်ပါ့မလား မသိ။ ဆံပင်ပေါ်မှာ အာရုံစိုက်ထားရင်း အမေနဲ့ အစ်မတွေရဲ့အလောင်းတွေ မျက်စိထဲဝင်မလာအောင် မောင်းထုတ်လိုက်တယ်။

"ဟုတ်လား၊ မိန်းကလေးတိုင်း နားဖောက်ကြတာ မဟုတ်ဘူးလားဗျ"

"ကျွန်မကို နားဖောက်ပေးမယ့်သူ ရှိမှ မရှိဘဲ"

လိုင်ဝိုက်သ်က ကျွန်မကို စိတ်မကောင်းတဲ့ အပြုံးနဲ့ ကြည့်တယ်။

"ဆံပင် အဆင်ပြေရဲ့လား"..သူက မေးတယ်။

"မသိဘူးလေ၊ ခြောက်သွားမှ သိမှာပေါ့"

ဧည့်ခန်းထဲက ရှိရွဲနေတဲ့ ဆိုဖာပေါ်မှာ ကျွန်မတို့ ပြန်ထိုင်လိုက်ကြတယ်။ နှစ်ယောက်သား ဆိုဖာရဲ့ ဟိုဘက်အစွန်း ဒီဘက်အစွန်းမှာ..။ အပြင်မှာ မိုးတွေသည်းလာပြန်ပြီ။

"ထရေးတီပန်နီက လူသတ်မှုဖြစ်တဲ့ အချိန်မှာ တခြားတစ်နေရာမှာရောက်နေတာဗျ။ အလီဘိုင်ရှိတယ်"..တော်တော်ကြာသွားမှ လိုင်ဝိုက်သ်ကစပြောတယ်။

"အင်းလေ၊ ရန်နာဒေးမှာလည်း အလီဘိုင် ရှိခဲ့တာပဲ။ ပြီးလည်းပြီးရော ဟုတ်မှ မဟုတ်ဘဲ။ အလီဘိုင် ရဖို့ တော်တော်လွယ်တယ်ထင်တယ်"

"ခင်ဗျား အခု သိထားသလောက်နဲ့ပဲ တရားရုံးမှာ ပြန်ပြောင်းထွက်ဆိုချက်တင်ကြည့်ပါလား"

"မသေချာသေးဘဲ ဘာမှ မလုပ်ချင်ဘူး။ ဟင့်အင်း..မဖြစ်ဘူး"

မိုးက သည်းသထက် သည်းလာတယ်။ မီးလင်းဖို့ရှိရင် ကောင်းမှာပဲ။

"လူသတ်မှု ဖြစ်တဲ့နေ့မှာပဲ ခင်ဗျားအမေရဲ့ လယ်ကွင်း အသိမ်းခံရတယ်ဆိုတာကို ခင်ဗျား သိတယ်နော်"..လိုင်ဝိုက်သ်က မေးတယ်။

ကျွန်မ ခေါင်းညိတ်လိုက်တယ်။ လိုင်ဝိုက်သ် ပေးထားတဲ့ ဖိုင်တွဲပေါင်းများစွာကို ဖတ်ကြည့်ရင်း သိလိုက်ရတဲ့ အထဲမှာ ဒီအချက်လည်း ပါတယ်။

"တစ်ခုခုတော့ တစ်ခုခုပဲဗျ"..လိုင်ဝိုက်သ်က ပြောတယ်။ "အကုန်လုံးကို ခြုံကြည့်လိုက်ရင် ထူးဆန်းနေတယ် မထင်ဘူးလား။ ကျွန်တော်တို့ မျက်စိရှေ့

မှာတင် မမြင်မိဘဲ ပျောက်နေတဲ့ အချက်တစ်ခုခု ရှိကိုရှိမယ်လို့ ခင်ဗျား မထင်ဘူး လား။ စဉ်းစားကြည့်ဗျာ။ ဘန်ကသူ့ကိုမဖွယ်မရာ လုပ်ပါတယ် ဆိုပြီး ကလေး မလေး တစ်ယောက်က လိမ်ပြောလိုက်တယ်။ အဲဒီနေ့မှာပဲ ခင်ဗျား အမေရဲ့ လယ် အသိမ်းခံရတယ်။ ထရေးတီပန်နီ ဆိုတဲ့ လောင်းကစားဒိုင်က အဲဒီနေ့မှာပဲ အကြွေး တွေလိုက်ကောက်တယ်။ ပြီးတော့ အဲဒီ ဒိုင်က စေတန်ကိုးကွယ်တဲ့ အဖွဲ့သား ဖြစ် နေတယ်တဲ့။ တစ်ရက်တည်းနော်။ တစ်ရက်တည်းမှာ အကုန် စုပြုံဖြစ်တာ"

"ပြီးတော့ ဒီအမှုနဲ့ ပတ်သက်နေတဲ့ လူမှန်သမျှက လိမ်ပြောနေတဲ့လူတွေ၊ လိမ်ပြောခဲ့တဲ့ လူတွေချည်းပဲ"

"အခု ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ"..လိုင်ဝိုက်သ်ကမေးတယ်။

"တီဗွီလေးဘာလေး ကြည့်ပေါ့"..ကျွန်မ ပြောလိုက်တယ်။ တီဗွီကိုဖွင့် လိုက်တယ်။ ဆိုဖာပေါ်မှာ မှီချလိုက်တယ်။ ခြောက်စပြုနေတဲ့ ဆံပင်တွေကိုလက်နဲ့ ကိုင်ကြည့်တယ်။ အရမ်းကို နီရဲပြီး တောက်နေတာပဲ။ ကျွန်မ မူလ ဆံပင်ကလည်း ဒီအရောင်ပဲလေ..။ ကောင်းပါတယ်။

"လစ်ဘီ.. အခုလိုမျိုး..ခင်ဗျား အခုလို ကြိုးစားပေးနေတာတွေအတွက် ကျွန်တော် တကယ်လေးစားတယ်ဗျာ။ တကယ်ပြောတာ"..လိုင်ဝိုက်သ်က လေသံ ခပ်တောင့်တောင့်နဲ့ ပြောတယ်။

"အာ..အဲဒီလို စကားကြီးတွေ မပြောစမ်းပါနဲ့။ ရှင် အဲဒီလိုတွေပြောရင် ကျွန်မစိတ်ထဲမှာ ကျွန်မကို သနားလို့ တမင် လုပ်ပြောနေသလိုပဲ ခံစားရတယ်။ နောက်ဆို အဲဒီလို မပြောနဲ့။ အရမ်း စိတ်ကုန်တာပဲ"

"သနားလို့ တမင်ပြောနေတာ မဟုတ်ပါဘူးဗျ"..လိုင်ဝိုက်သ်ရဲ့ အသံက ပိုပြီး စူးလာတယ်။

"စိတ်ကုန်တယ်.."

"ဟို ကျွန်တော် ပြောချင်တာက..ခင်ဗျားနဲ့ အခုလို သိခွင့်ရတာ မိုက် တယ်ဗျာ။ သဘောကျတယ်။ အဲဒါ ပြောချင်တာ"

"အောင်မလေး ဟုတ်ပါပြီ။ ကျွန်မက အရမ်းတွေ တန်ဖိုးကြီးနေတာကိုး"

"ဟုတ်တယ်"

"လိုင်ဝိုက်သ်..၊ တော်တော့..။ ဆက်မပြောနဲ့တော့။ တော်ပြီ"..ကျွန်မ ဒူးခေါင်းပေါ်ကို မေးတင်ပြီး တီဗွီကို မကြည့်ချင်ဘဲ ဆက်ကြည့်နေရင်း ပြောလိုက် တယ်။ တီဗွီမှာ လာနေတဲ့ ဟင်းချက်တဲ့ အစီအစဉ်ကို ကြည့်ချင်ယောင်ဆောင်နေ

လိုက်တယ်။ ဟင်းချက်နေတဲ့ မိန်းမရဲ့ အသံက စာစာစာစာနဲ့။

"လစ်ဘီ"

ကျွန်မ လိုင်ဝိုက်သ်ကို မျက်စောင်းထိုးပြီး ကြည့်လိုက်တယ်။

"ခင်ဗျားကို ကျွန်တော် တစ်ခုပြောပြမယ်"

"ဘာလဲ"

"၁၉၉၉ ခုနှစ်လောက် တုန်းက *ဆန်ဘာနက်ဒီယို* ဘက်မှာ ဖြစ်သွားတဲ့ တောမီးလောင်တဲ့ သတင်းကို ခင်ဗျား ကြားလိုက်လား။ တောမီးလောင်လို့ အိမ် အလုံး ၈၀ လောက် မီးထဲပါသွားတယ်လေ။ လယ်တွေလည်း ဧကကိုးသောင်း လောက် ပါသွားတယ်"

ကျွန်မ ပခုံးတွန့်လိုက်တယ်။ ကယ်လီဖိုးနီးယား ပြည်နယ်မှာ တောမီး ဆိုတာ တစ်ချိန်လုံး လောင်နေတာပဲ။

"အဲဒီ တောမီးကို စလိုက်တဲ့ သူက ကျွန်တော်ကိုယ်တိုင်ပဲ။ တမင်ရှို့တာ တော့ ဘယ်ဟုတ်ပါ့မလဲ။ အဲဒီလောက်ကြီး လောင်သွားမယ်လို့ ထင်မထားတာ"

"ဘယ်လို.."

"အဲဒီတုန်းက ကျွန်တော်က ကလေးပဲ ရှိသေးတယ်လေ။ ၁၂ နှစ်သား ကောင်လေးပေါ့။ မီးရှို့တာ ဝါသနာပါလို့တော့ မဟုတ်ပါဘူး။ ကျွန်တော့်လက်ထဲ မှာ မီးခြစ်တစ်လုံး ရောက်လာတယ်ဗျာ။ ဘယ်ကဘယ်လို မီးခြစ်ရှာတွေ့သွားသလဲ ဆိုတာတော့ မမှတ်မိတော့ဘူး။ ဒီလိုပဲ မီးခြစ်ကို ခြစ်ကြည့်လိုက်၊ မီးတောက်လာ ရင် သဘောကျသွားလိုက် ဖြစ်နေတာပေါ့။ အဲဒါနဲ့ အိမ်နောက်ဘက်က တောင်ကုန်း ပေါ်ကို သွားရင်း တစ်ယောက်တည်း ပျင်းလာမိတယ်။ အဲဒီဘက်ကို သွားတဲ့လမ်း တစ်လျှောက်လုံးကလည်း မြက်ပင် ရှည်ရှည်တွေ အပြည့်ပဲ။ မြက်ခြောက်တွေပေါ့။ မြက်ပင်တွေ ဘေးကနေ လမ်းလျှောက်ရင်း ကျွန်တော် စမ်းကြည့်မယ်ပေါ့။ မြက်ပင် ထိပ်ဖျားလေးတွေကို မီးရှို့ ကြည့်ရင် မီးစွဲမလား သိချင်တာ။ မြက်ပင်ထိပ်တွေမှာ အဖူးလေးတွေ ပါတယ်ဗျ..ဘာခေါ်လဲတော့ မသိဘူး"

"ကိုင်းပင်တွေ.."

"အင်း..ဟုတ်တယ်။ အဲဒါနဲ့ မီးရှို့ကြည့်လိုက် ဆက်လျှောက်သွားလိုက်နဲ့ တော်တော်ကြာတော့ နောက်ကို လှည့်ကြည့်လိုက်တာ မြက်ခင်းတစ်ခင်းလုံး မီးစွဲ နေတာကို တွေ့လိုက်တယ်။ အပင် ၂၀-၃၀ လောက် မီးလောင်နေပြီ။ ထိပ်ဖူး တွေက မီးလောင်ပြီး လေထဲကိုလွင့်သွားတယ်။ တခြား အပင်တွေပေါ်ကို ကျတယ်။

နောက်ထပ် မီးပွင့်တွေက ကိုက် ၁၀၀-၂၀၀ လောက်အထိ လွင့်သွားပြန်တယ်။ ဒီလိုနဲ့ မီးတောက်သေးသေးလေးတွေကနေ မီးလုံးကြီးတွေ ဖြစ်လာရော''

''အဲဒီလောက်တောင် မြန်လား''

''ဟုတ်တယ်၊ စက္ကန့်ပိုင်း အတွင်းမှာ မီးပွင့်လေးတွေကနေ မီးအကြီးကြီး အဆင့်ကို ပြောင်းသွားတာ။ စောစောစီးစီး ငြိမ်းလိုက်ရင်တော့ ဘာမှဆက်ဖြစ်မှာ မဟုတ်ဘူးလေ။ ဒါပေမယ့် မျက်စိရှေ့မှာတင် ထိန်းမနိုင် သိမ်းမရတွေ ဖြစ်ကုန်တာဗျ။ အဲဒီတုန်းက မီးလောင်နေတဲ့ မြက်ပင်အုပ်တွေကို ကြည့်ရင်း ကျွန်တော် တွေးမိတယ်။ ငါတော့··ဒီအမှားကို တစ်သက်လုံး မေ့ရတော့မှာ မဟုတ်ဘူး··လို့။ အဲဒီအရွယ်လေးနဲ့ နောင်တအကြီးကြီး ရဖို့ဆိုတာ မလွယ်ဘူး။ ကျွန်တော် အခုထိလည်း ဒီအမှားကို မမေ့သေးဘူး''

ကျွန်မ တစ်ခုခု ပြန်ပြောဖို့ အချိန်ရောက်ပြီ ထင်တယ်။

''ရှင် တမင်လုပ်ခဲ့တာမှမဟုတ်တာဘဲ လိုင်ဝိုက်သ်။ ဒီလိုပဲ ကံဆိုးသွားတဲ့ ကလေးတစ်ယောက်ပဲလေ''

''အင်း သိပါတယ်။ ဒါကြောင့်လည်း ကျွန်တော် ခင်ဗျားကို ကိုယ်ချင်းစာမိတာ။ သိပ်မကြာသေးဘူးဗျ·· ခင်ဗျားအကြောင်းတွေ ကျွန်တော် လိုက်လေ့လာထားတာ။ လေ့လာကြည့်ရင်းနဲ့ ဪ··သူလည်း ငါ့လိုပဲ ခံစားရမှာပဲထင်တယ် ဆိုပြီး ဖြစ်သွားတာ။ ကိုယ့်မျက်စိရှေ့မှာ ထိန်းမနိုင် သိမ်းမရ အကုန်ပျက်စီးကုန်တဲ့ ခံစားချက်မျိုး။ ကိုယ်လုပ်လိုက်တဲ့ အပြုအမူလေးတစ်ခုကြောင့်··။ ခင်ဗျားထွက်ဆိုချက်ကို ပြောတာဗျာ··''

''အင်း သိပါတယ်''

''ဒီဇာတ်လမ်းကို ကျွန်တော် ဘယ်သူ့ကိုမှ မမေးဘဲ ပြောမပြဖူးဘူးဗျ။ ဒါပထမဆုံးပဲ။ ခင်ဗျားကို ပြောပြလိုက်ရင် နားလည်မလား··''

''အင်း·· ကျေးဇူးပါ''

ကျွန်မသာ သဘောကောင်းတဲ့၊ ကြင်နာတတ်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင် သူ့လက်တွေကို လှမ်းကိုင်ပြီး ကျွန်မ ရှင့်ကို နားလည်ပါတယ်၊ ကိုယ်ချင်းစာပါတယ်··ဆိုပြီး ပြောမိမှာပဲ။ ဒါပေမယ့် ကျွန်မက အဲဒီလို မိန်းကလေး မဟုတ်ဘူး။ ကျေးဇူးပါ··လို့ ပြောရတာတောင် တော်တော် ခက်နေပြီ။ ကျွန်မရဲ့ ကြောင်အိုကြီး ဘက်ခ်က ဆိုဖာပေါ်ကို ခုန်တက်လာပြီး ကျွန်မတို့နှစ်ယောက်ကြား မှာ ဝင်ထိုင်တယ်။ အစာကျွေးဖို့ ပူဆာတယ်။

"အင်း‥ ဒါနဲ့ ဒီတစ်ပတ် စနေ၊ တနင်္ဂနွေ ခင်ဗျားမှာ ဘာအစီအစဉ်တွေ ရှိလဲဗျ"‥လိုင်ဝိုက်သ်က ဆိုဖာထောင့်စွန်းကို လက်နဲ့ပွတ်ရင်း မေးတယ်။ ခရစ်ဆီကိတ် မျက်နှာမှောက်ပြီး ငိုသွားတဲ့ ဆိုဖာထောင့်စွန်းပဲ။

"မရှိပါဘူး"

"အင်း‥ဟို‥ကျွန်တော့် အမေက ကျွန်တော့်အတွက် မွေးနေ့ပွဲစီစဉ်ထားတယ်။ အဲဒါ ခင်ဗျားများ လာချင်မလားလို့‥။ ညစာစားရုံပါပဲ။ သူငယ်ချင်းတွေလိုပဲ ဖိတ်တာပါ"

မွေးနေ့ပွဲ စီစဉ်တာ အဆန်းတော့မဟုတ်ပါဘူး။ လူကြီးတွေလည်းမွေးနေ့ပွဲလုပ်ကြတာပဲ။ ဒါပေမယ့် လိုင်ဝိုက်သ် ပြောလိုက်တော့မှ သူ့အမေစီစဉ်ပေးထားတဲ့ မွေးနေ့ပွဲဆိုတာ ပူစီဖောင်းတွေ၊ ဖယောင်းတိုင်တွေ၊ မြင်းရုပ်တွေနဲ့ ကလေးမွေးနေ့ပွဲလိုလို ကျွန်မ ထင်မိသွားတယ်။

"အို‥ရှင့်မွေးနေ့ ဆိုတော့ ရှင့်သူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ်ပျော်ကြပါ"‥ကျွန်မ ပြောလိုက်ရင်း တီဗွီရီမုဒ်ကို ဘယ်နားထားမိသလဲ လိုက်ရှာတယ်။

"အင်းလေ၊ အဲဒါကြောင့် ခင်ဗျားကို ဖိတ်တာ"

"ဩော်‥ ဒါဆိုလည်း အိုကေလေ"

ကျွန်မ မပြုံးမိအောင် ကြိုးစားထိန်းလိုက်တယ်။ ပြုံးလိုက်ရင် သူရှက်သွားမှာ စိုးလို့။ မကောင်းဘူးလေ။ လိုင်ဝိုက်သ်ကို သူ့ အသက်ဘယ်လောက်ရှိပြီလဲလို့ မေးမလို့ပဲ။ ၁၉၉၉ မှာ ၁၂ နှစ်ပြည့်တယ်ဆိုတော့ သူက အခုမှ ၂၂ နှစ်ပေါ့‥ ဘုရားရေ‥။ ဒါပေမယ့် ဘာမှ မမေးဖြစ်လိုက်ပါဘူး။ တီဗွီမှာ အရေးပေါ်သတင်းဝင်လာတဲ့အသံကြားလိုက်ရလို့‥။ လီဇက်စတီဖင် ဆိုတဲ့ ကောင်မလေးကို ရှာတွေ့ပြီတဲ့။ အသတ်ခံရတာပဲ။ အလောင်းကို ချောက်ကမ်းပါးတစ်ခုအောက်မှာ ပစ်ချထားတာ တွေ့တယ်။ သေနေတာ လပေါင်း မနည်းတော့ဘူး။

+++

## ပက်တီဒေး

**၁၉၈၅၊ ဇန်နဝါရီ (၃) ရက်**
**မနက် ၁၂ နာရီ ၁ မိနစ်**

ကင်နက်ကီ မြို့တစ်မြို့လုံးက အိုမင်း ဟောင်းနွမ်းနေပြီ။ ဆောင်းတွင်းဆိုတော့ ပိုတောင် ဆိုးသေးတယ်။ လမ်းတွေမှာ ချိုင့်ခွက်တွေအပြည့်နဲ့ ကားမောင်းလိုက်တိုင်း တစ်ကိုယ်လုံးယမ်းခါပြီး အရိုးတွေပါ နာလာတယ်။ ဒီမြို့ကိုတော့ ငါ မလွမ်းပါဘူး··လို့ ပက်တီ တွေးမိတယ်။ ပက်တီအိမ်ပြန်ရောက်တော့ ကလေးတွေ အားရပါးရ အိပ်ပျော်နေကြပြီ။ ဒက်ဘီနဲ့ မီရှယ်က ထုံးစံအတိုင်း ကြမ်းပြင်ပေါ်မှာ အိပ်ပျော်နေတယ်။ ဒက်ဘီက မွေးပွအရုပ်တစ်ရုပ်ကို ခေါင်းအုံးလို့။ မီရှယ်ကပါးစပ်ထဲမှာ ဘောပင်တစ်ချောင်း ကိုက်လျက်သား။ ဒိုင်ယာရီစာအုပ်ကို လက်ထဲမှာ ပိုက်ထားတယ်။ သူ့ ခြေထောက်တစ်ချောင်း ကိုယ်လုံးအောက်မှာ ပိနေတာတောင်မှ သက်သောင့်သက်သာ ပုံစံနဲ့ အိပ်နေတာ သိုးလို့။ လစ်ဘီလေးကတော့ အိပ်ရာပေါ်မှာ ကွေးကွေးလေး အိပ်နေတယ်။ လက်သီးလေးကို ဆုပ်ပြီး မေးအောက်မှာ ညှပ်ထားတယ်။ အကုန်လုံးကို သေသေချာချာ ခုတင်ပေါ် ပွေ့ခေါ်ပြီး စောင်ခြုံပေးမလို့ ပက်တီ စဉ်းစားလိုက်သေးတယ်။ ဒါပေမယ့် နိုးသွားမှာ စိုးလို့ မလုပ်တော့ပါဘူး။ အနမ်းတစ်ချက်ပဲ လေထဲကနေ လွှင့်ပေးလိုက်ပြီး တံခါးကိုပိတ်လိုက်တယ်။ အခန်းထဲက သေးနံ့ မပျောက်သေးဘူးပဲ။ စောစောက အိပ်ရာခင်းလဲဖို့ မေ့သွားတာကိုး။

မီးလင်းဖိုထဲမှာ အဝတ်ထုပ်က လုံးဝ မီးကျွမ်းသွားပြီ။ အစအနသေးသေးလေးတွေပဲ ကျန်တော့တယ်။ ခရမ်းရောင်ကြယ်ပွင့်လေးပါတဲ့ အဖြူရောင်အဝတ်စတစ်စကတော့ ခေါင်းမာစွာနဲ့ မီးမလောင်ဘဲ ကျန်နေတယ်။ ပက်တီ မီးထပ်မွှေးလိုက်တယ်။ ထင်းတစ်ချောင်းထပ်ထည့်တယ်။ အဝတ်စကို မီးထဲ သေသေချာချာ ထိုးထည့်လိုက်တယ်။ ပြီးတော့မှ ဒိုင်ယန်းကို ဖုန်းဆက်တယ်။ မနက်ကျရင်မိုးမလင်း

ခင် ရောက်အောင် လာခဲ့ပါလို့ မှာလိုက်တယ်။ ဘန့်ကို စောစောလိုက်ရှာရအောင် လို့…။

"အခုလာခဲ့ရမလား၊ လာခဲ့မယ်လေ။ နင်လည်း အဖော်ရတာပေါ့"

"ရတယ် အစ်မ‥ ကျွန်မ အိပ်တော့မှာ။ စာအိတ်ထားခဲ့တာ ကျေးဇူးနော် ဒိုင်ယန်း။ ပိုက်ဆံ‥ကူညီတာ ကျေးဇူးပါ"

"ငါဒီဘက်မှာ ရှေ့နေတွေကို ဖုန်းဆက် စုံစမ်းပြီးပြီ။ မနက်ဖြန်လောက် ဆိုရင် ရှေ့နေ ကောင်းကောင်းရွေးလို့ရအောင် စာရင်းလုပ်ပြီးပြီ။ စိတ်ပူမနေပါနဲ့ ပက်တီ‥ဘန် အိမ်ပြန်လာမှာပါ။ ဒီလိုပဲ ကြောက်ပြီး တစ်ယောက်ယောက် အိမ်မှာ ဝင်ခိုနေတာ နေမှာ။ ပေါ်လာပါလိမ့်မယ်"

"ဘန့်ကို ကျွန်မ အရမ်းချစ်တာပဲ အစ်မရယ်"‥ပက်တီ ယောင်ပြီးပြော လိုက်မိတယ်။ ပြီးမှ လေသံကို ပြန်ထိန်းတယ်။ "အိပ်တော့နော် အစ်မ"

"မနက်ကျရင် ကွေကာအုတ် ယူလာပေးဦးမယ်။ ဒီနေ့ ယူလာပေးမလို့ မေ့သွားတာ"

ကွေအာအုတ်တဲ့။ ကွေကာအုတ် ဆိုတဲ့ စကားလုံးက အခုအဖြစ်အပျက်တွေနဲ့ ယှဉ်လိုက်ရင် သာမန် ဆန်လွန်းနေလို့ ပက်တီ ရင်ဘတ်ထဲတောင် အောင့်ခနဲ ဖြစ် သွားတယ်။

ပက်တီ သူ့ အိပ်ခန်းထဲကို သွားတယ်။ မအိပ်သေးဘဲ တွေဝေ စဉ်းစား နေချင်သေးတဲ့ စိတ်ကို မနည်းဖိနှိပ်ထားရတယ်။ နောက်ဆုံးမှာ အရက် လက်နှစ်ဆစ် စာလောက်ကို ခွက်ထဲထည့်ပြီး မော့ချလိုက်တယ်။ ညအိပ်ဝတ်စုံ နှစ်ထပ် ထပ်ဝတ် တယ်။ ဘာကို စဉ်းစားဦးမှာလဲ။ စဉ်းစားရမယ့် အချိန် မဟုတ်တော့ဘူး။ စိတ်ကို အေးအေး ထားလိုက်တော့။ စိတ်လျှော့လိုက်တော့။

ငိုမိမယ်လို့ ထင်ထားတာ။ အပူအပင်တွေ အကုန် ပြေပျောက်သွားတဲ့အခါ ငိုချလိုက်တော့မှာပဲ‥လို့ တွေးထားတာ။ ဒါပေမယ့် မျက်ရည် ကျမလာဘူး။ အိပ် ရာထဲကို ရောက်တော့ အိပ်ရာပေါ်မှာ ပက်လက်လှန်ရင်း ပက်တီ မျက်နှာကြက်ကို မော့ကြည့်တယ်။ မျက်နှာကြက်က ဟက်တက် ကွဲနေတယ်။ *ခေါင်မိုးတစ်ခုလုံးပြိုကျ လာမှာကို စိတ်ပူစရာ မလိုတော့ဘူးပေါ့‥* ပက်တီ တွေးမိတယ်။ အိပ်ခန်း ပြတင်း ပေါက်မှန် အက် နေတာကိုလည်း ပြင်စရာ မလိုတော့ဘူး။ မနက်ကျရင် အိပ်ရာနိုး တဲ့အခါ‥ကော်ဖီဖျော်တဲ့အခါ ကော်ဖီစက် ပျက်နေမှာကိုလည်း ပူစရာမလိုတော့ဘူး။ လယ်ကွင်းအတွက် ကုန်ကြမ်းတွေ၊ ကုန်ချောတွေ၊ ကုန်ဈေးနှုန်းတွေ ခေါင်းခြောက်

စရာ မလိုတော့ဘူး။ ပက်တီ့နာမည်နဲ့ ရန်နာဒေး ထုတ်သုံးသွားတဲ့ ခရက်ဒစ်ကတ် အကြွေးတွေအတွက် စိတ်ပူစရာ မလိုတော့ဘူး။ ဟို ခရစ်ဆီကိတ် မိသားစုနဲ့လည်း တွေ့စရာမရှိတော့ဘူး။ တရားရုံးသွားရတဲ့ ဒုက္ခကိုလည်း ရင်ဆိုင်စရာမလိုတော့ဘူး။ ပက်တီ့ကို နှိမ်သလို ကြည့်မယ့် ရှေ့နေဆိုတဲ့ လူကိုလည်း တွေ့စရာ မလိုတော့ဘူး။ အဲဒီရှေ့နေက ည အိပ်ရာဝင်တဲ့အခါ သူ့မိန်းမကို 'ဒေးမိသားစုနဲ့ ပက်တီဒေးဆိုတဲ့ သူတို့ အမေလေ··မကောင်းတဲ့ သွေးဆိုး သွေးညစ်တွေပေါ့' ဆိုပြီး အတင်းတုတ်နေမှာကိုလည်း ပက်တီ စိတ်ပူစရာ မလိုတော့ဘူး။ ဘန် ထောင်ကျမှာကိုလည်း စိတ်မပူရတော့ဘူး။ ဘန့်ကို ဂရုမစိုက်နိုင်မှာကိုလည်းစိတ်မပူရတော့ဘူး။ ဘာကိုမှ စိတ်ပူစရာလိုတော့ဘူး။ အကုန် ပြောင်းလဲသွားတော့မှာ။

ဆယ်စုနှစ်တစ်ခုလုံး အတွင်းမှာ ပထမဆုံး အကြိမ်အဖြစ် ပက်တီ့ကိုယ်ထဲမှာ စိုးရိမ်စိတ်တွေ မရှိတော့ဘူး။ ဒါကြောင့် ပက်တီ မငိုဘူး။ ည ၁ နာရီလောက်ကျတော့ လစ်ဘီလေးက ပက်တီ့ အိပ်ခန်းတံခါးကို ဖွင့်ပြီး အခန်းထဲ ဝင်လာတယ်။ ပက်တီ့ ဘေးမှာ ဝင်အိပ်တယ်။ ယောင်ပြီး ထလာတာ ထင်တယ်။ ပက်တီ လစ်ဘီ့ ဘက်ကိုလှည့်ပြီး နဖူးကို ဖွဖွလေး နမ်းလိုက်တယ်။ *သမီး··သမီးကိုအမေချစ်တယ်နော်··* ဆိုပြီး ပြောလိုက်တယ်။ အဲဒီလို ပြောလိုက်ရတဲ့အတွက်၊ အသံထွက်ပြီးအသိပေးခွင့် ရလိုက်တဲ့အတွက် ပက်တီ ဝမ်းသာတယ်။ လစ်ဘီက ချက်ချင်းလိုပဲ ပြန်အိပ်ပျော်သွားတယ်။ ပက်တီ ပြောတာကို ကြားမှ ကြားလိုက်ရဲ့လား မသိ။

+++

# လစ်ဘီဒေး

**ယနေ့**

အိပ်ရာနိုးလာတော့ အမေ့အကြောင်း အိပ်မက်မက် ထားသလိုလို စိတ်ထဲ ဖြစ်နေတယ်။ မသေချာဘူး။ အမေ့လက်ရာ ဟမ်ဘာဂါကို ထူးထူးခြားခြား တောင့်တနေမိတယ်။ ဆိုးလွန်းလို့ ကျွန်မတို့ မောင်နှမတွေ ကွယ်ရာမှာ အမြဲကဲ့ရဲ့ခဲ့ကြတဲ့ ဟမ်ဘာဂါလေ။ မုန်လာဥတွေ ပါလိုပါ၊ အသားဆိုတာလည်း ပါတစ်လှည့်၊ မပါ တစ်လှည့်။ အဲဒီ ဟမ်ဘာဂါကိုမှ ဘာလို့ တောင့်တနေမိပါလိမ့်။ ကျွန်မက သက်သတ်လွတ် စားတဲ့သူလေ။

ဟမ်ဘာဂါဆိုတာကို ဘယ်လိုလုပ်ရသလဲ မသိဘူး‥ဆိုပြီး စဉ်းစားနေတုန်း လိုင်ဝိုက်သ် ဖုန်းဆက်လာတယ်။ နောက်တစ်ယောက်လောက်သွားတွေ့ပေးပါဦးတဲ့။ နောက်တစ်ယောက်ပါပဲ‥တဲ့။ သူပြောလိုက်ရင် အဲဒီလိုချည်းပဲ။ ဒီတစ်ယောက်ကို စကားသွားပြောပေးပါ၊ ဘာမှ မထူးရင်လည်း အရှုံးမရှိပါဘူးတဲ့။ ထရေးတီပန်နီ ဆိုတဲ့လူကို သွားတွေ့ပေးပါတဲ့။ ထရေးတီပန်နီကို ဘယ်လိုလိုက်ရှာမှာလဲ။ မဖြစ်နိုင်ဘူးထင်တယ်‥လို့ ကျွန်မ ပြောလိုက်တော့ လိုင်ဝိုက်သ်က ထရေးတီပန်နီ ရဲ့ လိပ်စာကို ရွတ်ပြတယ်။ "လွယ်ပါတယ်ဗျ။ ဒီလူက သူ့နာမည်နဲ့ ဆိုင်ဖွင့်ထားတယ်လေ။ တီပန်နီ လယ်ယာ ပစ္စည်း အရောင်းဆိုင်တဲ့"။ 'တော်လိုက်တာ'‥လို့ ကျွန်မ ပြောလိုက်ချင်ပေမယ့် မပြောဖြစ်ပါဘူး။ လိုင်ဝိုက်သ်က ဆက်ပြောတယ်။ ထရေးနဲ့ သွားတွေ့ပေးရင် မဂ်ဒါတို့အဖွဲ့က ကျွန်မကို ဒေါ်လာ ၅၀၀ ထပ်ပေးပါ့မယ်တဲ့။ သူတို့ ဘာမှ မပေးလည်း ကျွန်မ သွားတွေ့မှာပါပဲ။ ပိုက်ဆံကိုတော့ မငြင်းပါဘူး။ ယူမယ်လို့ ပြောလိုက်တယ်။

အဖြေတစ်ခုခု မရမချင်း ကျွန်မ ဒီလိုပဲ တောက်လျှောက် မတင်မကျဖြစ်နေတော့မှာ။ လိုက်ရှာနေတော့မှာ။ ဘန် တစ်ခုခုကို သိထားတယ်ဆိုတာ သေချာနေ

တယ်။ သိရဲ့သားနဲ့ ဖုံးထားတာ။ ထိမ်ချန်ထားတာ။ ဒီတော့ အဖြေကို ကျွန်မကိုယ်တိုင် မရမချင်း လိုက်ရှာ။ ဒါပဲ။ တီဗွီကြော်ငြာတစ်ခု ကြည့်ဖူးတယ်။ ချစ်သူများအတွက် အကြံပေးတဲ့ ဝန်ဆောင်မှု ဆိုလား မသိပါဘူး။ ဘာတဲ့ "စိတ်ဓာတ်မကျလိုက်ပါနဲ့။ ဖူးစာရှင် မတွေ့သေးသရွေ့တော့ တွေ့သမျှ ချစ်သူတိုင်းဟာ စိတ်ပျက်စရာတွေ ဖြစ်နေမှာပါပဲ"တဲ့။ ဟုတ်တယ်။ ကျွန်မလည်း တွေ့သမျှ သူတိုင်းက လူလိမ်လူညာတွေ၊ အမှန်တရားကို ဖုံးထားတဲ့သူတွေ ဖြစ်နေတယ်။ အမှန်တရားကို လမ်းပြပေးမယ့် သူတစ်ယောက် မတွေ့မချင်း ဒီလိုပဲဖြစ်နေဦးမှာပဲ။

ထရေးတီပန်နီနဲ့ သွားတွေ့ဖို့ သွားတော့ လိုင်ဝိုက်သ်က အတင်းလိုက်လာတယ်။ တီပန်နီဆိုတဲ့လူ ဘယ်လိုပုံစံလဲဆိုတာ သိချင်လို့တဲ့။ တကယ်ကတော့ သူစိတ်ပူပြီး လိုက်လာတာပါ။ "စေတန် ကိုးကွယ်တဲ့ လူတွေကို ကျွန်တော်ကတော့ စိတ်မချဘူးဗျ။ ခင်ဗျားကို တစ်ခုခု လုပ်လိုက်ရင် ဘယ်လိုလုပ်မလဲ"တဲ့။ တီပန်နီ လယ်ယာပစ္စည်း စတိုးဆိုင်က ကန်းဆက်စ်ပြည်နယ် မန်ဟက်တန်ရဲ့ အရှေ့ဘက်မြို့သစ်မှာရှိတယ်။ လယ်ကွင်းတစ်ဝက် မြို့တစ်ဝက် ရောထားတဲ့ နေရာ။ ဘာမှထွေထွေထူးထူး စိတ်ဝင်စားစရာ မရှိပါဘူး။ သပ်သပ်ရပ်ရပ်ပဲ။ အိမ်ခပ်သေးသေးတွေ များတယ်။ လစ်ဂျာဝုဒ်ဘက်မှာ တွေ့ခဲ့တဲ့ ကောင်းဘွိုင်ပုံစံ မြို့လိုပဲ။ လူတွေနေချင်ယောင် ဆောင်နေကြတဲ့ မြို့။ အိမ်တွေကို ဖြတ်လာပြီးတော့ ဂေါက်ကွင်းအသစ်စက်စက်တစ်ခုကို တွေ့တယ်။ ဂေါက်ကွင်းကလည်း ပိစိလေးပဲ။ မနက်စောစော မိုးဖွဲဖွဲထဲမှာ ဂေါက်ရိုက်နေကြတဲ့ လူတချို့တွေ့တယ်။ နည်းနည်း ဆက်မောင်းလိုက်တော့ လမ်းဘေးမှာ လယ်ကွင်းတွေ ပေါ်လာတယ်။ လယ်ကွင်းထဲမှာ ရပ်နေကြတဲ့ နွားအုပ်တွေ..။ ကားဘက်ကို လှမ်းကြည့်နေကြတယ်။ ကျွန်မကို လှမ်းငေးနေကြတယ်။ လူကို စေ့စေ့ကြည့်တတ်တဲ့ သတ္တဝါထဲမှာ နွားတွေက ထိပ်ဆုံးကပါမယ်ထင်တယ်။ ကျွန်မလည်း သူတို့ကို ပြန်ငေးကြည့်နေလိုက်တယ်။ ငေးကြည့်နေတာ များသွားလို့ 'တီပန်နီ လယ်ယာပစ္စည်း စတိုး' ဆိုတဲ့ ဆိုင်းဘုတ်တပ်ထားတဲ့ တိုက်အိမ်ကို ကျော်သွားတယ်။ လိုင်ဝိုက်သ်က လစ်ဘီ..လစ်ဘီ..လစ်ဘီ..ဆိုပြီး ကျွန်မ ပခုံးကို တဖတ်ဖတ် ပုတ်တော့မှ ကျွန်မ သတိဝင်လာပြီး ဘရိတ်ကိုဆောင့်အုပ်လိုက်တယ်။ ကားတစ်စီးလုံး လည်ထွက်သွားတယ်။ ရန်နာဒေး ကျွန်မကိုချီရင်းဆွဲလှည့်ပြီး လွှတ်ချလိုက်တုန်းက ခံစားချက်မျိုး.. ခေါင်းတွေ မူးသွားတယ်။ ကားကို အမြန် နောက်ပြန်ဆုတ်ပြီး စတိုးဆိုင်ရှေ့က ကားပါကင်မှာ ရပ်လိုက်တယ်။

စတိုးဆိုင်တစ်ခုလုံးက မပြင်မဆင်ထားတော့ အိုဟောင်းနေပြီ။ ဆိုင်ရှေ့မှာ

ရပ်ထားတဲ့ ကားဆိုလို့ ကျွန်မကားနဲ့ နောက်တစ်စီးပဲ ရှိတယ်။ တိုက်ရဲ့ အုတ်ချပ်တွေကြားက ဘိလပ်မြေတွေက ရေညှိတွေနဲ့ ချွဲနေတယ်။ အဝင် တံခါးဝနားမှာ ကလေးတွေစီးတဲ့ ချားရဟတ် ခပ်သေးသေးတစ်ခု ချထားတယ်။ တစ်ခါစီးတစ်မတ်တဲ့။ ချားရဟတ်ရဲ့ ခုံတချို့က ပြုတ်ထွက်နေပြီ။ ဆိုင်ရဲ့ သစ်သားလှေကားတွေအပေါ်ကို တက်လိုက်တော့ ပြတင်းပေါက်မှန်မှာ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေတဲ့ နီယွန်ဆိုင်းဘုတ် တစ်ခုကို တွေ့ရတယ်။ "လားမားတွေ ရမယ်"တဲ့။ ဘာလို့များ လားမားရောင်းတာကို နီယွန်နဲ့ ကြော်ငြာနေသလဲ မသိဘူး။ ကြေးဆိုင်းဘုတ်တစ်ခုကို လှေကားအတက်နားမှာ တွဲလဲချိတ်ထားတယ်။ 'ဆီဗင် ပိုးသတ်သေး'တဲ့။ ဆိုင်အဝကို ရောက်တော့ လိုင်ဝိုက်သ်က နောက်ထပ် ကြော်ငြာ ဆိုင်းဘုတ်တစ်ခုကို လှမ်းကြည့်ရင်း မေးတယ်။ "ဖာရိုင့်းဆိုတာ ဘယ်လို ငုံးမျိုးလဲဗျ။ ရိုးရိုးငုံးနဲ့ မတူဘူးလား"။ ဆိုင်တံခါးကိုဖွင့်လိုက်တော့ ခေါင်းလောင်းသံ ချွင်ခနဲ မြည်သွားတယ်။ ဆိုင်ထဲမှာ အပြင်ထက်တောင် ပိုအေးနေတယ်။ လေအေးပေးစက် အသံတဝူးဝူးက ဆူညံနေတယ်။ ဆိုင်ထဲမှာ ဖွင့်ထားတဲ့ ဂျပ်စ် သီချင်းသံကလည်း ပွက်လောရိုက်နေတယ်။ ကျွန်မ ခေါင်းတွေတောင် ကိုက်လာတယ်။

စတိုးဆိုင် ကောင်တာနောက်မှာ မှန်ပုံးတွေနဲ့ သော့ခတ်သိမ်းထားတဲ့ ရိုင်ဖယ် သေနတ်တွေ အစီအရီ ပြထားတယ်။ ဆိုင်ထဲက စင်တွေပေါ်မှာဓာတ်မြေဩဇာတွေ၊ အပင်ကြီးဆေးတွေ၊ ပေါက်ချွန်းတွေ၊ မြေဆွေးထုပ်တွေ၊ ကုန်းနှီးတွေ စီတန်းနေတယ်။ ဟိုးဘက်အစွန်ဆုံး နံရံမှာ ယုန်အရှင်တွေ ထည့်ထားတဲ့ လှောင်အိမ်တွေ။ ယုန်ပေါက်တွေက မျက်တောင်မခတ်ဘဲ ပြူးကြောင်ကြောင်နဲ့ ငေးနေကြတယ်။ ယုန်ဆိုတာ ကမ္ဘာပေါ်မှာ အတုံးဆုံး အိမ်မွေးတိရစ္ဆာန်ပဲ။ ဘာမှ မလုပ်တတ်ဘဲ ဒီအတိုင်း ထိုင်ပြီး အီးပါနေတဲ့ သတ္တဝါမျိုးကို ဘယ်သူက မွေးချင်သလဲ၊ ကျွန်မနားမလည်ဘူး။ နေရာတကျ အီးပါတတ်အောင် လေ့ကျင့်ပေးလို့ရပါတယ်တဲ့၊ ပြောကြတာပဲ။ အလကား လျှောက်ပြောနေတာ။

"လိုင်ဝိုက်သ်..."..လိုင်ဝိုက်သ်က ဆိုင်ထဲက ပစ္စည်းတွေကို ကျီးကြည့်ကြောင်ကြည့်နဲ့ အကဲခတ်နေတယ်။ "လိုင်ဝိုက်သ်.. ရှင် ဒီတစ်ခါတော့.."

"သိတယ်၊ ဒီတစ်ခါ ဘာမှ ဝင်မပြောပါဘူး။ စိတ်ချ"

ဆိုင်ရှင်တို့..ဆိုပြီး လိုင်ဝိုက်သ်က အော်ခေါ်တယ်။ ဆိုင်ထဲမှာ ဝန်ထမ်းတစ်ယောက်မှ မရှိဘူး။ ဈေးဝယ်လည်း မရှိ။ ဒါပေမယ့် အချိန်ကလည်း အင်္ဂါနေ့မနက်ကြီးဆိုတော့ .. မိုးကလည်း ရွာနေသေးတယ်လေ။ တဂျွမ်ဂျွမ် ထွက်နေတဲ့

ဂျပ်စ် သီချင်းသံနဲ့ ဖြူလျှလျှ မီးချောင်းရောင်တွေအောက်မှာ ကျွန်မ ဆေးခြောက် ရှူမထားဘဲ ဆေးကွဲချင်သလိုလို ရီဝေလာတယ်။ ဟော..ဆိုင်နောက်ဘက်ကနေ လူတစ်ယောက် လျှောက်လာနေပြီ။ ကျွန်မ သူ့ဆီကို လျှောက်သွားလိုက်တယ်။ အဲဒီလူက အသားညိုညို၊ ဗလတောင့်တောင့်၊ ဆံပင်နက်နက်ရှည်ရှည်ကို နောက်ပြန် ကျစ်ဆံမြီး စည်းထားတယ်။ ကျွန်မတို့ကို မြင်တော့ လက်ပြတယ်။

"ဟာ၊ ဆောရီး"..သူက တောင်းပန်တဲ့ အမူအရာနဲ့ပြောတယ်။ ပွင့်နေတဲ့ တံခါးဘက်ကို တစ်ချက် လှမ်းကြည့်တယ်။ ကျွန်မတို့ကို ပြန်ကြည့်တယ်။ ဆိုင်ဖွင့် ချိန် ဆိုတာကို သူကိုယ်တိုင် မေ့နေပုံပဲ။ "ဝင်လာတာ မကြားလိုက်မိဘူး"

"သီချင်းသံ အရမ်းကျယ်နေလို့ ဖြစ်မယ်ဗျ"..လိုင်ဝိုက်သ်က မျက်နှာ ကြက်ကို လက်ညှိုးထိုးပြပြီး အော်ပြောတယ်။

"ဟုတ်လား၊ အရမ်းကျယ်နေလို့လား။ ခဏလေး အသံတိုးလိုက်မယ်" သူက နောက်ဘက် ရုံးခန်းထဲကို ပြန်ဝင်သွားတယ်။ ခဏကြာတော့ သီချင်းသံ လုံးဝ တိတ်သွားတယ်။

"ရပြီလား၊ ဘာကူညီပေးရမလဲ"..ပျိုးစေ့အိတ်တွေ ထပ်ထားတဲ့ပေါ်မှာ ဘေးတစောင်းမှီရပ်လိုက်ရင်း၊ ကျွန်မတို့ကို ကြည့်ရင်း သူက မေးတယ်။ သီချင်း ပိတ်ပေးလိုက်ရတဲ့အတွက် မကြည်မသာ ဖြစ်နေပုံပဲ။

"ကျွန်မ ထရေးတီပန်နီနဲ့ တွေ့ချင်လို့ပါ"..ကျွန်မ ပြောလိုက်တယ်။

"ငါက ထရေးတီပန်နီပဲ။ ထရေးလို့ပဲ ခေါ်ပါ။ ဘာလုပ်ပေးရမလဲ".. သူ့ပုံစံက သာမန်ထက်ပိုပြီး ဖျတ်လတ်နေတယ်။ နှုတ်ခမ်းကို မသိမသာ ကိုက်ထား တယ်။ ခြေဖျား အသာထောက်ထားတယ်။ ရုပ်ကလည်း တော်တော် ကြည့်ကောင်း တယ်။ အသက်ငယ်သလား၊ ကြီးသလား သေချာ ဖမ်းလို့မရဘူး။

"ဟုတ်".. ဟုတ်..ဘာဆက်ပြောရမလဲ၊ ကျွန်မလည်း မသေချာဘူး။ သူ့ နာမည်ကို တစ်ချိန်လုံး ကြားနေရတာ တစ်ခုကလွဲရင် ကျွန်မ ဘာသေချာသိလို့လဲ။ ဘာမေးရမလဲ။ ရှင် အရင်တုန်းက လောင်းကစားဒိုင်လားလို့ မေးရမလား။ ဒီယွန် ဒရာနဲ့ သိလားလို့ မေးရမလား။ လူသတ်မှုနဲ့ စွပ်စွဲရမလား။

"ဟုတ်.. ကျွန်မ အစ်ကိုနဲ့ ပတ်သက်ပြီး မေးချင်လို့ပါ"

"ဘန်..လား"

"ဟုတ်တယ်"..ကျွန်မ အံ့သြသွားတယ်။

ထရေးက မိကျောင်းအပြုံးနဲ့ ပြုံးတယ်။ "အင်း ငါမင်းကို ကြည့်လိုက်တာ

နဲ့ မှတ်မိပါတယ်။ ဆံပင်နီတာချင်းလည်း တူတယ်။ မျက်နှာကလည်း မင်းအစ်ကို အတိုင်းပဲ။ မင်းက မသေဘဲ ကျန်ခဲ့တဲ့ တစ်ယောက်မဟုတ်လား။ ဒက်ဘီလား"

"လစ်ဘီပါ"

"အင်း… လစ်ဘီဒေး။ မင်းကရော ဘယ်သူလဲ"

"ကျွန်တော်က သူ့သူငယ်ချင်းပါ"…လိုင်ဝိုက်သ်က ရှင်းပြတယ်။ ဘာမှ မမေးမိအောင် အတင်းထိန်းထားတဲ့ လိုင်ဝိုက်သ်ရဲ့ ပုံစံကို ကျွန်မ လှည့်မကြည့်ဘဲ သိနေတယ်။ ခရစ်ဆီကိတ်နဲ့ သွားတွေ့တုန်းကလို ထပ်ဖြစ်မှာ စိုးလို့။

ထရေးက စင်တွေပေါ်က ပစ္စည်းတွေကို ဟိုရွှေ့ဒီပြောင်း လုပ်တယ်။ ပိုး သတ်ဆေး ပုလင်းတွေကို နေရာတကျ ပြန်စီတယ်။ အလုပ်များချင်ယောင် ဆောင် နေတာပါ။ စာအုပ်ဖောက်ထိုး ဖတ်နေတဲ့ သူလိုပဲ ကြည့်ရတာ အဆင်မပြေဘူး။

"ရှင် ကျွန်မ အဖေနဲ့ရော သိလား"

"ရန်နာဒေးလား။ ရန်နာ့ကို မသိတဲ့သူ ရှိလို့လား"

"ရန်နာနဲ့ နောက်ဆုံးတစ်ခေါက် တွေ့တော့ သူက ရှင့်နာမည်ကို ပြောပြ လိုက်တယ်"

ထရေးက ပခုံးပေါ်ကျလာတဲ့ ကျစ်ဆံမြီးကို နောက်ကိုလွှဲတင်လိုက်တယ်။

"ဟုတ်လား၊ ရန်နာ သေသွားပြီလား"

"မသေသေးဘူး။ အိုကလာဟိုးမားဘက်မှာ နေနေတယ်။ သူပြောပုံအရ ဆိုရင်တော့ အဲဒီ လူသတ်မှုတွေ ဖြစ်တဲ့ညနဲ့ ရှင်နဲ့ ပတ်သက်နေတယ်တဲ့။ အဲဒါ… အဲဒီညနဲ့ ပတ်သက်ပြီး ရှင်သိထားတာ ဘာများရှိသလဲ"

"ရန်နာဆိုတဲ့ ဘဲကြီးက အရင်ကတည်းက ဂေါက်နေတာ။ အခုလည်း ရူးကြောင်ကြောင် ဖြစ်နေတုန်းပဲပေါ့"

"သူကပြောတယ်။ အဲဒီတုန်းက ရှင်က လောင်းကစားဒိုင်လုပ်တယ်တဲ့"

"အင်း"

"ပြီးတော့ စေတန်ကိုးကွယ်တဲ့ အဖွဲ့ထဲမှာလည်း ရှင်ပါတယ်တဲ့"

"အင်း"

သူ့လေသံက အတိတ်မှာ ချန်ထားခဲ့တဲ့ အမှားတစ်ခုကို ပြန်လည်ဝန်ခံနေတဲ့ လေသံမျိုး ခပ်ဖျော့ဖျော့နဲ့။

"ဒါဆို တကယ်ကြီးပေါ့"…လိုင်ဝိုက်သ်က ဝင်ပြောတယ်။ ပြီးတော့မှ စကားမှားသွားတာကို နောင်တရတဲ့ ပုံစံနဲ့ ကျွန်မဘက်ကို လှမ်းကြည့်တယ်။

"အေး ဟုတ်တယ်။ ရန်နာက ငါ့ဆီမှာ အကြွေးတွေ အများကြီးတင်နေခဲ့တာ။ အခုထိလည်း အကြွေးမကျေသေးဘူး။ ဒါပေမယ့် အဲဒါနဲ့ပဲ မင်းအိမ်ထဲမှာ ဖြစ်တဲ့ လူသတ်မှုအကြောင်း ငါ သိတယ်လို့ ပြောလို့ မရဘူးလေ။။ ဘာမှ မဆိုင်ဘူး။ ဒီအကြောင်းကို လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကတည်းက ငါ ရှင်းပြခဲ့ပြီးပြီ"

"၁၀ နှစ် မကတော့ဘူးလေ။ ၂၅ နှစ် ရှိပြီ"

ထရေးက မျက်မှောင်ကြုတ်သွားတယ်။

"ဟ..အဲဒီလောက်တောင် ကြာသွားပြီလား"..မယုံသလိုလို လေသံနဲ့ မေးရင်း ထရေးက သူ့ဘာသာသူ စိတ်တွက် တွက်ကြည့်တယ်။ ဟုတ်သားပဲဆိုတဲ့ ပုံစံနဲ့ သက်ပြင်းချတယ်။

"ဘန်နဲ့ ရှင်နဲ့ သိခဲ့သလား"..ကျွန်မ မေးလိုက်တယ်။

"သိတယ်ဆိုရုံပါပဲ။ အရမ်းခင်တာတော့ မဟုတ်ဘူး"

"ဒါပေမယ့် ဒီအမှုကို စုံစမ်းလိုက်တိုင်း ရှင့်နာမည်ကို တစ်ချိန်လုံး ကြားနေရတယ်"

"ငါ့နာမည်က မှတ်မိလွယ်လို့ နေမှာပေါ့"..ထရေးက ပခုံးတွန့်ရင်းဖြေတယ်။ "ဒီမှာ..ဒီလိုကွ။ အဲဒီခေတ်တုန်းက ကင်နက်ကီမြို့ဆိုတာ လူမျိုးရေးတော်တော် ခွဲတဲ့မြို့။ ငါတို့လို အင်ဒီးယန်းတွေအတွက် နေလို့မကောင်းတဲ့ မြို့မျိုးပဲ။ ငါမလုပ်တဲ့ အမှုတွေအတွက် စွပ်စွဲခံခဲ့ရတာ မနည်းဘူး။ တစ်ခုခုဆိုရင် အင်ဒီးယန်းတွေလုပ်တာပဲ ဖြစ်မယ်..ဆိုပြီး လက်ညှိုးထိုးကြတာ"

"ဪ.."

"ငါ ဝန်ခံပါတယ်။ ငါကိုယ်တိုင်ကလည်း လူကောင်းတော့ မဟုတ်ခဲ့ဘူး။ ဒါပေမယ့် အဲဒီည ပြီးတော့.. မင်းတို့ မိသားစု သတင်းကိုကြားပြီးတော့ ငါလည်း တော်တော်လေး လန့်သွားတယ်။ ဆေးတွေဘာတွေ ပြတ်သွားတယ်။ ချက်ချင်းကြီး ပြောင်းလဲသွားတာတော့ မဟုတ်ဘူး။ အဲဒီ လူသတ်မှုတွေ ဖြစ်ပြီး နောက်တစ်နှစ်လောက်မှာ ငါ လူကောင်း ပြန်ဖြစ်သွားတာပဲ။ ဆေးမသုံးတော့ဘူး။ နတ်ဆိုးကိုးကွယ်တာတွေ ဆက်မလုပ်တော့ဘူး။ ဆေးဖြတ်တာက လွယ်ပါတယ်။ နတ်ဆိုးကို မယုံတော့အောင် ကြိုးစားရတာက ပိုခက်တယ်"

"ခင်ဗျားက စေတန်ကို တကယ်ယုံခဲ့လို့လား"..လိုင်ဝိုက်သ်ကမေးတယ်။

ထရေးက ပခုံးတွန့်တယ်။ "အင်း..တစ်ခုမဟုတ် တစ်ခုကိုတော့ ယုံကြတာပဲလေ။ လူတိုင်းမှာ ယုံကြည်ချက်တော့ ရှိကြတာပဲ"

ကျွန်မကတော့ ဘာကိုမှ မယုံဘူး။

"ဒီလိုကွာ.. စေတန်ဆိုတဲ့ နတ်ဆိုးဟာ ခွန်အားကြီးတယ်လို့ယုံလိုက်တော့ သူ့ကိုယုံတဲ့အတွက် ငါ့မှာလည်း ခွန်အားတွေ ရှိလာတယ် ဆိုပြီး ထင်တာမျိုး။ ဒါပေမယ့် အဲဒါတွေက ကြာခဲ့ပါပြီ။ မေ့တောင်မေ့နေပြီ"

"ဒီယွန်ဒရာ ဆိုတဲ့ မိန်းမနဲ့ရော သိလား"..ကျွန်မ မေးလိုက်တယ်။

ထရေးက ချက်ချင်း ပြန်မဖြေဘဲ ယုန်လှောင်အိမ်တွေနားကို လျှောက်သွားတယ်။ လှောင်အိမ်အပေါက်ထဲက လက်လျှိုပြီး ယုန်တစ်ကောင်ကို ပွတ်ပေးတယ်။

"ဒက်ဘီ..ဆောရီး.. လစ်ဘီ။ မင်း ဘာလုပ်မလို့ မေးနေတာလဲ"

"ဒီယွန်ဒရာဆိုတဲ့ မိန်းမကို ကျွန်မ လိုက်ရှာနေတာ။ လူသတ်မှုတွေဖြစ်တဲ့ အချိန်တုန်းက ဒီယွန်ဒရာ့မှာ ဘန်နဲ့ရတဲ့ကိုယ်ဝန် ရှိနေတယ်ဆိုတာ ကျွန်မ သိထားတယ်။ လူသတ်မှုတွေပြီးတော့ အဲဒီမိန်းမ လုံးဝ ပျောက်သွားတယ်။ ဘန်ရယ်၊ အဲဒီမိန်းမရယ်၊ ရှင်ရယ်..သုံးယောက် အတူတူ ရှိနေကြတာကို တွေ့လိုက်တဲ့လူတွေ ရှိတယ်"

"ဒီယွန်ဒရာ..ဒီယွန်ဒရာ။ ငါထင်တယ်။ သူ့လက်ချက်ကြောင့်ပဲ ငါ့ကို တစ်ချိန်ချိန် အမှုပတ်တော့မယ်လို့ ထင်နေတာ။ ထင်ထားတဲ့ အတိုင်းပဲ။ ဟား ဟား"..ထရေးက အားရပါးရ ပြုံးတယ်။ "ဒီယွန်ဒရာ ဘယ်ရောက်နေသလဲတော့ ငါတကယ် မသိဘူးဟ။ အဲဒီကောင်မက ငယ်ငယ်ကတည်းက အိမ်ကနေတစ်ချိန်လုံး ထွက်ပြေးနေတာ။ ဒရာမာကွင်းပဲ။ တကယ်။ ထွက်ပြေးတယ်။ သူ့မိဘတွေကပြန် လိုက်ခေါ်တယ်။ ပြန်လာတယ်။ ပြီးရင် ခဏတည့်သွားမယ်။ သူ့မိဘတွေနဲ့ ထပ် ပြဿနာ တက်မယ်။ သူ့မိဘတွေကလည်း သူ့ကို လုံးဝ ဂရုမစိုက်ဘူးလေ။ ဒီလိုနဲ့ ဒီယွန်ဒရာက နောက်ထပ် မဟုတ်တာ တစ်ခုခု ထပ်လုပ်မယ်။ အိမ်ကထပ်ပြီးထွက် ပြေးမယ်။ သံသရာလည်နေတာပဲ။ တီဗွီ ဇာတ်လမ်းတွဲတွေ အတိုင်းပဲ အပိုင်းဆက် နဲ့ မပြီးနိုင်ဘူး။ နောက်ဆုံးကျတော့ အိမ်ကို လုံးဝ ပြန်မလာတော့ဘဲ တစ်နေနေရာ မှာပဲ နေလိုက်တယ်ထင်တယ်"

"ရဲတွေရဲ့ လူပျောက် စာရင်းထဲမှာ သူ့နာမည်ကိုတွေ့လိုက်တယ်"..လိုင် ဝိုက်သ်က ဝင်ပြောတယ်။ သူဝင်ပြောလိုက်လို့ ကျွန်မများ စိတ်ဆိုးသွားမလားဆိုပြီး ကျွန်မကို တစ်ချက်ကြည့်တယ်။ စိတ်မဆိုးပါဘူး။

"ဘာမှ မဖြစ်ပါဘူး။ မသေလောက်သေးပါဘူး"..ထရေးက ပြောတယ်။ "ငါထင်တာကတော့ သူ့နာမည်ဂုက်တွေထဲက နာမည်အတု တစ်ခုနဲ့ တစ်နေရာရာ

မှာ ခြေရာပျောက်နေတယ် ထင်တာပဲ''

''နာမည်ဝှက်ဆိုတာက··''··ကျွန်မ မေးလိုက်တယ်။ လိုင်ဝိုက်သ်ရဲ့လက်မောင်းကို လှမ်းကိုင်ပြီး မေးခွန်းတွေ စွတ်မမေးဖို့ အချက်ပြလိုက်တယ်။

''ဒီလိုပါပဲ၊ ဒီယွန်ဒရာက သူများနဲ့ မတူအောင် အမြဲကြိုးစားနေတဲ့ မိန်းကလေးမျိုး။ လေသံကိုတောင် မြောက်ပိုင်းလေသံ ပြောင်းပြောလိုက်၊ တောင်ပိုင်းလေသံ ပြန်ဝဲလိုက်နဲ့ အမျိုးမျိုး လုပ်နေတာ။ ဘယ်သူ့ကိုမှ သူ့နာမည် အရင်းကို ပြောမပြဘူး။ အလှပြင်ဆိုင် သွားရင်လည်း နာမည်အတုနဲ့ စာရင်းပေးတယ်။ ပီဇာမှာစားရင်လည်း နာမည်အတုနဲ့ မှာတယ်။ တမင် လျှောက်လုပ်နေတာပါ။ လူတွေကို လှည့်ရပတ်ရတာကို သဘောကျတာ။ 'ကျွန်မက ဒဲလက်စ်မှာနေတဲ့ *ဒီစရီ* ပါ။ ကျွန်မက လန်ဒန်မှာနေတဲ့ *အဲလက်စ်စစ်* ပါ' အစရှိပဲ။ နာမည်ပေးရင်လည်း အပြောမင်းသမီး နာမည်မျိုးတွေ ရှာပြီး ပေးတတ်တယ်''

''အပြောကား ရိုက်ဖူးလို့လား··သူက''

''မဟုတ်ပါဘူး။ အပြောကားဆန်ဆန် နာမည်မျိုး တမင်လုပ်ပေးတာကွာ။ မင်းငယ်ငယ်တုန်းက အိမ်မှာ ခွေးတွေ ကြောင်တွေ ရှိလား။ နာမည်ဘယ်လိုခေါ်လဲ''

ကျွန်မ ကြောင်တောင်တောင်နဲ့ သူ့ကို ပြန်ကြည့်လိုက်တယ်။

''မင်းရဲ့ အိမ်မွေးတိရစ္ဆာန် နာမည် ဘယ်လိုခေါ်လဲလို့''

''ဂရေစီ··''·· ဒိုင်ယန်းရဲ့ သေသွားတဲ့ခွေးနာမည်ကို ယူသုံးလိုက်တယ်။

''အိုကေ၊ မင်းငယ်ငယ်တုန်းက နေဖူးတဲ့ လမ်းနာမည်ကရော''

''ရွာလမ်း အမှတ် (၂)''

ထရေးက အော်ရယ်တယ်။ ''ဟားဟား··အဲဒါဆိုရင်တော့ အဆင်မပြေဘူးကွ။ ဒီလိုကွာ *ဘန်ဘီအဲဗားဂရင်း*တို့··ဘာတို့လိုမျိုး ကလက်တက်တက် နာမည်မျိုးဖြစ်အောင် နာမည်တွေ ပေါင်းကြည့်တာ။ ဒီယွန်ဒရာ အမြဲသုံးတတ်တဲ့ နာမည်က ဘာတဲ့··ပေါ်လီ··ဘာဆိုလား။ *ပေါ်လီပမ်*·· ဟုတ်တယ်··ပေါ်လီပမ်··တဲ့။ ဘယ်လောက် မိုက်သလဲ''

''ဒီယွန်ဒရာ မသေသေးဘူးလို့ ရှင်က ထင်တယ်ပေါ့''

ထရေးက ပခုံးတွန့်တယ်။

''ဘန့်မှာ အပြစ်ရှိတယ်လို့ရော ရှင်ထင်သလား''

''အဲဒါတော့ ငါလည်း သေချာမပြောတတ်ဘူး''

လိုင်ဝိုက်သ်က ရုတ်တရက်ကြီး ခုန်ဆွခုန်ဆွ ဖြစ်လာတယ်။ ကျွန်မကျော

ကို လက်ညှိုးနဲ့ တဆတ်ဆတ် ထောက်ပြီး ပြန်ဖို့ အချက်ပြတယ်။

"အခုလို ရှင်းပြတာ ကျေးဇူးပါ"..လိုင်ဝိုက်သ်က ဖြတ်ပြောတယ်။ကျွန်မ သူ့ကို မျက်မှောင်ကြုတ် ကြည့်လိုက်တော့ သူကလည်း ကျွန်မကို ပြန်ပြီး မျက်လုံး ပြူးပြတယ်။ မျက်နှာကြက်က မီးချောင်းတစ်ချောင်း လင်းလိုက် မှိတ်လိုက် ဖြစ်လာတယ်။ တဖျတ်ဖျတ်လက်နေတဲ့ မီးရောင်ကြောင့် လှောင်အိမ်ထဲက ယုန်တွေက လန့်ပြီး ဟိုပြေးဒီပြေး ထပြေးကြတယ်။ ထရေးက မီးချောင်းကို လှမ်းအော်တယ်။ မီးချောင်းက ထရေးအသံကို ကြားသွားသလို..ချက်ချင်းပဲ ပုံမှန်ပြန်ဖြစ်သွားတယ်။

"ဟို ကျွန်မ ဖုန်းနံပါတ် ပေးထားခဲ့ရမလား။ ရှင် စဉ်းစားမိတာတစ်ခုခု ရှိရင် ကျွန်မကို ဆက်သွယ်လို့ ရတာပေါ့"

ထရေးက ပြုံးပြီး ခေါင်းခါတယ်။ "မပေးခဲ့ပါနဲ့"

ကျွန်မတို့ကို ထားခဲ့ပြီး ထရေး သူ့ ရုံးခန်းထဲကို ပြန်ဝင်သွားတယ်။ ဆိုင်အဝင်ဝနားကို ရောက်တော့ သီချင်းသံ ပြန်ထွက်လာတယ်။ အပြင်မှာ မိုးနဲ့အတူ မှန်တိုင်းပါ ပါလာပြီ။ ကောင်းကင် တစ်ခြမ်းက မှောင်နေတယ်။ တစ်ခြမ်းကတော့ လိမ္မော်ရောင်။

...

လိုင်ဝိုက်သ်က ကျွန်မကို ကျော်ပြီး လှေကားပေါ်ကနေ ခုန်ပေါက်ဆင်းသွားတယ်။ ကားတံခါး လက်ကိုင်ကို ကမန်းကတမ်း ဖွင့်တယ်။ ပါးစပ်ကလည်း တတွတ်တွတ်နဲ့ *လာလေလာလေမြန်မြန်လာ*..ဆိုပြီး ရွတ်နေတယ်။ ကျွန်မ ရှေ့ခန်းမှာ ဝင်ထိုင်လိုက်တယ်။ စိတ်တိုတိုနဲ့ "ဘာဖြစ်နေတာလဲ"လို့ မေးလိုက်တယ်။ မိုးခြိမ်းသံ ဂျိန်းခနဲ ထွက်လာတယ်။ ဝေ့ခနဲ တိုက်လိုက်တဲ့လေပြင်းထဲမှာမြေသင်းနံ့တွေ လှိုင်လှိုင်ကြီး ပါလာတယ်။

"မောင်းပါ။ လစ်ဘီ မြန်မြန်မောင်းတော့.. မြန်မြန်"

"ဟုတ်ပါပြီဆရာ"

ကားပါကင်ထဲကနေ မောင်းထွက်လိုက်ပြီး ကန်းဆက်စ်စီးတီး ဘက်ကို ဦးတည်လိုက်တယ်။ မိုးက အရှိန်မြင့်လာပြီ။ ငါးမိနစ်လောက် မောင်းပြီးသွားတော့ လိုင်ဝိုက်သ်က ကားကို ရပ်ခိုင်းတယ်။ ကျွန်မဘက်ကို ဝုန်းခနဲ လှည့်ပြီး ပြောတယ်။ "သိပြီ၊ ကျွန်တော် သိပြီ"

+++

## ဘန်ဒေး

**၁၉၈၅၊ ဇန်နဝါရီ (၃) ရက်**
**မနက် ၁၂ နာရီ ၀၂ မိနစ်**

ဒီယွန်ဒရာ့ ခြံအပြင်မှာ ထရေး ကားကို ရပ်လိုက်တော့ ခွေးတွေက ဝိုင်း ဟောင်ကြပြန်တယ်။ လူတွေ၊ ကားတွေ မမြင်ဖူးသလိုဘဲ အသည်းအသန် ဟောင်ကြ တာ။ ဒီယွန်ဒရာ့ကိုတောင် မှတ်မိရဲ့လားမသိဘူး။ ဘန်ရယ်၊ ဒီယွန်ဒရာရယ်၊ထရေး ရယ် သုံးယောက်သား ခြံနောက်ဘက် တံခါးကနေ လှည့်ဝင်လိုက်တယ်။ အိမ်ရဲ့ နောက်ဖေးတံခါးကို ရောက်တော့ ဒီယွန်ဒရာက ဘန်နဲ့ ထရေးကို အဝတ်တွေအကုန် အပြင်မှာ ချွတ်ထားခဲ့ခိုင်းတယ်။ *အကုန်ချွတ်ပြီး ပုံထားလိုက်။ ပြီးမှ မီးရှို့မယ်။*

ခွေးတွေက ထရေးကို တော်တော်ကြောက်ကြတယ်။ အဝေးကနေပဲ လှမ်း ဟောင်တယ်။ အနားမကပ်ရဲဘူး။ ခွေးတွေထဲက တစ်ကောင်ကို ထရေးက အားရ ပါးရ ပိတ်ကန်ထားဖူးတယ်လေ။ အဲဒါပြီးကတည်းက ထရေးအနားကို မကပ်ရဲကြ တော့ဘူး။ ထရေးက ရပ်ရှင်မင်းသားတွေ အင်္ကျီချွတ်သလို တီရှပ်ကို နောက်ဘက် ကနေ ဆွဲမပြီး ချွတ်လိုက်တယ်။ ဂျင်းဘောင်းဘီ ကြယ်သီးကို ဖြုတ်ရင်း ဒီယွန်ဒရာ့ ကို မရိုးမရွ အကြည့်နဲ့ တစ်ချက်ကြည့်တယ်။ မသိရင် သူနဲ့ ဒီယွန်ဒရာ တူတူအိပ် တော့ မလိုလိုပဲ။ ဘန်လည်း သူ့ရှပ်အင်္ကျီကို ထရေး ချွတ်သလို လိုက်ချွတ်တယ်။ သားရေဘောင်းဘီက မနည်း ဆွဲချွတ်ရတယ်။ ဘောင်းဘီ တစ်ခုလုံး ချွေးတွေချည်း ပဲ။ ဘန် ဘောင်းဘီ ချွတ်လိုက်တာနဲ့ ခွေးတွေက ဘန့်နားကို ဝိုင်းလာကြတယ်။ ဘန့် ပေါင်ကြားကို နှာခေါင်းနဲ့ တိုးပြီး ရှူတယ်။ လက်တွေကို ဝါးစားတော့မလို ဝိုင်းလျက်တယ်။ တစ်ကောင်ကို နှာခေါင်းကနေ ကိုင်ပြီး ဘန် တွန်းထုတ်လိုက် တယ်။ မရပါဘူး။ ချက်ချင်း ပြန်ရောက်လာတယ်။ ပိုတောင် ကြမ်းတမ်းလာသေး တယ်။

"မင်းကို မွေးမွေး ပေးချင်နေတာလေ။ အနမ်းခံလိုက်လေ"..ထရေးက ရယ်ရင်းပြောတယ်။

"ခွေးနမ်းတာပဲ ခံရမယ်။ ငါတော့ သူ့ကို မနမ်းနိုင်ဘူး"..ဒီယွန်ဒရာက နှာခေါင်းရှုံ့ရင်း၊ ခေါင်းကို အရူးမလို ယမ်းရင်း ပြောတယ်။ ဒီယွန်ဒရာကလည်း ဘန်တို့လိုပဲ သူ့ဂျင်းဘောင်းဘီကို ချွတ်ချလိုက်တယ်။ အပေါ်က ဆွယ်တာကို ပါ ချွတ်ချလိုက်ပြီး တစ်ကိုယ်လုံးမှာ ဘရာစီယာ တစ်ခုတည်းဝတ်ရင်း မတ်တပ်ရပ် နေတယ်။ ဒီယွန်ဒရာ့ ဗိုက်သား တစ်ဝိုက်မှာ အကြောပြတ်ရာ အကြောင်းလိုက်တွေ ဖြစ်နေတာကို ဘန် ငေးကြည့်နေမိတယ်။

"ဘာကြည့်နေတာလဲ"..ဒီယွန်ဒရာက မေးတယ်။

"ဘာမှ မဟုတ်ပါဘူး။ အထဲဝင်တော့လေ"

"ဝင်မှာပေါ့၊ ဘာဖြစ်နေတာလဲ"..ဒီယွန်ဒရာက သူ့ဆွယ်တာနဲ့ဘောင်းဘီ ကို ခြေထောက်နဲ့ လှမ်းယူပြီး ထရေးဘက်ကို ပစ်ပေးလိုက်တယ်။ အထဲဝင်ပြီး မာတ်ဆီ သွားယူလိုက်ဦးမယ်တဲ့.. ဘန့်ကို အဖက်မလုပ်ဘဲ ထရေးကိုပဲ သေချာ မှာသွားတယ်..။

ထရေးက အဝတ်တွေကို စုပြီး ပုံတယ်။ အောက်ခံဘောင်းဘီ တစ်ထည် တည်း ဝတ်ပြီး မတ်တတ်ရပ်နေတယ်။ "မင်း ယောကျ်ားမပီသဘူး ဘန်ဒေး" တဲ့.. ဘန့်ကို အပြစ်တင်တယ်။

"ဘာမှ မဆိုင်ပါဘူး"..ဘန် မပွင့်တပွင့် ပြောလိုက်တယ်။ ထရေးက မင်းဘာပြောလိုက်တာလဲ..လို့ မေးတော့ ဘန် ခေါင်းပဲ ခါလိုက်တယ်။ ခွေးတွေ ထဲက တစ်ကောင်က ဘန့် ကိုယ်လုံးပေါ်မှာ တက်ပြီး လူးနေပြီ။ ဘန့်ပေါင်တွေကို လက်သည်းနဲ့ ကုတ်တယ်။ သွေးပေနေတဲ့ ဗိုက်သားနေရာတွေကို လျှာနဲ့ လျက်တယ်။ "ဖယ်စမ်းကွာ"..ဘန် စိတ်တိုတိုနဲ့ အော်လိုက်တယ်။ ခွေးက ပြောနေတာကိုနား မထောင်ဘဲ ကိုယ်ပေါ်ကို ထပ်တက်လာတော့ ဘန် လက်ပြန် ရိုက်ချလိုက်တယ်။ ခွေးက ဂီးခနဲ သွားဖြဲပြတယ်။ ကိုက်တော့မလို မျက်နှာ ဖြစ်သွားတယ်။ ကျန်တဲ့ ခွေးနှစ်ကောင်ကလည်း တဂီးဂီးနဲ့ မာန်ဖီတယ်။ ဘန် အိမ်ဘက်ကို တစ်လှမ်းချင်း နောက်ပြန်ဆုတ်သွားတယ်။ "သွားလေ။ သွားစမ်း"..ခွေးတွေက ဒီယွန်ဒရာထွက် လာမှပဲ ဘန့်ကို မာန်ဖီနေရာကနေ လှည့်ထွက်သွားကြတယ်။

"ခွေးတွေက အားနည်းတဲ့ကောင်ကို မလေးစားဘူးကွ"..ထရေးကလှမ်း ပြောတယ်။ အောက်ခံဘောင်းဘီတောင် မပါဘဲ ကိုယ်လုံးတီး ဖြစ်နေတဲ့ ဘန့်ကို

ခြေဆုံးခေါင်းဆုံးကြည့်တယ်။ "အောက်မွေးတွေပါ နီနေတာပဲ။ ဟားဟား"

ဒီယွန်ဒရာ့လက်ထဲက ခါတ်ဆီပုံးကို ထရေးက လှမ်းယူတယ်။ ဒီယွန်ဒရာက အခုထိ အောက်မှာ ဘာမှ ဝတ်မထားဘူး။ သူ့ရဲ့ ပူနေတဲ့ဗိုက်ကနေ စူထွက်နေတဲ့ ချက်နေရာက ကြယ်သီး တစ်လုံးလို ဖုလုံးနေတယ်။ ထရေးက အဝတ်ပုံပေါ်ကို ခါတ်ဆီလောင်းချတယ်။ ခါတ်ဆီဘူးကို ပေါင်ခွကြားမှာ ထားပြီး သေးပေါက်တဲ့ အမူအရာ လုပ်ပြတယ်။ အဝတ်ပုံပေါ်ကို မီးခြစ်ဆံကို ခြစ်ပြီး ပစ်ချလိုက်တော့ ခါတ်ဆီစွဲနေတဲ့ အဝတ်တွေက ဂုန်းခနဲ မီးထလောင်တယ်။ ထရေး လန့်ပြီးနောက်ကို လန်ကျသွားတယ်။ ထရေး လန့်သွားတာကို ဒီတစ်ခါပဲ ဘန် တွေ့ဖူးသေးတယ်။ ဒီယွန်ဒရာက ထရေး ပုံပျက်ပန်းပျက် လန်ကျသွားတာကို မကြည့်ရက်သလို၊ အားနာသလို မျက်နှာလွှဲသွားတယ်။ ဘန့်ရင်ဘတ်ထဲမှာ အောင့်သွားတယ်။ ဒီတစ်ခုက ဒီတစ်ညလုံးမှာ ဘန့်အတွက် ဝမ်းနည်းစရာ အကောင်းဆုံးပဲ။ သူ့ရဲ့ ဇနီးမယားဖြစ်လာမယ့်၊ သူ့ရင်သွေးကို လွယ်ထားတဲ့ မိန်းကလေးက တခြား ယောကျ်ားတစ်ယောက်ကို ဒီလို အားနာတတ်တယ်၊ ဘန့်ကိုတော့ ဘယ်တော့မှ အားမနာဘူး၊ မသနားဘူး။

ဒီယွန်ဒရာ သူ့ကို လေးစားလာအောင် ဘန် လုပ်မှ ဖြစ်မယ်။

...

ဒီယွန်ဒရာ့အိမ်မှာ ဘန် ပိတ်မိနေတယ်။ ထရေးနဲ့ ဒီယွန်ဒရာ ဆေးခြောက်ရှူနေတာကို ထိုင်ကြည့်နေရတယ်။ စက်ဘီးမရှိဘဲ အိမ်ပြန်လို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အပြင်မှာ အေးခဲနေတာ။ နှင်းတွေလည်း အရမ်းကျနေတယ်။ နှင်းမုန်တိုင်းသာ ကျလို့ကတော့ စောစောက တွေ့ခဲ့တဲ့ နွားတွေ မနက်ကျရင်ခဲပြီးသေနေလောက်ပြီ။ နည်းသေးတယ်။ စည်းမရှိ ကမ်းမရှိ နွားတွေကို အပြင်မှာထားထားတာကိုး။ နွားပိုင်ရှင်တော့ သင်ခန်းစာရသွားမှာပဲ။ ဒေါသစိတ်က ဘန့် ကိုယ်ထဲကနေ ခေါင်းပြူထွက်လာပြန်တယ်။

အကုန်လုံးကို သင်ခန်းစာ ကောင်းကောင်း ပေးပစ်ရမှာ။ တစ်သက်လုံး ဘာပြဿနာမှ မရှိဘဲ အေးအေးဆေးဆေး ဖြတ်သန်းလာတဲ့ လူတွေကို ဘန် သိပ်မုန်းတယ်။ တခြားလူကို မကြည့်နဲ့ ဘန့်အဖေ ရန်နာဒေးကိုပဲ ကြည့်။ ဒီလောက်မူးရူး စုတ်ပြတ်နေတာတောင် ဘန့်လောက် အလုပ်မရှုပ်ဘူး။ မပင်ပန်းဘူး။ သင်ခန်းစာ ပေးရမယ့် လူတွေ တော်တော်များတယ်။ လောကမှာ ဘယ်အရာမှ အလွယ်တကူ မရဘူးဆိုတာကို နားမလည်တဲ့ လူတွေ။ ဘဝရဲ့ ရာခိုင်နှုန်းတော်တော်များများဟာ

ပြဿနာတွေနဲ့ ကုန်ဆုံးသွားမယ်ဆိုတာကို မသိသေးတဲ့လူတွေ··။

ဒီယွန်ဒရာက ဘန့် ဂျင်းဘောင်းဘီတွေကိုပါ မီးရှို့တဲ့အထဲ မှားပြီးပစ်ထည့်လိုက်တယ်။ ဘန် အခု ဒီယွန်ဒရာ့ ဘောင်းဘီပွပွကြီး တစ်ထည်ကို ယူဝတ်ထားရတယ်။ အပေါ်မှာက ဒီယွန်ဒရာ့ ဆွယ်တာ၊ အောက်မှာက ဒီယွန်ဒရာ့ ပိုလိုခြေအိတ်။ ပြီးရင် အကုန်လုံး ပြန်ပေးရမယ်တဲ့··ဒီယွန်ဒရာက သေချာမှာတယ်။ ညဦးနက်လာတာနဲ့ အမျှ အားလုံးရဲ့ ခေါင်းထဲမှာ ရီဝေဝေ ဖြစ်နေတယ်။ မကြာသေးခင်က လုပ်ခဲ့တဲ့ သွေးသံရဲရဲ လုပ်ရပ်တွေကို ပြန်တွေးနေမိကြတယ်။ မကောင်းဆိုးဝါးကို၊ စေတန့်ကို ဆုတောင်းခဲ့တော့ ပါဝါတွေ တကယ်ပဲ ရတော့မှာလား··ဘန် တွေးမိတယ်။ ကိုယ့်ဘာသာကိုယ် မျက်စိမှိတ်ပြီး အတင်း ဖွတ်ယုံခိုင်းတဲ့ ကြောင်တောင်တောင် အပြုအမူ တစ်ခုပဲလား။ စေတန်ကို ယဇ်ပူဇော်တယ်ဆိုတာ တကယ်ပဲလား။ အားရပါးရ ဆေးချချင်လို့ အကြောင်းပြစရာ ရှာတာလား။

ဆေးခြောက်တွေက အစုတ်အပဲ့တွေမှန်း သိသာတယ်။ သောက်ရင်းရှူရင်း လည်ချောင်းတွေပါ ပူလာတယ်။ အဆုတ်တွေတော့ ပျက်တော့မှာပဲ။ လူတွေလည်း အပေါစား ဆေးခြောက်တွေကို ရှူရင်း စိတ်တွေ တိုသထက် တိုနေကြပြီ။

ထရေးက တီဗွီကြည့်ရင်း မျက်တောင်ကို တဖျတ်ဖျတ် ခပ်ရင်း ငိုက်ကျသွားတယ်။ ပြီးတော့ ပြန်ထလာတယ်။ ခေါင်းလည်ပြီး ပြန်လန်ကျသွားတယ်။ မေ့သွားတာလား၊ အိပ်ပျော်သွားတာလားတော့ မသိဘူး။

ဒီယွန်ဒရာက အိမ်သာသွားဦးမယ် ဆိုပြီး ထထွက်သွားတယ်။ ဧည့်ခန်းထဲမှာ ဘန် တစ်ယောက်တည်း ငေါင်တောင်တောင် ထိုင်ရင်း အိမ်ပြန်ချင် စိတ်တွေ တဖွားဖွား ပေါ်လာတယ်။ အိမ်က ဘန့်ရဲ့ အိပ်ခန်းထဲမှာ ဖလန်နယ်စောင်ကိုခြုံရင်း ဒီယွန်ဒရာနဲ့ ဖုန်းပြောနေတဲ့ ပုံစံကို မြင်ယောင်လာမိတယ်။ ဒီယွန်ဒရာက သူ့အိမ်ဖုန်းကို လုံးဝ မသုံးဘူး။ ဘန်လည်း ဒီယွန်ဒရာ့ အိမ်ကို ဖုန်းမဆက်ရဲဘူး။ ဒီယွန်ဒရာ့မိဘတွေက ကောင်လေးတွေ ဖုန်းဆက်တာ လုံးဝ မကြိုက်ဘူးလေ။ ဒီတော့ ဒီယွန်ဒရာက စီးကရက်တစ်ဘူးနဲ့ အပြင်ကိုထွက်တယ်။ လမ်းဘေးဖုန်းတစ်ခုခုမှာ ထိုင်ပြီး ဘန်နဲ့ ဖုန်းပြောတယ်။ ဒီလို တကူးတက ဖုန်းပြောပေးတာ တစ်ခုကိုတော့ ဘန် တကယ် ကျေးဇူးတင်မိတယ်။ သူ့အတွက် ဒီယွန်ဒရာ ဒီလောက် အားစိုက်ပေးတာကို ပျော်တယ်။ အခုနောက်ပိုင်း ဘန်နဲ့တွေ့ရင် ဒီယွန်ဒရာက ဘာကြောင့်မှန်း မသိ ဆူပူဆောင့်အောင့်နေတာ များတယ်။ ပြဿနာတွေပဲ ရှာနေတယ်။ စောစောက သွေးသံရဲရဲ အသက်ထွက်နေတဲ့ နွားထီးကြီးကို ဘန် မြင်ယောင်လာပြန်တယ်။ သူ့

လက်ထဲမှာ ကိုင်ထားခွင့် ရလိုက်တဲ့ သေနတ်ကို ဘန် ပြန်လွမ်းမိသွားတဲ့ အချိန်မှာ ဒီယွန်ဒရာက အိပ်ခန်းဘက်ကနေ ဘန့်ကို အော်ခေါ်တယ်။

ဘန် ဒီယွန်ဒရာ့ အိပ်ခန်းဆီကို လျှောက်သွားလိုက်တယ်။ ကော်ရစ်ဒါဘက်ကို ကွေ့လိုက်တာနဲ့ ဖုန်းမက်ဆေ့ချ် လက်ခံတဲ့ စက်နားမှာ မတ်တတ်ရပ်နေတဲ့ ဒီယွန်ဒရာ့ကိုတွေ့လိုက်ရတယ်။ ဒီယွန်ဒရာက ဘန့်ကိုတွေ့တာနဲ့ "ဘန်..နင်တော့ စောက်ပြဿနာတက်ပြီ"တဲ့..ပြောပြီး စက်ရဲ့ ခလုတ်ကို နှိပ်လိုက်တယ်။

*"ဟေး..ဒီယွန်ဒရာလား။ မီဂန်ပါ။ ဟဲ့..နင် ဘန်ဒေးအကြောင်း ကြားပြီးပြီလား။ ငါတော့ လန့်သွားတာပဲ။ အလယ်တန်း ကောင်မလေးတွေကို ဘန်ဒေးက ဟိုကိုင်ဒီကိုင်တွေ လုပ်တယ်တဲ့။ နင်သိပြီးပြီလား..အဲဒါ။ ငါ့ညီမလေးလည်း ၆ တန်းကျောင်းသူလေ။ တော်သေးတယ် ငါ့ညီမတော့ ပါမသွားဘူး။ ဘယ်လိုဖြစ်တာလဲ ဟယ်.. ဘယ်လို နှာဘူးကြီးလဲ။ သူ့ကို ရဲတွေ ဖမ်းလိုက်ပြီထင်တယ်နော်။ ဟဲ့..ငါ့ကို ဖုန်းပြန်ဆက်ဦး"*

ကလစ်..။ တိပ်ခွေရစ်တဲ့ အသံထွက်လာတယ်။ နောက်ထပ်ကောင်မလေးတစ်ယောက်ရဲ့ စကားသံ..။ *"ဟေး..ဒီယွန်ဒရာ။ ငါပါ..ဂျန်နီပါ။ နင့်ကိုငါပြောသွားပဲ..အဲဒီ ဘန်ဒေးဆိုတဲ့ အကောင်က မကောင်းဆိုးဝါးကောင်ပါလို့။ ဒီကောင့်သတင်း နင်ကြားပြီးပြီ မဟုတ်လား။ အခု ရဲတွေ လိုက်ဖမ်းလို့ ထွက်ပြေးနေတယ်ဆို။ မနက်ဖြန်ကျရင် ကျောင်းမှာ အဲဒီကိစ္စနဲ့ အစည်းအဝေးလုပ်မယ်တဲ့။ ငါတော့ သွားဖြစ်မလား မသေချာဘူး။ နင်သွားမှာလားလို့ သိချင်လို့"*

ဒီယွန်ဒရာက ဖုန်းလက်ခံစက်ကို ရိုက်ခွဲပစ်ချင်တဲ့ မျက်လုံးနဲ့ စိန်းစိန်းကြီး စိုက်ကြည့်နေတယ်။ ဘန့်ဘက်ကို လှည့်တယ်။ "ဘန်ဒေး..ဘာတွေလဲ..နင်ဘာလုပ်ထားတာလဲ"..ဆိုပြီး ပိတ်အော်တယ်။ ဒီယွန်ဒရာ့ မျက်နှာက ပန်းရောင်သမ်းသွားတယ်။ ပါးစပ်ထဲက တံတွေးတွေ ဘန့်မျက်နှာကို လာစဉ်တယ်။ ဘန် ပြန်ဖြေလိုက်တဲ့ စကားက အမှားကြီး မှားသွားတယ်။

"ငါ..အိမ်ပြန်တော့မယ်"

"အိမ်ပြန်တော့မယ်..ဟုတ်လား။ ဘာကို အိမ်ပြန်မှာလဲ။ ဘာတွေဖြစ်နေတာလဲ ဘန်.. ငါ့ကိုပြော"

"ငါလည်း မသိဘူး။ အဲဒါကြောင့် အိမ်ပြန်မယ်လို့ ပြောတာ"

"ဟင့်အင်း..ဟင့်အင်း..မရဘူး..မရဘူး..ဘာမှ မေမေ့ ချစ်သားလေး လုပ်ချင်မနေနဲ့။ နင်ဒါပဲ လုပ်တတ်တာလား။ ထစ်ခနဲဆို နင့်အမေ စကတ်အောက်ပဲ

ပြေးပုန်းချင်နေတာလား။ ဘာလုပ်မလို့လဲ ..အိမ်ပြန်ပြီး ရဲတွေလာဖမ်းတာကို ထိုင်စောင့်မလို့လား။ နင် ထောင်ကျသွားရင် ငါ့ကို ဒီအတိုင်း ထားခဲ့မှာလား။ ငါ့အဖေပြန်လာတာကို ငါက ဒီဗိုက်ပူနဲ့ ထိုင်စောင့်နေရမှာလား။ ဒီဗိုက်ထဲက ကလေးက နင့်ကလေးနော်"

"အာ..ငါ့ကို ဘာလုပ်စေချင်တာလဲ.. ဘာလုပ်ပေးရမှာလဲ"..ဘန့်စိတ်ထဲမှာ.. အိမ်.. ဆိုတဲ့နေရာကိုပဲ တမ်းတနေတယ်။ အိမ်ပြန်ချင်တယ်။

"ငါတို့ ဒီည ဒီမြို့ကနေ ထွက်ပြေးကြမယ်။ ငါ့ဆီမှာ အဖေတို့ထားခဲ့တဲ့ ဒေါ်လာ ၂၀၀ ကျော်လောက် ရှိတယ်။ နင့်အိမ်မှာ ဘယ်လောက်ရှိလဲ"

ဘန့် ဒီယွန်ဒရာမေးတာကို သေချာမကြားဘဲ ခရစ်ဆီကိတ်အကြောင်းတွေးနေမိတယ်။ နမ်းရုံပဲ နမ်းတာ ရဲဖမ်းခံရတဲ့ အထိ ဖြစ်သွားသလား..။ ရဲတွေဘန့်ကို လိုက်ရှာနေတယ်ဆိုတာ တကယ် ဟုတ်လို့လား။ ဒီယွန်ဒရာက ဘန့်နားကိုလျှောက်လာပြီး ဘန့်ပါးကို ဖြောင်းခနဲ ပိတ်ရိုက်လိုက်တယ်။

"နင့်အိမ်မှာ ပိုက်ဆံ ဘယ်လောက်ရှိသလဲလို့ မေးနေတယ်လေ"

"မသိဘူးလေ။ ငါစုထားတာ နည်းနည်းပါးပါး ရှိတယ်။ ပြီးတော့အမေ့ဆီမှာ ဒေါ်လာ ၁၀၀-၂၀၀ လောက် ဖွက်ထားတာ ရှိတတ်တယ်။ ဘယ်နားမှာဖွက်ထားသလဲတော့ ငါမသိဘူး"

ဒီယွန်ဒရာက နာရီကို တစ်ချက်လှမ်းကြည့်တယ်။ "နင့်အမေက ဒီအချိန်ဆို အိပ်ပြီလား။ နိုးနေတတ်သလား"

"ရဲတွေ ရောက်နေရင်တော့ နိုးနေမှာပေါ့".. ရဲတွေ ရောက်မနေဘူးဆိုရင်တော့ အမေ အိပ်နေမှာ သေချာတယ်။ ဘယ်လောက်ပဲ စိတ်ပူနေပူနေ၊ ဘယ်လောက်ပဲကြောက်နေကြောက်နေ ဘန့်အမေက အချိန်တန်ရင် အိပ်ပျော်သွားတာပဲ။ အဲဒါကိုတစ်အိမ်လုံး သိတယ်။ နှစ်သစ်ကူးညတွေ ဘာတွေ ပက်တီဒေး တစ်ခါမှ မကြုံဖူးတာကိုလည်း အကုန်လုံးက စနောက်နေကျ။ ၁၂ နာရီ မထိုးခင် အမြဲအိပ်ပျော်သွားတာကိုး။

"ဒါဆို ငါတို့ နင့်အိမ်ကို သွားမယ်။ နင့်အိမ်မှာ ရဲကားရပ်ထားတာမတွေ့ရင် အိမ်ထဲကို ဝင်မယ်။ ပိုက်ဆံယူမယ်။ အဝတ်အစားတွေ ယူမယ်။ ပြီးရင် ငါတို့ဒီမြို့ကနေ လစ်မယ်"

"ပြီးရင် ဘာဆက်လုပ်မှာလဲ"

ဒီယွန်ဒရာက ဘန့်ဘေးမှာ ရပ်တယ်။ ဘန့်ပါးက နီနေတဲ့ နေရာကို သူ့

လက်ဝါးနဲ့ သပ်ပေးတယ်။ ဒီယွန်ဒရာ့ မျက်လုံးအောက်က မိတ်ကပ်တွေက ပျော်ကျပြီး ပါးပေါ်မှာ ရောက်နေပြီ။ ဘန့်ရင်ထဲမှာ ခံစားချက်တစ်ခု ဟုန်းခနဲတောက်လာတယ်။ အချစ်လား‥။ ခွန်အားလား‥။ တစ်ခုခုတော့ တစ်ခုခုပဲ။ ကောင်းတဲ့ခံစားချက်မျိုးပဲ။

"ဘန်‥ဘေဘီ‥ငါကနင့်ကလေးရဲ့အမေနော်။ ဟုတ်တယ်မဟုတ်လား"

ဘန် ခေါင်းညိတ်လိုက်တယ်။

"အိုကေ‥ဒါဆိုရင် ငါ့ကို ဒီမြို့ထဲကနေ ခေါ်ထုတ်သွားပေးပါ။ ငါရော ၊ နင်ရော‥နင့်ကလေးရော ဒီမြို့ကနေ ထွက်ပြေးရအောင်ပါ‥။ ငါတစ်ယောက်တည်း မလုပ်ရဲဘူး။ မသွားရဲဘူး။ ငါတို့ အနောက်ဘက်ကို ထွက်ပြေးမယ်ဟာ။ ကားပေါ်မှာ အိပ်ဆိုလည်း အိပ်မယ်။ တဲထိုးပြီး နေရရင်လည်း နေမယ်။ မဟုတ်ရင်‥ထွက်မပြေးရင် နင်ထောင်ကျမှာ။ ငါ့အဖေက ငါ့ကို ပစ်သတ်မှာ။ ကလေးကို အရင်မွေးခိုင်းပြီး‥မွေးပြီးမှ ငါ့ကို သတ်ပစ်မှာ။ နင့်ကလေး မိဘမဲ့ ဖြစ်သွားမှာနော် ဘန်။ အဲဒီလိုတော့ မဖြစ်စေချင်ဘူး မဟုတ်လားဟင်။ လာပါ‥သွားရအောင်"

"နင့် သူငယ်ချင်းတွေ ပြောနေတာတွေ တစ်ခုမှ မဟုတ်ဘူး။ အဲဒီကောင်မလေးတွေကို ငါ ဘာမှ မလုပ်ထားဘူး။ ဘာမှ မလုပ်ဘူး"

ဒီယွန်ဒရာက ဘန့်ပခုံးပေါ်ကို မှီလိုက်တယ်။ ဒီယွန်ဒရာ့ ဆံပင်အခွေတွေ ဘန့် ပါးစပ်ထဲကို တိုးပြီး ဝင်လာတယ်။

"လုပ်ခဲ့တော့လည်း ဘာဖြစ်လဲ"‥ဒီယွန်ဒရာက ဘန့်ရင်ဘတ်ထဲကိုတိုးဝင်ပြီး ပြောတယ်။

+++

## လစ်ဘီဒေး

ယနေ့

လိုင်ဝိုက်သ်က ကားထိုင်ခုံမှာ ထိုင်ရင်း ခုန်ဆွခုန်ဆွ ဖြစ်နေတယ်။

"လစ်ဘီ..ခင်ဗျား သတိမထား မိလိုက်ဘူးလား။ တကယ် သတိမထားမိတာလား"

"ဘာကိုလဲ"

"ဒီယွန်ဒရေ့ နာမည်အတုလေ။ အပြာ မင်းသမီး နာမည်ဆိုလား အဲဒါလေ။ အဲဒီနာမည်ကို မမှတ်မိဘူးလား"

"ပေါ်လီပမ်လေ..ဘာဖြစ်လဲ"

လိုင်ဝိုက်သ်က အားရပါးရ ပြုံးနေတယ်။ သူ့ရဲ့ သွားတွေက မိုးကြောင့် မှောင်နေတဲ့ ကားထဲမှာ ဖြူဖွေးနေတယ်။

"လစ်ဘီ၊ ခင်ဗျား သေချာစဉ်းစားလိုက်။ ခင်ဗျား ဘန့်ကို သွားတွေ့တုန်းက သူ့လက်မောင်းမှာ တက်တူးတစ်ခုထိုးထားတာကို တွေ့လိုက်တယ် မဟုတ်လား။ -lly နဲ့ ဆုံးတဲ့ နာမည်တစ်ခွန်းတစ်စ မြင်လိုက်တယ်ဆို။ မော်လီလား၊ ဆဲလ်လီလား တစ်ခုခုပဲဆို။ ကျွန်တော်တောင် ပြောလိုက်သေးတယ်လေ ပေါ်လီဆိုတာက လူနာမည်နဲ့ မတူဘူးလို့။ ခွေးနာမည်လိုလို ကြောင်နာမည်လိုလို ဖြစ်နေတယ်လို့"

"ဟယ်..ဟုတ်သားပဲ။ ဘုရားရေ"

"ပေါ်လီလေ..Polly လို့ စာလုံးပေါင်းတယ်လေ"

"ဟုတ်တယ်.၊ ဘုရားရေ"..ကျွန်မ ဒုတိယအကြိမ် ဘုရားတမိတယ်။

"အေးလေ၊ ဒါ တိုက်ဆိုင်တာ ဘယ်လိုမှ မဖြစ်နိုင်ဘူးဗျ"

ဟုတ်တယ်။ တိုက်ဆိုင်တာ မဖြစ်နိုင်ဘူး။ လျှို့ဝှက်ချက် တစ်ခုခု ရှိတဲ့

သူတိုင်းက ပြောပြချင်လွန်းလို့ ပါးစပ်ယားနေတဲ့ သူတွေချည်းပဲ။ ဘန်ကလည်း သူ့လျှို့ဝှက်ချက်ကို တက်တူးကနေ တစ်ဆင့် ထုတ်ပြချင်နေတဲ့ သဘောပဲ။ သူ့ရဲ့ လျှို့ဝှက်ချစ်သူကို အမှတ်တရ သတိရပေးနေတာပေါ့။ နာမည်အရင်းကို တက်တူး ထိုးလို့ မရဘူးလေ။ 'ပျောက်ဆုံးနေသော မစ်စ် ဒီယွန်ဒရာ ဝါ့ဒ်နာ' ဆိုပြီး ထိုးလို့မှ မရဘဲ။ ဒီတော့ ဒီယွန်ဒရာ စနောက်ပြီး လျှောက်ပေးထားတဲ့ နာမည် တစ်ခုကို တက်တူး ထိုးလိုက်တာ နေမှာ။ တက်တူးပေါ်က နာမည်က လက်နဲ့ တသသပွတ်ပြီး ဒီယွန်ဒရာ့ကို သတိရနေမယ့် ဘန့်ကို ကျွန်မ မြင်ယောင်ကြည့်တယ်။ ကဗျာဆန်လိုက်တာ။ လွမ်းတတ်လိုက်တာ။

"အဲဒီတက်တူးက ထိုးထားတာ တော်တော်ကြာပြီလားမသိဘူး"..လိုင်ဝိုက်သ်က မေးတယ်။

"အဲဒီလောက် မကြာသေးဘူး ထင်တယ်။ တက်တူးက အရောင် မမှိန်သေးဘူး။ အသစ်အတိုင်းပဲ"

လိုင်ဝိုက်သ်က သူ့ရဲ့ လက်တော့ပ် ကွန်ပျူတာကို ထုတ်ပြီး ဒူးနှစ်ဘက်ပေါ် တင်တယ်။

"လိုင်းမိပါစေ..လိုင်းမိပါစေ.."

"ဘာတွေ လုပ်နေတာလဲ"

"ကျွန်တော့်အထင်ကို ပြောရရင်တော့ ဒီယွန်ဒရာ မသေသေးဘူးဗျ။ လူမသိ သူမသိ နေရာ တစ်နေရာမှာ ပုန်းနေတာဖြစ်မယ်။ ခင်ဗျားသာ အဲဒီလို နေရာမျိုးမှာ ပုန်းရမယ်၊ နာမည်အသစ်တစ်ခု ရွေးရမယ် ဆိုရင် ဘယ်လိုနာမည်မျိုးကို ရွေးမလဲ။ အရင်က သုံးခဲ့ဖူးတဲ့ နာမည်အတု တစ်ခုခုကို ရွေးမိမှာပဲ။ ကိုယ့်အသိ သုံးလေးယောက်လောက်ပဲ သိတဲ့ နာမည်ပြောင် တစ်ခုဆိုပါတော့။ အတိတ် အလွမ်းပြေစေမယ့် နာမည်မျိုးပေါ့။ ခင်ဗျား ရည်းစားကလည်း အဲဒီ နာမည်ကို လက်မှာ တက်တူး ထိုးလို့ရမယ်။ တက်တူးကို မြင်တိုင်း ခင်ဗျားကို သတိရနေမယ်..။ အဲဒီလိုမျိုး..။ အာ..လိုင်းကလည်း တက်စမ်းပါဟ"..လိုင်ဝိုက်သ်က ကွန်ပျူတာကို ကြည့်ပြီး စိတ်မရှည်သလို အော်တယ်။

နောက်ထပ် မိနစ် ၂၀ လောက် ကားထပ်မောင်းလိုက်တော့မှ အင်တာနက် လိုင်းမိတဲ့ ဧရိယာထဲကို ရောက်လာတယ်။ လိုင်ဝိုက်သ်က ကီးဘုတ်ကို တချက်ချက် နှိပ်တယ်။ ကျွန်မက သူ့ကွန်ပျူတာဖန်သားပြင်ကို လှည့်ကြည့်လှည့်ကြည့် လုပ်ရင်း ကားမှောက်မသွားအောင် သတိနဲ့ မောင်းတယ်။

တော်တော်လေး ကြာမှ လိုင်ဝိုက်သ် ခေါင်းမော့လာတယ်။ သူ့မျက်နှာမှာ အပြုံးအကြီးကြီး တစ်ခု။ "လစ်ဘီ.. ကားခဏရပ်လိုက်ဦး"

လမ်းဘေးမှာ ဇွေ့ခနဲ ကားထိုးရပ်လိုက်တယ်။ နောက်က ပါလာတဲ့ကား တွေက ကျွန်မကို ဟွန်းတတီတီ တီးပြီး ကြိမ်းမောင်းသွားကြတယ်။

ကွန်ပြူတာ မျက်နှာပြင်ပေါ်မှာ သူ့နာမည်။ ပေါ်လီပမ်..၊ ကီယာနေမြို့ မစ်ဇူရီပြည်နယ်..တဲ့။ လိပ်စာအတိအကျ။ ဖုန်းနံပါတ်။ အစုံပဲ။ အမေရိကားတစ်နိုင်ငံ လုံးမှာ ပေါ်လီပမ် ဆိုတဲ့ နာမည်နဲ့ တစ်ယောက်ပဲ ရှိတယ်။ ကျန်တဲ့ ပေါ်လီပမ် တစ်ခုက လူမဟုတ်ဘူး။ လက်သည်းဆိုးဆေးဆိုင် နာမည်ကြီး။

"ကျွန်မလည်း အင်တာနက်လိုင်း မြန်မြန် ပြန်တပ်မှ ဖြစ်တော့မယ်"

"သူပဲနေမှာ.. ဟုတ်တယ်မဟုတ်လား"..လိုင်ဝိုက်သ်က ဖန်သားပြင်ပေါ် က နာမည်ကို ပျောက်သွားမှာ စိုးရိမ်သလို စိုက်ကြည့်နေရင်း ပြောတယ်။ "သူပဲ ဖြစ်ရမယ်။ မမှားနိုင်ဘူး"

"မှား,မမှား ကြည့်တာပေါ့"..ကျွန်မ ဟန်းဖုန်းကို ထုတ်လိုက်တယ်။

ဖုန်း ၄ ခါ မြည်ပြီးတော့မှ၊ ကျွန်မ မက်ဆေ့ချ် ချန်ခဲ့တော့မယ်လို့ စဉ်း စားရင်း လေကို အဝရှူသွင်းလိုက်တော့မှ.. ဟိုဘက်ကဖုန်းကိုင်တယ်။

"ပေါ်လီပမ်လား မသိဘူးရှင့်"

"ဟုတ်ပါတယ်"..အသံက ချိုအိ နေတယ်။ စီးကရက်သောက်တဲ့ အသံ အက်အက်ချိုချို..။

"ဒီယွန်ဒရာ ဝဲ့ဇ်နာ..ဆိုတာလား"

ဟိုဘက်က အသံတိတ်သွားတယ်။ ဖုန်းချသွားတယ်။

"လိုင်ဝိုက်သ်၊ အဲဒီ လိပ်စာကို ကျွန်မဘယ်လိုသွားရမလဲ ရှာပေးပါလား" ...

လိုင်ဝိုက်သ်က သူ့ကို ခေါ်သွားဖို့ အတင်းပူဆာတယ်။ သူလိုက်ခဲ့မှဖြစ် မယ် ဆိုတာကိုလည်း အကြောင်းစုံပြပြီး ရှင်းပြတယ်။ ဒါပေမယ့် ကျွန်မ သူ့ကို ခေါ်မသွားချင်ဘူး။ ခေါ်သွားလို့လည်း ဖြစ်မှာ မဟုတ်ဘူး။ ဒါနဲ့ လိုင်ဝိုက်သ်ကို ကျွန်မတို့ တွေ့နေကျ စားသောက်ဆိုင်ရှေ့မှာ ချပေးခဲ့လိုက်တယ်။ ပလက်ဖောင်းပေါ် မှာ မတ်တတ်ရပ်ရင်း စိတ်မကောင်းတဲ့မျက်နှာနဲ့ လိုင်ဝိုက်သ်ကျန်ခဲ့ရှာတယ်။ ကျွန်မ ပြောလိုက်ပါတယ်။ ဒီယွန်ဒရာနဲ့ တွေ့ပြီးရင် ချက်ချင်း ဖုန်းဆက်ပါ့မယ်လို့..။

"ဖုန်းဆက်ဖြစ်အောင် ဆက်နော်၊ မမေ့နဲ့နော်"..လိုင်ဝိုက်သ်က ပလက်

ဖောင်းပေါ်ကနေ လှမ်းအော်တယ်။ ကျွန်မ ဟွန်းတစ်ချက် ပြန်တီးပြပြီး ထွက်လာခဲ့လိုက်တယ်။ လမ်းထိပ်ကို ကွေ့လိုက်တဲ့အထိ လိုင်ဝိုက်သ်က နောက်ကနေ အော်နေတုန်းပဲ။ ဘာပြောနေသလဲ မကြားရတော့ဘူး။

ကားစတီယာရင်ကို ကျွန်မ ကျစ်ကျစ်ပါအောင် ဆုပ်ရင်း မောင်းတယ်။ ကီယာနေမြို့က ကန်းဆက်စ်စီးတီးရဲ့ အရှေ့မြောက်ဘက်မှာ။ ၄၅ မိနစ်တောင် မောင်းရမယ်။ ပြီးရင် ကီယာနေ မြို့ထဲကနေ ဒီယွန်ဒရာ့ အိမ်ရှိတဲ့နေရာ ရောက်ဖို့ ၁၅ မိနစ်လောက် ထပ်မောင်းရမယ်။ အိမ်လိပ်စာကို လိုင်ဝိုက်သ်က အတိအကျ ပြောပြလိုက်တယ်။

ကီယာနေ မြို့နားကိုရောက်တော့ 'တောပုန်းကြီး *ဂျက်ဆီဂျိမ်း* ၏ အုတ်ဂူ ရှိရာသို့' ဆိုတဲ့ လမ်းပြဆိုင်းဘုတ်ကို တွေ့တယ်။ ဘာလို့များ ဒီယွန်ဒရာက ဒီလို နာမည်ကြီး ဝရမ်းပြေးရဲ့ ဇာတိမြို့နားကို ပြောင်းလာသလဲ မသိဘူး။ ပြောသာပြောရတာ ကျွန်မဆိုရင်လည်း ဒီလိုနေရာမျိုးပဲရွေးမိမယ်ထင်တယ်။ ဂျက်ဆီဂျိမ်း အမှတ်တရ လယ်ကွင်းဆိုတာကို ဖြတ်လာတယ်။ ဒီနေရာမှာ ဂျက်ဆီဂျိမ်းရဲ့ ညီတစ်ဝမ်းကွဲ အသတ်ခံရတဲ့ ကျောင်းလေး ရှိခဲ့ဖူးတယ်။ 'ငါတို့ မိသားစုလိုပဲပေါ့' ဆိုပြီး ကျွန်မ တွေးမိတယ်။ လမ်းတွေက ကျဉ်းသထက် ကျဉ်းလာတယ်။ တောင်ကုန်းတွေ ပေါ်တက်လိုက်၊ မြေပြန့်ဆီ ပြန်ဆင်းသွားလိုက်။ ခြံအကျယ်ကြီးတွေထဲမှာ ဆောက်ထားတဲ့ ဖုန်အလူးလူးနဲ့ တိုက်အိမ်တွေ။ ခြံတိုင်းလိုလိုမှာ တဝုတ်ဝုတ် ဟောင်နေတဲ့ ခွေးတစ်ကောင် ရှိတယ်။ လူဆိုလို့ တစ်ယောက်မှ မတွေ့ရသေးဘူး။ ခွေးတွေနဲ့ မြင်းတွေပဲ တွေ့ရတယ်။ ဟိုးဘက်ခြမ်းမှာတော့ စိမ်းစိုနေတဲ့ တောအုပ်တန်းကြီး ရှိတယ်။ ဒီဘက်က အိမ်တွေနဲ့ အမြန်လမ်းနဲ့ ကြားမှာ မဖျက်ဆီးရသေးဘဲ ကျန်နေတဲ့ တောအုပ်ဖြစ်လိမ့်မယ်။

နောက်ထပ် ၁၀ မိနစ်လောက် ဆက်မောင်းလိုက်တော့ ဒီယွန်ဒရာ့အိမ်ကို ရောက်တယ်။ အိမ်က တော်တော်ရုပ်ဆိုးတယ်။ တစ်ခြမ်း နိမ့်နေတယ်။ ခေါင်းထွက်နေတဲ့ မိန်းမကြီး တစ်ယောက် တစ်ခြမ်းစောင်းပြီး ခါးထောက်နေတဲ့ ပုံစံမျိုး။ ရုပ်ဆိုးနေတာကလွဲရင် ဒီယွန်ဒရာ့ အိမ်က ဘာမှ စိတ်ဝင်စားစရာ မည်မည်ရရမရှိဘူး။ အိမ်နဲ့ လမ်းနဲ့ တော်တော်လေး လှမ်းတယ်။ ဘေးပတ်ပတ်လည်မှာ တခြားအိမ်ခြေ မတွေ့ရဘူး။ မြေကြီးတွေက ဝက်ခြံပေါက်သလို အဖုအထစ်တွေနဲ့ မလှမပဖြစ်နေတယ်။ ပတ်ပတ်လည်မှာလည်း ဇွက်တွေက သုံးလေးဧကစာလောက် ရှိမယ်။ ဟိုးဘက်မှာ မြင်နေရတဲ့ တောအုပ်လေးတော့ ရှိပါတယ်။

အိမ်ဘက်ကို ဆက်မောင်းသွားရင်း ကျွန်မ စိတ်ပူလာတယ်။ ဒီလောက်လမ်းကြမ်းနေတာ ကားတစ်ခုခု ဖြစ်သွားရင်၊ ဆက်မောင်းလို့ မရရင် ဘာဆက်လုပ်ရမလဲ..။ တော်ပါသေးတယ်.. ကား အိမ်ရှေ့အထိ ရောက်သွားလို့။

မည်းနက်နေတဲ့ တိမ်တွေနောက်ကနေ ညနေစောစော နေလုံးက လင်းကနဲပြူထွက် လာတယ်။ ကားတံခါးကို ဆောင့်ပိတ်လိုက်ပြီး ကျွန်မ ကားပေါ်ကနေဆင်းလိုက်တယ်။ အိမ်ဘက်ကို လျှောက်သွားလိုက်တယ်။ အိမ်ရှေ့လှေကားရင်းမှာရပ်နေတုန်း ခပ်ကြီးကြီး ရှဉ့်ကြီး တစ်ကောင် လှေကားအောက်ကနေ လှစ်ခနဲထွက်လာတယ်။ ကျွန်မကို တွေ့တော့ ဟီးခနဲ မာန်ဖီတယ်။ ပြီးမှ ဘေးက ချုံထဲကိုပြန်ပြေးဝင်သွားတယ်။ လှေကားကို ခြေထောက်နဲ့ ဒေါက်ဒေါက်မြည်အောင် ခေါက်ကြည့်တယ်။ အောက်က ဘာကောင်မှ ထပ်ထွက်မလာတော့မှ လှေကားပေါ်ကိုတက်လိုက်တယ်။ ကျွန်မရဲ့ တစ်ခြမ်းနိမ့်နေတဲ့ ခြေထောက်က ဖိနပ်ထဲမှာချောင်ပြီး နေရထိုင်ရ ခက်နေတယ်။ အိမ်ရှေ့တံခါးမှာ အိပ်မက်ဆိုးဖမ်းတဲ့ ပန်းခက်ကွင်းတစ်ကွင်းချိတ်ထားတယ်။ ပန်းခက်ထဲမှာ တိရစ္ဆာန်သွားတွေ၊ ငှက်မွေးတွေ ထည့်သီထားတယ်။

မြို့ထဲမှာ မိုးရွာရင် ကွန်ကရစ်နံ့တွေ ရသလို..ဒီဘက်မှာကျတော့ မိုးရွာထားတဲ့အတွက် မြေနံ့နဲ့ မြင်းချေးနံ့တွေ သင်းနေတယ်။ ကျွန်မနဲ့ ရင်းနှီးနေခဲ့ဖူးတဲ့ အနံ့အသက်။

တံခါးကို ခေါက်လိုက်တော့ တော်တော်လေးကြာမှ တံခါးဆီ လျှောက်လာတဲ့ ခြေသံကို ကြားရတယ်။ တံခါးကို လာဖွင့်ပေးတာက ဒီယွန်ဒရာ..။ သူ့ပုံစံက လူသေကောင်လို ဖြူဖျော့နေတယ်။ ကျောင်းဓာတ်ပုံထဲက အတိုင်းပါပဲ၊ မျက်နှာက သိပ်မပြောင်းလဲဘူး။ ဆံပင်က အရင်လို အရွှေအလိပ်တွေတော့ မဟုတ်တော့ဘူး။ ဆံပင်နက်နက်တွေကို လှိုင်းတွန့်တွေအတိုင်း ပခုံးပေါ် ဖြန့်ချထားတယ်။ မျက်လုံးအောက်က အိုင်းလိုင်နာ မည်းမည်းထူထူတွေကတော့ အရင်အတိုင်းပဲ။ အိုင်းလိုင်နာအမည်းတွေကြောင့် သူ့မျက်လုံးတွေက ပိုပြီး ပြာသွားတယ်။ သကြားလုံးတွေလို ပြာတောက်နေတာပဲ။ မက်စကာရာက နှစ်ထပ်။ ပင့်ကူလက်တွေလို ဖြာထွက်နေတယ်။ မျက်လုံးအောက်က အမို့တွေ အဖောင်းတွေ ပေါ်မှာ အစက်အစက်တွေ တင်နေတယ်။ သူ့မျက်နှာနဲ့ ကိုယ်လုံးတစ်ခုလုံးမှာ အကွေ့အကောက်တွေ မနည်းမနောပဲ။ ဖောင်းပြီး အိတွဲနေတဲ့ ပန်းရောင်ပါးနှစ်ဖက်။ ဘရာစီယာထဲကနေ လျှံကျနေတဲ့ ရင်သားနှစ်ခု။ ဂျင်းဘောင်းဘီအစပ်က အထပ်အထပ်တွေဖြစ်နေတဲ့ ဗိုက်သားတွေ။

"ဟယ်"..တံခါးဖွင့်လိုက်တာနဲ့ ဒီယွန်ဒရာ့ဆီက အာမေဍိတ်သံထွက်လာ

တယ်။ အိမ်ထဲမှာ ဖွင့်ထားတဲ့ အပူပေးစက်ရဲ့ လေပူတွေ ကျွန်မ မျက်နှာကိုလာဟပ်တယ်။ "လစ်ဘီ..။ လစ်ဘီလား.."

"ဟုတ်တယ်"

ဒီယွန်ဒရာက ကျွန်မ မျက်နှာကို လက်နှစ်ဖက်နဲ့ အုပ်ကိုင်လိုက်တယ်။

"အောင်မလေး လစ်ဘီ၊ တော်လိုက်တာ။ ထင်ပါတယ်၊ ငါ့ကို ဒီကလေးမ တော့ တွေ့အောင် ရှာမှာပဲလို့..။ တော်လိုက်တာ"..ဒီယွန်ဒရာက ကျွန်မကို ဆွဲဖက်တယ်။ ပြီးတော့မှ.. "လာလေ..အထဲကိုလာ"

အိမ်ထဲဝင်လိုက်တာနဲ့ မီးဖိုချောင်ထဲကိုတန်းရောက်သွားတယ်။ ဘေးဘက်မှာ အခန်းခပ်သေးသေး တစ်ခု။ ကျွန်မရဲ့ မရှိတော့တဲ့ အိမ်လေးနဲ့ တူလိုက်တာ။ ကော်ရစ်ဒါ ခပ်တိုတိုလေးအတိုင်း ကျွန်မတို့ လျှောက်သွားတယ်။ ညာဘက်ခြမ်းမှာ မြေအောက်ခန်းထဲဆင်းတဲ့ တံခါးက ပွင့်နေတယ်။ လေအေးတွေ တိုးဝင်နေတယ်။ မပိတ်ဘဲ ဒီအတိုင်း ပစ်ထားတာ။ ဧည့်ခန်း မျက်နှာကြက်က ခပ်နိမ့်နိမ့်။ ကြမ်းမှာ ချထားတဲ့ ဆေးလိပ်ခွက်ထဲက ထွက်လာတဲ့ စီးကရက်မီးခိုးတွေကြောင့် အခန်းက မွန်ထူနေတယ်။ နံရံတွေက ဝါကျင့်ကျင့်။ ပရိဘောဂတွေကလည်း နွမ်းဖပ်လို့။ နံရံဘေးမှာ ချထားတဲ့ တီဗွီ အကြီးကြီးတစ်ခု။

"လစ်ဘီ၊ ညီမလေး။ ဖိနပ်ချွတ်လိုက်ပါလား"..ဒီယွန်ဒရာက ဧည့်ခန်း ကော်ဇောကို လက်ညှိုးထိုးပြတယ်။ ကော်ဇောတစ်ခုလုံးက အစွန်းအထင်းတွေနဲ့ ပေပွနေတာပဲ။ ကော်ဇောတင် မဟုတ်ပါဘူး တစ်အိမ်လုံးက အိုဟောင်းပျက်ယွင်းနေတာ။ အစွန်းအထင်းတွေက နေရာတကာမှာ။ ခွေးချေးပုံ သေးသေးလေးတစ်ပုံလည်း တွေ့တယ်။ ဒီယွန်ဒရာက ချေးပုံကို အသာ ကွေ့ရှောင်သွားတယ်။

ဧည့်ခန်း ဆိုဖာဘက်ကို ကျွန်မကို ခေါ်သွားတယ်။ ဒီယွန်ဒရာ့ ကိုယ်က အနံ့သုံးမျိုးလောက် တစ်ပြိုင်တည်း ထွက်နေတယ်။ ဆံပင်ဖျန်းဆေးက စပျစ်နံ့.. လိုးရှင်းက ပန်းနံ့..ပြီးတော့ နောက်တစ်ခုက ပိုးသတ်ဆေးနံ့လိုလို ဘာလိုလိုနဲ့။ ဒီယွန်ဒရာက ရင်ပြတ်ဘလောက်စ် အင်္ကျီနဲ့ ဂျင်းဘောင်းဘီ အကျပ်ဝတ်ထားတယ်။ သူ့ တစ်ကိုယ်လုံးမှာလည်း ဆယ်ကျော်သက် ကလေးတွေ ဝတ်တဲ့ လက်ဝတ်ရတနာ အပေါစားတွေ အပြည့်။ ငါအသက်ကြီးလာတာ လူတွေ သတိမထားမိပါဘူး ဆိုပြီး ဟန်ဆောင်နေတတ်တဲ့ သက်လတ်ပိုင်း မိန်းမကြီးတွေ ပုံစံပေါ့။

ဖိနပ်ချွတ် လိုက်ရတော့ ကျွန်မ အရပ်က ပိုပုသွားတယ်။ စိတ်ထဲမှာ ပိုပြီး သိမ်ငယ်သွားတယ်။ ကလေး ပေါက်စနလို ပုတိုနေတာပဲ။ ဒီယွန်ဒရာက ကျွန်မကို

လှည့်ကြည့်ပြီး ပြုံးပြတော့မှ သူ့အပေါ် နှုတ်ခမ်းအောက်က ပြူထွက်လာတဲ့ သွားတက် တစ်ချောင်းကို ကျွန်မ သတိထားမိလိုက်တယ်။

"လာလေ၊ ထိုင်လေ ညီမလေး။ အောင်မလေး တကယ့် ဒေးအမျိုးစစ်စစ်ပဲနော်··ဆံပင်ကို နီရဲနေတာပဲ။ အစ်မက အဲဒီ ဆံပင်နီနီတွေကို သိပ်သဘောကျတာ"

ဆိုဖာမှာ ထိုင်ချလိုက်တာနဲ့ ချက်ချင်းဆိုသလိုပဲ ဘယ်ကဘယ်လိုထွက်လာမှန်းမသိတဲ့ အမွေးပွခွေး သုံးကောင် ဧည့်ခန်းထဲကို ပြေးဝင်လာတယ်။ သူတို့လည်ပင်း ကော်လာမှာ ဆွဲထားတဲ့ ချူတွေက တချွင်ချွင်မြည်တယ်။ သုံးကောင်စလုံးက သူတို့သခင်မ ဒီယွန်ဒရာ့ပေါင်ပေါ်ကို အစီအရီ ခုန်တက်ကြတယ်။ ခွေးမြင်လိုက်တာနဲ့ ကျွန်မကတော့ တွန့်ခနဲ ဖြစ်သွားတယ်။

"ဟယ်·· တကယ့် ဒေးသွေးစစ်စစ်ပဲဟော့။ ဘန့်တုန်းကလည်း အဲဒီလိုပဲ ခွေးမြင်တာနဲ့ လန့်နေတာ။ အေးပေါ့လေ အစ်မ အရင်တုန်းက မွေးဖူးတဲ့ခွေးတွေက ဒီလို ပိစိလေးတွေ မဟုတ်ဘူး။ အကြီးကြီးတွေ"··ခွေးပေါက်စနတွေက ဒီယွန်ဒရာ့လက်ကို ပန်းရောင်လျှာဖျားတွေနဲ့ တပျတ်ပျတ် လျက်နေတယ်။ "အိုကေ··ဒီတော့ လစ်ဘီဒေးရေ··"··ကျွန်မနာမည်ကို သူခေါ်လိုက်တဲ့ ပုံစံက လှောင်ချင်သလိုလို၊ ရွဲ့ချင်သလိုလို လေသံထွက်နေတယ်။ "အစ်မကို ဘယ်လို ရှာတွေ့သွားတာလဲ။ ဘန်ပြောပြလိုက်တာလား။ အမှန်အတိုင်း ပြောနော်"

"မဟုတ်ဘူး။ ထရေးတီပန်နီနဲ့ သွားတွေ့ရင်း သူပြောတဲ့စကားထဲကနေ သိသွားတာ"

"ထရေး ဟုတ်လား။ ဘုရားရေ။ ထရေးတီပန်နီကို တွေ့အောင်ဘယ်လိုများ ရှာလိုက်တာလဲ"

"သူက လယ်ယာပစ္စည်းရောင်းတဲ့ ဆိုင်ဖွင့်ထားတယ်။ မခက်ပါဘူး"

"ထရေးက လယ်ယာပစ္စည်း ရောင်းနေတယ် ဟုတ်လား။ လုံးဝ ထင်မထားဘူး အဲဒါတစ်ခုတော့။ ထရေးရော နေကောင်းရဲ့လား။ ဘယ်လိုပုံဖြစ်နေပြီလဲ"

ကျွန်မ ခေါင်းကို သွက်သွက် ညိတ်လိုက်တယ်။ ထရေး နေကောင်းတယ်။ ရုပ်ကလည်း တော်တော် ကြည့်ကောင်းပါတယ်··လို့ ပြောမိတော့မလို့ ပါးစပ်ကို အမြန်ထိန်းလိုက်ရတယ်။

"အဲဒီ လူသတ်မှုတွေ ဖြစ်တဲ့ ညတုန်းက အစ်မနဲ့ ဘန်နဲ့ အတူတူရှိနေတယ်။ ဟုတ်တယ် မဟုတ်လား"

"အင်း·· ဟုတ်တယ်"··ဒီယွန်ဒရာက ကျွန်မ မျက်နှာကို သေချာစိုက်

ကြည့်နေတယ်။ တစ်ခုခုကို စိုးရိမ်နေပေမယ့် စိတ်တော့ဝင်စားတဲ့ မျက်နှာမျိုး။

"အဲဒီညက ဘာဖြစ်ခဲ့သလဲဆိုတာ ကျွန်မ သိချင်တယ်"

"ဘာလို့လဲ"

"ဘာလို့လဲ..ဘာလို့လဲ ဟုတ်လား"

"ဆောရီး မစ်စ်လစ်ဘီ။ အခုလို ဆိုင်းမဆင့် ဗုံမဆင့်ကြီး ရောက်ချလာတော့ အစ်မလည်း မေးရတာပေါ့။ ဘန် ညီမကို ဘာပြောလိုက်လဲ။ ဒီလောက်နှစ်တွေကြာပြီးမှ ဘာလို့ အစ်မဆီ ရောက်လာတာလဲ"

"အဲဒီညက ဖြစ်တဲ့အဖြစ်အပျက်ကို ကျွန်မ အမှန်အတိုင်း သိချင်တယ်"

"လစ်ဘီ..လစ်ဘီ..ညီမလေး"..ဒီယွန်ဒရာက ကျွန်မကို သနားတဲ့ပုံစံနဲ့ ကြည့်တယ်။ "အဲဒီညက ဖြစ်ခဲ့တာတွေအတွက် ဘန်က ထောင်ကျခံဖို့ ဆုံးဖြတ်ပြီးပြီလေ။ သူ အဆင်ပြေနေတာပဲ။ ထောင်ထဲမှာ အိုကေနေတာပဲ။ နေပါစေ"

"ကျွန်မ မိသားစုကို သတ်တာ ဘန်လား"

"အဲဒါမေးမလို့ ရောက်လာတာလား"

"ဘန်သတ်လိုက်တာ ဟုတ်သလား မဟုတ်ဘူးလား"

ဒီယွန်ဒရာက ကျွန်မကို ပြုံးပြီးပဲ ကြည့်နေတယ်။ သူ့နှုတ်ခမ်းပွရောင်းရောင်းတွေက မလှုပ်မရှား တင်းမာနေတယ်။

"ဒီယွန်ဒရာ၊ ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မ စိတ်အေးလက်အေးနဲ့ ငြိမ်းချမ်းမှု တစ်ခုခု ရချင်လို့ပါ။ ပြောပြပါ"

"လစ်ဘီ.. ညီမလေး အခုလာတာ စိတ်ရဲ့ငြိမ်းချမ်းမှုကို ရှာချင်လို့ လာတာလား။ အဖြစ်မှန်ကို သိလိုက်ရင် စိတ်အေးသွားမယ် ထင်နေတာလား။ သိလိုက်ရတာနဲ့ ညီမ ဖြစ်နေတာတွေ အကုန် ပျောက်ကွယ်သွားမယ် ထင်သလား။ ဒီလို အဖြစ်အပျက်မျိုး ဖြစ်ပြီးမှ စိတ်အေးလက်အေး ပြန်နေချင်နေတာလား။ ဘယ်လိုဖြစ်နိုင်မလဲ။ ဘာဖြစ်ခဲ့သလဲ ဆိုတာကို ပြန်မေးနေမယ့်အစား ဖြစ်ခဲ့တာကိုပဲ လက်ခံလိုက်တော့လေ။ 'ပြောင်းလဲလို့မရတော့တဲ့ အရာတွေကို လက်ခံနိုင်စွမ်း ပေးသနားတော်မူပါ' တဲ့..။ အဲဒီ ဆုတောင်းစကား သိပ်ကောင်းတယ်။ အဲဒီလို ဆုတောင်းကြည့်ပါလား။ အစ်မတော့ အဲဒါနဲ့ တော်တော် အဆင်ပြေသွားတယ်"

"အစ်မ..ကျွန်မကို ပြောပြပါနော်။ အမှန်အတိုင်း သိရပြီဆိုရင် လက်ခံဖို့ ကျွန်မ ကြိုးစားပါ့မယ်။ ပြောပြပါ.."

နေဝင်စပြုပြီ။ နောက်တံခါးက ဖြတ်ဝင်လာတဲ့ နေခြည်တန်းတွေကျွန်မတို့

မျက်နှာကို လာဟပ်တယ်။ အလင်းရောင်အောက်မှာ ကျွန်မ မျက်တောင်ပုတ်ခတ်ပုတ်ခတ် ဖြစ်သွားတယ်။ ဒီယွန်ဒရာက ကျွန်မဘက်ကို ကိုယ်ကိုကိုင်းပြီး ကျွန်မရဲ့ လက်နှစ်ဘက်ကို ကိုင်တယ်။

"လစ်ဘီ၊ ညီမလေး။ ဆောရီးပါ။ အစ်မ တကယ် မသိဘူး။ အဲဒီညက ဘန်နဲ့ အတူတူရှိနေခဲ့တယ် ဆိုတာ ဟုတ်တယ်။ ကင်နက်ကီကနေ ထွက်ပြေးမလို့ တိုင်ပင်ထားတာ။ အဲဒီတုန်းက ဘန်နဲ့ရတဲ့ ကိုယ်ဝန်ကို အစ်မ လွယ်ထားရတာ။ ထွက်ပြေးမယ်ပေါ့။ ထွက်မပြေးခင်မှာ ဘန်က အိမ်ပြန်ပြီး ပိုက်ဆံသွားယူမယ်တဲ့။ အဲဒီလိုပြောတယ်။ သူထွက်သွားတာ တစ်နာရီလည်း ပြန်မလာ၊ နှစ်နာရီ၊ သုံးနာရီလည်း ပြန်မလာ..။ အစ်မ ထင်တာကတော့ ဘန် အစ်မကို ခိုးပြေးဖို့ သတ္တိမရှိလို့ ပြန်မလာတော့တာ ထင်တာပဲ။ အဲဒါနဲ့ အစ်မလည်း ငိုပြီး အိပ်ပျော်သွားတယ်။ နောက်နေ့မနက်ကျမှ ညက ဘာတွေဖြစ်သွားသလဲဆိုတာ အစ်မ သိရတော့တယ်။ စစချင်းတော့ အသတ်ခံရတဲ့ အထဲမှာ ဘန်လည်း ပါသွားပြီလို့ အစ်မက ထင်ထားတာ။ ပြီးမှ မဟုတ်ဘူးတဲ့။ ဘန့်ကို ဖမ်းထားတယ်တဲ့။ ဘန်က စေတန်ကိုးကွယ်တဲ့ အဖွဲ့ထဲမှာ ပါနေတယ်တဲ့။ ရဲတွေလိုက်ရှာနေတဲ့ အဖွဲ့တဲ့။ အစ်မအိမ်ကိုလည်းရဲတွေ ရောက်လာတော့မှာပဲ ဆိုပြီး တံခါးလာအခေါက်ကို အစ်မထိုင်စောင့်နေသေးတယ်။ ဘယ်သူမှ ရောက်မလာဘူး။ ရက်တွေကြာသွားတော့မှ သိတယ်။ ဘန့်မှာ အဲဒီည အတွက် အလီဘိုင်မရှိဘူးတဲ့။ အစ်မနာမည်ကိုလည်း ဘန်က လုံးဝ ထည့်မပြောထားဘူးတဲ့။ အစ်မကို ကာကွယ်ပေးထားခဲ့တာလေ"

"နှစ်တွေ ဒီလောက် ကြာသွားတာတောင် ကာကွယ်ပေးနေတုန်းပဲလား"

"ဟုတ်တယ်၊ ရဲတွေက လူသတ်သမား ဘန်တစ်ယောက်တည်းဆိုတာကို မကျေနပ်ဘူးလေ။ တခြား တစ်ယောက်ယောက် ရှိရမယ်ဆိုပြီး လိုက်ရှာနေကြတာ။ ဒါမှ အမှုက ပိုလှမှာပေါ့။ ဒါပေမယ့် ဘန်က တစ်ခွန်းမှ မပြောပြခဲ့ဘူး။ ပါးစပ်ကို လုံအောင် ထိန်းခဲ့တာ။ ဘန်က အစ်မရဲ့ သူရဲကောင်းပဲ"

"ဒါဆို အဲဒီညက ဘာဖြစ်ခဲ့သလဲ ဆိုတာ ဘယ်သူမှ မသိကြဘူးပေါ့။ ကျွန်မ ဘယ်တော့မှ မသိရတော့ဘူးပေါ့"..ကျွန်မ စိတ်ထဲမှာ ပေါ့သွားသလိုခံစား လိုက်ရတယ်။ ထူးဆန်းတယ်..။ ဘယ်တော့မှ မသိရတော့ဘူး ဆိုရင် ထပ်စုံစမ်း စရာလည်း မလိုတော့ဘူး။ ရပ်လိုက်လို့ရပြီ။ ကျွန်မရဲ့ စမ်းတဝါးဝါး စွန့်စားခန်းကို နားလိုက်လို့ ရပြီ။

"ညီမ ဖြစ်ခဲ့တာတွေကို လက်ခံလိုက်ရင် စိတ်ထဲမှာ အေးချမ်းသွားမှာပါ။

ပြီးတော့ အစ်မ ထင်တာကတော့ လူသတ်သမားက ဘန် မဟုတ်ပါဘူး။ သူ့အဖေ ရန်နှာဒေး လုပ်တာလို့ပဲ အစ်မကတော့ ထင်တယ်။ ဘန်က ရန်နှာ့ကို ကာကွယ်ပေးနေတာဖြစ်မယ်။ ဒါပေမယ့် ဘယ်သူက သေချာသိနိုင်မလဲနော်။ အစ်မလေ ပြောရမှာတော့ အားနာတယ်။ ခက်တယ်။ ဒါပေမယ့် အဲဒီညက ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ဘန်ကတော့ ထောင်ကျသင့်တယ်။ ဒီစကားကို ဘန်ကိုယ်တိုင် ပြောတာနော်။ သူ့ကိုယ်ထဲမှာ မကောင်းတဲ့ စိတ်ဓာတ်တွေ ဝင်နေတယ်တဲ့။ အပြင်လောကနဲ့ သူနဲ့ မသင့်တော်ဘူးတဲ့။ သူ့အတွင်းစိတ်ထဲမှာ အကြမ်းဖက်ချင်တဲ့၊ ရက်စက်ချင်တဲ့ စိတ်တွေရှိနေတယ်တဲ့။ ဘန်က အဲဒီလိုပြောတယ်။ ပြီးတော့ ဘန့်ဘဝက ထောင်ထဲမှာပဲ ပိုအဆင်ပြေပါတယ်လေ။ ထောင်ထဲမှာ ဘန်က နာမည်ကြီးပဲ။ လူချစ်လူခင်လည်းများတယ်။ အပြင်က အမျိုးသမီးတွေကလည်း ဘန့်ကို အရူးအမူး ချစ်ကြတာပဲ။ ဘန်နဲ့ အဲဒီ မိန်းမတွေနဲ့ စာအပေးအယူတွေ အမြဲရှိတယ်လေ။ အောင်မယ်လေး တစ်နှစ် တစ်နှစ်ကို ဘန့်ကို လက်ထပ်ခွင့်တောင်းတဲ့ မိန်းမတွေ တစ်ဒါဇင်လောက်တောင် ရှိသတဲ့။ တစ်ခါတလေကျရင်တော့ ဘန်က ပြောပါတယ်။ ထောင်ကလွတ်ချင်ပြီ..တဲ့။ ဒါပေမယ့် အလကားလျှောက်ပြောနေတာ။ သူက ထောင်ထဲမှာပဲပျော်နေတာ''

''အစ်မက အဲဒါတွေကို ဘယ်လိုသိတာလဲ''

''ဘန်နဲ့ အစ်မနဲ့ အဆက်အသွယ်ရှိတယ်လေ''..ဒီယွန်ဒရာက စိတ်မရှည်သလို ပက်ခနဲ ပြန်ပြောတယ်။ ပြီးမှ အပြုံးချိုချိုကို အမြန် ကောက်တပ်တယ်။ ညနေခင်းနေရဲ့ လိမ္မော်ရောင် အလင်းတန်းတွေ ဒီယွန်ဒရာ့ မျက်နှာပေါ်မှာ အကွက်လိုက် ကျနေတယ်။ သူ့မျက်လုံးတွေက အမှောင်ကွက်ထဲမှာ။

''ဘန့်ကလေးရော အစ်မ။ ဘန်နဲ့ရတယ်ဆိုတဲ့ ကလေးလေးလေ။ သူအခု ဘယ်ရောက်နေလဲ''

''ကျွန်မ ဒီမှာပါ''..ဒေးကောင်မလေးက ပြောတယ်။

+++

# ဘန်ဒေး

**၁၉၈၅၊ ဇန်နဝါရီ (၃) ရက်**
**မနက် ၁ နာရီ ၁၁ မိနစ်**

မှောင်မည်းနေတဲ့ ညှော်ခန်းထဲကို ဘန် ခြေချလိုက်တယ်။ အိမ်ပြန်ရောက်ပြီ။ လပေါင်းများစွာ ပင်လယ်ထဲ ခရီးထွက်နေရတဲ့ သင်္ဘောသားတစ်ယောက် အိမ်ပြန်ရောက်လာသလို··။ နောက်ကနေ ဒီယွန်ဒရာ လိုက်ဝင်မလာခင် အိမ်တံခါးကိုအမြန်ပိတ်လိုက်မလို့တောင် စဉ်းစားမိသေးတယ်။ ဒါပေမယ့် ပေးဝင်လိုက်ပါတယ်။ သူ့ကို အပြင်မှာ ထားခဲ့ရင် ပိုဆိုးသွားမှာကို စိုးရိမ်တယ်။ ထရေးကို ဒီယွန်ဒရာ့အိမ်မှာ ထားခဲ့လို့ တော်သေးတယ်။ ဘန့်ရဲ့ အိမ်စုတ်လေးထဲကို ဝင်ပြီး တွေ့သမျှ အခန်းတွေ၊ ပစ္စည်းတွေကို ထရေးက လျှောင်ပြောင် ကဲ့ရဲ့နေမှာ။

တစ်အိမ်လုံး အိပ်မောကျနေကြပြီ။ ညဉ့်သန်းခေါင် အသက်ရှူသံတွေက အိမ်ထဲမှာ လွင့်ပျံ့နေတယ်။ အမေ့ကို နှိုးလိုက်ရင်ကောင်းမလား ဆိုပြီး ဘန်တွေးမိသေးတယ်။ အမေက အိပ်မှုန်စုံမွှားနဲ့ နိုးလာမယ်။ ဘန့်ကိုတွေ့လိုက်တော့ လန့်ဖျပ်ပြီး ··*ဟယ်··သား··ဘယ်တွေ ရောက်နေတာလဲ ··ဘာတွေ ဖြစ်နေတာလဲ*··ဆိုပြီး မေးမယ်။

နတ်ဆိုး··။ ကျွန်တော့်ကို နတ်ဆိုးဝင်ပူးနေတာလေ အမေ။

ဒီယွန်ဒရာ့ကို အိမ်ထဲ ခေါ်မသွားချင်ဘူး။ ဒါပေမယ့် ဒီယွန်ဒရာက ဘန့်နောက်ကနေ ဒေါသတကြီးနဲ့ 'မြန်မြန်လုပ်လေ··သွားလေ··မြန်မြန်' ဆိုပြီး လော နေတယ်။ ဘန်လည်း ညှော်ခန်းထဲက ဗီရိုတွေကို တစ်ခုပြီး တစ်ခု ဖွင့်ကြည့်တယ်၊ အမေ ပိုက်ဆံဖွက်ထားနိုင်တဲ့ နေရာမှန်သမျှကို ရှာတယ်။ ဗီရိုအံဆွဲထဲမှာ ကွေကာအုတ် တွေထည့်ထားတဲ့ ဘူးဟောင်း တစ်ဘူး တွေ့တယ်။ အဖုံးကိုဖွင့်ပြီး အထဲက ကွေကာအုတ်တွေကို လက်တစ်ဆုပ်စာ နှိုက်တယ်။ ပါးစပ်ထဲကိုပစ်ထည့်လိုက်တယ်၊

ကွေကာအုတ် အမှုန့်တွေ လည်ချောင်းမှာကပ်ပြီး ဘန် ချောင်းဆိုးသွားတယ်။ ဘူးထဲကနေ နောက်ထပ် လက်တစ်ဆုပ်ထပ်ယူတယ်။ ပါးစပ်ထဲကို ထည့်ပြီး ထပ်မျိုချတယ်။ ရေခဲသေတ္တာကို ဖွင့်လိုက်တော့ အထဲမှာ အစားအသောက်ထည့်တဲ့ပလတ်စတစ် ဘူးတစ်ဘူး။ ဘူးထဲမှာ မုန်လာဥတွေ၊ ပဲတွေနဲ့ ထောပတ်တွေ ရောနယ်ထားတဲ့ ဘာမှန်းမသိတဲ့ ဟင်းတစ်မျိုး။ ပလတ်စတစ်ဘူး အဝကို နှုတ်ခမ်းနဲ့တေ့၊ ဟင်းတွေကို ဇွန်းနဲ့ကော်ပြီး ဘန် ပါးစပ်ထဲကို တွန်းချလိုက်တယ်။ ပဲစေ့တွေက ဘန့်ရင်ဘတ်ပေါ်ကို ပြုတ်ကျကုန်တယ်။ ကြမ်းပေါ်ကို ကျကုန်တယ်။

"မြန်မြန် လုပ်လေဟာ" ..ဒီယွန်ဒရာက ဘန့်ကို ခပ်တိုးတိုးကြိမ်းတယ်။ ဘန်က အခုထိ ဒီယွန်ဒရာ့ ဆွယ်တာဘောင်းဘီကို ဝတ်ထားတုန်းပဲ။ ဒီယွန်ဒရာကတော့ ဂျင်းဘောင်းဘီအသစ်၊ ဆွယ်တာအနီ၊ ပြီးတော့ ယောက်ျားစီး စတိုင်ပဲင်န်ဖိနပ်နဲ့။ ဒီယွန်ဒရာ့ ခြေထောက်က ကြီးလွန်းတော့ ယောက်ျားစီး ဖိနပ်စီးမှ အဆင်ပြေတယ်။ ခြေထောက်ကြီးတဲ့ အကြောင်း သူ့ကို တည့်တည့်ပြောရင်တော့ လုံးဝမကြိုက်ဘူး။ ဒီယွန်ဒရာက ဖိနပ်ကို ကြမ်းပြင်မှ တဒေါက်ဒေါက်ခေါက်ရင်း ဘန့်ကို မြန်မြန်လုပ်ဖို့ လောတယ်။

"ငါ့အခန်းထဲ သွားမယ်။ လာ" ..ဘန်ပြောလိုက်တယ်။ "အခန်းထဲမှာ ငါ့ပိုက်ဆံသိမ်းထားတာ ရှိတယ်။ ပြီးတော့ နင့်ကိုပေးဖို့ လက်ဆောင်လည်းရှိတယ်" ..ဒီလောက် ဆေးတွေကြောင်၊ အရက်တွေမူးနေတာတောင်မှ 'လက်ဆောင်' ဆိုတဲ့ စကားကိုကြားလိုက်တာနဲ့ ဒီယွန်ဒရာ့မျက်လုံးတွေက အရောင်လက်သွားသေးတယ်။

ဘန့်အခန်း သော့ခလောက်က နှစ်ပိုင်း ပြတ်နေတယ်။ ဘယ်သူလုပ်သွားတာပါလိမ့်.. ရဲတွေလား၊ အမေလား။ အထဲမှာ ရှာတွေ့စရာ ဘာမှတော့မရှိပါဘူး။ ဘန် အခန်းတံခါးကို ဖွင့်တယ်။ အခန်းမီးကို ဖွင့်တယ်။ ဒီယွန်ဒရာက နောက်ကနေဝင်လိုက်လာပြီး တံခါးကို ပြန်ပိတ်တယ်။ ဘန့်ခုတင်ပေါ်မှာ ဝင်ထိုင်တယ်။ ပါးစပ်ကလည်း တတွတ်တွတ်နဲ့ တိုးတိုးတိုးတိုးတွေ ရွတ်နေတယ်။ ပြီးလည်းပြီးရော ဒီယွန်ဒရာက ငိုချလိုက်ရော။ ဘန် အဝတ်အစားတွေ ထည့်တာကို ခဏရပ်လိုက်ပြီး သူ့ရည်းစားဘေးမှာ ဝင်ထိုင်တယ်။ အသံတိုးဖို့ သတိပေးတယ်။ ဒီယွန်ဒရာ့ ဆံပင်နက်နက်တွေကို လက်နဲ့သပ်ပေးတယ်။ ဗိုက်ကို ပွတ်ပေးတယ်။ တိတ်တိတ်နေနော် မငိုနဲ့..အကုန်အဆင်ပြေသွားမှာပါ။ နှစ်ယောက်တည်းဘဝက အရမ်းပျော်ဖို့ကောင်းမှာပါ..အစရှိတဲ့ မှသားတွေနဲ့ ချော့ရတယ်။ နာရီဝက်လောက် ကြာမှ ဒီယွန်ဒရာ အငိုတိတ်သွားတယ်။ စောစောကကျတော့ မြန်မြန်လုပ်ဖို့ လောနေလိုက်တာ.. သူ့

အလှည့်ကျတော့ အေးအေးဆေးဆေး အချိန်ဆွဲပြီး ငိုနေတယ်။ တရားကျစရာပဲ။

ဘန် နာရီကို ကြည့်လိုက်တယ်။ အချိန်မရှိတော့ဘူး။ အိမ်ထဲကထွက်မယ်ဆိုရင် မြန်မြန် ထွက်မှ။ ဘန့် အခန်းတံခါးက နည်းနည်း ပြန်ဟသွားတယ်။ ပြန်ပိတ်မနေတော့ဘဲ ဒီအတိုင်း ထားလိုက်တယ်။ ဂျင်းဘောင်းဘီတွေ၊ ဆွယ်တာတွေကို ကျောပိုးအိတ်ထဲ ထည့်တယ်။ ဘန့်ရဲ့ မှတ်စုစာအုပ်တွေကိုလည်း သေချာသိမ်းပြီး အိတ်ထဲထည့်တယ်။ စာအုပ်ထဲမှာ ကလေးမွေးလာရင် ပေးဖို့ နာမည်လေးတွေ ချရေးထားတာလေ။ *ခရစ်ဆီဒေး*··လို့ နာမည်ပေးမယ်။ ခရစ်ဆီဆိုတဲ့ နာမည်ကို ဘန် သိပ်သဘောကျတာ။ ခရစ်ဆီဒေး·· *ခရစ်ဆီ ပက်ထရစ်ရှာ ဒေး*·· ဒါမှမဟုတ်ရင် အန်တီဒိုင်ယန်း နာမည်ပါ ပါသွားအောင် *ခရစ်ဆီ ဒိုင်ယန်း ဒေး*··။ ကျောင်းက သူငယ်ချင်းတွေက ဘန့် သမီးလေးကို *ဒီ-ဒေး* ဆိုပြီး အတိုကောက် ခေါ်ကြမှာ။ မမိုက်ဘူးလား။ ဒီယွန်ဒရာ့ကိုတော့ ဒီနာမည်ပေးဖို့ တော်တော် ပြောယူရမယ်။ ဒီယွန်ဒရာက နာမည် ရိုးလွန်းရင် မကြိုက်ဘူးတဲ့။ *အမ်ဘရီဆီယာ*·· ဒါမှမဟုတ် *ကယ်လီယိုပီ*··ဒါမှမဟုတ် *နိုက်တင်ဂေး*· အဲဒီလို နာမည်ဆန်းဆန်းတွေပဲ ပေးချင်တယ်··တဲ့။

ကျောပိုးအိတ်ကို ပခုံးမှာ လွယ်လိုက်တယ်။ စားပွဲ အံဆွဲနောက်မှာ ထည့်ဖွက်ထားတဲ့ ပိုက်ဆံထုပ်ကို ယူတယ်။ ၅ ဒေါ်လာ၊ ၁၀ ဒေါ်လာတန်တွေ ရရင် ရသလို စုထားတာ အခုဆိုရင် ၃၀၀-၄၀၀ လောက်တော့ ရှိနေမှာပဲလို့ ဘန်က ထင်ထားတာ။ ဒါပေမယ့် တကယ် ရေကြည့်လိုက်တော့ ၁၀၀ တောင်မပြည့်ချင်ဘူး။ ရှိတဲ့ပိုက်ဆံကိုပဲ ဂျင်းဘောင်းဘီနောက်အိတ်ထဲ ထိုးထည့်လိုက်တယ်။ ခုတင်အောက်ကို ငုံ့ကြည့်တယ်။ သူ့သမီးအတွက် ကြိုဝယ်ထားတဲ့ အဝတ်ဟောင်းတွေ ထည့်ထားတဲ့ အထုပ်·· မရှိတော့ဘူး။ ဘယ်သူယူသွားတာလဲ··။

"ဘယ်မှာလဲ ငါ့လက်ဆောင်"··ဒီယွန်ဒရာက မေးတယ်။ ပက်လက်လှန်အိပ်နေရင်း မေးတာဆိုတော့ ဒီယွန်ဒရာ့အသံက အစ်အစ်ကြီး ဖြစ်နေတယ်။ ဗိုက်ပူပူက မိုးပေါ် ထောင်နေတယ်။

ခုတင်အောက်မှာ အထုပ်ကို ရှာနေရာကနေ ဘန် မော့ကြည့်လိုက်တယ်။ ဒီယွန်ဒရာ့ မျက်နှာက သရဲတစ်ကောင်နဲ့ တူနေတယ်။ နှုတ်ခမ်းနီတွေ ပေပွနေတယ်။ အိုင်းလိုင်နာတွေ ပျော်ကျနေတယ်။ "ရှာမတွေ့ဘူး"··ဘန်ပြန်ပြောလိုက်တယ်။

"ဘာကို ရှာမတွေ့တာလဲ။ ဘယ်ရောက်သွားတာလဲ"

"မသိဘူး၊ တစ်ယောက်ယောက် ယူသွားတယ်ထင်တယ်"

ဒီယွန်ဒရာက ဝုန်းခနဲ ထရပ်တယ်။ ဘန်လည်း မတ်တပ်ထရပ်လိုက်တယ်။ အခန်းရဲ့ တစ်လုံးတည်းသော မီးသီးအောက်မှာ နှစ်ယောက်သား ဘာဆက်လုပ်ရမှန်း မသိဘဲ ကြောင်တောင်တောင် ဖြစ်နေကြတယ်။

"နင့်ညီမတွေ ယူသွားတာလား"

"ဟုတ်မယ်၊ မီရှယ်က ငါ့အခန်းထဲ အမြဲဝင်မွှေတတ်တယ်။ ပြီးတော့ ငါ့စိတ်ထဲမှာ ပိုက်ဆံ ၃၀၀-၄၀၀ လောက် ရှိမယ်ထင်ထားတာ။ အခု ၁၀၀ တောင် မပြည့်ဘူး"

ဒီယွန်ဒရာက သူ့ဗိုက်ပူပူကို လက်နဲ့ မနိုင်မနင်း ပွေ့တယ်။ ဘန့်ဘက်ကို ဗိုက်ကို ထိုးပြတယ်။ "ဘန်..ဒီကလေးရဲ့ အဖေက နင်နော်။ နင်လုပ်လို့ ငါဗိုက်ကြီးသွားတာနော်။ အခု ပိုက်ဆံလည်း မရှိဘူး ဆိုတော့ ဘာဆက်လုပ်မှာလဲ။ နင် ဘာလုပ်မှာလဲ။ တစ်ခုခု စဉ်းစားတော့။ ငါ့ဗိုက်က ၇ လ လောက် ဖြစ်နေပြီ။ ဘယ်တော့ မွေးမလဲ မသိဘူး..နင်က အခုထိ.."

အခန်းတံခါးက လုပ်ခနဲ ပွင့်သွားတယ်။ တံခါးကြားကနေ ခြေထောက်လေး တစ်ချောင်း ပြူခနဲ ထွက်လာတယ်။ ခြေဖျားထောက်ပြီး ဟန်ချက်ကို ထိန်းတယ်။ ဟန်ချက်ပျက်သွားပြီး တံခါးတစ်ခုလုံး ကျွီခနဲ ပွင့်သွားတယ်။ မီရှယ်..။ အပြင်ကနေ ခိုးပြီး နားထောင်နေတာ။ တံခါးကို မှီရင်း အထဲကို ကျွံဝင်လာတာ။ မီရှယ့်မျက်မှန်အကြီးကြီးမှာ ဘန့် အခန်း မျက်နှာကြက် မီးသီးက ရောင်ပြန်ဟပ်နေတယ်။ မီရှယ့်လက်ထဲမှာ ဒိုင်ယာရီစာအုပ် အသစ်စက်စက်လေးကို ကိုင်ထားတယ်။ ဘောပင်ကို ကိုက်ပြီး အိပ်ထားတဲ့အတွက် မီရှယ့် ပါးစပ်မှာ မင်တွေပေနေတယ်။

မီရှယ်က ဘန့်ကိုတစ်လှည့်၊ ဒီယွန်ဒရာ့ကို တစ်လှည့်ကြည့်တယ်။ ပြီးမှ ဒီယွန်ဒရာ့ ဗိုက်ပူပူကို လက်ညှိုးထိုးတယ်။ "ကိုကြီး လုပ်လို့ ဗိုက်ကြီးသွားပြီ။ သိသားပဲ။ သိသားပဲ.."

မျက်မှန်က အလင်းရောင်တွေ ပြန်နေတဲ့အတွက် မီရှယ့် မျက်လုံးတွေကို ဘန် မမြင်ရဘူး။ အားရပါးရ ပြုံးနေတဲ့ ပါးစပ်ကိုပဲ မြင်ရတယ်။

"အမေ့ကို ပြောပြပြီးပြီလား"..မီရှယ်က ခြိမ်းခြောက်တဲ့ လေသံနဲ့မေးတယ်။ "အမေ့ကို ပြောပြလိုက်ရမလား"

မီရှယ့်ကို အမြန်ပြေးပွေ့ပြီး သူ့ အိပ်ရာထဲကို ပြန်ပို့ဖို့၊ ဘာမှမပြောနဲ့လို့ ခြိမ်းခြောက်မလို့ ဘန် စဉ်းစားနေတုန်းပဲ ရှိသေးတယ်.. ဒီယွန်ဒရာက မီရှယ့်ကို ဝုန်းခနဲ ခုန်အုပ်လိုက်တယ်။ မီရှယ်က တံခါးဘက်ကို ပြန်လှည့်ပြေးတယ်။ ဒါပေ

မယ့် ဒီယွန်ဒရာက မီရှယ့် ဆံပင် ညိုညိုရှည်ရှည်တွေကို လှမ်းဖမ်းလိုက်ပြီး ဆောင့်ဆွဲချလိုက်တယ်။ မီရှယ် ကြမ်းပြင်ပေါ်ကို ဖင်ထိုင်လျက်သား ပြုတ်ကျသွားတယ်။ ဒီယွန်ဒရာက အံကိုကြိတ်ရင်း တတွတ်တွတ်ပြောတယ်။ "နင့်ပါးစပ်ကို ပိတ်ထားစမ်း။ စောက်ကလေး စောက်ပါးစပ်ကို ပိတ်ထား။ ဘာသံမှ မထွက်နဲ့" ..မီရှယ်က အတင်းရုန်းတယ်။ ဆံပင်တွေ ဒီယွန်ဒရာ့လက်ထဲ ပြုတ်ပါသွားတယ်။ ဒီယွန်ဒရာက လက်ထဲပါလာတဲ့ ဆံပင် အထွေးလိုက်ကို တစ်ချက်ကြည့်ပြီး ကြမ်းပြင်ပေါ်ကိုပစ်ချတယ်။ မီရှယ်က ဖင်ထိုင်လျက်သားနဲ့ ခြေထောက်နဲ့တွန်းပြီး နောက်ကို ဆုတ်သွားတယ်။ ဒီယွန်ဒရာ မီရှယ့်နောက်ကို လိုက်တယ်။ မီရှယ်သာ အမေ့အခန်းဘက်ကို ထပြေးသွားရင် ..အမေ့ဆီကို ပြေးသွားခဲ့ရင် အခြေအနေကောင်းရင် ကောင်းသွားမယ်။ ဒါပေမယ့် မီရှယ်က အမေ့အခန်းဆီ မပြေးဘဲ သူ့အခန်းဘက်ကို ထပြေးတယ်။ ညီအစ်မ သုံးယောက်အိပ်တဲ့ အခန်း..။ ဒီယွန်ဒရာက မီရှယ့် နောက်ကနေ ပြေးလိုက်သွားတယ်။ ဘန် ဒီယွန်ဒရာ့ ဘေးကနေ လိုက်ရင်း "ထားလိုက်တော့..စိတ်လျှော့..ဒီယွန်ဒရာ..စိတ်လျှော့လိုက်" ..။ ဒီယွန်ဒရာက မရဘူး၊ နားမထောင်ဘူး။ မီရှယ်တို့ အခန်းထဲကို လိုက်ဝင်သွားတယ်။ မီရှယ်က သူ့ခုတင်ပေါ်မှာ နံရံကို ကျောကပ်ထိုင်ရင်း ကြောက်ပြီး တုန်နေတယ်။ ဒီယွန်ဒရာက မီရှယ့် ခြေထောက်နှစ်ချောင်းကို လက်နဲ့ ဆွဲဆန့်လိုက်တယ်။ မီရှယ့်ကို ပက်လက်လှန်တယ်။ အပေါ်ကနေ တက်ခွတယ်။ "ငါ့မိုက်ကြီးနေတာကို နင်က အကုန်လုံးသိအောင် ပြောပြချင်တယ် ဟုတ်လား။ နင့်အကြံက အဲဒီလိုလား။ ဟုတ်လား..။ အကျပ်ကိုင်ချင်တာလား။ ငါ့သတင်းကို ပြား ၅၀ နဲ့ ရောင်းစားမလို့ ကြံနေတာလား။ နင့်အမေကို သွားပြောပြချင်တာလား။ စောက်ကလေး။ နင့်မှာ ဦးနှောက်မပါဘူးလား။ နင်တို့ တစ်မိသားစုလုံး ဦးနှောက်မပါကြဘူးလား" ..ပြောနေရင်းနဲ့ ဒီယွန်ဒရာ့ လက်တွေက မီရှယ့် လည်ပင်းဆီကို ရောက်သွားတယ်။ မီရှယ့် ခြေထောက်လေးတွေ လေထဲကို မြောက်တက်လာတယ်။ ပြန်ကျသွားတယ်။ မီရှယ့် ခြေထောက်တွေ တဆတ်ဆတ်တုန်ခါနေတာကို ဘန်..ကြောင်တောင်တောင်နဲ့ ငေးကြည့်နေမိတယ်။ အဲဒီအချိန်မှာ ဘေးနားမှာ အိပ်ပျော်နေတဲ့ ဒက်ဘီ..တဖြည်းဖြည်း နိုးလာတယ်။ အခန်းတံခါးကို ဖွင့်ပြီး အမေ့ကိုလှမ်းခေါ်ရမယ့်အစား ဘန် တံခါးကို ပြန်ပိတ်လိုက်တယ်။ *အကုန်လုံး တိတ်ဆိတ်နေရင်ပြီးရော*..ဆိုတဲ့ အတွေးက ဘန့် စိတ်ထဲမှာ နေရာယူထားတယ်။ *ဘာပဲဖြစ်ဖြစ်..ဘယ်သူမှ အသံမထွက်ကြရင်..ဘယ်သူမှ နိုးမလာရင် ပြီးတာပဲ*..။ ဒီယွန်ဒရာ့ကို စိတ်လျှော့ဖို့ ဘန် ဖျောင်းဖျကြည့်တယ်။ "ဒီယွန်ဒရာ..ဒီယွန်ဒရာ

စိတ်လျှော့..စိတ်လျှော့လိုက်တော့။ မီရှယ့်ကို လွှတ်လိုက်ပါ..သူ ဘာမှ ပြန်မပြော ပါဘူး..စိတ်လျှော့ပါ"။ ဒီယွန်ဒရာက မီရှယ့်လည်ပင်းကို ဆက်ညှစ်ထားတယ်။ "ဘာကို စိတ်လျှော့ရမှာလဲ။ ဒီကောင်ကလေး လျှောက်ပြောမှာကို ငါတစ်သက်လုံး စိတ်ပူနေရမှာလား။ ဝေးသေးတယ်။ မလျှော့နိုင်ဘူး.."။ မီရှယ်က ဒီယွန်ဒရာ့လက် တွေ၊ မျက်နှာတွေကို လက်သည်းနဲ့ ကုတ်တယ်။ မီရှယ့် လက်ထဲက ဘောပင်ထိပ်ဖျား ဒီယွန်ဒရာ့ လက်အသားထဲကို စွပ်ကနဲ စိုက်ဝင်သွားတယ်။ ဒီယွန်ဒရာ လန့်သွားပြီး လက်ကို ခဏလွှတ်လိုက်တယ်။ သူ့ကို အဲဒီလိုလုပ်ရကောင်းလားဆိုတဲ့ အကြည့်နဲ့ မီရှယ့်ကို မျက်လုံးပြူးကြည့်တယ်။ မီရှယ်က ဘေးကိုစောင်းပြီး ဝှူးခနဲ အသက်ရှူ တယ်။ ဒီယွန်ဒရာ့ လက်တွေက မီရှယ့် လည်ပင်းပေါ်ကို ပြန်ရောက်သွားတယ်။ အားနဲ့ ထပ်ညှစ်တယ်။ ဘန် ဒီယွန်ဒရာ့ကို ဆွဲဖယ်မလို့ ပခုံးကို လှမ်းကိုင်တယ်။ ဒါပေမယ့် ဆွဲမဖယ်ဖြစ်ဘဲ ပခုံးပေါ်မှာ လက်ကို တင်ရုံတင်ထားမိတယ်။

+++

## လစ်ဘီဒေး

**ယနေ့**

ဒေးကောင်မလေးက ပိန်ပိန် ရှည်ရှည်လေး။ အခန်းထဲကို ဝင်လာတော့မှ သူ့မျက်နှာကို ကျွန်မသေချာကြည့်မိတယ်။ ကျွန်မနဲ့ တစ်ရပ်တည်းပါလား။ ဆံပင်တွေကလည်း အနီရောင်ပဲ။ အနီရောင်မှန်း မသိအောင် သူက အညိုဆိုးထားပါတယ်။ ဒါပေမယ့် အောက်ခြေတွေမှာ အနီရောင်အစလေးတွေ ထိုးထွက်နေပြီ။ အရပ်ရှည်ရှည် ဖြစ်နေတာကတော့ ဒီယွန်ဒရာ့ သွေးပါတာ ဖြစ်မယ်။ မျက်နှာကတော့တကယ့်ကို ကျွန်မရယ်··ဘန်ရယ်··အမေရယ် ပေါင်းထားတဲ့ မျက်နှာလေးပဲ။ ကောင်မလေးက ကျွန်မကို မျက်လုံးပြူးပြီး စိုက်ကြည့်တယ်။ ပြီးမှ အားနာသွားသလို-

"ဆောရီးပါ··ရုပ်ချင်း အရမ်းတူနေလို့ ကြည့်မိသွားတာ"··မျက်နှာတွေနီဆွေးဆွေးဖြစ်သွားပြီး သူက ပြောတယ်။ သူ့မျက်နှာမှာ ကျွန်မတို့မိသားစုရဲ့အမှတ်တံဆိပ်လို့ ပြောလို့ရတဲ့ မှဲ့ခြောက်လေးတွေ ဖွာလန်ကြဲနေတယ်။ "ရုပ်တူမယ်ဆိုတာတော့ သိပါတယ်။ ဒီလောက်ကြီးတူမယ် ထင်မထားလို့ အံ့သြသွားတာ။ တူလိုက်တာ"··ကောင်မလေးက သူ့အမေကို လှမ်းကြည့်တယ်။ ပြီးမှ ကျွန်မကိုပြန်ကြည့်တယ်။ ကျွန်မ လက်တွေကို ကြည့်တယ်။ ပြတ်နေတဲ့ လက်ချောင်းနေရာကို ကြည့်တယ်။ "ကျွန်မက *ခရစ်စတယ်* ပါ··။ အစ်မရဲ့ တူမပေါ့"

သူ့ကို လှမ်းဖက်လိုက်ရမလား။ ဖက်ချင်တယ်။ ကျွန်မတို့ နှစ်ယောက်သားလက်ဆွဲနှုတ်ဆက်လိုက်ကြတယ်။

ခရစ်စတယ်က ကျွန်မတို့နားမှာ လက်နှစ်ဖက်ကို ဟိုလိမ် ဒီလိမ်လုပ်ရင်းမတ်တတ်ရပ်နေတယ်။ ကျွန်မကို ခဏခဏ လှမ်းကြည့်တယ်။ စတိုးဆိုင်ရောက်လို့ မှန်တွေဘာတွေ တွေ့တဲ့အခါ မှန်ထဲက ကိုယ့် မျက်နှာကို မသိမသာ လှမ်းကြည့်မိတဲ့ ပုံစံမျိုးပဲ။

"သမီးကို အမေပြောသားပဲ။ ကံမကုန်ရင် ပြန်ဆုံကြမှာပဲ..လို့"..ဒီယွန်ဒရာက ပြောတယ်။ "ဟော..အခု ကံမကုန်သေးတော့ ရောက်လာပြီ။ လာ သမီး ဒီမှာ လာထိုင်"

ခရစ်စတယ်က သူ့အမေဘေးမှာ ပျင်းရိပျင်းတွဲ ပုံစံနဲ့ ဝင်ထိုင်လိုက်တယ်။ ဒီယွန်ဒရာ လက်မောင်းကြားထဲမှာ သူ့ကိုယ်လုံးကို ထိုးထည့်တယ်။ ဒီယွန်ဒရာ ပခုံးပေါ်မှာ သူ့မျက်နှာကို အပ်တယ်။ ဒီယွန်ဒရာက သူ့သမီးရဲ့ ဆံပင်ညိုညိုနီနီတွေကို လက်နဲ့ သပ်ပေးတယ်။ ခရစ်စတယ်က သူ့အမေရဲ့ အကာအကွယ်အောက်မှာ ခိုလှုံ စိတ်အေးနေတဲ့ မျက်နှာမျိုးနဲ့ ကျွန်မကို လှမ်းကြည့်တယ်။

"အစ်မနဲ့ တွေ့ရမယ်လို့ လုံးဝ ထင်မထားဘူး သိလား"..ခရစ်စတယ်က ပြောတယ်။ "ဘယ်တော့မှ မတွေ့ရတော့ဘူးလို့ ထင်ထားတာ။ ကျွန်မက လူမသိ သူမသိ မွေးလာတဲ့ ကလေးလေးလေ"..ပြောရင်း သူ့အမေကို မော့ကြည့်တယ်။ "အချစ်ကြောင့် ပေါက်ဖွားလာတဲ့ လျှို့ဝှက်ချက်လေးတဲ့..ဟုတ်လား အမေ"

"ဟုတ်တာပေါ့ သမီးရဲ့"..ဒီယွန်ဒရာက ပြန်ဖြေတယ်။

ဒါဆို ဘန်ဒေးက သူ့အဖေ ဆိုတာကို ဒီကောင်မလေးက သိတာပေါ့။ ကျွန်မတို့ ကိုလည်း သိနေတာပေါ့။ ဒီယွန်ဒရာ သူ့သမီးကို ဒီအကြောင်းတွေ ပြောပြထား လိမ့်မယ်လို့ ကျွန်မ လုံးဝ ထင်မထားခဲ့ဘူး။ သူ့သမီးကို တော်တော် ယုံတာပဲ..။ ဒီကိစ္စတွေကို ခရစ်စတယ် သိနေတာ ဘယ်လောက်ကြာသွားပြီလဲ။ ကျွန်မအိမ်ရှေ့ကို များ ရောက်လာဖူးသေးသလား။ သူ့ အဒေါ်ဆိုတာ ဘယ်လိုလဲဆိုတာကို ခိုးပြီးလာ ကြည့်ဖူးသလား။ ဒီလောက် ကြောက်ဖို့ကောင်းတဲ့အမှန်တရားကြီးကို ဘာဖြစ်လို့ ဒီယွန်ဒရာက သူ့သမီးကိုပြောပြထားရတာလဲ။ လိုမှ မလိုဘဲ။

ဒီယွန်ဒရာက ကျွန်မ ဘာတွေ တွေးနေသလဲဆိုတာကို ရိပ်မိသွားပုံပဲ။

"ဘာမှမဖြစ်ပါဘူး။ ခရစ်စတယ်က ဇာတ်လမ်းစုံ သိပြီးသား။ အစ်မက သမီးကို အကုန်ပြောပြတယ်လေ။ အမေနဲ့သမီး ဆိုတာထက် အချစ်ဆုံးသူငယ်ချင်း တွေလို့ ပြောရင် ပိုမှန်မယ်"

သူ့သမီးကလည်း သူ့အမေကို ထောက်ခံသလို ခေါင်းညိတ်တယ်။

"ဟုတ်တယ် ဟုတ်တယ်။ ကျွန်မဆီမှာ အစ်မတို့ ဓာတ်ပုံတွေ အကုန် စုထားတဲ့ စာအုပ်တောင် ရှိသေးတယ်။ ဓာတ်ပုံဆိုတာ သတင်းစာထဲက ညှပ်ယူ ထားတဲ့ ပုံတွေကို ပြောတာပါ။ မိသားစုဓာတ်ပုံအယ်လ်ဘမ် ဆိုပါတော့။ အစ်မကို တွေ့ချင်နေတာ ကြာလှပြီ။ အစ်မလို့ပဲ ခေါ်မယ်နော်။ အန်တီလို့ ခေါ်ရမလား။

အန်တီ··လစ်ဘီ··ဆိုပြီး။ အဲဒီလိုကြီးကျတော့ မခေါ်ရဲဘူး၊ တစ်မျိုးကြီးပဲ"

ကျွန်မ ဘာပြန်ပြောရမလဲ မသိဘူး။ စိတ်ထဲမှာတော့ အလုံးကြီးတစ်လုံး ပြုတ်ကျသွားသလို ပေါ့သွားတယ်။ ဒေးမိသားစု မျိုးဆက်မကုန်သေးဘူးပေါ့··။ မျိုးဆက်သစ်လေး ရှိနေသေးတာပေါ့။ ကောင်မလေးက ချောချောလှလှလေး။ အရပ် လည်းရှည်တယ်။ ကျွန်မလို ခြေမစုံ လက်မစုံ မဟုတ်ဘဲ ခြေချောင်း ဆယ်ချောင်း လက်ချောင်း ဆယ်ချောင်း အပြည့်ပါတယ်။ ကျွန်မနဲ့ သူနဲ့ ရုပ်ချင်းဆင်ပေမယ့် ကျွန်မရဲ့ ကြောက်စရာကောင်းတဲ့ ဦးနှောက်မျိုး သူ့မှာ မရှိဘူး။ စိတ်သန့်တယ်။ ဒီကောင်မလေးကို မေးခွန်းတွေ ဆက်တိုက် မေးချင်သွားတယ်။ သူ့မျက်လုံးတွေက အားကောင်းရဲ့လား။ မီရှယ့်လို မျက်စိမှုန်သလား။ အမေက စတော်ဘယ်ရီသီးနဲ့ မတည့်ဘူး။ ဒီကောင်မလေးကရော စတော်ဘယ်ရီ စားလို့ရသလား။ ဒက်ဘ့်ိလိုမျိုး သွေးချိုသလား··။ သွေးချိုတယ်ဆိုတာ ဒက်ဘ့်ိသွေးက ချိုလွန်းလို့ တစ်ချိန်လုံး ခြင်ကိုက်ခံနေရတယ်လေ။ နွေရာသီဆိုရင် ဒက်ဘ့်ိ တစ်ကိုယ်လုံးကို ခြင်ပြေးဆေး အပြည့်လူးထားရတယ်။ ပြီးတော့ ဒီကောင်မလေးက ကျွန်မလို အလွယ်တကူနဲ့ ဒေါသထွက်တတ်သလား။ ဘန့်လို ဘာသိဘာသာ နေတတ်သလား။ အဖေ့လို·· ရန်နာဒေးလို သူများကို အမြဲလှည့်ဖြားနေတတ်သလား။ ခရစ်စတယ်က ဘယ်လို မိန်းကလေးမျိုးလဲ။ ဘယ်လို ကောင်မလေးလဲ။ ဘယ်သူနဲ့ တူသလဲ။ ဒေးမိသားစုနဲ့ တူတဲ့ အချက်တွေအကုန် သိချင်တယ်။ ဒေးမိသားစုဆိုတာ ဘယ်လိုလဲဆိုတာ သူ့ ကိုကြည့်ရင်း သတိပြန်ရသွားချင်တယ်။

"အစ်မစာအုပ်ကိုလည်း ဖတ်ဖူးတယ်" ··ခရစ်စတယ်က ဆက်ပြောတယ်။ "နေ့သစ်··ဆိုတဲ့ စာအုပ်လေ။ အရမ်းကောင်းတာပဲ။ ကျွန်မဆို အဲဒီစာအုပ်ကို ဖတ်ပြီး တစ်ယောက်ယောက်ကို ပြန်ပြောပြချင်တာ။ ဒါငါ့အဒေါ်ရေးတဲ့ စာအုပ်လေ ဆိုပြီး··ကြွားချင်တာ" ··ခရစ်စတယ့် အသံက ပုလွေသံချိုချိုလေးနဲ့ တူနေတယ်။ လွင်လွင်လေး··။

"ဟုတ်လား။ ကျေးဇူးနော်"

"လစ်ဘီ··ညီမလေး၊ အိုကေရဲ့လား" ··ဒီယွန်ဒရာက မေးတယ်။

"အင်း··ဘာမှ မဖြစ်ပါဘူး။ အိုကေပါတယ်။ ဘာလို့ ဒီလောက်နှစ်တွေ အကြာကြီး လျှို့ဝှက်ထားသလဲ ဆိုတာကိုပဲ ကျွန်မ နားမလည်တာ။ ဘာလို့ဘန်က အခုထိ အစ်မကို မသိဘူး··မသိဘူး ဆိုပြီး ငြင်းနေတာလဲ။ သူ့သမီးနဲ့ ဘန်နဲ့တွေ့ ရော တွေ့ပြီးပြီလား။ မတွေ့ဖူးဘူး ထင်တယ်။ ဟုတ်လား"

ခရစ်စတယ်က ဟင့်အင်း ဆိုပြီး ခေါင်းခါပြတယ်။ "အဖေနဲ့ တွေ့တော့ တွေ့ချင်တယ်။ အဖေက ကျွန်မရဲ့ သူရဲကောင်းပဲလေ။ ကျွန်မကိုရော၊ အမေ့ကိုရော သူက ကာကွယ်ပေးထားခဲ့တာ"

"လစ်ဘီ၊ ညီမလေး။ ညီမလေးလည်း ဒီလျှို့ဝှက်ချက်ကို ထိန်းသိမ်းပေးရမယ်နော်။ ဘယ်သူ့ကိုမှ မပြောပြရဘူးနော်"..ဒီယွန်ဒရာက ပြောတယ်။ "ညီမလေးကို ယုံမယ်နော်။ အစ်မ ဘယ်လိုမှ မစွန့်စားရဲဘူး။ လူသတ်မှုမှာ အစ်မလက်ချက် မကင်းဘူးဆိုပြီး ရဲတွေက အခုထိ ထင်နေကြတုန်းပဲ။ အစ်မကို မတော်တဆ လာဖမ်းသွားရင် သမီးလေး ခရစ်စတယ် တစ်ယောက်တည်း.."

"အဲဒီလောက်ကြီးတော့ လျှို့ဝှက်ထားစရာ မလိုဘူးထင်..."

"မလုပ်ပါနဲ့ အစ်မရယ်"..ခရစ်စတယ်က ဝင်ပြောတယ်။ "တောင်းပန်ပါတယ်.. မလုပ်ပါနဲ့။ ရဲတွေ အမေ့ကို လာဖမ်းသွားမှာကို ကျွန်မ တွေးတောင်မတွေးရဲဘူး။ အမေက ကျွန်မရဲ့ အချစ်ဆုံးသူငယ်ချင်းပါ။ တကယ်ပါ"

အောင်မယ်လေး ဟုတ်ပါပြီ။ ကျွန်မ ချဉ်တင်တင်နဲ့ မျက်စောင်းထိုးတော့ မလို့ပဲ။ ဒါပေမယ့် ကောင်မလေးက မျက်ရည်တွေတောင် ဝဲနေပြီ။ ခရစ်စတယ်က သူ့အမေပြောတာကို တကယ်ယုံနေပုံပဲ။ ရဲတွေ အချိန်မရွေးလာဖမ်းမယ်ဆိုတာကို လုံးဝ ယုံနေတာ။ သူ့မေမေကို ခေါ်သွားမှာကို စိုးရိမ်နေတာ။ ဟုတ်မှာပါ။ ဒီယွန်ဒရာက သူ့ရဲ့ 'အချစ်ဆုံး သူငယ်ချင်းကြီး' ဆိုတာ ဟုတ်မှာပါ။ ဒီလောက်နှစ်တွေ အကြာကြီး နှစ်ယောက်တည်း နေလာတာနေမှာ။ မေမေ့ရဲ့ မဟာ လျှို့ဝှက်ချက်ကြီးကို ထိန်းသိမ်းပေးမယ့် သမီးလေးပေါ့။

"အစ်မ မိဘတွေကို ဘာမှမပြောဘဲ ထွက်ပြေးလာတာပေါ့"

"ဗိုက်ပူလာတဲ့ အချိန်မှာ၊ သူတို့တွေ သတိထားမိလောက်မယ့် အချိန်မှာ ထွက်ပြေးလာတာပဲ"..ဒီယွန်ဒရာက ပြောတယ်။ "အစ်မ မိဘတွေက မရှာဘူး။ အရူးတွေ။ သူတို့ဆီက ထွက်ပြေးလာလိုက်တာကိုပဲ အစ်မတော့ ဝမ်းသာပါတယ်။ ဒီလျှို့ဝှက်ချက်ကို သိတာဆိုလို့ ဘန်ရယ်၊ အစ်မရယ်၊ သမီးလေးရယ်ပဲ ရှိတယ်"

ဒေးမိသားစုထဲက လျှို့ဝှက်ချက်ပေါ့။ မီရှယ်သာ ဒီဇာတ်ထုပ်ကို သိသွားခဲ့လို့ကတော့ သိပ်ပျော်မှာပဲ။

"အစ်မ ဘာပြုံးနေတာလဲ"..ခရစ်စတယ်က မေးတယ်။ သူကိုယ်တိုင်လည်း ပြုံးနေတယ်။

"သြော်..မဟုတ်ပါဘူး။ အစ်မ ညီမလေးလေ.. မီရှယ်ဒေးလေ။ သူက

အတင်းအဖျင်းတွေ၊ ဓာတ်လမ်းစုံတွေဆိုရင် သိပ်ဝါသနာပါတာ။ သူသာ အသက်ရှိနေဦးမယ်ဆိုရင် ဒီအကြောင်းကို သိသွားရင် သိပ်ပျော်မှာပဲလို့ တွေးမိသွားလို့ပါ''

ဒီယွန်ဒရာတို့ သားအမိ မျက်နှာ ကွက်ခနဲ ပျက်သွားတယ်။

''ဆောရီးပါ။ ဟာသ လုပ်ပြီး ပြောသလိုဖြစ်သွားရင် ဆောရီး''..ကျွန်မ ပြောလိုက်တယ်။

''အို..ရပါတယ် ဘာမှ မဖြစ်ပါဘူး။ ရပါတယ်''..ဒီယွန်ဒရာက ပြောတယ်။ ကျွန်မတို့ သုံးယောက်သား ဘာဆက်ပြောရမှန်း မသိဘဲ ဟိုကြည့်ဒီကြည့် လုပ်နေကြတယ်။ နောက်ဆုံးမှ ဒီယွန်ဒရာက ထပြောတယ်။ ''လစ်ဘီ ညီမလေး ဒီမှာ ညစာ စားသွားပါလား''

...

ညစာက အသားစွပ်ပြုတ်။ နည်းနည်းတော့ ငန်တယ်။ စွပ်ပြုတ်ကို မြိုချရင်း ကျွန်မ ဝိုင်တစ်ခွက်ပြီး တစ်ခွက် သောက်မိသွားတယ်။ သုံးယောက်စလုံးက ဝိုင်ကို အားရပါးရ သောက်တာ။ ကျွန်မနဲ့ အတွဲညီမယ့် မိသားစုပဲ။ စကားတွေအစုံ ပြောဖြစ်တယ်။ အစ်ကို့အကြောင်းတွေ ပြောတယ်။ ဟာသတွေ အမှတ်ရစရာတွေ။ ခရစ်စတယ်က သူ့အဖေအကြောင်း တစပ်စပ်မေးတယ်။ ကျွန်မ ပြန်မဖြေနိုင်တဲ့ မေးခွန်းတွေ များပါတယ်။ ဘန်က ဘယ်လို သီချင်းတွေကြိုက်သလဲ။ ဘန်က စာအုပ်ဖတ်တာ ဝါသနာ ပါသလား။ ဘန့်မှာ ဆီးချိုရှိသလား..ဘာလို့လဲဆိုတော့ သူ့မှာလည်း ဆီးချိုရှိသလိုလို ဖြစ်ချင်နေလို့တဲ့။ ပြီးတော့ သူ့အဘွား ပက်တီဒေးကရော ဘယ်လို ပုံစံမျိုးလဲ..

''သူတို့ကို ကျွန်မရဲ့ တကယ့်မိသားစုတွေလို သိချင်တာလေ။ လူသတ်မှုမှာ အသတ်ခံရတဲ့ သူတွေအဖြစ်ပဲ သိထားခဲ့ရတာ''..ခရစ်စတယ်ကပြောတယ်။

အိမ်သာသွားလိုက်ဦးမယ် ဆိုပြီး ကျွန်မ ခွင့်တောင်းလိုက်တယ်။ အတိတ်အမှောင်ထဲက မေးခွန်းတွေရယ်..ဒီယွန်ဒရာရယ်၊ ခရစ်စတယ်ရယ်..ဒါတွေဆီကနေ ခဏလေး အနားယူချင်ပြီ။ မောပြီ။ ပြောပြစရာ လူတွေအကြောင်းကလည်း ကုန်သလောက် ဖြစ်နေပြီ။ အဖေ့ အကြောင်း ထပ်ပြောပြရမှာလည်း စိတ်ဆင်းရဲတယ်။ ရေချိုးခန်းက အိမ်ရဲ့ တခြားအခန်းတွေလိုပဲ ညစ်စုတ်စုတ်ရယ်။ နံရံမှာ ရေညှိတွေ တက်နေတယ်။ အိမ်သာအိုးထဲမှာ ရေတဖြောက်ဖြောက်ကျနေတယ်။ အမှိုက်ပုံးထဲမှာ နှတ်ခမ်းနီသုတ်ထားတဲ့ တစ်သျှူးတွေ အထပ်လိုက် ပြည့်နေတယ်။ အခုမှဒီအိမ်ထဲမှာ တစ်ယောက်တည်း လျှောက်ကြည့်ခွင့်ရတာဆိုတော့ ကျွန်မ မနေနိုင်ဖြစ်လာတယ်။

အမှတ်တရ ပစ္စည်း တစ်ခုခုတော့ ယူသွားဦးမှ။ အိမ်သာရေဆွဲအိုးပေါ်မှာ ပန်းအိုး နီနီတစ်လုံး။ ပန်းအိုးကတော့ ယူသွားဖို့ ကြီးလွန်းတယ်။ ခပ်သေးသေး ပစ္စည်းမှ အဆင်ပြေမယ်။ ရေချိုးခန်း မှန်ဗီရိုကို ကျွန်မ ဖွင့်လိုက်တယ်။ အထဲမှာ သောက်ဆေးပုလင်းတွေ မနည်းမနောပဲ။ ပေါ်လီပမ်··ဆိုတဲ့ နာမည်ကို ပုလင်းတိုင်းမှာ ရေးထားတယ်။ အိပ်ဆေးတွေ၊ အကိုက်အခဲပျောက်ဆေးတွေ။ ဗိုင်ကိုဒင် ဆေးပြား နည်းနည်း ကျွန်မ အိတ်ထဲ ကောက်ထည့်လိုက်တယ်။ နှုတ်ခမ်းနီ တစ်တောင့် ယူတယ်။ အဖျားတိုင်းတံ တစ်ချောင်းလည်း အိတ်ထဲ ထည့်လိုက်တယ်။ ကံကောင်းလိုက်တာ။ အဖျားတိုင်းတံ လိုချင်နေတာ ကြာပြီ။ ကိုယ့်ဘာသာကိုယ်ဆိုရင် ဘယ်တော့မှ ဝယ်ဖြစ်မယ် မထင်ဘူး။ နောက်တစ်ခါ အိပ်ရာ မထချင်အောင် ဖြစ်နေပြီဆိုရင် အဖျား တိုင်းကြည့်ရမယ်။ ဖျားနေတာလား၊ ပျင်းလို့ မထချင်တာလားဆိုတာ သေချာ သိရအောင်။

ထမင်းစားပွဲ ရှိရာကို ပြန်လာလိုက်တယ်။ ခရစ်စတယ်က ခုံပေါ်မှာ ဒူး တစ်ဖက်တင်ပြီး ထိုင်နေတယ်။ မေးစေ့ကို ဒူးပေါ်မှာ ထောက်ထားတယ်။

"မေးစရာတွေ ကျန်သေးတယ်နော် အစ်မ"··ခရစ်စတယ်က ကျွန်မကို ပြောတယ်။ သူ့ရဲ့ ပုလွေသံ ချိုချိုက တက်လိုက် ကျလိုက်။။

"ဖြေစရာ အဖြေတွေ သိပ်မရှိတော့ဘူးထင်တယ်"··ကျွန်မ သူဆက်မေး နေမှာစိုးလို့ ပိတ်ပြောလိုက်တယ်။ "အဲဒီတုန်းက အစ်မ အသက်က အရမ်းငယ်သေးတယ်လေ။ ဘန်နဲ့ ပြန်စကားပြောဖြစ်တော့မှ အစ်မလည်း အစ်မ မိသားစုရဲ့ အကြောင်းတွေ ပြန်သတိရလာတာ။ အကုန်မေ့ထားခဲ့တာ"

"ဓာတ်ပုံတွေဘာတွေ သိမ်းမထားဘူးလား"··ခရစ်စတယ်က မေးတယ်။

"ရှိပါတယ်။ စက္ကူပုံးနဲ့ ထည့်ပိတ်ထားတာ ကြာပြီ"

"အင်းပေါ့လေ။ပြန်ကြည့်ဖို့ကျတော့စိတ်ထဲမှာဘယ်ကောင်းပါ့မလဲနော့" ···ခရစ်စတယ်က သနားတဲ့ လေသံနဲ့ ပြောတယ်။

"အင်း··အခုနောက်ပိုင်းတော့ ပုံးတွေကို ပြန်ဖွင့်ကြည့်ဖြစ်တယ်။ ဓာတ်ပုံစာအုပ်တွေ။ ကျောင်းဓာတ်ပုံအယ်လ်ဘမ်တွေ။ ပြီးတော့ တခြား ပစ္စည်းတွေ အစုံပါပဲ"

"ဟုတ်လား။ ဘယ်လို ပစ္စည်းတွေလဲ"··ဒီယွန်ဒရာက ပန်းကန်ထဲကပဲစေ့တွေကို ခက်ရင်းနဲ့ စိတ်မပါလက်မပါ ထိုးကော်ရင်း မေးတယ်။

"အင်း·· ပစ္စည်းတစ်ဝက်လောက်က မိရှယ့်ဟာတွေ များပါတယ်"··

ကျွန်မ ဖြေနိုင်တဲ့ မေးခွန်းဖြစ်နေတဲ့အတွက် စိတ်ပါလက်ပါ ပြန်ဖြေလိုက်တယ်။

"မီရှယ့် အရုပ်တွေလား"..ခရစ်စတယ်က သူ့ စကတ်ရဲ့ အနားစွန်းကို လက်နဲ့ဆော့နေရင်း မေးတယ်။

"ဟင့်အင်း မဟုတ်ဘူး၊ စာရွက်တွေ၊ ဒိုင်ယာရီတွေပါ။ မီရှယ်က ရှိသမျှ၊ ဖြစ်သမျှကို ချရေးတတ်တဲ့ အကျင့် ရှိတယ်လေ။ ကျောင်းက ဆရာမတွေ တစ်ခုခု မဟုတ်တာလုပ်ပြီဆိုရင်လည်း မီရှယ်က ဒိုင်ယာရီထဲ တန်းရေးတာ။ တစ်ယောက် ယောက်ကို အမေက ဘက်လိုက်မိပြီ ဆိုရင်လည်း မီရှယ်က မနေနိုင်ဘူး။ ရေးပြီး မှတ်ထားတယ်။ ကျောင်းမှာ သူကြိုက်နေတဲ့ ကောင်လေးတစ်ယောက် ရှိတယ်။ အဲဒီကောင်လေးကို သူနဲ့ သူ့သူငယ်ချင်း ကောင်မလေးတွေနဲ့ ဝိုင်းလုကြတုန်းက ဆိုရင်လည်း ဒိုင်ယာရီထဲ ထည့်ရေးတာပဲ။ အသေးစိတ်ကို ရေးတာ.."

"အင်း..*တော့ဒ်ဒယ်ဟန့် လေ*"..ခရစ်စတယ်က မပွင့်တပွင့်နဲ့ ဝင်ပြော တယ်။ ခေါင်းကို တဆတ်ဆတ် ညိတ်တယ်။ ဝိုင်ခွက်ကို မော့သောက်တယ်။

"..ဒိုင်ယာရီထဲမှာ..အဲဒီလို.."..ကျွန်မ ခရစ်စတယ် ဝင်ပြောတာကို ကြားလိုက်သလိုလို မကြားလိုက်သလိုလို ဖြစ်သွားပြီး စကားကို ဆက်ပြောနေမိ တယ်။ တော့ဒ်ဒယ်ဟန့်..လို့ ပြောလိုက်တာလား။ သူသာမပြောပြရင် ကျွန်မ အဲဒီ နာမည်ကို မှတ်မိစရာ အကြောင်းမရှိဘူး။ တော့ဒ်ဒယ်ဟန့်.. ဟုတ်တယ်။ အဲဒီ နာမည်ပဲ။ မီရှယ်နဲ့ သူ့ သူငယ်ချင်းတွေ ရန်ဖြစ်ကြတာ.. တော့ဒ်ဒယ်ဟန့် ဆိုတဲ့ ကောင်လေးကို ဝိုင်းလုကြရင်းဖြစ်တာ။ ခရစ္စမတ် အချိန်ကြီး။ မှတ်မိပြီ။ လူသတ်မှု တွေ မတိုင်ခင်လေးပဲ။ ခရစ္စမတ်နေ့ တစ်မနက်လုံး မီရှယ်က ပါးစပ်က ပွစိပွစိတွေ ပြောရင်း ဒိုင်ယာရီထဲမှာ ရေးမှတ်နေတာ။ ဒါပေမယ့်.. တော့ဒ်ဒယ်ဟန့် ဆိုတဲ့ နာမည်ကို..ခရစ်စတယ် ဘယ်လိုသိသလဲ။ ဘယ်လို-

"အစ်မနဲ့ မီရှယ်နဲ့ သိသလား"..ကျွန်မ ဒီယွန်ဒရာ့ကို မေးလိုက်တယ်။ ကျွန်မ ဦးနှောက်ထဲမှာ တချက်ချက် မြည်နေတယ်။

"ဟင့်အင်း၊ အဲဒီလောက်ကြီးမသိပါဘူး"..ဒီယွန်ဒရာက ပြန်ဖြေတယ်။ သူ့ မျက်နှာက *ဒီယွန်ဒရာ့ကို သိသလား*..လို့ ဘန့်ကို ကျွန်မ မေးလိုက်တုန်းက ဘန်ဖြစ်သွားတဲ့ ရုပ်နဲ့ တစ်ရုပ်တည်းပဲ။

"ကျွန်မ အိမ်သာသွားဖို့ အလှည့်ရောက်ပြီ"..ခရစ်စတယ်က ဝိုင်ခွက်ကို ကုန်အောင် မော့ချလိုက်ပြီး ပြောတယ်။

"ဒါနဲ့"..ကျွန်မ စကားဆက်ပြောဖို့ မေ့နေတယ်။ မီရှယ် တော့ဒ်ဒယ်ဟန့်

ကို ကြိုက်နေတာ ခရစ်စတယ်က ဘယ်လို သိသလဲ။ မီရှယ့် ဒိုင်ယာရီကို ဖတ်ကြည့်ထားတယ်ဆိုရင်တော့ ဖြစ်နိုင်တယ်။ ခရစ္စမတ် မနက်မှာ အမေက မီရှယ့်ကို ဒိုင်ယာရီ အသစ်လေး လက်ဆောင်ပေးခဲ့တယ်။ ၁၉၈၅ တစ်နှစ်စာ အတွက်။ အဲဒီ ဒိုင်ယာရီထဲမှာ မီရှယ် ပထမဆုံး ချရေးတာ တော့ဒ်ဒယ်ဟန့် အကြောင်း။ ကျွန်မ မီရှယ့် ဒိုင်ယာရီတွေကို ပုံးထဲကနေ ဖောက်ဖတ်တော့ အကုန်လုံး အစုံအလင်ရှိနေတာပဲ··တစ်ခုမှ မပျောက်ပါဘူးလို့ သတ်မှတ်ထားတာ။ ၁၉၈၄ ဒိုင်ယာရီ အထိ အစုံအလင်ရှိတယ်လေ။ ဒါပေမယ့် ၁၉၈၅ ဒိုင်ယာရီကို ကျွန်မ မေ့နေတာ။ အဲဒီ ဒိုင်ယာရီ တစ်ခုတည်း ပျောက်နေတာ။

ခရစ္စမတ်နေ့ကနေ လူသတ်မှု ဖြစ်တဲ့နေ့အထိ··၉ ရက်စာ။ ၉ ရက်စာ ရေးထားတဲ့ မီရှယ့် ဒိုင်ယာရီ။ အဲဒီ ဒိုင်ယာရီထဲက စကားလုံးတွေကို ခရစ်စတယ် သိနေတယ်။ ဘယ်လိုသိတာလဲ။ မီရှယ့် ဒိုင်ယာရီကို သူဖတ်ထား-

ကျွန်မရဲ့ ညာဘက်မှာ လက်ခနဲ ဖြစ်သွားတဲ့ သတ္တုရောင်တစ်ခု။

ခရစ်စတယ်က မီးပူဟောင်းကြီးနဲ့ ကျွန်မ နားထင်ကို လွှဲရိုက်လိုက်တယ်။ အော်သံနဲ့ အတူ သူ့ပါးစပ်က ဟောင်းလောင်းပွင့်နေတယ်။

+++

## ပက်တီဒေး

**၁၉၈၅၊ ဇန်နဝါရီ (၃) ရက်**
**မနက် ၂ နာရီ ၃ မိနစ်**

ပက်တီ တကယ် အိပ်ပျော်သွားတာပဲ။ ဘယ်လောက် အဓိပ္ပာယ် မရှိလိုက်သလဲ··ဒီလိုအချိန်မှာတောင် အိပ်နိုင်သေးတယ်။ မနက် ၂ နာရီ ၂ မိနစ် တိတိမှာ ပက်တီ အိပ်ရာနိုးလာတယ်။ သူ့ကို ဖက်ထားတဲ့ လစ်ဘီ့ကို ဘေးကို အသာဖယ်လိုက်တယ်။ အိပ်ရာပေါ်ကထပြီး အိမ်ရှေ့ကို လျှောက်သွားတယ်။ ညီအစ်မတွေအိပ်တဲ့အခန်း ရှေ့က ဖြတ်လျှောက်တော့ အခန်းထဲက တကျွိကျွိ အသံ ကြားရတယ်။ ခုတင်ပေါ်မှာ ယောင်ပြီး လှုပ်နေကြတာထင်တယ်။ ဘန့် အခန်းရှေ့က ဖြတ်တော့ သော့မရှိတော့တဲ့ အခန်းက တံခါးဟနေတယ်။ အခန်းထဲက မီးလုံး လင်းနေတယ်။ ဘန် ပြန်ရောက်ပြီလား··။ ပက်တီ အခန်းထဲ ဝင်ကြည့်ဦးမလို့ပဲ။ ဒါပေမယ့် အခု အရမ်းနောက်ကျနေပြီ။ *ကယ်ဗင်ဒီးလ်* ဆိုတဲ့လူက နောက်ကျတာကို သည်းခံမယ့်လူမျိုး မဟုတ်ဘူး။

ဘန်··ငါ့သားလေး။

အချိန် မရှိတော့ဘူး။ ပက်တီ အိမ်ရှေ့တံခါးဆီကို အမြန်လျှောက်သွားလိုက်တယ်။ အေးလိုက်တာ။ အေးတာကို မေ့ထားလိုက်။ ပက်တီ့ ခေါင်းထဲမှာ ဟိုးအရင်တုန်းက တက္ကဆက်ဘက်ကို သွားပြီး ပင်လယ်ကမ်းခြေမှာ အနားယူခဲ့ဖူးတာကို ပြန်တွေးနေလိုက်တယ်။ တစ်ခါပဲ ရောက်ဖူးတာ။ တစ်ခါတည်း။ တစ်ကိုယ်လုံးကို လိုးရှင်းလူးပြီး နေစာလှုံခဲ့ရတဲ့ အရသာ··။ ပင်လယ်ရေတွေက ခြေထောက်အထိ အေးခနဲ လာထိတယ်။ ဆားငန်လေအရသာ နှုတ်ခမ်းဖျားမှာ။ နေက··သာလို့။

တံခါးကိုဖွင့်လိုက်တော့ ဓားမြှောင်က ပက်တီ့ရင်ဘတ်ထဲကို စိုက်ဝင်သွားတယ်။ ဓားကိုင်ထားတဲ့ လူရဲ့ လက်မောင်းထဲကို ပက်တီ ခွေကျသွားတယ်။ သူက

တိုးတိုးပြောတယ်။ "ဘာမှ မဖြစ်တော့ဘူး..စိတ်လျှော့လိုက်..။ စိတ်မပူနဲ့တော့။ စက္ကန့်သုံးဆယ်လောက်ဆိုရင် ပြီးသွားပြီ..။ သေချာအောင် နောက်တစ်ချက် ထပ်ထိုးမယ်နော်"..။ သူက ပြောရင်း ပက်တီ့ကို ဆွဲခွာတယ်။ ကချေသည်တစ်ယောက်လို ပက်တီ့တစ်ကိုယ်လုံး လည်ကနဲ ဖြစ်သွားတယ်။ သူက ပက်တီ့ကို သူ့ဆီ ပြန်ဆွဲခေါ်တယ်။ ဓားဦးက ပက်တီ ရင်ဘတ်ထဲကို နောက်တစ်ချက်တိုးဝင်လာပြန်တယ်။ နှလုံးကို မထိဘူး။ နှလုံးတည့်တည့်ကို ထိရမှာ..မထိသေးဘူး။ ကိုယ်ထဲကဓားတစ်ပတ်ချင်း လည်သွားတာကို ပက်တီ တအိအိ ခံစားနေရတယ်။ သူကကြြင်နာတဲ့မျက်လုံးတွေနဲ့ ပက်တီ့ကို ငုံ့ကြည့်တယ်။ နောက်တစ်ချက် ထပ်ထိုးဖို့ ဓားကိုဆွဲနုတ် မလို့ အလုပ်မှာ သူ့မျက်လုံးတွေ ပြူးကျယ်သွားတယ်။ မျက်နှာတစ်ခုလုံးတွန့်လိမ်သွားတယ်။

"ဟာ..ဘာလဲဟ..ဘာလဲ"

ပက်တီ အိမ်ထဲကို လှည့်ကြည့်လိုက်တယ်။ ဒက်ဘီ..။ ညဝတ်ဂါဝန်လေးနဲ့၊ ကျစ်ဆံမြီးတွေက ဖိအိပ်ထားတော့ ကြေတွန့်လို့။ ခေါင်းစည်းကြိုး တစ်စ ဒက်ဘီ့လက်မှာ တွဲလဲခိုနေတယ်။ ဒက်ဘီက အော်ဟစ်ပြီး ပက်တီ့ဆီကို ပြေးလာနေတယ်။ "အမေ..အမေရေ.. ဟိုမှာ မီရှယ့်ကို ဝိုင်းလုပ်နေကြတယ်..အမေ"တဲ့။ အမေ့မှာလည်း ဒဏ်ရာနဲ့ ဆိုတာ ဒက်ဘီ သိပုံမရဘူး။ "အမေ..မြန်မြန် လာလေ။ ဟိုမှာ မီရှယ့်ကို သတ်နေကြပြီ"။ ပက်တီ့ ခေါင်းထဲမှာ အတွေးတစ်ခုပဲ ရှိတယ်။ ကံဆိုးလိုက်တာ။ အိပ်မက်ဆိုး မက်နေတာလား။ တံခါးကို ပိတ်လိုက်။ မြန်မြန်ပိတ်လိုက်။ သွေးတွေက ပက်တီ့ ခြေထောက်အထိ စီးကျနေပြီ။ ပက်တီ အိမ်တံခါးကို အမြန်လှမ်းပိတ်တယ်။ ဒက်ဘီသူ့ကို မတွေ့တော့အောင်..တံခါးကိုပိတ်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် လူသတ်သမားက တံခါးကို ပြန်တွန်းဖွင့်လိုက်တယ်။ ပါးစပ်ကလည်း အကျယ်ကြီး အော်နေတယ်။ "ပြဿနာပဲ..ဘာတွေလဲ..ဘာတွေဖြစ်နေတာလဲ"။ ပက်တီ့ရင်ဘတ်မှာ စိုက်နေတဲ့ဓားကို သူ ဆွဲနုတ်ဖို့ ကြိုးစားတယ်။ အဲဒီမှာ ပက်တီ သိလိုက်တယ်။ ဒီလူ..ဒက်ဘီ့ကိုပါ သတ်တော့မယ်။ ဒက်ဘီ့ကို သတ်လိုက်တော့မှ သက်သေ မရှိတော့မှာ။ သူ့ကို ဘယ်သူမှ မသိတော့မှာ။ ဒက်ဘီ့ကို သူ့အမေနဲ့အတူ သေအောင် လုပ်တော့မှာ။ ရင်ဘတ်မှာ စိုက်နေတဲ့ ဓားကို ပက်တီလက်နဲ့ဆုပ်ကိုင်လိုက်တယ်။ ဓားရိုးကို ဖိပြီး အထဲထိဝင်အောင် ဆွဲထည့်လိုက်တယ်။ မလွှတ်ဘူး။ မပေးဘူး။ လူသတ်သမားက စိတ်တိုတိုနဲ့ အော်ပြီး ဓားကို လွှတ်လိုက်တယ်။ အိမ်တံခါးကို ဆောင့်ကန်တယ်။ အထဲကို ဝင်တယ်။ ပက်တီ လဲကျသွားတယ်။

ပက်တီ ပြန်မော့ကြည့်လိုက်တယ်။ အိမ်ရှေ့ တံခါးဘေးမှာ ချထားတဲ့ ပုဆိန်ကို သူ လှမ်းယူလိုက်တာကို ပက်တီတွေ့လိုက်တယ်။ ညတုန်းက မီရှယ် တံခါးနားမှာ ချထားပေးခဲ့တဲ့ ပုဆိန်··။ ဒက်ဘီက သူ့အမေဆီကို တဘောက်ဘောက်နဲ့ ပြေးလာတယ်။ သွေးအိုင်ထဲ လဲကျနေတဲ့ အမေ့ကို လာကယ်တာ။ ပက်တီ အာခေါင်ခြစ်ပြီး အော်လိုက်တယ်။ "ပြေး··ပြေး··မလာနဲ့"··။ ဒက်ဘီ တုံ့ခနဲ ရပ်သွားတယ်။ ဝေါ့ခနဲ အန်ချတယ်။ အိမ်ထဲကို ပြန်လှည့်ပြေးတယ်။ လူသတ်သမားက ပုဆိန်ကိုကိုင်ပြီး ဒက်ဘီ့နောက်ကနေ လိုက်သွားတယ်။ ဒက်ဘီအိပ်ခန်းတွေနားကို ရောက်ခါနီးမှာ လူသတ်သမားက ပုဆိန်ကိုမြှောက်ပြီး ဒက်ဘီ့ကို ခုတ်ချလိုက်တယ်။ ပက်တီ ခွေလဲနေရာကနေ မတ်တတ်ထရပ်တယ်။ အရက်သမားလို ဒယိမ်းဒယိုင်တွေ ဖြစ်နေတယ်။ အိပ်မက်ဆိုးထဲမှာ ပြေးနေရသလို ခြေထောက်တွေပဲ လှုပ်နေတယ်။ လူက ရှေ့ကို တော်တော်နဲ့ မရောက်ဘူး။ ပါးစပ်ကလည်း ဆက်တိုက်အော်တယ်။ "ပြေး··ပြေး··"။ ပက်တီ အိမ်ထဲကို ယိုင်ထိုးပြီး ဝင်လာတယ်။ အိပ်ခန်းတွေဘက်ကို ကွေ့လိုက်တော့ ကြမ်းပြင်က သွေးအိုင်ထဲမှာ လဲကျနေတဲ့ဒက်ဘီ့ကို တွေ့လိုက်ရတယ်။ သွေးတွေ များလိုက်တာ။ လူသတ်သမားက အရမ်းကို စိတ်ဆိုးနေပြီ။ မျက်လုံးတွေ နီရဲစိုရွှဲနေပြီ။ ဒေါသတကြီးနဲ့ အော်တယ်။ "ဒါ··ခင်ဗျား··ခင်ဗျားအပြစ်ပဲ"တဲ့။ ပြောရင်း ဧည့်ခန်းဘက်ကို ပြန်လျှောက်သွားတယ်။ ပက်တီ ဒက်ဘီ့နားမှာ ဒူးထောက်ချလိုက်တယ်။ ဒက်ဘီက ကြမ်းပြင်ပေါ်မှာသွေးအလူးလူးနဲ့ တွားသွားနေတယ်။ ဒက်ဘီ့ လက်မောင်းလေးက ဟက်တက်ကွဲနေပြီ။ ပက်တီ သူ့သမီးကို ပွေ့ချီလိုက်တယ်။ "သမီး··သမီးလေး။ ဘာမှ မဖြစ်ဘူးနော်··ဘာမှမဖြစ်တော့ဘူး"။ ပက်တီ့ ရင်ဘတ်မှာ စိုက်နေတဲ့ ဓားက အခုမှ လျှောထွက်လာပြီး ကြမ်းပြင်ပေါ်ကို ပြုတ်ကျသွားတယ်။ ရင်ဘတ်ထဲက သွေးတွေ ဒလဟော ထွက်ကျလာတယ်။ လူသတ်သမားက နှစ်လုံးပြူးသေနတ်ကို ကိုင်ပြီး ပြန်ရောက်လာတယ်။ ပက်တီ့ရဲ့ နှစ်လုံးပြူးသေနတ်။ ကလေးတွေ မမီအောင် မီးလင်းဖိုပေါ်က စင်မှာ တင်ထားခဲ့တဲ့ သေနတ်။ လူသတ်သမားက သေနတ်နဲ့ ချိန်တယ်။ ပက်တီ ဒက်ဘီ့ရှေ့မှာ ဝင်ကာလိုက်တယ်။

လူသတ်သမားက သေနတ်ကို မောင်းတင်တယ်။ ပက်တီ့ ခေါင်းထဲမှာ နောက်ဆုံးအတွေးစတစ်ခု ဖြတ်ပြေးသွားတယ်။ *ဘာတွေဖြစ်ကုန်တာလဲ··ဘာတွေဖြစ်သွားတာလဲ··။ အချိန်တွေ နောက်ကို ပြန်ဆုတ်ပေးပါ··နာရီတွေ နောက်ကိုပြန်လှည့်ပေးပါ··*

ကားပြတင်းပေါက်ကနေ တိုးဝင်လာတဲ့ နွေရာသီ လေပူပူတွေလို ဝှူးခနဲ အသံတစ်ချက် ထွက်လာတယ်။ ကျည်ဆန်က ပက်တီ့ ခေါင်းတစ်ခြမ်းကို ဖဲ့ယူသွားတယ်။

+++

# လစ်ဘီဒေး

**ယနေ့**

"ဆောရီး··အမေ"··ခရစ်စတယ်က သူ့အမေကို ပြောနေတယ်။ ကျွန်မ မျက်လုံးတွေ ဝေဝါးနေတယ်။ မျက်စိထဲမှာ ဝါကျင့်ကျင့် အရောင်တွေပဲ မြင်နေရတယ်။ မီးဖိုချောင်ရဲ့ ပတ်ပတ်လည် ပုံရိပ်တွေ ဖျတ်ခနဲ ပေါ်လာပြီး ပြန်ပျောက်သွားတယ်။ ပါးတွေ နာပြီး ကိုက်ခဲနေတယ်။ နာကျင်မှုဒဏ်က ကျောရိုးတစ်လျှောက် ဆင်းချသွားပြီး ခြေဖျားအထိ ရောက်နေတယ်။ ကျွန်မကို ကြမ်းပြင်မှာ မှောက်လျက်သား လှဲထားတယ်။ ဒီယွန်ဒရာက ကျွန်မကို အပေါ်ကနေ ခွပြီး ချုပ်ထားတယ်။ သူ့ကိုယ်လုံးက ထွက်နေတဲ့ ပိုးသတ်ဆေးလိုလို အနံ့ ကျွန်မ နှာခေါင်းထဲ ဝင်လာတယ်။

"အမေ သမီးတောင်းပန်ပါတယ်။ သမီး တကယ်မှားသွားတယ်"

"ရတယ် သမီး။ ဘာမှမဖြစ်ဘူး။ သွား··သေနတ်သွားယူပေး"

ခရစ်စတယ် အပေါ်ထပ်ကို ပြေးတက်သွားတဲ့ ခြေသံတဒေါက်ဒေါက်ကို ကျွန်မ ကြားရတယ်။ ဒီယွန်ဒရာက ကျွန်မကို ဆွဲလှန်တယ်။ ဆဲရင်လည်း ဆဲလိုက်။ ဒါမှ မဟုတ် အော်ရင်လည်း အော်လိုက်။ ဒါပေမယ့် ဒီယွန်ဒရာက ဘာမှ မပြောဘဲ အသက်ကိုပဲ ပြင်းပြင်းရှူနေတယ်။ သူ့လက်ချောင်းတွေက ကျွန်မ လည်ပင်းပေါ်ကို ရောက်လာတယ်။ ကျွန်မ လည်ပင်းကို ညှစ်ထားတယ်။ ကျွန်မရဲ့ သွေးကြောမကြီး ဒီယွန်ဒရာ့ လက်မအောက်မှာ တဒုတ်ဒုတ် ခုန်နေတယ်။ မျက်လုံးတွေ မမြင်ရသေးဘူး။ အကုန် မှောင်မည်းနေတယ်။ ကျွန်မ သေတော့မှာ··သေတော့မှာပဲ။ အဲဒါကို တော့ သိနေတယ်။ နလုံးခုန်သံ အရမ်းမြန်လာပြီး ခဏကြာတော့ အရမ်း နှေးကျသွားတယ်။ ဟုတ်တယ်··သေတော့မှာ။ ကျွန်မရဲ့ လက်နှစ်ဘက်ကို ဒီယွန်ဒရာက သူ့ဒူးခေါင်းတွေနဲ့ ဖိထားတယ်။ လှုပ်လို့မရဘူး။ ခြေထောက်နှစ်ချောင်းကိုပဲကြမ်းနဲ့

တဝုန်းဝုန်း ရိုက်နေမိတယ်။ ဒီယွန်ဒရာက အပေါ်ကနေ မိုးပြီး ကျွန်မ မျက်နှာတည့်တည့်ကို လေပူတွေ ရှူထုတ်နေတယ်။ ပါးစပ်ကြီး ဟနေတာနေမှာ။ ဟုတ်တယ်·· ဒီယွန်ဒရာ့ ပါးစပ်ကြီး ဟောင်းလောင်းပွင့် နေတာကို ကျွန်မ မြင်ယောင်ကြည့်လို့ ရနေတယ်။ သူ့ပါးစပ်ပေါက်ကြီး ဘယ်နားမှာ ရှိသလဲဆိုတာ မမြင်ရပေမယ့်ကျွန်မ မှန်းကြည့်လို့ ရတယ်။ ကျွန်မ ရှိသမျှအားကို အကုန်ထုတ်သုံးပြီး ဒီယွန်ဒရာ့ ဒူးအောက်မှာ ညပ်နေတဲ့ လက်တစ်ဖက်ကို ဆွဲထုတ်လိုက်တယ်။ လက်သီးကိုဆုပ်ပြီး သူ့မျက်နှာကို ပိတ်ထိုးပစ်လိုက်တယ်။

လက်သီးက တစ်ခုခုနဲ့ ထိသွားတယ်။ ဘာနဲ့ ထိသွားသလည်းတော့ မသိဘူး။ ဒီယွန်ဒရာ နောက်ကို လန်ကျသွားတယ်။ ကျွန်မ လက်သီးတစ်ခုလုံး ကျင်တက်သွားတယ်။ အရိုးကို ထိသွားတာနေမှာ။ ကျွန်မ ကြမ်းပြင်ကနေ ကုန်းရုန်းပြီး ထဖို့ ကြိုးစားတယ်။ မျက်လုံးက အခုထိ ဘာမှ မမြင်ရဘူး။ ဒီယွန်ဒရာကကျွန်မ ခြေထောက်ကို လှမ်းဆွဲတယ်။ "ဒီတစ်ခါတော့ မရဘူး ညီမလေး" တဲ့။ သူ့လက်တွေက ခြေအိတ်ဝတ်ထားတဲ့ ကျွန်မရဲ့ ခြေချင်းဝတ်ကို ဆွဲထားတယ်။ ဒါပေမယ့် သူဆွဲထားတဲ့ ခြေထောက်က ခြေချောင်းတွေ ပြတ်နေတဲ့ ခြေထောက်ဖြစ်နေတော့ မိမိရရ ကိုင်လို့ မရဘူးဖြစ်နေတယ်။ ကျွန်မ မတ်တတ်ထရပ်လိုက်တယ်။ ဒီယွန်ဒရာ့ လက်ထဲကို ခြေအိတ် ပါသွားတယ်။ ခရစ်စတယ် ရောက်မလာသေးဘူး။ ဒါဆို သေနတ်လည်း ရောက်မလာသေးဘူး။ ကျွန်မ မျက်စိထဲမှာ မြင်ရသလောက်နဲ့ ကြိုးစားပြီး အိမ်နောက်ဘက်ကို ပြေးတယ်။ သေသေချာချာ မမြင်ရတော့ တည့်တည့် သွားလို့မရဘူး။ ညာဘက်ကို ယိုင်ထွက်သွားတယ်။ တံခါးတစ်ချပ်နဲ့ဆောင့်မိပြီး တံခါး ဝုန်းခနဲ ပွင့်သွားတယ်။ ကျွန်မတစ်ကိုယ်လုံး ညာဘက်ကို လဲကျသွားတယ်။ လှေကားထစ်တွေ ထင်တယ်။ ဟုတ်တယ်။ လှေကားထစ်တွေပေါ်ကို လိမ့်ကျသွားတာ။ မြေအောက်ခန်းထဲကို ပြုတ်ကျသွားတာ။ ကိုယ်လုံးကို တောင့်မထားဘဲ ဖျော့ထားလိုက်တယ်။ ပြုတ်ကျရင် အဲဒီလို ဖျော့ထားလိုက်။ ဒါဆို သိပ်မနာတော့ဘူး။ ကြမ်းပြင်နဲ့ မျက်နှာနဲ့ ရိုက်မိသွားပေမယ့် ကျွန်မ ချက်ချင်းပဲ ပြန်ထနိုင်လိုက်တယ်။ မျက်လုံး ပြန်မြင်ရပြီ။ စစချင်းတော့ မှောင်လိုက် လင်းလိုက်ပဲ··။ ဒါပေမယ့် ခဏလေးအတွင်းမှာ အမြင်အာရုံ ပြန်ကောင်းသွားတယ်။ လှေကားထိပ်ကနေ ရပ်ကြည့်နေတဲ့ ဒီယွန်ဒရာ့ အရိပ်ကို လှမ်းမြင်ရပြီ။ ဒီယွန်ဒရာက မြေအောက်ခန်း တံခါးကို အပြင်ကနေ ဆောင့်ပိတ်လိုက်တယ်။

သူတို့ သားအမိ အပေါ်ထပ်မှာ စကားပြောနေကြတာကို အောက်ကနေ

ကျွန်မ ကြားနေရတယ်။ ခရစ်စတယ်ရဲ့ အသံ..''အမေ သူ့ကို သမီးတို့..''

''အင်းလေ။ အခုမှတော့ ဘယ်လိုလုပ်မလဲ။ လုပ်ရတော့မှာပေါ့''

''ဆောရီးပါ အမေရယ်။ တကယ်ပြောတာပါ။ သမီးလေ အဲဒီနာမည်ကို ဘယ်လို ပါးစပ်ကနေ ထွက်သွားမိသလဲ မသိဘူး..ဆိုးလိုက်တာ..ဆိုး-''

မြေအောက်ခန်းထဲမှာ ကျွန်မ ဟိုပြေး ဒီပြေး ပျာယာခတ်နေတယ်။ ထွက်ပေါက်ရှိမလား လိုက်ရှာနေတာ။ ကွန်ကရစ် နံရံ သုံးဖက်။ ဟိုးဘက်ခြမ်းမှာကျတော့ ပစ္စည်းတွေ မျက်နှာကြက်အထိ အပြည့်ပုံထပ်ထားတယ်။ ဒီယွန်ဒရာနဲ့ ခရစ်စတယ်တို့က ကျွန်မ ထွက်ပြေးမှာကို စိတ်မပူကြဘူး ထင်တယ်။ အပေါ်ထပ် တံခါးရှေ့မှာ ငြင်းခုံ နေကြတယ်။ မျက်နှာကြက်အထိပုံထားတဲ့ ပစ္စည်းတွေကို ကျွန်မ တစ်ခုပြီး တစ်ခုဖယ် ကြည့်တယ်။ ပုန်းစရာ နေရာ တစ်ခုခုများ တွေ့မလား။ လက်နက်အဖြစ် သုံးလို့ရမယ့် ပစ္စည်းတစ်ခုခု ထွက်လာမလား။ သားအမိ နှစ်ယောက် အပြန်အလှန် ပြောနေကြတာကို တစ်ဝက်တစ်ပျက် ကြားနေရတယ်။

''-ဘာဖြစ်ခဲ့တာလဲဆိုတာ သေချာမသိဘူးလေ..အဲဒါ-''

သေတ္တာတစ်ခုတွေ့တယ်။ ဝင်ပုန်းလို့ရမလား။ ကျွန်မ အလောင်းကို ဒီထဲ ထည့်သိမ်းထားမှာလား။

''-ဒီလောက်..မတုံးဘူးလေ..သူသိသွား-''

စက်ဘီး ဘီးနှစ်ခု တွေ့တယ်။ ဦးထုပ်ချိတ်တဲ့ စင်တစ်ခုတွေ့တယ်။ တစ်ခုပြီးတစ်ခု ကျွန်မ ဖယ်ထုတ်တယ်။ ပစ္စည်းပုံကြီးက တဖြည်းဖြည်း အောက်ကို နိမ့်ကျလာတယ်။

''-သမီးလုပ်မယ်။ သမီးအပြစ်ဆိုတော့..''

စက္ကူပုံးတွေ တောင်လို ပုံထားတာကို တွေ့တယ်။ ကျွန်မ လှေကားအောက်မှာ ထားထားတဲ့ ပုံးတွေလိုပဲ။ ပုံးတွေကို ဖယ်လိုက်တော့ စပရင် တပ်ထားတဲ့ သံချောင်းတစ်ချောင်း ထွက်လာတယ်။ လက်နက်အဖြစ်သုံးဖို့ မလွယ်ဘူး။ လေးလွန်းတယ်။

''-ရတယ်။ မလိုဘူး။ အမေလုပ်မယ်..''

စကားသံတွေက ဒေါသသံ တစ်ဝက်၊ နောင်တ တစ်ဝက်..

မြေအောက်ခန်းက အိမ်ထက်တောင် ကြီးမယ် ထင်တယ်။ အကျယ်ကြီးပဲ။ လေဆင်နှာမောင်းတွေ၊ မုန်တိုင်းတွေ လာတဲ့အခါ ဝင်ပုန်းလို့ရအောင် သေသေချာချာ ဆောက်ထားတာ။ ပစ္စည်းတွေကို ဖယ်ရင်း ကျွန်မ အထဲဘက်ကို တဖြည်းဖြည်း

တိုးဝင်သွားလိုက်တယ်။ ဗီရိုအကြီးကြီး တစ်ခုရဲ့ နောက်ကို ကျွန်မကိုယ်ကိုကျုံ့ပြီး ဝင်လိုက်တော့ ဗီရိုနောက်မှာ တံခါးတစ်ချပ်တွေ့တယ်။ အထဲမှာ ဘာရှိမလဲမသိ။ ထွက်ပေါက်တော့ ရှိမယ်မထင်ဘူး။ ဒါပေမယ့် ကျွန်မ တွေဝေနေဖို့ အချိန်မရှိဘူး။ မြေအောက်ခန်းထဲကို ဓာတ်မီးရောင်တွေ ရောက်လာပြီ။ ဟို သားအမိ အောက်ကို ဆင်းလိုက်လာပြီ။ တံခါးကိုဖွင့်ပြီး ကျွန်မ အထဲ ဝင်လိုက်တယ်။ တံခါးကို ပြန်ပိတ်လိုက်တယ်။ ဒီအခန်းကတော့ တော်တော်လေးကို ကျဉ်းတယ်။ အခန်းထဲမှာ ဓာတ်ပြားဖွင့်စက်အဟောင်းတွေရှိတယ်။ ကလေးပုခက်တစ်ခုတွေ့တယ်။ ပြီးတော့ ရေခဲသေတ္တာအသေးတစ်ခု။ နံရံမှာ ကပ်ပြီး ပုံထားတဲ့ ပစ္စည်းတွေလည်း မနည်းဘူး။ ထပ်ပြေးစရာ မြေမရှိတော့ဘူး။ အခန်းက ပေ၂၀ လောက်ပဲ ကျယ်တယ်။ အခန်း အပြင်မှာပစ္စည်းတွေ ပြုတ်ကျတဲ့ အသံကို ကြားရတယ်။ သူတို့ မကြာခင် အထဲ ဝင်လာတော့မယ်။

"အဲဒီဘက်ကို ချိန်ပြီး ပစ်လိုက်လေ။ အဲဒီဘက်မှာပဲ ရှိမှာ"··ခရစ်စတယ့် အသံ။ ဒီယွန်ဒရာက သူ့သမီးကို တိတ်တိတ်နေဖို့ ရှူးခနဲ သတိပေးတယ်။ တံခါး နားကို လျှောက်လာနေရင်း လမ်းမှာ ပိတ်နေတဲ့ ပစ္စည်းတွေကို ခြေထောက်နဲ့ကန်ပြီး ဖယ်နေတယ်။ အေးအေးဆေးဆေး လာနေကြတာ။ ကျွန်မကို ခွေးရူးတစ်ကောင်လို ပစ်သတ်ဖို့အတွက် ဖြည်းဖြည်းချင်း လာနေတာ။ ဒီယွန်ဒရာက လူသတ်ရမှာကို သိပ်ပြီးတော့တောင် စိတ်ပါပုံမပေါ်ဘူး။ "စောစောက အသားစွပ်ပြုတ်က ငန်တူး နေတာပဲ"တဲ့··မဆီမဆိုင်တွေ ပြောနေတယ်။ အခန်းထောင့်မှာ အလင်းရောင်သဲ့သဲ့ ကျနေတာကို ကျွန်မ သတိထားမိလိုက်တယ်။ မျက်နှာကြက်က လာတဲ့အလင်း။

အခန်းထဲမှာရှိတဲ့ လှည်းတစ်ခုပေါ်ကို ကျွန်မ တက်လိုက်တယ်။ ပြုတ်ကျ သွားတယ်။ ကျွန်မ ပြုတ်ကျသွားတဲ့ အသံကိုကြားတော့ ဟိုသားအမိကအပြင်ကနေ ရယ်တယ်။ "အစ်မ ဘယ်နား နာသွားသေးသလဲ"··တဲ့ ခရစ်စတယ်က အော်မေး တယ်။ မျက်နှာကြက်ကလာတဲ့ အလင်းရောက်အောက်တည့်တည့်ကို ကျွန်မသွားပြီး မော့ကြည့်လိုက်တယ်။ လေထွက်ပေါက်ပဲ။ ဒီမြေအောက်ခန်း အတွက် လေထွက် ပေါက် လုပ်ထားတာ။ တော်ရုံလူဆိုရင်တော့ အဲဒီအပေါက်နဲ့ ဘယ်လိုမှ မဆံ့နိုင် ဘူး။ ကျွန်မနဲ့တော့ ဆံ့တယ်။ အပေါက်ကို မီဖို့အတွက် အောက်ကနေ ခုပြီးတက်ဖို့ ပစ္စည်းတွေ လိုက်ရှာကြည့်တယ်။ အပြင်က ခြေသံတွေ ပိုပိုပြီး နီးလာပြီ။ ကလေး ပုခက်ကို အောက်ကနေခံပြီး တက်ကြည့်တယ်။ ဒါပေမယ့် ပုခက်ခြေထောက်တွေ က မခိုင်ဘဲ ကျိုးသွားတယ်။ ကျွန်မ အနီးအနားမှာ တွေ့တဲ့ ပစ္စည်းတွေကို ယူပြီး

တစ်ခုပေါ်တစ်ခု ဆင့်လိုက်တယ်။ ကလေးအနီးလဲတဲ့ စားပွဲတစ်ခုပေါ် စွယ်စုံကျမ်း စာအုပ်အဟောင်းတွေ ထပ်တင်လိုက်တယ်။ စာအုပ်တွေပေါ်ကို အားယူပြီး တက် လိုက်တယ်။ စာအုပ်တွေက ခြေထောက်အောက်မှာ လဲတော့မလိုလို ယိုင်သွားတယ်။ ကျွန်မလက်တွေက လေထွက်ပေါက်ရဲ့ အနားစွန်းကို ဖမ်းမိသွားတယ်။ အရှိန်ယူပြီး အပေါ်ကို တွယ်တက်လိုက်တော့ ညလေအေးအေးတွေ ကျွန်မ မျက်နှာကိုတဟူးဟူး လာတိုးပြီ။ ရှိသမျှအား အကုန်သုံးပြီး တစ်ကိုယ်လုံးကို ဆွဲတင်မယ် အလုပ်မှာ·· ခရစ်စတယ်က ကျွန်မခြေထောက်တွေကို လှမ်းဆွဲတယ်။ အောက်ကို ပြန်ဆွဲချတယ်။ ကျွန်မ သူ့ကို ခြေထောက်နဲ့ ကန်တယ်။ ခရစ်စတယ်က အော်တယ်။ "ပစ်တော့ လေ အမေ၊ ပစ်လေ။ ဒီမှာ မိထားပြီ"··ခြေထောက်ကို အတင်းဆွဲထားတာ ကျွန်မ ပြုတ်ကျတော့မလို ဖြစ်လာတယ်။ ကိုယ်လုံးက လေထွက်ပေါက်နေ ပြူထွက်ပြီး အပြင်ကို တစ်ဝက်တောင်ရောက်နေပြီ။ ကျွန်မ အောက်ကို ပြန်ငုံ့ကြည့်လိုက်တယ်။ ခရစ်စတယ့် မျက်နှာကိုသေသေချာချာ ချိန်ပြီး ကျွန်မရဲ့ သိပ်မသန်တဲ့ ခြေထောက်နဲ့ အားရပါးရ ဆောင့်ကန်လိုက်တယ်။ ဖနောင့်နဲ့သူ့မျက်နှာနဲ့ တည့်တည့်ကြီးထိတယ်။ သူ့နှာခေါင်းရိုး ဂျွတ်ခနဲ သိမ်ဝင်သွားတယ်။ အီးဆိုတဲ့ အော်သံနဲ့အတူ ခရစ်စတယ် ကျွန်မ ခြေထောက်တွေကို လွှတ်လိုက်တယ်။ ကျွန်မ အပေါ်ကို ရောက်ပြီ။ မြေကြီး ပေါ်ကို ရောက်ပြီ··။ လက်တွေကတော့ အပေါက်အစွန်းနဲ့ ခြစ်မိပြီး ခြစ်ရာတွေ ဗရပွပဲ။ မြေကြီးပေါ်မှာ၊ ဖွက်ပေါ်မှာ ဒူးထောက်ရင်း ကျွန်မ အသက်ကို အားရပါးရ ရှူသွင်းလိုက်တယ်။ "အောင်မလေး သမီးလေး"တဲ့··ဒီယွန်ဒရာ့အသံကို ကြားရ တယ်။ "အပေါ်ကိုတက်··အပေါ်ကိုသွားမယ်··လာ"တဲ့။

ကျွန်မ ကားသော့ ဘယ်ရောက်သွားသလဲ မသိဘူး။ အိမ်ထဲမှာပြုတ်ကျကျန် ခဲ့တယ်ထင်တယ်။ တောအုပ်ဘက်ကို ဦးတည်ပြီး ကျွန်မ ပြေးတယ်။ ခြေထောက် တစ်ချောင်းက ထော့နဲ့ထော့နဲ့။ ဖွက်တွေရော မြင်းချေးတွေရော ခြေထောက်မှာ ပေကုန်တယ်။ တော်တော်ဝေးဝေးကို ရောက်တော့မှ နောက်ကို ပြန်လှည့်ကြည့်လိုက် တော့ ဟိုသားအမိ ကျွန်မ နောက်ကနေ လိုက်လာနေတယ်။ မျက်နှာဖြူဖြူတွေမှာ သွေးတွေ ကိုယ်စီပေလို့။ ကျွန်မ တောအုပ်ထဲ ပြေးဝင်လိုက်တယ်။ မျက်လုံးထဲမှာ အရာအားလုံး တရိပ်ရိပ်ဖြတ်သွားတယ်။ ဘာကိုမှ သေသေချာချာ မမြင်လိုက်ဘူး။ သစ်ပင်၊ ကောင်းကင်၊ ကျွန်မဘေးက ဖြတ်ပြေးသွားတဲ့ ယုန်တစ်ကောင်··။

လစ်ဘီရေ··တဲ့။ နောက်က လိုက်လာတဲ့ အော်သံ။ တောက နက်သထက် နက်လာတယ်။ ကျွန်မ မူးမေ့လဲချင်လာပြီ။ အရမ်းမောနေပြီ။ ဝက်သစ်ချပင်အကြီး

ကြီး တစ်ပင်နားကိုရောက်တော့ ကျွန်မ ရပ်လိုက်တယ်။ သစ်ပင်က ၄ ပေလောက်ပဲ နက်တဲ့ ကမ်းပါး သေးသေးလေး အစွန်းမှာ။ အမြစ်တွေက ထိုးထိုးထောင်ထောင်နဲ့ အပြင်ကို ကျွံထွက်နေတယ်။ ကမ်းပါးအောက်ထဲကို ကျွန်မ ခုန်ဆင်းလိုက်တယ်။ အမြစ် အကြီးကြီးတစ်ခုရဲ့ အောက်ထဲမှာ တိရစ္ဆာန်တွေ အောင်းတဲ့ နေရာလွတ်တစ်ခု။ မြေကြီးပျော့ပျော့ကို ကျွန်မ လက်နဲ့ တူးလိုက်တယ်။ တွင်းသေးသေးလေးအထဲမှာ ကျွန်မ ကိုယ်လုံးသေးသေးလေးကို မြှုပ်လိုက်တယ်။ တစ်ကိုယ်လုံး အေးစက်နေပေမယ့် ကျွန်မ အသံမထွက်မိအောင် ထိန်းထားနိုင်တယ်။ ဘယ်သူမှ မတွေ့အောင် ပုန်းရှောင်ရတာမျိုးကို ကျွန်မ ကျွမ်းကျင်တယ်။

ဓာတ်မီးရောင်တွေ အနားကို ရောက်လာတယ်။ သားအမိနှစ်ယောက်သား သစ်ပင် အမြစ်တွေပေါ်ကို တက်ကြည့်ကြတယ်။ စကတ် အစွန်းတစ်စကို သစ်မြစ်ကြားကနေ ကျွန်မ လှမ်းမြင်နေရတယ်။ မှဲ့ခြောက်တွေနဲ့ ခြေထောက်တစ်ဖက်။ "အဝေးကြီး မရောက်လောက်သေးဘူး။ ဒီနား တစ်ဝိုက်မှာပဲ ရှိမှာ"..။ ကျွန်မ အသက်အောင့်ထားလိုက်တယ်။ အသက်တစ်ချက် မှားရှူမိရင် မျက်နှာကိုသေနတ်နဲ့ အပစ်ခံရလိမ့်မယ်။ သူတို့ရဲ့ ကိုယ်အလေးချိန်ကြောင့် သစ်မြစ်တွေက တဖြည်းဖြည်း အိကျလာနေတယ်။ ခရစ်စတယ်က ပြောတယ်။ "အိမ်ဘက် ပြန်သွားတာလားမသိဘူးနော် အမေ"တဲ့။ ဒီယွန်ဒရာက ပြန်ပြောတယ်။ "အဲဒီကောင်မ တော်တော်မြန်တယ်။ သေချာရှာကြည့်ဦး"တဲ့။ ကျွန်မ မြန်တာနေးတာကို သူက သိနေတဲ့ပုံစံမျိုးနဲ့ ပြောတာ။ ခဏကြာတော့ သားအမိနှစ်ယောက် တောနက်ထဲကို ဆက်လျှောက်သွားကြတယ်။ ကျွန်မ အသက်ကို ဖြည်းဖြည်းချင်း ရှူတယ်။ ဗွက်နံ့မြေနံ့တွေနှာခေါင်းထဲကို လိမ့်ဝင်လာတယ်။ ဘယ်နှနာရီ ကြာသွားသလဲ..မသိ။ ဒီယွန်ဒရာတို့ သားအမိ နှစ်ယောက်ရဲ့ အသံတွေက ပိုပြီး ကျယ်လာတယ်။ ဒေါသသံတွေ ပိုပါလာတယ်။ "ပြဿနာပဲ..ပြဿနာတော့ တက်ပြီ"..။ တော်တော်လေးကြာသွားတော့ အသံတွေ တိတ်သွားတယ်။ ကျွန်မ မလှုပ်သေးဘူး။ ထပ်စောင့်တယ်။ မနက်ခင်းနေရောင် ထွက်လာတော့မှ တွင်းထဲကနေ ထွက်လိုက်တယ်။ အိမ်ဘက်ကို ဦးတည်၊ တစ်လှမ်းချင်း ပြန်လာလိုက်တယ်။

+++

## ဘန်ဒေး

**၁၉၈၅၊ ဇန်နဝါရီ (၃) ရက်**
**မနက် ၂ နာရီ ၁၂ မိနစ်**

ဒီယွန်ဒရာက မီရှယ့်ကို ခွထားတုန်းပဲ။ အပြင်ကထွက်လာတဲ့ အသံတွေကို နားထောင်နေတာ။ ဘန်က ခုတင်ပေါ်မှာ ဒူးကို လက်နဲ့ ပိုက်ပြီး ထိုင်နေတယ်။ အခန်းအပြင်က ထွက်လာတဲ့ အော်သံတွေ၊ အသားထဲကို ပုဆိန် စိုက်ဝင်သွားတဲ့ ဒုတ်ကနဲ အသံ။ သေနတ်သံ။ ပြီးတော့ ခဏလေး တိတ်သွားတယ်။ အမေ့အော်သံ ပြန်ထွက်လာတယ်။ စကားတွေ မပီတော့ဘူး။ ဗလုံးဗထွေး အသံတွေ။ နံရံကိုလက်နဲ့ တဝုန်းဝုန်း ရိုက်တဲ့အသံ။ ရှူးဖိနပ်သံ တဒေါက်ဒေါက် ထွက်လာတယ်။ အိပ်ခန်းတွေဘက်ကို လျှောက်လာတာ။ ဒက်ဘီ့ရဲ့ လက်သေးသေးလေးတွေနဲ့ ကြမ်းပြင်ကို ကုတ်ခြစ်နေတဲ့ အသံ။ ပုဆိန်သံ ဒုတ်ခနဲ တစ်ချက် ထပ်ကြားရတယ်။ သေနတ်သံ ဒိုင်းခနဲ တစ်ချက် ထပ်ကြားရတယ်။ မီရှယ့်ကို ခွထားရင်း ဒီယွန်ဒရာ တစ်ချက် တွန့်သွားတယ်။

ဒီယွန်ဒရာ လန့်သွားတာကို သေသေချာချာ ကြည့်မှပဲ မြင်နိုင်မယ်။ သူ့ဆံပင်အခွေတွေက ခေါင်းတစ်ခုလုံးကို ရစ်ပတ်ပြီး ပွထနေတယ်။ ကိုယ်လုံးကို လုံးဝ မလှုပ်ဘဲ ငြိမ်နေတယ်။ ပိတ်ထားတဲ့ တံခါးအပြင်မှာ ခြေသံထပ်ကြားရတယ်။ ဘန် ပိတ်ထားတဲ့ တံခါး··။ သူ့မိသားစုအပြင်မှာအသတ်ခံနေရတဲ့အချိန်မှာ ဘန်·· တံခါးကို ပိတ်ထားခဲ့တာ။ လူတစ်ယောက်ရဲ့ မချိတင်ကဲ အော်လိုက်တဲ့ အသံကို ကြားရတယ်။ ပြီးတော့ အိမ်ထဲကနေ ပြေးထွက်သွားတဲ့ ခြေသံ··။

မီရှယ့်ကို လက်ညှိုးထိုးပြရင်း ဘန် ဒီယွန်ဒရာ့ကို တိုးတိုးမေးလိုက်တယ်။

"မီရှယ်··အိုကေရဲ့လား"

ဒီယွန်ဒရာက သူ့ကို စော်ကားလိုက်လေခြင်း ဆိုတဲ့ အကြည့်မျိုးနဲ့ဘန့်ကို

ပြန်ကြည့်တယ်။ ''ဘာ အိုကေရမှာလဲ။ သေပြီ''

ဘန့်တစ်ကိုယ်လုံး တောင့်တင်းနေတယ်။ ''သေချာလို့လား''

''သေချာတယ်''..ဒီယွန်ဒရာက မီရှယ့်ကို ခွထားရာကနေထလိုက်တယ်။ မီရှယ့်ခေါင်းက ဘေးကို စောင်းကျသွားတယ်။ မျက်လုံးတွေက ပွင့်လျက်သား.. ဘန့်ကို ကြည့်နေတယ်။ ကွဲသွားတဲ့ မျက်မှန်က သူ့ဘေးမှာ ပက်လက်။

ဒီယွန်ဒရာက ဘန့်ရှေ့မှာ လာရပ်တယ်။ သူ့ဒူးခေါင်းနဲ့ ဘန့်မျက်နှာနဲ့တစ်တန်းတည်း ဖြစ်သွားတယ်။ ''ထလေ..''

အခန်းတံခါးကို ဖွင့်ပြီး အပြင်ကိုကြည့်လိုက်တော့ ဒီယွန်ဒရာ့မျက်လုံးတွေ ပြူးသွားတယ်။ သွေးတွေက နေရာတကာမှာ အိုင်ထွန်းနေတယ်။ ဒက်ဘီနဲ့ အမေ သွေးအိုင်ထဲမှာ။ ပုဆိန်နဲ့ သေနတ်က ကြမ်းပြင်ပေါ်မှာ။ ဓားတစ်ချောင်းကခပ်လှမ်းလှမ်းမှာ ပြုတ်ကျနေတယ်။ ဒီယွန်ဒရာက အလောင်းတွေကို သေသေချာချာသွားကြည့်တယ်။ ဒီယွန်ဒရာ့ပုံရိပ်က သွေးအိုင်ထဲမှာ ရောင်ပြန်ဟပ် နေတယ်။ သွေးတွေ ဘန့်ခြေထောက်နားအထိ စီးလာနေတယ်။

''ဘုရားရေ..''..ဒီယွန်ဒရာက ခပ်တိုးတိုးပြောတယ်။ ''ငါတို့နတ်ဆိုးကို ခေါ်လိုက်တာ တကယ်ရောက်ချလာတာ ထင်တယ်''

ဘန် မီးဖိုချောင်ဘက်ကို ပြေးတယ်။ ဘေစင်ထဲကို ခေါင်းထိုးပြီး အန်ချလိုက်ဖို့ ကြိုးစားတယ်။ *အန်ချလိုက်သား...အန်ချလိုက်..တဲ့*..အမေက ဘန့်ကို ငယ်ငယ်တုန်းကသင်ပေးဖူးတယ်။ အစာမကျေသလို ဖြစ်နေရင် လက်ထိုးပြီး အန်ချလိုက်တဲ့..။ ဒါပေမယ့် ဘာအစာမှ ထွက်မလာဘူး။ လေတွေပဲ ထွက်လာတယ်။ ဘန် ဖုန်းဆီကို တစ်လှမ်းချင်း လျှောက်သွားလိုက်တယ်။ ဖုန်းကိုကောက်ကိုင်လိုက်တော့ ဒီယွန်ဒရာက လှမ်းတားတယ်။

''ဘာလုပ်မလို့လဲ။ ဘယ်သူ့ကို ဆက်မလို့လဲ။ မီရှယ့်ကို သတ်လိုက်လို့ ငါ့ကို တိုင်မလို့လား''

''ရဲတွေကို ဖုန်းဆက်ရမယ်''..ဘန် ပြန်ပြောလိုက်တယ်။ အမေသောက်ထားတဲ့ ကော်ဖီခွက်ဆီကို ဘန့်မျက်လုံးတွေ ရောက်သွားတယ်။ ခွက်ထဲမှာ ကော်ဖီအကျန်တွေ ကပ်နေသေးတယ်။

''နင့်ညီမ အငယ်ဆုံးလေးရော ဘယ်မှာလဲ''..ဒီယွန်ဒရာက မေးတယ်။

''ဟာ..လစ်ဘီ''..ဘန် အိပ်ခန်းတွေဘက်ကို ပြန်ပြေးတယ်။ ကြမ်းပြင်မှာ ပိုးလိုးပက်လက်လဲနေတဲ့ အလောင်းတွေကို မမြင်ချင်ယောင် ဆောင်လိုက်တယ်။

အမေ့အခန်းထဲကို ဝင်လိုက်တာနဲ့ ညလေအေးအေး ဘန့်မျက်နှာကို လာဟပ်တယ်။ ပွင့်နေတဲ့ ပြတင်းပေါက်ကိုတွေ့တယ်။ လေတိုးပြီး တဖျတ်ဖျတ်လူးနေတဲ့ ခန်းဆီးစတွေကို တွေ့တယ်။ ဘန် မီးဖိုချောင်ဘက်ကို ပြန်လာလိုက်တယ်။

"လစ်ဘီ မရှိတော့ဘူး။ လွတ်သွားပြီ။ ထွက်ပြေးသွားပြီ"

"ဟုတ်လား၊ ပြန်သွားခေါ်လေ"

ဘန် အိမ်ရှေ့တံခါးဆီကို သွားတယ်။ အပြင်ကို ပြေးလိုက်သွားတော့မလို့ ဟန်ပြင်ပြီးမှ ပြန်လှည့်ပြီး မေးလိုက်တယ်။ "ပြန်ခေါ်ပြီး ဘာလုပ်မလို့လဲ"

ဒီယွန်ဒရာက ဘန့်နားကို လျှောက်လာတယ်။ ဘန့်လက်တွေကိုလှမ်းယူပြီး သူ့ဗိုက်ပေါ်ကို တင်တယ်။ "ဘန်..ဘေဘီ..။ ဒီညမှာမှ ဒီလိုတွေ ဖြစ်သွားတာကို နင် သဘောမပေါက်သေးဘူးလား။ တိုက်ဆိုင်တယ်လို့ ထင်တာလား။ ငါတို့တွေ စေတန်ကို ပူဇော်ပသပြီး၊ ယဇ်ပူဇော်ပြီးမှ.. ငါတို့ အခုလို ပိုက်ဆံ အရမ်းလိုနေတဲ့ အချိန်ကျမှ.. လူတစ်ယောက် နင့်အိမ်ထဲကို ဝင်လာပြီး နင့်မိသားစုကို သတ်သွားတယ်..ဆိုတာ။ ဒါ တိုက်ဆိုင်မှု သက်သက်လား။ အခု နင် အမွေတွေအကုန်ရတော့မယ်။ နင့်အမေရဲ့ အသက်အာမခံ လျော်ကြေးတွေ နင်ပဲရမှာ။ လုပ်ချင်တာ အကုန် လုပ်လို့ရပြီ။ နင် သွားနေချင်တဲ့ ကယ်လီဖိုးနီးယားကို သွားမလား..ဖလော်ရီဒါကို သွားနေကြမလား..ကြိုက်တာရွေးလို့ ရပြီ"

ကယ်လီဖိုးနီးယားမှာ နေချင်တယ်၊ ဖလော်ရီဒါကိုသွားချင်တယ်လို့ ဘန် တစ်ခါမှ မပြောမိဘူး။ အဲဒီလိုပြောခဲ့တာက ဒီယွန်ဒရာ။

"နင်နဲ့ငါနဲ့ မိသားစုလေး တစ်ခု တည်ဆောက်လို့ ရပြီလေ။ တကယ့် မိသားစုစစ်စစ်လေးနော်။ ဒါပေမယ့် လစ်ဘီက ပြဿနာ။ သူတစ်ခုခုမြင်သွားတယ် ဆိုရင် ဘယ်လို လုပ်မလဲ"

"လစ်ဘီ ဘာမှ မတွေ့လိုက်ဘူးဆိုရင်ရော"

ဒီယွန်ဒရာက ဘန် ဘာမှ မပြောရသေးခင် ခေါင်းခါပြီးနေပြီ။

"ဘေဘီ.. အဲဒီလို မသေမချာ မလုပ်ရဘူးလေ။ အန္တရာယ်များလွန်းတယ်လေ..။ သတ္တိရှိစမ်းပါ"

"ဒါပေမယ့် ငါတို့ ဒီည ထွက်ပြေးမယ်ဆိုရင် အသက်အာမခံလျော်ကြေး ဆိုတာကို ဘယ်လို ထုတ်လို့ရမှာလဲ"

"အင်းလေ၊ ဒီည ထွက်ပြေးလို့ မရတော့ဘူးလေ။ ဒီမြို့မှာ ဆက်နေမှ ရတော့မယ်။ မဟုတ်ရင် မသင်္ကာဖြစ်ကုန်မှာပေါ့။ ဒါပေမယ့် ဒီည အဖြစ်အပျက်က

နင့်အတွက် တကယ့်ကို အဆိုးထဲက အကောင်းပဲ။ တကယ်ပြောတာ။ ဟိုခရစ်ဆီကိတ် ကိစ္စကို လူတွေ မေ့သွားကြလိမ့်မယ်။ နင်တစ်ယောက်ပဲ မသေဘဲ ကျန်ခဲ့တာဆိုပြီး လူတွေက နင့်ကို ဝိုင်းသနားကြတော့မှာ။ လူတွေက နင့်အပေါ်မှာသဘောတွေ အရမ်းကောင်းကြတော့မှာ။ ငါလည်း ဒီဗိုက်ကို နောက်တစ်လလောက် ထပ်ဖွက်ထားမယ်ဟာ။ ကုတ်အင်္ကျီ ပွပွကြီးတွေပဲ ဝတ်မယ်ဟာ။ ပြီးတော့မှ အသက်အာမခံ လျော်ကြေးရတော့မှ ငါတို့အတူတူ လစ်ကြတာပေါ့။ လွတ်ပြီ ကျွတ်ပြီ။ ပိုက်ဆံလည်း ရှိပြီ။ နင်ဘာမှ စိတ်ညစ်စရာ မလိုတော့ဘူး။ သူများနှိမ်မှာကိုလည်း ကြောက်စရာ မလိုတော့ဘူး"

"မီရှယ့် ကိစ္စကျတော့ရော"

"မီရှယ့် ဒိုင်ယာရီကို ငါယူလာတယ်"..ဒီယွန်ဒရာက သူ့လက်ထဲမှာ ကိုင်ထားတဲ့ မီနီမောက်စ်အဖုံးနဲ့ ဒိုင်ယာရီကို ထောင်ပြတယ်။ "စိတ်မပူနဲ့"

"ဒါပေမယ့် မီရှယ့်ကို ဘယ်သူသတ်သွားတာလဲ ဆိုရင်.."

"ဟိုအရူး လူသတ်သမား သတ်သွားတာလို့ ပြောလိုက်ပေါ့။ မီရှယ်ရော ပြီးတော့ လစ်ဘီ့ကိုလည်း သူပဲ သတ်သွားတာလို့"

"ဒါပေမယ့်.."

"ပြီးတော့ ဘန်.. ဘေဘီ။ နင်နဲ့ ငါနဲ့ သိနေတယ်ဆိုတာကို ဘယ်သူမှ သိလို့မဖြစ်ဘူးနော်။ ငါတို့ ထွက်မပြေးမချင်း ဘယ်သူ့ကိုမှ ပြောပြလို့ မရဘူး။ ဒီအမှုနဲ့ ငါနဲ့ လာနွှယ်လို့ မရဘူး။ နင်နားလည်တယ် မဟုတ်လား။ နင့်ကလေးကို ထောင်ထဲမှာ မွေးစေချင်သလား။ ငါထောင်ကျသွားရင် အဲဒီကလေးက မိဘမဲ့စခန်းတန်းရောက်သွားမှာနော်။ နင့်ကလေးကိုရော..နင့်ကလေးရဲ့ အမေ..ဖြစ်တဲ့ ငါ့ကိုရော..ဒုက္ခရောက်စေချင်သလား။ အခု..နင် ယောကျ်ားပီသသလား မပီသဘူးလား ဆိုတာကို သက်သေပြဖို့ အခွင့်အရေး ရပြီ။ သွား..လစ်ဘီ့ကို သွားခေါ်"

ဓာတ်မီးအကြီးတစ်ခုကို ဆွဲပြီး ဘန် အိမ်အပြင်ဘက်ကို ထွက်သွားတယ်။ ပါးစပ်က လစ်ဘီ့နာမည်ကို အော်ခေါ်တယ်။ လစ်ဘီလေးက အပြေးတော်တော်မြန်တယ်။ အခုအချိန်လောက်ဆို မြေလမ်းအတိုင်း ပြေးဆင်းပြီး အမြန်လမ်းမပေါ်ကို တောင် ရောက်နေလောက်ပြီ။ ဒါမှမဟုတ် သူပုန်းနေကျ ရေကန်ဘေးကနေရာမှာပဲ ရှိမလား။ နှင်းတွေပေါ်ကို တချွတ်ချွတ်နင်းရင်း ဘန့်စိတ်ထဲမှာ ဒီညရဲ့အဖြစ်အပျက်တွေအားလုံးဟာ ဆေးကြောင်ပြီး မြင်မိမြင်ရာ မြင်နေတာများလား ဆိုပြီး တွေးမိတယ်။ အခုနေ အိမ်ပြန်သွားရင် သူ့မိသားစု မသေသေးဘဲ အိပ်မောကျနေကြမလား။

ဘန်အိပ်မက်ကနေ ပြန်နိုးလာမလား။

ဒါပေမယ့် မီရှယ့်အပေါ်မှာ သရဲသဘက်တစ်ကောင်လို ခွစီးပြီး မီရှယ့်လည်ပင်းကို ညှစ်နေတဲ့ ဒီယွန်ဒရာ့ပုံစံကို ဘန် ပြန်မြင်လာတယ်။ အိပ်မက်မဟုတ်ဘူး။ တကယ်။ ဘယ်အရာကိုမှ အရင်လို ပြန်မရတော့ဘူးဆိုတာ ဘန် သိလိုက်ပြီ။ လစ်ဘှီကို အိမ်ထဲကို ဘာလို့ ပြန်ခေါ်ရမှာလဲ။ မခေါ်ဘူး။ မခေါ်နိုင်ဘူး။ ရေကန်ဘေးက မြက်ပင်တွေဆီကို ဘန် ဓာတ်မီးနဲ့ ထိုးလိုက်တယ်။ မြက်ပင်ထိပ်ဖျားမှာပေါ်နေတဲ့ လစ်ဘှီရဲ့ ဆံပင်နီနီလေးတွေကို ဖျတ်ခနဲ မြင်လိုက်တယ်။ "လစ်ဘီရေ ညီမလေး‥ဘယ်မှမသွားနဲ့ အဲဒီမှာပဲနေ‥"‥ ဘန်အော်ပြောလိုက်ပြီး အိမ်ဘက်ကို ပြန်လှည့်ပြေးသွားလိုက်တယ်။

ဒီယွန်ဒရာက အိမ်နံရံတွေကို ပုဆိန်နဲ့ ခုတ်တယ်။ ဆိုဖာတွေကို ခုတ်ထစ်ပစ်တယ်။ ပါးစပ်ကလည်း ဂူးဂူးဝါးဝါးတွေ အော်နေတယ်။ နံရံမှာ သွေးတွေနဲ့ စာတွေလျှောက်ရေးထားတယ်။ ဒီယွန်ဒရာ စီးထားတဲ့ ယောကျ်ားစီး ဖိနပ်ရဲ့ ခြေရာတွေက တစ်အိမ်လုံးမှာ ပွထနေတယ်။ မီးဖိုချောင်ထဲက ဆန်လှော်မုန့်တွေကို ယူစားထားတယ်။ ကြမ်းပြင်ပေါ်မှာ မုန့်အစအနတွေ ပြန့်ကျဲနေတယ်။ ဒီယွန်ဒရာ့လက်ဗွေရာတွေက နေရာတိုင်းမှာ ကျန်နေခဲ့တယ်။ "ပီပြင်အောင် လုပ်စမ်း၊ ပီပြင်အောင်လုပ်"တဲ့‥ဆက်တိုက်အော်နေတယ်။ ဒီယွန်ဒရာ ဘာဖြစ်နေသလဲဆိုတာဘန်သိတယ်။ စောစောက နွားကြီးကို သတ်ပြီးတော့ ဘန့်စိတ်ထဲမှာ ဝင်လာတဲ့ ခံစားချက်နဲ့ တူတူပဲ။ ကိုယ့်ကိုယ်ကိုယ် အရမ်းသန်မာတဲ့ လူတစ်ယောက်လို့ ခံစားနေရတာ။ မသေနိုင်တဲ့ သတ္တဝါတစ်ကောင်လို ဘဝင်တွေ မြင့်နေတာ။

စောစောက လူသတ်သမားက သူ့ခြေရာတွေကို သေသေချာချာ ပြန်သုတ်သွားတာပဲ‥။ ဒီယွန်ဒရာ့ ဖိနပ်ခြေရာတွေပါ ထပ်ဖုံးသွားတော့ ဘယ်ဟာကဘယ်သူ့ ခြေရာလဲ မသဲကွဲတော့ဘူး။ *အဲဒီလူသတ်သမားက ဘယ်ကလဲ။ ဘယ်သူလဲ။* ဒီယွန်ဒရာ ကိုင်ထားသမျှ နေရာတွေကို ဘန် အဝတ်တစ်ခုနဲ့ လိုက်သုတ်တယ်။ မီးခလုတ်တွေ၊ ပုဆိန်၊ မီးဖိုချောင်ဘေစင်၊ ဘန့်အခန်းထဲက ပစ္စည်းတွေ အကုန်။ ဒီယွန်ဒရာက ဘန့် အခန်းတံခါးဝမှာ လာရပ်တယ်။ "မီရှယ့်လည်ပင်းက လက်ရာတွေကို ငါသုတ်ပြီးပြီ"တဲ့‥။ ဘန် အဲဒီအကြောင်းကို မစဉ်းစားမိအောင် ကြိုးစားတယ်။ မစဉ်းစားနဲ့တော့‥။ နံရံမှာ သွေးနဲ့လျှောက်ရေးထားတဲ့ စာတွေကိုတော့ ပြန်မဖျက်တတ်တာနဲ့ ဒီအတိုင်း ထားခဲ့တယ်။ ဒီယွန်ဒရာက ဘန့်အမေကို ပုဆိန်နဲ့ ခုတ်ထားတယ်။ ပက်တီ့ကိုယ်ပေါ်မှာ ပုဆိန်ရာ နက်နက်တွေ။ ဘန်‥ဘာဖြစ်လို့

စိတ်ထဲမှာ ဒီလောက် ထိန်းထားနိုင်တာလဲ။ ဘာလို့ ပြိုလဲကျ မသွားသေးတာလဲ။ *လဲကျသွားလို့ မရဘူး။ လုပ်စရာတွေ မပြီးသေးဘူး။ ဘန်ဒေး‥ မင်း‥စိတ်ကို တင်းထားစမ်း။ ယောက်ျားပီသစမ်း။ လုပ်စရာရှိတာကို ပြီးအောင် လုပ်လိုက်စမ်း‥။* ဒီယွန်ဒရာ့ကို ဘန် အိမ်ထဲကနေ ခေါ်ထုတ်လိုက်တယ်။ တစ်အိမ်လုံး သွေးနဲ့တွေ ညှီပြီး ဟောင်နေတယ်။ ဘန်မျက်လုံးတွေကို မှိတ်ပစ်လိုက်တော့ နီရဲသွေးစွန်းနေတဲ့ နေလုံးကြီးကို မြင်တယ်။ ဘန့်ခေါင်းထဲကို ရင်းနှီးနေတဲ့ စာသားတစ်ကြောင်း ဝင်လာတယ်။

*အရာအားလုံး ပျက်သုဥ်းခြင်း‥*

+++

# လစ်ဘီဒေး

ယနေ့

ခြေချောင်းတွေတော့ အအေးကိုက်ပြီး ထပ်ဖြတ်ပစ်ရတော့မှာပဲ။ ဓာတ်ဆီဆိုင်တစ်ဆိုင်ရှေ့မှာ ကျွန်မ စောင့်နေတာ တစ်နာရီလောက် နီးပါး ရှိပြီ။ ဆီဆိုင်က ပိတ်ထားတယ်။ လိုင်ဝိုက်သ် ရောက်မလာသေးဘူး။ လမ်းမမှာ ကားတစ်စီး ဖြတ်သွားတိုင်း ဟိုသားအမိများ လိုက်လာပြီလားဆိုပြီး ဆိုင်နောက်ကို ပြေးပုန်းရတယ်။ အခုနေ ဒီယွန်ဒရာနဲ့ ခရစ်စတယ် ကျွန်မကိုတွေ့သွားရင် ကျွန်မ ထွက်ပြေးဖို့ အင်အား မရှိတော့ဘူး။ သူတို့ ပြဿနာ နရတော့မှာ။ ကျွန်မ သေချင်နေတာ နှစ်ပေါင်းမနည်းတော့ပါဘူး၊ ဒါပေမယ့် အဲဒီကောင်မနှစ်ကောင်လက်ချက်နဲ့တော့ အသေမခံနိုင်ဘူး။

ဆီဆိုင်ရှေ့မှာရှိတဲ့ အများသုံး ဖုန်းရုံတစ်ခုကနေ လိုင်ဝိုက်သ်ကို ဖုန်းဆက်ခေါ်ထားတာ။ ဖုန်းရုံကတော်တော် စုတ်နေတော့ အလုပ်မှ လုပ်ပါ့မလားဆိုပြီးစိတ်ပူသွားသေးတယ်။ တော်သေးတယ် ဖုန်းခေါ်လို့ရတယ်။ လိုင်ဝိုက်သ်က ဖုန်းကိုင်လိုက်တာနဲ့ ချက်ချင်းပဲ "လစ်ဘီ ခင်ဗျား ကြားပြီးပြီလား··သတင်း ကြားပြီးပြီလား··" ဆိုပြီး အလန့်တကြားမေးတယ်။ ဘာသတင်းလဲ။ ဘာသတင်းမှ မကြားဘူး။ သိလည်း မသိချင်ဘူး။ ကျွန်မကို အခု ချက်ချင်း လာခေါ်လို့ပဲ ပြန်ပြောလိုက်တယ်။ သူမေးခွန်းတွေ ဆက်မမေးနိုင်ခင် ဖုန်းချပစ်လိုက်တယ်။

"လစ်ဘီ··ဘာဖြစ်တာလဲ"··လိုင်ဝိုက်သ်က ကားကို ကျွန်မရှေ့ ထိုးရပ်လိုက်ပြီး မေးတယ်။ ကျွန်မ တစ်ကိုယ်လုံး အေးခဲပြီး တုန်နေပြီ။ ကားတံခါးကို ဖွင့်ပြီး အထဲကို ဝင်ထိုင်လိုက်တယ်။ လက်မောင်းနှစ်ဖက်ကို နွေးသွားအောင်ပွတ်နေရတယ်။

"ဘာဖြစ်ရမှာလဲ။ ဒီယွန်ဒရာဆိုတဲ့ မိန်းမ မသေသေးဘူး။ အကောင်းကြီး

အတိုင်း ရှိသေးတယ်။ ကျွန်မကို အခု အိမ်ပြန်ပို့ပေးပါ''

''လစ်ဘီ…ခင်ဗျား ဆေးရုံသွားမှ ရမယ်။ ခင်ဗျား မျက်နှာတစ်ခုလုံး… ခင်ဗျား…ကိုယ့်မျက်နှာကိုယ် ပြန်ကြည့်ပြီးပြီလား''

လိုင်ဝိုက်သ်က ကျွန်မကို သူ့ဘက်ကို ဆွဲခေါ်တယ်။ ကားရဲ့ အတွင်းခန်း မီးရောင်အောက်မှာ ကျွန်မ မျက်နှာကို သေချာကြည့်တယ်။

''လက်နဲ့တော့ စမ်းကြည့်ပြီးပြီ''

''ဆေးရုံတင်မကဘူး၊ ရဲစခန်းကိုလည်း သွားရမယ်။ လစ်ဘီ… ခင်ဗျား ဘာတွေဖြစ်လာတာလဲ။ ကျွန်တော် ခင်ဗျားနဲ့ လိုက်ခဲ့ရမှာဗျာ…။ လစ်ဘီ…ဘယ်လို ဖြစ်လာတာလဲဟင်''

ကျွန်မ သူ့ကို ပြောပြလိုက်တယ်။ ဋိရင်း ရှိုက်ရင်းနဲ့ ဇာတ်လမ်းအစအဆုံး ရှင်းပြလိုက်တယ်။ *ကျွန်မကို…ကျွန်မကို သူတို့အသေသတ်မလို့လုပ်ကြတာ* ဆိုတဲ့ စကားနဲ့ အဆုံးသတ်လိုက်တယ်။ ကလေးလေးက သူ့အမေကို ငိုပြီး တိုင်နေသလို တတွတ်တွတ် ပြောချလိုက်မိတယ်။

''ဒါဆို ဒီယွန်ဒရာက မီရှယ့်ကို သတ်လိုက်တာပေါ့''…လိုင်ဝိုက်သ်က ပြောတယ်။ ''ကျွန်တော်တို့ ရဲတွေဆီကို အခုသွားမှ ဖြစ်မယ်''

''ဟင့်အင်း မသွားချင်ဘူး။ အိမ်ပဲ ပြန်ချင်တယ်''…ကျွန်မရဲ့ စကားလုံး တွေက နှာသံတွေ မျက်ရည်တွေနဲ့ ချွဲကပ်နေတယ်။

''ရဲတွေဆီကို သွားမှဖြစ်မယ် လစ်ဘီ''

ကျွန်မ လိုင်ဝိုက်သ်ကို ပိတ်အော်လိုက်တယ်။ နည်းလမ်းပေါင်းစုံနဲ့ ဆဲမိ တယ်။ ကားပြတင်းပေါက်ကို လက်ဝါးနဲ့ ရိုက်တယ်။ လက်သီးနဲ့ ထုတယ်။ ပါး စပ်ထဲက တံတွေးတွေ အပြင်ကို စဉ်ထွက်လာတယ်။

''လစ်ဘီ…ခင်ဗျား ရဲစခန်းကို သွားမှ ဖြစ်မယ်ဗျ။ တကယ်ပြောနေတာ။ ဒီယွန်ဒရာတို့ ကိစ္စတစ်ခုတည်းတင် မဟုတ်ဘူး၊ အခု ကျွန်တော် ပြောပြစရာရှိတာကို ပြောပြပြီးသွားရင်…ခင်ဗျား သေချာပေါက် ရဲစခန်းကို သွားချင်သွားလိမ့်မယ်''

ရဲစခန်းကို သွားတိုင်သင့်တယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။ ဒါပေမယ့် ကျွန်မရဲ့ ဦးနှောက်ထဲမှာ အတိတ်ရဲ့ ပုံရိပ်တွေက ကုမရတဲ့ ရောဂါတစ်ခုလို စွဲကပ် နေတယ်။ ရဲစခန်းထဲက ထိုင်ခုံမှာ နာရီပေါင်းများစွာ ထိုင်ရင်း သူတို့မေးသမျှကို ဖြေခဲ့ရတာတွေ…။ ကျွန်မ သောက်ဖို့ ဆိုပြီး ယူလာပေးတဲ့ ချောကလက်ဖျော်ရည် ပူပူနွေးနွေးတွေ…။ ဘယ်နှခွက် သောက်သောက် နွေးမလာတဲ့ ကျွန်မကိုယ်ထဲက

အအေးဓာတ်တွေ။ ဘာကိုမှ ဆက်မဖြေချင်တော့ဘဲ ထိုးအိပ်ပစ်လိုက်ချင်လောက်အောင် ပင်ပန်းနေခဲ့တာတွေ..။ ပြီးတော့ ပြောချင်သလောက်ပြော..မေးချင်တာတွေမေး.. သေပြီးသူတွေက ပြန်ရှင်လာမှာ မဟုတ်တာကို သိနေခဲ့တာတွေ..။

လိုင်ဝိုက်သ်က ကားထဲက အပူပေးစက်ကို အဆုံးထိ ဖွင့်တယ်။ လေထွက်ပေါက်တွေ အကုန်လုံးကို ကျွန်မနဲ့ တည့်တည့်ဖြစ်အောင် ချိန်ပေးတယ်။

"အိုကေ..လစ်ဘီ ခင်ဗျားကို ပြောပြစရာ သတင်းအကြီးကြီး တစ်ခု ရှိတယ်။ အဲဒီ သတင်းကိုကြားလိုက်ရင် ခင်ဗျား..။ ကျွန်တော် ပြောလိုက်တော့မယ်ဗျာ..ပြောတော့မယ်နော်"

"လိုင်ဝိုက်သ် ရှင် ကျွန်မကို ရူးအောင် လုပ်နေတာလား။ ပြောစရာရှိတာပြောပါတော့၊ တောင်းပန်ပါတယ်"..လိုင်ဝိုက်သ်ကို ပြောလိုက်ရင်း ကျွန်မမျက်လုံးတွေက ကားအပြင် ပတ်ပတ်လည်ကိုရှာကြည့်မိနေတယ်။ ဘယ်သူမှလိုက်မလာတာသေချာရဲ့လား..ဆိုတာကို စစ်နေတာ။

"ဟို..'အကြွေးတမန် လူသတ်သမား' ဆိုတာကို မှတ်မိလားဗျ။ လူသတ်အသင်းက လူတွေ လိုက်စုံစမ်းနေတဲ့ လူသတ်သမားလေ။ မှတ်မိလား။ အဲဒီလူကို ချီကာဂိုဘက်မှာ ဖမ်းမိသွားပြီဗျ။ အကြွေးပတ်လည်ဝိုင်းနေတဲ့ ပွဲစားတစ်ယောက်ကို သတ်ပေးမလို့လုပ်နေရင်း လက်ပူးလက်ကျပ်ကြီး မိတာ။ မြင်းပေါ်က ပြုတ်ကျပြီး သေတဲ့ ပုံစံမျိုးဖြစ်အောင် လုပ်တာတဲ့။ မြင်းစီးတဲ့ လမ်းရဲ့ တစ်နေရာမှာ အဲဒီလူကို ခေါင်းကို ခဲလုံးနဲ့ ထုသတ်နေတာ။ အဲဒီမှာ မိတာပဲ။ လူသတ်သမား နာမည်က ကယ်ဗင်ဒီးလ်..တဲ့။ အရင်တုန်းက လယ်သမား ဖြစ်ခဲ့ဖူးတယ်လို့ ပြောတာပဲ"

"အင်း"..ကျွန်မ ပြန်ဖြေလိုက်တယ်။ ဓာတ်လမ်းက ဒီလောက်နဲ့ မပြီးသေးဘူးဆိုတာ ကျွန်မ သိနေတယ်။

"အင်း.. အဲဒီတော့ ကယ်ဗင်ဒီးလ် ဆိုတဲ့ လူက ၁၉၈၀ ဝန်းကျင်လောက်ကတည်းက စပြီး အဲဒီလို ပိုက်ဆံယူပြီး လူလိုက်သတ်ပေးနေတာ။ ဒီလူက တော်တော် ဉာဏ်ကောင်းတယ်။ သူသတ်ပေးခဲ့တဲ့ လူတွေဆီကနေ လက်ရေးနဲ့ရေးထားတဲ့ ထောက်ခံစာတွေ တောင်းထားတယ်။ သူသတ်ပေးထားတာ ၃၂ ယောက် တိတိရှိတယ်တဲ့။ အကုန်လုံးက '*သူတို့ကို လာသတ်ပေးပါ*' ဆိုပြီး သူ့ကို ပိုက်ဆံပေးပြီး ငှားခဲ့ကြတာ..တဲ့"

"အင်း"

"သူ့ဆီမှာ ရှိတဲ့ ထောက်ခံစာတွေထဲကတစ်ခုက ခင်ဗျားအမေဆီက"

ကျွန်မ ရှေ့ကို ကိုယ်ကို ကိုင်းချလိုက်တယ်။ ကျွန်မ မျက်လုံးတွေကတော့ လိုင်ဝိုက်သ်ဆီကနေ မခွာဘူး။

"ဟုတ်တယ်။ ခင်ဗျား အမေက *သူ့ကို လာသတ်ပေးပါ* ဆိုပြီး အဲဒီလူကို ငှားခဲ့တာ။ ဒါပေမယ့် သူ့တစ်ယောက်တည်းကိုပဲ လာသတ်ခိုင်းတာ။ ဒါမှ သူသေသွားရင် အသက်အာမခံ လျော်ကြေးကို ခင်ဗျားတို့ မောင်နှမတွေ ရမယ်။ အကြွေးတွေ ဆပ်လို့ ရမယ်။ ဘန့် အမှုကိုလည်း ရှင်းလို့ရမယ်။ ခင်ဗျားအမေ လက်ရေးနဲ့ ရေးထားတဲ့ ထောက်ခံစာ ရဲတွေဆီမှာ အခုရောက်နေပြီ"

"ဟင်··ဒါပေမယ့် အဓိပ္ပာယ်မှ မရှိဘဲ။ မဟုတ်သေးပါဘူး။ ဒီယွန်ဒရာက မီရှယ့်ကို သတ်လိုက်တာလေ။ မီရှယ့် ဒိုင်ယာရီ ဒီယွန်ဒရာ့ဆီမှာ ရောက်နေတယ်လေ။ ဒီယွန်ဒရာ··သတ်တာ··ဆို"

"အင်း၊ ကျွန်တော် ပြောချင်တာလည်း အဲဒါပဲ။ ဒီလိုဗျ။ အဲဒီကယ်ဗင်ဒီးလ် ဆိုတဲ့ လူက သူ့ကိုယ်သူ သူရဲကောင်းလိုလို ဘာလိုလို လုပ်နေတာ။ တကယ်ပြောတာ။ အခု သူ့ကို ဖမ်းချုပ်ထားတဲ့ ထောင် အပြင်ဘက်မှာ သူ့ကို လာအားပေးတဲ့ သူတွေ အများကြီးပဲ။ ဆိုင်းဘုတ်တွေဘာတွေနဲ့ 'သူရဲကောင်းကြီး ကယ်ဗင်ဒီးလ်' ဆိုပဲ။ ဂုဏ်ပြုသီချင်းတွေ ဘာတွေတောင် ထွက်လာဦးမလား မသိဘူး။ အကြွေး ပတ်လည်ဝိုင်းနေတဲ့ လူတွေကိုလိုက်သတ်ပေးတော့ ဘဏ်တွေက အကြွေးတွေဆုံး။ ပြီးတော့ အသက်အာမခံ ကုမ္ပဏီတွေလည်း အသတ်ခံရတဲ့ လူတွေရဲ့ မိသားစုတွေ အတွက် လျော်ကြေးတွေထုတ်ပေးရ၊ ဒုက္ခရောက်ကြပေါ့။ လူတွေက အဲဒါကို သဘောကျနေကြတာ။ အားပေးနေကြတာ။ ဆင်းရဲသားတွေရဲ့ သူရဲကောင်းကြီးပေါ့လေ။ ကယ်ဗင်ဒီးလ်က ပြောတယ်ဗျ။ သူသတ်ခဲ့တဲ့ လူ ၃၂ ယောက်စလုံးက သူ့ကို တမင်ငှားခဲ့တာ ဖြစ်တဲ့အတွက် လူသတ်မှုအဖြစ် ဝန်မခံနိုင်ဘူးတဲ့။ သူတို့ ဘာသာသူတို့ သတ်သေတာကို သူက ဝင်ကူညီပေးတဲ့ သဘောမျိုးပဲ ယူဆတယ်တဲ့။ ဂုဏ်သိက္ခာရှိရှိ သေလို့ရအောင်၊ ဒါ့အပြင် သေပြီးသွားရင် အကြွေးတွေ ရှင်းသွား အောင် သူက ကူညီပေးခဲ့တာတဲ့။ ဒါပေမယ့် သူ ဝန်ခံမယ့် လူသတ်မှုတစ်ခုတော့ ရှိတယ်တဲ့။ အဲဒါကတော့ ဒက်ဘီဒေး ဆိုတဲ့ ကလေးမလေးကို သတ်မိတဲ့ အမှုတဲ့။ ခင်ဗျား အမေကို သူ သတ်ပေးနေတုန်းမှာ ဒက်ဘီ အိပ်ရာနိုးလာပြီး မြင်သွားတော့ ဇာတ်လမ်းတွေ ရှုပ်ကုန်ပြီး ထိန်းမနိုင် သိမ်းမရတွေ ဖြစ်ကုန်တာတဲ့။ သူသတ်ခဲ့တဲ့ သူတွေထဲမှာ အဲဒီတစ်မှုကိုပဲ သူ နောင်တရတယ်တဲ့"

"ဒါဆို မီရှယ့်ကို ဘယ်သူသတ်တာလဲ"

"ကယ်ဗင်ဒီးလ် ပြောစကားအရတော့ မီရှယ်ဒေးကို သူ တွေ့တောင်မတွေ့လိုက်ဘူးတဲ့။ အမှန်အတိုင်း ပြောတာနေမှာ။ လိမ်စရာ အကြောင်းလည်း မရှိဘူးလို့ ကျွန်တော်ထင်တာပဲ"

"နှစ်ယောက်"..ကျွန်မ ပြောလိုက်တယ်။ "လူသတ်သမား နှစ်ယောက်။ တစ်အိမ်တည်းမှာ..တစ်ညတည်းမှာ။ ကျွန်မတို့ မိသားစုရဲ့ ကံပေါ့"

...

တောအုပ်ထဲမှာ ကျွန်မ ပုန်းနေခဲ့တဲ့ အချိန်၊ ဓာတ်ဆီဆိုင်မှာ လိုင်ဝိုက်သ်ကို စောင့်နေခဲ့တဲ့ အချိန်၊ ကားထဲမှာ ရှိုက်ကြီးတငင် ငိုယိုနေခဲ့တဲ့ အချိန်၊ ပြီးတော့ အနီးအနားက ရဲစခန်းတစ်ခုက ရဲမှူးကို ကျွန်မ ဘယ်သူလဲ ဆိုတာ ရှင်းပြနေခဲ့တဲ့ အချိန် (*ဟမ်..ခင်ဗျားက ဘယ်သူ၊ ဘယ်သူ့ရဲ့ ညီမ..ဘယ်လို..*။ ရဲမှူးက မယုံသလို မေးသေးတယ်။) အဲဒါတွေ အကုန် ပေါင်းလိုက်ရင် ၇ နာရီလောက် ကြာသွားမယ် ထင်တယ်။ အဲဒီ အချိန် ၇ နာရီ အတွင်းမှာ ဒီယွန်ဒရာနဲ့ ခရစ်စတယ် အစအန ရှာမရအောင် ပျောက်သွားပြီ။ မနက် မိုးလင်းလာတော့ မရှိကြတော့ဘူး။ လုံးဝကို မရှိတော့တာ။ သူတို့အိမ်ကိုပါ ဓာတ်ဆီလောင်းပြီး မီးရှို့သွားသေးတယ်။ မီးသတ်ကားတွေရောက်လာတော့ တစ်အိမ်လုံး ပြာဖြစ်နေပြီ။

ရဲစခန်းမှာ ကျွန်မ ဇာတ်လမ်းကို အကြိမ်ပေါင်းများစွာ ရှင်းပြယူရတယ်။ ရဲတွေက ယုံသလိုလို မယုံသလိုလို.. နောက်ဆုံးကျတော့မှ နည်းနည်းလေး အသိအမှတ်ပြုတဲ့ အရိပ်အယောင် ပြလာတယ်။

"အဲဒီ ဒီယွန်ဒရာဆိုတဲ့ အမျိုးသမီးနဲ့ ခင်ဗျား ညီမ မီရှယ်ဒေး အသတ်ခံရတာနဲ့ကို ချိတ်ဖို့ သက်သေနည်းနည်းတော့ လိုမယ်ဗျ"..စုံထောက်တစ်ယောက်က ကော်ဖီခွက်ကို ကျွန်မလက်ထဲ ထည့်ပေးရင်း ပြောတယ်။

နောက်ထပ် နှစ်ရက် ကြာသွားတော့ စုံထောက်တွေ ကျွန်မ အိမ်ကိုရောက်လာကြတယ်။ အမေ့လက်ရေးနဲ့ ရေးထားတဲ့ စာတွေကို မိတ္တူကူးပြီး ယူလာတယ်။ အမေ့လက်ရေးကို ကျွန်မ မှတ်မိသလားတဲ့..စာတွေကို ဖတ်ချင်သလားတဲ့။

ပထမ စာတစ်စောင်က ရှင်းပါတယ်။ ကယ်ဗင်ဒီးလ်မှာ အပြစ်မရှိဘူးဆိုတဲ့ အကြောင်း.. ပက်တီကိုယ်တိုင်ခိုင်းလို့ သတ်ရတာ ဖြစ်တဲ့အကြောင်း ရှင်းပြထားတဲ့ ထောက်ခံစာ။

ဒုတိယ စာတစ်စောင်က ကျွန်မတို့အတွက်..

ချစ်တဲ့ ဘန်၊ မီရှယ်၊ ဒက်ဘီနဲ့ လစ်ဘီ··

ဒီစာ သားတို့ သမီးတို့ဆီကို ရောက်မယ်လို့ အမေ မထင်ပါဘူး။ ဒါပေမယ့် မစ္စတာဒီးလ်က ဒီစာကို သူ သေချာ သိမ်းထားပေးပါ့မယ်တဲ့။ ဒီလောက်နဲ့ပဲ အမေ ကျေနပ်ပါတယ်။

သားတို့··သမီးတို့ရဲ့ ဘိုးဘိုး ဘွားဘွားတွေက အမေ့ကိုလေ အမြဲမှာခဲ့တယ်။ ပက်တီ··နှင့်ဘဝကို အကျိုးရှိအောင်နေတဲ့။ အမေ ဘဝကို အကျိုးရှိအောင် မနေနိုင်ခဲ့ပါဘူး။ ဒါပေမယ့် အကျိုးရှိအောင်တော့ သေချင်တယ်။ အမေ့ကို အားလုံးခွင့်လွှတ်ကြပါ။

ဘန်ရေ··သားရေ·· ဘာပဲဖြစ်ဖြစ်··သားကိုယ်သား အပြစ်မတင်နဲ့နော်။ ကံတရား ဆိုတာ အမေတို့ သားတို့ ထိန်းချုပ်လို့မရတဲ့ အရာပဲလေ။ အမေ အခုလို မလုပ်ရင်မဖြစ်လို့ လုပ်ရတာပါ။

အမေ တစ်မျိုးတော့ ဂုဏ်ယူမိတယ်။ အမေ့ ဘဝတစ်ခုလုံးက ထင်မထားတဲ့ မတော်တဆတွေနဲ့ချည်း ပြည့်နေခဲ့တာ။ အခုတော့ 'တမင်ကြံစည်ထားတဲ့ မတော်တဆ' တစ်ခုနဲ့ အရာရာ ပြန်အဆင်ပြေသွားတော့မှာ။

သားတို့ သမီးတို့ တစ်ယောက်နဲ့ တစ်ယောက် ဂရုစိုက်ကြနော်။ ချစ်ချစ်ခင်ခင်နေကြ။ အန်တီဒိုင်ယန်းကလည်း သားတို့ကို သေချာကြည့်ပေးပါလိမ့်မယ်။ အမေ စိတ်မကောင်းတာ တစ်ခုပဲ ရှိတယ်။ အမေ့ကလေးတွေ ကြီးလာတဲ့အခါ ဘယ်လို လူကောင်း သူကောင်းတွေ ဖြစ်လာကြမလဲဆိုတာ မမြင်ရတော့ဘူးပေါ့··။ ဒါပေမယ့် အမေ စောင့်ကြည့်စရာတောင် မလိုပါဘူး။ အမေ့ သားသမီးတွေက လိမ္မာပြီးသားပါ။

ချစ်တယ်

အမေ

ကျွန်မ ရင်ထဲ ဟောင်းလောင်း ပွင့်သွားတယ်။ အမေသေတာ ဘာအကျိုးမှ ရှိမသွားခဲ့ပါလား··။ အမေ့ကို စိတ်တိုသလို ဖြစ်မိတယ်။ ဒါပေမယ့် အမေ မသေခင် နောက်ဆုံး အချိန်မှာ·· အဲဒီ သွေးအလူးလူးနဲ့ ကြမ်းပြင်ပေါ်မှာ ဘယ်လောက်များ ခံစားခဲ့ရမလဲ။ သူ့ရှေ့မှာ သူ့သမီး ဒက်ဘီဒေး အသက်ငင်နေတာကို မကူမကယ်နိုင်ဘဲ ကြည့်နေခဲ့ရတာ။ သူ့ဘဝ အဆုံးသတ်ခါနီးမှာ အရာအားလုံး မှားယွင်းသွားခဲ့တာကို ဘယ်လိုများ ရင်ဆိုင်ခဲ့သလဲ။ ကျွန်မရဲ့ ဒေါသစိတ် အရည်ပျော်ကျသွား

တယ်။ ကြင်နာ သနားခြင်းတွေ ကျွန်မ ကိုယ်ထဲ စိမ့်ဝင်လာတယ်။ ဒီခံစားချက်က ကျွန်မနဲ့ စိမ်းနေတယ်။ မိခင် တစ်ယောက်က သူ့ရင်သွေးအပေါ် ခွင့်လွှတ်တဲ့ ခံစားချက်မျိုး‥။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ အမေ ပက်တီဒေး တကယ် ကြိုးစားခဲ့တယ်။ သူ့ရဲ့ နောက်ဆုံးနေ့မှာ ဘယ်အမေမှ လိုက်မမီနိုင်လောက်အောင်ကို သူ အစွမ်းကုန် ကြိုးစားခဲ့တာပဲ။

အဲဒီ တစ်ချက်တည်းနဲ့ ကျွန်မ စိတ်ဖြေပါ့မယ်။

+++

## ကယ်ဗင်ဒီးလ်

**၁၉၈၅၊ ဇန်နဝါရီ (၃) ရက်**
**မနက် ၄ နာရီ ၁၂ မိနစ်**

ဆိုးလိုက်တာ။ အကုန် တလွဲတွေ ဖြစ်ကုန်ပြီ။ အဲဒီ အမျိုးသမီးကို ကူညီပေးဖို့ ကြိုးစားခဲ့တာပဲ။ ဆံပင်နီနီနဲ့ လယ်ပိုင်ရှင် ပက်တီဒေး။ အခုတော့ အကုန်မှားကုန်ပြီ။ ပက်တီဒေးက သူ့ကို ပိုက်ဆံတောင် အပြည့် ပေးမသွားဘူး။ သူတို့သဘောတူထားတာ ဒေါ်လာ ၂၀၀၀။ စာအိတ်ထဲမှာ ၈၁၂ ဒေါ်လာနဲ့ မတ်စေ့ သုံးစေ့ပဲ တွေ့တယ်။ ဒီည တစ်ညလုံး ကျက်သရေ မရှိဘူး။ အကုန် စိတ်ပျက်စရာတွေချည်းပဲ။ သူကိုယ်တိုင်လည်း အပြစ်မကင်းဘူး။ သူ့ကိုယ်သူ ဆရာကြီးလိုလို ဘာလိုလို ဘဝင်မြင့်နေခဲ့တာ။ တကယ်ဆိုရင် ပက်တီဒေးက လွယ်လွယ်လေး။ တခြားလူတွေဆိုရင် သူတို့ ဘယ်လိုသေချင်တယ်ဆိုတာကို အမျိုးမျိုး ကြေးများကြသေးတယ်။ ပက်တီဒေးကတော့ ရေနစ်မသေရင် ပြီးရောတဲ့။ သူ့ကို ရေနစ်မသတ်ပါနဲ့တဲ့··ကျန်တာ ဘယ်လို လုပ်လုပ်ပါတဲ့။ ကဲ ဘယ်လောက်လွယ်သလဲ။ ကယ်ဗင့်အတွက် ပက်တီဒေးကို သတ်စရာ နည်းလမ်းတွေ အများကြီးပဲ။ ဒါပေမယ့် ဒီညအစောပိုင်းတုန်းက ကယ်ဗင် အရက်ဆိုင် တစ်ဆိုင်ထဲကိုဝင်သွားမိတယ်။ ဆိုင်ထဲမှာထရပ်ကားသမားတွေ တစ်ပုံကြီးပါ။ ကယ်ဗင့်ကို ဘယ်သူမှ သတိမထားမိပါဘူး။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ပက်တီဒေးရဲ့ ယောက်ျား ရန်နာဒေးဆိုတဲ့လူ အဲဒီ ဆိုင်ထဲမှာရောက်နေတယ်။ ရန်နာဒေးဆိုတဲ့ကောင်က ကြည့်လိုက်တာနဲ့ကို ကျက်သရေယုတ်နေတာ။ ပါးစပ်က ထွက်သမျှ စကားတွေကလည်း အစုတ်အပဲ့တွေ။ ဒါနဲ့ကယ်ဗင်ဆိုင်ထဲက စကားသံတွေကို သေချာ နားထောင်မိလိုက်တယ်။ ဆိုင်ထဲကလူတွေကရန်နာ့အကြောင်းကို စုံနေအောင် ပြောကြတယ်။ လယ်ကွင်းကိုလည်း မထိန်းသိမ်းဘဲပစ်ထားတယ်။ မိသားစုကိုလည်း ပစ်ထားတယ်။ အကြွေးတွေလည်း ပတ်လည်ဝိုင်း

နေတယ်တဲ့။ ရန်နာဒေး ဆိုတဲ့ကောင် အကြွေးလည်ပင်းခိုက်နေတာ နည်းတောင် နည်းသေးတယ်··လို့ ကယ်ဗင်ကတော့ တွေးမိတယ်။

ပက်တီဒေးကို အိမ်တံခါးဝမှာ ရင်ဝကို ဓားမြှောင်နဲ့ ထိုးပြီး သတ်ပေးလိုက်မယ်။ ဒါမှ ရန်နာဒေးဆိုတဲ့ကောင်ကို ရဲတွေ မေးခွန်းထုတ်ကြမှာ။ တာဝန်မယူတတ်တဲ့ကောင်။ ရဲတွေ စစ်တာဆေးတာ ခံစမ်း။ နောက်ဆုံးကျရင်တော့ သက်သေမခိုင်လုံတာနဲ့ ရဲတွေက ရန်နာဒေးကို ပြန်လွှတ်ပေးမှာပါပဲ။ ကယ်ဗင် သတ်ပေးတဲ့ အမှုတွေအကုန်လုံးက သက်သေ မခိုင်လုံအောင် တမင်လုပ်ထားတာလေ။ ဖမ်းလို့ မမိအောင် ခွင်ဆင်ထားတာ။ တစ်ခါတုန်းကဆို အာ့ခ်စီးတီးဘက်က လယ်သမားတစ်ယောက်ကို ဂျုံစေ့ပုံအောက်မှာ ပိပြီးသေနေတဲ့ပုံစံ ဖြစ်အောင် ကယ်ဗင် သတ်ပေးခဲ့သေးတယ်။ လူတွေကတော့ ဂျုံစေ့ကော်တဲ့ စက်ပျက်သွားလို့ မတော်တဆဖြစ်ပြီး ပိသေတယ်လို့ ထင်တာပေါ့။ ကယ်ဗင်က လူသတ်ရင် အချိန်နဲ့ သေချာကိုက်ပြီး သတ်ပေးတယ်။ သဘာဝကျအောင်ပါ။ မိုးတွင်း ရေကြီးတတ်တဲ့ အချိန်တွေဆိုရင် ရေနှစ်သတ်ပေးတယ်။ နွေရာသီဆိုရင် အမဲလိုက်ရင်း မတော်တဆ ကျည်မှန်ပြီး သေသလို ဖြစ်အောင် စီစဉ်ပေးတယ်။ ဇန်နဝါရီလ ဆိုရင်တော့ ဓားပြမှုတွေ၊ အနုကြမ်းစီးတာတွေနဲ့ အဆင်ပြေတယ်။ ခရစ္စမတ်ပြီးခါစ၊ နှစ်သစ်ကူး အချိန်ဆိုတော့ *ငါ့ဘဝလည်း ဘာမှပြောင်းလဲမသွားပါလား··မွဲမြဲမွဲနေပါလား*··ဆိုပြီး အဲဒီအချိန်မှာ ဒေါသထွက်ပြီး ဓားပြတိုက်ဖို့ ဆုံးဖြတ်တတ်ကြတယ်။

ဒီတော့ ပက်တီဒေးကို နှလုံးတည့်တည့် ဓားနဲ့ထိုးပြီး သတ်မယ်။ စက္ကန့် ၃၀ လောက်ဆို အသက်ထွက်ပြီ။ အရမ်းလည်း မနာဘူးလို့ ပြောကြတာကြားဖူးတယ်။ သွေးလန့်နေတာနဲ့ နာမှန်း မသိလိုက်ဘူးတဲ့။ ပက်တီဒေး သေသွားပြီးရင် သူ့အလောင်းကို သူ့ အစ်မ ဒိုင်ယန်း··ဆိုတဲ့ အမျိုးသမီးက အရင်တွေ့လိမ့်မယ်။ ဒိုင်ယန်းကို မနက်စောစော အိမ်လာဖို့ ခေါ်ထားမယ်တဲ့ ပက်တီဒေးကပြောတယ်။ ပက်တီဒေးက တော်တော်စီစဉ်တတ်တာပဲ။

ကယ်ဗင်ဒီးလ် အခု သူ့အိမ်သူ ပြန်ဖို့လိုတယ်။ သူ့အိမ်က နက်ဘရက်စကာ နယ်စပ်မှာ။ အိမ်ရောက်မှ ဆံပင်တွေကို သန့်ရှင်းရေး လုပ်ရမယ်။ နှင်းတွေအဆုပ်လိုက်ကောက်ပြီး ခေါင်းကို ပွတ်ထားပေမယ့် ဆံပင်တွေက သွေးတွေပေပြီး ကျပ်ခဲနေတုန်းပဲ။ ဆံပင်အထိ သွေးတွေ လာပေလိမ့်မယ်လို့ ကြိုတွက်မထားခဲ့ဘူးလေ။ ကားထဲမှာ သွေးနံ့တွေ ဟောင်နေတယ်။

ကားလမ်းမပေါ်မှာ သူ့ဆီ ပြေးလာနေတဲ့ ကလေးမလေးတစ်ယောက်··။

ကယ်ဗင် ကားကို လမ်းဘေး ထိုးရပ်လိုက်တယ်။ ဘယ်သူမှ မရှိဘူး။ သူသတ်ခဲ့တဲ့ ကလေးမလေးကို ပြန်မြင်ယောင်နေတာပါ။ ကျစ်ဆံမြီးကျစ်ထားတဲ့ ကလေးမလေး။ အဲဒီ ကလေးလေးကို သားကောင်တစ်ကောင်ကို အမဲလိုက်သလို သူ သတ်ခဲ့တာ··။ သတ်ချင်လို့ မဟုတ်ဘူး။ ဒါပေမယ့် ကယ်ဗင့် မျက်နှာကို ဘယ်သူမှ မြင်သွားလို့ မဖြစ်ဘူး။ အဲဒီ ကလေးမလေးက အိမ်ထဲက တခြားကလေးတွေကို သွားမနှိုးခင်မှာ သတ်ပစ်လိုက်ရတာ။ အိမ်ထဲမှာ တခြားကလေးတွေ ရှိနေသေးတာကို ကယ်ဗင် သိတယ်။ ဒါပေမယ့် သူတို့ကို သတ်ပစ်ဖို့တော့ ကယ်ဗင့် နှလုံးသားက အဲဒီလောက် မမာဘူး။ သူ့အလုပ်က ကလေးတွေကို သတ်ဖို့ မဟုတ်ဘူး။ လူတွေကို ကယ်တင်ဖို့··။

အိပ်ခန်းတွေဘက်ကို အဲဒီကလေးမလေး ထွက်ပြေးသွားတာကို မြင်လိုက်တော့ ကယ်ဗင့် လက်ထဲကို ပုဆိန်တစ်လက် အလိုလိုရောက်လာတယ်။ မီးလင်းဖို အပေါ်က စင်မှာတင်ထားတဲ့ နှစ်လုံးပြူးသေနတ်ကိုလည်း သူ့မျက်လုံးတွေက မြင် သွားတယ်။ ပုဆိန်က အသံမထွက်ဘူး။ ပုဆိန်နဲ့ပဲ··။ သေနတ် မလိုဘူး··

အဲဒါလည်း ပြီးရော သူ ရူးသွားတာ ထင်တယ်။ ဟုတ်တယ်··ရူးသွားတာ ဖြစ်မယ်။ ကလေးမလေးကိုလည်း စိတ်တိုတယ်။ ပက်တီဒေး ဆိုတဲ့ မိန်းမကိုလည်း စိတ်ဆိုးတယ်။ အဲဒီ ကလေးလေးကို ပုဆိန်နဲ့ အပိုင်းပိုင်း ခုတ်ပစ်မိတယ်။ ကလေး ၄ ယောက်ရဲ့ အမေ··ပက်တီဒေးကိုလည်း ညင်ညင်သာသာ အသက်ထွက်အောင် ကူညီပေးရမယ့် အစား···မျက်နှာကို နှစ်လုံးပြူးနဲ့ ပစ်သတ်ခဲ့တယ်။ ပက်တီဒေးရဲ့ နောက်ဆုံး အချိန်က လုံး၀ အိပ်မက်ဆိုးကြီးတစ်ခုပဲ။ နှင်းထဲမှာ ညင်ညင်သာသာနဲ့ ကယ်ဗင်ဒီးလ်ရဲ့ ရင်ခွင်ထဲမှာ သေဆုံးသွားရမှာ·· အခုတော့။ ကလေးလေးကို သူ အပိုင်းပိုင်း ခုတ်သတ်ခဲ့တယ်။ အပိုင်းပိုင်း···

ဘ၀မှာ ပထမဆုံး အကြိမ်အဖြစ် ကယ်ဗင်ဒီးလ်တစ်ယောက် သူ့ကိုယ်သူ လူသတ်သမားလို့ အပြည့်အ၀ ခံယူလိုက်မိတယ်။ ကားထိုင်ခုံပေါ်မှာ ပက်လက် လှန်ချလိုက်ပြီး အသံနက်ကြီးနဲ့ အော်ငိုမိတယ်။

+++

# လစ်ဘီဒေး

## ယနေ့

ဒီယွန်ဒရာနဲ့ ခရစ်စတယ် ထွက်ပြေးသွားတာ ၁၃ ရက်တောင် ရှိပြီ။ သူတို့ကို ရဲတွေ လိုက်ရှာနေတာ အစအနတောင် မတွေ့သေးဘူး။ ဒီယွန်ဒရာက မီရှယ့်ကို သတ်သွားပါတယ်လို့ အထောက်အကူ ပြုမယ့် သက်သေကိုလည်းမတွေ့။ အခုတော့ ဒီအမှုကို အိမ်မီးရှို့တဲ့ အမှုလောက်ပဲ သဘောထားတော့တယ်။ သိပ်ပြီး စိတ်မဝင်စားကြတော့ဘူး။

လိုင်ဝိုက်သ်က ကျွန်မနဲ့ တီဗွီအတူတူကြည့်ဖို့ ဆိုပြီး အိမ်ရောက်လာတယ်။ ဒါက အခု ရက်ပိုင်းမှ တိုးလာတဲ့ သူ့ရဲ့ အကျင့်တစ်ခုလေ။ လာချင်ရင် လာလို့ရတယ်၊ စကားတော့ သိပ်မများနဲ့ ဆိုပြီး ကျွန်မ သတိပေးထားတယ်။ ပြောသာပြောရတာပါ‥တကယ်က သူမလာတဲ့နေ့တွေဆိုရင် ကျွန်မ လွမ်းနေပြန်ရော။

အခု လိုင်ဝိုက်သ်နဲ့ ကျွန်မ ဆိုဖာမှာ ထိုင်ရင်း တီဗွီမှာ လာနေတဲ့ ကြောင်တောင်တောင် အစီအစဉ်တစ်ခုကို ကြည့်နေကြတယ်။ လိုင်ဝိုက်သ်က ထိုင်နေရာကနေ ဆတ်ခနဲထပြီး ကျွန်မကိုကြည့်တယ်။ "ဟာ‥အဲဒါ ကျွန်တော့်ဆွယ်တာ"

ဟုတ်တယ်၊ ကျွန်မ အခုဝတ်ထားတာ သူ့ဆွယ်တာအင်္ကျီ။ လိုင်ဝိုက်သ် ကားနောက်ခန်းထဲကနေ သူမသိအောင် အလစ်သုတ်ထားတာလေ။ တကယ်လည်း ဒီဆွယ်တာက သူနဲ့ မလိုက်ပါဘူး။ ကျွန်မနဲ့ ပိုလိုက်တယ်။

"အို ဒီဆွယ်တာက ကျွန်မနဲ့ ပိုလိုက်ပါတယ်"

"လစ်ဘီ‥လစ်ဘီ‥။ ခင်ဗျားတောင်းရင်လည်း ကျွန်တော် ပေးမှာပါ"

လိုင်ဝိုက်သ်က ပြောပြီး တီဗွီဘက်ကို ပြန်လှည့်သွားတယ်။ တီဗွီထဲမှာ မိန်းမ နှစ်ယောက် နပန်းလုံးနေကြတယ်။ "လစ်ဘီရာ ကံဆိုးတယ်ဗျာ။ ခင်ဗျားဆီမှာသာ ဒီယွန်ဒရာ့ အိမ်က သွားတိုက်တံ ဖြစ်ဖြစ်၊ ခေါင်းဘီးဖြစ်ဖြစ် ပါလာခဲ့ရင်

ကောင်းမှာ။ အဲဒါဆို ဒီယွန်ဒရာ့ DNA ရပြီလေ''

''လာပြန်ပြီ ဒီ DNA ဆိုတဲ့ဟာ''··ကျွန်မကတော့ DNA ဆိုတာကြီးကို ယုံကို မယုံတော့ဘူး။

တီဗွီထဲမှာ ဆံပင်ရွှေရောင်နဲ့ မိန်းမတစ်ယောက်က တခြားဆံပင်ရွှေရောင်နဲ့ မိန်းမတစ်ယောက်ကို ဆံပင်ကနေ ကိုင်ဆွဲပြီး လှေကားပေါ်က တွန်းချနေတယ်။ တီဗွီလိုင်းကို ပြောင်းလိုက်တယ်။ မိကျောင်းတွေ အစာစားနေတာကို ပြနေတယ်။

''ဟာ·· ဟာ·· ဘုရားရေ··ဘုရား··ဘုရား''··ကျွန်မ ထိုင်နေရာကနေ အရူးမလို ခုန်ထပြီး အခန်းထဲကို ဝင်ပြေးတယ်။

ကျွန်မ အခန်းထဲက ပြန်ထွက်လာတယ်။ ဒီယွန်ဒရာ့ အိမ်ရဲ့ ရေချိုးခန်းထဲက ယူလာတဲ့ နှုတ်ခမ်းနီတောင့်ရယ်၊ အဖျားတိုင်းတံရယ်ကို စားပွဲပေါ်ကို ပစ်တင်လိုက်တယ်။

''လိုင်ဝိုက်သ်·· ရှင်လေ အရမ်းတော်တာပဲ။ တကယ်''··ကျွန်မပြောပြီး လိုင်ဝိုက်သ်ကို ဖက်လိုက်တယ်။

''ဟုတ်လား''··လိုင်ဝိုက်သ်က ရယ်တယ်။ ''တကယ်ကြီးလား။ လစ်ဘီ ··လစ်ဘီဒေးက ငါ့ကို တော်တယ်လို့ ချီးကျူးတယ်ဟေ့''

''ဟုတ်တယ်၊ ရှင်အရမ်းတော်တယ်''

...

နှုတ်ခမ်းနီတောင့်နဲ့ အဖျားတိုင်းတံက ရတဲ့ DNA တွေက မီရှယ့်အိပ်ရာပေါ်မှာ တွေ့ခဲ့တဲ့ သွေးစရဲ့ DNA နဲ့ တစ်ထပ်တည်းကျတယ်။ အခုမှ လူသတ်မှု အဖြစ် ပြောင်းလဲသွားပြီး ဒီယွန်ဒရာ့ကို အသည်းအသန် လိုက်ရှာနေကြပြီ။ ဒီယွန်ဒရာ တစ်ယောက် ဒါကြောင့် ဘန်နဲ့သူနဲ့ ကြားက ဆက်နွယ်မှုကို ဘယ်သူမှ မသိအောင် ထိန်းထားချင်တာကိုး။ ဟုတ်တယ်လေ။ မီရှယ့် အိပ်ရာပေါ်က ရတဲ့ သူ့ရဲ့ သွေးစတွေကို ရဲတွေက သိမ်းထားတာလေ။ အခု ခေတ်မီလာတော့၊ နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ အဲဒီ သွေးစရဲ့ DNA နဲ့ ထပ်တူကျမယ့် DNA ကို ယှဉ်ကြည့်ရတာ ပိုလွယ်လာရော။ နှစ်တွေကြာလာတာနဲ့ အမျှ၊ ခေတ်မီလာတာနဲ့ အမျှ ဒီယွန်ဒရာလည်း စိတ်တွေ ပူသထက် ပူလာမှာပဲ။ ကောင်းတယ်။ နည်းသေးတယ်။

အမာရီလို မြို့က ငွေလွှဲတဲ့ နေရာတစ်ခုမှာ ဒီယွန်ဒရာ့ကို ဖမ်းမိသွားတယ်။ ခရစ်စတယ့်ကိုတော့ ရှာမတွေ့ဘူး။ ဒီယွန်ဒရာ့ကို ဖမ်းတော့ ရဲ ၄ ယောက် ဝိုင်းဖမ်းရတယ်တဲ့။ ဒီတော့ ဒီယွန်ဒရာလည်း ထောင်ကျသွားပြီ။ ကယ်ဗင်ဒီးလ်

လည်း လူသတ်မှုတွေအတွက် ဝန်ခံပြီးပြီ။ ဒါတင်မကဘူး ငွေချေးပွဲစား ဆိုတဲ့ လူတစ်ယောက်ကိုလည်း ဖမ်းမိထားတယ်။ ကယ်ဗင်ဒီးလ်နဲ့ အလုပ်တွဲလုပ်ခဲ့တဲ့ ပြစ်မှုအတွက် ဖမ်းထားတာ။ နာမည်က လန်··တဲ့။ နာမည်ကြားတာနဲ့တင် ရွံစရာ။ ဒီလောက် တရားခံတွေ အများကြီး မိထားတာ ဘန့်ကို လွှတ်ပေးတော့မှာပဲလို့ ထင်စရာပဲ။ ဒါပေမယ့် အဲဒီလောက် မလွယ်ဘူး။ ဒီယွန်ဒရာက မိသွား တာတောင် မီရှယ့်ကို သူသတ်တယ်ဆိုတာ ဝန်မခံသေးဘူး။ တရားရုံးတင်ရဦးမယ်။ ကြာမယ်။ ဒီကြားထဲမှာ ကျွန်မအစ်ကို ဘန်ဒေးကို ထောင်ထဲမှာ ဆက်ထည့်ထားဦး မယ်။ ဘန်ကလည်း ဒီယွန်ဒရာ့ကို စွဲချက်တင်ဖို့၊ သက်သေထွက်ဖို့ ငြင်းတယ်။ မေလကုန်လောက်ကျတော့ ကျွန်မ ဘန့်ဆီကို သွားတွေ့ဖို့ ဆုံးဖြတ်လိုက်တယ်။

ဘန်က အရင်တစ်ခေါက်ထက် ပိုပြည့်လာတယ်။ မျက်နှာကတော့ စိတ်ပူသလိုလို၊ ပင်ပန်းနေသလိုလို။ မှန်ရဲ့ဟိုဘက်ကနေ ကျွန်မကို ယဲ့ယဲ့ ပြုံးပြတယ်။

"အစ်ကို ကျွန်မကို တွေ့မှ တွေ့ချင်ပါ့မလားလို့"

"နင် သူ့ကို တစ်ချိန်ချိန်မှာ ရှာတွေ့မယ်ဆိုတာ ဒီယွန်ဒရာက ကြိုသိနေ တာ။ အလိုလိုနေရင်း သေချာနေတာ။ သူထင်တာ မှန်သွားတာပေါ့"

"အင်း·· ဟုတ်မှာပေါ့"

ဘန်က ဒီယွန်ဒရာ့ကို နှစ်အစိတ်တိတိ ကာကွယ်ပေးခဲ့တာ။ ကျွန်မလက် ချက်နဲ့ သူတို့အကြံတွေ အကုန်ပျက်စီးသွားပြီ။ ဘန့်ပုံစံက သူ့မှာ အပြစ်ရှိတာကို သိနေသလို ရှိုးတိုးရှန့်တန့်။ ဝမ်းနည်းနေတဲ့ ပုံတော့ မပေါ်ဘူး။ ဒီယွန်ဒရာ အဖမ်းခံ ရမယ့် အချိန်ကိုများ တိတ်တခိုး မျှော်လင့်နေခဲ့တာလား။ အဲဒီလိုပဲ ဖြစ်ပါစေလို့·· ကျွန်မ ဆုတောင်းတယ်။ ဘန့်ကို တည့်တည့်ကြီးတော့ မမေးဖြစ်ဘူး။

"ဘန်··အစ်ကို ထောင်က လွှတ်တော့မှာနော်။ မယုံနိုင်စရာကြီးပဲနော်။ ထောင်ကလွှတ်တော့မှာ"··သေချာပေါက် လွှတ်မယ်လို့တော့ ပြောလို့မရသေးဘူး။ မီရှယ့် အိပ်ရာပေါ်က သွေးစတွေက ခိုင်လုံတဲ့ သက်သေပါ။ ဒါပေမယ့် ဝန်ခံချက် မရမချင်း မသေချာဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ မျှော်လင့်မှာပဲ။

"အင်း··လွှတ်တော့လည်း ကောင်းတာပေါ့။ အချိန်တန်ပြီ ထင်ပါတယ်။ ၂၄ နှစ်··ဆိုတဲ့ အချိန် နည်းမှမနည်းပဲ။ ငါ့အပြစ်တွေလည်း ကျေလောက်ပါပြီ။ ဘာမှဝင်မတားဘဲ ရပ်ကြည့်နေခဲ့တဲ့ အပြစ်လေ··"

အဲဒီညက ဘာဖြစ်ခဲ့သလဲ ဆိုတာကို လိုင်ဝိုက်သ်နဲ့ ကျွန်မနဲ့ စဉ်းစားခန်း ဖွင့်ခဲ့ပြီးပြီ။ သိထားတဲ့ အချက်အလက်တွေကို ပြန်သီကုံးကြည့်ပြီးပြီ။ အဲဒီညက

ဒီယွန်ဒရာနဲ့ ဘန်နဲ့ မြို့ကနေ ထွက်ပြေးဖို့ ကြံတယ်။ ပိုက်ဆံ ပြန်ယူမယ် ဆိုပြီး ကျွန်မတို့ အိမ်ကို သူတို့ ရောက်လာတယ်။ ဒီယွန်ဒရာက မီရှယ့်ကို လည်ပင်းညှစ် သတ်တယ်။ ကျွန်မ ထင်တာကတော့ မီရှယ်က ဒီယွန်ဒရာ ဗိုက်ကြီးနေတာကို တစ်နည်းနည်းနဲ့ သိသွားလို့ ဖြစ်လိမ့်မယ်။ ဘန်က ဘာလို့လဲ မသိဘူး·· မတားဘဲ ကြည့်နေခဲ့တယ်။ တစ်ရက်ရက်ကျရင်တော့ ဘန့်ကို သေချာ မေးကြည့်ချင်တယ်။ အသေးစိတ်တွေသိချင်တယ်။ အခုမေးရင် ဘာမှ ပြောမှာ မဟုတ်ဘူး။

ဒေးမောင်နှမနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေရင်း ပြောမယ့်စကားတွေကို ကိုယ်စီ မျိုချနေကြတယ်။ ဘန်က သူ့လက်မောင်းမှာရှိတဲ့ ဝက်ခြံဖုကို ကုတ်နေတယ်။ ပေါ်လီ··ဆိုတဲ့ တက်တူးရဲ့ နောက်ဆုံးစာလုံး Y က ဘန့်အင်္ကျီ လက်ခေါက်အောက်ကနေ ပြူထွက်နေတယ်။

"အင်း·· ခရစ်စတယ်··။ ခရစ်စတယ်နဲ့ ပတ်သက်ပြီး နင်ဘာသိထားလဲ လစ်ဘီ။ ငါ့ကို ပြောပြပါလား။ ဒီယွန်ဒရာ့ အိမ်မှာ ဘာတွေ ဖြစ်ခဲ့တာလဲ။ ငါကြားတဲ့ ဇာတ်လမ်းတွေက တစ်ခု တစ်မျိုးစီ ဖြစ်နေတယ်။ ခရစ်စတယ်··ခရစ်စတယ် ဆိုတဲ့ ကောင်မလေးက··ဘယ်လိုလဲ။ ဆိုးလား··"

ဩော်··။ အခုတော့ အဲဒီအိမ်ထဲမှာ·· အဲဒီညက ဘာတွေဖြစ်ခဲ့သလဲဆိုတာ စဉ်းစားရင်း ပူပင်နေတဲ့သူက ဘန် ဖြစ်သွားပြီပေါ့။ ကျွန်မ မေးရိုးမှာ စွဲကျန်ရစ်ခဲ့တဲ့ မျက်ရည်စက် ပုံစံ အမာရွတ် နှစ်ခုကို လက်နဲ့ ပွတ်ကြည့်မိတယ်။ မီးပူထိပ်က ရေနွေးငွေ့ပိုက်နှစ်ချောင်းနဲ့ ထိုးမိထားတာလေ။ ခရစ်စတယ့်လက်ချက်ပေါ့။

"ခရစ်စတယ်က ဉာဏ်ကောင်းပါတယ်။ ရဲတွေ သူ့ကို ရှာမတွေ့အောင် ပုန်းတတ်တယ်လေ။ ဒီယွန်ဒရာကတော့ ခရစ်စတယ် ဘယ်ရောက်နေသလဲဆိုတာ ဘယ်တော့မှ ပြောပြမှာမဟုတ်ဘူး"

"ငါမေးတာ အဲဒါမဟုတ်ဘူးလေ လစ်ဘီ"

"ကျွန်မလည်း မပြောပြတတ်ဘူးလေ ဘန်။ ခရစ်စတယ်က သူ့အမေကို ကာကွယ်ပေးနေတာ။ ဒီယွန်ဒရာက ခရစ်စတယ့်ကို အကုန်လုံး ပြောပြထားတယ် တဲ့။ အကုန်လုံးနော်··။ မီရှယ့်ကို သူသတ်ခဲ့တာကိုပါ ပြောပြထားတယ်လို့ ကျွန်မကတော့ ထင်တယ်။ ကိုယ့်အမေက လူသတ်သမားဆိုတာကို သိနေတဲ့ သမီးအနေနဲ့ ဘယ်လိုဖြစ်သွားမလဲ။ အဲဒီအကြောင်းကိုပဲ တွေးနေတော့မှာပေါ့။ ဘာကြောင့်များ ဒီလိုဖြစ်ရသလဲ··ဘာအတွက်လဲ ဆိုတာတွေကို အဖြေရှာတော့မှာလေ။ သတင်းစာထဲမှာ တွေ့တဲ့ ဓာတ်ပုံတွေကို ဖြတ်ညှပ်ကပ်ပြီး စာအုပ်ထဲညှပ်မယ်။ သေသွားတဲ့

သူ့ ဆွေမျိုးတွေအကြောင်း စုံစမ်းမယ်။ သေသွားတဲ့ သူ့အဒေါ်မီရှယ်ရဲ့ ဒိုင်ယာရီကို အလွတ်ရတဲ့အထိ ဖတ်မယ်။ ဘာတွေဖြစ်ခဲ့သလဲ ဆိုတာကို ထောင့်ပေါင်းစုံ ကနေ နားလည်တဲ့ အဆင့်အထိ ကြိုးစားမယ်။ သူ့တစ်သက်လုံးမှာ သူ့အမေကို ဘယ်လို ကာကွယ်ရမလဲ ဆိုတာကိုပဲ စဉ်းစားနေခဲ့တာလေ။ အဲဒီမှာ ကျွန်မ သူ့အိမ်ကိုရောက် လာတယ်။ ခရစ်စတယ် အမှားလုပ်လိုက်လို့ ကျွန်မ အဖြစ်မှန်ကို သိသွားတယ်။ အဲဒီတော့ ခရစ်စတယ်က ဘာလုပ်သလဲ။ သူ့အမှားကို ချက်ချင်း ပြန်ပြင်ဖို့ ကြိုး စားတယ်။ ဖြစ်တဲ့နည်းနဲ့ ပြန်ပြင်မယ်ပေါ့။ ကျွန်မ နားလည်တယ်။ ဒီတစ်ခါတော့ ကျွန်မ သူ့ကို ခွင့်လွှတ်လိုက်မယ်။ ကျွန်မကြောင့် သူထောင်ထဲ မဝင်စေရဘူး''

ရဲစခန်းမှာ ခရစ်စတယ့် အကြောင်းကို ကျွန်မ သေသေချာချာ ပြောမပြ လိုက်ဘူး။ အိမ်ကိုမီးရှို့တဲ့ အမှုထဲမှာ ခရစ်စတယ် ပါ၊မပါကို သူတို့က သိချင်တာ။ ခရစ်စတယ် ကျွန်မကို သတ်ဖို့ ကြိုးစားခဲ့တယ် ဆိုတာကိုတော့ ရဲတွေ မသိဘူး။ တော်ပြီ‥ နောက်ထပ် ဒေးမိသားစုဝင် တစ်ယောက်ကို ကျွန်မ ထပ်ပြီး မစွပ်စွဲချင် တော့ဘူး။ ထောင်ထဲ မထည့်ချင်တော့ဘူး။ ခရစ်စတယ့်မှာ အပြစ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ထားလိုက်ပါတော့။ *ခရစ်စတယ်က ရူးနေတာ မဟုတ်ပါဘူး၊ လူ ကောင်းပါ‥တဒင်္ဂပဲ အရူးထသလိုလို ဖြစ်သွားတာပါ* လို့ ကျွန်မ ကိုယ့်ကိုယ်ကိုယ် နားချကြည့်တယ်။ ဒါပေမယ့် သူ့အမေအလှည့်တုန်းကလည်း အဲဒီလို တဒင်္ဂအရူးထ လိုက်တာ ကျွန်မ ညီမ မီရှယ် သေသွားတယ်။

ခရစ်စတယ့်ကို တစ်သက်လုံး ထပ်မတွေ့ရပါစေနဲ့လို့ မျှော်လင့်တယ်။ တွေ့လည်းပြဿနာမရှိဘူး။ ကျွန်မ အခု သေနတ်တစ်လက် အမြဲဆောင်ထားတယ်။

''နင် ခရစ်စတယ့်ကို တကယ် ခွင့်လွှတ်တာလားလစ်ဘီ''

''မှန်တဲ့အရာကို လုပ်ဖို့ ကြိုးစားရင်းနဲ့ တလွဲတွေ ဖြစ်ကုန်တတ်တာကို ကျွန်မ နားလည်ပါတယ်''

''အမေ့လို ဖြစ်တာလို့ ပြောတာလား''‥ဘန်ကမေးတယ်။

''မဟုတ်ဘူး ကျွန်မလိုပဲ‥လို့ ပြောတာ''

''ငါတို့အားလုံး အဲဒီနေရာမှာတော့ အတူတူပါပဲ''

ဘန်က မှန်ချပ်ပေါ်မှာ သူ့လက်ဝါးကို တင်တယ်။ ကျွန်မနဲ့ ကျွန်မအစ်ကိုနဲ့ လက်ဖဝါးချင်း ထပ်လိုက်ကြတယ်။

+++

# ဘန်ဒေး

## ယနေ့

ဟိုတစ်နေ့က ထောင်ရဲ့ အားကစားကွင်းထဲမှာ မတ်တတ်ရပ်နေရင်း ဘန် မီးခိုးနံ့သဲ့သဲ့ကို ရှူမိတယ်။ သူ့ခေါင်းပေါ် အမြင့် ၈ ပေလောက်မှာ မီးခိုးတန်းတစ်ခု..။ ငယ်ငယ်တုန်းက မြင်ခဲ့ဖူးတဲ့ လယ်ရှို့မီးတွေကို ဘန် သတိရသွားမိတယ်။ လယ်ကွင်းထဲက မလိုတဲ့ မြက်ခြောက်တွေ တဝုန်းဝုန်းနဲ့ မီးထဲမှာ လွင့်လူးပျောက်ကွယ်ကုန်တာ..။ အဲဒီအချိန်တုန်းကတော့ လယ်ထဲမှာ မွေးတဲ့ ကလေးဖြစ်ရတာကို ဘန် သိပ်မုန်းခဲ့တယ်။ အခုတော့.. ဘန့်စိတ်ကူးထဲမှာ လယ်ကွင်းတွေနဲ့ မြက်ပင်တွေပဲ စီတန်းနေတယ်။ အပြင်..ဆိုတဲ့ နေရာကိုပဲ တစ်ချိန်လုံး တွေးနေမိတယ်။

ညဘက်တွေမှာလည်း မျက်စိကို စုံမှိတ်ပြီး..မိုးကုပ်စက်ဝိုင်းအထိ မဆုံးနိုင်တဲ့ ပြောင်းခင်းတွေကို မြင်ယောင်ကြည့်တယ်။ ခြေထောက်ကိုဝင်တိုးတဲ့ ကိုင်းပင်ဖူးတွေ..။ ကန်းဆက်စ် ပြည်နယ်ရဲ့ ခပ်ပြန့်ပြန့် တောင်ကုန်းတွေ။ ဗွက်ထဲမှာ ဒူးအထိနစ်နေတဲ့ သူ့ခြေထောက်တွေ သူ ပုံဖော်ကြည့်တယ်။

တစ်ခါတလေကျရင် ဘန် စိတ်ရှုပ်ပေါက်ပြီး ရယ်ချင်သလိုလို ဖြစ်မိတယ်။ ထောင်ထဲမှာ။ တစ်သက်တစ်ကျွန်း။ ကိုယ့်မိသားစုကိုယ် ပြန်သတ်တဲ့ အမှုတဲ့..။ ဘန်ဒေး ဆိုတဲ့ ၁၅ နှစ်သား ကောင်လေးကို ဘန် အခုနေတွေ့ရင် လည်ပင်း ညှစ်မိလိမ့်မယ်။ သတ္တိမရှိတဲ့ ငကြောက်လေး။ အလကားကောင်။

တစ်ခါတလေကျရင်တော့ ဘန် သူ့ကိုယ်သူ ဂုဏ်ယူတယ်။

ဘာဖြစ်လို့လဲ။ အဲဒီ လူသတ်မှုတွေ ဖြစ်တဲ့ ညတုန်းကတော့ ဘန်ဒေးဟာ ငကြောက်လေး။ အသုံးမကျတဲ့ ကောင်လေး။ ဖြစ်သမျှကို ရပ်ကြည့်နေတဲ့ ဆန်ကုန်မြေလေး။ လူသတ်မှုတွေ ဖြစ်ပြီးသွားတဲ့ အချိန်မှာတော့ ဘန်ဆိုတဲ့ ကောင်လေး တစ်မျိုးပြောင်းသွားတယ်။ ဟုတ်တယ်.. ဘယ်သူ့ကိုမှ မကာယ်နိုင်ခဲ့ပေမယ့် ဒီယွန်

ဒရာနဲ့ သူ့ကလေးကိုတော့ ဘန် ကယ်တင်မယ်။ ပါးစပ်ပိတ်ထားမယ်။ လျှို့ဝှက်ထားပေးမယ်။ ဒါ..သူ့ရဲ့ ဒုတိယ မိသားစုပဲ မဟုတ်လား။ အဲဒီညတုန်းက ဘန် အခန်းထဲကနေ ပြေးထွက်ပြီး ဒက်ဘီကို မကယ်နိုင်ခဲ့ဘူး။ အမေ့ကိုလည်း မကယ်နိုင်ခဲ့ဘူး။ ဒီယွန်ဒရာ့ကိုတားပြီး မီရှယ့်ကိုလည်း မကယ်နိုင်ခဲ့ပြန်ဘူး။ ဘာမှမလုပ်ဘဲ..ဖြစ်သမျှကို ငြိမ်ခံနေခဲ့တာ။ ဘန်ဒေးဆိုတဲ့ကောင်က ဒီနေရာမှာတော့ တကယ်တော်တယ်။ အခုလည်း ဖြစ်သမျှကို ငြိမ်ခံမယ်။

သူလုပ်နိုင်တာ ဒါပဲ ရှိတယ်။

ဖြစ်သမျှကို ငြိမ်ခံခဲ့လို့ ဘန် နာမည်ကြီးလာတာ။ ဟုတ်တယ်။ စစချင်းတော့ ဘန်ဆိုတဲ့ကောင်က နတ်ဆိုးတွေကို ကိုးကွယ်တဲ့ကောင်။ ကိုယ့်အမေကိုယ်၊ ကိုယ့်ညီမကိုယ် ပြန်သတ်တဲ့ကောင်။ ထောင်ထဲမှာ ဘန့်နားကို ဘယ်သူမှ မကပ်ရဲဘူး။ ထောင်စောင့်တွေတောင် ဘန့်ကို ကြောက်တယ်။ တဖြည်းဖြည်းနဲ့ ကြာလာတော့..ဘန်ဆိုတာ အဲဒီလို လူမျိုးမဟုတ်ပါဘူး။ စကားနည်းတဲ့၊ ငြိမ်တဲ့၊ ကြင်နာတတ်တဲ့ ကောင်လေးပါလားဆိုပြီး ထင်လာကြပြန်တယ်။ ထောင်ဝင်စာလာတွေ့တဲ့အထဲမှာ မိန်းမတွေ အများကြီးပါတယ်။ ဘန့် စိတ်ထဲ ဘာတွေ တွေးနေသလဲဆိုတာ သူတို့ဘာသာ သူတို့ ကောက်ချက်တွေ ချသွားကြတယ်။ ကောင်းတာတွေပဲ တွေးနေတာနေမှာပါ ဆိုပြီး ယူဆကြတယ်။ တစ်ခါတလေတော့ ကောင်းတဲ့အရာတွေအကြောင်း စဉ်းစားပါတယ်။ တစ်ခါတလေကျရင်တော့ အဲဒီညသာ တစ်မျိုးတစ်ဖုံပြောင်းလဲသွားခဲ့ရင် ဘာဖြစ်မလဲဆိုတာ ဘန်တွေးမိတယ်။ သူနဲ့ ဒီယွန်ဒရာနဲ့ တူတူ ထွက်ပြေးဖြစ်ခဲ့ရင်..။ ကန်းဆက်စ် အနောက်ပိုင်း တစ်နေရာရာ တစ်မြို့မြို့မှာ၊ မိုတယ်ခန်း သေးသေးလေး တစ်ခုထဲမှာ။ မွေးကင်းစကလေးက အာပြဲကြီးနဲ့အော်ငိုု..။ ဒီယွန်ဒရာက ပြဿနာမျက်ရည်တွေ တစ်စိုစိုနဲ့။ ဒီယွန်ဒရာ့ကို ဘန် သတ်များ သတ်မိမလား။ ဒါမှမဟုတ် ဘန် ကလေးကို ယူပြီး ဒီယွန်ဒရာနဲ့ ဝေးရာကို ထွက်ပြေးမိမလား။ အဲဒါဆိုရင်တော့ ခရစ်စတယ်နဲ့ ဘန်..သားအဖ နှစ်ယောက်တည်း ပျော်ဖို့ ကောင်းမှာပဲ။ ခရစ်စတယ်က ကောလိပ်တက်၊ ဘွဲ့ရ။ ဘန်ကျတော့ လယ်သမားကြီး။ အိမ်မှာ ကော်ဖီဖျော်စက်ကို မနားမနေ ဖွင့်ထားမယ်။ အမေ့ရဲ့အိမ်တုန်းကလိုပဲပေါ့။

ဘန် ထောင်ထဲက ထွက်ပြီး ဒီယွန်ဒရာ ထောင်ထဲဝင်ဖို့ အချိန်ရောက်ပြီလို့ ဘန်ထင်တယ်။ ဘန် ထောင်ကလွတ်ရင် ခရစ်စတယ့်ကိုလိုက်ရှာမယ်။ ခရစ်စတယ်က အရင်တုန်းကတည်းက အိမ်ထဲက အိမ်ပြင် သိပ်ထွက်ဖူးခဲ့တာမဟုတ်ဘူး။ ဒီတော့

သိပ်ခက်ခက်ခဲခဲ ရှာရမယ် မထင်ဘူး။ တစ်ချိန်ချိန်မှာ မနေနိုင်တော့ရင် ပြန်ပေါ် လာမှာပဲ။ အဲဒီအခါကျရင် ဘန် ခရစ်စတယ့်ကို စောင့်ရှောက်မယ်။ တစ်သက်လုံး ပါးစပ်ပိတ်ပြီး ဖြစ်သမျှကို ငြိမ်ခံနေမယ့်အစား..တစ်ယောက်ယောက်ကို အဲဒီလို ကြည့်ရှုစောင့်ရှောက်ရတာ ပိုပျော်ဖို့ ကောင်းမှာပဲ။

အဲဒီလို စဉ်းစားနေရင်းနဲ့..ဘန့် စိတ်ထဲမှာ တွေးမိတယ်။ *နေဦး..အဲဒီ လောက် အကြီးကြီးတွေ မမျှော်လင့်နဲ့။* ဘန့်ဘဝနဲ့ ရင်းပြီးရလာတဲ့ သင်ခန်းစာ တစ်ခုက အဲဒါပဲ။ အကြီးကြီးတွေကို ခဏထားလိုက်။ သေးသေးလေးတွေကို အရင် ရအောင်လုပ်။ မျှော်လင့်ချက် အကြီးတွေ မထားနဲ့။ ဘန်က မွေးကတည်းက တစ် ယောက်တည်း နေဖို့ မွေးလာတာ။ အဲဒါတော့ သေချာတယ်။ အမြဲတမ်း အထီးကျန် နေမှာပဲ။ ဒါကိုတော့ ပြင်လို့ရမှာ မဟုတ်ဘူး။ ငယ်ငယ်လေးကတည်းက အမြဲတစေ အထီးကျန်နေတဲ့ ခံစားချက်က ရှိနေတာ။ အခုလည်း တူတူပဲ။ တစ်ခါတလေကျရင် ဘန့်စိတ်ထဲမှာ..သူ့ဘဝတစ်ခုလုံး သူနဲ့ မဆိုင်သလို၊ ဒီဘဝနဲ့ သူနဲ့ ဝေး..နေသလို ခံစားရတယ်။ ဘဝဆိုတဲ့ နေရာထဲကနေ နယ်နှင်ဒဏ်ပေးခံထားရတာ။ သူရှိသင့်တဲ့၊ ရှိနေရမယ့်နေရာတစ်ခုနဲ့ ကွဲကွာနေရတဲ့ စစ်သားတစ်ယောက်လို ဖြစ်နေတာ။ သူ တစ်ခါမှ မရောက်ဖူးတဲ့ နေရာတစ်ခုကို အိမ်လွမ်း..လွမ်းနေရတာ။

ထောင်ကလွတ်ခဲ့ရင် ဘန်..လစ်ဘီဆီကို အရင်သွားဖြစ်မယ် ထင်တယ်။ သူ့အမေနဲ့ ချွတ်စွပ်တူတဲ့ လစ်ဘီ။ သူနဲ့ ရုပ်ချင်းဆင်တဲ့ လစ်ဘီ။ လစ်ဘီ သူ့ကို ခွင့်လွှတ်ဖို့ ဘန်..တစ်သက်လုံး တောင်းပန်ရပါစေ..ရတယ်။ သူ့ညီမလေးကို သူ စောင့်ရှောက်ချင်တယ်။ ဒီ မျှော်လင့်ချက် သေးသေးလေးပဲ..။ ဒီကစမယ်။

ဘန်လိုချင်တာ ဒါပါပဲ။

+++

## လစ်ဘီဒေး

### ယနေ့

ကားဆီကို ပြန်ရောက်တော့ ထောင်တံတိုင်းရဲ့ သံဆူးကြိုးခွေတွေက နေရောင်အောက်မှာ ဝင်းဝါနေပြီ။ အနာတရ..ဒဏ်ရာ ရကုန်ကြတဲ့ လူတွေအားလုံးကို ကျွန်မ စိတ်ထဲမှာ ရေနေမိတယ်။ ရည်ရွယ်ချက်ရှိရှိနဲ့...၊ မရည်ရွယ်ဘဲနဲ့...၊ ထိုက်တန်စွာ..၊ မထိုက်တန်စွာ..၊ မတရားစွာ..၊ အနည်းငယ်သာ..၊ ဘဝတစ်ခုစာ...။ အမေ..မီရှယ်..ဒက်ဘီ..ဘန်..ကျွန်မ..ခရစ်ဆီကိတ်..ခရစ်ဆီကိတ်ရဲ့ မိဘတွေ..ဒီယွန်ဒရာ့ မိဘတွေ..အန်တီဒိုင်ယန်း..ထရေးတီပန်နီ..ခရစ်စတယ်..။

ဒီ ဒဏ်ရာတွေထဲမှာ ပြန်ကုသလို့ မဖြစ်နိုင်တော့တာတွေ ရှိသလို တစ်ဖန်ပြန်ကောင်းမွန်လာနိုင်မယ့် အခွင့်အလမ်းတွေရော ရှိသလား။ ဘယ်လောက်အထိပြန်ကောင်းလာနိုင်မလဲ။

လမ်းမှာ ဆီဆိုင် တစ်ဆိုင်မှာ ဝင်ရပ်ပြီး အန်တီဒိုင်ယန်းရဲ့ အိမ်လိပ်စာကို ဘယ်လို သွားရမလဲဆိုတာ စုံစမ်းရတယ်။ အန်တီဒိုင်ယန်းရဲ့ ဘီးတပ်အိမ်လေးဆီ ကျွန်မ မရောက်တာကြာတော့ လမ်းတွေ မေ့ကုန်ပြီ။ ဟုတ်တယ်။ အန်တီဒိုင်ယန်းဆီ သွားတွေ့မှာ။ ဓာတ်ဆီဆိုင် အိမ်သာထဲကို ခဏဝင်ပြီး မျက်နှာကို ကြည့်ကောင်းအောင် ပြင်တယ်။ ကွဲနေတဲ့ နှုတ်ခမ်းတွေကို နှုတ်ခမ်းဆီတောင့်နဲ့ ဖာထေးတယ်။ ဒီနှုတ်ခမ်းဆီတောင့်ကတော့ ဝယ်လာတာပါ။ ခိုးလာတာမဟုတ်။ (ဝယ်လာမိတာကို နောင်တရသလိုလိုတော့ ရှိသား။) ပြီးတာနဲ့ အန်တီဒိုင်ယန်းနေတဲ့ ဘီးတပ်အိမ်တွေ ချည်း စီထားတဲ့၊ ပန်းဝါဝါတွေ ပတ်ပတ်လည် စိုက်ထားတဲ့ ခြံဝင်းရှိရာကို ကျွန်မ ကားမောင်းသွားလိုက်တယ်။

အန်တီဒိုင်ယန်းရဲ့ ဘီးတပ်အိမ်လေးကနေရာမရွှေ့သေးဘူး။ အရင်နေရာပဲ။ ကျွန်မ ကားကို ရပ်လိုက်တယ်။ ဟွန်းသုံးချက် တီးတယ်။ ဟိုးအရင်တုန်းက သူ

ကျွန်မတို့ အိမ်ကို လာရင်လည်း အဲဒီလို ဟွန်းသုံးချက်တီးပြီး အသိပေးနေကျလေ။ အန်တီဒိုင်ယန်းက သူ့အိမ်ရှေ့က ကွက်လပ်သေးသေးလေးမှာ ပန်းပင်တွေကို ရေလောင်းနေတယ်။ ကိုယ်လုံးတုတ်တုတ်ခိုင်ခိုင်ကြီးက ကျွန်မကို ကျောပေးထားတယ်။ ဆံပင်တွေက သတ္တုရောင်လွင့်လွင့်တွေနဲ့ ဖွေးလို့။

ဟွန်းသံကိုကြားတော့ သူ လှည့်ကြည့်တယ်။ ကားပေါ်က ဆင်းလာတဲ့ ကျွန်မကို မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်ပြီး သေချာကြည့်တယ်။

"အန်တီဒိုင်ယန်း…"

ကျွန်မဆီကို အန်တီဒိုင်ယန်းက မျက်နှာ အတင်းသားနဲ့ တဒုန်းဒုန်းလျှောက်လာတယ်။ ခြေလှမ်းသုံးလှမ်းတည်းနဲ့ ရောက်ချလာတယ်။ ကျွန်မကို ဝုန်းခနဲ ဆွဲဖက်တယ်။ သူ့လက်မောင်းကြီးတွေ ကြားမှာ ကျွန်မ ဈွေ့ခနဲ ပါသွားတယ်။ ရင်ဘတ်ထဲက လေတွေပါ ခုန်ထွက်ကုန်တယ်။ အန်တီဒိုင်ယန်းက ကျွန်မရဲ့ ခေါင်းကို ခပ်ကြမ်းကြမ်း နှစ်ချက် ပွတ်တယ်။ ပြီးမှ ကျွန်မကို ဆွဲခွာပြီး မျက်နှာကို သေချာကြည့်တယ်။ သူ့ရင်ဘတ်ထဲကို ပြန်ဆွဲထည့်တယ်။

"လစ်ဘီ… ငါသိတယ်။ ငါအစကတည်းက သိနေတယ်။ နင်လုပ်နိုင်မယ်ဆိုတာ ငါကြိုသိနေတယ်"…အန်တီဒိုင်ယန်းက ကျွန်မ ဆံပင်တွေကို သူ့မျက်နှာနဲ့ အပ်ရင်းပြောတယ်။ သူ့အာငွေ့က နွေးပြီး စီးကရက်နံ့ သင်းနေတယ်။

"ဘာလုပ်နိုင်တာလဲဟင်"

"နည်းနည်းလေး ပိုကြိုးစားနိုင်တာ"

…

အန်တီဒိုင်ယန်းဆီမှာ နှစ်နာရီလောက် ဆက်နေဖြစ်သွားတယ်။ ပြောစရာစကားတွေ မကျန်တော့တဲ့ အထိပဲ။ ဒါ ဖြစ်နေကျပါ။ နှစ်ယောက်စလုံးက စကားနည်းတယ်လေ။ အန်တီဒိုင်ယန်းက မပြန်ခင် ကျွန်မကို အားရပါးရ ထပ်ဖက်တယ်။ နောက်တစ်ပတ် စနေနေ့ ကျရင် ပြန်လာဖြစ်အောင်လာဖို့ အမိန့်ပေးလိုက်တယ်။ မီးဖိုချောင်စားပွဲ အသစ်လဲဖို့ လာကူပေးတဲ့။

အမြန်လမ်းပေါ်ကို ချက်ချင်း ပြန်မတက်သေးဘဲ ဟိုတစ်ချိန်က ကျွန်မတို့ရဲ့ အိမ်ကလေးရှိခဲ့ဖူးတဲ့ လယ်ကွင်းတွေဘက်ကို မောင်းသွားလိုက်တယ်။ မတော်တဆ ရောက်သွားသလိုလို ဘာလိုလိုပေါ့…။ ဆောင်းကုန်ခါစဆိုတော့ အပြင်မှာ အေးနေသေးပေမယ့် ကျွန်မ ကားပြတင်းမှန်တွေကို အောက်ချလိုက်တယ်။ အိမ်ဘက်ကို ကွေ့သွားတဲ့ လမ်းရှည်ထိပ်ကို ရောက်တော့ ကျွန်မကိုယ် ကျွန်မ စိတ်ဓာတ်ရေးရာ

အရ ပြင်ဆင်လိုက်တယ်။ ကျွန်မတို့ရဲ့ လယ်ကွင်းလေး နေရာမှာ အိမ်ရာအသစ်တွေ ဆောက်ထားပြီလား။ ဈေးဆိုင်တွေ ဖြစ်ကုန်ပြီလား။ အိမ်နားကိုရောက်တော့ အိမ်ရာအသစ်တွေ မတွေ့ရပါဘူး။ ဈေးဆိုင်တွေလည်းမရှိဘူး။ 'မူဝဲလ်လာမိသားစု' လို့ ဆေးဖြူနဲ့ ရေးထားတဲ့ စာတိုက်ပုံးလေးကို တွေ့လိုက်ရတယ်။ ကျွန်မတို့ရဲ့ လယ်ကွင်းလေးက အခုလည်း စိုက်ခင်းတွေ အပြည့်နဲ့။ စိုက်ခင်းတွေကြားမှာ အမျိုးသားတစ်ယောက် လမ်းလျှောက်နေတယ်။ ခပ်လှမ်းလှမ်းက ရေကန်နားမှာ အမျိုးသမီးတစ်ယောက်နဲ့ ကောင်မလေး တစ်ယောက်‥ ရေကန်ထဲမှာ ဆော့နေတဲ့ ခွေးတစ်ကောင်ကို မတ်တတ်ရပ်ကြည့်နေတယ်။ ကောင်မလေးကပျင်းနေပုံပဲ။ လက်တွေကို လေထဲမှာ ရဟတ်လို လှည့်နေတယ်။

အဲဒီ မြင်ကွင်းကို ကျွန်မ ခဏ ငြိမ်ကြည့်နေမိတယ်။ ဦးနှောက်ကို သတိပေးတယ်။ အမှောင်‥ထဲကို မသွားနဲ့တော့။ အော်သံတွေ မရှိဘူး။ သေနတ်သံတွေ မရှိဘူး။ ငှက်ဆိုးထိုးသံတွေလည်း မရှိဘူး။ တိတ်ဆိတ်နေတာကိုပဲ နားထောင်‥။ စိုက်ခင်းထဲမှာ လမ်းလျှောက်နေတဲ့ လူက ကားပေါ်ကနေ ထိုင်ငေးနေတဲ့ ကျွန်မကို မြင်သွားတော့ လက်လှမ်းပြတယ်။ ကျွန်မလည်း လက်ပြန်ပြလိုက်ပါတယ်။ သူက ကျွန်မကို နှုတ်ဆက်မလို့ထင်တယ်‥ကားဆီကို တစ်လှမ်းချင်း လျှောက်လာတယ်။ ကျွန်မကားကို ချက်ချင်းနောက်ပြန်ဆုတ်ပြီး လှည့်ထွက်လာခဲ့လိုက်တယ်။ ဟင့်အင်း မတွေ့ချင်သေးဘူး။ မိတ်မဆက်ချင်သေးဘူး။ ကျွန်မ ဘယ်သူလဲဆိုတာကိုပြောမပြချင်သေးဘူး။ 'ဟိုဘက်ရပ်ကွက်'က အိမ်လေးရှိရာကို ပြန်နေတဲ့ သာမန် မိန်းမတစ်ယောက်ပဲ ဖြစ်ချင်တယ်။

+++


လစ်ဘီဒေး..ဆိုတဲ့ ကောင်မလေး ၇ နှစ်သမီးအရွယ်မှာ
သူ့အမေနဲ့ အစ်မ နှစ်ယောက်
ရက်ရက်စက်စက် အသတ်ခံလိုက်ရတယ်။

အခု နှစ်ပေါင်း နှစ်ဆယ်ကျော် ကြာသွားပြီ..။
ဘဝထဲမှာ ကမ်းမမြင်လမ်းမမြင် မျောနေရင်း..
အတိတ်က အဖြစ်အပျက်တွေကို စိတ်ရဲ့ ဟိုးအတွင်းပိုင်း
အမှောင်..ထဲမှာ သော့ခတ်သိမ်းထားရင်း
လစ်ဘီဒေး အသက် ၃၀ ကျော်လာခဲ့ပြီ..။

အဲဒီအချိန်မှာ.. အကြောင်းတစ်ခုကြောင့်
အတိတ်အမှောင်ထဲကို ပြန်တိုးဝင်ဖို့ လိုအပ်လာတယ်။
မေ့ပျောက်ထားတဲ့ အမှတ်တရတွေကို တူးဆွရတော့မယ်။

ပိတ်ထားတဲ့ စိတ်တံခါးတွေကို ဖွင့်ကြည့်ရင်း
အတိတ် အမှောင်ထဲက မကောင်းဆိုးဝါးတွေ
ခုန်ထွက်လာတဲ့အခါ..

---




အမေရိကန် စာရေးဆရာမ Gillian Flynn ၏
Dark Places စာအုပ်ကို ချမ်းမြေ့ဝင်းက
ဘာသာပြန်ဆိုပြီး ဇာစ်မြစ်စာအုပ်ထုတ်ဝေရေးက
ထုတ်ဝေဖြန့်ချိသည်။ မြန်မာဘာသာပြန် မူပိုင်ခွင့်ကို
မူရင်းစာရေးဆရာမထံမှ ဝယ်ယူထားပြီးဖြစ်သည်။

18+

DARK PLACES
အမှောင်

ဇာစ်မြစ်
စာအုပ်ထုတ်ဝေရေး